www.burmeseclassic.com

လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော


# ရောင်ပြိုင်

မဂ္ဂဇင်း

BURMESE CLASSIC .com

## ၁၀

အနန္တတံဆိပ်တော် စမ







- ခုနစ်ရက်သားသမီးများအတွက် နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုးနှင့် နှစ်ကျိပ်ရှစ်ဆူ အဓိဋ္ဌာန် (စာ - ၅၃)
  တနင်္ဂနွေနံအစ မင်းဘူးရွှေစက်တော်၊ အထက်စက်တော်ရာဘုရားမှစ၍
  စနေနံအဆုံး မင်းဘူးရွှေစက်တော် အောက်စက်တော်ရာဘုရားဖြင့် အဓိဋ္ဌာန် ပြီးဆုံးရမည်ဖြစ်သည်။
- ရန်ကုန်မြို့ လှော်ကား-ထောက်ကြန့်လမ်းပေါ်ရှိ နှစ်ကျိပ်ရှစ်ဆူ စေတီတော်မြတ် (စာ - ၆၅)
- မြန်မာပြည်အရပ်ရပ်ရှိ ရွှေစည်းခုံ ဘုရားများ (စာ - ၁၇)
- ရွှေဖျဉ်းကြီး ရွှေဖျဉ်းလေး (စာ - ၇၉)
- လူ့ပြည်တွင် ပထမဦးဆုံးဖြစ်သောနတ် (စာ - ၁၈၁)
- ယတြာကောင်းလျှင်(ရက္ခစိုးကို ပူဆာနည်း) (စာ - ၂၁၇)

Graphic: Soe Win Htun

www.burmeseclassic.com

www.burmeseclassic.com

27 JUN 2018

ဗို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဗို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဗို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ဗို့အရေး |

**လာဘ်မိုးရွှေဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုသေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မင်္ဂလာစွယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၃-ခုနှစ်၊ ဩဂုတ်လ၊ အမှတ်(၂၃၅)

BURMESE CLASSIC .com

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။


ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးရွှေ)   အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်

အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင်   အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(မြ-၀၃၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ထုတ်ဝေ၍ ဝင်းထွန်း(မြ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၂၀၀ ကျပ်

...ချုပ် - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - ပညတ်၊ လုသစ်အောင်၊ စက္ကူ၊ ဖိုးအောင်၊ ကျော်ဝင်းမောင်၊ ...သတ် တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်းမှ ဖန်တီးသည်။


## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့...ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်း၊ပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော ...ဂ္ဂဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် ဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ အမှတ် (၂၃၅)

## မာတိကာ

### ရောင်ပြန် ကဗျာ

မောင်လွမ်းရည်(ရွှေတောင်)၊ တောင်တွင်းမောင်သင်းကျော်၊ ကိုမိုး(ရွှေပြည်သာ)၊ မောင်ခင်မှိုင်း(ချောက်)၊ ဆုမွန်ဦး(ဟသ်ာတ)၊ မြစိုးလွင်၊ မင်းနီခိုင်(မောင်တော)၊ ညီသန်းအောင်။

### ရောင်ပြန် အခန်းဆက်ရသ



နေရာပြန်ချင်သူများ(၁)
ရဲမြတ်တင် ---------- ၁၀၆
ဝင့်ကြွေး(၇)
ယိုး ---------- ၁၃၂
ဘိုးတော်ကင်း(၇)
ကျော်မြသန်း ---------- ၁၄၆
ပုဂံမှာသာတဲ့ သုဝဏ္ဏဘုမ္မိလမင်း(၈)
ဘုန်းပွင့်တေဇာ ---------- ၂၃၈
လူထဲကဘဝ ဘဝထဲကလူ(၆၁)
လင်းရောင်တင် ---------- ၃၀၆




ကျောက်တန်းမြို့နယ်မှ
ဂဝံကျောက်ရုပ်တုတော်ကြီး
ဦးတိုး(တက္ကသိုလ)
စာ-၃...



စာ-၁၀၆
ရဲမြတ်တင်






www.burmeseclassic.com


## ရောင်ပြန် ရသ

...တွက်သူ ၁၉၄
...မိုးကြယ် ---------- ၁၉၄
...မာခမြမှာနေမည်(သို့မဟုတ်)ဒီမှာနေမယ်၊ ဒီမှာပဲသေမယ် ၂၄၈
...နှင်း ---------- ၂၄၈
...မြူးနဂါး
...ခင်တော်ထိန် ---------- ၂၇၄
...လိုက်သောကတိ ၃၀၀
...သကျော်ဝင်း ---------- ၃၀၀

## ရောင်ပြန် အထူးယတြာ

...ခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
...တာစောယုနွယ် ---------- ၃၃၈

## ရောင်ပြန်ရှေ့လအတွက် ဖတ်စရာ မှတ်စရာ

... စက်တင်ဘာလ ဖတ်စရာ မှတ်စရာ ---------- ၃၄၀





## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ ---------- ၃၄၀

## ရောင်ပြန်ဗေဒင်

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---------- ၃၂၉









**အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးရွာ စာပေ**

အမှတ်-၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


နှစ်ကိုပ်ရှစ်ဆူဘုရားတို့၏ စေတီတော်များအား
မှန်းဆရည်ရွယ် ပူဇော်ကန်တော့ခြင်း
ကိုမောင်သန်းဝင်း ---------- ၄၇

အမိဌာန်ဝင်အောင်ပွဲယူ ဓာတ်တော်အဆူဆူ
ကိန်းဝပ်တော်မူသည့် နှစ်ကိုပ်ရှစ်ဆူ
သမီးတင့်တယ် ---------- ၄၉

ဆုတောင်းပြည့်ရာ လော်ကားနှစ်ကိုပ်ရှစ်ဆူစေတီမဟာ
ကျော်မင်းနိုင် ---------- ၅၃

အန္တရာယ်ကင်းနှစ်ကိုပ်ရှစ်ဆူဂါထာတော်ကြီး
ကျော်သန်း(တိုင်းရင်းဆေး) ---------- ၆၃

နှစ်ကိုပ်ရှစ်ဆူစေတီတော်မြတ်ကြီး
အောင်သာကျော် ---------- ၆၅

နှစ်ကိုပ်ရှစ်ဆူဘုရားရှင်များ
ရေကျော်စိုးအောင် ---------- ၇၂

နှစ်ကိုပ်လေးဆူသော ဘုရားရှင်တို့၏ ဌာပနာများ
ဓာတ်ပုံမောင်မောင်အေး ---------- ၇၅

နှစ်ကိုပ်ရှစ်ဆူသော ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခြင်း
ကိုမောင်သန်းဝင်း ---------- ၇၇

ထူးခြားအောင်မြင် နှစ်ကိုပ်ရှစ်ဆူကျင့်စဉ်
မြနန်းရှင် ---------- ၈၁

ကမ္ဘာငါးကမ္ဘာတွင် ပွင့်တော်မူပြီး
နှစ်ကိုပ်ရှစ်ဆူသောဘုရားများနှင့် နောင်ပွင့်တော်မူမည့်ဘုရား
မောင်လွမ်းနွယ်(အောင်လံ) ---------- ၈၄

နှစ်ကိုပ်ရှစ်ဆူကုန်သော ဘုရားရှင်တော်မြတ်တို့အား
နေ့နံ့ဖွားဘုရား အစဉ်ပူဇော်ခြင်း
သန်းဝင်း(ဘဏ်) ---------- ၈၇





## လောကီရေးရာ


တတိုင်းရ လိုတိုင်းပြည့်မည့် ဆန်နှင့်ဆီ ---------- ၂၆

သစ္စာလေးဖြာ သာသနာကြိုဆိုပူဇော်ပွဲနှင့်
ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့
ဘုန်းမြင့်မောင်မောင် ---------- ၄၅

ရွှေဖျဉ်းကြီး ရွှေဖျဉ်းလေး
နန်းကြော့သျှင် ---------- ၇၉

ကိုယ်ပြုသည့် အကုသိုလ်ကံ ကိုယ်သာခံ
ရေကျော်စိုးအောင် ---------- ၉

ထူးထူးခြားခြား ပုံပြင်များ(သူခိုး ကိုးရာနှင့် ထူးဆန်းသောတရား
စိုးဝင်းထွဏ်း(တာမွေ) ---------- ၉

ဘဝအလှ ပညာဒါန
သောင်းဉာဏ်(ပန်းထော်ကျွန်း) ---------- ၁၃

လယ်တီဆရာတော်ဘုရားကြီး၏ ထီမေတ္တာစာ
စိုးမြင့်လွင်(ရွှေဘို) ---------- ၁၄

ခင်ပွန်းကြီး(၁၀)ပါး ပူဇော်ခြင်းနှင့် စိန်ရေ(သို့မဟုတ်)
စိမ်ရေသင့်ခြင်းဖြေခြင်း
မင်းအောင်မြင် ---------- ၁၄

ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါ
သမီးဗဂျီအောင်စိုး ---------- ၁၅

ဘောလုံး ဂေါက်သီးနှင့် လောဘစိတ်
ညွှန့်ဟံ(ကြူတော) ---------- ၁၅

လူသားရဲ့ ခြောက်လုန့်မှုခံရတဲ့ ပြိတ္တာ
ထွန်းလူ ---------- ၁၅

ဒေဝဓမ္မ ဆိုသည်မှာ
မောင်မိုးဦး ---------- ၁၆

သုဝဏ္ဏဘူမိနှင့် ရှင်မဟာဗုဒ္ဓဃောသ
မာမက(သုတေသီ) ---------- ၁၆

ကွမ်ရင်မယ်တော်အား ဖူးတွေ့ခြင်း(၁)
ကေတီအောင်သိန်း ---------- ၁၆

အမြတ်ဆုံးကုသိုလ်
ကောင်းစံဟိန်း(ဖန်နေဝန်း) ---------- ၁

အမြင်မှာနိမိတ်၊ အတိတ်မှာလက်ဆောင်၊ အသံမှာတဘောင်
ကျိုက်ထော်ခင်မိုးအေး ---------- ၁

အမျှဝေ ရစေလိုကြောင်း
ရှင်မိမြတ် ---------- ၁

လူ့ပြည်တွင် ပထမဦးဆုံးဖြစ်သောနတ်
ဆရာသီဟစကြာစိုးမြင့် ---------- ၁


www.burmeseclassic.com

www.burmeseclassic.com


ပုဂ္ဂိုလ်ထူးပေးတဲ့ ကူးတို့ခဆန်း
မော်တင်-သိန်းဇော်ဇ ---------------------- ၁၈၃
သရဝဏ်နက္ခတ်ဖွားများအတွက် ဟောကိန်း
ကာလီဒါခ်ျ(မြန်မာပြည်) ---------------------- ၁၈၅
လှူပ်ပန်းခွေနွဲ့နှင့် ဝက်ခေါင်းတော်
ဘကြီးဇင် ---------------------- ၁၉၁
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၃-ဩဂုတ်လ
ကေတီအောင်သိန်း ---------------------- ၁၉၉
ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------------------- ၂၀၂
တစ်လအတွင်း ကောင်းခြင်းမင်္ဂလာဒိုင်ယာရီ
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ---------------------- ၂၀၃
ကြီးပွားအောင်မြင်ရေးအတွက် အကြံပြုချက်
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ---------------------- ၂၁၀
ရုပ်ခန္ဓာကို ပရမတ်ဖြင့်ရှုမှတ်ခြင်း
မဟာထွန်း ---------------------- ၂၁၃
ယတြာကောင်းလျှင်(ရက္ခစိုးကို ပူဆာနည်း)
မောင်မောင်မြင့်အေး ---------------------- ၂၁၇
ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းဆင်းတုတော် ဒေသစာရီကြွချီ
ညွှန့်ဟံ(ကြူတော) ---------------------- ၂၂၄
မယုံလျှင် မဖြစ်သောအချက်
တက္ကသိုလ်သခ် ---------------------- ၂၂၅
အကြိုက်ကို ကြောက်ဖို့လိုပါသည်
ခင်မောင်အေး(မန္တလေး) ---------------------- ၂၃၃
ဗုဒ္ဓဖြစ်စဉ် ဓာတ်သက်အမြင်နှင့် ဂမ္ဘီရကျင့်စဉ်ယတြာများ(၂၇)
ဘုန်းပြည့်တေဇာဟိန်း ---------------------- ၂၃၅
US ခရီးသည်
မောင်ကောင်းမြင့် ---------------------- ၂၅၃
ပဋ္ဌာန်းတန်ခိုး အကျိုးအနန္တ(ဂ)
သူတော်စင်မင်းအောင် ---------------------- ၂၅၆
မိတ်ကောင်းဆွေကောင်း
ရှုယ်လီသိန်းမောင် ---------------------- ၂၅၉
မဟာကပ်ကမ္ဘာဟူသည်
ကိုမောင်သန်းဝင်း ---------------------- ၂၆၁
ဘဝအမောလှှာ ခွာချမလား လုတောရွာဟာသများ
ဦးကောင်းထူး ---------------------- ၂၇၀
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------------------- ၂၉၁




ဂွမ်ရင်မယ်တော်အား
ဖူးတွေ့ခြင်း
မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်မှန်
ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)(၂၈-၅-၂၀၀၀)
စာ - ၁၆၉


စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---------------------- ၂၉၃
သည့်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ---------------------- ၂၉၄
အလုပ်အကိုင် အောင်မြင်စေရန်
မဟိန္ဒကျော်ခေါင် ---------------------- ၂၉၅
သည့်တစ်လတာ ကံကြမ္မာ
ဆရာမိုးဟန်ကြွယ် ---------------------- ၂၉၆
ဂါထာပေး တေးမဖြစ်ဖို့
မောင်ပုတ်စည် ---------------------- ၂၉၇
ထိုင်းနိုင်ငံ နက္ခတ္တဗေဒင်ဆရာကြီး မို့ဒူးပိုက်ဆံ၏ ၂၀၁၃ ခု
မြွေနှစ်အဟော
ဦးတိုး(တက္ကသီလံ) ---------------------- ၂၉၈
ခင်ပွန်းကြီးဆယ်ပါး ကျေးဇူးတရားနှင့်စပ်၍
နန္ဒာမောင်(သံဖြူဇရပ်) ---------------------- ၃၀၄
ဒါကျတော့ ဘယ့်နှယ်လုပ်မလဲ
မောင်ပုတ်စည် ---------------------- ၃၁၉

www.burmeseclassic.com

ရောဝတီတိုင်း ဝါးခယ်မမြို့နယ်၊ သက်တော်ရှည်ကဝဲဆရာတော်
ဘဒ္ဒန္တပုည မဟာထေရ်မြတ်၏
ထူးသောပုတီးစိပ်နှင့် ထေရုပ္ပတ္တိ
(ကျော်ဇောဟိန်း(နံ့သာ))
စာ - ၃၈



## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


သူယုံကြည်ရာ သူတို့ကမ္ဘာ
မြင့်လွင်(ဂျပန်ဘာသာ) ---------- ၁၁၄

စစ်ကေရာင်နပိုလီယံနှင့် ဗေဒင်ပညာ(၃)
ချူမာန်(မိုးတား) ---------- ၁၁၉

ပုန္နကက္ကုရဝတနာအရုပ်တော်ပုံ(၄)
အောင်သန်းချစ် ---------- ၁၂၆

ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ---------- ၂၂၁

လေကြောင်းကြမ္မာငင်မှုများ
လှမိုး(ပညာရေး) ---------- ၂၂၇




## မြန်မာ့ရေးရာ


စံကင်းဆရာတော်ကြီး၏ ဩဝါဒ ---------- ၆၉

စစ်ကိုင်းတောင်ရိုးပေါ်က နတ်ဆွမ်းဦးကပ်တဲ့
ဆွမ်းဦးပုညရှင်စေတီ
အောင်မြင့်မြတ်(ပြည်ရွှေဘို) ---------- ၁၇

ကျွန်တော်သိသော ရွှေစည်းခုံဘုရားများ
ဆွေမြင့်သူ(ကြေး/မြေ) ---------- ၂၇


ကျောက်တန်းမြို့မှ ဂဝံကျောက်ရုပ်တုတော်ကြီး
ဦးတိုး(တက္ကသိုလ်) ---------- ၃၅

ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ သက်တော်ရှည်
ကဝဲဆရာတော် ဘဒ္ဒန္တပုညမဟာထေရ်မြတ်၏
ထူးသောပုတီးစိပ်နှင့် ထေရုပ္ပတ္တိ
ကျော်ဇောဟိန်း(နံ့သာ) ---------- ၃၈

သဲပုံစေတီ
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု) ---------- ၉၇

ရွှေဦးဘုရားသူတော်ကြီး(၄)
လေးသူစံ ---------- ၁၀၇

မြတ်ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ် ပူဇော်ရခြင်းကြောင့်
သိအပ်သောအကျင့်နှင့် ရနိုင်သောအကျိုးထူးများ(၉)
ဖိုးသန်းကျော်(ရေကြည်သား) ---------- ၂၆၅


www.burmeseclassic.com

www.burmeseclassic.com



စံကင်းဆရာတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



# စံကင်းဆရာတော်ကြီး၏
# ဩဝါဒ

အချို့သောအရပ်၌ 'ဣတိသရဏံ ဂစ္ဆာမိ' ဟူ၍ သရဏဂုံ ဆောက်တည်ခြင်း၊ အချို့သောအရပ်၌ သံဃာများကို ဆွမ်းလောင်းမည့်ဆွမ်းအုပ်မှ ဆွမ်းတစ်အုပ်ကိုယူ၍ သံဃာများကို ဆွမ်းမလောင်းမီ သစ်ပင်ကို ကပ်၍ နတ်တင်ခြင်း၊ ရသေ့သူတော်၊ ပျောက်စေဆရာ၊ နတ်ရေတွင်း၊ နတ်ရေကန်တို့ကို ယုံကြည်ခြင်း မဖြစ်တန်ရာ မဖြစ်ထိုက်။ တန်ခိုးကဝိဇ္ဇာပါဒ်များ ဖြစ်သည်ဟု ကြွားဝါသူကို ယုံကြည်တတ်ခြင်း၊ 'ရွှေဖြစ်အောင် လုပ်တတ်သည်၊ ငွေဖြစ်အောင် လုပ်တတ်သည်' ဟု ကြွားဝါသူကို ယုံကြည်ခြင်း၊ အချို့အရပ်၌ အစိမ်းသေကို ဆွမ်းမသွတ်ကောင်းဟု အယူရှိ၍ ဆွမ်းမသွတ်ဘဲနေခြင်း၊ ပင်လယ်၌ ရေနစ်သေသောသူကို ဆွမ်းသွတ်သောအခါ ပင်လယ်ကမ်းခြေ၌ ငါးမျှားတံဖြင့် လိုက်မျှားပြီး 'မိပြီ' ဟူ၍ ဆိုပြီးမှ ဆွမ်းသွတ်ရခြင်း၊ ရွာပြင်၌ မြွေကိုက်ခြင်း၊ ကာလရောဂါဖြစ်ခြင်း စသော သေခြင်းဆိုးဖြင့်သေသူကို မြို့ရွာတွင်းသို့ မသွင်းကောင်းဟု အယူရှိခြင်း၊ နောက်သေသောမသာ အရင်ချရမည်ဟုယူခြင်း၊ လူသေသောအခါတို့၌ ၂ ရက်၊ ၄ ရက် စသော စုံရက်၌ မချကောင်းဟူ၍ယူခြင်း၊ သေသူကို အိမ်မှထုတ်သည့်အခါ ဦးခေါင်းဖြင့် ထုတ်ရမည်၊ ခြေဖြင့်ထုတ်ရမည်ဟူ၍ ယူတတ်ခြင်း၊ သင်္ချိုင်းသို့ရောက်သောအခါ 'လာဦးမလား' မေး၍ ခဲနှင့်ပေါက်တတ်ခြင်း၊ သားသမီး သေသောအခါ သားသမီး ကြိုက်နှစ်သက်သော အစာကို သင်္ချိုင်းသို့ သွား၍ပို့တတ်ခြင်း စသော မကောင်းသော နည်းစနစ်များကို ဖယ်ရှားအပ်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



# မိုးပြုံစာတ်

ဆုမွန်ဦး (ဟသ်ာတ)

BURMESE CLASSIC .com

- သိုသိုသိပ်သိပ်
  အကြိမ်ကြိမ်ခပ်နှိပ်ရတဲ့
  မြိုသိပ်မှုတွေက
  တမ်းတမှုကို လျော့ပါးစေတယ်
  မျက်ရည်ပေါက်ကြီးငယ် အသွယ်သွယ်ကျ
  ဝမ်းနည်းပက်လက်ငိုချလိုက်ပုံက
  တောတွေတောင်တွေတောင် လန့်လို့သွားတယ်···။

- သောကမီးတွေ
  တလူလူလောင်မြိုက်
  အမှောင်တိုက်က မြည်ဟီးလိုက်တဲ့အသံတွေဟာ
  တော်လဲသံလား ···၊
  ကမ္ဘာပျက်သံလား ···၊
  လက်တို့ပြီးတောင်မေးယူရ ။

- တကာတည်း ···
  လုပ်လိုက်မှုဖြင့်
  အူတုန်ပမ်းတုန်
  လူတွေအားလုံးရင်တခုန်ခုန်
  လမ်းမတွေပေါ်အကုန်ထွက်
  အိပ်မက်ထဲမှာ
  တစ္ဆေခြောက်ခံရတဲ့ မျက်နှာတွေနဲ့
  သူကတော့ ···
  ဟက်ဟက်ပက်ပက်ရွှာသွန်း
  ပီတိတွေနဲ့
  ရွှန်းရွှန်းစိုလို့ ···။

www.burmeseclassic.com


www.burmeseclassic.com

## နောက်ကျိမှန်

ညီသန်းအောင်

ရှေ့ကိုလည်း…မမြင်ရဘူး
နောက်ကိုလည်း…မမြင်ရဘူး
တစ်ဖက်ကိုလည်း…မမြင်ရဘူး
ကိုယ့်ကိုယ်ကိုယ်လည်း…မမြင်ရဘူး
ဘာကြောင့်များ…တပ်ထားကြပါလိမ့် …။

ဩော်…ဟုတ်ပြီ…ဟုတ်ပြီ
ရှေ့ကိုလည်း…မမြင်ရလို့
နောက်ကိုလည်း…မမြင်ရလို့
တစ်ဖက်ကိုလည်း…မမြင်ရလို့
နောက်ပြီး …
ကိုယ့်ကိုယ်ကိုယ်တောင်…မမြင်ရတော့လို့
မေ့သွားတာများလား…
တမင်တပ်ထားတာလား…
ထားရစ်ခဲ့တာလား…
နောက်ဆုံး…
ဖြုတ်မရတော့လို့လား…။ ။



www.burmeseclassic.com

www.burmeseclassic.com

# ငြိမ်းချမ်းရေး


မင်းနိုခိုင် ( မောင်တော )

- ကိုယ့်ဆန္ဒ သူ့ဆန္ဒ
  ဆန္ဒမတူ ရန်သူမဟုတ် ။

- ကိုယ့်အပြော သူ့အပြော
  သဘောထားအမျိုးမျိုး
  အငြိုးထားစရာမလိုပါ ။

- ကိုယ့်အကြိုက် သူ့အကြိုက်
  စရိုက်ကွဲပြား စိမ်းကားနေဖို့မသင့် ။

- တစ်လှေတည်းစီး
  တစ်ခရီးတည်းသွားတဲ့အခါ
  လိုရာပန်းတိုင်ရောက်ဖို့အဓိက
  လှော်ခတ်ကြမြိုင်မြိုင်
  ကြံ့ခိုင်တဲ့စိတ်ဓာတ်နဲ့
  အလံမလဲစတမ်း
  အခက်အခဲဖြတ်ကျော်သန်းလို့
  တစ်စိတ်တစ်ဝမ်းနှောင်
  တစ်သားတည်းဖြစ်အောင်ပေါင်းစု
  ယုံကြည်မှုနဲ့ တို့ပြည်ထောင်
  ငြိမ်းချမ်းရေးကိုဆောင်ခဲ့ပြီ ။ ။



www.burmeseclassic.com

www.burmeseclassic.com



# တို့မျှား ဘဝ

## တောင်တွင်းမောင်သင်းကျော်

- တောရိပ် တောင်ရိပ် ဝါးရုံရိပ်
  အိပ်ပေါ့ လူနံ့ပိန်…။

- ချောင်းရိပ် ကန်ရိပ် ရွှံ့အိုင်ရိပ်
  အိပ်ပေါ့ ကျွဲချိုလိမ်…။

- ဘုရားရိပ် ကျောင်းရိပ် စားဖိုရိပ်
  အိပ်ပေါ့ ခွေးနံ့ပိန်…။

- အူတကြျုတ်ကြျုတ် အမြီးလှုပ်
  စားကြွင်းကျန်မျှော် ခွေးငုတ်တုတ်…

- အူတကြျုတ်ကြျုတ် ကျွဲမြီးလှုပ်
  ကုန်းမိုထက်မှာ မြက်ငုတ်တုတ်…။

- ဝမ်းမီးလှုပ်လှုပ် အူကြျုတ်ကြျုတ်
  သစ်ငုတ်မဟုတ် လူငုတ်တုပ်…။

- တစ်ဘဝ
  တစ်ခန္ဓာမို့သာ…

- ဝမ်းအပြင်
  အိတ်အပိုမပါပေလို့သာ…
  တို့မှာ သက်သာရာရလေရဲ့
  တော်သေးရဲ့…။


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# သံသရာတောလား

မြစိုးလွင်




သံသရာခရီးသွား
ညည်းတွားဖို့လိုသေးလား
သုခ ဒုက္ခ ဆိုတဲ့လမ်း
ဖြတ်သန်းရင်း ရှေ့ကိုလျှောက်
ကြွေ့ကောက်တာလည်းရှိ
သွေ့ခြောက်တာလည်းရှိ
မှုန်းလောက်စရာလည်းရှိ
ပြုံးလောက်စရာလည်းရှိ ···။

ကံကြမ္မာအရှိကို
သံသရာအထိသွားဖို့
အတ္တဖွဲ့ တစ်ဆစ်ချိုးနဲ့
က ကြိုးအဖုံဖုံ
ဒုက္ခလည်းကြုံခဲ့
သုခလည်းဆုံခဲ့ ···။

ဟော··· မပြီးမပြတ်သေးဘဲ
ခရီးထပ်တွေးပြီး
ဝေးနေသလား···နီးနေသလား
ဗျာများတဲ့ပင့်သက်နဲ့
အတွေးအိပ်မက် မက်ပြီး
ဘဝတွေ ထိန်ဝှက်ခဲ့တာ
ကံ ဇာတာရှည်စေသမျှ
သံသရာရှည်ခဲ့တာ
ဘာဆန်းလဲ ··· ။

www.burmeseclassic.com

www.burmeseclassic.com




# နှလုံးသားတံခါးဖွင့်ခရီးသွားခြင်း

ကိုမိုး (ရွှေပြည်သာ)

- လက်က ပြောတဲ့စကား
ပါးစပ်နဲ့ရေးတဲ့စာ · ·
အဲဒါ · · ·
စာပေ အနုပညာ · · ·
အနှစ်သာရမိအောင်
အထပ်(၃)လွှာ မြင်အောင်ဖောက်ကြည့်
ဆိုလိုသူရဲ့ ရည်ရွယ်ချက်
ရင်ထဲအထိ ရောက်ခဲ့မယ်
ဆိုရင်ပေါ့ · · ·။

- လူသားမှန်ရင်
အလုပ်တာဝန်ကို သင့်အောင်ယူ
ငွေရေးကြေးရေး အဆင့်မီအောင်ကြိုးစား
ဒါမှ · · · ပညာအဆင့်လည်းမြင့်
သင့်တော်စွာ နားချိန်လည်းရှိပေမပေါ့ · · ·။

- အဲဒီ အနားချိန်ကို
စာပေနဲ့ပျော်မွေ့
မင်းဘဝအခက်မတွေ့စေရဘူး · · ·
နှလုံးသားမှာ တွယ်ငြိမယ့်ရတနာ
ဘဝကူးအောင်အထိ
ခရီးဆက်ခွင့်ကြုံပါရစေ · · ·။

(စာပေရေချမ်းစင်များကို ဂုဏ်ပြုကြိုဆိုလျက်)

www.burmeseclassic.com

www.burmeseclassic.com




# ပြောင်းဖွားစားသူများ

မောင်ခင်မှိုင်း (ချောက်)

- သံစဉ်တွေ
ဘယ်လိုပြောင်းပြောင်း …
- ခေါင်းစီးတွေ
ဘယ်လိုပြောင်းပြောင်း …
- စကားလုံးတွေ
ဘယ်လိုပြောင်းပြောင်း …
- အကြောင်းအရာတွေ
ဘယ်လိုပြောင်းပြောင်း …
ပုံရိပ်မပြောင်းသေးတာကတော့
စေတနာမကောင်းသေးလို့ပေါ့ ။ ။

www.burmeseclassic.com

www.burmeseclassic.com

# သံတူကြောင်းကွဲ

မောင်လွှမ်းရည် (ရွှေတောင်)

(၁)


ပွန်စလိုင် ရေ
မုတ္တမ မြေသင်းခဲ
ဒလ သရက်သီး
ချင်ခြင်းတပ်ပြီး
မိဖုရားရှင်မိနောက်က
မင်းရဲကျော်စွာ ကိုဖွားသတဲ့။

(၂)

လက်ဖက်ရည်ချိုကျ
ကျားပျံဆေးပေါ့လိပ်
ငါးပိရည်ကျဲ
ချင်ခြင်းတပ်ပြီး
တောသူမ ဒေါ်ကျင်စိန်က
မောင်လွှမ်းရည်ကိုမွေးသတဲ့။

(၃)

ဇာတ်ပေါင်းတော့
မင်းရဲကျော်စွာက အိမ်ရှေ့မင်းဖြစ်
မောင်လွှမ်းရည်က ကဗျာဆရာဖြစ်။ ။



www.burmeseclassic.com

www.burmeseclassic.com

## စစ်ကိုင်းတောင်ရိုးပေါ်က

### နတ်ဆွမ်းဦးကပ်တဲ့

# ဆွမ်းဦးပုညရှင်စေတီတော်

အောင်မြင့်မြတ် (ပြည်ရွှေဘို)



ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး

**ဧည့်ဝတ်ကျေပွန်သော ရွှေဝါရောင် ဆွမ်းဦးပုညရှင်**

စာရေးသူနှင့် ကိုသောင်းလှိုင်(စမ်းချောင်း) တို့သည် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီး၏ ကျောင်းသားဟောင်း သူငယ်ချင်းများ ဖြစ်ကြလေသည်။ ၂၀၁၁၊ ဒီဇင်ဘာလ(၈-၉-၁၀) ရက်နေ့များတွင် ကျင်းပမည့် မိခင်ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် သာသနာ့ ဝန်ဆောင်သက် ၇၅ နှစ်ပြည့် စိန်ရတုပွဲတော် ကြိုတင်ပြင်ဆင်ရေးအတွက် ရန်ကုန်အဝေးပြေး ဂိတ်မှ မြတ်မန္တလာထွန်း (Aircon Bus) ကားဖြင့် ည ၇ နာရီက စီးနင်းလိုက်ပါခဲ့ရာ နံနက် ၅ နာရီတွင် စစ်ကိုင်းတံတားခေါ် ရတနာပုံ (မန္တလေး)တံတားသစ်ကြီးပေါ်မှ စစ်ကိုင်းတောင် ပေါ်က ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်လှစွာ ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီးကို နံနက် စောစော မင်္ဂလာရှိစွာ ကြည်နူးဖွယ်ရာ ဖူးမြင် တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုညရှင်ဘုရား အပူဇော်ခံ
ရတနာမုနိ ကိုးထပ်ကြီးရုပ်ပွားတော်မြတ်ကြီး

ကျောင်းတိုက် စိန်ရတုပွဲ ဆောင်ရွက်နေစဉ် ကိုးဘွဲ့ရ ဆရာတော် အရှင်အာစာရ သီတင်းသုံးသော သဒ္ဓမ္မကာရီ ကျောင်းဆောင်တွင် စစ်ကိုင်းမြို့နယ်လုံးဆိုင်ရာ ပြာသိုလပြည့် အာမေနေ့၌ စာပေဟောပြောပွဲ ကျင်းပဆင်နွှဲရန် စည်းဝေးတိုင်ပင် ဆွေးနွေးပွဲတွင် စစ်ကိုင်းမှ စာနယ်ဇင်းပုဂ္ဂိုလ်များဖြစ်သော ဆရာ နန္ဒမင်းလွင်၊ ဆရာမျိုးသူရ၊ ပန်းတျာမြကြည် ဦးဆောင်သော သာသနနုဂ္ဂဟအဖွဲ့ဝင်များ၊ သုခကာရီလူမှုကူညီရေးအသင်းအဖွဲ့ ဝင်များ၊ ဆွမ်းဦးပုညရှင် ဂေါပကအဖွဲ့ဝင်များနှင့်အတူ ဗွီဒီယိုနှင့် ဓာတ်ပုံပညာရှင် ကိုစိုးဝင်း(နှန်းသဇင်ဗွီဒီယိုဓာတ်ပုံ)က စာရေးသူ အား ပုညရှင်စေတီသို့လာခဲ့ရန် ဖိတ်ကြားခဲ့လေသည်။

ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီး သုံးရက်တိုင် တိုင် စိန်ရတုပွဲ ဆင်နွှဲပြီးဆုံး၍ နံနက်စောစော ပုညရှင်စေတီ သို့ တက်ရောက်ဖူးမြော်ခဲ့ရာ ကိုစိုးဝင်းနှင့်ဆုံတွေ့ကာ စစ်ကိုင်း တောင်၏ ဘာသာရေး သာသနာရေးကိစ္စများ ပြောဆိုဆွေးနွေး ရေးပေါင်းသမိုင်းဝင် ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်၊ သာသနိက အဆောက်အအုံ စသည်များကို မှတ်တမ်းဓာတ်ပုံများ ရိုက်ကူး၍ စာဖတ်ပရိသတ်တို့အား ကုသိုလ်စေတနာ တိုးပွားစေရန် သမိုင်းအချက်အလက်များဖြင့် တင်ပြလိုက်ပါသည်။

## ပဋိရူပ ဒေသဖြစ်သော စစ်ကိုင်းတောင်

သူ့အခါ ရာသီအလိုက် ဘုရားဖူးများ တစ်ကြိမ်တည်း စုပြုံရောက်ရှိလာပြီး စည်ကားသော ကျိုက်ထီးရိုး၊ မန်းစက်တော် ရာ စသော ဘုရားများကဲ့သို့ စစ်ကိုင်းတောင်ရိုးက စည်ကား သည်ကို တွေ့မြင်နိုင်ပါသည်။ မြန်မာပြည်မြေပုံကို ဖြန့်ကြည့် မည်ဆိုလျှင် စစ်ကိုင်းတောင်အရပ်သည် နိုင်ငံ၏ အလယ်ဗဟို နီးနီးကျနေရုံမျှမက သဘာဝက ပေးထားသည့် ဧရာဝတီမြစ် ကြီးကလည်း စစ်ကိုင်းတောင်တန်းကြီး၏ အရှေ့ဘက်အခြေမှ



ထူးဆန်းဝုဏ်တင် လက်ပွားရှင် ရုပ်ပွားတော်



www.burmeseclassic.com

www.burmeseclassic.com

ကပ်ပြီး စစ်ကိုင်းမြို့ကို ရစ်ပတ်ဝိုက်ကာ စီးဆင်းလျက်ရှိနေခြင်းနှင့် ကုန်းလမ်းဖြစ်သည့် မီးရထားလမ်းနှင့် ကားလမ်းအသွယ်သွယ်တို့ကလည်း အင်းဝတံတားကြီးနှင့် ယနေ့ခေတ် တည်ဆောက်သော ရတနာပုံ(မန္တလေး) တံတားသစ်ကြီးတို့မှတစ်ဆင့် စစ်ကိုင်းမြို့တွင်းကိုဖြတ်ကာ စစ်ကိုင်းတောင်ကို ဦးတိုက်လျက်ရှိသည်။

ငှက်၊ လှေ၊ သမ္ပန်၊ မော်တော်၊ သင်္ဘောကြီးငယ်စသည်များသည် စစ်ကိုင်းတောင်၏အရှေ့ဘက် ကမ်းခြေတစ်လျှောက်မှ အလိုရှိရာစခန်းများတွင် ဝင်ရောက်ဆိုက်ကပ်နိုင်သကဲ့သို့ ကုန်းလမ်းဘက်မှလည်း မော်တော်ယာဉ်ကြီးငယ်များသည် စစ်ကိုင်းတောင်ခြေစခန်းများတွင်သာမက ပတ္တမြားစေတီနှင့် ပုညရှင်စေတီတည်ရှိရာ တောင်ထိပ်တောင်ဖျားများသို့ပင် ကားလမ်းအသွယ်သွယ် ဖောက်လုပ်ထားပြီးဖြစ်၍ စစ်ကိုင်းတောင်ပေါ်သို့ရောက်အောင် ကားနှင့် တစ်ပါတည်း တက်ရောက်နိုင်ကြပေပြီ။

ဤသို့ ခရီးအသွယ်သွယ်တို့သည် စစ်ကိုင်းမြို့ကိုဖြတ်၍ စစ်ကိုင်းတောင်ရိုးကို ဦးတိုက်လျက်ရှိနေခြင်းသည်ပင် စစ်ကိုင်းတောင်သို့ ဘုရားဖူးများ အမြဲဒဟိုရောက်ရှိလာစေနိုင်ခြင်း၏ အကြောင်းရင်းဖြစ်သည်။ ကျိုက်ထီးရိုး၊ မန်းစက်တော်ရာ စသည့်ဌာနများသို့ ဘုရားဖူးများ အခါရာသီဖွင့်ပွဲစောင့်ကာ အုပ်စုဖွဲ့ပြီး သွားနေရသေးသည့်အချိန်မျိုးတွင် ခရီးလမ်းပန်းသာယာသော စစ်ကိုင်းတောင်သို့ ဘုရားဖူးများ အချိန်အခါရာသီမရွေး အလိုရှိသလို တဖွဲဖွဲလာရောက်နိုင်သည်မှာ သဘာဝကပေးထားသည့် အခွင့်အရေးကြီးတစ်ရပ်ကို စစ်ကိုင်းတောင်က ကောင်းစွာရရှိထားသဖြင့် ပဋိရူပဒေသလက်ကို စစ်ကိုင်းတောင်ရိုးက ကောင်းစွာရရှိထားခြင်းပင် ဖြစ်လေသည်။

## သမိုင်းနောက်ခံ

သဘာဝကပေးထားသည့် အခွင့်ထူးများအပြင် ရာဇဝင်ကြောင်း၊ သမိုင်းဟောင်း နောက်ခံအနေကလည်း စစ်ကိုင်းတောင်ရိုးကြီး၏ ဂုဏ်သတင်းကျော်စောခြင်းကို ဖြစ်စေသည်။ ဘုရားရှင်သည် ကျိုက်ထီးရိုး၊ မန်းစက်တော်ရာ စသည်တို့ကဲ့သို့ စစ်ကိုင်းတောင်သို့လည်း ဝါတော် ၂၀ ကျော်ကပင် ကြွရောက်တော်မူလာပြီးလျှင် စစ်ကိုင်းတောင်ရိုးဌာနကြီးအသိုးသီးတို့ကို ဗျာဒိတ်ထားတော်မူခဲ့လေသည်။ ဘုရားရှင်ကိုယ်တော်တိုင် သာသနာ့အောင်မြေအဖြစ်ဖြင့် အောင်မြေနင်းတော်မူခဲ့သော တောင်ထူးတောင်မြတ်ဖြစ်၍လည်း ဓာတ်မွေသရီအဆူဆူတို့ ကိန်းဝပ်ရာ ဖွေးဖွေးဖြူသော စေတီအဆူဆူတို့သည်လည်း သူမတူအောင် ပေါ်များလှပေရာ "စစ်ကိုင်းတောင် ဖျိုးကောင်းနှင့်တူသလေး"ဟူ၍ပင် စာဖွဲ့ခဲ့ကြသည်။

အဆူဆူသော စေတီတော်မြတ်များနှင့်အတူ ရဟန်းတော်တို့ သီတင်းသုံးရာ ကျောင်းကန်များနှင့် သီတင်းသည်၊ သီလရှင်တို့၏ ချောင်များကလည်း စစ်ကိုင်းတောင်ကို ကွက်လပ်မရှိအောင် ဖုံးအုပ်လုမတတ်ပင် ပေါ်များလှပေသည်။ အခိုပါရှုခင်းကို စစ်ကိုင်းတောင်ရိုးကြီးတွင် အရှေ့ဘက်နှင့် တောင်ဘက်မျက်နှာစာ၊ အထူးသဖြင့် ပုညရှင်စေတီတော်ကြီး၏ စောင်းတန်းအသွယ်သွယ်တို့တွင် တွေ့မြင်နိုင်ပေသည်။ သာသနာ့ဗိမာန်ဆောင်၊ သာသနာ့မီးရှူးတန်ဆောင်ဖြစ်ကြသော ကျောင်းကန်၊ ဘုရား၊ ပုထိုး၊ ဂူ၊ ဥမင်တို့မှာလည်း ယခုခေတ်ကျမှ ရုတ်တရက် ပေါ်ပေါက်လာရခြင်းမျိုးလည်း မဟုတ်ဘဲ ရာဇဝင်နှင့်ချီပြီး ရှေးကျလှသည့် ခေတ်အခါကပင် ရှိနှင့်ပြီးဖြစ်၍ စစ်ကိုင်းတောင်ရိုးကြီးကို သာသနာ့နယ်မြေအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။

ယခုအခါ စစ်ကိုင်းတောင်တွင် ချောင်ဟူသော အမည်ပညတ်မှ ကျောင်းတိုက်ဟူ၍ တစ်ဆင့်မြင့်ပြီး ခေါ်ဝေါ်ပညတ်ရသည့် တိုက်တာအုပ်စုများ ပေါ်ပေါက်လာသည်နှင့်အမျှ ကျောင်းဆောင်များကလည်း နဝဗိမာန်တမျှ ခမ်းနားသိုက်မြိုက်လှသည်။ ကျောင်းကန်များ တိုးတက်လာသည်နှင့်အတူ အဆူဆူသော ရှေးဟောင်းဘုရားပုထိုးများဘက်ကလည်း ဝမ်းမြောက်ဖွယ်ရာ တိုးတက်လာခဲ့သည်။ ရှေးဟောင်း ဘုရားပုထိုးများပင် ယနေ့ခေတ်တွင် ရွှေရောင်၊ မှန်ရောင်၊ လျှပ်စစ်ဓာတ်မီးရောင်တို့ဖြင့် တောက်ပြောင်ဝင်းထိန်လျက် ရှိနေကြပေပြီ။

## စစ်ကိုင်းတောင်၏ ကိုယ်စားပြုရာ ပုညရှင်တောင်


စစ်ကိုင်းတောင်ကြီးတွင် ပုညရှင်တောင်သည် တစ်တောင်အပါအဝင်ဖြစ်ပြီး၊ တောင်ပေါင်း ၃၀ ကျော်ရှိသည့်အနက် ပုညရှင်တောင်တစ်တောင်တည်းကပင် စစ်ကိုင်းတောင်ကြီး၏ ကိုယ်စားပြုရာဖြစ်သကဲ့သို့ စစ်ကိုင်းတောင်ဆိုလျှင် ပုညရှင်တောင်ပါ ပါဝင်ပြီးဖြစ်၍ ပုညရှင်တောင်ဟု ဆိုလျှင်လည်း စစ်ကိုင်းတောင်ကိုပင် ရည်ညွှန်းပြီး ခေါ်ဆိုကြောင်း အများက နားလည်ကြသည်။ ပုညရှင်တောင်သည် စစ်ကိုင်းတောင်ကြီးကို

www.burmeseclassic.com

ရှေ့ဆောင်ရှိနေသည် မဟုတ်သေး။ တည်နေပုံ ရှုခင်းရှုကွက်အားဖြင့်လည်း ရှေ့ဆောင်လျက်ပင် ရှိနေပေသည်။ အရပ်လေးမျက်နှာမှ ရှုမျှော်ကြည့်လိုက်မည်ဆိုလျှင် ပုညရှင်တောင်သည် ရှေ့တန်းမျက်နှာစာက အပေါ်လွင်ဆုံး၊ အမြင်သာဆုံးဖြစ်ပါသည်။ ပုညရှင်တောင်သည် -

(၁) ကကုသန်ဘုရားရှင်လက်ထက်၌ သေလာပဗ္ဗတာတောင်၊ (၂) ကောဏာဂုံဘုရားရှင်လက်ထက်တော်၌ ဝင်္ကစာရတောင်၊ (၃) ကဿပဘုရားရှင်လက်ထက်တော်၌ ဓမ္မိကတောင်၊ (၄) ယခု ဂေါတမဘုရားရှင်လက်ထက်တော်၌ ရဟန္တာနာဂဒတ္တမထေရ် နေဖူးသောကြောင့် နာဂဒတ္တတောင်ဟု ခေါ်ဆိုပြီး၊ နောင်တွင် နဖားတောင်ဟု ဘွင်၏။ ကာလရွေ့လျားလာကာ ပုညာအမတ်၏ စေတီကိုစွဲပြီး ပုညရှင်တောင်ဟု ယနေ့ခေါ်ဆိုကြသည်။

စစ်ကိုင်းတောင်ညွှန်းကျမ်းအလိုအားဖြင့် ပုညရှင်တောင်



သမိုင်းဝင် ယုန်မင်း အလှူခံပုံး



သမိုင်းဝင် ရွှေဖား အလှူခံပုံး

သည် ကဿပဘုရားရှင် သာသနာနောက်ပိုင်းတွင် ဓမ္မိကတောင်အမည်နှင့် တရားရှာမှီးသူတို့ ပျော်မွေ့ရာ၊ ခိုအောင်းရာ၊ တရားအားထုတ်ရာ၊ သာသနာ့ရိပ်သာ၊ သာသနာ့နယ်မြေဖြစ်ခဲ့ပြီး၊ ဂေါတမဘုရားရှင်၏ သာသနာတော်၌ ရဟန္တာအရှင် နာဂဒတ္တမထေရ်က အမွန်အစပြု၍ ရသေ့ရဟန်း သူတော်စင်အပေါင်းတို့ မှီခိုပျော်မွေ့ရာ သာသနာရိပ်မြုံကြီးသဖွယ် ဖြစ်လာပြန်ပါသည်။

ရာဇဝင်နှင့် သာသနာစဉ် သမိုင်းအရပ်ရပ်တို့ကို လေ့လာသုံးသပ်ကြည့်မည်ဆိုပါက အကျော်အမော်ဖြစ်ကြသော ဆရာတော်ကြီးများ စစ်ကိုင်းတောင်သို့ တောဝင်လာသည်ဆိုလျှင် ပုညရှင်တောင်တော်မြတ်ကိုသာ ဦးတည်ကြွရောက်တော်မူလေ့ရှိကြပါသည်။ ပဘား၊ ရေငုံ၊ အရိယာဝံသနှင့် တိလောဂုရု၊ ပဲစားချောင်၊ ဂန္ဓာရုံ စသော ရေးကျောင်းတိုက်ဟောင်းများသည် ပုညရှင်တောင်တစ်ပိုက်တွင် တည်ရှိနေပုံမှာ ထင်ရှားလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com


## ဘုရားရှင်၏ ဗျာဒိတ်တော်အရ စေတီတော်တည်ထားရန် ဖြစ်လာခြင်း

ရှေးဟောင်းသမိုင်းဝင် ဆွမ်းဦးပုညရှင်စေတီတော်ကြီး၏ ထူးခြားချက်မှာ ဘုရားရှင်၏ ဗျာဒိတ်တော်စကားအရ ပေါ်ထွန်းလာသော စေတီတစ်ဆူ ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မဟာပုဏ္ဏရဟန္တာမထေရ်မြတ်၏ ပင့်ဆောင်မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ သုနာပရန္တတိုင်း၊ ဝါဏိဇဂ္ဂါမဏိစန္ဒကူးနံ့သာကျောင်းတော်သို့ ကြွတော်မူခဲ့သည်။ စူဠပုဏ္ဏနှင့် ကုန်သည်သူကြွယ်တို့ ဆောက်လုပ်လှူဒါန်းသည့် စန္ဒကူးနံ့သာကျောင်းတော်ကို အလှူခံတော်မူပြီး ခုနစ်ရက်တိုင်တိုင် သီတင်းသုံးတော်မူခဲ့သည်။ ကျွတ်ထိုက်သည့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား တရားရေအေး တိုက်ကျွေးဟောတော်မူခဲ့သည်။ သုနာပရန္တတိုင်းမှ ပြန်လည်ကြွတော်မူပြီးနောက် ပြည် ဖိုးဦးတောင်၊ မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ ပုဂံတူရင်းတောင်များသို့ ကြွရောက်တော်မူပြီး ထိုဒေသများသည် မြတ်စွာဘုရား၏ သာသနာတော်သည် နောင်အခါ ထွန်းကားမည့်ဒေသဖြစ်ကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။

အထူးသဖြင့် ဆွမ်းဦးပုညရှင်စေတီတော်နှင့် သက်ဆိုင်သော ဗျာဒိတ်တော်စကား ထားရှိရာတွင် မြတ်စွာဘုရားရှင်သည် ဖေါ့တောင်သို့ ကြွတော်မူပြီး "ချစ်သား အာနန္ဒာ...ဤဖေါ့တောင်ကား ရှေးအခါ ငါဘုရားအလောင်းတော် ယုန်မင်းဖြစ်တော်မူသည့်ကာလ ကျင်လည်ခဲ့ဖူးသော အရပ်ဖြစ်သည်။ နောင်အခါ ဤတောင်ထိပ်၌ ငါ၏ မျက်ကွင်းတော်ဓာတ်ကို ဌာပနာသွင်းထား၍ စေတီကြီးစွာတည်၍ လူနတ်တို့ ကိုးကွယ်ရာ ဖြစ်လိမ့်မည်"ဟူ၍ ဗျာဒိတ်စကား ထားတော်မူခဲ့ပါသည်။

ပုညရှင်စေတီတော် တည်ထားမည့် တောင်အမည်သည် ဖေါ့တောင်ဟု ခေါ်သလို၊ ရှေးအစဉ်အဆက်က ဖားဦးတောင်၊ ဖဝံဦးတောင်ဟုလည်း ခေါ်ကြောင်း တချို့မှတ်တမ်းများ၌ တွေ့ရသည်။ ဖေါ့တောင်သည် စစ်ကိုင်းတောင်ရိုးရှိ ဒုတိယအမြင့်ဆုံးတောင်ဖြစ်သည်။ တောင်ထွတ်ပေါင်း ၃၇ တောင်ရှိသည့်အနက် အမြင့်ဆုံးတောင်ထိပ်၌ ပတ္တမြားစေတီ တည်ရှိသည်။

ပုညရှင်စေတီ၏ ဘုရားဒါယကာမှာ ဝိဇယပူရ (ခေါ်) ပင်းယ၌ ထီးနန်းစိုးစံတော်မူသော တစ်စီးရှင်သီဟသူမင်း၏ ညာလက်ရုံး ပညာရှိအမတ်ကြီး ဦးပုညာ ဖြစ်သည်ဟု ဘုရား



အစောက်မှ ဓာတ်တော်ကွန့်မြူးခဲ့သော သမိုင်းဝင်ခြင်္သေ့

သမိုင်းတို့၌ အဆိုပြုကြသည်။ စေတီယဒီပနီ၊ စစ်ကိုင်းတောင်ရိုးစသည့် စာပေတို့၌ စစ်ကိုင်းမင်း အသင်္ခယာစောယွမ်း၏ သေနာပတိအမတ်ကြီးအဖြစ် ဖော်ပြခဲ့ကြသည်။ ဖြစ်နိုင်ခြေရှိပုံနှင့် ပတ်သက်၍ ပုညရှင်ဘုရားသမိုင်းပြုစုသည့် ရွှေကိုင်းသား (ဆရာတော် ဦးသောဘိတ၏ အဆိုပြုချက်ဖြစ်သော "ပုညာအမတ်ကြီးသည် စစ်ကိုင်းမြို့တည်မင်းနှင့် ပင်းယမြို့တည်မင်း နှစ်ပါးစလုံးတို့၏ ဩဇာခံဘဝသို့ ကျရောက်နေသောကြောင့်ဟု ဆိုရမည် ဖြစ်လေသည်"ဟူ၍ပင် ဖြစ်သည်။

အမှန်တကယ်၌လည်း အမတ်ကြီးဦးပုညာသည် ပထမ၌ ပင်းယမင်းတစ်စီးရှင် သီဟသူ၏ ပညာရှိအမတ်ကြီးအဖြစ် အမှုထမ်းခဲ့သည်။ ပင်းယမင်းသည် သားတော် , အသင်္ခယာစောယွမ်းကို စစ်ကိုင်းမြို့ကိုပေးသောအခါ သားတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန် ပညာရှိလည်းဖြစ်၊ လက်ရုံးရည်, နှလုံးရည်နှင့်လည်းပြည့်စုံသူ အမတ်ကြီးဦးပုညာအား သားတော်ထံ အမှုထမ်းရန် အပ်နှင်းခဲ့ရာမှ သားတော်အသင်္ခယာစောယွမ်း၏ သေနာပတိအမတ်ကြီး ဖြစ်လာခြင်း ဖြစ်ပေမည်။

မည်သို့ပင်ဆိုစေကာမူ စစ်ကိုင်းမင်း အသင်္ခယာစောယွမ်းထံပါး၌ အမတ်ကြီးဦးပုညာ အမှုထမ်းနေစဉ် ပုညရှင်ဘုရား

www.burmeseclassic.com

ဒါယကာဖြစ်စေမည့် အကျိုးပေးတစ်ရပ်သည် မမျှော်လင့်ဘဲ ပေါ်ပေါက်ခဲ့ရလေသည်။

## ပုညာအမတ်၏ မွေတော်များ ရောက်လာပုံ

ပင်းယတစ်စီးရှင် သီဟသူမင်းကြီးထံသို့ သမုဒ္ဒရာခြားသော တစ်ပါးတစ်နိုင်ငံမှ ကျဉ်းပုဏ္ဏား၊ ကျဉ်းကုလားတို့သည် တစ်စီးရှင်မင်းကြီး၏ ပြည်ရွာပျက်စီးရန် အကြံအစည်ဖြင့် မွေတော်ခုနစ်ဆူကို ရှစ်မြှောင့်ကွမ်းခွက်ကွင် အိမ်နှင့်စီ၍ ရွှေမယ် ခုနစ်ချက် "သတ်"ဟူသော အက္ခရ ... သသပ်စွာ လျှို့ဝှက် စီမံပြုလုပ်ပြီး တစ်စီးရှင်ထံ ပို့ဆက်လာလေသည်။

တစ်စီးရှင် သီဟသူသည် မဆင်မခြင် ထိုကွမ်းခွက်တွင် ကွမ်းလက်ဖက်ပြင်၍ စားတော်ခေါ်မိလေသည်။ ထိုသို့ စားတော်ခေါ်ခြင်းကြောင့် မင်းကြီး၌ ယားယံသောဝေဒနာ စွဲကပ်လာသည်။ ထိုအခါမှ ကွမ်းခွက်တော်ကို မသင်္ကာစိတ်ဖြစ်လာ၍ ပန်းထိမ်တော် ငစိန်သင်ကိုခေါ်ပြီး ရတနာကွမ်းခွက်ကို ပေးအပ်၍ ဖျက်စေသည်။ ပန်းထိမ်ငစိန်သင်သည် တူနှင့်ပေထက်တွင် တင်၍ ကွမ်းခွက်ကိုဖျက်ရာ မွေတော်ခုနစ်ဆူအနက် ငါးဆူကိုသာ ရရှိလေသည်။ ကျန်နှစ်ဆူမှာ တူတွင် တစ်ဆူ၊ ပေတွင် တစ်ဆူ ကိန်းဝပ်စံပယ်နေလေသည်။

ကွမ်းခွက်တော်မှ ရရှိသော မွေတော် ငါးဆူနှင့် ရွှေမယ် ခုနစ်ခု၊ "သတ်"ဟူသော အက္ခရာကို ဆောင်၍ တစ်စီးရှင်သီဟသူကို အပ်လေသည်။ မွေတော်ခုနစ်ဆူဖြစ်သင့်သည်၊ နှစ်ဆူ ပျောက်ရသလောဟု မသင်္ကာဖြစ်ကာ ပန်းထိမ် ငစိန်သင်ကို ဖမ်းမိန့်ထုတ်လေသည်။ ငစိန်သင်လည်း မင်းပြစ်မင်းဒဏ်ကို ကြောက်ရွံ့၍ တူနှင့်ပေကိုထမ်းကာ သန်လျက်ခုံကျွန်း(စစ်ကိုင်း) အရောက် ထွက်ပြေးလာခဲ့သည်။

ငစိန်သင်သည် စစ်ကိုင်းသို့ ညဉ့်မိုးချုပ်၌ ရောက်လျှင် သင့်ရာအရပ်၌ ညဉ့်အိပ်တည်းခိုပြီး၊ နံနက်လင်းသောအခါ ငစိန်သင်သည် ပင်းယ၌နေစဉ်က ခင်မင်ရင်းနှီးခဲ့ဖူးသည့် အမတ်ကြီးပုညာအိမ်သို့ သွားရောက်ခိုလှုံလေသည်။ ထိုသို့ခိုလှုံနေစဉ် တစ်နေ့သောညဉ့်၌ ကိန်းဝပ်စံပယ်တော်မူရာ ပေနှင့်တူ အတွင်းမှ မွေတော်နှစ်ဆူတို့သည် ထွက်ကြွတော်မူပြီး ဖလားလုံးခန့်မျှ တဝင်းဝင်းတလက်လက်နှင့် ရောင်ခြည်တော် ကွန့်မြူးနေသည်ကို ပုညာအမတ်ကြီး ဖူးမြင်တွေ့ရလေသည်။

နံနက်လင်းသောအခါ ငစိန်သင်အားခေါ်ပြီးလျှင် "မောင်မင်း၌ပါသော မွေတော်နှစ်ဆူကို ငါကိုးကွယ်ပူဇော်လိုသည်။ ငါ့ကိုပေးလော့။ ဆုလာဘ်တော်များ ပေးသနားမည်"ဟူ၍ တောင်းဆိုရာ "ကျွန်တော့်တွင် မွေတော်မပါပါ။ တူနှင့်ပေသာ ပါပါသည်။ မွေတော်နှစ်ဆူအမှုကြောင့် ပင်းယမင်း ငြိမ်းခြောက်၍ ယခုလို ပြေးလာရပြီး စစ်ကိုင်းသို့ လာရောက်ခိုလှုံရခြင်း ဖြစ်ပါသည်"။ ငစိန်သင့်စကားကြားလေသော ပုညာအမတ်သည် လွန်စွာ မကြည်မသာဖြစ်ပြီး မယုံကြည်သော အကြည့်နှင့် ကြည့်လေလျှင် ငစိန်သင်သည် -

"ကျွန်တော့်၌ မွေတော်နှစ်ဆူ မပါပါ။ အကယ်၍ ပါခဲ့သော် ခွင့်ပြုပါမည်။ ကိုးကွယ်ပါရန် အပ်နှံပါသည်"ဟူ၍ ရိုးသားစွာ လျှောက်ထားလေသည်။

အမတ်ပုညာသည် ညအခါ အိမ်ဦးတွင် ညောင်စောင်း မွေ့ရာများခင်း၍ ဆီမီး၊ ပန်း၊ ပေါက်ပေါက်တို့ဖြင့် ပူဇော်ပြီး ရတနာပန်းတောင်းကို သလွန်ညောင်စောင်းထက်၌တင်ကာ "မွေတော်ဓာတ်တော်တို့သည် ဤပန်းတောင်းအတွင်း၌ ကိန်းဝပ်စံပယ်တော်မူပါ"ဟူ၍ ပင့်လျှောက်ပြီး ညောင်စောင်းအနီး၌ စောင့်ကြည့်နေသည်။ ညဉ့်နက်လာသောအခါ အမတ်ပုညာ အနည်းငယ်ငိုက်မျဉ်းသကဲ့သို့ ဖြစ်နေစဉ် ရဟန်းတော်နှစ်ပါးသည် တောင်ဝှေးကိုကိုင်၍ ဝင်လာသည်ကို အာရုံ၌ မြင်တွေ့ရသည်။ "အမတ်ပုညာ⋯ငါတို့လာသည်ကို မသိသလော"ဟူသော အသံကို ကြားလိုက်မှ ငိုက်မျဉ်းရာမှ သတိပြန်ဝင်လာသည်။

ထိုအခါ ပေနှင့်တူအတွင်း ကိန်းဝပ်နေတော်မူသော မွေတော်နှစ်ဆူသည် တူနှင့်ပေမှ ထွက်ကာ ကောင်းကင်တွင် စကြံသွားလျက် စံပယ်တော်မူလေသည်။ အမတ်ပုညာသည် ပန်းတောင်းကို ဦးခေါင်းထက်၌ရွက်ပြီး "မွေတော်တို့သည် ရတနာပန်းတောင်းထက်၌ စံပယ်တော်မူပါ"ဟူ၍ တောင်းပန်လျှောက်ထားလေသည်။ မွေတော်နှစ်ဆူလည်း ရတနာပန်းတောင်းထက်၌ သက်ဆင်းကိန်းဝပ်တော်မူလေသည်။ အမတ်ပုညာသည် မွေတော်နှစ်ဆူကို ပတ္တမြားကြုတ်၌ ကိန်းဝပ်တော်မူစေပြီး၊ အိမ်ဦး၌ ကိုးကွယ်ထားရှိလေသည်။

နောက်ပိုင်း၌ တစ်ဦးတည်းကိုးကွယ်မှုထက် လူနတ်ဗြဟ္မာအပေါင်းတို့ပါ စေတီတည်ထား ကိုးကွယ်ရန် ရည်သန်၍ မွေတော်နှစ်ဆူ ကိန်းဝပ်သည့် ပတ္တမြားကြုတ်ကို ရွှေလင်ပန်းထက်၌ ပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်ပြီးလျှင် "ရှင်တော်ဘုရား လူ၊ နတ်၊ ဗြဟ္မာ၊ ရဟန်းသံဃာတော်များ ပူဇော်နိုင်မည့်နေရာ၌ ဤသင်ပုတ်သင်အံ့။ ရွှေလင်ပန်းနှင့်တကွ တည်မိပါစေသတည်း"

www.burmeseclassic.com

ဟူ၍ အမတ်ပုညာ သစ္စာအဓိဋ္ဌာန်ထား၍ ကုလားတစ်ယောက်ကိုခေါ်ပြီးလျှင် "အမောင်···တောင်ဖီလာလေးကျွန်း ဆီမီးတောင်ကတက်၍ တောင်ထိပ်တစ်ပြင်တွင် တင်ချင်စိတ်ရှိသည့်အရပ်၌ ဤရွှေလင်ပန်းနှင်က သင်ပုတ်ကို မသွန်ဘဲ ထားခဲ့တော့"ဟူ၍ ကုလားကို စေလွှတ်လေသည်။

ကုလားလည်း စစ်ကိုင်းတောင်ရိုးတစ်လျှောက် မွေတော်ကိန်းဝပ်လိုရာ ရွှေလင်ပန်းကို ရွက်၍ သွားလေရာ ယခု ပုညရှင်စေတီတည်ထားမည့် ဖေားတောင်ထိပ်သို့ရောက်သောအခါ သီရိဓမ္မာသောကမင်းကြီးတည်ထားသော စေတီဟောင်းတစ်ဆူနှင့် ပတ္တူးသယ်ရာဇာတည်ထားသော စေတီတစ်ဆူတို့အကြား၌ ရွှေလင်ပန်းကို တင်ထားခဲ့လေသည်။

## ပုညရှင်စေတီတည်ထားပုံ

မြေမြန်ကျွန်ကုလား တင်ထားခဲ့သောနေရာတွင် ရေကန်နှင့် ကျောက်ဖားရုပ်တို့ ရှိနေပြီး၊ သီရိဓမ္မာသောကမင်းတည်ထားခဲ့သော စေတီဟောင်းနှင့် ပတ္တူးသယ်ရာဇာ တည်ထားသော စေတီပျက်တစ်ဆူလည်း ရှိနေသည်ကို တွေ့ရှိ င်ရလေသည်။ အမတ်ပုညာသည် ထိုအရပ်ဒေသသည် ကောင်းသောနိမိတ်များရှိရာအရပ်ဟု သတ်မှတ်ကာ စေတီဟောင်းနှစ်ဆူကို ငုံ၍ စေတီတည်လေသည်။ နတ်တို့ ကူညီစောင့်ရှောက်မှုကြောင့် အမတ်ပုညာ၏ စေတီတော်သည် နေ့ချင်းပေါက် ပြီးစီးအောင်မြင်လေသည်။ ထိုစေတီတော်၌ ဓမ္မတော်နှစ်ဆူကို ဌာပနာသားတော်မူခဲ့လေသည်။ စေတီတည်သော နေရာသည် ဘုရားရှင်ဗျာဒိတ်ထားခဲ့သောနေရာ၊ အလောင်းတော်ယုန်မင်းဘဝကကျင်လည်ကျက်စားခဲ့သောနေရာ၊ သီရိဓမ္မာသောကမင်းနှင့် ပတ္တူးသယ်ရာဇာတို့ စေတီတည်ထားတော်မူပြုရာ နေရာမြတ်လည်းဖြစ်ပေရာ ဘူမိနက်သန် မှန်လှပေသည်။

အမတ်ပုညာနှင့် ပန်းထိမ် ငစိန်သင်တို့သည် စေတီတော်ကြီးအား နေ့ချင်းပြီးတည်ထားခဲ့ခြင်းကြောင့် စစ်ကိုင်းမင်း အသင်္ခယာစောယွမ်းထံ ခွင့်ကြိုတင် မပန်ကြားခဲ့၍ မင်းသည် ရာဇဒေါသမာန်ဖြစ်ပြီး မြို့တော်အရှေ့၌ရှိသော ရွှေကြာအင်းတွင် ရေစိမ်၍ သတ်လေသည်။ ဓမ္မတော်နှစ်ဆူ၏ တန်ခိုးတော်ကြောင့် မြစ်ရေသည် အမတ်ပုညာနှင့် ငစိန်သင်တို့၏ ကိုယ်ပေါ်သို့ ဖုံးလွှမ်းနစ်မြုပ်ခြင်းမရှိ။ ရေကန်တော့ထိုးကာ ရေအလျှင်သည် ဝန်းဝိုင်းလျက်သာ ရှိနေတော့သည်။ ထိုအရပ်ကို ယခုအခါ စစ်ကိုင်းမြို့တွင် ရေဝှမ်းရပ်ဟု ခေါ်ကြသည်။

ရေစိမ်(ရေနှစ်၍) သတ်သော်လည်း ပုညာအမတ်နှင့် ငစိန်သင်တို့မှာ ရေလည်းမစို၊ ရေလည်းမမွှန်းဘဲ ရေတို့သည် ပတ်ဝန်းကျင်၌သာ ရေဝှမ်းနေသည်ကို ထူးဆန်းအံ့ဖွယ်သရဲ မြင်တွေ့ရသဖြင့် ဒေါသစိတ်တို့ ပြေပျောက်ကာ လွှတ်ငြိမ်းချမ်းသာခွင့် ပေးလေသည်။ စစ်ကိုင်းမင်း အသင်္ခယာစောယွမ်းသည် ခမည်းတော် ပင်းယမင်း သီဟသူထံ ခွင့်ပန်ပြီးနောက် ပုညရှင်စေတီတော်အား အုတ်ရိုးမဟာရံ တံတိုင်း ကာရံခြင်း၊ သက္ကရာဇ် ၆၇၄ ခုနှစ်တွင် ဆူလုံးပြည့်ရွှေသင်္ကန်းကပ်လှူ၍ ထီးတော်အထွတ် တင်လှူတော်မူသည်။

စေတီတော်၏ ဘွဲ့အမည်တော်မှာလည်း ပုညာအမတ်ကြီး စတင်တည်ခဲ့ခြင်းကြောင့် ပုညစေတီဟု စတင်ဘွဲ့တော်တွင်ခဲ့ပြီး နောက်ပိုင်း၌ ပုညရင်ဟူ၍လည်းကောင်း၊ ပုညရှင်ဟူ၍လည်းကောင်း ပြောင်းလဲခေါ်ဝေါ် ခဲ့ကြသည်။ နှောင်းကာလ လူသားတို့အနေနှင့် အရဏ်ဆွမ်းကပ်လှူရာတွင် တောင်စောင့်နတ်တို့က ဦးစွာ ဆက်ကပ်ထားခြင်းကို အစွဲပြု၍ ဆွမ်းဦးပုညရှင်စေတီဟူ၍ ဘွဲ့တော်တွင်ခဲ့ပြန်သည်။ တချို့ကလည်း စစ်ကိုင်းတောင်ရိုးရှိ ဘုရားစေတီများအား ဆွမ်းဆက်ကပ်ရာတွင် ဝါစဉ်ဘုရားပွဲအစဉ်အလာအရ နှစ်စဉ် ဝါဆိုလပြည့်နေ့တိုင်း အဦးဆုံး ဆွမ်းကပ်လှူရသောကြောင့် ဆွမ်းဦးပုညရှင်ဟု ဆိုကြသည်။

စေတီတော်ကြီးသည် စစ်ကိုင်း၊ အင်းဝ၊ ပင်းယ၊ အမရပူရ စသည့် ခေတ်အစဉ်အဆက် မင်းများ၏ ပြုပြင်တည်ဆောက် ကောင်းမှုကြောင့် ကာလရှည်ကြာ တည်ရှိခဲ့ပေသည်။ စစ်ကိုင်းဒေသ၏ မကြာခဏလှုပ်ခဲ့သော ငလျင်ဒဏ်ကိုလည်း အကြိမ်ကြိမ်ခံခဲ့ရသည်။ သို့သော် မြတ်စွာဘုရားရှ ၏ ဓမ္မတော်ဓာတ်တော် အဆူဆူတို့၏ တန်ခိုးတော်ကြောင့် ပုညရှင်စေတီတော်သည် ပြုပြင်မည့်ဒါယကာမင်းအဆက်ဆက်၊ လူပုဂ္ဂိုလ်၊ ဘုန်းတော်ကြီးများ၏ ကြိုးပမ်းမှုကြောင့် ပျက်စီးယိုယွင်းခြင်းအဖြစ် ထာဝစဉ် မတည်ရှိဘဲ တစ်နှစ်ထက်တစ်နှစ် တစ်ခေတ်ထက်တစ်ခေတ် စည်ပင်တိုးတက် ထွန်းကားလာခဲ့ပေသည်။

မိုးတားဝန်ထောက်မင်း၏ စစ်ကိုင်းဘုရားစဉ် သမိုင်းချုပ်တွင် ပုညရှင်စေတီ၏ အတိုင်းအတာ ဖော်ပြရာ၌ ဖိနပ်တော် ၄၂ တောင် ၂ မိုက်၊ ဉာဏ်တော် အတောင် ၄၀ နှင့်



www.burmeseclassic.com

www.burmeseclassic.com

၁ မိုက်ရှိကြောင်း တွေ့ရ၏။

ယနေ့ နောက်ဆုံး တိုင်းတာရရှိသည့် ပုညရှင်စေတီ၏ အတိုင်းအတာမှာ ဖိနပ်ခင်း ၆၄ ပေ(မြန်မာအတိုင်းအတာအားဖြင့် ၄၁ တောင် ၁ မိုက်၊ ဉာဏ်တော် ၁၃၃ ပေ (မြန်မာအတိုင်းအတာအားဖြင့် ၈၈ တောင် ၁ မိုက်)ရှိပြီး ထီးတော်မှာ ၂၄ ပေ ၁၀ လက်မ ရှိကြောင်း သိရှိရပါသည်။

## ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး၏ ထူးခြားဖြစ်ရပ်နှင့် ဆုတောင်းပြည့်ပုံ

ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးသည် မူလ သီရိဓမ္မာသောကမင်းကြီး၏ ဓာတ်တော်စစ် ကိန်းဝပ်ပံ့ပယ်တော်မူရာ စေတီကိုင့်၍ တည်ထားခြင်း၊ ဘုရားရှင်၏ ဗျာဒိတ်တော်စကားအရ ဘုရားရှင်၏ မျက်ကွင်းတော်ဓာတ် ကိန်းဝပ်တော်မူခြင်း၊ ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားနှင့် သားတော် ငါးဆူဒါယကာ နန္ဒဘုရင်တို့ ဆက်ကပ်ထည့်သွင်းသော ဓာတ်တော်၊ မွေတော်များ ကိန်းဝပ်တော်မူခြင်း၊ မူလဘုရားဒါယက ပုညအမတ်နှင့် ပန်းထိမ်ငစိန်သင်တို့၏ ပေနင့်တူ၍ ကိန်းဝပ်သော မွေတော်ဓာတ်တို့ ဌာပနာထား၍ တည်ထားခြင်းကြောင့် ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးသည် ဓာတုစေတီတော်အစစ်အမှန် ဖြစ်ခဲ့ပေသည်။

မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်တော်မူ၍ တန်ခိုးအသွယ်သွယ် ပြခဲ့သည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ဖူးမြော်ခဲ့ရသူအပေါင်းမှာလည်း အများအပြားပင် ဖြစ်သည်။ တောင်ဖီလာဆရာတော်ဘုရားကြီး၏ သာလွန်မင်းထံ ပုညရှင်ဘုရားကြီးနှင့် ပတ်သက်၍ ဆက်သွင်းသော စာတော်တွင် "အနောက်မြောက်ထောင့် ခြသေ့ က မွေတော်ထွက်သည်ဟူ ပြည်သူပြည်သားတို့ ပူဇော်သည်များကိုလည်း ဆရာတော်လက်ထက်တိုင် ဖူးမြော်သွားလာ ကြည့်ရှုပူဇော်ကြသူများကိုလည်း ကျောင်းသို့ရောက်လာသူတို့ ပြောဆိုသည်များ ကြားရသည်"ဟု ဖော်ပြပါရှိလေသည်။

တောင်ဖီလာဆရာတော်၏ စာတော်အရ ပုညရှင်စေတီတော်၏ အနောက်မြောက်ထောင့်ရှိ ခြသေ့အမောက်မှ ရောင်ခြည်ခြောက်ဖြာဖြင့် မွေတော်ဓာတ်တော်တို့ ကွန့်မြူးစံပယ်သည်ကို ရဟန်းရှင်လူအပေါင်းတို့ ဖူးမြော်ကြရလေသည်။ ထိုဖြစ်စဉ်ဖြစ်ရပ်ကို တောင်ဖီလာဆရာတော်အနေနှင့် သာလွန်မင်းထံ စာဆက်သွင်းရေးသားထားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဆွမ်းဦးပုညရှင်စေတီတော်ကြီးသည် ဆုတောင်းအလွန်ပြည့်ကြောင်းနှင့် အထူးသဖြင့် အပြိုင်အဆိုင်၊ အမှုအခင်းနှင့် ရင်ဆိုင်ရသော အဓိဋ္ဌာန်ဆုတောင်းပါက သူများတကာထက် ဦးစွာအောင်မြင်နိုင်ကြောင်း သိရှိရပါသည်။ ဆွမ်းဦးပုညရှင်စေတီတော်ကြီးနှင့် ပတ်သက်၍ စေတီတော်ကြီး၌ လာရောက်ဖူးမြော်ကြသူများ၊ ဆရာတော်များ၊ စေတီတော် တာဝန်ရှိသူများ၏ ပြောပြချက်အရ စေတီတော်ကြီး၌ ပူဇော်လှူဒါန်းသူအပေါင်းသည် ဥပဒ္ဒြေဒကကံမှ လွတ်ခြင်း၊ ရာထူးတိုးခြင်း၊ လှူဒါန်းရန် အဓိဋ္ဌာန်ပြု ငွေစုလျှင် မမျှော်လင့်ဘဲ ဝင်လာခြင်း၊ လှူပြီးငွေ တစ်ဖန်ပြန်ဝင်လာခြင်း၊ ဘုရားရှင်၏ မျက်ကွင်းတော်ဓာတ်ကို ဌာပနာထားခြင်းကြောင့် မနောအမြင်၊ မနောအသိများရခြင်း၊ တောင်းသည့်ဆု ပြည့်ဝစေခြင်း စသည့် အံ့ဖွယ် ၁၄ ပါးနှင့် ပြည့်စုံသော စေတီတော်ကြီး ဖြစ်ပါသည်။

## ဆွမ်းဦးပုညရှင် စေတီတော်ကြီး၏ ဖူးမြော်ရာနေရာများ

ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်သူ ဘုရားဖူးတို့သည် မြောက်ဘက် လှေကားမှဦးမှ စတင်တက်ရောက်လျှင် ဆုတောင်းပြည့်တန်ခိုးကြီး ရတနာမုနိကိုးထပ်ကြီး ရုပ်ပွားတော်မြတ်ကြီးကို စတင်ဖူးမြော်ရပေမည်။ ဆုတောင်းအလွန်ပြည့်ဝ၍ ဘုရားဖူးများ ဗုဒ္ဓဂုဏ်တော်ကို ရွတ်ပွားပူဇော်ပြီးနောက် လိုရာဆုကို တောင်းနိုင်ပေသည်။ တောင်းသောဆုသည် တရားမျှတပြီး တစ်ဖက်သားကို မထိခိုက်မနစ်နာစေမည့် ဆုဖြစ်ပါက အလျင်အမြန်ပြည့်ဝပေသည်။

ရှင်သီဝလိရုပ်ပွားတော်၊ ရှင်ဥပဂုတ္တမထေရ်ကျောင်းဆောင်၊ ပဉ္စဝဂ္ဂီငါးပါးအား ဓမ္မစကြာဟောကြားနေပုံ၊ နဂါးရုံဘုရားနှင့် အနောက်ဘက် အာရုံခံတန်ဆောင်းအတွင်းရှိ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးကိုလည်း ဖူးမြော်ပူဇော်ဆုတောင်းနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဖားတောင်(ဝါ) စေတီတော်ကည်ရာကို စောင့်ရှောက်နေသော တောင်စောင့်ဘိုးဘိုးကြီး၏ ကြေးသွန်းရုပ်တုကိုလည်း ခံ့ညားစွာတွေ့နိုင်သလို၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ ဓာတ်နန်းနှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ ရုပ်တုတော်များကိုလည်း တွေ့နိုင်ပါသည်။ အနောက်ဘက်ရင်ပြင်မှ မျှော်ကြည့်လျှင် သီတဂူဗုဒ္ဓတက္ကသိုလ်၊ ဆေးရုံ၊ စစ်ကိုင်းမြို့ရှုခင်းနှင့် ကောင်းမှုတော်စေတီကြီးကို ဖူးတွေ့နိုင်ပါသည်။ တောင်ဘက်ရင်ပြင်မှ ရှုမြင်ကြည့်လျှင် ဧရာဝတီမြစ်ကူးတံတား၊ အင်းဝနှင့် ရတနာပုံတံတားသစ်ကြီး၊ နံ့ကိုင်းတောင်၊ ရွှေခါဝဲတောင်၊ သစ္စာစေတီတောင်ရှိ စေတီပုထိုး၊ ဂူကျောင်းပြာသာဒ်များကို တစ်မျှော်ကြီး ရှုစားနိုင်ပါသည်။ အရှေ့ဘက်အာရုံခံတန်ဆောင်းအတွင်း၌ ထူးခြားသည့် ရုပ်ပွားတော်တစ်ဆူမှာ "ထူးဆန်းဂုဏ်တင် လက်ပွားရုပ်ရှင်တော်မြတ်ကြီး" ဖြစ်ပါသည်။ ထိုရုပ်ပွားတော်မှာ တန်ခိုးကြီး ဆုတောင်းပြည့် ရုပ်ပွားတော်ဖြစ်ပါသည်။ ထိုရုပ်ပွားတော်မြတ်ကြီးသည် ၁၉၇၉ ခုနှစ်၌ လက်တော်တစ်ချောင်း တိုးပွားလာသည်ကို ထူးခြားစွာ စတင်ဖူးမြော်ကြရခြင်း ဖြစ်ပါသည်။

ဘုရားရင်ပြင်မှ အရှေ့ဘက်၊ မြောက်ဘက် ရှုကြည့်လိုက်ပါက စစ်ကိုင်းတောင်ရိုးရှိ စေတီပုထိုး၊ ဂူကျောင်းပြာသာဒ်များနှင့် စစ်ကိုင်းတောင်ကို ရစ်ပတ်ဝိုင်းရံ စီးဆင်းနေသော မြစ်မင်းဧရာဝတီကို ကြည်နူးချမ်းမြေ့စွာ ရှုမြင်နိုင်ပါသည်။ လွှမ်းစေတီ၊ သယမ္ဘူစေတီ၊ ဥမင်ကိုးဆယ်ဘုရားများ၊ ငွေသံကြားစေတီနှင့် ပတ္တမြားစေတီတို့ကိုပါ ဖူးမြော်နိုင်ပေသည်။

မြောက်ဘက် အာရုံခံတန်ဆောင်းအတွင်းသို့ ပြန်လည်ဝင်ရောက်၍ ဆုတောင်းပြည့်ရတနာမုနိ ကိုးထပ်ကြီး ရုပ်ပွားတော်မြတ်ကြီးကို တစ်ဖန် ဖူးမြော်ကန်တော့နိုင်ပါသည်။ ကျောက်ဖားတောင်၌ တည်ထားခြင်းကြောင့် ကြေးဖြင့်သွန်းလုပ်ထားသည့် သမိုင်းဝင်ကျောက်ဖားရုပ်၊ ဤတောင်၌ နေထိုင်ကျင်လည် ကျက်စားခဲ့ဖူးသော ဘုရားအလောင်းတော် ယုန်မင်းကို အမှတ်တရ လွှန်းလုပ်ထားသည့် ယုန်မင်းရုပ်တုကိုလည်း တွေ့မြင်နိုင်ပါသည်။ ဘုရားဒါယကာအမတ်ကြီး ဦးပုညာ၊ စေတီတော်အား မွမ်းမံလှူဒါန်းသူ စစ်ကိုင်းမင်း အသင်္ခယာစောယွမ်း၊ မွေတော်ပင့်ဆောင်လာသူ ပန်းထိမ်ငစိန်သင်တို့၏ ပန်းချီကားနှင့် ရုပ်တုပုံများကိုသည်း လက်ရာမြောက်လှစွာဖြင့် သက်ရှိထင်ရှားရှိသည့်အလား တွေ့မြင်ရပါသည်။

သမိုင်းအရောင်မညှိုးတဲ့ စစ်ကိုင်းတောင်ပေါ်ရိုးဆီက ပုညရှင်စေတီတော်ကြီးကို သွားရောက်ဖူးမြော် ကုသိုလ်ယူနိုင်ကြသလို၊ သဘာဝရှုခင်း၊ မြင်ကွင်းများကြောင့် သောကပြေပျောက်၍ ရွှင်လန်းချမ်းမြေ့စေသည်။ စစ်ကိုင်းတောင်ရိုးတစ်လျှောက်ကို ရှုမြော်ကြည့်ပါကလည်း ရွှေရောင်တဝင်းဝင်း၊ ထုံးဖြူတဖွေးဖွေးနှင့် သပ္ပာယ်လှစွာသော စေတီတော်ပေါင်းများစွာကို တောတောင်တန်းများ၏ စိမ်းလန်းစိုပြည်သော သစ်ပင်သစ်တောများကြားမှ ဖူးမြော်၍မဝအောင် မြင်ရသူတို့၏ စိတ်နှလုံးကို သာယာကြည်နူးမှုကို ဖြစ်စေပါသည်။ ဆွမ်းဦးပုညရှင်စေတီတော်သို့ တစ်ခါတစ်ခေါက်ရောက်ဖူးသူတို့သည် အခါခါအခေါက်ခေါက် လာရောက်ဖူးမြော်ပူဇော်လိုကြ၊ သဘာဝရှုခင်းများကို ကြည့်ရှုခံစားလိုကြသည်။

လောကီလောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာနှင့် လိုရာဆန္ဒပြည့်ဝစေသော ဆုတောင်းပြည့်ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ပူဇော်ကြည်ညို ကုသိုလ်တရားများ ပွားများနိုင်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

ငအောင်မြင့်မြတ်(ပြည်ရွှေဘို)

ကျမ်းကိုး

၁။ ဆွမ်းဦးပုညရှင်ဘုရားသမိုင်း။

၂။ သမြှုံးမြသောင်း၏
စစ်ကိုင်း။ မင်းဝံတောင်ရိုး စေတီသမိုင်းပေါင်းချုပ်။

၃။ ကိုယ်တိုင်အကြိမ်ကြိမ် သွားရောက်လေ့လာမှု။





www.burmeseclassic.com

www.burmeseclassic.com

# တတိုင်းရလိုတိုင်းပြည့်မည့်

# ဆန် နှင့် ဆီ

လူတို့သည် စားဝတ်နေရေးအတွက် အမြဲရှာဖွေရှန်းကန်နေကြရသည်။ နေရေးထက် စားရေးကို ဦးစားပေ နေကြရလေရာ အစာအာဟာရ မပြတ်တောက်စေရေးအတွက် ကြောင့်ကြမှုများ ကင်းဝေးစေရန်အတွက် ကျွန်မကိုယ်တိုင် ယုံကြည်စွာပြုလုပ်နေသော ကိုယ်တွေ့အစီအရင်လေးကို ရောင်ပြန်စာဖတ်ပရိသတ်များအတွက် ဝေငှလိုက်ပါသည်။

နေ့စဉ် စားသုံးနေကြသည့် အဓိကဆန်နှင့်ဆီ မပြတ်ရှိနေပါလျှင် အစာအာဟာရအတွက် မငတ်ပါ။ တခြားဟင်းလျာမရှိသော်လည်း ဆန်ရှိနေလျှင် ထမင်းစားရပြီး၊ ဆီရှိနေလျှင်လည်း ထမင်းနှင့် ဆီဆမ်း၊ ဆ         ပြီး နယ်စားပါက ရပါသည်။ သို့ဖြစ်၍ ဆန်နှင့်ဆီ မိမိအိမ်မှာ မပြတ်လပ်စေရန် သည်နည်းလေးနှင့် စီမံကြည့်ကြပါ။

အင်္ဂါနေ့ မနက် ၆း၀၀ နာရီမှ ၉း၄၅ နာရီအတွင်း မိမိအိမ်မှ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဆန်နှင့်ဆီကို သင့်တော်သော ပုလင်းတစ်လုံးစီမှာ ထည့်၍ ကပ်လှူပါ။ အမွှေးအနံ့ငါးပါးကို ဦးစွာရှိခိုးပါ။ ရှိခိုးပြီးမှ ဆန်နှင့်ဆီကို ကပ်လှူပါ။

ဆန်နှင့်ဆီ ကပ်လှူသောအခါ မြတ်စွာဘုရားရှင်အား တပည့်တော်သည် ဤဆွမ်းဆန်တော်ကို ကပ်လှူပူဇော်ပါ၏။ ဆီတော်ကိုလည်း ပူဇော်ပါ၏။ သောက်တော်ရေချမ်း အလင်းတိုင်လည်း ကပ်လှူပူဇော်ပါ၏။ ဤသို့ကပ်လှူပူဇော်ရသော အကျိုးအားကြောင့် တပည့်တော်တို့မိသားစု (    )ယောက်၏ စားဝတ်နေရေးမှာ အစစအဆင်ပြေပြီး တပည့်တော်တို့ စားသောက်ချင်သော အစာအာဟာရတို့ကို လွယ်ကူလျင်မြန် ပြည့်စုံဝလင်စွာ စားသောက်ရပါလို၏ဘုရား။ နှလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့် စားဝတ်နေရေး အဆင်ပြေပါစေဘုရား။ မိမိတောင်းလိုသော ဆုများကို ဆိုပါ။ ထိုသို့ကပ်ပြီး တစ်လတန်သည်၊ နှစ်လတန်သည် လှူထားလိုက ထားပါ။ အခါကြီးရက်ကြီးများ၊ လပြည့်နေ့ စသည်တို့၌ အတူးဆန္ဒပြင်းစွာ ကပ်လှူပါ။ အဟောင်းစွန့်သော ဆန်ဆီတို့ကို စားသောက်သုံးစွဲနိုင်ပါသည်။

ထိုသို့ လှူရင်း လှူရင်းနှင့် အတန်ကြာသောအခါ ဆီဝယ်ရန် အကြောင်းပေါ်လာသော် မြတ်စွာဘုရားရှင်အား ဆန်တော်၊ ဆီတော် ကပ်လှူပူဇော်ထားသော ကောင်းမှုကြောင့် မိမိလိုအပ်သော ဆန်, ဆီတို့သည် မိမိလိုအင်ဆန္ဒအရ ခေါင်းစဉ်တပ်ပြီး တိုက်ရိုက်ဝင်လာပါလိမ့်မည်။ မယုံမရှိပါနှင့်။ ကိုယ်တွေ့ကြုံနေရခြင်းကြောင့် ပြောရခြင်းပါ။

မိမိကသာ ယုံကြည်သဒ္ဓါစိတ်များစွာဖြင့် မှန်မြတ်စွာဘုရားရှင်အား ဆန်နှင့်ဆီကို မကြာခဏ လှူပေးပါ။ အင်မတန်ထူးခြားပြီး အံ့ဩဖွယ်ကောင်းအောင် အကျိုးထူးပါသည်။ မိမိရောက်ရာ အရပ်တိုင်း၊ နေရာတိုင်းတွင် အစာအာဟာရ ပေါများကောင်းမွန်စွာ စားသောက်ရ၏။ ကျေးမွေးလှူဒါန်းသူ မရှားခြင်း၊ ငတ်မွတ်ဆာလောင်မှု ကင်းဝေးခြင်း အကျိုးကျေးဇူးတို့ကို ခံစားရရှိမည် ဖြစ်ပါသည်။

မိမိစိတ်က ဆန်ဝယ်ရတော့မှာပါလား တောင့်တလိုက်၊ ဆီဝယ်ရတော့မှာပါလား တောင့်တလိုက်သည်နှင့် ဆန်, ဆီဝယ်ရန်ဟူသော ခေါင်းစဉ်နှင့် ငွေဝင်လာပါလိမ့်မည်။ သို့မဟုတ် တစ်စုံတစ်ယောက်က ပေးကမ်းခြင်း၊ လာရောက်ကန်တော့ခြင်း ဖြစ်စေ ကြုံရပါမည်။

မိမိကသာ ရင်ထဲကလာသော ပကတိစိတ်စေတနာအမှန်ဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ဆန်နှင့်ဆီ ယုံကြည်လေးစားစွာ ကပ်လှူပူဇော်ကြည့်ပါ။ မည်သို့မျှ အပန်းမကြီးသော ဤအလှူဒါနကုသိုလ်ကောင်းမှုသည် လောကီတွင်သာမက နောင်သံသရာထိပါ ကုသိုလ်ရွှေထုပ်ပါသွားပြီမို့ သည်အစီအရင်ကို ယုံယုံကြည်ကြည်ဖြင့် ကပ်လှူစေချင်ပါသည်ဟု မေတ္တာရေစွန်း၊ နည်းဖော်ညွှန်း၊ ရွှန်းဝေချမ်းမြ၊ ဝမ်းခါးလှုကြပါစေ ...။

စာဖြူပွင့်

www.burmeseclassic.com

# ကျွန်ုပ်တော်သိသော

# ရွှေစည်းခုံဘုရားစေတီများ

ဆွေမြင့်သူ(ကြေး/မြေ)

**(က) ပုဂံမြို့မှ 'ရွှေစည်းခုံ' စေတီတော်မြတ်ကြီး**

ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ပထမဒါယကာမှာ အနော်ရထာမင်းကြီးဖြစ်၍ အေဒီ ၁၀၅၉ ခုနှစ်တွင် တည်ထားခဲ့သည်။ ဆင်ဖြူတော်ဝပ်ရာ သဲစည်းခုံနေရာတွင် ဂေါတမမြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်နှင့် ဓာတ်တော်တို့ကို ဌာပနာပြီး တည်သည်။ ထို့နောက် သီဟိုဠ်မှ ပင့်ဆောင်ရောက်ရှိလာသော စွယ်တော်ပွားကိုပါ ထပ်ဆင့်ဌာပနာပြီး ဆက်လက်တည်ခဲ့သည်။ ထိုစွယ်တော်မှ ထပ်ဆင့်ပွားစွယ်တော်ကို တန့်ကြည်တောင်၊ ထို့နောက် လောကနန္ဒာ၊ ထို့နောက် တူရွင်းတောင်တို့တွင် နောက်ထပ် စွယ်တော်စေတီသုံးဆူ ထပ်မံ၍ တည်ထားကိုးကွယ်ခဲ့သည်။ မျက်မှောက်ကာလတွင် စွယ်တော်လေးဆူကို နေ့ ၁၂ နာရီမတိုင်မီ အပြီးဖူးမြော် ကြည်ညိုနိုင်ပါက လောကီ၊ လောကုတ္တရာ လွန်စွာအကျိုးပေးသည်ဟု ဆိုကြသည်။ သို့သော် စွယ်တော်မြတ်လေးဆူ၏ ထံတော်ပါးတွင် တူညီသော လျှူဖွယ်ဝတ္ထု၊ တူညီသော ဆုတောင်းဖြင့် ကန်တော့ကြရန်လိုသည်။

အနော်ရထာမင်းကြီးသည် အေဒီ ၁၀၇၇ ခုနှစ်တွင် နတ်ရွာစံခဲ့သဖြင့် ရွှေစည်းခုံစေတီတော်ကြီးကို ပြီးပြတ်အောင် မတည်ဆောက်နိုင်ခဲ့ပါ။ အေဒီ ၁၀၈၄ ခုနှစ်တွင် ကျန်စစ်သားမင်းကြီး နန်းတက်ပြီးနောက်၊ ရာဇာဘိသိက်ခံယူသည့် အေဒီ ၁၀၈၆ ခုနှစ်တွင် ရွှေစည်းခုံစေတီတော်ကြီးကို ဆက်လက်တည်ဆောက်ခဲ့ရာ အေဒီ ၁၀၉၃ ခုနှစ်တွင် လုံးဝပြီးစီးသည်။ ကျန်စစ်သားမင်းကြီးသည် တူရွင်းတောင်မှ သဲ၊ ကျောက်၊ ထုံးများကို လူတန်းသုံးတန်းဖြင့် လက်ဆင့်ကမ်းသယ်ယူပြီး၊ ရွှေစည်းခုံစေတီကြီးကို တည်ဆောက်သည်။ ၁၉၇၅ ခုနှစ်တွင် ပြင်းထန်သော ငလျင်လှုပ်ခဲ့၍ ရွှေစည်းခုံစေတီတော်ကြီး၏ အထက်ပိုင်းလည်း ကွဲအက်ကွာကျခဲ့ရာ စေတီတော်ကြီးကို ပြန်လည်ပြုပြင်



ပုဂံမြို့ 'ရွှေစည်းခုံ' စေတီတော်ကြီး

သောအခါ အတွင်းရှိ စေတီတော်တစ်ဆူ တွေ့ရသည်။ ထီးတော်ကို အသစ်တင်ရန် အပေါ်သို့မ,တင်လိုက်သောအခါ၌လည်း အတွင်း၌ ပဥ္စလောဟာဖြင့် ပြုလုပ်ထားသော ခရေသီးတစ်ခုကို တွေ့ရသည်။ ထိုအခါကျမှ နှစ်ထပ်စေတီတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

စစ်မှန်ကြောင်း သိကြရသည်။

အပြင်ခရေသီးကြီး၏ လုံးပတ် လည်မှာ ၂၈ ပေနှင့် ၁၁ လက်မ၊ အတွင်း ခရေသီးကြီး၏ လုံးပတ်မှာ ၂၅ ပေရှိကြောင်း။ အတွင်းထီးတော်တွင် ရွှေသားအစစ် ဆတ်သွားဖူးမှာ အဝန်း ၄ ပေခွဲ၊ အပြင်ထီးတော်၏ ဆတ်သွားဖူးမှာ အဝန်း ၇ ပေရှိကြောင်းနှင့် ဆတ်သွားဖူးတွင်တပ်ဆင်ထားသော ကျောက်သံပတ္တမြားတို့မှာ လုံးရေပေါင်း ၉၉၈ လုံးရှိကြောင်း သိရှိရသည်။ ရွှေစည်းခုံစေတီတော်ကြီးကို ခေတ်အဆက်ဆက်တွင် လုံးတော်ပြည့် ရွှေသက်န်းကပ်ရန်မလိုဘဲ ယနေ့ထိ ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်စွာ ဖူးမြင်ကြရသည်။ ပုဂံခေတ် ပန်းတဉ်း(ကြေးသွန်းပညာ)၊ ပန်းတမော့ (ကျောက်ဆစ်ပညာ)နှင့် ပန်းရန်ပညာ ထူးခြားမှုများကို နောင်လာနောက်သားများ အားပါးတရ လေ့လာနိုင်ကြသည်။


ရွှေစည်းခုံစေတီတော်ကြီး၏ အံ့ချီးဖွယ်ရာများမှာ စာသလို့စီရေး၍ မမီနိုင်အောင် ရှိပါတကား။

× × × × ×

**(ခ) မုံရွာမြို့မှ ရွှေစည်းခုံဘုရား**

မုံရွာမြို့သည် စစ်ကိုင်းတိုင်းဒေသကြီးရုံးစိုက်ရာ မြို့တော်ဖြစ်၍ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ အရပ်မှ မိုင် ၅၀ ခန့်ကွာဝေးပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၆၇ ပေခန့်တွင် ရှိသည်။ ရန်ကုန်မြို့နှင့်ဆိုသော် မန္တလေးမှ တစ်ဆင့် ခရီးဆက်ပါက မိုင်ပေါင်း ၅၀၀ ခန့် ဝေးကွာသည်။ ရှေးယခင်က စစ်ကိုင်းတိုင်း၏မြို့တော်မှာ စစ်ကိုင်းဖြစ်ခဲ့သော်လည်း ၂၀၀၃ ခုနှစ်မှစတင်၍ သလ္လာဝတီမြို့တော် **(သို့)** မုံရွာမြို့အား အနောက်မြောက်တိုင်းမြို့တော်အဖြစ် **သတ်မှတ်ခဲ့ပြီး** တိုင်းအဆင့်ရုံး/ဌာနများအား ပြောင်းရွှေ့ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

မုံရွာမြို့နှင့် ပတ်သက်၍ ဘုရားလေးဆူ၊ သိမ်လေးသိမ်၊ ဂူလေးဂူ၊ ကျစ်လေးပါး၊ ချောင်းလေးချောင်း၊ ကုန်းလေးကုန်း၊ အိုင်လေးအိုင်၊ အင်းလေးအင်းဟူ၍ အစဉ်အလာ မှတ်သားထား



မုံရွာမြို့ 'ရွှေစည်းခုံ' စေတီတော်



မုံရွာမြို့ 'ရွှေစည်းခုံ' ရုပ်ပွားတော်မြတ်



www.burmeseclassic.com

www.burmeseclassic.com

ကြရာ ယင်းတို့အနက် ဘုရားလေးဆူမှာ (၁) ရွှေစည်းခုံ၊ (၂) ဆုတောင်းပြည့်၊ (၃) ချမ်းသာကြီး၊ (၄) ဘုရားလှ(မဟာရန်ဆီး)တို့ ဖြစ်ပါသည်။

ရွှေစည်းခုံစေတီသည် မုံရွာမြို့နယ်၏ အထင်ကရ (သို့) အဓိကရကျသော မြို့မရုံးကြီးလမ်း၏ မြောက်ဘက်၊ ဘူတာလမ်း၏ တောင်ဘက်၊ ရုံးကြီးလမ်းနှင့် ဘူတာလမ်းကြားတွင် တည်ရှိသည်။ ရွှေစည်းခုံစေတီတော်၏ ပရိဝုဏ်ပတ်ပတ်လည်တွင် စေတီများ၊ ဘုန်းတော်ကြီး ကျောင်းတိုက်များ ဝန်းရံလျက်ရှိသည်။ မုံရွာမြို့တွင် ကျော်စောထင်ရှား လူသိများ၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော် ကြည်ညိုလေ့ရှိသော တန်ခိုးကြီးဘုရားနှစ်ဆူမှာ ရွှေစည်းခုံဘုရားနှင့် ဆုတောင်းပြည့်ဘုရားတို့ ဖြစ်ပါသည်။

ရွှေစည်းခုံစေတီတော်၏ မူလဒါယကာမှာ ကပိလဝတ်ပြည်မှ သာကီဝင်မင်းမျိုး မဟာနန်မင်းကြီး၏ တူတော်များဖြစ်သော သကုဏ္ဍာက၊ ကုဏ္ဍာလငယ်၊ ကုဏ္ဍာလကြီး ညီနောင်သုံးပါးတို့ဖြစ်၍ မဟာသက္ကရာဇ် ၁၄၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်နေ့တွင် စတင်တည်ထားကိုးကွယ်ခဲ့ကြောင်း သိရှိရပြီး သမိုင်းအကျဉ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## သမိုင်းအကျဉ်း

သာဝတ္ထိပြည်၊ ကောသလမင်းကြီးနှင့် ဝါသဘခေတ္တိယမင်းသမီး (သာကီဝင် မဟာနာမ်မင်းကြီး၏ ကျွန်မမှမွေးသူ)တို့မှ မွေးဖွားလာခဲ့သူသည် ဝိဋ္ဋူဍုပ ဖြစ်လေသည်။

ဝိဋ္ဋူဍုပ မင်းအဖြစ်သို့ ရောက်သောအခါ နာကြည်းနေခဲ့သောအဖြစ်ကြောင့် သာကီဝင်တို့အား နှိမ့်အရွယ်ပါမကျန် လိုက်လံသတ်ဖြတ်လေသည်။ မဟာနာမ်မင်းကြီးနှင့် ဆွေတော်မျိုးတော်များကိုမူ မသတ်ဘဲ ချန်ထားလေသည်။ တစ်နေ့သော် ဝိဋ္ဋူဍုပမင်းသည် မဟာနာမ်မင်းကြီးအား မိမိနှင့်အတူ ပွဲတော်တည်ရန် ခေါ်လေသည်။ မဟာနာမ်မင်းကြီးသည် မိမိ၏ ကျွန်မမှမွေးသူ၏သား(ဇာတ်နိမ့်သူ)နှင့်အတူ ပွဲတော်မတည်လိုပေ။ ထိုသို့ဆိုပြန်လျှင်လည်း ဝိဋ္ဋူဍုပမင်းက အမှန်တကယ်ပင် သတ်ပေမည်။ ၎င်း၏အသက်ကိုမခံတော့၊ မိမိကိုယ်မိမိသာ အဆုံးစီရင်တော့မည်ဟု စိတ်တွင်ထားလျက် ဝိဋ္ဋူဍုပမင်းအား ပွဲတော်မတည်မီ ရေသန့်စင်ပါဦးမည်ဟု ခွင့်တောင်းပြီး ဆံထုံးကြားတွင် ခြေကိုညှပ်လျက် ရေထဲသို့ခုန်ချလေသည်။ (သို့သော် ရေတွင် နဂါးတို့က ဆောင်ယူသွား၍ အသက်မသေဘဲ ၁၂ နှစ်ကြာမှ လူ့ပြည်သို့ပြန်ရောက်သည်။)

ထိုသတင်းကို မဟာနာမ်မင်းကြီး၏ ဆွေတော်မျိုးတော်များကြားလျှင် ဝိဋ္ဋူဍုပမင်း၏ရန်ကိုကြောက်၍ လွတ်ရာသို့ ထွက်ပြေးကြလေသည်။ သကုဏ္ဍာလ၊ ကုဏ္ဍာလငယ်၊ ကုဏ္ဍာလကြီး ညီနောင်သုံးပါးနှင့် ဆင်၊ မြင်း၊ နောက်ပါအခြွေအရံတို့သည် မြန်မာပြည်နောက်ပိုင်းဖြစ်သော ဒေသများသို့ ရောက်ရှိလာကြပြီး ချင်းတွင်းမြစ်(အစီရဝတီမြစ်၊ သလ္လာဝတီမြစ်)ဖျားမှ တောင်ဘက်သို့ ထွက်ပြေးခဲ့ကြလေသည်။ တဖြည်းဖြည်း ချင်းတွင်းမြစ်အတိုင်း ဆင်းလာခဲ့ကြရာ ဧရာဝတီမြစ်နှင့်ဆုံသည့် အရပ်သို့တိုင်အောင် ရောက်ရှိခဲ့ကြလေသည်။

ညီနောင်သုံးပါးတို့နှင့် နောက်ပါအခြွေအရံတို့သည် ထိုအရပ်မှ မြောက်သို့ပြန်၍ ဆန်တက်ခဲ့ကြပြန်လေရာ (ယခု ဖိုးဝင်းတောင်အရပ်)သို့ ရောက်ရှိကြပြီး စခန်းချနေထိုင်ကြလေသည်။ ထိုသို့ စခန်းချနေထိုင်စဉ်အတွင်း ညအခါများတွင် အရှေ့အရပ်ဆီမှ တောက်ပသောအလင်းတန်းကြီးကို မကြာမကြာ တွေ့မြင်ကြရပေသည်။ မင်းသုံးပါးတို့သည် ထိုအလင်းတန်းကြီးပေါ်ထွက်ရာအရပ်သို့ အလုံးအရင်းနှင့် ပြောင်းရွှေ့လာကြရာ သာယာဆန်းထူး မြေပြန့်ပြူးသည့် ကုန်းမြင့်ကလေးသို့ ရောက်ရှိကြ၍ ကုန်းမြင့်လေသာအရပ်ဟု ခေါ်ကြလေသည်။

မင်းသုံးပါးတို့သည် တိုင်းပြည်မှ ထွက်ပြေးလာကြသဖြင့် မြတ်စွာဘုရားရှင်နှင့် ဝေးကွာနေခဲ့ရာ ဘုရားရှင်အား ဖူးမြင်လိုကြသည့် စိတ်ဆန္ဒများ လွန်စွာပေါ်လာကြရကား အားလုံးတိုင်ပင်၍ သံ၊ သွပ်၊ ကြေးနီ၊ ကြေးဝါ၊ ရွှေ၊ ငွေ၊ ဘော်၊ ခဲ၊ ဘင် စသော ဓာတ်ကိုးပါးတို့အား ပေါင်းစပ်၍ ပုံတော်အလို့ငှာ သွန်းလောင်းကြလေသည်။ ပြီးလျှင် ပုံတော်အား ဆင်တော်၌တင်၍ အဓိဋ္ဌာန်ပြုလျက် လွှတ်လေရာ ဤစည်းခုံအရပ်သို့ရောက်လျှင် ဆင်တော်ဝပ်တော်မူသဖြင့် ဖေယျာဘုမ္မိ ဤနေရာတွင် ဓာတ်ကိုးပါးရုပ်ပွားတော်အား ဌာပနာတော်မူပြီး ကိုးတောင်ပြည့် စေတီတစ်ဆူ တည်တော်မူလေသည်။

## "ရွှေစည်းခုံ"စေတီတော်မြတ်ကြီးအား အဆင့်ဆင့် ပြုပြင်ကိုးကွယ်ခဲ့ကြသော ဘုရားဒါယကာများ

၁။ မဟာသက္ကရာဇ် ၂၂၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (တနင်္ဂနွေနေ့)တွင် သီရိဓမ္မာသောကမင်းကြီးမှ ထပ်မံပြုပြင်တော်မူသည်။ သက္ကရာဇ် ၄၀၅ ခုနှစ်၊ ဝါဆိုလ၌ အနော်ရထာမင်းကြီး၏မယ်တော် ကွမ်းဆော်မိဖုရားမှလည်းကောင်း။

၂။ သက္ကရာဇ် ၄၄၆ ခုနှစ်၊ တန်ခူးလပြည့် (စနေနေ့)တွင် အနော်ရထာမင်းကြီးမှလည်းကောင်း။

၃။ သက္ကရာဇ် ၄၄၆–၄၅၄ နန်းတက်သော ကျန်စစ်သားမင်းကြီးမှလည်းကောင်း၊ သက္ကရာဇ် ၄၅၆ ခုနှစ်တွင် အလောင်းစည်သူမင်းကြီးမှလည်းကောင်း။

၄။ သက္ကရာဇ် ၈၁၂ ခုနှစ်၊ နတ်တော်လဆုတ် ၁၃

www.burmeseclassic.com

ရက်(တနင်္လာနေ့)တွင် နရပတိစည်သူမင်းကြီးသည် စေတီတော်ကို ထပ်မံပြုပြင်၍ ရွှေစည်းခုံကျောင်းတိုက်ကိုပါ ဆက်လက်ပြင်ဆင်တော်မူသည်။ မိဖုရားကြီး စောဥမ္မာကလည်း စေတီရံကိုးဆူကို ထပ်မံလှူတော်မူပါသည်။

၅။ သက္ကရာဇ် ၈၅၂ ခုနှစ်တွင် ရွှေစည်းခုံကျောင်းတိုက် သံဃာ့ရာဇာမှလည်းကောင်း။

၆။ သက္ကရာဇ် ၉၉၉ ခုနှစ်တွင် (သီရိသုဓမ္မရာဇာမဟာဓိပတိဘွဲ့ခံ) ရာဇာမဏိစူဠာ ဘုရားအကာတော်မင်း(သာလွန်မင်းကြီး)မှလည်းကောင်း။

၇။ သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် တစ်ကြိမ်၊ သက္ကရာဇ် ၁၁၅၁ ခုနှစ်တွင် တစ်ကြိမ်၊ သက္ကရာဇ် ၁၁၅၆ ခုနှစ်၊ နယုန်လဆန်း ၄ ရက်နေ့တွင်တစ်ကြိမ် ကလေးစော်ဘွားမှ ထပ်မံပြုပြင်လှူဒါန်းတော်မူခဲ့ပါသည်။

**စေတီတော်ကြီးနှင့်ပတ်သက်သော အချက်အလက်များ**

ရင်ပြင်တော်သည် တောင်မြောက် ၃၄၅ တောင်၊ အရှေ့အနောက် ၂၂၃ တောင် အကျယ်အဝန်းရှိပြီး ရင်ပြင်တော်အလယ်တွင် အောက်ခြေအနားတစ်ဖက်လျှင် ၆၆ တောင်ရှိ စေတီတော်ကြီးတွင် အောက်ပန်းတင်ခုံအထက်တွင် စေတီရံ ၂၃ ဆူ၊ ပစ္စယံသုံးဆင့်တွင် စေတီရံ ၄ ဆူစီနှင့် စုစုပေါင်း စေတီရံ ၃၅ ဆူတို့ဖြင့် ဖူးတွေ့ကြည်ညိုနိုင်ကြပါသည်။

ဖိနပ်တော်မှ စိန်ဖူးတော်အထိ အတောင် ၉၀ ရှိပြီး၊ ပစ္စယံရစ်မြှောင့်၊ ကြာနှ၊ ခေါင်းလောင်း၊ သပိတ်မှောက်၊ ဖောင်းရစ်၊ ကြာမှောက်၊ ရွှဲ၊ ကြာလန်၊ ငှက်ပျောဖူး၊ ဘုံကိုးဆင့်ထီးတော်၊ ရွှေစင် ငှက်မြတ်နား၊ ရတနာအပြည့်စီခြယ်အပ်သော ရွှေသားအစစ်နှင့် နှစ်ထပ်စိန်ဖူးတော် စသည်တို့ဖြင့် ဖူးမြင်ရသူတို့၏ နှလုံးစိတ်ဝမ်းအေးချမ်းသာယာစေသော ရွှေစည်းခုံစေတီတော်မြတ်ကြီးသည် ရွှေတောင်ကြီးပမာ ကြည်ညိုဖွယ်အဆင်းတော်ဖြင့် လွန်စွာသပ္ပာယ်တော်မူလှပါပေသတည်း။

× × × × ×

**(ဂ) ပုသိမ်မြို့မှ ရွှေစည်းခုံဘုရား**

ရေဝတီတိုင်း၊ ပုသိမ်မြို့၏ ကျက်သရေဆောင် 'ရွှေစည်းခုံ'စေတီတော်မြတ်ကြီးကား ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏မြောက်ဘက် စေတီတော်မြတ်နှင့် တည့်တည့်လမ်းဖြောင့် မိုင်ဝက်ခန့်အကွာတွင် တည်ရှိသည်။

ကာလကတ္တားမြို့၊ ဟိန္ဒူဘုရားကျောင်းတွင်ရှိသော မြန်မာကမ္ပည်းစာအရ ရွှေဘိုမင်းလက်ထက် (၁၈၃၇-၁၈၄၆) တွင် မြို့ဝန်ဖြစ်ခဲ့သော မင်းကြီးမဟာမင်းလှကျော်စွာအမတ်ကြီးနှင့် ပုဂံမင်းလက်ထက်(၁၈၄၆-၁၈၅၃)က ရွှေစည်းခုံစေတီတော်မြတ်အား တည်ထားကိုးကွယ်ကြောင်း သိရှိရသည်။

အမရပူရ ရာဇဌာနီနေပြည်တော်တွင် ဒုတိယနန်းစံဖြစ်တော်မူသော 'သီရိပဝရဒိတျာလောကာဓိပတိ၊ ဝိဇယမဟာ ရာဇာဓိရာဇာန'ဘွဲ့တော်ရှိသော မင်းလက်ထက်တွင် ရာမညတိုင်းအရ ၃၂ မြို့နှင့်တကွ 'ကုသိမနဂရ'အမည်ရှိသော ပုသိမ်မြို့ကို မင်းကြီးမဟာမင်းလှကျော်စွာအမတ်ကြီးအား မြို့ဝန်အဖြစ်ခန့်အပ်ထားကြောင်း၊ ထိုအမတ်ကြီးသည် ဇနီးဖြစ်သူနှင့် အတူတကွ စေတီတော်တစ်ဆူအား တည်ထားကိုးကွယ်လိုသည့် အချိန်တွင် သီဟိုဠ်ကျွန်းမှ ကြွရောက်တော်မူလာသော အရှင်သုနန္ဒာနှင့် အရှင်ဓမ္မရက္ခိတမထေရ်နှစ်ပါးတို့က မြတ်စွာဘုရား၏ သရီရဓာတ်တော်ခုနစ်ဆူကို ပေးအပ်ခဲ့ကြောင်း၊ ထိုအခါ ယင်းဓာတ်တော်ခုနစ်ဆူနှင့်တကွ ရွှေ ငွေ ကြေး အစရှိသည့် များစွာသော ဆင်းတုတော်များ၊ သတ္တုဌာနပုံတော်များကို သွန်းလုပ်ဌာပနာပြီး 'ကန်ကုန်း'ဟူသော ကောင်းမြတ်သော နေရာတွင် စေတီတော်တည်ထားကိုးကွယ်ခဲ့ကြောင်းနှင့် ယင်းစေတီမှာ




ပုသိမ်မြို့ ရွှေစည်းခုံစေတီ



www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်မြို့ ရွှေစည်းခုံစေတီရင်ပြင်ရှိ ဆယ်ထပ်ကြီးဘုရား

ရှစ်ပုံ ဘွဲ့သချာဂဏန်း၏ သုံးဘို့တစ်ဘို့ဖြင့် ယူအပ်သော ဖိနပ်တော်မှာ သံတောင် ၁၂၀၊ အရပ်တော် သံတောင် ၉၀၊ ၂ မိုက်ရှိကြောင်း သိရှိရပါသည်။

အမတ်ကြီးသည် စေတီတော်နှင့်တကွ တံခွန်တိုင်နှစ်ခု၊ ကျောင်းတစ်ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်များကိုလည်း တည်ဆောက်ခဲ့သည့်အပြင် ရွှေဘိုမင်း၏သားတော် ပုဂံမင်းလက်ထက်တွင်လည်း မြို့ဝန်အဖြစ် ဆက်လက်ခန့်ထားခြင်းခံရသဖြင့် အနန္တဂူကျောက်ဖြင့်ပြီးသော ရေကန်ကို စီမံလျက် စေတီတည်ကြောင်း ကျောက်စာတိုင်ကို စိုက်ထူခဲ့လေသည်။

## 'ရွှေစည်းခုံ' ဆုတောင်းပြည့်ဆယ်ထပ် ကြီးဘုရား

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ ကဆုန်လဆုတ် ၇ ရက်နေ့တွင် ပုသိမ်မြို့ ကုန်းစာကျောင်းဆရာတော် ဦးပဒုမ၊ ဩောင်ပင်သာကျောင်းဆရာတော် ဦးဇောတိကပါလ၊ နိုင်ငံကျော် ဓမ္မကထိက ပေါင်းတည်ဆရာတော် ဦးစန္ဒိမာနှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ (ကျောက်ပွဲစားကြီး)ဦးရိုတ်တို့သည် ရွှေစည်းခုံကုန်းတော်ပေါ်တွင် ရုပ်ပွားတော်ကြီးတစ်ဆူကို စတင်ပန္နက်ရိုက်ပြီး နေ့ရောညပါ အခါမလပ်တည်ဆောက်ခဲ့ရာ ၁၂၈၇ ခုနှစ်တွင် ပြီးဆုံးခဲ့သည်။ စတင်တည်စဉ်က ငါးထပ်ဆိုသော်လည်း တည်ဆောက်ရင်း သဒ္ဓါစိတ်ထက်သန်လာသဖြင့် ဆယ်ထပ်ကြီးဘုရား ဖြစ်သွားပါသည်။

ပထမတွင် ကျောက်ပွဲစားကြီး ဦးရိုတ်ကိုယ်တိုင် မ,တည်၍ ကြပ်မတ်ဆောင်ရွက်ခဲ့သဖြင့် 'ဦးရိုတ်ဘုရား'ဟု ခေါ်ခဲ့ကြသော်လည်း ဌာပနာဆယ်ထပ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်၍ 'ဆယ်ထပ် ကြီးဘုရား'ဟူ၍လည်းကောင်း၊ ဘုရားတွင် လာရောက်ဖူးမြော် အဓိဋ္ဌာန်ဝင်ကြသည့်အခါ လိုအင်ဆန္ဒပြည့်ဝကြောင်း ကိုယ်တွေ့ကြုံသူများ၏ ပြောကြားချက်အရ ဘုရားကြီး၏အမည်တော်ကို 'ဆုတောင်းပြည့် ဆယ်ထပ်ကြီးဘုရား' ဟူ၍လည်းကောင်း ခေါ်ဝေါ်သမုတ်ခဲ့ကြပါသည်။

(ပုသိမ်မြို့ ရွှေစည်းခုံစေတီတော် ကုန်းမြေရှိ ဆယ်ထပ်ကြီးဘုရားနှင့် ပြည်မြို့ရွှေဆံတော်ဘုရားနံဘေးရှိ ဆယ်ထပ်ကြီးဘုရားရုပ်ပွားတော်နှစ်ဆူကို နှိုင်းယှဉ်ကြည့်ညို သဒ္ဓါပွားစေရန် ဖော်ပြအပ်ပါသည်။)

× × × × ×

## (ဆ) မိတ္ထီလာမြို့မှ ရွှေစည်းခုံဘုရား

အင်းဝခေတ် မင်းကြီးစွာစော်ကဲလက်ထက်တွင် မထီလ (မိတ္ထီလာ)ကန်တော်ကြီးအား ရှေးမင်းများနည်းတူ ဆည်ဖို့ပြုပြင်ရင်း ကန်ပေါင်ပေါ်၌ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ ခန့်က ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး၏ မိဖုရားငယ်(ရှမ်းမင်းသမီးလေး) စောခင်လှ ရုပ်တုထားရှိသော နန်းပြာသာဒ်အဆောင် (နတ်ကွန်းပုံစံ)ကို တွေ့ရှိရာကအစ၊ အဆိုပါ ရွှေစင်ရုပ်တုအကြောင်းကို ရဲရဲဝံ့ဝံ့ ပြန်ပြောင်းလျှောက်တင်နိုင်သော စာတိုငည်ျအား သူကောင်းပြု၍ ချီးမြှောက်ခဲ့သည်။ လယ်သမားလေး ဘိုးရာဇာသည် ဝန်ဖင်းဘိုးရာဇာအမတ်ကြီး ဖြစ်လာပြီးနောက် သက္ကရာဇ် ၇၄၁ ခုနှစ်တွင် ၎င်း၏ဇာတိ အိမ်ကုန်းရွာအနီးတွင် ရွှေစည်းခုံစေတီကို တည်ထားကိုးကွယ်ခဲ့သည်။ ထိုအချိန်က ၎င်း၏အသက်မှာ ၃၂ နှစ်ရှိပြီး၊ အသက် ၂၁ နှစ်အရွယ်မှ စတင်၍ မှူးမတ်ရာထူးရရှိသည်ကို အကြောင်းပြုကာ ရွှေစည်းခုံစေတီကို ဉာဏ်တော် ၃၂ တောင်၊ အရံစေတီ ၂၁ ဆူဖြင့် တည်ဆောက်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ်တွင် ဘုရားဒါယကာကြီး ဦးလှိုင်းနှင့် ဇနီး ဒေါ်အေးငြိမ်းတို့က ဝန်ဖင်းဘိုးရာဇာတည်ထားခဲ့သော ရွှေစည်းခုံစေတီကို ထပ်မံပြုပြင် ပူဇော်ခဲ့ကြောင်း သိရှိရပါသည်။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com

### (င) တံတားဦးမြို့နယ်မှ ပင်းယရွှေစည်းခုံဘုရား

ကောဇာသက္ကရာဇ် ၆၅၄ ခုနှစ်၊ တစ်စီးရှင် သီဟသူ မင်းကြီးသည် ဂေါတမဗုဒ္ဓနုစဉ်အခါက ကြက်မင်းဘဝအဖြစ် စံမြန်းခဲ့သည့် မန္တစက္ကတောင်ပေါ်တွင် ဘုရားရှင်ဗျာဒိတ်ထား တော်မူခဲ့သည့်အတိုင်း ရဟန္တာအရှင်ဒိဗ္ဗစက်နှင့် တိုင်ပင်၍ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့နံနက် မိုးသောက်ရောင်ဖြူလာချိန် ရတနာစည်း ခုံမြတ်စေတီတော်ကြီး စတင်တည်ထောင်တော်မူခဲ့ သည်။


စေတီတော်ကြီးနှင့်အတူ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ ကန်တော်ကန်လှ၊ ထောက်ရှည်ကန်၊ ကျောင်းတော်တို့ကို ပန္နက် မင်္ဂလာ တစ်ပြိုင်တည်းတည်တော်မူခဲ့သည်။ တန်ဆောင်မုန်းနေ့တွင် ရွှေမြေအရပ်ကို ညီညွတ်စွာသုတ်သင်ရှင်းလင်းပြီး ပထမပစ္စယံ ဌာပနာတိုက် ပြုလုပ်တော်မူသည်။

(၁) သံပြား၊ (၂) ကြေးပြား၊ (၃) ကြေးနီပြား၊ (၄) ငွေပြား၊ (၅) ရွှေပြားများကို အထပ်ထပ်ခင်း၍ အလျား ၁၀ တောင်၊ အနံ ၁၀ တောင်၊ ထု ၁ တောင် ရှိသော ကုန္တနီလာ မြကျောက်ပျဉ် ၆ ချပ်ဖြင့် ဌာပနာတိုက်ခန်း ဆောက်လုပ်၍ ဘုရားရှင်ဓာတ်တော်ရှစ်ဆူနှင့် အနော်ရထာမင်းစော ကိုးကွယ်ခဲ့ သော ဓာတ်တော်ငါးဆူတို့ကို ရတနာမျိုးစုံနှင့်တကွ ရွှေဆင်းတု၊ ငွေဆင်းတု၊ စိန်ဆင်းတု၊ မြဆင်းတု၊ ကြေးနီဆင်းတု များစွာတို့ ကိုလည်း ရွှေတုံးပတ်လည် လေးမျက်နှာထားကာ မင်းကြီးနှင့် မှူးမတ်ပရိသတ်တို့သည် ပူဇော်မှုပြုကြသည်။

မြို့တော်ကို ဝိဇယပူရ၊ ကျောင်းတော်ကို ရွှေကျောင်း တော်၊ စေတီတော်ကို ရွှေစည်းခုံစေတီတော်ဟု သမုတ်တော် မူပြီး အသီးသီးတာဝန်များပေးအပ်၍ စေတီတော်ကြီးကို သီဟ သူမင်းကြီးကိုယ်တိုင် ကြပ်မတ်တော်မူပြီး ရဟန္တာဒိဗ္ဗစက်နှင့် တည်တော်မူခဲ့သည်။

ပစ္စယံအဆင့်ဆင့် အောင်ပွဲများကို လေးနိုင်ငံမှ မင်းများ ဖိတ်ကြား၍ ခြိမ့်ခြိမ့်သဲ ပျော်ပွဲရွှင်ပွဲများဖြင့် ပူဇော်ခဲ့ကြသည်။ စေတီတော်ကြီး ပြီးစီးအောင်မြင်စေရန် ရဟန္တာရှင်ဒိဗ္ဗစက်နှင့် တုရင်သိန်းစည်းအမတ်သည် သီဟသူမင်းကြီး၏ ရာထူး အာဏာလွှဲအပ်ခြင်းကိုခံယူပြီး ခေါင်းလောင်း၊ သပိတ်မှောက် အရပ်တွင် ဌာပနာတိုက်ခန်းဆောက်လုပ်၍ အရှင်သီလဝိ၊ အရှင် အပဟိန္ဒပါလ ဓာတ်တော်များနှင့် ရတနာပစ္စည်းမျိုးစုံတို့ကို ရွှေငွေ ဘုရားလေးဆူစီနှင့် ပဥ္စလောဟာဘုရားနှစ်ဆူတို့ကို ဌာပနာတိုက် ခန်းမှာ ပူဇော်ခဲ့သည်။

ရဟန္တာရှင်ဒိဗ္ဗစက်နှင့် တုရင်သိန်းစည်းအမတ်တို့ ရွှေစည်းခုံစေတီတော်ကြီး တည်ခြင်းပြီးသည်မှ တုရင်သိန်းစည်း



တံတားဦးမြို့နယ် ပင်းယရွှေစည်းခုံဘုရား

အမတ်အား ဆုလာဘ်များစွာ ချီးမြှောက်တော်မူ၏။ သိမ်တော် သမုတ်ခြင်း၊ ဝတ္တကမြေလှူခြင်း၊ ထီးတော်တင်လှူခြင်း၊ သူဆင်းရဲအပေါင်းတို့အား အဝတ်အထည်၊ ဆန်လှူဒါန်းခြင်း၊ စစ်သည်ဗိုလ်ပါ၊ အမတ်၊ မင်းခစားတို့အား ရာထူး၊ ရွှေငွေပေးလှူ ခြင်း၊ ရဟန္တာထေရ်အမှူးရှိသော သံဃာတော်တို့အား ဆွမ်း၊ သင်္ကန်း၊ ပရိက္ခရာတို့ လှူဒါန်းတော်မူကာ ရွှေထီးတော်ကြီး ကို ရတနာအမျိုးမျိုး စီခြယ်၍ ပန်းမျိုးစုံဖြင့် ပူဇော်တော်မူပြီး မင်းကြီး၊ စစ်သူကြီး၊ ဝန်ကြီး၊ အမတ်ကြီး၊ သူဌေးကြီး စသော ပုဂ္ဂိုလ်များ အဆင့်ဆင့်သယ်ဆောင်သော ရွှေထီးတော် တင်လှူ တော်မူသည်။

သက္ကရာဇ် ၆၈၄ ခုနှစ်၊ သားတော် ဥဇနာမင်းသည် ရွှေစည်းခုံစေတီတော်ကြီးကိုငုံ၍ တစ်ဖန်တည်တော်မူသည်။ ၇၀၄ ခုနှစ်တွင် ငါးစီးရှင်ကျော်စွာမင်း၊ ၇၁၃ ခုနှစ်တွင် လေးစီး ရှင်ကျော်စွာမင်း၊ ၇၂၉ ခုနှစ်တွင် အင်းဝနန်းစံ မင်းကြီးစွာစော်ကဲ တို့ အဆက်ဆက်ပြုပြင်ခဲ့ကြပြီး၊ ၉၉၀ ခုနှစ်တွင် သာလွန်မင်း တရားကြီးသည် စေတီတော်တစ်ဆူလုံးကို ရွှေသင်္ကန်း အပ်



www.burmeseclassic.com

www.burmeseclassic.com

ကပ်လှူဒါန်းသည်။ ၁၁၁၅ ခုနှစ်တွင် အလောင်းမင်းတရား ဦးအောင်ဇေယျက တစ်ဖန်ပြုပြင်ခဲ့ပြန်သည်။ ၁၁၃၈ ခုနှစ်တွင် အင်းဝနန်းစံ စဉ့်ကူးမင်းသည် စေတီတော်ကြီးကို ထီး၊ ချရားသီး ကအစ မြေသို့တိုင်အောင် ရွှေသက်န်းကပ်လှူခြင်းပြု၍ ပြုပြင်မွမ်းမံလှူဒါန်းခဲ့သည်။

၁၁၄၃ ခုနှစ်၊ တန်ဆောင်မုန်းလ ဆန်း ၃ ရက်၊ သောကြာနေ့ ညဦးသန်းခေါင်ကျော် စနေသို့အဝင် စေတီတော်ကြီး ပြိုကျခဲ့သည်။ အသစ်တည်ဆောက်တော်မူရန် အင်းဝဘုရင်စဉ့်ကူးမင်းသည် စေတီတော်ကြီးမြောက်ဘက်တွင် ယာယီနန်းတော်နှင့် စံတော်မူပြီး စေတီတော်ကြီးကို ရှင်းလင်း၍ အုတ်မြိုပေါင်းတာစ်ရာကျော်ပြုလုပ်ကာ 'အုတ်သားပြည့်စီတော်မူရာ ပစ္စယာသုံးဆင့်သာ ပြီးစီးခဲ့လေသည်။ ယခုဖူးတွေ့ရသော ပစ္စယာကြီးသုံးဆင့် ဖြစ်သည်။

ပင်းယရွှေစည်းခုံစေတီမှာ အသစ်ဖောက်လုပ်ထားသော ရန်ကုန်–မန္တလေးအမြန်လမ်းမကြီး၏ တံတားဦးလမ်းခွဲမှ အောင်ဘက် နှစ်မိုင်အကွာတွင် တည်ထားကိုးကွယ်တော်မူသည်။ ရှင်ဒိဗ္ဗစက်သည် ဘုရားရှင်လက်ထက်က ရဟန္တာမိလိန္ဒပဥ္စမထေရ်ကဲ့သို့ပင် အဂ္ဂိရတ်ပညာနှံ့စပ်သဖြင့် ယခုအခါ ရှင်ဒိဗ္ဗစက် ချွန်ရစ်ခဲ့သော ချော်ခဲ၊ ကျောက်တုံးများအား ကျောက်စာတန်ဆောင်းတွင် တွေ့ရှိရကြောင်း။ ယင်းကျောက်တုံးများမှာ ရေထဲတွင် နှစ်မြုပ်နိုင်အောင် အလေးချိန်စီးသော်လည်း ရေတွင်ပေါ်သည့် ကျောက်တုံးများဖြစ်ကြောင်း ဓမ္မမိတ်ဆွေအပေါင်းတို့သည် အခွင့်အခါကြုံကြိုက်ပါက ပင်းယရွှေစည်းခုံဘုရားကို လာရောက်ဖူးမြော်၍ ကျောက်စာတန်ဆောင်းအနီးရှိ ရေပေါ်ကျောက်တုံးနှင့် အရှင်ဒိဗ္ဗစက်၏ ဖိုဝင်ချော်ခဲဟုယုံကြည်ရသော သံရောကျောက်များကို လေ့လာနိုင်ကြောင်းကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာရေးဆရာဇင်ညိုငယ်က ရေးသားဖော်ပြခဲ့သည်ကို ဖတ်ရှုမှတ်သား လေ့လာခဲ့ရပါသည်။

× × × × ×

**(စ) မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့မှ 'မဟာရွှေစည်းခုံ' ဘုရား**


ရမည်းသင်းမြို့၊ မဟာရွှေစည်းခုံ ဘုရားသည် ရမည်းသင်းမြို့ပေါ်၊ ရွှေစည်းခုံရပ်ကွက်တွင် တည်ရှိ၍ ဘုရားသမိုင်းအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပုဂံခေတ်ကျော်စွာမင်း၏မိဖုရား စောဦးသည် သက္ကရာဇ်



ရမည်းသင်းမြို့ မဟာရွှေစည်းခုံဘုရား

www.burmeseclassic.com



ရမည်းသင်းမြို့
မဟာရွှေစည်းခုံဘုရား

၆၆၆ ခုနှစ်တွင် မဟာရွှေစည်းခုံဘုရားကြီးကို တည်ထားကိုးကွယ်တော်မူခဲ့လေသည်။ အင်းဝခေတ်တွင် မင်းကြီးစွာစော်ကဲ၏ မိဖုရား ခမည်းမိကလည်း ရှိပြီးဘုရားကြီးကိုမျိုလျက် (ပထမ) အကြိမ် တည်ထားကိုးကွယ်လာခဲ့ရာမှ (ခမည်းမိစည်းခုံ)ဟူ၍ပင် ဘွဲ့တော်တွင်လာကြောင်း တွေ့ရှိရသည်။

သက္ကရာဇ် ၈၀၁ ခုနှစ်တွင် မိုးညှင်း မင်းတရားကြီးသည် ဘုရားကြီးကို ဒုတိယအကြိမ် ထပ်မံမျိုလျက် ကိုးကွယ်တော်မူခဲ့လေသည်။ သာလွန်မင်းတရားကြီး၏ လက်ထက်တော်တွင် ဘုရားကြီး၏ ရွှေထီးတော်ကို အသစ်ပြုပြင်ပြီး တတိယအကြိမ် ကိုးကွယ်တော်မူခဲ့သည်။

နောင်တွင် မဟာရွှေစည်းခုံဘုရားကြီးမှာ အင်္ဂလိပ်များ အထက်မြန်မာနိုင်ငံတော်ကို သိမ်းယူလိုက်သည့်အချိန်မှစ၍ ပျက်စီးယိုယွင်းနေခဲ့သည့်အပြင် မြေတိုင်းလုပ်ငန်းအတွက် ဘုရားကြီးအား မြေတိုင်းမှတ်တိုင်အဖြစ် အသုံးချခြင်းခံခဲ့ရလေသည်။ ၎င်းအပြင် ဘုရားဝတ္တကမြေအတွင်းရှိ မြစည်းခုံဘုရားပျက်ကြီးပေါ်တွင် အင်္ဂလိပ်သချိုင်းကြီးပြုလုပ်ထားရှိပြီး ယခု မဟာရွှေစည်းခုံဘုရားကြီး၏ ခြေတော်ရင်းအထိ သချိုင်းဂူများ ပြုလုပ်ခဲ့ကြသည်။ ရမည်းသင်းမြို့၊ ရွှေဂူကိုဏ်းအုပ် ဆရာတော်ဦးကဝိန္ဒသည် ပျက်စီးယိုယွင်းလျက်ရှိသော မဟာရွှေစည်းခုံဘုရားကြီးအား သက္ကရာဇ် ၁၃၂၃ ခုနှစ်မှစ၍ ပြုပြင်မွမ်းမံခဲ့ရာ ၁၃၂၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်နေ့တွင် ပြီးစီးခဲ့ပြီး၊ ထီးတော်တင်ပွဲကို ၁၃၂၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်နေ့မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး စတုတ္ထအကြိမ် ကိုးကွယ်တော်မူခဲ့ပေသည်။

မဟာရွှေစည်းခုံဘုရားကြီး၏ လက်ရှိပြုပြင်တည်ထားပြီးသည့်အထိ ဖိနပ်တော် ၅၇ တောင်၊ ဉာဏ်တော် ၆၅ တောင်ရှိပြီး၊ ဂါဂရာသံထိ(တလိုင်းပုံ) ရွှေချကြေးထီးဖြစ်ပေသည်။ ဘုရားကြီးတွင် ပစ္စယံငါးဆင့်ရှိပြီး၊ ပထမပစ္စယံ၏ နောက်ဘက်မျက်နှာအလယ်တွင် ဂန္ဓကုဋီတိုက်ခံ ရုပ်တော်မူဘုရားနှင့် ဂန္ဓကုဋီတိုက်ပေါ်၌ ဉာဏ်တော် ၇ တောင်ရှိ စေတီတစ်ဆူ ထားရှိပူဇော်ထားပေသည်။

ပထမပစ္စယံနှင့် ဒုတိယပစ္စယံတို့၏ ထောင့်လေးထောင့်တွင် အုတ်ပန်းအိုးကြီးတစ်လုံးစီနှင့် ရွှေချသံပန်းခိုင်တစ်ခိုင် စီထားလျက် တတိယပစ္စယံ၏ ထောင့်လေးထောင့်တွင် ဉာဏ်တော် ၉ တောင်ရှိ အရံစေတီတစ်ဆူစီ ရွှေချသံထီးတော်များနှင့် တည်ထားခဲ့ပေသည်။ စတုတ္ထပစ္စယံနှင့် ပဉ္စမပစ္စယံတို့တွင် ကြာကလပ်များဖြင့်သာ ပြုလုပ်တည်ထားတော်မူခဲ့ပေသည်။

မှန်သက်န်းကပ်လှူခြင်းကို ၁၃၃၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှ စတင်၍ ကပ်လှူပူဇော်တော်မူသည်။

မဟာရွှေစည်းခုံဘုရားကြီး၏ နေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ် ကဆုန်လတွင် ပွဲတော်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပေသတည်း။

ဆွေမြင့်သူ(ကြေး/မြ)



www.burmeseclassic.com

www.burmeseclassic.com



# ကျောက်တန်းမြို့နယ်မှ ဂဝံကျောက်ရုပ်တုတော်ကြီး

ဦးတိုး(တက္ကသိုလ်)

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ နှစ်ဆန်း ၁ ရက်နေ့တွင် ကျွန်တော်၏ တူမလိုဖြစ်နေသည့် စာရေးဆရာမ မငုဝါ(သစ္စာမြေ)နှင့်အတူ ရှမ်းစုကျေးရွာ သာသနာ့သိပ္ပံ ဓမ္မရိပ်သာကျောင်းသို့ ရောက်ရှိသွားခဲ့သည်။ ဤကျောင်းသို့ ရောက်ရန် ဝေးလွန်းလှသော်လည်း ယမန်နှစ်လောက်က ကျောက်တန်း ပါဒခေတ်နန်းတော်ရာမှ ဂဝံကျောက်ဖြင့် ထုလုပ်ထားသည့် ရုပ်တုတော် ကြီးကို ဖူးချင်သည့်ဇောဖြင့် ရောက်ရှိသွားခြင်း ဖြစ်ပါသည်။ သာကေတမှ ခရီးသည်တင်ဘတ်စ်ကားစီးလျှင် ကားခ နှစ်ရာကျပ်ပေး၍ ဂိတ်ဟောင်း မှတ်တိုင် ဆင်းရသည်။ ၎င်းမှတစ်ဆင့် မော်တော်ဆိုင်ကယ် ကယ်ရီ ယာဉ်စီးလျှင် တစ်ယောက်တစ်ထောင်ကျပ် အသွားအပြန် ၁၅၀၀ိ/- ပေးရ သည်။

www.burmeseclassic.com


www.burmeseclassic.com



မပြုပြင်မီ ဂဝံရှေးဟောင်းဘုရားကြီး

မှော်ရုံကြီးထဲတွင် ကိန်းဝပ်နေပြီဖြစ်သော သီဟဒသသ သိဒ္ဓိ မြတ်စွာဘုရားကြီးအား မှန်လုံကန့်ကုဋီတိုက်အတွင်း ထားရှိသဖြင့် ခဲခဲယဉ်းယဉ်းဓာတ်ပုံရိုက်ယူခဲ့ရသည်။ လက်ရှိရုပ်တု တော်ကြီးမှာ ပကတိ မားမားမတ်မတ်နှင့် အလွန်သပ္ပာယ်လှ သည်။ ပညာရှင်များ၏ ခန့်မှန်းချက်အရ ဂဝံရုပ်တုတော်ကြီးသည် ရှေးဟောင်းဂဝံဘုရားကြီးဖြစ်ပြီး အေဒီ ၄၀၀ စုခန့်မှဖြစ်ကြောင်း သိရှိရသည်။ ဤရုပ်တုတော်ကြီးမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်က မြန်မာပြည်သို့ တိုင်းတစ်ပါးသားများ ကျူးကျော် ဝင်ရောက်လာပြီး မြန်မာ့အဖိုးတန်ရတနာများကို တူးယူခဲ့ရာ၌ ဘုရားကြီးမှာ တောထဲတွင် အပျက်အစီးအဖြစ် ကျန်ရစ်ခဲ့သည် ကို သာကေတမြို့နယ်၊ ရွှေခင်းသာရပ်ကွက်မှ သာသနာ့သိပ္ပံ ကျောင်းတိုက်ဆရာတော် အရှင်ကုသလ၏ ဦးဆောင်မှုဖြင့် ခုနစ်ရက်သားသမီးများ၏ ကူညီပံ့ပိုးမှုဖြင့် ယခုကဲ့သို့ သပ္ပာယ် စွာ ဖူးမြော်ရခြင်း ဖြစ်ပေသည်။

ဆရာတော် အရှင်ကုသလသည် ၂၀၀၅ ခုနှစ်၊ နိုဝင် ဘာလ ၂၅ ရက်နေ့တွင် ကျောက်တန်းမြို့နယ်၊ ရှမ်းစုကျေးရွာ တောင်မြင်းလမ်း၊ ကွင်းအမှတ် (၆၂၀)၊ ခရချောင်းအနောက် ဦးပိုင်အမှတ်(လ/၂၇) မြေရေိယာ သုံးဧကကို သန်လျင်မြို့ ဘောဂလမ်း၊ အမှတ်(၂)ရပ်ကွက်နေ ဦးထွန်းမြင့်၊ ဒေါ်မေရီခင် (မွဝံသောက်ရေသန့်)မိသားစုတို့က လှူဒါန်းသဖြင့် ရရှိထားခဲ့ရာ ထိုစဉ်မတိုင်မီက ဆရာတော်မှာ ကျောင်းမရှိသေးသည့် သံဃာ တစ်ပါးသာ ဖြစ်နေခဲ့သည်။ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် မန္တလေးမြို့ ၃၂-၃၃ လမ်းကြား၊ လမ်း(၈၀)နေ ဒေါ်ပြုန့်(အမေပြုန့်)မိသားစုမှ ရန်ကုန်တိုင်းဒေသကြီး၊ သာကေ တမြို့နယ်၊ ရွှေခင်းသာရပ်ကွက်တွင် သာသနာ့သိပ္ပံကျောင်းကို လှူဒါန်းသဖြင့် ကျောင်းထိုင်ဆရာတော် ဖြစ်လာခဲ့သည်။ သို့သော်လည်း ကျောက်တန်းမှ သုံးဧကမြေမှာ အလှူခံရရှိ ထားသည့်အတိုင်းပင် ဖြစ်နေခဲ့သည်။ ၂၀၁၀ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့၌ အဆိုပါ ကျောက်တန်းရှိ သုံးဧကမြေအတွင်း ယာယီ တဲကျောင်းဆောက်လုပ်၍ သာသနာ့သိပ္ပံကျောင်းဟုပင် မှည့် ခေါ်ခဲ့သည်။ ထိုစဉ်အတောအတွင်း ရှမ်းစုကျေးရွာ၌ ဆရာတော် ခေတ္တသီတင်းသုံး၍ ကျောင်းအတွင်းရေရှိရေးအတွက် စီစဉ် သည်။ တစ်နေ့တွင် စည့်ပင်သာယာရေးရုံးမှ ဒေါ်စန်းစန်းမြင့်၊ ရတနာရောင်းဝယ်ရေးမှ ဒေါ်မြမြဝင်း၊ ဆောက်လုပ်ရေးဌာနမှ ဒေါ်ယဉ်လှတို့နှင့်အတူ ဒေသခံများဖြစ်ကြသော ဦးသိန်းမြင့်၊ ဦးမြစိုး၊ ဦးဝင်းမြင့်တို့နှင့် အာလာပသလ္လာပ စကားစမြည်ပြော ဆိုနေကြရာ ဤကျောင်းနှင့် ပေ ၁၅၀၀ အကွာရှိ တောထဲတွင်



သီဟဒသသိဒ္ဓိ ဂဝံရှေးဟောင်းဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



ဂဝံကျောက်ဖြင့် ထုလုပ်ထားသော ရုပ်တုတော်ပျက်ကြီးရှိနေကြောင်း၊ ၇ ပေ ၈ ပေခန့်ရှိကြောင်း။ ဆရာတော်တစ်ပါး၊ ဘိုးတော်တစ်ယောက်တို့က အကြိမ်ကြိမ် ထူမခဲ့သော်လည်း ရုပ်တုကြီးကို ယူ၍မရသဖြင့် လက်လျှော့သွားခဲ့ရကြောင်း ၎င်းတို့က ပြောပြခဲ့ကြသည်။

ထို့ကြောင့် ဆရာတော်သည် ဒေသခံများနှင့်အတူ တောထဲမှ ရုပ်တုတော်ပျက်ကြီးဆီသို့ သွားရောက်ကြည့်ရှုခဲ့သည်။ ရုပ်တုတော်ကြီးသည် ပက်လက်အနေအထားဖြင့် အရှေ့အရပ်သို့ ဦးခေါင်းပြုထားသော်လည်း ဦးခေါင်းမပါရှိဘဲ ရင်ဘတ်တော်ပေါ်၌ ဦးခေါင်းထက်ပိုင်းကျိုးတစ်ပိုင်းသာ တင်ထားသည်ကို တွေ့ရှိရသည်။

ဆရာတော်သည် ရှေးဟောင်းရုပ်တုတော်ကြီးကို အကောင်းပကတိအတိုင်း ပြန်လည်ပြုပြင်လိုသဖြင့် ထိုနှစ်တွင် ရှမ်းစုကျေးရွာသာသနာ့သိပ္ပံ ဓမ္မရိပ်သာကျောင်း၌ ဝါဆိုရန် ဆုံးဖြတ်လိုက်သည်။ တဲကျောင်းလေးမှာ သာကေတမြို့နယ် တိုးစံမိသားစုမှ ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်သည်။ ဆရာတော်သည် ၂၀၁၁ ခုနှစ်(မြန်မာသက္ကရာဇ် ၁၃၇၃)တွင် ဝါဆိုခဲ့ခြင်းဖြစ်သည်။ မကြာမီမှာပင် အလှူရှင်ပေါ်လာခဲ့သည်။ မန္တလေးမြို့ ကြင်ကြင်သိန်းပဲခွဲစက်နှင့် ပဲမျိုးစုံရောင်းဝယ်ရေးမိသားစုမှ အလှူ့ဒါယိကာမ ဒေါ်ခင်မေကြည်မှ ဘုရားပြုပြင်ရန် သိန်း ၃၀ လှူဒါန်းသဖြင့် ဘုရားပြုပြင်ရန် စတင်ဆောင်ရွက်လေတော့သည်။ ထိုစဉ်အတောအတွင်းမှာပင် ဦးသိန်းမြင့်၏ လျှောက်ထားချက်အရ ရုပ်တုပျက်ကြီးအနီးတွင် တစ်ပေခန့်ကျယ်သည့် မြွေသွားလမ်းကြောင်းတွေ့ရကြောင်းနှင့် နတ်မြွေဖြစ်ဟန်တူကြောင်း သိရသည်။ အဆိုပါနှစ် သီတင်းကျွတ်လဆန်း ၉ ရက်၊ တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ရုပ်ပွားတော်ကြီးအား မူလ ပက်လက်လဲလျောင်းနေသော အနေအထားမှ ပင့်ထူရန် သာသနာ့အလံတိုင် ကိုးတိုင်စိုက်၍ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့နောက် ရုပ်ပွားတော်ကြီးကို ဓမ္မရိပ်သာသို့ ပင့်ဆောင်ရေးအတွက် ကြိုးပမ်းရပြန်သည်။ ဟိုင်းလတ်ကား၊ ထော်လာဂျီ၊ ကရိန်းစသည်တို့ဖြင့် သယ်ဆောင်ပေးရန် ကူညီသူများ ပေါ်လာခဲ့သော်လည်း နောက်ဆုံးတွင် ရုပ်ပွားတော်ကြီးကို လယ်ထွန်စက်နောက်တွဲယာဉ်ပေါ်တင်ပြီး ကြိုးထုံးမဲ့ ပိတ်စရှည် ချည်နှောင်ကာ လူအားဖြင့်ဆွဲကာ ကျောင်းသို့သယ်ဆောင်လာနိုင်ခဲ့သည်။ ဘုရားကြီးပင့်ဆောင်သည့် အခမ်းအနားသည် ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ တနင်္လာနေ့ နံနက် ၉ နာရီ၊ သံဃာကိုးပါး၊ ၂၄ ပဋ္ဌာန်းရွတ်ဖတ်၍ အောင်မြင်မှုရရှိခဲ့သည်။ ရုပ်ပွားတော်ကြီးကို ဗိသုကာပညာရှင် ဦးသီဟနှင့် တပည့်များဖြစ်ကြသော ကိုလင်းမင်းဖြိုး၊ ကိုငွေတိုးတို့က ၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့မှ ပြာသိုလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့အထိ ကိုးရက်တိုင်တိုင် ကြိုးပမ်းအားထုတ် ပြုပြင်မွမ်းမံမှုများ ပြုလုပ်ပေးသဖြင့် ရှေးဟောင်းဂဝံရုပ်တုကြီးသည် အကောင်းပကတိအဖြစ်သို့ ရောက်ရှိပြီးစီးသည်။ ယခုလက်ရှိ ရုပ်တုတော်ကြီး၏ ဉာဏ်တော်မှာ ၈ ပေ၊ ၁ လက်မ၊ ဆင်မခံ ၉ လက်မ စုစုပေါင်း ၈ ပေ ၁၀ လက်မ အမြင့်ရှိသည်။

ဗုဒ္ဓမြတ်စွာဘုရား ဖွားဒိတ်ယူသောနေ့၊ ဖွားမြင်တော်မူသောနေ့၊ မဟာသမယနေ့၊ ပရိနိဗ္ဗာန်စံလွန်တော်မူသောနေ့ကို မင်္ဂလာအခါယူ၍ ၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ (၁၇-၅-၂၀၁၁)တွင် သံဃာတော် ၃၆ ပါးမှ အနေကဇာတင်သည်။ ခွမ်းဆန်စိမ်းလောင်းလှူ ရေစက်ချအမျှဝေ အောင်စည်ကိုးချက်ထို၊ ကြေးမောင်းကိုးချက်တီးကာ ခရုသင်းကိုးကြိမ်မှုတ်၍ ရွှေမိုးငွေမိုး ရွာသွန်းပြီးလျှက် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ဦးတိုး(တက္ကသိုလ)**

www.burmeseclassic.com

ရောဝတီတိုင်း၊ ဝါးခယ်မမြို့နယ်၊ သက်တော်ရှည်ကဝဲဆရာတော်

# ဘဒ္ဒန္တပညာ မဟာထေရ်မြတ်၏

## ထူးသောပုတီးစိပ်နည်းနှင့်ထေရုပ္ပတ္တိ

ကျော်ဇောဟိန်း(နံ့သာ)




www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင်ကဝိဆရာတော်ဘုရားကြီးသည် သက်တော်ကြီးရင့်လာသည်နှင့်အမျှ တစ်နေ့နှင့်တစ်နေ့ မတူ တိုး၍တိုး၍ ကျော်ကြားလာပါသည်။ လူမင်းဘုန်းကြီး နတ်မင်းမနေနိုင်ဆိုသလို ဆရာတော်ကြီး၏ ဘုန်းကံကြောင့် ရဟန်း၊ ရှင်၊ လူ မည်သူမဆို လာရောက်၍ ပူဇော်ကြသည်။ အဘယ်ကြောင့်ဆိုသော် သီလဂုဏ်ကြွားသည်၊ သမာဓိဂုဏ်က လားသည်၊ မေတ္တာဂုဏ်က ပွားသည်။ သီလအားကောင်းလျှင် အနယ်နယ်အရပ်ရပ်မှာ ပျံ့နှံ့ခြင်း၊ သမာဓိအားကောင်းလျှင် ကောင်းကင်ရေမြေသွားလာလေ၍ ဟိုရွာတစ်ပါး ဒီရွာမှာတစ်ပါး ကြွလာသည်ဟု ထင်မြင်ခြင်း၊ မေတ္တာအားကောင်းလျှင် ပရိသတ်များစွာဖူးမြော်လာကြခြင်း၊ လှူဒါန်းပူဇော်ကြခြင်း၊ လူတို့၏ သန္တာန်၌ အိပ်မက်များ မြင်မက်စေခြင်းများ ဖြစ်တတ်သည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ဤသဘောအချက်ကို လေးနက်စွာ သိလေသည်။ သမာဓိရဲ့ ဘေးရန်တွေပဲ၊ ဝိပဿနာဉာဏ်ရဲ့ အဟန့်အတားတစ်ခုလို့ သိတော်မူသည်။ ထိုကဲ့သို့ကျော်ကြားမှုမျိုးသည် ၄ပ်လျှိုး၍နေသောအနုသယဓာတ်သည် ပေါ်ပေါက်လာတတ်သည်။ ဒါကြောင့်ဆရာတော်ဘုရားကြီးကို ဘယ်လောက်ပင် သိမ်ထပ်မက်လာတွေ ပြုပြု၊ အားနာလို့ ချီးမြှောက်မူသည် အကြောင်းသမုသယပဲ။ ဒီခန္ဓာဝန်သည် သယ်ဆောင်ပြီးသွားနေရတာက ဝန်ထုပ်ဝန်ပိုးကြီးပဲ။ လေးပါဘိသနဲ့ အကျိုးဒုက္ခကြီးပဲလို့ သစ္စာလေးပါးတရားတော်တွင် ပြတ်သားစွာ ထုတ်ဖော်၍ ဟောကြားထားပါသည်။

အခြံအရံမထား၊ အဆောင်အယောင်မကြိုက်၊ လူများရင်ဟောင် မင်းတို့ဟာ လူတွေက များလှချည်လားဟု ညည်းညူတော်မူသည်။ ကန်တော့ပြီးလျှင် ပြန်ကြ၊ ပြန်ကြ၊ ခန္ဓာငါးပါးတစ်ပါးမှ ကောင်းတာမဟုတ်ဘူး။ သခ်ိတနယ်ထဲမှာဆိုတော့ဓာတ်လေးပါးရဲ့ အပြုအပြင်လည်း ခံနေရတယ်။ အပြင်ပ အာရုံတွေရဲ့ အပြုအပြင်လည်း ခံနေရတယ်။ အပြုအပြင်မခံရတဲ့အသခ်ိတနယ်ကို ရောက်အောင် နေထိုင်ကြဟု လေးနက်သောသံဝေဂတရားစကားဖြင့် မိန့်ကြားတော်မူသည်။ ဆရာတော်ဘုရားရဲ့ အသွားအလာနှင့် စကားအရာမှာ အသားပါပါမို့ တရားဘာဝနာအတိမ်အနက်ကို ချိန်ဆက်၍ ကြည်ညိုကြလျှင်ကြည်ညိုလို့မဝနိုင်အောင် ရှိလေစွတကား။

× × × × ×

ကျေးဇူးတော်ရှင် ကဝိဆရာတော်ကြီးအား
လာရောက်ပူဇော်ကန်တော့ကြသော တပည့်ဒကာ၊
ဒကာမတို့အား ဟောကြားလေ့ရှိသော ဩဝါဒထော
လက်ာ...

အိပ်ရာဝင်လျှင် ဘုရားရှင်၊ ဦးတင်လက်အုပ်ချီလိုက်ပါ။

အိပ်ရာထလျှင် ဘုရားရှင်၊ ဦးတင်လက်အုပ်ချီလိုက်ပါ။

အိပ်ရာဝင်၊ အိပ်ရာထ ဘုရားကို မမေ့နှင့်၊ (သတိအစဉ်ပွါးသော) သတိမကာင်းကြနဲ့။ သတိကင်းနေရင် အသက်ရှင်လျက်သေနေသူပဲ။ ဒါလေးမှတ်ကြတော့။ အိုနာသေမကာင်းသမျှ သတိနဲ့နေမှ တော်မယ်။ မေ့မေ့လျော့လျော့ မအိပ်ကြနဲ့။

ကိုင်း...လိုက်ဆိုကြစမ်း။

အိပ်ရာထလျှင် မျက်နှာပြင်၊ ရေစင်အောင်သာ သစ်ကြပါ။

အိပ်ရာထတဲ့အခါ ညအခါကာလ၌ သူသေကောင်ကဲ့သို့၊ အလောင်းကောင်ကဲ့သို့ အပုပ်ရည်၊ မျက်ရည်၊ ဆီကြည်၊ နပ်၊ တံတွေး၊ ချွေး၊ မျက်ဝတ်တို့သည် ဒွါရကိုးပေါက်မှ အပုပ်ကောင်ကဲ့သို့ ယိုစီးထွက်ကျနေတဲ့ ရွံရှာဖွယ်အတိဖြစ်သော အညစ်အကြေးတွေကို စင်အောင်ဆေးကြ။

လိုက်ဆိုလိုက်ကြဦး။

အိပ်ရာထလျှင် ရေကိုမြင်၊ ကြည်လင်မေတ္တာပွားများပါ။

အိပ်ရာနိုးတဲ့အခါ ရေလေးကို စိမ်းစိမ်းကြည့်ပြီး၊ တစ်လောကလုံးမှာရှိကြတဲ့ ပုပ္ပုရွရွမှန်သမျှ သတ္တဝါအနန္တတို့သည် ဤမျှရေချမ်းကဲ့သို့ အေးကြပါစေ။ အဲဒီလို မေတ္တာပွားကြတော့။

လိုက်ဆိုကြစမ်း။

မိန်းမ,ယောက်ျား ခရီးသွား၊ ငါးပါးသီလယူလိုက်ပါ။ သရဏဂုံ ပွားများထုံ၊ လွှမ်းခြုံခရီးသွားကြပါ။

ခရီးသွားရင် ဘုရားမှာ ငါးပါးသီလယူကြ၊ သရဏဂုံ ရွတ်ဆိုကြ။ နေ့စဉ်နေ့စဉ် ရွတ်ဆိုရမည်။ သရဏဂုံသီဓာတွေ နေ့စဉ်လွှမ်းခြုံထားရင် ခလုတ်မထိ ဆူးမငြိဘူး၊ ဘေးရန်ကင်းတယ်၊ ဂတိကောင်းမွန်တယ်၊ သရဏဂုံအကျိုးတွေ ကြားလို့မကုန်ဘူး။ အထင်မသေးကြနဲ့၊ ဝန့်မလေးကြနဲ့။ လက်ဆောင်ကောင်းတစ်ခု ပေးလိုက်တာပဲ။ ယူဆောင်သွားကြ။

လိုက်ဆိုကြဦး။

နှစ်ခသယ်ဝေ‌ပြော ပဋ္ဌာန်းဟော မကြာမကြာ ရွတ်ဆိုကြ။

www.burmeseclassic.com

၂၄ ပစ္စည်း ပဋ္ဌာန်းပါဠိလေးကို မကြာမကြာ ရွတ်ဆိုကြ။ အနန္တတဲ့၊ အဆုံးအပိုင်းအခြား မရှိဘူး။ ရဟန်းဆိုရင် ကျောင်းမရှားဘူး၊ လူဆိုရင် အိမ်မရှားဘူး။ နတ်တွေချစ်တယ်၊ သူတော်ကောင်းတွေချစ်တယ်၊ စီးပွားဥစ္စာတိုးတက်တယ်။

ကိုင်း…တော်လောက်ပါပြီ။ ဒီလောက်ဆိုရင် သာဓုခေါ်ကြတော့။

× × × × ×

## ကဝိဆရာတော်ကြီးဟောကြားတော်မူသော သစ္စာလေးပါးတရားတော်

သစ္စာလေးပါး အတိုချုပ်အားဖြင့် ဒုက္ခဆိုတာ ဘာခေါ်တုံး။ ဒုက္ခဆိုတာ ဆင်းရဲတာ၊ သစ္စာဆိုတာ အမှန်တရား။ ဆင်းရဲတဲ့ အမှန်တရား။ ဒါသိသလား။ ဒါလည်းမသိဘူး။ သစ္စာလေးပါး ဟောတော့ နက်နဲလာပြီနော်။ တို့ဒကာ၊ ဒကာမတွေ စိတ်ကို ပြုပြင်ပြီး အထူးသဖြင့် အာရုံပြုအင်မတန်အကျိုးများတယ်။ သံသရာကြီး ကျင်လည်နေရတာ သစ္စာမသိခြင်းကြောင့်။ အဲဒီတော့ ယခုဘဝ သစ္စာလေးပါး ကြားဖူးလို့ရှိရင် နောက်နောင်ဘဝတွေမှာ သူတော်ကောင်းတွေနှင့် တွေ့လို့ရှိရင် လွယ်ကူတယ်။

ဒါကြောင့်မို့လို့ ဒုက္ခသစ္စာဆိုတာ ဒုက္ခက ဆင်းရဲတယ်၊ သစ္စာက အမှန်တရား။ သမုဒယသစ္စာဆိုတာ ဒုက္ခဖြစ်ကြောင်းတရား၊ သစ္စာက အမှန်။ နိရောဓသစ္စာဆိုတာ ဒုက္ခသမုဒယတို့ ချုပ်ကြောင်း၊ သစ္စာက အမှန်။ မဂ္ဂသစ္စာဆိုတာ ဒုက္ခသမုဒယတို့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သို့သွားရာလမ်းကြောင်း၊ သစ္စာဆိုတာ အမှန်တရား။ အမှန်တရားလေးချက်ကို မသိဘူး။ အဲဒါကြောင့် ဒုက္ခဖြစ်တာအမှန်၊ အဲဒါလည်း မသိဘူး။

ဒုက္ခဖြစ်ကြောင်းတရားကလည်း အမှန်။ ဒါလည်းမသိဘူး။ ဒုက္ခဖြစ်စေတတ်သော အကြောင်းတရားအမှန် မသိဘူး။ သမုဒယချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သို့သွားရာ လမ်းကြောင်းအမှန်။ ဒါလည်း မသိဘူး။ နိဗ္ဗာန်သို့သွားရာလမ်းကြောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးအမှန်၊ ဒါလည်းမသိဘူး။ အဲဒါကြောင့် ဒုက္ခကို ဒုက္ခမှန်းမသိ၊ သမုဒယကို သမုဒယမှန်းမသိ၊ နိရောဓကို နိရောဓမှန်းမသိ။ အဲဒီလိုဖောက်ဖောက်ပြန်ပြန်တွေ ဖြစ်နေကြတယ်။

ဒုက္ခမှန်းမသိဆိုတာ ဘယ်လိုဟာတုံး။ တို့ဒကာ၊ ဒကာမတွေ အများကြီးအားဖြင့် ဒုက္ခသစ္စာတရားတွေကို ရောက်နေတာမသိကြဘူး။ အဲဒီ ဒုက္ခကို သုခလို့ ထင်နေတယ်။ ဒုက္ခဖြစ်ကြောင်းတရားကို သုခဖြစ်ကြောင်းတရားလို့ ထင်နေတယ်။ ဒုက္ခဖြစ်ကြောင်းတရားကို သုခဖြစ်ကြောင်းတရားလို့ထင်ပြီး လုပ်နေတာ။ အဲဒီလို ဖောက်ဖောက်ပြန်ပြန် ပြောင်းပြန်ကြီးဖြစ်နေကြတယ်။ ဒုက္ခ ဒုက္ခဆိုတာ သူ့အလိုလို စတာလား မဟုတ်ဘူး။ သမုဒယကြောင့် ဒုက္ခဖြစ်ရမယ်။ သမုဒယဆိုတာ ပါဠိစကား။ မြန်မာလိုဆိုတော့ ဘယ်လိုဟာတုံး။ တရားကိုယ်အားဖြင့်

လောဘတွယ်တာမှု၊ ခင်မင်မှုဟာ လောဘ။ တွယ်တာမှု၊ ခင်မင်မှုဆိုတာ ဒုက္ခဖြစ်ကြောင်းတရားပေါ့။ ဥပမာအားဖြင့် မိမိခန္ဓာကိုယ်ကြီးကို တွယ်တာတယ်။ ခန္ဓာကိုယ်အတွက် ဒုက္ခများတယ်။ နွားကို တွယ်တာမယ်။ ကျွဲကိုတွယ်တာမယ်။ သားသမီးကို တွယ်တာမယ်။ တွယ်တာတာနဲ့တစ်ပြိုင်နက် အကြောင်းသမုဒယခံပြီ။ ကျောင်းဒကာမကြီးက လာပင့်တယ်။ အဲဒါ လက်ခံလိုက်တယ်။ ယခုကြွလာရတယ်။ အဲဒါ ဒကာမကြီး တွယ်တာလိုက်လို့ အကြောင်းသမုဒယကြောင့် အကျိုးဒုက္ခဖြစ်ရတယ်။ သမုဒယပြတ်မှ ဒုက္ခအကျိုးငြိမ်းမယ်။

ဒုက္ခအနက်လေးချက် - ပီဠနဋ္ဌ၊ သင်္ခတဋ္ဌ၊ သန္တာပဋ္ဌ၊ ဝိပရိဏာမဋ္ဌ။ (၁) ပီဠနဋ္ဌဒုက္ခဆိုတာ ဘာတုံး။ ကပ်၍နှိပ်စက်ခြင်း။ (၂) သင်္ခတဋ္ဌဒုက္ခဆိုတာ ပြုပြင်၍ နှိပ်စက်ခြင်း။ (၃) သန္တာပဋ္ဌဒုက္ခဆိုတာ ပူပင်၍နှိပ်စက်ခြင်း၊ (၄) ဝိပရိဏာမဋ္ဌဒုက္ခဆိုတာ ဖောက်ပြန်၍နှိပ်စက်ခြင်း၊ ထိုဒုက္ခအနက်လေးချက်တို့တွင် ပီဠနဋ္ဌဒုက္ခကို ရှင်းပြမယ်။ သွားတဲ့အခိုက်မှာလည်း သွားတဲ့အနာဖြစ်လို့ ဆင်းရဲတယ်။ ထိုင်တဲ့အခိုက်မှာလည်း ထိုင်တဲ့အနာဖြစ်လို့ နှိပ်စက်တယ်။ ကိုင်း···လိုက်ဆိုကြစမ်း။

သွားလိုသာနေစမ်းပါ။ သွားနာဖြစ်၍ နှိပ်စပ်တယ်၊ ထိုင်လို့ဖြစ်လာ အထိုင်နာ၊ ထကာပြင်ရတယ်။

(ဥပမာဆိုကြဦးစို့။) ကွမ်းစားတဲ့ပုဂ္ဂိုလ် ကွမ်းရှာရတယ်၊ ထုံးရှာရတယ်၊ ဆေးရှာရတယ်၊ ကွမ်းသီးရှာရတယ်၊ အားလုံးပြည့်စုံပြီဆိုတော့ ကွမ်းသီးညှပ်ရပြန်တယ်။ ပြီးလို့ရှိရင် ဝါးလိုက်ထွေးလိုက်၊ ဝါးလိုက်ထွေးလိုက်နဲ့ အလုပ်တွေရှုပ်နေတာပဲ။ ဘေးက မစားတဲ့ပုဂ္ဂိုလ်တစ်ဦးက သူ့ကိုကြည့်ပြီး ဆင်းရဲလိုက်တာ၊ ဆင်းရဲလိုက်တာနော်။ အလုပ်တွေ တစ်ခုပြီးတစ်ခု ရှုပ်နေတာပဲ။ အဲဒါ ဘာတဲ့တုံး။ ကပ်၍နှိပ်စက်တတ်သော "ပီဠနဋ္ဌ" ဒုက္ခဟူ၍မှတ်။ ဒီလောက်နဲ့ ရပ်နားကြဦးစို့။

× × × ×



www.burmeseclassic.com

www.burmeseclassic.com

## ဆရာတော်ကြီး၏
## ထူးသောဂုဏ်တော်ပြန်ပုတီးစိပ်နည်း

**အရဟံသုံးတန် ရှေ့ကခံပါ။**

(၁) သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။

(၂) သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။

(၃) သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။

(၄) သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သုဂတော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သုဂတော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။

(၅) သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သုဂတော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ လောကဝိဒူ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ လောကဝိဒူ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သုဂတော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။

(၆) သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သုဂတော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ လောကဝိဒူ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ လောကဝိဒူ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သုဂတော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။

(၇) သာ ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သုဂတော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ လောကဝိဒူ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ လောကဝိဒူ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သုဂတော ပုတီးတစ်လုံးချ။



www.burmeseclassic.com

www.burmeseclassic.com

သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။
(၈) သာ ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သုဂတော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ လောကဝိဒူ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ လောကဝိဒူ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သုဂတော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။
(၉) သာ ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သုဂတော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ လောကဝိဒူ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဘဂဝါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဘဂဝါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ လောကဝိဒူ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သုဂတော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ပုတီးတစ်လုံးချ။
သော ဘဂဝါ ဣတိပိ အရဟံ ပုတီးတစ်လုံးချ။

(မှတ်ချက်) ဤပုတီးစိပ်သည် အနုလုံ၊ ပဋိလုံ စိပ်နည်း မဟုတ်ဘူးနော်။ လွယ်မယောင်နဲ့ ခက်တယ်။ အနုလုံ ပဋိလုံက အစကအဆုံးခရောက်၊ အဆုံးကပြန်စ ကိုးပါးလုံး အပြန်အလှန် သုံးတဲ့နည်း။ ယခုဖော်ပြတဲ့နည်းက အရဟံသုံးမျိုးခံပြီးမှ တစ်လုံးတက်၊ ရောက်တဲ့နေရာက ပြန်ဆင်းတဲ့နည်း။ ဂုဏ်တော်အဆုတ်အတက် စိပ်တဲ့နည်းဖြစ်လို့ ဂုဏ်တော်ပြန်လို့ ခေါ်ပါတယ်။

(တစ်နည်း) သီဟဂတိပုတီးစိပ်ဟူ၍လည်း ခေါ်တယ်။ "သီဟ"ဟူသည် ခြင်္သေ့ဖြစ်သည်။ "ဂတိက"ဟူသည် အလားတူဖြစ်မှုတည်း။ ထို့ကြောင့် "သီဟဂတိ"ဟူသည် ခြင်္သေ့ကဲ့သို့ အလားတူဖြစ်မှုတည်း။ ကေသရာဇာခြင်္သေ့မင်းစိုးမည်သည် ရှေ့သို့သွားပြီး နောက်သို့ ကြိုက်သလိုပြန်ချနိုင်သည်။ ထိုနည်းတူ ပုတီးစိပ်ရာတွင်လည်း ဂုဏ်တော်တစ်ပါးစီ ရှေ့သို့တိုး၍ တိုး၍ သွားပြီး တစ်ဂုဏ်တော် တိုးတိုင်းတိုးတိုင်း အစသို့ တစ်ခေါက်တစ်ခေါက် ပြန်ဆင်း၍ စိပ်နည်းကို "သီဟဂတိက"နည်းဟူ၍ အမည်ပေးထားတယ်။

ဤနည်းအတိုင်း ကိုးပတ်ရအောင် စိပ်ပါ။ အကျိုးတရားကို လက်တွေ့ကျင့်သုံးကြည့်က သိပါလိမ့်မည်။ အာရုံကတော့ တစ်ချက်မှ လွတ်လို့မရဘူးနော်။ ထိုပုတီးစိပ်ကို စိပ်တဲ့သူသည် ပုတီးသာ အခွေလိုက်ကျန်ခဲ့ပါသည်။ လူက ပျောက်ကွယ်သွားပါတော့တယ်ဟု ဆရာတော်၏ မှတ်တမ်းမှ ရရှိသည့်အတွက် ဒီဝါတွင်ကျင့်သုံးပြီး၍ လက်တွေ့ဖြစ်အတွက် တင်ပြလိုက်ရပါသည်။ (အရှင်အာစိဏ္ဏထံမှ ရရှိပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

## ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း

ကျေးဇူးတော်ရှင် ကဝဲဆရာတော်လောင်းလျာသည် ရေဝတီတိုင်း၊ ကြံခင်းမြို့ ရွှေတောင်စုရပ်၊ ခမည်းတော်ဦးလုံ ထော်၊ မယ်တော်ဒေါ်ကြော့တို့မှ ၁၂၆၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူပါ သည်။ ကဝဲဆရာတော်လောင်းလျာသည် တောက်မည့်မီးခဲ တရဲရဲဆိုသလို မယ်တော်ကြီး၏ ဝမ်း၌ ပဋိသန္ဓေတည်နေချိန် ကတည်းက မယ်တော်ကြီးမှာ ကောင်းမြတ်သော စားကောင်း သောက်ဖွယ်ရာများ စားလိုခြင်း၊ ချိုမြိန်သော အစား၊ အရသာရှိ သော အာဟာရကိုသာ ရွေးချယ်၍ စားသောက်လိုခြင်း၊ မင်္ဂလာ ရှိသော အိပ်မက်၊ ယာမက်များ မကြာမကြာဆိုသလို မြင်မက်ခဲ့ ရလေသည်။

ကဝဲဆရာတော်လောင်းလျာသည် မွေးချင်းခြောက် ယောက်အနက် တတိယမြောက်သားရတနာပင် ဖြစ်သည်။ ကဝဲ ဆရာတော်လောင်းလျာကို ဖွားမြင်သောအခါမှ ဦးလုံထော်၊ ဒေါ်ကြော့တို့ပိုင်ဆိုင်သော လယ်ယာကိုင်းကျွန်းများ၌ ဆန်စပါး တို့ တောင်လိုပုံအောင် ထွက်ရှိခဲ့ပေသည်။ ကောက်ပဲသီးနှံများ တောင်လိုပုံအောင် ရရှိခြင်းကို အစွဲပြု၍ မိဘနှစ်ပါးတို့မှ မောင်ပုံဟု အမည်နာမကင်ပွန်းတပ်ခဲ့ကြပေသည်။ ဆရာတော် လောင်းလျာ၏ ငယ်နာမည်မှာ မောင်ပုံပင် ဖြစ်ပါတော့သည်။

## ရှင်သာမဏေပြုခြင်း

ဆရာတော်လောင်းလျာ ရှစ်နှစ်သားအရွယ်သို့ ရောက် သောအခါ မိခင်၊ ဖခင်နှစ်ပါးတို့က ဝတ္တရားရှိသည့်အတိုင်း သာသနာ့ဘောင်သို့ သွတ်သွင်းရန် ရေဝတီတိုင်း၊ ဝါးခယ်မမြို့ နယ်၊ ကဝဲကျေးရွာ၊ ကဝဲကျောင်းသို့ ရောက်ရှိလာကြပါသည်။ ကဝဲကျောင်းဆရာတော် ဦးပညာထံတွင် အပ်နှံ၍ ရှစ်ပြပရိက္ခရာ စုံလင်စွာဖြင့် သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာကို ဆိုင်းမပါ မှုံမပါဘဲ ဆင်နွှဲခဲ့ရလေသည်။

သာသနာ့အမွေခံပွဲမှာ ပြောသံ၊ စည်သံ၊ ဆူညံမစဲပါဝင် ကာ မဆင်နွှဲနိုင်ခြင်းသည်ကား ခေတ်ကာလအနေအထား ကြောင့်ပင်တည်း။ မည်သို့ပင်ဖြစ်စေကာမူ ဖခင် ဦးလုံထော်နှင့် မိခင်ဒေါ်ကြော့တို့မှာ ဝမ်းနည်းဝမ်းသာ သားရွှေခဲကို ကဝဲကျောင်း ဆရာတော်ဦးပညာထံမှာ အပ်နှံ၍ ရှင်သာမဏေပြုခဲ့ကြပါသည်။ ဆရာတော်လောင်းလျာ မောင်ပုံသည် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟ ကို ခံယူကာ ကဝဲကျောင်းဆရာတော်ဦးပညာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပါသည်။ ဘွဲ့အမည်မှာ ရှင်ပုညာ ပင် ဖြစ်ပါလေသည်။

## ပညာသင်ရ သာမဏေဘဝ

ဆရာတော်လောင်းလျာသည် သာမဏေဘဝသို့ ရောက် သောအခါ ကဝဲကျောင်းဆရာတော် ဦးပညာထံ၌လည်းကောင်း၊ အခန်းနေ လက်ထောက်ဆရာတော် ဦးသုမင်္ဂလာထံ၌လည်း ကောင်း ပရိယတ္တိအခြေခံကျမ်းစာများကို သင်ယူခဲ့ပေသည်။ ငါးနှစ်တိုင်တိုင် ဆရာသမားများထံမှ သင်ရိုးကုန်အောင် သင်ယူ ပြီးသောအခါ ပိဋကတ်အသွယ်သွယ် ကျမ်းပင်လယ်ကို ကူးမည် ရည်စူး ဉာဏ်စိတ်ကူးဖြင့် ဆည်းပူးလိုကြောင်း ဆရာထံမှာ ခွင့်ပန်တောင်းခဲ့ရပါသည်။ ကဝဲကျောင်းထိုင်ဆရာတော် ဦးပညာ မထေရ်မြတ်သည် ကဝဲဆရာတော်လောင်းလျာ ရှင်ပုညအား မိမိ၏မြေးနှင့်အတူ ပခုက္ကူမြို့ တိုက်သစ်ဆရာတော် ဦးဇဝနထံ သို့ ကိုယ်တိုင်ကိုယ်ကျ အပ်နှံ၍ထားခဲ့ပါသည်။

ကဝဲဆရာတော်လောင်းလျာသည် ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုသကဲ့သို့ မြန်မြန်လည်း သင်ယူ၊ များများလည်း သင်အံ၊ မပျောက်မပျက်အောင် ဆောင်ထားသည့်အတွက် အာစရိယဝါဒ၊ ပခုက္ကူနိဿယနည်းကျကျ စာသင်နည်း၊ စာချနည်း တို့ကို ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါးသို့ သိပ်သည်းကျနစွာ သင်ယူ ရရှိခဲ့ပါသည်။

## ပညာသင်ကြွ ရဟန်းဘဝ

ကဝဲဆရာတော်လောင်းလျာသည် ပညာရင်နို့ သောက် စို့ရင်း အသက် ၂၀ ပြည့်မြောက်သဖြင့် ရဟန်းခံရန် အချိန် တန်ပြီဖြစ်၍ ရဟန်းဒါယကာ ဦးဘိုးလင်းနှင့် ရဟန်းဒါယိကာမ ဒေါ်အုံ့တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ၁၂၈၃ ခုနှစ်၊ တန်ခူး လပြည့်ကျော် ၈ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ရေဝတီ တိုင်း၊ ဝါးခယ်မမြို့နယ်၊ ကဝဲကျောင်းဆရာတော် ဦးပညာကို ဥပဇ္ဈာယ်ပြု၍ ကြီးနီစုကျောင်းဆရာတော် ဦးပညာသာမိကို အကြီးအမှူးပြုပြီး သာမဏေရှင်ပုညသည် မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ရဟန်းဖြစ်ပြီးနောက် ကဝဲဆရာတော်လောင်းလျာသည် ငယ်စဉ်အခါ ပညာရှာဆိုသလို အားရတင်းတိမ်မှုမရှိဘဲ အညာ ဒေသ မြင်းခြံမြို့သို့ ကြွရောက်တော်မူပြီး ခုနစ်ရာနိုင်တိုက်၌ ပရိယတ္တိစာပေများကို အပတ်တကုတ် ကြိုးစားအားထုတ်၍



www.burmeseclassic.com

www.burmeseclassic.com

ဆည်းပူးခဲ့ပြန်သည်။ ထို့နောက် ပေါင်းတည်မြို့ သေဗှာရုံကျောင်းတိုက်သို့ ပြောင်းရွှေ့၍ ပညာသင်ယူခဲ့ပါသည်။ အညာတစ်ခွင် လှည့်လည်၍ မနားမနေ ပညာတွေဆည်းပူးတော်မူရင်း ငယ်ကဗှာနေ ကဝဲမြေကို ပြန်လည်တမ်းတ သတိရသည်ကား အမှန်ပင် ဖြစ်သည်။ ပညာတွေစုံလို့ ရွှေဘုံကို ပြန်သင့်ပြီလို့ ဆုံးဖြတ်ချက်ချလျက် ကဝဲကျောင်းသို့ ပြန်လည်ရောက်ရှိခဲ့ပါတော့သည်။

## အကြောင်းနိုင်လှ ကျောင်းထိုင်ဘဝ

ကဝဲဆရာတော် မထေရ်မြတ်သည် စာသင်တိုက်မှ ကဝဲကျောင်းသို့ ပြန်လည်ရောက်ရှိလာသောအခါ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော ကဝဲကျောင်းဆရာတော် ဦးပညာနှင့် ကဝဲတပည့် ဒကာ၊ ဒကာမများက စုပေါင်းညီညာစွာဖြင့် ကဝဲကျောင်းကြီးကို အပ်နှံလှူဒါန်းကြပါသည်။ ကဝဲဆရာတော်လောင်းလျာသည် မိမိ၏ ဥပဇ္ဈာယ်ဆရာမြတ်မှ ပေးအပ်သည့် သာသနာ့တာဝန်ကို မငြင်းဆန်နိုင်ဘဲ ကျိုးနွံစွာ လက်ခံတော်မူပြီးနောက် ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင် ဟောပြနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါဆိုသကဲ့သို့ ကျောင်းထိုင်အင်္ဂါငါးပါးနှင့် ပြည့်စုံစေရန်အလို့ငှာလည်းကောင်း။

ဂန္ထဝိပဿနာ နှစ်ဖြာဓူရ၊ မလှုလွှဘဲ၊ ကိစ္စမနည်း၊ ဟိတ်ဟန်သည်း၍၊ အရည်းမပီ၊ အလဇ္ဇီဖြင့်၊ ဒုဿီကျင့်ဆန်း၊ ရှင်ပေါက်ပန်းတို့၊ ရဟန်းတမင့်၊ မင်းကျင့်ကျင့်က၊ ပျောက်လွင့်သီတင်း၊ သီလကင်း၏ဟု မယာဒေဝဆရာ မိန့်မှာသည်နှင့်အညီ ဂန္ထဆိုတဲ့ စာပေကျမ်းဂန် သင်ယူမှုပြီးမြောက်သော်လည်း ဝိပဿနာဓူရသည် အမှန်တကယ် ကျန်ရှိနေသေးသည်ကတစ်ကြောင်း၊ ၁၂၉၅ ခုနှစ်တွင် အင်းစိန် ဘိုကုန်း၊ မင်းကွန်းကမ္မဋ္ဌာန်းတိုက်သို့ ကြွရောက်၍ နည်းခံဆည်းပူး အားထုတ်တော်မူခဲ့ပါသည်။

မင်းကွန်းကမ္မဋ္ဌာန်းတိုက်မှ ကိုယ်တိုင်ကျင့်ကြံ၍ နည်းခံပြီးသောအခါ ကဝဲကျောင်းသို့ ပြန်ကြွခဲ့ပါသည်။ ထိုအချိန်အခါက ကဝဲဆရာတော်ဘုရားသည် ၁၅ ရက်ဆန်း လပြည့်ဝန်းကဲ့သို့ ကြည်လင်တောက်ပ ရွှင်ပျသောမျက်နှာနှင့် ကဝဲရွာ ရွှေသာအပေါင်းတို့အား ဒေသနာကောင်းခိုတဲ့ တရားကို တိုက်ကျွေးတော်မူပါသည်။

× × × × ×

## ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

ကဝဲဆရာတော် မထေရ်မြတ်ကြီးသည် သက်တော် ၁၀၁ နှစ်ပြည့်သည်အထိ ဒကာ၊ ဒကာမတို့၏ လှူဒါန်းပူဇော်မှုကို ခံယူခြင်းဖြင့် ရဟန်းရှင်လူအပေါင်းတို့အား ချီးမြှောက်ခဲ့ပါသည်။ ဝါတွင်းကာလဖြစ်စေ၊ ဝါကျွတ်သည့်အခါဖြစ်စေ ပူဇော်ကန်တော့လာကြသော ရဟန်းရှင်လူအပေါင်းတို့အား ကိုယ်တိုင်ဆုပေးခြင်း၊ ကိုယ်တိုင်တရားဟောခြင်း၊ ကိုယ်တိုင်ရေစက်ချခြင်း၊ သို့ထင်မှတ်လာပြီးသည့်အခါ ကိုယ်တိုင်[illegible]၍ ချီးမြှောက်ခဲ့ခြင်းကြောင့် မဟာထေရ်မြတ်ကြီး၏ မေတ္တာဘာဝနာတို့သည်ကား အလွန်တရာ ကြီးမားပေစွတကား။

ထိုမျှလောက် မေတ္တာ၊ ကရုဏာကြီးမားတဲ့ မဟာထေရ်မြတ်ကြီးကို နေ့စဉ် ဖူးမြော်ကြည်ညိုကြရပေမယ့် မည်သူတစ်ဦးတစ်ယောက်မျှ အားရတင်းတိမ်ခြင်းမရှိကြပေ။ ထိုသို့ ကြည်ညိုလို့မဝခင်မှာပင် ကံကြမ္မာဂြိုဟ်ဆိုး ဆရာတော်ကို ဘယ်အငြိုးနဲ့များ ဝင်တိုးသည်မသိ။ အဆိပ်ပြင်းထန်သည့် ခါတ်လေးပါးတည်းဟူသော မြွေလေးစင်းတို့သည် ပိုင်းဝန်း၍ ဖျက်ဆီးကြလေပြီ။

ဝေဒနာဒဏ်ချက်တွေကြောင့် အခံခက်လောက်အောင် ပြင်းထန်နေလှပေသည်။ ဇရာက ယိုယွဲ့၊ ဗျာဓိကထိုးနှက်၊ မရဏာမင်းရဲ့ စနက်တွေကြောင့် ကဝဲဆရာတော်မထေရ်မြတ်ကြီးကို တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းက ဘယ်လိုပင်ဝိုင်းဝန်းပြီး ခုခံတိုက်ဖျက် ကုသယုယကြပါသော်လည်း ကဝဲဆရာတော်ဘုရားကြီးသည် သာသနာသက္ကရာဇ် ၂၅၄၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် (၆-၁၁-၂၀၀၃) ကြာသပတေးနေ့ ညဉ့် ၇ နာရီ ၂၇ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားလေတော့သည်။

သတ္တဝါမှန်သမျှ ဘေးအခ ခဲ့အေးမြရွှင်လန်းပါစေ။

ကျော်ဇောဟိန်း(နံ့သာ)


ကိုးကား

နယ်လှည့်ဓမ္မကထိက အရှင်ကောဝိဒ ရေးသားပူဇော်သည့် ရောဝတီတိုင်း၊ ဝါးခယ်မမြို့နယ် ကျေးဌာနတော်ရှင် ကဝဲဆရာတော် ဘဒ္ဒန္တပုညမဟာထေရ်မြတ်ကြီး၏ ထေရုပ္ပတ္တိ သင်္ခေပနှင့် သာဓုကီဠနအန္တိမ အဂ္ဂိဈာပနပူဇော်ပွဲ။



www.burmeseclassic.com

www.burmeseclassic.com



# သစ္စာလေးဖြာ သာသနာ ကြိုဆိုပူဇော်ပွဲ
နှင့်
# ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့

## ဘုန်းမြင့်မောင်မောင်(ရန်ကြီးအောင်)

ဤ သစ္စာလေးဖြာ သာသနာ ကြိုဆိုပွဲကို လွန်ခဲ့တဲ့ နှစ် (၅၀)ခန့်က ရန်ကုန်မြို့ မင်္ဂလာဗျူဟာ အသင်းချုပ်က စတင်ဆောင်ရွက်ခဲ့သော နည်းကို စာဖတ်ပရိသတ်တို့အား သစ္စာလေးပါး အထုံပါရမီ ဖြစ်ကြစေရန်အတွက် ရေးသားလိုက်ပါသည်။

သစ္စာလေးဖြာ သာသနာ ကြိုဆိုပွဲပြုလုပ်ပုံမှာ ဝါဆိုလဆန်း (၁၄) ရက်နေ့တွင် မိမိတို့ အိမ်ကျောင်းရှိ ဘုရားစင် (ဘုရား ခန်း)ကို သန့်ရှင်းခြင်း၊ ဘုရားရေသပ္ပာယ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များဖြင့် အသင့် ပြင်ဆင်ထားပြီး ညနေ ၆ နာရီ (နေဝင် လထွက်အချိန်လောက်)တွင် ဖယောင်းတိုင် လေးတိုင်ကို ထွန်းညှိပူဇော်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ဖယောင်းတိုင် လေးတိုင်ကို ဒုက္ခသစ္စာ အလင်းရောင်၊ သမုဒယသစ္စာအလင်းရောင်၊ နိရောဓသစ္စာ အလင်းရောင်၊ မဂ္ဂသစ္စာ အလင်းရောင်ဟူ၍ အာရုံပြုရပါမည်။ ဆင်းရဲခြင်းအမှန်– ဒုက္ခသစ္စာ၊ ဆင်းရဲကြောင်းအမှန်– သမုဒယသစ္စာ၊ ဆင်းရဲချုပ်ခြင်းအမှန်– နိရောဓသစ္စာ၊ ဆင်းရဲချုပ်ကြောင်း လမ်းကောင်းအမှန်– မဂ္ဂသစ္စာဟူ၍ သစ္စာလေးပါး သဘောသွားကို မိမိတို့ ဉာဏ်အားလျော်စွာ ရှုမြင်သုံးသပ်ဆင်ခြင်ပြီး ''မနက်ဖြန် ဝါဆိုလပြည့်နေ့သည် အမှန်တရား သစ္စာလေးပါးကို ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသောနေ့ ဖြစ်ပါသည်။ ထိုသစ္စာလေးပါးကို ကြိုဆို ပူဇော်သောအားဖြင့် ဤဖယောင်းတိုင် လေးတိုင်တို့ဖြင့် သစ္စာလေးပါးကို ဟောကြားတော်မူသော မြတ်စွာဘုရားကိုလည်းကောင်း၊ သစ္စာလေးပါး အမှန်တရားကိုလည်းကောင်း။ သစ္စာလေးပါးကို ထိုးထွင်းသိမြင်တော်မူပြီးဖြစ်ကြသော ပဥ္စဝဂ္ဂီ အစရှိသော အရိယာ သံဃာတော်အရှင်မြတ်တို့ကိုလည်းကောင်း ရှိခိုးပူဇော်ပါ၏ ဘုရား'' ဟူ၍ သစ္စာလေးဖြာ သာသနာကြိုဆို ပူဇော်ပွဲကို အိမ်တိုင်း အိမ်တိုင်းတွင် မိသားစု စုပေါင်း ပူဇော်ကြရန် ဖြစ်ပါသည်။ ထို့နောက် သီလဆောက်တည်ခြင်း၊ သစ္စာ အဓိဋ္ဌာန်ပြုခြင်း၊ မေတ္တာဘာဝနာပွားများခြင်းတို့ကို ပြုရပါမည်။ စွမ်းနိုင်ပါက ဖယောင်းတိုင် လေးတိုင်တွင် သစ္စာလေးပါး တစ်ပါးစီ ရေးသား၍ မိမိတို့ ပတ်ဝန်းကျင်ရှိ အိမ်များ၊ ကျောင်းများသို့ ပို့လှူ ပူဇော်ကြရန် ဖြစ်ပါသည်။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် အသင်းအဖွဲ့ အနေဖြင့် ဖြစ်စေ၊ အိမ်ထောင်စုအနေဖြင့်ဖြစ်စေ၊ မိမိတစ်ဦးတည်းဖြစ်စေ သံဃာများအား ဝါဆိုဆွမ်း၊ ဝါဆိုသင်္ကန်းကပ်လှူပြီး ရှစ်ပါးသီလခံယူကာ ဓမ္မစကြာသုတ်တော်၊ အနတ္တလက္ခဏာသုတ်တော်တို့ကို ရွတ်ဖတ်ပူဇော်ခြင်း အဓိပ္ပာယ်တို့ကို လေ့လာမှတ်သားခြင်းတို့ကိုပြုပြီး သစ္စာလေးပါး အနှစ်တရား၊ လက္ခဏာရေးသုံးပါးတို့ကို ဆင်ခြင်ပွားများ အားထုတ်ရပါမည်။

ဤကဲ့သို့ သစ္စာလေးဖြာ သာသနာ ကြိုဆိုပူဇော်ပွဲနှင့် ဓမ္မစကြာ အနတ္တလက္ခဏာသုတ်တော်တို့ကို ရွတ်ဖတ်ပူဇော် လေ့လာ မှတ်သားပွားများအားထုတ်ကြရသဖြင့် သစ္စာလေးပါးကို မိမိ ဉာဏ်ပါရမီအလျောက် သိရှိနားလည်ရခြင်း၊ အထုံပါရမီဖြစ်ခြင်း၊ ဒါန သီလ ဘာဝနာ တရားတို့ကို ကာယကံမြောက် ကျင့်သုံးရခြင်း၊ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့ကို ကာယကံမြောက် ကျင့်သုံးရခြင်း စသော အကျိုးတရားတို့ တိုးပွား ကြီးပွားရပါသည်။

ဤတွင် သစ္စာလေးပါး အထုံပါရမီဖြစ်ရပုံကို ဥပမာသာဓက တစ်ခုဖြင့် တင်ပြပါမည်။ ဒီပင်္ကရာ မြတ်စွာဘုရားရှင်က သုမေဓာရှင်ရသေ့အား ဂေါတမအမည်ဖြင့် ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးသောအခါ ရှင်ရသေ့၏ သူငယ်ချင်းဖြစ်သူ မေဃ လုလင်သည် ဆွမ်းသွမ်းရမ်းကား မိုက်မဲနေသော်လည်း ဂေါတမဟူသော အသံကို ကြည်ညိုလှသဖြင့် သာသနာ့ဘောင်သို့ ဝင်၍ ရဟန်းပြုပါသည်။ ထို့နောက် လူမိုက်များနှင့် ပေါင်းမိပြန်၍ လူထွက်ပြီး ရမ်းကားမိုက်မဲခဲ့ပြန်ရာ နောက်ဆုံး မိခင်ကို သတ်မိသည်အထိ ပြစ်မှုကျူးလွန်ခဲ့ပါသည်။ ထိုအကုသိုလ်ကံတို့၏ အကျိုးကြောင့် ကမ္ဘာပေါင်းများစွာ၊ ဘဝပေါင်းများစွာ အပါယ်လေးပါးခံရပြီးနောက် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါတွင် ပင်လယ်သမုဒ္ဒရာအတွင်း၌ ကြီးသော တိပိင်္ဂလ ငါးကြီးဖြစ်ရပါသည်။ တစ်နေ့တွင် ဂေါတမမြတ်စွာဘုရားကို ဖူးမြော်ပြီး ပင်လင်ခရီးဖြင့် သင်္ဘောစီးပြန်လာကြသော ကုန်သည်များသည် ထိုငါးကြီးနှင့် ပက်ပင်းဆုံမိကြလေရာ ကြောက်ရွံ့ထိတ်လန့်ကြကာ ''ဂေါတမမြတ်စွာဘုရား ကယ်တော်မူပါ။ ဂေါတမမြတ်စွာဘုရား ကယ်တော်မူပါ'' ဟု အော်ဟစ်ငိုကြွေးကြလေရာ ငါးကြီးသည် ဂေါတမဟူသော အသံကိုကြားရလျှင် အတိတ်ဘဝက ထိုအမည်ကို သဒ္ဓါကြည်ညိုဖြစ်ခဲ့ဖူးသည့်အတိုင်း ကုန်သည်များကို မစားမျိုတော့ဘဲ ရှေးဖြစ်ဖူးသော ကုသိုလ်စေတနာကို အခါခါ ပြန်လည် အောက်မေ့ ကြည်ညိုရင်း သေလွန်သွားပါသည်။ ထို့နောက် သာဝတ္ထိပြည်၌ လူလာဖြစ်ပြီး ရှေ့နောက်သဒ္ဓါတရားတို့၏ အကျိုးကြောင့် (၇)နှစ်အရွယ်ကပင် ဂေါတမဘုရားဟု ကြားရကာမျှဖြင့် ရဟန်းပြု၍ ဓမ္မရုစိဆိုသော အမည်ဖြင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ဤသာဓကဝတ္ထုကို ထောက်ဆ၍ ယခုဘဝ ပစ္စုပ္ပန်တွင် သစ္စာလေးပါး မြတ်တရားကို ကြည်ညိုစိတ်သန် အဓိဋ္ဌာန်ယူကြ၍ ဖယောင်းတိုင်လေးတိုင်ဖြင့် ပင့်ဖိတ်ပူဇော်ကြပါလျှင် နောင်သောအခါတွင် သစ္စာလေးပါးဟူသော အမည်ကို ကြားကာမျှဖြင့် အကျွတ်တရားရ၍ နိဗ္ဗာန်လားရမည်မှာ မလွဲကေန် ဖြစ်ပါသည်။ ထို့ကြောင့် သစ္စာလေးဖြာ သာသနာကြိုဆိုပူဇော်ပွဲဖြင့် ဓမ္မစကြာ အခါတော်နေ့ကြီးကို ကြည်ညိုလေးစား သဒ္ဓါတရား အပြည့်အဝဖြင့် သာသနာတွင်း ကျွတ်တမ်းဝင် မှတ်တမ်းတင်ဖြစ်နိုင်ရေးအတွက် ဖယောင်းတိုင် လေးတိုင်ကို သစ္စာလေးပါး တစ်ပါးစီ ရေးသား၍ တစ်ဦးကို လေးတိုင်စီကျ လက်လှမ်းမီသမျှ ပေးဝေ လှူဒါန်း ဓမ္မဒါန သာသနာပြု ပူဇော်တော်မူကြပါရန် ပန်ကြားနှိုးဆော်ရေးသားလိုက်ရပါသည်။

ဘုန်းမြင့်မောင်မောင်(ရန်ကြီးအောင်)



www.burmeseclassic.com

www.burmeseclassic.com

# နှစ်ကျိပ်ရှစ်ဆူဘုရားတို့၏

## စေတီတော်များအား

# မှန်းဆရည်ရွယ် ပူဇော်ကန်တော့ခြင်း

**ကိုမောင်သန်းဝင်း**

(၁) ဒီပင်္ကရာမြတ်စွာဘုရားသည် အနှစ်တစ်သိန်းတို့ ကာလပတ်လုံး တည်နေတော်မူလျက် သတ္တဝါအပေါင်းအား ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းကို ပြုတော်မူလျက် အလုံးစုံသော ဗုဒ္ဓကိစ္စပြီးဆုံးသောအခါ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလေ၏။ ဒီပင်္ကရာဘုရား၏ ဓာတ်တော်တို့သည် ရွှေဆင်းတုကဲ့သို့ တစ်ခဲနက် တည်ကုန်၏။ ဓာတ်တော်များအား ရွှေအုတ်တို့ဖြင့်သာလျှင် သုံးဆယ့်ခြောက်ယူဇနာရှိသော မဟာစေတီကြီးကို တည်တော်မူထားကြကုန်၏။

(၂) ကောဏ္ဍညဘုရား ပရိနိဗ္ဗာန်ပြုသောအခါ ဓာတ်တော်တို့သည် မပြန့်ကြကုန်။ ဓာတ်တော်တို့အား ခုနစ်ယူဇနာရှိသော စေတီတည်ထားကုန်၏။

(၃) မင်္ဂလဘုရား ပရိနိဗ္ဗာန်ပြုသောအခါ ဓာတ်တော်တို့သည် မပြန့်ကြကုန်။ ဇမ္ဗူဒိပ်ကျွန်း၌ ယူဇနာသုံးဆယ်ရှိသော စေတီကို တည်ထားကုန်၏။

(၄) သုမနဘုရား ပရိနိဗ္ဗာန်ပြုသောအခါ ဓာတ်တော်တို့သည် မပြန့်ကြကြကုန်။ ဇမ္ဗူဒိပ်ကျွန်း၌ လေးယူဇနာရှိသော စေတီကို တည်ထားကြကုန်၏။

(၅) အနောမဒဿီဘုရား ပရိနိဗ္ဗာန်ပြုသောအခါ ဓာတ်တော်တို့သည် မပျံ့နှံ့ကုန်။ ဇမ္ဗူဒိပ်ကျွန်း၌ နှစ်ဆယ့်ငါးယူဇနာရှိသော စေတီကြီးကို တည်ထားကြကုန်၏။

(၆) နာရဒဘုရား ပရိနိဗ္ဗာန်ပြုသောအခါ ဓာတ်တော်တို့သည် တစ်ခဲနက်တည်ကုန်၏။ လေးယူဇနာရှိသော စေတီတော်ကြီးကို တည်ထားကြကုန်၏။

(၇) ပဒုမုတ္တရဘုရား ပရိနိဗ္ဗာန်ပြုသောအခါ ဓာတ်တော်တို့သည် တစ်ခဲနက်တည်ကုန်၏။ တစ်ဆယ့်နှစ်ယူဇနာရှိသော စေတီကြီးကို တည်ထားကြကုန်၏။

(၈) သုဇာတဘုရား ပရိနိဗ္ဗာန်ပြုသောအခါ ဓာတ်တော်တို့သည် တစ်ခဲနက်တည်ကုန်၏။ ဇမ္ဗူဒိပ်ကျွန်း၌ သုံးဂါဝုတ်ရှိသော စေတီကို တည်ထားကြကုန်၏။

(၉) ပိယဒဿီဘုရား ပရိနိဗ္ဗာန်ပြုသောအခါ ဓာတ်တော်တို့သည် တစ်ခဲနက်တည်ကုန်၏။ ဇမ္ဗူဒိပ်ကျွန်း၌ သုံးယူဇနာရှိသော စေတီကြီးကို တည်ထားကြကုန်၏။

(၁၀) ဓမ္မဒဿီဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် တစ်ခဲနက်တည်ကုန်၏။ ဇမ္ဗူဒိပ်ကျွန်း၌



www.burmeseclassic.com

www.burmeseclassic.com

သုံးယူဇနာရှိသော စေတီကြီးကို တည်ထားကြကုန်၏။

(၁၁) သိဒ္ဓတ္ထဘုရား ပရိနိဗ္ဗာန်ပြုသောအခါ ဓာတ်တော်တို့သည် မပျံ့နှံ့ကုန်။ လေးယူဇနာရှိသော ရတနာတို့ဖြင့် ပြီးသော စေတီကြီးကို တည်ထားကြကုန်၏။

(၁၂) တိဿဘုရား ပရိနိဗ္ဗာန်ပြုသောအခါ ဓာတ်တော်တို့သည် တစ်ခဲနက်တည်တော်မူ၏။ ဓာတ်တော်တို့ကို ဌာပနာပြုပြီးလျှင် သုံးယူဇနာရှိသော စေတီကြီးကို တည်ထားကြကုန်၏။

(၁၃) ဝိပဿီဘုရား ပရိနိဗ္ဗာန်ပြုသောအခါ ဓာတ်တော်တို့သည် ထိုထိုအရပ်သို့ မပျံ့နှံ့ကုန်။ ဓာတ်တော်တို့အား ဌာပနာပြု၍ နှစ်ယူဇနာရှိသော စေတီကြီးကို တည်ထားကြကုန်၏။

(၁၄) သိခီဘုရား ပရိနိဗ္ဗာန်ပြုသောအခါ ဇမ္ဗူဒိပ်ကျွန်း၌ တစ်ခဲနက်တည်ကုန်သော ဓာတ်တော်တို့ကို ဌာပနာပြု၍ သုံးယူဇနာမြင့်သော၊ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော၊ ဟိမဝန္တာတောင်ကဲ့သို့ တင့်တယ်သော စေတီကို တည်ထားကြကုန်၏။

(၁၅) ကကုသန်ဘုရား ပရိနိဗ္ဗာန်ပြုသောအခါ ဓာတ်တော်တို့သည် မပျံ့နှံ့ကုန်။ ဓာတ်တော်တို့ဖြင့် တစ်ဂါဝုတ်မြင့်သော စေတီကြီးကို တည်ထားကြကုန်၏။

(၁၆) ကဿပဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဓာတ်တော်တို့သည် မပျံ့နှံ့ကုန်။ ဓာတ်တော်တို့ဖြင့် တစ်ယူဇနာမြင့်သော စေတီကြီးကို တည်ထားကြကုန်၏။

မဟာကပ္ပေ၊ သချေင်္ျလေးရပ်၊ ကပ်တစ်သိန်းမျှ၊ ပွင့်ကြကုန်သော၊ ဗုဒ္ဓသရီ၊ စေတီတော်ငယ်၊ သပ္ပာယ်တင့်ဆုံး၊ မြေမှုန့်လုံးမျှ၊ ကျုံးမကာသည်၊ သုံးလူ့ဘလွှန်၊ ဘုရားမွန်တို့၊ ရည်ညွှန်မွေဓာတ်၊ ကိန်းဝပ်စံပျော်၊ စေတီတော်ဝယ်၊ ဉာဏ်တော်နိမ့်မြင့်၊ အချင့်အစောက်၊ မြင့်မောက်သရီ၊ ဒီပင်္ကရာ၊ ထွက်ချာဘုန်းစည်၊ ရွှေစေတီမှာ၊ ခြောက်သာသုံးဆယ်၊ မြင့်ဖြူးသွယ်၏၊ တင့်တယ်ထွန်းပ၊ မင်္ဂလာအကျော်၊ စေတီတော်မှာ၊ သချ်ာတွက်မူ၊ ယူဇနာသုံးဆယ်၊ မြင့်သွယ်မောက်မောက်၊ မိုးတိမ်ရောက်၏။

ထို့နောက်ရှင်စော၊ အနောမဒဿီ၊ စေတီတော်စောက်၊ မြင့်မောက်ဖြူးသွယ်၊ တစ်ဆယ့်နှစ်ယူဇနာ၊ အာကာစွင့်စွင့်၊ မြင့်ထက်မြင့်၏။ သုံးဆင့်အညီ၊ ပိယဒဿီ၊ ဓမ္မဒဿီ၊ တိဿ၊ သိခီ၊ သညီလေးဆူ၊ ဘုန်းလူထွန်းပေါ်၊ စေတီတော်ကား၊ တေဇော်ရေတူ၊ သုံးယူဇနာ၊ သချ်ာဖြိုးတင့်၊ မိုးသို့မြင့်၏၊ စွင့်စွင့်ငွားငွား၊ မိုးဖျားတိမ်ဝ၊ သုမန၊ နာရဒ၊ သိဒ္ဓတ္ထမူ၊ သုံးဆူအညီ၊ စေတီတော်စောက်၊ ဖြိုးမောက်ပျံ့မွှေး၊ လေးယူဇနာ၊ ညီညာသဖြင့်၊ မိုးတိမ်မြင့်၏။

တိုးဆင့်ရှင်ကြည်၊ ဝိပဿီနှင့်၊ မည်တော်ကောဏ္ဍည၊ ဗုဒ္ဓနှစ်ဆူ၊ ခုနစ်ယူဇနာ၊ သချ်ာပမာဏ၊ မြင့်ကုန်ကြ၏။ ကဿပ ရှင်ပင်၊ စေတီတွင်ကား၊ ပရန်များချည့်၊ မရှုကြည့်ဘဲ၊ စိတ်ဝိ၍သာ၊ တစ်ယူဇနာ၊ မှန်စွာရှေ့ရှု၊ ဉာဏ်တော်ပု၏၊ သုဇာတမြက်၊ မွေဓာတ်သရီ၊ စေတီတော်မှာ၊ သုံးဂါသာတည့်၊ ထွက်ချာလူ့ဘ၊ ကကုသန္ဓ၊ ဝံသခြွေရွေ၊ စေတီတော်လည်း၊ တစ်ဂါဝုတ်ထူး၊ ဉာဏ်မြင့်မောက်ဖြူးတည်း။

## ဘုရားရှင်တို့၏ စေတီတော်များ

ဒီပင်္ကရာဘုရား၊ ကောဏ္ဍညဘုရား၊ မင်္ဂလဘုရား၊ သုမနဘုရား၊ အနောမဒဿီဘုရား၊ နာရဒဘုရား၊ ပဒုမုတ္တရဘုရား၊ ပိယဒဿီဘုရား၊ ဓမ္မဒဿီဘုရား၊ သိဒ္ဓတ္ထဘုရား၊ တိဿဘုရား၊ ဝိပဿီဘုရား၊ သိခီဘုရား၊ ကကုသန်ဘုရား၊ ကဿပဘုရား၊ ဤတစ်ဆယ့်ခြောက်ဆူကုန်သော ဘုရားရှင်တို့၏ စေတီပမာဏကို ပြတော်မူလေ၏။

ကျန်(၈)ဆူကုန်သော ရေဝတဘုရား၊ သောဘိတဘုရား၊ ပဒုမဘုရား၊ သုမေဒဘုရား၊ အတ္ထဒဿီဘုရား၊ ဖုဿဘုရား၊ ဝေဿဘူဘုရား၊ ကောဏာဂုံဘုရားတို့၏ ဓာတ်တော်တို့သည်ကား ထိုထိုအရပ်ရပ်သို့ ပျံ့နှံ့တော်မူကြကုန်လေ၏။

(လွန်ခဲ့သော ကမ္ဘာက တဏှင်္ကရာဘုရား၊ မေဓင်္ကရာဘုရား၊ သရဏင်္ကရာဘုရား စသည် ၃ ဆူ၊ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း ပွင့်တော်မူကြကုန်သော စေတီတည်ဘုရား ၁၆ ဆူ၊ ဓာတ်တော်ပျံ့ကုန်သော ဘုရား ၈ ဆူ၊ ဂေါတမဗုဒ္ဓ ပေါင်း ၂၈ ဖြစ်၏။)

ရှိသေလေးစားရပါသော ပုဂ္ဂိုလ်ကြီးတစ်ဦးက နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တော်မြတ်တို့၏ ဓာတ်တော်များ ကိန်းဝပ်တည်ရှိခဲ့သော စေတီတော်မြတ်တို့အား မှန်းဆရည်မျှော်ရှိခိုးပူဇော်ခြင်းကြောင့် လိုအင်ဆန္ဒများ ပြည့်မြောက်စေမည်ဟု ဆိုလေရာ ကျွန်ုပ်သည်လည်း နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇော်ပွဲတွင် တစ်တပ်တစ်အား ပါဝင်နေသူဖြစ်၍ ဘဝင်ကျစွာလုပ်ဆောင်လျက် ရှိနေပါကြောင်း ...။

**ကိုမောင်သန်းဝင်း**

<u>ကျမ်းကိုး</u>

မူလဗုဒ္ဓဝင်နှင့် ထူပါဝင်



www.burmeseclassic.com

www.burmeseclassic.com

# အမိဋ္ဌာန်ဝင် အောင်မြေယူ

## မာတ်တော်အဆူဆူ ကိန်းဝပ်တော်မူသည့် နှစ်ကျိပ်ရှစ်ဆူ

သမီး တင့်တယ်

နှစ်ကျိပ်ရှစ်ဆူ စေတီတော်မြတ်ကြီးနှင့် သိကြားမင်း 'စမ'ဘွဲ့ရ နှစ်ကျိပ်ရှစ်ဆူစေတီတော်များ တည်ဆောက်ပြီးစီးသွားသည့် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ရန် မြန်မာနိုင်ငံဝေဒသုတအဖွဲ့ဥက္ကဋ္ဌ ဆရာ ဦးခင်အောင်မိုနှင့် အဖွဲ့ဝင်များက ဖိတ်ကြားလာသည့်အတွက် ကြည်ညိုသဒ္ဓါပွားနိုင်ခွင့် ရခဲ့ပါသည်။ ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ လှော်ကားဥယျာဉ်လမ်းတွင် တည်ရှိသော နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးနှင့် သိကြားမင်း 'စမ'ဘွဲ့ရ နှစ်ကျိပ်ရှစ်ဆူစေတီတော်များမှာ ဆရာတော်ကြီး အရှင်ဂန္ဓသာရ(သာမဏကျော်)၏ ဩဝါဒကို ခံယူ၍ နှစ်ကျိပ်ရှစ်ဆူဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းကာ ပဋ္ဌာန်းဆက်၊ ပါရမီရှင်၊ ကုသိုလ်ရှင်၊ အလှူရှင်အပေါင်းနှင့် ခုနစ်ရက်သားသမီးအပေါင်းတို့မှ လှူဒါန်းခဲ့သောငွေကြေး၊ ပစ္စည်း၊ လုပ်အားဒါနတို့ ပေါင်းစုလျက် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီး အရှင်ဂန္ဓသာရ (သာမဏေကျော်) (သာကေတ သဒ္ဒါဝိမုတ္တကျောင်းတိုက်)သည် ပြည်တွင်း၌ (၂၅)ဆူ၊ ပြည်ပ၌ (၃)ဆူသော တန်ခိုးကြီးဘုရားများ၌ လှည့်လည်အဓိဋ္ဌာန်ဝင်ခဲ့ရာ ခုနစ်နှစ်ကြာခဲ့ပါသည်။ ဗုဒ္ဓဂယာ၌လည်း ၄၉ ရက်ကြာ အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ ထို့ကြောင့် မိမိကဲ့သို့ အဓိဋ္ဌာန်ဝင်လိုသူ ခုနစ်ရက်သားသမီးများ ခက်ခဲခြင်းမရှိစေရန် နှစ်ကျိပ်ရှစ်ဆူသော ဘုရားများအား မူလပုံတူအတိုင်း တည်ဆောက်၍ နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးအား ရွှေတိဂုံစေတီတော် ပုံစံတူ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။

လှော်ကားတောရကျောင်းတိုက်ကြီးနီး လှော်ကားဥယျာဉ်ကားလမ်းဘေး သာသနာ့ဝတ္တကမြေပေါ်တွင် လေးဘာဘက်လေးတန် လိုဏ်မုခ်ခံသည့် နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးမှ ဉာဏ်တော် အမြင့် ၄၅ တောင်၊ လိုဏ်မုခ်အပါအဝင် ၈၁ ပေရှိပြီး သိကြားမင်း 'စမ'ဘွဲ့ရ နှစ်ကျိပ်ရှစ်ဆူပုံတူစေတီတော်များအပါအဝင် တည်ဆောက်ခဲ့ရာ၌ ရှေးထုံးစဉ်လာအတိုင်း ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ သတ္တုရုပကဝိနာသနီကျမ်း၊ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံမုဒြာကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ ဗိသုကာ အင်ဂျင်နီယာများအဖွဲ့က အောင်မြင်စွာ တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

၂၅. ၂. ၂၀၀၄ နေ့တွင် မြေသန့်မင်္ဂလာအခမ်းအနား၊
၂၇. ၁၁. ၂၀၀၄ နေ့တွင် ရွှေပန္နက်တော်မင်္ဂလာအခမ်းအနား၊
၁၃. ၂. ၂၀၀၅ တွင် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား၊
၁၉. ၈. ၂၀၀၅ နေ့တွင် ရတနာမဏ္ဍိုင်တင်မင်္ဂလာအခမ်းအနား၊
၁၀. ၁၁. ၂၀၀၆ နေ့တွင် သိကြားမင်း 'စမ'ဘွဲ့ရ ပုံတူစေတီ

www.burmeseclassic.com

နှစ်ကျိပ်ရှစ်ဆူ၏ ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားနှင့် ၂၅. ၁၁. ၂၀၀၇ နေ့တွင် ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားများကို အဆင့်ဆင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးနှင့် သိကြားမင်း 'စမ' ဘွဲ့ရ နှစ်ကျိပ်ရှစ်ဆူစေတီတော်များတွင် ရဟန္တာအရှင်မြတ်များ၏ ဓာတ်တော်များနှင့် ရဟန်းရှင်လူပြည်သူများ၏ ရတနာ၊ ရွှေငွေအပေါင်း ထည့်သွင်းဌာပနာ ထားရှိသည်သာမက ဤစေတီတော်များ၏ ထူးခြားချက်မှာ ဓာတ်ကြီးလေးပါးနှင့်အညီ ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံရှိ ဘုရားများနှင့် ပုံစံတူ တည်ထားကိုးကွယ်နိုင်ခွင့် ရစေရန် စီမံတည်ဆော ထားခြင်း ဖြစ်သည်။

ထို့ပြင် ဆရာတော်ကြီး အရှင်ဂန္ဓသာရ အဓိဋ္ဌာန်ဝင်ခဲ့ရာ ပြည်တွင်း ပြည်ပရှိ နှစ်ကျိပ်ရှစ်ဆူဘုရားများ၏ အောင်မြေများကို ထည့်သွင်းဌာပနာထားသည်။ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ကြီး၏ အောင်မြေကိုလည်း နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးတွင် ဌာပနာထားရှိပါသည်။

သိကြားမင်း ဆက်ကပ်သော 'စမ'ဘွဲ့ရ နှစ်ကျိပ်ရှစ်ဆူစေတီဘုရားများကို ဖော်ပြရပါလျှင် –

ပထမတတိ(မြောက်)
နံနက်(၆-၉)နာရီ

၁။ မင်းဘူးရွှေစက်တော် အထက်စက်တော်ရာ (ကေ–လာ–ဝ–ဟ)
၂။ ပုဂံ/ညောင်ဦးမြို့ ရွှေဇီခုံ?? 

၃။ ပိဋကတ်တိုက်ပြည်စွယ်တော် (မာ–မံ–ဟု–ဟာ)
၄။ ရန်ကုန်မြို့ ရွှေတိဂုံ (ဗု–ဒ္ဓ–စိ–န္တာ)
၅။ ကျောက်ဆည်မြို့နယ် ရွှေသာလျောင်း (ဝိ–ရူ–ဟော–န္တု)
၆။ သပိတ်ကျင်းမြို့ အညာသီဟတော (သ–မ္ဗ–ဒေ–ယ)
၇။ ကျိုက်ထိုမြို့ ကျိုက်ထီးရိုး (ဣ–အ–မ–ချာ)

အာပေါ်တတ်(တောင်)
နံနက်(၉-၁၂)နာရီ

၈။ ကလိန်အောင်ထားဝယ်ပြည်ဆံတော် (မံ–သွတ်–သု–သံ)
၉။ ပဲခူးမြို့ ကျိုက်ပွန် (အ–ဟံ–ဘ–န္တေ)
၁၀။ ပခုက္ကူကွမ်းရွာ ရွှေတန့်တစ် (ထိ–ထ–မ–စဲ)
၁၁။ သာစည် ရွှေယင်မြော် (ဥ–ဝ–ဟာ–နီ)
၁၂။ ဇင်းကျိုက်ရွာ (စေ–အာ–မာ–သော)
၁၃။ ပြည်မြို့ပြည်ဆံတော် (သု–သု–ဇာ–ဂံ)
၁၄။ အင်းဝမြို့ အဝရွှေစည်းခုံ (သု–ခါ–ဝ–ဟံ)

တေဇောတတ်(အရှေ့)
နေ့လည်(၁၂-၃)နာရီ

၁၅။ ကျိုက္ကမီဘုရား (စ–ဘ–က–သ)
၁၆။ ပွင့်ဖြူမြို့ လယ်ကိုင်းကျောင်းတော်ရာ (ပု–ည–ခေ–တ္တံ)
၁၇။ မန္တလေးတိုင်း ရွှေစာရံဘုရား (ဗော–ဓိ–စိ–န္တာ)
၁၈။ လန်ပွန်းမြို့ ဇင်းမယ်လပုန်း (အ–စိ–န္တေ–ယ)
၁၉။ တောင်ငူ မြတ်စောညီနောင် (ဗော–ဓိ–သေ–ဋ္ဌံ)
၂၀။ မြစ်သားမြို့နယ် ရွှေမင်းဝံ (ဥ–မ္မာ–ဝ–မွဲ)
၂၁။ မန္တလေးမြို့နှင့် ကျောက်တော် ရခိုင်ဘုရားကြီး (ဗု–ဒ္ဓ–ဂု–ဏာ)

ဝါယောတတ်(အနောက်)
ညနေ(၃-၆)နာရီ

၂၂။ တံတားဦးမြို့နယ် ပင်းပရွှေစည်းခုံ (သ–သ–သံ–သေ)
၂၃။ ချင်းမိုင် ယိုးဒယားပြည်ဆံတော် (ဓ–ဝံ–မာ–ဟ)၏
၂၄။ ပဲခူးမြို့ ရွှေမော်ဓော (ဝ–ရ–ဂု–ဏာ)
၂၅။ ရေစကြိုမြို့နယ် ပခန်းစည်သူရှင် (ဝ–ဝ–ဇာ–ဂံ)
၂၆။ ပုဂံညောင်ဦးမြို့ ရွှေစည်းခုံ (အ–သော–မာ–ဝ)
၂၇။ မုတ္တမမြသိန်းတန် (ဝေ–ဒါ–ဒ–ယ)
၂၈။ မင်းဘူးရွှေစက်တော် အောက်စက်တော်ရာ (န–န္တ–ဂု–ဏာ)

ဘုရားများ ဖြစ်သည်။ နေရာဒေသ ပတ်ဝန်းကျင်အနေအထားအရ အေးချမ်းသာယာ ဆိတ်ငြိမ်မှုရှိသည့်အတွက် အဓိဋ္ဌာန်ဝင်လိုသူများအတွက် အထူးသင့်လျော်ကြောင်း တွေ့ရှိရပါသည်။

၁၉. ၄. ၂၀၀၈ ရက်နေ့၊ ၁၃၇၀ ပြည့်နှစ် ဦးတန်ခူးလဆန်း ၁၄ ရက်နေ့တွင် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မှုဆည်းပူးခြင်း အခမ်းအနားနှင့် ၂၀. ၄. ၂၀၀၈၊ တနင်္ဂနွေနေ့၊ ၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်နေ့တွင် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားများကို နှစ်ရက်တိုင် ကျင်းပခဲ့ပါသည်။

ဗဟိုမဏ္ဍပ်တွင် နံနက်အရုဏ်တက်ချိန်မှစ၍ အနန္တောအနန္တငါးပါးနှင့် အရိယာသူတော်စင်များအား ပင့်ဖိတ်ပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းများ လှူဒါန်းပူဇော်ခြင်း၊ သိကြား၊ ဗြဟ္မာ၊ စတုလောကနတ်မင်းကြီး လေးပါး၊ သာသနာတော်စောင့်နတ်များ၊ သောတာပန်နတ်မင်းကြီး အပါး ၄၀၊ သိုက်ချုပ်ဘိုးတော်နှင့် သိုက်နန်းရှင်များ၊ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း၊ အဝန်း ၃၇ မင်းနှင့် တစ်ရာတစ်ဆယ့်တစ်ပါးသော နတ်မင်းများ

www.burmeseclassic.com

အား ပင့်ဖိတ်ပြီး ဗလီနတ်စာ လှူဒါန်းခြင်း၊ ဆုမွန်ကောင်းများ တောင်းခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ပါသည်။

နံနက် ၉ နာရီအချိန်ကစ၍ ဩဝါဒစရိယဆရာတော် ဘုရားများနှင့် သံဃာတော်များအား ပင့်ဆောင်ပြီး အခမ်းအနား ဖွင့်လှစ်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မှော်ဘီ မြို့နယ် သံဃာ့နာယကအဖွဲ့ ဆရာတော်ထံမှာ အာဖိဝဒ္ဒာမက သီလခံယူတည်ဆောက်ခြင်း၊ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ နှင့် ပရိတ်ချည်များကိုလည်းကောင်း၊ ရွှေထီးတော်တင်မည့် စိန်ဖူး တော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံ ခုနစ်ဆင့်နှင့်တကွ သိကြားမင်း 'စမ'ဘွဲ့ရ နှစ်ကျိပ်ရှစ်ဆူစေတီတော်များ၏ ထီး တော်များကိုလည်းကောင်း၊ သာသနာ့အလံတော်နှင့် နေလ နှစ်ပါး အလံတော်များကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြ သည်။

စေတီတော် တည်ဆောက်ရေးအဖွဲ့ဝင်များက နှစ်ကျိပ် ရှစ်ဆူစေတီတော်မြတ်ကြီး၏ ငြမ်းထိပ်တွင် နေရောင်၊ လရောင် ပမာ သာသနာရောင် ထွန်းလင်းတောက်ပမည်ကို နိမိတ်ဆောင် လျက် နေလနှစ်ပါး အလံတော်များနှင့်တကွ သိကြားမင်း၏ အောင်လံ၊ ပဇာပတိနတ်မင်းကြီး၏ အောင်လံ၊ ဝရုဏနတ်စစ် သူကြီး၏အောင်လံ၊ ဤသာသနံနတ်စစ်သူကြီး၏ အောင်လံတို့ ထက် သာလွန်မြင့်မြတ်သော ရတနာမြတ်သုံးပါးဂုဏ်ဆောင် ဗုဒ္ဓသာသနာ ဓဇဂ္ဂမဟာအောင်လံတော်ကြီးကို လွှင့်ထူခြင်း၊ ပရိတ်ရွတ်ပြီးသော ပန်း၊ ရေ၊ သဲနှင့် ပရိတ်ချည်များကို ပက်ဖျန်း ချည်နှောင်ခြင်း ပြုကြပါသည်။ ဆရာတော်များအား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီးလျှင် ဗိသုကာအင်ဂျင် နီယာများအဖွဲ့က မူလဘုရားဒါယကာ၊ ဒါယိကာမများထံ အသီး သီးပြန်လည်အပ်နှ်ံးခြင်း၊ အပြစ်ရှိက ခွင့်လွှတ်ပေးပါရန် သက် ဆိုင်ရာများအား တောင်းပန်လျှောက်ထားခြင်း ပြုကြသည်။ မှော်ဘီမြို့နယ် သံဃာ့နာယကအဖွဲ့ ဆရာတော် အရှင်သူမြတ် က ရေစက်ချတရား ချီးမြှင့်ပြီး အမျှဝေခြင်းဖြင့် ဒါန၊ သီလ၊ ဘာဝနာကုသိုလ် ဆည်းပူးခြင်းအခမ်းအနားမှာ 'ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု' သုံးကြိမ်ရွတ်ဆို အောင်မြင်ခဲ့ပါသည်။ နေ့လယ်ပိုင်း တွင် မြန်မာနိုင်ငံ ဝေဒသုတေသန ဝတ်အဖွဲ့နှင့် ဗမ္ဗူရာဇ်ရွှေစင် ဝတ်အဖွဲ့တို့က ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း ပြုခဲ့ ကြပါသည်။

ရေထီးတော်တင် မင်္ဂလာအခမ်းအနားနှင့် ဗုဒ္ဓါဘိသေက အနေကစာတင် မင်္ဂလာအခမ်းအနား (၂၈.၄.၂၀၀၁)နေ့က ဆက်လက်ကျင်းပရာတွင် နံနက်အရုဏ်တက်ချိန်မှစ၍ အနန္တော အနန္တငါးပါးနှင့် အရိယာသူတော်စင်များအား ပင့်ဖိတ်ပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းများ ဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ သိကြား၊ ဗြဟ္မာ၊ နတ်မင်းများအား ပင့်ဖိတ်ပြီး ဗလီနတ်စာလှူဒါန်းခြင်း၊ ဆုမွန်ကောင်းများတောင်းခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ် ခြင်း၊ အခမ်းအနားဖွင့်လှစ်ခြင်း၊ သီလခံယူတည်ဆောက်ခြင်း၊ နှစ်ကျိပ်ရှစ်ဆူစေတီတော် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌမှ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာအား ဖတ်ကြားလျှောက် ထားခြင်း၊ ပင်မစေတီတော်ကြီးအား ဆက်ကပ်လှူဒါန်းမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော် ဖွန်း(၄)ဘုံ၊ ဆပ်သွားဖူးတော်၊ ပင်မရွှေထီးတော် ဘုံ(၇)ဆင့်နှင့် နှစ်ကျိပ်ရှစ်ဆူစေတီတော်များ ၏ ထီးတော်များအား လက်ျာရစ် သုံးကြိမ် လှည့်လည်ပူဇော်ခြင်း ပြုကြပါသည်။

ဒေဝါဝင်း ရာဇာဝင်းငင်း၍ ဩဝါဒစရိယ ဆရာတော်ကြီး များ၊ အကြီးအကဲများ၊ အလှူရှင်များ၊ ဝတ်အဖွဲ့နှင့် ဧည့်ပရိသတ် များက ကပ်လှူမည့် ထီးတော်များကို ပင့်ဆောင်လျက် ရတနာ သုံးပါး အာရုံပြုကာ သရဏဂုံသုံးပါး ရွတ်ဆို၍ လက်ျာရစ် သုံးပတ်လှည့်လည်ပူဇော်ကာ မဟာမင်္ဂလာရထားပျံ မဏ္ဍပ်သို့ ပင့်ဆောင်ကြပါသည်။

မပျက်စီးနိုင်သော အသမိန္တဓာတ်သဘော၊ အမြိုတ္တ ဓာတ်သဘော၊ လင်းလက်တောက်ပ တန်ခိုးတော်အနန္တ သဗ္ဗ ညုတ ရွှေဉာဏ်တော်၏ ဂုဏ်တော်ကိုဆောင်သော အနန္တပဘာ ဓာတ်သဘော၊ အနန္တတေဇာဂုဏ်သဘောကို ရည်ညွှန်းသော အဓိပ္ပာယ်ဖြင့် ဝဇိရဂ္ဂမဟာစိန်ဖူးတော်မြတ်ကို လှူဒါန်းခြင်းဖြစ်ပြီး ဘုရားလောင်း ဟင်္သာမင်း၊ လင်းမြီးခွဲမင်း၊ ကျေးမင်း၊ ကြက်မင်း စသော ငှက်မြတ်လေးပါး ပျံနားစံပယ် နိမိတ်ဆောင်သော သဘောဖြင့် ငှက်မြတ်နားတော် လှူဒါန်းခြင်း၊ ဖွန်းလေးဘုံနှင့် ဆပ်သွားဖူးတော် လှူဒါန်းခြင်း၊ သိကြားမင်း 'စမ'ဘွဲ့ရ နှစ်ကျိပ် ရှစ်ဆူတော်များ၏ ထီးတော်များအား လှူဒါန်းခြင်းတို့ကို ရှေးထုံး လာကျမ်းဂန်များနှင့် ညီညွတ်စွာ ဆင်ယင်ကျင်းပကြပါသည်။

ထီးတော်ဘုံ (၇)ဆင့်အား လူ၊ နတ်၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ တစ်ဦးစီနှင့် အလှူရှင်များက မဟာ မင်္ဂလာ ရထားပျံမဏ္ဍပ်တွင် နေရာယူကာ နံနက် (၁၀)နာရီ (၃၃)မိနစ် အချိန်ကစပြီး ထီးတော်ဘုံ (၇)ဆင့်အား တင်လှူပူဇော် ကြပါသည်။ နေ့လယ် (၁)နာရီ (၅၀)မိနစ် (၀)စက္ကန့် အချိန်တွင် ရွှေတိဂုံပုံတူ နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီး စိန်ဖူးတော်ကို အောင်မြင်စွာ တင်လှူပူဇော်နိုင်ခဲ့ပါသည်။ ထီးတော်များကို အောင်မြင်စွာ တင်လှူနိုင်ရန်အတွက် တပ်မတော်(လေ) မြလေ ယာဉ်ထီးတော်အဖွဲ့က ကူညီဆောင်ရွက်ပေးခဲ့သည်။ အခမ်း



www.burmeseclassic.com

www.burmeseclassic.com

အနာဂတ် ဦးသန်းဆွေ(ဗေဒ)က "ခိုင်ခံ့မအောင်ပြီ"ဟု သုံးကြိမ် ကြွေးကြော်သည်နှင့် ပရိသတ်အပေါင်းကလည်း "အောင်ပြီ" သုံးကြိမ်ကြွေးကြော်ကြလျက် မင်္ဂလာရွှေမောင်း ငွေမောင်းများ၊ အောင်စည်အောင်မောင်းများ တီးခတ်ကာ ရွှေမိုး၊ ငွေမိုး ရွှာသွန်း ဖြိုးကြသည်။ ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကို နေ့လယ် (၁း၃၀)နာရီ အချိန်တွင် အောင်မြင်စွာ ကျင်းပခဲ့ကြ ပါသည်။

မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့က မင်္ဂလာအခါတော် ပေး ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများအား ဦးခင် မောင်ဝင်း(ဒုတိယအင်ဂျင်နီယာချုပ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း) အမှူးပြုသော အင်ဂျင်နီယာအဖွဲ့ အင်တိုက်အားတိုက် တည်ဆောက်ပေးကြ၍ စေတီတော်ကြီး ရွှေဆေးသုတ်လုပ်ငန်း တွင် ထိုင်းနိုင်ငံမှ ကြီးကြပ်အင်ဂျင်နီယာ မစ္စတာချူးချူး (Michiko Traditing-Thailand Co., Ltd.) က ပံ့ပိုးကူညီ ကြောင်း သိရှိရပါသည်။

ဘုရား,တရား,သံဃာ ရတနာမြတ်သုံးပါး၊ ဗြဟ္မာ၊ သိကြား စသော သာသနာစောင့် သမ္မာဒေဝနတ်ကောင်းနတ် မြတ်များ၊ ပဌာန်းဆက်နွယ် ရုက္ခစိုး၊ ဘုမ္မစိုး၊ ဥဒကဌဒေဝတာ နှင့် ရေစောင့်နတ်၊ နယ်မြေစောင့်နတ်၊ တောစောင့်နတ်၊ တောင် စောင့်နတ်မင်းများ၊ ဝိဇ္ဇာဇော်ဂျီအပေါင်း၊ ဘုရားနှင့် သက်ဆိုင် သော ပုဂ္ဂိုလ်အပေါင်းနှင့် နဂါးမင်း၊ ဂဠုန်မင်း စသော ပုဂ္ဂိုလ် အပေါင်းတို့၏ စောင့်ရှောက်ကူညီမှု၊ စေတီတော်မြတ်ကြီးအား စတည်သည်မှ ချောမောအောင်မြင်စွာ တည်ဆောက်ပြီးစီးသည် အထိ လိုအပ်သည့်အခါတိုင်း ပြည့်စုံရလေအောင် လှူဒါန်းခဲ့ကြ သည့် အလှူရှင်ပုဂ္ဂိုလ်အပေါင်းတို့၏ ညီညွတ်စွာ သဒ္ဓါတရား ထက်သန်မှုဖြင့် နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးနှင့် သိကြား မင်း 'စမ'ဘွဲ့ရ နှစ်ကျိပ်ရှစ်ဆူစေတီတော်များ အောင်မြင်စွာ တည်ဆောက်ပြီးစီးနိုင်ခဲ့ပါသည်။

ထိုနေ့က ကျပ်သိန်းပေါင်း ၃၂၆၂ ၄၅ သိန်းကျော်အား လှူဒါန်းခဲ့သည့် အလှူရှင်များ၏ ကုသိုလ်အား ရေစက်ချအမျှ ဝေခဲ့ရာ ဝမ်းမြောက်ဝမ်းသာစွာ သာဓုအနုမောဒနာ ခေါ်ဆိုခွင့် ရခဲ့ပါသည်။

စေတီတော်ရင်ပြင် ကွန်ကရစ်ခင်းခြင်းနှင့် အပူငြိမ်း ကျောက်ပြားခင်းလုပ်ငန်း၊ ဂရင်းနိုက်ကျောက်ပြားခင်းလုပ်ငန်း၊ စေတီတော်ရင်ပြင် တံတိုင်းနှင့် ခြစည်းရိုး မဟာရံတံတိုင်း တည် ဆောက်ခြင်းလုပ်ငန်း၊ သိကြားမင်း 'စမ'ဘွဲ့ရ ပုံတူစေတီ နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားတို့တွင် အရုဏ်ခံတန်ဆောင်း ၂၈ ခု တည်ဆောက်ခြင်းလုပ်ငန်း၊ ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားအပေါင်း၏ ပရိဘောဂစေတီပွင့်ရာ ဗောဓိပင်များ အား ကျမ်းကျင်မှု အကူအညီရယူ စိုက်ပျိုးခြင်းလုပ်ငန်း၊ မှန် အလိုက် ဘုရား ၂၈ ဆူ ရှေ့မှောက်တွင် ဘုရားရှိခိုးကျောက်စာ ၅၆ ချပ် စိုက်ထူရန်လုပ်ငန်း၊ လက်ယာရစ် ရင်ပြင်တော် ကား ပတ်လမ်းနှင့် လျှောက်လမ်းများ ခင်းခြင်းလုပ်ငန်း၊ ပရိဝုဏ် သာသနိက အဆောက်အဦများဖြစ်သည့် သိမ်၊ ဓမ္မာရုံ၊ သံဃာ တော်အဆောင်၊ သီလရှင်အဆောင်၊ အမျိုးသားယောဂီဆောင်၊ အမျိုးသမီးယောဂီဆောင်၊ ဘုရားသမိုင်းမှတ်တမ်းကျောက်စာ နှင့် ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်မှတ်တမ်း ကျောက် စာတိုက်၊ သက်သတ်လွတ် မေတ္တာကျွေးမွေးရေးစခန်း၊ ဆွမ်း ချက်ဆောင်၊ ဆွမ်းစားဆောင်၊ ဂါလံငါးသောင်းဆံ့ မြေအောက် ရေစင်၊ ဂါလံနှစ်သောင်းဆံ့ မြေပေါ်ရေစင်၊ ရှင်သီဝလိ၊ ရှင်ဥပ ဂုတ္တ၊ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ အဆောင်၊ အနန္တမေတ္တာဆေးခန်းနှင့် ဆေးရုံအဆောက်အဦလုပ်ငန်းများ ပေါ်ပေါက်အောင်မြင် ဖြစ် ထွန်းလာစေရန် နှစ်ကျိပ်ရှစ်ဆူစေတီတော် တည်ဆောက်ရေး ကော်မတီက အချိန်တိုအတွင်း ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

ဩဝါဒစရိယ ဆရာတော်ကြီး၏ ဩဝါဒပြုမှုအရ လာဘ(လာဘ်လာဘရလိုမှု)၊ သက္ကာရ(အလေးအမြတ်အပူဇော် ခံလိုမှု)၊ သိလောက(ကျော်ကြားထင်ရှားလိုမှု) သုံးပါးမှ လွတ် ကင်းအောင် စိတ်ထားတတ်လျှင် ပါရမီကုသိုလ်စိတ် ပွားများပြီး လုပ်ဆောင်သွားကြရန် ရည်သန်ကြသည့်အလျောက် အန္တရာယ် ခပ်သိမ်း ကင်းလွတ်ငြိမ်းလျက် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် အဓိဋ္ဌာန်ဝင်လိုသူ၊ အမျိုးဘာသာ သာသနာအကျိုး ထမ်းရွက် လိုသူ ကုသိုလ်ရှင် အလှူရှင်များအဖို့ သွားရောက်ဖူးမြော် လှူဒါန်းနိုင်ကြစေရန် မေတ္တာဆပွား ရေးသားတင်ပြလိုက်ရပါ သည်။

**သမီးတင့်တယ်**

*( ဤဆောင်းပါး ရေးသားရန် အားပေးသော ဆရာ ဦးမောင်မောင်မြင့်အေးအား ကျေးဇူးတင်ရှိကြောင်း ဖော်ပြ အပ်ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

# ဆုတောင်းပြည့်ရာ ရှေ့ကား

## နှစ်ကျိပ်ရှစ်ဆူစေတီမဟာ

ကျော်မင်းနိုင်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မှ မောင်းနှင်လာသော မောင်ဝင်းကို၏ TOYOTA MARK X 2008 MODEL ကားကလေး အမှတ်-၁ လမ်းမကြီးအတိုင်း မောင်းလာရာက ထောက်ကြန့်လမ်းဆုံသို့အရောက် မှော်ဘီဘက်သို့ ဦးတည်လိုက်သည်။

ကျွန်ုပ်မှာ လမ်းဆုံ၌ စည်ကားစွာ ဖွင့်လှစ်ထားသော ဆိုင်များကို လှမ်းကြည့်၍ ...

"ပေါက်စကြီးတို့ဆိုင် မဝင်တော့ဘူးလား ဝင်းကို"

"မဝင်တော့ဘူးလေ အစ်ကို။ ကိုပေါက်စက အကျွတ်တရားရပြီး စားသောက်ဆိုင်ကို သူ့သားတွေကို ပေးထားခဲ့တာပဲ။ ခုသွားမှာက ကိုပေါက်စဘဝပြောင်း ဦးမေဓာဝီအဖြစ်နဲ့ သက်န်းစည်းနေတဲ့ လှော်ကားတောရကျောင်းတိုက်ကြီးအနီးမှာ တည်ထားတဲ့ နှစ်ကျိပ်ရှစ်ဆူစေတီကိုလေ ..."

"ဩော် ... အေး ... အေး။ ငါက သူ့ဆိုင်ကို လှမ်းတွေ့တော့ သူ့ကို သတိရပြီး နှုတ်က လွှတ်ခနဲထွက်သွားတာပါကွာ။ သူ့ဆိုင်ဝင်ရအောင်ကလည်း တို့သွားမယ့်ခရီးနဲ့ ဘာမှမဆိုင်လှပါဘူး"

"ဟုတ်တယ်အစ်ကို။ ကိုပေါက်စက ဘဝအပြောင်းအလဲ[illegible]လို့၊ သူ့ဘဝပြောင်းပုံတွေကလည်း သိပ်မြန်တယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်က စားသောက်ဆိုင်ပိုင်ရှင်၊ ခု ... တောရကြီးကျောင်းတိုက် ပရဝဏ်မှာ ဦးပဉ္စင်းကြီး မေဓာဝီ ဖြစ်နေပြီပြန်ပြီ"

"အေး ... မင်းစကားကို ထပ်ဖြည့်ရမယ်ဆိုရင် လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော်က တောခိုဗကပ ကွန်မြူနစ်၊ နောက် အလင်းဝင်၊ ကြုံရာကျရာ လုပ်တာတွေ ထည့်ပြောရဦးမယ်"

မောင်ဝင်းကိုသည် ကားကလေးကို ရန်ကုန်-ပြည်လမ်းမကြီးအတိုင်း မှော်ဘီတံတားကိုကျော်လွန်ပြီးနောက် ဘက်လှော်ကားလမ်းသို့ ကွေ့ချလိုက်သည်။

"ကိုပေါက်စ အကျွတ်တရားရပြီး ဘုန်းကြီးဝတ်တော့လည်း ထူးထူးချွန်ချွန်ပါပဲ အစ်ကို။ ဦးပဉ္စင်းမေဓာဝီဘဝနဲ့ လှော်ကားတောရကျောင်းတိုက်ကြီးမှာ သီတင်းသုံးပြီး တောရကျောင်းတိုက်အနီးက သာသနာ့ဝတ္တကမြေပေါ်မှာ တည်ထားတဲ့ နှစ်ကျိပ်ရှစ်ဆူ စေတီတော်ကြီးမှာ ကျွန်တော့်ကို အမိဋ္ဌာန်ဝင်ခိုင်းလို့ ကျွန်တော် ဝင်ခဲ့တာ အစ်ကိုမြင်တဲ့အတိုင်း ထူးထူးခြားခြား အကျိုးပေးတော့တာပဲ အစ်ကို"

"အင်း ... မင်းကြီးပွားလာပုံက တော့ အံ့မခန်းပါပဲ ဝင်းကိုရာ။ မင်းလည်း မင်းအစ်ကိုလိုပဲ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်



www.burmeseclassic.com

www.burmeseclassic.com

က လမ်းဘေးမှာ ခတ်ဆီ၊ ဒီဇယ်ဆီ ရောင်း၊ ခုတော့ WIN KO AUTO-MOBILE CENTER ဆိုပြီး ကား အရောင်းအဝယ်ကုမ္ပဏီကြီး တည်ထောင်နိုင်တာကို ငါအံ့ဩနေတယ်"

"ဒါ ‥ ကိုပေါက်စ … အဲ ‥ ဦးပဥ္စင်းကြီးမေဓာဝီ အဓိဋ္ဌာန်ဝင်နိုင်းတဲ့ အတိုင်း နှစ်ကျိပ်ရှစ်ဆူစေတီတော်မှာ အဓိဋ္ဌာန်ဝင်ခဲ့တဲ့ အကျိုးပဲလို့ ကျွန်တော်ရဲရဲကြီး ပြောဝံ့တယ်အစ်ကို …"

ဝင်းကို၏ကားကလေးမှာ လှော်ကားဥယျာဉ်ကို ဖြတ်ကျော်လာသည်။ ငါးမိနစ်ခန့် မောင်းလိုက်သည်နှင့် လှော်ကားတောရကျောင်းတိုက်ကြီးအနီး သာသနာ့မြေပေါ်တွင် တည်ထားသော နှစ်ကျိပ်ရှစ်ဆူ စေတီတော်ကြီးကို အံ့မခန်း ဖူးတွေ့ရလေပြီ။

သို့သော် ကျွန်ုပ်တို့ရောက်သွားစဉ် ဦးပဥ္စင်းဦးမေဓာဝီနှင့် ချက်ချင်း မဆုံတွေ့ရဘဲ ဆွမ်းခံထွက်နေသည်နှင့် ကြုံခဲ့ရလေသည်။

သည်နေရာကလေးကို ရောက်တော့ ကျွန်ုပ်၏ ဘဝပုံရိပ်တစ်ပိုင်းတစ်စကို ပြန်လည်တွေးမိပြန်၏။

× × × × ×

သည်နေရာကလေးဟု ကျွန်ုပ်က သုံးနှုန်းမိသော်လည်း ယခုကာလတွင်မူ အဓိကရနေရာကြီးတစ်ခု ဖြစ်လျက်ရှိချေ၏။

ယခင်က ထိုနေရာကလေးသည် လှော်ကားရွာ၏ အရှေ့မြောက်ဘက်ယွန်းယွန်းမှာရှိပြီး တောရိပ်တောင်စွယ်ကြားမှာ ညို့ညို့မှိုင်းမှိုင်းနှင့် လူသူအရောက်အပေါက်နည်းပါးသော နေရာ၊ လှော်ကားရွာအနီးမှ်ဝိုင်းမှကြည့်လျှင် လှော်ကားကန်စပ်မှာ ပထမဦးဆုံးမြင်ရသော တောင်ကုန်းကြီး။

ထိုစဉ်က လှော်ကားတောရကြီးကျောင်း၊ တောင်နှစ်လုံးဟု အမည်တွင်ခဲ့သည်။ အမှန်ပင် တကယ့်ကို တောရကြီး ဖြစ်ပါ၏။ များသောအားဖြင့် အချို့တောရကျောင်းများသည် လူသူမနီး တောကြီးအတွင်းမှာ ရှိတတ်ကြသည်။

လှော်ကားတောရကြီးကျောင်းမှာမူ လျှိုမြောင်တောအုပ်ကြီးအကြား တောင်နှစ်လုံးထိပ်တွင် တည်ရှိနေခြင်းပင်။ တောင်နှစ်လုံးတည်နေပုံကလည်း ဆန်းလှသည်။ တောင်ဘက်အချပ်မှ စ၍ ခပ်ပြေပြေပြင့် မောက်တက်လာသည်။ ထိုထူးဆန်းသော တောင်နှစ်လုံးသည် မြောက်ဘက်သို့အရောက် ဆက်မိပြီး တောင်မြင့်ကုန်းကမူ တစ်လုံးတည်း ဖြစ်သွား၏။

တောင်ရင်ကွဲဟု ပြောရမည်လား မသိ။ လှော်ကားသား ကျွန်ုပ်သူငယ်ချင်း ပေါက်စကြီး(ခေါ်) မျိုးမြင့်က ကဗျာဆန်ဆန် 'ရင်ကွဲတောင်'ဟု အမည်ပေးထားသည်။

တောင်အရှေ့ဘက် အောက်ခြေ ခပ်လှမ်းလှမ်းတွင် ဂျပန်သချိုင်းဟောင်းတစ်ခုက ပြိုပျက်နေပြီဖြစ်သော ဂျပန်လက်ရာမုခ်ဦးဟောင်းကလေးနှင့် ထိုစဉ်က ရှိနေသည်။ ဒေသခံတို့က ဂျပန်သချိုင်းဟောင်းဟုခေါ်သော မုခ်ဝမှ ထိုစဉ်က မြေနီလမ်းကလေးသည် လှော်ကားကန်ပတ်လမ်းကို မေးတင်ထား၏။ တောအုပ်ကြီးတစ်ဖက်မှာ လှော်ကားကန်ကြီးက ဆီးတားတားလေသည်။ လှော်ကားကန်ပေါင်ကြီးသည်လည်း မြင့်မောက်၍ သစ်ပင်ကြီးငယ်များ ထူထပ်လျက် တကယ့်တောကြီး ဖြစ်နေလေ၏။ ထိုစဉ်က လှော်ကားတောရကြီးကျောင်းမှာ သွားရေးလာရေး ခက်ခဲလှသော ရှေးဟောင်းကျောင်းကြီးတစ်ကျောင်း ဖြစ်နေလေသည်။

အင်းစိန်သားဖြစ်သော ကျွန်ုပ်သည် အင်းစိန်မြို့နယ်အတွင်းရှိနေသော လှော်ကားရွာမှ အင်းစိန်အစိုးရအထက်တန်းကျောင်းသို့ ကျောင်းလာတက်သော ပေါက်စကြီးနှင့် သူငယ်ချင်းဖြစ်ကာ လှော်ကားရွာသို့ မကြာခဏလိုက်ပါရာက လှော်ကားတောရကြီးကျောင်းသို့ ရောက်ဖူးခဲ့ခြင်းဖြစ်၏။ တကယ့်ကို တောကြီးတောင်ကြီးအကြားတွင် တောရကြီးကျောင်းသည် သစ်ပင်ကြီးငယ် ညို့မှောင်နက်ရှိုင်းကြားမှာ အထီးတည်း တည်ရှိနေခြင်းဖြစ်၏။

သိုက်သမိုင်းရုပ်ရှင်တွေ၊ ရာဇဝင်ဝတ္ထုတွေထဲက တောကြီးမျက်မည်းအတွင်းမှာ ရုတ်တရက် ဘွားခနဲပေါ်လာသော ရှေးဟောင်းကျောင်းအိုဇရပ်ပျက်၊ စေတီယိုပွင့်းလျက် လျှို့ဝှက်သည်းဖိုဆန်လှသော နေရာဒေသအခင်းအကျင်းတစ်ခု။

ထိုစဉ်က ကျွန်ုပ်သည် ကျွန်ုပ်သူငယ်ချင်း ပေါက်စကြီးနှင့်အတူ ထိုတောရကြီးကျောင်းတိုက် နယ်ပယ်ကို ရောက်သွားရခြင်းမှာ ယခုလာသလို တရားဓမ္မနှင့် ပတ်သက်၍ မဟုတ်ပါချေ။

ကျွန်ုပ်တို့မှာ ထိုစဉ်က ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်ဝန်းကျင်မျှသာ ရှိပြီး ခပ်ပေပေနေတတ်သော အရွယ်၊ ပေါက်စကြီးတို့ရွာမှာ ပဲခူးရိုးမကြီး၏ တောင်စွယ် လှော်ကားကန်ကြီး၏ အနောက်ဘက်တွင် ရှိနေ၍ 'သာစုကန်သစ်တောကြိုးဝိုင်း'ဟုခေါ်သော လှော်ကားစန်းကျင်တောအတွင်း ချေ(ဂျီ)၊ တောဝက်နှင့် မျောက်လိုတောကောင်ငယ်တွေ ရှိနေ၏။ လှော်ကားကန်၌ ငြွေတွေကိုလည်း ဘေးမဲ့လာ၍လွှတ်ပေးတတ်ကြ၏။ တစ်ခါတစ်ရံ ကျားသစ်လို သားစားတောကောင်တွေပင် ကြုံရတတ်သည်။ ကျွန်ုပ်နှင့် ပေါက်စကြီးမှာ စွန့်စားလို၍ အပျော်တ…



www.burmeseclassic.com

ဘဝနှင့် ရောက်သွားခဲ့ခြင်းပင်။

ထိုနယ်မြေက အမြဲလိုလို ပြောင်းလဲနေတတ်သော နယ်မြေ။ ကျွန်ုပ်တို့မှာလည်း အရွယ်အမျိုးမျိုး ဘဝအထွေထွေ ပြောင်းလဲ၍နေချေပြီ။ လှော်ကားရွာသား ပေါက်စကြီးနှင့် ကျွန်ုပ်တို့ လူချင်းကွဲသွားပြီး ကျွန်ုပ်အသက် သုံးဆယ်အရွယ်ခန့်က လှော်ကားတောရကြီးကျောင်းနယ်မြေသို့ တစ်ခေါက်ရောက်ရှိသွားခဲ့ပြန်၏။

× × × × ×

ထိုစဉ် ကျွန်ုပ်၏စာရေးဆရာ သူငယ်ချင်း ဒါရိုက်တာအောင်စိုးဦး ဝေဿန္တရာဗွီဒီယိုကားရိုက်ရာက ရိုက်ကွင်းသို့ ကျွန်ုပ်ရောက်ရှိသွားခဲ့ခြင်းပင်။

ရိုက်ကွင်းနေရာ လှော်ကားတောရကြီးကျောင်းတစ်ဝိုက်၊ မင်းသား ထွန်းလုံရှိန်၊ ဝေဿန္တရာမင်းကြီးအဖြစ်။ မင်းသမီးက ခေါင်းမလေး။ မဒ္ဒီဒေဝီအဖြစ်။ ဂဏ္ဍာ၊ ဇာလီ ဝေဿန္တရာမင်းကြီး၏ သားတော်၊ သမီးတော်အဖြစ် ဒါရိုက်တာအောင်စိုးဦး၏ သားနှင့်သမီး ကလေးသရုပ်ဆောင်။ ဇူဇကာပုဏ္ဏားကြီးအဖြစ် ဒါရိုက်တာ ပန်းချီဆွေဆက်။ ဖြစ်စဉ်နေရာ ဟိမဝန္တာတောကြီးအတွင်း။

ကျွန်ုပ် ဤသို့ရေးပြနေရခြင်းမှာ ဗုဒ္ဓဘာသာဝင်တိုင်း အများသိ ဝေဿန္တရာအလောင်းတော်ကြီးအကြောင်း ပြောလို၍မဟုတ်ပါ။ လူသူမနီးသော ဟိမဝန္တာတောကြီးအကြောင်းသာ ဖြစ်၏။

ထိုဟိမဝန္တာတောကြီးမှာ လှော်ကားတောရကြီးကျောင်း တောင်ခြေဖြစ်နေ၏။ တောရကြီးကျောင်းတည်ရာ တောနှင့် တောင်ကုန်းမှာ ဝေဿန္တရာဇာတ်တော်ထဲမှ တောတွေ၊ တောင်တွေဖြစ်သွား၏။ ဆိုလိုသည်မှာ လှော်ကားတောရကြီးကျောင်း နယ်ပယ်ဒေသသည် ဘုရားလောင်း ဝေဿန္တရာဇာတ်တော်လာ ဟိမဝန္တာတောကြီးတောတောင်ကြီးသဖွယ် ဗီဒီယိုရိုက်ရှင် ရိုက်ကူး၍ပြသနိုင်သော အခြေအနေ။ လူသူမနီး ရိပ်ကြီးတောတောင်။

ဘုရားအလောင်းတော်၏ နောက်ဆုံးပါရမီဖြည့်ရာ ဝေဿန္တရာအလောင်းတော်မြတ် နိမိုးတရားကျင့်ကြံအားထုတ်ရာ သာသနာ့သပိုင်းဝင် နယ်မြေနှင့် ပမာမခြား သူ၏ဒါရိုက်တာအတတ်ပညာနှင့် နိမိတ်ဖတ်ခဲ့လေသည်လားမသိ။ ယခုတော့ ထိုနေရာ၊ ထိုအရပ်သည် တကယ့်ကို ထင်ရှားသော သာသနာ့နယ်မြေကြီး ဖြစ်၍နေလေပြီ။

လှော်ကားတောရကျောင်းတိုက်ကြီးအနီး သာသနာ့ဝတ္ထုကနယ်မြေပေါ်တွင် နှစ်ကျိပ်ရှစ်ဆူစေတီတော်ကြီးမှာ ဖွေးရောင်လွှမ်းလျက် ထီးထီးမားမားကြီး ဝ.ည်ရှိနေလေပြီ။ တောရကြီးကျောင်း ဒ.ဖြစ် ယခင်က တောတောင်မျက်မည်းကြီးထဲမှ ကျောင်းပရဝဏ်သည် ခေတ်မီကျောင်းအဆောက်အအုံများနှင့် စည်ပင်လျက်ရှိချေပြီ။

ဘုရားပေါ်မှ လှမ်းကြည့်လျှင် အရှေ့တောင်ဘက်မှာ လှော်ကားလမ်းမကြီးနှင့် လှော်ကားကန်ရှည်။ အရှေ့ဘက်တွင် လှော်ကားဥယျာဉ်၊ ပြီးတော့ ရန်ကုန်မှနေ၍ ထွက်လာသော အမှတ်(၁)လမ်းမကြီး။ ထိုအမှတ်(၁)လမ်းမကြီးသည် ထောက်ကြန့်လမ်းဆုံတွင် နှစ်မြွာခွဲကာ မှော်ဘီနှင့်ပြည်သို့သွားသော [illegible]ဉ်လမ်းနှင့် လှည်းကူး၊ ပဲခူး၊ မန္တလေးဘက်သွားသော ရန်ကုန်-မန္တလေးလမ်းမကြီး ရှိနေသည်။

လှော်ကားလမ်းမှနေ၍ ကျွန်ုပ်အား ဝင်းကိုက သူ့ကားနှင့် ခေါ်ဆောင်လာရာ လှော်ကားဥယျာဉ်ကြီးကို ဖြတ်သန်းခဲ့ရသည်ကို ကျွန်ုပ်သတိပြုမိခဲ့သည်။ နှစ်ကျိပ်ရှစ်ဆူဘုရားကြီး၏ အနောက်ဘက်ခြမ်း ရွှေပြည်သာမြို့နယ်မှ ဖြတ်လာသော အမှတ်(၄)လမ်းမကြီးသည် မှော်ဘီသို့ ဦးတည်နေပြန်သည်။ ဘုရားကြီးနှင့် အနီးဆုံး အနောက်ဘက်လမ်းမှာ ဖူးကြီးရေပိုက်လမ်း ဖြစ်သည်။

ခရီးလမ်းပန်း ဆက်သွယ်ရေး အနေအထားက ယခင်ကလို လှော်ကားဘူတာနှင့် အရှေ့ဘက် ထောက်ကြန့်လမ်းဆုံသို့ ဆက်သွယ်ရာ တစ်ခုတည်းသော ဂဝံမြေခင်းလမ်းတစ်လမ်းတည်း မဟုတ်တော့။ ထိုလှော်ကားကန်ပတ်လမ်းသည်ပင် ကတ္တရာခင်းလမ်း ဖြစ်နေလေပြီ။

လှော်ကားကန်ပတ်လမ်းမှ လှော်ကားရွာသို့ မရောက်ခင် နှစ်ကျိပ်ရှစ်ဆူဘုရားအဝင်လမ်းရှိနေ၍ မောင်းဝင်းကိုကားနှင့် ကျွန်ုပ်တို့ အတွင်းသို့ ဝင်လာနိုင်ခဲ့ခြင်းပင်။

ထိုစဉ်ကအခေါ် လှော်ကားတောရကြီး[illegible]ယ်မြေကား ပြောင်းလဲနေတတ်သည့် နယ်မြေဟု ဆိုခဲ့သည့်အတိုင်း ယခုအခါ အင်းစိန်မြို့နယ်ထဲတွင် မဟုတ်တော့။ ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ လီပွတ်ကျေးရွာအုပ်စု၊ ထောက်ကြန့်-လှော်ကား-ရွှေပြည်သာ ကားလမ်းမပေါ်ရှိ လှော်ကားတောရကျောင်းတိုက်ကြီးအနီး သာသနာ့ဝတ္ထုကမြေပေါ်မှ နှစ်ကျိပ်ရှစ်ဆူစေတီတော်ကြီး ဖြစ်နေလေပြီ။

လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်လောက်က ကျွန်ုပ်သည် ကွယ်လွန်သူ ဒါရိုက်တာမြင့်စိုး ဝ/သနှင့် 'တောကြီးမာယာ' ဗွီဒီယိုကား လာရိုက်ရာတွင် ရန်ကုန်မြို့နှင့်အနီးဆုံး ခရီးသွားတိုးရစ်များအတွက် ထားရှိသော လှော်ကားကန်ဆင်စခန်းသည်ပင် ယခုအခါ တိရစ္ဆာန်ဥယျာဉ်ကြီးအဖြစ် ပြောင်းလဲနေပေပြီ။

ကျွန်ုပ်သည် ဦးပဉ္စင်းမေဓာဝီကို

www.burmeseclassic.com

စောင့်ရင်း နှစ်ကျိပ်ရှစ်ဆူဘုရားကြီးအား ဖူးမြော်ကာ ရင်ပြင်တော်ပေါ် တစ်ပတ်ပတ်၍ ပတ်ဝန်းကျင်ရှုခင်းများအား ကျွန်ုပ်တွင်ပါလာသော ရိုက်ကွင်းကြည့်မှန်ပြောင်းနှင့် လှည့်ပတ်ကြည့်ရာက တစ်ပတ်ပြည့်သည်နှင့် အရှေ့ဘက်တန်ဆောင်း၌ ဘုရားရှိခိုး အဓိဋ္ဌာန်ဝင်နေသော မောင်ဝင်းကိုနှင့် ပြန်ဆုံတော့သည်။

"ဦးပဥ္စင်း ဆွမ်းခံပြန်ကြွလာပြီလို့ ကျောင်းသားလေးတစ်ယောက် စောစောက လာပြောတယ် အစ်ကို ..."

"ဒါဆို ဦးပဥ္စင်းကျောင်းကို သွားကြရအောင်"

ကျွန်ုပ်နှင့် မောင်ဝင်းကိုတို့နှစ်ယောက် နှစ်ကျိပ်ရှစ်ဆူဘုရားရင်ပြင်တော်ပေးမှ ဆင်းလာခဲ့ကြသည်။

ဦးပဥ္စင်းဦးမေဓာဝီ၏ ကျောင်းကလေးမှာ နှစ်ကျိပ်ရှစ်ဆူဘုရားကြီးအောက်ဘက် တောရကျောင်းတိုက်ကြီး၏ သာသနာ့ဝတ္တကနယ်မြေတောင်ခြေအနီး တောစပ်ကလေးတွင် ရှိလေသည်။

× × × × ×

ထိုနေရာကလေးကို ကျွန်ုပ်မှတ်မိနေပါသည်။ ကျွန်ုပ်နှင့် ပေါက်စကြီးတို့ ငယ်စဉ်ကာလ မုဆိုးလက်သင် စလုပ်ကြစဉ် ချေတစ်ကောင်ဖမ်းမိသော်နေရာဖြစ်၏။ အပျော်တမ်းမုဆိုးလက်သင်များပီပီ ကျွန်ုပ်တို့လက်ထဲတွင် သေနတ်ပါမလာခဲ့ချေ။ ပေါက်စကြီးအဖေမှာ အင်းစိန်ရဲစခန်းဌာနာပိုင်ကြီးအဖြစ် ပင်စင်ယူခဲ့၍ ဝန်ထမ်းဘဝက ဆုအဖြစ်ရရှိသောသေနတ်တစ်လက်ရှိ၏။ သို့သော် စည်းကမ်းကြီးသော ထိုပင်စင်စားဌာနာပိုင်ကြီး၏ သေနတ်ကို ကျွန်ုပ်တို့ သူမသိဘဲ မကိုင်ရဲကြချေ။

သို့သော် ကျွန်ုပ်နှင့် ပေါက်စကြီးတို့မှာ အင်းစိန်ရှိ မြတ်စောညီနောင်သိုင်းအဖွဲ့ ဆရာကြီးဦးဘသန်းထံတွင် သိုင်းပညာသင်ထားခဲ့ကြသူများပီပီ ဓားသိုင်း၊ လှံသိုင်း လေ့ကျင့်ထားသူများ ဖြစ်၏။ ထို့ကြောင့် ဓားလှံကိုသာ အားကိုးပြီး လော်ကားကန်တစ်ဝိုက် သာမုကန်သစ်တောကြိုးဝိုင်းအတွင်းမှာ လူငယ်တို့ဘာဝ အမဲလိုက်ကြသည်။ ထိုစဉ်က သားစားကောင်ကြီးများဖြစ်သော ကျား၊ ကျားသစ်နှင့် ဆင်များခိုအောင်းရာ တောနက်ကြီးများထဲသို့ ကျွန်ုပ်တို့ ဝင်ရဲကြသည်မဟုတ်။ ကျွန်ုပ်တို့ အလွန်ဆုံးသွားရဲသည့်မှာ တောင်ခြေတောစပ် လော်ကားကန်ဝန်းကျင်တစ်ဝိုက်သာ ဖြစ်၏။

ယခုလို ကားလမ်းမဖောက်ခင် တောင်ခြေတောစပ်တွင်ရှိသော တောရကြီးကျောင်းအရှေ့ဘက် လော်ကားကန်စပ်တွင် ကျွန်ုပ်နှင့် ပေါက်စသည် ချေငယ်တစ်ကောင် ရရှိခဲ့ခြင်းပင် ဖြစ်သည်။ ကျားဖမ်း၊ ဆင်ဖမ်းမုဆိုးများအတွက် ချေတစ်ကောင် ရရှိခြင်းမှာ စာမဖွဲ့လောက်သော်လည်း ကျွန်ုပ်တို့ကဲ့သို့ မုဆိုးလက်သင် လူငယ်ကလေးများအတွက် မမေ့နိုင်စရာ အမှတ်တရ ရှိရလေသည်။

ပြီးတော့ ... ယခုကဲ့သို့ နှစ်ကျိပ်ရှစ်ဆူစေတီတော်ကြီး တည်ထားရာ စည်ကားနေသည့် ဤတောရကျောင်းတိုက်ကြီး၏ အခြေအနေနှင့် ယခင်အတိတ်ကာလများနှင့် မတူတော့ပုံကို ကျွန်ုပ်အမှတ်ရ နှိုင်းယှဉ်တွေးတောမိခြင်းပင် ဖြစ်၏။

ပေါက်စကြီး(ခေါ်) ဦးပဥ္စင်းဦးမေဓာဝီ၏ ကမ္မဋ္ဌာန်းကျောင်းကလေးမှာ တောင်ကုန်းအောက်ဘက် ငှက်ပျောတောအကြားတွင်ရှိ၍ စိမ်းစိမ်းစိုစို အေးအေးချမ်းချမ်း ရှိလှသည်။ ကမ္မဋ္ဌာန်းကျောင်းကလေးမှနေ၍ တောင်ကုန်းအမြင့်ပိုင်းတွင် တည်ထားသော နှစ်ကျိပ်ရှစ်ဆူစေတီတော်ကြီးကို ကြည်ညိုသပ္ပာယ်ဖွယ်ရာ လှမ်း၍ဖူးမြင်နိုင်လေသည်။

ကျွန်ုပ်တို့ ရောက်သွားသောအခါ ဦးပဥ္စင်းဦးမေဓာဝီ ဆွမ်းဘုဉ်းပေးပြီးပြီဖြစ်၍ ရေနွေးကြမ်းနှင့် ထန်းလျက်ခဲ အချိုတည်းလျက်ရှိချေပြီ။

ကျွန်ုပ်တို့သည် ငယ်သူငယ်ချင်းများဖြစ်ကြ၍ နှစ်အတော်ကြာ ကွဲနေကြသော်လည်း တစ်ဦးကိုတစ်ဦး အလွယ်တကူပင် မှတ်မိကြလေသည်။ သင်္ကန်းဝတ်နှင့်ဖြစ်သော ပေါက်စကြီး တစ်ဖြစ်လဲဦးမေဓာဝီအား ကျွန်ုပ်သည် ဦးချကန်တော့လိုက်သည်။ ကျွန်ုပ်ဘေးမှ လိုက်ပါလာသော မောင်ဝင်းကိုကလည်း ကျွန်ုပ်နည်းတူ ကန်တော့လေ၏။

"မောင်ဝင်းကို ဘုရားကုန်းတော်ပေါ်က ကျောင်းသားလေးတစ်ယောက်ကို ရောက်နေကြောင်း ပြောခိုင်းလိုက်လို့ ကျုပ်က မောင်ဝင်းကိုနဲ့အတူ ခေ့သည်ဒကာတစ်ယောက် ပါလာမှန်းသိပြီးဖြစ်ပေမဲ့ ဒကာကြီးဖြစ်လိမ့်မယ်လို့ မထင်ခဲ့ဘူး"

"တင်ပါ့ဘုရား ... မောင်ဝင်းကိုက တပည့်တော်ကို တောရကျောင်းတိုက်ကြီး ပရဝဏ်မှာ ပေါ်ထွန်းလာတဲ့ နှစ်ကျိပ်ရှစ်ဆူဘုရားကြီးအကြောင်း ပြောလွန်းတာနဲ့ ဘုရားကြီးလည်းဖူးရင်း၊ အရှင်ဘုရားကိုလည်း တွေ့ချင်တာနဲ့ တပည့်တော် မောင်ဝင်းကိုနဲ့ လိုက်လာခဲ့တာပါဘုရား"

"ဒကာကြီးညွှန့်တင်ကျော်၊ ဒီနှစ်ကျိပ်ရှစ်ဆူဘုရားကြီးကို ဖူးခွင့်ကြုံလို့ ရောက်လာခဲ့တယ်လို့ မှတ်ယူရမယ်ဗျ။ ခုနစ်ရက်သားသမီးတွေအတွက် နှစ်ကျိပ်ရှစ်ဆူဘုရားကြီးမှာ အဓိဋ္ဌာန်ဝင် ကျင့်စဉ်တွေကျင့်ရင် ထူးခြားသောအကျိုးကိုပေးပြီး အောင်မြင်ဖြစ်ထွန်းသွားတာတွေ့ရသဗျ။ တခြားမကြည့်နဲ့၊ မောင်ဝင်းကိုကိုပဲကြည့်လေ ဒကာကြီး"



www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါ . . . တပည့်တော်လည်း မောင်ဝင်းကိုရဲ့ ဘဝအပြောင်းအလဲ တိုးတက်မှုတွေ မြန်ဆန်လွန်းတာကိုကြည့်ပြီး အံ့အားသင့်ဝမ်းမြောက်နေမိပါတယ် ဘုရား။ ဒါ့ကြောင့် သူဒီကိုလာမယ့်ရက်ကိုချိန်းပြီး တပည့်တော်လိုက်လာတာပါ ဘုရား"

"ဒကာကြီးက စာရေးဆရာဆိုတော့ စာရေးဖို့လိုက်လာတာ သက်သက်မဟုတ်လား"

"တပည့်တော် စာရေးဖို့သက်သက်တော့ မဟုတ်ပါဘူးဘုရား။ တပည့်တော်ကိုယ်၌က ဒီနှစ်ကျိပ်ရှစ်ဆူဘုရားမှာ အဓိဋ္ဌာန်ဝင်ချင်တာလည်း ပါပါတယ် ဘုရား"

"ဒီလိုဆိုရင် ကောင်းတာပေါ့ ဒကာကြီး။ ဦးပဥ္စင်းအနေနဲ့ အဓိဋ္ဌာန်ဝင်ချင်တဲ့ လူတွေကို အကူအညီပေးဖို့ ပါရမီဖြည့်ဖို့ အဆင်သင့်ပါပဲ။ ပြီးတော့ နှစ်ကျိပ်ရှစ်ဆူဘုရားကြီးက ပဓာနစရိယ နည်းညွှန်လမ်းပြ ဆရာတော်သမားတော်ကြီးတွေဆီပါ အရောက်ပို့ဆောင်ပေးဖို့ သာသနာ့တာဝန်ရှိပါတယ်။ ဒကာကြီးတို့ဘက်ကသာ ယုံယုံကြည်ကြည်နဲ့ အဓိဋ္ဌာန်မပျက်အောင် ဆောက်တည်ဆောင်ရွက်သွားကြဖို့သာ ရှိတယ်"

"တပည့်တော် ယုံယုံကြည်ကြည်နဲ့ အဓိဋ္ဌာန်ဝင် ဆောက်တည်သွားမှာပါ ဘုရား။ တပည့်တော် မောင်ဝင်းကိုဘဝအခြေအနေ အကျိုးပေးထူးခြားအောင်မြင်သွားတာကို လက်တွေ့ယုံကြည်နေပါတယ်ဘုရား။ ပြီးတော့ အရှင်ဘုရားရဲ့ ဘဝအပြောင်းအလဲကိုလည်း လက်တွေ့မြင်ပြီး ယုံကြည်ခဲ့ပါတယ်ဘုရား။ ဒါ့ကြောင့် အောင်မြင်အောင် အဓိဋ္ဌာန်ဆောက်တည်ဖို့ ဆုံးဖြတ်ထားပါတယ် ဘုရား"

"အဓိဋ္ဌာန်ဝင်ပြီဆိုရင် စွဲစွဲမြဲမြဲကျင့်ကြံအားထုတ်ရလိမ့်မယ်။ ဒကာကြီးနဲ့ ကျုပ်တို့ငယ်စဉ်က အင်မတန်တေခဲ့ပေခဲ့၊ ဆိုးခဲ့တာပဲ။ ကျုပ်ဆိုရင် အဓိဋ္ဌာန်မဝင်ခင်က ငရဲကျမယ့်အလုပ်ကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ခဲ့တယ်။ စားသောက်ဆိုင်ဖွင့်ပြီး အရက်ရောင်းခဲ့တာပဲ။ အဓိဋ္ဌာန်ဝင် အကျွတ်တရားရချိန်ကျတော့ အဲဒါတွေအားလုံး စွန့်ပစ်နိုင်ခဲ့တယ်"

ထိုစဉ် မောင်ဝင်းကိုက သူ့အစ်ကို ဦးပဥ္စင်းကြီး မေဓာဝီ၏စကားကို ဝင်၍ဖြည့်ပြောသည်။

"ကျွန်တော်လည်း မုသာဝါဒနဲ့ မကောင်းတဲ့အလုပ်တွေ အဓိဋ္ဌာန်မဝင်ခင်က လုပ်ခဲ့တာပဲ အစ်ကိုညွှန့်တင်ကျော်ရေ။ ကားအရောင်းအဝယ် ပွဲစားဆိုတာ ဘယ်မှာ မုသာဝါဒနဲ့ ကင်းနိုင်ပါ့မလဲ။ ကြမ်းပိုးကို လိပ်ဖြစ်အောင်ပြော၊ ပြီးဖြန်းပြီး ကိုယ့်အတွက်ကျန်အောင် လိမ်ညာပြော၊ ရိုက်စားလုပ်နေရတာ။ ကိုယ်က သူ့ကိုလိမ်၊ သူက ကိုယ့်ကိုလိမ်။ လိမ်ဖည်လိမ်ဖည် ဘဝနဲ့ ရုန်းကန်နေရတဲ့ဘဝ။ နောက်တော့ ဦးပဥ္စင်းဆီလာရင်း ဒီနှစ်ကျိပ်ရှစ်ဆူဘုရားမှာ အဓိဋ္ဌာန်ဝင်တော့မှ ခုလိုဘဝရောက်ခဲ့ရတော့တာပဲ အစ်ကိုညွှန့်တင်ကျော်"

မောင်ဝင်းကို သူ့အဖြစ်၊ သူ့ကိုယ်တွေ့ပြောပြအပြီး ဦးပဥ္စင်းကြီးဦးမေဓာဝီက ကျွန်ုပ်အား အကဲခတ်သလို လှမ်းကြည့်နေသည်။ ကျွန်ုပ်ကလည်း ဆုံးဖြတ်ချက် ချထားသူဖြစ်၍ . . .

"တပည့်တော် ဦးပဥ္စင်းတို့နဲ့ တွေ့ပြီး ဒီနှစ်ကျိပ်ရှစ်ဆူဘုရားမှာ အဓိဋ္ဌာန်ဝင်ဖို့ မောင်ဝင်းကိုနဲ့ လိုက်လာခဲ့တာပါ ဘုရား"

"ကိုယ့်ထက်ငယ်တဲ့ မောင်ဝင်းကိုတောင် အဓိဋ္ဌာန်ဝင်ပြီး အောင်မြင်ပြီး ဆုံးတဲ့စခန်း ရောက်အောင်လှမ်းနိုင်ခဲ့တာပဲ။ ဒကာကြီးညွှန့်တင်ကျော်အဖို့ ဘာမှ အခက်အခဲ၊ အဖျက်အဆီး၊ အနှောင့်အယှက်မရှိ အောင်မြင်ပြီး ဆုံးခန်းတိုင်ဆိုက်ရောက်နိုင်ပါလိမ့်မယ်။ ဒီနှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး အဓိဋ္ဌာန်ဝင်ဖို့ သဘောတရားကျင့်စဉ်တွေကို သိထားရလိမ့်မယ်"

"မှန်ပါ။ မောင်ဝင်းကိုဆီက အကြမ်းဖျင်းတော့ တပည့်တော် လေ့လာမှတ်သားဖူးတာ ရှိပါတယ်ဘုရား"

"လေ့လာပြီးမှ ဒီကိုရောက်လာပြီး အဓိဋ္ဌာန်ဝင်ဖို့ ဆုံးဖြတ်တယ်ဆိုတော့ ကျင့်စဉ်အဓိဋ္ဌာန်ကို ဒကာညွှန့်တင်ကျော် သဘောပေါက်ပြီး လိုက်နာကျင့်ကြံနိုင်လို့ ရောက်လာတာမို့ ဘာမှအခက်အခဲဖြစ်စရာရှိမနေတော့ဘူး။ အမှန်တော့ နှစ်ကျိပ်ရှစ်ဆူဘုရားမှာ အဓိဋ္ဌာန်ဝင်တယ်ဆိုတာ သိပ်ခက်ခက်ခဲခဲ အထူးတရားတွေနဲ့ ကျင့်ကြံအားထုတ်ရတာမျိုးမဟုတ်ပါဘူး။ ဗုဒ္ဓါနုဿတိဘာဝနာပွား၊ ဘုရားရှိခိုးရတဲ့ ကျင့်စဉ်တွေပါပဲ။ ဒါပေမဲ့ နည်းစနစ်ကျအောင်တော့ ကျင့်ကြံအားထုတ်ရလိမ့်မယ်"

"မှန်ပါ။ တပည့်တော်ကို နည်းစနစ်ကျ ကျင့်ကြံအားထုတ်နိုင်အောင် နည်းပေးလမ်းပြ ညွှန်ပြတော်မူပါဘုရား"

ကျွန်ုပ်က ယုံကြည်အားတက်စွာ ပြန်လည်လျှောက်ထားသည်နှင့် ဦးပဥ္စင်းဦးမေဓာဝီသည် သူ၏ ကမ္မဋ္ဌာန်းကျောင်းနံရံတွင် ချိတ်ဆွဲထားသော ဘုရားအဆူဆူပုံပါသော ပုံတော်ကားချပ်နှင့် စာရေးစားပွဲပေါ်တင်ထားသော စာအုပ်ကလေးတစ်အုပ်ယူပြီး ကျွန်ုပ်အားပေးလေ၏။

ကျွန်ုပ် အသေအချာကြည့်လေသည်တွင် ဤသို့ တွေ့မြင်ဖူးမြော်ရလေ၏။

× × × × ×




www.burmeseclassic.com


www.burmeseclassic.com




တနင်္ဂနွေ၊ ပထဝီဓာတ်(မြောက်)
နံနက်(၆ ➡ ၉)နာရီ



တနင်္ဂနွေ၊ အာပေါဓာတ်(တောင်)
နံနက်(၉ ➡ ၁၂)နာရီ



တနင်္ဂနွေ၊ တေဇောဓာတ်(အ
နေ့လယ်(၁၂ ➡ ၃)နာရီ





တနင်္ဂနွေ၊ ဝါယောဓာတ်(အနောက်)
ညနေ(၃ ➡ ၆)နာရီ




တနင်္လာ၊ ပထဝီဓာတ်(မြောက်)
နံနက်(၆ ➡ ၉)နာရီ



တနင်္လာ၊ အာပေါဓာတ်(တော
နံနက်(၉ ➡ ၁၂)နာရီ




တနင်္လာ၊ တေဇောဓာတ်(အရှေ့)
နေ့လယ်(၁၂ ➡ ၃)နာရီ





တနင်္လာ၊ ဝါယောဓာတ်(အနောက်)
ညနေ(၃ ➡ ၆)နာရီ




အင်္ဂါ၊ ပထဝီဓာတ်(မြောက်
နံနက်(၆ ➡ ၉)နာရီ



www.burmeseclassic.com



အင်္ဂါ၊ အာပေါဓာတ်(တောင်)
နံနက်(၉ ➡ ၁၂)နာရီ




အင်္ဂါ၊ တေဇောဓာတ်(အရှေ့)
နေ့လယ်(၁၂ ➡ ၃)နာရီ




အင်္ဂါ၊ ဝါယောဓာတ်(အနောက်)
ညနေ(၃ ➡ ၆)နာရီ




ဗုဒ္ဓဟူး၊ ပထဝီဓာတ်(မြောက်)
နံနက်(၆ ➡ ၉)နာရီ



ဗုဒ္ဓဟူး၊ အာပေါဓာတ်(တောင်)
နံနက်(၉ ➡ ၁၂)နာရီ



ဗုဒ္ဓဟူး၊ တေဇောဓာတ်(အရှေ့)
နေ့လယ်(၁၂ ➡ ၃)နာရီ



ဗုဒ္ဓဟူး၊ ဝါယောဓာတ်(အနောက်)
ညနေ(၃ ➡ ၆)နာရီ




ကြာသပတေး၊ ပထဝီဓာတ်(မြောက်)
နံနက်(၆ ➡ ၉)နာရီ



ကြာသပတေး၊ အာပေါဓာတ်(တောင်)
နံနက်(၉ ➡ ၁၂)နာရီ


www.burmeseclassic.com




ကြာသပတေး၊တေဇောဓာတ်(အရှေ့)
နေ့လယ်(၁၂ ➡ ၃)နာရီ





ကြာသပတေး၊ဝါယောဓာတ်(အနောက်)
ညနေ(၃ ➡ ၆)နာရီ




သောကြာ၊ ပထဝီဓာတ်(မြောက်)
နံနက်(၆ ➡ ၉)နာရီ





သောကြာ၊ အာပေါဓာတ်(တောင်)
နံနက်(၉ ➡ ၁၂)နာရီ



သောကြာ၊ တေဇောဓာတ်(အရှေ့)
နေ့လယ်(၁၂ ➡ ၃)နာရီ




သောကြာ၊ဝါယောဓာတ်(အနောက်)
ညနေ(၃ ➡ ၆)နာရီ




စနေ၊ ပထဝီဓာတ်(မြောက်)
နံနက်(၆ ➡ ၉)နာရီ





စနေ၊ အာပေါဓာတ်(တောင်)
နံနက်(၉ ➡ ၁၂)နာရီ




စနေ၊ တေဇောဓာတ်(အရှေ့)
နေ့လယ်(၁၂ ➡ ၃)နာရီ

www.burmeseclassic.com

www.burmeseclassic.com




**စနေ၊ ဝါယောဓာတ်(အနောက်)**
**ညနေ(၃ ➡ ၆)နာရီ**

ပုံတော်ကားချပ်မှာ ...

သိကြားမင်း ဆက်ကပ်သော အက္ခရာ စမ [အ၀] ဘွဲ့တံဆိပ်တော်ရ နှစ်ကျိပ်ရှစ်ဆူဘုရားများ ပုံတော်များဖြစ်၍ ဓာတ်၊ နာမ်၊ အချိန်ကာလအရ အစီအစဉ်ချထားလေသည်။

ဓာတ်အရ (၁) ပထဝီဓာတ်၊ မြောက်အရပ်၊ (၂) အာပေါဓာတ်၊ တောင်အရပ်၊ (၃) တေဇောဓာတ်၊ အရှေ့အရပ်၊ (၄) ဝါယောဓာတ်၊ အနောက်အရပ်။

အချိန်ကာလ (က) ပထဝီဓာတ်၊ နံနက် (၆⁀၉)နာရီ။ (ခ) အာပေါဓာတ်၊ နံနက် (၉⁀၁၂)နာရီ။ (ဂ) တေဇောဓာတ်၊ နေ့လယ် (၁၂⁀၃)နာရီ။ (ဃ) ဝါယောဓာတ်၊ ညနေ (၃⁀၆)နာရီ ဖြစ်လေသည်။

× × × × ×

နေ့နံအရ ဘုရားပုံတော်များမှာ–

(၁) တနင်္ဂနွေ – အထက်စက်တော်ရာ(ရွှေစက်တော်)၊ ထားဝယ်ဆံတော်ရှင်၊ ကျိုက္ခမီရေလယ်ဘုရား၊ ပင်းယရွှေစည်းခုံ။

(၂) တနင်္လာ – ပုဂံ စူဠာမဏိ၊ ပဲခူး ကျိုက်ပွန်၊ လယ်ကိုင်း ကျောင်းတော်ရာ၊ ယိုးဒယား ပြည်ဆံတော်။

(၃) အင်္ဂါ – တရုတ်ပြည်နွယ်တော်၊ ပခုက္ကူ ရွှေတန့်တစ်၊ မန္တလေး ရွှေစာရံ၊ ပဲခူး ရွှေမော်ဓော။

(၄) ဗုဒ္ဓဟူး – ရွှေတိဂုံ၊ သာစည် ရွှေယင်မြော်၊ ဖင်းမယ် လပုန်း၊ ပခန်း စည်သူရှင်။

(၅) ကြာသပတေး – ကျောက်ဆည် ရွှေသာလျောင်း၊ ဖင်းကျိုက် ကေလာသ၊ တောင်ငူ မြတ်စောညီနောင်၊ ပုဂံ ရွှေစည်းခုံ။

(၆) သောကြာ – အညာသီဟဝေ ာ၊ ပြည် ရွှေဆံတော်၊ မြစ်သား ရွှေမင်းဝံ၊ မုတ္တမ မြသိန်းတန်။

(၇) စနေ – ကျိုက်ထီးရိုး ကျိုက်ထို၊ အင်းဝ ရွှေစည်းခုံ၊ ရခိုင်ဘုရားကြီး (မန္တလေးနှင့် ကျောက်တော်)၊ အောက်စက်တော်ရာ (ရွှေစက်တော်)။

အထူးဂရုပြုမိသည်မှာ တနင်္ဂနွေနေ့နံအစ မင်းဘူးရွှေစက်တော်၊ အထက်စက်တော်ရာနှင့် စ၍ တနင်္ဂနွေအဓိဋ္ဌာန် ပထမဆုံးရက်ဖြစ်ပြီး စနေနေ့ နောက်ဆုံးအဓိဋ္ဌာန်ပြီးဆုံးရက်မှာလည်း ရွှေစက်တော် အောက်စက်တော်ရာဘုရားနှင့် ပြီးဆုံးအောင်မြင်သွားခြင်း...။

ကျွန်ုပ် ပုံတော်ကားချပ်ကို လေ့လာကြည့်ရှုနေစဉ် ဦးပဍ္ဍင်းဦးမေဓာဝီက

"တစ်ကြိမ်အဓိဋ္ဌာန်ဝင်ရင် ဆုတစ်ခုတည်းကိုသာ တောင်းပြီး၊ ခုနစ်ရက်စေ့အောင် နှစ်ကျိပ်ရှစ်ဆူအဓိဋ္ဌာန်ဝင်ရမယ်"

"မှန်ပါ"

"အဓိဋ္ဌာန်ဆောက်တည်ပုံကလည်း နှစ်ကျိပ်ရှစ်ဆူဘုရားဖူးသလို လေးချက်ပဲရှိတယ်"

"မှန်ပါ။ အဲ့ဒီလေးချက်ကို မိန့်တော်မူပါဦးဘုရား"

"ဒကာကြီးကို ပုံတော်ကားချပ်နဲ့ အတူပေးထားတဲ့ **'ခုနစ်ရက်သားသမီးအတွက် နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး'** ဆိုတဲ့ စာအုပ်ကလေးထဲမှာပါတယ်။ ဒါပေမဲ့ ဒကာကြီးအမှတ်ရလွယ်အောင် ဦးပဍ္ဍင်း နှုတ်တိုက်ရွတ်ဆိုပြပါ့မယ်။

(၁) ဘုရားတပည့်တော်/မသည် ယနေ့မှစ၍ (၇)ရက်တိုင်တိုင် **အာဇီဝဋ္ဌမကသီလ** ဆောက်တည်ပါမည်။ (ရှစ်ပါးသီလ၊ ကိုးပါးသီလ ဆောက်တည်နိုင်သည်။) အနိမ့်ဆုံးတော့ အာဇီဝဋ္ဌမကသီလ ဆောက်တည်နိုင်သည်။

(၂) ဘုရားတပည့်တော်/မသည် ယနေ့မှစ၍ (၇)ရက်တိုင်တိုင် သက်သတ်လွတ် စားပါမည်။

(၃) ဘုရားတပည့်တော်/မသည် ယနေ့မှစ၍ (၇)ရက်တိုင်တိုင် (စမဘွဲ့များ ဘုရားရှိခိုး ၁၀၈ ကြိမ် ရှိခိုးခြင်း၊ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပုတီးစိပ်ခြင်းနှင့် ၅၂၈ သွယ်သော မေတ္တာဘာဝနာပွားများပါမည်။

(၄) ဘုရားတပည့်တော်/မသည် ယနေ့မှစ၍ (၇)ရက်တိုင်တိုင် ပြင်းထန်သော အမျက်ဒေါသမရှိအောင် နေပါမည်။

ဘုရားတပည့်တော် ဤအဓိဋ္ဌာန်အောင်မြင်ပါက **(မိမိအလိုရှိရာ ဆုတောင်းအတိုင်း)** ဖြစ်ရပါလို၏ အရှင်ဘုရား ... လို့ တစ်ကြိမ်အဓိဋ္ဌာန်ဝင်ရင် အလိုအရှိဆုံး၊ အဖြစ်ချင်ဆုံး ဆုတစ်ခုတည်းကိုသာ တောင်းရမယ်"

ဦးပဍ္ဍင်းဦးမေဓာဝီ စကားအဆုံး၌ ကျွန်ုပ်မှာ ကျွန်ုပ်သိလိုသော အာဇီဝဋ္ဌမကသီလအကြောင်းကို မေးမြန်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"တပည့်တော်အတွက် လူတွေ ဆောက်တည်လေ့ရှိတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလတွေကိုတော့ သိထားပြီး ဖြစ်ပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော်တို့ စောင့်လေ့စောင့်ထမရှိတဲ့ အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံကို မိန့်တော်မူပါဦးဘုရား"

"အာဇီဝဋ္ဌမကသီလဆိုတာ ... မဟုတ်မမှန် မတရားအသက်မွေးဝမ်းကျောင်း စီးပွားဥစ္စာ ရှာဖွေမှုမပြုခြင်းလို့ အဓိပ္ပာယ်သက်ရောက်တယ် ဒကာကြီး။ ငါးပါးသီလဆောက်တည်တဲ့ နေရာမှာ 'ပဥ္စသီလ'ဆိုတဲ့နေရာမှာ 'အာဇီဝဋ္ဌမကသီလံ'ဆိုတဲ့ ပါဠိပိုဒ်ကို ပြောင်းထည့်ဆိုရုံပါပဲဗျာ"

"ဒါဆို အာဇီဝဋ္ဌမကသီလံ ဓမ္မံယာစာမိလို့ ဆိုရမှာပေါ့ဘုရား"

"အိမ်း ... ဟုတ်ပဗျာ။ ပါဏာတိပါတာ–သူ့အသက်သတ်ခြင်း၊ ဒိန္နာဒါနာ–မပေးသော သူတစ်ပါးဥစ္စာ လုယက်ခိုးယူခြင်း၊ ကာမေသုမိစ္ဆာစာရာ–ကာမဂုဏ်တို့၌ မှားယွင်းယုတ်မာခြင်း၊ မုသာဝါဒါ–မမှန်သောစကား ပြောဆိုခြင်း အဆင့်အထိ ငါးပါးသီလအတိုင်း ရွတ်ဆိုရပြီး သုရာမေရယပုဒ်အစား ပိသုဏာဝါစာကနေ မိစ္ဆာဇီဝါအထိ နောက်ထပ်လေးပုဒ်ကွဲပြားသွားတယ်ဗျာ့'

"အဲဒီကွဲပြားတဲ့ လေးပုဒ်သောပုဒ်ကို အနက်အဓိပ္ပာယ်နဲ့တကွ လင်းပြတော်မူပါဘုရား"

"အဟမ်း ... အဟမ်း ဒါဆိုလည်း ဒကာညွှန့်တင်ကျော် သိသွားအောင် ဘုန်းကြီးအလင်းပြရတာပေါ့။

(၁) ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ချောပစ်ကုန်းတိုက်၊ ရန်တိုက်ပေးခြင်းမှ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်၌မြဲစွာ ဆောက်တည်ပါ၏။

(၂) ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

လွှသွားပမာ ကြမ်းတမ်းသော၊ ယုတ်မာငေါက်ငမ်း ဆဲဆိုခြင်းမှ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို စိတ်၌မြဲစွာ ဆောက်တည်ပါ၏။

(၃) သမ္ဖပ္ပလာပဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဒဏ္ဍာရီ လုပ်ကြံဇာတ်ခင်း အကျိုးမများသည့် ပြိန်ဖျင်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်၌မြဲစွာ ဆောက်တည်ပါ၏။

(၄) မိစ္ဆာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မတရားသဖြင့် ပစ္စည်းဥစ္စာရှာဖွေ၍ အသက်မွေးခြင်းမှ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်၌မြဲစွာ ဆောက်တည်ပါ၏။

ဆိုတဲ့ (၄)ပိုဒ်ကို ငါးပါးသီလရဲ့ မုသာဝါဒါ ဝေရမဏီ သိက္ခာပုဒ်နောက်က တွဲဆိုရွတ်ဖတ် သီလယူရင် အာဇီဝဋ္ဌမကသီလ ခံယူဆောက်တည်တယ်လို့ မည်ပါတယ် ဒကာကြီးညွှန့်တင်ကျော်။ ဒကာကြီးကို ခုပေးလိုက်တဲ့ နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုးစာအုပ်ကလေးထဲမှာ အစုံအလင် ပါပါတယ်"

ဦးပဥ္စင်းဦးမေဓာဝီက ကျွန်ုပ်အား စိတ်ရှည်လက်ရှည် သေသေချာချာ ရှင်းလင်းညွှန်ကြားပြသနေစဉ် ကမ္မဋ္ဌာန်းကျောင်းကလေးအပြင်ဘက်မှ အခြားလူသံသူသံများ ကြားလိုက်ရ၍ ကျွန်ုပ်တို့အားလုံး လှမ်း၍ကြည့်လိုက်မိကြသည်။

ကျောင်းသားလေးတစ်ယောက်က ရှေ့ဆောင်၍ ကျွန်ုပ်တို့လုံးဝထင်မှတ်မထားသော ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီမင်းသားတစ်ဦး သူ့အခြံအရံနှစ်ယောက်နှင့် ဦးပဥ္စင်းဦးမေဓာဝီ၏ ကျောင်းကလေး ရှိရာ ဆင်းလာခဲ့ခြင်းပင် ဖြစ်၏။

မောင်ဝင်းကိုက ထိုအကယ်ဒမီ ရုပ်ရှင်ဗီဒီယို သရုပ်ဆောင်မင်းသားကို လှမ်းကြည့်ပြီး ...

"ကျွန်တော်နဲ့အတူ ဦးပဥ္စင်းကြီးဆီက နည်းနာခံယူပြီး ဒီနှစ်ကျိပ်ရှစ်ဆူစေတီတော်ကြီးမှာ အဓိဋ္ဌာန်ဆောက်တည်ခဲ့တဲ့ ရုပ်ရှင်ဗီဒီယိုမင်းသားပဲ။ အဲဒီနှစ်မှာပဲ အကယ်ဒမီရပြီး စီးပွားရေးထောင်တက်သွားတယ်။ ဒါကြောင့် နှစ်ကျိပ်ရှစ်ဆူစေတီတော်မှာ အဓိဋ္ဌာန်တွေဆက်ဝင်ပြီး ဦးပဥ္စင်းကြီးကို လာကန်တော့လေ့ရှိတယ်လေ"

အကယ်ဒမီ ရုပ်ရှင်ဗီဒီယိုမင်းသားသည် ကျွန်ုပ်တို့ကိုမြင်သွားသဖြင့် ဦးပဥ္စင်းကြီး၏ ဧည့်သည်ဖြစ်ကြောင်းသိကာ အပြုံးချိုချိုနှင့် နှုတ်ဆက်သမှုပြုနေစဉ် ကျွန်ုပ်နှင့် မောင်ဝင်းကိုတို့မှာ ကျဉ်းကျပ်လွန်းသော ဦးပဥ္စင်းကြီးဦးမေဓာဝီ၏ ကမ္မဋ္ဌာန်းကျောင်းကလေးမှာ လွတ်လွတ်လပ်လပ် ဦးပဥ္စင်းကြီးနှင့် ဆွေးနွေးနိုင်စေရန် ဦးပဥ္စင်းကြီးဦးမေဓာဝီအား နှုတ်ဆက်ကန်တော့ခဲ့ရပါတော့သည်။

"မှန်ပါ။ တပည့်တော်တို့ ပြန်ပါဦးမယ်ဘုရား"

"မပြန်ပါနဲ့ဦး။ နှစ်ကျိပ်ရှစ်ဆူစေတီတော်ကြီး ရင်ပြင်တော်ပေါ်မှာ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်စရာတွေ၊ ညွှန်ပြစရာတွေ ရှိသေးတယ်။ ဒကာကြီးတို့ စေတီတော်ကြီးပေါ်က စောင့်နေကြပေတော့"

"တင်ပါ့ဘုရား"

ကျွန်ုပ်နှင့် မောင်ဝင်းကိုတို့သည် ဦးပဥ္စင်းကြီး ဦးမေဓာဝီ၏ ကမ္မဋ္ဌာန်းကျောင်းကလေးမှ ဆင်းလာခဲ့ပြီး ငှက်ပျောတောကိုဖြတ်၍ နှစ်ကျိပ်ရှစ်ဆူစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်သို့ လှမ်းတက်လာခဲ့ကြရလေတော့သည်။

ကျော်မင်း



www.burmeseclassic.com

www.burmeseclassic.com

# အာနန္ဒာရောယ်ဘောင်း
# နှစ်ကျိပ်ရှစ်ဆူဂါထာတော်ကြီး

ကျော်သန်း(တိုင်းရင်းဆေး)

တဏှင်္ကရော၊ မေဓင်္ကရော၊ သရဏင်္ကရော၊
ဒီပင်္ကရော၊ ကောဏ္ဍညော၊ မင်္ဂလော၊ သုမနော၊
ရေဝတော၊ သောဘိတော၊ အနောမဒဿီ။

ပဒုမော၊ နာရဒေါ၊ ပဒုမုတ္တရော၊ သုမေဓော၊
သုဇာတော၊ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊
သိဒ္ဓတ္ထော၊ တိဿော။

ဖုဿော၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကု
သန္ဓော၊ ကောဏာဂမနော၊ ကဿပေါ၊ အမှာကံ
ဘဂဝါ။

ဣမေသွာတံ ဘဝန္တာမိ၊ နိုင်ငံတော်မှ၊ မေသီသော၊
အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ၊ ဣတိမန္တော ဇုတိန္ဓရာ။

ဣဒ္ဓိယာ ဇုတိယာ တေသံ အန္တရာယာ
သမေန္တုမေ။



www.burmeseclassic.com

www.burmeseclassic.com

**အနက်အဓိပ္ပာယ်**

တဏှင်္ကရော–တဏှင်္ကရာမြတ်စွာဘုရားလည်းကောင်း။ မေဓင်္ကရော–မေဓင်္ကရာ မြတ်စွာဘုရားလည်းကောင်း။ သရဏင်္ကရော–သရဏင်္ကရာမြတ်စွာဘုရားသည်လည်းကောင်း။ ဒီပင်္ကရော–ဒီပင်္ကရာမြတ်စွာဘုရားလည်းကောင်း။ ကောဏ္ဍညော–ကောဏ္ဍညမြတ်စွာဘုရားလည်းကောင်း။ မင်္ဂလော–မင်္ဂလာမြတ်စွာဘုရားလည်းကောင်း။ သုမနော–သုမနမြတ်စွာဘုရားလည်းကောင်း။ ရေဝတော–ရေဝတမြတ်စွာဘုရားလည်းကောင်း။ သောဘိတော–သောဘိတမြတ်စွာဘုရားလည်းကောင်း။ အနောမဒဿီ–အနောမဒဿီမြတ်စွာဘုရားလည်းကောင်း။ (၁၀–ဆူ)

ပဒုမော–ပဒုမမြတ်စွာဘုရားလည်းကောင်း။ နာရဒေါ–နာရဒမြတ်စွာဘုရားလည်းကောင်း။ ပဒုမုတ္တရော–ပဒုမုတ္တရမြတ်စွာဘုရားလည်းကောင်း။ သုမေဓော–သုမေဓမြတ်စွာဘုရားလည်းကောင်း။ သုဇာတော–သုဇာတမြတ်စွာဘုရားလည်းကောင်း။ ပိယဒဿီ–ပိယဒဿီမြတ်စွာဘုရားလည်းကောင်း။ ဓမ္မဒဿီ–ဓမ္မဒဿီမြတ်စွာဘုရားလည်းကောင်း။ သိဒ္ဓတ္ထော–သိဒ္ဓတ္ထမြတ်စွာဘုရားလည်းကောင်း။ တိဿော–တိဿမြတ်စွာဘုရားလည်းကောင်း။ (၂၀–ဆူ)

ဖုဿော–ဖုဿမြတ်စွာဘုရားလည်းကောင်း။ ဝိပဿီ–ဝိပဿီမြတ်စွာဘုရားလည်းကောင်း။ သိခီ–သိခီမြတ်စွာဘုရားလည်းကောင်း။ ဝေဿဘူ–ဝေဿဘူမြတ်စွာဘုရားလည်းကောင်း။ ကကုသန္ဓော–ကကုသန်မြတ်စွာဘုရားလည်းကောင်း။ ကောဏာဂမနော–ကောဏာဂုံမြတ်စွာဘုရားလည်းကောင်း။ ကဿပေါ–ကဿပမြတ်စွာဘုရားလည်းကောင်း။ အမှာကံ–အကျွန်ုပ်တို့၏၊ ဘဂဝါ–အရှင်ဂေါတမမြတ်စွာဘုရားလည်းကောင်း။ (၂၈–ဆူ)

ဣမေ–ဤနှစ်ကျိပ်ရှစ်ဆူကုန်သော သုံးလူထွတ်ထား သဗ္ဗညုမြတ်စွာဘုရားတို့ကို၊ သောအဟံ–ထိုအကျွန်ုပ်သည်၊ ဝေဘိဝန္ဒာမိ–အလွန်ရိုသေစွာ ရှိခိုးပါ၏။ မေ–အကျွန်ုပ်၏ သီသေ–ဦးခေါင်းထက်၌၊ နိစ္စံ–အမြဲ၊ တိဋ္ဌန္တု–ကိန်းဝပ်တည်နေတော်မူကြပါစေကုန်သတည်း။

အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ–နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့သည်၊ ဣဒ္ဓိမန္တော–စကြာဝဠာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အပေါင်းတို့နှင့်လည်း ပြည့်စုံတော်မူကြကုန်၏။ ဇုတိန္ဓရာ–စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးရှိန်ဝါ စက်အာဏာတို့ကိုလည်း ကောင်းစွာစိုက်ထူ ဆောင်တော်မူကြပါပေကုန်၏။ တေသံ–ထိုနှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့၏၊ ဣဒ္ဓိယာ–စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အာနုဘော်ကြောင့်လည်းကောင်း။ ဇုတိယာ–စကြာဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးရှိန်ဝါ စက်အာဏာကြောင့်လည်းကောင်း။ မေ–အကျွန်ုပ်အား၊ အန္တရာယာ–ခပ်သိမ်းသောဘေးဒဏ် ရန်မာန် အန္တရာယ်အပေါင်းတို့သည်၊ သမေန္တု–မငြိမတွယ် ပျောက်ပြယ်ကင်းငြိမ်းကြပါစေကုန်သတည်း။


အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ကျရောက်လတ္တံ့သော မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေးတို့မှ ကာကွယ်နိုင်ရန်အတွက် အန္တရာယ်ကင်း နှစ်ကျိပ်ရှစ်ဆူဂါထာတော်ကြီး၏ ပါဠိနှင့်အနက်ကို နေ့စဉ် ည/နံနက် ရွတ်ဖတ်ခြင်းဖြင့် ကာကွယ်ကြရန် ဖြစ်ပါသည်။

ထို့ကြောင့် အန္တရာယ်ကင်း နှစ်ကျိပ်ရှစ်ဆူဂါထာတော်ကြီးသည် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏ တန်ခိုးတော်အာနုဘော်တော်ကြောင့် ယခုမျက်မှောက်၌ ကျရောက်လျက်ရှိသော အန္တရာယ်ဘေးအပေါင်းတို့မှ ကင်းဝေးစေရန် မမေ့မလျော့ နေ့စဉ်ရွတ်ဖတ်ကြရန် ဖြစ်ပါသည်။

**ကျော်သန်း(တိုင်းရင်းဆေး)**

ကျမ်းကိုး

ရောဂန္တရ ဒီပနီကျမ်း။





www.burmeseclassic.com

www.burmeseclassic.com

# နှစ်ကျိပ်ရှစ်ဆူ စေတီတော်မြတ်ကြီး

အောင်သာကျော်




လွန်ခဲ့သည့်အပတ်အတွင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ လိမ္မတ်ကျေးရွာအုပ်စု ထောက်ကြန့်၊ လှော်ကား၊ ရွှေပြည်သာ ကားလမ်းပေါ်ရှိ လှော်ကားတောရကျောင်းတိုက်အနီးတွင် တည်ထားသည့် ရွှေတိဂုံပုံစံတူ နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးထံတော်ပါးသို့ ရောက်သွားခဲ့ပါသည်။ စေတီတော်မြတ်ကြီးမှာ လှော်ကားတောရကျောင်းတိုက်အနီး ၄. ၆၅ ဧကရှိသော သာသနာ့ ဝတ္တကံမြေပေါ်တွင် ရွှေတိဂုံစေတီတော် ပုံစံတူ ဉာဏ်တော် အမြင့် ၄၅ တောင် အမြင့်ဆောင်စေကာ တည်ထားခဲ့ခြင်း ဖြစ်သည်။ နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်(ရွှေတိဂုံစေတီတော်ပုံစံတူ)ကို ကျေးလူရှင် ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရက တည်ထားတော်မူခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သက်လွတ်ဆွမ်းကိုသာ ဘုဉ်းပေးတော်မူသည့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရသည် သိကြားခတ်နှိပ် တံဆိပ်တော်ရစေတီ နှစ်ကျိပ်ရှစ်ဆူကိုလည်း တစ်ဆူလျှင် ၇ ရက် အဓိဋ္ဌာန်ဝင်တော်မူခဲ့သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင်လည်း အကြိမ်ကြိမ် အဓိဋ္ဌာန်ဝင်တော်မူခဲ့သည်။ ပဲခူး ရွှေမော်ဓောစေတီတော်၊ ကျိုက်ပွန်ဘုရားကြီးနှင့် နီးစပ်အလျဉ်းသင့်ရာ စေတီတော်များတွင်လည်း အဓိဋ္ဌာန်ဝင်ခဲ့သည်။ ပွင့်တော်မူပြီးကုန်သော တဏှင်္ကရာမြတ်စွာဘုရားရှင်မှအစ ဂေါတမမြတ်စွာဘုရားအထိ နှစ်ကျိပ်ရှစ်ဆူသော ဘုရားတို့ကိုလည်း ဗုဒ္ဓဂယာတွင် သတ္တသတ္တာဟ ခုနစ်ဌာန၌ ခုနစ်ရက် ခုနစ်လီ စုစုပေါင်း ၄၉ ရက် အဓိဋ္ဌာန် ဝင်တော်မူစဉ်(မဟာဗောဓိစေတီတော်၌) ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် သိကြားခတ်နှိပ် တံဆိပ်တော်ရ ဘုရားများကို စေတီတည်ထားကာ ကိုးကွယ်လိုသောဆန္ဒ ပြင်းပြစွာ ထက်သန်တော်မူခဲ့သည်။

ဆရာတော်ဘုရားကြီး ဗုဒ္ဓဂယာတွင် အဓိဋ္ဌာန်ဝင်တော်မူစဉ်က ဖူးမြင်ခဲ့ရသော မဟာဗောဓိစေတီတော်တွင် ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်အပေါင်းတို့ကို ပူဇော်ထားသည့်အတိုင်း ပူဇော်ရာ၌ မြန်မာမှုပြုပြီး ရွှေတိဂုံစေတီတော်မြတ်ကြီး ပုံစံတူ နှစ်ကျိပ်ရှစ်ဆူ စေတီတော်မြတ်အဖြစ် တည်ထားပူဇော်ရန် သဒ္ဓါထက်သန်တော်မူခဲ့သည်။ ရွှေတိဂုံစေတီတော် ပုံစံတူ စေတီတော်ကြီး၏ အောက်ခြေလေးဖက်လေးတန် လိုဏ်မုခ်ခံ၍ ရွှေတိဂုံစေတီတော်ကြီး၏ မုခ်လေးမုခ်တွင် ပွင့်တော်မူပြီးသော ဤဘဒ္ဒကမ္ဘာမှ ဘုရားလေးဆူ စံပယ်တော်မူသကဲ့သို့ ပွင့်တော်မူပြီးသော ဘုရားနှစ်ဆူကို မုခ်တစ်မုခ်စီတွင် တည်ထားကိုးကွယ်ရန် သဒ္ဓါပွားများတော်မူခဲ့သည်။ နှစ်ကျိပ်ရှစ်ဆူ စေတီတော်မြတ်ကြီးအား 'ဖွား-ပွင့်-ဟော-စံ' သံဝေဇနိယ လေးဌာနလာအတိုင်း အရှေ့၊ အနောက်၊ တောင်၊ မြောက် မုခ်လေးခုတို့တွင် တစ်မုခ်လျှင် ဘုရားခုနစ်ဆူ၊ လေးမုခ်လျှင် စုစုပေါင်း နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်အပေါင်း၏ ကျောင်းတော်ရာကြီးအဖြစ် တည်ထား ကိုးကွယ်တော်မူလိုသည်။



www.burmeseclassic.com

www.burmeseclassic.com

အနန္တတံဆိပ်တော်

# နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးဂါထာများ

| | |
|---|---|
| ကော၊ လာ၊ ဝ၊ ဟာ ဘွဲ့တံဆိပ်တော်ရ<br>အထက်စက်တော်ရာ ဘုရားရှိခိုးဂါထာ<br>ကောလာသ, နိဘ, သေလမှိ၊<br>လာခါယဝိယ လဋ္ဌိတံ။<br>ဝရံ ဝန္ဒာမိ ဋ္ဌပေန္တံ၊<br>ဟာရိပါဒဝလဥ္ဆနံ။<br>ပုညေနာနေန သဗ္ဗမှိ၊<br>သမိဇ္ဈတု ယထိစ္ဆိတံ။ | မံ၊ သွဏ်၊ သု၊ သံ ဘွဲ့တံဆိပ်တော်ရ<br>ထားဝယ်ပြည်ဆံတော် ဘုရားရှိခိုးဂါထာ<br>မဏ္ဍိတကေသဝရမှိ၊<br>သွဏ္ဏံ ကာရုညတော ဒဒံ။<br>သုဂနှိတ မာကင်္ခ၊<br>သမ္ဗုဒ္ဓံ တံ နမေ သဒါ။<br>ပုညေနာနေန သဗ္ဗမှိ၊<br>သမိဇ္ဈတု ယထိစ္ဆိတံ။ |
| စ၊ ဘ၊ က၊ သ ဘွဲ့တံဆိပ်တော်ရ<br>ကျိုက္ခမီ ဘုရားရှိခိုးဂါထာ<br>စယံ ပါရမီသဥ္စယံ၊<br>ဘဝါဘဝေ သုခန္တိကံ။<br>ကရောန္တံ လောကအတ္ထမှိ၊<br>သရဏံ တံ နမေ သဒါ။<br>ပုညေနာနေန သဗ္ဗမှိ၊<br>သမိဇ္ဈတု ယထိစ္ဆိတံ။ | သ၊ သ၊ သံ၊ သေ ဘွဲ့တံဆိပ်တော်ရ<br>ပင်းယ ရွှေစည်းခုံ ဘုရားရှိခိုးဂါထာ<br>သကလပ္ပါပပဟာနံ၊<br>သကလညေယျဏနကံ။<br>သံဒဒံ ဓာတုယာ ဝန္ဒေ၊<br>သေယျံ ဇေယဂုဏံ သဒါ။<br>ပုညေနာနေန သဗ္ဗမှိ၊<br>သမိဇ္ဈတု ယထိစ္ဆိတံ။ |



www.burmeseclassic.com

www.burmeseclassic.com

**ဘာ၊ ဝ၊ ဂု၊ ဏာ ဘွဲ့တံဆိပ်တော်ရ**
**ပုဂံ စူဠာမဏိ ဘုရားရှိခိုးဂါထာ**

ဘာဏံ လေဏံ စ ပါဏိနံ၊
ဝရဒံ ကေသဓာတုယာ။
ဂုဏမ္ဘဏိဓေကိရသံ၊
ဏမိတံ တံ နမေ သဒါ။
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**အ၊ ဟံ၊ ဘ၊ န္တေ ဘွဲ့တံဆိပ်တော်ရ**
**ကျိုက်ပွန် ဘုရားရှိခိုးဂါထာ**

အရဟတံ စတုန္နမ္ပိ၊
ဟန္တာနံ ကိလေသာရယော။
ဘဂဝတံ သဒါ ဝန္ဒေ၊
တေဂသိနံ ယသသိနံ။
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ပု၊ ည၊ ခေ၊ တ္တံ ဘွဲ့တံဆိပ်တော်ရ**
**လယ်ကိုင်းကျောင်းတော်ရာ ဘုရားရှိခိုးဂါထာ**

ပုဏ္ဏထေရနိမန္တိတော၊
ညတ္ဟာ လောကဟိတံ စိရံ။
ခေမဝါသံ မကာသိ ယော၊
တံ ဝန္ဒေ လောကနာထံပိ။
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ဒေ၊ ဝံ၊ မာ၊ ဟ ဘွဲ့တံဆိပ်တော်ရ**
**ယိုးဒယားပြည်ဆံတော် ဘုရားရှိခိုးဂါထာ**

ဒေဟံ လောကဟိတဿ၊
ဝန္တံ ပါပရာသယော။
မာနနာယ သကံ ဒေန္တံ၊
ဟရိကေသမ္ပိ တံ နမေ။
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**မာ၊ မံ၊ ဟု၊ ဟာ ဘွဲ့တံဆိပ်တော်ရ**
**တရုတ်ပြည်စွယ်တော် ဘုရားရှိခိုးဂါထာ**

မာနိတဗ္ဗာ ဒါဌာ ယဿ၊
မန္တာ ဂန္ဓာရမဏ္ဍလေ၊
ဟုယိတာ အဒ္ဒိဌာနေန၊
ဟာယကံ တံ ဘယေ နမေ။
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ထိ၊ ထ၊ မ၊ စ ဘွဲ့တံဆိပ်တော်ရ**
**ကွမ်းခြံ ရွှေတန့်တစ် ဘုရားရှိခိုးဂါထာ**

ထိတံ သံသာရသောတမှိ၊
ထပေန္တံ ခေမမဂ္ဂတော။
မဟိတဗ္ဗံ သိင်္ဂီနိက္ခ၊
စယေန တံ သဒါ နမေ။
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ဓော၊ စို့၊ စိ၊ န္တာ ဘွဲ့တံဆိပ်တော်ရ**
**ရွှေစာရံ ဘုရားရှိခိုးဂါထာ**

ဓောဓေတဗ္ဗေ ဝိစက္ခန္တော၊
စိရေ နာနာဉပါယတော။
စိန္တေတွာ ဝိနေတိ ယော တံ၊
ဘာဏံ လေဏံ နမေ သဒါ။
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ဝ၊ ရ၊ ဂု၊ ဏာ ဘွဲ့တံဆိပ်တော်ရ**
**ရွှေမော်ဓော ဘုရားရှိခိုးဂါထာ**

ဝရံ မာဓဝါဒီဟိပိ၊
ရတနေဟိပိ မာနိတံ။
ဂုဏေန အတုလံ နာထံ၊
ဏမာမိ သိရသာ သဒါ။
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ဗု၊ ဒ္ဓ၊ စိ၊ န္တာ ဘွဲ့တံဆိပ်တော်ရ**
**ရွှေတိဂုံ ဘုရားရှိခိုးဂါထာ**

ဗုဒ္ဓဉာဏံ သုဒုလ္လဘံ၊
ဓရမာနေ ပဏသုခံ။
စိန္တေန္တော ယော သိရောရုဟံ၊
ဘာဏာယာဒါသိ တံ နမေ။
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ဥ၊ ဝ၊ မာ၊ နိ ဘွဲ့တံဆိပ်တော်ရ**
**ရွှေယင်မြော် ဘုရားရှိခိုးဂါထာ**

ဥပဂန္တွာ နိမ္မိတေန၊
ဝရဝေဒေသနံ နေကဓာ။
မာရန္တံ့ သာစုပ္ပသာဒံ၊
နိရင်္ဂဏံ နမေ သဒါ။
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**အ၊ စိ၊ န္တေ၊ ယ ဘွဲ့တံဆိပ်တော်ရ**
**ဇင်းမယ်လပုန်း ဘုရားရှိခိုးဂါထာ**

အစိန္တေယျဂုဏံ ယဿ၊
စိန္တာမတ္တမ္ပိ သပ္ပလံ။
တေဏယုယသသိရီဟိ၊
ယတိဝရံ နမေ ဇိနံ။
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ဝ၊ ဝ၊ ဏ၊ ဂံ ဘွဲ့တံဆိပ်တော်ရ**
**ပခန်းစည်သူ့ရှင် ဘုရားရှိခိုးဂါထာ**

ဝရံ ဝရညုံ ဝရဒံ၊
ဝရရာဇပတိ ဇိနံ။
ဏာဂရိယံ သဒါ ဝန္ဒေ၊
ဂန္ဓဓမ္မပဟာယကံ။
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။


www.burmeseclassic.com

www.burmeseclassic.com

**ဝိ၊ ရူ၊ ပေါ၊ န္တု၊ ဘွဲ့တံဆိပ်တော်ရ**
ရွှေသာလျောင်း ဘုရားရှိခိုးဂါထာ

ဝိသေသေန သီဟသေယျ၊
ရူပက် သယန် ကရံ။
ပေါန္တု မင်္ဂဝ ဏေတေန္တု၊
တုရိတံ ဝရဒံ နမေ။
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**စေ၊ အာ၊ မာ၊ သော ဘွဲ့တံဆိပ်တော်**
ဖင်းကျိုက် ဘုရားရှိခိုးဂါထာ

စေတနာမတ္တမှိ ဖလံ၊
အာကိလေသက္ခယာ ဗဟု။
မာရလ္လယဂုဏာဒိမှိ၊
သောဘဂ္ဂေ ယသ တံ နမေ။
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ပော၊ စိ၊ သော၊ ဋ္ဌ ဘွဲ့တံဆိပ်တော်ရ**
မြတ်စောညီနောင် ဘုရားရှိခိုးဂါထာ

ပေါဓေတပ္ပေ ဝိစက္ခန္ဓော၊
စိရေ ဓမ္မရသံ ဝရံ။
သောဝနေန နိဗ္ဗာနမှိ၊
ဋ္ဌန္တံ နမေ နိရင်္ဂဏံ။
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**အာ၊ သော၊ မာ၊ ဝ ဘွဲ့တံဆိပ်တော်ရ**
ပုဂံ ရွှေစည်းခုံ ဘုရားရှိခိုးဂါထာ

အာဘာဝဂ္ဂါ အဝိစိတော၊
သောဘဂ္ဂဂုဏပဗ္ဗင်္ဂ။
မာရဇေယဂုဏံ ဝန္ဒေ၊
ဝရ သဗ္ဗမှိ ဒါယကံ။
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**သံ၊ မ္မု၊ ဒ္ဓေ၊ ယ ဘွဲ့တံဆိပ်တော်ရ**
အညာသီဟကော ဘုရားရှိခိုးဂါထာ

သမ္မာ သံမဋ္ဌ ဥဒေ ယျ ယော၊
မုနိန္ဒျတ္တာန ဝိသာရဒံ။
ဒေတိ လောကေ သီဟနာဒံ၊
ယသသီ တံ သဒါ နမေ။
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**သု၊ သု၊ ဏာ၊ ဂံ ဘွဲ့တံဆိပ်တော်ရ**
ပြည်ဆံတော် ဘုရားရှိခိုးဂါထာ

သုဂနာနံ ဟိတံ ဒိသွာ၊
သုန္ဒရံ ကေသဓာတုယာ။
ဏာတိဂရာမုတ္တိကရံ၊
ဂန္ဓဝိမောစနံ နမေ။
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ဥ၊ မ္မာ၊ ဝ၊ မ္ဘဲ ဘွဲ့တံဆိပ်တော်ရ**
ရွှေမင်းဝံ ဘုရားရှိခိုးဂါထာ

ဥန္နတံ သဗ္ဗလောကေဟိ၊
မာနိတံ သဗ္ဗဓမ္မတော။
ဝန္တာဝိ နရာမရာနံ၊
ပယျုက် လောကနာယကံ။
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ဝေ၊ ဒါ၊ ဒ၊ ယ ဘွဲ့တဆိပ်တော်ရ**
မုတ္တမမြသိန်းတန် ဘုရားရှိခိုးဂါထာ

ဝေရောစနေဟိ နေကေဟိ၊
ဒါတုံ ကလမှိ နဂ္ဂတိ။
ဒယာဒိကံ ဂုဏာရန္တံ၊
ယတံ ယသ စ တံ နမေ။
ပုရညနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**တ္တု၊ အာ၊ မံ၊ ချာ ဘွဲ့တံဆိပ်တော်ရ**
ကျိုက်ထီးရိုး ဘုရားရှိခိုးဂါထာ

တ္တုသိန် အတုလံ လောကေ၊
အဂ္ဂိသိနမှိ သတ္တမံ၊
မဟာဒယံ မဟာဉာဏံ၊
ချာတံ လောကတ္တယေ နမေ။
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**သု၊ ခါ၊ ဝ၊ မံ ဘွဲ့တံဆိပ်တော်ရ**
အဝ ရွှေစည်းခုံ ဘုရားရှိခိုးဂါထာ

သုခဒံ သာဓုနံ လောကေ၊
ခါဒိတဒုက္ခဟာယကံ။
ဝရံ ဇေယဂုဏံ ဝန္ဒေ၊
တန္တမာရံ တထာဂတံ။
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**ဗု၊ ဒ္ဓ၊ ဂု၊ ဏာ ဘွဲ့တံဆိပ်တော်ရ**
ရခိုင်ဘုရားကြီး ဘုရားရှိခိုးဂါထာ

ဗုဒ္ဓဉာဏံ သုဒုလ္လဘံ
ဓရမာနေ သရူပကံ။
ဂုဏောန သကသဒိသံ၊
ဏာမေ ကာရာပိတံ ဇိနံ။
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

**န၊ န္တာ၊ ဂု၊ ဏာ ဘွဲ့တံဆိပ်တော်ရ**
အောက်စက်တော်ရာ ဘုရားရှိခိုးဂါထာ

နန္ဒိတံ နာဂရာဇူဘိ၊
တရင်္ဂဘယဝဇ္ဇိတံ။
ဂုဟာနန္တာ သဏ္ဍာပေန္တံ၊
ဏာမေ ပါဒဝလဉ္ဇနံ။
ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။




www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ တွင် မြေသန့်မင်္ဂလာ ကျင်းပခဲ့ဖြစ်ပြီး ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် နှစ်ကျိပ်ရှစ်ဆူ စေတီတော်မြတ်ကြီး ရွှေပန္နက်တော်ရိုက်မင်္ဂလာနှင့် ရွှေပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် တနင်္ဂနွေနေ့တွင် စေတီတော်ကြီး ရတနာအုတ်မြစ်တော်စီ အခမ်းအနားကို ဒေဝါဝင်း ရာဇာဝင်း ခင်းကာ တည်ဆောက်တော်မူခဲ့သည်။ စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း အရပ်လေးမျက်နှာ၌ တစ်ဖက်လျှင် စမ ဘွဲ့တံဆိပ်ခံဘုရား ခုနစ်ဆူစီ စုစုပေါင်း နှစ်ကျိပ်ရှစ်ဆူကို တည်ထားပူဇော်ထားသည်ကို ဖူးတွေ့ရသည်။ စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း ပူဇော်ထားသည့် နှစ်ကျိပ်ရှစ်ဆူ စမ တံဆိပ်တော်ရဘုရားများမှာ အ-ရှေ့အရပ်တွင် မဟာမုနိ(ရခိုင်ဘုရားကြီး)ဇင်းမယ်လဖုန်း၊ ကျိုက္ကမီ၊ မြတ်စောညီနောင်၊ လယ်ကိုင်းကျောင်းတော်ရာ၊ ရွှေမင်းဝံနှင့်၊ ရွှေစာရံတို့ဖြစ်ပြီး တောင်အရပ်တွင် ထားဝယ် ပြည်ဆံတော်၊ ဇင်းကျိုက်၊ ကျိုက်ပွန် ပြည်ဆံတော်၊ ကွမ်းရွာ၊ ရွှေတန့်တစ် အဝရွှေစည်းခုံ ရွှေယင်မြော် တို့ တည်ထားသည်။

အနောက်ဘက်တွင် ယိုးဒယားနိုင်ငံ ဆံတော်၊ မုတ္တမ မြသိန်းတန်ဘုရား၊ ရွှေမော်ဓော အောက်စက်တော်ရာ၊ ပခန်းစည်သူရှင် ပင်းယရွှေစည်းခုံ ပုဂံရွှေစည်းခုံနှင့် မြောက်ဘက်တွင် တရုတ်နိုင်ငံစွယ်တော်၊ ကျိုက်ထီးရိုး၊ ရွှေတိဂုံ၊ အထက်စက်တော်ရာ၊ ရွှေသာလျောင်း၊ ပုဂံ စူဠာမုနိ၊ အညာ သီဟတောဘုရားများနှင့် ရွှေတိဂုံစေတီတော်ပုံစံတူ နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးမှာ ခန့်ထည်ထင်ရှားစွာဖြင့် တည်ရှိ နေသည်ကို ဖူးတွေ့ရသည်။ ထိုသို့ နှစ်ကျိပ်ရှစ်ဆူ

**နှစ်ကျိပ်ရှစ်ဆူစေတီတော်ကြီး တည်ရှိရာ မြေပုံ**






www.burmeseclassic.com

www.burmeseclassic.com

စေတီတော်မြတ်ကြီး တည်ထားဖြစ်ခဲ့ရသည်မှာ မဟာဗောဓိစေတီတော်ကို ဖူးမြော်ခွင့် ကြုံခဲ့ရသောကြောင့်ပင် ဖြစ်သည်။ ဂေါတမဘုရား ရှင်ကိုယ်တော်မြတ်ကြီးသည် ရှေးဘုရားစဉ်ဆက်တို့ ပွင့်ထွန်းခဲ့ရာ မဇ္ဈိမဒေသ၌ပင် ပွင့်တော်မူခဲ့သည်။ မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဂယာရှိ ဗောဓိပင်အနီး အပရာဇိတပလ္လင်တွင် သဗ္ဗညုတ ဉာဏ်တော်ရှင် သုံးလောကထွတ်ထား အတုမရှိသော မြတ်စွာဘုရား ဖြစ်တော်မူသည်။ မြတ်စွာဘုရားရှင် သဗ္ဗညုတဉာဏ်တော် ရရှိတော်မူရာဌာနတွင် မဟာဗောဓိစေတီတော်ကို တည်ထားခဲ့သည်။ ထိုမဟာဗောဓိစေတီတွင် ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူဘုရားတို့ကို စေတီတော်မြတ်ကြီး၏ အရပ်လေးမျက်နှာတွင် ပူဇော်ထားသည်။

နှစ်ကျိပ်ရှစ်ဆူ ဘုရားတို့သည်ကား လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလမှစ၍ ပွင့်တော်မူခဲ့သော တဏှင်္ကရာဘုရားရှင်မှစ၍ ယခုကမ္ဘာတွင် ပွင့်တော်မူသော ဂေါတမဘုရားရှင်အထိ ရေတွက်သည့် နှစ်ဆယ့်ရှစ်ဆူသော ဘုရားတို့ပင်တည်း။ ပွင့်တော်မူပြီးသော ဘုရားရှင် နှစ်ဆယ့်ရှစ်ဆူတို့၏ ဘွဲ့တော်ကို ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ လက်ဝဲလက်ရုံးဂါထာတွင် တွေ့နိုင်ပါသည်။ ဆရာတော်ဘုရားကြီးသည် မြန်မာစာပေတွင် ထင်ရှားသော သိကြားခတ်နှိပ် ဘွဲ့တံဆိပ်တော်ရ နှစ်ကျိပ်ရှစ်ဆူဘုရားတို့ကိုလည်း တည်ထားလိုသည့်ဆန္ဒပြင်းပြတော်မူသည်။ စေတီတော်၊ ပုထိုးတော်တို့တွင် ငှက်ပျောဖူးနှင့်လည်းကောင်း၊ အချို့ ခေါင်းလောင်းပုံ၌လည်းကောင်း အက္ခရာလေးလုံးတို့ ပေါ်ပေါက်နေလေရာ ယင်းတို့ကို 'သိကြားခတ်နှိပ်၊ တံဆိပ် အက္ခရာ၊ လေးလုံးစာ' ပညာရှိဆရာတော်ဘုရားကြီးများက တစ်လုံးတစ်ပါဒပြုကာ လေးပါဒတစ်ဂါထာပြု၍ အနက်နှင့်တကွ ဘုရားရှိခိုး ပြုလုပ်ထားတော်မူကြသည်။

သိကြားခတ်နှိပ် တံဆိပ်အက္ခရာရသော ဘုရားတို့မှာ နှစ်ကျိပ်ရှစ်ဆူ ရှိသဖြင့် နှစ်ကျိပ်ရှစ်ဆူစေတီတော် ဘုရားများသည် မြန်မာစာပေတွင် ထင်ရှားနေခဲ့ပေသည်။ ထိုဘုရားများတော်တို ကဝိလက္ခဏာဝိသောဓနီကျမ်းတွင် မန်းတက္ကသိုလ်ဆရာဦးဆန်းထွန်းက စီကုံးထည့်သွင်းထားခဲ့သည်။ သိကြားခတ်နှိပ်သော အက္ခရာ စေတီဘုရားဘွဲ့တော်တို့ကို ဖွဲ့ဆိုထားသည်မှာ မှတ်သားလွယ်ကူစေသည်။ သိကြားခတ်နှိပ် တံဆိပ်တော်ရ နှစ်ကျိပ်ရှစ်ဆူ ဘုရားများကို ရှိခိုးပူဇော်ပါက ကောင်းကျိုးချမ်းသာအပေါင်းနှင့် ပြည့်စုံ၍ ဘေးအပေါင်းမှ ကင်းဝေးနိုင်ကြမည်ပင် ဖြစ်ပါသည်။ ခုနစ်ရက်သားသမီးများ မိမိမွေးနံအလိုက် ပွင့်တော်မူပြီးသောဘုရား နှစ်ကျိပ်ရှစ်ဆူနှင့် စမ ဘွဲ့တံဆိပ်တော်ရ နှစ်ကျိပ်ရှစ်ဆူဘုရားများ ရှေ့မှောက်တွင် အသာမိပူဇာ ဓမ္မပူဇာဖြင့် ပရိက်ပြု၍ မိမိနှစ်သက်ရာ သမထ ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ချမ်းသာလွယ်ကူစွာ အားထုတ်ပေါက်မြောက်နိုင်ကြမည်သာ ဖြစ်ပါသည်။

စေတီတော်မြတ်တည်ရာသို့ အရောက်သွားကာ အဓိဋ္ဌာန်ဝင်ခြင်း၊ ဆုတောင်း ဆုပန်သမှု ပြုခြင်းများ ပြုလုပ်ကြမည်ဆိုပါက လောကီလောကုတ္တရာ အကျိုးစီးပွားများ အလျှင်အမြန် ရရှိခံစား စံစားနိုင်ကြရမည်မှာ သေချာလှကြောင်း အဓိဋ္ဌာန်အောင်သွားသူတို့ထံမှ သိခွင့်ရပါသည်။ သတိချပ်စရာရှိသည်မှာ နှစ်ကျိပ်ရှစ်ဆူစေတီတော် တည်ရာနယ်မြေကို သက်လွတ်နယ်မြေအဖြစ် သတ်မှတ်ထားပါသဖြင့် သက်လွတ်စားပြီးမှ သွားရောက်ဆုပန်ခြင်း အဓိဋ္ဌာန်ဝင်ခြင်း ပြုကြရန်ပင် ဖြစ်ပါသည်။

**မြတ်ဗုဒ္ဓသာသနာ**
**ရောင်ဝါနေသို့ထွန်းစေသော်. . .**

**အောင်သာကျော်**



www.burmeseclassic.com

www.burmeseclassic.com



# နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်များ

ရေကျော်ပိုးအောင်

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူပြီးကုန်သော တဏှင်္ကရာ ဘုရားရှင်မှစပြီး ဤဘဒ္ဒကမ္ဘာ၏ နောက်ဆုံးပွင့်တော်မူခဲ့သည့် ဂေါတမမြတ်စွာဘုရားရှင်အထိ ဘုရားရှင်ပေါင်း နှစ်ကျိပ်ရှစ်ဆူ ရှိခဲ့သည်ဟု ညွှန်းဖွဲ့ဆိုထားရှိကြောင်း မှတ်သားရပါသည်။

ဤသို့ ပွင့်တော်မူခဲ့ပြီးကုန်သော ဘုရားရှင်တော်မြတ် ၂၈ ဆူတို့အား နှစ်ကျိပ်ရှစ်ဆူဘုရားရှင်များဟု သတ်မှတ်ခေါ်ဝေါ်ကာ ယနေ့ထက်တိုင် ပူဇော်သက္ကာရ ပြုလျက်ရှိကြသည်ကိုလည်း တွေ့မြင်သာဓု ခေါ်ဆိုနေရသည်လည်းရှိ၏။

ယင်းနှစ်ကျိပ်ရှစ်ဆူကုန်သောဘုရားရှင်တို့မှာ ...

(၁) တဏှင်္ကရာဘုရား၊ (၂) မေဓင်္ကရာဘုရား၊ (၃) သရဏင်္ကရာဘုရား၊ (၄) ဒီပင်္ကရာဘုရား၊ (၅) ကောဏ္ဍညဘုရား၊ (၆) မင်္ဂလဘုရား၊ (၇) သုမနဘုရား၊ (၈) ရေဝတဘုရား၊ (၉) သောဘိတဘုရား၊ (၁၀) အနောမဒဿီဘုရား၊ (၁၁) ပဒုမဘုရား၊ (၁၂) နာရဒဘုရား၊ (၁၃) ပဒုမုတ္တရဘုရား၊ (၁၄) သုမေဓဘုရား၊ (၁၅) သုဇာတဘုရား၊ (၁၆) ပိယဒဿီဘုရား၊ (၁၇) အတ္ထဒဿီဘုရား၊ (၁၈) ဓမ္မဒဿီဘုရား၊ (၁၉) သိဒ္ဓတ္ထဘုရား၊ (၂၀) တိဿဘုရား၊ (၂၁) ဖုဿဘုရား၊ (၂၂) ဝိပဿီဘုရား၊ (၂၃) သိခီဘုရား၊ (၂၄) ဝေဿဘူဘုရား၊ (၂၅) ကကုသန္ဓဘုရား၊ (၂၆) ကောဏာဂမနဘုရား၊ (၂၇) ကဿပဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဖြစ်ပါသည်။ ဗုဒ္ဓဝင်ကျမ်းတွင်မူ ဂေါတမရှင်တော်မြတ်ဘုရားသည် ဒီပင်္ကရာ ဘုရားရှင်လက်ထက်မှစ၍ ဗျာဒိတ်ခံသည့်အတွက် ဒီပင်္ကရာဗုဒ္ဓဝင်မှ စတင်ဖော်ပြကြသည်ဟုလည်း မှတ်သားရမိပါသည်။

**တဏှင်္ကရာဘုရားရှင်**သည် သာရမဏ္ဍကမ္ဘာတွင် ပွင့်တော်မူခဲ့ပြီး ပွင့်တော်မူရာ ဗောဓိပင်မှာ 'စရည်း'ပင် ဖြစ်သည်။ မေဓင်္ကရာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သာရမဏ္ဍကမ္ဘာတွင် ဒုတိယပွင့်တော်မူခဲ့ပြီး ပွင့်တော်မူရာ ဗောဓိပင်မှာ 'ပေါက်'ပင်ဖြစ်သည်။ **သရဏင်္ကရာဘုရားရှင်**သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သဖုသာရကမ္ဘာတွင် တတိယပွင့်တော်မူခဲ့ပေသည်။ ပွင့်တော်မူရာဗောဓိပင်မှာ ညောင်ချဉ်ပင်ဖြစ်သည်။

**ဒီပင်္ကရာဘုရားရှင်**သည် လွန်လေပြီးသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူခဲ့ပြီး သာရမဏ္ဍကမ္ဘာတွင် လေးဆူမြောက်ဖြစ်ပြီး သက်တော်အားဖြင့် တစ်သိန်းဖြစ်၏။ ဉာဏ်တော် အတောင်ရှစ်ဆယ်မြင့်၏။ ညောင်ကြတ်ဗောဓိပင်တွင် ပွင့်တော်မူခဲ့သည်။

ငါးဆူမြောက်ပွင့်တော်မူသည့် **ကောဏ္ဍညဘုရားရှင်**မှာမူ လွန်လေပြီးသော သုံးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက် သာရကမ္ဘာတွင် တစ်ဆူတည်းပွင့်တော်မူ၏။ သက်တော်တစ်သိန်း ရှည်တော်မူ၏။ ဉာဏ်တော်ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူ၏။ ဗောဓိပင်မှာ သာလကလျာဏီပင် ဖြစ်သည်။

**မင်္ဂလဘုရားရှင်**မှာမူ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သာရမဏ္ဍကမ္ဘာတွင် ရှေးဦးဆုံးပွင့်တော်မူပြီး သက်တော်ကိုးသောင်းရှည်၏။ ဉာဏ်တော် ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူသည်။ ကံ့ကော်ဗောဓိပင်၌ ပွင့်ကော်မူသည်။

**သုမနဘုရားရှင်**သည် လွန်လေပြီးသော နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သာရမဏ္ဍကမ္ဘာတွင် ဒုတိယပွင့်တော်မူသည်။ သက်တော်ကိုးသောင်းရှည်၍ ဉာဏ်တော်အတောင်ကိုးဆယ် မြင့်တော်မူသည်။ ကံ့ကော်ဗောဓိပင်၌ ပွင့်တော်မူသည်။

**ရေဝတဘုရားရှင်**သည် လွန်လေပြီးသော နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သာရမဏ္ဍကမ္ဘာတွင် တတိယပွင့်တော်မူ၍ သက်တော်ခြောက်သောင်း ရှည်တော်မူ၍ ဉာဏ်တော်အတောင်ရှစ်ဆယ်မြင့်တော်မူ၍ ကံ့ကော်ပင်၌ ပွင့်တော်မူခဲ့သည်။

**သောဘိတဘုရားရှင်**သည် လွန်လေပြီးသော နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သာရမဏ္ဍကမ္ဘာတွင် နောက်ဆုံးပွင့်တော်မူခဲ့ပြီး သက်တော်အားဖြင့် ကိုးသောင်းရှည်တော်မူ၍ ဉာဏ်တော်အားဖြင့် ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၍ ကံ့ကော်ပင်၌ ပွင့်တော်မူသည်။

**အနောမဒဿီဘုရားရှင်**သည် လွန်လေပြီးသော တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ဝရကမ္ဘာတွင် ပထမ ပွင့်တော်မူ၍ သက်တော်တစ်သိန်းရှည်တော်မူ၏။ ဉာဏ်တော်ငါးဆယ့်ရှစ်တောင်မြင့်၍ ဗောက်ကြံ့ဗောဓိပင်၌ ပွင့်တော်မူသည်။

**ပဒုမဘုရားရှင်**သည်လည်း လွန်လေပြီးသော တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ဝရကမ္ဘာတွင် ဒုတိယပွင့်တော်မူသည်။ သက်တော်တစ်သိန်းရှည်တော်မူ၍ ဉာဏ်တော်ငါးဆယ့်ရှစ်တောင် မြင့်တော်မူသည်။ ကြောင်လျှာကြီးဗောဓိပင်၌ ပွင့်တော်မူသည်။

**နာရဒဘုရားရှင်**သည် လွန်လေပြီးသော တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ဝရကမ္ဘာတွင် တတိယပွင့်တော်မူခဲ့သည်။ သက်တော်ကိုးသောင်း ရှည်တော်မူ၍ ဉာဏ်တော်ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူသည်။ ကြောင်လျှာငယ်ဗောဓိပင်၌ ပွင့်တော်မူသည်။

**ပဒုမုတ္တရဘုရားရှင်**သည် လွန်လေပြီးသော ကမ္ဘာတစ်သိန်း သာရကမ္ဘာတွင် ပွင့်တော်မူသည်။ သက်တော်တစ်သိန်း ရှည်တော်မူ၍ ဉာဏ်တော် ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူ၏။ ထင်းရှူးဗောဓိပင်၌ ပွင့်တော်မူသည်။

**သုမေဓဘုရားရှင်**သည် လွန်လေပြီးသော ကမ္ဘာသုံးသောင်းထက်၌ မဏ္ဍကမ္ဘာတွင် ပွင့်တော်မူသည်။ သက်တော်ကိုးသောင်းရှည်တော်မူ၍ ဉာဏ်တော် ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူသည်။ တမာဗောဓိပင်၌ ပွင့်တော်မူသည်။

**သုဇာတဘုရားရှင်**သည် လွန်လေပြီးသော ကမ္ဘာသုံးသောင်းထက်၌ မဏ္ဍကမ္ဘာတွင် ပွင့်တော်မူသည်။ သက်တော်ကိုးသောင်းရှည်တော်မူသည်။ ဉာဏ်ပော်အတောင်ငါးဆယ်မြင့်တော်မူသည်။ ကြခတ်ဗောဓိပင်၌ ပွင့်တော်မူသည်။

**ပိယဒဿီဘုရားရှင်**သည် ကမ္ဘာပေါင်း တစ်ထောင့်ရှစ်ရာထက်၌ ဝရကမ္ဘာတွင် ပွင့်တော်မူသည်။ သက်တော်အနှစ်ကိုးသောင်း ရှည်တော်မူ၏။ ဉာဏ်တော် အတောင်ရှစ်ဆယ်မြင့်တော်မူသည်။ သျှိသျှားဗောဓိပင်၌ ပွင့်တော်မူသည်။

**အတ္ထဒဿီဘုရားရှင်**သည် လွန်လေပြီးသော ကမ္ဘာတစ်ထောင့်ရှစ်ရာထက်၌ ဝရကမ္ဘာတွင် ဒုတိယပွင့်တော်မူပြီး သက်တော်အနှစ်တစ်သိန်း ရှည်တော်မူသည်။ ဉာဏ်တော်အားဖြင့် အတောင်ရှစ်ဆယ် မြင့်တော်မူသည်။ စကားဗောဓိပင်၌ ပွင့်တော်မူသည်။

**ဓမ္မဒဿီဘုရားရှင်**သည် လွန်လေပြီးသော ကမ္ဘာတစ်



www.burmeseclassic.com

www.burmeseclassic.com

ထောင့်ရှစ်ရာထက်၌ ဝရကမ္ဘာတွင် တတိယပွင့်တော်မူ၍ သက်တော်နှစ်တစ်သိန်း ရှည်တော်မူ၏။ ဉာဏ်တော်အားဖြင့် အတောင်ရှစ်ဆယ် မြင့်တော်မူသည်။ ရေခံတက်ဗောဓိပင် (အချို့စာများတွင် မျက်နှာပန်းပင်၊ ကြက်မောက်ကြီးပင်၊ သံသတ်)ပင်များဟူ၍ ဖော်ပြထားသည်။

သိဒ္ဓတ္ထဘုရားရှင်သည် လွန်လေပြီးသော ကမ္ဘာပေါင်း ကိုးဆယ့်လေးကမ္ဘာထက်၌ သာရကမ္ဘာတွင် ပွင့်တော်မူသည်။ သက်တော်အားဖြင့် အနှစ်တစ်သိန်းရှည်တော်မူ၍ ဉာဏ်တော် အတောင်ခြောက်ဆယ် မြင့်တော်မူသည်။ စကားဗောဓိပင်၌ ပွင့်တော်မူသည်။

တိဿဘုရားရှင်သည် လွန်လေပြီးသော ကိုးဆယ့်နှစ်ကမ္ဘာထက်၌ မဏ္ဍကမ္ဘာတွင် ပထမပွင့်တော်မူသည်။ သက်တော်အနှစ်တစ်သိန်း ရှည်တော်မူ၍ ဉာဏ်တော် အတောင်ခြောက်ဆယ် မြင့်တော်မူပြီး ပိတောက်ဗောဓိပင်၌ ပွင့်တော်မူသည်။

ဖုဿဘုရားရှင်သည် လွန်လေပြီးသော ကိုးဆယ့်နှစ်ကမ္ဘာထက်၌ မဏ္ဍကမ္ဘာတွင် ဒုတိယပွင့်တော်မူခဲ့ပြီး သက်တော်အားဖြင့် အနှစ်ကိုးသောင်း ရှည်တော်မူသည်။ ဉာဏ်တော် ငါးဆယ့်ရှစ်တောင် မြင့်တော်မူသည်။ သျှိသျှားဗောဓိပင်၌ ပွင့်တော်မူသည်။

ဝိပဿီဘုရားရှင်သည် လွန်လေပြီးသော ကိုးဆယ့်တစ်ကမ္ဘာထက်၌ သာရကမ္ဘာတွင် ပွင့်တော်မူ၍ အနှစ်ရှစ်သောင်းရှစ်ထောင် ရှည်တော်မူသည်။ ဉာဏ်တော် အတောင်ရှစ်ဆယ် မြင့်တော်မူသည်။ သခွတ်ဗောဓိပင်၌ ပွင့်တော်မူသည်။

သိခီဘုရားရှင်သည် လွန်လေပြီးသော သုံးဆယ့်တစ်ကမ္ဘာထက်၌ မဏ္ဍကမ္ဘာတွင် ပထမပွင့်တော်မူသည်။ သက်တော် အနှစ်ခုနစ်သောင်း ရှည်တော်မူ၍ ဉာဏ်တော်အတောင်ခုနစ်ဆယ် မြင့်တော်မူသည်။ သရက်ဖြူဗောဓိပင်၌ ပွင့်တော်မူသည်။

ဝေဿဘူဘုရားရှင်သည် လွန်လေပြီးသော သုံးဆယ့်တစ်ကမ္ဘာထက်၌ မဏ္ဍကမ္ဘာတွင် ဒုတိယပွင့်တော်မူသည်။ သက်တော်ခြောက်သောင်း ရှည်တော်မူ၍ ဉာဏ်တော်အတောင်ခြောက်ဆယ် မြင့်တော်မူသည်။ အင်ကြင်းဗောဓိပင်၌ ပွင့်တော်မူသည်။

ကကုသန္ဓဘုရားရှင်သည် ဤဘဒ္ဒကမ္ဘာတွင် ပထမပွင့်တော်မူသည်။ သက်တော် အနှစ်လေးသောင်း ရှည်တော်မူသည်။ ဉာဏ်တော်အတောင်လေးဆယ် မြင့်တော်မူ၍ ကုက္ကိုဗောဓိပင်၌ ပွင့်တော်မူသည်။

ကောဏာဂမနဘုရားရှင်သည် ဤဘဒ္ဒကမ္ဘာတွင် ဒုတိယပွင့်တော်မူသည်။ သက်တော် အနှစ်သုံးသောင်း ရှည်တော်မူ၍ ဉာဏ်တော်အတောင်သုံးဆယ် မြင့်တော်မူသည်။ ရေသဖန်းဗောဓိပင်၌ ပွင့်တော်မူသည်။

ကဿပဘုရားရှင်သည် ဤဘဒ္ဒကမ္ဘာတွင် တတိယပွင့်တော်မူသည်။ သက်တော်အားဖြင့် အနှစ်နှစ်သောင်း ရှည်တော်မူ၍ ဉာဏ်တော်အားဖြင့် အတောင်နှစ်ဆယ် မြင့်တော်မူသည်။ ပညောင်ဗောဓိပင်၌ ပွင့်တော်မူသည်။

ဂေါတမဘုရားရှင်သည် ဤဘဒ္ဒကမ္ဘာတွင် စတုတ္ထပွင့်တော်မူသည်။ သက်တော်အားဖြင့် အနှစ်ရှစ်ဆယ်ရှည်တော်မူ၍ ဉာဏ်တော် တစ်ဆယ့်ရှစ်တောင် မြင့်တော်မူသည်။ ညောင်ဗောဓိပင်၌ ပွင့်တော်မူသည်။

ဤဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူ ပွင့်တော်မူမည့် ကမ္ဘာဖြစ်သည်ဟု ကျမ်းအစောင်စောင်တို့မှ ဖော်ပြထားသည်။ ဤကမ္ဘာတွင် ငါးဆူမြောက် ပွင့်တော်မူမည့် ဘုရားရှင်သည် အရိမေတ္တေယျဘုရားရှင် ဖြစ်သည်။ ကံ့ကော်ဗောဓိပင်၌ ပွင့်တော်မူမည်ဟု ဘုရားရှင်တို့၏ ဗျာဒိတ်တော်ထားရှိခဲ့ကြောင်း မှတ်သားရမိခဲ့ပါသည်။

ပွင့်တော်မူခဲ့ပြီးကုန်သော နှစ်ကျိပ်ရှစ်ဆူကုန်သော ရှင်တော်မြတ်ဘုရားအပေါင်းတို့နှင့် ဤဘဒ္ဒကမ္ဘာ၏ ပဥ္စမမြောက် ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်တို့ကို ကြည်ညိုသဒ္ဓါပွားများ ဦးခိုက်မိပါသည်။ နောင်ပွင့်တော်မူမည့် တစ်ဆူတည်းသော အရိမေတ္တေယျဘုရားရှင်နှင့် ကြုံကြိုက်စေရန် ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို စောင့်ထိန်းခြင်းနှင့် ပြည့်စုံစေသော သီလ၊ သမာဓိ၊ ဉာဏ်ပညာတို့ ပွားများကျင့်ကြံ အားထုတ်ကြပါစို့ဟူ၍သာ ရေးသားအပ်ပါတော့သည်။

**ရေကျော်စိုးအောင်**

ကျမ်းကိုး

(စွယ်စုံနှစ်ချုပ်)





www.burmeseclassic.com

www.burmeseclassic.com



# နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့၏

# ဌာပနာများ

ဌာပနာဆိုသောစကားသည် ပါဠိမှ ဆင်းသက်လာသော စကားဖြစ်သည်။ ပါဠိအမှန်ကား ဌပနာဖြစ်သည်။ ဌပနာ ကိုပင် ဝါစာသိလိဋ္ဌဖြစ်စေရန် ဌ ဦ အချထည့်၍ ဌာပနာဖြစ်လာပါသည်၊ မြတောင်ဆရာတော်ဘုရားကြီးရေးသားအပ်သော ပုဂံမြို့ဟောင်းတစ်ဆယ့်ခုနစ်ဆူသမိုင်း၌ ပါဠိအတိုင်း ဌပနာဟူ၍ လည်းကောင်း၊ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသစီရင်ရေးသားအပ်သော ပုဂံမြို့ ရွှေစည်းခုံသမိုင်းသစ်ကျမ်း၌ ထပနာဟူ၍ ထဆင်ထူးဖြင့် ရေးသားထားသည်ကို တွေ့ရ၏။

တတ်ပုံ မောင်မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

ဥပနာ၏ အနက်အဓိပ္ပာယ်ကား စေတီပုထိုးတည်ထားရာနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်တည်ထားရာဝယ်သင့်လျော်သော နေရာ၌ အမြတ်တနိုးကိုးကွယ်အပ်သော ပစ္စည်းများနှင့် အသုံးအဆောင်များကို အမြတ်တနိုးကိုးကွယ်ကြစေရန်လည်းကောင်း၊ မပျောက်မပျက်စေရန်လည်းကောင်း၊ အထိမ်းအမှတ်တစ်ခုဖြစ်စေရန်လည်းကောင်း သိမ်းဆည်းသိုမှီးထားခြင်း ဖြစ်သည်။

ဥပနာသောအလေ့အထမှာ ယခုအခါမှ ဖြစ်ပေါ်လာသော အလေ့အထမဟုတ်ပေ။ ကမ္ဘာရှည်ဝေးသော ရှေးရှေးအခါကပင် ရှိခဲ့သော အလေ့အထဖြစ်သည်။

ဂေါတမဘုရားအလောင်း နိယတဗျာဒိတ်ခံရာ ဒီပင်္ကရာဘုရားအစ ကဿပဘုရားအဆုံးရှိ နှစ်ကျိပ်လေးဆူသော ဘုရားတို့၏ ဓာတ်တော်များကို ဥပနာ၍ စေတီများ တည်ထားကိုးကွယ်ခဲ့ကြသည်။

၁။ ဒီပင်္ကရာဘုရားရှင်၏ ဓာတ်တော်တို့ကို သုံးဆယ့်ခြောက်ယူဇနာမြင့်သော စေတီတည်၍ ဥပနာသည်။

၂။ ကောဏ္ဍညဘုရားရှင်၏ ဓာတ်တော်ကို ခုနစ်ယူဇနာမြင့်သော စေတီ၌လည်းကောင်း။

၃။ ဝိပဿီဘုရားရှင်၏ ဓာတ်တော်ကို ခုနစ်ယူဇနာမြင့်သော စေတီ၌လည်းကောင်း။

၄။ မင်္ဂလဘုရားရှင်၏ ဓာတ်တော်ကို ယူဇနာသုံးဆယ်မြင့်သော စေတီ၌လည်းကောင်း။

၅။ သုမနဘုရားရှင်၏ ဓာတ်တော်၊

၆။ နာရဒဘုရားရှင်၏ ဓာတ်တော်၊

၇။ သိဒ္ဓတ္ထဘုရားရှင်၏ ဓာတ်တော်တို့ကို လေးယူဇနာမြင့်သော စေတီတော်တို့၌လည်းကောင်း။

၈။ အနောမဒဿီဘုရားရှင်၏ ဓာတ်တော်တို့ကို နှစ်ဆယ့်ငါးယူဇနာမြင့်သော စေတီ၌လည်းကောင်း။

၉။ သုဇာတဘုရားရှင်၏ ဓာတ်တော်တို့ကို သုံးဂါဝုတ်မြင့်သော စေတီတော်၌လည်းကောင်း။

၁၀။ ပဒုမုတ္တရဘုရားရှင်၏ ဓာတ်တော်တို့ကို တစ်ဆယ့်ယူဇနာစီမြင့်သော စေတီတော်၌လည်းကောင်း။

၁၁။ တိဿဘုရားရှင်၏ ဓာတ်တော်၊

၁၂။ ဓမ္မဒဿီဘုရားရှင်၏ ဓာတ်တော်၊

၁၃။ ပိယဒဿီဘုရားရှင်၏ ဓာတ်တော်၊

၁၄။ သိခီဘုရားရှင်၏ ဓာတ်တော်တို့ကို သုံးယူဇနာစီမြင့်သော စေတီတော်တို့၌လည်းကောင်း။

၁၅။ ကကုသန်ဘုရားရှင်တို့၏ ဓာတ်တော်တို့ကို တစ်ဂါဝုတ်မြင့်သော စေတီတော်၌လည်းကောင်း။

၁၆။ ကဿပဘုရားရှင်၏ ဓာတ်တော်တို့ကို တစ်ယူဇနာမြင့်သောစေတီတော်၌လည်းကောင်း ဥပနာ၍ တည်ထားကိုးကွယ်ကြသည်။

၁၇။ ရေဝတဘုရား၊

၁၈။ သောဘိတဘုရား၊

၁၉။ ပဒုမဘုရား၊

၂၀။ သုမေဓာဘုရား၊

၂၁။ ဖုဿဘုရား၊

၂၂။ အတ္ထဒဿီဘုရား၊

၂၃။ ဝေဿဘူဘုရား၊



၂၄။ ကောဏာဂုံဘုရားတို့၏ ဓာတ်တော်များကို ဥပနာသော စေတီတိုက်ရိုက်အဆိုမရှိသော်လည်း ထိုထိုအရပ်ဒေသများသို့ ဓာတ်တော်ပျံ့နှံ့သည်ဟု အဆိုရှိသဖြင့် ရောက်ရာအရပ်၌ စေတီတည်၍ ဥပနာမည်ကား ယုံမှားဖွယ်မရှိပေ။


ထိုနှစ်ကျိပ်ရှစ်ဆူသော ဘုရားလောင်းတို့တွင် ဒီပင်္ကရာဘုရားလောင်း၊ ရေဝတဘုရားလောင်း၊ နာရဒဘုရားလောင်းတို့၏ ဆံတော်၊ ဝတ်လဲတော်တို့ကို စေတီတည်၍ ဥပနာကြောင်း အဆိုအမိန့်ရှိသဖြင့် ကြွင်းသော ဘုရားလောင်းတို့၏ ဆံတော်၊ ဝတ်လဲတော်တို့ကိုလည်း ဥပနာ၍ စေတီတည်သည်ဟု ယူဆရန်ရှိသည်။

**ဓာတ်ပုံ မောင်မောင်အေး**

ကိုးကား

- မြန်မာ့စွယ်စုံကျမ်း (အတွဲ - ၇)

www.burmeseclassic.com



# နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပခြင်း

**ကိုမောင်သန်းဝင်း**

စာရေးသူနေထိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကစံ ရပ်ကွက်တွင် မဂ္ဂကာရီမွှာရုံ၏ ဦးဆောင်မှုဖြင့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပခဲ့သည်မှာ ၁၉ နှစ် (၁၉ ကြိမ်) ရှိလေပြီ။

နှစ်စဉ်မပျက် ဝါယမစိုက်အားထုတ်ခဲ့မှုတို့ကြောင့် ဘုရားပွဲတော်ကြီး တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍ စည်ကားလာခဲ့သည်။ လာမည့်လာမည့်နှစ်များတွင်လည်း ထို့ထက်မက စည်ကားလိမ့်ဦးမည် ထင်သည်။

စာရေးသူတို့၏ ရပ်ကွက်ချင်းကပ်လျက်ရှိသော ဗိုလ်စိန်မှန်ရပ်ကွက်၊ ဆရာစံ ရပ်ကွက်၊ တာမွေမြို့နယ်၊ တာမွေကြီး (က၊ ခ)ရပ်ကွက်များတွင်လည်း နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပလျက်ရှိသည်။ ထို့အတူ မြန်မာနိုင်ငံတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်အပေါင်းမှလည်း နေရာမလပ် ကျင်းပနေသဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့အကြောင်း

(၁) တဏှင်္ကရော မဟာဝီရော၊
မေဓင်္ကရော မဟာယသော။
သရဏင်္ကရော လောကဟိတော၊
ဒီပင်္ကရော ဇုတိန္ဓရော။

(၂) ကောဏ္ဍညော ဇနပါမောက္ခော၊
မင်္ဂလော ပုရိသာသဘော။
သုမနော ပဏ္ဍိတောဓိရော၊
ရေဝတော ဂုဏာဝမုနော။

(၃) သောဘိတော ဂုဏာသမ္ပန္နော၊
အနောမဒဿီ နရုတ္တမော။
ပဒုမော လောကပဇ္ဇောတော၊
နာရဒေါ ဝရသာမိစ။

(၄) ပဒုမုတ္တရော သတ္တုသာရော၊
သုမေဓော အဂ္ဂပုဂ်ဂေါ။
သုဇာတော သဗ္ဗလောကဂ္ဂေါ၊
ပိယဒဿီ နရာသဘော။

(၅) အတ္ထဒဿီ ကာရုဏိကော၊
ဓမ္မဒဿီ တမော…ဒါ။
သိဒ္ဓတ္ထော အသမော လော်ကေ၊
တိဿောစ ဝရတံ ဝရော။

(၆) ဖုဿော ဝရဒဒေါသတ္တာ၊
ဝိပဿီစ အနုပမော။
သိခီ သဗ္ဗဟိတော သတ္ထာ၊
ဝေဿဘူ သုခဒါယကော။

(၇) ကကုသန္ဓော သတ္တဝါဟော၊
ကောဏာဂမနော ရဏဉ္ဇဟော။
ကဿပေါ သိရိသမ္ပန္နော၊
ဂေါတမော သကျပုင်္ဂဝေါ။

(၁) တဏှင်္ကရာဘုရား။ (၂) မေဓင်္ကရာဘုရား။ (၃) သရဏင်္ကရာဘုရား။ (၄) ဒီပင်္ကရာဘုရား။ (၅) ကောဏ္ဍည ဘုရား။ (၆) မင်္ဂလဘုရား။ (၇) သုမနဘုရား။ (၈) ရေဝတဘုရား။ (၉) သောဘိတဘုရား။ (၁၀) အနောမဒဿီဘုရား။ (၁၁) ပဒုမ ဘုရား။ (၁၂) နာရဒဘုရား။ (၁၃) ပဒုမုတ္တရာဘုရား။ (၁၄) သုမေဓ ဘုရား။ (၁၅) သုဇာတဘုရား။ (၁၆) ပိယဒဿီဘုရား။ (၁၇) အတ္ထဒဿီဘုရား။ (၁၈) ဓမ္မဒဿီဘုရား။ (၁၉) သိဒ္ဓတ္ထဘုရား။ (၂၀) တိဿဘုရား။ (၂၁) ဖုဿဘုရား။ (၂၂) ဝိပဿီဘုရား။ (၂၃) သိခီဘုရား။ (၂၄) ဝေဿဘူဘုရား။ (၂၅) ကကုသန် ဘုရား။ (၂၆) ကောဏာဂုံဘုရား။ (၂၇) ကဿပဘုရား။ (၂၈) ဂေါတမဘုရား စသည်တို့ ဖြစ်ကြသည်။

ဂေါတမဘုရားလောင်းသည် ရှေးဘုရားထံတို့မှောက် ဗျာဒိတ်ခံရလေသည်။ အလျဉ်းသင့်၍ ဖော်ပြမည်။

## လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ရှေးဘုရားတို့ထံ အလောင်းတော် ဗျာဒိတ်ခံခြင်းအကြောင်း

(၁) ထိုလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသမျှသော လောကမျက်ရှု သဗ္ဗညုရှင်တော်ဘုရားတို့အနက် တဏှင်္ကရာဘုရားရှင်တော်မြတ်သည် 'စရည်းပင်'၌ ပွင့်တော်မူသည်။ အင်္ဂါရှစ်ပါးနှင့် မပြည့်စုံသောကြောင့် ရှင်တော်ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်မခံရသေးချေ။

(၂) မေဓင်္ကရာဘုရားရှင်သည် 'ပေါက်ပင်'၌ ပွင့်တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်မခံရသေးချေ။

(၃) သရဏင်္ကရာဘုရားရှင်သည် 'ညောင်ကြတ်ပင်'၌ ပွင့်တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်မခံရသေးချေ။

(၄) ဒီပင်္ကရာဘုရားရှင်သည် 'ညောင်ကြတ်ပင်'၌ ပွင့်တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် သုမေဓာရသေ့ဖြစ်၍ ကိုယ်ကို တံတားခင်းလျက် ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၅) ကောဏ္ဍညဘုရားရှင်သည် သာလကလျာဏီတွင်မည် 'သိရိပင်ဗောဓိ'၌ ပွင့်တော်မူသည်။ ယင်းသည့်သစ်ပင်ကား အတောင်သုံးဆယ်မျှသော အမြစ်ဖြင့် မြေထဲ၌ တည်ပြီးမှ ပေါက်၍နေခြင်း ဖြစ်သည်။ ဘုရားရှင်များ ပွင့်တော်မူသောအခါနှင့် စကြဝတေးမင်းများ ဖြစ်တော်မူသောအခါတို့၌သာရှိသည်။ ရှင်တော်ဂေါတမအလောင်းတော်သည် ဝိဇိတာဝီစကြာမင်းဖြစ်၍ အလှူကြီးပေးလျက် ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၆) မင်္ဂလဘုရားရှင်သည် 'ကံ့ကော်ပင်'၌ ပွင့်တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် သုရုစိပုဏ္ဏားဖြစ်၍ အလှူကြီးပေးသဖြင့် ဗျာဒိတ်ခံသောကြောင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၇) သုမနဘုရားရှင်သည် 'ကံ့ကော်ပင်'၌ ပွင့်တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် အတုလနဂါးမင်းဖြစ်၍ စည်းစောင့်ခြင်းတို့ဖြင့် ပူဇော်လျက် အလှူကြီးပေး



www.burmeseclassic.com

www.burmeseclassic.com

၍ ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၈) **ရေဝတဘုရားရှင်သည် 'ကံ့ကော်ပင်'၌ ပွင့်တော်မူ** သည်။ ရှင်တော်ဂေါတမအလောင်းတော်သည် အတိဒေဝပုဏ္ဏား ဖြစ်၍ ကိလေသာကို ချိုးဖဲ့ဖျက်ဆီး၊ ပယ်စွန့်နိုင်ခြင်းကို ချီးမွမ်း ထောပနာလျက် ကိုယ်ရုံဖြင့်ပူဇော်၍ ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၉) **သောဘိတဘုရားရှင်သည် 'ကံ့ကော်ပင်'၌ ပွင့်** တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် သုဇာတပုဏ္ဏားဖြစ်၍ အလှူပေးလျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၁၀) **အနောမဒဿီဘုရားရှင်သည် 'ဖောက်ကြံပင်'၌** ပွင့်တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် ဘီလူးစစ်သူကြီးဖြစ်၍ အလှူပေးလျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၁၁) **ပဒုမဘုရားရှင်သည် 'ကြောင်လျှာပင်'၌ ပွင့်** တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် ခြသေ့်မင်းဖြစ်၍ အလှူပေးလျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၁၂) **နာရဒတဘုရားရှင်သည် 'ကြောင်လျှာပင်'၌** ပွင့်တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် ရသေ့ဖြစ်၍ အလှူပေးလျက် သရက္ခန်နံ့သာဖြင့် ပူဇော်လျက် ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၁၃) **ပဒုမုတ္တရဘုရားရှင်သည် 'အင်ကြင်းပင်'၌ ပွင့်** တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် ဇဋိလမင်းဖြစ်၍ သင်္ကန်းလှူလျက် ဗျာဒိတ်ခံသောကြောင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၁၄) **သုမေဓာဘုရားရှင်သည် 'ထိန်ပင်'၌ ပွင့်တော်မူ** သည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် ဥတ္တရ ပုဏ္ဏားလုလင်ဖြစ်၍ ရဟန်းပြုလျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၁၅) **သုဇာတဘုရားရှင်သည် 'ကြခတ်ဝါးပင်ရင်း'၌** ပွင့်တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် စကြာမင်းဖြစ်၍ ရတနာခုနစ်ပါးနှင့်တကွ လေးကျွန်းလုံးကို စွန့်လှူလျက် ဗျာဒိတ်ခံသောကြောင့် နိယတဗျာဒိတ်ပန်းကို ဆင် မြန်းရလေသည်။

(၁၆) **ပိယဒဿီဘုရားရှင်သည် 'ရေခံတက်ပင်'၌ ပွင့်** တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းသည် ကဿပ ပုဏ္ဏားဖြစ်၍ သံဃာအာရာမ်လှူလျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၁၇) **အတ္ထဒဿီဘုရားရှင်သည် 'စကားပင်'၌ ပွင့်** တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် သုသီမအမည်ရှိသောပုဏ္ဏားသူဌေးဖြစ်၍ အလှူပေးလျက် ထင်ရှားပန်းဖြင့် ပူဇော်လျက် ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ် ပန်းကို ဆင်မြန်းရလေသည်။

(၁၈) **ဓမ္မဒဿီဘုရားရှင်သည် 'သံသတ်ပင်'၌ ပွင့်** တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းသည် သိကြား မင်းဖြစ်၍ ပန်းနံ့သာ၊ စည်၊ စောင်းငြင်းတို့ဖြင့် ပူဇော်လျက် ဗျာဒိတ်ခံသောကြောင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေ သည်။

(၁၉) **သိဒ္ဓတ္ထဘုရားရှင်သည် 'မဟာလှေခါးပင်'၌ ပွင့်** တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် မင်္ဂလရသေ့ဖြစ်၍ ဇမ္ဗူသပြေသီးဖြင့် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၂၀) **တိဿဘုရားရှင်သည် 'ပိတောက်ပင်'၌ ပွင့်** တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် သုဇာတမင်းဖြစ်၍ ရသေ့ပြုပြီးလျှင် နတ်၌ဖြစ်သော ထင်ရှား ပန်း၊ ကက္ကူရပန်း၊ ကြာပ[illegible]ပန်း၊ ပင်လယ်ကသစ်ပန်းတို့ဖြင့် ပူဇော်၍ ဗျာဒိတ်ခံသောကြောင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရ လေသည်။

(၂၁) **ဖုဿဘုရားရှင်သည် 'ကြက်ဆူပင်'၌ ပွင့်တော်** မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် ဝိဇိတာဝီ မင်းဖြစ်၍ ရဟန်းပြုလျက် ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၂၂) **ဝိပဿီဘုရားရှင်သည် 'သခွပ်ပင်'၌ ပွင့်တော်မူ** သည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် အတုလ နဂါးမင်းဖြစ်၍ ရတနာအင်းပျဉ် လှူလျက်ဗျာဒိတ်ခံသောကြောင့် နိယ[illegible]ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၂၃) **သိခီဘုရားရှင်သည် 'ပုဏ္ဍရိက်ပင်'၌ ပွင့်တော်** မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် အရိန္ဒမ မင်းဖြစ်၍ ဆင်ရတနာကိုလှူလျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၂၄) **ဝေဿဘူဘုရားရှင်သည် 'အင်ကြင်းပင်'၌ ပွင့်** တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် သုဒဿနမင်းဖြစ်၍ သင်္ကန်းလှူလျက် ဗျာဒိတ်ခံသောကြောင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၂၅) **ကကုသန်ဘုရားရှင်သည် 'ကုက္ကိုပင်'၌ ပွင့်တော်**



www.burmeseclassic.com

www.burmeseclassic.com

မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် ခေမမင်းဖြစ်၍ ဆေးမျိုးလှူလျက် ဗျာဒိတ်ခံသောကြောင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၂၆) **ကောဏာဂုံဘုရားရှင်သည်** 'ရေသဖန်းပင်'၌ ပွင့်တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် ပဗ္ဗတမင်းဖြစ်၍ ရဟန်းပြုလျက် ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၂၇) **ကဿပဘုရားရှင်သည်** 'ပညောင်ပင်'၌ ပွင့်တော်မူသည်။ ရှင်တော်ဂေါတမဘုရားအလောင်းတော်သည် ဇောတိပါလပုဏ္ဏားဖြစ်၍ ရဟန်းပြုလျက် ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

(၂၈) **သုံးလူ့ထွတ်တင် ရှင်တော်ဂေါတမဘုရားရှင်**သည် 'ညောင်ဗုဒ္ဓဟောပင်'၌ ပွင့်တော်မူသည်။ အရိမေတ္တယျဘုရားအလောင်းတော် 'အဇိတ'ရဟန်းကို ဗျာဒိတ်ပေးတော်မူသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

## နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခြင်း

ဤကမ္ဘာမှ နောက်ဆုတ်ရေတွက်သော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းမှာ ပွင့်တော်မူကြသော ဘုရားရှင်ပေါင်းကား ဒီပင်္ကရာမြတ်စွာဘုရားမှစ၍ ဂေါတမဗုဒ္ဓဘုရားရှင်အထိ ၂၅ ဆူ၊ လွန်ခဲ့သော ကမ္ဘာက ၃ ဆူ ပေါင်းလေသော် ၂၈ ဆူ ရှိသည်။

စာရေးသူတို့ နေထိုင်ရာ ရပ်ကွက်တွင် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် ဒီဇင်ဘာလအတွင်းတွင် ကျင်းပလေ့ရှိသည်။ ရပ်ကွက်လုံးဆိုင်ရာ နိဗ္ဗာန မဂ္ဂကာရီမဏ္ဍပ်ရုံကြီးတွင် ပူဇော်ခွင့်ရမည့်ဘုရားနှင့် စံကျောင်းအမှတ်ကို မဲစနစ်ဖြင့် ရယူပင့်ဆောင်ရသည်။

ပွဲတော်ကျင်းပခွင့်ရသည်မှာ ရက်သတ္တတစ်ပတ်ဖြစ်သည်။ (တစ်ခါတစ်ရံ ၅ ရက်ကျင်းပသည်။) ပူဇော်ခွင့်ရသည့် ဘုရားအား ယာယီစံကျောင်းကွင် သီတင်းသုံးစေလျက် နေ့စဉ် ဝတ်အသင်းအဖွဲ့များကို ပင့်ဖိတ်ကာ ဝတ်ရွတ်ဆိုပူဇော်သည်။ အလှူရှင်များသည်ကား နေ့စဉ် ၃/၄ ဦးခန့် ရှိသည်။ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ ကြာဆံချက်၊ ကြက်သားပလာတာ၊ ရေခဲမုန့်၊ လက်ဖက်ရည်၊ ကော်ဖီ၊ မုန့် စုံလင်လှသည်။ ဝတ်အဖွဲ့အပြင် လမ်းသူလမ်းသားများ တဝတလင် စားသောက်ပြီး ဘုရားပွဲလာညည့်ပရိသတ်(အယုတ်အလတ်အမြတ်မရွေး) ခေါ်ယူကျွေးမွေးနိုင်ခဲ့သည်။

ပူဇော်ခွင့်ရသော ဘုရားဆင်းတုတော်အား **ရွှေသင်္ကန်း** ကပ်လှူပြီး သံဃာတော် ၁၀ ပါးပင့်ကာ အနေကဇာတင်သည်။ ယင်းနေ့တွင် လမ်းရှိ အိမ်ထောင်စုဝင်များက ဆွမ်း၊ ဆွမ်းဟင်းများ လာရောက်ပေးပို့ကြသည်။ စည်းလုံးညီညွတ်ခြင်း၏ လက္ခဏာပါတည်း။

ရပ်ကွက်လုံးဆိုင်ရာ ပူဇော်ပွဲကြီးဖြစ်လေရာ လမ်းတိုင်းလမ်းတိုင်း မဏ္ဍပ်များတွင် အကျွေးအမွေး၊ အလှူအတန်းတို့ဖြင့် စည်ကားလှသည်။ အချို့သောလမ်းများတွင် ဒံပေါက်ထမင်း၊ ကြက်သား၊ ဝက်၊ ဆိတ်၊ ကုလားပဲဟင်းတို့ဖြင့် ဧည့်ခံကျွေးမွေးသည်။ မည်သူမဆို ဝင်ရောက်စားသောက်နိုင်သည်ဟု ဆိုင်းဘုတ်ထောင် ကြေညာထားသည်။

ဘုရားပွဲဖြစ်၍ ဈေးသည်၊ ဆိုင်ခန်းများသည်လည်း ရပ်ကွက်အစမှ အဆုံးတိုင် ဖြစ်သည်။ ဖျော်ဖြေပွဲများလည်းရှိသည်ဖြစ်ရာ လာရောက်ကြည့်ရှုသူတို့ကား ရာပေါင်းများစွာပါတည်း။

ဘုရားပွဲရက် နောက်ဆုံးရက်တွင် ဘုရားလှည့်လည်ပူဇော်ပွဲကို ကျင်းပသည်။ ရှေ့မှ စည်တော်ကြီးနှင့် စည်တော်အကများ၊ ထို့နောက်မှ ဒေဝါဝင်၊ ရာဇာဝင်(ဝင်းကြီး)ပါဝင်သည်။ ထို့နောက်မှ တဆူကိရာဘုရားမှစ၍ ဂေါတမမြတ်စွာဘုရားတို့အား ကားကြီးကားငယ် အသွယ်သွယ်ဖြင့် ခမ်းနားစွာ ဆင်ယင်၍ ပင့်ဆောင်ပူဇော်လှည့်လည်ကြသည်။

သက်ဆိုင်ရာ ပူဇော်ခွင့်ရသော ဘုရားပင့်ကားများနောက်မှ ဖျော်ဖြေရေးယာဉ်နှင့် ပရိသတ်ငါးဆယ်၊ တစ်ရာခန့် လိုက်ပါကြသည်။ တူညီဝတ်စုံများနှင့် တစ်ဖွဲ့တစ်မျိုးစီ လှပသည်။ ဘုရားလှည့်လည်ပူဇော်ပွဲအား လာရောက်ကြည့်ညို ကြည့်ရှုသည့် ပရိသတ်ကား ဝဲယာအပြည့်ဖြစ်သည်။ အလှူငွေများ ထည့်ဝင်ကြသည်။ အအေးဖြင့် ဧည့်ခံကြသူရှိသလို၊ လိမ္မော်သီး၊ ဆီးသီး၊ သကြားလုံး ပေးကမ်းကြသည်များလည်း ရှိသည်။

ဗုဒ္ဓပူဇနိယလှည့်လည်ပူဇော်ပွဲတန်းရှည်ကြီးကို ဗုဒ္ဓဘာသာဝင်များသာမက နိုင်ငံခြားသားများသည်လည်း ရင်သပ်ရှုမောဖြစ်ကာ ဓာတ်ပုံရိုက် မှတ်တမ်းတင်ခြင်းအမှုပြုကြသည်။ ရင်ဝယ်ငြိမ်းချမ်းပါဘိတောင်း။

**ကိုမောင်သန်းဝင်း**

www.burmeseclassic.com



# ထူးခြားအောင်မြင် နှစ်ကျိပ်ရှစ်ဆူကျင့်စဉ်

မြနန်းရှင်

မခင်လှအား ရန်ကုန်မြို့မှာ စီးပွားသွားရောက်ရှာဖွေနေသော တူ၊ တူမများက ရန်ကုန် လိုက်လာရန်ခေါ်သည်။ တောမှာနေ၊ တောမှာကြီးပြင်းသူမို့ ရန်ကုန်မြို့သို့ မသွားချင်ဘဲ သွားခဲ့ရ သည်။ ခေါ်တုန်းကတော့ ခဏတာဟုပဲ ထင်မှတ်ထားသည်။ ရောက်ကတည်းက သာရေး နာရေးကလွဲလို့ မပြန်ဖြစ်တော့။ မဖြစ်ဆို သူမလို အပျိုကြီးတစ်ကိုယ်တည်းအား ဆွေမျိုးမောင်နှမ များက ဝမ်းသာအားရကြိုဆိုကြသည်။ အိမ်စောင့်ရမည်၊ လှုယုံအတွက်ရမည်၊ တစ်ခုမဟုတ်တစ်ခု မျက်နှာလွှဲရမည်ကို။

မခင်လှ အစကမပျော်ပါ။ ခုတော့ ရန်ကုန်သူဖြစ်ရတာ ပျော်နေသည်။ တူတွေ၊ တူမ တွေက နေ့ရာသီဆိုလျှင် ဘုရားဖူးကားကြီးငှားပြီး ထွက်ကြသည်။ မြန်မာပြည်အနှံ့ မရောက်ဖူးတဲ့ ဘုရားမရှိ။ ဗုဒ္ဓဂါယာဘုရားဖူးများ နှစ်ခေါက်ရှိပြီ။ တောမှာနေကတည်းက မြန်မာပြည်အနှံ့ ဘုရား တွေဖူးချင်ခဲ့တာ ရွှေဦးတောင်ပေါ်စေတီက သက်တော်ရှည်ဆရာတော်ဘုရားကြီး ဦးအရိယာဆီ ဆွမ်းကွမ်းပို့၊ ဥပုသ်သီလစောင့်သွားသည့်အခါ ဆရာတော်ကြီးက မင်းကွန်းခေါင်းလောင်းကြီးနဲ့ ပုထိုးတော်ကြီး၊ စစ်ကိုင်းတောင်ရိုးဘုရားတွေ ဖူးရတာ ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက် မဟာမြတ်မုနိဘုရား၊ ရန်ကင်းတောင်၊ မန္တလေးတောင်နဲ့ ရသေ့ကြီးဦးခန္တီအကြောင်း၊ တောင်ကြီးအင်းလေးဖောင်တော်ဦးဘုရားနဲ့ အင်းလေးကန်အကြောင်း၊ ကချင်ပြည်အင်းတော်ကြီးဘုရားအကြောင်း၊ ရခိုင်ပြည်မြောက်ဦးစေတီ၊ သံတွဲ,ကျောက်ဖြူမြို့ဘုရားတွေ၊ မင်းဘူးရွှေစက်တော်၊ စက္ကုတဲဘုရား၊ မကွေးမြသလွန်၊ ပြည်ရွှေဆံတော်၊ မွန်ပြည်နယ်ကျိုက်ထီးရိုးကနေ ကျိုက်သလွံ၊ ကျိုက္ခမီရေလည်ဘုရား၊ ဖင်းကျိုက်ဆံတော်ရှင်၊ ကရင်ပြည်နယ်ရဲ့ ဇွဲကပင်ဆံတော်ရှင်၊ ရန်ကုန်မြို့ရဲ့ ရွှေတိဂုံဘုရား၊ ကမ္ဘာအေး၊ မယ်လမုဘုရားတွေစုံအောင်ဖူးခဲ့ရတာတွေ ပြောပြတိုင်း မခင်လှတစ်ယောက် သွားဖူးချင်၊ ရောက်ဖူးချင်လိုက်တာ၊ စိတ်ကသာပြောတာပါ၊ တကယ်တမ်းသွားဖို့ စရိတ်စကက ငွေရှိမှ စိတ်သွားတိုင်း ကိုယ်ပါရတာမျိုး၊ သက်ပြင်းချရုံသာ ရှိခဲ့သည်။

"ဟဲ့ . . . ဒကာမ ခင်လှ၊ နင်ဘာတွေတွေး ငေးငိုင်နေတာတုံး"

"တပည့်တော် ဘုရားတွေဖူးခွင့်ရချင်တာ ပိုက်ဆံမှ မရှိဘဲဘုရား"

"ဒါများ ခင်လှရယ်၊ ငါ့ဆီမှာ ပြည်မြို့က နှစ်ကျိပ်ရှစ်ဆူဆရာတော် ချီးမြှင့်တဲ့ နှစ်ကျိပ်ရှစ်ဆူဘုရားကျင့်စဉ်ကို ဘုန်းကြီးအမြဲပုတီးစိပ်တာမို့ ခုလို ဒကာ၊ ဒကာမတွေက စရိတ်ခံပြီးပို့ပေးလို့ ရောက်ရတာပေါ့။ ကျင့်စဉ်ကောင်းရထားတာမို့ ဘာသာသာသနာအတွက် အကျိုးထူးပါတယ်"

"ဒါဆို တပည့်တော်လည်း အဲဒီကျင့်စဉ်ကို ကျင့်လို့ရမလားဘုရား"

"ကောင်းတဲ့အလုပ် လုပ်တာပဲ ခင်လှရယ်။ တစ်ကြိမ်မအောင် နောက်တစ်ကြိမ်အောင်မှာပဲ။ ဇွဲရှိရှိသာလုပ်ပါ။ ကဲ . . ကဲ . . . ကူးရေးသွားချေ"

"တင်ပါ့ဘုရား"

ဆရာတော်ဘုရားထံမှ နှစ်ကျိပ်ရှစ်ဆူဘုရားကျင့်စဉ်ကူးလာပြီး အဓိဋ္ဌာန်သုံးကြိမ်လောက် ဝင်လိုက်သည်ကစ၍ ရွာကနေမြို့ရောက်၊ မြန်မာပြည်အနှံ့ ခရီးပေါက်ခဲ့သည်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာဘုရားဖူးအပြင် ထိုင်းနိုင်ငံက မြဘုရားလည်းဖူးခွင့်ရခဲ့သည်။ သူမလိုတောသူက ခုတော့လည်း ရန်ကုန်မြို့မှာ ဟန်ကျပန်ကျနဲ့ နေပြီး ဘုရားတွေဖူးရတာများ၊ ခရီးသွားရတာဝါသနာပါတဲ့ ခင်လှတို့ တူတော်မောင်တစ်ယောက်က ခရီးသွားလုပ်ငန်းထူထောင်ပြီး ဘုရားဖူးကားလုပ်ငန်း တည်ထောင်ဖြစ်ခဲ့သည်။ သူတို့လည်း ယုံယုံကြည်ကြည်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားကျင့်စဉ်ကို ကျင့်ကြသည်။

ယုံလျှင် ကြည်လင်ပါသည်။ ယုံကြည်မှုနှင့် လုပ်သဖြင့် မခင်လှတစ်ယောက် စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ပုတီးလက်က မချတော့ပေ။

× × × × ×

မိမိမွေးသည့်နေ့မှ စတင်ဝင်ရမည်။ အဓိဋ္ဌာန်မဝင်မီ မိမိ၏စီးပွားရေး လူမှုရေး အကြောင်းကိစ္စများ ရှင်းလင်းထားပါ။ မိမိ၏နေအိမ်ဘုရားရှေ့မှာသော်လည်းကောင်း၊ ဘုရားစေတီများမှာလည်းကောင်း ကျင့်ကြံပွားများအားထုတ်နိုင်ပါသည်။ ဘုရားရှင်အား ရည်စူး၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး လှူဒါန်းလိုက ပြင်ဆင်ထားပါရန်။ ကြိုက်နှစ်သက်ရာအချိန်နာရီမှာ ကျင့်ပါ။ အဓိဋ္ဌာန်ဝင်ရန် ရေမိုးသန့်စင်ပြီး အဝတ်သန့်သန့်ဝတ်ဆင်ပါ။ ပုတီးမစိပ်ခင် ပရိကံခံယူပါ။ ပုတီးစိပ်နေစဉ် ထသွားခြင်း၊ စကားလှမ်းပြောခြင်း မပြုရ။ အာရုံကို သေသေချာချာစုစည်း၍ ကျင့်ရမည်။

× × × × ×

## နှစ်ကျိပ်ရှစ်ဆူကျင့်စဉ်

ဂဂ်ါဝါဠူ၊ သဲစုမက ပွင့်ကြသီးသီး၊ ဘုရားရှင်ကို့ထံတော်မှောက်၌ တပည့်တော် ( )နေ့သား/သမီးသည် ( )ခုနှစ်၊ ( )ရက်နေ့မှစ၍ ၉ ရက်တိုင်တိုင် တစ်နေ့ ပုတီး( )ပတ်တိတိဖြင့် နှစ်ကျိပ်ရှစ်ဆူအကျင့်မြတ်၊ ပါဠိပါတ်ကို ပွားများအားထုတ်ပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုအပ်ပါသည် အရှင်မြတ်ဘုရား။

ဤသစ္စာစကားသည် မှန်ကန်ပါ၏။ ထိုသစ္စာအရာ၌ အဆူဆူကုန်သော ဘုရားရှင်တို့သည်လည်းကောင်း၊ အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာမြတ်တို့သည်လည်းကောင်း၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်တို့သည်လည်းကောင်း၊ ထွက်ရပ်ပေါက်ဆရာတော်နှင့် ဘိုးတော်တို့သည်လည်းကောင်း၊ ဓတရဋ္ဌ၊ ဝိရူဠက၊ ဝိရူပက္ခ၊ ကုဝေရ နတ်မင်း(၄)ပါးတို့သည်လည်းကောင်း၊ သာတာဂီရိ, ဟေမဝက, ပုဏ္ဏက, ဂုံတ္တိယ, ကာဠ, ဥပလာဠ, ဗိဗ္ဗ, ဗိဗ္ဗသေန, ကမ္ဗလ, စန္ဒ, သူရိယ, ဣန္ဒ, ဗြဟ္မ(၂၄)ဖြာ နတ်စစ်သူကြီးတို့သည်လည်းကောင်း၊ ဝိဇ္ဇာ, ဇော်ဂျီ,တပသီနှင့် သူရဿတီ၊ စန္ဒီမယ်ဘွား၊ ဒေဝီအပေါင်းတို့သည်လည်းကောင်း၊ ဘုမ္မစိုး,ရုက္ခစိုး,အာကာသစိုးတို့သည်လည်းကောင်း၊ မြို့စောင့်၊ နယ်စောင့်၊ သာသနာစောင့်တို့သည်လည်းကောင်း၊ အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်းတို့သည်လည်းကောင်း သက်သေရာတည်ပါစေသား အရှင်မြတ်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

ဤသစ္စာမကျိုးပေါက်ခဲ့သော် တပည့်တော်အား (မိမိလိုသောဆု)ပြည့်စုံပါစေသတည်း။

× × × × ×

## ပွားနည်း

ဘုရားတစ်ဆူ ပုတီးတစ်ပတ် စိပ်ရန်။

၁။ တဏှင်္ကရာ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၂။ မေဓင်္ကရာ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၃။ သရဏင်္ကရာ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၄။ ဒီပင်္ကရာ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၅။ ကောဏ္ဍည ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၆။ မင်္ဂလ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၇။ သုမန ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၈။ ရေဝတ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၉။ သောဘိတ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၁၀။ အနောမဒဿီ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၁၁။ ပဒုမ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၁၂။ နာရဒ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၁၃။ ပဒုမုတ္တရ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၁၄။ သုမေဓ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၁၅။ သုဇာတ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၁၆။ ပိယဒဿီ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၁၇။ အတ္ထဒဿီ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၁၈။ ဓမ္မဒဿီ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၁၉။ သိဒ္ဓတ္ထ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၂၀။ တိဿ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၂၁။ ဖုဿ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၂၂။ ဝိပဿီ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၂၃။ သိခီ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၂၄။ ဝေဿဘူ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၂၅။ ကကုသန္ဓ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၂၆။ ကောဏာဂမန ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၂၇။ ကဿပ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၂၈။ ဂေါတမ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

ဓမ္မမိတ်ဆွေများ ဉာဏ်ရှိသလို ပွားများကြပါကုန်။

မြနန်းရှင်



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာငါးကမ္ဘာတွင် ပွင့်တော်မူပြီး နှစ်ကျိပ်ရှစ်ဆူသော ဘုရားများနှင့် နောင်ပွင့်တော်မူမည့်ဘုရား

မောင်လွမ်းနွယ်(အောင်လံ)

စာရေးသူတို့၏ ထေရဝါဒဗုဒ္ဓဘာသာတွင် "ဂင်္ဂါဝါလုသဲဆူမကသော ဗုဒ္ဓရှင်တော်ဘုရားတို့" ပွင့်တော်မူခဲ့ကြပြီဟု အဆိုရှိပါသည်။ သို့ရာတွင် ကမ္ဘာငါးကမ္ဘာတွင် ပွင့်တော်မူပြီးသည့် "နှစ်ကျိပ်ရှစ် ဆူသော ဘုရားများကိုသာ အကိုးအကားနှင့် သမိုင်းရှာ၍ ရပါသည်။ ကမ္ဘာတစ်ခု . . တစ်ခုသည်ပင်လျှင် အလွန်ရှည်လျားစွာ နှစ်ကာလအားဖြင့် ကြာမြင့်ပါသည်။

အကိုးအကားဖြင့် ရှိနေပြီးသော ပွင့်တော်မူခဲ့သည့် "ကမ္ဘာနှင့်ဘုရားရှင်တို့ကို" မူ ပြသနိုင်ပါသည်။

ဘုရားတစ်ဆူပွင့်ခဲ့ပါလျှင် မာရကမ္ဘာဟု ခေါ်မည်ပါသည်၊ ဘုရားရှစ်ဆူ ပွင့်ခဲ့သည်။ ဘုရားနှစ်ဆူပွင့်ခဲ့ပါလျှင် မဏ္ဍာကမ္ဘာဟုခေါ်ပါသည်၊ ဘုရားခြောက်ဆူ ပွင့်ခဲ့သည်။ ဘုရားသုံးဆူပွင့်ခဲ့လျှင် ဝရကမ္ဘာဟုခေါ်ပါသည်။ ဘုရားခြောက်ဆူပွင့်ခဲ့သည်။ ဘုရားလေးဆူပွင့်ခဲ့ပါလျှင် သာရမဏ္ဍာကမ္ဘာဟုခေါ်ပါသည်။ ဘုရား လေးဆူပွင့်ခဲ့သည်။ ဘုရားငါးဆူပွင့်တော်မူလျှင် ဘဒ္ဒကမ္ဘာဟုခေါ်ပါသည်။ ဘုရားလေးဆူပွင့်တော်မူခဲ့ပြီးပြီ။ ယင်းတို့မှာ "ကကုသန်မြတ်စွာဘုရား"၊ " ကောဏဂုံ မြတ်စွာဘုရား"၊ "ကဿပမြတ်စွာဘုရား" နှင့် "ဂေါတမမြတ်စွာဘုရား"ဟူ၍လေးဆူသော ဘုရားပွင့်တော်မူခဲ့ပြီးလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆူသော ဘုရားသာလျှင် ပွင့်တော်မူရန် ကျန်ရှိနေပါသည်။ ကမ္ဘာငါး ကမ္ဘာတွင် ဗုဒ္ဓရှင်တော်မြတ်စွာဘုရား ၂၈ ဆူပွင့်တော်မူခဲ့ပြီးလေပြီ။ ယင်းကို ထောက်၍ နှစ်ကျိပ်ရှစ်ဆူသောဘုရားများကို အစဉ်အဆက်ကအလွယ်ခေါ်ခဲ့ကြပါသည်။

ပွင့်ရန်တစ်ဆူသော ဘုရားကျန်ရှိနေပါသေးသည်။ ယင်းတစ်ဆူသော ဘုရားမှာ "ဘဒ္ဒကမ္ဘာ"၏ ငါးဆူမြောက် အရိမေတ္တေယျဗုဒ္ဓအရှင်"ဖြစ်ပါသည်။ "အရိမေတ္တေယျဗုဒ္ဓ"ပွင့်တော်မူပြီးလျှင် ဘုရားအဆူပေါင်း ၂၉ ဆူရှိသွားပါမည်။

ယခု ဘုရားအလောင်းတော်နတ်သားမှာ "တုသိတာနတ်ပြည်"တွင်ရှိနေပါသည်။ "တုသိတာ"နှင့် "လူ့ပြည်"သည် ယူဇနာပေါင်း ၁၆၈၀၀၀(တစ်သိန်းခြောက်သောင်းရှစ်ထောင်)ကွာဝေးပါသည်။ မိုင်အားဖြင့် ဆိုပါလျှင် ၁၅၁၂၀၀၀ (တစ်ဆယ့်ငါးသိန်းတစ်သောင်းနှစ်ထောင်) ကွာဝေးပါသည်။ ပန်းဆိုင်၊ ပန်းဆွဲသဖွယ် တွဲရရွဲတည်ရှိနေသည်။ (ကျောင်းအုပ်ကြီး ဦးချစ်ထွန်းရေးစာအုပ်မှ ကိုးကား။)

နတ်ပြည်ရှိ နတ်သားတစ်ပါး၏ သက်တမ်းမှာ အနှစ် ၄၀၀၀ ဖြစ်သည်။ လူတို့၏ သက်တမ်းနှင့်တွက်ဆရပါလျှင် ၅၇ ကုဋေ ၆ သန်း ရှိပါသည်။ ဤရွေ့မျှ တုသိတာနတ်ပြည်တွင် နတ်သားအဖြစ်တည်ရှိတော်မူပြီးမှ ဘဒ္ဒကမ္ဘာ၏နောက်ဆုံးဘုရား "အရိမေတ္တေယျဗုဒ္ဓအရှင်"အဖြစ် လူ့ပြည်တွင် ပွင့်တော်မူမည် ဖြစ်ပါသည်။ ဧကန်ကျကျ သိချင်ပါသည်။ ရေးပြပါဟု ဆိုပါလျှင် . . .

ကေတုမတီလို့ ခေါ်တဲ့ တောင်ငူမှာ ပုဏ္ဏားမျိုးရိုးတွင် ဝင်စားပြီးနောက် လူတို့၏ သက်တမ်း တစ်သိန်းတမ်းတွင် ပွင့်တော်မူမည်ဖြစ်လျက် "ဒုက္ခရစရိယာ"ကို ခြောက်ရက်မျှသာ ကျင့်ကြံအားထုတ်ရုံဖြင့် သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိတော်မူပါမည်။

ဘဒ္ဒကမ္ဘာတွင် လေးဆူမြောက်ပွင့်တော်မူပြီးသည့် ဂေါတမဗုဒ္ဓသည်ပင်လျှင် သာသနာတော် အနှစ် ငါးထောင်သာ ထားရစ်ခဲ့ပါသည်။ ယခုသည်ပင်လျှင် မြန်မာသက္ကရာဇ် ၁၃၇၃ ခု၊ သာသနာသက္ကရာဇ် ၂၅၅၅ နှစ်ရှိသွားပါပြီ။ ဂေါတမဗုဒ္ဓ၏ သာသနာကွယ်ရန် နှစ် ၂၄၄၅ ခုနှစ်သာ ကျန်ပါတော့သည်။ သာသနာ ၅၀၀၀ ပြည့်လျှင် ဗုဒ္ဓဂေါတမ၏ ဆိုဆုံးမဩဝါဒများ လုံးဝကွယ်ပျောက်ပါတော့မည်။

ယင်းအနှစ်ငါးထောင်ပတ်လုံးကို ပဋိဝေဓသာသနာတော်နှစ် ဟု သတ်မှတ်ထားပါသည်။

(၁) ပဋိသမ္ဘိဒါလေးပါးနှင့်ပြည့်စုံသော ရဟန္တာခေတ် - အနှစ်တစ်ထောင်

(၂) အဘိညာဉ်ခြောက်ပါးရသော ရဟန္တာခေတ် - အနှစ်တစ်ထောင်။

(၃) ဝိဇ္ဇာသုံးပါးကို ရသော ရဟန္တာခေတ်- အနှစ်တစ်ထောင်။

(၄) သုက္ခဝိပဿက ရဟန္တာခေတ်- အနှစ်တစ်ထောင်။

(၅) အပါယ်လေးပါးမှ လွတ်မြောက်သော သောတာပန်အစရှိသော အရိယာခေတ် - အနှစ်တစ်ထောင်

ဤသို့အားဖြင့် အနှစ်ငါးထောင် (၅၀၀၀) ပတ်လုံး သာသနာတော်တည်လတ္တံ့ဟု ညွှန်းပြုထားပါသည်။ ယင်းနောက်တွင်ကား "ဗုဒ္ဓသာသနာတော် လုံးဝ ကွယ်လေပြီ"ဟု မှတ်ယူရပါလိမ့်မည်။

"အရိမေတ္တေယျ"မြတ်စွာဘုရားပွင့်တော်မူဖို့က နှစ်ပေါင်း ၅၇ ကုဋေ ၆ သန်းမျှ လိုပါသေးသည်ဟု တွက်စစ်ကြည့်ပါက လွန်စွာ လွန်စွာ နှစ်ကာလအားဖြင့် ရှည်ကြာလွန်းလှပါကလားဟု ထင်မြင်၍ ရပါသည်။

တစ်နည်းအားဖြင့် "သာသနာငါးထောင်"ကို ဤသို့ ပိုင်းဆစ်ထားသည်ကို ဗုဒ္ဓကျမ်းဂန်များတွင် တွေ့ရှိရပါသည်။ ယင်းတို့မှာ

၁။ ပဋိသမ္ဘိဒါလေးပါးနှင့်ပြည့်စုံသော ရဟန္တာခေတ် - အနှစ်တစ်ထောင်၊

၂။ သုက္ခဝိပဿကဟူသော ဈာန်မရသေးသည့် ရဟန္တာခေတ် - အနှစ်တစ်ထောင်၊

၃။ အနာဂါမ်ခေတ် -နှစ်တစ်ထောင်

၄။ သကဒါဂါမ်ခေတ်- အနှစ်တစ်ထောင်၊

၅။ သောတာပန်ခေတ် - အနှစ်တစ်ထောင်၊

ဟူ၍ "သာသနာငါးထောင်ကို ဤသို့ ပိုင်းဆစ်ထားပါသည်။

အနှစ်ချုပ်ရေးရပါလျှင် . . .

ထေရဝါဒဗုဒ္ဓဘာသာထွန်းကားရှင်သန်ကိုးကွယ်ကြသည့် ကမ္ဘာ့နိုင်ငံ ခုနစ်နိုင်ငံနက် တစ်ခုအပါအဝင်ဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတွင်သာ တိပိဋကဓရဆရာတော်ကြီး ၁၂ ပါးတိတိ ထွန်းကားခဲ့ပါသည်။

ပထမတိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး (ဘဒ္ဒန္တဝိစိတ္တာသာရာဘိဝံသ) ပျံလွန်တော်မူခဲ့ပါပြီ။ ဆရာတော် ပျံလွန်တော်မူပြီး ခြောက်နှစ်တာကာလ လွန်မြောက်ပြီးမှ ပေါ်ထွန်းတော်မူခဲ့သော ဒုတိယတိပိဋကဓရ ပခုက္ကူဆရာတော်ဘုရား(ဘဒ္ဒန္တနေမိန္ဒ)ပျံလွန်တော်မူခဲ့ပါပြီ။

ဒုတိယတိပိဋကဓရ ပခုက္ကူဆရာတော်ဘုရား ပျံလွန်တော်မူပြီး လေးနှစ်တာကာလလွန်မြောက်ပြီးမှ ပေါ်ထွန်းတော်မူခဲ့သော တတိယတိပိဋကဓရ ပြည်ဆရာတော်ဘုရား (ဘဒ္ဒန္တကောသလ္လ) သည်လည်း ပျံလွန်တော်မူခဲ့ပါ။

"တတိယ ပြည်ဆရာတော်ဘုရား" ပျံလွန်တော်မူပြီးနောက် **"စတုတ္ထပေါ်ထွန်း" လာသည့် မဟာဂန္ဓာရုံဆရာတော်ဘုရား** (ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ) ဆရာတော်ဘုရားမှာလည်း ပျံလွန်တော်မူခဲ့ပြီးပါလေပြီ။

လေးပါးသော "တိပိဋကဓရ ဆရာတော်ကြီး"များ ပျံလွန်တော်မူခဲ့ကြပါပြီ။

စတုတ္ထဆရာတော်ကြီးပျံလွန်တော်မူပြီးသည့်နောက် ၁၁ နှစ်တိတိ ကြာမြင့်ပြီးသောအခါ ယောဆရာတော်ဘုရား (ဘဒ္ဒန္တသီရိန္ဒာဘိဝံသ)ပေါ်ထွန်းလာပါသည်။ ပဥ္စမတိပိဋကဓရဆရာတော်ကြီးနောက် ၁၀ နှစ်တိတိကြာမြင့်ပြီးမှ ဆဋ္ဌမမြောက်ဆရာတော်ကြီး ရေစကြိုဆရာတော်ဘုရား (ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ) ကြီး ပေါ်ထွန်းနိုင်ခဲ့ပါသည်။ ရေစကြိုဆရာတော်ကြီးပေါ်ထွန်းပြီးသည့်နောက် ငါးနှစ်တာကာလကြာမြင့်ပြီးကာမှ သတ္တမတိပိဋကဓရဆရာတော်အဖြစ် မော်ကျွန်းဆရာတော်ဘုရား(ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ)ဆရာတော် ပေါ်ထွန်းလာနိုင်ခဲ့ပါသည်။ အဋ္ဌမတိပိဋကဆရာတော် မြင်းမူဆရာတော်ဘုရားသည် မော်ကျွန်းဆရာတော်ဘုရားနှင့် ပြိုင်တူပေါ်ထွန်းတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ယင်းဆရာဟော်များ ပေါ်ထွန်းပြီး သုံးနှစ်ကြာသောအခါတွင်မှ မြင်းခြံဆရာတော်ဘုရား (ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ)ပေါ်ထွန်းလာပါသည်။ နဝမမြောက် ဆရာတော်ဘုရားပင်။

မြင်းမူဆရာတော်ဘုရား(ဘဒ္ဒန္တဝံသပါလာလင်္ကာရ)ဖြစ်ပြီး မော်ကျွန်းဆရာတော်ဘုရား(ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ) ဖြစ်ပါသည်။ မြင်းခြံဆရာတော်ကြီးပေါ်ထွန်းပြီးနောက် ဒသမ တိပိဋကဓရ ဆရာတော်အဖြစ် စွန်းလွန်းဆရာတော်ဘုရား (ဘဒ္ဒန္တသုန္ဒရ)ပေါ်ထွန်းတော်မူခဲ့ပါသည်။ သုံးနှစ်ခြား ပေါ်ထွန်းသည့်ဆရာတော်မှာ ရမ္မာဝတီဆရာတော်ဘုရား(ဘဒ္ဒန္တကုဏ္ဍပါလ)ဖြစ်ပါသည်။ ဧကာ ဒသမတိပိဋကဓရ ဆရာတော်ဖြစ်ပါသည်။ ရမ္မာဝတီဆရာတော်ဘုရားပေါ်ထွန်းပြီး ခြောက်နှစ်မျှကြာသောအခါတွင်မှ စစ်ကိုင်းဆရာတော် (ဘဒ္ဒန္တအဘိဇာတာဘိဝံသ)သည် ဒွါဒသမ ဆရာတော်အဖြစ် ပေါ်ထွန်းခဲ့ပါသည်။

လက်ရှိနိုင်ငံတော်တွင် တိပိဋကဓရဆရာတော်ကြီးများအဖြစ် ရှစ်ပါးသာသက်ရှိထင်ရှား ကျန်ရှိနေပါတော့သည်။ မြန်မာပြည်လူဦးရေ သန်း ၆၀ အချိုး ၈၊ (၆၀:၈) ဟူ၍သာတွေ့နိုင်ပါတော့သည်။

အခြားထေရဝါဒခြောက်နိုင်ငံတွင် တိပိဋကဓရတစ်ပါးသော်မှ ပေါ်တော်မူခြင်းမရှိသေးသည်ကို ထောက်ချင့်၍ မြန်မာနိုင်ငံကသာ ထေရဝါဒနိုင်ငံခုနစ်နိုင်ငံတွင် "ဦးဆောင်နိုင်ငံအဖြစ်" ရပ်တည်လျက် ရှိနေခြင်းကိုက အလွန်ဂုဏ်ယူစရာကောင်းနေပါပြီ။

ဂေါတမဗုဒ္ဓ ဟောကြားလေသမျှတရားတော်များ၊ ဒေသနာများ (ပိဋကတ်သုံးပုံ)ကို နှုတ်တိုက်အလွတ်ပြောခြင်းဖြင့်လည်းကောင်း၊ ရေးဖြေအဖြစ်လည်းကောင်း တတ်နိုင်စွမ်းရှိသည့် ဆရာတော်ကြီးရှစ်ပါးပင် ဖြစ်ပါသည်။

"အရိမေတ္တယျ"ပွင့်တော်မူမည့်ကာလ "အသက်တစ်သိန်းတန်း" ကာလတွင် လူသားစစ်စစ် ဧကန်ဖြစ်လျက်သံသရာမှ လွတ်မြောက်နိဗ္ဗာန်ရောက်သည့်အထိ လွန်မြောက်နိုင်ကြပါစေသတည်းဟု နောက်ဆုံး ဆုတောင်းအပ်ပါသတည်း။

**မောင်လွှမ်းနွယ် (အောင်လံ)**



www.burmeseclassic.com

www.burmeseclassic.com

# နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တော်မြတ်တို့အား
# နေ့နံဖွားဘုရားအစဉ် ပူဇော်ခြင်း

သန်းဝင်း(ဘဏ်)

ဤကမ္ဘာမှ နောက်ဆုတ်ရေတွက်သော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းမှာ ပွင့်တော်မူကြသော ဘုရားရှင်ပေါင်းကား ဒီပင်္ကရာမြတ်စွာဘုရားမှစ၍ ကျွန်ုပ်တော်တို့ ဂေါတမဘုရားရှင်အထိ ၂၅ ဆူ၊ လွန်ခဲ့သော ကမ္ဘာက ၃ ဆူ၊ စုပေါင်းသော် ၂၈ ဆူရှိပါတယ်။ ထိုနှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်များကို ဖွားမြင်တော်မူသော နေ့အားလျော်စွာ နေ့ခုနစ်နေ့မှာ ၄ ဆူစီ ခွဲခြားပြီး ပူဇော်ကြတာ ထူးခြားစွာ ပူဇော်ခြင်းတစ်မျိုးပါ။

**(၁) တနင်္ဂနွေနေ့ဖွားဘုရားများ**

(၁) မေဓင်္ကရာဘုရား၊
(၂) သောဘိတဘုရား၊
(၃) ပိယဒဿီဘုရား၊
(၄) သိဒ္ဓိဘုရား။

ဘုရား(၄)ဆူ ရှိခိုးဂါထာ
မေဓင်္ကရော သောဘိတောစ။
ပိယဒဿီ သိဒ္ဓိဗ်နော။
ရဝိဝါရေ အဘိဇာတာ။
တေ နမဿာမိ သာဒရံ။

**အနက်**

မေဓင်္ကရောစ = မေဓင်္ကရာမည်တွင် ဘုရားရှင်သည်လည်းကောင်း၊ သောဘိတောစ = သောဘိတမည်တွင် ဘုရားရှင်သည်လည်းကောင်း၊ ပိယဒဿီစ = ပိယဒဿီမည်တွင် ဘုရားရှင်သည်လည်းကောင်း၊ သိဒ္ဓိဗ်နောစ = သိဒ္ဓိမည်တွင် ဘုရားရှင်သည်လည်းကောင်း၊ (ဣတိ ဣမေ ဗုဒ္ဓါ၊ ဤဘုရားရှင်တို့သည်) ရဝိဝါရေ = တနင်္ဂနွေနေ့၌၊ အဘိဇာတာ = မီးရှူးသန့်စင် ဖွားမြင်တော်မူကြကုန်၏။ တေ ဗုဒ္ဓေ = လေးဆူကုန်သော တနင်္ဂနွေနေ့ဖွား ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ကို၊ အဟံ = ခန္ဓာနာမ်ရုပ်သမုတ်တွင်ခေါ် တပည့်တော်သည်၊ သာဒရံ = ခြေသုတ်ပုဆိုး မြေစွယ်ကျိုးသို့ ဆိုရိုးအလာ ရိုသေစွာ၊ နမဿာမိ = ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူးဟုငါးဦးတည်ရိုး ပူဇော်မျိုးဖြင့် ရှိခိုးကန်တော့ပါ၏ဘုရား။

**ဆုတောင်းဂါထာ**

နမနေနာ နေန ကမ္မေန၊
ဝိနဿတု ပေါရဏကံ။
စတုန္နံ ဗုဒ္ဓ တေဇေန။
သဒါ သုခီ ဘဝန္တု မေ။

နမနေ နာနေန ကမ္မေန = ဤသို့ တနင်္ဂနွေနေ့ဖွား ဘုရား(၄)ဆူအား ရှိခိုးရသော ကုသိုလ်ကံစေတနာအကျိုးအားကြောင့် ပေါရဏကံ = ရှေးရှေးသော သံသရာဘဝများစွာက ပြုခဲ့ဖူး၊ ဖြစ်ခဲ့ဖူးသော အကုသိုလ် ကံကြွင်းကံစဟူသမျှသည် ပိန်းကြာဖက်တွင် ရေမတင်သို့ ကင်းစင်လွင့်ပျောက်ပါစေသတည်း။ (ဝိ) မီးမှာကျရောက် မျိုးစေ့မပေါက်သလို ခန်^ ^ာက်ပျက်စီးပါစေသတည်း။ စတုန္နံ = လေးဆူကုန်သော၊ ဗုဒ္ဓ-ဗုဒ္ဓါနံ = တနင်္ဂနွေနေ့ဖွား မြတ်ဘုရားတို့၏၊ တေဇေန-တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်၊ မေ = သံသရာဝဋ်ဘေး မလွတ်သေး၍ အေးဖို့ရည်မျှော် တပည့်တော်အား၊ သဒါ = နှစ်၊ လ၊ နေ့၊ ရက် မပျက်မတိမ်း အခါခပ်သိမ်း၊ သုခီ = နှစ်ဖြာကိုယ်စိတ်အလိုငြိမ့်လျက် ကိုယ်စိတ်မပန်း ဘေးဘန်းမညှဉ်း အေးချမ်းခြင်းရှိကြကုန်သည်၊ ဘဝန္တု = မုချမသွေ ဖြစ်ရပါစေကုန်သတည်း။

**လက်တွေ့အားထုတ်ရန်**

(တနင်္ဂနွေနေ့တိုင်း ဖော်ပြပါ ဂါထာနှစ်ပုဒ်ဆုံးမှ ပုတီးတစ်လုံးချပါ။ နံနက်အိပ်ရာထလျှင် ပုတီးတစ်ပတ်၊ နေ့လယ်တစ်ပတ်၊ ညအိပ်ရာဝင်မှာတစ်ပတ် တစ်နေ့သုံးပတ် စိပ်ပါ။)

www.burmeseclassic.com

www.burmeseclassic.com

(၂) **တနင်္လာနေ့ပွားဘုရားများ**

(၁) သရဏင်္ကရာဘုရား။
(၂) အနောမဒဿီဘုရား။
(၃) အတ္ထဒဿီဘုရား။
(၄) ဝေဿဘူဘုရား။

ဘုရား(၄)ဆူ ရှိခိုးဂါထာ
သရဏင်္ကရာ နောမာစ၊
အတ္ထဒဿီ စ ဝေဿဘူ။
စန္ဒဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

ဆုတောင်းဂါထာ
နမနေနာ နေန ကမ္မေန၊
ဝိနဿတု ပေါရဏကံ။
စတုန္နံ ဗုဒ္ဓ တေဇေန။
သဒါ သုခီ ဘဝန္တု မေ။
(ယခင်နည်းအတိုင်း တနင်္လာနေ့မှာ သုံးကြိမ် သုံးပတ် ပွားမျ ါ။)

(၃) **အင်္ဂါနေ့ပွားဘုရားများ**

(၁) ဒီပင်္ကရာဘုရား။
(၂) ပဒုမဘုရား။
(၃) ဓမ္မဒဿီဘုရား။
(၄) ကကုသန်ဘုရား။

ဘုရား(၄)ဆူ ရှိခိုးဂါထာ
ဒီပင်္ကရော ပဒုမော စ၊
ဓမ္မဒဿီ ကကုသန္ဓော။
ဘောမဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
(ဆုတောင်းနည်းတို့မှာ အတူတူပင် ဖြစ်သည်။ ယခင်နည်းအတိုင်း အင်္ဂါနေ့မှာ သုံးကြိမ် သုံးပတ် ပွားများပါ။)

(၄) **ဗုဒ္ဓဟူးနေ့ပွားဘုရားများ**

(၁) ကောဏ္ဍညဘုရား။
(၂) နာရဒဘုရား။
(၃) သိဒ္ဓတ္ထဘုရား။
(၄) ကောဏာဂုံဘုရား။

ဘုရား(၄)ဆူ ရှိခိုးဂါထာ
ကောဏ္ဍညော နာရဒေါ သတ္ထာ၊
သိဒ္ဓတ္ထော ကောဏာဂမနော။
ဗုဒ္ဓဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
(ယခင်နည်းအတိုင်း ဗုဒ္ဓဟူးနေ့မှာ သုံးကြိမ်ပွားများပါ။)

(၅) **ကြာသပတေးနေ့ပွားဘုရားများ**

(၁) မင်္ဂလဘုရား။
(၂) ပဒုမုတ္တရဘုရား။
(၃) တိဿဘုရား။
(၄) ကဿပဘုရား။

ဘုရား(၄)ဆူ ရှိခိုးဂါထာ
မင်္ဂလော ပဒုမုတ္တရော၊
တိဿော နာထော စ ကဿပေါ။
ဂုရုဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
(ယခင်နည်းအတိုင်း ကြာသပတေးနေ့မှာ သုံးကြိမ်ပွားများပါ။)

(၆) **သောကြာနေ့ပွားဘုရားများ**

(၁) သုမနဘုရား။
(၂) သုမေဓာဘုရား။
(၃) ဖုဿဘုရား။
(၄) ဂေါတမဘုရား။

ဘုရား(၄)ဆူ ရှိခိုးဂါထာ
သုမနော သုမေဓော ဗုဒ္ဓါ၊
ဖုဿဗိနော စ ဂေါတမော။
သုက္ကဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
(ယခင်နည်းအတိုင်း သောကြာနေ့မှာ သုံးကြိမ် ပွားများပါ။)

(၇) **စနေနေ့ပွားဘုရားများ**

(၁) တဏှင်္ကရာဘုရား။
(၂) ရေဝတဘုရား။
(၃) သုဇာတဘုရား။
(၄) ဝိပဿီဘုရား။

ဘုရား(၄)ဆူ ရှိခိုးဂါထာ
တဏှင်္ကရော ရေဝတော စ၊
သုဇာတော စ ဝိပဿီကော။
သောရိဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
(ယခင်နည်းအတိုင်း စနေနေ့မှာ သုံးကြိမ် ပွားများပါ။)

**တစ်နည်းပွားများရန်**

မိမိနေ့နံဘုရားများကို နေ့စဉ် သုံးကြိမ်ပွားများနိုင်သကဲ့သို့ ခုနစ်နေ့ပွားဘုရားများကိုလည်း ပွားများနိုင်လျှင် ပို၍ အကျိုးများနိုင်ပါသည်။

ဤသို့ ပူဇော်ပွားများရှိခိုးခြင်းကို နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရာနေရာ၊ စံကျောင်းတော်များတွင် ပူဇော်မှု ပြုလေ့ရှိခြင်းကို ကြားနာပူဇော်ခဲ့ရပါသည်။ ပူဇော်နည်းကို ကူးယူကျက်မှတ် ပွားများစေချင်ပါသည်။ ဆန္ဒပြည့်မြောက် အကျိုးထူးများရစေလို၍ ဖြစ်ပါသည်။

သန်းဝင်း(ဘဏ်)

မှီး

ထက်တွေ့ကျင့်ဖွယ်များ
ဦးတင်စိုး(ဓမ္မာစရိယ)



www.burmeseclassic.com

www.burmeseclassic.com



# ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေး

နန်းကြော့သျှင်

ဖခင်ဖြစ်သူ ဗျတ္တက ဇော်ဂျီဖိုဝင် **သားစားပြီး သိဒ္ဓိပေါက်ထားသူဖြစ်သည်။** မိခင်မယ်ဝဏ္ဏက တန်ခိုးစွမ်းအားရှိသော ဘီလူးမျိုးနွယ်၊ သူတို့နှစ်ဦး ပေါင်းစပ် မွေးဖွားလိုက်သော ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေး ညီနောင်နှစ်ပါး၏ ဗလစွမ်းရည်သတ္တိတို့ကား ဖခင်ကဲ့သို့ပင် အစွမ်းထက်သော လူစွမ်းကောင်းများဖြစ်လာကြသည်။ အနော်ရထာမင်းကြီးကလည်း ဗျတ္တမရှိသည့်နောက် သနားကရုဏာသက်ပြီး မြေးတော်များအဖြစ် ချီးမြှင့်မြှောက်စားထားခဲ့သည်။

ရွှေဖျဉ်းညီနောင်တို့ကား ပုပ္ပားတွင် နေထိုင်ခဲ့စဉ်တုန်းကလို တောတွင်းသားများ မဟုတ်တော့ပေ။ သာမန်မင်းမှုထမ်း အဆင့်ထက်ကျော်လွန်သော ဘုရင်မင်းကြီး၏ မြေးတော်များ၊ ရွှေနန်းတော်တွင် နောက်လိုက်နောက်ပါ အခြွေအရံများနှင့် ဝံ့ကြွားထည်ဝါစွာနေထိုင်ကြသူများ ဖြစ်လာကြသည်။

ရှင်အရဟံ၏ကျေးဇူးကြောင့် ပုဂံပြည်တွင် ဗုဒ္ဓဘာသာထွန်းလင်းပြန့်ပွားလာရာ မင်းနှင့် ပြည်သူအားလုံး ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်စွာ ကိုးကွယ်နေကြပြီဖြစ်သည်။ အနော်ရထာမင်းကြီးကိုယ်တိုင် သာသနာတော်အပေါ်၌ လွန်စွာမှ သဒ္ဓါတော်မူသည်။ တရုတ်ပြည်၌ စွယ်တော်မြတ်တစ်ဆူရှိသည်။ ထိုရုတ်ဥတည်ဘွားထံမှ တောင်းယူ၍ ကိုးကွယ်ရသည်ရှိသော် သာသနာတော် လွန်စွာထွန်းပလတ္တံ့ဟု ကြံစည်ပြီး တရုတ်ပြည်သို့ စစ်အင်အားများစွာနှင့် ချီတက်တော်မူသည်။

တရုတ်ပြည်တွင်လည်း ရွှေဖျဉ်းညီနောင်သည် သူမတူအောင် ထူးခြားသော စွမ်းရည်များ ပြသခဲ့သည်။ အနော်ရထာ

www.burmeseclassic.com

မင်းကြီး လာသည်ကို ဥတည်ဘွားသည် မထွက်မကြိုဘဲနေသည့်ပြင် ပမာမခန့်ပြု လုပ်သောကြောင့် ကျွန်စစ်သားကို စေလွှတ်ပြီး တရုတ်တစ်ပြည်လုံးကိုးကွယ်သည့် ကြေးစန္ဒီနတ်ကို ကြိုးဖြင့်ချည်၍ အရိန္ဒမာကြိမ်ဖြင့် ရိုက်စေသည်။ ကြေးစန္ဒီနတ်သည် နာကျင်လှသောကြောင့် ဟစ်အော်သည်ကို ဥတည်ဘွား စသော မင်းနှင့် ပြည်သူတို့သည် နားရင်း၌ ကပ်၍ဟစ်သကဲ့သို့ ကြားကြပြီး ထိတ်လန့်ခြင်းဖြစ်စေသည်။

ရွှေဖျဉ်းညီနောင်တို့ကလည်း ညအချိန် ဥတည်ဘွားနန်းတော်အတွင်းသို့ ဝင်ရောက်ပြီး ရေစက်နှင့်အိပ်နေသည်ကို ရေကုန်အောင် ပန်တူနှင့် စုပ်ယူသည်။ ဥတည်ဘွားကိုယ်ပေါ်တွင် ထုံးသုံးတန်တားကာ နံရံတွင် ငါကဲ့သို့သော မင်းကို မဖူးမမြင် ထွက်မတွေ့ဘဲရှိသည်။ ထိုသို့နေလျှင် ထုံးတားထားရာအတိုင်း ဖြတ်ပစ်မည်ဟု စာရေးထားခဲ့သည်။ ထိုအခါကျမှ တရုတ်ပြည်ဘုရင် ဥတည်ဘွားသည် အနော်ရထာမင်းကြီးအား နန်းတွင်းမှထွက်တွေ့၍ ရွှေထမင်းအိုး၊ ငွေထမင်းအိုးတို့နှင့် ချက်ပြုတ်ကျွေးမွေးပြုစုကြသည်မှာလည်း ရွှေဖျဉ်းညီနောင်တို့၏ အစွမ်းကြောင့် ဖြစ်သည်။

တရုတ်ပြည်မှ စွယ်တော်မြတ်ကို ပင့်ဆောင်ကိုးကွယ်ခွင့် မရသော်လည်း သိကြားမင်းပေးသော မြရုပ်တုတော်ကို ပင့်ဆောင်ပြီး အပြန်ခရီးတွင် မောပြည်သို့ ဝင်ရောက်ခဲ့သည်။ မောကိုးပြည်ထောင်ကို အစိုးရတော်မူသော စော်ဘွားတို့ကလည်း ရွှေသင်ဖြူးငါးချပ်ခင်းပြီး ညှိခံကြိုဆိုသည်ကို အနော်ရထာမင်းကြီးသည် အရိန္ဒမာကြိမ်လုံးနှင့်ခတ်သော် ရွှေသင်ဖြူးငါးချပ်သည် မင်းကြီးဘုန်းတော်အာဏာကြောင့် ထပ်လျက်တည်ရှိကုန်ကြသည်။ ရွှေသင်ဖြူးငါးချပ်ပေါ်တွင် စံမြန်းလိုက်သည်။

စော်ဘွားများကလည်း ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သမီးစောမွန်လှကို ဆက်သကြသည်။ မောပြည်မှတစ်ဆင့် ရေကြောင်း၊ ကြည်းကြောင်းချီကာ ပြန်လာခဲ့သည်။ အပြန်ခရီးတွင် မန္တလေးတောင်၏ မြောက်ဘက်စူးစူး မတ္တရာနယ် ကျော်စည်အရပ် (ယခု မင်းဂံ တောင်ပြုး) တွင် ဆုတောင်းပြည့်စေတီတစ်ဆူ တည်ခဲ့သည်။ ဘုရားတည်ရာတွင် မင်းမှုထမ်းများအားလုံး တစ်ဦးလျှင် သဲတစ်ဆုပ်၊ ရေတစ်မှုတ်၊ အုတ်ထစ်ချပ်စီ သယ်ယူပြီး လုပ်အားအလှူဒါနပြုကာ ကုသိုလ်တော်ပါဝင်ရန် အမိန့်ထုတ်ပြန်လိုက်သည်။

မတ္တရာနယ်ကား ရွှေဖျဉ်းညီနောင်တို့ ငယ်စဉ်က နေထိုင်ခဲ့ဖူးသော အရပ်ဖြစ်သည်။ ရပ်သူရွာသားများ၊ ငယ်သူငယ်ချင်းရောင်းရင်းတို့ကလည်း ငတို့ အရပ်သား သူရဲကောင်းများဟု တလေးတစားချီးပင့်မြှောက်စားခဲ့ကြသည်။ ညီနောင်မင်းသားနှစ်ပါးနှင့်အတူ မင်းသားတို့၏ စာရင်းအင်းများကို တွက်ချက်တာဝန်ယူရသော စာရေးတော် ဦးသာနိုးကလည်း အသောက်အစား အပျော်အပါးတို့ကို အနီးကပ် သင်ကြားပေးသည်။ ကိုးကျောင်းဒကာဟုခေါ်သော ဦးသာနိုးဇနီးမှာ ဘိုမယ် ဖြစ်သည်။

အရွယ်နှင့်မလိုက်အောင် လက်ရုံးရည်ဘက်တွင် ထူးချွန်ခဲ့ကြပြီး အဆမတန်မြှောက်ပင့်မှုများကြောင့် မင်းညီနောင်နှစ်ပါးသည် အောက်ခြေလွတ်လာပြီး သောက်စားမူးယစ်ခြင်း၊ မိန်းမကိစ္စများ ရှုပ်ထွေးလာခြင်း၊ နောက်လိုက်နောက်ပါများနှင့် ဗိုလ်ကျခြင်း၊ စစ်စည်းကမ်းများကို ကျူးလွန်ဖောက်ဖျက်လာကြသည်။

အဆိုးဆုံးမှာ ရွှေဖျဉ်းလေးသည် မောင်ရင်မောင်၏မယား မယ်ဥ(မမဦး)ကို ချစ်ရေးဆို ကြာခိုဖို့ ကြိုးပမ်းခဲ့သည်။ မယ်ဥဇာတိကား သခင်မတောင်ခြေရှိ အင်ကျယ်ရွာသူဖြစ်သည်။ ချောမောလှပ ဉာဏ်ပညာထက်မြက်ပြီး ရက်ကန်းရက်ရာတွင်လည်း ကျွမ်းကျင်သူဖြစ်သည်။ မောင်ရင်မောင်နှင့် အိမ်ထောင်ပြုပြီး တောင်ပြုးရွာတွင် လိုက်နေသည်။

မောင်ရင်မောင်က အထက်သစ်တောများတွင် သစ်ဖောင်ဖွဲ့ရန်အတွက် သွားရောက်လုပ်ကိုင်ရသည်။ လင်ယောကျ်ားမရှိခိုက်တွင် ရွှေဖျဉ်းလေးသည် မယ်ဥကို ချစ်ရေးဆိုတော့သည်။ မယ်ဥကလည်း သူမတွင် ကာမပိုင်လင်ယောကျ်ား ကိုရင်မောင်ရှိနေ၍ မဖြစ်နိုင်ပါကြောင်း ငြင်းပယ်လိုက်သည်။ ရွှေဖျဉ်းလေးသည် မယ်ဥအား နတ်ကျားနှင့် ကိုက်စေသည်။ နတ်ကျားသည် မယ်ဥအား တောင်လျှိုအတွင်းရှိ ကျားတွင်းသို့ ချီသွားသည်။ ကျားဆွဲခံရစဉ်တွင် မယ်ဥခေါင်း၌ သရဖီပန်းကုံး ပန်ထားသည်။ ရွှေဖျဉ်းလေးက အမျိုးမျိုးချစ်ခွင့်တောင်သော်လည်း လင်သားအပေါ်၌ သစ္စာရှိသော မယ်ဥ၏ အဓိဋ္ဌာန်ကြောင့် သရဖီပန်းများသည် မြေသို့ကျပြီး သရဖီပင်များ ပေါက်ရောက်လာသည်။ ယခုထက်ထိ သခင်မတောင်တွင်ရှိသော မယ်ဥ(မမဦး)နတ်နန်းတွင် သရဖီပင်များသည် တောအုပ်ကလေးသဖွယ် ပေါက်ရောက်လျက်ရှိနေပေသည်။ မယ်ဥ(မမဦး) သေသောအခါ တောင်တော်သခင်နတ် ဖြစ်လာသည်။

မင်းကင်းမြို့အထက် ချင်းတွင်းမြစ်လက်ဝဲဘက် ကံကျေးရွာတွင် စုလစ်မွန်းချွန်း အထွတ်တင်ဘုံဆောင်များ၊ ပန်းကနုတ်များနှင့် အံ့မခန်းဆန်းကြယ်သော ရှေးဟောင်းဘုန်းတော်ကြီးတစ်ကျောင်းရှိသည်။ ကျောင်းတော်ကြီး၏ ပြင်ပအကာအရံများတွင် အေဒီ ၁၉ ရာစု ကုန်းဘောင်ခေတ်နှောင်းပိုင်း ပန်းပုလက်ရာများဖြစ်သော ဗိဓူရဇာတ်၊ ရာမယဏဇာတ်၊ ထိလပ်ပိုးအူဇာတ်နှင့် တောင်ပြုးမင်းနှစ်ပါးဇာတ်များကို လက်ရာမြောက်စွာ ထုလုပ်သရုပ်ဖော်ထားသည်။ မရွှေဥ ရက်ကန်းခတ်ဟန်၊ ရွှေဖျဉ်းညီနောင် လူပျိုလှည့်ခန်း၊ မရွှေဥက ငြင်းဆန်၍ စီးတော်ကျားနှင့် တိုက်သတ်ဟန် ရုပ်တုများစွာရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေး မင်းညီနောင်နှစ်ပါးသည် နောက်လိုက်ငယ်သားများနှင့်အတူ အပျော်ကြူး မူးယစ်သောက်စားနေခဲ့ကြသည်။ သက်တော်ရှည် မှူးကြီးမတ်ကြီးတို့၏ ပြောစကားကိုလည်း နားမထောင်၊ ဆုတောင်းပြည့်စေတီဝ ည်ရာတွင်လည်း တာဝန်များ ပျက်ယွင်းခဲ့ကြသည်။ စေတီတော်တည်ပြီး၍ အနော်ရထာမင်းကြီးကိုယ်တိုင် ဖူးမြော်ကြည့်ရှုရာတွင် မှန်ဦးအဝင် အပေါ်တည့်တည့်တွင် အုတ်နှစ်ချပ်လပ်နေသည်ကို တွေ့လိုက်ရ၍ မေးမြန်းကြည့်သည်။ မှူးမတ်တို့ကလည်း ရွှေဖျဉ်းညီနောင်တို့ တာဝန်မကျေသောကြောင့် အုတ်နှစ်ချပ်လပ်ရကြောင်း လျှောက်ထားကြရာ အလိုလိုက်၍ အမိုက်စော်ကားခဲ့ကြသော မင်းညီနောင်အား နောင်ကြဉ်သွားစေရန် ကျန်စစ်သားအား ငါ့မြေးတော်များကို ရွှေဖော့ရိုးနှင့် မိုးဆုံးမစေဟု အမိန့်တော်ပေးလိုက်သည်။

ကျန်စစ်သားသည် ဟိုယခင် ဗျတ္တအပေါ် မုန်းတီးခဲ့ရာမှစ၍ သားတော်များဖြစ်သော ရွှေဖျဉ်းညီနောင်တို့အား ဖခင်ကဲ့သို့ပင် သေစေလိုသောစိတ်ဆန္ဒ ပြင်းပြလျက်ရှိသည်။ ရွှေဖျဉ်းညီနောင်တို့အား စီရင်ကွပ်မျက်ရာတွင်လည်း လွယ်ကူလှသည်တော့ မဟုတ်ပေ။ တန်ခိုးသိဒ္ဓိရှိသူများဖြစ်သောကြောင့် ကိုယ်ရောင်ဖျောက်ကာ ရှောင်တိမ်းနေနိုင်သည်ဟု ဆို၏။ နောက်ဆုံး ဖမ်းဆီးရမိသောအခါ ဝါးရင်းတုတ်အရပ်၌ ကွပ်မျက်တော်မူခဲ့သည်။ ထိုအရပ်ကို ယခုအခါ "ကွပ်ရာညောင်ပင်" ဟု ခေါ်ကြသည်။

ဆုတောင်းပြည့်ဘုရားတည်ရာ၌ ကိုယ်စီတာဝန်ခွဲဝေပေးသည်ကို မင်းညီနောင်တို့ မေ့လျော့ပြီး အပျော်ကြူးမိသောကြောင့် တာဝန်ပေါ့ကာ အုတ်နှစ်ချပ်လပ်သဖြင့် ကွပ်မျက်ခြင်းခံရသည်ဟု ရှေးဟောင်းနတ်ချင်းများက နတ်သမိုင်းနှင့်ဇာတ်သဘင်များက ကပြရာတွင် ဆိုထားပေသည်။ ရွှေဖျဉ်းညီနောင်တို့အား စီရင်ကွပ်မျက်ပြီးနောက် အနော်ရထာမင်းကြီးသည် ရတနာဖောင်တော်စီး၍ ပြန်တော်မူခဲ့သည်။ နတ်မိစ္ဆာဖြစ်သွားသော မင်းသားနှစ်ပါးသည် တက်များကိုကိုင်၍ လိုက်လာကြသည်။ ဧရာဝတီမြစ်အတွင်း စုန်ဆင်းခဲ့ရာ မြစ်ကြောင်းတစ်နေရာ အရောက်တွင် ဖောင်တော်မှာ ရှေ့ဆက်ရွေ့လျားခြင်းမပြုတော့ဘဲ ထူးဆန်းစွာရပ်တန့်သွားသည်။ ဟူးရားဖြူ၊ ဟူးရားညိုတို့အား မေးကြည့်ရာ ...

"ကျွန်တော်မျိုး ငဖျဉ်းညီနောင်တို့ဟာ မင်းကြီးရဲ့အမှုတော်ကို ထမ်းဆောင်ခဲ့သော်လည်း ကျေးဇူးတော်ကို မခံစားရပါ။ ယခုအခါ အယူတိမ်းပြီး နတ်စိမ်းများဖြစ်နေပါတယ်။ နေထိုင်စရာနေရာ မရှိပါသောကြောင့် ဖောင်တော်ကို ရပ်တန့်ရကြောင်းပါ"

ဟု လျှောက်တင်ကြသည်။ အနော်ရထာမင်းကလည်း...

"တောင်ပြုံးရွာ ကောင်းမှုတော် ဆုတောင်းပြည့်ဘုရားတွင် နတ်ကွန်းဆောက်လုပ်ပေးစေ၊ ကျောက်စည်တစ်တန်းနေထိုင်သူတို့ ပူဇော်ရာဖြစ်စေ"

ဟု အမိန့်တော်ချမှတ်လိုက်သည်။ ထို့ပြင် ထီးပေါင်းကားနယ် အရှေ့ကိုလားသော် ကျောက်ဆီမီးလက်၊ နွားလားတောင်ရိုးမ၊ တောင်ကိုလားသော် ဘုရားရွှေကြက်ယက်၊ အနောက်ကိုလားသော် ဧရာဝတီ ရွာ ၂၄ ရွာကိုလည်း အပိုင်စားပေးသနားတော်မူခဲ့သည်။ မှူးမတ်တို့ကလည်း အမိန့်တော်အတိုင်း နတ်ရုပ်များ ထုလုပ်ကိုးကွယ်စေခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့ထက်ထိ ရွှေဖျဉ်းနောင်တော်ကို "မင်းကြီး"၊ ရွှေဖျဉ်းညီတော်ကို "မင်းလေး"ဟု နတ်ကိုးကွယ်သူများက အမည်သစ်များ မှည့်ခေါ်ကိုးကွယ်ရာ ဖြစ်ခဲ့ကြသည်။

ပွဲကနားပသရာတွင် နတ်ထိန်းနတ်နေတို့ ဝတ်ဆင်ရသည်မှာ တစ်ကျွန်းအနားပါ ပုဆိုး၊ အကျီလက်ကျယ်ဘွဲ့ဖြူနှင့် သပြေရောင် ရွှေခမောက်ဆောင်းကာ လက်ယာလက်က သပြေပန်းစည်းကိုကိုင်ပြီး သုံးကြိမ်လှုပ်ကာ ရွာတောင်ပြုံးချီ တီးချင်းနှင့် ညီစိမ့်စိမ့်တော်ကြီး နတ်သံပစ်သည်။ နောက် ကတ္တီပါခါးတို၊ ပန်းပုဆိုးနှင့် သိုးဆောင်း၍ ကသည်။ ငှက်ပျောသီးကို ခေါင်းလန်းပေါ်တင်၍ လက်ယာလက်က ဓားဆွဲပြီး ဓားနှင့် လေ့လော့ဟန်ပြုသည်။

၁၈၅၉ ခုနှစ် မင်းတုန်းမင်းတရားကြီးသည် မန္တလေးမြို့ ရတနာပုံ နေပြည်တော်ကြီးတည်ထောင်စဉ်က အရေးတယူပူဇော်ပသခဲ့သည်။ မင်းမဖြစ်မီက အရေးတော်အောင်မြင်နိုင်ရန်အတွက် တောင်ပြုံးမင်းနှစ်ပါးအား အရှိအသေပေးကာ ကတိသစ္စာခံခဲ့သည်။ အရေးတော်အောင်မြင်၍ နန်းတက်သည့်ကာလမှာပင် ကတိပေးခဲ့သည့်အတိုင်း နတ်ကနားပွဲများ မြိမ့်မြိမ့်သဲ ကျင်းပပေးခဲ့သည်။ ထိုအစဉ်အလာသည် ယနေ့ထိ တည်မြဲလျက်ရှိနေပေသည်။

"မန္တလေးရတနာပုံရာဇဝင်တော်" တွင် တောင်ပြုံးညီနောင်နှင့် မယ်တော်၊ နှမတော်တို့သို့ တင်ကြားရန် အတင်တော်အထည်အလိပ်များကို နတ်ရုပ် နတ်ထိန်းတို့သို့ပေးအပ်ပြီး နတ်ကွန်းအရောက် တင်ကြားပသစေရသည်"ဟုပါရှိသည်။ အနော်ရထာခေတ်မှ စ၍ ကိုးကွယ်ခဲ့ကြသော တောင်ပြုံးမင်းညီနောင်သည် ညောင်ရမ်းခေတ် နောက်ဆုံးမင်းဆက်ဖြစ်သော သာယာဝတီပါမင်းမှစ၍ အလောင်းမင်းတရားကြီး ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးထိ ကိုးကွယ်ပူဇော်ခဲ့ကြသည်။

တောင်ပြုံးပွဲကား မြန်မာပြည်တွင် အစည်ကားဆုံးနှင့် အကြီးအကျယ်ဆုံးပွဲဖြစ်သည်။ အနယ်နယ်အရပ်ရပ်မှ နတ်နှင့်ပတ်သက်သော နတ်ကတော်၊ နတ်အုပ်၊ နတ်ထိန်း၊ ကနားစီးတို့ စုံညီစွာလာရောက်ကြရသည်။ အရောင်းအဝယ် ကောင်းရန်၊ လုပ်ငန်းကိစ္စများ အောင်မြင်ရန်၊ အမှု



www.burmeseclassic.com

www.burmeseclassic.com

အခင်းများ ပြေလည်ရန်၊ ဆန္ဒရှိရာ ရည်ရွယ်ချက်များ အောင်မြင်ရန် နတ်ကတော်များမှတစ်ဆင့် တောင်းခံကြပြီး ပဝါများဆက်သကြရသည်။

မင်းနှစ်ပါးကို ပူဇော်ကြရာတွင်လည်း သာမန်ပူဇော်၍ရသည် မဟုတ်။ ထီးတော်မိုး၊ ရွှေဓားဆွဲ၊ အချီတော်၊ အချော့တော်၊ သိုင်းကိုင်၊ ကျိုင်းကိုင်၊ ရှေ့ဝင်း၊ နောက်ဝင်းများပါ ခင်းကြရသည်။ မင်းနှစ်ပါးနောက်၌ အမှုတော်ထမ်း ၃၇ ယောက် ရှိလေသည်။ (၁) သိုးဆောင်းမိဖုရားကြီးလေးပါး၊ (၂) ဗောင်းတော်ကိုင်၊ (၃) ကွမ်းအစ်တော်ကိုင်၊ (၄) ကလပ်တော်ကိုင်၊ (၅) သောက်တော်ရေတကောင်းကိုင်၊ (၆) အချီတော်၊ (၇) အချော့တော်၊ (၈) အိပ်ဖန်စောင့်တော်၊ (၉) ရွှေထီးတော်မိုး၊ (၁၀) လက်သုံးတော်ရွှေဓားဆွဲ၊ (၁၁) လက်စွဲလှံတော်ကိုင်၊ (၁၂) ဒိုင်းတော်ကိုင်၊ (၁၃) သိုင်းတော်ကိုင်၊ (၁၄) လှိုင်းတော်ကိုင်၊ (၁၅) ယပ်တော်ကိုင်၊ (၁၆) ပဝါတော်ဆက်၊ (၁၇) ဝတ်လဲတော်ဆက်၊ (၁၈) နားပန်တော်ဆက်၊ (၁၉) ပန်းတော်ပန်းဆက်၊ (၂၀) ဒိုးထိုးဒိုးတော်ဆက်၊ (၂၁) ဓေါ်တော်ထမ်း၊ (၂၂) ရှေ့တော်ပြေး၊ (၂၃) နောက်တော်လိုက်၊ (၂၄) နန်းဦးစားတော်ဆက်၊ (၂၅) ဖောင်တော်ဦးစားတော်ဆက်၊ (၂၆) ယုန်ကင်တော်ဆက်၊ (၂၇) ဒံပေါက်စားတော်ဆက်၊ (၂၈) အုန်းခွဲအမှုထမ်း၊ (၂၉) ဓာတ်ပွဲခေါ် ကန်တော့ပွဲအမှုထမ်း၊ (၃၀) မျက်နှာပြင်အမှုထမ်း၊ (၃၁) ပြပွဲအမှုထမ်း၊ (၃၂) ဝက်ပွဲစားတော်ဆက်အမှုထမ်း၊ (၃၃) ထပ်ပွဲစားတော်ဆက်အမှုထမ်း၊ (၃၄) ဖောင်ချည်အမှုထမ်း၊ (၃၅) ဖောင်ခံအမှုထမ်း၊ (၃၆) ဖောင်ကွဲအမှုထမ်း၊ (၃၇) ထိန်ပင်စိုက်အမှုထမ်း စသည်တို့ ပါဝင်ကြရသည်။

တောင်ပြုံးမင်းနှစ်ပါး နတ်နန်းမှာ အနှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။ ပွဲတော်ကျင်းပခဲ့သည်မှာလည်း မင်းတုန်းမင်းနန်းသက်နှင့်ထပ်တူဖြစ်၍ နှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပြီဖြစ်သည်။ နှစ်စဉ် ဝါခေါင်လဆန်း ၁၀ ရက်မှ ၁၅ ရက်ထိ တောင်ပြုန်းနတ်ပွဲ၊ ဆုတောင်းပြည့် အုတ်နှစ်ချပ်လပ်ဘုရားပွဲကိုပါ ကျင်းပသည်။ မင်းနှစ်ပါးချိုးရေတော်သုံးသည့်နေ့ ဝါခေါင်လဆန်း ၁၀ ရက်၊ ယုန်ထိုးပွဲ ဝါခေါင်လဆန်း ၁၄ ရက် ထိန်ခုတ်ပွဲ၊ ဝါခေါင်လဆန်း ၁၅ ရက်တွင် ကျင်းပပြုလုပ်ကြသည်။

ပုပ္ပားမယ်တော်ကြီး(မယ်ဝဏ္ဏ)သည်လည်း နှစ်စဉ်နှစ်တိုင်း သားတော်နှစ်ပါး၏နတ်ပွဲသို့ လာရောက်ချီးမြှင့်လေ့ရှိသည်။ တောင်ပြုံးပွဲပြီး၍ ပုပ္ပားသို့ အပြန်ခရီးတွင် အမရပူရအနီးရှိ ရတနာဂူဘုရားတွင် စခန်းထောက်ရပ်နားကာ ရတနာဂူနတ်ပွဲကို ကျင်းပသည်။ တောင်ပြုံးနှင့် ရတနာဂူမှာလည်း ဆက်စပ်ပတ်သက်လျက် ရှိနေသည်။

ရွှေဖျဉ်းညီနောင် နတ်ရုပ်များထုလုပ်ရာတွင် အောက်ဖွန်းရိုးပလ္လင်ပြန့်ပေါ်တွင် လက်ယာဒူးထောင်၍ လက်ဝဲဒူးလှဲထားသည်။ လက်ယာဘက်လက်က ဓားထမ်းကာ လက်ဝဲဘက်လက်က ပေါင်ကိုထောက်ထားသည်။ ဗောင်းနားတောင်း၊ လက်ကောက်တန်ဆာတို့ ရှိသည်။ နတ်နှစ်ပါးပုံမခြားနား ကြီးငယ်သာ ထုလုပ်ရပေသည်။

ဗုဒ္ဓ၏ အဘိဓမ္မာဒေသနာတော်တွင် သေခြင်းတရား ၄ ပါးရှိပေသည်။ အာယုက္ခယ–သက်တမ်းကုန်၍ သေဆုံးခြင်း၊ ကမ္မက္ခယ–ကံကုန်၍သေဆုံးခြင်း၊ ဥဘယက္ခယ–အသက်တမ်းနှင့် ကံနှစ်ပါးကုန်၍ သေဆုံးခြင်း၊ ဥပစ္ဆေဒယ–သက်တမ်းမကုန်ခင် ဓား၊ လှံ၊ လေး၊ မြား၊ ရေ၊ မီး၊ အဆိပ် စသည့် အန္တရာယ်များကြောင့် လျှပ်တစ်ပြက်သေဆုံးရခြင်းများကို ခွဲခြားပြဆိုထားသည်။ အသေဆိုးနှင့်သေဆုံးရပြီး ဂတိမပြခင် မကျွတ်မလွတ်ဘဲ နာနာဘာဝဖြစ်သွားသည်ကို နတ်စိမ်းဟုခေါ်ကြောင်း မြန်မာအဘိဓာန်က ဆိုသည်။ နတ်ဖြစ်ရခြင်းအကြောင်းများတွင် မင်းမှကွပ်မျက်၍ သေဆုံးရသူများကို ပြည်သူတို့အား နှစ်သိမ့်မှုပေးရန်အတွက် "မိမိတို့ လုံ့လပယောဂကြောင့် သေဆုံးပြီး နတ်ဖြစ်သွားပြီး ပြည်သူတို့ကိုးကွယ်ကြ"ဟု မင်းက အမိန့်အာဏာ ထုတ်ပြန်ခဲ့ခြင်းကြောင့် နတ်ဖြစ်ရခြင်းများလည်း ရှိပေသည်။ မင်းအာဏာစက်ကြောင့် နတ်ဖြစ်ပြီး မင်းလိုလိုက် မင်းကြိုက်ဆောင်ကာ လူအများလက်ခံကိုးကွယ်ရသည်များလည်း ရှိခဲ့ပေသည်။

မြန်မာလူမျိုးများကား အပျော်အပါးဝါသနာထုံသော လူမျိုးများဖြစ်သည်။ ဆိုင်းသံကြားလျှင် စိတ်ထဲက မရိုးမရွနှင့် ကချင်၊ ခုန်ချင်လာသည်။ အကအခုန်၊ အတီးအမှုတ်၊ အဆိုအရွတ်တို့၌ ဝါသနာကြီးလှသည်။ ၁၂ လ ရာသီရှိသည့်အနက် ၁၂ လရာသီလုံး ပွဲတော်များရှိသည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှ စတင်သန္ဓေတည်ခဲ့သော တောင်ပြုံးပွဲတော်ကြီးကား ယနေ့ထိ နတ်ဒိုးသံများနှင့် ဆူညံနေဆဲဖြစ်သည်။

မိရိုးဖလာ အစွဲအလမ်းကြီးသူများ၊ နတ်ကိုးကွယ်သူများ၊ နတ်ယုံကြည်သူများ ရှိနေသရွေ့ တောင်ပြုံးပွဲတော်ကြီးသည်လည်း သက်တမ်းရှည်စွာ ရှိနေပေဦးမည်ဖြစ်သည်။ အပျော်မက်သူများ ဖွေးဖွေးလှုပ်အောင် နွဲ့ပျော်ကြဆဲ နတ်များ ပျော်မြူးသောပွဲ၊ ဖျတ်ဝိ၊ ဖျတ္တ၊ မယ်ဝဏ္ဏနှင့် ရွှေဖျဉ်းညီနောင်တို့ပွဲပင် ဖြစ်ပေတော့သည်။

နန်းကြေးသျှင်

<u>ကျမ်းကိုး</u>


- မှန်နန်းရာဇဝင်တော်ကြီး(ပတွဲ)
- အရှင်ကာဝိန္ဒ ပုပ္ပားတောင်တော်သမိုင်း
- မင်းစည်သူ မြန်မာနိုင်ငံနတ်ကိုးကွယ်မှုသမိုင်း




www.burmeseclassic.com

www.burmeseclassic.com



-၁-

# ကိုယ်ပြုသည့်အကုသိုလ်ကံ
# ကိုယ်သာခံ

ရေကျော်စိုးအောင်

ကုသိုလ်၊ အကုသိုလ်ကံဟူသည် အခြားသူနှင့်မဆိုင်၊ ပြုလုပ်ခဲ့သောသူနှင့်သာ ဆိုင်သည်။ ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ အကျိုးပေးချိန်မတန်သေးသရွေ့ မခံစားရ။ ဖြစ်မလာသေးလျှင် ဘာပဲလုပ်လုပ် ဘာမှုမဖြစ်ဟု ထင်မှတ်၍ မရကောင်းပါပေ။ သင်ပြုခဲ့သည့် ကောင်းကံ၊ ဆိုးကံသည် သင်၏အရိပ်နှင့်အတူ ထက်ကြပ်မကွာ လိုက်နေမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

ဂေါတမရှင်တော်မြတ်ဘုရား ပွင့်ချိန်က ရာဇဂြိုဟ်မြို့ရှိ ပုဏ္ဏားသူဌေးကြီး၏ သားတစ်ဦးရှိ၏။ သားအမည်မှာ ဥတ္တရအမည်ရခဲ့၏။ ရုပ်အဆင်းလှပရုံမျှမက အတတ်ပညာ၊ သီလအကျင့်အားဖြင့် ကောင်းမွန်သူလည်း ဖြစ်၏။

ဥတ္တရ၏ ပြည့်စုံလှသည့်အရည်အချင်းကြောင့် မဂဓတိုင်းရဲ့အမတ်ကြီး ဝဿကာရက သူ့သမီးနှင့် ပေးစားလိုက်၏။ ကာမဘောင်မှ လွတ်မြောက်လိုသည့် သူဌေးသားဥတ္တရသည် အမတ်ကြီးသမီးကို ငြင်းပယ်ပြီး ကိုရင်ဝတ်ခဲ့သည်။

ကိုရင်ငယ်သည် အရှင်သာရိပုတ္တရာထံမှ တရားနာယူရုံမျှမက အရှင်၏အနာရောဂါအတွက် ဆေးယူရန် နံနက်စောစော ကျောင်းမှထွက်လာသည်။ လမ်းခုလတ် တစ်ဖက်ဆည်ကန်အနီးမှာ သပိတ်ချပြီး မျက်နှာသစ်နေခိုက်မှာပင် သူခိုးတစ်ယောက်က ခိုးယူလာသည့် ရတနာထုပ်ကို အရှင်ဥတ္တရသပိတ်အတွင်း

www.burmeseclassic.com

ထည့်ပြီး ပြေးသွားခဲ့သည်။

နောက်က သူခိုးလိုက်လာသည့် အစောင့်များက အရှင်ဥတ္တရ၏ သပိတ်အတွင်းမှ ရတနာများတွေ့ပြီး သူခိုးဟုယိုးစွပ်ပြီး လက်ပြန်ကြိုးတုပ်ကာ ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်။ အရှင်ဥတ္တရအား စစ်ဆေးတရားစီရင်ရမည့်သူသည် ဝသဲကာရအမတ်ကြီး ဖြစ်၏။ အမတ်ကြီး၏သမီးကို ငြင်းပယ်ခဲ့သည့် အငြိုးကြောင့် ...

"သင်သည် ယခင်က ငါ့စကားပယ်ရှားပြီး သမီးယူဖို့ ငြင်းခဲ့သည်။ သင်ရဟန်းဝတ်သွားခဲ့လို့ ငါတို့အရှက်ရခဲ့သည်"

ဟု စွပ်စွဲပြောဆိုပြီး သတ်လိုသည့် အငြိုးကြောင့် မစစ်ဆေးဘဲ အရှင်လတ်လတ် တံကျင်ပေါ်မှာ ပက်လက်အိပ်စေခဲ့သည်။ အရှင်ဥတ္တရ၏ ဉာဏ်ရင့်ကျက်နေသည့်အဖြစ်ကို ဘုရားရှင်သိမြင်တော်မူပြီး အရှင်ဥတ္တရ၏နေရာသို့ ဗုဒ္ဓရှင်ကြွရောက်ကာ ဥတ္တရ၏ခေါင်းပေ. .ာက်တင်ပြီးလျှင် ...

"ဥတ္တရ ... ဒါဟာ သင့်ရှေးကံရဲ့အကျိုးဖြစ်သည်။ သင်သည် ဆင်ခြင်တုံတရားဖြင့် သည်းခံရမည်"

ဟု ဟောကြားပြီး အရှင်ဥတ္တရ၏ အဇ္ဈာသယနှင့် လျော်ညီမည့် တရားကိုဟောကြားခဲ့သည်။ အမြိုက်ရေစင်နှင့် သွန်းလောင်းမှုနှင့်တူသည့် ဗုဒ္ဓရှင်တော်မြတ်၏ လက်တော်နှင့် ထိတွေ့မှုကြောင့် ကြည်ညိုမှု၊ ဝမ်းသာမှုတွေ ဖြစ်ခဲ့သည်။ အကြီးအကျယ် နှစ်သိမ့်ဝမ်းမြောက်ပြီး အားထုတ်မြဲဖြစ်သည့် ဝိပဿနာကို ကြိုးစားအားထုတ်မှုကြောင့် ဝိပဿနာ၏ လမ်းပေါ် ရောက်ရှိသွားရုံမျှမက ဉာဏ်စဉ်ပါ ရင့်ကျက်လာ၏။ ဘုရားရှင်၏ ဒေသနာ ဆန်းကြယ်မှုနှင့်အတူ မဂ်(၄)ပါးနှင့် ကိလေသာကုန်ပြီး အဘိညာဉ်(၆)ပါး ပြည့်စုံခဲ့သည်နှင့် တံကျင်ပေါ်မှထကာ

ငယ်စဉ်ဘဝက

ယင်ကောင်များကို

ဖမ်းပြီး

တံကျင်လျှို

ကစားခဲ့သည့်

အကုသိုလ်ကံကြောင့်

ဥတ္တရဘဝမှာ

နောက်ဆုံးဘဝအဖြစ်

တံကျင်လျှို

ခံခဲ့ရသည်ဖြစ်၏။

ကောင်းကင်ပေါ်မှ တန်ခိုးပြတော်မူခဲ့သည်။

သံသရာ၏အပြစ်နှင့် သံဝေဂရသဘော သိမြင်ခဲ့သည်။ အရှင်ဥတ္တရ၏ ရှေးငယ်စဉ်ဘဝက ပြုခဲ့သည့် အကုသိုလ်ကံကလည်း ဘဝပေါင်းများစွာ ခံစားခဲ့ရသည်က ဤသို့ပင်ဖြစ်သည်။

ငယ်စဉ်ဘဝက ယင်ကောင်များကို ဖမ်းပြီး တံကျင်လျှိုကစားခဲ့သည့် အကုသိုလ်ကံကြောင့် ဥတ္တရဘဝမှာ နောက်ဆုံးဘဝအဖြစ် တံကျင်လျှိုခံခဲ့ရသည်ဖြစ်၏။

ဥတ္တရ၏ ကောင်းသည့်ကုသိုလ်ကံကလည်း ရှိနေပြန်၏။ ရှေးဘုရားရှင်များထံမှာ နိဗ္ဗာန်ရောက်ကြောင်း တရားများ၏ ကုသိုလ်များ ဆည်းပူးဆုတောင်းခဲ့ဖူး၏။ သုမေဓာဘုရားရှင် လက်ထက်အခါက ဝိဇ္ဇာဓိုရ်ဖြစ်ခဲ့သည့်တွင် ဘုရားရှင်၏ ရောင်ခြည်ခြောက်သွယ်ကို ဖူးမြော်ရပြီး ကြည်ညိုသဒ္ဒါပွားကာ မဟာလေ့ကားပန်းတွေနှင့် ဘုရားမှာပူဇော်ခဲ့ရာ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ပန်းဆိုင်းများ ထီးအသွင်ဖြစ်ပေါ်ခဲ့သည်ကို ကြည်ညိုသဒ္ဒါပွားရင်း ဘဝများစွာ ဖြတ်သန်းခဲ့ရသည်။

ဥတ္တရအရှင်၏ နောက်ဆုံးဘဝမှာ အမတ်ကြီး၏သမီးကို ငြင်းပယ်ခဲ့သည့်အတွက် အမတ်ကြီး၏ တံကျင်လျှိုခြင်းခံရ၏။ ဤတွင် ဘုရားရှင်၏ ကြီးမားလှသည့် မဟာကရုဏာတရားကြောင့် တရားတော်နာရရုံမျှမက ဆင်ခြင်ခြင်းစွမ်းအားများကြောင့် အဘိညာဉ်(၆)ပါးရ ရဟန္တာအသွင် ဖြစ်ခဲ့ရ၏။

သူတစ်ပါးကို သနားကြင်နာမှုဖြင့် ကောင်းကင်ထက်မှာ တန်ခိုးပြသွားရှာခဲ့၏။ အထူးသဖြင့် မိမို့ဌသေဘေးနှင့် ကြုံနေရငြားသော်လည်း ဘုရားရှင်၏တရားတော်များကို လိုက်နာပြီး ကျင့်ကြံအားထုတ်ခဲ့သည်။ ဝိပဿနာဉာဏ်စင်တို့ ပွင့်လန်းလာကာ ရဟန္တာအရှင်ဖြစ်ခဲ့ရ၏။ သို့ဖြစ်၍ မိမိပြုခဲ့သော ကုသိုလ်၊ အကုသိုလ်ကံတို့ကား မိမိဘဝထိုထို၏ အရိပ်သဖွယ်လိုက်ပါနေသည်ဟုသာ ဆိုချင်ပါတော့သည်။

(သူတော်ကောင်းစိတ် လွှမ်းခြုံနိုင်ကြပါစေ။)

**ရေကျော်စိုးအောင်**

ကျမ်းကိုး

(ရှင်သာမဏေကျော်၏ ခုနစ်နှစ်အရွယ် ရဟန္တာကိုရင်လေးများမှ)



www.burmeseclassic.com

www.burmeseclassic.com

# ထူးထူးခြားခြား ပုံပြင်များ

## သူခိုးကိုးရာ နှင့် ထူးဆန်းသော တရား

အာဝန္တီတိုင်း၌ လွန်စွာ ကြွယ်ဝချမ်းသာသည့်
ဒါယိကာမကြီးတစ်ဦး ရှိလေ၏။
အာဝန္တီတိုင်း"ကုလဃရ" မြို့၌
အလွန်ကြွယ်ဝချမ်းသာသည့် ဒါယိကာမကြီးမှာ
ဇေတဝန်ကျောင်းရှိ ဘုရားရှင်ထံမှ ပြန်လာသော
'သောဏ' အမည်ရှိ သားရဟန်းကို အကြောင်းပြု၍
အလှူကြီးပေးပြီး မဏ္ဍပ်ကြီးဆောက်လျက်
တရားပွဲပြုလုပ်လေ၏။ သူမသည် ညအခါ၌ အိမ်တွင်
ကျွန်မတစ်ဦးတည်းကိုသာ အစောင့်ထားခဲ့ပြီး
အခြွေအရံအားလုံးကို တရားဟောမဏ္ဍပ်သို့ ခေါ်သွားလေ၏။
ပလ္လင်ပေါ်၌ တရားဟောနေသော သားရဟန်း၏ တရားကို
စူးစိုက်စွာ နာကြားနေ၏။
ခိုးသူကိုးရာတို့မှာ ဒါယိကာမကြီးအိမ်ထဲဝင်ရောက်ကြပြီး
ခေါင်းဆောင် ခိုးသားအား . .
"သင်သည် ထိုအိမ်ရှင်မိန်းမကြီးထံဘေး၌နေပြီး
ခိုးသူများ ဝင်နေကြောင်းကြား၍ ပြန်လာပါက လမ်း၌ပင်
ခုတ်သတ်သော တာဝန်ကိုယူပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုလျှင် ခိုးသူခေါင်းဆောင်မှာ တိတ်တဆိတ်သွား၍ တရားနာနေသည်။ ဒါယိကာမကြီးဘေး၌ ထိုင်ကာ အရိပ်အခြေအနေကို စောင့်ကြည့်လေတော့၏။

ခိုးသူတို့မှာ မီးထွန်း၍ အသပြာတိုက်ကို ဖွင့်ကြလေ၏။ အိမ်စောင့်ကျွန်မသည် ခိုးသူတို့ ထိုကဲ့သို့ အသပြာတိုက်ဖွင့်နေသည်ကို ဒါယိကာမကြီးအား တရားပွဲ၌သွား၍-

"သူဌေးမကြီး . . ခိုးသားကိုးရာတို့သည် သူဌေးမကြီး၏ အသပြာတိုက်အား မီးထွန်း၍ ဖွင့်ကာ ယူဆောင်နေကြပါပြီ"

ဟု ဆိုလျှင် ဒါယိကာမကြီးက -

"ခိုးသူတို့ အသပြာကို ယူကြပါစေ၊ ငါ့သား၏ တရားနာနေသည်ကို မနှောင့်ယှက်ပါနှင့်၊ အိမ်ပြန်ပါ"

ဟု ဆိုကာ ပြန်လွှတ်လိုက်လေ၏။ ထိုကျွန်မသည် ပြန်လာ၍ ခိုးသူတို့က ရွှေတိုက်ဖောက်နေသည်ကို မြင်လျှင် တစ်ဖန်ထပ်၍အကြောင်းကြားပြန်လေ၏။

"သူဌေးမကြီး . . ခိုးသားကိုးရာတို့သည်နောက်ထပ် လွန်စွာမှ အဖိုးထိုက်တန်သော ရွှေတိုက်ကို ဖောက်နေ၍ စည်းစိမ်ဉစ္စာ များစွာ ဆုံးရှုံးရပါတော့မည်"

ဟု ဆိုလျှင် ဒါယိကာမကြီးက ကြိမ်းမောင်းကာ . . ကျွန်မအား . .

"ဟယ် . . ကျွန်မ၊ ခိုးသူတို့ အလိုရှိရာယူကြပါစေဟု သင့်ကို အိမ်ပြန်လွှတ်လျက်ရှိသည်ကို သင် နားမလည်၊ ငါသည် ငါ့သားတရားကို နာနေသည်ဖြစ်၍ ငါ့ထံ ခဏခဏ လာရောက် နှောင့်ယှက်သကဲ့သို့ ဖြစ်ချေ၏။ သင်သည် ငါ့စကားကို နားမထောင်၊ နောက်တစ်ခါ ပြန်လာလျှင် သိရအံ့"

ဟု ကြိမ်းမောင်းလေ၏။ ထိုစကားအလုံးစုံကို ဘေးနား၌ ထိုင်၍နားထောင်နေသော ခိုးသားခေါင်းဆောင်က ကြားရသော် . .

"ဘုရား . . ဘုရား . . ထိုမိန်းမကြီး၏ ခိုင်မာသော သီလကား ကြောက်ဖို့ကောင်းစွ၊ ထိုကဲ့သို့သော သန့်စင်မွန်မြတ်သည့် သူတော်ကောင်း၏ ငွေကြေးဥစ္စာတို့ကို ငါတို့ ခိုးယူပါက မိုးကြိုးပစ်ခံရ၍ ဒုက္ခရောက်အံ့"

ဟု အောက်မေ့လျက် ခိုးသူများထံ ပြန်၍ ရှင်းပြလေ၏။ ပြီးလျှင် . . .

"အမောင်ခိုးသားတို့ . . ငါတို့သည် အများပစ္စည်းကို အကြိမ်ဖန်များစွာ ခိုးယူခဲ့ရာ မည်သည့် သံဝေဂမှ မရခဲ့။ ယခုအခါ သီလဖြူစင်သူထံမှ ဥစ္စာပစ္စည်းတို့ကို ခိုးယူမိသောအခါ တုန်လှုပ်မိ၏။ ထိုအပြစ်တို့သည် ငါတို့၏ ဖြစ်ရာဘဝ၌ နောင်တမရရှိလျှင် တရားမရှိနိုင်။ ထို့ကြောင့် ယခုပင် ထိုဒါယိကာမကြီးအား သွားရောက် တောင်းပန်ရမယ်"

ဟု ဆိုကာ ခိုးသားကိုးရာမှာ ထိုဒါယိကာမကြီးအနီးမှာ ထိုင်ကြလေ၏။

သောဏမထေရ်သည် တစ်ညလုံး မိုးလင်းအထိ တရားဟောပြီး တရားပလ္လင်မှ ဆင်း၏။ ထိုအခါ ခိုးသူခေါင်းဆောင်မှာ ထိုဒါယိကာမကြီး၏ ခြေရင်း၌ ဝပ်လျက် သည်းခံရန် တောင်းပန်စကားအလုံးစုံကို ပြောကြားလေ၏။ ဒါယိကာမကြီးက . . .

"ငါသည် တရားဖြင့် တည်သော ခန္ဓာကိုယ်သာ မက်၏။ ပစ္စည်း ဥစ္စာရွှေငွေ ရတနာတို့ကိုမမက်။ သံယောဇဉ် ငါးပါးကိုပြတ်သလို သဒ္ဓါ ဆိုသော တရားငါးပါးကိုသာ မက်၏"

ဟု ဆိုလေ၏။

ထို့နောက် ခိုးသားအားလုံး တောင်းပန်ကြပြီး ထိုခိုးသူကိုးရာလုံးပင် သောဏမထေရ်ထံ ရဟန်းပြုကြလေသတည်း။

ဆောင်ပုဒ်

တရားကို မည်သူမျှ မခိုးယူနိုင်။

စိုးဝင်းထွဋ်း(တာမွေ)

ယုတ်မာစကား၊

ဒေါသအားဖြင့် ၊

ပြစ်မှားချွတ်လွဲ၊

စွပ်စွဲဖရှသ်၊

ဆဲဆိုခုတ်သား၊

ကြမ်းကြုတ် ဝစန၊

နှုတ်မှားမလည်း၊

သူများကိုယ်မှာ၊

အရာမရှိ၊

မိမိကိုသာ၊

ဖြစ်တတ်စွာ၏။

(မဃဒေဝ)

www.burmeseclassic.com

# သဲပုံစေတီ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး–သု)

သံလွင်မြစ်အရှေ့ဘက်အခြမ်း၊ ရှမ်းပြည်အရှေ့ဖျားမှ မိုင်းဆတ်မြို့လေးကား နယ်စပ်ဒေသမြို့ကလေးဖြစ်၏။ ရှမ်း၊ လားဟူ၊ အခါ၊ မြန်မာလူမျိုးတို့ စုပေါင်းနေထိုင်ကြပြီး အများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ အလှူအတန်း ပေါများကာ ဘာသာရေးပွဲတော်များလည်း ရာသီမလပ် ကျင်းပနေကြမြဲ။ ဘုရားစေတီ၊ ဘုန်းကြီးကျောင်းနှင့် တန်ဆောင်းဇရပ်တွေလည်း မြို့အနှံ့တွင်ရှိနေ၏။ မြို့ဦးကျောင်း၊ မြို့မကျောင်း၊ သဗ္ဗညုစေတီ၊ စိုက်ခေါင်စေတီ၊ ဦးအောင်ဇေယျဘုရား၊ ငွေကြက်ဖြူဘုရား၊ မယ်နင်ဘုရားစသဖြင့် လက်ညှိုးထိုးမလွဲ။ တစ်မူးရလို့ တစ်ပဲလှူသည့် ရှမ်းလူမျိုးအနွယ်များမို့ အလှူဒါနကလည်း မပြတ်။ မနက်ခင်းများတွင် သစ်သားလက်ကိုင်တပ်ထားသည့် ကြေးစည်လေးကို တနောင်နောင်ထုကာ နိဗ္ဗာန်ဆော်လုပ်လာသည့် ကိုရင်လေးနှင့် သူ့နောက်မှ တန်းစီပြီးဆွမ်းခံကြွလာသော ရဟန်းသံဃာများကိုလည်း ရပ်ကွက်တိုင်းတွင် တွေ့ရသည်။ ညနေတိုင်းတွင် စက်ဘီးစီးလာသော ကိုရင်လေးများကလည်း ဆွမ်းချိုင့်လေးတွေကို အိမ်ရှေ့ကွပ်ပျစ်များမှာ အစီအရီလာချထားမြဲ။ နယ်ခြားမြို့ကလေးမို့ ခေတ်ပေါ်အဝတ်အစားဆန်းဆန်းပြားပြားများ ဝတ်စားထားသည့် လူငယ်များကလည်း ရဟန်းသံဃာကို ဆွမ်းလောင်းပြီး ပြားပြားဝပ်ကန်တော့နေသည်ကို မြင်ရတတ်သည်။ ထိုမြင်ကွင်းများကား သာသနာရေးအတွက် အားတက်ဖွယ်ပင်။ ထို့ထက်ပို၍ကား ရှားပါးပြီး ပျောက်ကွယ်လုဖြစ်နေသော ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ကောင်းတစ်ခုကိုလည်း မိုင်းဆတ်တွင် တွေ့ကြုံခဲ့ရ၏။ ယင်းကား ခါသကြံန်ကာလအတွင်း သဲပုံစေတီတည်ထားပူဇော်ပွဲ။

## သဲပုံစေတီနှင့် နွေရာသီလတပေါင်း

တပို့တွဲနှင့် တပေါင်းစသော မြန်မာလအမည်များသည် ထိုရာသီများ၌ ဖူးကြ၊ ပွင့်ကြ၊ သီးကြသောထန်းပင်များကြောင့် ဖြစ်ပေါ်လာရသည်။ ထိုလများတွင် ထန်းဖူး၊ ထန်းခိုင်တို့ကို အောက်သို့ တွဲလောင်းကျအောင်လုပ်ပြီး ထန်းရည်နင်းကြသည်။ ထို့နောက် ထန်းရည်များကို ပေါင်းစပ်ပြီး ကျိုချက်ကြသည်။ သို့ဖြင့် ယင်းကိုအစွဲပြုကာ ထန်းပေါင်းဟုဆိုကြရာမှ တပေါင်းသို့ရွေ့လျောလာခဲ့ကာ ထိုအမည်များတွင်သွားကြသည်။ တချို့ကမူ ထိုလတွင် နက္ခတ် ၁၂ လုံးစုပေါင်းပေါ်ထွက်လာခြင်းကြောင့် တပေါင်းခေါ်သည်ဟု ဆိုကြ၏။ တပေါင်းလတွင် ရက်ပေါင်း ၃၀ ရှိရာ၊ နေ့တာရှည်ပြီး ညတာတိုသည်။ နေ့တွင် ၃၆ နာရီ၊ ညတွင် ၂၄ နာရီ ရှိသည်။ ထိုလတွင် ဖဂ္ဂုဏီ–ဥတ္တရဖလဂုဏီနက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ ပြုပ္ပဘဒြပိုက်နက္ခတ်နှင့် နေမင်းတို့ ယှဉ်ကြသည်။ ထိုလတွင် ဆံကျင်တာရာထွန်းပပြီ။ ရာသီရုပ်မှာ ငါးနှစ်ကောင် ရေကူးနေပုံဖြစ်၏။ ထိုလများသည် ချမ်းမြမသန်၊ ပြင်းထန်မပူ၊ လွင်မြူမထောင်းဘဲ နေလို့ထိုင်လို့ ကောင်းလှသည်။


တပေါင်းလတွင် "ပင်ဖီသရစ်၊ ကျင်ရွက်ယော်သစ်"ဆိုသကဲ့သို့ ရာသီပန်းအဖြစ် သရဖီပန်းတို့ ပွင့်ကြသည်။ ထိုနွေလများတွင် မြစ်ချောင်းအင်းအိုင်တို့ ခန်းခြောက်လာကာ သဲသောင်များပေါ်ထွန်းလာကြသည်။ ခြေခင်းလက်ခင်းသာသော ထိုကာလ၏ "ငါးမြစ်တောက်လောင်၊ ရေလျှင်သောင်ဝယ်" ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် "ယခေါင်မြင့်ရှည်၊ သဲစေတီတည်ကြတယ်" ဟူသော ရှေးကဗျာအရ သဲပုံစေတီပွဲတော်များ ကျင်းပခဲ့ကြ၏။ ပြန့်ပြူးသာယာသော ထိုသဲသောင်ပြင်များပေါ်တွင် ရှေးခေတ်ကပင် မင်းနှင့်ပြည်သူအများသည် သဲများကို စုပုံကာ သဲပုံစေတီ တည်ထားပူဇော်ကြလေ၏။ သဲပုံစေတီပွဲကား ထင်ရှားစည်ကားသော မြန်မာ့ရိုးရာပွဲတော်တစ်ခုဖြစ်ခဲ့ကြောင်း ကဗျာစာပေများက သက်သေပြု ညွှန်းဆိုနေကြသည်။ ရှေးစာဆိုများ၏ တပေါင်းလဘွဲ့များတွင် သဲပုံစေတီပွဲကား မပါမဖြစ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

တကွ ဗုဒ္ဓဂုဏ်တော်များကို ရည်စူးကာ တည်ခြင်းဖြစ်ကြောင်းလည်း အကျယ်တဝင့် ရှင်းပြ၏။ ဘုရားရှင်၏ ကိုယ်ပွားတော်များနှင့်စေတီများသည် ဤသဲပုံတမျှ ရှိမည်ထင်ကြောင်း ပြောပြ၏။ သို့ဖြစ်ရာ ထိုဘုရားရှင်တို့ကို ဂုဏ်တော်များကို အာရုံပွား၍ ဤသဲပုံစေတီကို တည်ထားဝတ်ပြုကြောင်း ဆိုခဲ့သည်။ ထိုအခါ လူတို့လည်း နှစ်ထောင်းအားရ ကျေနပ်ကြလျက် သဲပုံစေတီများ တည်ထားကိုးကွယ်လာကြလေ၏။ သို့ဖြင့် သဲပုံစေတီပူဇော်သောဓလေ့သည် ဗုဒ္ဓဘာသာဝင်တို့ကြားတွင် ဖြစ်ပေါ်ထွန်းကားလာတော့သည်။



မိုင်းဆတ်မြို့၊ မြို့မကျောင်းဝင်းအတွင်းမှ သိမ်

## ပါဠိစာပေနှင့် သဲပုံစေတီစတင်ကြောင်း

သဲပုံစေတီတည်သော ဓလေ့သည် ကမ္ဘာကမ္ဘေသော ရှေးအခါကာလများကပင် ရှိခဲ့ကြောင်း ''အပဒန်ပါဠိတော်''တွင် ဖော်ပြထားသည်။ ထိုပါဠိတော်လာ နာရဒရသေ့အကြောင်းကား ဤသို့ဖြစ်၏။ နာရဒမည်သော ရသေ့သည် မြစ်ကမ်းစပ်တစ်နေရာတွင် တရားအားထုတ်နေခဲ့ဖူးသည်။ နွေရာသီမို့ မြစ်ရေတို့ခန်းခြောက်လေသောအခါ မြစ်အတွင်းတွင် သောင်ထွန်းလာခဲ့၏။ ရသေ့လည်း သောင်ပြင်ပေါ်တွင် သဲများကို စုပုံကာ သဲပုံစေတီ တည်ထားကိုးကွယ်လေသည်။ ထိုအခါ ကဲ့ရဲ့ပြစ်တင်တတ်သော လူတို့၏ဓလေ့အရ လူအချို့က ရသေ့ကိုဝေဖန်ကြ၏။ မတည်မမြဲသော သောင်ပြင်တွင် လေလွင့်မျောပါကာ ပျောက်ပျက်နိုင်သော သဲများဖြင့် စေတီတည်ခြင်းဖြင့် အချည်းနှီးအလုပ်ကို လုပ်နေသည်ဟု လှောင်ပြောင်ကြ၏။ အဓိပ္ပာယ်မဲ့သောအလုပ်ဟု ရှုံ့ချကြ၏။

ထိုအခါ ရသေ့ကြီးက သူသည် အကြောင်းမဲ့ သဲပုံစေတီတည်ထားခြင်း မဟုတ်ဟု ရှေးဟောင်းဝေဒကျမ်းများကို ထောက်ပြလျက် ငြင်းဆိုလေသည်။ ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီးသော ဘုရားများနှင့်



## ပျောက်ကွယ်သွားသော ဓလေ့ကောင်းလေးတစ်ခု

ထို့နောက် သဲပုံစေတီဓလေ့သည် မဇ္ဈိမဒေသမှသည် မြန်မာပြည်သို့ ပြန့်နှံ့လာခဲ့သည်။ လူတန်းစားမရွေး တည်နိုင်သောစေတီ၊ အကုန်အကျမများဘဲ တည်နိုင်သောစေတီ ဖြစ်သဖြင့် ပြည်သူအများ တည်ထားကိုးကွယ်ခဲ့ကြခြင်းလည်း ဖြစ်



မြို့မကျောင်းဝင်းအတွင်း သဲပုံစေတီသွန်းလုပ်ပူဇော်နေသူများ

www.burmeseclassic.com

မြို့မကျောင်းဝင်းအတွင်း သဲပုံစေတီသွန်းလုပ်ပူဇော်နေသူများ

သည်။ ရှေးခေတ်မြန်မာများကလည်း ထိုဓလေ့ကို နှစ်နှစ်သက်သက် လိုက်နာထိန်းသိမ်းခဲ့ကြ၏။ ထိုပွဲကို ပဒေသရာဇ်ခေတ်မြန်မာမင်းများကိုယ်တိုင် လူအများနှင့်အတူ စည်ကားသိုက်မြိုက်စွာ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။ သဲပုံစေတီပွဲများကို သာယာလွန်းသော ပွင့်လင်းရာသီဥတုတွင် ပြန့်ပြူးသန့်စင်သော သဲသောင်ပြင်ထက်၌ ပြုလုပ်ရသဖြင့်လည်း လူအပေါင်းတို့ စိတ်လက်ရွှင်လန်းခဲ့ကြ၏။ နေရာဒေသကွဲပြားသည့်အလျောက် သဲပုံစေတီတည်ရာတွင် လုပ်နည်း လုပ်ဟန်များတော့ ကွဲပြားကြမည် ဖြစ်သော်လည်း ဘုသိုလ်အကျိုးကတော့ အတူတူပင်ဖြစ်ပါလိမ့်မည်။ သို့သော် နှောင်းခေတ်ကာလများတွင်ကား ထိုဓလေ့ကောင်းသည် ခေတ်ပြောင်းသည်နှင့်အညီ တဖြည်းဖြည်းပြောင်းလဲပျောက်ကွယ်သွားပေပြီ။ မြန်မာပြည်တစ်နံတစ်လျား မည်သည့်ဒေသတွင်မှ သဲပုံစေတီပြုလုပ်ကြသည်ဟု မကြားရတော့ချေ။

## သဲပုံစေတီတည်ထားကိုးကွယ်ခြင်း၏ ကောင်းမြတ်သော အကြောင်းတရားများ

သဲပုံစေတီ တည်တတ်ကြသော ကာလများသည် နွေဥတု၊ ပွင့်လင်းရာသီဖြစ်ရာ ကျင်းပသည့်အခါသမယ၏ ရာသီဥတုသာယာလှခြင်းကို ခံစားနိုင်၏။ လူအများအလုပ်အားပြီး နွေရာသီအပန်းဖြေထွက်သောအခါလည်းဖြစ်သည်။ ကျောင်းသူကျောင်းသားများ ကျောင်းပိတ်ထားသောအချိန်နှင့်လည်း တိုက်ဆိုင်နေ၏။ သို့ဖြစ်ရာ ပြည်သူလူထုတစ်ရပ်လုံး အုန်းအုန်းကျွက်ကျွက် ပါဝင်ဆင်နွှဲနိုင်သည့် ပြည်သူ့ပွဲတော်ဖြစ်ပါသည်။ မြစ်အတွင်း သဲသောင်ပြင်တွင် ကျင်းပရခြင်းဖြစ်ရာ ပတ်ဝန်းကျင်သဘာဝ လှပကောင်းမွန်ခြင်းလည်း ရှိနေလေသည်။ နွေရာသီမို့ မြစ်ချောင်းများအတွင်း ရေနည်းချိန်ဖြစ်ရာ ပေါ်ထွန်းလာသော သဲသောင်ပြင်များမှာ ကျယ်ဝန်းလွတ်လပ်လှသည်။ မြစ်အတွင်း၊ ချောင်းတစ်လျှောက်ပေမို့ လေကောင်းလေသန့်ရကာ သန့်ရှင်းပြီး ကျန်းမာရေးနှင့်လည်း ညီညွတ်လေသည်။ သဲ၏ဖြူဖွေးသန့်စင်ခြင်းကြောင့် စိတ်ကြည်လင်ချမ်းမြေ့ခြင်းလည်း ဖြစ်ရ၏။ ထို့ပြင်






သဲပုံစေတီများအပေါ်မှာ တံခွန်၊ ကုက္ကားများစိုက်ကာ ထီးတင်နေသူများ



www.burmeseclassic.com

www.burmeseclassic.com





▲ မိုင်းဆတ်မြို့ မြို့ဦးကျောင်းမုခ်ဦး

◀ သဲပုံစေတီအနီးမှ လှူဖွယ်ပစ္စည်းများ တင်လှူပူဇော်ရန် ဝါးတစ်လုံးစင်ကလေး

သဲပုံစေတီအတွက် သဲကျုံးရာတွင် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ပြီးသားဖြစ်သွားသည်။ လှူထုအသွင် စုပေါင်းလုပ်ရသော အလုပ်ဖြစ်ရာ အများနှင့် ရောနှောလုပ်ဆောင်တတ်ခြင်းနှင့် စည်းလုံးညီညွတ်မှု ဓလေ့ကောင်းများရရှိခြင်း အကျိုးကိုလည်း ခံစားနိုင်၏။ မြို့ပြနေပြည်သူများ အဖို့မှုကား မြစ်များ၊ ချောင်းများရှိရာ မြို့ပြင်သို့ထွက်ပြီး လုပ်ဆောင်ရသဖြင့် ဒေသန္တရဗဟုသုတလည်း ရပါလိမ့်ဦးမည်။ သဲများကို စေတီပုံဖော်ဆောင် တည်ဆောက်ရာတွင် သဲပန်းပုထုလုပ်ရခြင်းပင်ဖြစ်ရာ၊ အနုပညာသဘောတရားများကိုလည်း ဆောင်နေပေသည်။ ရေစိုနေသောသဲများကို ရေမခြောက်မီ လိုရာပုံကို ဖော်ရခြင်းဖြစ်ရာ လျင်မြန်သွက်လက်ဖျတ်လတ်မှုလည်း လိုပါသည်။ အပြိုင်အဆိုင် သူ့ထက်ငါကောင်းအောင် သဲစေတီပြုလုပ်တည်ဆောက်ရာတွင် ဗိသုကာပညာရပ်ကိုလည်း လက်တွေ့အသုံးချနေကြရ၏။ ထို့ပြင် သူများနှင့်မတူသော စေတီပုံမျိုးဖြစ်အောင် ကြံဆလုပ်ဆောင်ရသည်ဖြစ်ရာ စေတီအမျိုးမျိုးကိုလည်း လေ့လာဖြစ်လေသည်။ စေတီတွင်ပါဝင်သော အစိတ်အပိုင်းများကိုလည်း နားလည်သိရှိလာတော့သည်။ ဤသည်ကား လက်ရှိဘဝအတွက် ဒိဋ္ဌဓမ္မရသော အကျိုးကျေးဇူးများပင်။

ထို့ပြင် သဲပုံစေတီတည်ခြင်းသည် ဘာသာသာသနာရေးပေမို့ သံသရာတစ်လျှောက်လုံးအတွက်တွင်လည်း ကုသိုလ်ကောင်းမှုကို အထိုက်အလျောက် ရရှိကြမည်သာ။ စိတ်အေးချမ်းသာစွာ ဘုရားတည်ရသောကိစ္စဖြစ်ရာ ငြိမ်းအေးကြည်လင်ခြင်း–သဒ္ဓါသုခကို အပြည့်အဝ ရရှိမည်မှာလည်း မလွဲပေ။ သဲပုံစေတီတည်နေစဉ်အတွင်းတွင် ဘုရားဒါယကာ၊ ဒါယိကာမများအဖြစ် ခံယူစိတ်ထားတတ်ပါက လည်း ကြီးမြတ်လွန်းသော ကုသို
ကောင်းမှုကြီးကို ရနေပေလိမ့်ဦးမည
မည်သူမဆို အခမဲ့ရယူနိုင်သော မြ
ချောင်းအတွင်းမှ သဲများဖြင့် ဘုရားတည
နိုင်ခွင့်ရရှိခြင်းကြောင့် ဆင်းရဲချမ်းသာမရွေ
ပါဝင်ဆင်နွှဲနိုင်ပြီး လူတိုင်း ဘုရားဒါယကာ
ဖြစ်နိုင်ခွင့်ရှိမှာ ထူးခြားသော အခွင့်အရေ
ဖြစ်ပါသည်။ ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်
မူပြီးကုန်သော ဘုရားများ၏ ဂုဏ်ကျေး
တော်ကို အောက်မေ့သတိရနိုင်ခြ
အကျိုးကျေးဇူးမှာလည်း သဲပုံစေတီ
တော်၏ ရလဒ်ကောင်းပင်ဖြစ်ပေ၏။

ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင
လျှင်တော့ သဲပုံစေတီတည်ကြခြင်းဖြ
မြစ်ချောင်းအတွင်း သဲသောင်များ သ
ရှင်းအောင်ပြုလုပ်ပေးခြင်း၊ သဲသောင်
လင်းပေးခြင်းဖြစ်ရာ ပတ်ဝန်းကျင်
သိမ်းရေး လုပ်ငန်းတစ်ရပ်လည်းဖြစ်
သည်။ မြစ်ချောင်းများ ရေရှည်တည်


www.burmeseclassic.com

ပြီး မကောသွားဖို့ကိုလည်း အထိုက်အလျောက် အားပေးနေပါလိမ့်မည်။ သည့်ထက်တွင်ကျယ်စွာ လူထုလှုပ်ရှားမှု အသွင်ဖြင့် ပြုလုပ်ပါက မြစ်ချောင်းပြောင်းလဲမှုကိုပါ ဟန့်တားရာရောက်ပေဦးမည်။

## ရှိတော့ရှိတယ်၊ ရှားတယ်ဟုဆိုရမည့် တစ်ခုသောသဲပုံစေတီပွဲ

ရှေးဟောင်းသုတေသန၊ မဟာဝိဇ္ဇာတန်းများတွင် စေတီတော်ဖြစ်ပေါ်လာပုံများ၊ တည်ဆောက်ပုံများ၊ စေတီတော်အမျိုးအစားများ၊ စေတီတော်၏ အစိတ်အပိုင်းများ၊ နိုင်ငံတကာမှ ထင်ရှားသော စေတီတော်များအကြောင်းကို သင်ခန်းစာတစ်ခုအဖြစ် သင်ကြားရသည်။ ဆရာကြီးဒေါက်တာသန်းထွန်း၏ ဗုဒ္ဓဘာသာအနုပညာနှင့် ဗုဒ္ဓဘာသာဆိုင်ရာ ဗိသုကာပညာ သင်ခန်းစာများသည် နားထောင်မငြီးသော စိတ်ဝင်စားဖွယ်အချိန်များ ဖြစ်၏။ မဟာဝိဇ္ဇာတန်းပြီးသွားသည့်တိုင် မိမိကိုယ်တိုင်လည်း စွဲလမ်းစိတ်ပါသွားကာ ဗုဒ္ဓဘာသာစေတီတော်များ ဖြစ်ပေါ်ပြောင်းလဲလာပုံကို လေ့လာအားထုတ် သုတေသနပြုရင်း စာတစ်အုပ်အဖြစ် ကြိုးစားဖန်တီးမိသွားပါသည်။ သို့သော် စာတစ်အုပ်အဖြစ်ကား ထွက်ရှိမလာနိုင်သေးပါ။ ထိုသို့ ရေးသားသည်တွင် စေတီအမျိုးအစားများကို အခန်းကဏ္ဍခွဲပြရသည်။ ပြုလုပ်တည်ဆောက်သော ပစ္စည်းအမျိုးအမည်များအလိုက် ကြေးစေတီ၊ ကျောက်စေတီ၊ ရွှေစေတီ၊ ငွေစေတီ၊ ပဉ္စလောဟာစေတီ၊ သဲလင်းစေတီ၊ ပယင်းစေတီ၊ သန္တာကျောက်စေတီ၊ အုတ်စေတီ၊ ကျောက်စေတီ၊ ဂဝံကျောက်စေတီ၊ အရိုးစေတီ၊ စဥ္စေတီ၊ ပန်းစေတီ၊ သဲပုံစေတီ၊ နှီးစေတီနှင့် ဝါးစေတီ စသဖြင့် ခွဲခြားပြခဲ့၏။ သဲပုံစေတီ၊ ပန်းစေတီတို့ကား ခေတ္တခဏသာ ကြည်ညိုရန် ပြုလုပ်တည်ထားသော စေတီတို့ဖြစ်ကြောင်းလည်း တင်ပြထားခဲ့သည်။

စေတီအမျိုးမျိုးကို သရုပ်ဖော်ပုံ၊ ဆွဲပုံ၊ ဓာတ်ပုံ၊ ပန္နက်ပုံများဖြင့် စနစ်တကျရေးပြရပါသည်။ ထိုအခါ သဲပုံစေတီ





▲ မိုင်းဆတ်မြို့၊ မာရ်ရှိန်စေတီတော်

◀ မိုင်းဆတ်မြို့ဦးကျောင်းတွင်းမှ သဲပုံစေတီတော်



www.burmeseclassic.com

www.burmeseclassic.com



သဲပုံစေတီတည်ထားပြီး နောက်တစ်နေ့တွင် လှူဒါန်းပူဇော်ကြပုံ

အတွက် ဓာတ်ပုံကို ရှာမရဖြစ်နေ၏။ ထိုစဉ် လွန်ခဲ့သော ဆယ်စုနှစ်တစ်စုဆီက ရှမ်းပြည်အရှေ့ပိုင်း၊ မိုင်းဆတ်မြို့ကလေးသို့အလည်ရောက်ခဲ့ရာ သင်္ကြန်တွင်းတစ်ခုတွင် ကြုံခဲ့ရသော သဲပုံစေတီပွဲတော်ကို ဖျတ်ကနဲသတိရလိုက်မိသည်။

သံလွင်မြစ်၏အရှေ့ဖက်ခြမ်းရှိ မိုင်းဆတ်ဒေသတွင်မူ ယနေ့တိုင် သင်္ကြန်ကာလများတွင် သဲပုံစေတီများ တည်လေ့ရှိနေဆဲပေ။ သဲချောင်းတစ်လျှောက်မှ သဲများကို ဆယ်ယူကာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် သဲပုံစေတီများကိုတည်ထားလျက် ပူဇော်နေကြသေးသည်။ ထိုစဉ်ကာလများက မှတ်တမ်းမတင်ခဲ့၊ ဓာတ်ပုံမရိုက်ခဲ့ရသည်ကို နှမြောတသဖြစ်သွားရ၏။ စာဖတ်သူများကို မျှဝေခံစားတတ်စေလိုသော စေတနာသည် ယခုလို စာပေများပြုစုရေးသားမိတော့မှပင် ပေါ်ပေါက်လာခြင်းပေကိုး။ လေယာဉ်တစ်တန်၊ ကားစီးတစ်လှည့်၊ ခြေလျင်တစ်ဖုံသွားခဲ့ရသော နယ်စပ်ဒေသ မိုင်းဆတ်ခရီးသည်ကား ပဲခူး–တည်ပင်လို လွယ်လွယ်သွားလို့ရသော ခရီးမဟုတ်ချေ။ သို့သော် ...။

## မနီးသော်လည်း မဝေးသေးသည့် မိုင်းဆတ်

"ကျွန်မတို့မြို့မှာ စုပေါင်းရှင်ပြုပွဲရှိတယ်။ အဖေက ဦးကို ရအောင်ခေါ်ခဲ့ပါတဲ့။ လိုက်မယ်မဟုတ်လား ... ဦး"ဟု နန်းမြဦးဆာက ဖုန်းဆက်သည်။ သို့ဖြင့် တောင်ကြီးသို့ အဝေးပြေးကားဖြင့်သွားကာ၊ ဟဲဟိုးမှ လေယာဉ်ဖြင့် တာချီလိတ်သို့ ခရီးဆက်ပြီး၊ ယင်းမှ မိုင်းဆတ်သို့ ကားစီးပြီး အဆင့်ဆင့်သွားရောက်ခဲ့ပြန်သည်။ ထိုသို့ တကူးတကသွားခဲ့သော ကိုယ့်ရည်ရွယ်ချက်မှာ ရှမ်းရှင်ပြု၊ ရှမ်းသင်္ကြန်နှင့် သည်သဲပုံစေတီပွဲကို မှတ်တမ်းတင်ရန် သက်သက်သာဖြစ်တော့သည်။ မဂ္ဂဇင်းတွေမှာ ရှေးဟောင်းသုတေသနပညာရပ်၊ သမိုင်းနှင့် ဘုရားစေတီများအကြောင်း ဆောင်းပါးတွေရေးဖြစ်ကတည်းက မြန်မာပြည်တွင် ပျောက်ကွယ်လုလုဖြစ်နေသော သဲပုံစေတီဓလေ့ကို ရေးချင်နေမိသည်ကိုး။ သို့ဖြင့် ထိုဓလေ့ကို တွေ့မြင်ခဲ့ဖူးသော၊ တစ်ခါက သက်စွန့်ဆံဖျားသွားခဲ့ဖူးသော မိုင်းဆတ်မြို့လေးသို့ရောက်ခဲ့မိလေပြီ။ အချိန်၊ ခရီးစရိတ်၊ ပင်ပန်းနွမ်းနယ်မှုတို့ကို စာဖတ်သူများအား တင်ပြပေးချင်သော စိတ်က အနိုင်ယူသွားလေပြီ။ တည်းခိုအိမ်မှ နန်းစံဖူး၊ ကိုစိုင်း၊ နန်းကိန်ခန်းတို့ မောင်နှမတစ်တွေကတော့ "နမ့်ခုတ်ချောင်းမှာ ရေဆင်းချိုးဖူးရင် မိုင်းဆတ်ကို နောက်တစ်ကြိမ်ပြန်လာရတတ်တယ်လို့ ပြောခဲ့ဖူးတယ်မဟုတ်လား"ဟု သူတို့အယူအဆကို ပြောပြရင်း လာခြင်းကောင်းသောညှိသည်ကို ဝမ်းသာအားရကြိုဆိုခဲ့ကြသည်လေ။

## ရှမ်းသင်္ကြန်နှင့်သဲပုံစေတီပွဲ

မိုင်းဆတ်မြို့လေး၏ ရှမ်းသင်္ကြန်မှာလည်း ပြည်မလိုပင် သင်္ကြန်အကြိုနေ့ညနေကတည်းက ကလေးတွေ ရေစပက်ကြသည်။ လူကြီးများကတော့ ရှမ်းရိုးရာ မုန့်ဖက်ထုပ်ရှည်မျောမျောလေးများကို ငှက်ပျောရွက်နှင့် ထုပ်နေကြပြီ။ တစ်အိမ်နှင့်တစ်အိမ် ဝေငှဖို့ပါ။ ထန်းလျက်ရည်ရောထားသည့်မုန့်နှင့် အုန်းသီးဖတ်ကြီးတွေကို ရောထည့်ပြီး ထုပ်သဖြင့် ချိုချိုညိုညိုဖြစ်သည်။ သို့သော် ဝါးဆစ်ပေါင်းအိုးကြီးမှချကာ အအေးခံလိုက်ပြီးသောအခါ ဖက်မှာကပ်နေ၍ ခွာစားရခက်သော မုန့်ဖြစ်၏။ တည်းခိုသောအိမ်မှ နန်းမြဦးဆာ၏အမေ ဒေါ်နန်းဗုံစစ်ကတော့ ကြက်သား၊ ဝက်သားနှင့် သက်သတ်လွတ် ဟင်းထုပ်များကိုပါထုပ်ကာ တစ်နေကုန် ပေါင်းနေလေသည်။ ပေါင်းထားသော ငှက်ပျောရွက်ကြီးခံကာ ငှက်ပျောရွက်စိမ်းနှင့်ထုပ်ကာ သုံးမြှောင့်ချွန်းလျက် အုန်းတံရိုးနှင့်ထိုးကာ မြန်မာမုန့်ဖက်ထုပ်လိုထုပ်ခြင်းဖြစ်သည်။ သူ့လက်ရာဟင်းထုပ်မှာ အစပ်အဟပ်တည့်လှသဖြင့် ငှက်



www.burmeseclassic.com

www.burmeseclassic.com

ပျော့ရွှက်နဲ့လေး သင်းမွှေးကာ အရသာရှိလှ၏။ ထိုဟင်းထုပ်များကို အိမ်မှာလည်းစား၊ အရပ်ကိုလည်း ဝေငှလေသည်။

သင်္ကြန်အကြတ်နေ့တွင် ရပ်ကွက်မဏ္ဍာပ်တွင် သီချင်းဆိုပွဲလေး လုပ်သည်။ နန်းမြဦးဆာက သူ၏အောင်မြင်သောအသံဖြင့် ဖြူဖြူကျော့သိန်းသီချင်းကို ခံစားချက်အပြည့်ဖြင့် တက်ဆိုရာ အုံးသြကြသည်။ ဆိုဟန်၊ ဆိုပေါက်မှာ အတော်ကြီး ကောင်းနေသဖြင့် လက်ခုပ်သံတဖြောင်းဖြောင်း။ ရန်ကုန်၊ ရှမ်းပြည်နယ်နေ့များတွင် ရှမ်းသီချင်း၊ အင်္ဂလိပ်သီချင်းများ ဟဲနေကျမို့ ကိုယ်ကတော့ အထူးအဆန်းမဖြစ်လှ။ ညနေ ၃ နာရီလောက်တွင်ကား မြို့မကျောင်းသို့ သဲပုံစေတီပွဲအတွက် ကိုယ်တို့ချီတက်ကြသည်။ များသောအားဖြင့် သင်္ကြန်ပွဲတော် အတက်နေ့များ၏ ညနေဘက်၌ သဲပုံစေတီပွဲစတင်ပြုလုပ်ကြသည်။ နန်းမြဦးဆာနှင့်ညီမ နန်းကိန်ခမ်းတို့က သဲကားဖြင့် မြို့မကျောင်းဝင်းနှင့် မြို့ဦးကျောင်းဝင်းများအတွင်းသို့ သဲတွေကြိုပို့ထားပြီးပြီ။ အချို့က ထော်လာဂျီများဖြင့် သဲတွေလာပုံကြသည်။ ကလေးတွေကတော့ ချောင်းထဲမှသဲကိုပင် တပျော်တပါးသယ်ယူနေကြဆဲ။

## မယ်ဆွမ်ချောင်းကလေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

"ဟိုတုန်းကတော့ သဲချောင်းမှာသဲတွေက ဖွေးဥနေတာဗျ။ ခုတော့ချောင်းက ကောနေပြီ။ သဲသိပ်မရတော့ဘူးဗျ"

သူတို့အဖေ ဦးစိုင်းချစ်သောင်းကရှင်းပြသည်။ သူတို့ငယ်ငယ်ကတော့မယ်ဆွမ်ချောင်းထဲမှသဲကိုသာ တပျော်တပါးကျုံးပြီး သဲပုံစေတီလုပ်ကြသတဲ့။ လွန်ခဲ့သည့် ကိုးနှစ် ကိုယ်ပထမဆုံး မိုင်းဆတ်ရောက်ဖူးတုန်းကလည်း မယ်ဆွမ်ချောင်းထဲမှ သဲတွေကို ကျုံးခဲ့တာပါပဲ။ မိုင်းဆတ်မြို့လေးကို ဝန်းရံထားသည့်တောင်တန်းကြီးများကြားမှ အခြေခံပြီးစီးဆင်းလာသော တောင်ကျချောင်းကလေးမယ်ဆွမ်သည် မြို့ကို အလျားလိုက် နှစ်ပိုင်းပိုင်းပေးထား၏။ သို့ဖြင့် မူလမြို့ကလေးကို ရိုးရိုးရှင်းရှင်းသော မယ်ဆွမ်တောင်နှင့် မယ်ဆွမ်မြောက်ဟုသာ ပိုင်းခြားခေါ်ဝေါ်ခဲ့သည်။ ဟိုဖက်ခြမ်းနှင့်သည်ဖက်ခြမ်းကို ကျောက်တံတားဖြင့်ဆက်ထား၏။ ခုတော့ သည်တံတားပေါ်မှ ညဦးပိုင်းများတွင် အမှိုက်၊ ပလတ်စတစ်၊ ကြွပ်ကြွပ်အိတ်များကို အထုပ်လိုက် ပစ်ပစ်ချနေသည်ကို ဦးစိုင်းချစ်သောင်းသိပါလေစ။ ညတိုင်လျှင် တောင်ကြားမြို့ကလေး၏အလှအပကို တံတားတွင်ထိုင်ရင်း ခံစားနေကျ ကိုယ်ကတော့ရောက်ကတည်းက သိနေခဲ့ပြီ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမြင်များကို မြို့ကလေးမှ လူမှုအဖွဲ့အစည်းများက ပညာပေးခြင်း၊ စံပြပြုလုပ်ကာ ချောင်းအတွင်းအမှိုက်ရှင်းခြင်းများ ပြုလုပ်သင့်ကြောင်းကိုယ်ကပြောပြမိ၏။ မြို့ကလေး၏ မြို့မိမြို့ဖကြီးမို့ ဦးလေးကခေါင်းတညိတ်ညိတ်။ ပြောလက်စနှင့် တာချီလိတ်မှ မိုင်းဆတ်သို့ ကားဖြင့်အလာတွင်လည်း တောင်စောင်းတွေနှင့် ကားလမ်းတစ်လျှောက်မှချုံများကို တောမီးရှို့သဖြင့် မီးခိုးတွေအူနေပုံကိုလည်း ပြောပြလိုက်မိသေးသည်။ တချို့နေရာများတွင် ကိုယ်တို့စီးလာသောကားသည် မီးလောင်နေသော တောင်စောင်းနှင့် လက်တစ်လှမ်းအကွာမှပင်ပွတ်ကာသီကာ ဖြတ်ခဲ့ရ၏။ ညဦးပိုင်းမို့အမှောင်ထဲတွင် မီးညွန့်များ လက်လက်ထကာ ယိမ်းထိုးနေလေသည်။ မီးစွယ်များက ကိုယ်တို့စီးလာသော ကားကလေးကိုပင်လှမ်းဆွဲတော့မလိုလို။ တောမီးရှို့သည့် ရွှေ့ပြောင်းတောင်ယာစနစ် ဆက်လက်ရှိနေသေးသလော။ လမ်းဘေးဝဲယာမှ ချုံနွယ်များကို လုံခြုံရေးအတွက်မီးရှို့ရှင်းလင်းနေသလော။

"အမေရိကန်တောင်ပိုင်းနဲ့ မြောက်ပိုင်း ပြည်တွင်းစစ်ဖြစ်လို့ အတ်တလန်တာမြို့ကြီးကို မီးရှို့ထားသလိုပဲ" ဟုကိုယ်တင်စားလိုက်တော့ ဦးလေးစိုင်းချစ်သောင်းက နားလည်စွာ ရယ်၏။ စိုင်းချစ်သောင်းကား စာပေကို မြတ်နိုးခုံမင်စွာဖတ်ရှုသူဖြစ်သည်။ မြသန်းတင့်၏ "လေရူးသုန်သုန်" (Gone with the wind) ဘာသာပြန်စာအုပ်ကြီး နှစ်တွဲလုံးကိုလည်းသူ့စာအုပ်စင်ရှိကြီးမှာ ကိုယ်တွေ့ထား၏။ တောင်များ၏အလယ်တွင် ဒယ်အိုးပုံတည် ရှိနေသော မိုင်းဆတ်မြို့လေးသည်လေနှင့်အတူ မီးခိုးငွေ့များ ပျက်ပြယ်မသွားနိုင်ဖြစ်ခဲ့ကာ၊ သည်မီးခိုးများကြောင့်ပင် လေယာဉ်ပင်မဆင်းနိုင်ခဲ့။ သို့ဖြင့်ကိုယ်တို့အလာတုန်းက တာချီလိတ်လေယာဉ်ကွင်းသို့သာ ဆင်းသက်ပြီး၊ကားဖြင့်တစ်ဆင့်လာခဲ့ရခြင်း ဖြစ်ပေသည်။ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာပြီးမှပင်မီးခိုးငွေ့များ ပါးသွားမည်ဟုသိရ၏။

## သဒ္ဒါယုံကြည်-သဲပုံစေတီ တည်ကြသူများ

မြို့မကျောင်းဓမ္မာရုံဘေးရှိ ကွက်လပ်တွင် သဲပုံကြီး၊ သဲပုံလေးတွေပြည့်နေပြီ။ တတ်နိုင်သောသူများက ထော်လာဂျီ၊ နောက်လှန်ကားစသည့် ခေတ်ပေါ်ယာဉ်အမျိုးမျိုးဖြင့် သဲများကို တိုက်ယူလာနေကြဆဲ။ ချောင်းထဲမှသယ်လာသောသဲပုံလေးများကတော့ ရေဖြင့် ပြည့်ဝစိုထိုင်းနေ၏။ ညနေစောင်း နေအပူတွင်သဲများခြောက်မသွားစေရန် မယ်ဆွမ်ချောင်းထဲမှရေကိုသယ်ပြီး လောင်းကြရသည်။ ချောင်းအတွင်းမှ ခပ်လာသောရေနှင့် သဲကိုရောလျက် စေတီကိုခိုင်မြဲစေသည်။ "သဲထဲရေသွန်" ဆိုသော



www.burmeseclassic.com

www.burmeseclassic.com

**စကားပုံကို သတိရလိုက်မိ၏။** ဘယ်လောက်ရောရော အရာမထင်လှ။ သို့သော် စိုထိုင်းထိုင်းဖြစ်သွားသော သဲများကို လက်ဝါးဖြင့် နာနာပုတ်ပြီး သိပ်သည်းစေရသည်။ တချို့က အိမ်မှအသင့်ယူလာသော ပန်းရန်သမားသုံး လက်ခတ်များနှင့် သဲကိုညှိယူနေ၏။ ကလေးတွေလုပ်သော သဲပုံစေတီမို့ အကွန့်အညွန့် သိပ်မပါ။ ရိုးရိုးရှင်းရှင်းပင်။ သိပ်လည်း အမြင့်ကြီး မလုပ်ကြ။

တချို့အရပ်များတွင်မူ ဝါးဖြင့်ပြုလုပ်ထားသော ယိုင်ပတ်များကို ရစ်ခွေလျက်ခံကာ ဝါးတိုင်လေးများစိုက်ပြီး စေတီပစ္စယာအဝိုင်း အဆင့်ဆင့်ကို ဖန်တီးယူကြသည်။ ဝါးကပ်ငယ်များဖြင့်လည်း လေးထောင့်ပုံ၊ ခြောက်ထောင့်ပုံ၊ အုတ်ဖိနပ်နှင့် ပစ္စယာများကို လုပ်ယူနိုင်ကြ၏။ အခြေခံခိုင်သွားပြီဖြစ်သော သဲပုံစေတီများ၏အထွတ်တွင် ဝါးကိုင်းအဖျားများ၊ တံခွန်ကုက္ကားများကို ထိုးလျက် ထီးသဖွယ်စိုက်ထူကြ၏။ တချို့က ပန်းပွင့်များ၊ ပန်းခက်များဖြင့် တန်ဆာဆင်ကပ်လှူကြသည်။ သဲစေတီကြီး၏ အောက်ခြေပတ်ပတ်လည်တွင်မူ စေတီရံလေးများကို ပြုလုပ်ကြပြန်သည်။ စေတီရံအတွက်တော့ ယခုခေတ် အအေးသောက်သည့် တစ်ခါသုံး ပလပ်စတစ်ခွက်လေးများကို အသုံးပြုပြီး ဖန်တီးယူကြ၏။ ခွက်ထဲသို့ ရေစိုနေသောသဲများကို ဖိသိပ်ထည့်ပြီး ထားလိုရာနေ့ရာသို့ မှောက်ချလိုက်ရုံသာ။ ခွက်ကို အသာဆွဲမယူလိုက်သောအခါ စေတီငယ်လေးများကို ဖူးတွေ့နိုင်ပြီဖြစ်သည်။ ယင်းထိပ်တွင် အလံငယ်လေးများကို တလွှင့်လွှင့်စိုက်ထူလိုက်ကြပြန်သည်။

အရံစေတီလေးများကို ဝန်းရံလျက် သဲတံတိုင်းကို ခတ်လိုက်ကြသောအခါ သဲစေတီတည်ခြင်း ပြီးဆုံးသွားလေပြီ။ လူကြီးအချို့က ခါးလယ်သာသာမြင့်သော ဝါးတိုင်တစ်လုံးချင်းကို မြေမှာစိုက်ထူကာ အပေါ်မှ ရာဇမတ်ကွက်ခင်းပြီး သင်ပုတ်စင်များ လုပ်ပေးကြ၏။ ယင်းအပေါ်တွင် ပေါက်ပေါက်ထုပ်၊ အမွှေးရှက်၊ သပြေခက်နှင့် ရေခွက်များဖြင့် တင်လှူပူဇော်ကြသည်။ ကိုယ်တို့လည်း မြို့မကျောင်းမှ သဲပုံစေတီကို လက်စသတ်ကာ ကိုယ့်လက်ရာ ဘုရားကို ကိုယ်တိုင်ဝတ်ပြုကန်တော့ကြပြီး မြို့ဦးကျောင်းသို့ မော်တော်ဆိုင်ကယ်များဖြင့် ပြေးကြပြန်၏။ မြို့ဦးကျောင်းမှာတော့ မြို့လယ်နှင့် အတန်ငယ်ဝေးသမို့ လူရှင်းသည်။ အေးအေးဆေးဆေး ဗိသုကာပညာ ပြခွင့်ရသဖြင့် အသေအချာစဉ်းစားကာ ခေါင်းထဲတွင်ပင် ပန္နက်ပုံစံထုတ်ပြီး၊ သဲပုံစေတီကို အညွန့်အကွန့်နှင့် လုပ်ကြည့်ကြသည်။ ဗုဒ္ဓဘာသာဆောက်လုပ်ရေး အနုပညာရပ်(Buddhist Arts and Architedture) ကိုအသုံးချကြည့်လိုက်၏။ ပစ္စယာပတ်လည်တွင် မှန်ကပ်(Niche)လေးများပင် ထည့်လိုက်သေး။ သဲပုံစေတီတည်ပြီးချိန်တွင်ကား နေလုံးကြီးပင် ဝင်လုပြီ။

## သဲပုံစေတီ၏ အဓိကကောင်းကျိုးသည်ကား

နောက်နေ့မနက်တွင်မူ ထိုကျောင်းဝင်းများအတွင်းမှာရုံများသို့ မြို့လူထုသည် ပန်း၊ ဖယောင်းတိုင်၊ လှူဖွယ်များဖြင့်ရောက်လာကာ သီလယူကြ၊ လှူဒါန်းပူဇော်ကြ၏။ ထုံးစံအတိုင်းပင် ဆရာတော်က ရှမ်းလိုသီလပေးပြီး၊ ရှမ်းလိုတရားဟောနေလေရာ ကိုယ်ကတော့ ပါဠိပိုဒ်တွေသာ လိုက်ရွတ်နိုင်ပြီး ဆိတ်ဆိတ်နေလိုက်ရသည်။ အတော်ရှည်ရှည် ဟောနေသော ရှမ်းဘာသာတရားတော်မှာ သဲပုံစေတီအလှူပွဲ ပြုလုပ်ရခြင်းကြောင့် ရရှိနိုင်သော ကုသိုလ်များအကြောင်းသာဖြစ်ချေမည်။ ပုံတိုပတ်စတွေလည်း ပါချင်ပါမှာပေါ့။ နိပါတ်တော် ကောက်နုတ်ချက်တွေနှင့် တရားတော်ကို လေးနက်ကြွတက်လာအောင် သိုင်းဝိုင်းဟောပြနေသည်လည်း ဖြစ်ပေမပေါ့။

သဲပုံစေတီတရားပွဲမှ အပြန်တွင် ညီငယ်ကိုစိုင်းနောင်က "သဲပုံစေတီလုပ်ရတဲ့ ဦးတည်ချက်တစ်ခုကို သိသလားဗျ" ဟု ကိုယ့်ကိုမေးသည်။ ကိုယ်ကပြုံးပြီး "ဆိုပါဦးဗျ" ဟု ရှမ်းသံလေး တမင်ထည့်ပြီး အဖြေတောင်းလိုက်ကြည့်လိုက်သည်။ "ဘုန်းတော်ကြီးကျောင်းဝင်းတွေထဲမှာ သဲသန့်သန့်တွေရသွားတာပေါ့ဗျ" တဲ့။ ဟုတ်ပါရဲ့။ သို့ဖြင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် သဲများရောက်ရှိစုပုံလာကာ သာသနိက အဆောက်အဦများကို တည်ဆောက်နိုင်သွားလေသည်။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

<u>**စာကိုး**</u>

(၁) သုခမိန္ဒ–တန့်ယန်း–အရှင်၊ ရှမ်းတိုင်းရင်းသားများ၏ ယုံကြည်ကိုးကွယ်မှုနှင့် ဓလေ့ထုံးစံများ။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ–ရှမ်း။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစည်းလုံးရေး ဗဟိုကော်မီတီဌာနချုပ်၊ ၁၉၆၈၊ ရန်ကုန်။

(၃) မင်းနိုင်၊ ဦး၊ ဒို့တိုင်းရင်းသား ပြည်ထောင်စုသား။ ၁၉၆၀၊ ရန်ကုန်။



www.burmeseclassic.com

www.burmeseclassic.com

# "ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေ" အတွက် အလှူရှင်များဖိတ်ခေါ်ခြင်း

ဆရာတော်ဦးအာစာရလင်္ကာသီရိသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၁၆-၂-၁၉၉၅) ကြာသပတေးနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ရေးနှစ်ပေါင်းများစွာ သာသနာပြုပုဂ္ဂိုလ် ပဋ္ဌာန်းဆက်ပါရမီရှင်များအား စောင့်မျှော်လျက်ရှိသော ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေသို့ စတင်ရောက်ရှိပြီး တောရစတင် အကျင့်မြတ်ပဋိပတ်ဖြင့် စတင်ကြွရောက် သာသနာပြုတော်မူပါသည်။

၁၃၅၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်(၂၅·၈·၁၉၉၅) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၃·၃·၁၉၉၅)နေ့တွင် ဆုတောင်းပြည့် အနောက်ရွှေတိဂုံစေတီတော်နှင့် အရံစေတီရှစ်ဆူတို့ကို တိကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၇၅ သိန်းကျပ်။ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၄·၁၀·၁၉၉၉) တနင်္ဂနွေနေ့တွင် မူလသစ်ကောက်ရွာ အများကောင်းမှု ကိုးနဝင်းစေတီတော်အား ကျောက်ထီးတော်ဟောင်းချ၍ ရွှေထီးတော်အသစ်တင်လှူခြင်း ကုန်ကျငွေ ၁၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တော်သလင်းဆန်း ၁ ရက်(၁·၉·၁၉၉၉) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်(၂၇·၃·၂၀၀၃) တနင်္ဂနွေနေ့တွင် အမြင့် ၂၁ တောင်ရှိ ရွှေထီးတော် ဘုံနှစ်ဆင့်မြင့် ခတ်ပေါင်းစု အနောက်ကျိုက်ထီးရိုးစေတီတော်အား တိကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၃၀၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၈·၃·၂၀၀၁) ဗုဒ္ဓဟူးနေ့တွင် နှစ်ပေါင်း ၈၀ ကျော် ရွှေထီးတော်ကင်းမဲ့နေသော ဂွမြို့ ရေကျော်ကျေးရွာရှိ ရွာလယ်မင်းဗားကြီးကောင်းမှုစေတီတော် ရွှေထီးတော် အသစ်တင်လှူခြင်း။ ကုန်ကျငွေ ၁၅ သိန်းကျပ်ကျော်။ ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၄·၁·၂၀၀၇) ကြာသပတေးနေ့တွင် နှစ်ပေါင်း ၉၀ ကျော် ပြိုကျပျက်စီးနေသော ဖိန်းတောလေးကျေးရွာ လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးအား စတင်ပြုပြင်ဆောင်ရွက်၍ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့(၉·၂·၂၀၀၉) တနင်္လာနေ့တွင် ဓမ္မာရုံကြီးအပါအဝင် ရေစက်သွန်းချပြီးစီးခြင်း။ ကုန်ကျငွေ ၁၀၀ သိန်းကျပ်ကျော်။ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၆·၁၀·၂၀၀၈) တနင်္ဂနွေနေ့တွင် ဉာဏ်တော်အလျား ၅၄ ပေရှိ အေးငြိမ်းချမ်းသာလျောင်းတော်မူ ရုပ်ပွားတော်မြတ်ကြီးအား စတင်တည်ထားဆောင်ရွက်ပြီး၊ ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၃၀·၁·၂၀၁၀)နေ့တွင် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ကုန်ကျခဲ့ပြီး အားလုံးကောင်းမှုအတွက် ရေစက်သွန်းချ အမှုပေးဝေခဲ့ပြီး၊ ဆက်လက်၍ တောင်ခြေရင်ပြင်တော်တွင် သက်ကြီးရွယ်အိုများ၊ တောင်ပေါ်တက်ရောက်ပူဇော်ခြင်း မပြုနိုင်သူများအတွက် ဉာဏ်တော် ၁၅ ပေ အမြင့်ရှိ မုစလိန္ဒနဂါးရုံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တောင်တော်၏ ကျက်သရေဆောင် အဝင်မုခ်ဦးတစ်ဆောင်နှင့် သောက်ရေ၊ သုံးရေအတွက် အဝီစိစက်ရေ တွင်းအား အနက်ပေ ၄၀၀ တူးဖော်သော်လည်း ရေချိုမရရှိပါသောကြောင့် သောက်ရေအတွက် ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန်တစ်လုံး ဆောင်ရွက်လုပ်ကိုင်လိုပါသောကြောင့် စသည့် လှူဖွယ်ပစ္စည်းများကို တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အသင်းအဖွဲ့နှင့်သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ပါသည်။

### လှူဒါန်းနိုင်သော ပစ္စည်းအမျိုးအမည်နှင့် တန်ဖိုး

| | |
|---|---|
| ဉာဏ်တော် ၁၅ ပေ အမြင့် ရုပ်ပွားတော်အပါအဝင် ရောင်တော်ဖွင့်အပြီး | ၅၀ သိန်းကျပ် |
| အကျယ် ၁၅ ပေ အမြင့် ၁၂ ပေ မုခ်ဦးအလှူရှင်အမည်ပါပြီး | ၄၅ သိန်းကျပ် |
| ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန် ၁ လုံး | ၄၀ သိန်းကျပ် |

### ဆက်သွယ်လှူဒါန်းလိုသူများ -



လာဘ်မိုးရွှေစာပေ ဖုန်း - ၀၉ ၄၃၀၉၅၃၁၁၊ ၀၉ ၄၂၀၀၅၉၂၅

နာယကဆရာတော် ဖုန်း - ၀၉ ၇၃၁၃၉၉၃၆

ဦးကျော်သူထိုက် ဖုန်း - ၀၉ ၅၁၁၉၄၀၇


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နေရာပြန်ချင်သူများ

**ရဲမြတ်တင်**

ကျွန်းရွှေလှ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွားပြီးနောက် ဆရာတော်ကြီး၏ အန္တိမစျာပနပွဲအား ကျွန်းရွှေလှ၌ပင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ကျွန်းရွှေလှဆရာတော်ကြီးမှာ နယ်တစ်နယ်လုံး၏ ဂိုဏ်းချုပ်ဆရာတော်ကြီး ဖြစ်ရုံမျှမက အထက်အထက်သော သံဃအဖွဲ့အစည်းများတွင်ပါ ပါဝင်ပေါက်ရောက်လျက်ရှိသော ဆရာတော်ကြီးတစ်ပါး ဖြစ်လေသည်။ ထို့ကြောင့် ကျန်ရစ်သူ တပည့်တပန်းများက စျာပနပွဲအား ဆရာတော်ကြီး၏ ဂုဏ်အင်္ဂါများနှင့် ညီ တတ်နိုင်သမျှ အကောင်းဆုံးဖြစ်စေရန် စီမံဆောင်ရွက်ကြလေသည်။

မဏ္ဍပ်ကြီးများ၊ လောင်တိုက်ကြီးများကို မည်သည့်ဘုန်းကြီးပျံပွဲများနှင့်မှ မတူအောင် အလှပဆုံး၊ အခံ့ညားဆုံး ဆောက်လုပ်ကြသည်။ ရပ်နီးရပ်ဝေးမှ ဧည့်သည်များအတွက်လည်း တည်းရေး၊ နေရေး ကျွေးမွေးရေးမှအစ လိုလေသေးမရှိအောင် ပြုစုစည့်ခံမည်။ ဧည့်ပရိသတ်များကို ကပြအသုံးတော်ခံရန်အတွက် ဇာတ်အဖွဲ့ကိုပင် နှစ်ဖွဲ့တိတိ တစ်ပြိုင်တည်း ငှားရမ်းလိုက်သည်။ ဇာတ်စင်နှစ်စင်ကို စင်ပြိုင်ထိုးကာ ငါးညတိတိ၊ ငါးချီငါးလား အပြိုင်အဆိုင်ကပြကြစေရန် စီမံထားသည်။ ထို့ပြင် နေ့ခင်းဘက်တွင်လည်း ယောဉ်ကျူးခြင်း၊ ကံစမ်းမဲဖောက်ခြင်းများအပါအဝင် ရိုးရာလက်ဝှေ့ပွဲ၊ ခြင်းပွဲ၊ နွားအလှပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပရန် စီစဉ်ကြလေသည်။

သို့နှင့် ထိုဘုန်းကြီးပျံပွဲ၏ ပထမအဝင်နေ့မှာပင် လူထုပရိသတ်ကြီးက ကွင်းပြင်ကြီးတစ်ခုလုံးတွင် ပြည့်နှက်စည်ကားနေလေတော့သည်။ 'ကြက်ပျံမကျ' ဟူသော ဝေါဟာရမှာ ထိုဘုန်းကြီးပျံပွဲမျိုးကိုပင် ရည်ညွှန်းပြောဆိုလိုက်သကဲ့သို့ ဖြစ်နေပေတော့သည်။ ရာသီက ပွင့်လင်းခြောက်သွေ့စ အချိန်ဖြစ်၍ နယ်သူနယ်သားအပေါင်းကလည်း ပွဲတော်ပွဲပြတ်နေသည့်အချိန်နှင့် တိုက်ဆိုင်နေပြန်သည့်အပြင် အများစုမှာ ပဲနှမ်းပေါ်ပြီးစ ငွေရွှင်လျက်ရှိကြသော အချိန်မျိုးဖြစ်နေပြန်လေရာ ထိုဘုန်းကြီးပျံပွဲကြီး၌ မည်မျှအထိ လူများကျပ်ညပ်ရှပ်ထွေးကာ တအုံးအုံး တရုန်းရုန်း ဖြစ်နေလေမည်ကို အလွယ်တကူပင် ခန့်မှန်း၍ ရနိုင်ပါလေပြီ။

ဤတွင် ပွဲလမ်းတို့၏ သဘာဝအတိုင်း အကောင်းနှင့်အဆိုး ဒွန်တွဲလျက်ရှိသည်မှာ ဓမ္မတာပင် ဖြစ်လေသည်။ နယ်ပေါင်းစုံမှ လူပေါင်းစုံတို့က ပွဲခင်းဆီသို့ အသီးသီးရောက်ရှိလာကြရာဝယ် အချို့က သာမန်ပွဲကြည့် ပွဲလည်ရန်အတွက် လာ ရောက်ကြခြင်းဖြစ်သလို၊ အချို့ကလည်း ဆိုင်ခန်းများဖွင့်လှစ်၍ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ရန် လာရောက်ကြသူများဖြစ်လေသည်။ ထိုအထဲတွင် ဂျပိုးသူခိုးများ၊ ခါးပိုက်နှိုက်များ၊ မိန်းမရှင်များ၊ လောင်းကစားသမားများကပါ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဂိုက်ဆံ

www.burmeseclassic.com

ရှာရန်အတွက် လာရောက်ကြပြန်လေရာ ဤဘုန်းကြီးပျံပွဲကြီးများမှာလည်း အဆိုပါ အကောင်းအဆိုးတည်းဟူသော လက္ခဏာ နှစ်ရပ်နှင့် ပြည့်စုံညီညွတ်နေသော ပွဲကြီးတစ်ပွဲပင် ဖြစ်ရှိနေလေတော့သည်။

ပွဲခင်းထဲ၌ ဇာတ်စင်များဘက်တွင် ဆိုင်းသံပုံသံတညံညံဖြင့် ဆူညံလျက်ရှိသလို ဈေးတန်းဘက်၌လည်း လည်ပတ်သွားလာနေကြသူများဖြင့် ကြိတ်ကြိတ်တိုးနေတော့သည်။ ထို့အတူပင် ပွဲခင်းနှင့် ခပ်လှမ်းလှမ်းရှိ ချုံပုတ်များ၊ ရေမြောင်းများကြားတွင်လည်း ဖဲဝိုင်းများ၊ ဂျင်ဝိုင်းများ၊ ပြည့်တန်ဆာတဲများက အလျှိုအလျှိုပေါ်လာကြပြီးလျှင် သူ့ပရိသတ်နှင့်သူ ကျိတ်ပုန်းခုတ်၍ အစည်ကားကြီး စည်ကားနေပြန်လေသတည်း။

× × × × ×

ဘုန်းကြီးပျံပွဲ၏ သုံးရက်မြောက်သောနေ့တွင် ဖြစ်သည်။ အဘိုးကြီးတစ်ယောက်သည် ပွဲခင်းဘက်မှ ထွက်လာကာ ကားလမ်းဘက်ဆီသို့ လမ်းအတိုင်း ဖြည်းဖြည်းချင်း လျှောက်လှမ်းနေလေသည်။ ထိုအဘိုးကြီးမှာ အသက်အရွယ်အားဖြင့် ကြီးရင့်လှပြီဖြစ်သော်လည်း အထိုက်အလျောက်တော့ သန်မာတောင့်တင်းဟန် ရှိလေသည်။ သူ့ပခုံးတွင်လွယ်ထားသော ခရီးဆောင်အိတ်ကြီးမှာ တင်းပြည့်ဖောင်းကားလျက်ရှိ၍ အလေးချိန်အတော်စီးဟန်တူသော်လည်း အဘိုးကြီးက မောပန်းနွမ်းနယ်နေဟန်မျိုး၊ ယိမ်းယိုင်ကုန်းကွနေဟန်မျိုး လုံးဝမတွေ့ရဘဲ ခန္ဓာကိုယ်အား မတ်မတ်ထားလျက် ခပ်မှန်မှန်သာ ခရီးဆက်နေလေသည်။

အဘိုးကြီး၏ရှေ့တွင် လူငယ်တစ်ယောက်က ခေါင်းငိုက်စိုက်ချ၍ ကားလမ်းဆီသို့ ဦးတည်ပြီး လျှောက်လှမ်းလျက်ရှိသည်။ ထိုလူငယ်နှင့် အဘိုးကြီးကြားတွင် ခြေလှမ်းအားဖြင့် ၂၅ လှမ်းခန့်ကွာလှမ်းလျက်ရှိသည်၊ ထိုလူငယ်၏ ပခုံးပေါ်တွင် ခုနစ်ချောင်း–ရှစ်ချောင်းခန့်ရှိသော တစ်တောင်သာသာခန့်ရှိ ကြံချောင်းများအား အစည်းလိုက် ထမ်းပိုးထားသည်ကို အဘိုးကြီးက သတိပြုမိလေသည်။ ဆက်လပ်၍ လျှောက်လှမ်းလာရာ လမ်းဘေးရှိ သရက်ပင်ကြီးတစ်ပင်အောက်တွင် လူတစ်ယောက်က သစ်မြစ်ဆုံကိုခေါင်းအုံးကာ ပက်လက်အနေအထားဖြင့် လဲလျောင်းနေသည်ကိုလည်းကောင်း၊ ထိုလူ၏ဘေးတွင် လောက်လေးခွတစ်လက်နှင့် လောက်စလုံးအချို့ရှိနေသည်ကိုလည်းကောင်း အဘိုးကြီးက အမှတ်မထင် သတိပြုမိပြန်လေသည်။

အချိန်မှာ မွန်းတည့်ခါနီးအချိန် ဖြစ်သည်၊ နေပူရှိန်ပြင်းသော အချိန်ဖြစ်သည့်ပြင် လူအတော်များများမှာလည်း ပွဲပန်း၊ ပွဲမူးနေကြသည့် အချိန်ဖြစ်နေပြန်ရာ လမ်းပေါ်၌ လူသွားလူလာဟူ၍ သိပ်မရှိလှဘဲ ခပ်ကျဲကျဲ ခပ်ပါးပါးမျှသာ တွေ့မြင်နေရလေသည်။

ထိုအခိုက်မှာပင် ပွဲခင်းအစပ်နားလောက်ဆီမှ ရုတ်ရုတ်သဲသဲ၊ စီစီညံညံအသံများက ရုတ်တရက်ဆိုသလို ထွက်ပေါ်လာတော့သည်။

"ခွေးရူးဗျို့ . . ခွေးရူး၊ ပြေးကြ. . . ပြေးကြ"

"ကလေးတွေ အထဲဝင်နေကြ၊ အထဲဝင်နေကြ"

"ဟော . . . ဟော . . . ဒီဘက်ကို ပြေးလာနေပြီ၊ ဝိုင်းကြပါဟ . . . ရိုက်ကြပါဟ"

"ပြေးပြီဗျို့ . . . ပြေးပြီ၊ ကားလမ်းအားဘမ်းဘက်ကို ထွက်ပြေးသွားပြီ"

ထိုဆူဆူညံညံ အသံများကြောင့် သရက်ပင်ခြေမှ လူက လဲလျောင်းရာမှ ငုတ်တုတ်ထထိုင်လိုက်သည်။ ထို့နောက် လမ်းဘက်သို့လည်း လှည့်ကြည့်လိုက်မိသည်။ ဤတွင် ပွဲခင်းဘက်မှပြေးလာသော ခွေးရူးက လမ်းအတိုင်းပြေးလာနေသည်ကိုလည်းကောင်း၊ ထိုသို့ပြေးလာနေရင်း လမ်းပေါ်မှ အဘိုးကြီး၏ အနီးသို့ ပါရောက်ရှိနေသည်ကိုလည်းကောင်း လှမ်းမြင်လိုက်ရသည်။ ထိုခွေးမှာ သွားရည်များ၊ မျက်ရည်များ တန်းလန်းကျလျက် စောင်းကန်းစောင်းကန်းနှင့် တရွတ်ဆွဲပြီး ပြေးလာနေရာ ခွေးရူးတစ်ကောင်မှန်း သိသာနေလေသည်။

သရက်ပင်အောက်မှလူက အဘိုးကြီးကို ပျာပျာသလဲ အော်ပြောလိုက်သည်။

"ဗျို့ . . . ဘကြီး၊ ခင်ဗျားနောက်မှာ ခွေးရူးရောက်နေပြီဗျို့။ ခွေးရူး . . . ခွေးရူး"

ထိုလူ၏ သတိပေးသံကြောင့် အဘိုးကြီးက ကြောက်အားလန့်အားဖြင့် နောက်လှည့်ကြည့်လိုက်သည်။ အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။ အဘိုးကြီး ထိုသို့နောက်လိုက်ကြည့်လိုက်စဉ်မှာပင် ခွေးရူးက အဘိုးကြီးအား လှမ်းဟပ်လိုက်လေပြီ။ အဘိုးကြီးမှာ မျက်လုံးများပြာသွားရကာ "အမလေးဗျ . . . လုပ်ကြပါဦး"ဟုပင် အော်ဟစ်လိုက်မိသည်။ သို့သော် ခွေးရူးကား အဘိုးကြီးကို မကိုက်လိုက်မိပေချေ။ အကြောင်းမှာ ခွေးရူးက အဘိုးကြီး၏ခြေသလုံးကို ထိုးအဟပ်၊ စောစောက သရက်ပင်အောက်မှလူကပင် လောက်လေးခွဖြင့် ခွေးရူးအား လျင်မြန်စွာလှမ်းပစ်လိုက်ရာ ခွေးရူးမှာ နားထင်တည့်တည့်သို့ လောက်စာလုံးထိမှန်ကာ ယိမ်းယိုင်လဲကျသွားတော့သည်၊ သို့သော် ထိုခွေးရူးက ချက်ချင်းပင်ပြန်ထလာပြီး အဘိုးကြီးနောက်သို့ပင် စွပ်၍ လိုက်ပြန်လေသည်။ ဤတွင် အဘိုးကြီးရှေ့ရှိ လူငယ်က အဘိုးကြီးအနီးသို့ လျင်မြန်စွာ



www.burmeseclassic.com

www.burmeseclassic.com

ပြေးလာကာ သူ့လက်ထဲမှ ကြိုချောင်းများ
ဖြင့် ခွေးရူးအား ဝင်ရိုက်လိုက်မလေတော့
သည်။ ခွေးရူးအားရိုက်ရသောကြောင့်
ထိုလူငယ်၏ကြိုချောင်းများမှာ တစ်ချောင်း
ပြီးတစ်ချောင်း ကျိုးကုန်တော့သည်။
အဘိုးကြီးမှာလည်း ခွေးရူး၏အန္တရာယ်မှ
ဒုတိယမ္ပိ သီသီကလေးလွတ်သွားရပြန်
သည်။ ခွေးရူးကား လမ်းပေါ်မှထွက်၍
ကွင်းပြင်ထဲသို့ ဦးတည်ရာ စွပ်ပြေးသွား
လေပြီ။

အဘိုးကြီးကား ကြောက်စိတ်ဖြင့်
တတုန်ကယင် ဖြစ်နေရဆဲပင်။ သူ့တစ်
ကိုယ်လုံးတွင်လည်း ချွေးသီးချွေးပေါက်
များကျလျက် မောဟိုက်နေလေသည်။
သရက်ပင်အောက်မှလူက အဘိုးကြီး
အနီးသို့ပြေးလာသည်။ အဘိုးကြီးကို
လည်း အမောတကောပင် မေးလိုက်
သည်။

"ဘကြီး ... ဘယ့်နှယ်နေသလဲ။
ကိုက်မိသေးသလား"

"မကိုက်မိလိုက်ပါဘူး။ မောင်ရင်
လေးခွနဲ့ လှမ်းပစ်လိုက်ပေလို့ပေါ့။ ပြီး
တော့ ဟောဒီငါ့တူကလေးကလည်း ကြိ
ချောင်းနဲ့ အတင်းဝင်ရိုက်ပေလို့သာပေါ့။
နို့မဟုတ်ရင် ကျုပ်တော့ ခွေးရူးစာ အမိခံ
ရမှာသေချာတယ်။ ဘုရား ... ဘုရား
တယ် ကြောက်စရာကောင်းပါလား"

အဘိုးကြီးက အသံတုန်တုန်ဖြင့်
ပြန်ပြောလိုက်သည်။ လေးခွသမားနှင့် ကြိ
ချောင်းသမားတို့က အဘိုးကြီးကို ပြုံး၍
ကြည့်နေကြသည်။ ထို့နောက် လေးခွ
သမားကပင် ပြန်ပြောလိုက်သည်။

"လာ ... လာ ... ဘကြီး၊ ဒီ
သရက်ပင်အောက်မှာ ခဏဝင်နားလိုက်
ဦး။ ဘကြီးတော်တော်မောသွားပြီ၊ အမော
ပြေမှ ဆက်သွားတာပေါ့။ ဒီက ငါ့ညီ
လည်း ခဏနားပါဦးလား။ အေးအေး
ဆေးဆေးပေါ့"

လေးခွသမားက အဘိုးကြီးကိုပြော
ရင်း ကြိုချောင်းသမားကိုပါ တစ်ပါတည်း
ဖိတ်မာန်လိုက်သည်။ သို့နှင့်ပင် သုံးဦး
သား သရက်ပင်ရိပ်သို့ လျှောက်လာကြ
ပြီးနောက် အပင်ခြေမှာပင် ဝိုင်းဖွဲ့ထိုင်
လိုက်ကြသည်။ အဘိုးကြီးက သူ၏ ခရီး
ဆောင်အိတ်ကြီးကို သစ်မြစ်ဆုံပေါ်သို့
လှမ်းတင်ထားလိုက်သည်။

ထို့နောက် အဘိုးကြီးကပင် လည်
ပင်းတစ်ဝိုက်ရှိ ချွေးများကို လက်ကိုင်ပဝါ
ဖြင့် ပွတ်သုတ်နေရင်း စကားစလိုက်
သည်။

အဘိုးကြီး ။ ။ "ကျေးဇူးကြီးပါ
ပေ့ မောင်တို့ရယ်။ မောင်တို့သာ ဝင်
မကယ်ရင် ခုလောက်ဆို ကျုပ်တော့ ဒုက္ခ
များနေရောပေါ့။ သူတစ်ပါးအရပ်ဒေသမှာ
ခွေးရူးအကိုက်ခံရပြီး ဆေးရုံရောက် ဘာ
ရောက်နဲ့ ကိစ္စတွေများလိုက်မယ့်ဖြစ်ခြင်း"

လေးခွသမား ။ ။ "ဒီလိုပေါ့
ဘကြီးရာ။ ဘကြီးလည်း တကယ်ကံမနိမ့်
သေးလို့သာ ခုလို အန္တရာယ်ကနေ ကပ်
လွဲသွားရတာပေါ့။ ကျွန်တော်တို့လည်း
ခုလိုကူညီခွင့်ရတဲ့အတွက် ဝမ်းလည်းသာ၊
ကုသိုလ်လည်း ရပါတယ်"

ဘိုး ။ ။ "ကောင်းဗျာ၊ သာဓု
... သာဓု။ ဒါထက် ငါ့တူက ဒီကျွန်းရွှေ
လှကပဲလား"

ခွ ။ ။ "ဟုတ်တယ်ခင်ဗျ။ ကျွန်း
ရွှေလှသားပါပဲ"

ဘိုး ။ ။ "အေး ... အေး ...
ဒါထက် ဟောဒီငါ့တူလေးကရော ဘယ်
ရွာကလဲ။ ငါ့တူလည်း ခွေးရူးကိုရိုက်
လိုက်ရတာနဲ့ပဲ ရှိသမျှ ကြိုချောင်းတွေကုန်
ပေါ့"

ကြိ ။ ။ "ဟုတ်ကဲ့ဘကြီး၊
ကျွန်တော်က ပဲလင်းမြောင်ဆိုတဲ့ရွာကပါ။
ကျွန်းရွှေလှနဲ့ တော်တော်ဝေးပါတယ်"

ဘိုး ။ ။ "အေး .. အေး ...
တွေ့ရတာဝမ်းသာသကွယ်။ ဘုန်းကြီးပျံပွဲ
ကတော့ တော်တော့်ကို စည်သကွ။ နယ်
ပေါင်းစုံက လူပေါင်းစုံရောက်လာကြတာ
ပဲ။ ဒီကြားထဲမှာ ခွေးလေခွေးလွင့်တွေက
ပါ ဟိုက ဒီကနေ ရောက်လာကြမှာပေါ့
လေ။ ဒါထက် ပွဲတွေဘာတွေကော မင်း
တို့ကြည့်ဖြစ်သေးလား။ ဇာတ်အဖွဲ့နှစ်ဖွဲ့
အပြိုင်ကနေကြတာ တော်တော်ကောင်း
ဆိုပါလား"

ဤတွင် အဘိုးကြီး၏အမေးကို
လေးခွသမားက ခေါင်းကုတ်လျက် ညည်း
သံတစ်ဝက်ဖြင့် ပြန်ဖြေလိုက်သည်။

ခွ ။ ။ "ပွဲတော့ မကြည့်ဖြစ်ပါ
ဘူး ဘကြီးရာ။ ကြည့်ချင်စိတ်လည်း
မရှိပါ ဘူး။ စိတ်တွေနောက်လွန်းလို့"

ဘိုး ။ ။ "ဟေ ... ဘာဖြစ်လို့
တုံးကွ။ သူများတွေ ဒီလောက်တောင်
ပျော်ပါးနေကြတဲ့ဥစ္စာ။ အေး ... မင်း
ကြည့်ရတာလည်း စိတ်တော်တော်ညစ်
နေတဲ့ပုံပါပဲ။ မင်းဘာဖြစ်နေတယ်ဆိုတာ
ပြောပြစမ်းပါဦး"

ခွ ။ ။ (ရယ်ကျဲကျဲပြုလျက်)
"စိတ်ညစ်တာကတော့ ဘာညစ်သလဲ
မမေးနဲ့ ဘကြီး။ စိတ်ညစ်လွန်းလို့ကို
သရက်ပင်အောက်ကိုလာပြီး ပက်လက်
လှန်အိပ်နေတာပဲ။ ဒီလိုခင်ဗျ။ ပြောရမှာ
ဖြင့် ကိုယ်မကောင်းတဲ့အကြောင်းက စပြီး
ပြောရမှာပဲ။ ကျွန်တော်က ဂျင်သမားပါ။
ဒီဂျင်ကို ဝါသနာပါတာလည်းကြာပြီ။
လုပ်ခဲ့တာလည်းကြာပါပြီ။ ဒါပေမဲ့ ဟို
တုန်းကတော့ အထိန်းကလေး၊ ဘရိတ်
ကလေးနဲ့ လုပ်ခဲ့တာဆိုတော့ နိုင်ရင်
လည်း မသိသာ၊ ရှုံးရင်လည်းမသိသာ၊
ဘဲစားဘဲခြေလောက်ပဲပေါ့ ဘကြီးရာ။
ခုတော့ ဒီဘုန်းကြီးပျံပွဲမှာ ဝိုင်းတွေက
လည်း တော်တော်ကောင်းတာမို့ ကျွန်
တော်လည်း စိတ်ကိုမထိန်းနိုင်ဘဲ စွတ်ချ
လိုက်မိတယ်။ ချတာမှ တော်တော်ကို



www.burmeseclassic.com

www.burmeseclassic.com

လက်လွှန်အောင်ချပစ်တာ။ ငွေများရင် ငွေနဲ့လိုက်ဆိုတဲ့ စကားအတိုင်း ရှုံးရင်းမဲရင်း၊ ရှုံးရင်းမဲရင်းနဲ့ ကစားပစ်လိုက်တာမှာ ခုတော့ ရှိတာအကုန်ပြောင်ပြီခင်ဗျ။ အိမ်က နိုင်းနွားလေးကောင်စလုံးလည်း ကုန်ပြီ။ ယာနှစ်ကွက်လည်း ကုန်သွားပြီ။ အဲဒါ မိန်းမနဲ့လည်း ရန်ဖြစ်ပြီးတော့ စိတ်ပေါက်ပေါက်နဲ့ ဒီဘက်ကိုထွက်လာခဲ့တာပဲ''

ဘိုး ။ ။ ''ဟား ... ဟား၊ လက်စသတ်တော့ ကိုယ့်လူက ဂျင်ရှုံးလို့ စိတ်ညစ်ပြီး ဒီမှာလာအိပ်နေတာကိုး။ ဖြစ်ရမယ်၊ ဖြစ်ရမယ်၊ ဒါမျိုးကဒီလိုပဲ၊ လုပ်မိပြီဆိုရင် တယ်မရပ်ချင်ဘူး။ ဖြတ်ရခက်တဲ့ ပါသနာမျိုးပဲ''

ဤနောက် အဘိုးကြီးက လေးခွသမားဘက်မှသည် ကြံချောင်းသမားဘက်သို့ မျက်နှာလှည့်ကာ မေးခွန်းထုတ်လိုက်ပြန်သည်။

''ဒါနဲ့ ဒီက ငါ့တူကလေးကရော အခု ပဲလင်းမြောင်ကို ပြန်မလို့လား။ ပွဲလည်လာတာလား''

ထိုမေးခွ ်းကြောင့် ကြံချောင်းသမားကလည်း ဖ လေးခွသမားနည်းတူပင် မျက်နှာကို ခပ်မှဲ့မှဲ့ပြု ၍ စိတ်ပျက်လက်ပျက် အသံမျိုးဖြင့် အဘ ိုးကြီးကိုပြန်ပြောလိုက်သည်။

ကြံ ။ ။ ''ပြောမယ်ဆ ိ ကျွန်တော်လည်း ဟောဒီက အစ်ကိုက ီးလိုပါပဲ။ စိတ်ညစ်လို့ အိမ်ကနေ ထွက်လာ တာပါပဲ။ ထွက်လာတာမှ တစ်ပတ်လေ က်တောင်ရှိပြီ''

ဘိုး ။ ''အလို .. လက်စသတ်တော့ နှစ်ယောက်စလုံးက ဒုက္ခသည်တွေချည်းပါပဲလား။ နို့ ... မင်းကရော ဘယ်လိုဖြစ်ရတာလဲ ... ပြောပါဦး''

ကြံ ။ (သက်ပြင်းချ၍) ''ကျွန်တော်ကတော့ တစ်ဘာသာခင်ဗျ။ ကျွန်တော့်အဖြစ်က အမှန်ဆိုရရင် စိတ်ညစ်လို့ အိမ်ကထွက်လာတာ ဆိုတာထက် ယောက်ဖတွေရဲ့ရန်ကို ကြောက်လို့ ပြေးလာတာလို့ဆိုရင် ပိုပြီးမှန်ပါလိမ့်မယ်''

ဘိုး ။ ။ ''တယ်ထူးပါလား။မင်းယောက်ဖတွေက မင်းကိုဘာပြုလို့ ရန်လုပ်ကြတာလဲ။ မသဏ္ဍာ ကိုယ့်နှမအပေါ် လုပ်ကိုင်ကျွေးမွေးနေတဲ့ဉစ္စာပဲ''

ကြံ ။ ။ ''ဟုတ်တယ်ဗျ။ ကျွန်တော်လည်း သားမယားအပေါ်တော့ ကောင်းကောင်းမွန်မွန် လုပ်ကိုင်ကျွေးမွေးတာပါပဲ။ ဒါပေမဲ့ တစ်ခါတလေကျတော့ ကျွန်တော်က မိန်းမကို ရိုက်မိနှက်မိတဲ့ အခါတွေ ရှိတတ်ပါတယ်။ အဲဒီအခါမှာ ယောက်ဖတွေက သူတို့နှမကို ရိုက်ရနှက်ရပါ့မလားဆိုပြီး ဝိုင်းအုံလာကြရောခင်ဗျ။ ကျွန်တော့်ကိုလည်း တုတ်တွေ၊ ဓားတွေနဲ့ ဝိုင်းပြီးဆော်ကြတော့တာပဲ။ ဟောဒီ ကျွန်တော့်လက်မောင်းက ဓားဒဏ်ရာဟာ လွန်ခဲ့တဲ့နှစ်လလောက်က ကျွန်တော့်ယောက်ဖအငယ်ကောင် ဓားနဲ့ခုတ်လို့ရတဲ့ ဒဏ်ရာပေါ့ ဘကြီးရဲ့''

ဘိုး ။ (စုတ်သပ်၍) ''တယ်ခက်ပါလား။ နို့ .. မင်းကရော ဘာဖြစ်လို့ ကိုယ့်သားမယားကို ရိုက်ချင်နှက်ချင်ရတာလဲ။ သူတို့ရန်ကိုကြောက်ရင် မရိုက်ဘဲနေပါတော့လား''

ကြံ ။ ။ ''အို ... ဘကြီးမသိလို့ခင်ဗျ။ ကျွန်တော့်မိန်းမက တော်ထော့်ကို ထုံပေပေ၊ ကပ်တက်တတ်နိုင်တဲ့မိန်းမ။ အလွန်ရိုက်ချင်စရာကောင်းတဲ့ မိန်းမ။ သူ့မှာဘယ်လောက်ရိုက်ရိုက် အမှတ်သည်းခြေရယ်လို့ ကို မရှိဘူး။ ကျွန်တော်ရှာပေး ပမျှကို ဘယ်တော့မှ ထိန်းထိန်းသိမ်းသိမ် ။ စုစုဆောင်းဆောင်း လုပ် ယ်ရယ်လို့ မရှိ ဘူး။ ပြောရရင် အများကြီးပေါ့ ဘကြီးရေ။ ကျ န်တော့်မှာ ဒီမိန်းမကိုလည်း သည်းခံပြီးပေါင်းရ သေး၊ ယောက်ဖဆိုးတွေရဲ့ရန်ကိုလည်း ကြောက်ရသေးနဲ့ တော်တော့်ကို စိတ်ညစ်နေရတာခင်ဗျ။

အခုလည်း လွန်ခဲ့တဲ့ တစ်ပတ် လောက်က ကျွန်တော်က ကျွန်တော့် မိန်းမကို ရိုက်နေတုန်းမှာ ဖြုန်းဆို ... ယောက်ဖသုံးလေးယောက်က ညာသံ ပေးပြီး ဝိုင်းလာကြတော့တာပဲ။ ပြီးတော့ ယောက်ဖတစ်ယောက်က ထင်းချောင်းနဲ့ လှမ်းပစ်လိုက်တာမှာ ကျွန်တော်ပခုံးကို လာမှန်သွားတယ်။ နောက်တစ်ယောက် ကတော့ လက်ထဲကလှံနဲ့ လှမ်းပစ်လိုက် တာမှာ ကံကောင်းလို့ ကျွန်တော့်ကျော ပြင်ကို လာမစိုက်တယ်၊ ကျွန်တော်လည်း အဲဒီကတည်းက ကြောက်ကြောက်နဲ့ပြေး လာလိုက်တာ ဒီနေ့ထိပဲ။ အခု ရွာကိုမပြန် ဘဲ ရွှေတာလေးက အမေတို့အိမ်မှာရော နေတာ တစ်ပတ်လောက်ရှိပြီ။ တော ... သူတို့အသိုင်းအဝိုင်းတွေကြား လိုက်နေရလို့ပေါ့ ဘကြီးရာ။ မနိုင်လို့အ ပေးနေရပေမဲ့ စိတ်ထဲမှာတော့ ဒီကော တွေကို အမှုန့်ဖြစ်အောင်တောင် ချေ လိုက်ချင်တယ်''

ကြံချောင်းက သူ့စကားကို အ သတ်လိုက်သည်။ ထိုခဏတွင် စက ဝိုင်းက ခေတ္တမျှတိတ်ဆိတ်သွားသ ကြံချောင်းက အဝေးသို့ ငေးရီနေသ လေးခွကမူ ခေါင်းကိုငိုက်စိုက်ချကာ ကျိုးပြနေလေသည်။ အဘိုးကြီး မျက်စိကိုမှိတ်၊ မေးစေ့ကိုပွတ်၍ တ တစ်ရာအား လေးလေးနက်နက် စဉ် နေသည်။ ထိုသို့ အတန်ကြာအောင် စားနေပြီးမှ အဘိုးကြီးက ချောင်း ချက်ဟန့်၍ လူငယ်အား စကားစ သည်။

''အဟမ်း ... ကိုင်း ... ငါ ဒီလိုလုပ်ရအောင်။ မင်းတို့အခြေ ဆပ်တဲ့အနေနဲ့ ငါက မင်းတို့အခ ကို ပြန်ကူညီမယ်ကွာ ငါပေးမယ်

www.burmeseclassic.com

www.burmeseclassic.com

အညီကို မင်းတို့ယူကြမလား။ ဘယ့်နှယ် သဘောရသလဲ''

နှစ်ယောက်သား ခေါင်းထောင်လာကြသည်။ အဘိုးကြီးအားလည်း ပြိုင်တူပင် မော့ကြည့်လိုက်ကြသည်။ သို့သော် သူတို့က အဘိုးကြီး၏စကားအား သိပ်စိတ်ဝင်စားဟန်မပြကြချေ။ သူတို့၏ မျက်နှာများ၌ တစ်စုံတစ်ရာ ထူးခြားမလာဘဲ မှုန်မှိုင်း၍သာနေကြလေသည်။ အဘိုးကြီးကပင် ပို၍လေးနက်သော လေသံမျိုးဖြင့် သူတို့ကိုထပ်ပြောလိုက်သည်။

''ငါ မင်းတို့နှစ်ယောက်စလုံးကို ပေးမယ့်အကူအညီက ရွှေလည်းမဟုတ်ဘူး။ ငွေလည်းမဟုတ်ဘူး။ ဒါပေမဲ့ ဂျင်ရှုံးနေတဲ့လူကို ဂျင်ပြန်နိုင်စေမယ့် အကူအညီမျိုး။ ယောက်ဖတွေကို အရှုံးပေးနေရတဲ့ လူအတွက် အဲဒီယောက်ဖတွေအပေါ် ပြန်အနိုင်ရစေမယ့် အကူအညီမျိုးပဲကွ''

အဘိုးကြီးစကားကြောင့် နှစ်ယောက်စလုံးပင် မျက်လုံးကျယ်သွားကြသည်။ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ထို့နောက် လေးခွကပင် စိတ်အားထက်သန်စွာ အဘိုးကြီးအား ပြန်ပြောလိုက်သည်။

''တကယ်ပြောတာလား ဘကြီး။ ကျွန်တော့်ကို ဂျင်နိုင်အောင် ဘကြီးတကယ်ကူညီနိုင်သလား။ ဘကြီးသာ အဲဒီအကူအညီမျိုး ပေးလို့ကတော့ ကျွန်တော်က ဘယ်မယူဘဲနေလိမ့်မလဲဗျ''

ကြံချောင်းကပါ ဝင်ပြောလိုက်ပြန်သည်။

''ကျွန်တော့်ယောက်ဖတွေကို နိုင်စေမယ့်နည်းဆိုရင် ဘယ်နည်းပဲဖြစ်ဖြစ် မြန်မြန်သာပေးစမ်းပါဘကြီးရာ။ ဒီကောင်တွေကို မှတ်လောက်အောင် နှိပ်ကွပ်ချင်လွန်းလို့''

သူတို့စကားကို နားထောင်ကာ အဘိုးကြီးက ပြုံးနေလေသည်။ ထို့နောက် ရုတ်ခြည်းဆိုသလို မျက်နှာအားတည်ကြည်အောင် ပြုပြင်လိုက်ပြီးနောက် သူတို့အားပြောလိုက်သည်။

''ကောင်းပြီ။ မင်းတို့အလိုပြည့်စေရမယ်။ မင်းတို့ကို ငါချီးမြှင့်ခဲ့မယ်။ ငါ့နာမည် မင်းစက္ကတဲ့ကွ။ ဒီနာမည်ကို မင်းတို့ သဲ့သဲ့ကလေးမှ မကြားဖူးကြဘူးလား''

''ဗျာ ... ဆရာကြီးမင်းစက္ကဆိုတာ ဘကြီးလား''

''အလိုလေး ... ဆရာကြီးမင်းစက္ကဆိုတာနဲ့ လူကိုယ်တိုင် လာတွေ့နေရပါပေါ့လား''

နှစ်ဦးစလုံးထံမှ အာမေဋိတ်သံများ ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာသည်။ ထို့ပြင် သူတို့အသံများ၌ အံ့ဩဝမ်းသာသော၊ တုန်လှုပ်ချောက်ချားသော အရိပ်အယောင်များက သိသာစွာပင် လွှမ်းမိုး၍နေသည်။ တစ်ပြိုင်တည်းမှာပင် သူတို့က ကျုံ့ကျုံ့ကလေးများဖြစ်အောင် ပြင်၍ထိုင်လိုက်ကာ ဆရာကြီးမင်းစက္ကအမည်ခံ ထိုအဘိုးကြီးကို မှင်တက်စွာ ငေးမော့ကြည့်နေမိကြလေသည်။

''အေး ... မင်းစက္ကဆိုတာငါပဲ။ ငါနဲ့ တွေ့ထိုက်လို့တွေ့ရတဲ့ မင်းတို့အတွက် ကံကောင်းပြီသာ မှတ်လိုက်ပေတော့ဟေ့''

အဘိုးကြီး၏အသံ၌ ဩဇာသံပို၍ပါလာသည်ကို သူတို့က သတိပြုမိလိုက်ကြသည်။ ထိုမျှမက အဘိုးကြီး၏ ထူးခြားစွာ စူးရှပြောင်လက်နေသော မျက်လုံးအစုံနှင့် ရင်ဆိုင်လိုက်ရသည့်ခဏ သူတို့၏ ကျောပြင်ထဲ၌ စိမ့်ခနဲပင် ဖြစ်သွားမိကြရသည်။

''ကိုင်း ... အချိန်မရှိဘူး။ မင်းတို့နှစ်ယောက်အတွက် အဆောင်တစ်ခုစီ ငါအမြန်ဆုံးစီရင်ပေးခဲ့မယ်။ ကျွန်းရွှေလှသချိုင်းထဲကို အခုသွားမယ်။ ဘေးဘီကိုဂရုစိုက်။ တခြားလူမသိစေနဲ့။ သချိုင်းထဲတို့ဝင်သွားတာကို ဘယ်သူမှမမြင်လေကောင်းလေပဲ''

''ဟုတ် ... ဟုတ်ကဲ့ဆရာကြီး''

ထို့နောက် သုံးယောက်သား ထိုင်ရာမှ ထလိုက်ကြသည်။ ကြံချောင်းက ဆရာကြီးမင်းစက္က၏ ခရီးဆောင်အိတ်ကြီးကို ပခုံးပေါ်ကောက်တင်လိုက်သည်။ ပြီးလျှင် လေးခွကပင် ရှေ့ဆောင်၍ အတော်ဝေးဝေး၌ လှမ်းမြင်ရသော မှိုင်းညို့ညို့တောအုပ်ဆီသို့(တစ်နည်းအားဖြင့်) ကျွန်းရွှေလှသချိုင်းဆီသို့ ဦးတည်ပြီး လျှောက်လှမ်းသွားလိုက်ကြလေသည်။

× × × × ×

သချိုင်းထဲ၌ လေက တဝူးဝူးတိုက်ခတ်လျက်ရှိသည်။ လေတိုးလိုက်တိုင်း သစ်ပင်ကြီးငယ်တို့က ယိမ်းထိုးယမ်းခါ၍နေကြလေသည်။ ရွဲ့စောင်းစောင်းဖြစ်လျက်ရှိသည့် ဇရပ်အိုကြီးသည်လည်း လေအရှိန်ကြောင့် တစ်ချက်တစ်ချက်တွင် သိမ့်ခနဲ သိမ့်ခနဲ ဖြစ်၍နေလေသည်။ ဇရပ်၏ခေါင်မိုးပေါ်မှ သံကွာပြီး အမိုးလန်နေသော သွပ်ပြားများကမူ တကျွိကျွိ၊ တဂျွမ်းဂျွမ်း၊ တဂုံးဂုံး၊ တဂွမ်းဂွမ်းနှင့် သံစုံမြည်၍ပင်နေကြတော့သည်။

ဇရပ်အတွင်း၌ ထိုင်နေကြသော လူသုံးဦးက တစ်ဦးနှင့်တစ်ဦး စကားမဆိုဖြစ်ကြဘဲ တိတ်ဆိတ်လျက်ရှိကြသည်။ ဆရာကြီးမင်းစက္ကက ဇရပ်၏ခေါင်းရင်းဘက်တွင်ထိုင်ကာ အလုပ်ရှုပ်လျက်ရှိသည်။ ကြံချောင်းနှင့် လေးခွတို့ကမူ ဆရာကြီးနှင့် ခပ်လှမ်းလှမ်းနေရာတွင် ဒူးကလေးများတုပ်၍ ထိုင်နေကြရင်း ဆရာကြီးလုပ်နေကိုင်နေသမျှကို အငေးသားစောင့်ကြည့်၍နေကြလေသည်။ သို့နှင့် အချိန်က တရွေ့ရွေ့ကုန်ဆုံးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ဆရာကြီးမင်းစက္က၏ လုပ်ငန်းဆောင်တာများသည်လည်း ပြီးဆုံးသွားလေပြီ။ ဆရာကြီးက ကြံချောင်းတို့နှစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

"ဟဲ့ကောင်တွေ၊ ရှေ့ကိုတိုးခဲ့ကြ"

ဆရာကြီးခေါ်သံကြောင့် သူတို့နှစ်ယောက်က ပျာပျာသလဲပင် ရှေ့သို့တိုးသွားလိုက်ကြသည်။ ဆရာကြီးရှေ့မှာပင် နှစ်ဦးယှဉ်၍ ကျုံ့ကျုံ့ကလေးတွေ ထိုင်လိုက်ကြသည်။ ဆရာကြီးက သူတို့နှစ်ယောက်ကို လေးနက်စူးရှသော မျက်လုံးများဖြင့်ကြည့်ကာ စပြီးပြောလိုက်သည်။

"ကိုင်း . . မင်းတို့အတွက်အဆောင်တွေ စီရင်ပြီးသွားပြီ။ ဒီအဆောင်တွေကို ခုချက်ချင်း မင်းတို့လက်ထဲ ငါအပ်တော့မယ်။ မအပ်ခင် မင်းတို့ကို ငါကြပ်ကြပ်သတိပေးလိုက်မယ်။ ဒီအဆောင်ဟာ မင်းတို့ရဲ့ ယာယီအခတ်အခဲတွေ ပြေလည်သွားစေဖို့အတွက်ပဲ ငါလုပ်ပေးလိုက်တာ။ ရေရှည်သုံးဖို့အတွက် လုံးဝမဟုတ်ဘူး။ ဒီတော့ ဒီအဆောင်ကို ဒီနေ့ကစပြီး နောက်တစ်လတိတိ ပြည့်တဲ့အချိန်မှာ မီးဖိုထဲထည့်ပြီး ဖျက်ဆီးပစ်လိုက်ရမယ်။ ဒါဟာ မင်းတို့အထူးလိုက်နာရမယ့် စည်းကမ်းပဲ။ ငါပြောတဲ့အတိုင်း မင်းတို့ လိုက်နာနိုင်ပါ့မလား"

"လိုက်နာနိုင်ပါတယ် ဆရာကြီး"

သံပြိုင်ပြန်ဖြေလိုက်ကြသည်။ ထိုအခါ ဆရာကြီးက လေးခွဘက်သို့ ဦးစွာမျက်နှာမူကာ ပြောလိုက်သည်။

"ကိုင်း . . ဂျင်သမား။ မင်းလက်ဝါးဖြန့်။ ရော့ . . . ဟောဒီအဆောင်လေးကို ကိုယ်နဲ့မကွာအောင် ဆောင်ထား။ ဒီအဆောင် မင်းဆီမှာရှိတယ်ဆိုတာလည်း ဘယ်သူမှမသိစေနဲ့။ ဂျင်ဝိုင်းကို သွားခါနီးပြီဆိုတော့မှ လူမမြင်နိုင်တဲ့နေရာမှာ ဒီအဆောင်လေးကို မင်းနားထဲထည့်သွား။ သူက ဘယ်လိုအာနိသင်ပြမလဲဆိုတာ လက်တွေ့သိရလိမ့်မယ်။ ကြားလား"

"ဟုတ် . . . ဟုတ်ကဲ့ဆရာကြီး"

ဆရာကြီးက လေးခွ၏ လက်ဝါးထဲသို့ ပစ္စည်းလေးတစ်ခုကို ထည့်ပေးလိုက်သည်။ ထိုပစ္စည်းလေးကား သတ္တုပြား (သို့မဟုတ်) သွပ်ဖြူပြားလေးကို လိပ်ခွေထားသကဲ့သို့ ပုံစံမျိုးရှိပြီး အလွန်တရာမှလည်း သေးငယ်လှပေသည်။ ထို့ပြင် ထိုသို့လိပ်ခွေထားရာတွင်လည်း တစ်ဘက်က အဝကျယ်ပြီး၊ တစ်ဘက်က အဖျားရှူးလျက်ရှိရာ ရုတ်တရက်ဆိုပါက ကတော့ကလေးနှင့်ပင် တူသလိုလို၊ အော်လံကလေးနှင့်ပင် တူသလိုလို ရှိနေလေသည်။

ဆရာကြီးမင်းစက္ကက ကြံချောင်းဘက်သို့ မျက်နှာမူလိုက်ပြန်သည်။

"ရော့ . . . ယောက်ဖကြောက်ရတဲ့အကောင်။ မင်းလည်း ဒါကို ကိုယ်နဲ့မကွာအောင် ဆောင်ထား။ ဒီပစ္စည်း မင်းဆီမှာရှိတာကိုလည်း ဘယ်သူမှမသိစေနဲ့။ မင်းယောက်ဖတွေက မင်းကိုရန်ပြုလာပြီဆိုတာနဲ့ ဒီအဆောင်ကို ပါးစပ်ထဲမှာငုံထားပြီး အံသွားနဲ့ တင်းတင်းကြိတ်ထား။ သူလယ်လိုအစွမ်းပြလာလိမ့်မယ်ဆိုတာ ပွဲတွေ့သိရလိမ့်မယ်။ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီးပေးသော အဆောင်လေးကို ကြံချောင်းက တရိုတသေလှမ်းယူလိုက်သည်။ ထိုပစ္စည်းကလေးမှာ နီးပြားတစ်ပြားစာခန့် ဗြက်အကျယ်ရှိပြီး၊ အရှည်အားဖြင့် လက်မဝက်သာသာခန့်ရှိသော အပြားကလေးတစ်ပြား ဖြစ်လေသည်။ သတ္တုပြားကလေးနှင့်ပင် သဏ္ဍာန်တူပြီး အရောင်ကမူ ညိုညစ်ညစ်အရောင်ရှိလေသည်။ ဆရာကြီးက သူတို့နှစ်ယောက်စလုံးကို ထပ်မံ၍ မှာကြားလိုက်သည်။

"မင်းတို့သိထားဖို့က အခုငါပေးလိုက်တဲ့ မင်းတို့ရဲ့ အဆောင်တွေမှာ အစောင့်ရှိတယ်၊ အစောင့်မှီနေတယ်ဆိုတာပဲ။ ပြောရရင် အဲဒီအစောင့်တွေကပဲ မင်းတို့ရဲ့အလိုကို ကူညီပေးသွားမှာ၊ ဖြည့်ဆည်းပေးသွားမှာဖြစ်တယ်။ ဒီတော့ ဒီအစောင့်တွေကို မင်းတို့အစာကျွေးရလိမ့်မယ်။ နေ့စဉ်မှန်မှန်ကျွေးရလိမ့်မယ်။ သူ့ကိုအစာကျွေးဖို့ကတော့ သိပ်ခက်ခက်ခဲခဲမရှိဘူး။ ကိုယ့်အိမ်ဝိုင်းထဲမှာ သစ်ပင်တစ်ပင်ရှိရင် အဲဒီသစ်ပင်ရဲ့ ခွဆုံနေရာမျိုးမှာ အမဲသားပိသာတွဲတစ်တွဲကို သွားချိတ်ထားလိုက်ရုံပဲ။ အချိန်ကတော့ ညဘက်တွေမှာ ကျွေးရလိမ့်မယ်။ နေဝင်ပြီးလို့ မှောင်လာပြီဆိုတာနဲ့ သူ့ကိုကျွေးလို့ရပြီ။ ငါပြောတာ ကြားကြလား"

"ဟုတ်ကဲ့၊ ကြားပါတယ်ခင်ဗျာ"

"ကိုင်း . . . ဒါဖြင့် မင်းတို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆက်ပြီးစခန်းသွားကြပေတော့။ ငါလည်းပြန်တော့မယ်"

ပြောပြီး ဆရာကြီးမင်းစက္ကက သူ၏ပစ္စည်းပစ္စယများအား ခရီးဆောင်အိတ်ကြီးအတွင်းသို့ ပြန်ထည့်နေလေသည်။ ထိုပစ္စည်းများမှာ လူခေါင်းခွံတစ်ခု အပါအဝင် အရေအတွက်ရော၊ အမျိုးအစားပါ များပြားလှသည်ကို တွေ့ရသည်။ ထိုပစ္စည်းများကို အိတ်ကြီးအတွင်းသို့ထည့်ပြီးချိန်တွင် လေးခွက ဆရာကြီးကို ရိုသေစွာ ပြောလိုက်သည်။

"ဆရာကြီးခင်ဗျာ။ ကျွန်တော်တို့ ဆရာကြီးကို လိုက်ပို့ပါရစေ။ ပြီးတော့ ဆရာကြီးဘယ်မှာနေတယ်ဆိုတာလေးကိုလည်း ကျွန်တော်တို့ကို ပြောပြခဲ့ပါဦး"

"အေး . . . မင်းတို့လိုက်ပို့ချင်တယ်ဆိုရင် ငါ့ကို ကားဂိတ်အထိ လိုက်ပို့နိုင်တယ်။ ဟိုဘက်ကိုတော့ ဆက်မလိုက်ကြနဲ့တော့။ ငါကအခု တူးလွန်းတောင်ခြေက ဒက္ခိဏာရုံကျောင်းမှာ ခဏတည်းခိုတယ်။ ဒါပေမဲ့ မနက်ဖြန်ပဲ ငါပြန်တော့

www.burmeseclassic.com

မှာ။ ငါ့အကြောင်းကို ဒီထက်ပိုပြီးမသိချင်နဲ့တော့။ ငါနဲ့ ခုလိုတွေ့ခဲ့ရတယ်ဆိုတဲ့ အကြောင်းကိုလည်း ဘယ်သူ့ကိုမှ မပြောပြမိစေနဲ့။ ဒီကိစ္စကို အထူးလျှို့ဝှက်ထားကြရမယ်။ ကြားကြရဲ့လားဟေ့''

''ဟုတ်ကဲ့ခင်ဗျ။ ဟုတ်ကဲ့ပါ''

ထို့နောက် ဆရာကြီးက ဦးစွာထိုင်ရာမှထလိုက်သည်။ အလာတုန်းကလိုပင် ကြဲချောင်းက ဆရာကြီး၏အိတ်ကို ပခုံးတွင် ကောက်ထမ်းလိုက်သည်။ ထို့နောက် သုံးဦးသား အုတ်ဂူများ၊ မြေပုံများကို ဖြတ်ကျော်၍ သင်္ချိုင်းအတွင်းမှ မယောင်မလည် ပြန်ထွက်လာခဲ့ကြလေသည်။

× × × × ×

နောက်တစ်နှစ်ခန့်အကြာတွင် ဖြစ်လေသည်။

အချိန်မှာ နံနက်ပိုင်းတွင်ဖြစ်သည်။ လူတစ်ယောက်က လူစည်ကားရာ မြို့လယ်လမ်းမကြီးအတိုင်း လျှောက်လာရာမှ လမ်းကြားတစ်ခုနားအရောက်တွင် ထိုလမ်းကြားထဲသို့ လှစ်ခနဲချိုးဝင်လိုက်လေသည်။ ယိုလမ်းကြားထဲ၌ လူသွားလူလာဟူ၍ အတော်ပင်ရှင်းလင်းနေသည်။ သို့သော် ထိုလူက လမ်းကြားထဲသို့ ရောက်သည်နှင့် သူ့ကိုယ်သူ မလုံမလဲဖြစ်ဟန်ဖြင့် နောက်ပိုင်းသို့ မကြာမကြာ လှည့်ကြည့်လှည့်ကြည့် လုပ်၍နေလေသည်။ သူ၏အသွင်သဏ္ဌာန်မှာလည်း ပုံမှန်အတိုင်းမဟုတ်။ တစ်စုံတစ်ရာအား ထိတ်လန့်ကြောက်ရွံ့နေသည့် အမူအရာမျိုး ထင်ပေါ်လျက်ရှိသည်။ ထိုလူမှာ လျှာထိုးဦးထုပ်တစ်လုံးကို ဆောင်းထားသည်ဖြစ်ရာ သူ၏ဦးထုပ်ကို မျက်နှာဖုံးမိအောင် တမင်ဆွဲချလိုက်ပြီးနောက် ထိုလမ်းကြားအတိုင်းပင် ခြေလှမ်းကို ခပ်သွက်သွက် လှမ်းနေလေတော့သည်။

ထိုအချိန်မှာပင် ထိုလမ်းကြား၏ အခြားတစ်ဖက်မှ လူတစ်ယောက်က ခပ်သွက်သွက်ဝင်လာပြန်လေသည်။ ဖိုလူမှာ အမွေးပွပွနှင့် ခေါင်းစွပ်တစ်ခုကို စွပ်ထားပြီး လက်နှစ်ဘက်အား သူဝတ်ထားသော ဂျာကင်အင်္ကျီ၏ အိတ်များအတွင်းသို့ စုံနှိုက်၍ထားလေသည်။ သူသည်လည်း သူ၏မျက်နှာကို ခပ်ကွယ်ကွယ်ပြုလိုဟန်ဖြင့် ခေါင်းကို အောက်သို့ငုံ့ပြီး လျှောက်လာနေလေသည်။

ဤတွင် ခေါင်းများကို အသီးသီးငုံ့၍ မျက်နှာချင်းဆိုင်လျှောက်လာနေကြသော ထိုလူနှစ်ဦးမှာ လမ်းကြား၏ အလယ်နားလောက်အရောက်တွင် တစ်ဦးနှင့်တစ်ဦး ပခုံးချင်း တိုက်မိကြလေတော့သည်။ ထိုသို့တိုက်မိသွားသော အရှိန်မှာ အတော်ပင်ပြင်းထန်ရကား နှစ်ဦးစလုံးပင် ဘေးသို့ ယိုင်ထွက်သွားကြလေသည်။ ထို့ပြင် သူတို့၏ ဦးခေါင်းပေါ်မှ ခေါင်းဆောင်းများကပါ ထိုအရှိန်ကြောင့် ကျွတ်ကျလွင့်စဉ်သွားသည်။ ထိုအခါ သူတို့မှာ မိမိပစ္စည်းကိုမိမိ ကပျာကယာပင် ပြန်လည်ကောက်ယူလိုက်သည်။ ထိုအချိန်မှာပင် တစ်ဦးမျက်နှာကို တစ်ဦးက အမှတ်မထင် လှမ်းကြည့်လိုက်မိကြရာမှ နှစ်ဦးသား အံ့အားသင့်လျက် ပါးစပ်အဟောင်းသား ဖြစ်သွားမိကြလေသည်။ ပြီးလျှင် အသီးသီး၏နှုတ်မှ အာမေဋိတ်သံများက ချက်ချင်းပင် ထွက်ပေါ်လာကြတော့သည်။

''အလို ... ခင်ဗျား ကျွန်းရွှေလှသား ဂျင်သမားမဟုတ်လား''

''ဟာ ... ခင်ဗျား ပဲလင်းမြောင်သားပဲ။ ဟုတ်တယ် မဟုတ်လား''

''သိပ်ဟုတ်တာပေါ့။ ခင်ဗျားကို တွေ့ချင်နေတာနဲ့ အတော်ပဲ''

''ကျုပ်လည်း ခင်ဗျားကိုတွေ့ချင်နေတာပါပဲ။ ဝမ်းသာလိုက်တာဗျာ။ ကြုံမှကြုံတတ်ပလေ''

ထို့နောက် နှစ်ယောက်သား တစ်ဦးလက်ကိုတစ်ဦးဆုပ်၍ ဝမ်းသာအားရ နှုတ်ဆက်ကြလေသည်။ သို့သော် ထိုခဏ၌ သူတို့နှစ်ဦးစလုံး ပုံပန်းသဏ္ဌာန်က ပတ်ဝန်းကျင်ကို သက်ာမကင်းဖြစ်ဟန်ဖြင့် ရှိုးတိုးရှန့်တန့်ဖြစ်လျက်ရှိကြရာ ထိုကဲ့သို့ အမူအရာပျက်နေပုံချင်း ထူးဆန်းစွာ တိုက်ဆိုင်နေပုံမှာ အလွန်မှ အံ့ဩစရာကောင်းနေလေတော့သည်။

ကြဲချောင်းက လေသံကိုနှိမ့်၍ လေးခွကို ပြောလိုက်သည်။

''ကိုင်း ... ကျုပ်တို့ တစ်နေရာကို သွားပြီး စကားပြောကြရအောင်''

''ကောင်းသားပဲ။ ရွှေအင်းတောင်ဘုရားပေါ်ကို သွားကြရအောင်။ အဲဒီမှာ လူရှင်းတယ်''

ထို့နောက် နှစ်ယောက်သား ထိုနေရာမှ ထွက်ခွာလာကြသည်။ အတန်ကြာအောင် ခပ်သုတ်သုတ်လျှောက်လာကြပြီးနောက် ရွှေအင်းတောင်ဘုရားသို့ ရောက်ကြလေသည်။ ဖိနပ်များကို ချွတ်ကာ စောင်းတန်းအတိုင်း ဘုရားတောင်ပေါ်သို့ တက်လာခဲ့ကြသည်။

ထိုအချိန်တွင် တောင်ခြေရှိ ခြသေ့ကြီးနှစ်ကောင်အနီးတွင် ခွက်ကလေးတစ်လုံးကို ရှေ့ချ၍ ထိုင်နေသော သူတောင်းစားကြီးတစ်ဦးက သူတို့နှစ်ဦး စောင်းတန်းအဝသို့ ရောက်လာပုံကိုလည်းကောင်း၊ ဖိနပ်ချွတ်ပြီး စောင်းတန်းပေါ်သို့ တက်သွားကြပုံကိုလည်းကောင်း၊ စူးစူးရဲရဲ ကြည့်ရှုနေသည့်အဖြစ်ကိုမူ သူတို့နှစ်ဦးကလုံးဝ သတိမမူမိလိုက်ကြပါပေ။

*(ဆက်လက်ဖော်ပြပါမည်။)*

ရဲမြတ်တင်




www.burmeseclassic.com

www.burmeseclassic.com

# သူယုံကြည်ရာ သူတို့ကမ္ဘာ

## မြင့်လွင် (ဂျပန်ဘာသာ)



ပုံ(၁)

ကမ္ဘာပေါ်တွင် နိုင်ငံအမျိုးမျိုး၊ လူမျိုးအထွေထွေ ရှိကြသည့်ပြင် ယုံကြည်ရာ ဘာသာအမျိုးမျိုးလည်း ရှိကြသည်။ ယနေ့သိပ္ပံခေတ်ကြီးတွင် ဆေးသိပ္ပံပညာ မည်မျှတိုးတက်ဖွံ့ဖြိုးနေသည်ဟု ဆိုသော်လည်း ရိုးရာဓလေ့ကို မစွန့်လွှတ်ကြသေးဘဲ ရှိကြသေးသည်။ ကမ္ဘာတစ်လွှား နိုင်ငံအသီးသီးတွင် ရှေးရိုးစဉ်လာ ယုံကြည်မှုဖြင့် ဆေးကုသခံယူနေကြသည့် ဓလေ့ထုံးစံများ တွေ့ရှိရဆဲ ဖြစ်သည်။ ထိုသို့ ဆေးကုသမှုမျိုးကို မြန်မာနိုင်ငံတွင် ဘုရားကု၊ နတ်ကု၊ ယတြာကု ဟု ဆိုကြသည်။ ဤကိစ္စမျိုးတွင် ယုံကြည်မှု အရေးကြီးလေသည်။ မြန်မာနိုင်ငံတွင်လည်း ဓာတ်ဆရာများက လာရောက်ဆေးကုသခံယူသူ လူနာများကို ယုံယုံကြည်ကြည်လုပ် ဆောင်ပါ၊ ယုံကြည်လျှင် ရိုးရိုးရေအိုးစင်က ရေတစ်ခွက်သည့် ဆေးဖြစ်နိုင်သည် ဟု ဆိုလေ့ရှိသည်။ ကျူးဘားနိုင်ငံတွင် စန္တာရိယာဂိုဏ်း၊ ဆိုက်ဘေးရီးယားမှ ရှာမန်ဂိုဏ်းများဆိုလျှင်လည်း ယုံကြည်မှုဖြင့် ဆေးကုသခံယူသော ဓလေ့ ရှိနေဆဲ ဖြစ်သည်။ သူတို့ကမ္ဘာ သူတို့လောကတွင် မည်သို့ဆေးကုသခံယူနေကြသည်ဟု စာဖတ်သူတို့ ဗဟုသုတရရှိစေရန် ဖော်ပြလိုက်ရပါသည်။

www.burmeseclassic.com



ပုံ(၂)

ပုံ(၁)မှာ စန္တာဖီ(Santa Fe)မြို့ မြောက်ဘက် ကီလိုမီတာ ၄၈ (မိုင် ၃၀ ခန့်)အကွာတွင်ရှိသော ကျေးရွာတစ်ရွာမှ ခရစ်ယာန်ဘုရားရှိခိုးဝတ်ကျောင်းမှ ထာဝရဘုရားသခင် တန်ခိုးသက်ရောက်မှုရှိသည့် မြင့်မြတ်သော ဖုန်မှုန့်(Holy Dust)တွင်းရှိရာ အခန်းဖြစ်လေသည်။ နေမကောင်းသူများသည် ဤအခန်းသို့ လာရောက်ပြီး ဖုန်တွင်းမှ ဖုန်မှုန့်များကို လက်နှင့်ကိုင်လိုက်ခြင်းဖြင့် ဖျားနာရောဂါ ပျောက်ကင်းသည်ဟု ယုံကြည်ကြလေသည်။ အချို့ဆိုလျှင် ဖုန်တွင်းနှုတ်ခမ်းတွင် ဒူးထောက်ပြီး ဖုန်မှုန့်ကို နမ်းကြသည်။ အချို့ကျပြန်တော့ တစ်ကိုယ်လုံးကို ဖုန်မှုန့်များ လိမ်းကျံကြရုံမကသေး၊ စားပင်စားကြသည်ဟု ဆိုကြသည်။

အချို့ဆိုလျှင် ရပ်ဝေးတွင် နေမကောင်းဖြစ်နေသူများအတွက် ၎င်းတို့၏ခေတ်ပုံတွင် ဤမြင့်မြတ်သော ဖုန်ကို သုတ်လိမ်းပေးလိုက်ခြင်းဖြင့် ရောဂါပျောက်ကင်းချမ်းသာသွားသည်ဟု ဆိုပါသည်။ သို့သော်လည်း ဤဘုရားကျောင်း(Church)သည် စန္တာဖီမြို့မြောက်ဘက်ဟု ဆိုသော်လည်း မည်သည့်နိုင်ငံ ဆိုသည်ကား သတင်းတွင် ဖော်ပြခြင်းမရှိပါ။

ပုံ(၂) အိန္ဒိယအစိုးရ ထိန်းချုပ်ထားသော ကက်ရှ်မီးယားနိုင်ငံတွင် အစ္စလာမ်ဘာသာမှ ဂိုဏ်းအချို့သည် ကိုရန်ကျမ်းလာ ဂါထာများကို ရွတ်ဆိုပြီး ဆေးကုသသော ထုံးစံရှိလေသည်။ ရှရီနာဂါ(Srinagar)မြို့တွင် လူတစ်ယောက် ယာယီမျက်စိကွယ်သွားရာ ဆေးဆရာ မွန်ရှီဆရပ်ဟူစီန်ခါဇမီ (Monshi Syed Hussi Cazami)က ကိုရန်ကျမ်းမှ ဂါထာကို ရွတ်ဖတ်ပြီး ဆေးကုသပေးနေပုံဖြစ်သည်။

ပုံ(၃) **ရှိုနာအန်ဒိုကျောက်တုံး(Shna Ndo)**

အစ္စရေးနိုင်ငံရှိမြို့တော် ဂျေရုဆလင်ရှိ ဘုရားကျောင်းများသို့ ဝတ်ပြုသွားကြသူများသည် ရှိုနာအန်ဒိုကျောက်တုံးရှိရာ လက်အယ်ဘေးနီးယား(LAC LABANIA)မြို့တွင် ခေတ္တရပ်နားကြပြီး ထိုကျောက်တုံးကြီးကို ဦးတိုက်ကြ၏။ ထိုသို့ဦးတိုက်ခြင်းဖြင့် အဖျားအနာရောဂါဘယ ပျောက်ကင်းကြသည်ဟု ယူဆကြသောကြောင့် ကလေးငယ်တစ်ဦးအား ၎င်း၏ ညီအစ်ကို၊ မောင်နှမများက ကျောက်တုံးနှင့် ထိခိုက်ခြင်းပုံ ဖြစ်လေသည်။

ပုံ(၄)တွင် ပုံမှာ ရုရှားနိုင်ငံ၊ ဆိုက်ဘေးရီးယားပြည်နယ်တွင် ရှာမန်နစ်(Shamanic)ဂိုဏ်းဆရာတစ်ဦးက ၎င်း၏ ဂိုဏ်းဂါထာများကို ရွတ်ဆိုရင်း ဘိုးရမ်(Bodhram)ပုံကို ဖန်တီးပြီး ဆေးကုသနေပုံ ဖြစ်သည်။ ရှာမန်ဂိုဏ်း၏ ယုံကြည်မှု၌ ကမ္ဘာဟူသည် နှစ်ခုရှိသည်။ မြင်ရသောကမ္ဘာ (Visible World)နှင့် (Unvisible World) မမြင်ရသောကမ္ဘာဟူ၍ ဖြစ်သည်။ ရှာမန်ဂိုဏ်းဆရာများသည် မမြင်ရသော ကမ္ဘာမှ နတ်များကို ဆက်သွယ်ပြီး ဝေဒနာရှင်များအား ဆေးကုသပေးသည်ဟု ယုံကြည်ကြလေသည်။



ပုံ(၃)


www.burmeseclassic.com



ပုံ(၄)

ပုံ(၅) ကျူးဘားနိုင်ငံမှ အာဖရိကန်–အမေရိကန်ကပြား များသည် ရိုမန်ကတ်သလစ်ဘာသာဝင်များ ဖြစ်ကြသော်လည်း စန္တာရီ ယာဂိုဏ်းသားများသည် ခရစ်ယာန်သူတော်စင် စိန့် (Saint)များကို ရှိခိုးသလို စန်တို(Santo) နတ်ဘုရားနှင့် အာဖရိကန်တို့၏ အမာလ်ဂမ်(Amalgan) နတ်ဘုရားများကိုလည်း ရှိခိုးကြသည်။ ဤပုံတွင် ကျူးဘားသမ္မတကြီး ဖီဒယ်လ်ကတ်စရို(Fedel Castro) မမာမကျန်းဖြစ်နေစဉ် သူတို့၏ ထုံးစံအတိုင်း ကြက်ဖတစ်ကောင်ကို ယဇ်ပူဇော်ရန်အတွက် အဆင့်မြင့်ယဇ်ဆရာ ဗစ်တာဘီတန်ကုတ် (Victor Betan Court)က ပြင်ဆင်နေပုံဖြစ်သည်။ သမ္မတကြီးကတ်စရိုသည် ကမ္ဘာ့ထိပ်တန်း ကွန်မြူနစ်ကြီးတစ်ဦး ဖြစ်သည်။ သို့သော် သူတို့လည်း ရိုးရာဓလေ့ကို ယုံကြည်နေဆဲ ဖြစ်သည်။

ပုံ(၆) ဖယ်လက်စဝီပွဲတော်။ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းတွင် နေထိုင်ကြသော ဟိန္ဒူများသည် ၎င်းတို့ရိုးရာ ပြက္ခဒိန်တွင် အရေးအကြီးဆုံးနှင့် အမြင့်မြတ်ဆုံးပွဲတော်တစ်ရက် ရှိလေသည်။ နှစ်သစ်တွင် နတ်ဘုရားများကို ဆုတောင်းသော ပွဲဖြစ်လေသည်။ ထိုပွဲတော်သည် တစ်ဦးတစ်ယောက်အတွက်မဟုတ်ဘဲ သူတို့ဘာသာဝင် အားလုံးအတွက် ဆုတောင်းသောပွဲ ဖြစ်လေသည်။



ပုံ(၅)

ပုံ(၇) ယူကရိန်းနိုင်ငံ၊ မြို့တော် ကေ့(ဗ်)(Kiev)မှ မြင်ကွင်းတစ်ခု ဖြစ်သည်။ ကေ့ဗ်မြို့တော်တွင် နိုင်ဂျီးရီးယားနိုင်ငံသား ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါး တည်ထောင်ထားသော "ဘုရားသခင်၏သံရုံး" (Embassy of God)ဟူသော ဂိုဏ်းတစ်ဂိုဏ်းရှိလေသည်။ ထိုဂိုဏ်းသည် ခရစ်ယာန်ပရိုတက်စတင်ဂိုဏ်း ဖြစ်လေသည်။ ထိုဂိုဏ်းသားများ၏ ယုံကြည်မှုမှာ ၎င်းတို့အထဲမှ တစ်ယောက်ယောက်သည် ထာဝရဘုရားသခင်၏ မြင့်မြတ်သောအမိန့်ကို ခံယူခွင့်ရှိပြီး၊ ထိုသူ၏ နှုတ်ကရွတ်ဆိုသော ဂါထာ၊ ၎င်း၏ လက်တို့ဖြင့် ဆေးကုသပေးနိုင်သည်ဟု ဆိုပါသည်။ ပုံတွင် အမျိုးသမီးတစ်ဦး ဆေးကုသခံယူနေပုံ ဖြစ်သည်။

ပုံ(၈) ဗင်နီဇွဲလားနိုင်ငံ၊ ကွီဘာယို (Quibayo)မြို့မှ ဗယ်လစီယွန် (Velacion) ဆေးကုသပုံဖြစ်သည်။ ဆေးကုသခံယူနေပုံ ဖြစ်သည်။ ဆေးကုသခံယူမည့် ဝေဒနာရှင်



www.burmeseclassic.com

www.burmeseclassic.com




ပုံ(၆)



ပုံ(၇)

သည့် မြေကြီးပေါ်တွင် ပေါင်မှုန့်ဖြင့် ဂမ္ဘီရအမှတ် အသားများ ရေးဆွဲထားသည့် အော်ရာကိုလို(Oracolo)ခေါ် မြေပလ္လင်ပေါ်တွင် အိပ်ရသည်။ ထို့နောက် မြေပလ္လင်၏ ဘေးပတ်ပတ်လည်တွင် ဖယောင်းတိုင်များ ထွန်းညှိထားသလို သစ်သီးနှင့် ပန်းများလည်း ပြင်ဆင်ပေးရသည်။ ထိုအစီပွာယ်မှာ မမြင်ရသော ပရလောကမှ တန်ခိုးများ ဝင်ရောက်စေရန်ဖြစ်သည်ဟု ဆိုပါသည်။ ဤနည်းဖြင့် ရောဂါပျောက်ကင်းသည်ဟု ယုံကြည်ကြလေသည်။

ပုံ(၈) အာဖရိက ဆူဒန်နိုင်ငံမှ ဆေးပညာနည်းတစ်မျိုးဖြစ်သည်။ ဟိမယ (himaya)ခေါ် ဆေးကုသနည်းမှာ သစ်သားဖြင့်ပြုလုပ်ထားသော သင်ပုန်းပေါ်တွင် အထူးဖော်စပ်ထားသော မင်ကို အထူးပြုလုပ်ထားသော ကလောင်တံဖြင့် ကိုရန်ကျမ်းမှ




ပုံ(၈)



www.burmeseclassic.com

www.burmeseclassic.com

ပုံ(၉)





ပုံ(၁၀)

ဂါထာများကို ရေးသားရလေသည်။ ဂါထာများ အပြည့်ရေးပြီးသောအ ထိုသင်ပုန်းကို ရေဆေးချလိုက်သည်။ ထိုရေကိုခွက်တစ်ခုနှင့်ခံထား လူမမာကို သောက်ခိုင်းစေခြင်းဖြင့် ခံစားနေရသော ဝေဒနာပျော ကင်းသည်ဟု ယုံကြည်ကြလေသည်။

ပုံ(၁၀) ခရစ်ယာန်ဘာသာတွင် အပျိုစင်မေရီသည် ခရစ်နှ ၁၈၅၈ ခုနှစ်က ပြင်သစ်နိုင်ငံ လာဒက်စ်(Lardes)တွင် တောသူမလေ အသွင်နှင့် ပေါ်ပေါက်လာသည်ဟု ဆိုပါသည်။ မေရီပေါ်ပေါက်ခဲ့သော နေရာသည် တစ်ကမ္ဘာလုံးရှိရှိ ခရစ်ယာန်ဘာသာဝင်များ ဘုရား ထွက်ရာတွင် အဓိကရောက်ရှိရမည့်နေရာ တစ်နေရာလည်း ဖြစ်ပေ သည်။ ထိုနေရာမှ စိမ့်ထွက်နေသော စမ်းရေကို အမြိုက်ရေစင် (Ho Water)အဖြစ် သောက်သုံးလျှင် ရောဂါကင်းရှင်းနိုင်သည်ဟု ယုံကြည် သဖြင့် လာရောက်ကြသူများ ပုလင်းဖြင့်ခံယူနေပုံ ဖြစ်သည်။

မြင့်လွင်(ဂျပန်ဘာသာ)

**Ref; Time မဂ္ဂဇင်းမှ**



www.burmeseclassic.com

www.burmeseclassic.com

# ဝစ်ကောရာဇ်နပိုလီယံ နှင့် ဗေဒင်ပညာ

■ နျူမာန်(မိုးတား)



## (အပိုင်း-၆)

### မှန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့်

လူသားတို့သည် ပုခက်တွင်းမှ စတင်ကြီးပြင်းလာချိန် ဘဝခရီးအစမှသည် သုသာန်သို့သွားရာ လမ်းခရီးတစ်လျှောက်လုံးတွင် မိမိဘဝ တိုးတက်ရေး၊ အောင်မြင်ရေး၊ ကြီးပွားချမ်းသာရေး၊ ဂုဏ်သိက္ခာ၊ ဩဇာအာဏာကြီးမားရေးတို့ကို အာရုံစိုက်လုပ်ဆောင်ကြ၏။ သတ္တဝါတို့၏ မူလပင်ကိုဓာတ်ခံ သဘာဝဖြစ်သော လောဘ၊ ဒေါသ၊ မောဟတို့အနေဖြင့် အရင်းအတိုင်း ကိန်းအောင်းရှိနေခဲ့ကြသည်သာမက ဘဝလမ်းခရီးတစ်လျှောက်တွင် အောင်မြင်မှုတို့ကို အမှီပြုဖြစ်ပေါ်လာသော အတ္တတရား၊ မာန်မာနများ ဆုံးရှုံးမှုတို့ကို မှုတည်၍ ဖြစ်ပေါ်သော သောက၊ ပရိဒေဝ၊ ဒေါမနဿ၊ အာဃာတတရားများကို ကြုံကြိုက်သလို ကောက်ယူစုဆောင်းသယ်ဆောင်သွားကြရင်း နောက်ဆုံးတွင် သေဆုံးခြင်းဖြင့်သာ အဆုံးသတ်ကြပါ၏။ စတင်ရှင်သန်သည်မှ နောက်ဆုံးသေဆုံးချိန်အထိ အဆုံးအမြတ်စာရင်းချုပ်ကြည့်လိုက်ပါမူ



www.burmeseclassic.com

www.burmeseclassic.com

တကယ်ပိုင်ဆိုင် ရရှိသွားသည်ကား မိမိ၏ဘဝလမ်းကြောင်းတွင် မိမိလုပ်ဆောင်ခဲ့သော ကောင်းမှု၊ မကောင်းမှုတို့သာ ဖြစ်၏။

ရှေးကုသိုလ်ကောင်း၍ ဘုန်းတန်ခိုးကြီးမားခွင့်ရခြင်းဖြင့် ကောင်းမှုများ လုပ်ဆောင်လိုပါက အောင်မြင်စွာ လုပ်ဆောင်ခွင့်ရသလို၊ လူအများ၏ဘဝကို အပြောင်းအလဲ ပြုလုပ်ခြယ်လှယ်နိုင်ခြင်းနှင့်တကွ လောကအကျိုးတို့၏ ပျက်စီးခြင်းများစွာတို့ကို ဖန်တီးနိုင်စွမ်းရှိပါ၏။

ကံ–ကံ၏အကျိုးသည်သာ ယုံကြည်စရာ ဖြစ်သဖြင့် အောင်မြင်ခြင်းတို့သည်လည်း မမြဲ၊ တစ်နေ့တွင် အဆုံးသတ်ရမည်ကို နပိုလီယံ၏ ဇာတာက ညွှန်းဆိုပြသနေဖြင့် ဤဆောင်းပါးသည် နက္ခတ်ဗေဒင်သက်သက် ဝေဖန်သုံးသပ်ဖော် ဗေဒင်ဆောင်းပါးသက်သက်မျှ မဟုတ်ဘဲ စာဖတ်သူများအနေဖြင့် သံဝေဂဉာဏ် ဆင်ခြင်နိုင်ရန်အတွက်ပါ ရည်ရွယ်ရေးသားထားသော ဆောင်းပါးဖြစ်ပါသည်။



## ဧကရာဇ်မင်းအဖြစ် ဘိသိက် သွန်းခံချိန် စစ်ဆေးချက်

နပိုလီယံ၏ အထွတ်အထိပ်သို့ ရောက်ချိန် ဥရောပတစ်ခွင်တွင် ဘုန်းတန်ခိုးထင်ရှား၍ ဧကရာဇ်မင်းအဖြစ် ရာဇဘိသိက်သွန်းခံချိန်ဇာတာကို မိုးတားနက္ခတ္တဝေဒနည်းဖြင့် ဆန်းစစ်ပြမည် ဖြစ်ပါသည်။

နပိုလီယံသည် ၁၈၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်တွင် မင်းအဖြစ် ဘိသိက်သွန်းခံခဲ့သည်။

အောက်ပါ ဇာတာစက်သည် နပိုလီယံ၏ မူလဇာတာစက်နှင့် ဂေါစာဇာတာစက် (ဘိသိက်ခံ နန်းတက်ချိန်)တို့ကို ယှဉ်တွဲဖော်ပြထားခြင်း ဖြစ်သည်။

ဆက်လက်၍ အောက်တွင်ဖော်ပြသော ဂရပ်ဖ်မှာ ဂေါစာဂြိုဟ်များက မူလဂြိုဟ်များနှင့် အတန့်ဘာဝများပေါ်သို့ မည်သို့မည်ပုံ လွှမ်းမိုးနေသည်ကို မိုးတားနည်းစနစ်ဖြင့် သုံးသပ်တွက်ချက်ထားခြင်း ဖြစ်သည်။


နောက်တစ်ချက်အနေဖြင့် နပိုလီယံ၏ တစ်သက်တာ ကံကြမ္မာအနိမ့်အမြင့်ကို ဒသာစနစ်တွင် မိုးတားနည်းစနစ်ဖြင့် သုံးစွဲ၍ ဖော်ပြထား၏။

## ဂေါစာစစ်ဆေးချက်


ပထမဦးစွာ ဇာတာရှင်၏ မူလဂြိုဟ်နှင့် ဘာဝများအပေါ်တွင် ဂေါစာဂြိုဟ်များ၏ လွှမ်းမိုးမှုကို လေ့လာရပါမည်။

မကာရရာသီတွင်တည်သော မူလတနင်္လာအား ဂေါစာရာဟုမှ ဒီဂရီ (အံသာ) နီးစပ်စွာ လာပူးထား၏။ ထို

မူလ ဇာတာစက်





ဂေါစာ ဇာတာစက်




www.burmeseclassic.com

**(၂-၀၂-၁၈၀၄) ဘီဘိတ်စံချိန်**

## မူလဘွား ဂြိုဟ်တို့၏ အင်အားနှင့် ဂြိုဟ် အချင်းချင်း လွှမ်းမိုးနေမှု (ကောဇာဂြိုဟ်အပါအဝင်)



| | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | ရာဟု | ကိတ် |
|---|---|---|---|---|---|---|---|---|---|
| ■ ဂြိုဟ်ဆိုး(ကောဇာမှမူလ) | 0% | -164% | 0% | 0% | 0% | 0% | -200% | 0% | 0% |
| ■ ဂြိုဟ်ကောင်း(ကောဇာမှမူလ) | 0% | 0% | 0% | 0% | 94% | 0% | 61% | 0% | 0% |
| □ ဂြိုဟ်ကောင်း(မူလ) | 0% | 82% | 0% | 0% | 0% | 0% | 82% | 0% | 0% |
| ■ ဂြိုဟ်ဆိုး(မူလ) | -100% | 0% | 0% | 0% | -0% | 0% | 0% | -100% | -100% |
| ■ မူလအင်အား | 126% | -98% | 125% | -73% | 173% | 124% | -98% | 112% | 63% |




| | H1 | H2 | H3 | H4 | H5 | H6 | H7 | H8 | H9 | H10 | H11 | H12 |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ■ ဂြိုဟ်ကောင်း(ကောဇာမှမူလ) | 0% | 65% | 0% | 0% | 0% | 0% | 0% | 65% | 0% | 0% | 0% | 0% |
| ■ ဂြိုဟ်ဆိုး(ကောဇာမှမူလ) | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| ■ ဂြိုဟ်ဆိုး(မူလ) | 0% | 0% | 0% | -98 | 0% | 0% | 0% | 0% | 0% | -98 | 0% | 0% |
| □ ဂြိုဟ်ကောင်း(မူလ) | 0% | 61% | 100 | 0% | 61% | 61% | 0% | 0% | 100 | 0% | 61% | 0% |
| ■ ဘာဝသခင် အင်အား | 124 | 0% | 173 | 0% | -98 | 0% | 125 | 0% | 0% | -98 | 126 | -73 |

ကြောင့်လည်း မူလ တနင်္လာမှာ ကောဇာ ကိတ်၏ အမြင်ကိုပါ ရထားလိုက်၏။ ထို့ကြောင့် မူလ တနင်္လာအား ကောဇာ ရာဟုနှင့် ကောဇာကိတ်တို့၏ လွှမ်းမိုးထားမှုကို ထင်ရှားစွာ မြင်နေ၏။

ရာဟုနှင့် ကိတ်တို့သည် ထုံးစံအားဖြင့် မကောင်းသော အကျိုးပေးတတ်သော ဂြိုဟ်တို့ဖြစ်ရုံမက ဤဇာတာအတွက်လည်း ဂြိုဟ်ဆိုးများ ဖြစ်၏။ သို့သော် ကောဇာအနေအထားမှ သုံးသပ်ပါက ကောဇာရာဟုသည် လဂ်မှ ၄ တန့်ဘာဝတွင်တည်၏။ စနေပိုင်သော မကာရရာသီတွင် တည်၍ တနင်္ဂနွေပိုင်သော ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်၏။ ကောဇာကိတ်သည် တနင်္လာပိုင်သော ကရကဋ်ရာသီတွင်တည်ကာ စနေပိုင်သော ဖုသျှနက္ခတ်နှင့် ယှဉ်၏။ စနေသည် ဤဇာတာအတွက် ၁၀ တန့်တွင်ရပ်သော ၅ တန့်သခင် ဖြစ်၏။ တနင်္လာသည် ဤဇာတာအတွက် ၄ တန့်တွင်ရပ်သော ၁၀ တန့်သခင် ဂြိုဟ်ဖြစ်၏။ အရိပ်ဂြိုဟ်များဖြစ်ကြသော ရာဟုနှင့် ကိတ်တို့သည် ၎င်းတို့ရပ်တည်ရာ ဘာဝ၊ ၎င်းတို့စီးနင်းသော နက္ခတ်နှင့် နဝင်းတို့နှင့် ၎င်းတို့အပေါ်တွင် လွှမ်းမိုးသော စရိုက်တို့ကို ရရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့သော ကောင်းသော အတန့်သခင်များနှင့် ဆက်စပ်နေသော ကောဇာရာဟုနှင့် ကိတ်တို့သည် ထိုဂြိုဟ်တို့၏ စရိုက်သတ္တိများကို ၎င်းတို့လွှမ်းရာ မူလဂြိုဟ်များ၊ ဘာဝများအပေါ် သက်ရောက်စေ၏။ သို့သော် ထိုလွှမ်းမိုးမှု ကြာရှည်တန်တုံခိုင်မြဲနိုင်ရန်မှာ မူလဇာတာတွင် ရှိနေခဲ့သော ရာဟုနှင့် ကိတ်တို့၏ အနေအထားပေါ်တွင် ထည့်၏။ တဖန် ရာဟုနှင့် ကိတ်တို့သည် ပင်ကိုစရိုက်ကို ဒုက္ခပေးတတ်သော ဂြိုဟ်များဖြစ်ကြသဖြင့် ၎င်းတို့၏ အကူအညီဖြင့် ရလာသော ကောင်းကျိုးတို့သည်လည်း ကြာရှည်မခံတတ်ပေ။

ယာယီအားဖြင့် တစ်နည်းအားဖြင့် ဆိုပါက ကောဇာအနေအထားအရ အဆင်ပြေနေကြသော ရာဟုနှင့် ကိတ်တို့သည် မူလ တနင်္လာကို လွှမ်းမိုးထားခြင်းသည် ရုတ်တရက် အကြီးအကျယ် အောင်မြင်မှု ပိုင်ဆိုင်မှု (၄ တန့်)အလုပ်အကိုင်အဆင့်အတန်းမြင့်မားမှု (၁၀ တန့်တို့ကို) အကျိုးပေးစေ၏။ ထူးခြားသည်က ကြာသပတေး။

ဤဇာတာတွင် မူလကပင် ကြာသပတေးသည် အလွန်အင်အားကောင်း၏။ မိုးတားစနစ်အရ မူလဇာတာတွင် အားကောင်းသော ဂြိုဟ်တို့အနေဖြင့် ကောဇာဂြိုဟ်များကလည်း ကောင်းသော အင်အားများ လွှမ်းမိုးချိန်၊ ဒသာအရလည်း ကောင်းသောအနေအထားများ ဖြစ်နေချိန်တို့တွင် ဇာတာရှင်အနေဖြင့် ကောင်းကျိုးကို ထူးခြားစွာ ရရှိတတ်သည်။

ယခုအခါတွင် မူလကြာသပတေးအား ကရကဋ်ရာသီတွင် လာရောက်ရပ်တည်သော ကောဇာအင်္ဂါမှ ၄ တန့်အမြင်ဖြင့် အတိအကျနီးပါး အမြင်ပြုထား၏။ အင်္ဂါသည် ဤဇာတာရှင်အတွက် ၁၁ တန့်တွင် တည်သော ၇ တန့်သခင်ဖြစ်၏။ ထို့ကြောင့် ကောင်းကျိုးမြှုသော ကာရကဂြိုဟ်ကောင်း ဖြစ်၏။

ဆက်လက်၍ ဒသာအနေထားကို ကြည့်လိုက်ပါလျှင် ရာဟု ထူလ ဒသာ၊ အင်္ဂါ အန္တရဒသာ၊ ဗုဒ္ဓဟူး ပြာတန္တရ ဒသာ ဖြစ်၏။ အဓိကဇာတ်ဆောင်ဖြစ်သော အန္တရဒသာရှင် အင်္ဂါသည် ကြာသပတေးမှလွဲလျှင် ဒုတိယအင်အားအကောင်းဆုံး ဂြိုဟ်ဖြစ်၏။ ဂရပ်ပုံတွင် ကြည့်ပါ။

ထို့ကြောင့် ဇာတာရှင်၏ ကံကြမ္မာသည် အမြင့်ပိုင်းတွင် ရှိနေခိုက် ကောဇာလွှမ်းမိုးမှုများကလည်း ကောင်းစွာ တွန်းပို့သောကြောင့် ဤအနေအထားကိုရခြင်း ဖြစ်၏။

သို့သော် ကောဇာအားဖြင့်လည်း ကောင်း၊ ဒသာအားဖြင့်လည်းကောင်း ရာဟုနှင့် ဆက်စပ်နေသဖြင့် ဤအောင်မြင်မှုသည် ဘဝတစ်သက်တာ ထိန်းထားနိုင်သော အောင်မြင်မှု မဖြစ်ခဲ့ရပါ။ လောလောဆယ် စိတ်ကောင်းဝင်နေသော ရာဟုနှင့် ကိတ်မှ အတိုင်းအတာကာလတစ်ခုအတွက် အကျိုးပြုလိုက်သည်ဟုပင် ဆို၍ရပါသေးသည်။

ထို့ကြောင့် လုပ်ငန်းတစ်ခုတည်ထောင်ချိန်၊ မင်္ဂလာအချိန်အခါ ရွေးချိန်တို့တွင် ခိုင်ခံ့တည်မြဲမြဲသော ကောင်းမွန်သည့် အချိန်အခါ ရွေးချယ်ခြင်းသည် အလွန်အရေးကြီးသော ကိစ္စရပ်တစ်ခု ဖြစ်သည်။

## ဒုက္ခံစား ရုရှား

၁၈၁၂ ခုနှစ်၊ ဇွန်လတွင် နပိုလီယံသည် သူ့အတွက် အကြီးမားဆုံး အမှားကြီးဖြစ်သော ရုရှားနိုင်ငံသို့ ကျူးကျော်ခြင်းကို ပြုခဲ့၏။ သူ၏အုပ်ချုပ်မှုအောက်တွင် ရှိနေသော ဥရောပနိုင်ငံတို့မှ စစ်သားပေါင်း လေးသိန်းကျော်ကို စုစည်း၍ ယခင်က သူအောင်မြင်ခဲ့ဖူးသော ရင်ဆိုင်တိုက်ပွဲကြီးများကဲ့သို့ အင်ပြည့်အားပြည့် ဆင်နွှဲရန် ရည်ရွယ်၍ ရုရှားသို့ ချီတက်ခဲ့သည်။

သို့သော် ရုရှားဇာဘုရင် အလက်ဇန္ဒားသည် ပါးနပ်သော နည်းဗျူဟာကို အသုံးချသွား၏။ နပိုလီယံ၏ တပ်များနှင့် ထိပ်တိုက်ရင်ဆိုင်မည့်အစား နပိုလီယံမှ အင်တိုက်အားတိုက် တိုက်မည်ပြုတိုင်း တစ်ဆင့်ချင်း နောက်ဆုတ်သွား၏။ သို့နှင့်ပင် နပိုလီယံ၏ တပ်များသည် ရုရှားအတွင်းသို့ ကျုံသွားခဲ့ရ၏။ သူအမြဲတမ်းအနိုင်ရနေကျ အမြန်အဆန်အောင်ပွဲခံသော နည်းစနစ်အတိုင်း ဖြစ်မည်ထင်၍ နပိုလီယံသည် ရိက္ခာအဟောက်အပံ့တို့ကို အနည်းငယ်သာ ယူဆောင်လာမိ၏။ သိမ်းပိုက်၍ရသော နယ်မြေမှ အစားအသောက်တို့ဖြင့် ထုံးစံအတိုင်း ဆက်လက်ရပ်တည်မည်ဟု သူက စီစဉ်ထားခဲ့သော်လည်း ရုရှားတို့က နောက်ဆုတ်သွားတိုင်း နေထိုင်စရာ အဆောက်အဦ၊ စားနပ်ရိက္ခာ၊ သောက်ရေတို့ကို ဖျက်ဆီးသွားခဲ့၍ ရှေ့သို့ ထိုးဝင်သွားတိုင်း ပြာပုံနှင့်သာ တိုးနေခဲ့ရ၏။ ထိုအစီအစဉ်ကို (scorched earth policy) တစ်နည်းအားဖြင့် ရန်သူအတွက် ဘာမှမချန်ပေးထားသော စနစ်ဗျူဟာဟု ခေါ်သည်။ ရုရှားဘုရင်သည် စစ်ကို ဆောင်းတွင်းသို့ ရောက်လာအောင် စီစဉ်ခဲ့၏။ အချိန်နှင့် ပတ်ဝန်းကျင်အခြေအနေကို ရုရှားသည် မဟာမိတ်ပြုလိုက်ခြင်း ဖြစ်၏။

သို့နှင့်ပင် ရှေ့တိုးလေး ဆိုးလေဖြစ်ခဲ့ရသော နပိုလီယံသည် သူလိုချင်သော အဓိကရင်ဆိုင်တိုက်ပွဲအနေဖြင့် ၁၈၁၂ ခုနှစ် စက်တင်ဘာလ ၇ ရက်တွင် တစ်ပွဲသာ ဆင်နွှဲခွင့်ရခဲ့၏။ ထိုတိုက်ပွဲတွင် အသေအပျောက် စုစုပေါင်းအားဖြင့် လူတစ်သိန်းကျော် သေခဲ့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

ညီသည့်ဘက်ကမှ အနိုင်ရခဲ့သည့်အနေအထား မရှိခဲ့။


သို့ဖြင့် ၁၈၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရုရှားတို့ မီးရှို့ဖျက်ဆီးပစ်ထားခဲ့သော မော်စကိုမြို့သို့ ဝင်ရောက်နိုင်ခဲ့သည်။ ဆိုးရွားကြောက်မက်ဖွယ်ကောင်းသော ရုရှားဆောင်းတွင်းသို့လည်း ရောက်ခဲ့ပြီဖြစ်သည်။ ရာသီဥတုဒဏ်မှ ကာကွယ်ရန် နေစရာအဆောက်အဦမရှိ။ စားသောက်စရာမရှိနှင့် ဆိုးရွားသော ရာသီဥတုတွင် နပိုလီယံ၏ တပ်ဖွဲ့ဝင်တို့သည် တစ်သိန်းမျှပင် မကျန်ရစ်တော့ချေ။ ရန်သူနှင့် တိုက်နိုင်ခိုက်နိုင် အခြေအနေရှိသော အရေအတွက်မှာ တား တစ်သောင်းမျှပင် ရှိတော့၏။

နပိုလီယံ၏ တပ်မကြီးမှာ ပြုတ်ပြုတ်ပြုန်းသွားတော့၏။ အချိန်ကြာလေ ဆိုးလေ ဖြစ်လာ၏။ ဤနေရာတွင် တရုတ်စစ်သူကြီး ဆွန်ဇူးပြောခဲ့သော သေနင်္ဂဗျူဟာစစ်ပညာကျမ်းမှ အချက်သည် မှန်လာ၏။ အချိန်နှင့် မဟာမိတ်လုပ်ရမည်ဟု ဆွန်ဇူးက ပြောခဲ့၏။ ယခုမူ အချိန်သည် နပိုလီယံ၏ ရန်သူဖြစ်၍ ရုရှားအတွက် မိတ်ဆွေဖြစ်နေပြီ ဖြစ်သည်။

အောက်တိုဘာလတွင် ပြင်သစ်ပြည်နောက်တန်း၌လည်း ပြဿနာတို့ တက်နေ၏။ နပိုလီယန် ရုရှားတွင်ပင် သေဆုံးသွားပြီဟူသော ကောလာဟလများကြောင့် အာဏာသိမ်းမည့်ကိစ္စများလည်း ပေါ်ပေါက်နေ၏။ ထို့ကြောင့် နပိုလီယံသည် ဒီဇင်ဘာလ ၅ ရက်၊ ၁၈၁၂ တွင် ပြင်သစ်ပြည်သို့ အမြန် ပြန်ဆုတ်ရန် စီစဉ်ရတော့သည်။

ဒဿာစနစ်အရ ကံကြမ္မာသုံးသပ်ချက် အနေအထားအရ ၂၄–၄–၁၈၁၂ မှ ၃၁–၃–၁၈၁၂ တိုင်အောင် ကိတ်အန္တရ ဒဿာ စားနေ၏။ လောကီစည်းစိမ်အောင်မြင်မှုတို့ကို ဖျက်ဆီးသော ကိတ်သည် နပိုလီယံအား ကြီးမားသော ဆုံးရှုံးမှုကို ဖြစ်စေ၏။ ရုရှားတွင် အထိနာခဲ့သော နပိုလီယံအား ထိုအခွင့်ကောင်းကိုယူ၍ ပရပ်ရှား စသော အခြားဥရောပနိုင်ငံများက စစ်ကြေညာ တိုက်ခိုက်ပါတော့သည်။ နပိုလီယံ၏ ကံကြမ္မာဂရပ်ကို အောက်တွင်ကြည့်ပါ။

နပိုလီယံ၏ ကံကြမ္မာ အနိမ့်အမြင့်ပြဇယား (၁၇၉၄–၁၈၁၆)




ထို့နောက်တွင် နန်းစွန့်ခဲ့ရခြင်း၊ တစ်ဖန်ပြန်လည်၍ ဧကရာဇ်အဖြစ် ပြန်ရောက်ပြီးကာမှ အင်္ဂလန်နိုင်ငံ ဝယ်လင်တန်နယ်စားကြီးနှင့် ဝါတာလူးစစ်ပွဲတွင် ရှုံးနိမ့်ခဲ့ရပြီးနောက် စိန့်ဟယ်လီနာကျွန်းတွင် တစ်ကျွန်းစံအကျဉ်းကျ ဧကရာဇ်အဖြစ်ဖြင့် ဘဝ၏ နောက်ဆုံးအချိန်ကို ကုန်လွန်စေခဲ့ရပါတော့သည်။


## နပိုလီယံ၏ နောက်ဆုံးစစ်ပွဲကြီး

ရုရှားတွင် အကြီးအကျယ် အထိနာခဲ့သော နပိုလီယံသည် နန်းစွန့်ခဲ့ရပြီးမှ တစ်ဖန် ပြန်လည် အာဏာရလာခဲ့သော်လည်း သူ၏ဘဝကို လုံးဝပြောင်းလဲသွားစေသည်က ဝါတာလူးစစ်ပွဲကြီး ဖြစ်ပါ၏။ ဝါတာလူးစစ်ပွဲကြီးသည် ၁၈၁၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ တနင်္ဂနွေနေ့တွင် အင်္ဂလန်နိုင်ငံ၊ ဝယ်လင်တန်နယ်စားကြီးနှင့် တိုက်ခိုက်ခဲ့ရသော နောက်ဆုံးစစ်ပွဲကြီးဖြစ်၏။ အောက်တွင် ဖော်ပြထားသည်က ထိုစစ်ပွဲကြီးဖြစ်သောနေ့တွင် ကောဇာ ဇာတာခွင်နှင့် မူလဇာတာခွင်တို့နှင့်တကွ ခံကာဇာဂြိုဟ်များမှ မူလဇာတာရှိ ဂြိုဟ်များ၊ ဘာဝများကို လွှမ်းမိုးနေခြင်းကို ပြထားခြင်း ဖြစ်သည်။ ဒဿာ အနေအထားအရ စစ်ဆေးလိုက်ပါက ထိုကာလတွင် ကြာသပတေး–သောကြာ–ဗုဒ္ဓဟူး ဒဿာစားနေ၏။ ဒဿာအဟောတစ်ခုတည်း ဆိုပါက အင်အားကောင်းသော ကြာသပတေးအနေဖြင့် ထူလဒဿာ လင်္ဂသခင်လည်းဖြစ်၊ အင်အားလည်းရှိသော သောကြာ အန္တရဒဿာ ကာလတွင် ဇာတာရှင်အနေဖြင့် ကောင်းစားရမည် ဖြစ်သည်။

အမှန်အားဖြင့်လည်း ယခုအချိန်အထိ ကောင်းစားနေပါသည်။ သို့သော် စစ်နိုင်ခြင်း၊ စစ်ရှုံးခြင်းအတွက်မူ ကောဇာကိုလည်း တစ်ဖက်မှ စစ်ဆေးရမည်ဖြစ်၏။ ကောဇာစစ်ဆေးမှုမပါပါက ဒဿာတစ်မျိုးတည်း ဟောပြောလျှင်မှားစေ

www.burmeseclassic.com




ဒသာစစ်ဆေးမှုမပါဘဲ ကောဇာစစ်ဆေးမှု တစ်ခုတည်းဖြင့် ဟောပြောလျှင်ဖြစ်စေ တစ်ဖက်ကန်းဟောနည်း ဖြစ်သည်ဟု ရှေးပညာရှင်များက သင်ကြားထားခဲ့ပါသည်။ ဘဝတစ်သက်တာတွင် အရေးကြီးသော ကိစ္စရပ်များ ဆောင်ရွက်ရာတွင် တစ်ဖက်တည်း တစ်နည်းကောင်းကိုသာ ကြည့်၍ အချိန်ရွေးခြင်းသည် မမှန်ကန်ကြောင်းကို ဤဇာတာကလည်း သက်သေခံနေပါတော့သည်။ လက်အောက်ငယ်သားများ၏ အသက်

ပေါင်းများစွာကို အရင်းအနှီးပြု၍ ခေါင်းဆောင်တို့ စစ်ထိုးခြင်းတွင် ထိုခေါင်းဆောင်အနေဖြင့် ကံဆိုးမှု အနည်းငယ်ကပင် ထိုစစ်ပွဲကြီး၏ အဆုံးအဖြတ် ဖြစ်သွားနိုင်ပါသည်။


ဇာတာရှင်၏ လဂ်သခင်ဖြစ်သော သောကြာဂြိုဟ်သည် ကောဇာရာဟုနှင့် ကိတ်တို့၏ လွှမ်းမိုးဖျက်ဆီးမှုဒဏ်ကို အခြေအနေ ဆိုးဝါးစွာ ခံနေရပါသည်။ အောက်ပါ ဂရပ်ဖ်တွင် ကြည့်ပါ။ တစ်ဖန် မူလဖွားဇာတာတွင် တည်ခဲ့သော ရာဟု၊

ကိတ်ကို ဆက်ဆွဲသော မျဉ်းနှင့် ယခု ကောဇာ ဇာတာတွင် ကိတ်၊ ရာဟု ဆက်ဆွဲသော မျဉ်းတို့သည် တစ်တန်းတည်း ဖြစ်နေပါသည်။

ကောဇာရာဟုသည် ၎င်းရာဟုပိုင် နက္ခတ်ဖြစ်သော အဒြနက္ခတ်ကို စီးနင်းထားသလို၊ ကောဇာကိတ်သည်လည်း ကိတ်ပိုင်သော မူလနက္ခတ်ကို စီးနင်းထားပါသည်။ ရလဒ်မှာ ရာဟုနှင့် ကိတ်တို့၏ ဖျက်ဆီးတတ်တသော စွမ်းအား ပိုထင်ရှားနေခြင်း ဖြစ်၏။

**မူလဘွား ဂြိုဟ်တို့၏ အင်အားနှင့် ဂြိုဟ် အချင်းချင်း လွှမ်းမိုးနေမှု**

(၁၈-၆-၁၈၁၅) **(ကောဇာဂြိုဟ်အပါအဝင်)**





| | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | ရာဟု | ကိတ် |
|---|---|---|---|---|---|---|---|---|---|
| ■ ဂြိုဟ်ဆိုး(ကောဇာမှမူလ) | 0% | 0% | 0% | 0% | 0% | -149% | 0% | 0% | 0% |
| ■ ဂြိုဟ်ကောင်း(ကောဇာမှမူလ) | 0% | 96% | 0% | 160% | 167% | 0% | 0% | 0% | 94% |
| □ ဂြိုဟ်ကောင်း(မူလ) | 0% | 82% | 0% | 0% | 0% | 0% | 82% | 0% | 0% |
| ■ ဂြိုဟ်ဆိုး(မူလ) | -100% | 0% | 0% | 0% | 0% | 0% | 0% | -100% | -100% |
| ■ မူလအင်အား | 126% | -98% | 125% | -73% | 173% | 124% | -98% | 112% | 93% |



www.burmeseclassic.com

www.burmeseclassic.com




| | H1 | H2 | H3 | H4 | H5 | H6 | H7 | H8 | H9 | H10 | H11 | H12 |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဂြိုဟ်ကောင်း(ကောဇာမှမူလ) | 71% | 0% | 0% | 169 | 0% | 71% | 0% | 0% | 0% | 169 | 0% | 0% |
| ဂြိုဟ်ဆိုး(ကောဇာမှမူလ) | -73 | 0% | -147 | 0% | -73 | 0% | -73 | 0% | -147 | 0% | -73 | 0% |
| ဂြိုဟ်ဆိုး(မူလ) | 0% | 0% | 0% | -98 | 0% | 0% | 0% | 0% | 0% | -98 | 0% | 0% |
| ဂြိုဟ်ကောင်း(မူလ) | 0% | 61% | 100 | 0% | 61% | 61% | 0% | 0% | 100 | 0% | 61% | 0% |
| ဘာဝသခင် အင်အား | 124 | 0% | 173 | 0% | -98 | 0% | 125 | 0% | 0% | -98 | 126 | -73 |

ထိုမျှမကသေးပါ။ အလွန်အရေးကြီးသော အချက်များ ကျန်နေပါသေးသည်။ ကောဇာ၊ ရာဟုနှင့် ကိတ်တို့သည် အံသာအားဖြင့် ဘာဝတို့၏ ဗဟိုမှတ်အံသာနှင့် နီးစပ်နေပါ၏။ ထို့ကြောင့် ကောဇာ၊ ရာဟုနှင့် ကိတ်တို့ နှစ်ခုပူးပေါင်းသော အဖျက်အင်အားသည် နပိုလီယံ၏ ၃ တန့်ဘာဝနှင့် ၉ တန့်ဘာဝတို့၏ အလယ်မှတ်နေရာများကိုလည်းကောင်း၊ ကောဇာရာဟုတစ်ခုတည်းအနေဖြင့် လဂ်နှင့် ၅ တန့်ဘာဝကိုလည်းကောင်း၊ ကောဇာ ကိတ်တစ်ခုတည်းအနေဖြင့် ၇ တန့်နှင့် ၁၁ တန့်ကိုလည်းကောင်း ဖျက်ဆီးထားပါသည်။

အတန့်ဘာဝများ အားလုံးလို ပျက်စီးသွားသော အနေအထားတွင် ဖြစ်နေခြင်းဖြင့် ထိုအတန့်ဘာဝကိုပိုင်ဆိုင်သော သခင်ဂြိုဟ်တို့၏ အင်အားမှာလည်း ပျက်သုဉ်းသော အခြေအနေသို့ ရောက်သွားပါတော့၏။

## နပိုလီယံ၏ ဘဝသုံးသပ်ချက်

နပိုလီယံသည် လူသားတစ်ယောက်ဖြစ်၏။ သူ့အနေဖြင့် လူကောင်းဖြစ်သည်လော၊ လူဆိုးဖြစ်သည်လော ဆိုသည်မှာ သမိုင်းနှင့် နောက်လူတို့အနေဖြင့် ကိုယ်ကြိုက်သလို သတ်မှတ်နိုင်၏။

မည်သို့ပင်ဖြစ်စေ သူသည် ရည်ရွယ်ချက် ကြီးမားခဲ့၏။ လုပ်လိုသောကိစ္စများကို အောင်မြင်အောင် လုပ်နိုင်ခဲ့သူ ယောကျ်ားတူးတစ်ဦး ဖြစ်၏။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း –

- သို့သော် နိမ့်တုံ မြင့်တုံ လောကဓံ၏ ရိုက်ပုတ်ခြင်းကို သူ့အနေဖြင့် ကြီးမားစွာ ခံခဲ့ရ၏။
- အောင်မြင်မှုကို ရယူနိုင်ရေးအတွက် ပေးဆပ်ခဲ့ရ၏။
- ထိုကဲ့သို့ ရခဲ့သော အောင်မြင်မှုသည်လည်း ထာဝရမြဲပါသလော။
- အမြင့်သို့ တက်နိုင်သမျှ တက်ခဲ့သော် ကျဆုံးခြင်းတို့သည် ပြင်းထန်လှ၏။
- ကေရာဇ်တစ်ပါး အဖြစ်မှ အကျဉ်းသားဘဝဖြင့် ဘဝမှာ အဆုံးသတ်ခဲ့၏။
- သူ့အနေဖြင့် တန်ရာတန်ဖိုးများ ရခဲ့ပါသလော . . .။

စာရှုသူတို့ သုံးသပ်ရန်သာ ဖြစ်ပါသည်။

*ချမ်းမြေ့ပါစေ . . .။*

**ချူမာန်(မိုးတား)**



www.burmeseclassic.com

www.burmeseclassic.com

# မှုနာကျူရတာနာအရှုပ်တော်ပုံ

## အောင်သန်းချစ်

အခန်း(၄)

(ယခင်လမှအဆက်)

ဒေါက်တာကျိဘရေးလ်က သူ့လူနာကို စစ်ဆေးကြည့်တော့ အခြေအနေတော်တော်ဆိုးနေတာတွေ့ရတာကြောင့် ဆေးရုံတင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ လူနာကို လိုအပ်တာတွေ လုပ်ကိုင်ပြီးတော့ ညသန်းခေါင်ကျော်ခဲ့ပါပြီ။

အိမ်ပြန်ရောက်ရောက်ချင်း အပြင်ကနေပြီး…

"မန်းမန်း၊ အာဒါမှူး"

လို့ခေါ်လိုက်တဲ့ အပြင်…

"ပိုင်းရပ်စ်နဲ့ အုမာရူးတို့ကောဟေ့"

အံ့သြလောက်အောင်တစ်ယောက်မှ ထွက်မလာခဲ့ကြပါ။ ဘယ်သူကမှလည်း ပြန်မဖြေပါ။

### အာဒါမှူး

ကောင်လေးသုံးဦးနဲ့ အခန်းကမီးရောင်ကိုမြင်တော့ စိတ် သက်သာရာရသွားပြီး ပြုံးလိုက်မိပါတယ်။

"သူတို့စုပြီး အစားအသောက်တစ်ခုခုစားနေကြပုံပဲ။ ဒါပေးထားတဲ့ အစောင့်တာဝန်ကို ခေတ္တဖောက်ကြတာပါလေ။

ဒါကတော့ လူ့သဘာဝပေပဲ"

ပိုင်းရပ်စ်ရဲ့ တံခါးကိုသူအကြိမ်ကြိမ်ခေါက်ခဲ့ပေမယ့် လုံးဝမတုံ့ပြန်ပါ။ တံခါးသော့ပွင့်နေတာမို့ သူက အထဲဝင်လိုက်ပါတယ်။ သူအသက်ရှုရပ်သွားပါတယ်။

"ဘာတွေများဖြစ်ကုန်ပြီလဲ"

အိပ်ရာခင်းထားတဲ့ ကြမ်းပြင်မှာ မန်းမန်းနဲ့ အုမာရူတို့လဲကျနေပါတယ်။ စားပွဲက ကုလားထိုင်မှာ ပိုင်းရပ်စ်က ခြေပစ်လက်ပစ်လဲကျလျက်ပါ။ ကျန်ကုလားထိုင်နှစ်လုံးကတော့ တစ်စုံတစ်ဦးကမန်းကတန်းတိုက်ပြီး ထွက်ခွာသွားလို့ ကျန်ရစ်ခဲ့တဲ့ လက်ရာပါ။ သုံးဦးလုံးအသက်ရှူသံကြီးတွေက လေးလေးပင်ပင်ဖြစ်နေပါတယ်။ အခွံမာတွေ၊ စီးကရက်တိုတွေနဲ့ ဆီအုန်းပိုင်ပုလင်းဝက်လောက်ကြမ်းပြင်မှာ ဖိတ်စင်နေပါတယ်။ တစ်ခန်းလုံးလည်း မီးခိုးနံ့တွေမွှန်နေပြီး စူးစူးရှရှအနံ့တွေ ထွက်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်က ဗိုင်နဲ့ စီးကရက်တိုတွေကို နမ်းကြည့်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးတွေပါလား။

ဘယ်သူသုံးခဲ့တာလဲ။

ဘာ့ကြောင့်လဲ။

အာဒါမူးက ခြံထဲမှာမရှိပါ။ သူ ဘယ်ရောက်နေသလဲ။ ကမန်းကတန်း အိမ်ထဲသူဝင်လိုက်ပါတယ်။ ပု၊ ပု၊ ဂရန်၊ ဂရန်၊ လဲလျောင်းနေတဲ့ ပါမောက္ခက ဟောက်နေဆဲပါ။

ဆရာဝန်က စိတ်ပါလက်ပါရယ်လိုက်ရင်း ကျယ်ကျယ်လောင်လောင်-

"ဆီရေးလ်ရေ ထတော့လေ။ ဂျူတီကျနေချိန်မှာ အိပ်မောကျလျက်နဲ့ ကင်းစောင့်နေတာလား။

ပါမောက္ခက နီးတစ်ဝက်နဲ့ . . .

"ဟုတ်တယ်၊ ကျုပ်ကင်းစောင့်နေတာပါ။ ရှေးဟောင်း ရတနာတွေကို ထိန်းသိမ်းသူအဖြစ်နဲ့လေ"

ဆရာဝန်က ပါမောက္ခကို ခပ်ပြင်းပြင်းလေးလှုပ်ရမ်းလိုက်ပြီး . . .

"ထစမ်းပါ။ အလုပ်သမားတွေ ဘာ့ကြောင့် ကလေးတွေ အခန်းထဲမှာ ဆေးရှူပြီးအိပ်နေကြရတာလဲ။ အာဒါမူးကောဘယ်ပျောက်နေလဲ။ သူ့ကိုသတင်းပို့ဖို့များ ခင်ဗျားနိုင်းလိုက်သလား"

"ကျုပ်မနိုင်းပါဘူး"

ပါမောက္ခက သူ့သော့တွေကို စမ်းလိုက်ရင်း . . .

"သော့တွေမရှိတော့ဘူး။ တစ်ခုခုတော့ ဖြစ်ခဲ့ပြီ။ အခု ကျုပ်နိုးနေပါပြီ"

သုံးစက္ကန့်အတွင်းသူက အပေါ်ထပ်ရှိအခန်းလွတ်ဆီရောက်သွားခဲ့ပါတယ်။ ဒေါက်တာဂျီဘရေးကတော့ မှန်အိမ်ကိုင်ပြီး နောက်ကလိုက်ခဲ့ပါတယ်။

စိတ်မကောင်းစရာ မြင်ကွင်းတစ်ရပ်ပါ။

ကိမ်က ကြမ်းပြင်မှာ မှောက်လျက်လဲနေပါတယ်။ အသားရောင်တွေဖြူဖတ်ဖြူရော်ဖြစ်နေပါတယ်။ မီးအိမ်လည်း ကွဲနေပါတယ်။ ဗီဒိုကသော့တွေ အားလုံးလည်း ပွင့်နေပြီး ဖရိုဖရဲဖြစ်နေပါတယ်။ ဗီဒိုထဲမှာထည့်ထားတဲ့ ပစ္စည်းအားလုံးလည်း မရှိတော့ပါ။ ကုတ်အင်္ကျီဖြူအဟောင်းနှစ်ထည်ကိုတောင် ချန်မထားခဲ့ကြပါ။ အိပ်ရာ၊ စားပွဲနဲ့ ကုလားထိုင်ပဲကျန်နေခဲ့ပါတယ်။ ပြတင်းပေါက်မှန်ကိုလည်းရိုက်ခွဲပြီးဖွင့်ခဲ့ကြပါတယ်။ တစ်ခန်းလုံးဗလာဟင်းလင်းဖြစ်နေပါတော့တယ်။

ပါမောက္ခက စိတ်ပျက်လက်ပျက်နဲ့ ကုလားထိုင်တစ်လုံးမှာ ထိုင်လိုက်ပြီး-

"ကိမ်တော့ သေသွားရှာပြီ၊ ဒါဟာ လူသတ်မှုပဲ၊ ကျုပ်အပြစ်ပါ။ တာဝန်ကျချိန်မှာ ကျုပ်အိပ်ပျော်သွားခဲ့တာကိုး။ ကျုပ်အပြစ်က ခွင့်မလွှတ်နိုင်စရာပါ"

"ကိမ် ကို အိပ်ယာပေါ်တင်ဖို့ကူပါဦး ဆီရေးလ်၊ ဒါမှ သူသက်တောင့်သက်သာရှိလိမ့်မယ်"

အိပ်ရာပေါ်ရွှေ့တင်ခဲ့ပေမယ့် ကိမ်က လုံးဝမလှုပ်ပါ။ ပါမောက္ခလည်း အိပ်ရာကုတင်စွန်းမှာ ထိုင်ပြီး ငြိမ်ငြိမ်နေပါတယ်။

ဒေါက်တာဂျီဘရေးက ကိမ်ကို စမ်းသပ်စစ်ဆေးလိုက်ပြီး . . .

"သူပြန်ကောင်းလာမှာပါ။ သူ့ခေါင်းကို တစ်ခုခုနဲ့ ရိုက်တာ ခံခဲ့ရတယ်။ လက်နှိပ်ဓါတ်မီးတစ်လက် တစ်လေများရနိုင်မလား။ ရေချိုးခန်းထဲက ရှေးဦးသူနာပြုအိတ် ကျွန်တော့်ကိုယူပေးပါ။ ဒါ့အပြင် ပက်ထရစ်နဲ့ခွန်ဘာတို့ကိုလည်းသွားကြည့်ပေးပါ"

"ကလေးတွေ"

လို့ အော်ရင်းပါမောက္ခက အပြေးထွက်သွားပါတယ်။

ချက်ချင်းပဲ ပြန်ရောက်လာပြီး ပက်ထရစ်ကော ခွန်ဘာပါ အိပ်ချင်မူးတူးနဲ့လိုက်လာကြပါတယ်။ သူတို့နှစ်ဦးအန္တရာယ်ကင်းခဲ့ပါတယ်။ ဆရာဝန်က ကိမ်ရဲ့ ဦးခေါင်းကို ရေအေးကြပ်ထုပ်နဲ့ ပတ်ပေးခဲ့ပါတယ်။ ကိမ်လည်း သတိပြန်လည်လာပြီ . . .

"ဘာတွေဖြစ်ကုန်တာလဲ။ ဓားကောဘယ်မှာလဲ"

"ရတနာတွေကို ညက သူခိုးတွေယူသွားကြပြီ၊ အာဒါမူးလည်း ပျောက်နေတယ်။"

ပက်ထရစ်က ဒလစပ်ပြောချလိုက်ရင်း . . .

"ဒါဟာ စိတ်လှုပ်ရှားစရာတော့ မဟုတ်ပါဘူး။"

"စိတ်လှုပ်ရှားစရာ၊ ဒီစာလုံးကို မင်းမှိုက်မိုက်မဲမဲ သုံးရက်တယ်ကွာ ပက်ထရစ်ရယ်။ ငါ့ရတနာတွေ မရှိတော့ဘူး။ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေ ပျောက်သွားပြီ။"

သူက ဝမ်းပန်းတနည်းနဲ့ ဟိုမှသည်မှ ကယောင်ကတမ်း ငြီးတွားနေပါတော့တယ်။

ဒေါက်တာဂျီဘရေးက . . .

"ကိုယ့်စိတ်ကိုယ်ထိန်းပါ။ လူကြီးပဲ

www.burmeseclassic.com

ဗျ။ ငြိးငွေ့သွားနေလို့ ငြီးတာမှမဟုတ်တာ။ ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ။ ပုလိပ်ကို အကြောင်းကြားရမယ်။ ကိမ်ခေါင်းကို ပတ်တီးစီးပေးရမယ်"

ခွန်ဘာက…

"ကျွန်မဖေဖေ ဆေးခန်းမှာ ကျွန်မ ပတ်တီးစီးပေးနေကျပါ"

"ကျွန်မလုပ်နိုင် ပါတယ်"

ပါမောက္ခက ခပ်မတ်မတ်ရပ်လိုက်ရင်း…

"အေးဗျာ နည်းနည်းတော့ ရက်ဖို့ကောင်းသွားတယ်။ ကျွန်တော်သတိလက်လွတ် ဖြစ်သွားတယ်။ ခုတော့ ကျွန်တော်ပုံမှန်ပြန်ဖြစ်နေပါပြီ။

ကဲပါလေ ကျွန်တော် ဘာလုပ်ရမယ်ဆိုတာ ပြောပါ"

ပန်တစ်ဆာဒါက ပုလိပ်ဌာနဆီကားနဲ့သွားပါ။ ညဖက်တယ်လီဖုန်းဆက်ဖို့ကတော့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်ကတော့ ပိုင်းရပ်စ်နဲ့ အလုပ်သမားနှစ်ဦး အခြေအနေကို သွားကြည့်ရဦးမယ်"

ပက်ထရစ်ကလည်း…

"ပြတင်းပေါက်တွေ ကွဲနေတာတစ်ခုခုများ အစားထိုးရမလား"

"ဟုတ်တယ်ပေါ့။မင်းအကြံကောင်းတယ်။ ဒီအပေါက်ကနေပြီး နောက်ထပ်လူစိမ်း အဝင်မခံချင်တော့ပါဘူး"

ဆရာဝန်က ရယ်မောရင်း ပက်ထရစ်နဲ့အတူအိပ်ရာကုတင်၊ ကုလားထိုင်နဲ့ စားပွဲတွေကို ပြတင်းပေါက်ဘောင်မှာ ပိတ်လိုက်ပြီး စောင်နှစ်ထည်နဲ့ချည်နှောင်ပိတ်ဆို့လိုက်ကြပါတယ်။ပြီးတော့ကလေးတွေ အိပ်ခန်းဆီ ခပ်မြန်မြန်ထွက်ခဲ့ကြပါတယ်။ အလုပ်သမားသုံးဦးလုံး ခေါင်းမူးပြီးရီဝေရီဝေဖြစ်နေတာကို သိရပါတယ်။ ဆရာဝန်က သူတို့သွေးခုန်နှုန်းနဲ့ အပူချိန်တွေကို စစ်ခဲ့ပါတယ်။

"မင်းတို့ အိပ်မောကျကုန်အောင် မူးယစ်ဆေးဝါး ကျွေးတာခံခဲ့ရတယ်။ ဒါပေမယ့် အဲဒီဆေးက သေလောက်အောင်တော့ ဒုက္ခမပေးပါဘူး။ အခုခေါင်းမူးနေတာပျောက်အောင် ဒီဆေးသောက်လိုက်ကြပါ။"ဆရာဝန်က အက်စ်ပရင်တစ်ကပ် စီပေးလိုက်ပါတယ်။

"နှစ်ပြားစီလောလောဆယ်သောက်ပြီး နှစ်နာရီကြာလောက်အိပ်လိုက်ကြပါ။ နိုးလာရင်ကောင်းသွားပါ လိမ့်မယ်။

ညစ်ပတ်ရှုပ်ပွနေတဲ့ အခန်းကို စစ်ဆေးရင်း ဆရာဝန်က စီးကရက်တိုနှစ်တိုကို ပလပ်စတစ်အိတ်ထဲထည့်လိုက်ပါတယ်။ ဝိုင်တစ်ချို့ကိုလည်း အလုံပိတ်ထားတဲ့ ပုလင်းထဲ ထည့်ခဲ့ပါတယ်။

"မင်းတို့ကို အိမ်မှာ ပြန်ဆုံမယ်၊ အခုအတိုင်း လက်ရာခြေရာ မပျက်ထားကြ"

ပိုင်းရပ်စ်၊ မန်းမန်းနဲ့ အူမာ တို့ကို တစ်ယောက်ချင်း ခွဲစစ်ခဲ့ပေမယ့် ဇာတ်လမ်းကတော့ တစ်ထပ်တည်းဖြစ်နေပါတယ်။

(၂)နာရီ တစ်ဦးကျ ခြံထဲမှာ အစောင့်ချထားခဲ့ပါတယ်။ ညဆယ်နာရီခွဲမှာ အာဒါမူးက သူ့အစောင့်အလှည့်.. အတွက် ပိုင်းရပ်စ်အခန်းမှ ထွက်ခဲ့ပါတယ်။ (၁၅)မိနစ်လောက်ကြာတော့ အာဒါမူးက စီးကရက်ဘူးတွေနဲ့ ဆီအုန်းဝိုင်ပုလင်းတွေ အပြည့်ထည့်ထားတဲ့ ကတ္တူဘူးကြီးတစ်ဘူးကို သယ်လာခဲ့ပါတယ်။

ဒါတွေကို လမ်းဘေးဆိုင်တစ်ဆိုင်က သွားဝယ်ခဲ့တာလို့ သူကဆိုပါတယ်။ တစ်ညတာလုံး မအိပ်ဘဲ တစ်လှည့်စီကင်းစောင့်ရမှာမို့ နားချိန်လေးမှာ ပျော်ပျော်ပါးပါးဖြစ်ဖို့ပါတဲ့။ သူတို့သောက်နင့်ကြဖို့နဲ့ တာဝန်ချိန်ပြီးရင် သူပါဝင်နွှဲမယ်လို့ အာဒါမူးက ပြောခဲ့ပါတယ်။

ဒါကြောင့် သူတို့လည်း ပျော်ပျော်ပါးပါး သောက်ခဲ့ကြပါတယ်။ ပြီးတော့ ဘာတွေ ဆက်ဖြစ်မှန်း သူတို့သုံးဦးလုံး မသိကြတော့ပါ။

မန်းမန်း တောင် တအံ့တဩဖြစ်ခဲ့ရပါတယ်။ အာဒါမူးက မနှစ်က ရာကီဒါမြင်းပွဲမတိုင်မီမှာ သူနဲ့ရက်ပေါင်း အတန်ကြာ အတူနေထိုင်သွားခဲ့ပါသေးတယ်။ သူနဲ့ဘာပြဿနာမှ မရှိခဲ့ပါ။ မနက်ဖြန်သူမြင်းပွဲသွားမှာပါ။ သူပြန်လာမယ်ဆိုရင်လည်း လက်ခံမှာပါ။

အာဒါမူးက သူ့ရဲ့ ဆွေမျိုးသားချင်းတော်စပ်သူပါ။

"သည်မှာပုလိပ်ဂျစ်ကား ရောက်လာပြီ။ အန်ကယ်စီထရီယင်လည်း ပါလာတယ်။"

ပက်ထရစ်က သူ့ဝါသနာအတိုင်း ကားနဲ့ ကားနဲ့ပတ်ကို စိတ်ဝင်စားနေပါတယ်။

"သူတို့ဒီနေရာ လာတွေ့ကြဖို့ ပြေးပြီးပြောပေးပါ"

ပုလိပ်တပ်ကြပ်ကြီးက ဆရာဝန်ပြောပြတဲ့ကလေးတွေ အခန်းနဲ့အိပ်ခန်း



www.burmeseclassic.com

www.burmeseclassic.com

လွတ်အခြေအနေကို ကြားရတော့ အံ့သြနေပါတယ်။

သူက…

"ခြံထဲ လိုက်ကြည့်ဖို့ အလင်းရောင်မရှိတော့ပါဘူး။ ကံကောင်းတယ်ပြောရမလားဘဲ။ ကြီးကြပ်ရေးမှူးဒေါ်င်က အဖွဲ့ဝင် (၁၂)ဦးနဲ့ ရာကီဒါကနေ မနက်ဖြန်စောစောမှာ ရောက်လာလိမ့်မယ်။

ဒီ တာဝန်ကို ကျွန်တော့်ဆီက သူလွှဲယူပါလိမ့်မယ်"

ဆရာဝန်က…

"ကျွန်တော်တို့ မြို့လေးကို ဘာကြောင့်များ အခုလို အရေးပါတဲ့အရာရှိ လွှတ်လိုက်ရတာပါလိမ့်"

"ကျွန်တော်မှာ ပြောပိုင်ခွင့်မရှိပါဘူး။ မနက်ဖြန် မနက်ရှစ်နာရီနောက်ပိုင်းမှာ ခင်ဗျားနဲ့ သူလာတွေ့ပါလိမ့်မယ်။ ကဲ နောက်မှ တွေ့ကြပါစို့"

ညက လူတိုင်း ကောင်းကောင်းမွန်မွန်အိပ်ခဲ့ကြရပါတယ်။ နံနက်ရှစ်နာရီမှာ နောက်လိုက် ခြောက်ဦးနဲ့အတူ ကြီးကြပ်ရေးမှူး ရောက်လာပါတယ်။ ဆံပင်တိုတိုညှပ်ထားပြီး နှုတ်ခမ်းမွှေးရေးရေးနဲ့ကိုယ်ခပ်မတ်မတ်အနေအထားတို့က သူ့ကို စစ်သားတစ်ယောက်နဲ့တူနေစေပါတယ်။ သူကလည်း သူ့လုပ်ငန်းမှာ စစ်သားဆန်ဆန် လုပ်ကိုင်ရှလေ့ရှိသူပါ။

သူ့နောက်လိုက်တွေကို အိမ်ကောခြံဝင်းကိုပါ သေသေချာချာစေ့စေ့စပ်စပ် ရှာဖွေဖို့ ညွှန်ကြားပြီးနောက် ပါမောက္ခနဲ့အတူ ထမင်းစားခန်းစားပွဲမှာ ထိုင်ခဲ့ပါတယ်။ ဘာပစ္စည်းတွေအခိုးခံခဲ့ရသလဲဆိုတာကို အပြည့်အစုံမေးပါတော့တယ်။ သူ့ဝဲဖက်မှာထိုင်နေတဲ့တပ်ကြပ်က ပြောသမျှတွေကို ရေးမှတ်ခဲ့ပါတယ်။

ကိမ်လည်း ခေါင်းနည်းနည်းနောက်နေတာကလွဲပြီး ဝေဒနာသက်သာခဲ့ပါပြီ။ ပက်ထရစ်နဲ့ ခွန်ဘာတို့က သူ့ကိုတွဲပြီး အောက်ဆင်းစေပါတယ်။ ဒါပေမယ့် သူကအကူမပါဘဲ သူ့ဟာသာစားသောက်ခန်းဆီလျှောက်သွားခဲ့ပါတယ်။ ကိမ်အစစ်ခံပြီး နောက် ခွန်ဘာ၊ ပက်ထရစ်နဲ့ ဆရာဝန်တို့ကို မေးမြန်းခဲ့ပါတယ်။

နောက်လိုက်တွေကလည်း သူတို့ခေါင်းဆောင်အတိုင်းအချိန်ကိုအလဟဿမဖြုန်းဘဲ အိမ်ကောဝင်းခြံတစ်ခုလုံးကိုပါ မြန်မြန်ထက်ထက် ရှာဖွေခဲ့ကြပါတယ်။

ကြီးကြပ်ရေးမှူးကလူတွေ မေးမြန်းနေချိန်မှာ ခြုံပုတ်တစ်ခုထဲမှာ ဝှက်ထားခဲ့တဲ့ လှေခါးတစ်ခုကို တွေ့ခဲ့ပါတယ်။ အခန်းလွတ် ပြတင်းပေါက် အောက်က ဆပ်တစ်ရာပန်းခင်းကို နင်းခြေသွားခဲ့တာကော ရတနာတွေထည့်ထားတဲ့ ဘူးတွေမှာ ကျန်ခဲ့တဲ့ လက်ဗွေရာတွေကိုပါ သူတို့ မှတ်သားခဲ့ကြပါတယ်။ ပါမောက္ခက လှေခါးနဲ့ ပတ်သက်ပြီး ဇဝေဇဝါဖြစ်ခဲ့ပါတယ်။

"အရှေ့တံခါးဖျက်ပြီး ဘာကြောင့် သူခိုးတွေ မဝင်ခဲ့တာလဲ"

လူနာကြည့်ပြီး ပြန်လာမယ့် ဆရာဝန်နဲ့လည်း တိုးနိုင်တာရယ် ပြတင်းပေါက်ကလွဲပြီး ကျန်တံခါးပေါက်တွေကို သံတန်းတွေနဲ့ကာရံထားတာတွေကြောင့်ပါ။ အပေါ်ထပ်ပြတင်းပေါက်က နောက်ဖက်မှာရှိတာကြောင့် တွယ်တက်ပြီးဝင်လိုက်ရင် ဘယ်သူမှ သူတို့ကို မမြင်ရတော့ပါ။

"ကိမ် မျက်နှာပေါ် လက်နှိပ်မီးရောင်ကျလာတာရယ်၊ အိပ်ဖို့ပြန်ပြောခဲ့တာတွေက သက်သေထူနေပါတယ်"

ပါမောက္ခက စိတ်အထင်လို့ ဖွင့်ဟခဲ့ပါတယ်။

"သူခိုးတွေ ဒီအနီးအနားမှာ ပုန်းအောင်းနေတယ်လို့ ခင်ဗျားထင်သလား"

ပါမောက္ခရဲ့ အတွေးတွေကတော့ သူမြတ်နိုးတဲ့ ရတနာတွေမှာသာ တဝဲဝဲလည်နေပါတယ်။

"မဟုတ်ပါဘူး။ ပန်တစ်ဆာဒါလို မြို့ငယ်လေးမှာ သတင်းက ချက်ချင်းပြန့်သွားနိုင်ပါတယ်။

ကျွန်တော်တို့ ဆရာဆာနီကိုခြေရာခံလိုက်နေကြပါတယ်။ ရာကီဒါက သူ့အိမ်ကိုသွားပြီး ဘဏ်ဖောက်ထွင်းမှုနဲ့ ပတ်သက်လို့ မေးမြန်းဖို့သွားတော့ သူ ပျောက်နေပါတယ်။ သည်ကိုလိုက်လာရတာကလည်း သူ့ကိုရှာဖို့ပါ"

ကိမ်နဲ့ ခွန်ဘာတို့ တစ်ဦးကိုတစ်ဦး လှမ်းကြည့်လိုက်ကြပါတယ်။

ပုလိပ်တစ်ယောက် ဝင်လာပြီး သတိအနေအထားနဲ့…

"ကြီးကြပ်ရေးမှူးခင်ဗျာ…

ဒီအိုးဟောင်းတစ်လုံးရဲ့ လက်ကိုင်ကို ဒီကနေပြီး ကိုက်ငါးရာအကွာလမ်းဘေးသဲပုံကရခဲ့ပါတယ်။ အနီးမှာလည်း လေးလန်းလောလီမှ မြို့လုပ်သည်ဆိုတဲ့ တာယာရှိပါတယ်။ အိုးပေါ်က လက်ဗွေတွေနဲ့ ကတ်ထူဖူးတွေက

www.burmeseclassic.com

လက်ဗွေတွေအတူတူ ဖြစ်နေတာ တွေ့ရပါတယ်။

ပါမောက္ခ ဝမ်းသာသွားပြီး . . .

"ဒီ အကျိုးအပဲ့ အစအနတွေက ပုန္နာဂုရ္ဂခရားအိုးကြီးကဟာတွေ ဖြစ်ဖို့များပါတယ်"

"မင်းလူတော်ပဲ"

ကြီးကြပ်ရေးမှူးက သဲပုံကြီးကို စူးစမ်းဖို့ ခြေလျင်ထွက်ခဲ့ပါတယ်။

"ဒီကားဘီးရာတွေကတော့ အခု မနက်ကမှ ဖြတ်သွားတဲ့ ကားရဲ့ခြေရာတွေပဲ"

ဆရာဝန်ကို ပြောပြရင်း မာရသွန် အပြေးပြိုင်ပွဲပန်းဝန်ခါနီးမှာ အပြေးသမားတွေ သုတ်ခြေတင်ခဲ့သလိုမျိုးလို့ပါရှင်းပြခဲ့ပါတယ်။

ပါမောက္ခက ထပ်မေးခဲ့ပါတယ်။

"ဒီလောလီကားကြီးဘယ်ဆီဦးတည်သွားတယ်ဆိုတာကိုကော ခင်ဗျားခန့်မှန်းနိုင်ပါသလား"

"ကျုပ်တို့ခန့်မှန်းနိုင်ပါတယ်။ ကျုပ်တို့ရဲ့ ဝဲဘက်လမ်း ကရာကီဒါဆီတိုက်ရိုက်ပေါက်ပါတယ်။ တစ်ခါ ဂျိုစ် ဒါမှမဟုတ် ခါဖန်ချန်ဆီသွားတဲ့လမ်းဆုံကို ရောက်လိမ့်မယ်။ လက်ျာဖက်လမ်းကတော့ တဖြည်းဖြည်းကျဉ်းသွားပြီး ရွာငယ်လေးတစ်ရွာဆီ ပေါက်ပါတယ်။ သည်လမ်းကျဉ်းကျဉ်းလေးကို လော်လီက ခက်ခက်ခဲခဲ ဝင်ရမှာပါ။

ဆရာဝန်က ထပ်ပြောခဲ့ပါတယ်။

"လမ်းကတော့ရာကီဒါဆီတိုက်ရိုက်ပဲ။ အာဒါမှူးကကော"

"ဒီနေ့ နွဲ့ရမယ့်မြင်းပြိုင်ပွဲဆီသွားလိမ့်မယ်ထင်တာပဲ"

ပြီးတော့ ကြီးကြပ်ရေးမှူးက သူ့ရဲ့ ခန်းမှန်းချက်ကို ဖွင့်ဟခဲ့ပါတယ်။

"သူတို့ဒီနေ့လည်တစ်နာရီမှာ စပြိုင်ကြမှာပါ။ အကယ်၍ အာဒါမှူးသွားခဲ့ရင် သူ့ကို အဲဒီမှာတွေ့ရမှာပါ။ ကောက်ရိုးပုံ ထဲမှာ အပ်တစ်ချောင်းကို ရှာနေရသလိုဖြစ်နေတာကိုတော့ ကျုပ်ဝန်ခံပါတယ်။

ဒါပေမယ့် ကျုပ်တွေ့ကို တွေ့ရမှာပါ။ သူကတော့ ကျုပ်တို့ရဲ့ တစ်ဦးတည်းသော သံသယကောင်ပါ။

ဒေါက်တာဂျိဘရေးက . . .

"မသွားမီတစ်ခုခုသောက်သွားပါဦး"

"ကျေးဇူးပဲဗျာ။ ကျွန်တော် သိပ်အလုပ်များနေလို့ပါ။ ရာကီဒါပုလိပ်ဌာနချုပ်ကနေပြီး တယ်လီဖုန်းခေါ်စရာတွေ အများကြီးရှိနေလို့ပါ။ မြင်းပြိုင်ပွဲကွင်းဆီမသွားခင် ကြိုကြိုတင်တင်ပြင်ဆင်ရမှာပါ။ မီးရထားဘူတာကိုလည်း အကြောင်းကြားရပါဦးမယ်။ လမ်းတစ်လျှောက်လုံးမှာချထားတဲ့ အစောင့်တွေကိုလည်း နိုးနိုးကြားကြား ရှိနေအောင် တပ်လှန့်ထားရပါမယ်။ တယ်လီဖုန်းအားကိုးပြီး လုပ်ရမှာပဲ။ ပန်တစ်ဆာဒါတယ်လီဖုန်းဌာနကိုတော့ မေတ္တာရပ်ခံရမှာပဲ"

"ဆေးရုံမှာလည်း ပြဿနာတော့ ရှိပါတယ်။ အထူးသဖြင့် အရေးပေါ်ကိစ္စတွေမှာလေ။"

ကြီးကြပ်ရေးမှူးကတော့ သူ့ပုလိပ်ဂျစ်ကားဆီ ကမန်ကတန်းသွားနေရတာကြောင့် ဆရာဝန့်စကားတွေကို မကြားနိုင်ခဲ့ပါ။ သူကတော့ အရေးတကြီးမောင်းထွက်ခဲ့ပါတယ်"

မိတ်ဆွေနှစ်ဦးလုံး ငြိမ်ငြိမ်သက်သက်ပြန်လျှောက်ခဲ့ကြပါတယ်။ပါမောက္ခကတော့ စိတ်ဓါတ်သိပ်ကျနေပါတယ်။ အဝေးက ဒေါက်တာခရက်ကာလစ်ကို အိမ်ကနေ တောအရပ်ဆီ အဓိပ္ပါယ်မဲ့ ခရီးထွက်ခိုင်းသလိုဖြစ်နေပါတယ်။

ခွန်ဘာမြင်းစီးနေတာကို သူတို့အိမ်ဖက်လျှောက်လာစဉ် တွေ့လိုက်ကြရပါတယ်။ ဒီမြင်ကွင်းက ဆရာဝန်ခေါင်းထဲ အတွေးတစ်ခု ဝင်လာပါတယ်။

"ဘာဖြစ်လို့တို့တစ်တွေ မြင်းပြိုင်ပွဲမသွားဘဲ နေရမှာလဲ ဆီရေးလ်"

ဘာပဲဖြစ်ဖြစ် ဒီညနေမှာ ရာကီဒါဘူတာကိုသွားကြရမှာပဲ။

ခွန်ဘာရဲ့မြင်းကို အငယ်တန်းပြိုင်ပွဲမှာ သွင်းကြမလား။

အကယ်၍ ကိမ်ထိုင်ကြည့်နေမယ်ဆိုရင် ခွန်ဘာကို မြင်းစီးခိုင်းမယ်"

"သိပ်ကောင်းတဲ့ စိတ်ကူးပဲ။ ဒါဟာ အားလုံးအတွက် အကောင်းဆုံးပါ။

ကဲ ဘယ်တော့စမလဲ"

"အခု ချက်ချင်းပေါ့"

*** *** ***

ဆက်လက်ဖော်ပြပါမည် . . .

အောင်သန်းချစ်



www.burmeseclassic.com

www.burmeseclassic.com





ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၁၈ တာဆထလ (ဝိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တာဆဝက (ဟနယ်ဝင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဝိတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်းကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ **အသား**အရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်**ကင်း**စေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်း**စင်စေရုံ** **မက** ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေ**နာကင်း** **ကာ** ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-ရ/၃၅၆၊ မေတ္တာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဝဋ္ဋေကြွေး(၇)

ယိုး

( ယ ခ င် လ မှ အ ဆက် )

ကျွန်ုပ်သည် အဘိုးသူတော်ကြောင်း နှင့် လမ်းခွဲပြီးနောက်ပိုင်း ၈ိ ္ ဆဲတွင် ကြည်လင်၍သွားလေ၏၊ ဖြစ်သမျှ အကြောင်း ၆ ၊ းပဲဟု ခံယူလိုက်ခြင်းကြောင့်လည်း ဖြစ်နိုင်ပေ၏။ ကျွန်ုပ်စိတ်သည် အတော်အတန် တည်ငြိမ်သွားပြီဖြစ်သဖြင့် ကျွန်ုပ်ဖြစ်ခဲ့သမျှ ဖြစ်စဉ်များအားလည်း စနစ်တကျ ပြန်လည်၍ တွေးကြည့်နေမိ၏။ ကျွန်ုပ်သည် သွေးပူနေသဖြင့် မတွေးမိဘဲ ကျန်နေသောအကြောင်းအရာများ ရှိနေကြောင်း တွေ့ရ၏၊ ကျွန်ုပ်သည် ပိုက်ဆံပျောက်သောညက ရုံးတွင် ဂျူတီကျသဖြင့် ညအိပ်ရ၏။ ကျွန်ုပ်နှင့် အတူတွဲကျသော စာရေးက နေမကောင်းသဖြင့် ဂျူတီမဝင်နိုင်သဖြင့် ကျွန်ုပ်တစ်ယောက်တည်းသာ ဂျူတီဝင်ခဲ့၏။ သို့သော် ထိုညနေက ကိုဝင်းအောင် မိုးချုပ်တဲ့အထိ ရုံးတွင်ရှိနေသည်ကို ပြန်၍သတိရမိ၏။ ထိုညက ကျွန်ုပ်ထမင်းစားထွက်သောအခါ ကိုဝင်းအောင်က သူရုံးတွင် စောင့်နေပေးမည်ဟု ပြောသဖြင့် ကျွန်ုပ်သည် စက်ဘီးဖြင့် အိမ်သို့ ထမင်းပြန်စားသည်ကို မှတ်မိ၏။ ကျွန်ုပ်ပြန်ရောက်လျှင်ရောက်ချင်း ကိုဝင်းအောင်က ပြန်တော့မည်ဟုပြောကာ ပြန်သွားလေ၏။ ကိုဝင်းအောင်သည် ကျွန်ုပ်အား မနာလိုဝန်တိုဖြစ်နေသူတစ်ယောက် ဖြစ်သဖြင့် ချောက်ချခြင်းဖြစ်နိုင်သည်ဟု တွေးမိ၏။

နောက်တစ်နေ့ နံနက်ပိုင်းတွင် ကျွန်ုပ်အား ပီအီးခေါ် ရုံးတွင်းစစ်ဆေးမှု ပြုလုပ်၏။ ပထမ ဒေါ်စမ်းစမ်းစောအား စစ်ဆေးရာတွင် ရုံးဆင်းခါနီးတွင် ပိုက်ဆံများကို စနစ်တကျ စစ်ဆေး၍ အံဆွဲထဲထည့်ကာ သော့ခတ်သည်ကို မှတ်မိကြောင်း၊ အမှန်မှာ အရာရှိအား အပ်နှံကာ မီးခံသေတ္တာထဲတွင် သိမ်းဆည်းရမည်ဖြစ်သော်လည်း နောက်ထပ်ဖြည့်ရမည့်ငွေ ရှိနေသဖြင့် မိမိအံဆွဲထဲတွင် သိမ်းဆည်းထားခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် အကြောင်းတစ်ခုခုကြောင့် သော့ကို မသိမ်းမိဘဲ တန်းလန်းထားမိဟန်ရှိကြောင်း၊ သူ့အနေဖြင့် လုံးဝသတိမရတော့ဘဲ နောက်နေ့ရုံးရောက်မှသာ သော့တန်းလန်းနှင့် အံဆွဲအားတွေ့မှ စစ်ဆေးကြည့်ရာ ငွေအချို့လျော့နေသည်ကို တွေ့ရကြောင်း၊ ရုံးငွေကို ပေါ့ပေါ့လျော့လျော့ ထားမိသည့် သူ့တွင်လည်း အပြစ်ရှိကြောင်းများကိုပါ ဝန်ခံထွက်ဆိုသွား၏။ ကျွန်ုပ်၏အလှည့်သို့ရောက်သောအခါ ကျွန်ုပ်သည် ဒေါ်စမ်းစမ်းစော၏ငွေစာရင်းဘက်သို့ မရောက်ခဲ့ကြောင်း၊ သော့တန်းလန်းကျန်နေခဲ့သည်ကိုလည်း မသိရှိခဲ့ပါကြောင်း၊ ရုံးပိုက်ဆံကိုသာမက အခြားတစ်ဦးတစ်ယောက်၏ ပိုက်ဆံကျန်ခဲ့လျှင်တောင် ကျွန်ုပ်အနေဖြင့် သိမ်းဆည်းထားပေးမည်သာဖြစ်ပါကြောင်းများကို ပြောပြ၏။ ထို့အပြင် ကျွန်ုပ်ဂျူတီကျသည့်ညက ကိုဝင်းအောင် ရုံးတွင်ရှိနေကြောင်း၊ ကျွန်ုပ် ထမင်းစားသွားမည်ဆိုသောအခါ သူစောင့်ပေးမည်ဟုပြောသဖြင့် ကျွန်ုပ်ထမင်းသွားစားခဲ့ကြောင်းများကိုပါ ပြောပြလိုက်လေ၏။ သို့သော်လည်း ကျွန်ုပ်၏ဂျူတီညတွင်ဖြစ်သဖြင့် ကျွန်ုပ်တွင်တာဝန်အပြည့်အဝရှိသည်ဖြစ်ရာ ထိုငွေကို ကျွန်ုပ်အနေဖြင့် ပေးလျော်ပါမည့်အကြောင်းများကိုပါ ထည့်သွင်းထွက်ဆိုလိုက်လေ၏။

ကျွန်ုပ်၏ ထွက်ဆိုချက်အရ ဦးကိစ္စအားသိသူ နောက်တစ်ယောက်ထပ်တိုးလာသဖြင့် ကိုဝင်းအောင်အား စစ်ဆေးရန်ခေါ်သောအခါ ကိုဝင်းအောင်မှာ ရုံးမတက်ဘဲ ခွင့်ယူထားကြောင်းသိရှိရ၏။ အိမ်သို့လိုက်သွားပြီး ခေါ်မှလိုက်လာပြီး အစစ်ခံလေ၏။ မဟုတ်တာလုပ်ထားသူပီပီ မျက်စိမျက်နှာပျက်လျက်ရှိပြီး ရင်

www.burmeseclassic.com

ဆေးသောအခါ နှစ်ခါမစစ်ရဘဲ အဖြစ်မှန်အား ဗူးပေါ်သလို ပေါ်လေတော့၏။ သူ့အနေဖြင့် ရုံးဆင်းခါနီးသောအခါ ဒေါ်စမ်းစမ်းဇောမှ အံဆွဲကို သော့တန်းလန်းနှင့် ကျန်နေသည်ကို တွေ့မိကြောင်း၊ ဖွင့်ကြည့်သောအခါ ပိုက်ဆံအချို့ကိုတွေ့မိသဖြင့် အကြံတစ်ခုရကာ အခြေအနေကို စောင့်ကြည့်ခဲ့ကြောင်း၊ ညနေစောင်းတွင် ကျွန်ုပ်က ထမင်းစားသွားမည်ပြောသဖြင့် သူ့အနေဖြင့် ကြည်ကြည်ဖြူဖြူ လွှတ်လိုက်ကြောင်း၊ ထိုအချိန်တွင် အံဆွဲထဲရှိ ပိုက်ဆံကိုနှိုက်ယူကာ သိမ်းထားလိုက်မိကြောင်း၊ သူ့အနေဖြင့် ပိုက်ဆံကို ခိုးယူချင်၍မဟုတ်ကြောင်း၊ ကျွန်ုပ်ပြဿနာတက်ကာ ရာထူးတိုးမည့်အရေးအတွက် အနှောင့်အယှက်ဖြစ်စေချင်တာသာဖြစ်ကြောင်း၊ သူ့ကိုခွင့်လွှတ်ပါမည့်အကြောင်း၊ သူ့အနေဖြင့် နောင်တရမိပါကြောင်းများကို ခရားရေလွှတ် ပြောလေတော့၏။

ကိုဝင်းအောင်သည် သူ့အပြစ်အား ဝန်ခံပြီးနောက် ကျွန်ုပ်ကိုလည်း တောင်းပန်လေ၏။ ကျွန်ုပ်ကလည်း ခွင့်လွှတ်ပါကြောင်းတို့ကိုပြောကာ နှစ်ဦးနှစ်ဖက်ညှိနှိုင်းကာ ပြေလည်မှုရသွားလေ၏။ ကျွန်ုပ်သည်လည်း အပြစ်မှ လွတ်မြောက်သွားပြီဖြစ်လေရာ ကျွန်ုပ်အား ရာထူးပေးမည့်ကိစ္စမှာလည်း ကန့်ကွက်မည့်သူမရှိတော့ပေ။ ကျွန်ုပ်သည် လက်နှိပ်စက်စာရေးဖြစ်ရန်အတွက် အချိန်အနည်းငယ် စောင့်ရဦးမည်ဖြစ်၏။ ထို့ကြောင့် အချိန်ရတုန်း ကွန်ပျူတာသင်တန်းတက်ရလျှင် ကောင်းမည်ဟုတွေးမိသဖြင့် စုံစမ်းရာ ဘီစီကြီးဒေါ်ခင်မေစီက –

"မင်း ကွန်ပျူတာတက်ချင်ရင် အန်တီကူညီပါ့မယ်ကွယ်။ အန်တီ့တူတစ်ယောက်က လှည်းတန်းမှာ ကွန်ပျူတာသင်တန်းဖွင့်ထားတယ်။ အန်တီဖုန်းဆက်ထားလိုက်မယ်။ သူ့ဆီကိုသာ မင်းသွားလိုက်"

ဟု ဆိုကာ လိပ်စာကိုပေးလေ၏။ ကျွန်ုပ်လည်း အထက်အရာရှိနှင့် ညှိနှိုင်းကာ အလုပ်ချိန်မပျက်စေဘဲ ရုံးဆင်းချိန်တွင် ဖွင့်လှစ်သော သင်တန်းချိန်ကိုယူကာ တက်ရောက်ခဲ့လေ၏။ သင်တန်းဖွင့်စရက်တွင် ကျွန်ုပ်တို့ သင်တန်းသားများမှာ ကွန်ပျူတာကို ကိုင်တွယ်ခွင့်မရှိဘဲ ကွန်ပျူတာဖြစ်ပေါ်လာပုံကိုလည်းကောင်း၊ တီထွင်သော ပုဂ္ဂိုလ်အကြောင်းကိုလည်းကောင်း၊ ကွန်ပျူတာ၏ သဘောတရားများကိုလည်းကောင်း၊ ကွန်ပျူတာကိုင်တွယ်ပုံ ကိုင်တွယ်နည်းကိုလည်းကောင်း နှစ်ရက်,သုံးရက်ခန့် ဆက်တိုက်ဆိုသလို ရှင်းပြလေ၏။

"ကွန်ပျူတာမှာ အဓိကက ဆော့ဝဲနဲ့ ဟတ်ဝဲလို့ ခေါ်တယ်။ တစ်နည်းအားဖြင့်ပြောရရင် ရုပ်ပိုင်းပေါ့။ အဲဒီစက်ထဲမှာရှိတဲ့ နည်းပညာပိုင်းတွေကိုကျတော့ ဆော့ဝဲလို့ခေါ်တယ်။ အဲဒါကို တစ်နည်းအားဖြင့်ပြောရရင် နာမ်ပိုင်းပေါ့။ ကျွန်တော်တို့လူမှာ ရုပ်နဲ့နာမ်ဆိုတာ ရှိသလို၊ ကွန်ပျူတာမှာလည်း ဆော့ဝဲနဲ့ ဟတ်ဝဲဆိုပြီး ရှိတယ်"

ဟူ၍ ရှင်းပြရာ ကျွန်ုပ်မှာ လွန်စွာသဘောကျလွန်းသဖြင့် မမေ့နိုင်အောင်ဖြစ်ရလေ၏။ ကျွန်ုပ်တို့သည် ကွန်ပျူတာအသုံးချပညာရပ်များအား အင်တာနက်၊ ဖိုတိုရှော့၊ အိတ်ဇဲလ်၊ ဝါ့ဒ် စသည်ဖြင့် ဘာသာရပ်(၅)ခု ခွဲ၍ သင်ကြားပေးရာတွင် ကျွန်ုပ်တတ်ချင်သော စာစီစာရိုက်ပညာရပ် မပါဝင်ဘဲ ဖြစ်နေရာ သင်တန်းကလည်း မကြာမီ ဆင်းရတော့မည်ဖြစ်သဖြင့် မနေနိုင်တော့ဘဲ –

"ဆရာ . . . ကျွန်တော်က အဓိကမြန်မာလို စာစီစာရိုက် တတ်ချင်တာပါ။ ကျွန်တော့်ကိုသင်ပေးပါ"

ဟု တောင်းပန်ရာ ဆရာက –

"ခင်ဗျားကို ကျွန်တော်သင်ပေးနေတာတွေက တကယ့်ပညာရပ်တွေဗျ။ ခင်ဗျားတတ်ချင်တယ်ဆိုတဲ့ စာစီစာရိုက်ဆိုတာက ကျွန်တော်တို့ကွန်ပျူတာမှာ ပညာမဟုတ်ဘူး"

ဟု ပြန်၍ပြောလေ၏။

"ဆရာပြောတာ ဟုတ်မှာပါ။ ဒါပေမဲ့ ကျွန်တော်က ဝန်ထမ်းတစ်ယောက်ပါဆရာ။ မကြာခင် အငယ်တန်းလက်နှိပ်စက်စာရေးဖြစ်တော့မှာဆိုတော့ မြန်မာလို စာစီစာရိုက် တတ်ဖို့လိုအပ်ပါတယ်"

"ကောင်းပြီလေ။ ခင်ဗျားသိပ်တတ်ချင်ရင် သင်တန်းဆင်းခါနီး နှစ်ရက်သုံးရက်လိုရင် ကျွန်တော်သင်ပေးပါ့မယ်။ ခဏသင်ရုံနဲ့ တတ်ပါတယ်"

ဟု ပြောသဖြင့် ကျွန်ုပ်မှာ စိတ်သက်သာရာ ရသွားလေ၏။ ကျွန်ုပ်သည် လက်နှိပ်စက်သင်တန်းကို အောင်မြင်ပြီးဖြစ်သဖြင့် စာစီစာရိုက်သင်ယူရာတွင် အလွန်လျင်မြန်စွာ တတ်မြောက်လေ၏။

လက်နှိပ်စက်စာရေး ဦးလှကြိုင်မှာ လုပ်သက်ပြည့်၍ ပင်စင်ခံစားသွားပြီးနောက် ကျွန်ုပ်အား နိုဝင်ဘာလဆန်း(၁)ရက်နေ့တွင် အငယ်တန်းလက်နှိပ်စက်စာရေးရာထူးကို ခန့်အပ်လိုက်လေတော့၏။ ကျွန်ုပ်၏မွေးနေ့မှာ နိုဝင်ဘာလဆန်း(၂)ရက်နေ့ဖြစ်ရကား ကျွန်ုပ်၏ မွေးနေ့အထိမ်းအမှတ်အနေနဲ့ရော၊ ရာထူးတိုးသည့်အနေဖြင့်ရော ရုံးရှိဝန်ထမ်းများအား မြောင်းမြဒေါ်ချို မုန့်ဟင်းခါးကို အော်ဒါမှာ၍ကျွေးမွေးရာ ကျွန်ုပ်၏ဘဝတစ်လျှောက်တွင် အပျော်ရွှင်ဆုံးနေ့တစ်နေ့ ဖြစ်ပေတော့သည်။

ကျွန်ုပ်၏ဘဝသည် ဆိုးသည်တစ်ခါ၊ ကောင်းသည်တစ်လှည့် ရှိနေရာ ကောင်းသည့်အခါတွင် ပျော်ရွှင်ရသကဲ့သို့ ဆိုးသည့်အခါတွင်လည်း အလွန်တရာ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ညစ်ရလေ၏။ ဆရာကြီးမင်းသိခ်ရေးသော ဝတ္ထုများထဲမှ ကံကြမ္မာရဟတ်ဘီးကြီးကို သွား၍သတိရမိပေ၏။ ကံကြမ္မာရဟတ်ဘီးကြီး အပေါ်သို့ရောက်ချိန်တွင် ပျော်ရွှင်ရသကဲ့သို့၊ ကံကြမ္မာရဟတ်ဘီးကြီး အောက်တွင်ရှိနေချိန်တွင် လွန်စွာမှ ဒုက္ခရောက်ရလေ၏။ ထိုသောအခါ၌ ကျွန်ုပ်၏အနီးသို့ အဘိုးသူတော်ကြောင် ရောက်လာကာ ကျွန်ုပ်အား ဥပမာ ဥပမေယျများဖြင့် ဆုံးမကာ အားပေးစကားများပြောသဖြင့် ကျွန်ုပ်သည် ခွန်အားများ ပြည့်ကာ ဘဝကို ရဲရဲရင်ဆိုင်ရဲသော အခြေအနေသို့ ရောက်ရလေ၏။ အဘိုးသူတော်ကြောင်မှာ ကျွန်ုပ်၏ ကျေးဇူးရှင်တစ်ယောက်ဖြစ်ပေ၏။ ကျွန်ုပ်သည် အဘိုးသူတော်ကြောင်အား လွန်စွာမှ သတိရလျက်ရှိသော်လည်း ကျွန်ုပ်ထံသို့ ရောက်မလာဘဲ ပျောက်ချက်သားကောင်း လျက်ရှိလေ၏။

ကျွန်ုပ်၏သူငယ်ချင်းဖြစ်သူ ဉာဏ၏ ကျေးဇူးကြောင့် ကျွန်ုပ်၏မိသားစုမှာ အဆင်ပြေလျက်ရှိ၏။ ကွမ်းယာဆိုင်ကလေးမှာ ရောင်းကောင်းပြီး၊ ယခုအခါ မုန့်ပဲသရေစာအပြင်၊ အိမ်သုံးပစ္စည်းကလေးများ၊ အိမ်သုံးတိုင်းရင်းဆေးဝါးများပါ တင်ထားသဖြင့် ကုန်စုံဆိုင်ကလေးတစ်ခုသဖွယ် ဖြစ်၍နေလေတော့၏။ ဆိုင်၏ရှေ့တွင်လည်း ထိုင်ခုံတန်းလျားလေးတစ်ခုကို ရိုက်၍ထားပြီး သောက်ရေအိုးကလေးပါ ထားသဖြင့် ကွမ်းစားသူများ အနေဖြင့် ကွမ်းယာအသစ် ပါးစပ်ထဲထည့်ခါနီးတိုင်း ရေဖြင့် အာလုတ်ကျင်းသည့်အလေ့အကျင့်ရှိရာ သောက်ရေအိုးအသင့်ထားသဖြင့် အလွန်အဆင်ပြေလှ၏။ ကျွန်ုပ်၏ခယ်မကလေးများမှာလည်း ဈေးရောင်းကောင်းသဖြင့် ပျော်ရွှင်လျက်ရှိပြီး ရွှေမြစိန်က အဝတ်အစားလေးများ ဝယ်ခြမ်းပေးသည့်အပြင် ငွေစ၊ ကြေးစကလေးများပါ တစ်ခါတစ်ရံ ပေးလေရာ ညီအစ်မနှစ်ယောက်စလုံးက မယူကြဘဲ လိုသောအခါ တောင်းပါမည်ဟု ဆိုကာ ပြန်ပေးကြ၏။ ထိုအခါ ရွှေမြစိန်က သူတို့အားပေးသောငွေအား ပြန်ယူထားသော်လည်း သူတို့အတွက် စုဘူးလေးများ ပြုလုပ်ကာ စုပေးထားလေ၏။ ကျွန်ုပ်၏ ခယ်မလေးနှစ်ယောက်မှာလည်း အားကိုးအားထားမရှိသည့်အားလျော်စွာ ကျွန်ုပ်တို့ လင်မယားကိုသာ အစ်ကိုကြီး၊ အစ်မကြီးကဲ့သို့လည်းကောင်း၊ အမိအဖကဲ့သို့လည်းကောင်း သဘောထားရှာ၏။ ထို့ကြောင့် ကျွန်ုပ်တို့ကလည်း နှမလေးများသဖွယ်လည်းကောင်း၊ သမီးကလေးများသဖွယ်လည်းကောင်း ကျွေးမွေးပြုစုစောင့်ရှောက်ရပေ၏။

ကျွန်ုပ်တို့၏ အိမ်ထောင်သက်သည် ယခုအခါ (၄)နှစ်ပြည့်တော့မည်ဖြစ်၏။ ငွေကလေး၊ ကြေးကလေးများလည်း အပိုအလျှံရှိသဖြင့် (၄)နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်ပွဲကလေး ကျင်းပပြုလုပ်ရန် စဉ်းစားမိ၏။ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းပြီး၊ ဖိတ်ကြားထားသူများအားလည်း ထမင်းဖြင့် ညှိခံကျွေးမွေးရန် စိတ်ကူးမိ၏။ ထို့ကြောင့် ဖိတ်ကြားသင့်သူများအားလည်း ဖိတ်ကြားရမည်ဖြစ်သဖြင့် ဖိတ်စာလေး ရိုက်ရန်လည်း စိတ်ကူးမိ၏။ ဖိတ်စာရိုက်ရာတွင်လည်း (၄)နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်ဟု ခေါင်းစဉ်တပ်ရမည်ဖြစ်၏။ သို့တည်းမဟုတ်၊ ဘာရတု ညာရတု စသည်ဖြင့် တပ်ရလျှင်ကောင်းမည်လားဟု စဉ်းစားမိ၏။ သို့သော် ကျွန်ုပ်သည် ရွှေရတု၊ ငွေရတု၊ ပတ္တမြားရတုလောက်သာ ကြားဖူးသည်ဖြစ်ရာ ထိုအကြံအစည်ကို လက်လျှော့လိုက်လေ၏။ ခုနေများ အဘိုးသူတော်ကြောင်ရောက်လာလျှင် ကောင်းမှာပဲဟုလည်း တွေးနေမိ၏။ သို့သော် အဘိုးသူတော်ကြောင်မှာ ကျွန်ုပ်ဒုက္ခရောက်နေစဉ် ကာလများ၌သာ ရောက်လာလေ့ရှိရာ ယခုကဲ့သို့ ကျွန်ုပ်ပျော်ရွှင်နေချိန်များ၌ ရောက်လာလိမ့်မည် မထင်မိပေ။

ကျွန်ုပ်သည် ရုံးပိတ်ရက်လည်းဖြစ်သဖြင့် ပျင်းပျင်းရှိသည်နှင့် လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့လေ၏။ နေ့လယ်ဘက်ဖြစ်သဖြင့် လက်ဖက်ရည်ဆိုင်မှာ လူရှင်းနေ၏။ ကျွန်ုပ်သည် ဆိုင်ထဲသို့ လှမ်း၍ဝင်လိုက်စဉ် –

"လူလေး ... ဒီကိုလာကွ"

ဟူသော ခေါ်သံကို ကြားလိုက်မိသဖြင့် ကြည့်လိုက်ရာ ကျွန်ုပ်အားကျောခိုင်းလျက်အနေအထားဖြင့် အဘိုးသူတော်ကြောင်ကို တွေ့လိုက်ရပေသည်။

"အဘိုးကို ကျွန်တော်က သတိရနေတာဗျ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ –

"မောင်ရင်က ကျုပ်ကို ဒုက္ခရောက်မှလာတတ်တဲ့ အဘိုးကြီးပဲဆိုပြီး အပြစ်တင်မလို့ မဟုတ်လား"

ဟု ပြောလေ၏။

"အဘိုးက ဘယ်လိုကြိုသိနေတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ –

"ဒါတင်ဘယ်ကမလဲမောင်ရာ။ မောင်ရင့်ဖိတ်စာမှာ (၄)နှစ်ပြည့်ကို ဘယ်ရတုလို့ တပ်ရမလဲဆိုတာပါ သိချင်နေတာ မဟုတ်လား"

ဟု ထပ်၍မေးလိုက်ပြန်ရာ မှန်နေသဖြင့် –

"ဟုတ်လိုက်လေ အဘိုးရာ။ ကျွန်တော်သိချင်နေတာ အမှန်ပဲဗျ"

"အေးလေ ... လူလေးက နဂိုအလုပ်အပြင် အပိုအလုပ်ကလေးများလည်း လုပ်ချင်နေသေးသကိုးကွ"

ဟု ရိတိတိ ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"အဘိုးအပြစ်ပြောချင်လည်း ပြောပါဗျာ"

ဟု ဝန်ခံလိုက်ရ၏။

"ဒီလိုရှိတယ်ကွ လူလေးရဲ့ နှစ်ပတ်လည်ဆိုင်ရာ အထိမ်းအမှတ်အဖြစ်ရတုကို (၂၆)မျိုး သတ်မှတ်ထားတယ်ကွ။ ဘယ်သူသတ်မှတ်သလဲ မမေးနဲ့။ ရှေးပညာရှိကြီးတွေ သတ်မှတ်ထားတယ်လို့ မှတ်ကွ"

ကျွန်ုပ်မှာ စာရွက်ပေါ်တွင် လိုက်၍ ရေးမှတ်လိုက်၏။

"၁ နှစ်မြောက်ကို စက္ကူရတုလို့ ခေါ်တယ်ကွ။ ၂ နှစ်မြောက်ကို ဂွမ်းရတုလို့ ခေါ်တယ်။ ၃ နှစ်မြောက်ကို သားရေရတုလို့ ခေါ်တယ်၊ ၄ နှစ်မြောက်ကိုတော့ ပိုးရတုလို့ ခေါ်တယ်မောင်"

ဟုဆိုကာ အောက်ပါအတိုင်း လိုက်လံကူးမှတ်ထားလိုက်ရ၏။

၅ နှစ်မြောက် = သစ်သားရတု၊ ၆ နှစ်မြောက် = သကြားရတု၊ ၇ နှစ်မြောက် = သက္ကလပ်ရတု၊ ၈ နှစ်မြောက် = ကြေးရတု၊ ၉ နှစ်မြောက် = ဥသဖရားရတု၊ ၁၀ နှစ်မြောက် = သံဖြူရတု၊ ၁၁ နှစ်မြောက် = သံမဏိရတု၊ ၁၂ နှစ်မြောက် = ချည်ရတု၊ ၁၃ နှစ်မြောက် = ဇာပန်းရတု၊ ၁၄ နှစ်မြောက် = ဆင်စွယ်ရတု၊ ၁၅ နှစ်မြောက် = သလင်းရတု၊ ၂၀ နှစ်မြောက် = ကြွေရတု၊ ၂၅ နှစ်မြောက် = ငွေရတု၊ ၃၀ နှစ်မြောက် = ပုလဲရတု၊ ၃၅ နှစ်မြောက် = ကျောက်စိမ်းရတု၊ ၄၀ နှစ်မြောက် = ပတ္တမြားရတု၊ ၄၅ နှစ်မြောက် = နီလာရတု၊ ၅၀ နှစ်မြောက် = ရွှေရတု၊ ၅၅ နှစ်မြောက် = မြရတု၊ ၆၀ နှစ်မြောက် = စိန်ရတု၊ ၇၅ နှစ်မြောက် = ဒုတိယစိန်ရတု၊ ၉၀ နှစ်မြောက် = နဝရတ်ရတု ဟု စီကာစဉ်ကာ ပြောပြလေ၏။

"ကဲ ... ဒီတော့ လူလေးတို့ရဲ့ မင်္ဂလာကို (၄)နှစ်မြောက် ပိုးရတုမင်္ဂလာလို့ တပ်လိုက်ပေတော့ကွာ"

ကျွန်ုပ်သည် အဘိုးသူတော်ကြောင်အား လက်ဖက်ရည်၊ မုန့်တို့ဖြင့် ညှော်ခံကျွေးမွေးရ၏။

"ဒီတစ်ခါ ကျုပ်လာတာ လူလေးဒုက္ခရောက်တဲ့အချိန်အခါ မဟုတ်ဘဲ မင်္ဂလာအချိန်မှာ ရောက်လာတာဖြစ်တဲ့အပြင် မင်္ဂလာလက်ဖက်ရည်၊ မင်္ဂလာမုန့်များပါ ကျွေးမွေးညှော်ခံတဲ့တွက် ကျေးဇူးတင်တဲ့အကြောင်းနဲ့ ပိုးရတုမင်္ဂလာဝင်္ကြွေးလေးများလည်း ဆပ်ဖို့မမေ့ဖို့အကြောင်း သတိလေးများ ပေးပါရစေမောင်"

ဟု ပြောလေ၏။

"အဘိုးကတော့ လုပ်ပြီဗျာ။ ဘယ်က မင်္ဂလာဝင်္ကြွေးက လာဆပ်ရဦးမှာလဲဗျ"

ကျွန်ုပ်က စောဒကတက်လိုက်ရာ

"လူလေးက တကယ်ပဲမသိတာလား၊ မသိချင်ယောင်ပဲ ဆောင်နေတာလား။ ဘာပဲဖြစ်ဖြစ် လူလေးကမေးမှတော့ ကျုပ်က ပြောရသေးတာပေါ့လေ။ လူလေးကြားဖူးမှာပေါ့။ ကာမဘုံသား ဆုံလည်နွားသို့ ဆိုတာလေ။ ပါရမီတော်ရင့်ကျက်နေတဲ့ တို့မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးတောင်မှ ဘုရားစင်စစ် ကေန်ဖြစ်မယ့် နောက်ဆုံးဘဝမှာတောင် ကာမဝင်္ကြွေက မလွတ်နိုင်ဘဲ အိမ်ယာတည်ထောင်ခဲ့သေးတာကွ။ တို့လိုပုထုစဉ်လူသားများဆိုတာကတော့ ပြောဖွယ်ရာ ဘယ်ရှိလိမ့်မလဲ၊ တဏှာ၊ ရာဂ၊ ကိလေသာဝင်္ကြွေဆိုတာ လွတ်ခဲသားလားမောင်ရာ။ အဲဒါကိုပြောတာပေါ့၊ မင်္ဂလာဝင်္ကြွေဆိုတာ"

ဟု ပြောလေ၏။

"ဒါဆို အဘိုးရယ် ... အဘိုးတို့လို ပုဂ္ဂိုလ်တွေများကျတော့ရော အဲဒီဝင်္ကြွေက လွတ်ပြီပေါ့"

ဟု ကျွန်ုပ်ကပြောလိုက်ရာ –

"ဒါက ဒီလိုရှိတယ် လူလေးရဲ့။ ကာမဂုဏ်မှ မေထုန်မပြုသော်လည်း မေထုန်ငယ်(၇)ပါးဆိုတာ ရှိသေးတယ်ကွယ့်။ လူလေးဗဟုသုတရအောင် ပြောရရင် ... (၁) အမျိုးသမီး၏ အနှင်းအနှိပ် အဆုပ်အနယ်ကို သာယာခြင်း၊ (၂) အမျိုးသမီးနှင့်တကွ ရယ်ဖယ်ရွှင်ဖွယ် ကျီစယ်ပြောဆို သာယာခြင်း၊ (၃) အမျိုးသမီးနှင့် အချင်းချင်း စိန်းစိန်းစိုက်စိုက် ကြည့်ရှုသာယာခြင်း၊ (၄) အမျိုးသမီး၏ အသံကို အနီးအဝေးက ကြား၍ သာယာခြင်း၊ (၅) ရှေးရှေးသောအခါက အမျိုးသမီးနှင့် ပျော်ပါးဖူးသည်ကို အမှတ်ရ၍ တအောက်မေ့မေ့ သာယာခြင်း၊ (၆) တစ်ပါးသောသူတို့ အမျိုးသမီးနှင့် ပျော်မြူးနေသည်ကို မြင်၍၊ ကြား၍ သာယာခြင်း၊ (၇) ယခုစောင့်ထိန်းသော ဥပုသ်သီလ၏ အကျိုးအဖြစ်ဖြင့် နောက် နတ်သမီး၊ နတ်သားဖြစ်၍ ခံစား စံစားလိုမှု၌ စိတ်ညွတ်ခြင်း ဆိုပြီး မေထုန်ငယ်(၇)ပါး ဆိုတာ ရှိတယ်ကွယ့်။ အဲဒီထဲက တစ်ပါးပါးနဲ့ စွန်းငြိရုံနဲ့ သီလညှိုး၊ သီလကျိုး သီလပျက်ဖြစ်စေတယ်ကွယ့်။ ထားပါလေ။ ဒါတွေက လူလေးကို ဗဟုသုတအဖြစ် ပြောပြတာပါ။ ဘာပဲဖြစ်ဖြစ် လူလေးအနေနဲ့တော့ ပိုးရတုမင်္ဂလာဝင်္ကြွေကို ဆက်ဆက်ကြီး ဆပ်ဖို့ပဲ"


ဟုပြောကာ သူ၏ အညိုတစ်ခြမ်း အဖြူတစ်ခြမ်း လွယ်အိတ်ကြီးအား ကောက်၍လွယ်ကာ တောင်ဝှေးကြီးအား တဒေါက်ဒေါက်ထောက်၍ ထွက်ခွာသွားလေတော့၏။

ယိုး



www.burmeseclassic.com

www.burmeseclassic.com



# ဘ၀အလှ ပညာဒါန

သောင်းဉာဏ်(ပန်းထော်ကျွန်း)

စာအုပ်စာပေများကို ဖတ်မှတ်ခဲ့ရာမှ စာပေပညာရှင်ကြီးများ၏ မှတ်သားဖွယ်ရာ စကားစုများထဲတွင် သတိတရ ရှိနေသည့် စကားစုတစ်ခုမှာ "လောက၌ ဥစ္စာမနေပါရမီ၊ ရာထူးအာဏာပါရမီဟူ၍ ဆိုရိုးမရှိ ပညာပါရမီဟူ၍သာ ဆိုရိုးရှိသည်" ဟူသော စကားဖြစ်ပါသည်။ ထို့ကြောင့် ပညာဟူသည် ဥစ္စာဓနရာထူး အာဏာများထက် ပိုမိုမွန်မြတ်သောအရာ တည်း။ ပညာသည် တန်ဖိုးဖြတ်မရသော၊ သုံးစွဲ၍ မကုန်ခန်းနိုင်သော၊ ဝယ်ယူ ခိုးယူ လုယူ မရနိုင်သော အဖိုးတန်ရတနာ ဖြစ်ကြောင်း လူတိုင်းသိနားလည်ကြပါသည်။ ပညာ၌ အတတ်ပညာ၊ အသိပညာဟူ၍ ရှိပါသည်။ ပညာတတ်၊ ပညာရှင်ဟု အောင်မြင်သူတစ်ဦး ဖြစ်ဖို့ရာ သင်ယူ တတ်မြောက်နိုင်သော အတတ်ပညာ လောက်နှင့် မလုံလောက်ပေ။ အရာရာကို ကောင်းဆိုးနှစ်တန် ကြည့်မြင်ဝေဖန် ပိုင်းခြားနိုင်သည့် ဉာဏ်စွမ်းရည်ဖြင့် တတ်သိနားလည်ထားသော အသိပညာပါ ပြည့်စုံရန် လိုအပ်ပါသည်။ ကျွန်ုမအဖို့ ပညာ၏ သဘောသဘာဝကို တွေးတောစဉ်းစား ဝေဖန်ပိုင်းခြား၍ မရနိုင်အောင် မြင့်မားပေသည်ဟု မိမိကိုယ်တိုင် သိနေပါသည်။ သို့သော် ပတ်ဝန်းကျင်တွင် ကြားမိနေသော "ပညာဒါန"ဟူသော စကားသံက စိတ်နှလုံးအာရုံထဲသို့ ဝင်စားနေမိသည်က အကြောင်းရင်းဖြစ်ပါသည်။ စိတ်အာရုံကို ဖမ်းစားခံနေရသည့် စေ့ဆော်မှုအင်အားကို တွန်းလှန်ဖြေဖျောက် မရနိုင်ခြင်းကြောင့်ပင် ဤကြီးမြတ်မြင့်မားသော သဘောကို မိမိ၏ မမှီတမီဉာဏ်အဆင့်နှင့် တွေးတောကြည့်မိခြင်းသာ ဖြစ်ပါသည်။

ဒါနဆိုသည်မှာ ကောင်းမှုကုသိုလ် အဖို့ရာ ပြုလုပ်လှူဒါန်းသော မြင့်မြတ်စင်ကြယ်သော အလုပ်ဖြစ်ကြောင်းကို ဗုဒ္ဓဘာသာဝင်တိုင်း နားလည်ယုံကြည်ကြပါသည်။ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်မြတ်များကို လူအများလွယ်ကူ နားလည်ကာ ကျင့်ကြံရှက်ဆောင်တတ်စေရန် ဟောကြားညွှန်ပြ သင်ပေးတော်မူကြသော သံဃာတော်များ၏ ဟောကြားရေးသားသည့်



www.burmeseclassic.com

www.burmeseclassic.com

များကို နာကြားဖတ်မှတ်ဖူးသောကြောင့် ဒါနအကြောင်းကို အသင့်အတင့် နှလုံးသွင်းနားလည် မိပါသည်။ အလှူဒါနပြုလုပ်ရာတွင်၊ မွန်မြတ်ကြည်လင်သော စိတ်စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းစွန့်ကြဲလိုသူ အလှူရှင်၊ စင်ကြယ်သန့်ရှင်းသော လှူဖွယ်ဝတ္ထု၊ သူတော်ကောင်းကျင့်စဉ်နှင့် မေတ္တာစေတနာ ပွားများပြီး အလှူလက်ခံသော ပုဂ္ဂိုလ် စသည်တို့ နည်းမှန် စနစ်မှန်ဖြင့် ပြုလုပ်မှသာ ဒါနမြောက်နိုင်ကြောင်း နာကြားဖူးသော တရားတော်များအရ နားလည်ယုံကြည်ထားမိပါသည်။ ထို့အတူ ပညာသင်ခြင်းသည်လည်း အလှူဒါန ပြုလုပ်ခြင်းနှင့် ဆင်တူနေသည်ဟု တွေးမိပါသည်။ အလှူဒါန တစ်မျိုးဟုပင် ယူဆမိပါသည်။ အဖိုးတန်သောပညာကို လှူဖွယ်ဝတ္ထုအဖြစ် ဒါနမြောက်စေရန် ပြုလုပ်ရွက်ဆောင်သောကြောင့် 'ပညာဒါန'သည် မြင့်မြတ်သော အလှူဟုလည်းယုံကြည်ကာ ကြည်နူးဝမ်းသာ ဖြစ်ရပါသည်။ ပညာသည် လောက၌ လူ့ဘဝအတွက် အဖိုးထိုက်တန်သော အရာဖြစ်ပေသည်။ ဤပညာကို ဒါနအလှူ ဖြစ်မြောက်ရန် ကြိုးပမ်းရွက်ဆောင်ခြင်းသည် ထူးကဲမွန်မြတ်သော အလှတရားပင် ဖြစ်ချေသည်။ ထို့ကြောင့် ပညာကို ဒါနမြောက်အောင် သင်ယူခြင်း၊ သင်ကြားခြင်းများမှာ 'ဘဝအလှပညာဒါန'ဟူ၍ တင်စားထိုက်ပေသည်ဟု ယူဆမိပါသည်။

ပညာသင်ယူလိုသူများအတွက် ရည်ရွယ်၍ လိုအပ်သော ငွေကြေးပံ့ပိုးမှုသာမက ရုပ်ပိုင်းဆိုင်ရာ အထောက်အကူမျိုးစုံကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ပေးလှူကြသော အလှူရှင်မိဘများ၊ မိသားစုဝင်များ၊ လှူဖွယ်ဝတ္ထုအဖြစ် သုံးစွဲပေးကမ်းစွန့်ကြဲ၍ မကုန်သော အတတ်ပညာကို စေတနာမေတ္တာတရားဖြင့် သင်ကြားပြသ မျှဝေပေးကြပါသော ဆရာများထံမှ အတတ်ပညာကိုသင်ယူပြီး အလှူလက်ခံနေသူများမှာ အလွန်ပင်ထူးကဲသော အခွင့်အခါနှင့် ကြုံကြိုက်နေသူများဖြစ်၍ မဟာကံထူးရှင်များဟူ၍ပင် တင်စားခေါ်ဝေါ်ထိုက်ပေသည်။ ဤမွန်မြတ်သော 'ဘဝအလှ ပညာဒါန'နှင့် ကြုံကြိုက်ခွင့် ရရှိသူများသည် ပေးတိုင်းမရ ကျွေးတိုင်းမဝ ဆိုစကားကဲ့သို့ မဖြစ်ရလေအောင် ပေးတိုင်းရနိုင်အောင်၊ ကျွေးသည့်အာဟာရကို ဝနိုင်အောင် ဆင်ခြင်သတိထားကာ ဝီရိယစွမ်းအားရှိရှိနှင့် ဒါနမြောက်အောင် ပြုမူဆောင်ရွက်ကြရပေမည်။

'ဘဝအလှ ပညာဒါန'ဟူသော အလှတရားကို မိမိသည် ဝမ်းသာပီတိဖြင့် တွေးဆကြည့်မိပါသည်။ မည်သည့်အလှကို ကြည့်သည်ဖြစ်စေ ဘေးမှကြည့်၍သာ မြင်နိုင်ပါသည်။ ဥယျာဉ်တစ်ခု၏ အလှကို ဥယျာဉ်ထဲသို့ဝင်ကြည့်က မမြင်နိုင်။ အဝေးမှလှမ်းကြည့်မှသာ မြင်နိုင်ပေသည်။ မြစ်ချောင်းတောတောင်တို့၏ အလှကိုလည်း ခပ်လှမ်းလှမ်းမှကြည့်သော် မြင်နိုင်ပါသည်။ ဓာတ်ပုံရုပ်ရှင်များ ရိုက်ကူးကြရာ၌ ဘေးတစ်ဖက်တစ်ချက်စီမှ ကြည့်မြင်ရိုက်ကူးထားခြင်းကြောင့် အလှသွင်ပြင် ထင်ရှားပေါ်လွင်စေပြီး ကြည့်ရသူ အများအမြင်၌ လှပကြည်လင်ခြင်း ဖြစ်ရပေသည်။ ထိုကဲ့သို့ပင် ကျွန်မသည် 'ဘဝအလှ ပညာဒါန'ကို ဒါနမြောက်ရန် ကိုယ်တိုင်မဆောင်ရွက်ဘဲ ဘေးမှပင် သာယာကြည်နူးဖွယ်အလှကို တွေးဆကာ ကြည့်နေမိပါသည်။

ပညာသင်ယူသည်မှာ မျက်စိပွင့်နားပွင့်ပြီး စဉ်းစားတွေးခေါ် ဆင်ခြင်တတ်သော အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဖြစ်ပေသည်၊ အသိဉာဏ် ဖွံ့ဖြိုးမှသာ အရာရာကို ဖြစ်ထွန်းအောင်မြင်အောင် လုပ်ဆောင်နိုင်ပေမည်။ အတတ်ပညာ သင်ယူတတ်မြောက်သည့်နှင့် အောင်မြင်ဖို့အတွက် မပြည့်စုံ။ အသိပညာပါ လိုအပ်ပေသည်။ အတတ်ပညာမည်မျှပင် ကျွမ်းကျင်တတ်မြောက်သော်လည်း အသိပညာ ဗဟုသုတ မရှိပါက အောင်မြင်မှုမရနိုင်ပေ။ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်သည်။ အသိပညာကား သင်ယူ၍မရသော အရာဖြစ်ပေသည်။ အသိပညာဗဟုသုတ ရရှိစေရန် ဗုဒ္ဓတရားတော်များကို ဟောကြားရေးသားတော်မူကြသော သံဃာတော် အရှင်သူမြတ်တို့၏ ဟောကြားရေးသားတော်မူသော တရားစာပေများ ပညာရှင်များရေးသားသော စာပေများကို နာကြား၊ ဖတ်မှတ်၊ လေ့လာမှတ်သား၊ လိုက်နာကျင့်ဆောင်ကြရပါမည်။ 'မိမိထက် အသက်ဂုဏ် ရှိန်ကြီးမြင့်သူ ဘိုးဘွားမိဘ၊ ဆရာသမားများ၏ စာတွေ့သုတ၊ ကိုယ်တွေ့မုတ အဆုံးအမဩဝါဒ စကားများကို နာခံ၍ အတတ်နိုင်ဆုံး နာယူကျင့်ကြံဆောင်ရွက်ရပေမည်။ အသိပညာသည် သင်ယူ၍မရနိုင်သော အရာဖြစ်ခြင်းကြောင့် ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားချင့်ချိန်ဝေဖန်ကြိုးစား သတိထားဆင်ခြင်မှသာ တိုးပွားနိုင်သော ပညာဖြစ်ပေသည်။

ယနေ့အချိန်ကာလတွင် အတတ်ပညာ၊ နည်းပညာများ တိုးတက်သည်နှင့်အညီ အာရုံခံစားမှုအတွက် နည်းမျိုးစုံသော ရုပ်ဝတ္ထုပစ္စည်းများ ပေါ်များခြင်းသည်လည်း လူအများကို လှည့်စားမြှူဆွယ်နေကြပါသည်။ ထိုလှည့်စားချက်ကို အကောင်းအဆိုး အမှားအမှန်ဖြစ်တန်ရာတွေကို စဉ်းစားနှိုင်းယှဉ်တတ်သော အသိဉာဏ်နှင့် သိမြင်ရှောင်ရှားဆောင်ရွက်တတ်ပြီး မိမိ၏ ဦးတည်ရည်မှန်းချက် ပညာဒါနမြောက်မှုကို အချိန်မီကြိုးစားအားထုတ်မှသာ အချိန်အခါ၊ အခြေ



www.burmeseclassic.com

www.burmeseclassic.com

အနေ၊ အချက်အလက်နှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်ပြီး အောင်မြင်မှုကို ရရှိနိုင်မည် ဖြစ်ပေသည်။ ထိုကဲ့သို့ ပညာဒါန မြောက်သော အောင်မြင်မှုဖြင့် ကြီးပွားတိုးတက် ပညာရည်ပြည့်ဝသည့် ပညာရှင်များ များစွာပေါ်ထွန်းမှသာ နိုင်ငံအကျိုးကို ပို၍ တိုးတက်ဖွံ့ဖြိုး မြင့်မားစေရန် ဆောင်ရွက်နိုင်ကြပေမည်။ သို့သော် ယနေ့အချိန်တွင် 'ဘဝအလှ ပညာဒါန'ဖြစ်မြောက် အောင်မြင်သူများ သင့်သလောက် မများနိုင် ဖြစ်နေသည်ဟုလည်း ထင်မိပါသည်။ ကုန်ဆုံးသော အချိန်အတောအတွင်း ကုန်ဆုံးရသော အရင်းအနှီးငွေကြေးနှင့် အသုံးပြုရသော ဦးနှောက်စွမ်းအားများနှင့် ထိုက်ထိုက်တန်တန် အောင်မြင်မှုအကျိုးကို မရရှိကြောင်း တွေးဆထင်မြင်မိပါသည်။

ယနေ့ ပညာဒါန အလှူခံယူနေကြသော လူငယ်အများ ကျားမ မရွေး တိုင်းရင်းသားအစုံတို့သည် ကမ္ဘာတစ်လွှားမှ ပြောင်းလဲတိုးတက်မှုများကို သိရှိသော ဗဟုသုတများ ပြည့်စုံကြွယ်ဝကြပါသည်။ ခေတ်နှင့်အညီ တိုးတက်မှုများကိုလည်း အတုယူကျွမ်းကျင်ကြပါသည်။ အတုယူတတ်သော အလေ့အကျင့်မှာ ကောင်းသော အလေ့အကျင့် ဖြစ်ပါသည်။ သို့သော် အတုယူကြရာ၌ အမြင်မမှားဘဲ အမြင်မှန်ဖြင့် အတုယူမိစေရန် အထူးသတိထားသင့်ပါသည်။ အတုယူမှားမှု လွန်ကဲပါက ဘာသာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည်တို့ ကမောက်ကမ ဖြစ်လာနိုင်ပေသည်။ တိုးတက်သင့်သော အချိန်ကာလအတွင်း တိုးတက်သင့်သလောက် မတိုးတက်နိုင်ဘဲ အောင်မြင်မှုများ လမ်းချော် လွဲမှားသွားနိုင်သည်ဟူ၍ ယူဆမိပါသည်။ တချို့သော ''ဘဝအလှ ပညာဒါန'' ဖြစ်မြောက်အောင်မြင်ရန် ကြိုးပမ်းနေကြသူအများ၌ လွဲမှားသောအမြင် မမှန်သော စိတ်ဓာတ်၊ ယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုမှအစ ပြုမူဆောင်ရွက်ချက်များ လမ်းလွဲချော်နေကြောင်း မြင်တွေ့ကြားသိရသော အခါ ဆရာကြီးဇော်ဂျီ၏ ဂန္ထဝင်မြောက် ကဗျာဖြစ်သော ပေဒါလမ်းကဗျာကို သတိတရ ရွတ်ဆိုမိသည်က ...

*နေလုံးရယ်နီနီ၊ တိမ်ပန်းချီနေသွေး*
*နဲ့၊ နဝတ်ရေးသည်သို့ ဒီအကျပေမို့ အလှ*
*လတာပြင်က၊ ကျူရိုးရှင်လှေကလေးနဲ့၊*
*မျှော်ငေးလိုလို့။*

*သူ့ကိုယ်သူလျှင်၊ ဘာထင်လေ*
*မသိ၊ ဘယ်ပြောင်းညာပြန်နဲ့၊ ကိုငါးပျံ*
*လတာစွန်းမှာ၊ သူကျွမ်းဟန်ချည့်။*

*သူ့ကိုယ်သူလျှင်၊ ဘာထင်လေ*
*မသိ၊ ဘုတ်မခုနစ်သံနဲ့၊ တညံညံလတာ*
*စွန်းမှာ၊ သူ့လွမ်းသံချည့်။*

*အိုအချင်း ကျူရိုးရှင်၊ သူ့မှုရာ သူ့*
*အ ဘင်း၊ မင်းဆိုခဲ့စဉ်၊ မင်းကိုမင်းလျှင်၊*
*ဘာထင်လို့လေ၊ မပေဒါ စုန်ဆန်လမ်း*
*မှာ၊ ပန်းခဲ့သည်ပဲ ...။*

ဟူသော ကဗျာဖြစ်ပါသည်။ 'ဘဝအလှပညာဒါန'ကို ယနေ့အချိန်၌ လက်ခံရယူခွင့် ကြုံနေကြသော ခေတ်လူငယ်များ၏ ရှေးဘဝကုသိုလ် ပါရမီထူးကို အားရဝမ်းသာ ကြည့်မြင်လိုသူ ကျွန်မမှာ ကျူရိုးရှင်က တိမ်ပန်းချီလတာပြင်အလှကို မျှော်ငေးကြည့်မြင်လိုသကဲ့သို့ပင်တည်းဟု တွေးမိပြန်သည်။ ??ကာပြင်သဘာဝအလှကို ကြည့်မြင်ခံစားမှုအား ငါးပျံနှင့် ဘုတ်မတို့၏ လုပ်ဆောင်ချက်က ဝင်နှောက်သလိုပင် 'ဘဝအလှ ပညာဒါန' ဖြစ်မြောက်အောင်မြင်မှုကို ကြည့်မြင်ခံစားလိုသော ကျွန်မအာရုံအား အမြင်မှားဖြင့် အမြင့်သို့လှမ်းနေကြသကဲ့သို့ အတုယူလွဲချော်ကာ ကြိုးပမ်းနေကြသော မြင်ကွင်းများက ဝင်နှောက်လာသလို ခံစားရပါတော့သည်။ ထိုသူများမှာ သူတို့ကိုယ့်သူတို့ ဘာထင်လေမည်မသိ ။ သူတို့လုပ်ဆောင်ချက်သည် မည်သို့ဘေးထွက်ဆိုးကျိုး ဖြစ်လာနိုင်သည်ကိုလည်း စိုးရိမ်ကြောင့်ကြမရှိ၊ စည်းကမ်းနှင့် ယဉ်ကျေးမှုကို အလေးမထား။ ကိုယ်ထင်သလိုပင် ပျော်ပျော်ရွှင်ရွှင်နှင့် ရှေးကံကို မှီ၍ ပြုမူနေထိုင် ဆောင်ရွက်နေကြခြင်းသာ ဖြစ်ပေမည်။ လုပ်သင့်သောအလုပ်ကို မလုပ်သောအမှား၊ မလုပ်သင့်သော အလုပ်ကို လုပ်မိသောအမှားများပေတကားဟု ကြည့်မြင်သူ၏ စိတ်ဘဝင်ကို လှုပ်ခါစေကာ ပီတိအရှိန်ကို လျော့ပါးစေပါသည်။ 'ဘဝအလှ ပညာဒါန' ဘောင်အတွင်းမှ သူများကိုသာ ကြည့်မြင်နေသည် ခံစားနေသည်။ မိမိကိုယ်တိုင်သည်ကား အဘယ်သို့နည်းဟု ကိုယ့်ကိုယ်ကို ပြန်လည်ဆန်းစစ်မိပြန်သည်။ သူတို့ကိုယ်သူတို့ ဘာထင်ထင် ဘယ်လိုလုပ်လုပ် ကျွန်မ ??ည်ကား စေတနာမေတ္တာမပျက်ဘဲ 'ဘဝအလှ ပညာဒါန' အလှူဖြစ်မြောက်ဖို့အတွက် ဝေယျာဝစ္စအလှူအဖြစ် မိမိနှင့်ပတ်သက်ဆက်နွယ်သူများ၊ မိမိပတ်ဝန်းကျင်ရှိ ငယ်ရွယ်သူများကို ကိုယ်နှုတ်နှလုံး သုံးပါးဖြင့် တတ်နိုင်သမျှ ဖေးမကူညီ လမ်းညွှန်ပေးရမည်။ သည်းခံစောင့်ရှောက် ဆောင်ရွက်ရမည့်သူပင် ဖြစ်ပေသည်ဟု မိမိကိုယ်ကို အားပေးထားမိပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်မ၏ရင်၌ ဖြစ်ပေါ်နေသည့် ဆန္ဒစေတနာဖြင့် ယနေ့ခေတ်တွင် ပြောင်းလဲတိုးတက်မှု ပညာများကို သင်ယူလိုသူတိုင်း 'ဘဝအလှ ပညာဒါန'အမှု၌ အောင်မြင်ပြီးမြောက်သော အတတ်ပညာရှင်၊ အသိပညာရှင်များ ဖြစ်ကြစေရန် စိတ်ရည်သန်၍ အတွေးစကို ဖြတ်လိုက်မိပါတော့သည်။

**သောင်းဉာဏ်(ပန်းထော်ကျွန်း)**



www.burmeseclassic.com

www.burmeseclassic.com

# လယ်တီဆရာတော်ဘုရားကြီး၏ ထီမေတ္တာစာ

စိုးမြင့်လွင် ( ရွှေဘို )

ယခုခေတ်ကာလ နှစ်လုံး၊ သုံးလုံး၊ ခြောက်လုံး စသည့် အပြင် တစ်လုံးပါတိုး၍ အမျိုးသားစိတ်ဓာတ်၊ ယွင်းချို့ပြတ်ကာ၊ ရေသာခိုအချောင်လိုက်၊ အလွယ်လိုက်ဖို့ ကြိုးစား၊ ဘိုးတော်၊ ဘွားတော်၊ ဗေဒင်ဆရာတို့ရဲ့ စားပေါက်အဖြစ်သာမက ခဲ့ဂဏာန်း ချိုင်းစာရွက် အဘက်ဘက်က လုပ်ကိုင်စားကြသည့် ကိုယ့်ခွန် ကိုယ့်အားမသုံး၊ လိုမ့်လုံးညာလုံး၊ ဝါလုံးကြွားလုံးတို့ဖြင့် ပြုံးပျော် ရွှင်ပျ၊ ငွေစကိုချူ၊ လူဘဝ လူစိတ်ဓာတ် ကင်းပြဝါကာ ဖြတ် လမ်းက စီးပွားရှာလိုကြသော လူပျော့လူညံ့တို့အတွက် ရှေး အထက်ကျော်ကာရှိ၊ နှစ်ပေါင်းရာချီကာ စာစီ၍ဆုံးမ လမ်းညွှန် ပြတော်မမူသော ထီမေတ္တာစာကို မြန်မာများ အသိပွား၍ အမှား ကိုပြင်၊ အမှန်ထင်နိုင်စေရန် ရည်သန်တောင့်တ၊ မွန်မြတ်လှ သော မနသီကာရဖြင့် ဖော်ပြရေးသားလိုက်ရပါသည်။၏

၁၂၅၀ ပြည့်နှစ်အတွင်း မုံရွာမြို့၌ ထီပွဲကစ၍ အလောင်း အစားအားကြီးလှသဖြင့် လေ့သူကြီး ဦးတွန်းသာ လျှောက်ထား ချက်အရ ထိုကစားပွဲကို ကွယ်ပျောက်စေရန် ရေးသားဆုံးမတော် မူအပ်သော မေတ္တာစာဟု ခေါင်းစီးတွင် ဖော်ပြထားပါသည်။

ထီယန္တိ ဝိနာသံ ဂစ္ဆန္တိ ဓေတနာတိ ထီ။

ဓေတန-ဤကစားမှုဖြင့်၊ ဝိနာသံ-ဥစ္စာကုန်ဆုံး၊ ပျက် ပြုန်းနွမ်းပါးခြင်းသို့၊ ထီယန္တိ ဂစ္ဆန္တိ-ရောက်ဂုတ်ကြကုန်၏။ ဣတိတသ္မာ-ထိုသို့ ပြုန်းတီးပျက်စီးခြင်းနိမိတ်ကြောင့်၊ ထီ-ထီမည်၏။

ဤဝိဂြိုဟ်စကား၊ အဓိပ္ပာယ်အသွားကို၊ အများတို့နာ ရန်၊ ရှိသလောက်ပြန်လိုက်မည်၊ တိုင်းနိုင်ငံအလုံး၊ ထီးစည်ပါ အဆုံး၊ သဒါလံပျက်ပြုန်း၊ သွက်သွက်လယ်မှုန်းပြီးလျှင်၊ လမ်း ဆုံးတိုင်အပြီး၊ တပြည်လုံးအမိုက်သီးတွေကို၊ မြေကြီးပါအောက် စောင်း၊ အပါယ်သို့မှောက်လောင်းမည်ဟု၊ အပေါက်ကောင်းဂျက် ရှာ၍၊ မက်တဏှာမှောင်လျှိုင်း၊ ဒလက်ချာဒေါင်စိုင်းအောင်၊ မှိုင်း တိုက်ခါတဆွေ့ဆွေ့၊ သဝေချာမွှေ့နိုင်အောင်၊ အမွဲဆေးကာန်း ကုန်၊ ငရဲဘေးလမ်းဆုံအောင်၊ မယုံလျှင် မလွှတ်ဘဲ၊ ဇွတ်ခဲ၍ ထိုးစမ်းတော့၊ တကာယ်တန်းတက်တက်ချော၊ ရှိသမျှဥစ္စာမျော သည့်ပြင်၊ မောရုံနှင့် ဆုံးမသတ်၊ အရှုံးတွေပြုံးဆတ်အောင်၊ မှုန်းတတ်သည့်စင်းစင်းဟု၊ ထင်အလင်းကြေညာလျက်၊ ရောက်

www.burmeseclassic.com

လေရာရပ်ခပင်းကို၊ ပြောင်တလင်းအကုန်လျှော်၊ မဖျိုမတိုင်း တဘော်က၊ ပိုင်းကျော်၍ထွက်ခဲ့သော၊ ထီသာဘက်မြန်မာမီး၊ ငရဲမင်းလောင်တိုက်ကြီးတဲ့၊ အပြီးတိုင်မှတ်ထား။ သူနှင့်များ ညားရလျှင်၊ သေဋ္ဌေးလား၊ သူကြွယ်လား၊ ထင်မှားဖို့အစ၊ သွေးမြောက်အောင်ဆွပြီးမှ၊ တစ်ချင်းချူမျှား။ အတန်လောက် သွားလျှင်ပင်၊ စားမသိအိပ်မသိ၊ ဇောရတက်မှိုင်းမိ၍၊ သတိလွတ် အမှိုင်တွင်၊ ခွင်လုံးပိုင်ဝှမ်းလောက်က၊ စင်လုံးရှိင်ဂျွမ်းထောက်အောင်၊ တွန်းမှောက်ခါခဝါချ၊ ရွှေးပိန်ပိန်မကျန်ရအောင်၊ ရှိသမျှ အဖြူ၊ ထီးကြွေးတွေအပူ၊ အသက်ပင့်အရှူဝယ်၊ ဆူမတတ် နှလုံး၊ သားမယားအမုန်းတွင်၊ တအုံးအုံးတကြွက်ကြွက်၊ လူကြားမည်ရှင်ကြားမည်၊ ပြိုပြိုသာမရှက်၊ တကျက်ကျက်ရန်စည်၊ စိတ်ကြည်ခွင့်မရ၊ ဒါနမှုသီလမှု၊ အတုနှင့်အယောင်၊ အနိုင်သာ ဟန်ဆောင်၊ အများနှင့်ပေါင်မြှောင်၍၊ အရောင်သာဖြူရသည်၊ ကုသိုလ်စိတ်ထိုသူမှာ၊ မြူလောက်မျှမဂင်ဘဲ၊ ရှိရင်းစွဲတရားလည်း၊ ဝေးခြောက်ပါးလွင့်စင်၍၊ ငိုချင်လျှင်အရယ်ဖြစ်အောင်၊ အောင့်ညှစ်ကာရွှဲ့ရှုန်း၊ မဲ့ပြုံးသာပြုံးရသည်၊ နှလုံးကမအေး ကုန်သမျှရှုံးကြွေးကြောင့်၊ မဆွေးဟန်မပူဟန်၊ လူစွမ်းနှင့် ကြံလိုက်လျှင်၊ နက်ဖြန်သဘက်နှယ်၊ ဘဏ္ဍာစားဂယ်မလို၊ ရှက်ဆေးချယ်စကားပြောင်၊ သရေသာဆောင်ရသည့်၊ နောင်ဘို့ရေးခုဘို့ရေး၊ သားမယားကျွေးမှုနှင့်၊ တွေးမိတိုင်းနှလုံးနောက်၊ သို့ကလောက် ဒုက္ခတွင်းသို့၊ ဖွတ်နင်းကာချနိုင်သော၊ ထီစားပြမှောင်ကြီး၊ တိုင်းဖျက်သည့်လောင်တိုက်မီးကို၊ ရီးရားမရှိ ထင်အလင်းသိရအောင်၊ ပါဠိတော်ထုတ်လိုက်မည်။

ဣတ္ထိမုဏ္ဍော သူရာမုဏ္ဍော၊
အက္ခမုဏ္ဍောစ ယောနရော။
လဒ္ဓံလဒ္ဓံ ဝိနာသေတိ၊
တံပရာဘဝတော မုခံ။

သန်းခေါင်ယံအခါ၊ သုံးလူ့ဘမြတ်စွာကို၊ နတ်လာ၍အမေးတွင်၊ မထွေးအောင်ဖြေကြားသော၊ ထိုတရားဒေသနာ၊ ယင်းဂါထာအနက်ကား ...

ယောနရော–အကြင်သူသည်၊ ဣတ္ထိမုဏ္ဍော–ပျော်ပျော်ပါးပါး မိန်းမများနှင့်၊ လိုက်စားလွန်ကြူး၊ အကျင့်ထူး၏။ သူရာမုဏ္ဍော–သောက်စားယစ်မူး သေရက်ကြူး၏။ အက္ခမုဏ္ဍော–ကြွေဖဲထီရှူး ကစားကြူး၏။ သောနရော–ထိုသူသည်၊ လဒ္ဓံလဒ္ဓံ–ရရသမျှသော ဥစ္စာစုကို၊ ဝိနာသေတိ–နေ့မြင်ညပျောက်မဖြုန်းလောက်ဘဲ၊ ဖျောက်ဖျက်ဖြုန်းတီး၍ ပစ်တတ်၏။ တံ–ထိုမိန်းမ,သေရည်,ကြွေထီလောင်းစား ပြုမှုများသည်၊ ပရာဘဝတော–ဆုံးရှုံးပျက်စီးခြင်း၏၊ မုခံ–အကြောင်းပေတည်း။

ဒေသနာအရ အဓိပ္ပာယ်အကျဉ်းမှာ၊ မိန်းမကြူး၊ သေရည်ကြိုက်၊ ထီလိုက်သူတသင်း၊ သုံးဦးသားအဖျင်းသည်၊ နေ့မလင်းညဥ့်မလင်း၊ အမိုက်ခင်းပင်လယ်၊ အဘိဖ္ဈာပြင်ကျယ်နှင့်၊ မဆယ်သာမကပ်သာ၊ ငါဘုရားမြတ်စွာမှ၊ ဩချကာ လွှတ်ရသောမချွတ်နိုင်ပလေပေ၊ သံသရာ့တခွေ၊ ငရဲမင်းမိတ်ဆွေ၊ မာန်နတ်နယ်တတွေမှာ၊ အသေခက်အရှင်ခက်၊ ရှေးကုသိုလ်မျိုးစက်ကြောင့်၊ တိုးတက်သည့်ခေ၊ လက်ထက်ပွားအမွေရ၊ တရားနှင့်ရှိကြသော ဓမ္မိယပစ္စည်းများကို၊ သိပ်သည်းအောင်မသုံး၊ လိပ်လည်းအောင်ဖြုန်းပြီးလျှင်၊ အဆိပ်တုံးပမာ၊ ဇရထေးအဘိဇ္ဈာနှင့်၊ သက်ခန္ဓာမွေးမှုကို၊ ရှေးရှုသည့်အနေကြောင့်၊ 'သေလျှင်လည်းအပါယ်ဆောင်၊ ရှင်လျှင်လည်း သီလကြောင်'၊ နောင်ကိုလည်းစရိုက်မွဲ၊ ဘဝင်ကိုင်းလိုက်စွဲ၍၊ အမိုက်ခဲတန်းလမ်း၊ သံသရာစခန်းဝယ်၊ အပန်းနွယ်ရှည်ရှည်နှင့်၊ အလီလီမောရအောင်၊ မျောကြမည့်လူစုဟု၊ သဗ္ဗညုဒေသနာ၊ အဓိပ္ပာယ်လာချေသည်။

ပါရမီသမ္ဘာရ၊ ဖြည့်ပြီးသူမှန်လှ၍၊ တဆံမျှမလို၊ ပဋ္ဌိမပုဂ္ဂိုလ်ဟု၊ ဆိုရပြီယောကျ်ား၊ မာရဏသေဋ္ဌေးသားသော်မှ၊ ထိုသုံးပါးအလေ့မွဲ၊ လက်ဦးစွာစွဲရှိ၍၊ မဂ်နှင့်လွဲ ဖိုလ်နှင့်ကွာ၊ ကုဋ္ဌေပေါင်းဥစ္စာ၊ လေးဆယ်လုံးဖြူခါလျက်၊ ယာစကာဘုန်းတောင်း၊ သက်မွေးကျော ...ပြုတွင်၊ သဗ္ဗညုမြင်တော်မူ၍

အစရိတွာ ဗြဟ္မစရိယံ၊
အလဒ္ဓါယောဗ္ဗနေဓနံ။
ဇိဏ္ဏကောဉ္စာဝဈာယန္တိ၊
ခီဏမစ္ဆေဝ ပလ္လလေ။

ဒေသနာခမ္မကို၊ မြတ်ညီလှအာနန်အား၊ ထုတ်ပြန်ကာဟောကြားတော်မူသတည်း။ အနက်ကား ... ယောဗ္ဗနေ–အားအင်ကျယ်၍ အရွယ်ကောင်းတုန်းအခါ၌၊ ဗြဟ္မစရိယံ–သူတော်ကျင့်ဝတ်တရားမြတ်ကို၊ အစရိတွာ–မကျင့်မိထိုက်လေဘဲ၊ ဓနဥ္စ–ဥစ္စာအင်အား ကိုယ့်စီးပွားကိုသော်လည်း၊ ဓမ္မေန–တရားသဖြင့်၊ အလဒ္ဓါ–ရအောင်မရှာလိုက်မိသော၊ ဗာလာ–မောဟပြောထူ မိုက်သောသူတို့သည်၊ ခီဏမစ္ဆေ–ငါးကုန်သော၊ ပလ္လလေ–ရှုံ့ညွန်အိုင်ဗွက်ထဲ၌၊ ဇိဏ္ဏကောဉ္စာဝ–အင်အားယွင်းယိုကြိုးကြာအိုကြီးကဲ့သို့၊ ဈာယန္တိ–နှလုံးပူဆွေး၊ တရေးရေးဖြင့်၊ မအေးအောင် စိုးရိမ်ကြရကုန်၏။

ဤဒေသနာ–အဓိပ္ပာယ်အလာကို၊ ပညာနှင့် ချင့်စား၍၊ ဘုရားရှင်ဒေသနာ၊ ထွန်းလင်းသည့်အခါကို၊ လူမှာလည်း လူအလိုက်၊ ရှင်မှာလည်း ရှင့်အလိုက်၊ ဘုရားရှင်မကြိုက်သော၊ ဒုစရိုက်ဆယ်ပါး၊ ယုတ်မာသည့်တရားကို၊ လက်လွှတ်သားရှောင်ကွင်း၍၊ နှလုံးသွင်းဖြူဖြူ၊ သူတော်မျိုးပီပီ၊ ဇောသဒ္ဓါနှင့်

www.burmeseclassic.com

ရည်လျက်၊ ကြည်ကြည်ကြီး အသက်မွေးပါမည်ဟု၊ နောင်ရေးကိုမထောက်၊ နှလုံးသွေးဖွက်ပေါက်အောင်၊ နောက်ချင်တိုင်းနောက်ကြ၍၊ ရောက်တတ်ရာမရွေး၊ အသက်မွေးသပွတ်အူ၊ သူတော်ကောင်းစိမ်းဆတ်၊ အုပ်မနုပ်ငှက်ပျော်လို၊ 'မနောကကလိမ်ခြို၊ အပြောက ဝတီနံဘုံ'၊ ယုံလောက်အောင်ဖွဲ့နွဲ့၊ ကုန်မှောက်အောင်ဉာဏ်ချဲ့၍၊ အရွဲ့နှင့် အကဲဆစ်၊ 'အထဲညစ်အပေါ်ပြောင်'၊ မတွေ့မှအနိုင်ရှောင်၊ သူတော်ယောင်တဘက်လှ၊ 'ပါးစပ်ပြောက ပျားသကာ၊ ဓာတ်သဘောက ခါးတမာ၊ မပြုသာလျှင် ငရဲကြောက်၊ ပြုသာလျှင် အလဲမှောက်'၊ သံသရာမှာ ဈေးကြောင်းပေါက်၊ အပါယ်ဘေးရှေးမှုမကြောက်၊ ခုမျက်မှောက်ဒိဋ္ဌိကိုသာ၊ နိဗ္ဗာန်လောက် စိတ်ချရ၍၊ အနိစ္စသဘောမျိုးမှာ၊ ပြောရိုးမို့ပြောကြသည်၊ မနောကမြောက်လေငွေ၊ သတိနှင့်သံဝေမှာ၊ ဟန်သရေလုပ်ဆောင်လျက်၊ အဟုတ်ယောင်ထင်မှားအောင်၊ ခင်ဗျားတို့ ကျွန်တော်တို့၊ သေရပြီမချိပြီ၊ နောက်အဘို့ပါကြအောင်၊ ဒါနမျိုး သီလမျိုး၊ ဘာဝနာမျိုးများကို၊ ကြိုးစားမှတော်တန်မည်ဟု၊ အငှေ့ပါသံတသောသော၊ တွေ့သူနှင့် လိုက်လျောအောင်၊ အပြောမှာနောက်မကျ၊ ရောင်းဝယ်ရေးကိစ္စ၊ ပစ္စည်းရေးကျခဲ့လျှင်၊ အနိစ္စဒုက္ခ၊ အနတ္တမြိုင်မြိုင်နှင့်၊ ကိုင်လိုက်ချည့်မိုင်းမိုင်းလဲ၊ ဆီထဲမှာ ရေ ။ ဆေးထဲမှာ ရွက်ချပ်၊ ဖျပ်ထဲမှာ မရင်းဆံ၊ ရေနံမှာ ရေစွက်၊ လက်ဖက်မှာ ရေကူ၊ ဘယ်ကုန်မျိုးမဟူပြီ၊ တူသာတူပေလေစေ၊ ညစ်နည်းတွေကိုယ်စီနှင့်၊ ပလီဉာဏ်လောဘ၊ ဝစီကံစောရကို၊ မနောဇပတ္တမြားကဲ့သို့၊ အားကိုးဖွယ်အတတ်၊ အလိမ္မာကောင်းထင်မှတ်၍၊ ဂုဏ်ဒြပ်ဟိတ်တွေနှင့်၊ စိတ်အနေမြင့်ကြသည်။

မရဏာသူ့စက်ကွင်းဝယ်၊ မှုလက်ငင်းရောနှင့် မနေသာကျပ်တည်းလျက်၊ လျှပ်စီးရောင်တစ်ပြက်စာမျှ၊ မသက်သာရှိသည်ကို၊ သတိပင်မရဘဲ၊ တဏှာ့ကျွန်ငါသူရဲပေဟု၊ လူထဲမှဘော်၍ပြသည့်နှယ်၊ ဗာလကင်းတထောင်ထောင်၊ သူ့ပစ္စည်းအကြောင်းနှင့်၊ ခေါင်ဆိုသည့်သုတောင်းကို၊ ကောင်းကောင်းကြီးကျက်ထား၍၊ ဘုရားရှင်ရှေ့တော်ဝယ်၊ တအော်အော်ရွတ်ကြသည်၊ သုံးလူ့ထွဋ်အမော်၊ ရွှေရုပ်ပွားတော်သည်လည်း၊ မတော်ဘူးနင်တို့မူ၊ နင့်လျှုဖွယ်ဝတ္ထုမှာ၊ မှသားကဘယ့်လောက်ပါ၊ အဝါကဘယ့်လောက်ကဲ၊ အစဉ်းလဲကဘယ့်လောက်ဝင်၊ မစင်သည့်ဝတ္ထုကို၊ ငါဘုရားမခံထိုက်ဟု၊ လှန်လိုက်တော်မမူဘဲ၊ မသူတော်စရိုက်၊ ထွန်းကားသည့်အခိုက်ပေကို၊ အလိုက်သာကောင်းသည်ဟု၊ ယဉ်ကျေးသည့်နှလုံးနှင့်၊ ပြုံး၍သာနေတော်မူလေသည်။

ဆိုကဲ့ပြီးသရုပ်၊ လောက၏အရှုပ်ကို၊ ဟုတ်သလောက်မြင်ပါလျှင်၊ သံဃာတော်အများမှာလည်း၊ ဘုရားရှင့်ရိပ်အကဲကို၊ စိတ်ထဲကချင့်မြော်၍၊ သင့်လျော်အောင်သုံးတော်မူကြရပေသည်၊ အာဇီဝငဲ့ညှာ၊ ရောင်းချစဉ်အခါက၊ ဗလချာလူးလဲသောပစ္စည်းဝတ္ထုကာ၊ မသန့်ရှီးမှန်သော်လည်း၊ အလှူခံမြတ်သောအလပ်လောက်အကျိုးထူး၊ ပေးဖူးသောသက်သေလည်း ထွက်ပေ၏၊ ဖိုးဖင်းရောင်းဝယ်စဉ်အရင်းက၊ စဉ်းလဲခြင်းမရောဖက်၊ လောင်းစားမှုမနှောရှက်ဘဲ၊ သက်သက်သားနှလုံးကောင်းနှင့်၊ ရောင်းဝယ်သူအများကို၊ နှတ်သိကြားဦးခိုက်၊ အပူဇော်ခံထိုက်ကြောင်းမှာ။

ဓမ္မေန ဒါရံ ပေါသေန္တိ၊
တေနမသသာမိ မာတလိ။

ဒေသနာရှိပေသည်။ မာတလိ–မာတလိနတ်သား။ ယေ–အကြင်သူတို့သည်၊ ဓမ္မေန–တရားသဖြင့်ရသော ဥစ္စာဖြင့်၊ ဒါရံ–သားမယားကို၊ ပေါသေန္တိ–ကျွေးမွေးကြကုန်၏၊ တေ–ထိုသူတို့ကို၊ အဟံ–ငါဘုရားသည်၊ နမဿာမိ–ရှိခိုးပေသတည်း။

ဆန်းပွေမှုပယောဂ၊ ဝိသမလောဘကြောင့်၊ ဘောဂတွေများကြွယ်၍၊ ဘုရားတည်ကျောင်းဆောက်၊ ကျက်သရေဂုဏ်ရောက်လျက်၊ တရားလောက်အသက်ရှည်၊ လူလုပ်ကာနေသည်ထက်၊ ဓမ္မေနသမေန၊ အာဇီဝဖြူဖြူနှင့်၊ လူကြည်ညိုနတ်ကြည်ညို၊ အသက်ပင်တိုသော်လည်း၊ ထိုသူသာအမြတ်ဟု၊ သုံးလူ့နတ်သယမ္ဘူ၊ မိန့်ခွန်းတော်ကြူသောကြောင့်၊ လူမိစ္ဆာသက်သက်၊ နှလုံးသွေးအနက်တွေကို၊ တုဖက်၍အားကျလျှင်၊ မှားရမည်တန္တိဟု၊ ဉာဏ်ရှိလျှင်သတိထားရန်ဘို့၊ ထိတရားပေါလိုက်ပေသည်၊ ဒါယကာလေ့သူကြီး။

ထီမေတ္တာစာပြီး၏။

ယင်းကဲ့သို့ လောကာနုကမ္ပ–လောကကို အစဉ်စောင့်ရှောက်လိုသော သဒ္ဒါစေတနာ ပြင်းပြလှသော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏၊ ဂမ္ဘီရမျက်ရှုကျမ်းလာ၊ ထီမေတ္တာစာကို၊ မြန်မာတိုင်းဖွား၊ အမျိုးသားတို့၊ စဉ်းစားဝေဖန်၊ ဉာဏ်ကိုထွန်းပ၊ အလင်းရဖို့၊ တိပသေချာ၊ စုံလင်စွာဖော်ပြ၊ ရေးသားရသော အကျိုးတရားကြောင့်၊ အမျိုးသားများအတွက်၊ အားတက်ဖွယ်၊ နာယူဖွယ်၊ ကျင့်ဆောင်ဖွယ်၊ အမှန်တကယ်ရလျှင်၊ ရှာဖွေရေးသားရကျိုးတပ်မည်ဟု ယုံကြည်ပါသည်။ စေတနာနှင့်ဖွေရှာကူညီသူ၊ မြင်းမူအေးဆောင်ကိုလည်း အအေးဘောင်အမတသို့၊ မြန်စွာခဏ ရောက်ရှိပါစေဟု မေတ္တာခွေ့ ဆုမွန်တောင်းလျက် ...။

စိုးမြင့်လွင်(ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

# ခင်ပွန်းကြီး(၁၀)ပါး ပူဇော်ခြင်းနှင့် စိန်ရေ (သို့) စိမ်ရေ သင့်ခြင်း ဖြေခြင်း

မင်းအောင်မြင့်

ဘုရားစသော ရုပ်ပွားဆင်းတု စေတီပုထိုး စသည်တို့ကို မရှိမသေ မကိုင်းရှိုင်းသော် ရတနာသုံးပါး စိန်ရေသင့်မည်။ စိန်ရေသင့်သော် အသွေးအမွေးမပြောင်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ ကိုယ်လက်ထုံခြင်း၊ ကိုယ်ရေပူခြင်း၊ နာစေးခြင်း၊ ဆာလောင်ခြင်း၊ နှုတ်မမြိန်ခြင်း။ ထိုသို့ဖြစ်သော် ရတနာသုံးပါး စိန်ရေသင့်ပြီ။

ဖြေနည်းမှာ ဖယောင်းကို ဘုရားရုပ်တုပြု၊ အောက်ပါ ဂါထာနှင့် ရေကို(၇)အုပ်မန်းပြီး သွန်းလောင်းဆေး၊ လွှတ်လိမ့်မည်။

(ဦး) ... နာပေကုရ၊ အာစာရပဟာ။

(ဦး) ... မိဟိဟိသွားဟာ။

နောက်တစ်နည်း – မုန့်ကို အရုပ်လုပ်၊ ထုံးနနွင်းလိမ်း၊ ဦးခေါင်းဆေးရာအောက်က ထိုလူရုပ်ကို ခံထား၊ လွှတ်လိမ့်မည်။

ဘိုးဘွားမိဘဆရာသမား၊ သီလသမာဓိရှိသောသူတို့ကို ပြစ်မှားကျူးလွန်ခဲ့သော် စိန်ရေသင့်တတ်၏။

စိန်ရေသင့်သော် အသွေးအမွေး မပြောင်ခြင်း၊ ဆွံ့အခြင်း၊ ပိန်ကျုံခြင်း၊ အသက်ရှည်၍ ဘုန်းမကြီး၊ ဘုန်းကြီး၍ အသက်မရှည်၊ ခွန်အားဉာဏ်ပညာဆုတ်ယုတ်ခြင်း၊ ချည့်နဲ့ကျိုးကန်းတတ်ခြင်း။ ထိုသို့ဖြစ်သော် စိန်ရေသင့်ပြီ။

ဖြေနည်းမှာ မိမိပြစ်မှားခဲ့သော ပုဂ္ဂိုလ်တို့အား ဝန်ချတောင်းပန် ကန်တော့ရမည်။ ထိုပုဂ္ဂိုလ်တို့၏ ဓာတ်ပုံ၊ သင်္ဂြိုဟ်ရာ သင်္ချိုင်း၊ မြေပုံ၊ အုတ်ဂူတို့တွင် ပြုလုပ်ရပါမည်။

ဝမ်းမကြာမကြာနာခြင်း၊ ကိုယ်သားပူခြင်း၊ ခြေလက်ညောင်းသည်၊ ရောင်ရမ်းသည်၊ အနာများသည်။ ထိုသို့ဖြစ်ခဲ့သော် သဲစိန်ရေသင့်ပြီ။

ဖြေနည်းမှာ တမာရွက်၊ ဘူးခါးရွက် နှစ်ပါးအရေပြု၊ ဦးခေါင်းက ခြေတိုင်အောင် နှိပ်နယ်ပေး၊ ထိုရေနှင့်လည်း ဆေးပါ။ လွှတ်လိမ့်မည်။

မျက်စိမည်းသည်၊ ဝမ်းပြုတ်ပြုတ်မြည်သည်၊ ကိုယ်ကျုံ့သည်၊ ထမင်းဆာလောင်သည်။ ထိုသို့ဖြစ်သော် နေစိန်ရေသင့်ပြီ။

ဖြေနည်းမှာ မုန့်ကို လူရုပ်လုပ်၊ ထုံးနနွင်းလိမ်း၍ ဦးခေါင်းဆေးသောအောက်က ခံထား၊ လွှတ်လိမ့်မည်။

ရေစိန်ရေသင့်ပုံမှာ ကြက်မျက်သင့်သကဲ့သို့ ညကို မမြင်ရှိတတ်သည်။

ဖြေနည်းမှာ မုန့်ကို လူရုပ်ပြု၊ ထုံးနနွင်းလိမ်း၊ ရေကို (၇)အုပ် ထိုဂါထာနှင့်မန်း။

(ဦး) ... စတုစတုရေ၊ သဗ္ဗစတုရေ၊ စတုရေ၊ မောင်လေတောင်လေ၊ ရောင်လေရောင်၊

(ဦး) ... ပိတ်သတိ သင်သွားဟာ၊ သွားဟာ။

ပြီးလျှင် ရေမန်းကို ဦးခေါင်းဆေး၊ လူရုပ်ကို အောက်ခံထား၊ လွှတ်မည်။

မြေစိန်ရေသင့်ပုံ – ခြေက တင်ညောင့်တိုင် နာသည်။ မျက်စိသီ၊ လျှာတွန့်၊ နားတွင်းစပ်စပ်မြည်သည်။ ထိုသို့ဖြစ်သော် မြေစိန်ရေသင့်ပြီ။

ဖြေနည်း ဂါထာနှင့် (၇)အုပ်မန်း။

(ဦး) ... စတုစတုရေ၊ သဗ္ဗစတုရေ၊ စတုရေ၊ မောင်လေတောင်လေ၊ တောင်လေရောင်လေရောင်၊

(ဦး) ... ပိတ်သတိ သင်သွားဟာ၊ သွားဟာ။

မြေကြီးကို ရေမန်းနှင့်နယ်၊ လူရုပ်လုပ်၊ ဦးခေါင်းဆေး၊ အောက်ကခံထား။

## ဖျားနာသူ ယတြာချေပုံ

နေတက်ဖျားနာသော် ရတနာသုံးပါး စိန်ရေမကင်း၍ ဖျားနာသည်။ လွှတ်လိုသော် ဆွမ်းသက်စေ့၊ ရေချမ်းသက်စေ့၊ ဆီမီးသက်စေ့၊ နေတက်အရှေ့အရပ်မျက်နှာပြု ဘုရားမှာတင်၊ သုံးရက်မှာ သက်သာမည်။ ပျောက်မည်။

မွန်းတည့်မှာ ဖျားနာသော် တစ္ဆေဖမ်းသည်။ ထမင်းဟင်းစိမ်းကို ခေါ်မှာထည့်၊ လမ်းခရီးဆုံရာမှာပစ်။ သုံးရက်မှာ သက်သာမည်။

သုံးပဟိုမှာ ဖျားနာသော် သူသေဖမ်းစားသည်၊ လွှတ်လိုလျှင် ထမင်းဟင်း အခြေလေးခု အသားဟင်းကို ခေါ်မှာထည့်၊ ခရီးလမ်းမှာပစ်၊ လွှတ်မည်။



www.burmeseclassic.com

www.burmeseclassic.com

နွားရိုင်းသွင်းချိန် ဖျားနာသော် ဟင်းရွက်ကို နွားရိုင်းသွင်းချိန် အနောက်သို့ပစ်။ နှစ်ရက်မှာ လွတ်လိမ့်မည်။

သူငယ်အိပ်ဆိပ်တွင် ဖျားနာသော် ဆင်ခေါင်းနတ် ဖမ်းစားသည်။ လွတ်လိုသော် ဟင်းရွက်ကို သူငယ်အိပ်ဆိပ်တွင် တောင်သို့ပစ်၊ လွတ်လိမ့်မည်။

ကြက်ဦးတွန်ဖျားနာသော် နံနက်စာထမင်းဦးကိုယူ၊ ထမင်းသုံးဆုပ်ပြု၊ အိမ်ခေါင်မိုးသို့ပစ်၊ လွတ်လိမ်မည်။

## လူနာယတြာပြုပုံ

ငါးရှင်၊ ငါးသေး(သက်စေ့)လွှတ်။ ဆွမ်းသက်စေ့ ဘုရားမှာတင်၊ (သို့) ဖွန်းဖြင့် သက်ဒေ့ရေတွက်ပြီး ကပ်လှူ။ လူနာကိုယ်နှင့် နှံသင့်သော သစ်သားကို ကိုင်းဖြတ်၊ နန္ဒင်းလိမ်း။ လူနာနှင့် မျှောင်ပြီးတစ်ညသိပ်။ လူနာဆံပင်၊ ခြေသည်း လက်သည်းတို့ကိုယူ၊ လူနာအဝတ်နှင့် လက်လုပ်၊ ခြေလုပ်၊ လက်သည်းကို လက်ကအဝတ်မှာထုပ်၊ ခြေသည်းကို ခြေကအဝတ်မှာထုပ်၊ ဆန်ကိုသုံးထုပ်ပြု၊ ခေါင်းရင်းဖျား တစ်ထုပ်ထား။ အလယ်မှာ တစ်ထုပ်ထား။ ခြေရင်းမှာတစ်ထုပ်ထား။ ခေါင်းရင်းကဆန်ကို ဆွမ်းတော်သက်စေ့လှူ။ အလယ်ကဆန်ကို ဆင်းရဲသားပေး။ ခြေရင်းကဆန်ထုပ်ကို တိရစ္ဆာန်ကိုကျွေး။ ကိုယ်တိုင်းကိုလည်း ပစ်ပါလေ။

မည်သည့်ပုဂ္ဂိုလ်နေ့သားသမီးမဆို အထက်ပါတို့ စိန်ရေကျန်းမာရေးအညံ့အနိုက်များ မကြုံစေဖို့ ခင်ပွန်းကြီး ၁၀ ပါး ရှိခိုးဂါထာရွတ်ရပါမည်။ ကောင်းကျိုးချမ်းသာ လိုရာဆန္ဒ မင်္ဂလာတရားများ ပြည့်စုံမှာ ကေန်မလွဲပါချေ။

## ခင်ပွန်းကြီး ၁၀ ပါး ရှိခိုးဂါထာ

(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ) သုံးကြိမ်။

ဗုဒ္ဓါ ပစ္စေက ဗုဒ္ဓါစ၊
သာဝကာ အဂ္ဂသာဝကာ၊
မာတာပိတု ဂုရုသတ္ထာ၊
ဓမ္မဒေသကာ စဒါယကာ၊
ဣမေ ဒသမဟာဂုဏာ၊
အဟံဝန္ဒာမိသဗ္ဗဒါ။

အနက် ။ ဗုဒ္ဓါစ၊ မြတ်စွာဘုရားတို့သည်လည်းကောင်း။ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း။ သာဝကာစ၊ ရဟန္တာသာဝကတို့သည်လည်းကောင်း။ အဂ္ဂသာဝကစ၊ အဂ္ဂသာဝကတို့သည်လည်းကောင်း။ မာတာပိတု ဂုရုသတ္ထာစ၊ အမိအဖ အလေးပြုအပ်သောဆရာ, ဆိုးဆုံးမတတ်သောဆရာတို့သည်လည်းကောင်း။ ဓမ္မဒေသကာစ၊ တရားဟောပြတတ်သော ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ဒါယကာစ၊ ပစ္စည်းလေးပါးပေ လှူတတ်သော ဒါယကာတို့သည်လည်းကောင်း။ မဟာဂုဏာ မဟာဂုဏော၊ ကြီးမားသော ကျေးဇူးရှိကုန်သော။ ဣမေဒသ ဤခင်ပွန်းကြီး(၁၀)ပါးတို့ကို။ အဟံ၊ အကျွန်ုပ်သည်။ သဗ္ဗဒါ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဖော်ပြပါ စိန်ရေ (သို့) စိမ်ရေနှင့် စပ်လျဉ်း၍ ပြုလုပ် ဆောင်ရွက်နည်းတို့မှာ ရှေးသူဟောင်းတို့၏ အဆောင်အရွက် များ ဖြစ်ကြပါသည်။ ခင်ပွန်းကြီး (၁၀)ပါး ရှိခိုးကန်တော့၍ အကုသိုလ်ကံကြွင်းကံစဟူသမျှ ပပျောက်စေနိုင်ပါသည်။

ဆက်လက်၍ ဝေဒပညာရှုထောင့်မှနေ၍ စိမ်ရေသင့် ခြင်းကို တင်ပြလိုပါသေးသည်။

ဗုဒ္ဓဟူးဂြိုဟ်သည် ဘုရား၊ တရား၊ သံဃာတို့ကို ကိုယ် စားပြု၍ ကြာသပတေးဂြိုဟ်သည် မိဘ၊ ဆရာ၊ စာပေ စသည်တို့ကို ဖော်ညွှန်းပါသည်။

ပညာရှင်များ၏ အဆိုအမိန့်အရ အခါတိုင်တစ်ခုတွင် နံဂြိုဟ်တစ်ခု အပေါ်တွင် ၄ ဟူး၊ ၅ တေး ဂြိုဟ်များ စီးနင်းနေ သော် ဖော်ပြပါ စိမ်ရေများ သင့်နေတတ်ပါသည်။ ထို့အပြင် ၄ ဟူးနံနှင့် ၅ တေးနံတို့ဟာ အခါတိုင်၏ အနိုက်နေရာမှာ ရှိလျှင် ဘယ်နေ့နံသားမဆို စိမ်ရေသင့်ပြီး ဒုက္ခဆင်းရဲဖြစ်ခြင်း ဆောက်တည်ရာမရ သောကအလီလီ၊ ဒုက္ခအလီလီ၊ ဥပဒ်အလီ လီ၊ ရောဂါအမျိုးမျိုးတို့ တရစပ်တွေ့ကြုံနေရတတ်ပါသည်။

ပြီးတော့ အခါတိုင်အရ သုံးတန်ပေါ် နှစ်တိုင်မှာ ၄ ဟူး၊ ၅ တေးဟာ တန်းကပ်မှာရှိနေရင် အဲဒီ စိမ်ရေသင့်တတ် တယ်လို့ ကောက်ချက်ချနိုင်ပါသည်။ (၃ ဂ်၊ ၄ ဟူး၊ ၀ နေ သက်ရောက်များ ဖြစ်ပါသည်။)

ပညာရှင်ကြီးများရဲ့ အဆိုအမိန့်အရ ဆန်းဗေဒင်ပညာ အရ မဟာဘုတ်ဂြိုဟ်ခွင် အထွန်းအိမ်က ဂြိုဟ်ကိုမှုတည်ပြီး နာမက္ခရတိုင် (ဆန်းဗေဒင်အလို့ငှာ)မှာ ဇာတာရှင်ရဲ့ အမည်ဟာ တိုင်ပြန်ဖောက်ထိုးပက္ခတ် ဖြစ်နေပါက အဲဒီအမည်နာမကြောင့် ဘဝတစ်ကွေ့ကွေ့မှာ အလွယ်တကူနဲ့ စိမ်ရေသင့်တတ်ပါတယ် ကံကြီးထိုက်တတ်ပါတယ်လို့ ယုံကြည်ရမှာ ဖြစ်ပါတယ်လို့ ၂၀၀ ခု၊ ဩဂုတ်လထုတ် လပြည့်ဝန်းမဂ္ဂဇင်းမှာ ဆရာသျှောင်ကြီးဖွေ ၏ စိမ်ရေဆိုတာ ကြောက်စရာဆောင်းပါးမှာ အသေးစိတ် ဖော်ပြထားပါသည်။ ဝေဒပညာရှုထောင့်မှနေ၍လည်း အစီရင်ခံ တင်ဆက်အပ်ပါသည်။

ပိယိန္ဒြိယာနမာမဟံ

**မင်းအောင်မြင့်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

### အခန်း(၇)

**ဘိုးတော်ကင်းရောက်လာခြင်း**

သူ ချိန်းဆိုထားသည့် တနင်္ဂနွေ။

ခင်မောင်ဦးလာမည် ဖြစ်သည်မို့ ဘယ်မှမသွားဘဲ စောင့်နေရသည်။

မနက် ၈-နာရီခန့်တွင် သူစီးလာသည့်ကားကြီး အိမ်ရှေ့ရောက်လာသည်။ ကားပေါ်မှ ဆင်းလာသည့် ခင်မောင်ဦးတွင် ဘိုးတော်ဟန်ပန်များ လုံးဝမရှိတော့။ ခုမှပင် ခင်မောင်ဦး၏ မူလပုံစံ ပြန်ပေါ်လာသည်။

စပို့ရှပ်အဖြူနှင့် တက်ထရက်ဘောင်းဘီ နက်ပြာရောင် ဝတ်ထား၏။ လက်ထဲတွင် ပြည်ပရောင်း ဒူးယားစပယ်ရှယ်သံဘူး အဝါကလေးကိုင်လျက် စီးလာသည့်ကားကို ပြန်လွှတ်လိုက်သည်။ ကျွန်တော့်ထံတွင် အေးအေးဆေးဆေးနေမည့်ပုံ။

သူ့တိုက်ရောက်စဉ်က နာမည်ကျော်ကြား လူသိများသည့် ဘိုးတော်ကင်းနှင့် စကားပြောခဲ့ရသည်။ ယခု ခင်မောင်ဦး (ဝါ) ဂျစ်တူးဆိုးပေနှင့် စကားပြောရမည်။

ငယ်မူအတိုင်း မင်းနှင့်ငါနှင့် အားရပါးရကြီး။

# ဘိုးတော်ကင်း

## ကျော်မြသန်း

ယခင်လမှ အဆက်-၇



www.burmeseclassic.com

www.burmeseclassic.com

သူပြောစရာ ရှိ မရှိ မသိ။ ကျွန်တော်မေးစရာတွေက တစ်ပုံတစ်ပင်။

ထိုင်မိသည်နှင့် သူကစကားစသည်။ "မင်း ရီတို့ဆီ ရောက်ခဲ့တယ် မဟုတ်လား"

"အေး・・・ရောက်ခဲ့တယ်၊ အားလုံးနေကောင်းတယ်၊ ငါ ရောက်တုန်းက သမီးအကြီးလေးတော့ နည်းနည်းဖျားနေတယ်၊ နေပါအုံး မင်းနဲ့က လုံးလုံးအဆက်အသွယ် မရှိတော့ဘူးပေါ့"

"အေး"

"ဒီလောက်ကြီးတော့ ဖြစ်ဖို့ မကောင်းဘူးကွ"

"ဖြစ်လာတဲ့အခြေအနေဆိုတော့လည်း မတတ်နိုင်တော့ဘူးပေါ့ကွာ၊ ငါလည်း စိတ်တော့ ဘယ်ကောင်းမလဲ၊ ဒါနဲ့ နေပါအုံး။ ငါ့အကြောင်းတွေ ဘာပြောလိုက်သေးလဲ"

"မင်းနဲ့ သူနဲ့ ဒီလိုဖြစ်နေတဲ့အကြောင်းပေါ့ ထူးထူးခြားခြား ပြောလိုက်တာကတော့ မင်းလုပ်နေတာတွေဟာ သူတို့သားအမိအတွက် အရှက်ရစေတယ်ပေါ့၊ ကလေးတွေ မျက်နှာထောက်ပြီးတော့ မလုပ်သင့်တဲ့အကြောင်းပဲ ပြောလိုက်တယ်"

"ငါ့အိမ်ထောင်အကြောင်းကော・・・"

"ဒါတော့ ဘာမှမပြောဘူးကွ၊ သူစိတ်ဝင်စားဟန်လည်း မရှိဘူး"

"ငါ ပြောပါပကောလား သူငယ်ချင်း။ ရီနဲ့ ဒီလိုဖြစ်နေတာလည်း ဖြစ်လာတဲ့အခြေအနေအရ လုပ်လိုက်ရတာပဲ၊ ငါ အခုဒီလိုဖြစ်နေတာဟာလည်း ဖြစ်လာတဲ့အခြေအနေပဲ၊ ဘာမှ မတတ်နိုင်ဘူးလေကွာ၊ လောကကြီးက ဖြစ်ချင်တိုင်း ဖြစ်နေတာ မဟုတ်လား"

"ဟော့ကောင်ရ- လောကလို့ မပြောစမ်းပါနဲ့ကွ၊ ကိုယ်က ဖြစ်ချင်သလို ဖြစ်နေတာကို ပြောစမ်းပါ"

"ထားပါတော့ကွာ"

"မင်းရဲ့အဖြစ်အပျက်ကိုလည်း ရှင်းစမ်းပါအုံး"

"အေး・・・ငါပြောမယ် သူငယ်ချင်း။ ဒါပေမဲ့ ငါပြောတာတွေကို မင်းဘယ်သူမှ ပြန်မပြောပါဘူးလို့တော့ ကတိပေးရမယ်"

"စိတ်ချစမ်းပါကွာ၊ မင်းကို ထိခိုက်အောင် ငါ ဘယ်လုပ်ပါ့မလဲ"

သူ့ကို ကတိပေးထားသည့်အတိုင်း ဘယ်သူ့မှ မပြောခဲ့ပါ။ ကျွန်တော်၏ကတိအတိုင်း စောင့်ထိန်းခဲ့ပါသည်။ ပါးစပ်ဖြင့် ကျွန်တော်မပြောပါ၊ စာရေး၍ ပြောရခြင်းကိုတော့ ခွင့်လွှတ်ပါ သူငယ်ချင်းလို့ တောင်းပန်လိုက်ပါသည်။

ဝိသနာကို တားမရသဖြင့် ရေးမိသည်ကို ခွင့်လွှတ်ပါဟာ။

"ရီတို့သားအမိတွေ ပြန်သွားတော့ ငါ ကုသာမှာပဲ ကျန်ရစ်ခဲ့တယ်၊ ဖြစ်ခဲ့တဲ့အမှုမှာ ထောင်မကျပေမယ့် အလုပ်ကတော့ ပြုတ်သွားတယ်၊ သူတို့သားအမိတွေ မရှိတော့ ပိုပြီးလွတ်လပ်၊ ပိုပြီး ပေတေနေခဲ့တာပဲ၊ ရီက ငါ့ဆီက တစ်ပြားတစ်ချပ်မှ ယူမသွားတော့ ရှိသမျှ သုံးဖြုန်းပြီး ပျော်ပျော်ကြီးပဲ နေခဲ့တယ်၊ မင်းသိတဲ့အတိုင်း ပဲပေါ့ကွာ၊ အရက်ကတော့ မိုးအလင်းပဲ၊ မိန်းမတွေကလည်း ကွာစီးတားသလိုပဲ၊ တစ်ခွဲထွက်သွား နောက်တစ်ခွဲရောက်လာနဲ့ဟာ တစ်နှစ်တောင် မကြာဘူးဟော့၊ ရောဂါရလာရော"

"တစ်သက်လုံး ဖုံးသမျှကုန်းတော့မှပေါ်ဆိုတာလို တစ်သက်လုံး ပေတေခဲ့တဲ့ဒဏ်တွေက အသက်နဲ့မမျှတော့ ဖြစ်တယ်ဆိုတာနဲ့ ချုံးပွဲချ ငိုရတော့တာပဲ"

"ငါ့နားရွက်နှင့် နှာသီးဖျားတွေက နီရဲပြီး ထူလာတယ်၊ ပါးနဲ့ နဖူးစမှာ အဖြူကွက်တွေ ပေါ်လာတယ်၊ ဆရာဝန်ပြလိုက်တော့ ငါ ကိုယ်ပျက်စပြုလာပြီဆိုတာ သိရတယ်၊ သောက်ဖော်သောက်ဖက်၊ ပျော်ဖော်ပျော်ဖက်၊ အပေါင်းအသင်းတွေကလည်း ငါ့နားက ခွာကုန်ကြပြီ၊ ဒီတော့ ငါက အိမ်ထဲမှာသောက်၊ မူးလာရင်ငို"

"သောက်ရင်း ငို၊ ငိုရင်း သောက်နဲ့ အခြေအနေက တစ်စထက်တစ်စ ဆိုးလာတယ်၊ ဆရာဝန်ကလည်း ဒီလိုသာ ဆက်သောက်နေရင် သူ မကုပေးနိုင်တော့ဘူးလို့ ပြောရော၊ ငါလည်း ဖြတ်ဖို့ ကြိုးစားပါတယ်၊ ဒါပေမဲ့ အရက်မသောက်ရင် ငါ့ဘဝအကြောင်းတွေ စဉ်းစားမိလို့ ငိုပွဲဆင်နေရတာနဲ့ ဖြစ်ချင်တာဖြစ်တော့ဆိုပြီး အရက်ကိုမဖြတ်တော့ဘဲ ဖိသောက်ခဲ့တယ်၊ သေရင်လည်း အေးတာပဲပေါ့"

"သေသွားတဲ့အပုပ်ကောင်ကိုတော့ လူတွေကရွံတာ မဟု[...] ဘူး ဖဲကြဉ်ကြတာ မဟုတ်[...] မသေသေးတဲ့ ငါ့ကိုလည်း ရွံ[...] ကြပြီ၊ ငါငှားနေတဲ့အိမ်ကလည်း[...] ပြောင်းပေးဖို့ တပူပူ တရ[...] လုပ်လာပြီ"

"ငါ့ဘဝဟာ နွံကြားထဲ[...] ကြာမဟုတ်တော့ဘူး။ အမှိုက်[...] က ခွေးသေကောင်ပုပ် ဖြစ်[...] ပြီပေါ့"

"ငါရန်ကုန်ပြန်ပြီး ရီတို့[...] သားအမိဆီပြန်ဖို့ စိတ်ကူးကြည့်[...] သေးတယ်၊ ရန်ကုန်ပြန်ပြီး ဆေး[...] ကုရင် ဖြစ်မလားလို့ပေါ့၊ ငါ အဲ[...] လိုစိတ်ကူးလိုက်တာနဲ့ မျက်ရည်[...] တွေ ကျလာတာနဲ့ တစ်ပြိုင်[...] တည်းဖြစ်ဖြစ်နေတယ်၊ နောက်[...] ခုံးတော့ ငါဆုံးဖြတ်လိုက်တယ်[...] ရီနဲ့ ကလေးတွေကို ငါ့ဘဝတစ်[...] လျှောက်လုံး နှိပ်စက်ခဲ့ပြီးပြီ၊ ဒ[...] ငါ့အပြစ် ငါ့ဆိုးမွေတွေကို သွား[...] ပေးရင် ငါ့ထက်ဆိုးတဲ့လူဟာ ဒီ[...] ဘဝမှာ ရှိတော့မှာ မဟုတ်ဘူး[...] လို့ ဆုံးဖြတ်လိုက်ပြီ၊ ရန်ကုန်မှာ[...] နောက်ဆုံးကျန်တဲ့ တိုက်တစ်လုံး[...] ကိုရောင်းဖို့ စီစဉ်လိုက်ရတယ်"

"အဲဒီတုန်းက ငါ မင်းကို[...] သတိရတာပေါ့၊ ငါ့တိုက်ရောင်းဖို့[...] ကိစ္စ မင်းကိုတာဝန်လွှဲဖို့ စိတ်ကူး[...] ရတာကိုး။ ဒါပေမဲ့ ဘယ်လိုဆက်[...] သွယ်ရမှန်းမသိတာနဲ့ ကသာက[...] လူတစ်ယောက်ကိုလွှတ်ပြီး စီစဉ်[...] လိုက်ရတယ်၊ ရောဂါအခြေအနေ[...] တော့ ဆိုးပေမယ့် ဆေးဖိုးနိုင်[...] လွန်းအားကြီးတော့ တန့်နေတဲ့[...] -ငုပ်နေတဲ့သဘောပေါ့"

"ဖြစ်မှုဖြစ်ရလေ သူငယ်[...] ချင်းရယ်၊ ဘာ့ပဲဖြစ်ဖြစ် အချိန်[...]



www.burmeseclassic.com

www.burmeseclassic.com

က မင်းရန်ကုန်ဆင်းဖို့ ကောင်းတယ်၊ ရှိတို့ဆီမသွားချင်တောင် တို့အထဲက တစ်ယောက်ယောက်ကိုရှာပြီး တိုင်တိုင်ပင်ပင် လုပ်သင့်တာပေါ့ကွ၊ ခု မင်းဟာက မသေကောင်း မပျောက်ကောင်း"

"အေး . . . မင်းပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ အမှိုက်ပုံထဲရောက်နေတဲ့ ခွေးသေကောင်ပုပ်ကို ဘယ်သူကမှ အိမ်ထဲပြန်မသွင်းချင်ဘူးလေကွာ၊ အမှိုက်ပုံထဲက ခွေးသေကောင်ပုပ်ရဲ့ လမ်းဆုံးဟာ အမှိုက်သင်္ချိုင်းနဲ့ မြစ်ထဲပဲ ရောက်ရမှာပေါ့ကွာ၊ ဒါကြောင့်လည်း ဖြစ်ချင်တာဖြစ်၊ မပြန်တော့ဘူးလို့ ဆုံးဖြတ်လိုက်တာပဲ"

"ဒီနောက်တော့ . . ."

"တိုက်ရောင်းတာလည်း အဆင်ပြေပါတယ်၊ ဝယ်သူဆစ်တဲ့ဈေးအတိုင်းပဲ ပေးလိုက်တယ်၊ အဲဒီတော့ အဆင်ပြေသွားတာပေါ့"

"တိုက်ရောင်းတဲ့ ငွေတွေလည်းရရော ကသာမြို့မှာ ရှင်းစရာရှိတဲ့ပိုက်ဆံတွေ ရှင်းပေးလိုက်ပြီး ငါပွေခဲ့တုန်းက စပယ်ယာထားခဲ့တဲ့ ဂဒ္ဒးဂဏန်းမလေးရှိတဲ့ရွာကို လိုက်သွားတယ်၊ ဟိုကျတော့ ကောင်မလေးကို အဆင်သင့်ပဲ တွေ့ရတယ်၊ သူက ငါ့ကို မြင်လိုက်တော့ အံ့ဩသွားပြီး ငါ့ကို ဖက်ငိုတော့တာပဲ၊ ငါလည်း မျက်ရည်တွေ မထိန်းနိုင်တော့ဘူး၊ သူနဲ့တွေ့တုန်းက အပျော်လုပ်လိုက်တာပဲ၊ ငါ့ဆီကငွေတွေကို ဒလဟော နှိက်သွားတဲ့ ကောင်မတွေက ငါ့နားလုံးဝမကပ်တော့တဲ့အချိန်မျိုးမှာ သူက ငါ့ကို ဖက်ငိုတယ်ဆိုတော့ ငါ့စိတ်တွေကို မထိန်းနိုင်တော့ဘူး"

"ငါ့ တစ်သက်လုံးမှာတော့ ဒီတစ်ခါလောက် စိတ်ထိခိုက်တာ တစ်ခါမှ မရှိသေးဘူး"

"သူက အိမ်ထောင်မပြုသေးဘူး၊ သူ့မိဘတွေနဲ့ အတူနေတယ်၊ သူ့မိဘတွေကလည်း ငါ့ကိုကြည့်ပြီး ရင်ထုမနာ ဖြစ်နေကြတယ်၊ အားလည်း ပေးကြတယ်၊ ဘာမှ မပူနဲ့၊ ဒီရောဂါကုဖို့ သူတို့ဘုန်းကြီးဆရာ ရှိတယ်ပေါ့၊ ဘယ်မှလည်း မသွားဘဲ သူတို့နဲ့အတူနေပြီး ရောဂါကုဖို့ ပြောရှာငယ်"

"သူတို့က ဒီလိုကောင်းလေ ငါ့မှာ မျက်ရည်မဆည်နိုင်လေပဲ၊ ငါလည်း သူတို့ကို ငွေငါးထောင်ထုတ်ပေးပြီး ကန်တော့လိုက်တယ်၊ ငါ့ကို သေတဲ့အထိ ဒီမှာ နေပါရစေလို့ ခွင့်တောင်းလိုက်တယ်၊ သူတို့က ငါပေးတဲ့ ငွေတွေကိုမြင်တော့ အဘိုးကြီးရော အဘွားကြီးပါ ကြက်သေသေနေကြတယ်၊ ရင်ဘတ်ကလေးတွေဖိပြီး စကားမပြောနိုင်ကြတော့ဘူး"

"သူတို့သားအမိသုံးယောက်လည်း သူတို့အချင်းချင်း ပြောလိုက်၊ ဆိုလိုက်ကြတာ ဘာတွေပြောမှန်းတော့ ငါလည်းမသိဘူး"

"နောက်ဆုံး ငါ့ကို ပြောတာကတော့ ဒီငွေတွေကို သူတို့မယူပါရစေနဲ့၊ ငါ့ဆီမှာပဲ ထားပါ၊ ဆေးကုတဲ့အခါမှာသာ လိုရင်သုံးပေါ့၊ ငါ့အတွက်တော့ သူတို့ပဲ တာဝန်ယူပါ့မယ်၊ စားဖို့ကတော့ သူတို့စားသလို စားရမယ်၊ သူတို့လိုမစားနိုင်ရင် ကိုယ်ဟာကိုယ် ကြိုက်သလို ဝယ်ချမ်းဖို့ ပြောကြတယ်"

"ငါကလည်း ယူထားဖို့ ပြောရတယ်၊ ငါ့မှာ ငွေရှိတဲ့အကြောင်း။ သူတို့သမီးဟာလည်း ငါ့မိန်းမပဲ၊ သူတို့လည်း အဖေ၊ အမေပဲ၊ ဒီငွေကို မယူရင်လည်း ဒီမှာမနေဘဲ သွားတော့မယ့်အကြောင်း ပြောတော့မှ မယူချင် ယူချင် ယူကြတယ်"

"ဒါတောင်မှ ဘာလုပ်ကြသလဲဆိုတော့ ငါပေးတဲ့ငွေတွေကို ပုံးထဲထည့်ပြီး နောက်ဖေးခြံထောင့်မှာ မြှုပ်ထားကြတယ်၊ အဲဒီငွေတွေမြှုပ်တုန်းက ငါ့ကိုလည်း တစ်ပါတည်း ခေါ်သွားတယ်"

"ဂဒ္ဒးဂဏန်းတွေဟာ အဲဒီလောက် ရိုးသားကြတယ်၊ သူငယ်ချင်း"

"နောက်တစ်နေ့ မနက်ကျတော့ မိုးတောင်မလင်းသေးဘူး။ သူတို့အိမ်ဝိုင်းကလေးထဲမှာ အိမ်ကလေးတစ်လုံး ဆောက်နေကြပြီလေ၊ အိမ်က ဖြစ်ကတတ်ဆန်း ဆောက်၂၂ မဟုတ်ဘူးကွ၊ သပ်သပ်ရပ်ရပ်ကလေး ဆောက်တာ၊ အိမ်လည်းပြီးရော သူတို့ထုံးစံအတိုင်း နတ်ပွဲတွေ ဘာတွေပေးပြီး သူတို့သမီးနဲ့ ငါ့ကို အဲဒီအိမ်ပေါ် တင်လိုက်တာပဲကွ"

"ငါကတော့ အတော်ကလေး ဝမ်းသာသွားတာပေါ့၊ ငါခေါင်းချဖို့ နေရာရပြီ မဟုတ်လား၊ ငါ့ရောဂါအတွက် ပြန်ကောင်းဖို့လုံးဝမစဉ်းစားတော့ဘူး၊ သေဖို့အချိန်ကိုသာ ငါက စောင့်နေခဲ့လေပြီ၊ အဲဒီရောက်တော့ တစ်နေကုန် ဘယ်မှလည်း သွားစရာမရှိ၊ ငါ့အခြေအနေကလည်း ရှာထဲလျှောက်လို့မဖြစ်၊ ဒီတော့ တစ်နေကုန် တစ်နေခန်း ကြွက်သားကျော်နဲ့အရက်ပဲ ဖိသောက်နေခဲ့တယ်"

"ကောင်မလေးကလည်း မရှုမရှာ ငါ့ကို ပြုစုရှာတယ်၊ ကုန်ကုန်ပြောမယ်ကွာ၊ အိပ်တာတောင် ငါနဲ့အတူတူ ဖက်အိပ်တယ်"

"သုံးရက်လောက်နေတော့ အဘိုးကြီးက ဘုန်းကြီးပင့်လာတယ်ကွ၊ ဘုန်းကြီးက ငါနေတဲ့တဲဘက်ကူးလာပြီး ရောဂါအခြေအနေကို စမ်းသပ်တာပဲ၊ အင်္ကျီလုံချည်တွေချွတ်ပြီး တစ်ကိုယ်လုံးကို ကိုင်တွယ်ပြီး သေသေချာချာ စမ်းသပ်တယ်၊ ရောဂါဖြစ်လာတဲ့အခြေအနေကို အကုန်မေးတယ်"

"နောက်ဆုံးတော့ ဘုန်းကြီးက ပြောတယ်၊ သူပြောတဲ့အတိုင်းလိုက်နာရင် ငါ့ရောဂါကို ခြောက်လအတွင်း ပျောက်အောင် ကုပေးဖို့ တာဝန်ယူမယ့်အကြောင်း ကတိပေးတယ်၊ ကုသခအဲ့ခကြေးငွေလည်း မလိုချင်ဘူးတဲ့၊ ဆေးဝါးဝယ်ဖို့သာ ငါကတာဝန်ယူရမယ်လို့ အမိန့်ရှိတယ်"

"ငါက ပြန်လျှောက်တယ်၊ 'အရှင်ဘုရား၊ တပည့်တော်ရောဂါဟာ တကယ်ပဲ ခြောက်လအတွင်း ပျောက်နိုင်ပါ့မလား၊



www.burmeseclassic.com

www.burmeseclassic.com

တပည့်တော်တော့ မထင်ဘူး' လို့လျှောက်တော့ ဘုန်းကြီးက ကောင်းပြီ ဒကာတဲ့၊ ဒကာ ပထမ သုံးလကုကြည့်၊ ရောဂါ တစ်ဝက်မညှိုးရင် ဆက်မကုနဲ့၊ ကျုပ်က ဒီပညာကို သင်ထား တာ ကတိကဝတ်နဲ့ သင်ထား တာ၊ ကုသမှုအတွက် ငွေရုံးဝ မယူပါဘူး၊ ဒီရောဂါခံနေရတဲ့ ပုဂ္ဂိုလ်တွေရင်၊ တိုက်ဆိုင်လို့ ကျုပ်ဆီရောက်လာရင် အယုတ်၊ အလတ်၊ အမြတ်မရွေး ကုသ ပေးပါမယ်လို့ ကတိတစ်လုံးကို ကျိန်စာအမျိုးမျိုးခံပြီး သင်ခဲ့ရ တာ၊ အခု ဒကာလည်း ကျုပ်နဲ့ တိုက်ဆိုင်လို့ တွေ့ရတာ၊ ရောဂါ က မျိုးရိုးရောဂါမဟုတ်ဘူး။ ဝင့် နှာ၊ ကံနှာ မဟုတ်ဘူး၊ ဒါ ကြောင့် ကျုပ် ပျောက်မယ်လို့ ကတိပေးတာပဲ"

'မှန်လှပါဘုရား၊ ကျေနပ် အားရလှပါတယ်ဘုရား။ တပည့် တော် ဘာတွေလိုက်နာရမယ်ဆို တာ အမိန့်ရှိပါဘုရား'လို့ ပြန် လျှောက်လိုက်ရတယ်"

ကိုခင်မောင်ဦး ပြောပြနေ သည်မှာ စိတ်ဝင်စားစရာကောင်း လှ၏။ တကယ့်အဖြစ်အပျက် ဖြစ်သော်လည်း စိတ်ကူးယဉ် ဇာတ်လမ်းများလားဟု ထင်ရ လောက်အောင်ပင်။ စရောက် ကတည်းက နှစ်ယောက်သား စကားပြောနေသည်မှာ ၁၀-နာရီ ခွဲသည့်တိုင် ဖော်ပြခဲ့သည့် နေရာ သို့သာ ရောက်သေးသည်။

ထမင်းစားချိန်လည်း ရောက် လာပြီဖြစ်သဖြင့် စကားဝိုင်းကို ခဏရပ်၍ ထမင်းပွဲပြင်ထား သည့်စားပွဲသို့ ထခဲ့ကြသည်။

ထမင်းစားရင်းမှာတော့ ဤ ဇာတ်လမ်းကို မဆက်ကြဘဲ သူ ငယ်ချင်းအပေါင်းအသင်းများအ ကြောင်းကို ပြောကြ ဆိုကြရင်း၊ ငယ်ငယ်က အကြောင်းများကို စားမြုံ့ပြန်ရင်း ထမင်းမြိန်ဆေး ဖော်ကြ၏။

ရှေးဟောင်းနှောင်းဖြစ်များ ပြော၍ ငယ်ငယ်က ပေခဲ့၊ တေ ခဲ့ပုံများ ပြန်ပြောရသည့်အရသာ မှာ စိတ်နှင့် ခန္ဓာကိုယ်ကို နုပျို သွားစေရုံမက မည်သည့်ပျော် ရွှင်မှုနှင့်မှ မတူသည့် ပျော်ရွှင်မှု မျိုးကို ခံစားရပါသည်။

ခင်မောင်ဦး၏ ငယ်ကျင် ကလေးများလည်း အပြည့်အဝ ပြန်ပေါ်လာသည်။

"ငါလည်း နေ့စဉ်နဲ့အမျှ အကျဉ်းထောင်ထဲရောက်နေတာ ဒီနေ့မှပဲ လွတ်တော့တယ် သူ ငယ်ချင်း"ဟု ဖွင့်ပြောရသည့် အထိပင်။

ထမင်းစား၊ အချိုတည်းရင်း ပြည်ပရောင်း ဒူးယားစပယ်ရှယ် တစ်ယောက်တစ်လိပ်စီဖြင့် ငယ် စဉ်ဘဝကို ပြန်ပြောင်းတွေးနေ စဉ် သူ၏ကားကြီး အိမ်ရှေ့သို့ ထိုးဆိုက်လာသည်။ ကားမောင်း သူပေးလာသည့် စာကိုဖတ်ရင်း ခင်မောင်ဦးမှာ ဒေါ်ပွသွားသည်။

"တစ်နေ့တလေ ဇိမ်နဲ့ နေ မလားလို့ ထွက်လာပါတယ်၊ စောက်အလုပ်က ရှုပ်လာပြန်ပြီ သူငယ်ချင်းရေ၊ ဗွိအိုင်ပီ တစ် ယောက် အိမ်ရောက်နေလို့ လာ ခေါ်တာပဲ၊ လိုက်သွားရအုံးမယ် သူငယ်ချင်းရေ၊ နောက်မှ ဆက် ကြတာပေါ့၊ ဟာ···နေအုံး·· နေအုံး၊ ဒီလိုလုပ်၊ မင်းခွင့် ၅- ရက်လောက် ယူလို့ ရမလား"

"ရပါတယ်၊ ကိစ္စဆိုပါအုံး"

"ငါ လာမယ့်တနင်္ဂနွေနေ့ မန္တလေးသွားမယ်၊ အဲဒါ မင်း ငါ နဲ့ အတူတူလိုက်ခဲ့ကွာ၊ မင်း အတွက် ငါအားလုံး ဒကာခံမယ်၊ ဘယ့်နှယ်လဲ၊ လိုက်မလား"

"မင်းတစ်ယောက်တည်း လား"

"ဒါပေါ့···"

"ဒါဖြင့် ငါ သန်ဘက်ခါ မင်းဆီ ဖုန်းဆက်လိုက်မယ်ကွာ၊ လိုက်ဖြစ်အောင်တော့ ငါ ကြိုး စားမယ်"

"အေး···ဖုန်းဆက်လိုက်၊ ငါ အားလုံး စီစဉ်ထားလိုက်မယ် ဟုတ်လား၊ အိုကေ···ငါ သွား လိုက်အုံးမယ်" ပြောပြောဆိုဆို နှုတ်ဆက်ပြန်သွားပါသည်။

တကယ်တော့ သူ့ဘဝက သနားစရာ၊ မလွတ်မလပ်။

တစ်မနက်လုံး ငယ်မူငယ် သွေးအသွင်ဖြင့် ပျော်ပျော်ရွှင်ရွှင် ဖြစ်နေစဉ် ဂူမြွေတစ်ခွဲသားနှင့် ဘိုးတော် ပြန်လုပ်ရပေအုံးတော့ မည် ဖြစ်၏။

စပို့ရှပ်နှင့် ဘောင်းဘီချွတ် ၍ မှိုင်းညှို့ညှို့ ယောဂီအရောင် လဲပြီး ဟောရ၊ ပြောရ လုပ်ရ မည် ဖြစ်၏။

သူတို့ ရှုထောင့်ကတော့ အပြော၊ အဟော (ဝါ) အကြား အမြင်ပေါ့၊ ကျွန်တော်တို့ လူပိန်း ရှုထောင့်ကတော့ အဖြီးအဖြန်း ပေါ့။

. မည်သို့ပင်ဖြစ်စေ၊ ခင် မောင်ဦးမှာ အိစက်ညက်ညော သည့် ကူရှင်ပေါ်ထိုင်ရင်း ဗွီအိုင် ပီကြီးကို ဘာတွေများ ပြောရ မလဲဟု စဉ်းစားသွားလေမည် လား မသိပေ။

ကျွန်တော့်မှာ မဆုံးသေး သော သူ့ဘဝဇာတ်လမ်းကို ပြန် လည်စဉ်းစားရင်း ကံတရားကို ပို၍ ယုံကြည်လာသည်။ အ ကြောင်းအကျိုးတရားကို လိုချင် လက်ခံမိသည့် ဗုဒ္ဓ၏ အဆုံးအမ များကို ပို၍ လေးစားလာမိသည်။

အတွေးစဉ်များတွင် နစ်မျော နေစဉ် ပခက်တွင်းမှ သားငယ် ၏ငိုသံက အတွေးစဉ်များကို ဖြတ်ပစ်လိုက်ပါသည်။

ဘိုးတော်ကင်းက ဗွီအိုင်ပီ ကြီးကို ပြောပြောနေသည့်အချိန် တွင် ကျွန်တော်က သားငယ်ကို တေးဆိုချော့မြူနေရသည်။

သူလည်း လူသားတို့အ တွက် အလုပ်လုပ်ခြင်း၊ ကျွန် တော်လည်း လူသားတို့အတွက် အလုပ်လုပ်ခြင်း။ အလုပ်သဘော တူသော်လည်း အခြေခံက မတူ ပါ။

သူက လူလားမြောက်ပြီး သူများ ပို၍ ကြီးမြင့်အောင် သူ နည်း သူဟန်ဖြင့် လုပ်ပေးနေ သည်။ ကျွန်တော်က လူလား မမြောက်သေးသည့် သားငယ် အတွက် လူလားမြောက်အောင် ပြုစုပျိုးထောင်ပေးနေသည်။

သို့သော် ကျွန်တော့်သား ငယ် လူလားမြောက်ချိန်တွင် ဘိုးတော်အတုအယောင်တွေ မရှိ ပါစေနဲ့၊ ကျွန်တော့်သားသည် လည်း···။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

**ကျွန်တော်တွေ့ဖူးသောဘိုးတော်များ**

ဘိုးတော်ကင်းနှင့် မတွေ့မီက ကျွန်တော်သည် ရုံးမှပြန်လာသည့်အခါတိုင်း သားသမီးများနှင့် ပျော်ပျော်ရွှင်ရွှင်၊ အေးအေးဆေးဆေး နေခဲ့ရ၏။ အပေါင်းအသင်း မိတ်ဆွေများဆီသို့ပင် ရောက်ခဲ့သည်၊ မလွှဲမရှောင်သာသော သာရေး နာရေးကိစ္စများ ရှိမှသာ ရောက်တတ်၏။

အိမ်ပြန်ရောက်ပြီးရင် လမ်းပေါ်သို့ ပြန်မရောက်တတ်ပေ။

ခုတော့ တစ်နှစ်တစ်ခေါက်ပင် မရောက်သည့် ရွှေတိဂုံဘုရားပေါ်သို့ နေ့စဉ်ရောက်နေသည်။ အိမ်မှာရှိချိန်ထက် အပြင်ထွက်သည့်အချိန်က များနေသည်မို့ အိမ်ကသက်ထားကပင် မသက်သာဖြစ်လာသည်။

ကျွန်တော်က ဘိုးတော်တွေကို လိုက်ရှာနေသူဖြစ်သည်ကြောင့် ဘိုးတော်တို့ကျက်စားရာ နေရာမှန်သမျှကို သွားနေရသည်။

သေသေချာချာတွေးကြည့်တော့ ကိုယ့်ဒုက္ခ ကိုယ်ရှာခြင်းပင်။

ဘိုးတော်ကင်းက သူများတွေကို မ,စနေသော်လည်း ကျွန်တော့်ကိုတော့ ဒုက္ခပေးနေပါပြီ။

ကျွန်တော်ကလည်း ဘိုးတော်ရူး ရူးနေသည် မဟုတ်ပါလား။

ဘိုးတော်ရှိသည့်နေရာမှန်သမျှ၊ သတင်းကြားသည့်နေရာမှန်သမျှ ရောက်အောင် သွားရသည်မှာ မအားရအောင်ပင် ဖြစ်နေသည်။

ကျွန်တော် သွားခဲ့၊ ရောက်ခဲ့၊ မြင်ခဲ့၊ တွေ့ခဲ့ရသည့် ဘိုးတော်အမည်ခံများ အကြောင်းကိုတော့ တင်ပြပါမည်။

တိုက်ကြီးပေါ်မှ ဘိုးတော်နှင့် တဲနန်းပေါ်မှ ဘိုးတော်ထိ ရောက်ခဲ့စဉ်က လေ့လာတွေ့ရှိချက်များနှင့် ကိုယ်ပိုင်ထင်မြင်ချက်များကို အတွေ့အတိုင်း အရှိအတိုင်း မကွယ်မထောက် တင်ပြခဲ့ပြီးသည့်နောက် ပလက်ဖောင်းပေါ်မှ ဘိုးတော်ဟု အမည်တပ်လိုက်ခြင်းကို ရုတ်တရက် လက်ခံချင်မှ လက်ခံပါလိမ့်မည်။ စာရေးသူက ထင်ရာမြင်ရာ၊ မဟုတ်မဟတ် ရေးသည် ထင်ကောင်း ထင်ပါမည်။ ပလက်ဖောင်းပေါ်မှ ဘိုးတော်ရှိပါ့မလား။

ရှိပါသည်။ အမှန်ပဲ ရှိခဲ့ပါသည်။

ပလက်ဖောင်းပေါ်မှာ စား။ ပလက်ဖောင်းပေါ်မှာ နေပြီး ပလက်ဖောင်းပေါ်မှာ အိပ်လျက် ဘိုးတော်လုပ်နေသူပါ။ သို့သော် အနိရတ ဘိုးတော်ဟု မထင်လိုက်ပါနှင့်။ သူ့ဆီလာသူများမှာ ကားအမျိုးမျိုး စီးနိုင်သူများ ဖြစ်ပါသည်။

ထိုထက် ထူးခြားသည်မှာ သူသည် ကျင်ကြီးစွန့်သည့်အခါ ရန်ကုန်ထဲတွင် မလုပ်ပါ။ နေ့စဉ် နေ့တိုင်း မော်ဘီသွား၍ စွန့်ခြင်းပင်။

အစားကောင်း အသောက်ကောင်းအကြောင်း ပြောတတ်သူများကို "မင်းကလည်း ဈေးကို တန်ဆာမဆင်စမ်းပါနဲ့" ပြောတတ်ကြရာ ဈေးပါရာတွင် ဈေး(ကိုး)များသည် ပလက်ဖောင်းပေါ်မှ ဘိုးတော်ကိုမူ မည်သို့ ပြောရမလဲ မသိပေ။

ပလက်ဖောင်းပေါ်မှ ဘိုးတော်မှာ မြေတူး ကုလားမျိုး ဖြစ်၏။ အခြားသော ကုလားဆာဒူးများလို အလိပ်အခွေနှင့်မဟုတ်၊ ခေါင်းတုံးနှင့်။ ဝတ်ထားသည်က မြန်မာဘုန်းကြီးများဝတ်ရုံသည့် သင်္ကန်းကို ဖြစ်ကတတ်ဆန်း ကပိုကရို ဝတ်ထားသည်။

ကွမ်းကို ဆယ့်နှစ်ရာသီ ဝါး၍ တံတွေးတပြစ်ပြစ် ထွေးတတ်၏။

သူပါးစပ်ထဲမှစီးနေ သည့် ကွမ်းတံတွေးများမှာ ပါးစောင်းဘေးသို့ အမြဲတမ်းစီးကျနေသည်။ ရေ ဘယ်တော့မှမချိုး။ သူ့ကို ကြည့်လိုက်လျှင် အမြဲတမ်း ညစ်ပတ်နေသည်။

အကြောင်းမသိသူများ ရုတ်တရက်မြင်လိုက်လျှင် ကုလားအရူးကြီးဟု ထင်နေမည်သာ။

သူ့က နာမည်ကျော် ဘိုးတော်တစ်ဦး။ အမည်က ဘိုးတော်ဆာမိဗျ..

သူစားကျက်များသည့်နေရာမှာ ပန်းဆိုးတန်း ဂရင်းဟိုတယ်၊ ပလက်ဖောင်းပေါ်တွင် ဖြစ်၏။ သူစားသည်မှာလည်း ထိုနေရာ၊ သူအိပ်သည်မှာလည်း ထိုနေရာ။

ပလက်ဖောင်းဘိုးတော်ကို ကိုးကွယ်သူများကဆိုရင် ကွမ်းတံတွေးတွေ ပါးစောင်းစီးကျနေသည့် ရုပ်ပုံကို ဓာတ်ပုံထဲတွင် ပါအောင်ရိုက်ပြီး အိမ်ဦးခန်းတွင် တခမ်းတနားထား၍ ကိုးကွယ်ကြ၏။

ဘိုးတော်ဆာမိ ညအိပ်လျှင် ဘာဘူစောင်တစ်ထည်ကိုခင်း၍ တစ်ထည်ကို ခြုံပြီး အိပ်သည်။ မနက်မိုးလင်းသည်နှင့် သူ၏ စောင်နှစ်ထည်ကို ဝယ်လိုသူများ အလုအယက် ဖြစ်နေကြသည်။ စောင်တစ်ထည်၏တန်ဖိုးကို ရာနှင့်ချီပြီး ပေးကြသည်။

တချို့များ ကျွန်တော့်ရှေ့မှာပင် စောင်တစ်ထည်ကို ငွေ ၃၀၀-ကျပ်ပေး၍ ဝယ်သွားသည်ကို တွေ့ဖူး၏။ အသေအချာ လိုက်၍ စုံစမ်းလေ့လာကြည့်သောအခါ သူခင်း၍၊ ခြုံ၍ အိပ်ခဲ့သည့်စောင်ကို အိမ်မှာထားလျှင် စီးပွားတက်သည်၊ ရောဂါဘယကင်းသည်၊ အကြံအစည်များ အောင်မြင်သည်၊ အပ ပယောဂတွေ မဝင်နိုင်ဟု ယုံကြည်ပြီး ဝယ်ယူကြခြင်း ဖြစ်၏။

ဝယ်သည်မှ အလုအယက်၊ သူ့ထက်ငါဦးအောင် လာကြရသည်။

သူခြုံ၍၊ ခင်း၍ အိပ်သည့်စောင်များကို နေ့စဉ် နံနက်တိုင်း အလုအယက် ဝယ်ကြသဖြင့် နေ့တိုင်း ဘာဘူစောင် နှစ်ထည် လိုသည်။

ဘာဘူစောင် တစ်နေ့နှစ်ထည်သွင်းသည့် ကန်ထရိုက်မှာ မွန်အမျိုးသမီးတစ်ယောက်ဖြစ်၍ ညနေတိုင်း ဂျစ်ကားနှင့် လာယူသည်။ စောင်နှစ်ထည်ပေးလိုက်လျှင် ငွေခြောက်ဆယ် ပေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

စောင်တစ်ထည်တန်ဖိုးမှာ သုံးဆယ်။

ထိုအချိန်က ဘာဘူစောင်တစ်ထည်၏ပေါက်ဈေးမှာ တစ်ဆယ်နှင့် ဆယ့်ငါးကျပ်ကြားတွင်ရှိသည်။ စောင်သွင်းသူ အမျိုးသမီး၏ဝင်ငွေမှာ တစ်နေ့ သုံးဆယ်။

ကဲ- မနိပ်လား၊ မဆန်းလား။

BURMESE CLASSIC .com

ဆန်းပါသည်၊ ပို၍ ဆန်းသည်မှာ ရေမချိုးသော ဆာမိ၏ လူတကာသွားသည့် လမ်းမပေါ်တွင် ခင်း၍၊ ခြုံ၍ အိပ်သည့်စောင်က စီးပွားတက်သည်၊ ရောဂါပယ ကင်းသည်၊ အကြံအစည် အောင်သည်၊ အပပယောဂ မဝင်နိုင်ဟု စွတ်မိုတ်ယုံကြည်ကြခြင်းမှာ ပို၍ ဆန်းသည်ဟု ဆိုရပါမည်။

ပလက်ဖောင်း ဘိုးတော်ခင်းအိပ်သည့်စောင်က ဘယ်လိုတန်ခိုးသတ္တိများ ရှိနိုင်ပါမည်နည်း။ ဘယ်လို အစွမ်းထက်ပါမည်နည်း။ သိပ္ပံနည်းနှင့်ဖြစ်စေ၊ ဝိဇ္ဇာနည်းနှင့်ဖြစ်စေ ဆန်းစစ်ကြည့်ရင် ဘယ်လိုမှ အဖြေမထွက်နိုင်သော်လည်း တစ်ကိုယ်လုံး ညစ်ပတ်နေသည့် လူတစ်ယောက်က နေ့စဉ်နေ့တိုင်း စောင်အသစ်နစ်ထည် ခင်းအိပ်နေသည်ကို ထူးခြားသည်ဟုဆိုသော် မထူးခြားပါဟု ပြောသူ၊ ကျွန်တော့်ထင်မြင်ချက်ကို အပြစ်မြင်သူများ ရှိကြမည် ဖြစ်ပါသည်။

အပြစ်ဆိုချင် ဆိုကြပါစေ။ ကျွန်တော့်ကို အရူးဟု သတ်မှတ်ချင် သတ်မှတ်ပါစေ။

ကျွန်တော်ကတော့ ရဲရဲကြီး ပြောပါမည်။ လုံးဝအဓိပ္ပာယ်မရှိဟု။

စောင်၏ထူးခြားပုံကလေးဖတ်ပြီးနောက် ကွမ်းတံတွေးထူးခြားပုံကို ဆက်ပါမည်။

မယုံလျှင်ပင် ပုံပြင်ဟု မမှတ်လိုက်ပါနှင့်။ တကယ် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။

ထူးခြားပါသည်၊ အလွန်ကို ထူးခြားသည့် ကွမ်းတံတွေး အဖြစ်အပျက်မှာ ဤသို့ ဖြစ်ပါသည်။

ပလက်ဖောင်း ဘိုးတော်ဆာမိမှာ အိပ်ချိန်မှလွဲ၍ မိုးလင်းမှ အိပ်သည့်အချိန်သို့တိုင် ကွမ်းနှင့် ပါးစပ်မပြတ် အမြဲတမ်း ဝါးနေတတ်ရာ သူဝါးသည့်ကွမ်းမှာ တစ်ယာငါးပြား၊ ဆယ်ပြားတန်ကွမ်းယာမဟုတ်။

ကွမ်းတစ်ယာတန်ဖိုး တစ်ကျပ်ပေးရသည့် အ ဘူးစပယ်ရှယ်ငွေကွမ်းယာဖြစ်၏။

သူစားသည့် ကွမ်းယာတန်ဖိုးမှာ တစ်နေ့ နှစ်ဆယ့်ငါးကျပ်မှ သုံးဆယ်အထိ ရှိ၏။

ထူးခြားသည်ဟု ဆိုသည်မှာ တစ်ကျပ်တန်ကွမ်းယာ နှစ်ဆယ်၊ သုံးဆယ်ဖိုးစား၍ ထူးခြားသည်ဟု ဆိုခြင်းမဟုတ်ပါ။ သူ ထွေးထုတ်လိုက်သည့် ကွမ်းတံတွေးကို မိမိစီးသည့်ကားပေါ်သို့၊ အင်္ကျီလုံချည်ပေါ်သို့၊ သို့မဟုတ် ခေါင်းပေါ်သို့ ထွေးရန်၊ အချိန်ကုန်ခံ၍ လာစောင့်နေရခြင်းပင် ဖြစ်ပါသည်။

မနက် မိုးလင်းသည်နှင့် သူ နေရာဝန်းကျင်တွင် မာစီဒီး၊ ဗီးယက်၊ ဘောက်(စ)ဝက်ဂွန်းမှစ၍ ဂျစ်ကား၊ သုံးဘီးကားအထိ တန်းစီရပ်နေကြရသည်။

ကားပေါ်သို့ သူပါးစပ်မှ ကွမ်းတံတွေး ထွေးရန် ဖြစ်၏။

သို့သော် သူက ထွေးနိုင်းတိုင်း ထွေးသည်မဟုတ်၊ ထွေးနိုင်း၍လည်း မရ။

သူ စိတ်ရလျှင် တန်းစီရပ်ထားသည့် ကားထဲမှ တစ်စီး၊ သို့မဟုတ် နှစ်စီး၊ သုံးစီးကို ရှေ့အဖုံး၊ နောက်အဖုံး၊ ကားမှန်များပေါ်သို့ ကွမ်းတံတွေး ပြစ်ခနဲ ထွေးချလိုက်၏။ တစ်ခါတစ်ရံ တစ်စီးလောက်သာ အထွေးခံရ၏။ တစ်ခါတစ်ရံ တစ်စီးကိုမှပင် မထွေး။

သူပါးစပ်မှ ကွမ်းတံတွေး အထွေးခံရသည့် ကားရှင်မှာ ထီပေါက်သလောက် ဝမ်းသာကြသည်။

ကားဘေး သို့မဟုတ် လူစီးသည့်ဆိုဖာပေါ်သို့ ထွေးချလိုက်ရင် ခံရသည့်ကားရှင်မှာ ခုန်ပေါက်မြူးတူးသွားပါသည်။ လက်သီးလက်မောင်းတန်းပြီး ငါ့လိုလူဇမ္ဗူမှာ ရှိသေးသလားဟုပင် ပြောမည့်ဟန်။

တချို့ ကားပိုင်ရှင်များဆိုရင် ရက်နှင့်မဟုတ်၊ လနှင့်ချီ၍ လာစောင့်ကြရသည်။

ကားမရှိသူများဆိုရင် သူ့ဘေးတွင် ဝိုင်းဝိုင်းပတ်လည်အောင် သွား၍ မတ်တတ်ရပ်နေကြရသည်။ သူက တိုက်ရိုက်ကွမ်းတံတွေးနှင့် မထွေး၊ မြေကြီးပေါ်မှတစ်ဆင့် စဉ်လိုစဉ်ပြား ပေါ့။

အဝတ်အစားပေါ်သို့ တိုက်ရိုက်ထွေးလိုက်ရင် ဖိုးကံကောင်း

ဤအပြုအမူများမှာ ဘေး ကမြင်ရသူများအတွက် ရယ်စရာ အူနှိပ်နေရမည့် ရယ်စရာမြင်ကွင်း ဖြစ်လိမ့်မည်ဖြစ်သော်လည်း ပ လက်ဖောင်းဘိုးတော်ဆာမိ၏ ကိုးကွယ်နေသူများအဖို့တော့ ရင် တမမ၊ ရင်တထိတ်ထိတ်၊ သည် လိုက်ရင်ဖိုဇာတ်လမ်း ဖြစ်သည်

ဤသည်ကို . . .။

ထူးသည်ဟု ပြောရမလား ရူးသည်ဟု ပြောရမလား။

ကျွန်တော် မပြောတတ် စာဖတ်သူများ၏ အဆုံးအဖြတ် သည်သာ အမှန်ဖြစ်ပါမည်။

ကျွန်တော့်အဖို့တော့ တ ခွဲရယ်ရသည့် ဇာတ်လမ်းကလေး အဖြစ် မှတ်တမ်းပြုလိုက်ရခြင်း လာပါဦးမည်။

ထမင်းတစ်ပွဲ ငွေတစ်ရာ တစ်ရာ့ငါးဆယ်တန်များ ရှိ သည်။ ဟိုတယ်ကြီးများတွင် စား ကြသည်ကို ကြားဖူးပါသည်။ စား လည်း စားဖူးကြပါသည်။

စားပွဲခင်း ဖြူဖြူပေါ်တွင် လုပသော ရောင်စုံပန်းကန်ကြီး များနှင့် ပြင်ဆင်လျက် အငွေ့ တထောင်းထောင်းနှင့် စားချင်စ ဖွယ် အကြော်၊ အလှော်၊ အဖုတ် အကင်၊ ငါးခေါင်းကြီး ပေါ်လော ပေါ်နေသည့် ဟင်းချိုများ တည် ခင်းထားသည့် ထမင်းပွဲကို တစ် ရာ၊ တစ်ရာ့ငါးဆယ် ပေးစား သည့်အခါ လျှာပေါ်တွင် မြိန်မြ မြက်မြက်၊ နောက်ထပ် နောက် ထပ် စားချင့်စဖွယ် အရသာ



www.burmeseclassic.com

www.burmeseclassic.com

အသွယ်သွယ် ပြည့်စုံပါပေသည်ဟု ဆိုစမှတ်ပြုကြ၏။

သို့သော် သူတစ်ပါးစားပြီးသား ထမင်းတစ်လုတ်ကို ငွေတစ်ရာပေးရသည်ဆိုခဲ့သော် စိတ်မနှံ့သူမှအပ မည်သူကမှ ယုံကြည်လိမ့်မည် မဟုတ်ပေ။

ပြောသူရှိ၍သာ ကြားဖူးပါသည်ဟု ပြောကြပါလိမ့်မည်။

ရေးသူရှိလျှင်လည်း ရေးသူက "ပေါက်"နေသည့် စာရေးဆရာဟု ပြောကြပါလိမ့်မည်။

ကျွန်တော် မပေါက်ပါ။ ပေါက်နေသူများအတွက် အဂုဏ်တရားခံ လိုက်ပေးခြင်းဟု ဆိုပါရစေ။

ရေးရေးတုန်းက အဖြစ်အပျက်မဟုတ်ပါ။ လူသူမရောက်နိုင်သည့်နေရာမှာ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်လည်း မဟုတ်ပါ။

BURMESE CLASSIC .com

မျက်မှောက်ခေတ်။

၁၉၆၃-ခုနှစ်မှ ၁၉၆၉-ခုနှစ်အထိ၊ ရန်ကုန်မြို့လယ်ကောင် ပန်းဆိုးတန်းတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ဟု စာရေးသူက ရဲရဲကြီးဝန်ခံချက် ပေးပါသည်။

ငွေတစ်ရာတန်သည့် ထမင်းတစ်လုတ်ဇာတ်လမ်းမှာ ဤသို့။

ပလက်ဖောင်းပေါ်မှ ဘိုးတော်ဆာမိ၏ တန်ဖိုးကြီးပေးရသော စောင်နှင့် ကွမ်းတံတွေး ရှိခဲ့သလို တန်ဖိုးကြီးပေးရသော တစ်လုတ်တည်းသော ထမင်းလည်း ရှိပါသည်။

ဘိုးတော်ဆာမိမှာ မြို့ထဲသို့သွားသည့်အခါ အများအားဖြင့် ဆိုက်ကားစီး၍ သွားတတ်၏။ တစ်ခါတစ်ရံမှာသာ ဂျစ်ကားစီး၏။

သူ အမြဲစီးနေသည့် ဆိုက်ကားတစ်စီး ရှိသည်။ ဆိုက်ကားနင်းသူအမည်မှာ ကိုညွန့်မောင်၊ ဆိုက်ကားနံပါတ်မှာ ၃၉၂။

ကိုညွန့်မောင်၏ဆိုက်ကားမှာ မိုးလင်းသည်နှင့် ဂရင်းဟိုတယ်ရှေ့သို့ ရောက်နေရသည်။ တစ်ခါတစ်ရံ ညမိုးချုပ်၍ ဘိုးတော်ဆာမိ အိပ်ရာဝင်သည်အထိ ဘယ်ကိုမှမသွား။ သွားသွား၊ မသွားသွား ကိုညွန့်မောင်က အမြဲရှိနေရသည်။ သူသွားတော့မည်ဆိုလျှင် ဆိုက်ကားပေါ် တက်ထိုင်လိုက်သည်။ ကိုညွန့်မောင်က ဘယ်သွားမည်ကို မမေးရ။ သူ လက်ညှိုးထိုးပြသည့်ဘက်သို့ သွားရသည်။

ရပ်ရန် လက်ညွှန်ပြသည့်နေရာတွင် ရပ်လိုက်ရသည်။

ဤအခါကျမှ သူ့လက်ထဲတွင်ပါသည့် ဖက်ထုပ်ကလေးကို ကိုညွန့်မောင်က ကိုင်၍ သူတက်မည့်အိမ်ပေါ်သို့ လိုက်သွားရ၏။

ဘိုးတော်ဆာမိရောက်လာလျှင် ထိုအိမ်ရှိ အိမ်လူထုမှာ နေစရာမရှိလောက်အောင် ပျားပန်းခတ်သွားတတ်ကြ၏။ နေ့ချင်းညချင်း စိန်ဆယ်တင်း၊ ပတ္တမြားဆယ်တင်း ရတော့မလောက် ထင်ကြသည်။ သူစားပြီး တွေးထုတ်ထားသည့် ထမင်းထုပ်ကလေးရရင် တစ်ရာလည်းပေး၊ နှစ်ရာလည်း ဖဲပေး၏။

သူကလည်း ထမင်းထုပ်ကလေးတစ်ထုပ်ကို နေ့တိုင်း ပေးသည်မဟုတ်။ တောင်းသူတိုင်းအား ပေးသည်မဟုတ်၊ ပေးချင်သူကိုမှ ပေးသည်။ ပေးချင်သည့်အခါ ပေးသည်။ တစ်ခါတလေ တစ်လလုံးနေ၍ ထမင်းတစ်ထုပ်ကိုမပေး။ ဤထမင်းထုပ်ကလေးရသူမှာ တစ်သက်စားမကုန်သည့် ပြည်တန်ပတ္တမြားကြီး ရသည့်အလား ထင်မှတ်ကြကုန်၏။

သူ့ကို ဆိုက်ကားဖြင့် နေ့စဉ်နေ့တိုင်း (၆)နှစ်တိုင်တိုင် ပို့ပေးနေရသည့် ဆိုက်ကားဆရာ ကိုညွန့်မောင်ပင်လျှင် ထမင်းထုပ်ကလေးတစ်ထုပ် မရခဲ့ဖူးပေ။ တစ်ခုတော့ ရှိသည်။ ဆိုက်ကားခကိုတော့ နင့်နေအောင် ရသည်။ သတ်မှတ်ချက်တော့ မရှိ၊ မပေးချင်သည့်နေ့တွင် တစ်ပြားမှမပေး။ ပေးသည့်နေ့တွင် လေးငါးဆယ်လည်း ပေး၏။ တစ်ခါတစ်ရံ တစ်ရာ၊ တစ်ရာ့ငါးဆယ် ပိုးပက်ခနဲ ပေးတတ်သည်။ တစ်ခါတစ်ရံ ထမင်းထုပ်ရသည့်အိမ်မှပေးသည့် ငွေအားလုံးကိုလည်း အထပ်လိုက် ပေးတတ်၏။

ဆိုက်ကားဆရာ ကိုညွန့်မောင်ခမျာ ဘိုးတော်ဆာမိနှင့် သွားလာနေရသည်မှာ အရှုံးမလင်လုပ်နေသည့်အလား။

ရေမချိုး၍ ချေး(ကျိုး)အထပ်ထပ်နှင့် စိတ်ရှုးပေါက်သလို နေတတ်သည့် ဘိုးတော်ဆာမိ၏ ရွံစရာထမင်းတစ်ထုပ်၏တန်ဖိုးမှာ တစ်ရာ၊ နှစ်ရာ။

ဘာတွေစွမ်း၍ ဘာတွေကောင်းသည်ကိုတော့ မပြောတတ်ပါ။

ထမင်းထုပ်လိုချင်သူတွေကတော့ ဒုနဲ့ဒေးနဲ့ပါ၊ လိုချင်သူများထဲတွင် တဲပေါ်ကလူတွေ၊ စက်ရုံထဲက အလုပ်သမားတွေ၊ ကုလားထိုင်ပေါ်က စာရေးစာချီတွေ မပါပါ။

တိုက်ပေါ်က ကားစီးနေသူသာ ဖြစ်ပါသည်။

ကျွန်တော်တို့တိုင်းပြည်မှာ လူလိမ်မျိုးစုံ၊ လိမ်နည်းမျိုးစုံ ပေါ်ခဲ့ပါသည်။ ပေါ်နေဆဲလည်း ဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာလူမျိုးများကလည်း အလိမ်ခံသည်။ အလိမ်ခံဖို့အတွက် လိမ်မည့်သူကို ဘကူးတက လိုက်ရှာတတ်ကြသည်။

လိမ်သူတွေအဖို့ လိမ်ရလွယ်လွန်းသည်။

ကြိုက်သလိုလိမ်၊ ကြိုက်သလောက်လိမ်၊ ကြိုက်သည့်နေရာမှာလိမ် ပြုံးပြုံးကလေး။

အပြုံးမပျက် အလိမ်ခံကြသည်။

တခြားမကြည့်ပါနှင့်။ နှစ်ပေါင်းလေးငါးဆယ်ကတည်းက ပေါ်သည့် ဖဲသုံးချပ်လိမ်နည်းကို ယနေ့ခေတ်တွင် ပန်းသီး၊ မိန်းမရုပ်ကလေး၊ ရွှေရောင်ငွေရောင်အတုံးကလေး၊ ခပေါင်း၊ ဒူးယားစက္ကူကလေးများနှင့် ပြောင်လိမ်နေသည်ကိုလည်း အမှတ်မထားကြ။ သွားရင်းလာရင်း တစ်ကျပ်တစ်ပြားမှ တစ်ဆယ်၊ တစ်ရာအထိ ဝင်ဆော်နေကြသေးသည်။

အခြားနေရာမှာ မဟုတ်၊ ရန်ကုန်မြို့လယ်ကောင် ဆူးလေဘုရားလမ်းမကြီးပေါ်မှ လိမ်နေသည်ကိုပင် ရန်ကုန်ဂျင်များက ပြုံးပြုံးကလေး အလိမ်ခံနေကြဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း အစိပ္ပာယ်မရှိသည့်အလုပ်ကို . အဓိပ္ပာယ်ရှိအောင် ကြံဖန်လုပ်နေပေသည်။

ပလက်ဖောင်း ဘိုးတော်ဆာမိ၏ ထမင်းတစ်ထုပ် တန်ဖိုးမှာ ငွေတစ်ရာဆိုရင် တိုက်ကြီးပေါ်က ဘိုးတော်ကင်း၏ ထမင်းတစ်လုတ်သည် တစ်ထောင်များ တန်လေမလား မသိ။

ကျွန်တော်တို့ တိုင်းပြည်တွင် ထူးလျှင်လည်း ဆူးပါမှ၊ ရှူးလျှင်လည်း ရှူးပါမှ ထင်ပေါ်ပါသည်ဟု။

ဘိုးတော်ဆာမိ၏ ထူးခြားချက်မှာ ဤတွင် မရပ်သေးပါ။ ထပ်မံဖော်ပြစရာ ရှိပါသေးသည်။

ယခုဖော်ပြမည့် လုပ်ရပ်မှာ ဘိုးတော်ဆာမိ လုပ်ခဲ့သမျှအလုပ်ထဲတွင် အထူးခြားဆုံးအလုပ်ဟု ဆိုသင့်ပါသည်။

ဘိုးတော်ဆာမိက အစာအဟောင်းစွန့်လွှတ်သည့် အလုပ်ကို လမ်းဘေးတွင်လည်း မလုပ်တတ်ပါ။ အဟောင်းစွန့်လွှတ်သည့် ယိုအိမ်သာတွင်လည်း မလုပ်တတ်ပါ။ အစာဟောင်းစွန့်မည့်နေ့ သို့မဟုတ် စွန့်ချင်သည့်အချိန်။ ခပ်ရိုင်းရိုင်းဆိုရလျှင် အီးအီးပါချင်သောအခါ သူစီးနေကျ ဂျစ်ကားကို ခေါ်ထိုက်ပြီး မော်ဘီသို့ သွားရပါသည်။

မော်ဘီအလွန်ရောက်သည့်အခါ ဂျစ်ကားကို လမ်းပေါ်မှာရပ်ထားပြီး သူကတော့ မြဲများကြားတွင် အီးအီးသွားပါ၏။ အီးအီးပါပြီးနောက် ရန်ကုန်သို့ ပြန်လာ၏။ သူအီးအီးသွားပါစဉ် မည်သူမျှနောက်ကမလိုက်ရ၊ ဤသည်မှာ တစ်ခါတစ်ရံမဟုတ်၊ အမြဲတမ်း အလုပ်ဖြစ်၏။

ဘိုးတော်ဆာမိ အီးအီးယို ချင်တိုင်း မော်ဘီသို့ ပြေးရ၏။

ကဲ . . . မထူးခြားလား။

ဘိုးတော်ဆာမိက သူစိတ်ရှူးပေါက်သလို လုပ်နေသည်ကို ကိုးကွယ်သူများက တင်စားစကားဆိုကြပြန်၏။

သူ့ဖင်က ချေးမထွက်ဘဲ ရွှေထွက်လို့ တောထဲ အီးအီးသွားပါသည်ဟု ပြောကြပြန်သည်။

အပုပ်ကောင် ရုပ်ဆောင်ထားသည့် ခန္ဓာကိုယ်ထဲသို့ ဝင်သွားသမျှ အရည်အဖတ်ဟူသမျှသည် အပုပ်ခတ်သဘောသို့ ရွေ့လျောပြီးနောက် တံတွေး၊ သလိပ်၊ ချွဲ၊ နှာရည်၊ အာပုပ်ရည်၊ ကျင်ကြီး၊ ကျင်ငယ်အဖြစ် ဒွါရပေါက်များမှ ယိုစီးထွက်နေသည်ကို ကိုယ်တွေ့မျက်မြင် ကိုယ်တိုင်ခံစားရသည့်ဖြစ်ပါလျက် ဘိုးတော်ဆာမိမှထွက်သော ချေးကို ရွှေဟု ပြောနေကြသည်ကို ယခုခေတ်စကားနဲ့ဆိုတော့ "လွန်တာပေါ့"ဟု ပြောရလေမည်သာ။

ဘိုးတော်ဆာမိမှာ နေ့လယ်ဘက်တွင် ဤသို့သော ပေါကြောင်ကြောင်အလုပ်များလုပ်ပြီးနောက် ညဘက်တွင်မူ စိန့်ဘဏ်သားခေါ်ရှိ ကုလားဘုရားရှိနိုး ကျောင်းထဲတွင် ပလောင်ထင်းလိုက်သည်မှာ ညအိပ်ချိန်ထိအောင်ပင်။

သူက ကုလားတွေလို ဓနိရေတို့၊ ချက်အရက်တို့ မချပါ။ "ရမ်"ကိုမှ ဆွဲသူဖြစ်ပါသည်။ ညစဉ်ညတိုင်း ရမ်အကြီးတစ်လုံးဆွဲပြီးနောက် ဂရိုင်းဟိုတယ်အောက်ထပ်တွင် စောင်တစ်ထည်ခြုံပြီး အိပ်ပါတော့သည်။

ဘိုးတော်ဆာမိ နေ့စဉ်နေ့တိုင်း ပုလင်းထောင်နေသည်ကို သူ့ကို ကိုးကွယ်နေသူများကမသိမဟုတ်ပါ။ သိကြပါ၏။ သို့သော် အပြစ်ဟု မမြင်ကြ။

အပြစ်မမြင်သည့်အပြင် သူတို့ပြောပုံကလေးကလည်း သင်းလှပါသည်။

"ဘိုးတော်ဆိုတာ နေချင်သလို နေတတ်သည်။ လုပ်ချင်သလို လုပ်တတ်သည်။ အရူးတွေလို နေတတ်သည်၊ ပြောချင်သလို ပြော၍ စိတ်ထဲရှိသလို လုပ်သူမှ ဘိုးတော်အစစ်"၊ ဖြစ်ပါသတဲ့။

ကဲ- ကောင်းကြရောပေါ့။

ကျွန်တော်တို့ မြန်မာလူမျိုးများသည် အလိမ်ခံရမည်ဆိုလျှင် လိမ်သူ့အပေါ် အမျိုးမျိုးခွင့်လွှတ်၍ မြိုးမြိုးကလေး အလိမ်ခံတတ်ကြသည့်အလေ့အထကို ချီးကျူးစရာဟုပင် ပြောရလေမည်လား။ အပြစ်တင်စရာဟု ပြောရလေမည်လား။

မည်သို့ပင်ဖြစ်စေ ဘိုးတော်ဆာမိကို ယနေ့ခေတ်လူငယ်များ အသုံးအနှုန်းဖြင့် အမည်ပေးရမည်။

"ချာန်ထုသည့် ဘိုးတော်" ဟု။

ရှေ့လဆက်ပါဦးမည်။

ကျော်မြသန်း


လာဘ်မိုးရွာ
တဝေ

ရှေ့ပြေး မဂ္ဂဇင်း

မြဝတီ မဂ္ဂဇင်း

ကြော်ငြာဖြန့်ချိရေး
နှင့်
အယ်ဒီတာရုံးအဖွဲ့

အမှတ်-၂၁၂ (ပဉ္စမထပ်)
၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၃၁၊
၀၉-၄၂၀၀၅၉၂




www.burmeseclassic.com

www.burmeseclassic.com

# ဝမ်းမြောက်ဝမ်းသာ သာခုခေါ်ပါ

■ သမီးဗဂျီအောင်စိုး

ကျေးမွေးမပျက်၊
ဆောင်ရွက်စီမံ၊
မွေ့ခံထိုက်စေ၊
လှူမှုဝေ၍၊
စောင့်လေမျိုးနွယ်၊
ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ။

သားသမီးဝတ္တရားငါးပါး လင်္ကာလေးဖြစ်ပါသည်။ လောကတွင် မိဘဝတ္တရား၊ သားသမီးဝတ္တရား၊ ဆရာ့ဝတ္တရား၊ တပည့်ဝတ္တရား ဟူ၍ရှိပါသည်။ မိဘကလည်း မိဘဝတ္တရား ကျေပွန်ရသလို၊ သားသမီးကလည်း သားသမီးဝတ္တရားကျေပွန်ရပါသည်။ သားသမီးဝတ္တရားငါးပါးလင်္ကာလေးကို သေချာစွာ သတိထားဖတ်ကြည့်လျှင် မိဘများ၏ နောက်ဆုံးကွယ်လွန်ပြီးသော တမလွန်ဘဝတွင် ဘဝကူးကောင်းရန် အားကိုးရမည့်သူသည် သားသမီးသာဖြစ်ပါသည်။

လူ့ဘ၀တုန်းက အလှူအတန်းပြုလုပ်ခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာတရားများ ပြုလုပ်ခြင်းရှိခဲ့သော မိဘများသည် ကောင်းရာမွန်ရာ ဘဝများသို့ ရောက်ရှိကြမည်ဖြစ်သော်လည်း ကွယ်လွန်ခါနီးအကြောင်းအမျိုးမျိုးကြောင့် အယူလွဲ၍ နိမ့်ကျသောဘဝများသို့ ရောက်ရှိနေကြမည့် မိဘများမှာမူ အားကိုးရာ သားသမီးများသာ ဖြစ်ပါသည်။

* * * * * *

မိဘများသည် မိခင်ဝမ်းတွင်း ပဋိသန္ဓေတည်ကတည်းမှစ၍ အသက်အရွယ်ကြီးပြင်းသည်အထိ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းဖြင့် မိဘဝတ္တရား ကျေပွန်ရမှာ ဖြစ်သလို၊ သားသမီးများကလည်း သားသမီးဝတ္တရားငါးပါးကို ကျေပွန်ရမှာ ဖြစ်ပါသည်။ အချိန်တန်အရွယ်ရောက်၍ လူလားမြောက်သောအခါ မိဘများအား တစ်လှည့်ပြန်၍ အကျိုးပြုကြရန်ဖြစ်သည်။

သားသမီးများ ပညာတတ်မြောက်ပြီး အလုပ်အကိုင်များ လုပ်ကိုင်ကြသောအခါ မိဘများကို တစ်လှည့်ပြန်၍ ကျွေးမွေးစောင့်ရှောက်ကြရမှာ ဖြစ်ပါသည်။ မိဘကျေးဇူးကို မိမိတတ်နိုင်သမျှ ပြန်ဆပ်ရန်ဖြစ်သည်။ အချို့မိဘများသည် စီးပွားရေးမပြေလည်၍ ပညာဆုံးခန်းတိုင်အောင် မသင်ကြားပေးနိုင်သောမိဘများရှိသလို၊ တတ်နိုင်သော မိဘများက ပညာအမွေကို ဆုံးခန်းတိုင်အောင် သင်ပေးရုံမက၊ သင်ယူလိုသော ပညာအားလုံးကို သင်ကြားပေးသော မိဘများလည်း ရှိပါသည်။ မည်သို့သော မိဘများကိုမဆို သားသမီးများက မိမိတို့လုပ်နိုင်သောလုပ်ငန်းတာဝန်များဖြင့် ကျေးဇူးဆပ်ကြရန် ဖြစ်သည်။ မိဘများအတွက် 'ကျွေးမွေးစောင့်ရှောက်ရမည်၊ စီမံပေးနိုင်ရမည်'ဖြစ်သည်။

မိဘ၏ အမွေသည် စားထိုက်မှ စားရသည်၊ ခံစားထိုက်မှ ခံစားရပါသည်။ ရရှိသောအမွေပစ္စည်းကို အကျိုးရှိစွာ အသုံးချရတတ်ပါမည်။ မိဘထားခဲ့သော အမွေပစ္စည်းကို အချည်းနှီးဖြစ်အောင် မလုပ်သင့်ဘဲ ကြီးပွားချမ်းသာအောင်၊ မိဘအတွက် အလှူအတန်းလုပ်ပေးနိုင်အောင် ကြိုးစားရပါမည်။ မည်မျှများပြားသော အမွေပစ္စည်းများ ချန်ထားခဲ့စေကာမူ လုံးဝကုန်ခန်းသွားတတ်သော ဗာရာဏသီသူဌေးသား ပုံပြင်မှာ သာဓကဖြစ်သည်။ သားဆိုး၊ သမီးဆိုးများလက်ထဲတွင် အမွေပစ္စည်းသည် ကြာရှည်မတည်မြဲနိုင်ပါ။ အမွေကိုခံစားထိုက်စေရန် 'မွေ့ခံထိုက်စေ'ဟု ဆိုထားပါသည်။

လူ့ဘဝတွင် အသက် ၁၀၀ နှစ်အထိ နေရသော ပုဂ္ဂိုလ်သည် နည်းပါသည်။ အသက် ၅၀ နှစ်မှ ၆၀ နှစ်ထိဆိုလျှင် မသိမသာ တဖြည်းဖြည်း မလုပ်ကိုင်နိုင်ကြသော မိဘများအချို့ ရှိပါသည်။ အသက် ၆၀ နှစ်မှ ၇၀ နှစ်အထိ အရွယ်များတွင် အသွားအလာ တဖြည်းဖြည်း နှေးလာတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အသက် ၇၀ နှစ်မှ ၈၀ နှစ်ထိဆိုလျှင် ခါးကုန်းလာတတ်ပါသည်။ အသက် ၈၀ နှစ်မှ ၉၀ နှစ်အတွင်း အားလုံးမေ့လျော့လာတတ်ပါသည်။ အသက် ၉၀ နှစ်မှ ၁၀၀ နှစ်အတွင်းဆိုလျှင် မထနိုင်ကြတော့ဘဲ အိပ်ရာထဲလဲသည့်အရွယ် ဖြစ်ပါသည်။ စိတ်ဓာတ်ကလည်း ကျလာပါသည်။ လူကလည်း နေကောင်းသော်လည်း မလှုပ်ရှားနိုင်တော့၍ မသွားရ၊ မလာရတော့ပါ။ ထိုအသက်အရွယ်များသို့ရောက်နေသော မိဘများကို မိမိတို့က ငွေရှာပေးပြီး အခိုင်းအစေများနှင့်သာထား၍ အနားတွင် အချိန်ပေးမနေထိုင်လျှင် မိဘများမှာ အထီးကျန်ဆန်၍ စိတ်မချမ်းမသာဖြစ်တတ်ပါသည်။ ဤအရွယ်များရှိသော မိဘများကို ကျွေးမွေးခြင်း၊ ဆေးဝါးကုသပေးခြင်းထက် အနားတွင် နေနိုင်သမျှ အချိန်ယူနေပေးရန်နှင့် စိတ်ချမ်းသာစေသောစကားများ ပြောဆိုပေးရမည်။ အိပ်ရာထဲလဲရင်း နေရဖို့အချိန် နည်းနည်းပဲ ကျန်ပါတော့သည်။ ထို့ကြောင့် မသေခင်မှာ စိတ်ချမ်းသာအောင်ထားပါ။ ကျွေးမွေးစောင့်ရှောက်ပါ။ အချို့သော ဝတ္ထုရားမကျေပွန်နိုင်ကြသော သားသမီးအမြောက်အများ ရှိပါသည်။ ဝတ္တရားငါးပါးတွင် တစ်ပါးမှ မဖကျေပွန်ဘဲ သေမှငိုနေသော သားသမီးများလည်း ရှိပါသည်။

မိဘထားခဲ့သော အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သော သားသမီးများ ရှိသလို၊ အမွေပစ္စည်းများကို အချည်းနှီးလုပ်ပစ်သော သားသမီးများလည်း ရှိပါသည်။ မိဘအမွေပစ္စည်း၊ အမှတ်တရပစ္စည်းများကို ငါ့မိဘလက်ထက်က ပေးခဲ့တာဆိုပြီး ထိန်းသိမ်းစောင့်ရှောက်ရမှာ မှန်သော်လည်း အချို့ပစ္စည်းများသည် ထိန်းသိမ်းဖို့ မလိုအပ်တာများ ရှိပါသည်။ မိမိက အမြတ်တနိုးသိမ်းဆည်းထားသော်လည်း တရားသဘောအရကြည့်လျှင် မမြဲသောသဘောရှိသည်။ မြဲသောသဘော မရှိပါ။ မြတ်စွာဘုရားရှင်က ...

အနိစ္စ–အမြဲမရှိ၊ ဒုက္ခ–ဆင်းရဲခြင်း၊ အနတ္တ–အစိုးမရ၊ ကိုယ့်အလိုမလိုက်ဟု ဟောထားပါသည်။ ထို့ပြင် ''ပစ္စည်းသခါရ၊ လူသခါရ' ဖြစ်သည်။ ပစ္စည်းဥစ္စာများသည် အကြောင်းအမျိုးမျိုးကြောင့် ကုန်ခန်းသွားတတ်သလို၊ လူကလည်း 'အို၊ နာ၊ သေ'ဟူသော တရားသဘောအရ တစ်နေ့တွင် ပစ္စည်းဥစ္စာများကို စွန့်ခွာရမှာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကာမူ မိမိမအိုခင်၊ မနာခင်၊ မသေခင် မိဘပေးခဲ့သော ဥစ္စာပစ္စည်းများကို အကျိုးရှိစွာဖြင့် အသုံးပြုပေးနိုင်လျှင် မကောင်းပါလား။

မိဘများသည် မိမိတို့ကွယ်လွန်သောအခါ ဘယ်ဘုံဘယ်ဘဝသို့ ရောက်ရှိမည်ကို မသိရပါ၍ သားသမီးများ ကောင်းမှု မိမိတို့ဘဝ စိတ်ချရပါမည်။ လူ့ဘဝအသက်ရှင်စဉ် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြပြီး တရားဘာဝနာ အားထုတ်ခဲ့ ... သော မိဘများမှာ မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိကြ ... ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကော ... အစွဲအလမ်းအမျိုးမျိုးကြောင့်သော်လည်းကောင်း အယူ ... မကျွတ်မလွတ်သော ဘဝများသို့ ရောက်ရှိသွားကြကုန်သော ... မိဘများမှာမူ သားသမီးများမှ အလှူအတန်းများ ပြုလုပ်ပေး ... အမျှပေးဝေမှသာ ကောင်းရာမွန်ရာ ဘဝသို့ ရောက်ရပါမည် ... ထို့ကြောင့် 'လှူမျှဝေ'ဆိုသော ဝတ္တရားအရ အလှူအတန်း ... လုပ်ပေးပြီး အမျှဝေရပါမည်။

မိဘများ မကွယ်လွန်သေးခင်၌သော်လည်းကော ... ကွယ်လွန်ပြီးသောအခါ၌သော်လည်းကောင်း မိမိဂုဏ်သိက္ခာ ... မိဘများဂုဏ်သိက္ခာကိုကြည့်၍ အမျိုးဂုဏ်ကို ထိန်းသိမ်း ... မည်။ 'စောင့်လေမျိုးနွယ်'ဟု ဆိုသော သားသမီးဝတ္တရားတွင် ... တစ်ပါးပါဝင်ပါသည်။ မိဘများမျက်နှာမငယ်စေရန်၊ အမျိုးမျာ ... အလယ်တွင် အောက်မကျစေရန် သတိပြုသင့်ပါသည်။ မိဘမျာ ... သည် သားသမီးကြောင့် မျက်နှာပွင့်ပြီး ဘယ်သားသမီး ... ဆရာဝန်၊ ဘယ်သူက ဘယ်နှတန်းအောင်သည်၊ ဘာရာထူ ... တွေရသည်ကို ဂုဏ်ယူဝင့်ကြွားစွာ ပြောတတ်ပါသည်။ မိဘမျာ ... ပေးသော ပညာအမွေကို ရအောင်မယူဘဲ ပျက်စီးသွားသော ... သားသမီးများသည် သားသမီးဝတ္တရား ပျက်ကွက်ပါသည်။ ထို့ ... ကြောင့် မိဘမျိုးရိုးဂုဏ်သိက္ခာကို ထိခိုက်စေသော လုပ်ရပ်များကို ... မပြုလုပ်မိစေရန် ရှောင်ကြဉ်သင့်ပါသည်။


ထို့ကြောင့် သားသမီးဝတ္တရားများတွင် တစ်ပါးအပါ ... အဝင်ဖြစ်သော 'လှူမျှဝေ'ဆိုသော ဝတ္တရားသည် သားသမီး ... တိုင်း ဆိုးသောသူဖြစ်စေ၊ ကောင်းသောသူဖြစ်စေ မမေ့မလျော့ ... ပြုလုပ်ပေးရမည့် ဝတ္တရားဖြစ်ပါသည်။ မိဘ၏ ပစ္စည်းကို အမှတ် ... တရ အမြဲကြည့်နေပြီး ထိုတန်ဖိုးရှိသောပစ္စည်းအား အကျိုးရှိစွာ ... ထုခွဲရောင်းချပြီး မိမိအသုံးမလိုသော် အကုန်လှူလိုက်ပြီး မိဘများ ... အတွက် ကောင်းမှုကုသိုလ် လုပ်သင့်ပါသည်။ အချို့သားသမီး ... များသည် မိဘများအတွက် အမြဲထာဝရ ကုသိုလ်ရစေရန် ... ကောင်းမွန်သော ဘဝချမ်းသာရရှိစေရန် ဘုရားတည်၊ ကျောင်း ... ဆောက်၊ ဆွမ်းကျွေး စသော အလှူအတန်းများကို ရရှိသော ... ငွေကြေးပမာဏအရ လှူဒါန်းကြပါသည်။ အချို့မှာလည်း ရရှိ ... သော ငွေကြေးအတိုင်းအတာတစ်ခုကို အကျိုးရှိစွာ လှူဒါန်းပြီး ... ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြရာ ထိုသူများ၏ အလှူကို ... အားလုံးကြားကြားသမျှ ''ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါ''ဟု ... တိုက်တွန်းလိုက်ပါသည်။

သမီးဗဂျီအောင်စိုး



www.burmeseclassic.com

www.burmeseclassic.com



# ဘောလုံး၊ ဂေါက်သီး နှင့် လောဘစိတ်

ညွန့်ဟံ(ကြူတော)

စာရေးသူသည် နီးနီးစပ်စပ်ရှိသည့် အားကစား၊ ဝေးကွာလှသည့် အားကစားနည်းစနစ်တွေကို မဆီမဆိုင် တွေးဆမိဖူးသည်။ ကိုယ်တိုင် ဖြစ်ဖြစ်မြောက်မြောက်တော့ မည်သည့်အားကစားဘက်ကိုမျှ မစွမ်းဆောင်နိုင်ခဲ့။ သို့ရာတွင် ဘောလုံးအားကစားကို နှစ်သက်ခဲ့၏။ ကစားဖူး၏။ ယခု အရွယ်ရပြီးသည့်တိုင် လူငယ်များနှင့် ဒူးတင်ပေါင်တင် လက်ဖက်ရည်ဆိုင်ထိုင်ကာ နေ့ညမဟူ ကြည့်ဆဲဖြစ်၏။ ဝေးကွာလွန်းသည့် အားကစားက 'ဂေါက်သီး' ကစားခြင်းဖြစ်၏။ ဓာတ်ပုံ ရုပ်ပုံစာပေများမှအပ ထိတွေ့မိခြင်းမရှိခဲ့။ ဘဝချင်းလည်း ဝေး၊ စည်းစနစ်လည်း ခြားနား၊ တွေးပုံခြင်းလည်း မတူဖြစ်နေသေးသည်။

ဘောလုံးအားကစားနည်းက မိမိဘက်သို့ ဂိုးမဝင်ရေး၊ တစ်ဘက်အသင်းဘက်သို့ ဂိုးများဝင်နိုင်သမျှဝင်အောင် အားထည့်ရုန်းကန်ရသည်။ အပြေးအလွှား အမောလုံလုံဖြင့် အရေအတွက်များအောင် စွမ်းဆောင်ရသည်။ အတော်ပင် လောဘကြီးသော စည်းစနစ်ဟု ဆိုနိုင်သေး၏။

ဂေါက်သီးအားကစားက တစ်မူထူး၏။ ခြားနား၏။ ၁၈ ကျင်း၊ ၃၆ ကျင်း၊ ၇၂ ကျင်းတွေကို ဂေါက်တံအသုံးပြုကာ ဂေါက်သီးကို တွင်းထဲဝင်အောင်ပြုရ၏။ သတ်မှတ်ရိုက်ချက်ထက် လျော့နည်းအောင်ပြုရ၏။ ခပ်မှန်မှန်လျှောက် တွေးတွေးဆဆလုပ်။ အမှန်နည်းအောင် ရိုက်ချက်နည်းအောင် ကြိုးစားရ၏။ အရေအတွက်နည်းလေး ကောင်းလေဖြစ်၏။ လောဘစိတ်ကို ချိုးနှိမ်သကဲ့သို့ဖြစ်၏။ ဘောလုံးနှင့် ဂေါက်သီးပြင်ပ ပုံသဏ္ဌာန်ပိုင်းဖြစ်လေသည်။

ကျွန်တော်က လောဘစိတ်နှင့်ယှဉ်ကြည့်မိ၏။ ဘောလုံးကစားခြင်းက အားကြိုးမာန်တက် လောဘထွက်ရသလောက် ဂေါက်သီးကစားခြင်းက ခပ်မှန်မှန်လျှောက် တွေးတွေးဆဆဖြင့် လောဘနည်းအောင် ကျင့်သုံးရပေသည်။ တူညီသည်က အနိုင်ရလိုခြင်းဖြစ်ရပြန်သည်။

www.burmeseclassic.com

လူ့အဖွဲ့အစည်းတွင် လောဘ၊ ဒေါသ၊ မောဟတရားများ လွှမ်းကဲမှုကြောင့် အကျည်းတန်ကြောင်း တွေ့ရ၏။ ဒေါသနှင့် မောဟစိတ်ကို ချိုးနှိမ်ဖို့ လွယ်ကူသလောက် လောဘနှင့် ပတ်သက်ပါက အတော်မသတ်ဖြစ်ရတတ်သည်။ ချိုးနှိမ်ဖို့ ခက်ခဲလေ့ရှိသည်။ မတတ်သာ၍သာ လူမြင်ကောင်းရုံပြုကြသည်ကို တွေ့ဖူးသည်။

လူတိုင်း လောဘရှိကြပါသည်။ လောဘမရှိဘဲ ဘာမျှ မဖြစ်နိုင်ပါ။ သို့ရာတွင် လွှမ်းကဲမှုမရှိဖို့ လိုပါ၏။ မျှတစိတ်ကို မွေးမြူသင့်၏။ မိမိတစ်ဖို့တည်း မကြည့်သင့်။ နယ်ကျွံ၍ မဖြစ်နိုင်။ နယ်ကျွံသူချင်းတွေ့ပါက မလိုလားအပ်စရာကြုံရမည်မှာ သေချာပေ၏။ အပေါ်ယံရုပ်တိုက် ဆက်ဆံကြသည့်ခေတ်တွင် သာမန်အားဖြင့် နစ်လိုဖွယ်ဖြစ်သလောက် နောက်ကွယ်က လောဘစိတ်တွေ မနာလိုစိတ်တွေ ရှိကြသည်။

လောဘဟုဆိုရာတွင် စီးပွားရေးလောဘ၊ ကျော်ကြားမှုလောဘ၊ အလုပ်လောဘ၊ တပ်မက်မှု မဆုံးသည့် လောဘ၊ သူတစ်ပါးကို နေရာမပေးချင်သည့် လောဘ စုံလင်၏။ ရချင်၏။ တွန့်တို၏။ သူတစ်ပါးဘက်ကို မစဉ်းစားအား။ စာနာစိတ် ချို့တဲ့၏။ ဘယ်သူသေသေ ငတေမာလျှင် ပြီးရောစိတ် ထား၏။ သူတို့သည် မတတ်မသိ၍ မဟုတ်။ သိကြတတ်ကြသည်။ ထိုအခါ ပညာသားပါမှုတွေရှိ၏။ အမြင်တင့်တယ်ပါ၏။ နောက်ကွယ်က စိတ်ထားတွေက နောက်မှ ဘွားခနဲ ပေါ်လာကြပေသည်။ မိမိ၏ ကာယ ဉာဏ ဝီရိယ စွမ်းပကားဖြင့်သာ ရအပ်သော ဆန္ဒ၊ လောဘက လိုလားစရာ ဖြစ်ပေသည်။ အမုန်းတရားမရှိနိုင်။ လူရှိသေ ရှင်ရှိသေဖြစ်၏။ ယခုခေတ်တွင် 'င' ငါးလုံးကို ပြောလေ့ရှိ၏။ လက်တွေ့ကျင့်သုံးပါက ချမ်းမြေ့သာယာဖြစ်မှုမဆုံးပါ။

သည်တော့ ဘောလုံးကစားနည်းကို ကျင့်သုံးမလား။ ဂေါက်သီးကစားနည်းကို စိတ်ထားရှင်သန်မလားဆိုသည့်ကိစ္စအတွက် တစ်ဦးချင်း၌ အဖြေရှိရပေမည်။ ယခုခေတ်ကား တိုးတက်လိုစိတ်တွေ များလွန်း၍လား မသိပါ။ လောဘတွေ ယှဉ်တွဲနေပေ၏။ စာရေးသူ၏ မြေးမလေး နန်းချယ်ရီ ဆိုလျှင် လေးနှစ်သမီးမျှသာရှိသေး၏။ ယခု မူကြိုတက်နေရသည်။ နောက်တော့ ကျောင်းတက်ရမည်။ ကျူရှင်ယူရမည်။ Guide တွေနှင့် ချာချာလည်ရမည်။ စာတွေနှင့် လုံးချာလည်တော့မည်။ လူတစ်ဦး၏ လိုအပ်ချက်ဖြစ်သော လွတ်လပ်ပျော်ရွှင်မှုကိစ္စကို ထည့်သွင်းစဉ်းစားသင့်၏။ ပညာလောဘသည် ကောင်းပါ၏။ အစွန်းရောက်လွန်းလျှင် ကျန်းမာရေးထိခိုက်နိုင်ပါသည်။ တစ်ခုခုကို ရဖို့ အခြားတစ်ခုခုကို စွန့်လွှတ်ရတတ်ပါသည်။ အမြဲတမ်း အရချည်း မဖြစ်နိုင်ပါ။ အရှုံးကို ရင်ဆိုင်နိုင်ရပါမည်။ မျှတဒါက ခံစားချက်သက်သာပါမည်။

လောဘစိတ်ကြောင့် ထိခိုက်ရသည်က များပါ၏။ သင်ခန်းစာတွေ၊ သာဓကတွေ တစ်ထမ်းတစ်ပိုးကြီးဖြစ်ကြောင်း ရေးဖွဲ့ကြပြီး ဖြစ်ပါ၏။ ပုံမှန်ထက် လောဘနည်းသူတို့ကို တွေ့ဖူးပါ၏။ သူတို့ ဆင်းရဲနေကြသော်လည်း စိတ်ချမ်းသာကြသည်။ မဆုံးနိုင်သော လောဘ၊ တောင့်တစိတ်တွေကြောင့် တစ်ခုပြီးတစ်ခု အလျှဉ်မပြတ်နိုင်။ လောကီရေးဖြင့် ရှုပ်ထွေးကာ ဘာသာသာသနာဘက်သို့ ဦးမလှည့်သူတို့ အများအပြား တွေ့ဖူးပေ၏။

အချို့က အံ့ဩစရာကောင်း၏။ မိမိကိုယ်တိုင် လောဘတက်ကာ လိုချင်တာရအောင်ယူပြီးပါလျက် သူတစ်ပါး ခံစားခွင့်မရအောင် တားဆီးခြင်းဖြစ်၏။ သခါရနယ်ပယ်၏ အစိုးမရနိုင်သည့်အရေးအရာမှန်သမျှသည် ပျက်စီးခြင်းဖြင့်သာ နိဂုံးချုပ်မည်ကို သတိမထားနိုင်အောင် ရှိရ၏။ အချို့က အလုပ်လောဘကြီး၏ လုပ်ငန်းခွင်တွင် မိမိတစ်ဦးတည်းလုပ်၏။ တတ်သလောက်လုပ်၏။ အောက်ခြေနှင့်ဘဝတူ လုပ်ဖော်ကိုင်ဖက်များကို အသိမပေး။ လျှို့ဝှက်ချက်တွေက များလှ၏။ ဌာနလုပ်ငန်းတွင် မိမိမရှိလျှင် မဖြစ်ဆိုသည့်သဘော သက်ရောက်စေ၏။ အခြားသူများ၏ အရည်အချင်းကို ဖုံးကွယ်ထား၏။ အရည်အချင်းပြခွင့်မရအောင် ချိုးနှိမ်ထား၏။ သူ့အတွက် ကောင်းနိုင်ပါ၏။ နာမည်ရနိုင်ပါ၏။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ထိုသူမရှိလျှင် လုပ်ငန်းပျက်နိုင်ပါသည်။ တစ်ပို့တည်းသာရှိသော လုပ်ငန်းလောဘစိတ်သည် ငွေကြေးဓနဥစ္စာပစ္စည်းနှင့်မဆိုင်သော်လည်း ကြောက်စရာ ကောင်းလှ၏။

တစ်ခါက စာပေလုပ်ငန်းအတွက် စုဆောင်းပြုစုရသည့် လုပ်ငန်းကြီးတွင် ပါဝင်ရ၏။ ဦးဆောင်သူက နိုင်ငံ၌ ကျော်ကြားသူ ဖြစ်၏။ ကြိုးပမ်းချက်တွေ ပေါ်လွင်စေချင်၏။ သည်တော့ နောက်လူတွေ လုပ်စရာမရှိအောင် လုပ်ခဲ့ရမည်ဟု လမ်းညွှန်၏။ သာမန်အားဖြင့် စေတနာကောင်းသည်ဟု ဆိုနိုင်ပေသည်။ လက်တွေ့တွင် မည်သို့ဖြစ်နိုင်ပါမည်နည်း။ မဆုံးနိုင်သော စာပေပင်လယ်ကြီးဝယ် ကူးခတ်မကုန်နိုင်ပါ။ စာပေလောဘဟူ၍ ဆိုချင်၏။ မြင်မြင်သမျှ ဖျောက်ဆိပ်ကြယ်တွေချည်းဟုပင် ဆိုသင့်၏။

ကျွန်တော်၏ မူလအရင်းခံ သဘောကို တင်ပြချင်ပါ၏။ လောဘစိတ်ကို လူတိုင်းထားခွင့် ရှိပါ၏။ သို့သော် သူ့ဘက်ကိုယ့်ဘက် မျှတမှုကို အခြေခံသင့်၏။ စွန့်စွန့်စားစား ကြမ်းကြမ်းတမ်းတမ်း တွေးတွေးဆဆဖြင့် ရိုက်ချက်နည်းအောင် လိုချင်သည့်ဆန္ဒ ပြည့်ဝအောင် ကျင့်သုံးမလားဆိုသည့်ကိစ္စက တစ်ဦးချင်း၏ သဘောထားပင် ဖြစ်ပေသည်။

ညွှန့်ဟံ (ကျူငေဘ)



www.burmeseclassic.com

www.burmeseclassic.com



# လူသားရဲ့ ခြောက်လှန့်မှုခံရတဲ့ ပြိတ္တာ

■ ထွန်းလှ

လူသားများသိကြတဲ့ တစ္ဆေ သရဲ၊ မှင်စာ၊ သဘက်၊ ဘုတ်၊ ကျတ်၊ ဥစ္စာစောင့်၊ ရုက္ခစိုးတွေသည် ပြိတ္တာမျိုးနွယ်တွေ ဖြစ်ပါသည်။ ၎င်းတို့သည် လူ့ပတ်ဝန်းကျင် သစ်ပင်၊ ချုံနွယ်၊ ဂူ သချိုင်း၊ အဆောက်အဦပျက်များတွင် နေထိုင်ကြသည့် သတ္တဝါမျိုးဖြစ်တယ်ဆိုတာ ဘုရားရှင်လက်ထက်တော်ကတည်းက ဟောကြားထားခဲ့တယ်။ ပြိတ္တာအမျိုးမျိုးရှိသလို သူတို့ ပြုခဲ့တဲ့ ကုသိုလ်ကံကြောင့် အဆင့်အတန်း၊ အနိမ့်အမြင့် ကွာခြားကြပါတယ်။

ယနေ့ခေတ်တွင် ယုံကြည်တဲ့သူရှိသလို မယုံကြည် လက်မခံတဲ့သူများလည်း ရှိပါတယ်။ ဒါပေမဲ့ စာရေးသူကတော့ ယုံကြည်လက်ခံပါတယ်။ ဘာကြောင့်ယုံကြည်လက်ခံရ သလဲဆိုရင် စာရေးသူ ကိုယ်တွေ့တွေ့ကြောင့်ပါ။ ဒါ့အပြင် တစ္ဆေသရဲ မကျွတ်မလွတ်သော ပြိတ္တာများနှင့် တွေ့မြင်ခဲ့ရတဲ့ ဆွေမျိုးရင်းချာများနှင့် မိတ်ဆွေ [illegible] မျက်မြင် ကိုယ်တွေ့တွေ့ကြောင့်လည်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ယခုဖြစ်ရပ်ကတော့ တစ္ဆေကိုလှန့်ထုတ်လိုက်တဲ့ ကိုယ်တွေ့ဖြစ်ရပ်ပါ။ ဒီဖြစ်ရပ် မတင်ပြခင် တစ္ဆေခြောက်ခြင်း အကြောင်းအရင်းများ တင်ပြချင်ပါတယ်။ တစ္ဆေရဲ့အဓိပ္ပာယ်ကတော့ ခြောက်လှန့်အောင်ပြုခြင်းလို့ အနက်ရတဲ့ 'တဇ္ဇေဘိ' မှ ဆင်းသက်လာတာလို့ စာပေတွေထဲမှာ ဖတ်ဖူးပါတယ်။ တစ္ဆေခြောက်ရာ၌ ကိုယ်ထင်ပြခြင်း၊ အနံ့ပေးခြင်း၊ ပူးဝင်ခြင်းတို့ဖြင့် လူသားများကို လာရောက်ဆက်သွယ်ကြခြင်း ဖြစ်ပါတယ်၊ ဖော်ပြပါ နည်းတစ်မျိုးမျိုးဖြင့် လူသားတစ်ဦးသည် တွေ့ကြုံရလျှင် လူသား၏ စိတ်ထဲတွင် တစ္ဆေသရဲခြောက်တယ်လို့ သိကြတာပါ။ မကျွတ်မလွတ်သေးသည့် ပြိတ္တာများသည် ၎င်းတို့၏ လိုအပ်ချက်နှင့် ဆန္ဒကို ပြောပြလို၍လည်းကောင်း၊ အကူအညီတောင်းလို၍လည်းကောင်း လူသားထံ လာရောက်ဆက်သွယ်ခြင်း ဖြစ်တယ်လို့ ဆရာတော်ကြီးများ၏ မိန့်ကြားချက်အရသိရပါတယ်။

ထိုကဲ့သို့ လာရောက်ဆက်သွယ်ခံရသည့် လူသားသည် ကံနိမ့်နေလျှင် တစ္ဆေသရဲကို မြင်နိုင်သည်။ ၎င်းတို့သည် ဖန်ဆင်းနိုင်စွမ်းမရှိသဖြင့် နဂိုအတိုင်း မြင်ရသောကြောင့် လူသားသည် ရုတ်တရက် လန့်ခြင်းဖြစ်သည်။ စာရေးသူက တစ္ဆေသရဲတွေရှိတယ်ဆိုတာကို ယုံကြည်လက်ခံပါတယ်။ ကိုယ်တိုင်တွေ့မြင်ဖူးလို့ လက်ခံတာလားလို့ မေးလျှင် ရုပ်သဏ္ဌာန်ကိုတော့ မမြင်ဖူးပါဘူး။ ဒါပေမဲ့ ပြိတ္တာတစ်ကောင် မိမိအိမ်နားကနေ ဖြတ်သွားတဲ့ အထောက်အထားတွေကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရလို့ ယုံကြည်လက်ခံတာပါ။

လူသားများသည် တစ္ဆေသရဲ အခြောက်ခံရမှာကို ကြောက်သလို၊ တစ္ဆေသရဲကလည်း လူသားများကို ကြောက်တဲ့သဘောရှိပါတယ်။ ဘာကြောင့်လဲဆိုရင် ယခုတင်ပြမည့် တစ္ဆေသရဲကို လူသားက ခြောက်လှန့်လွှတ်လိုက်တဲ့ ဖြစ်ရပ်ကြောင့် ဖြစ်ပါတယ်၊ ဒီအဖြစ်အပျက်ဖြစ်တဲ့နေရာကတော့ စာရေးသူရဲ့ဇာတိ ရွှေတောင်မြို့မှာပါ။ အချိန်ကာလကတော့ ၁၉၅၀ ပြည့်နှစ်လောက်က ဖြစ်ပါတယ်။ တိုင်းပြည်က မအေးချမ်းသေးပါဘူး၊ ရောင်စုံသူပုန်တွေ အားကောင်းဆဲကာလ ဖြစ်ပါတယ်။ ရွှေတောင်မြို့မှာလည်း အေးအေးချမ်းချမ်း မရှိပါဘူး။ ဒီလိုမအေးချမ်းရတဲ့အထဲ ရောဂါတွေကလည်း ထူပြောသေးတယ်။ နွေမှာ ကျောက်ရောဂါ၊ မိုးမှာ ဝမ်းရောဂါ၊ ဆောင်းမှာ ပလိပ်ရောဂါတွေနှင့် တစ်နှစ်ပတ်လုံးလိုလို ဒီရောဂါတွေက မြို့လူထုကို ခြိမ်းခြောက်ဒုက္ခပေးနေတယ်။ ဆရာဝန်လည်း မရှိပါဘူး၊ ဆေးရုံကလည်း ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးမှန်လို့ သုံးမရပါဘူး။ နောက်မှ ပုတီးကုန်းသား ဆရာဝန်ကြီး ဦးဘိုးသာရောက်လာလို့ ဆရာဝန်ရှိလာတာပါ။ ဆေးရုံမရှိလို့ မြို့လယ်က လယ်တီပိဋကတ်တိုက်ကို ဆေးရုံအဖြစ် ယာယီအသုံးပြုရတယ်။

ဒီရောဂါတွေကြောင့် မြို့နေလူထုတော်တော်များများ သေကျေပျက်စီးကြရတယ်။ သေကျေပျက်စီးကြရတဲ့ လူများထဲမှာ မောင်ခန့်လည်း ဖော်ပြပါ ရောဂါတစ်မျိုးမျိုးဖြင့် အနိစ္စရောက်သွားတယ်။ ၎င်းအနိစ္စရောက်စဉ်က အသက်သုံးဆယ်ကျော်လောက်ပဲ ရှိသေးတယ်။ လူမမည်သားသမီးနှစ်ဦးနှင့် ဇနီးသည် ကျန်ရစ်ခဲ့တယ်။ သူ့မိသားစုကို စိတ်မချဘူးထင်ပါတယ်၊ မောင်ခန့်သည် မကျွတ်မလွတ်ဖြစ်ပြီး ၎င်းတို့အိမ်နောက်ဘက် ခြံစည်းရိုးမှာ ပေါက်နေသည့် ကုက္ကိုပင်ကြီးမှာ တစ္ဆေဖြစ်နေတယ်။

တစ္ဆေမောင်ခန့်သည် ညစဉ် အစာထွက်ရှာစားရတယ်၊ ၎င်းအစာရှာထွက်တဲ့နေရာကတော့ ရွှေတောင်မြို့လယ်ကောင်ရှိ 'ဆယ်နာရီဈေး' ဆိုတဲ့ ညဈေးပါ။ ညဆယ်နာရီအထိဖွင့်လို့ ဆယ်နာရီဈေးလို့ မှည့်ထားတာပါ။ ရွှေတောင်မြို့ရှိ ဈေးများအကြောင်း ပြောပြပါဦးမယ်။ ဟိုခေတ်အခါ မြူနီစီပယ်ဈေးနှစ်ဈေးနှင့် ညဈေးတစ်ဈေး ရှိပါတယ်။

ရွှေတောင်မြို့ကို 'ကုလားချောင်း' လို့ အမည်ပေးထားတဲ့ ချောင်းတစ်ချောင်းက အရှေ့ဘက်မှ အနောက်သို့ မြို့အလယ်တည့်တည့်မှ ဖြတ်စီးသွားလို့ မြို့တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းဆိုတာ ဖြစ်လာရပါတယ်။ မြို့တောင်ဘက်ခြမ်းမှာ ဈေးတွေရှိသည့်အပြင် သဘော်ဆိပ်၊ ကားဂိတ်များလည်း မြို့တောင်ဘက်ခြမ်းမှာရှိနေလို့ ထိုအချိန်က စည်စည်ကားကားရှိတယ်၊ လူအများသိကြတဲ့ ရွှေမျက်မှန်ဘုရားလည်း တောင်ဘက်ခြမ်းမှာ ရှိပါတယ်။

ဆယ်နာရီဈေးကို ညဈေးလို့ ခေါ်ပေမဲ့ အမြဲတမ်းဖွင့်တဲ့ စတိုးဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ တရုတ်စားသောက်ဆိုင်များကတော့ တစ်နေ့လုံးဖွင့်ပါတယ်။ ယာယီရောင်းတဲ့ စားသောက်ဆိုင်များကတော့ နံနက်စောစောအတွက် နံနက်ခြောက်နာရီမှ ကိုးနာရီထိ တစ်ကြိမ်၊ ညနေလေးနာရီမှ ညဆယ်နာရီအထိတစ်ကြိမ် ဖွင့်ပြီး ရောင်းပါတယ်။ ၎င်းဈေးသည် ညဆယ်နာရီအထိလည်း ဖွင့်တယ်၊ စွန့်ပစ်အစားအသောက်များလည်း ပေါများတဲ့နေရာ ဖြစ်နေလို့ တစ္ဆေသရဲများအတွက် ညစာလွယ်ကူစွာ ရရှိနိုင်တဲ့နေရာ ဖြစ်နေပါတယ်။ ဒါကြောင့်လည်း မောင်ခန့်သည် ညတိုင်း ၎င်းတို့နေသော ကုက္ကိုပင်ကနေ ဆယ်နာရီဈေးသို့ အစာရှာထွက်ပါတယ်။ တစ္ဆေမောင်ခန့်သည် ဘယ်အချိန်ထွက်ပြီး ဘယ်လမ်းကနေ ဆယ်နာရီဈေးသို့ အစာရှာထွက်တာကိုတော့ မသိပါဘူး။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

ညဆယ်နာရီထိုး ညဈေးပိတ်တာနဲ့ ပြန်လာတာကိုတော့ သိပါတယ်။

စာရေးသူတို့ နေထိုင်တဲ့လမ်းကတော့ 'မင်းရပ်တန်း' လို့ခေါ်ပါတယ်။ ရှေးယခင်က လမ်းတွေကို တန်းလို့ ခေါ်ပါတယ်။ ယနေ့အထိ ရွှေတောင်မြို့မှာ ခေါ်ဆဲဖြစ်ပါတယ်။ တောင်နှင့် မြောက်ဝန်းနေတဲ့လမ်းပါ။ မြောက်ဘက် လမ်းအဆုံးသည် ဆယ်နာရီဈေး၏ အနောက်ဘက်ထိပ် ဖြစ်ပါတယ်။ လမ်းဆုံလမ်းထိပ်မှာ ဦးဘိုးကွန်းရဲ့ ကွမ်းယာဆိုင်နှင့် အအေးဆိုင်ရှိပါတယ်။ ၎င်းအိမ်၏ တောင်ဘက်အိမ်သည် 'စိန်သုံးလုံး' ဆေးလိပ်ခုံ၊ ၎င်းဆေးလိပ်ခုံ၏ ခေါင်းရင်းအိမ်သည် စာရေးသူတို့မိသားစုနေထိုင်သောအိမ် ဖြစ်ပါတယ်၊ တစ်ထပ်ခြေတံရှည်အိမ်ပါ။ ခေါင်းရင်းဘက်မှာ လူမနေသည့် ခြံလွတ်ကြီးတစ်ခြံ ရှိပါတယ်။ လူမနေပေမဲ့ ဘီလိယက်ခုံဖွင့်ထားတဲ့ တဲတစ်လုံး ရှိပါတယ်။ ခြံထဲမှာ သစ်ပင်အိုကြီးတွေ ရှိပါတယ်။ ဒီခြံကြီးရဲ့ နောက်ကျောချင်းကပ်နေတဲ့ ခြံကတော့ မောင်ခန့်တို့ခြံပါ။ ၎င်းခြံရဲ့ ထောင့်က ကုက္ကိုပင်ကြီးမှာ တစ္ဆေ မောင်ခန့်နေပါတယ်။ တစ္ဆေမောင်ခန့်သည် ဆယ်နာရီဈေးတွင် ညဆယ်နာရီဈေးသိမ်းတာနဲ့ ပြန်လာတယ်။ ပြန်လာတဲ့ အခါမှာလည်း ၎င်းသည် မင်းရပ်တန်းကနေ ဝင်လာပြီး ဆေးလိပ်ခုံခြံဝန်းမှတစ်ဆင့် ဝင်လာတယ်။ နောက် စာရေးသူရဲ့ အိမ်တံစက်မြိတ်နားကပ်ပြီး နောက်ဘက်ခြံစည်းရိုးနားအထိ သွားတယ်။ ခြံစည်းရိုးဆုံးမှ ခေါင်းရင်းက ခြံလွတ်ကြီးထဲကို ဝင်ပြီး ၎င်းအိမ်နောက်ဘက်ရှိ ကုက္ကိုပင်ကြီးဆီသို့ သွားတယ်။ ဒါကလည်း မောင်ခန့်သေပြီး ခုနစ်ရက်လောက်ကတည်းက ဒီလမ်းအတိုင်း သွားနေတာဖြစ်တယ်။ ဒါကြောင့်လည်း အိမ်နားကဖြတ်သွားတဲ့ ပြိတ္တာကို မောင်ခန့်ပဲဖြစ်ရမယ်လို့ ပြောနိုင်

*ညရောက်တဲ့အခါ ကြီးဒေါ်ကြီးသည် နှစ်ဆယ့်လေးပစ္စည်း ပဌာန်းဖြင့် အိမ်ကိုစည်းချတယ်။ အစီအစဉ်အတိုင်း လုပ်နိုင်ရန်အတွက် တစ္ဆေအလာကို မိသားစုသုံးဦး အဆင်သင့် စောင့်နေကြတယ်။ ကြီးဒေါ်ကြီးနှင့် စာရေးသူက အပေါက်ကနေ ချောင်းကြည့်နေပြီး အမေက သံပုံးရဲ့ ကြိုးတစ်ဖက်ကို အဆင်သင့်ကိုင်ထားတယ်။*

တာပါ။ စာရေးသူတို့ သတိထားမိတာကတော့ သိပ်မကြာသေးပါဘူး။ ညစဉ်အချိန်မှန်မှန် အိမ်နားကနေကပ်ပြီး အူသွားတဲ့ ထူးခြားတဲ့ ခွေးအူသံတွေကြောင့် သတိထားမိတာပါ။ နောက်နေ့ည ခွေးအူသံကြားတာနဲ့ အိမ်အပေါ်ထပ် အပေါက်ကနေ အမေနှင့် ကြီးဒေါ်ကြီးတို့ ချောင်းကြည့်ကြတယ်။ စာရေးသူ ထိုအချိန်က ဆယ်နှစ်သားလောက်ပဲ ရှိသေးတယ်။ လူကြီးတွေတားနေတဲ့ကြားကနေ ချောင်းကြည့်လိုက်တယ်။ လဆန်းရက်ဖြစ်လို့ အလင်းရောင်ရှိနေပါတယ်။ သဲသဲကွဲကွဲ မမြင်ရသော်လည်း အနီးအနားတစ်ဝိုက်မှာတော့ မြင်သာထင်သာရှိပါတယ်။ လမ်းထိပ်အိမ်က ခွေးအူပြီးတာနဲ့ ဆေးလိပ်ခုံတံခါးဝမှာအိပ်နေတဲ့ ခွေးနှစ်ကောင်သည် စအူပါတော့တယ်။ ဒီခွေးနှစ်ကောင်သည် ခေါင်းလေးတွေမော့၊ အမြီးတွေကုပ်ပြီး ပြုံင်တူဆွဲဆွဲငင်ငင် အူလာတာ စာရေးသူတို့ ခြံအတွင်း တံစက်မြိတ်နားအထိ ကပ်လာတယ်။

စာရေးသူလည်း မကြည့်ရဲကြည့်ရဲနှင့် အပေါက်ကနေ ချောင်းကြည့်နေတာ ခွေးနှစ်ကောင်သည် ရှေ့မှအရာတစ်ခုခုကို နောက်ကနေလိုက်ပြီး အူလာတဲ့ပုံပါ။ ခွေးကတော့ တစ်စုံတစ်ခုကို မြင်လို့ဖြစ်မှာပါ။ စာရေးသူကတော့ ခွေးနှစ်ကောင် အူလာသည်ကလွဲပြီး ဘာမှမမြင်တွေ့ရပါဘူး။ ခွေးနှစ်ကောင်သည် တံစက်မြိတ်နားကပ်ပြီး နောက်ဘက်ခြံစည်းရိုးအထိ ခါတိုင်းလို နောက်ကလိုက်ပြီး အူသွားတာ မြင်လိုက်ရတယ်။ စာရေးသူတို့အိမ်မှာ အဖေကလည်း ခရီးထွက်နေတယ်၊ အမေရယ်၊ ကြီးဒေါ်ကြီးရယ်၊ သားသမီးလေးဦးသာ ကျန်ခဲ့တယ်။ သားသမီးတွေကလည်း ငယ်ပါသေးတယ်။ တစ္ဆေအိမ်နားကနေဖြတ်သွားပြီး ကလေးတွေကို လှန့်လိုက်မှာ အမေက စိတ်ပူတယ်။ တစ္ဆေအိမ်နားကပ်ပြီး မသွားစေချင်ဘူး။ ဒါကြောင့် ကြီးဒေါ်ကြီးနှင့် တိုင်ပင်တယ်။ ကြီးဒေါ်ကြီးက ...

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်က တို့မြို့ ရောဂါကထူပြောပြီး အသေအပျောက်တွေ များတာ ကြုံဖူးတယ်။ ဒါ့အပြင် သာသနာပိုင်က ဘီလူးသုံးကောင် မြို့ကိုကိုဝင်လာပြီး လူတွေကို လိုက်ဖမ်းနေတယ်လို့ အိပ်မက်ရတယ်။ ဒီလိုအဖြစ်အပျက်မျိုးဟာ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ဝေသာလီပြည်မှာ ဖြစ်ဖူးတယ်လို့ ဆရာတော်က မိန့်ကြားတယ်။ ဝေသာလီမှာ ရောဂါတွေထူပြောပြီး ဘီလူးတွေဖမ်းစားတာခံရလို့ လူတွေသေကျေပျက်စီးကြရတယ်။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင် ကြွတော်မူပြီး အရှင်အာနန္ဒာကို ရတနသုတ်ပရိတ် သင်ပေးပြီး' ရွတ်ဖတ်စေခိုင်းလိုက်တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com

ဘေးဆိုးကြီးကနေ လွတ်မြောက်ချမ်းသာခဲ့ရတယ်။ ဒါကြောင့် ဆရာတော်က ရပ်ကွက်တိုင်းမှာ ရတနာသုတ်ပရိတ်ရွတ်ရတယ်။ ပရိတ်ရေ အိမ်မှာဆောင်ထားရတယ်၊ ပရိတ်ကြိုးတွေ အိမ်မှာချည်ထားရတယ်။ လူတွေကလည်း ပရိတ်ကြိုးတွေ လည်ပင်းမှာ ချည်ထားရတယ်။ ပရိတ်ရွတ်ပြီး ညခြောက်နာရီထိုးတာနှင့် ခြိစည်းရိုးတံခါးကနေ ထွက်ပြီး ပရိတ်ကျောက်ခဲများနှင့် ပစ်ပေါက်ပြီး ဆန်ကောတွေကို တစ်မြို့လုံးပြိုင်တူ ယောင်းမနှင့်တီးပြီး ဘီလူးတွေကို ခြောက်လှန့်လွှတ်ကြတဲ့အဖြစ် ကြုံခဲ့ဖူးတယ်။ ဒါကြောင့်လည်း ဒီတစ္ဆေကိုလည်း အိမ်နားကပ်မလာရဲအောင် ခြောက်လှန့်ရမယ်''

လို့ စီစဉ်ကြတယ်။ ဒါကြောင့် အမေနှင့် ကြီးဒေါ်ကြီးသည် ကလေးတွေကို ပရိတ်ကြိုးချည်ပေးတယ်။ အိမ်မှာလည်း ပရိတ်ကြိုးတွေ ချည်ထားလိုက်တယ်၊ ဒ့ါအပြင် လေးထောင့်သံပုံးတစ်ပုံးထဲမှာ ပရိတ်ကျောက်ခဲများနှင့် အခြားအသံမြည်သည့် ပစ္စည်းများထည့်တယ်။ ပရိတ်ရေလောင်းထည့်တယ်။ ပုံးကိုကြိုးချည်ပြီး တစ္ဆေဖြတ်သွားသည့် အိမ်တံစက်မြိတ်နားကပ်ပြီး ချထားတယ်။ သံပုံးကို ကြိုးချည်ပြီး ကြိုးတစ်ဖျက်က အိမ်ပေါ်ကနေတစ်ဆင့် ဆွဲနိုင်အောင် စီစဉ်ထားတယ်။

ညရောက်တဲ့အခါ ကြီးဒေါ်ကြီးသည် နှစ်ဆယ့်လေးပစ္စည်းပဌာန်းဖြင့် အိမ်ကိုစည်းချတယ်။ အစီအစဉ်အတိုင်း လုပ်နိုင်ရန်အတွက် တစ္ဆေအလာကို မီသားစုသုံးဦး အဆင်သင့်စောင့်နေကြတယ်။ ကြီးဒေါ်ကြီးနှင့် စာရေးသူက အပေါက်ကနေ ချောင်းကြည့်နေပြီး အမေက သံပုံးရဲ့ ကြိုးတစ်ဖက်ကို အဆင်သင့်ကိုင်ထားတယ်။

ညဆယ်နာရီကျော်တာနဲ့ လမ်းထိပ်အိမ်က ခွေးကြီးသည် ကျယ်ကျယ်လောင်လောင် အူလိုက်တယ်။ နောက် ဆေးလိပ်ခုံရှေ့ရှိ ခွေးနှစ်ကောင်က စပြီးအူပါတော့တယ်။ ခွေးနှစ်ကောင်သည် အမြီးလေးတွေကုပ်၊ ခေါင်းလေးတွေမော့ပြီး ဆွဲဆွဲငင်ငင် အူလာလိုက်တာ စာရေးသူတို့အိမ် တံစက်မြိတ်နားရောက်လာတယ်။ စာရေးသူတို့ ချထားသည့် သံပုံးအနီး တစ္ဆေဖြတ်အရောက်နှင့်မှန်းပြီး ကြီးဒေါ်ကြီးက အချက်ပေးလိုက်တယ်၊ သံပုံးကြိုးကိုင်ထားသည့် အမေသည် ကြိုးကို လေးငါးခါလောက် အပေါ်ဆွဲတင်လိုက်၊ အောက်သို့လွှတ်ချလိုက်နှင့် ပြုလုပ်လိုက်တယ်။ ညဆယ်နာရီကျော်ပြီဖြစ်လို့ ပတ်ဝန်းကျင်က တိတ်ဆိတ်နေတယ်။ သံပုံးလွတ်ကျသည့်အသံက ကျယ်ကျယ်လောင်လောင် မြည်သွားပြီး သံပုံးထဲရှိ ပရိတ်ကျောက်ခဲများ၊ ပရိတ်ရေများသည် ပုံး၏ပတ်ဝန်းကျင်သို့ စင်ထွက်ကုန်သည်။ ရုတ်တရက်အသံတွေကြောင့် ခွေးနှစ်ကောင်သည် ဆက်မအူတော့ဘဲ တကိန်ကိန်နှင့် လန့်ပြီး မိမိနေရာသို့ ထွက်ပြေးသွားတာ မြင်လိုက်ရတယ်၊ တစ္ဆေလည်း ဒီအသံတွေကြောင့် လန့်ပြီးပြေးသလားဆိုတာတော့ နောက်နေ့မှပဲ စောင့်ကြည့်ရပါတော့မယ်။

နောက်တစ်နေ့မှာ စာရေးသူတို့သုံးဦးသည် အစီအစဉ်တစ်မျိုးပြောင်းပြီး စောင့်နေကြပါတယ်။ ယခင်အစီအစဉ်အတိုင်း ပုံးနှင့် ကြိုးဆွဲထားတဲ့အပြင် ကြီးတော်ကြီးက တစ္ဆေ တံစက်မြိတ်နား ကပ်လာတာနှင့် အိမ်ပေါ်ထပ်ကနေ ပရိတ်ရေ ပရိတ်ကျောက်ခဲများနှင့် ပစ်ပေါက်လှန့်ရန် အစီအစဉ်တွေတိုးပြီး စောင့်နေကြတယ်။

ညဆယ်နာရီကျော်တာနဲ့ လမ်းထိပ်အိမ်က ခွေးကြီး စအူသံကြားရပါတယ်။ စာရေးသူတို့သုံးဦးလည်း တစ္ဆေလာပြီဆိုတာ သိလိုက်ပါတယ်၊ ဒါကြောင့် အစီအစဉ်အတိုင်း လုပ်ဆောင်ရန် အဆင်သင့်ပြင်ထားပါတယ်။ မကြာခင်မှာပဲ ဆေးလိပ်ခုံရှေ့က ခွေးနှစ်ကောင်သည် လမ်းထိပ်အိမ်က ခွေးကြီးရဲ့ တာဝန်ကို လွှဲပြောင်းယူလိုက်ကြတယ်။ ဒီနေ့ ခွေးနှစ်ကောင်သည် စာရေးသူတို့ အိမ်ဘက်သို့ အူပြီးမလာတော့ပါဘူး။ ဆေးလိပ်ခုံ၏ ခြေရင်းဘက်သို့ ပြိုင်တူအူပြီး သွားကြတာ မြင်လိုက်ရတယ်။ ခွေးနှစ်ကောင်သည် ဆေးလိပ်ခုံခြေရင်းရှိ သနပ်ဖက်ကိုဒေါင်နားမှ နောက်ဘက်ခြံစည်းရိုးအထိ အူသွားတယ်။ ပြီးတော့ စာရေးသူတို့ ခြံစည်းရိုးဘက်သို့ ဖြတ်ဝင်ပြီး ခေါင်းရင်းခြံလွတ်ကြီးမှတစ်ဆင့် ငှင်းသွားနေကျ ကုက္ကိုပင်ဆီသို့ လမ်းကြောင်းပြောင်းသွားတာ မြင်ရတယ်။ ဒါကြောင့် အမေနှင့် ကြီးတော်ကြီးတို့ရဲ့ အစီအမံ အောင်မြင်သွားပါတယ်။ နောက်နေ့တွေလည်း စာရေးသူရဲ့ အိမ်နားက ကပ်မသွားတော့ပါဘူး။ လမ်းကြောင်းပြောင်းသွားတဲ့အတိုင်း ဆက်သွားပါတော့တယ်။ အမေနှင့် ကြီးတော်ကြီးတို့လည်း စိတ်အေးသွားကြတယ်။ သိပ်လည်း ဂရုမစိုက်မိတော့ဘူး။ တစ္ဆေ ဘယ်အချိန်၊ ဘယ်ကာလအထိ ဖြတ်သွားဖြတ်လာ လုပ်နေတယ်ဆိုတာလည်း အမှတ်မထားမိတော့ပါဘူး။

စာရေးသူအနေနှင့် တစ္ဆေသရဲများကို ရုပ်ဝတ္ထုအရ မမြင်ဖူးသော်လည်း တစ္ဆေသရဲ တကယ်ရှိပြီး အိမ်နားကနေ တစ္ဆေဖြတ်သွားတာကိုတော့ စိတ်နှင့်ခံစားလိုက်ရတဲ့ တကယ်ဖြစ်ရပ်ပါ။ လူသားတွေက တစ္ဆေအခြောက်ခံရတာကို ကြောက်သလို၊ လူသားများရဲ့ ခြောက်လှန့်မှုခံရလျှင်လည်း တစ္ဆေက ကြောက်လန့်တတ်တယ်ဆိုတဲ့ ကိုယ်တွေ့လေးပါ

ထွန်းလှ

www.burmeseclassic.com



# ဒေဝဓမ္မဆိုသည်မှာ

■ မောင်မိုးဦး

မိဘတွေရဲ့ ကိုယ်ရည်ကိုယ်သွေးဟာ သား‌သမီးတွေအပေါ် အကျိုးသက်ရောက်မှု အများကြီးရှိပါတယ်။ ဘယ်လိုအရည်အသွေးရှိတဲ့ သားသမီးတွေ ဖြစ်လာမလဲဆိုတာ မိဘတွေရဲ့ ကိုယ်ရည်ကိုယ်သွေးပေါ်မှာ အများကြီးမူတည်ပါတယ်။ နားလည်စာနာတတ်တဲ့ မိဘတွေရဲ့ သားသမီးတွေဟာ နားလည်စာနာတတ်သူတွေ ဖြစ်မှာပဲ။ မိဘတွေဟာ တည်ငြိမ်အေးချမ်းတဲ့ စရိုက်ရှိရင် သားသမီးတွေလည်း တည်ငြိမ်အေးချမ်းတဲ့သူ ဖြစ်မှာပဲ။

မိဘတွေက နူတ်ကြမ်းလျှာကြမ်းနဲ့ သည်းမခံတတ်ကြဘူးဆိုရင် သားသမီးတွေကလည်း ဒီလိုအကျင့်တွေ ရှိနေမှာပဲ။ မနာလိုဝန်တိုစိတ်၊ လိမ်ညာကောက်ကျစ်စိတ်၊ တစ်ကိုယ်ကောင်းဆန်တဲ့စိတ်၊ အဆိုးမြင်တတ်တဲ့စိတ်တွေက သားသမီးတွေကို အမွေပေးလိုက်မယ်။ အဲဒီအခါ သားသမီးတွေက လောကကြီးအပေါ် ယုံကြည်စိတ်ချမှုမရှိတဲ့လူတွေ၊ စိတ်မလုံခြုံတဲ့သူတွေ၊ သံသယကြီးသူတွေဖြစ်လာဖို့ အလားအလာများတယ်။

ဆရာတော်ဦးဇောတိက

(မဟာမြိုင်တောရ)

→ → →

ရှန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်းနှင့် လောဘ,ဒေါသကြီးခြင်းတို့သည် ဟိရီဩတ္တပ္ပတရား ကင်းမဲ့သူတို့၏ အပြုအမူများဖြစ်သည်။ ထို့ကြောင့်မိမိကိုယ်တိုင်လည်း ဆင်ခြင်သင့်သလို ထိုကဲ့သို့သောလူမျိုးများနှင့်လည်း မပေါင်းဖော်အပ်ဟု ဆရာသမား မိဘများက ဆုံးမသွန်သင်လမ်းညွှန်ခဲ့သည်။ သို့သော်အခြေအနေအရ ကာလတစ်ခုတုန်းက ဟိရီဩတ္တပ္ပတရား ကင်းမဲ့သူတစ်ယောက်နှင့် အမိုးအကာတစ်ခုတည်းအောက်တွင် နေခဲ့ရသည်ကိုတော့ ကျွန်တော်မမေ့ခဲ့ပေ။ ကျွန်တော့်ဘဝ၏ စိတ်ပျက်စရာ အကောင်း

www.burmeseclassic.com

ဆုံးသော နေ့ရက်များပင်ဖြစ်သည်။

ကျွန်တော်၏ အိမ်ထောင်ဦးကာလများသည် အကျဉ်းခန်းနှင့်တူသော အိပ်ခန်းလေးတစ်ခန်းတွင် ကုန်ဆုံးခဲ့ရသည်။ ထိုစဉ်က ကျွန်တော်တို့ငှားနေသော အိမ်ကလေးမှာ အိမ်တစ်အိမ်၏ ခြေရင်းခန်းလေးမှာ ဖြစ်သည်။ အိမ်ရှင်က တစ်ဦးတည်းနေသော အသက် ၆၀ ကျော် ဒေါ်ညိုဆိုသော အဘွားကြီးတစ်ဦးဖြစ်၏။ အိမ်ခန်းလေးက ကောင်းသည်။ အိမ်ရှင်ကလည်း ကျွန်တော့်ဇာမေအရွယ်မို့ အေးအေးချမ်းချမ်း နေခွင့်ရမည်ဟု မျှော်လင့်ခဲ့သည်။ သို့သော် တစ်ပတ်မပြည့်မီမှာပင် ဒေါ်ညို၏ ကိုယ်ရေးမှတ်တမ်းကို သူ၏သရုပ်ဆောင်မှုနှင့် အလွတ်ရသွားခဲ့သည်။

သူ့သားသမီးအရွယ်လောက်ရှိသော ခေါင်းရင်းအိမ်မှ မိသားစုနှင့် ရန်ဖြစ်သည်။ အိမ်ရှေ့တည့်တည့်အိမ်မှ မိသားစုနှင့်လည်း ပြဿနာဖြစ်သည်။ ပြဿနာဖြစ်တိုင်းလည်း အရွယ်နှင့်မလိုက်အောင် မကြားဝံ့မနာသာ အော်ဟစ်ဆဲဆိုသည်။ နောက်ဆုံးသူ၏ ရုန့်ရင်းကြမ်းတမ်းသော စကားများက ကျွန်တော်တို့လင်မယားနှစ်ယောက်ထံ ကူးစက်လာခဲ့သည်။ ကျွန်တော်သီချင်းဖွင့်လျှင် ဆူညံသည်ဟုဆိုကာ ဆဲသည်။ လမ်းဖြည်းဖြည်းလျှောက်လျှင်လည်း ခြေသံပြင်းသည်ဟုပြောကာ အော်ဟစ်တားမြစ်သည်။ ည ၆ နာရီကျော်လျှင် သူခြံတံခါးကို သော့ခတ်လိုက်သဖြင့် ကျွန်တော်တို့ အိမ်ထဲဝင်မရဘဲ မိဘအိမ် သွားအိပ်ရသည်။

အဆိုးဝါးဆုံးက သူ၏လောဘကြီးမှုပင်ဖြစ်သည်။ ကျွန်တော်တို့ သူ့အိမ်မှာလည်း လခမှန်မှန်ပေးနေပါလျက် ကျွန်တော်တို့ လင်မယားနှစ်ယောက် အလုပ်သွားသည်နှင့် "အိမ်ငှားရန်ရှိသည်" ဆိုသော ဆိုင်းဘုတ်ကို ထုတ်ချိတ်လိုက်ခြင်းပင် ဖြစ်၏။ သူ့အိုင်ဒီယာက သူ၏လောဘပင် ဖြစ်သည်။ ကျွန်တော်တို့မရှိတုန်း ကျွန်တော်တို့ထက် အိမ်စဲဘော်၊ အိမ်လခ ပိုပေးသည့်လူနှင့်တွေ့လျှင် ကျွန်တော်တို့ကို တစ်လအတွင်း အိမ်ပြောင်းနိုင်းခြင်းပင်ဖြစ်၏။ (ထိုစဉ်က အိမ်လခကို တစ်လတစ်ခါပေးရသော စနစ်ဖြစ်သည်။ နှစ်ချုပ်၊ လချုပ်မရှိသေးပေ။) သည်လိုနှင့် ၆ လလောက်နေပြီးသောအခါ သူ၏စိတ်ဓာတ်ကို ကြောက်လန့်ကာ ထိုအိမ်ခန်းလေးကို စွန့်ခွာခဲ့ရလေသည်။ (နောက်ထပ် သုံးလလောက်ကြာသောအခါ လေဖြတ်ပြီး အိပ်ရာထဲလဲသွားသည်ဟု သိရသည်။)

သည်လိုနှင့် ကာလတစ်ခုတွင် မြို့သစ်လေးတစ်ခုမှာ မြေကွက်ဝယ်ပြီး အိမ်ဆောက်နေလိုက်သဖြင့် အိမ်ငှားဘဝကင်းဝေးခဲ့သလို ရုန့်ရင်းကြမ်းတမ်းသော စကားများလည်း မကြားရတော့ပေ။ သို့သော် ကံကြမ္မာက ကျွန်တော့်အပေါ် အငြိုးအတေးရှိပုံရသည်။ ကျွန်တော်တို့ ခြေရင်းအိမ်သို့ အိမ်ငှားရောက်လာခဲ့ခြင်းပင် ဖြစ်သည်။ အမေတစ်ယောက်၊ အရွယ်ရောက်နေသောသားတစ်ယောက်၊ သမီးတစ်ယောက်တို့ ပါဝင်သည်။ ထိုမိသားစုသည် တစ်ယောက်နှင့် တစ်ယောက် အကောင်းမမြင်တတ်ကြသလို ရိုသေလေးစားခြင်းလည်း မရှိကြပေ။ မိုးလင်းသည်နှင့် အော်ဟစ်ဆဲဆို ရန်ဖြစ်ကြသည်။ မိဘနှင့် သားသမီး မပြောသင့်၊ မပြောအပ်သော စကားလုံးတွေ ပါသည်။ ဟိရီဩတ္တပ္ပတရားကို ကြားဖူးပုံမပေါ်ပေ။ တစ်နှစ်အတွင်း သူ့သား အက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်သွားသည်။ သမီးက နှစ်လုံး၊ သုံးလုံးရောင်းသဖြင့် အဖမ်းခံရသည်။ ပြဿနာမျိုးစုံ ရင်ဆိုင်ခဲ့ကြရသည်။

ထိုအခါ ဟိရီဩတ္တပ္ပဆိုသည့် အရှက်အကြောက်တရား မရှိသူတို့၏ ဇာတ်သိမ်းပိုင်းကို နားလည်ခဲ့ရသည်။ မိသားစုကိုလည်း သတိပေးရသည်။ ကိုယ့်ကိုယ်တိုင်လည်း ဆင်ခြင်ရသည်။ အထူးသဖြင့် အမျိုးသမီးက သူကိုယ်တိုင်ဘာသာရေးလုပ်သူဖြစ်သဖြင့် ပြောပြစရာမလိုသော်လည်း ကစားမက်ခြင်းနှင့် အစားမက်ခြင်းကိုသာ စိတ်ဝင်စားသော သားကိုတော့ စိတ်ဝင်စားပြီး သူသဘောပေါက်သွားအောင် ဖတ်ဖူးခဲ့သည့် အကြောင်းအရာလေးများဖြင့် နားလည်လွယ်အောင် ပြောပြရသည်။ အဓိကပြောလိုသည့် ဟိရီဩတ္တပ္ပတရားကို စောင့်ထိန်းသူမှာ ချမ်းသာကိုရသည်ဆိုသော အသိကို ပေးခြင်းဖြစ်သည်။

→ → →

ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ်က မိဖုရားခေါင်ကြီးတွင် 'မဟိသနှင့် စန္ဒကုမာရ' ဟူသော သားတော်နှစ်ပါး ရှိသည်။ နောက်ထပ် နှစ်အနည်းငယ်အကြာတွင် မိဖုရားခေါင်ကြီး နတ်ရွာစံလေသည်။ ထို့ကြောင့် မင်းကြီးက နောက်ထပ်တစ်ယောက်ကို မိဖုရားခေါင်အဖြစ် တင်မြှောက်ရာ မကြာမီ သားတော်တစ်ပါး ထွန်းကားလေသည်။ ထိုသားတော်၏အမည်မှာ 'သူရိယ' ဖြစ်၏။ မင်းကြီးသည် သားလေးကို ချစ်လွန်းသဖြင့် မိဖုရားခေါင်ကြီးအား တောင်းလိုရာဆုကို တောင်းစေ၏။ ထိုအခါ မိဖုရားခေါင်ကြီးသည် "ယခုဆု မတောင်းသေးပါ။ နောင်အခါမှ တောင်းမည်"ဟု ဆို၏။

သည်လိုနှင့် သားတော် သူရိယမင်းသား အရွယ်ရောက်လာသောအခါ မိဖုရားကြီးသည် မင်းကြီးအား "ဆုအဖြစ် သားတော် သူရိယမင်းသားကို ထီးနန်းလွှဲပေးပါ"ဟု တောင်းဆိုလာခဲ့၏။ ထို



www.burmeseclassic.com

www.burmeseclassic.com

သော် သားတော်ကြီးနှစ်ပါး ရှိနေသေးသဖြင့် ငြင်းဆန်ခဲ့သည်။ မိဖုရားကလည်း သူ့သားတော်အတွက် အကြိမ်ကြိမ် တောင်းဆိုသည်။ ထိုအခါ မင်းကြီးက သားတော်နှစ်ပါးအတွက် စိုးရိမ်လာပြီး "ယခုအချိန်မှာ တောထဲတွင်သွားနေကြ။ ငါလွန်ပြီးမှ မြို့သို့ပြန်လာပြီး မင်းပြုကြ" ဟု မှာကြားလေသည်။

ထို့ကြောင့် သားတော်ကြီးနှစ်ပါးသည် တောထဲသို့သွားနေရန် နန်းတော်မှ ဆင်းလာစဉ် ညီငယ်သူရိယမင်းသားနှင့် တွေ့သည်။ အကျိုးအကြောင်းသိသော် ညီငယ်ကလည်း လိုက်ချင်သည်ဆိုသောကြောင့် ညီနောင်သုံးပါးတို့လည်း 'ဟိမဝန္တာ'သို့ ရောက်လာခဲ့ကြလေသည်။ လမ်းခရီးတွင် ခရီးပန်းလာခဲ့ကြသဖြင့် သစ်ပင်ရိပ်တွင် အမောဖြေ၀င်နားကြရင်း နောင်တော်ကြီး 'မဟိံသ'မင်းသားက ညီထွေး'သူရိယ'မင်းသားကို ရေရှာခိုင်းလိုက်လေသည်။ မင်းသားငယ်လည်း ရေအရှာထွက်ရင်း မနီးမဝေးရှိ ရေအိုင်တစ်ခုကိုတွေ့ရာ ဘာမျှမစဉ်းစားပဲ ရေအိုင်ထဲသို့ဆင်းလိုက်၏။ ထိုစဉ် ရေစောင့်ဘီလူးတစ်ကောင်သည် မင်းသားကိုဖမ်းကာ "သင်သည် .. ဒေ၀ဓမ္မကို သိသလား" ဟုမေး၏။ မင်းသားကလည်း "သိပါသည် နေနှင့်လတို့သည် ဒေ၀ဓမ္မဖြစ်ပါသည်" ဟုဆို၏။ ထိုအခါ ဘီလူးက "မှားသည် သင်ဒေ၀ဓမ္မကိုမသိ"ဟု ဆိုကာ မင်းသားကို ရေအောက်သို့ခေါ်သွားပြီး သူ့နေရာသို့ ထားလိုက်လေသည်။

သစ်ပင်ရိပ်အောက်တွင် စောင့်နေသော နောင်တော်ကြီးသည် ညီထွေးသူရိယမင်းသား ပြန်ရောက်မလာသဖြင့် ညီငယ် 'စန္ဒကုမာရ'ကို ထပ်လွှတ်လိုက်၏။ ထုံးစံအတိုင်း ရေစောင့်ဘီလူးက ဒေ၀ဓမ္မကိုမေးသည်။ မင်းသား သူသိပါသည်။ "အရပ်လေးမျက်နှာသည် ဒေ၀ဓမ္မပင်ဖြစ်ပါသည်"ဟုဖြေသည်။ ထိုအခါ ရေစောင့်ဘီလူးက "သင့်အဖြေမမှန်"ဟု ဆိုကာ စန္ဒကုမာရမင်းသားကိုလည်း ရေအောက်ရှိ သူ့နေရာသို့ ပို့ထားလိုက်ပြန်သည်။

သည့်လိုနှင့် ညီတော်နှစ်ပါး ပြန်မရောက်လာသောကြောင့် နောင်တော်ကြီးလည်း ရေအိုင်သို့လိုက်လာခဲ့ရာ ရေစပ်ရှိ ညွှန်ပေါ်တွင် ညီနောင်နှစ်ပါးတို့ ဆင်းသက်သွားသောခြေရာများကို တွေ့သဖြင့် ဆင်ခြင်တုံတရားဖြင့် ရေအိုင်ထဲသို့ မဆင်းဘဲ နေလိုက်၏။ ထိုအခါ ရေစောင့်ဘီလူးသည် တောလိုက်မုဆိုးအသွင်ဆောင်ကာ ရေအိုင်ထဲဆင်းရန် တိုက်တွန်းလေသည်။ ထိုအခါ နောင်တော်ကြီးက သဘောပေါက်သွားပြီး ညီနောင်နှစ်ပါးကိုစွက်ကိုမေးရာ ဘီလူးကဝန်ခံပြီး သူဖမ်းထားကြောင်း ပြောဆိုလေသည်။

နောင်တော်ကြီးကလည်း မင်းသားနှစ်ပါးကို ဖမ်းရသည့်အကြောင်းကို မေးမြန်း၏။ ထိုအခါ ရေစောင့်ဘီလူးက "မင်းသား ... ကျွန်ုပ်အား ဝေဿဝဏ်နတ်မင်းကြီးက ဒေ၀ဓမ္မကို မသိသူများအား စားခွင့်ပေးထားပါသည်။ သိသူများကို စားခွင့်မရှိပေ" ဟု ရေစောင့်ဘီလူးကဆိုသည်။ ထို့ကြောင့် နောင်တော်ကြီး 'မဟိံသ'မင်းသားက "ဒေ၀ဓမ္မဆိုသည်မှာ ဟိရီဩတ္တပ္ပ (မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊ မကောင်းမှု ကျူးလွန်ရမည်ကို ကြောက်ခြင်း)ဆိုသော တရားနှစ်ပါးပင်ဖြစ်သည်"ဟု ဆို၏။ ထို့ကြောင့် ရေစောင့်ဘီလူးက "သင်သည် ဒေ၀ဓမ္မကို သိသူ အမှန်ပင်ဖြစ်သည်။ မင်းသားနှစ်ပါးအနက် တစ်ပါးကို တောင်းဆိုနိုင်သည်" ဟု ဆိုပြန်သည်။

ထိုအခါ မဟိံသမင်းသားက "ညီအငယ်ဆုံး သူရိယမင်းသားကို ပေးပါ"ဟု တောင်းဆိုလေသည်။ ထို့ကြောင့် ရေစောင့်ဘီလူးက "ညီနောင်နှစ်ပါး ရှိပါလျက် အကြီးကိုကျော်လွန်ပြီး ညီထွေးကို တောင်းသည်။ ဒေ၀ဓမ္မကိုသိသော်လည်း မကျင့်ပေ"ဟု ဆိုသည်။ နောင်တော်ကြီးကလည်း "ကျွန်ုပ်တို့ ဤတောထဲသို့ လာခဲ့ကြသည်မှာ ညီအငယ်ဆုံးကြောင့်ဖြစ်သည်။ ညီအငယ်ဆုံးမပါလျှင် နေပြည်တော်သို့ မပြန်ဝံ့"ဟုပြော၏။ နောက်ဆုံးတွင် ရေစောင့်ဘီလူးက ညီနောင်နှစ်ပါးကို လွှတ်ပေးလိုက်လေသည်။

ညီနောင်သုံးပါးတို့သည် တောထဲတွင် ချစ်ခင်စွာနေထိုင်ကြပြီး မင်းကြီးနတ်ရွာစံသောအခါ နောင်တော်ကြီးမဟိံသသည် ထီးနန်းဆက်ခံကာ ညီတော်လတ်စန္ဒကုမာရမင်းသားက အိမ်ရှေ့စံဖြစ်ပြီး ညီထွေးသူရိယမင်းသားမှာ စစ်သူကြီးအရာကိုရရှိလေသည်။ ရေစောင့်ဘီလူးကိုမူ မွေ့လျော်ရာအရပ်တွင် နတ်ကွန်းဆောက်ပေးကာ ကျွေးမွေးပြုစုထားလေသည်။ ထို့ကြောင့် လောကကိုစောင့်ရှောက်သည်မှာ အရှက်နှင့်အကြောက်တို့ပင်ဖြစ်သည်။

အထက်ပါဇာတ်ကောင်ကို နိဂုံးချုပ်လိုက်သောအခါ ရေစောင့်ဘီလူးသည် ပစ္စည်းဥစ္စာပေါများသော ရဟန်းဖြစ်သွားပြီး၊ သူရိယမင်းသားသည် အရှင်အာနန္ဒာဖြစ်သွားခဲ့လေသည်။ စန္ဒကုမာရမင်းသားက အရှင်သာရိပုတ္တရာ ဖြစ်သွားခဲ့၏။ နောင်တော်ကြီး မဟိံသမင်းသားက ဗုဒ္ဓဘုရားရှင် ဖြစ်သွားခဲ့၏။

ထို့ကြောင့် ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့သော ဟိရီဩတ္တပ္ပ (မကောင်းမှုမှ ရှက်ခြင်းနှင့်၊ မကောင်းမှုမှ ကြောက်ခြင်း) တရားကိုလိုက်နာခြင်းဖြင့် မိမိဘဝနှင့် လောကကို စောင့်ရှောက်နေထိုင်ရမည်ဖြစ်လေသည်။

မောင်မိုးဦး

ကိုးကား

ဇာတ်တော်ငါးရာ့ငါးဆယ်
ဒေ၀ဓမ္မဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# သုဝဏ္ဏဘူမိ နှင့် ရှင်မဟာဗုဒ္ဓဃောသ

■ မာမက(သုတေသီ)

ယခုအခါ သုဝဏ္ဏဘူမိဟူသည် အင်ဒိုနီးရှား၊ မလေးရှား၊ စင်္ကာပူ သုံးနိုင်ငံ ဖြစ်ကြောင်း ဆိုသူတစ်ဦးတလေ ပေါ်လာသည်ကို တွေ့ရှိရသည်။ ယင်းသုံးနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာ အခြေခံ အရင်းအမြစ် ဘာတစ်ခုမျှ မရှိသောကြောင့် သုဝဏ္ဏဘူမိအဖြစ်ယူရန် မဖြစ်နိုင်ပါ။ နာလန္ဒာ၌ တူးဖော်ရရှိသော ဒေဝပါလမင်း၏ ကြေးပုရပိုက်တွင် စုမတြားကို သုဝဏ္ဏဒီပဟု အတိအလင်းရေးသားထားကြောင်း သိရှိရသည်။ တစ်ဖန် အင်ဒိုနီးရှား၌ တည်ထားသော ဗုဓောဗုဓ (ဘောရောဗူဒူး)စေတီမှာလည်း ထေရဝါဒ ဗုဒ္ဓစေတီမဟုတ်ဘဲ မဟာယာနဗုဒ္ဓဘာသာစေတီ ဖြစ်သည်။ ယခုအခါ အင်ဒိုနီးရှား၌ ထုတ်ဖော်နိုင်ခဲ့သော ဗုဒ္ဓဘာသာ ကျောင်းတော်ကြီးသည်လည်း ထေရဝါဒ ဗုဒ္ဓဘာသာကျောင်းတော်ကြီး မဟုတ်ဘဲ တရုတ်ရဟန်းတော်တစ်ပါး၏ ပုံကိုပါ ဖော်ထုတ်နိုင်ခဲ့သဖြင့် မဟာယာနဗုဒ္ဓဘာသာ ကျောင်းတော်ရာသာဖြစ်ကြောင်း ထင်ရှားသည်။ တစ်ဖန် အိန္ဒိယရှိ မဟာယာန ကျောင်းတော်ကြီးများတွင် ဝိက္ကမသီလာတက္ကသိုလ်ကျောင်းတော်ကြီး၏ ကျောင်းအုပ်ဆရာတော် အတိဆာသည် ဩဒန္တပူရိတက္ကသိုလ်၌ တန္တရ မန္တရ ပညာရပ်ကို သင်ကြားခဲ့သည်ကို ရောင့်ရဲမှုမရှိဘဲ အင်ဒိုနီးရှားသို့ကြွ၍ ဆရာတော် စန္ဒြကီတ္တိထံတွင် တန္တရ မန္တရ ပညာရပ်ကို ထပ်မံသင်ကြားခဲ့သည်ဟု အဆိုရှိသည်။ ထို့ကြောင့် အင်ဒို၊ မလေး၊ စင်္ကာပူ သုံးနိုင်သည် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသော သုဝဏ္ဏဘူမိမဟုတ်ကြောင်း၊ မဖြစ်နိုင်ကြောင်း ထင်ရှားသည်။

ထေရဝါဒဗုဒ္ဓသာသနာ အခြေခံ အရင်းအမြစ် ရှေးအခါမှစ၍ ယနေ့တိုင် တည့်ရှိသော တိုင်းပြည်များမှာ မြန်မာ၊ ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယား လေးနိုင်ငံသာ ဖြစ်သည်။ ဤလေးနိုင်ငံသည် ရှေးအခါက မွန်ခမာမျိုးနွယ်တူတစ်မျိုးတည်းနေခဲ့သော သုဝဏ္ဏဘူမိခေါ်သော အရပ်ဒေသတစ်ခုတည်းသာ ဖြစ်သည်။ သို့သော် နောက်ပိုင်း၌ ရှမ်းအနွယ်များ၊ ဂျွမ်းအနွယ်များက ကြားဖြတ်ဝင်ရောက်ကာ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံအဖြစ် ဖ
ထောင်ခဲ့ကြသဖြင့် သုဝဏ္ဏဘူမိလည်
လေးနိုင်ငံ လေးဌာန ဖြစ်သွားတော့သည်
ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်
ရာ အိန္ဒိယနှင့် အိန္ဒိယနှင့်ဆက်စပ်
သော ခုနစ်ဌာန ထေရဝါဒါဗုဒ္ဓသာသ
ကွယ်ခဲ့ပြီး၊ အိန္ဒိယနှင့် ဆက်စပ်မှု
သော ပြင်ပ သီဟိုဠ်နှင့် သုဝဏ္ဏဘူ
နှစ်ဌာန၌သာ ထေရဝါဒဗုဒ္ဓသာသ
အမြစ်တွယ် ကျန်ခဲ့သည်ဆိုသော်လည်
သုဝဏ္ဏဘူမိ လေးနိုင်ငံ၊ လေးဌာနဖြ
သွားသောကြောင့် ယခုအခါ ထေရဝါ
ဗုဒ္ဓသာသနာ အမြစ်တွယ်သော ထေ
ဝါဒဗုဒ္ဓဘာသာနိုင်ငံ ဖြစ်နေရခြင်းဖြ
သည်။ ဤသို့ သုဝဏ္ဏဘူမိ လေးနိုင်
လေးဌာန ကွဲခဲ့သော်လည်း သုဝဏ္ဏဘူ
သို့ ကြွရောက်သာသနာပြုသည်ဟု ဆ
သော ရှင်သောဏ၊ ရှင်ဥတ္တရ ဦးဆောင်
သော သာသနာပြုမထေရ်များ ရောက်
သော သုဝဏ္ဏဘူမိသည် အိန္ဒိယမှ ရေ
လမ်းအစဖြောင့်အားဖြင့် ရောက်ရှိနိုင်သေ
မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသာ ဖြစ်ပါသည်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် ရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်သည် သီဟိုဠ်သို့ကြွ၍ ပိဋကတ်တော်များကို ကူးပြီး သုဝဏ္ဏဘူမိသို့ သယ်ဆောင်ခဲ့သည်ကို မွန်-မြန်မာသမိုင်းများ၊ ရှေးဟောင်းစာများ၌ ဖော်ပြထားကြပြီး ဖြစ်သည်။ သို့သော် ယခုအခါ ရှင်မဟာဗုဒ္ဓဃောသသည် အိန္ဒိယမြောက်ပိုင်းသား ပုဏ္ဏားမျိုးဖြစ်သည်ဟူ၍လည်းကောင်း၊ အိန္ဒိယမှ သီဟိုဠ်သို့ ကြွသည်ဟူ၍လည်းကောင်း၊ သီဟိုဠ်သားဖြစ်သည်ဟူ၍လည်းကောင်း ပြောမှု၊ ဆိုမှု၊ ရေးမှု ရှိလာသည်။ အိန္ဒိယတွင် အုပ်စိုးခဲ့သော ဗုဒ္ဓဘာသာမင်းများတွင် သီရိဓမ္မာသောကမင်းသည် နောက်ဆုံးမင်းဖြစ်သည်။ သီရိဓမ္မာသောကမင်းလက်ထက် အိန္ဒိယတွင် ထေရဝါဒဗုဒ္ဓသာသနာမှာ အလွန်အားနည်းနေပြီး ပြုပြင်ရေးသမား ဂိုဏ်းကွဲ ဗုဒ္ဓဘာသာရဟန်းများက အဆမတန် အလွန်များပြားနေသောကြောင့် အိန္ဒိယတွင် ထေရဝါဒဗုဒ္ဓသာသာန တတိယသင်္ဂါယနာတင် ဝံထေရ်ရှင်မြတ်များနှင့် သီရိဓမ္မာသောကမင်းတို့ တိုင်ပင်ပြီး ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ခဲ့ရာ အိန္ဒိယပြင်ပ သီဟိုဠ်နှင့် သုဝဏ္ဏဘူမိ နှစ်ဌာန ပါဝင်ခဲ့သည်။

သီရိဓမ္မာသောကမင်း နတ်ရွာစံပြီးနောက် အုပ်စိုးသော မောရိယမင်းဆက်များမှာ ဂျိန်းဘာသာဝင်များဖြစ်ပြီး မောရိယမင်းဆက် နောက်ဆုံးမင်းကို သုင်ဖုသျှာမိတြ စစ်သူကြီးက သတ်၍ သုင်မင်းဆက်ကို တည်ထောင်၍ မင်းပြုသောအခါ ဗြာဟ္မဏဘာသာဝင်မင်းဖြစ်သည့်အတိုင်း မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူချိန်မှစ၍ မထင်မရှား အောက်ကျနောက်ကျ နေခဲ့ရသော ဗြာဟ္မဏများ ခေါင်းဆောင်ထကြွလာကြပြီး သုင်မင်းကိုယ်တိုင် ဦးစီး၍ ဗုဒ္ဓဘာသာကို နှိပ်ကွပ်ခဲ့သည်။ မြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိပင်ကိုလည်း အမြစ်မကျန် တူး၍ မီးရှို့ဖျက်ဆီးခဲ့သည်။ ရဟန်းခေါင်းတစ်လုံး သုဝဏ္ဏတစ်ထောင် အမိန့်ထုတ်၍ ရဟန်းသတ်ပွဲ အကြီးအကျယ် ဆင်နွှဲခဲ့သည်။ အင်အားကြီးမားသော ပြုပြင်ရေးသမား ဂိုဏ်းကွဲရဟန်းများသည် ဗုဒ္ဓဘုရားကို ဗြာဟ္မဏတို့၏ ဣသွာရနည်းတူ ကောင်းကင်စံအဖြစ် ဖန်တီးလိုက်ကြပြီး ဗုဒ္ဓဘုရားကို ဗြာဟ္မဏတို့၏ ဣသွာရမှ ပွားထွက်လာသော မိဿနီးဘုရားဝင်စားသော အဝတာရတစ်ပါးကဲ့သို့ ကောင်းကင်စံ ဗုဒ္ဓဝင်စားသော ဘုရားလောင်း(ဗောဓိသတ္တ)အဖြစ် ဖန်တီးလိုက်ကြသည်။ ဤသို့ ပြုပြင်ရေးသမား အင်အားကြီးမားသော ဂိုဏ်းကွဲရဟန်းတော်များက ၎င်းတို့၏ပိဋကတ်ကို ဗြာဟ္မဏမင်းများအကြိုက် ဗြာဟ္မဏအယူအဆနှင့် တူညီအောင် ပြုပြင်ဖန်တီးနိုင်ခဲ့သည့်အပြင် မြတ်စွာဘုရားက မသင်ကြားရန် ပညတ်ထားခဲ့သော ဗြာဟ္မဏတို့၏ စာပေဖြစ်သော သက္ကတစာပေဖြင့် ရေးသားမှု၊ အက္ခရာတင်မှု ပြုခဲ့ကြသဖြင့် အိန္ဒိယတွင် ရပ်တည်နိုင်ခဲ့ကြရုံမျှမက ဗြာဟ္မဏမင်းများ၏ အားပေးမှုကိုပင် ခံယူနိုင်ခဲ့ကြသည်။

အလွန်အားနည်းနေပြီဖြစ်သော ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းတော်များမှာ မိမိတို့၏ ထေရဝါဒပိဋကတ်ကို တစ်လုံးတစ်ပါဒမျှပင် ပြုပြင်ခွင့်မရှိ၍ မပြင်ဆင်နိုင်သောကြောင့် သုင်မင်းစက်ကွင်းလွတ်ရာသို့ တိမ်းရှောင်ထွက်ပြေးခဲ့ကြရသည်။ မတိမ်းရှောင်နိုင်၊ မထွက်ပြေးနိုင်သော ထေရဝါဒရဟန်းတော် အနည်းအကျဉ်းမှာလည်း အင်အားကြီးမားသော ပြုပြင်ရေးသမား ဂိုဏ်းကွဲရဟန်းတော်များကြားတွင် ဝါးမျိုခြင်းခံရပြီး တိမ်မြုပ်ပျောက်ကွယ်သွားကုန်တော့သည်။ သို့သော် သုင်မင်းသည် အိန္ဒိယတစ်ပြည်လုံးကို မအုပ်ချုပ်နိုင်ပါ။ ဂန္ဓာရတိုင်း(ယခုပါကစ္စတန်)၊ ကသ္မီရတိုင်း(ကက်ရှမီးယား)နှင့် ယောနကတိုင်း(အာဖဂန်)တိုင်း သုံးတိုင်းကို ဂရိဘက်ထရီယန်မှ ကုသျှမ်မင်းများက အုပ်ချုပ်ခဲ့သည်။ ကုသျှမ်မင်းများသည် ဗုဒ္ဓဘာသာကို အားပေးသော မင်းများဖြစ်သည့်အတိုင်း ကနစ္စက (အေဒီ ၁၂၀-၁၆၂) မင်းအုပ်ချုပ်ချိန်၌ ဗုဒ္ဓဘာသာရဟန်းများ ဂန္ဓာရ၊ ကသ္မီရဂိုဏ်းကွဲနေမှုကို စေ့စပ်ရန်နှင့် ဗုဒ္ဓသာသနာကို အားပေးရန် သင်္ဂါယနာတင်မှုတစ်ခု ပြုခဲ့ရာ ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါးမျှပင် မပါတော့ဘဲ သဗ္ဗတ္ထိဝါဒ စသော ဂိုဏ်းကွဲရဟန်းတော်များသာ ပါဝင်ခဲ့ပါသည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာသည် သာသနာသက္ကရာဇ် ၆၀၀ (အေဒီ ၁ ရာစု)ခန့်ကပင် အိန္ဒိယတွင် ကွယ်ခဲ့ပြီးဖြစ်ကြောင်း သိသာထင်ရှားသည်။ အချုပ်အားဖြင့် တတိယသင်္ဂါယနာ၏ ထေရ်ရှင်မြတ်များနှင့် သီရိဓမ္မာသောကမင်းတို့ ညှိနှိုင်းတိုင်ပင်ပြီး ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရဟန်းတော်များ စေလွှတ်ခဲ့ရာတွင် အိန္ဒိယတွင် ထေရဝါဒဗုဒ္ဓသာသနာကွယ်မှုနှင့်အတူ အိန္ဒိယအတွင်းရှိ သာသနာပြုဌာန အိန္ဒိယနှင့် ဆက်စပ်နေသော သာသနာပြုဌာန ခုနစ်ဌာနလုံး ကွယ်ခဲ့ပြီး အိန္ဒိယနှင့် ဆက်စပ်မှုမရှိသော အိန္ဒိယပြင်ပ သီဟိုဠ်နှင့် သုဝဏ္ဏဘူမိ နှစ်ဌာန၌သာ ထေရဝါဒဗုဒ္ဓသာသနာ အမြစ်တွယ်ကျန်ရစ်ခဲ့သည်ဟု ဆိုလိုသည်။

ထို့ကြောင့် သာသနာသက္ကရာဇ် ၉၁၀ နှစ် ၁၀၀၀ ကြားကာလအတွင်း၌



www.burmeseclassic.com

www.burmeseclassic.com

သီဟိုဠ်သို့ ကြွရောက်သည်ဟု ဆိုသော ရှင်မဟာဗုဒ္ဓဃောသသည် ထေရဝါဒဗုဒ္ဓ သာသနာကွယ်နေပြီဖြစ်သော အိန္ဒိယမှ ကြွသွားခြင်း၊ ကူးသွားခြင်းမဟုတ်ဘဲ ထေရဝါဒဗုဒ္ဓသာသနာ အမြစ်တွယ်နေသော သုဝဏ္ဏဘူမိမှ ကြွသွားခြင်း၊ ကူးသွားခြင်းသာဖြစ်ကြောင်း ထင်ရှားပါသည်။ ရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် သုဝဏ္ဏဘူမိမှ သီဟိုဠ်သို့ ကြွသွားခြင်း ဖြစ်သောကြောင့် မထေရ်မြတ်ရေးသားတော်မူခဲ့သော ပါရာဇိကဏ်အဋ္ဌကထာ ဗာဟိရနိဒါန်းတွင် သုဝဏ္ဏဘူမိသမိုင်းကို အတိအကျ ရေးသားဖော်ပြတော်မူနိုင်ခဲ့ခြင်းဖြစ်သည်။ ရေးသားထားပုံမှာ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၂၃၆ နှစ်ရောက်သောအခါ တတိယဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၂၃၆ နှစ်ရောက်သောအခါ တတိယသင်္ဂါယနာတင်ပွဲကို ပြုလုပ်ကြရာ တပို့တွဲလပြည့်နေ့မှာပင် ပြီးဆုံးခဲ့ကြသည်။ သံဃဥပုသ်ပြုပြီး အနာဂတ်သာသနာတည်ရှိမည့် ကိုးတိုင်းကိုးဌာန သတ်မှတ်ကြသည့် သာသနာ့ဦးသျှောင်ဖြစ်သော ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် သာသနာပြုကိုးဖွဲ့ကို သတ်မှတ်တော်မူပြီး ရှစ်ခုမြောက် သုဝဏ္ဏဘူမိဒေသသို့ ရှင်သောဏ၊ ရှင်ဥတ္တရမထေရ်နှစ်ပါးနှင့် ရှင်အနုရုဒ္ဓ၊ ရှင်တိဿဂုတ္တ၊ ရှင်သောဏေယျတို့ကို စေလွှတ်ခဲ့လေသည်။ ထိုအရှင်မြတ်တို့ သုဝဏ္ဏဘူမိသို့ ကြွလာချိန်မှာပင် ရေဘီလူးမနှင့် အပေါင်းအဖော်တို့သည် တောင်ဘက်ရှိ ပင်လယ်သမုဒ္ဒရာမှ တက်လာပြီး ဖွားမြင်လာတိုင်းသော မင်းသားငယ်များ သာသနာပြုဒါယကာမျိုးစေ့ အဆက်အနွယ် ပြတ်တောက်ရန် သတ်ဖြတ်စားသောက်နေကျဖြစ်ရာ ထိုနေ့မှာပင် မင်း၏ မိဖုရားမှ သားတော်တစ်ပါး ဖွားမြင်ခဲ့သည်။ အရှင်မြတ်များ ကြွလာသည်ကို မြင်ကြရာ ရေဘီလူးမ၏ အပေါင်းအဖော်ဖြစ်မည် အထင်ဖြင့် လက်နက်များကိုယ်စီစွဲကိုင်ကာ ရိုက်နှက်ရန် ဝိုင်းအုံလာကြသည်။

ထိုအခါ အရှင်မြတ်တို့က ဒါယကာတို့ အဘယ်ကြောင့် ယခုလို ပြုလုပ်ကြပါသနည်းဟုမေးလျှင် ဒီနေ့ မင်း၏သားတော် ဖွားမြင်ခဲ့ကြောင်း၊ ဘီလူးမနှင့် အပေါင်းအဖော်တို့ ထင်မှတ်၍ ဝိုင်းထားခြင်းဖြစ်ကြောင်း ဖြေကြားကြလေသည်။ ဒါယကာတို့ . . . ငါတို့ကား ဘီလူး၏ အပေါင်းအဖော်မဟုတ်။ ရဟန်းတော်များ ဖြစ်ကြသည်၊ သူ့အသက်ကို မသတ်၊ သူ့ဥစ္စာကို မခိုးမယူ၊ မေထုန်အမှုကို ရှောင်ကြဉ်သည်၊ လိမ်ညာပြောဆိုခြင်း၊ မူးယစ်သောက်သော သေရည်သေရက်သောက်သုံးခြင်းတို့မှ ရှောင်ကြဉ်ပြီး တစ်နေ့လျှင် နေမွန်းမတိမ်းမီ တစ်ထပ်သော အာဟာရကိုသာ စားသုံးသူများ ဖြစ်ကြသည်။ သီလရှိသော သူတော်ကောင်းများ ဖြစ်ကြသည်ဟု မိန့်ကြားသည်။ ထိုအချိန်မှာပင် ရေဘီလူးမနှင့် အပေါင်းအဖော်များ ပင်လယ်မှတက်လာကြပြီး မွေးဖွားပြီးစ မင်းသားငယ်ကို သတ်ဖြတ်စားသောက်ရန် အားထုတ်လာကြသောကြောင့် အရှင်မြတ်တို့အား အကူအညီတောင်းကြလေသည်။ အရှင်မြတ်တို့သည် ရေဘီလူးမထက် နှစ်ဆကြီးသော ကိုယ်ခန္ဓာကို ဖန်ဆင်းပြီး ဝဲယာမှ ဝိုင်းဝန်းပိတ်ဆို့လျက် မြေပြင်သို့ ခြေမချနိုင်အောင် ပြုလုပ်ကြသည်။ ဤသူတို့ကား သုဝဏ္ဏဘူမိဒေသကို အပိုင်စားရသူတွေ ဖြစ်မည်။ ငါတို့အားလုံး အစားခံရဖွယ်ရှိသည်ဟု ကြောက်လန့်ကာ အလျှင်အမြန် ထွက်ပြေးသွားကြလေသည်။ အရှင်မြတ်တို့သည် ...
ရေဘီလူးများ နောက်ထပ်မလာနိုင်အော...
ခြောက်လှန့်ခြင်းမပြုနိုင်အောင် ...
သောနေရာအရောက် နှင်ထုတ်ပြီး အ...
အကွယ်အစောင့်အရှောက်ကို ပြု...
ထားတော်မူခဲ့သည်ဟု ရေးသားဖော်...
ထားရာ သုဝဏ္ဏဘူမိသမိုင်းနှင့် တစ်ထ...
တည်းဖြစ်နေပါသည်။ တစ်ဖန် ရှင်မဟာ...
ဗုဒ္ဓဃောသက သီဟိုဠ်နှင့် သုဝဏ္ဏဘူ...
ခရီးအကွာအဝေးကိုလည်း ကေနိပါတ်...
အဂ်ုတ္တရအဋ္ဌကထာ၌ သီဟိုဠ်ကျွန်း...
သုဝဏ္ဏဘူမိသည် ခရီးအကွာအဝေး ယူ...
နာ ၇၀၀ ရှိကြောင်း၊ လှေဖြင့် ခုနစ်ရက်...
ခုနစ်ည သွားရကြောင်း ရေးသားဖော်...
ထားသည်။ ထိုခေတ်အခါက ရွက်လှေ...
လှေဖြင့် သွားလာရခြင်းဖြစ်၍ သုဝဏ္ဏဘူ...
နှင့် သီဟိုဠ် (သို့မဟုတ်) အိန္ဒိယတို့ ခ...
အကွာအဝေးမှာ အဖြောင့်အားဖြ...
ယူဇနာ ၇၀၀ ရှိပြီး၊ ခုနစ်ရက်၊ ခုနစ်ည...
သွားရခြင်းဖြစ်သည်။ ထိုင်းပင်လယ်ကွေ့...
ရောက်ရန်မှာ ပသျှူးကျွန်းဆွယ်ကို ကွေ့...
ပတ်သွားမှ ရောက်နိုင်သဖြင့် ယူဇနာ...
၇၀၀ ကျော်ပြီး ခုနစ်ရက်၊ ခုနစ်ည သွား...
ခြင်းဖြင့် မရောက်နိုင်ပါ။ မြန်မာနိုင်ငံ...
သုဝဏ္ဏဘူမိသာ ခရီးလမ်းအဖြောင့်ဆုံး...
ဖြစ်သည်။ ထို့ကြောင့် ရှင်မဟာဗုဒ္ဓဃော...
သ ရေးသားသော အဋ္ဌကထာစကားနှ...
ရပ်အရ သာသနာပြုများ ကြွရောက်လာ...
သော သုဝဏ္ဏဘူမိသည် မြန်မာနိုင်ငံ...
သုဝဏ္ဏဘူမိသာဖြစ်ကြောင်းနှင့် ရှင်မဟာ...
ဗုဒ္ဓဃောသမှာလည်း မြန်မာနိုင်ငံ သုဝဏ္ဏ...
ဘူမိမှ သီဟိုဠ်သို့ ကြွရောက်သွားခြင်းဖြစ်...
ကြောင်း သိသာထင်ရှားနေပါကြောင်း...
တင်ပြလိုက်ရပါသည်။

မာမက(သုဝဏ္ဏသီ...)



www.burmeseclassic.com

www.burmeseclassic.com



# ကွမ်ရင်မယ်တော်အား ဖူးတွေ့ခြင်း

## မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်မှန်

### ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)(၂၈-၅-၂၀၀၀)

တရုတ်ပြည်တွင် ကွမ်ရင်မယ်တော်ဘုရားအား မျက်မြင်ဖူးတွေ့သူများရှိပါသည်။ ကွမ်ရင်မယ်တော်ဘုရားအား အများဆုံးကိုးကွယ် ပူဇော် ပသသူများမှာ စင်ကာပူ၊ ဟောင်ကောင်၊ ထိုင်း၊ ထိုင်ဝမ်၊ တရုတ်ပြည်ပြည်မကြီးတွင် နေထိုင်သူများ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကွမ်ရင်မယ်တော်အား မိမိဘေးအန္တရာယ် ဒုက္ခအမျိုးမျိုး ကြုံတွေ့ရသည့်အခါတွင်ဖြစ်စေ သို့တည်းမဟုတ်၊ အခြားအခြားသော ဘေးဆိုးကပ်ဆိုး ရင်ဆိုင်ကြုံတွေ့ရသည့် အခါတွင်ဖြစ်စေ၊ ကွမ်ရင်မယ်တော်အား ကွမ်ရင်မယ်တော် ဂါထာတော်ကို ရွတ်ဆို၊ တမ်းတလိုက်တိုင်း ကယ်ဆယ်မ,စခြင်းခံရစမြဲဖြစ်ပါသည်။

(မှူရင်းကျမ်း အဆိုအရ)

**ကွမ်ရင်မယ်တော်ဂါထာတော် ရွတ်ဆိုတမ်းတပုံ တမ်းတနည်း**

ကွမ်ရင်မယ်တော်ဂါထာတော်ကို တရုတ်-ကမ္ဘာ့သုံး မန်ဒရင်း(Mandarin) ဗုဒ္ဓဘာသာ အသံထွက်ဖြင့် အောက်ပါအတိုင်းရွတ်ဆို ရှိခိုးရပါမည်။

မှတ်ချက်။

အောက်ဖော်ပြပါ ဂါထာတော်၏ အသံထွက်များမှာ ပိုမိုတိကျ၊ မှန်ကန်မှုရှိစေရန်အလို့ငှာ မြန်မာပြည် ခေတ္တရောက် သီတင်းသုံးလျက်ရှိတော်မူသော တရုတ်ပြည်၊ ခွင်မိန် ( 昆明 ) (ခေါ်)ခွန်မင်း (ခေါ်)ကူမင်းဆရာတော်ဘုရား (ဝါ)ယွမ်ရှင်ဆရာတော်ဘုရား( 緣聖法師 ) ဝါတော်(၃၉)ဝါ အား လျှောက်ထားမိန့်ကြားချက်အသံထွက် အမှန်အတိုင်း မှတ်ယူပြန်ဆိုဖော်ပြလိုက်ပါသည်။

**<u>အဝတ်ဖြူစင်ကြယ် ကွမ်ရင်မယ်တော်</u>**
**<u>ဘေးရန်ကင်းဂါထာတော်</u>**

ဂါထာတော်အပိုဒ် (၁)

南 無 大 慈 大 悲
န မော တ ကျု တာ့ ပီး

救 苦 救 難 廣 大 靈 感
ကျူ ခူး ကျူ လန် ကွမ် တ လိန် ကန်

觀 世 音 菩 薩
ကွမ် ဓိ အင်း ဖု စပ်

摩 訶 薩
မော ဟော် စပ်

မှတ်ချက်။

ဂါထာတော် အပိုဒ်(၁) ဤတွင် ဆုံး၏။

ဤဂါထာတော်အပိုဒ် (၁) ကို သုံးကြိမ် သုံးခါ ရွတ်[...] ရင်း သုံးကြိမ်ကန်တော့ ရှိခိုးရပါမည်။ ပြီးလျှင် အော[...] ဖော်ပြပါ ဂါထာတော် အပိုဒ်(၂)ကို ဆက်လက်ရွတ်ဆိုပါ[...]

ဂါထာတော်အပိုဒ် (၂)

南 無 佛 南 無 法 南 無 僧
န မော ဖွ် န မော ဖါ န မော ရှ[...]

南 無 救 苦 救 難
န မော ကျူ ခူး ကျူ လန်

觀 世 音 菩 薩
ကွမ် ဓိ အင်း ဖု စပ်

ဂါထာတော်အပိုဒ် (၃)

怛 只 哆 唵
တန် ဓိ တို အန်

伽 囉 伐 哆
ချဲ လာ ဖါ တို

伽 囉 伐 哆
ချဲ လာ ဖါ တို

伽 訶 伐 哆
ချဲ ဟော် ဖါ တို



www.burmeseclassic.com

www.burmeseclassic.com

伽 囉 伐 哆
ချဲ လာ ဖါ တို

伽 囉 伐 哆
ချဲ လာ ဖါ တို

娑 婆 訶
စွာ ဗိုး ဟော်

ဂါထာတော်အပိုဒ် (၄)

天 羅 神 地 羅 神
ထျန် လို ရှင် တီ လို ရှင်

人 離 難 難 離 身
လဲန် လီ လန် လန် လီ ရှင်

一 切 災 殃 化 為 塵
အီ ချဲ့ ကျိုင် ရန်း ဝှါ့ ဝေ ချိန်

ဂါထာတော်အပိုဒ် (၅)

南 無 摩 訶 般 若
နံ မော မော် ဟော ဘန် ရျော့

波 羅 蜜
ပိုး လို မစ်

ဂါထာတော်အပိုဒ် (၆)

南 無 观 世 音 菩 薩
နံ မော ကွမ် ဝိ အင်း ဖု စပ်

မှတ်ချက်။

ဤ အပိုဒ်ကို သုံးကြိမ်ရွတ်ဆိုပါ။ သုံးကြိမ်ရွတ်ဆိုရင်း သုံးကြိမ်ရှိခိုး ကန်တော့ရပါမည်။

南 無 阿 弥 陀 佛
နံ မော အို မီ့ တို ဖွပ်

မှတ်ချက်။

ဤ အပိုဒ်ကိုလည်း သုံးကြိမ်ရွတ်ဆိုရင်း သုံးကြိမ်ရှိခိုး ကန်တော့ရပါမည်။

## ကွမ်ရင်မယ်တော် ဘေးကင်းရန်ကင်း ဂါထာတော် လိုရင်းအနက်အဓိပ္ပါယ်

ကျွန်တော်၊ ကျွန်မတို့သည် ဘုရား၊ တရား၊ သံဃာ တော်တို့ကို ရှိသေစွာရှိခိုးကန်တော့ပါ၏။

သတ္တဝါအပေါင်းတို့အပေါ် မေတ္တာ၊ စေတနာ၊ ကရုဏာ အပြည့်ထားတော်မူသော တန်ခိုးတော်ကြီးမား၍ အကြားအမြင်ဖြင့် ပြည့်စုံတော်မူသော ကွမ်ရင်မယ်တော် ဘုရားအား ကျွန်တော်၊ ကျွန်မရှိသေစွာ ရှိခိုးကန်တော့ပါ၏။

ကမ္ဘာစောင့်နတ်၊ မြေစောင့်နတ် တို့ကိုလည်း ကျွန်တော်၊ ကျွန်မတို့က ရှိသေစွာ ရှိခိုးကန်တော့ပါ၏။

ကျွန်တော်၊ ကျွန်မတို့ ဘေးဆိုးကပ်ဆိုး၊ ဘေးဒုက္ခ အန္တရာယ်အပေါင်းတို့မှ ကင်းလွတ်ငြိမ်း၍ ချမ်းသာ၊ ကျန်းမာ ခြင်းကို ရရှိနိုင်ပါစေ။

ဗုဒ္ဓမြတ်စွာဘုရားအား ရှိသေစွာ ရှိခိုးကန်တော့ပါ၏။

ကွမ်ရင်မယ်တော်အား ရှိသေစွာ ရှိခိုးကန်တော့ပါ၏။

ဘေးရန်ခပ်သိမ်း ကင်းဝေးနိုင်ပါစေ • • •



www.burmeseclassic.com

www.burmeseclassic.com

မည်သည့် အချိန်အခါတွင်မဆို နေ့နေ့၊ ညည၊ အိပ်ရာဝင်သည့်အခါတွင်ဖြစ်စေ၊ အိပ်ရာမှထသည့်အခါတွင် ဖြစ်စေ၊ အလုပ်များ လုပ်ကိုင်စဉ်အခါ၌ဖြစ်စေ၊ စိတ်ဖြင့် ရွတ်ဆိုပေးနိုင်ပါသည်။

ကိုယ့်အိမ်ခန်း၊ ဘုရားခန်း၊ အိပ်ခန်း၊ အိမ်ရာ၌ဆိုလျှင် အသံထွက်၍ ရွတ်ဆိုပေးပါ၊ ကွမ်ရင်မယ်တော်က ကြားသိနိုင်သည်ဆို၏။

ကွမ်ရင်မယ်တော် ကယ်မသောကြောင့် ဘေးရန် အပေါင်းမှ လွတ်ကင်းနိုင်ပေသည်။

မှတ်ချက်။

အတိုကောက်အားဖြင့်လည်း အောက်ပါအတိုင်း ရွတ်ဆိုပေးနိုင်ပါသည်။

န မော ကွမ် စီ အင်း ဖု စပ်

န မော အို မို တို ဖွပ်

ဟူ၍ ဖြစ်ပါသည်။

♦♦♦➢♦♦♦

## ကွမ်ရင်မယ်တော်ဘုရား ကယ်တင် မ,စပုံ ကိုယ်တွေ့ဖြစ်ရပ်မှန်

တစ်ခါက တရုတ်ပြည်မကြီးတွင် ယောင်လိန်တိုင်း မင်းကြီးတစ်ဦးရှိလေသည်။ ၎င်းသည် တာဝန်အရ ခရီးလွန် နေစဉ် မိမိ၏ နေအိမ်ကြီးတွင် ထိုစဉ်က ဆရာဝန်ပင် လက်လျှော့ရသော ကျောက်ကပ်ရောင်ရမ်း နာမကျန်း ဖြစ်နေ ရှာသော မိခင်အိုကြီးတစ်ယောက် ကျန်ရစ်ခဲ့လေသည်။

ထိုယောင်လိန်တိုင်း မင်းကြီးသည် တာဝန်ကျရာ အဝေးမြေမှ မိမိနေအိမ်ရှိ အသက် (၇၀)နှစ် နာမကျန်းဖြစ် နေသော မိခင်အိုကြီးအား သတိရပြီး ကွမ်ရင်မယ်တော်၏ ဘေးကင်းရန်ကင်းဂါထာတော်ကို ရွတ်ဆိုတမ်းတ မေတ္တာ ပေးပို့ခဲ့သည်ဆို၏။

ထိုသို့ဂါထာတော်ကို ရွတ်ဆို တမ်းတ မေတ္တာပို့စဉ် မိမိ၏ မိခင်အိပ်ခန်းထဲသို့ (၎င်း၏ မိခင် အိပ်ရာထဲ၌ အိပ် နေစဉ်) ရုတ်တရက်ဆိုသလို မမျှော်လင့်ဘဲ၊ အဝတ်ဖြူ စင်ကြယ်၊ ခန့်ခန့်ညားညား တစ်စုံတစ်ယောက်(တစ်ပါး) သည် အထက်ကောင်းကင်မှ ပျံကြွလာပြီး မိမိ မိခင်ထံသို့ တန်း၍ဝင်လာခဲ့လေသည်။

ထိုစဉ်က အိပ်ခန်းထဲတွင် လျှပ်စစ်မီးထွန်းထား သည့်ဖြစ်၍ ပျံကြွလာသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ သည်ဆို၏။

၎င်း၏ မိခင်မှာ တအံ့တသြ အလန့်တကြားဖြစ်ပြီး အိမ်သားများကို အော်ခေါ်လိုက်သည့် အခါတွင်မှ ထိုပျံကြွ လာသောအရာမှာ ရုတ်ချည်း ပျောက်ကွယ် သွားခဲ့သည် ဆို၏။

**ထိုနေ့ည တစ်ညလုံး ၎င်း၏ မိခင် ခြေဖဝါးယား ခဲ့၏။ နံနက်မိုးသောက်သော် ယောင်ရမ်းကိုက်ခဲလျက်ရှိသော ကျောက်ကပ်နာမှာ သိသိသာသာ သက်သာသွားခဲ့၏။**

ယင်းသည့်နောက်၊ ရက်သတ္တနှစ်ပတ် မကျော်မီ [(၁၄)ရက် မရှိတရှိ] ၊ ထိုအမေအိုကြီး ခံစားခဲ့ရသော ကျောက်ကပ်ရောင်ရမ်းနာမှာ လုံးဝပျောက်ကင်းချမ်းသာ သွားပါတော့သည်။

[ဤသည်မှာ ကွမ်ရင်မယ်တော်အား တမ်းတခဲ့ သည့်အတွက်၊ ကွမ်ရင်မယ်တော်က ဆေးကုသပေးသည့် တန်ခိုးကြောင့် ပျောက်ကင်းချမ်းသာခဲ့ခြင်း ဖြစ်ပါသည်။

သားက ခရီးဝေးမှ ဂါထာတော်ရွတ်ဆို တမ်းတ မေတ္တာပို့စဉ် မိမိနေအိမ်မှ မိခင်အိုကြီး၏ အိမ်ခန်းထဲသို့ ကွမ်ရင်မယ်တော် ကြွရောက်ဆေးကုပုံအကြောင်း] တိုက်ဆိုင် ပုံကို ထိုတိုင်းမင်းကြီး ခရီးဝေးမှ ခွင့်ရ၍ အိမ်ခေတ္တပြန် ရောက်စဉ် ကျန်းမာသွားသော မိခင်အိုကြီးက ဖွင့်ပြောသဖြင့် အလုံးစုံသိရှိရခြင်း ဖြစ်ပါသည်။

ထိုဖြစ်ရပ်မှာ တကယ့်ဖြစ်ရပ်မှန် ဖြစ်သည့်အတိုင်း နိုင်လုံသည့်မှတ်တမ်း မှတ်ရာများရှိပေသည်။

[ရှေးအခါက တရုတ်ပြည် ယောင်လိန်တိုင်းမင်းကြီး- တုန်စန်းတိုင်း၊ တမန်တော်- ဟုန်ထျန်တိုင်းမင်းကြီး (တီစီရင်)၏ မှတ်တမ်းမှတ်ရာများ ၁၉၂၅/၂၆ နေ့ရော ကာလ] မှုရင်းကို ဖော်ပြလျှင် အောက်ပါအတိုင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းသည်ကား···

遼寧省政府主席.
東三省鹽運使.
奉天省長翟熙仁先生.
(靈異紀实)民國十四年夏.

[ကိုယ်တွေ့ ထူးခြားဖြစ်ရပ်မှန် မှတ်တမ်း]

## ရောဂါပျောက်ကင်းချမ်းသာကြောင်း ကျွန်ုပ်၏ ကိုယ်တွေ့ဖြစ်ရပ်မှန်တစ်ခု

စာရေးသူသည် ဤဆောင်းပါးကို (၂၈-၅-၂၀၀၀) ရက်နေ့ညမှ စရေးပါသည်။ ဤဆောင်းပါးကို မရေးသားမီ (၂၅-၅-၂၀၀၀)ရက်နေ့ နံနက်ကတည်းက နာမကျန်းဖြစ်ပြီး အာခေါင်၊ လည်ချောင်းရောင်ခဲ့ပါသည်။ (၂၈-၅-၂၀၀၀) ရက်နေ့ ဆောင်းပါးရေးသည့်ည ၁၁:၃၀ နာရီအချိန်တွင် အာခေါင် လည်ချောင်း၊ ရောင်ရမ်းလှသဖြင့် ရေပင်သောက်ချ၍မရ။ ရေသောက်ချလျှင် မျိုချလျှင် အာခေါင်၊ လည်ချောင်း ပို၍ပင် နာကျင်လာပါသည်။

သို့ဖြစ်သော်ငြားလည်း စာရေးသူသည် ဤဆောင်းပါး ကွမ်ရင်မယ်တော်၏ ဘေးကင်း ရန်ကင်း ဂါထာတော်ကို တရုတ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ဆို၊ အနက် အဓိပ္ပါယ်ဖွင့်ဆို ရေးသားခဲ့ရာ ဆောင်းပါးတစ်ဝက်ခန့် ရေးပြီးသည့်အခါ ဆက်မရေးနိုင်တော့။

ခဏအနားယူနေစဉ် အစာပြေ အစားအစာတစ်ခုကို စားသောက်ပြီး ရေများ သောက်ချလိုက်သည့်အခါတွင်မူ မူလက အာခေါင် လည် ချောင်းနာကျင်သည့် ဝေဒနာများ ဘယ်ရောက်သွားမှန်း မသိ၊ ထူးခြားစွာ သက်သာပျောက်ကင်း သွားလေ၏။ ထိုအခါ စာရေးသူက မယုံကြည်သေးသဖြင့် ရေများကို ဆက်ခါ၊ ဆက်ခါ အကြိမ်ကြိမ် သောက်ချကြည့်မိပါသည်။ မနာတော့။ တံတွေးများကိုလည်း ခဏခဏ မျိုကြည့်မိ၏။ မနာတော့ပေ။

"ဟ" ထူးဆန်းလိုက်သည့်ဖြစ်ခြင်း။ စာရေးဖွဲ့တင်ပြခြင်းမှာ မစွမ်းနိုင်တော့ပေ။

[ဤသည်ကားလည်း ကွမ်ရင်မယ်တော်က တန်ခိုးဖြင့် ဆေးကုပေးခြင်းပင်ဖြစ်ပါသည်။ ကိုယ်တွေ့ဖြစ်ရပ်မှန် ဖြစ်ပါသည်] ·····(စာရေးသူ)

ဆက်လက်ဖော်ပြပါမည်····

ကေတီအောင်သိန်း
(ရန်ကုန်တက္ကသိုလ်)


Ref by : (မှီငြမ်းကိုးကားချက်)

(၁) လင်ရောင်ခြည် ဘာသာရေးမဂ္ဂဇင်း
Nei Ming Magazine
Hong Kong
၁၉၇၉ ခုနှစ်၊ မေလ (၁)ရက်နေ့ ထုတ်ဝေ၊
အတွဲအမှတ် (၈၆)
内明月刊 (86)期.


(၂) ကွမ်ရင်မယ်တော်၏ တန်ခိုးဣဒ္ဓိဝိခနှင့် ကိုယ်တွေ့ ဖြစ်ရပ်မှန်များ ပေါင်းချုပ်။
တရုတ်ပြည်မကြီး ဖူးကျန့်ပြည်နယ်၊ ဗုဒ္ဓဘာသာ ကျမ်းစာအုပ်၊ စာပေထုတ်ဝေရေးဌာန၊
(၁၉၉၃) ခုနှစ်

(၃) ရန်ကုန်မြို့ တရုတ်ဗုဒ္ဓဘာသာအသင်းမှ ထုတ်ဝေသော ကွမ်ရင်မယ်တော်ဂါထာတော်နှင့် ဖြစ်ရပ်မှန် စာတမ်း (မှတ်စု)
(၁၉၅၅/၅၆ ခုနှစ်)




www.burmeseclassic.com

www.burmeseclassic.com



# အမြတ်ဆုံးကုသိုလ်

ကောင်းစံဟိန်း(ဖန်နေဝန်း)

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီး မြတ်ဗုဒ္ဓသာသနာတော်တွင် လောကီလူသားများ အားလုံးတို့အတွက် အမြတ်ဆုံး ရတနာသုံးပါးဟူ၍ သတ်မှတ်ထားရှိခဲ့ပါသည်။ ထိုအမြတ်ဆုံး ရတနာသုံးပါးကို ဗုဒ္ဓဘာသာဝင်များအားလုံး သိရှိထားပြီး ဖြစ်ကြပါတယ်။ ထိုရတနာသုံးပါးမှာ ...

ဘုရားရတနာ ။ ဗုဒ္ဓမြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်များကို ဖြည့်ကျင့်ပြီး လောက၌ဗုဒ္ဓဟု ပွင့်ပေါ်မူလာခြင်းဖြစ်သည်။ကိလေသာဟူသမျှ ကင်းစင်ပြီး လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံထိုက်သူလည်း ဖြစ်သည်။ သိစရာမှန်သမျှကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် သိမြင်တော်မူသည်။ ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့်လည်း ပြည့်စုံတော်မူသဖြင့် လောကသုံးပါးတွင် အမြတ်ဆုံးဖြစ်သည်။

တရားရတနာ ။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ် လေးဆယ့်ငါးဝါပတ်လုံး လူနတ်ဗြဟ္မာသတ္တဝါအားလုံး၏ ကောင်းကျိုးချမ်းသာအတွက် ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကုန်သော တရားဓမ္မတို့သည် အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာရတနာ၊ မဂ္ဂင်ရှစ်ပါးရတနာ အစုလည်းဖြစ်၏။ ထိုမဂ္ဂင်ရှစ်ပါးတရားအစုသည် မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်သို့ ဆိုက်ရောက်စေနိုင်သော အမြတ်ဆုံး ကုသိုလ်အကျိုးတရားများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ရရှိနိုင် သည်။

**သံဃာရတနာ** ။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်များနှင့်အညီ ကျင့်ကြံအားထုတ်ပွားများပြီး၊ မြတ်စွာဘုရား၏ သာသနာ (အဆုံးအမ)မှာ အရိယာသံဃာဟူ၍ ကိလေသာကင်းစင်သော အမြင့်မြတ်ဆုံး ရဟန္တာများအထိ ပေါ်ထွန်းခဲ့ကြသည်။ မြတ်စွာဘုရားသာသနာတော်မှာ အမြင့်မြတ်ဆုံး သံဃာ့အဖွဲ့အစည်းအဖြစ် မြတ်စွာဘုရားကိုယ်တိုင်က ချီးမြှင့်ထားခဲ့သည်လည်း ရှိပါသည်။

– သောတာပတ္တိမဂ်ပုဂ္ဂိုလ်နဲ့ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊

– သကဒါဂါမိမဂ်ပုဂ္ဂိုလ်နဲ့ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၊

– အနာဂါမိမဂ်ပုဂ္ဂိုလ်နဲ့ အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊

– အရဟတ္တမဂ်ပုဂ္ဂိုလ်နဲ့ အရဟတ္တဖိုလ်ပုဂ္ဂိုလ်

ဟူ၍ အစုံအားဖြင့်လေးစုံ၊ အရေတွက်အားဖြင့် အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့မှာ အမြတ်ဆုံးသော သံဃာ့အဖွဲ့အစည်းပင် ဖြစ်ကြပါသည်။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက်တွင်လည်း ထိုသံဃာ့အဖွဲ့အစည်း ထေရ်ကြီး၊ ဝါကြီး ရဟန္တာကြီးများကပင် ဦးစီးဦးဆောင်ပြုကာ မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အဆင့်ဆင့်သော သင်္ဂါယနာ တင်ဆောင်ခြင်းတို့ဖြင့် ထေရ်စဉ်ဝါလိုက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့သည်မှာ ယခုချိန်ထိပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ထေရဝါဒဗုဒ္ဓသာသနာမှာ အမြတ်ဆုံးသံဃာအဖြစ် ရပ်တည်နေနိုင်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

အထက်က ဖော်ပြခဲ့သော အမြတ်ဆုံးရတနာသုံးပါး အပါအဝင် လောကီလူသားများ ကိုးကွယ်ပူဇော်နိုင်ရန် အမြတ်ဆုံးစေတီဟူ၍လည်း သတ်မှတ်ထားရှိခဲ့ပေသည်။ ထိုလေးမျိုးသော စေတီများမှာ

**ဥဒ္ဒိဿစေတီ** ။ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော မြတ်စွာဘုရားသခင်အား သက်တော်ထင်ရှားရှိနေသကဲ့သို့ ရည်မှန်းပူဇော်ခြင်း။

**ဓာတုစေတီ** ။ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော မြတ်စွာဘုရားနှင့် ရဟန္တာများ၏ ဓာတ်တော်မွေတော်များကို ဌာပနာပြု၍ ကိုးကွယ်ပူဇော်ခြင်း။

**ပရိဘောဂစေတီ** ။ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော မြတ်စွာဘုရားနှင့် ရဟန္တာများ၏ အသုံးအဆောင်ဖြစ်သော ရေသနုတ်၊ သင်္ကန်း၊ သပိတ်၊ တောင်ဝှေး စသည်တို့ကို ဌာပနာပြု၍ တည်ထားကိုးကွယ်ပူဇော်ခြင်း။

**ဓမ္မစေတီ** ။ ဓမ္မစေတီပေါင်း ရှစ်သောင်းလေးထောင်ဟု ဆိုအပ်သော ပိဋကတ်သုံးပုံ စာပေပရိယတ္တိ ကျမ်းဂန်များကို ဌာပနာပြု၍ စေတီတည်ထားပြီး ကိုးကွယ်ပူဇော်ခြင်း။

ထိုလေးမျိုးသော စေတီတော်မြတ်များမှာ မြတ်စွာဘုရားသာသနာတွင် ဗုဒ္ဓဘာသာဝင်များ ကုသိုလ်ပွားများရာလည်း ဖြစ်သလို၊ မဂ်ဉာဏ်ဖိုလ်ပေါက် နိဗ္ဗာန်သို့ ရောက်သည်အထိ ကျင့်ပွားအားထုတ်နိုင်သော မဂ္ဂင်ရှစ်ပါးနည်းလမ်းကောင်းများလည်း ဖြစ်ပါသည်။

ထိုကဲ့သို့ ဘုရား၊ တရား၊ သံဃာ အမြတ်ဆုံးရတနာသုံးပါးနှင့် ဆင့်ပွားစေတီလေးဆူတို့အား ပူဇော်ခြင်းမှာ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် လောကလူသားများ ထိုရတနာသုံးပါးတို့၏ ဂုဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ အပေါင်းတို့အား ရည်မှန်းပွားများ ကိုးကွယ်ပူဇော်ခြင်းသည် "ဥဒ္ဒိဿစေတီ"မည်၏။ မိမိခန္ဓာကိုယ်တွင်း၌ စေတီတည်ထားခြင်းလည်းမည်၏။ သရဏဂုံတည်ခြင်းလည်းမည်၏။

ထိုကဲ့သို့ပင် မိမိဉာဏ်ဖြင့် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ မမြဲသောသဘောတရားတို့ကို ရှုပွားဆင်ခြင်ပြီး စိတ်အစဉ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခြင်းဖြင့်လည်း မိမိခန္ဓာကိုယ်တွင်း၌ "ဓမ္မစေတီ" တည်ထားခြင်းလည်း ဖြစ်ပါသည်။ ထိုကဲ့သို့ စိတ်အစဉ်ကို တရားဓမ္မတို့၏ သွန်သင်ဆုံးမမှုကြောင့် အမှားနဲ့အမှန်၊ အကုသိုလ်နဲ့ ကုသိုလ်၊ ပညတ်မှ ပရမတ်သဘောတရားများကို သုတမယဉာဏ်အမြင်မှာ ထင်မြင်သိရှိ နားလည်လာမည် ဖြစ်ပါသည်။

ခန္ဓာကိုယ်တွင်း စေတီတည်ထားခြင်းဆိုသော "ဥဒ္ဒိဿစေတီ"နဲ့ "ဓမ္မစေတီ"တည်ထားကိုးကွယ်တည်ဆောက်ကြခြင်းမှာလည်း ပထမဦးစွာ ဖော်ပြခဲ့သော အမြတ်ဆုံးရတနာသုံးပါး ဦးထိပ်မှာထားလျက် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဟူ၍ သရဏဂုံသီလဆောက်တည်ခြင်းပင် ဖြစ်သည်။ ထိုသရဏဂုံ သီလသုံးပါးကိုပင် အတန်းအစားအားဖြင့် လေးမျိုးခွဲခြားပြီး ပွားများတည်ဆောက်ကြသည်လည်း ရှိပါသည်။ ထိုသရဏဂုံလေးမျိုးမှာ ...

**၁။ အတ္တ သန္နိ ယျာတန သရဏဂုံ (ပထမတန်းစား)**

အဇ္ဇအာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿနိယျာဒေမိ။

အဇ္ဇအာဒိံကတွာ အဟံ အတ္တာနံ ဓမ္မဿနိယျာဒေမိ။

www.burmeseclassic.com

အဇ္ဈအာဒိကတွာ အဟံ အတ္တာနံ သံဃဿနိယာဒေမိ။

ယနေ့မှစ၍ ဘုရား၊ တရား၊ သံဃာ အကျိုးအတွက် မိမိ၏အသက်နှင့် ခန္ဓာကိုယ်ကို အပ်နှင်းကိုးကွယ်ပါ၏။

၂။ တပ္ပရာယန သရဏဂုံ (ဒုတိယတန်းစား)

အဇ္ဇအာဒိကတွာ အဟံ ဗုဒ္ဓပရာယဏော တိမ်ဓာရေထ။

အဇ္ဇအာဒိကတွာ အဟံ ဓမ္မပရာယဏော တိမ်ဓာရေထ။

အဇ္ဇအာဒိကတွာ အဟံ သံဃပရာယဏော တိမ်ဓာရေထ။

ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာအားသာလျှင် ကိုးကွယ်ပါမည်။ အခြားတွင် ကိုးကွယ်ရာ မပြုတော့ပါ။

၃။ သိဿဘာဝူပ ဂမန သရဏဂုံ (တတိယတန်းစား)

အဇ္ဇအာဒိကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော တိမ်ဓာရေထ။

အဇ္ဇအာဒိကတွာ အဟံ ဓမ္မဿ အန္တေဝါသိကော တိမ်ဓာရေထ။

အဇ္ဇအာဒိကတွာ အဟံသံဃဿ အန္တေဝါသိကော တိမ်ဓာရေထ။

ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာတို့၏ တပည့်အဖြစ် ခံယူပါမည်။ အခြားအခြားသော ဘာသာအယူဝါဒ ဆရာများ၏ တပည့်အဖြစ်ခံယူခြင်း မပြုတော့ပါ။

၄။ ပါဏိပါတ သရဏဂုံ
(စတုတ္ထတန်းစား)

အဇ္ဇအာဒိကတွာ အဟံ အဘိဝါဒန ပစ္စုပ္ပဋ္ဌာန အဉ္ဇလီကမ္မ သာမိစိကမ္မံ ဗုဒ္ဓဿယေဝ ဝတ္တုံသာ ကရောမိ။

အဇ္ဇအာဒိကတွာ အဟံ အဘိဝါဒန ပစ္စုပ္ပဋ္ဌာန အဉ္ဇလီကမ္မ သာမိစိကမ္မံ ဓမ္မဿယေဝ ဝတ္တုံသာ ကရောမိ။

အဇ္ဇအာဒိကတွာ အဟံ အဘိဝါဒန ပစ္စုပ္ပဋ္ဌာန အဉ္ဇလီကမ္မ သာမိစိကမ္မံ သံဃဿယေဝ ဝတ္တုံသာ ကရောမိ။

ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာအားသာလျှင် ရှိခိုးခြင်း၊ လက်အုပ်ချီမိုး အရိုသေပေးခြင်း၊ ခရီးဦးကြိုပြုခြင်း၊ နေရာပေးခြင်းများကို ပြုပါတော့မည်။

ဤကဲ့သို့ သရဏဂုံသုံးပါးက(စတုဟိနရေဟိ)လေးပါးသောနည်းတို့ဖြင့် ကိုးကွယ်ဆည်းကပ် ပူဇော်မှုရှိသည်ဖြစ်သော် အောက်ပါအကျိုးများကိုလည်း အမှန်ပင် ရရှိကြမည်ဖြစ်ပါသည်။

ဆင်းရဲအားလုံးကို ပယ်ပျောက်စေခြင်း။ ကျရောက်မည့် ဘေးအန္တရာယ်များ ပယ်ပျောက်စေခြင်း။ အပူသောက ဟူသမျှတို့ ငြိမ်းအေးစေခြင်း။ ပတ်ဝန်းကျင်အနှောင့်အယှက်ဆိုးများမှ ကင်းဝေးစေခြင်း။ သေလွန်လျှင် မကောင်းသောအယူ၊ မကောင်းသောဘဝ (ငရဲ,တိရစ္ဆာန်, ပြိတ္တာ,အသူရကာယ်)တို့မှ လွတ်ကင်းပြီး ကောင်းသော သုဂတိဘုံဌာနများသို့ ရောက်ရခြင်းများ ဖြစ်ကြပါသည်။

ထိုကဲ့သို့ ဘုရား တရား သံဃာ အမြတ်ဆုံး ရတနာသုံးပါးကို "ဥဒ္ဒိဿစေတီ"ရည်မှန်းပူဇော်ခြင်း၊ "ဓမ္မစေတီ" ဘုရားဟောသော တရားတော်များ အတိုင်း ကျင့်ကြံအားထုတ် ပွားများခြင်း တို့သည် မိမိခန္ဓာကိုယ်တွင်း စေတီတည်ခြင်းဖြစ်သလို သရဏဂုံကို အသက်ထက် ဆုံးတည်နေခြင်းလည်း ဖြစ်ပါသည်။ အလျဉ်းသင့်လို့ ကျေးဇူးတော်ရှင် တောင်ပုလူဆရာတော်ဘုရားကြီး၏ "ရာသက်ပန်သရဏဂုံ"၏ မိန့်မှာချက်ကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

"ခါတိုင်းဆောက်တည်ခဲ့တဲ့ သရ ဏဂုံကတော့ အခိုက်အတန့်ဖြစ်လို့ ယ ဆောက်တည်ရတဲ့ သရဏဂုံက တစ် ကြိမ်တစ်ခါတည်း ဆောက်တည်ကာမှ ဖြင့် တစ်သက်လုံး အသက်ဆုံးသည့်တိုင် အောင် မြဲတည်တဲ့သရဏဂုံပဲ။ ဘာ ကြောင့်ဝုံးဆိုတော့ ဘုရား,တရား,သံဃာ ဟု ဆိုအပ်တဲ့ ရတနာသုံးပါးဆိုတာ လောကမှာ ဒီထက် အထွတ်အထိပ် အမြင့်မြတ်ဆုံးဆိုတာ မရှိတော့ဘူး။ အဲဒီ လို အထွတ်အထိပ် အမြင့်မြတ်ဆုံးဖြစ်တဲ့ ရတနာသုံးပါးကို "အတ္တသမံ မေမံနတ္ထိ" ဆိုတဲ့အတိုင်း မိမိအချစ်ဆုံးဆိုတဲ့ မိမိရဲ့ ခန္ဓာကိုယ်ကို အပ်နှင်းပြီးသကာလ လှူ ဒါန်းပူဇော်ရတဲ့ အကျိုးကြောင့် ဘယ် ကုသိုလ်နဲ့မှမတူဘူး။ အမြတ်ဆုံး ကုသိုလ် ပဲဖြစ်တယ်"

နောက်တစ်ခုက "သရဏံ ဂမနံ မဟာပုညံ" သရဏဂုံစိတ်ဖြင့် သရဏဂုံ တည်နေခြင်းဟာ မဟာကုသိုလ်စိတ်ဖြစ် တယ်လို့ တောင်ဖီလာဆရာတော်ဘုရား ကြီးရေးသားတော်မူခဲ့တဲ့ "ယသဝဍ္ဎန" ကျမ်းမှာ မိန့်ဆိုထားတာရှိပါတယ်။

စာရှုသူ သူတော်ကောင်းများအနေ ဖြင့်လည်း အမြတ်ဆုံး ရတနာသုံးပါးကို "ဥဒ္ဒိဿစေတီ"ရည်မှန်းပူဇော်ပြီး"ဓမ္မ စေတီ" (ဝါ) သရဏံဂုံတည်ခြင်းဖြင့် အမြတ်ဆုံးကုသိုလ်ကိုရရှိကာ အမြတ်ဆုံး နိဗ္ဗာန်သို့ ကူးမြောက်နိုင်ကြပါစေလို့ .။

သဗ္ဗေသတ္တာ ဒုက္ခာ မုစ္စန္တု

ကောင်းစံဟိန်း(ဖန်နေဝန်း)



www.burmeseclassic.com

www.burmeseclassic.com

# အမြင်မှာနိမိတ်၊ အတိတ်မှာလက်ဆောင် အသံမှာတဘောင်

ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာသည် ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း ဩဘာနိမိတ်ထွန်းသည့် တောင်ကျွန်းဖြစ်ပါသည်။

ဤစကြဝဠာတွင် အရှေ့ကျွန်း၊ အနောက်ကျွန်း၊ တောင်ကျွန်း၊ မြောက်ကျွန်းဟူ၍ ကျွန်းကြီးလေးကျွန်းရှိရာ ကျွန်ုပ်နေထိုင်ရာ ဤကမ္ဘာသည် ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း ဖြစ်သဖြင့် ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း၊ ဩဘာနိမိတ်ထွန်းဆိုသည့်အတိုင်း 'အမြင်မှာနိမိတ်၊ အတိတ်မှာလက်ဆောင်၊ အသံမှာတဘောင်' ဟူ၍ ဖြစ်ပေါ်လာပါသည်။

ရှေးပညာရှိကြီးများသည် လွန်စွာထူးခြား အံ့ဩဖွယ်ရာကောင်းလှသော ပညာရပ်များအဖြစ် အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဓာတ်၊ သိုက်၊ ဗျာဒိတ်၊ အိပ်မက် စသည်တို့ကို မှတ်သားဖွယ်ရာအဖြစ် တင်ပြထားခဲ့ပါသည်။

တဘောင်ဆိုသည်မှာ 'ယံဥပ္ပဇ္ဇိဿတိ၊ တံပဋိစ္စဘာဝတီတိ' ဟူ၍ တဘောင်ဟာဂီတာ၊ အကြွင်သီချင်းသည်၊ ယံ–အကြွင်အမှုကိစ္စ တစ်စုံတစ်ခုကို ပဋိစ္စစွဲ၊ ဘာထာ–ဖြစ်ပေါ်လာတတ်၏။ ဣတိ–ထို့ကြောင့် တဘောင်မည်၏ဟူ၍ နောင်အခါ၌ ဖြစ်ပေါ်လတ္တံ့သော အကြောင်းကိစ္စကိုစွဲ၍ ရှေ့ပြေးဖြစ်ပေါ်လာသော သီချင်းကို တဘောင်ဟု ဆိုပါသည်။

အထူးအားဖြင့် နတ်များက လူတို့အား သတိပေးသောအားဖြင့် နှုတ်တွင်ကပ်မှီ၍ဆိုသော သီချင်းများကို တဘောင်ဆိုသကဲ့သို့၊ အရူးနှုတ်ထွက်၊ သဘင်သည်နှုတ်ထွက်၊ ကလေးနှုတ်မှထွက်သော သီချင်းများကို ဆင်ခြင်သုံးသပ်၍ အကျိုးဖြစ်ပေါ်လတ္တံ့သည်ကို ဖွင့်ဆိုသော ပညာရပ် ဖြစ်ပါသည်။

တဘောင်ဆိုသည်မှာ နောင်၌ ဖြစ်ပေါ်လတ္တံ့သော အကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာခြင်းမျိုး ဖြစ်၍ တစ်နည်းအားဖြင့် ကံ၏ရှေ့တော်ပြေးအဖြစ် ဆင်ခြင်သုံးသပ်နိုင်ရာသည်ဖြစ်၍ နာရီလက်တံရှည်က ရှေ့ပြေးဖြစ်ကာ၊ လက်တံတိုက အစဉ်နောက်မှ လိုက်သကဲ့သို့ ဖြစ်ပါသည်။ ကံက ရှေ့ပြေးဖြစ်၍ နိမိတ်တဘောင်တို့က နောက်လိုက်ဖြစ်သည်။ လူတို့ မကောင်းမှုကံက အားကြီးလျှင် မကောင်းသော တဘောင်က နိမိတ်တို့ ဖြစ်ပေါ်တတ်၍ ကောင်းမှုအားကြီးလွန်းလျှင် ကောင်းကျိုးသုခဖြစ်ပေါ်ခံစားရရန် ကောင်းသော တဘောင်နိမိတ်တို့ ဖြစ်ပေါ်လာတတ်သည်။

မကောင်းသော တဘောင်နိမိတ်တို့ ဖြစ်ပေါ်လာလျှင် ကိုယ်ကျင့်တရားလက်ကိုင်ထား၍ ကုသိုလ်မှုတို့ကို ပြုကျင့်နေထိုင်ပါက ထိုတဘောင်နိမိတ်တို့မှာ အကျိုးပေးနိုင်စွမ်း မဖြစ်တော့ဘဲ အချည်းနှီးဖြစ်စေတတ်သော တဘောင်နိမိတ်ချည်း ဖြစ်ကုန်တတ်ကြပါသည်။

ကောင်းမှုပြုက ကောင်းကျိုးရမည်ဖြစ်၍၊ မကောင်းမှုပြုက မကောင်းကျိုးရဖြစ်ပါသည်။ မြတ်စွာဘုရား ဟောကြားထားသည်မှာ ''သဗ္ဗေသတ္တာ ကမ္မသကာ၊ ကမ္မံသတ္တေ ဝိဘဇ္ဇတိ'' ဟူသည့်အတိုင်း သတ္တဝါမှန်သမျှ မိမိပြုလုပ်သော ကံသာလျှင် အကြောင်းဖြစ်သည်။ အတိတ်၊ တဘောင်၊ နိမိတ် စသည်တို့ကိုသာ ဖွတ်မှိတ်ယုံကြည်လျှင် ကံ၊ ကံ၏အကျိုးတရားကို လုံးဝပစ်ပယ်ရာရောက်သဖြင့် မိစ္ဆာဉာဏ်နှင့်ယှဉ်သည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိအယူဟု ဆိုရပါမည်။ ထိုအတိတ်၊ နိမိတ်၊ တဘောင်တို့ကို ကံ၏ နိမိတ်မျှသာ၊ ကံနှင့်ယှဉ်တွဲ၍ ယူဆတတ်လျှင် သင့်လျော်သော အယူအဆ ဖြစ်နိုင်သည်ဟု ဆိုရပေမည်။

ထို့ကြောင့် အင်းဝခေတ် စာဆိုပညာရှိအကျော် ရှင်မဟာရဋ္ဌသာရက အတိတ်၊ နိမိတ်၊ တဘောင် စသည်တို့၏ အကျိုး,အပြစ်သည် ပညတ်မျှသာဖြစ်၍ မူလဘူတမှာ ကံသာလျှင်ဖြစ်ကြောင်းကို 'စတုဓမ္မသာရကိုးခန်းပျို့'တွင် စပ်ဆိုထားသည်။

၎င်းပညာရပ်တို့နှင့် ပတ်သက်၍

ကျိုက်တော်ခင်မိုးအေး(ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com

လုံးလုံးလည်းမပစ်ပယ်ဘဲ ဆင်ခြင်သုံးသပ်၍ ရှောင်သင့်က ရှောင်၊ ဆောင်သင့်က ဆောင်လျှင် လောကီပညာရပ်တွင် ကောင်းစွာအသုံးချနိုင်မည် ဖြစ်ပါသည်။

### တဘောင်၏ပြယုဂ်

၁။ ပုဂံကောင်းစားစဉ်က ရှင်ကျော်လေးပါးပေါ်မည့်အခါတွင် ထိုရှင်ကျော်လေးပါးကိုရည်၍ ပေါ်ခဲ့သော တဘောင်ကား "ဘုရားရှစ်သောင်း၊ လေးထောင်ဆောင်း၍ ကိန်းအောင်းစံရန်၊ ဓမ္မခဏ်သည်၊ သံတောင်ဖြိုးမြင့်၊ စွင့်လိမ်းလေး" ဟူ၏။

၂။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ အထွတ်အမြတ်မရောက်မီ ပေါ်လာသော တဘောင်ကား "အမယ်ကြီးနှင့် ဘကြီးထား၍၊ လားလားမနိုင်၊ သောကြာသားက စကားနိုင်၊ သံတိုင်ကျောက်ခဲ၊ ပဲနှင့်ပြောင်းကို၊ ဟောင်းလျှင်ပစ်၍၊ အသစ်ရှာပါလေလား၊ သောကြာသား"ဟူ၏။

၃။ အလောင်းမင်းတရားကြီး လွန်ပြီးနောက် လေးဆက်မြောက် စဉ့်ကူးမင်း အညာသီဟတောဘုရားဖူးကြွခိုက် ညီတော် ဖောင်းကားစားက ရောဝတီမြစ်တွင်ချ၍ ဖောက်ဖျက်လုပ်ကြံခါနီးတွင် ထွက်ပေါ်လာသောတဘောင်ကား "တဝဲရယ်တဲ့၊ တလယ်လယ်၊ ရေပေါ်မှာငက်ကယ်၊ နားစက်ပါဘိ"ဟူ၍ လှေလှော်သမားများက သီဆိုကြသည်ဟူ၏။

၄။ ပဉ္စမမြောက် ကုန်းဘောင်ဆက် အမည်ခံမျှဖြစ်သော ခြောက်ရက်နှင့် တစ်မွန်းတည့် နန်းစံရသည့် ဖောင်းကားစားအတွက် ပေါ်လာသော တဘောင်ကား "မန်ကျည်းပင်တောင်ကိုင်း၊ ဖျိုင်းနားကို ပြွတ်တိုက်ပြွတ်တိုက်၊ အမယ်လေး မလာအား၊ လူငှားနှင့်လွှတ်လိုက် လွှတ်လိုက်"ဟူ၏။

၅။ အလောင်းမင်းတရားကြီးလွန်ပြီးနောက် ဒုတိယမြောက် ကုန်းဘောင်မင်းဆက် နန်းတက်မည့်အခါ ထိုမင်းကိုရည်၍ ပေါ်လာသော တဘောင်ကား "ပန်ပါတဲ့ ပန်ပါ၊ ရွှေမင်းဝံတောင်ပေါ်ထိပ်က၊ လူပျိုတော်မောင်စံအိပ်ကယ်၊ ပန်းဆိတ်၍လာ"ဟူ၏။

၆။ ဘိုးတော်ဘုရားလက်ထက်က ကုလားဖြူများ လာရောက်မွေးမြူသောအခါ ပေါ်လာသော တဘောင်ကား "ဖြူးဖြူး ဖြူးဖြူးနှင့် ပမုံနှင့် ပျို့သခင်၊ ဆေးတံနှင့် ချော့လာက ပြောပါနှင့်ရှင်"ဟူ၏။

၇။ ကုန်းဘောင်မင်းဆက် နောက်ဆုံးမင်းဖြစ်သည့် သီပေါမင်း ထီးနန်းမတက်မီ ပေါ်လာသော တဘောင်ကား "ရွှေမိုးရွာလို့ မအေး၊ ငွေမိုးရွာလို့ မအေး၊ ပဌမပြန်ရှင်လူထွက် နန်းတက်မှအေး"ဟူ၏။

၈။ သီပေါမင်းပါတော်မူခါနီးတွင် ပေါ်လာသော တဘောင်ကား "တုံးအောက်က တီတွန်၊ လူလွှန်မသား၊ မုန့်ဆီကြော်အလယ်အက်၊ ပြည်ဖျက်မည့်သား"ဟူ၏။

၎င်းတို့မှာ တဘောင်၏ ပြယုဂ်များသာ ဖြစ်ပါသည်။ 'တဘောင်'ဟူသည်မှာ စနည်းကဲ့သို့ ဗိဒ္ဒါန်ခြင်းမရှိဘဲ အလိုလိုပေါ်လာသော နိမိတ်မျိုးဖြစ်လေရာ ရူးသောသူ၊ ပွဲလမ်းသဘင်၊ ကလေးသူငယ်တို့မှ ပေါ်တတ်သည်။

ဘိုးတော်ဘုရားလက်ထက် အယူတော်မင်္ဂလာပညာရှိ ထင်ရှားမည်ဖြစ်လျှင် ကြခတ်ရုံရွာ၌ သန္ဓေတည်လာသည့်အခါ၌ "ကြခတ်ရုံချုံကြား၊ ရွှေကျေးလိမ္မာနားပါလို့လေး နားသည့်ကျေးသား တံခွန်ဖျား ကိုက်ထားချိုကာ မြန်းပါလို့လေး"ဟူ၍ သူငယ်တို့မှ တဘောင်ပေါ်ကြ၍ ကြခတ်ရုံရွာ၌ ပညာရှိတစ်ယောက်ဝင်လာပြီး ၎င်းပညာရှိသည် တိုင်းကျော်ပြည်ကျော် လတ္တံ့ဟု ပညာရှိတို့ နိမိတ်ဖတ်ဖူးကြောင်း ဆိုပါသည်။

ပြည်မြို့ ပွင့်လှသိမ်ကုန်း၌ ဆရာတော်ဘုရား လာနေမည့်အခါ "မမဘေး မယ်မမုန်း၊ ပွင့်လှသိမ်ကုန်း၊ နွယ်ဖဲဝတ် ဆာပါလှနှင့် လိုက်ပါရစေ၊ နေပါဦး ပွင့်လှသိမ်ကုန်း"ဟူ၍ တဘောင်ပေါ်ဖူးရာ မှန်ကြောင်း ဆိုပါသည်။

ဤတဘောင်၊ နိမိတ်ဖတ်ပုံနည်း ဟူ၍ တဘောင်ပေါ်လာသောအခါ အရာဌာနကို ထောက်ရှုဆင်ခြင်သုံးသပ်၍ နိမိတ်ဖတ်ရာသည်ဟု ဆိုပါသည်။

သိုက်၊ သမိုင်း၊ တဘောင် စသော လောကီအသစ်ထူးတို့ကိုလည်း မပစ်ပယ် အယူလည်းမသီး၊ ဖြစ်တတ်သောသဘောကို ဆင်ခြင်၍ ပစ္စုပ္ပန်ကံကို ပြုပြင်လျှင် ကောင်းကျိုးများ ဖြစ်ပေါ်လာနိုင်ပါသည်။

သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)တွင် ဝသဘမင်းနန်းတက်စဉ်ခါတွင် မင်းကြီးသည် မိမိဇာတာကို ပုဏ္ဏားမြူ ပုဏ္ဏားညီ ပညာရှိတို့အား စည်းဝေးစေလျက် တွက်ချက်စေရာ ပညာရှိတို့က နန်းသက် ၁၂ နှစ်မျှသာ စိုးစံရလိမ့်မည်ဟု လျှောက်တင်ကြသည်။ မင်းကြီးသည် ထိုနန်းသက်ထက် ပိုရှည်ကြာအောင် တတ်နိုင်ကြပါ သလောဟု မေးရာ ပုဏ္ဏားတို့က ရဟန္တာ မထေရ်မြတ်တို့အား လျှောက်ထားမေးမြန်းရာ အသက်ရှည်ကြောင်းဖြစ်သည့် ရေစစ်အလှူ၊ ကျောင်းအလှူ၊ သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးအလှူ ပျက်စီးယိုယွင်းသော ကျောင်း၊ ဇရပ် စသည့် အဆောက်အဦတို့ကို ပြုပြင်ပေး၊ ငါးပါးပဉ္စသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲထိန်းသိမ်းခြင်း၊ ဥပုသ်သီတင်း စသည်တို့ကို ပြုလုပ်သဖြင့် မင်းကြီးသည် ၄၄ နှစ်တိုင် စိုးစံခဲ့ရကြောင်း မဟာဝင်၌ ပြဆိုထားပါသည်။

### ကျိုက်တော်ခင်မိုးအေး(ဘီအေ)

မှတ်ချက် ။ အဋ္ဌာရသမင်္ဂလာစာအုပ်ကို မှီငြမ်းပြုစုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အမျှဝေ ရစေလိုကြောင်း

ရှင်မိမြတ်

ယမမင်း . . . ယမမင်း။ ဟုတ်တယ်၊ ငါဟာ ယမမင်းပဲ။ စတုမဟာရာဇ် နတ်အမျိုးအနွယ် အပါဝင်ဖြစ်ပေမဲ့ ဝေမာနိကပြိတ္တာတစ်မျိုး ဖြစ်တယ်။ တစ်ခါ တစ်ရံမှာ နတ်စည်းစိမ်ချမ်းသာနဲ့ စံစားရပြီး၊ တစ်ခါတစ်ရံမှာ မကောင်းမှုကံ အကျိုးကြောင့် တခြားပြိတ္တာတွေလိုပဲ ခံစားရတယ်။ ယမမင်းဆိုတာ တစ်ယောက် တည်းရှိတာ မဟုတ်ဘူး။ အများပဲရှိတယ်။ ငရဲဘုံရဲ့ တံခါးလေးဘက်မှာ အစောင့် အဖြစ် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံမှာ ယမမင်း ဆိုတဲ့ ငါရှိတဲ့ဘုံက ငရဲဘုံပေါ့။ ငရဲတောင်မှ ငရဲကြီးရှစ်ထပ်ရှိသေးတယ်။ အဲဒီ ငရဲရှစ်ထပ်မှာ အဝီစိငရဲက အကြီးဆုံးဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ငရဲရောက်လာသူတိုင်းကို စစ်ဆေးရမယ်ဆိုပေမဲ့ ရောက်လာသူတိုင်းအားလုံးကို စစ်ဆေးရတာမဟုတ်ဘူး။ အကုသိုလ်တွေများလွန်းတဲ့သူဆိုရင် တစ်ခါတည်း သက်ဆိုင်ရာ ငရဲကို သွားကြရတော့တယ်။ အကုသိုလ်နည်းပါးတဲ့သူများကျတော့ လွတ်ရာလွတ်ကြောင်း ကုသိုလ်ကောင်းမှုလေးများ ရှိလေမလားဆိုတဲ့ မျှော်လင့်ချက်ကို ထားစေပြီး ယမမင်းထံမှာ စစ်ဆေးမေးမြန်းတာကို ခံရတယ်။ လူတို့ဌာနေမှာ မိမိ၏ ပြစ်မှုအတွက် အယူခံဝင်သလိုပေါ့။ ဒါကြောင့် (ဉပရိပဏ္ဏာသ၊ ဒေဝဒူတသုတ်မှာ) ယမမင်းဆိုတာ တရားအမှန်ဖြစ်စေရန် ပြုလုပ်ပေးတဲ့သူပါ။

ငရဲပြည်မှာ ငရဲထိန် တွေလည်း ရှိတယ်။ နတ်ဘီလူး၊ နတ်ယက္ခတွေပေါ့။ ငရဲထိန်းတွေရဲ့ အလုပ်က အနည်းငယ်သော အကုသိုလ်ဖြင့် ကျရောက်လာတဲ့သူကို ယမမင်းထံ ပို့ပေးရတယ်။

အကုသိုလ်ကြီးမားပြီး ငရဲကျရောက်တဲ့သူများကို လက်မရွံ့အာဏာပါးကွက်သားတွေက ရက်စက်ကြမ်းကြုတ်တဲ့အပြစ်ကိုပေးတဲ့အနေနဲ့ သတ်ပုတ်ရိုက်နှက်ကြတယ်။

ကိုင်း . . . ကျုပ်တို့ ယမမင်းတွေအနေနဲ့ ယမမင်း စစ်တမ်းထုတ်ရတယ်။ (ဒေဝဒူတသုတ္တန်ပါဠိတော်အလာ) ကျုပ်တို့ထံ ကိုရောက်လာတဲ့ ငရဲသားတွေကို ဒေဝဒူတငါးမျိုးကို ဖော်ပြစစ်ဆေးရတယ်။ (ဒေဝ=ယမမင်း၏၊ ဒူတ–တမန်တော်)

ယမမင်း ။ ။ မောင်မင်း . . . လူ့ပြည်မှာတုန်းက မိမိ၏ ကျင်ကြီးကျင်ငယ်ထဲ၌ လူးကာလိမ့်ကာ သုတ်သင်နိုင်ဘဲ နေရရှာသော ကလေးငယ်တို့ကို တွေ့ဖူးပါသလား။

ငရဲသား ။ ။ တွေ့ခဲ့ပါသည်။

ယမမင်း ။ ။ မိမိကိုယ်တိုင် နားလည်သော အရွယ်သို့ ရောက်သောအခါ ကလေးများကို ကြည့်ရှုပြီး ငါသည် ဘာမျှနားမလည်ရှာသေးသော ယခုလို ကလေးသူငယ်ပြန်ဖြစ်ဖို့ရာ နောင်ခါ ပဋိသန္ဓေနေခြင်းသဘောကို မလွန်နိုင်အံ့တကား။ ယခုကပင် ကိုယ်,နှုတ်,စိတ်များကို စောင့်စည်းလျက် ကောင်းကောင်းနေမှသာ တော်လေမည်ဟု အကြံအစည်များမဖြစ်ခဲ့ဘူးလား မောင်မင်း။ (အလွန်ကြင်နာစွာမေးမိသည်။)

ငရဲသား ။ ။ တဏှာရမ္မက် မောဟဇောတက်၍ မေ့လျော့နေသည့်အတွက် ကုသိုလ်ကောင်းမှုဘက်၌ စိတ်မဝင်စားဘဲ မေ့လျော့နေမိပါသည်။

ယမမင်း ။ ။ မောင်မင်း . . . မကောင်းမှု၊ ကောင်းမှု ကုသိုလ်၊ အကုသိုလ်ဆိုသည်မှာ ဆွေမျိုး ဉာတကာက ပြုပေးသည်မဟုတ်။ မောင်မင်း ကိုယ်တိုင်ပြုခဲ့သည်သာဖြစ်၍ မေ့လျော့သူ တို့ ထုံးစံအတိုင်း မိမိ၏ အပြစ်ဒဏ်ကို မိမိ သာခံရမည်။

ကျုပ်လည်း ကလေး၊ ပြီးတော့ သူအို၊ သူနာ၊ သူသေ အကျဉ်းသားတို့ကို ညွှန်ပြပြီး ကုသိုလ်၊ အကုသိုလ်များနဲ့ပတ် သက်ပြီး ငါးကြိမ်တိုင်တိုင် မေးခဲ့တယ်။ သတိမရသေးဘူးဆို လျှင်တော့ "ကဲလေ . . . ကောင်းပြီ။ လူ့ဘဝမှာ ကုသိုလ် ကောင်းမှု ပြုတဲ့အခါမှာ ကျုပ်ယမမင်းကိုရော အမျှဝေဖူးရဲ့လား" အဲဒီလိုမေးတဲ့အခါမှာ မိမိဘာသာသတိရပြီး ကုသိုလ်ကောင်း မှုကို သတိရလျှင်တော့ ကောင်းရာသုဂတိကို ပို့ပေးလိုက်တယ်။ ကုသိုလ်များများပြုထားတဲ့သူအဖို့ အနိုက်အတန့်လေးသာ (သေခါနီးအချိန် အယူမှားသွားသည့်အတွက်) ငရဲ၌ ခံစားရပြီး ငရဲမှ လွတ်မြောက်ကာ ကောင်းသောဘုံသို့ ရောက်ရလေသည်။

ယမမင်း ကျုပ်တို့လည်း လူ့ပြည်ကလူတွေ ပြုပြုသမျှ ကောင်းမှုကုသိုလ်အဝဝကို အမျှပေးဝေတာ ခံယူချင်ပါတယ်။ သာဓုခေါ်ချင်ပါတယ်။ ဒါကြောင့် မမေ့မလျော့ဘဲ ကုသိုလ် ကောင်းမှုတွေ ပြုတဲ့အခါမှာ ဝေနေယျသတ္တဝါအပေါင်းနှင့်တကွ ယမမင်းဆိုတဲ့ အခေါ်အဝေါ်သုံးပြီး ကျုပ်တို့ကိုလည်း အမျှဝေ ပေးပါ . . . ။

ရှင်မိမြတ်

(အရှင်ဇနကာဘိဝံသ၏ ကိုယ်ကျင့်အဘိဓမ္မာ)





www.burmeseclassic.com

www.burmeseclassic.com



# လူ့ပြည်တွင် ပထမဦးဆုံးဖြစ်သောနတ်

သရောသီဟစကြာစိုးမြင့် (ပွဲကျောင်း)

ကမ္ဘာဦးမှ သိကြားဖြဟ္မာတို့သည် လူတို့၏ အဆိုးအကောင်း၊ အကျိုးအကြောင်းဖြစ်စေသော သုံးဆောင်အပ်၊ မသုံးဆောင်အပ်၊ တနင်္ဂနွေ၊ တနင်္လာ၊ တန်ခူး၊ ကဆုန် စသည်တို့ကိုလည်းကောင်း၊ တစ်နှစ်,နှစ်နှစ် စသည်တို့ကိုလည်းကောင်း။ သိကြားမင်းသည် ပညတ်သောကြောင့် သင်္ကြာရာဇ (ဝါ) သက္ကရာဇ်ဟူ၍ ဆိုကုန်၏။

ဤသို့ဖြင့် ကာလရွေ့လျား၍ သား၊ မြေး၊ မြစ်တို့ ပွားများ၍ ဖြဟ္မာပြည်က ပုဏ္ဏားကား ဗေဒင်အတတ်ပညာ တတ်သောကြောင့် ပုဏ္ဏားဖြင်ံသတည်း။ ပုဏ္ဏားသားကား ရသေ့ဖြစ်သတည်း။ ရသေ့ဟူသည်ကား အမိအဘတို့ထက် ထူးကဲ၍ ပညာရှိသောကြောင့်လည်းကောင်း၊ ထူးမြတ်သောအကြောင်းအကျိုး၊ ကျင့်ကြံနိုင်သောကြောင့်လည်းကောင်း ရသေ့ဟူ၍ ခေါ်ကုန်သတည်း။

တစ်နေ့သောအခါ (မဏိဥာဏ) အမည်ရှိသော ရသေ့သည် စကြဝဠာတံတိုင်း၌ ရေးလျက်ရှိသော အထူးထူးသော ယတြာ၊ ယာယီ၊ ဗေဒင် အတတ်တို့ကို မြဲမြံစွာ လေ့ကျက်၍ လူ့ပြည်သို့ ကောင်းကင်ခရီးဖြင့် ပျံသွားရင်း လမ်းခရီးတွင် မိမိအသက် စုတိစိတ်ကျမည့် (သေမည်)ကို သိ၍ ထိုခရီးကြားတွင် (ကဝိလမိုင်း)နှင့် သူ၏မယား လာသည်ကိုမြင်၍ ဤသူသည် အရိုးအဆစ်ပြေခြင်း၊ အဆင်းအဝါလည်း ကောင်း၏။ စုံသောလက္ခဏာအင်္ဂါလည်း ရှိ၏။ မယားလည်း မွန်မြတ်သောအဆင်းကို ဆောင်သည်ဟု မြင်၍ ရသေ့သည် ကဝိလမိုင်းအား မြေဖြင့်ခဲစေ၍ ရသေ့ကပင်လျှင် ကဝိလမိုင်းထံ ဆေးကုမည့်ဟန်ဖြင့်လာ၍ ကဝိလမိုင်းအသက်ထွက်စေပြီးမှ မိမိအသက်

www.burmeseclassic.com

ကို ပြောင်း၍ ကဝိလမိုင်းသို့ ဝင်လေ၏။

ဤကဲ့သို့ ရုပ်ပြောင်းပြီးမှ မိမိရသေ့အလောင်းကို ကောင်းစွာသဂြိုဟ်၍ ကဝိလမိုင်းမယားကိုပင် မယားပြု၍ ကဝိလမိုင်းဟူသော အမည်ဖြင့် လူ့ပြည်တွင် ဗေဒင်၊ ယတြာ၊ ယာယီတို့ကို ကျော်စောထင်ရှားစွာ ဟော၍ လူတို့အား ကောင်းသောနေ့ရက် မင်္ဂလာအခါကို စောင့်၍ ပေး၏။

ကဝိလမိုင်းသည် လူတို့အား နေ့ရက်မင်္ဂလာအခါကို ပေးသည်မြင်၍ သိကြားမင်းလည်း လူယောင်ဆောင်လျက် "ရှင်ကဝိလမိုင်း . . . ယခုအခါ သိကြားနတ်ပြည်မှာ ရှိသလော၊ မရှိသလော"ဟု မေးလေသော် ကဝိလမိုင်းသည် တွက်ချက်၍ မရှိဟု ဆိုပေ၏။ "သိကြား ဘယ်အရပ်မှာရှိသနည်း"ဟု မေးပြန်၏။ ကဝိလမိုင်းလည်း ပြန်တွက်၍ လူ့ပြည်မှာရှိ၏ဟု ပြန်ဖြေ၏။ လူ့ပြည်မှာ သိကြားအဘယ်သို့ နေဟန်နေသနည်းဟု မေးပြန်၏။ ကဝိလမိုင်း တစ်ခါထပ်၍ တွက်ပြီး "သိကြားသည် သစ်တုံးထက်တွင် ထိုင်လျက် ခြေတစ်ဖက်ကို ကွေး၍ ခြေတစ်ဖက်ကိုဆန့်၊ လက်တစ်ဖက်ကိုထောက်၍ လက်တစ်ဖက်ကို နှုတ်ခမ်းကိုဖုံးလျက် ရွှင်သောမျက်နှာနှင့်နေသည်ဟု ဆို၏။ သို့သော် သင်နေသည်နှင့် သိကြားနေသည် နီးသလော၊ ဝေးသလောဟု မေးပြန်၏။ ကဝိလမိုင်းသည် စင်ကြယ်စွာ အတောင်အထွာနှင့် ချင့်တွက်၍ ကြည့်သော် နီးကြောင်းသိမှ မော်၍ကြည့်ပြီး သိကြားကိုမြင်၍ သင်သည် သိကြားမင်းဟု ဆိုပေ၏။

ထိုအခါမှ သိကြားမင်းသည် ကိုယ်ကို ထင်ရှားစွာပြ၍ ကဝိလမိုင်းကို ဗေဒင်ကျမ်း၌ နှံ့စပ်စွာတတ်ကြောင်း၊ မတတ်ကြောင်းကို အထူးထူး ခက်ခဲစွာ အမေးပုစ္ဆာပြ၍ တွက်ဟောစေမှ အကြောင်းကို သိပြီးသော် မိမိဘုံဗိမာန်နတ်ပြည်သို့ ပြန်သွားပြီးလျှင် နတ်သမီး၊ နတ်သားတို့အား လူ့ပြည်မှာ ကဝိလမိုင်းအမည်ရှိသောသူသည် ဗေဒင်တတ်၍ ခပ်သိမ်းသောသူတို့၏ ဗျာပါကို ဖျောက်၍ ချမ်းသာကို ရှာပေသောအကြောင်းကို ပြောဟောချီးမွမ်း၍နေစဉ် ပါရမီသွာနတ်မင်း၏သား အာသီမည်သော ဗြဟ္မာမင်းသည် လာ၍ သိကြားမင်းအား ဘယ်အကြောင်းကို ဆိုသနည်းမေး၏။ သိကြားမင်းလည်း လူ့ပြည်မှာ ကဝိလမိုင်းအမည်ရှိသောသူသည် ဗေဒင်၊ ယတြာ၊ ယာယီ မှန်ကန်စွာတတ်ကြောင်းကို ပြောဟောသည်ဟု ဆိုပြန်လေ၏။

ထိုအခါ ဗြဟ္မာမင်းသည် သိကြားမင်းအား တစ်နှစ်ဖို့ နှစ်နှစ်ဖို့တွင် အဘယ်ရက်သည် သုဉ်းသနည်းဟု မေးလေ၏။ သိကြားမင်းကလည်း သင်္ကြန်ရက်ကို (၇) နှင့်စား၊ ကြွင်းသောရက်လျှင် တစ်နှစ်လုံး လူတို့ရှောင်ရသော ရက်သုဉ်းဟူပေ၏ဟု ဖြေကြားလေ၏။ ဗြဟ္မာမင်းကလည်း မဟုတ်ပေဟု ပြန်ပြော၍ သင်္ကြန်တည်၊ တစ်ဆယ့်နှစ်ခုမြှောက်၊ ရှစ်ခုစား၊ ကြွင်းသောရက်ကား ရက်သုဉ်းဖြစ်၏ဟု ဆိုကုန်၏။

ကဲ . . . ဒါဖြင့် သင်နှင့်ငါ ငြင်းခုံကြသောစကားကို လူ့ပြည်က ကဝိလမိုင်းကို ပုံပြု၍ မေးအံ့ဟု ဆုံးဖြတ်ကြပေသည်။ သိကြားမင်းကလည်း သင်နိုင်လျှင် ငါ့လည်ကို သင်ဖြတ်၊ ငါနိုင်လျှင် သင့်လည်ကို ငါဖြတ်မည်ဟု ဆုံးဖြတ်၍ လူ့ပြည်သို့ဆင်းကာ ကဝိလမိုင်းထံ လောင်းတမ်းပြုကြောင်း စကားရင်းကို ပြောပြကြကုန်၏။

ကဝိလမိုင်းဆရာက သိကြားမင်းဆိုသည့်အတိုင်း မှန်၏။ ဗြဟ္မာမင်းဆိုသည်ကား လွဲပေ၏။ သင်္ကြန်တည်၊ ခုနစ်စား၊ အကြွင်းသုဉ်းသော်ကား ထိုတစ်နှစ်လုံးလုံး လူတို့သည် အမှုမင်္ဂလာမျိုး မဆောင်အပ်ဟူ၍သာ စကြဝဠာတံ[...] မှာရှိသည့်အတိုင်း နေ့သုဉ်းမရှိဟု [...] သည်။ ထိုကဝိလမိုင်းဆိုမှ သိကြား[...] နှင့် ဗြဟ္မာမင်းသည် စကြဝဠာတံ[...] မှာ သွား၍ကြည့်လေသော် ကဝိလ[...] ဆိုသည့်အတိုင်း မှန်သောကြောင့် က[...] လမိုင်းထံသို့ ပြန်ခဲ့၍ အဆုံးအဖြတ်[...] သော် ဗြဟ္မာမင်းရုံး၍ ဗြဟ္မာမင်းလည်[...] သိကြားမင်း စက်နှင့်ဖြတ်ကာ ဦးခေါ်[...] ဝေးစွာလွင့်စေ၏။ သို့သော် ကဝိလမိုင်း[...] ကို သိကြားမင်းဆို၏။ ဗြဟ္မာမင်းဦးခေါ[...] ကို ထားစရာခက်လှသည်။ ကောင်း[...] တွင်ထားသော်လည်း မိုးခေါင်အံ့၊ သမုဒ္ဒ[...] တွင်ချသော်လည်း ရေခန်းအံ့၊ လူ့ပြည်[...] ထားသော်လည်း မြေအားလုံး ကျက်[...] သစ်ပင်တို့သေပေအံ့။ ယင်းသို့ ဖြစ်သော[...] ကြောင့် သင်သွား၍ မြောက်စူးစူ[...] ဦးခေါင်းပြု၍အိပ်သော ကိုယ်ကြီးသော[...] သတ္တဝါ၏ ဦးခေါင်းကိုဖြတ်၍ ယူခဲ့[...] ဆို၏။ ကဝိလမိုင်းလည်း သန်လျက်[...] ထမ်း၍ ရှာလေသော် ဝိဂ်လဟူသော[...] ဆင်ပြောင်ကြီး အိပ်နေသည်ကို ဖြတ်[...] သိကြားမင်းအား ပေးလေ၏။ သိကြား[...] မင်းလည်း ဗြဟ္မာကိုယ်နှင့် ဝိဂ်လဆင်[...] ဦးခေါင်းကို ဆက်၍ ရေစင်ဖျန်းပေးသော[...] အသက်ရှင်ပေ၏။

ဗြဟ္မာကိုယ်နှင့် ဆင်ဦးခေါင်းကို[...] ၍ ဗြဟ္မာကို မဟာပြု၍ ဝိဂ်လကို ဝိန[...] ပြုကာ မဟာဝိန္နဲဟု သမုတ်ကုန်၏။ က[...] ဦးကပင် အစပြု၍ သိကြား၊ ဗြဟ္မာ[...] အငြင်းအခုန်ဖြစ်ရာမှ ကဝိလမိုင်း အဆုံး[...] အဖြတ်ဖြင့် လူ့ပြည်တွင် ပထမဦးဆုံး[...] နတ်ဖြစ်သူမှာ မဟာဝိန္နဲနတ်ပင် ဖြစ်သ[...] တည်း။

ဆရာသီဟစကြာစိုးမြင့်
(ပွဲကျောင်း)



www.burmeseclassic.com

www.burmeseclassic.com

# ပုဂ္ဂိုလ်ထူးပေးတဲ့ ကူးတို့ခဆန်း

## မော်တင်သိန်းဇော်ဇ

"ဒကာကြီးတို့ ဘုန်းကြီးကို ဟိုဘက်ကမ်းကို ပို့ပေးပါနော်"

ဆောင်းနှောင်းရာသီမြူနှင်းမှုန်တွေကျနေသည့် တစ်ညနေ နွားရိုင်းသွင်းချိန် နေဝင်ရီတရော မိုးချုပ်ခါနီးခန့်ဆီ၌ အိမ်သို့ပြန်၍ အလုပ်သိမ်းကြရန် လှေကို ငုတ်တိုင် သစ်မြစ်တွင် ချည်နေကြစဉ် လှေအငှားလိုက်ရန် လှမ်းအော်လိုက်သည့် စူးရှလှသော အသံတစ်တစ်ရပ် အော်ဒါကို အပေါ်မြစ်နဖူးထက်ဆီမှ ရုတ်တရက် အမှတ်မထင် ကြားလိုက်ကြရ၍လှေခတ်သမားမောင်နှံ ဖိုးလုံးတို့ ဇနီးမောင်နှံနှစ်ဦးမှာ ထိတ်လန့်သလိုပင် ဖြစ်သွားကြရှာကာ နောက်ကြောဘက်ဆီသို့ ဆတ်ကနဲ အမြန်လှည့်ကြည့်လိုက်ရာ လည်ပင်းမှာ ပုတီးအနီကြီးဆွဲထားသော ကုလား ဘုန်းကြီးအိုကြီးတစ်ပါးသည် မြစ်ကမ်းနဖူးထက်ဆီမှ သူတို့ထံသို့ အမောတကော အလျင်စလိုနှင့် ခလုတ်မတိုက်၊ လဲမကျရုံတမယ် ပြေးဆင်းလာသည်ကို တအံ့တသြနှင့်တွေ့မြင်လိုက်ကြရလေသည်။

လှေသမားဖိုးလုံးတို့ ဇနီးမောင်နှံနှစ်ဦးတို့မှာ နေ့ဝင်၍ မှောင်စပျိုးနေပြီဖြစ်သော အခါမတော်ကြီးအချိန်မှာ မငှားစဖူး မကြုံစဖူးဖြစ်သလို တစ်ခါမျှလည်း မတွေ့၊ မမြင်ဖူးသည့် ထူးဆန်းသော မျက်နှာစိမ်းညှော့သည် ကုလားဘုန်းကြီးအို ကြီးကို မမျှော်လင့်ဘဲ ရုတ်တရက်ကြီး တွေ့လိုက်ရ၍ အဆန်းတကြယ်အဖြစ် ခံစားအံ့သြမိရင်း ဘုန်းကြီးအိုကြီးကို မော့ ကြည့်နေစဉ်မှာပင် သူတို့ရှေ့ဆီကိုရောက်လာသော ကုလားဘုန်းကြီးအိုကြီးက ဆက်လက်၍ ချိုသာသိမ်မွေ့သော အပြုံးကလေးနှင့် -

"သိပ်အရေးကြီးလို့ပါ။ အမြန်ပဲပို့ ပေးပါ။ ပိုက်ဆံပေးပါ့မယ်"

ဟု ဖိုးလုံးတို့ မောင်နှံအား ထပ်မံကာ ပြောဆို တောင်းဆိုလာပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖိုးလုံး၏ ဇနီးမှာ မိန်းမဖြစ်သူပီပီ စိုးရိမ်တတ်၊ တွေးပူကာ ကြောက်တတ်၍ အချိန်မတော်၊ မှောင်စပျိုးချိန်မှာ ပို့ပြီး အပြန်ခရီးမှာ ခင်ပွန်းသည်အနေဖြင့် မြစ်လယ်မှာ တစ်စုံတစ်ခုဘေးဥပဒ်ကြုံ တွေ့ရင်ဆိုင်ရမှာကို တွေးပူတွေးကြောက် မိ၍ ကုလားဘုန်းကြီးဖြစ်လျက် နေဝင် ခါနီးအချိန်မတော်မှာ လှေလာငှားသည်ကို မနှစ်သက် မကြိုက်။ ခင်ပွန်းသည်ဖြစ်သူကိုလည်း လိုက်ပို့ခြင်းကို သဘောမကျ။ မလိုမတူဘဲ ငြိုငြင်ညစ်ညူးသည့် အသွင်အပြင် အမူအရာများပင် ပေါ်ထွက်ကာ ပြသလေသည်။ အခြေအနေမှန်ကို ရိပ်စားသတိချပ်မိသော လှေငှားသည့် ကုလားဘုန်းကြီးအိုကြီးက ဖိုးလုံးအား -

"ဒကာကြီးရယ်၊ ဘာမှမဖြစ်စေရပါဘူး။ အရေးကြီးတုန်း ဘုန်းကြီးကို လိုက်ပို့ပေးလို့လည်းကျေးဇူးပြုပါ့မယ်။ အကျိုးရှိစေရပါ့မယ်။ အမြန်ဆုံးသာ ပို့ပေးတော့နော်"

ဟု တောင်းပန်တိုးလျှိုးရင်း ထပ်ကာ ပူဆာပြောဆိုလာပြန်ရှာလေသည်။

ဖိုးလုံးသည် နဂို စိတ်နှလုံးကောင်းသူဖြစ်သလို သံဃာတော်ကို ကုသိုလ်ယူချင်လို၍ တစ်ကြောင်း၊ ကြည်ညိုမိကာ အားနာမိ၍တစ်ကြောင်း၊ ဇနီးသည် ကန့်ကွက်နေသည့်ကြားကပင် ကုလားဘုန်းကြီးအိုကြီးအား လှေပေါ်ဆီသို့ တားမြစ်နေသည့်ကြားကပင် ကုလားဘုန်းကြီးအိုကြီးအား လှေပေါ်ဆီသို့ တရိုတသေပင့်၍ နေရာချပေးကာ သဒ္ဒါ၊ စေတနာ၊ ဂါရဝဗလပွနှင့် ဟိုးအဝေးတစ်ဖက်ကမ်းဆီသို့ အားကုန်ခဲကြိုးပမ်း၍ လှော်ခတ်ကာ ပို့ပေးရှာလေသည်။ လှေပေါ်၌ ကူးခတ်သွားကြစဉ် ဘုန်းကြီးအိုကြီးက ဖိုးလုံးအား စကားတစ်လုံးမျှ မပြော။ ပါးစပ်မှ တတွတ်တွတ်ရွတ်နေသလို လက်ထဲဆီက အနီရောင်ပုတီးကြီးကိုသာ သဲကြီးမဲကြီး တဂျောက်ဂျောက်နှင့် စိပ်နေကာ မျက်လုံးတို့ စုံမှိတ်ထားလေသည်။

အတန်ကြာခန့်ဆီ၌ တစ်ဖက်ကမ်းဆီသို့ ရောက်သွားကြလေသည်။ ကမ်းဆီသို့ လှေထိုးကပ်သော် ဘုန်းကြီးအိုကြီးက ဖိုးလုံး၏ လက်အစုံအား ဖမ်းဆုပ်ကိုင်တွယ်လိုက်ကာ သိမ်မွေ့နူးညံ့ညင်သာစွာနှင့် -

"သာဓုပါ ဒကာကြီးရယ်၊ ကျေးဇူးပါပဲ။ ဘုန်းကြီးပေးတဲ့ငွေကို သုံး၊ ပစ္စည်းကိုလိမ်း၊ထူးလိမ့်မယ်။ ညကြီးမင်းကြီး လိုက်ပို့ပေးတဲ့ကျေးဇူးတွေကို ခံစားရတော့မှာ ဒကာ"

ဟု ဖိုးလုံးအား ကမန်းကတန်း အမြန်ပြောဆိုလျက် ဖိုးလုံးလက်ထဲဆီသို့ ငွေတစ်ကျပ်နှင့် ထူးဆန်းသော ပုလင်းသေးသေးလေးတစ်လုံးကို အသေအချာ ထည့်ပေးပြီး နှုတ်ဆက်ကာ မှောင်အတိကြီးကျနေသော ကမ်းစပ်ဆီသို့ အလျင်စလို အပြေးအလွှားနှင့်ပြေးကြွ သွားဝင်သွားလေသည်။ ဖိုးလုံးသည် ရွာရှိ နေအိမ်တဲကလေးဆီသို့ ပြန်ရောက်သော် ကုလားဘုန်းကြီးအိုကြီးပေးလိုက်သော လှေငှားပို့ခ၊ ကူးတို့ခငွေတစ်ကျပ်ကို ဇနီးသည်အား ပေးလိုက်ပြီး ပုလင်းကလေးကို ဘုရားကျောင်းဆောင်ပေါ်သို့ တရိုတသေ တလေးတစားနှင့် တင်ရှိ၍ ထားလိုက်လေသည်။

ထို့နောက်ပိုင်း လပိုင်းခန့်အကြာခန့်တွင် ရပ်ကျော် ရွာကျော် ဒေသကျော် ထူးခြားဆန်းကြယ် ဖြစ်ရပ်ဆန်းတစ်ခုဆိုသလိုပင် ဖြစ်ပွားခံစားဆန်းပြားရသည့် အကြောင်းနှင့်အကျိုးထူး ဂမ္ဘီရဝင်ဖြစ်ရပ်ဆန်းတစ်ရပ်မှာ ဖိုးလုံးတို့ ဇနီးမောင်နှံနှစ်ဦးတို့မှာ လှေခတ် လှေငှားလိုက်ကောင်းရလာသလို၊ အခြားစီးပွားရေးများသို့လည်း အဆင်မြင့် တိုးတက်အောင်မြင်ပြီး ပြောင်းရွှေ့လုပ်ကိုင်ကြကာ ဒီရေတက်သလို နေ့ချင်းညချင်းနှင့် ကောက်ကာ ငင်ကာ ဆိုသလို သူဌေးသူကြွယ်များအဖြစ်အဆင့်သို့ တိုးတက်ပြောင်းလဲကာ ကြီးပွားချမ်းသာသွားကြခြင်းပင် ဖြစ်လေတော့သည်။

တစ်စွန်းတစ်စမျှ နားစွန်နားဖျားဆိုသလို ကြားကြရ၍ အကဲခတ်ကြရသည်ကတော့ ဖိုးလုံးတို့ ဆုံတွေ့ခဲ့ရသည့် ကုလားဘုန်းကြီးအိုကြီးမှာ ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်သလို ပေးခဲ့သည့် ငွေမှာ သိဒ္ဓိဝင်ငွေပွားဖြစ်ကာ ပုလင်းလေးထဲက ပစ္စည်းမှာလည်း မျက်လုံး၌ ကွင်းကာလိမ်းကျံပါက အရာရာကို ထိုးဖောက်ကာ မြင်နိုင်တွေ့နိုင် သိနိုင်စွမ်းနှင့် စကျွအမြင်ဓာတ်ရသိဒ္ဓိမြောက် ဝိဇ္ဇာနတ်ဆေးမှုန့်ထူးဖြစ်၍ အသုံးချပြီး ကိုဖိုးလုံးတို့ ကြီးပွားသွားသည်ဆိုသော ဂမ္ဘီရဝင် ဖြစ်ရပ်ဆန်းများပင် ဖြစ်ပါတော့သည်။ ကျယ်ပြောနက်ရှိုင်းလှသော လောကပြင်ကျယ်ကြီး၌ ရှေးအတိတ်ပဋ္ဌာန်းရေစက်ပါ၍ သီလ၊ ဘာဝနာ၊ သဒ္ဓါစိတ်ရင်းကောင်း၍ တိုက်ဆိုင်ကြုံတွေ့၍ ပုဂ္ဂိုလ်ထူးတို့ မစခြင်းကို ခံစားတတ်ကြရပါသည်။

လွန်ခဲ့ပြီဖြစ်သော နှစ်ပေါင်းအငတော်ကြာကြာခန့်ဆီက ဖြစ်ရပ်ဆန်း၊ ဖြစ်ရပ်မှန်ဟု သိရှိရပါသည်။ နာမည်ကလွဲ၍ တကယ့်ဖြစ်ရပ်မှန် (တစ်ဆင့်ကြား) ကို ပြန်လည် တင်ပြခြင်း ဖြစ်ပါသည်။

**မော်တင်သိန်းဆော**



www.burmeseclassic.com

www.burmeseclassic.com

# သရဝဏ်နက္ခတ်ဖွားများအတွက်ဟောကိန်း

ကာလီဒါ့ခ်ျ(မြန်မာပြည်)

### သရဝဏ်နက္ခတ်

နက္ခတ်အမှတ်စဉ် ၂၁ နှင့် ၂၂ ကြားတွင် အဘိဇိမည်သော နက္ခတ်တစ်လုံးရှိလေရာ အိမ်ပြည့်အရိပ်နက္ခတ်သာဖြစ်သောကြောင့် အထူးတင်ပြခြင်း မပြုလိုတော့ပါ။ နက္ခတ်ကျမ်းများတွင် နက္ခတ်အမှတ်စဉ် ၂၀ နှင့် ၂၁ ကြားတွင် တည်ရှိသည်ဟု ဖော်ပြကြသည်။ မိမိတို့နှစ်သက်ရာ ယူကြပါကုန်။ သရဝဏ်နက္ခတ်သည် မြန်မာ့နက္ခတ် ၂၇ လုံးထဲတွင် တစ်လုံးအပါအဝင်ဖြစ်ပြီး ဝါယောဓာတ်ကိုစိုးမိုးသည်ဟု ဆိုသည်။ ဤနက္ခတ်သည် ကောင်းကျိုး၊ မကောင်းကျိုးတို့ကို ပဲ့ကိုင်ပေးစေတတ်သော နက္ခတ်ဟူ၍ အဘိဓာန်ဋီကာကျမ်းက ဆိုထား၏။ ရာဇမတ္တဏ်နှင့် လပယသင်္ဂဟကျမ်းများတွင် သုံးလုံး တောင်ဇေးသဏ္ဍာန်ဟု ဖော်ပြထားပြီး၊ အာကာသသျှတ္တရကျမ်း၌မူ သုံးလုံးမြားသဏ္ဍာန်ဟူ၍ ဖြစ်သည်။ လင်္ကာအဆို "သုံးလုံးမြားဟန် သရဝဏ်၊ ရောင်လျှံရွှန်းရွှန်းစို" ဟူ၍ ဖြစ်လေ၏။ သရဝဏ်နက္ခတ်သည် လင်းယုန်ငှက်၏ ဦးခေါင်းပေါ်တွင် ထွန်းလင်းတောက်ပနေသောကြယ်ဖြစ်သည်။ ယင်းကြယ်စုသည် လင်းယုန်ငှက်ပုံသဏ္ဍာန်ထဲမှ အတောက်ပဆုံးကြယ်ကိုဆိုလို၏။ နက္ခတ်ဝလီစဉ် ၂၂ ဖြစ်ပြီး၊ မကာရရာသီပိုင် နက္ခတ်ဖြစ်လေသည်။ ဇန်နဝါရီလ ၂ ရက်မှ ၁၄ ရက်အတွင်း၌ ကျရောက်နေသော အာကာသအပိုင်းအခြားကို သရဝဏ်နက္ခတ်က ပိုင်ဆိုင်ထားသောကြောင့် ထိုနက္ခတ်ပိုင်နက် နယ်နိမိတ်အတွင်းကို စန်းခေါ်စန္ဒာလမင်းကြီး ဖြတ်သန်းသွားနေစဉ် ကြုံကြိုက်မွေးဖွားကြသူများကို သရဝဏ်စန်းယှဉ်နက္ခတ်ဖွားများ (သို့) နက္ခတ် ၂၂ လုံး၌ ဖွားမြင်ကြသူများဟု ခေါ်ကြသည်။ သရဝဏ်နက္ခတ်ရှင်များသည် စိတ်ထားမြင့်မြတ်ကြ၍ ပညာရှိသုခမိန်ကြီးများ ဖြစ်ရအံ့။ လူကြီးလူကောင်းဘဝမျိုးနှင့် ကျော်ကြားထင်ရှားကြအံ့။ အမွေးနံ့သာများကို နှစ်သက်တတ်ပြီး ဆန့်ကျင်ဘက်လိင်တို့၏ အချစ်တော်များ ဖြစ်တတ်အံ့။ ယုံလွယ်သဖြင့် အများ၏ လှည့်ဖြားလိမ်ညာခြင်းခံရတတ်သည်။ ဤနက္ခတ်ရှင်များသည် သက်ကြီးပိုင်း၌ အေးအေးချမ်းချမ်း နေထိုင်ရတတ်ပြီး ဘဝလမ်းခရီး အနိမ့်အမြင့်သည် အောက်ပါအတိုင်း ဖြစ်လိမ့်မည်။

### စိတ်ကူးခံစားမှု

ဤနက္ခတ်ရှင်များသည် စိတ်ထားနူးညံ့သိမ်မွေ့ကြသူများဖြစ်ပြီး၊ အနုပညာရပ်၌ ခံစားချက်ပြင်းပြတတ်သူများ ဖြစ်သည်။ ဘဝခရီးလမ်း လောကဓံတရားများ၌ ရယ်စရာရှိလျှင် ရယ်မောလိုက်၊ ငိုစရာရှိလျှင် ငိုလိုက်၊ ဝမ်းသာဝမ်းနည်း အလိုက်သင့် စုန်ဆန်သွားနိုင်သူများ ဖြစ်ကြသည်မို့ အပူသောကကင်းသူများ ဖြစ်ကြလိမ့်မည်။ ဖြူစင်၍ ကောက်ကျစ်စဉ်းလဲမှုကင်းကြပြီး ပွင့်ပွင့်လင်းလင်း ဆက်ဆံနေထိုင်လိုသူများ ဖြစ်မည်။ အပေါင်းအသင်း ပေါများတတ်ပြီး အရေးကြုံလျှင် မိတ်ကောင်းဆွေကောင်းပေါ်၍ အကူအညီကောင်းများ ရရှိတတ်ကြသလို၊ မိမိတို့ကိုယ်၌ကလည်း အားကိုးအားထားပြုလောက်သူများ ဖြစ်ကြသည်။ ဤနက္ခတ်ရှင်များသည် ဆင်းရဲချမ်းသာ လူမျိုးဘာသာမရွေးနှင့် ပေါင်းသင်းအလွမ်းသင့်တတ်ကြသူများ ဖြစ်ကြ၍ အဆင်မပြေသူများသည် လူ့ခွစာများသာ ဖြစ်ပါလိမ့်မည်။ အမှန်တရားဘက်မှ ရပ်တည်တတ်ပြီး မမှန်မကန်ပြောဆိုလုပ်ကိုင်ခြင်းမျိုးကို မစင်ကဲ့သို့ ရွံရှာမုန်းတီးတတ်ကာ တံစိုးလက်ဆောင်လာဘ်သပ်ပကာရ ကင်းကြသူများဖြစ်မည်။ သရဝဏ်နက္ခတ်ရှင်များသည် ဥပဒေဘောင်၏ အရိပ်အာဝါသခိုလှုံလျက် ဥပဒေဘောင်အတွင်းမှ အေးအေးချမ်းချမ်း နေလိုသော ဆန္ဒရှိသူများ ဖြစ်ကြသည်။

### အလုပ်နှင့်ကြီးပွားရေး

သရဝဏ်နက္ခတ်ရှင်များသည် အနည်းငယ်စိတ်မြန်တတ်သူများ ဖြစ်သော်လည်း အလုပ်တစ်ခုခုကို လုပ်မည်ဟု စိတ်ပိုင်းဖြတ်ပြီးလျှင် ရည်ရွယ်ချက်၊ ယုံကြည်ချက်အပြည့်နှင့် အဆုံးတိုင်အောင် မဖြစ်မနေ လုပ်ကိုင်သွားတတ်မည်။ ဩဇာအာဏာကို ကိုင်သုံးရသော အလုပ်မျိုးထက် မိမိတို့၏ ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ပညာကို စန်းတင်လုပ်ကိုင်ရသော အလုပ်မျိုးနှင့် ပိုမိုဖြစ်ထွန်းအောင်မြင်ပေါက်မြောက်နိုင်လိမ့်မည်။ စိတ်မနောသန့်ရှင်းဖြူစင်သူများ ဖြစ်ကြသောကြောင့် သူတစ်ပါးကို ငွေနှင့်ပစ္စည်း ချေးငှားပေးလျှင် ဆုံးရှုံး



www.burmeseclassic.com

www.burmeseclassic.com

တတ်ပြီး တစ်ပါးသူများအတွက် ငွေရေး ကြေးရေး အာမခံဝင် ပေးလျှင်လည်း အိတ်ကပ်ထဲက စိုက်လျော်ပေးရတတ်သူများ ဖြစ်သည်။ ဤနက္ခတ်ရှင်များသည် ဝန်ထမ်းဖြစ်က အထက် အုပ်ချုပ်သူများက ကြိုက်၍ အထင်ကြီးခံရတတ်ပြီး၊ တန်းတူ နှင့် အောက်လက်ငယ်သားများ အားကိုးပြုခံရသူများ ဖြစ်လိမ့် မည်။ အကယ်၍ ကိုယ်ပိုင်လုပ်ငန်းဖြစ်က အလုပ်ထဲကို ထဲထဲ ဝင်ဝင် လုပ်ကိုင်မိပြီဆိုလျှင် ငုပ်မိသဲတိုင် တတ်နိုင်ဖျားရောက် မဖြစ်မနေ လုံ့လထုတ်၍ ကြိုးစားလုပ်ကိုင်တတ်သူများ ဖြစ်ကြ ၍ အောင်မြင်သည်ကများတတ်သည်။ အောင်မြင်သောလုပ်ငန်း များတွင် သရဝဏ်နက္ခတ်ဖွားများက အများစုဖြစ်နေတတ်သည် ဟု ဆိုသည်။ စကားပလ္လင်များများ မခြွတတ်ဘဲ လက်တွေ့ ပိုင်းကို အားသန်ဦးစားပေး လုပ်ကိုင်တက်သူများ ဖြစ်ကြသည် မို့ အောင်မြင်မှုပန်းတိုင် ဆွတ်ခူးနိုင်ပြီး၊ အထက်တန်းကျကျ နေထိုင်နိုင်လိမ့်မည်။ ဥပဒေပညာရပ်နှင့် ဥပဒေဘက်ဆိုင်ရာ လုပ်ငန်းများနှင့် အောင်မြင်အကျိုးပေးသူများ ဖြစ်မည်။

### အချစ်နှင့် အိမ်ထောင်ရေး

သရဝဏ်နက္ခတ်ရှင်များ၏ အချစ်ရေးသည် ဒေဝါနတ် သိကြားတို့က ဖန်ဆင်းပေးသည့်နှယ် ရေကန်အသင့် ကြာ အသင့် လိုလေသေးမရှိသော ဖူးစာရှင်မျိုးနှင့် ကြုံရတတ်သည်။ ပညာကံအသက်စန်းပြည့်၍ အချိန်တန်သည့်အခါ ဇာတာကံ တရား စီမံပေးမှုဖြင့် ဥစ္စာဂုဏ်ဓနပြည့်စုံသော အမျိုးကောင်း သားသမီးတို့နှင့် ဇလျှားရစ်ပတ် ဘဝကံဆုံ အကြောင်းဆက်နိုင် လိမ့်မည်။ အိမ်ထောင်ပြုပြီးမှ ဥစ္စာစီးပွားကံတက်မည်။ သား သမီးရတနာပေါများ၍ သားသမီးအကျိုး ခံစားနိုင်သူများ ဖြစ်ရ မည်။ သူတော်ကောင်းတရားများကို ကျင့်ကြံအားထုတ်နိုင်ပြီး အမျိုးဉာတိအလယ်၌ ဇာတိပုညဂုဏ်ဓနနှင့် မျက်နှာပန်းလှလှ နေထိုင်နိုင်ကြမည်။ သက်ကြီးပိုင်းရောက်လျှင် ဘုရားတည်၊ ကျောင်းကန်ဇရပ်များကို ဆောက်လုပ်လှူဒါန်းနိုင်ကာ ဘုရား ဒကာ၊ ဒကာမ၊ ကျောင်းဒကာ၊ ဒကာမ ဘဝမျိုးကို ခံယူကြရ ၍ မရောက်ဖူးသော ဘုရားစုံ ဖူးမြော်နိုင်ခွင့် ကြုံရလိမ့်မည်။ သရဝဏ်နက္ခတ်သည် နတ်နှင့်ဆိုင်သော နက္ခတ်ဖြစ်သော ကြောင့် နတ်နက္ခတ်အချင်းချင်း ထိမ်းမြားလက်ထပ်ယူနိုင်ပါ က နေတကဲ့,လတကဲ့သည့်ပမာ ထွန်းပလင်းလက်နိုင်လိမ့် မည်။ အကယ်၍ နတ်နက္ခတ်ချင်း ဆုံစည်းခွင့်မကြုံပါက မည် သည့်နက္ခတ်နှင့်ဖြစ်စေ ထိမ်းမြားဂဟေဆက်နိုင်ပါသည်။

### ပညာရေး

ဤနက္ခတ်ရှင်များသည် ပညာရေး၌ အထူးကောင်းလိမ့် မည်။ သိပ္ပံပညာရပ်ထက် ဝိဇ္ဇာဘာသာရပ်က ပိုမိုအကျိုးပြုနိုင် မည်။ ဥပဒေပညာရပ်၊ အုပ်ချုပ်မှုဆိုင်ရာ ဘာသာရပ်နှင့် ပထဝီ၊ နိုင်ငံရေးဘာသာရပ်များကို သင်ယူတတ်မြောက်ကြခြင်းဖြင့် အသက်မွေးလမ်းကြောင်းနှင့် ကိုက်ညီလိမ့်မည်။

### ကျန်းမာရေး

သရဝဏ်နက္ခတ်ရှင်များအတွက် ကျန်းမာရေး၌ ကြီး ကြီးမားမား ဘေးဥပဒ်မကျရောက်နိုင်ပါ။ မကြာခဏ ဇက်လေး ခေါင်းကိုက်၊ ခေါင်းမူး ဖြစ်တတ်သော်လည်း သေးသေးမွှားမွှား မဆိုသလောက်သာ ဖြစ်လိမ့်မည်။ သက်ကြီးပိုင်းတွင် မဆင်ခြင် လျှင် ဆီးနှင့် နှလုံးရောဂါ ကပ်ငြိဒုက္ခပေးကိန်း ကြုံရတတ် သည်။ ဆင်ခြင်ရမည်။

### ရှောင်ရန်၊ ဆောင်ရန်

လူစိမ်း၊ လူကျက် မျက်နှာမရွေး ပစ္စည်းနှင့် ငွေကြေး ချေးငှားပေးခြင်းနှင့် ငွေကြေးဆိုင်ရာ ကိစ္စများတွင် ကြားဝင် အာမခံပေးခြင်းတို့မှ ရှောင်ရှားရမည်။ တာဝရအဆောင်ဖြစ် သော စိန်(သို့)ကျောက်ဖြူတစ်မျိုးမျိုးကို ရွှေနှင့်ကွင်း၍ ဝတ် ဆင်ထားလျှင် အကျိုးဖြစ်ထွန်းစေလိမ့်မည်။ အနီနှင့် ကြက် သွေးရောင်သည် လာဘ်ပွင့်ကံကောင်းစေမည့် အကျိုးပေး အရောင်ဖြစ်သည်။ ကျန်းမာရေးနှင့် စီးပွားရေးအလုပ်အကိုင် နှင့် အကြံအစည်များ ကျဆင်းညံ့ဖျင်းနေလျှင် တနင်္ဂနွေကြီး ဘုရားတွင် အနီရောင်တံခွန်တိုင် (၇)လက်နှင့် အနီရောင်ပန်း (၇)ပွင့် ကပ်လှူပူဇော် ဆုတောင်းပတ္ထနာပြုလျှင် အဆိုးမှန် သမျှ လွင့်စဉ်ပျောက်ကင်း၍ ကောင်းကျိုးချမ်းသာများ ပြည့်ဝ ဝင်စေလိမ့်မည်။ သရဝဏ်နက္ခတ်ရှင်များသည် ဘဝတွင် တရားသဖြင့် ရပ်တည်ရှာဖွေ လုပ်ကိုင်စားသောက်နေထိုင် သွားကြခြင်းဖြင့် ကြယ်စင်များရံခသော လမင်းပမာ တင့်တယ် ထူးမြတ်သော ဘဝနှင့် နေထိုင်သွားရပါလိမ့်မည်။

နိဗ္ဗာန်ဝါတဖြင့်

**ကာလီဒါ့ချ်(မြန်မာပြည်)**



www.burmeseclassic.com

www.burmeseclassic.com

# ဝိမ္ဘိုဦးသူတော်ကြီး – ၄

လေးသူစံ



"အဇ္ဈတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊
အဇ္ဈတဂ္ဂေ ပါဏုပေတံ ဓမ္မံသရဏံ ဂစ္ဆာမိ၊
အဇ္ဈတဂ္ဂေ ပါဏုပေတံ သံဃံသရဏံ ဂစ္ဆာမိ"

မဟာသရဏဂုံသုံးဆယ် ရွတ်ဖတ်ပူဇော်သံက တောလုံးညံနေခဲ့သည် ...။ တောင်တန်းတွေမှ ပဲ့တင်သံတွေကလည်းပြန်လာနေသဖြင့် လူသုံးဆယ်ကျော်၏ အသံတွေက လူပေါင်းရာထောင်ချီကာ ရွတ်ဖတ်နေသကဲ့သို့ဖြစ်၏။ ရှိုင်ရိုးမအတွင်းသို့ ဝင်ခဲ့ကြပေပြီ၊



www.burmeseclassic.com

www.burmeseclassic.com

ဓမ္မီဦးသူတော်ကြီးက ရှေ့ဆုံးမှဦးဆောင်သွားသည်။ အမျိုးသမီးတွေကို အလယ်မှာထားသည်။ နောက်ဆုံးမှာ အမျိုးသားတွေက စောင့်ကြပ်လိုက်ပါကြသည်။ တောင်ခြေရွာ ကြို့ပင်စုမှ ထွက်ကတည်းက ရိုးမအတွင်းရှိ အစောင့်အရှောက်ပုဂ္ဂိုလ်အပေါင်းတို့အား မေတ္တာပို့ထားကြပါသည်။ ရိုးမအတွင်းသို့ စတင်ခြေချမိသည်နှင့် မဟာသရဏဂုံသုံးဆယ်ကို မပြတ်တမ်းရွတ်ဖတ် သရဇ္ဈာယ်သွားကြရသည်မှာ ဆင်စီးတောင် (စစ်စီးတောင်) ဘုရားကုန်းသို့ မရောက်မချင်းဖြစ်ပါသည်။ အပြန်မှာလည်း ဤသို့ပင်ပူဇော်ကာ ပြန်ကြရသည်မှာ ဦးသူတော်ကြီး၏ စည်းဖြစ်ပါသည်။

ယခုကဲ့သို့ ရိုးမတောင်ကြီးပေါ်သို့ တက်ခဲ့ကြသည်မှာ တပေါင်းလတိုင်း ပူဇော်မြဲဖြစ်သည့် မဟာပဋ္ဌာန်းကျမ်းမြတ်တော်ကို ရွတ်ဖတ်ပူဇော်ကြရန် ဖြစ်ပါသည်။ ဦးသူတော်ကြီးတို့အဖွဲ့သည် တစ်နှစ်လျှင် နှစ်ကြိမ်မှန်မှန် သီတင်းကျွတ်နှင့် တပေါင်းလတိုင်း ရိုးမတောင်၏ ပေသုံးထောင်ကျော်အမြင့်ကို တက်ရောက်ကြ၍ ကိုးရက်စီ အဓိဋ္ဌာန်နှင့် နေခဲ့ကြသည်မှာ ကြာခဲ့လေပြီ။

ရိက္ခာတွေ၊ မီးစက်,မီးချောင်းတွေစသဖြင့် တောင်ပေါ်မှာလိုအပ်မည့်ပစ္စည်းတွေကို သယ်ပိုးသွားကြရင်းနှင့် သရဏဂုံသုံးဆယ်ကို ရွတ်ဖတ်ပူဇော်လာကြပါသော ဦးသူတော်ကြီးတို့အဖွဲ့သည် ဝက်ပုတ်စခန်းသို့ ရောက်ရှိလာခဲ့ကြတော့၏။ သည်စခန်းမှာ စမ်းချောင်းလေးရှိသော်လည်း ယခုလိုအချိန်မျိုးမှာ ရေမရှိတော့ပေ။ သို့သော် နားခိုကြသူအားလုံးမှာ စမ်းအရိပ်နှင့် အေးမြသွားကြ၍ အမောပြေသွားကြရပါသည်။

"ဒစ္စကိုကြီးရေ . . . စမ်းချောင်းထဲမှာ နဂါးက ကဦးမှာလား"

အားလုံးက ဝါးခနဲရယ်လိုက်ကြပါ၏။ အဘဦးသူတော်ကြီးပင် ပြုံးတုံ့တုံ့ဖြစ်သွားခဲ့ရတာမျာ။ ပြီးခဲ့သည့် သီတင်းကျွတ်မီးထွန်းပွဲအတွက် ယခုကဲ့သို့ပင်လာခဲ့ကြရာမှာ ဤစမ်းချောင်းထဲတွင် ဒူးဆစ်ခန့်မျှ ရေရှိနေပါသေးသည်။ သစ်ပင်ကြီးတစ်ပင်က လဲကျနေလျက် စမ်းချောင်းကို ကန့်လန့်ဖြတ်ပြီး တံတားသဖွယ် ဖြစ်နေခဲ့၏။

အားလုံးက ဤသစ်ပင်ကြီးပေါ်မှ ဖြတ်သန်းသွားကြသော်လည်း ဒစ္စကိုမဒွေးဝင်းက သူများထက် ပိုထူးသည်။ စမ်းချောင်းထဲမှ ဖြတ်ချင်သည်ဟုဆို၍ အထုပ်တစ်ထုပ်ကို ကျောပိုး၊ တစ်ထုပ်ကို ခေါင်းပေါ်ရွက်၍ စမ်းချောင်းထဲသို့ ဆင်းလေတော့သည်။

"သတိထားနော် . . . ဒစ္စကိုကြီး"

ဟု သတိပေးနေသည့်ကြားထဲမှာပင် ရေညှိတက်နေသည့် ကျောက်တုံးကြီးကိုနင်းမိပြီး လဲကျသွားလေတော့သည်။ ရေစီးကသန်သောကြောင့် လူးလူးလိမ့်လိမ့်နှင့် မျောပါသွားလေသည်။ မည်သို့မျှ အရှိန်က ထိန်း၍မရ။ ကြို့ပင်စုရွာမှ ကိုသန်းမောင်က စမ်းထဲဆင်းပြီး ရှေ့မှကြိုဖမ်းပေးသဖြင့်သာ ချမ်းသာရာရခဲ့ပါတော့သည်။ ရှေ့ဝါးတစ်ရိုက်ခန့်သာ မျောပါသွားဦးမည်ဆိုပါက ရေတံခွန်နှင့်အတူ ချောက်ထဲကျသွားပေတော့မည်။

စမ်းရေထဲ ယက်ကန်ကန်မျောပါသွားပုံက နဂါးမ ကနေသလိုပါပဲဟု ပြောပြကြသည်။ ဤအဖြစ်ကိုရည်ရွယ်၍ ကျီစယ်နေကြခြင်းပင်။

"အမောပြေလောက်ပါပြီ၊ ခရီးဆက်ကြစို့။ တောကနက်လာပြီမို့ သတိဝီရိယပိုထားကြပါ။ မဟာသရဏဂုံကြီးကို ညီညီညာညာရွတ်ဆိုကြပါ"

ဦးသူတော်ကြီးက တိုတိုတုတ်တုတ်သာပြောပြီး ခရီးဆက်၏။ အားလုံးလည်း မြတ်စွာဘုရားအား အာရုံပြုကြ၍ ဗားမဲ့ဆရာတော်ကြီး၏ သရဏဂုံသုံးဆယ်ကို သံပြိုင်ပူဇော်ကြပြီး ခရီးဆက်ခဲ့ကြပါတော့သည်။

* * * * *

မည်သည့်အချိန်ကတည်းက မည်သို့သောအကြောင်းကြောင့် ပြုခဲ့ကြသည် မသိ . . မသိ။ ဤကျောက်ထပ်စခန်းသို့ ရောက်သည့်လူတိုင်း ကျောက်ခဲတစ်လုံးစီကို ပုံထားခဲ့ရသည့် ကျောက်ခဲပုံကြီးသည် ရောမဖြစ်၍နေလေပြီ။

ဦးသူတော်ကြီးတို့ အဖွဲ့လည်း ကောက်ယူလာခဲ့ကြသည့် ကျောက်ခဲတစ်လုံးစီကို ကျောက်ခဲပုံကြီးမှာ အသာအယာထားခဲ့ကြရင်းနှင့် တောတောင်စောင့်နတ်အပေါင်းနှင့်တကွ ဝသုန္ဒြေမြေစောင့်နတ်မင်းကြီးတို့အား ပြုခဲ့ပြီးသော ပြုဆဲပြုလတ္တံ့သော ကုသိုလ်အပေါင်းတို့ကို အသိပေးအမျှဝေခြင်း၊ မေတ္တာလည်း ပို့ခြင်းနှင့် သစ္စာလည်းပြုခဲ့ကြပါသည်။

မြေနီတောင်စခန်းသို့ ရောက်သွားချိန်မှာတော့ ဆင်စီးတောင်ဘုရားကို ဖူးမျှော်လေးလှမ်းမြင်ကြရပေပြီ။ တောင်တန်းကြီးသည် ဆင်ကြီးတစ်ကောင်ဝပ်နေသည့်ပမာ။ ဆင်ဦးကင်းပေါ်မှာက ထုံးဖြူဖြူနှင့် စေတီ။ ငယ်ပင်ငယ်သော်လည်း အဓိကရဘုရား။ ပဋ္ဌာန်းဆက်တို့က ညောင်ပင်သာရွာမှ ဦးအုန်းမောင်ကို ခေတ်စီး၍ ပြုပြင်နိုင်းခဲ့သော ဘုရား။ ဗားမဲ့ဆရာတော်ဘုရားကြီးကလည်း ဦးသူတော်ကြီးအား အာရုံနိမိတ်တွေပေး၍ ဖွင့်ဖော်ခိုင်းခဲ့သော ဘုရား။ ထို့ကြောင့်လည်း ပေသုံးထောင်ကျော်အမြင့် တောင်တန်းကြီးအား မည်မျှပင်ပန်းပါစေ တက်ရောက်၍ ကုသိုလ်ယူနေကြခြင်းပင်။

တောင်ပေါ်သို့ ရောက်သွားလျှင် အိပ်စရာနေရာ မရှိ။ သက်ငယ်ရွေ့ရိတ်၊



www.burmeseclassic.com

www.burmeseclassic.com

ဝါးတွေခုတ်နှင့် တဲလေးတစ်ခုကို အမြန်ဆောက်ကြရသည်။ သက်ငယ်တွေခင်း၍ အိပ်ကြရသည်။ ထို့ကြောင့် ဦးသူတော်ကြီး၏ သာသနာပြုလုပ်ရပ်အပေါ်တို့မှာ ယုံကြည်ကြသော တပည့်ဒကာအပေါင်းတို့၏ အကူအညီနှင့် ဇရပ်တစ်ဆောင်ကို ဆောက်ဖြစ်ခဲ့ကြ၏။ မှတ်မှတ်ရရဆိုရပါလျှင် ပုသိမ်လေမုန်တိုင်းတိုက်သည့်နှစ်က ဖြစ်သည်။

"ရောက်ပြီကွ ... အောင်ပြီဟေ့ အောင်ပြီ .."

ဘုရားကုန်းပေါ်သို့ ရောက်သွားသည်နှင့် ဦးစွာဘုရားဝတ်ပြုကြပါသည်။ ထို့နောက် ယူဆောင်လာခဲ့ကြသည့် သက်သတ်လွတ် ထမင်းဟင်းများကို စားသောက်ပြီးလျှင် ဘုရားကုန်းနှင့် ဇရပ်ပေါ်ကို သန့်ရှင်းပြုလုပ်ကြကာ ပဋ္ဌာန်းပွဲအတွက် ပြင်ဆင်ကြရပါသည်။ ထိုစဉ် ဇရပ်ပေါ်ရှိ လင့်စင်လေးပေါ်သို့ တက်၍ ပဋ္ဌာန်းအိုးများကို ယူပေးနေပါသော မောင်ကျော်ခမျာ ကတုန်ကယင်နှင့် ဆင်းလာခဲ့သည်။

အောက်မှာနေ အိုးများကို လှမ်းယူနေသူက "ဘာဖြစ်တာလဲ"ဟူသည့် အမေးကိုပင် ချက်ချင်းမဖြေနိုင်။ ဦးသူတော်ကြီးကမေးမှ လင့်စင်ပေါ်သို့ ညွှန်ပြပြီး "ဟိုအိုးထဲမှာ အကောင်ရှည် ... ရှည်"ဟုသာ စကားထစ်နေတော့သည်။

ထိုအခါ ဦးသူတော်ကြီးက ခေါင်းညိတ်၍ လင့်စင်ပေါ်သို့ လှမ်းကြည့်ပြီးလျှင် "ဟေ့ကောင် ... တို့တွေ ပဋ္ဌာန်းပူဇော်မလို့ မှင်းနေရာမင်းနေ"ဟု ပြောလိုက်သည်။ အားလုံးမှာလည်း ကျောက်ရုပ်များကဲ့သို့ ငြိမ်၍ လင့်စင်ပေါ်ကိုသာ ကြည့်နေခဲ့ကြချိန်တွင် သောက်ရေအိုးများကို ပြုလုပ်ထားသည့် ပဋ္ဌာန်းအိုးထဲမှ စပါးကြီးမြွေကြီး ထွက်လာသည်။ မြွေကြီးသည် သူတို့အဖွဲ့ကို လှမ်းကြည့်ပြီးနောက် လင့်စင်ပေးမှာပဲ ခွေနေခဲ့သည်။

"မောင်ကျော် ... မင်းကို သူဘာမှမလုပ်ဘူး။ လင့်စင်ပေးတက် အိုးတွေယူပေး"

မောင်ကျော်ခမျာ ဦးသူတော်ကြီး၏ စကားကို မလွန်ဆန်ဝံ့သဖြင့်သာ စင်ပေါ်သို့ ပြန်တက်ကာ အိုးတွေကို ယူပေးရသည်။ ဇောချွေးတွေထွက်ကာ အသက်ကိုမှ မရှူဝံ့ပေတော့။ စပါးကြီးမြွေကြီးကား တုတ်တုတ်မျှပင် မလှုပ်။

ညရောက်၍ ဇရပ်ပေါ်မှာ တန်းစီအိပ်ကြရသောအချိန်တွင် ယောဂီဒေါ်စန်း၏ အပေါ်တည့်တည့်မှာက မြွေကြီး။ စင်တိုးထားသည့် ပျဉ်ပြားများကြားထဲမှ မြွေ၏ကိုယ်လုံးကြီးက အိကျနေသေးသည်။ စပါးကြီးမြွေဆိုတာ ညှို့ထားပြီး မျိုတာတဲ့။ ငါတို့အားလုံးပဲ အညှို့ခံထားရတာလား။ ဘယ်သူများ ကံဆိုးမှာလဲ။ ငါ ဘာတွေများ တွေးနေမိပါလိမ့်။ ဘာဘဦးသူတော်ကြီး ရှိတာပဲလေ စသဖြင့် စိတ်ယောက်ယက်ခတ်နေရှာပြီး အိပ်မပျော်နိုင်။

မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားပြီး တောကြက်များတွန်သံကြားရလေမှ နိုးလာခဲ့သည်။ ချက်ချင်း လင့်စင်ပေါ်သို့ ကြည့်မိသည်။ မြွေကြီးမရှိပါလေတော့။ "တောင်ပေါ်မှာ အစောင့်ကကြိုနေလိမ့်မယ်။ ဟိုရောက်ရင် သိကြလိမ့်မယ်"ဟု ဤခရီးကိုထွက်ခါနီး ပြောခဲ့သော ဦးသူတော်ကြီး၏ ဆိုစကားကို ယခုမှပဲ အဓိပ္ပာယ်ပေါက်ကြပေတော့သည်။

* * * * *

ပဋ္ဌာန်းရွတ်နေချိန်မှာ သစ်ရွက်ခြောက်များ နင်းလာသံတွေကို ကြားရသော်လည်း အားလုံးမျက်စိမှိတ်ထားကြလျက် လှည့်မကြည့်ခဲ့ကြပေ။ အမျှဝေချိန်တွင် သာဓုခေါ်သံတွေအများကြီးကြားရသဖြင့် ကြက်သီးတဖြန်းဖြန်း။ ပြီးစီး၍ လှည့်ကြည့်မိသောအချိန်တွင် သီလရှင်များကို အုံ့ညြဖွယ်ရာ မြင်တွေ့ခဲ့ကြရ၏။ ပုဂ္ဂိုလ်များ၏ ညွှန်ကြားချက်အရ ဆင်စီးတောင်ဘုရားသို့ လာရောက်ဖူးမြော်ပြီး အလုပ်လုပ်ကြရန် ရောက်လာကြပါကြောင်း။ ဤတောင်သို့အလာခရီးတွင် လှည်းပေါ်မှ လိမ့်ကျပြီး နားရွက်ကွဲသွားကြောင်း။ ထီးလည်းကျိုးသွားကြောင်းတို့ကို ပြောပြပြီးနောက် လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ကြပါသည်။ ထို့နောက်ထီးကျိုးကြီးကိုထားခဲ့ပြီး တောင်အောက်သို့ ပြန်ဆင်းသွားကြပေတော့သည်။

"ဆန်းတော့ဆန်းသား။ သူတို့ရဲ့ ထီးကျိုးကို လှည်းပေါ်မှာပဲ ထားခဲ့ပါတော့လား။ တောင်ပေါ်ကို တကူးတကယူလာပြီးတော့မှ ထားခဲ့တယ် ... အင်း ..."

ညောင်ပင်သာရွာမှ ရသေ့ဦးခင်ညို က ထီးကျိုးကိုဖွင့်ကြည့်ရင်းနှင့် မည်သို့စိတ်ကူးပေါက်သွားသည် မသိ။ ဦးရွှေရိုးအကနှင့် ဘုရားပတ်လှည့်၍ ကပေတော့သည်။ ဦးသူတော်ကြီးပင် ပြုံး၍ကြည့်နေ၏။

"ဘယ်လိုဖြစ်သွားရတာလဲ၊ ရသေ့က ဦးရွှေရိုး ကရသလား"

"ငါလည်း ဘယ်သိမလဲ။ ကချင်စိတ်ပေါက်ပြီးက ပစ်တာပဲလေ"

အချင်းချင်း တီးတိုးပြောဆိုနေကြဆဲမှာပင် လူငယ်တစ်စု အထုပ်တွေထမ်း၍ တက်လာကြသည်။ ကမ်းနားစုရွာမှ ချင်းလူမျိုး ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပါ၏။ တောင်ပေါ်မှ မီးမြင်ရ၍ ဦးသူတော်ကြီးဘုရားရှိခိုးနေပြီဟု သိရကြောင်း။ ဤမျှခက်ခဲပင်ပန်းစွာဖြင့် သွားရောက်ကြ၍ ဒုက္ခခံကာ သာသနာပြုနေကြခြင်းကို ဘာသာမတူသော်လည်း အုံ့ညြလေးစားစိတ်ဖြင့် ဆွမ်းတစ်ရက်စာ ရိက္ခာများ လာရောက်လှူဒါန်းကြပါကြောင်းတို့ကို ပြောပြကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီထီးကျိုးနဲ့ ခင်ညိုတို့ ရွှေရိုးက ကရင် အလှူရှင်တွေရောက်မယ်လို့သာ မှတ်" ဟူသည့် ဦးသူတော်ကြီး၏ မိန့်စကားကို ကြားရလေသောအခါ ...

* * * * *

တပေါင်းလဆိုသော်လည်း ပေသုံးထောင်ကျော် အမြင့်သို့ ရောက်နေကြသဖြင့် ချမ်းအေးနေခဲ့သည်။ ဦးသူတော်ကြီးသည် ပုတီးစိပ်နေရင်းမှ မျက်စိဖွင့်၍ ဇရပ်ပေါ်သို့ လှမ်းကြည့်လိုက်၏။ မြင်ကွင်းကား အသည်းတုန်ဖွယ်ရာပင်။

ဇရပ်ရှေ့တွင် ကြို့ပင်ရွာစုရွာသူ ဒေါ်ခင်စောသည် အရုဏ်ဆွမ်းအတွက် ကောက်ညှင်းပေါင်းနေ၏။ ဒေါ်ခင်စောက ဇရပ်ဘက်သို့မျက်နှာမူကာ ထိုင်နေသည်။ ကောက်ညှင်းနပ်မနပ်ကိုလည်း မြည်းကြည့်နေပါသေးသည်။ သူလုပ်ကိုင်နေပုံတို့ကို နောက်ဘက်မှာ ဆောင့်ကြောင့်ထိုင်၍ စိမ်းစိမ်းကြီးကြည့်နေသူကား ကျားမင်းရာဇာ။ ဦးသူတော်ကြီးသည် ဒေါ်ခင်စောထံသို့ မနော လှိုင်းလွှတ်လိုက်သည်။ ဒေါ်ခင်စောက ဆတ်ခနဲလှမ်းကြည့်လိုက်သည်နှင့် ...

"မယ်ခင်စော ... နောက်ကိုလှည့်မကြည့်နဲ့။ မီးကိုချဲပြီး ချက်ချင်းတက်လာခဲ့"

ဒေါ်ခင်စောလည်း မီးကိုချဲခဲ့ပြီး ဇရပ်ပေါ်သို့ အပြေးတက်သွားရလေ၏။ ဦးသူတော်ကြီးအနားသို့ရောက်မှ ဇရပ်ရှေ့သို့ လှမ်းကြည့်လိုက်ရာ မီးရောင်ထဲတွင် ဝင်းဝင်းတောက်နေသော မျက်လုံးအစုံနှင့် ကျားကြီးကို မြင်တွေ့လိုက်ရတော့၏။ ထိုအခါမှာပင် တဆတ်ဆတ်တုန်နေပေတော့သည်။ ကျားကြီးလည်း ဦးသူတော်ကြီး၏ မေတ္တာစွမ်းအားကြောင့် သိပ်မကြာခင်မှာပင် တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

တစ်ရက်ကလည်း နေ့ဆွမ်းစားနေကြစဉ် "မောင်ကြည် .. မင်းဧည့်သည်တွေ ရောက်နေတယ်၊ ထမင်းသွားကျွေးချေ" ဟု ဦးသူတော်ကြီးကပြောကာ ထမင်းတစ်ထုပ်ပေးသည်။ ရသေ့ဦးကြည်လည်း အင်ဖက်နှင့်ထုပ်ထားသည့် ထမင်းထုပ်ကိုယူကာ ဇရပ်နောက်သို့ဆင်းသွားလေမှ ဝက်ဝံ၊ ဝက်နီတိုးကြီးကို တွေ့လိုက်ရ၏။ ကြောက်ကြောက်နှင့် ထမင်းထုပ်ကိုလှမ်းပေးရာ ဝက်ဝံကြီးက လက်နှစ်ဖက်ဆန့်တန်း၍ ယူပါသည်။ မည်သို့မျှ ရန်မမူဘဲနှင့် ထမင်းထုပ်ကိုသာ စားနေလေတော့သည်။ စားပြီးသည်နှင့် တောထဲသို့ အေးဆေးစွာ ပြန်ဝင်သွားလေမှ ရသေ့ယောဂီအပေါင်းမှာ အသက်ဝဝရှူဝံ့ကြလေတော့သည်။

ပဋ္ဌာန်းကိုးရက်ပူဇော်ပြီး၍ တောင်ပေါ်မှပြန်ဆင်းလာကြရာမှာလည်း ပစ္စည်းသယ်ယူကြသည့် အဖွဲ့တစ်ဖွဲ့ကို ဦးဆုံးဆင်းနိုင်းခဲ့ရာ ရှေ့ဆုံးမှာ ရသေ့ဦးအောင်ရင်ကိုထားပြီး၊ နောက်ဆုံးမှာ သူတော်ပေါက်စ မောင်လေးဝင်းကို ထားရှိခဲ့သည်။

"မဟာသရဏဂုံသုံးဆယ်ကိုသာ အဆက်မပြတ်ပူဇော်သွားကြ။ ဘာသံကြားကြား လှည့်မကြည့်နဲ့။ အခု လူစဉ်ထားတဲ့အတိုင်းသာ သွားကြပေတော့"

ဦးသူတော်ကြီး၏ မိန့်ကြားချက်အတိုင်း ပြန်ဆင်းလာခဲ့ကြရာတွင် မောင်လေးဝင်းမှာ သူတော်ပေါက်စလေးဖြစ်၍ ကြောက်ရွံ့နေရသည့်အထဲမှပင် နောက်ဘက်မှ ခြေသံကြားရခြင်း၊ နှုတ်ခမ်းကို လျှာနှင့်လျက်သံကြားရခြင်းများ ရှိနေခဲ့၏။ ဘာသံကြားကြား လှည့်မကြည့်နဲ့ဆိုသည့် မိန့်ကြားချက်များကြောင့်သာ အားတင်းထားခဲ့ရသည်။ ကြောက်ရွံ့လွန်းလှသဖြင့် တောင်အောက်သို့ မြန်မြန်ရောက်ချင်ဇောသာ ကြီးစိုးနေခဲ့ရပါ၏။ နောက်မှပင် ကျားခြေသံနှင့် ကျားနှုတ်ခမ်းလျက်သံတို့ ဖြစ်နေမှန်း သိခဲ့ရသည်။

"ဘာကြောက်စရာရှိလဲ သူတော်လေးရဲ့။ ဘဘတို့ရဲ့ ပဋ္ဌာန်းပူဇော်ထားတဲ့ ကုသိုလ်တွေ၊ မေတ္တာပို့ထားတဲ့အားတွေကြောင့် ကျားရာဇာတွေကတောင် စောင့်ရှောက်ပြီး လိုက်ပို့ပေးရတာပေါ့"

ဦးသူတော်ကြီး၏ အားပေးစကားတို့က သူတော်ကလေး၏ နှလုံးသားထဲမှာ စွဲမြဲစွာတည်သွားလေတော့သည်။

* * * * *

"သူတော်ပေါက်စလေးရဲ့ ရင်ထဲမှာ အတွေးတစ်ခုက နက်ရှိုင်းစွာဝင်သွားခဲ့ပြီလေ။ ဦးသူတော်ကြီးတောင်မှ ဒီလောက်စွမ်းနေခဲ့ရင် ဦးသူတော်ကြီးရဲ့ ဆရာဖြစ်တဲ့ ကျိုက်ထီးဆောင်းဆရာတော်ကြီးဆို တအားစွမ်းမှာပဲပေါ့။ အဲဒါနဲ့ မောင်လေးဝင်း ဆယ်တန်းဖြေအပြီး ကျိုက်ထီးဆောင်းမှာ ကိုရင်ဝတ်ခဲ့တာ အခုထိပဲပေါ့လေ"

ကျွန်မသည် အန်တီစန်းပြောပြသည့် အကြောင်းအရာတို့ကို နားထောင်နေရင်းနှင့် သူတော်ပေါက်စလေးမှသည် ယခုချိန်တွင် ကျိုက်ထီးဆောင်း သာသနာ့တာဝန်တို့ကို အတွင်းစည်းဖြင့် ဆောင်ရွက်နေပါသော ဘုန်းဘုန်း ဘဒ္ဒန္တဝိသုဒ္ဓအား မြင်ယောင်လာရင်းနှင့် အန်တီစန်းကို ပူဆာရပြန်ပါသည်။

"ဦးသူတော်ကြီးရဲ့ သာသနာပြုပုံတွေအကြောင်းကို ပြောပြပါဦးနော်"

**လေးသူစံ**

www.burmeseclassic.com

# လျှပ်ပန်းခွေနွဲ့ နှင့် ဝက်ခေါင်းတော်

**ဘကြီးဇင်**

၁၉၇၃–၇၄ ခုနှစ်၊ လွန်ခဲ့သော နှစ်ပေါင်း (၄၀)ခန့်က ဖြစ်ပါသည်။

ထိုစဉ်က တောင်ငူတွင်ရုံးစိုက်သော မြန်မာ့သစ်လုပ်ငန်း၊ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ အမှတ်(၅)၊ သစ်မာဒေသ၏ မန်နေဂျာ အစ်ကိုကြီး ဦးတင်သိန်း(နောင်တစ်ချိန် ဒုတိယအထွေထွေမန်နေဂျာ) ဖြစ်ပါသည်။ အမှတ်(၅) သစ်မာဒေသမှာ ရေနီမြို့၏ တောင်ဘက်မှ ပဲခူးမြို့အထိ ပဲခူးရိုးမအရှေ့ခြမ်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတစ်ခုလုံးကို တာဝန်ယူရပါသည်။ အစ်ကိုကြီး ဦးတင်သိန်းမှာ စစ်ကြိုခေတ်က တက္ကသိုလ်လှ(ခေါ်) ဦးမောင်မောင်လှရေးပြီး တက္ကသိုလ်ဖေညွန့် သီဆိုခဲ့သော ရွှေစံပယ်ရုံသီချင်းတွင် မြန်မာဂီတာကို တီးခတ်ပေးခဲ့သည့် (ဂီတာကိုနီ)ဖြစ်ပါသည်။

ဇင်းကာလ တောင်ငူ၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် (ယခုအခေါ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်)ရုံးစိုက်ပြီး တိုင်းမှူးမှာ ဗိုလ်မှူးကြီးခင်အုန်း(နောင် ဗိုလ်မှူးချုပ်၊ စာရေးဆရာ ရာမညကိုကိုနိုင်) ဖြစ်ပါသည်။

ထိုအချိန်က ရန်ကုန်၊ အလုံမြို့နယ်၊ ပြည်သူ့ကောင်စီအတွင်းရေးမှူးဖြစ်သူ ဦးသိန်းထွဋ်(မိခင်ဌာန မြန်မာ့သစ်လုပ်ငန်း၊ ရောင်း/စက်ဌာန၊ လက်ထောက်မန်နေဂျာ) (နောင်တစ်ချိန် မန်နေဂျာ)က အစိုးရရုံးများ၌ စနေနေ့ နေ့တစ်ဝက်ရုံးတက်နေကြရသည်ကို စနေနေ့ တစ်နေ့လုံးရုံးပိတ်ရက်ဖြစ်အောင် တွက်ချက်၍ ပါတီဗဟိုကော်မတီဌာနချုပ်သို့ မတင်ပြရသေးသဖြင့် စနေနေ့ နေ့တစ်ဝက် ရုံးတက်နေကြရပါသည်။

စနေနေ့ ညဦးပိုင်းလောက်တွင် ဂီတဝါသနာရှင် တိုင်းမှူး ဗိုလ်မှူးကြီးခင်အုန်းနှင့် လုံခြုံရေးအဖွဲ့များ၊ အစ်ကိုကြီး ဦးတင်သိန်း၏ နှစ်ထပ်အိမ်ကြီးသို့ ရောက်လာလေ့ရှိကြပြီး မြို့ပေါ်က အရပ်သားအရာရှိများအပါအဝင် တစ်ညလုံး မိုးလင်း သီဆိုကြ၊ တီးကြမှုတ်ကြပါသည်။ မီးရထားဌာနဆရာဝန် ဦးမျိုးအောင်(နောင်တစ်ချိန် မီးရထားဌာနဆေးမှူးချုပ်)၊ အမြတ်ခွန်ဝန်ထောက် ဦးခင်မောင်ကြည်၊ ဂျီအီး ၉၅၈ သစ်ဝယ်ကိုယ်စားလှယ် အဆိုတော် ဦးမောင်မောင်ကြီးတို့ ပါဝင်ကြပါသည်။ တစ်ခါတစ်ရံ တောင်ငူသို့ အလည်အပတ်ရောက်လာတတ်သော အဆိုတော် ဦးမင်းနောင်လည်း ပါလေ့ရှိပါသည်။

အစ်ကိုကြီး ဦးတင်သိန်း၏အိမ်တွင် တည်းခိုပြီး အိမ်ဆောက်ရန် (သစ်)လာဝယ်သော မသီတာနှင့် မိဘနှစ်ပါး ကြုံကြိုက်သောအခါများ၌ မသီတာက သီချင်းများဝင်ဆိုတတ်ပါသည်။ မသီတာမှာ နောင်တစ်ချိန်တွင် အဆိုတော်(ခိုင်ဝါ) ဖြစ်လာပါသည်။

ကျွန်တော်တို့က လူကြီးများအတွက် အစားအသောက်နှင့် လိုအပ်သည်များကို လုပ်ကိုင်ပေးကြရပါသည်။ လုံခြုံရေးအဖွဲ့တွင် ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး(နောင် ဒုတိယဝန်ကြီး၊ မွေး/ရေဝန်ကြီးဌာန)လည်း ပါဝင်ပါသည်။

တီးကြမှုတ်ကြသောအခါ တိုင်းမှူး ဗိုလ်မှူးကြီးခင်အုန်းက တယောထိုးပါသည်။ အစ်ကိုကြီး ဦးတင်သိန်းက မြန်မာဂီတာ တီးပါသည်။ တစ်ခါတစ်ရံ ဆရာကြီးဦးဘသန်း(စောင်း) လည်း ပါဝင်တတ်ရာ ဆရာကြီးဦးဘသန်းက စောင်းတီးပါသည်၊ အဆိုတော် ဦးမောင်မောင်ကြီးက သီချင်းဆိုရင်း စည်းနဲ့ဝါး လိုက်ပါသည်။

သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် ဆိုကြရင်း၊ စကားတပြောပြော ပြောကြရင်းက လျှပ်ပန်းခွေနွဲ့ အစချီသီချင်းဆိုရန် ဦးမောင်



www.burmeseclassic.com

www.burmeseclassic.com

မောင်ကြီးက စလိုက်ပါသည်။ ဦးမောင်မောင်ကြီးက လျှပ်ပန်းခွေနွဲ့ သီချင်းကြီးကို မကြာခဏဆိုလေ့ရှိပြီး ကျွန်တော်လည်း ကြိုက်သဖြင့် 'လျှပ်ပန်းခွေနွဲ့'ကို ဦးမောင်မောင်ကြီးဆီက (တက်) ယူထားပါသည်။

ယခု ဦးမောင်မောင်ကြီးက 'လျှပ်ပန်းခွေနွဲ့'သီချင်းကြီးကို စတင်ဆိုပါပြီ။

"လျှပ်ပန်းခွေနွဲ့ . . . လေသွဲ့ယူငင် . . . မြူမင်ရစ်ဖုန်းထစ်ချုန်း စစ်ရှုံးသူရာ . . . အိုလေ အမျက်ပေါင်းကြောင့် . . . ချက်ကောင်းကိုသာ . . . ဘဝဂ်ဆောင်းအောင် . . . ဝက်ခေါင်းတော်ဖြစ်တဲ့ခါ . . . "ဟုလည်း ဆိုရော အစ်ကိုကြီး ဦးတင်သိန်းက တီးဝိုင်းကို ရပ်ရန် လက်ပြ၍ . . .

"နေကြဦး . . . နေကြဦး။ ဒီနေရာမှာ စာမှားနေတယ်။ သိကြားမင်းနဲ့ အသူရာ စစ်ဖြစ်နေကြတာ။ ဘယ့်နှယ် ဝက်ခေါင်းတော် ဖြစ်ရမှာလဲ။ စစ်သေနင်္ဂဟျူဟာအရ 'ဝက်ခေါင်းထိုး'ပစ်တဲ့အခါ ရှူးခနဲ ဒိုင်းခနဲ ဝက်ခေါင်းထိုး တစ်ရှိန်ထိုး ဖြောင့်ဖြောင့်မတ်မတ် ပစ်တာကိုပြောတာ။ စာမှားနေတယ်၊ ဝက်ခေါင်းထိုးပစ်တဲ့ခါ ဖြစ်ရမယ်" ဟု ပြောပါသည်။ တိုင်းမှူးကြီး ဗိုလ်မှူးကြီး ခင်အုန်းကလည်း အစ်ကိုကြီး ဦးတင်သိန်းပြောသည်ကို ထောက်ခံဆွေးနွေးပါသည်။

ထိုအချိန်မှစပြီး အဆိုတော် ဦးမောင်မောင်ကြီးလည်း တစ်လျှောက်လုံး 'ဝက်ခေါင်းတော် ဖြစ်တဲ့ခါ'နှင့် ဆိုလာခဲ့ရာက 'ဝက်ခေါင်းထိုးပစ်တဲ့အခါ'ဟု ပြင်ဆိုပါတော့သည်။

ထိုစာမှားသည့် ကိစ္စနှင့်ပတ်သက်၍ အစ်ကိုကြီး ဘိုကလေးတင့်အောင် (အများအခေါ် အစ်ကိုလေး)နှင့်ဆုံသောအခါ ကျွန်တော်ပြောပြရာ အစ်ကိုကြီး ဘိုကလေးတင့်အောင်က

"အဲဒီလို မှားနေတာတွေ တချို့နေရာတွေမှာ ရှိနေသေးတယ်။ ချစ်သမျှကို . . . မြင်းမိုရ်ရွှေတောင်လုံးသာပလေ . . . လေးဆူဒီပါ . . . သီတာရေမြေဆုံးစေတော့လေး . . . ဆိုတဲ့ သစ္စာတိုင်ပတ်ပျိုးကို ကုန်းဘောင်ဆက် သာယာဝတီမင်းရဲ့ မိဖုရား မမြကလေးရေးတာလို့ မှတ်ယူထားကြသလို၊ ဒီချစ်သမျှကို ပတ်ပျိုးကိုပဲ ဒီစာသားအတူတူနဲ့ မင်းဘူးပဲ့နင်းဦးနေဦး ရေးတာဆိုပြီး တချို့သီချင်းကြီးစာအုပ်တွေမှာ ဖော်ပြတာတွေ ရှိတယ်။ ဘယ်ဟာအမှန်မှန်းမသိဘူး။ အများကတော့ မိဖုရား မမြကလေးရေးတယ်လို့ လက်ခံထားကြပေမဲ့ တချို့သီချင်းကြီးစာအုပ်တွေမှာ မင်းဘူးပဲ့နင်း ဦးနေဦးရေးတယ်လို့ အတိအလင်း ဖော်ပြနေတာတွေက ရှိနေတော့ ခက်နေတယ်"ဟု ပြောပြပါသည်။

ကျွန်တော် ရန်ကုန်ရောက်လာသောအခါ စာအုပ်အပေါင်းဆိုင်များ၌ အချိန်ယူ၍ ကြိုက်သည့်စာအုပ်များကို တစိမ့်စိမ့်ရှာဖွေလေ့ရှိရာ တစ်ခါ၌ သီချင်းကြီးစာအုပ်တစ်အုပ်ကို စိတ်ကြိုက်တွေ့၍ ဝယ်လိုက်ပါသည်။ ဂီတာလင်္ကာရဒီပနီခေါ် ဂီတသိပ္ပံအခြေခံစာအုပ်၊ ရေးသားပြုစုသူက ဗေလုဝဆရာတင်၊ တည်းဖြတ်သူက ဆရာလှသမိန်၊ ပညာအလင်းပြစာအုပ်တိုက်က ဖြန့်ချိပြီး တန်ဖိုး ၁၅/–(တစ်ဆယ့်ငါးတိတိ)ဟု ရေးထားပါသည်။ ပထမအကြိမ်ထုတ် ၁၉၆၈၊ နိုဝင်ဘာ ၂၀ ရက်ဟုလည်း တွေ့ရပါသည်။ ကျွန်တော်ဝယ်ရသည့် တန်ဖိုးမှာ မူလသတ်မှတ်ချက်တန်ဖိုးထက် အဆများစွာ ပေးခဲ့ရပါသည်။

ထိုစာအုပ်တွင် (လျှပ်ပန်းခွေနွဲ့)ကိုရှာကြည့်ရာ စာမျက်နှာ ၃၁၉၊ အမှတ်စဉ် ၃၃၊ နန်းသိမ်းအသူရာမိုးဖွဲ့ ယိုးဒယားနာခံတော် ဦးမြို၊ နန်းသိမ်းယိုးဒယားအလိုက်ဟု ပြထားပါသည်။ ထိုသီချင်းစာသားတွင် 'ဝက်ခေါင်းတော်ဖြစ်တဲ့ခါ'ဟု ရေးထားပါသည်။ အောက်ဆုံးစာကြောင်း၌လည်း –

"မြတ်ကောဝိလာ . . . နန်းကသည်ခါ . . . လှမ်းကြွချိကာ . . . နတ်ဒေဝါ . . . မြတ်ရောဝက်မင်း"ဟု ပြထားပါသည်။

၎င်းစာသားနှင့် ပတ်သက်၍ မိတ်ဆွေကြီး အဆိုတော် ဦးခင်မောင်လွင် (ကိုယ်သာချစ်စိတ် တိတ်တိတ်ဖြေမယ်/ခြားနားချက်သီချင်းတို့ကို သီဆိုခဲ့သူ၊ ကေသီပန်တူရိယာအဖွဲ့ကို စုပေါင်းတည်ထောင်ခဲ့သူ)အား ပြကြည့်ရာ ဦးခင်မောင်လွင်က –

"စာသားမှားနေတယ်။ ပုံနှိပ်မှားတာလည်း ဖြစ်နိုင်တယ်။ 'နတ်ဒေဝါ . . . မြတ်ရောဝက်မင်း' မဟုတ်ဘူး။ 'ဇရာဝဏ်' ဆင်ကိုပြောတာဗျ။ ဇရာဝဏ်ဆင်မင်း နန်းတော်ကကြွချီလာတာကို ပြောတာ။ နတ်ဒေဝါ မြတ်ဇရာဝဏ်မင်း ဖြစ်ရမယ်"ဟု ရှင်းပြပါသည်။

ပြီးခဲ့သောနှစ်များစွာက ရန်ကုန်မြို့မကျောင်းလမ်း၊ အစိုးရကဇာတ်ရုံ၌ အစ်ကိုကြီး ဘိုကလေးတင့်အောင်နှင့် ဂီတလုလင် ဦးကိုကိုတို့ ကြီးမှူးကျင်းပသော စန္ဒရားဆရာ (၁၄)ဦး၏ ဂီတနန္ဒဝန်ပွဲတွင် အဆိုတော် ဒေါ်တင်တင်မြက လျှပ်ပန်းခွေနွဲ့ အပိုဒ်တစ်ပိုဒ်ကို ထည့်ဆိုသွားရာတွင် 'ဝက်ခေါင်းထိုးပစ်တဲ့ခါ'ဟု ချောမွေ့ငြိမ့်ညောင်းစွာ သီဆိုသွားရာ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း (၄၀)ခန့်က အစ်ကိုကြီးဦးတင်သန်း(ဂီတာ ကိုနီ) ထောက်ပြပြုပြင်ခဲ့သည့်အတိုင်း ဖြစ်ခဲ့၍ ဟိုစဉ်က စနေနှေ့ည မိုးအလင်း လူကြီးတွေ တီးကြမှုတ်ကြ၊ သီဆိုခဲ့ကြသော အဖြစ်အပျက်ကလေးများကို ပြန်လည်သတိရအောက်မေ့ရင်း လွမ်းဆွတ်မိပါတော့သည်။

ဘကြီးခင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရွှန်းထွက်သူ

■ နန္ဒာမိုးကြယ်

မြိုင်တစ်ကြောမှာတော့ နွေဦးသစ်ခဲ့ပါပြီကော။

သို့ငြား ဟိုးခါတိုင်း နှစ်တွေလို မဟုတ်ဘဲ သည်တစ်နှစ်နွေကတော့ ဆိုးရွားပြင်းထန်ရိပ်တွေ ဖိတ်စဉ်ကျနေသည်။ အပူတွေက ဆယ်နေမျှား ကဲ့ဘိ လေသလား။

အရှင်ပိဋကလာဘာရဒွါဇအဖို့ သာဝတ္ထိမှ ဆွမ်းခံကြွလာခဲ့ကာ ဆွမ်းကိစ္စအပြီးမှာတော့ မြမြကလေး အေးသည့် နေရာဒေသကို ရှာဖွေလျက် တန်ခိုးဣဒ္ဓိပါဒ်နှင့် သွားရောက်သီတင်းသုံးတတ်စမြဲ ဖြစ်သည်။ အထူးသဖြင့် အရှင်ရွေးချယ်လိုက်သောနေရာသည် နွေအပူဒဏ်ကို ကာကွယ်လိုသူတွေအတွက် သင့်လျော်ကောင်းမြတ်သည့် နေရာကလေးပဲ ဖြစ်သည်။ ထိုနေရာကား ဂင်္ဂါမြစ်ကမ်းအနီးရှိ ဥဒေနမင်း၏ ဥယျာဉ်ပင် ဖြစ်လေတော့သတည်း။

ဥယျာဉ်ကား တကယ့်ကို သာတောင့်သာယာ။

ကြီးမားအုံ့ဆိုင်းလှစွာ သစ်ပင်ကြီးမျိုးစုံတို့က အေးမြသော အရိပ်အာဝါသကို တည်ဆောက်ပေးနေကြသည်။ ဂင်္ဂါမြစ်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးက ညင်းညင်းညှံ့ညှံ့။

သည်လိုမျိုး နွေအပူကို အန်တုပေးနေသော ဥယျာဉ်အတွင်းရှိ သစ်တစ်ပင်ရင်း၌ အရှင်သည် မကြာခဏဆိုသလိုပင် ဈာန်ခရီးဖြင့် ကြွလာရင်း သီတင်းသုံးလေးရှိစမြဲ ဖြစ်လေသည်။ သည်လိုနှင့် သာယာ အေးချမ်းလှစွာသော ခေါက်ရိုးကျိုးခဲ့သည့် ဖြစ်စဉ်များသည် ဤယနေ့မှာတော့ တစ်မျိုးတစ်ဖုံ ပြောင်းလဲရန် မြားဦးလှည့်ခဲ့ပါပြီလား။

အရှင့်အဖို့ သည်ဥယျာဉ်တွင်းရှိ သစ်တစ်ပင်အောက်၌ တရားအရသာကို ခံစားနေစဉ်မှာပင် ဥဒေနမင်းသည် နောက်လိုက်နောက်ပါ၊ အခြွေအရံ မောင်းမများစွာနှင့် သူပိုင်ဆိုင်သော ဥယျာဉ်သို့ ရောက်ရှိခဲ့ချေသည်။

ခါတိုင်းလည်း စိတ်ပါလျှင်ပါသလို ဥယျာဉ်အတွင်း ရောက်ရှိနေကျ။

ဥဒေနမင်းအဖို့ ကာမဂုဏ်လွှာရုံကလေးကို လွှမ်းပတ်ရသည်က ကြီးစွာသော ချမ်းသာအစစ်ဟု မှတ်ယူနေခဲ့သည်။ မင်္ဂလာဥယျာဉ်အတွင်းရှိ ကျောက်ဖျာပေါ်ရောက်လျှင် အသင့်စီမံထားသော ကျောက်ဖျာပေါ် လဲလျောင်းကာ ကိုယ်လုပ်မောင်းမအချို့၏ ဆီပွတ်လိမ်းကျံခြင်း၊ ညင်သာနူးညံ့စွာ နှိပ်နယ်ခြင်း စသည်တို့ကို မျက်တောင်ကလေးအစင်းသားနှင့် ခံယူတော်မူရင်း ကျန်မိန်းမ အခြွေအရံများ၏ သာယာညင်းပျောင်းသော တေးဂီတမုဒြာ ကကြိုးစုံစုံတို့ကို အရသာခံ ကြည့်ရှုခံစားခဲ့ချေသည်။ သည်လိုနှင့် ဖြည်းဖြည်းချင်းဆိုသလို ဥဒေနမင်း၏ မျက်တောင်ဖျားပေါ်သို့ အိပ်စက်ခြင်းပုံရိပ်တွေက ဖိတ်စဉ်ကျလာခဲ့လေရာ မကြာခင်မှာပင် ကျောက်ဖျာထက်ဆီမှ ဟောက်သံသဲ့သဲ့ ထွက်ပေါ်လာခဲ့လေတော့သည်။

"ဟော့ ... အရှင်မင်းကြီးတော့ စက်တော်ခေါ်သွားပြီ။ ဆိုတာတွေ၊ ကတာတွေ ရပ်ကြတော့။ ဆက်ဆို၊ ဆက်ကလည်း ပင်ပန်းတာ၊ မောတာပဲ အဖတ်တင်လိမ့်မယ်"

"အေး ... ဟုတ်တယ်။ ဒါဖြင့် တို့များ ဘာလုပ်ကြရင် ကောင်းမလဲ"

"ဘာလုပ်ကြရင် ကောင်းမလဲ ဟုတ်လား။ ဥယျာဉ်ထဲ ရောက်ပြီဆိုတော့ လျှောက်သွားကြမယ်လေ။ ငှက်လှလှကလေးတွေရဲ့ တေးသီချင်းသံကို နားဆင်ကြမယ်။ အသီးအနှံတွေတွေ့ရင် ခူးဆွတ်စားကြမယ်၊ ပန်းတွေတွေ့ရင် ခူးပန်ကြမယ်လေ"

"ဟေ ... ဟုတ်တယ်။ ဟုတ်တယ်"

"ရှူး ... တိုးတိုး၊ သိပ်မဆူနဲ့။ အရှင်မင်းကြီးနိုးလာရင် အစီအစဉ်တွေ ပျက်ကုန်လိမ့်မယ်။ ကဲ ... ဖြည်းဖြည်းသက်သာ သွားကြရအောင်"

မင်းကြီးအပါးမှာတော့ဖြင့် အမွှေးနံ့သာ လိမ်းကျံရသော၊ ခြေဆုပ်လက်နယ်ပြုရလေသော မောင်းမအချို့သာ ကျန်ရစ်ခဲ့ကြသည်။ ကခုန်သော၊ သီဆိုသော၊ တီးမှုတ်သော မောင်းမတွေကဖြင့် ဥယျာဉ်အတွင်းသို့ လှည့်လည်ထွက်ခွာလာကြပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

မင်းကြီး၏ ဉယျာဉ်ကား သာတောင့်သာယာ ရှိလိုက်ပါဘိတော့။

သာရကာလား၊ တမာလား။ ခွဲခြား၍ မသိတတ်နိုင်သော ကျေးငှက်တွေက ညံ့ညံ့စီစီ။ မာကဓတေးသွားတွေကလည်း ကြည်နူးချိုပြိုန်စဖွယ် ကောင်းမှကောင်း။ ညှာသွယ်ဆင့်တန်း၊ နာမည်ဖြင့် ဆန်းရုံမက ဘယ်ပန်းခိုင်ဟူ၍ မသိတတ်နိုင်သော ခိုင်ပန်းစုံတွေကလည်း မငုံတချို့ ငုံတချို့နှင့် ဝတ်မှုန်တွေစီကာ ရာသီလင့်ဟန်ရှိ[illegible]လေသလား။ အသီးအခံနှံတွေကလည်း ခိုင်ညှာပြတ်တွဲလျက်။

ကျေးငှက်တေးချင်းကို နားဆင်၊ ပွင့်ပန်းခိုင်တို့ကို ပန်သ။ ချိုမြသော အသီးအနှံတို့ကို ဆွတ်ခူးစားသောက်ရင်း သူတို့သည် ဉယျာဉ်ကို လှည့်ပတ်လာခဲ့ကြသည်။

"ဟယ် ... ဟို ... ဟိုမှာ ... သံဃာတော်တစ်ပါး သစ်ပင်အောက်မှာ သီတင်းသုံးနေတယ်ဟေ့။ ရှူး ... တိုးတိုး။ ကောင်မတွေ မဆူကြနဲ့"

"အေးပါ ကောင်မရယ်။ တို့များဟာ သာသနာဖျက်မတွေ မဟုတ်ကြပါဘူး"

"ဒါဖြင့် လာကြ။ ကြည်ညိုဖွယ်ကောင်းလှတဲ့ သံဃာမထေရ်ကို သွားဖူးပြီး တရားဦးလေး ဘာလေး နာလိုက်ကြရအောင်"

"ကောင်းပါလေ့ကွယ်။ ကောင်းပါလေ့"

သည်လိုနှင့် ဘဝပေးအခြေအနေအရ ပြည့်ရှင်မင်း၏ အပျော်ဖြေခံဘဝသို့ ရောက်ရှိနေရငြား ဘုရား ဘုရားမှန်းသိ၊ တရား တရားမှန်းသိလျက်၊ သံဃာ သံဃာမှန်း သိတတ်ကြကုန်သော မိန်းမငယ်တစ်စုမှာ အရှင်ပိဏ္ဍောလမထေရ် အနီးသို့ ရောက်ရှိသွားခဲ့ကြလေတော့သည်။

"သာဓု ... သာဓု ... သာဓု"

သူမတို့ ဝတ်ဖြည့်အပြီးမှာတော့ မထေရ်၏နှုတ်ဖျားမှ အနုမောဒနာသံ ပေါ်ထွက်လာခဲ့သည်။ အသဝေါတရား ကင်းစင်၍ ကြည်ညိုဖွယ်ကောင်းလှစွာသော မထေရ်ထံမှ သူတို့ သူတို့သည် တရားထူး၊ တရားဦးတို့ကို နာကြားလိုစိတ်များ တဖွားဖွားဖြစ်ပေါ်မိကြသည်။ ဒါကို မထေရ်မှလည်း သိထားပုံရသည်။ သည့်အတွက် တရားနာမည့်သူ၏ ဉာဏ်အတိမ်အနက်ကို တိုင်းတာလျက် သင့်လျော်မည့်တရားကို ဟောပြောခဲ့သည်။

"ဒါယိကာမတို့ ... သင်တို့တစ်တွေဟာ ကိုယ့်ထက်သာရင် မနာလိုတတ်တဲ့ သဘောကို ပယ်ဖျောက်ဖို့ လိုတယ်။ ဝန်တိုမှုဆိုတဲ့ စိတ်ထားကိုလည်း မထားပါနဲ့"

"တင်ပါ့ဘုရား"

ထိုအချိန်မှာတော့ ကျောက်ဖျာထက်တွင် ဥဒေနမင်းသည် အိပ်မက်လှလှတွေ မက်၍ကောင်းနေဆဲ။

"တောက် ... ကောင်မတွေ။ ခုထိပြန်ရောက်မလာကြသေးဘူး။ သဝေထိုးလို့ကို မဝနိုင်တော့ဘူး။ သိမယ်။ ကောင်မတွေ ဒုက္ခရောက်အောင် လုပ်ပြမယ်"

ပြောပြောဆိုဆိုပင် ခြေဆုပ်လက်နယ်ပြုသည့်တာဝန်ယူထားသော မောင်းမတစ်ဦးက ဥဒေနမင်း၏ ခြေဖဝါးကို မသိမသာ ပွတ်သပ်ပေးသည့်တဒင်္ဂ မင်းကြီးလည်း နှုတ်ဖျားဆီမှ အာမေဍိတ်များ ခုန်ပေါက်ထွက်ကျလာကာ ရုတ်တရက်နိုးထလာလေသည်။ ခါတိုင်း သူနိုးလာလျှင် လွှင်စာစာ ချိုကြည်ကြည် အသံကလေးများဖြင့် သူ့အပါးဝန်းရံလာကြကုန်သော လှတပတများသည် ခုခါ၌ ဘယ်ဆီသို့ ရောက်နေကြပါလိမ့်။ အတ္တ၊ တဏှာနှင့် ရာဂ၏ ဖိစီးမှုတို့က ဥဒေနမင်း၏ ရင်အစုံကို ပုံမျက်နှာပြင်လို တုန်ခါစေကြပါကုန်သည်။

"ဟေ့ ... ဟိုကောင်မတွေ ဘယ်ကိုထွက်သွားကြသလဲ။ လျှောက်တင်စမ်း"

သည်မှာတင် ဉယျာဉ်လည့်ပတ်မှု၌ လိုက်ပါသွားရင်း ပြန်ရောက်လာသည့် မောင်းမတစ်ဦးက သူမြင်တွေ့ခဲ့ရသည်များကို လျှောက်တင်လေသည်။

"သူတို့ သူတို့ အရှင်မင်းကြီး ဒီမှာရှိနေတာကို မေ့လျော့ပြီး ရဟန်းတစ်ပါးကို ဝိုင်းအုံနေကြပါတယ် ဘုရား"

"အောင်မာ .. ရာရာစစ၊ တောက်သင်းတို့က သည်လိုလား။ ငါ့အကြောင်းကောင်းကောင်းကြီး သိရမှာပေါ့ကွာ"

ဥဒေန၏ ရင်ထဲ၌ 'မျက်စပ်ပိုးဝင်၊ ဆံတစ်ပင်တင်း'သည့် အဖြစ်က နာလိုခံခက်စွာ ဖြစ်ပေါ်ခံစားနေရသည်၊ ဒေါသအစုံသည် ဖိုခုံလောက်ပေါ် ပစ်ချ၍ ထွက်ပေါ်လာသော ဆားသကဲ့သို့ တဖျစ်ဖျစ် မြည်ဟည်းတောက်လောင်နေတော့သည်။ ဒေါသကား အရာရာကို ပကတိအတိုင်း မြင်နိုင်စွမ်းကို ချေဖျက်လိုက်ကြသည်ကောလေ။

"ဒီရဟန်းတော့ ကိုယ်နဲ့မဆိုင်တာတွေ ငါ့ဉယျာဉ်ထဲ လာလုပ်တယ်။ သိကြရောပေါ့ကွာ။ ခေါင်းပြောင်ပြောင်တစ်အုံလုံး ခါချဉ်စာမိပြီသာ မှတ်ပေတော့"

သို့ကလို မြည်တမ်းရေရွတ်ပြီးနေရာမှ စတင်ရွေ့လျားလေသည့်အခိုက် မနာလိုခြင်းတရား၊ ဝန်တိုခြင်းတရားတို့ မြစ်ဖျားခံရာမှ ပေါက်ဖွားလာသည့် ကြည်နူးမှုအပြုံးတို့သည် ကုန်းချော၊ ကုန်းတိုက်သော မောင်းမအချို့၏ နှုတ်ခမ်းများဝယ် ဖူးငုံပွင့်လန်းလာကြလေတော့၏။

* * * * *

"ဟား ... နေရာကျလိုက်လေကွယ်။ အသောကပင်မှာ ခါချဉ်ထွင်းကာ အဆင်သင့်ပါပဲလား။ အဲဒါကို လှမ်းဆွဲပြီး

www.burmeseclassic.com

မထေရ်ရဟန်းရဲ့ ခေါင်းပေါ်တည့်တည့် အရောက် လွှပ်ခါလိုက်ရင် . . . ဟဲ . . . ဟဲ . . . ဟဲ . . . ခေါင်းတုံးပြောင်ပြောင် တော့ ဖူးရောင်ကိုင်းသွားရှာတော့မယ်"

မင်းကြီးသည် တစ်ကိုယ်တည်း သဘောအကျကြီးကျလျက် အသောက ပင်၏ သစ်ကိုင်းကို လှမ်းဆွဲလိုက် သည်။ ဆွဲပြီး သိပ်မကြာ။ သစ်ကိုင်း သည် မထေရ်ရှိရာသို့ ဝဲကျမသွားခင် မှာပင် ရုတ်တရက် မင်းကြီး၏လက်မှ သစ်ကိုင်းက လွတ်သွားသည်။

"ဟာ . . . ဟာ . . . ခါချဉ်ထုပ်၊ ခါချဉ်ထုပ်။ ပြုတ်ကျပြီ . . . ပြုတ်ကျပြီ၊ မင်းကြီးပေါ်ကို တည့်တည့်ကြီး ပြုတ်ကျ ပြီ"

"ဖုတ်"

"အား . . . အမလေး . . . အား . . . လုပ်ကြပါဦး။ လာကြစမ်းပါဦး။ ခါချဉ် တွေ . . . ခါချဉ်တွေ။ အီး . . . အဲ . . . အား . . . နာတယ်၊ နာတယ်"

ခါချဉ်ထုပ်၏လားရာသည် မင်းကြီး ၏ ဦးခေါင်းတည့်တည့်ပေါ်ကိုမှ ပြုတ်ကျ ခဲ့သည်။ ပြုတ်ကျပြီး သကာလ အထုပ် သည် ပွင့်သွားပြီး ခါချဉ်တို့သည် ဦး ခေါင်းတွင်းသို့ တိုးဝင်ကြ၏။ နားရွက် တွင်း၊ နှာခေါင်းတွင်း တန်းဝင်ကြ၏။ ပြီးတော့ ကုပ်သားတစ်လျှောက်မှ ရင် ဘတ်အတွင်း။

ရောက်ရှိသည့်နေရာတိုင်း၌ ခါချဉ် မည်သော သတ္တဝါတို့သည် ဤမည် သော ပုဂ္ဂိုလ်ကား ငါတို့ မိုတင်းနေထိုင် သည့် ဤဥယျာဉ်ကြီး၏ အရှင်သခင်ဟူ ၍ နားမလည်ခဲ့ကြ။ အသိုက်အမြုံကို လာရောက်ဖျက်ဆီးသူဟု သဘောမှတ် ယူကာ စိတ်ရှိလက်ရှိ ကိုက်ကြဖွဲ့ကြပါ ကုန်၏။ မင်းကြီးကား မြေပြင်ပေါ် လူး လျက် ကယ်ပါ ယူပါ တစာစာဖြစ်နေခဲ့ လေသည်။ ဤ၌ မထေရ်ရှေ့ရှိ မောင်းမ တို့လည်း မင်းကြီးထံရောက်လာကာ ခါချဉ်ကောင်များကို ဖယ်ရှားသလိုလိုနှင့် ဖမ်းမိသော ခါချဉ်ကောင်တို့ကို ကောက် ယူလျက် မင်းကြီး၏ကိုယ်ပေါ်သို့ မသိ မသာ ပြန်တင်ပေးကြကုန်၏။ စင်စစ် မင်းကြီး၏ အကျင့်စရိုက်မှန်ကို သိ၍ လေးစားမှုဟူ၍ သိပ်မရှိချင်။ မင်းကြီးက လည်း 'မနိုင်ငံ'ရောက်ဖို့ဆိုလျှင် ပရော ပရီနိုင်လွန်းလှသည် မဟုတ်ပါလား။

"ဘယ်လိုများ ဖြစ်ရတာတဲ့လဲ အရှင်။ တခြားဘုရင်တွေဆိုရင် ရဟန်း တော်တွေကို မတွေ့လိုက်နဲ့၊ တွေ့လိုက် တာနဲ့ ရှိခိုးဖူးမြော်ကြပါတယ်။ သိလိုတာ ကိုလည်း လျှောက်ထားမေးမြန်းကြပါ တယ်။ မင်းကြီးကျမှ အဲသလိုမျိုးမဟုတ် ဘဲ ကိုယ့်ခေါင်းပေါ်ကို ခါချဉ်ထုပ် ပြုတ် ချရတယ်လို့ . . . ဘယ်လိုဖြစ်ရတာပါလဲ ဘုရား"

"တော်တော့။ တော်ကြတော့။ နောက်ထပ် ဘာစကားမှ မပြောကြနဲ့ တော့။ အမယ်လေးလေ နာလိုက်တာ။ ခါချဉ်မို့လို့ ပျားသာတုပ်ရင် ခုလောက်ဆို ကံတော်ကုန်ပြီ။ ကဲ . . . ကဲ . . . နန်း တော်ထဲ ပြန်ကြမယ်"

"အမိန့်တော်မြတ်အတိုင်းပါ . . . ဘုရား"

သို့ဆိုမိန့်ပြီး နန်းတော်ရှိရာ ပြန်ကြ မည်အလုပ် ဥယျာဉ်စောင့်ကို ခေါ်ကာ တီးတိုးစကား မှာသွားခဲ့သေးတော့သည်။

မင်းကြီး၏အပျော်ခရီးကား သည် ကနေ့ကျတော့ ထူးထူးခြားခြား။

* * * * *

သည်တစ်ခါ ဥယျာဉ်ထဲကြွလာ ခြင်းကတော့ ယခင်တစ်ခေါက်ကလို မောင်းမမိသံများနှင့် ဇိမ်ခံဖို့ မဟုတ်။ အသက်အရွယ် ပျိုနုပါလျက် သွေးနှင့် ကိုယ်၊ သားနှင့်ကိုယ် ဖြစ်ပါလျက် ချော မောလှပသော ဣတ္ထိယမိန်းမချောများနှင့် ဆုံသည့်အခိုက် ရင်ကလေးမျှပင် လှုပ် ခုန်ခြင်းမရှိသောအဖြစ်အား သိလိုသော ကြောင့် ဖြစ်သည်။ ဘယ်လိုမျိုး မထေရ် ပါလိမ့်။ သည့်အတွက်လည်း ဥယျာဉ် စောင့်အား ထိုမထေရ် ဥယျာဉ်တွင်း ကြွ လာပါက ချက်ချင်းသတင်းပို့ရန် အမိန့် ပေးခဲ့သည်။ ခု မထေရ်ရောက်နေပါပြီတဲ့။

သည့်အတွက် ဥဒေနမင်းကြီး သည် အမတ်အပေါင်းခြံရံကာ ဥယျာဉ် တွင်း ရောက်ရှိခဲ့ပါချေပြီ။ မထေရ်ကား ဘာမျှ တုန်လှုပ်ခြင်းမရှိ။ သီတင်းသုံးရာ အရပ်တွင်ပင် သက်သက်ငြိမ်ငြိမ် ထွက်ခြေ ရရှိ။

"အရှင်ဘုရား . . . တပည့်တော် သိလိုသမျှ လျှောက်ထားမေးမြန်းပါရစေ ဘုရား"

"ခွင့်ပြုပါတယ် မင်းကြီး"

"အရှင်ဘုရား။" ဂေါတမဗုဒ္ဓရဲ့ သာသနာတော်တွင်းမှာ နေထိုင်ကြတဲ့ အချို့ရဟန်းကလေးတွေဟာ ပထမ အရွယ်မျှသာ ရှိကြပါသေးတယ်။ သူတို့ တစ်တွေဟာ ကာမဂုဏ်မခံစားဘဲ ဒီ အကျင့်မြတ်ကို ပြည့်ပြည့်စုံစုံ စင်စင် ကြယ်ကြယ်ကျင့်ပြီး ဘာကြောင့် တစ် သက်ပတ်လုံး နေနိုင်ကြပါသလဲ ဘုရား"

"မင်းကြီး . . . အရှင်ဂေါတမက 'ဘိက္ခုတို့ . . . သင်တို့တစ်တွေဟာ အမိ အရွယ်ရှိတဲ့သူတွေရဲ့ အပေါ်မှာ အမိဆို တဲ့စိတ်ကို ထားကြရမယ်။ နှမအရွယ်ရှိ တဲ့သူတွေရဲ့အပေါ်မှာ နှမဆိုတဲ့စိတ်ကို ထားကြရမယ်။ သမီးအရွယ်ရှိတဲ့သူတွေ ရဲ့အပေါ်မှာ သမီးဆိုတဲ့စိတ်ကို ထားကြရ မယ်' ဒီလိုမျိုး ရဟန်းတော်တွေကို ဆုံးမ ဩဝါဒ ပေးထားပါတယ်။ အဲဒီ ဆုံးမဩ ဝါဒအတိုင်း လိုက်နာကျင့်သုံးနေထိုင်ကြ တဲ့အတွက် သူတို့တစ်တွေဟာ တစ် သက်ပတ်လုံး လူမထွက်ဘဲ နေနိုင်ကြ တာပါပဲ"

"အရှင်ဘုရား။ စိတ်ဆိုတာဟာ လော်လည်တတ်ပါတယ်။ ဖောက်ပြား



www.burmeseclassic.com

www.burmeseclassic.com

တတ်ပါတယ်။ ရံဖန်ရံခါ အမိအရွယ်ရှိတဲ့ သူတွေရဲ့အပေါ်မှာလည်း တပ်မက်မှုရာဂ ဖြစ်တတ်ပါတယ်။ နှမအရွယ်ရှိတဲ့သူတွေ ရဲ့အပေါ်မှာလည်း တပ်မက်မှုရာဂ ဖြစ် တတ်ပါတယ်။ သမီးအရွယ်ရှိတဲ့သူတွေရဲ့ အပေါ်မှာလည်း တပ်မက်မှုရာဂ ဖြစ် တတ်ပါတယ်။ ဒီတော့ သူတို့ ဒီလိုနေ နိုင်ခြင်းရဲ့ အခြားအကြောင်းများ ရှိပါ သေးသလား ဘုရား။ ရှိခဲ့ရင် တပည့် တော် သိပါရစေဘုရား''

''အို ...ဒကာတော်မင်းကြီး၊ အရှင်ဂေါတမဘုရားက 'ဘိက္ခုတို့၊ သင် တို့တစ်တွေဟာ ဒီခန္ဓာ ကိုယ်တစ်ခုလုံး ကိုပဲ အမျိုးမျိုးအစားစား မစင်မကြယ် ရွံစဖွယ်ဖြစ်တဲ့ ဝတ္ထုတွေနဲ့ ပြည့်နှက်နေ တယ်လို့ ရှုဆင်ခြင်ကြပေတော့။ ဒီခန္ဓာ ကိုယ်မှာ အင်မတန်ရွံစရာကောင်းတဲ့ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက် သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီ ကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင် ငယ်။ ဒါတွေသာ ရှိနေပါတကား။ တပ် မက်စရာကောင်းတာ ဘာတစ်ခုမှ မရှိပါ ဘူး။ ဒီလို ဆင်ခြင်ရမယ်'လို့ ရဟန်း တော်တွေကို ဟောပြောထားပါတယ်။ ကိုယ်တော်ကလေးတွေကလည်းပဲ ဟော ထားတဲ့အတိုင်း လိုက်နာကျင့်သုံး နေ ထိုင်ကြပါတယ်။ ဒါကြောင့်လည်း လှု မထွက်ဘဲ တစ်သက်ပန် နေနိုင်ကြတာ ပေါ့ မင်းကြီး''

''မှန်လှပါဘုရား။ တကယ်တော့ ဒီကိစ္စ သိပ်မလွယ်ကူတဲ့ကိစ္စပါ။ အတော် လေး တရားရှုမှတ်ထားတဲ့ ရဟန်းတော် များအတွက်တော့ လွယ်ကူပါလိမ့်မယ်။ တရားရှုမှတ်မှုမသားမကျသေးတဲ့ ရဟန်း တော်များအတွက်တော့ ခဲယဉ်းလိမ့်မယ် ထင်ပါတယ်။ ရံခါ 'အသုဘ'လို့ နှလုံး သွင်းမယ်ကြံပေမဲ့ 'သုဘ'အနေနဲ့သာ ဖြစ်ပေါ်လာတတ်ပါတယ်။ ဒီတော့ သူတို့ ဒီလို လှုမထွက်ဘဲ တစ်သက်ပန်နေနိုင် ခြင်းရဲ့ အခြားအကြောင်းများကော ရှိပါ သေးသလားဘုရား''

''ဒကာတော်မင်းကြီး။ ရှင်တော် ဂေါတမဘုရားက 'ရဟန်းတို့၊ သင်တို့ တစ်တွေဟာ မျက်စိ၊ နား၊ နှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဣန္ဒြေ(ဒွါရ) ၆ ပါးကို သတိ ဆိုတဲ့ တံခါးရွက်နဲ့ လုံခြုံအောင် ပိတ်ဆို့ နေကြရမယ်'လို့ ဟောပြောထားပါသေး တယ်။ ဟောထားတဲ့အတိုင်းလည်းပဲ သူ တို့တစ်တွေဟာ ကျင့်သုံးနေထိုင်ကြပါ တယ်။ ဒါကြောင့်လည်း လှုမထွက်ဘဲ တစ်သက်ပန် နေနိုင်ကြတာပဲပေါ့''

''အရှင်ဘုရား ...။ တပည့်တော် သဘောပေါက်ပြီဘုရား။ ရှင်တော်မြတ် ဘုရားဟာ ဒီစကားတော်ကို သိပ် ကောင်းအောင် ဟောထားတာပါပဲ။ ဒီ 'သတိ'ဆိုတဲ့ တရားဟာပဲ သူတို့တစ် တွေ လှုမထွက်ဘဲ တစ်သက်ပန်နေနိုင် ခြင်းရဲ့ အကြောင်းပေါ့''

''မှန်ပေတယ် မင်းကြီး''

''အရှင်ဘုရား။ တပည့်တော်ကိုယ် တိုင်လည်းပဲ သတိလွတ်ကင်းပြီး ဣန္ဒြေ တွေကို မစောင့်စည်း မပိတ်ဆို့ဘဲ နန်း တော်တွင်းဝင်သွားတဲ့အခါမျိုးမှာ တဏှာ ရာဂတရားတွေက တပည့်တော်ကို အင် မတန် နှိပ်စက်ကြပါတယ်။ သတိကင်း လွတ်ခွင့်မပေးဘဲ ဣန္ဒြေတွေကို စောင့် စည်းပိတ်ဆို့လို့ ဝင်သွားတဲ့အခါမျိုးမှာ တော့ တဏှာရာဂတရားတွေက တပည့် တော်ကို မနှိပ်စက်နိုင်တော့ပါဘုရား။ တပည့်တော် ခုချိန်ကစပြီး 'သတိ'ဆို တာကို လက်ကိုင်ပြုပါတော့မယ် ...။ အသက်ထက်ဆုံး သရဏဂုံသုံးပါးကို လည်း ဆောက်တည်သွားပါမယ်။ တပည့် တော်ကို ဗုဒ္ဓဘာသာဝင် တပည့်ဒါယ ကာရင်းလို့ မှတ်ယူ အသိအမှတ်ပြုတော် မူပါ ဘုရား''

''သာဓု ...သာဓု ...သာဓု။ ကောင်းပေစွ မင်းကြီး။ မင်းကြီးအပေါ် ငါသည် ယနေ့မှစ၍ တပည့်ဒါယကာရင်း သဖွယ် မှတ်ယူပါ၏။ ဘာသာတရား အပေါ် သက်ဝင်ယုံကြည်ကာ ငါးပါး သီလမြဲလျက် တိုင်းသူပြည်သားအပေါင်း တို့အား မင်းကျင့်တရားဆယ်ပါးနှင့်အညီ ကျင့်ကြံအုပ်ချုပ်ပါလော့ မင်းကြီး''

''တင်ပါ့ဘုရား။ တပည့်တော် မမေ့ ဝယ်မကျ နာခံသွားပါ့မယ် ဘုရား''

သည်ခဏမှာပင် မင်းကြီးနှင့်တကွ မှူးမတ်အပေါင်းက လှူဖွယ်ဝတ္ထုအစုစုတို့ အား ဆက်ကပ်လှူဒါန်းပြီးနောက် သာဓု အနုမောဒနာတရား ချီးမြှင့်မှုကို နာကြ လေသည်။

ပိဏ္ဍောလမထေရ်လည်း မင်းကြီး၏ အလှူဒါနကို အသိအမှတ်ပြု လက်ခံပြီး ပြန်လည်စွန့်ကြဲရစ်ကာ ကောင်းကင်ခရီး သို့ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြန်လည်ကြွမြန်း သွားခဲ့လေတော့၏။ သည်မြင်ကွင်းကို ကြည့်၍ ဥဒေနမင်းကြီးခမျာ အံ့အားသင့် ၍ မဆုံး။ ကြည်နူးပီတိဖြစ်၍ မဆုံး။ သို့ရာတွင် သိပ်တော့ မကြာလိုက်။ 'သတိ'ဆိုသောတရားက သူ့အား ပင့်နှိုး လိုက်သည့်အခိုက် နန်းတော်သို့ ပြန်ကြ လျက် မထေရ် မှာကြား မိန့်စေလိုက် သည်တို့ကို အကောင်အထည်ဖော်ရမည် ဖြစ်ကြောင်း သဘောပေါက်ခဲ့ပါချေပြီ။

အပြန်ခရီးသည် မင်းကြီးအတွက် ငြိမ်းငြိမ်းချမ်းချမ်း။

နန္ဒာမိုးကြယ်

<u>ကျမ်းကိုး</u>

အရှင်ကုမာရ၏ သာသနာ့တော် မှာနေထိုင်ခြင်း (စာ–၁၇၁–၁၇၆)



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

**၂၀၁၃ ခုနှစ်၊ ဩဂုတ်လ**

## တရုတ်နှစ်မွေးသူများအတွက်

### ဆောင်ရန်၊ ရှောင်ရန်နှင့်သတိပြုရန်အချက်များ

**ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

ကံကြမ္မာနိမ့်ကျနေတတ်၏။ စီးပွားရေးလုပ်ငန်း ခဏခေတ္တရပ်နားထားပြီး ဘာသာရေးလုပ်ငန်းကို ဇောက်ချလုပ်ကိုင်ပါ။ ကုသိုလ်ကောင်းမှုများများ လုပ်ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။

**ရှောင်ကြဉ်ရန်အချက်များ**

စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊ ခရီးထွက်ခြင်း စသည်တို့ကို ခဏခေတ္တ ရပ်ဆိုင်းထားပါ။ ဖွတ်မလုပ်ကြရ။ ဖွတ်လုပ်လျှင် အကျိုးယုတ်ရပါလိမ့်မည်။ အထူးသဖြင့် လေကြောင်းခရီးကို ရှောင်ကြဉ်ပါလေ။ ဘေးအန္တရာယ်များလာပေသည်။

**ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ**

ရိုးရာကန်တော့ပွဲ၊ ဆုတောင်းပွဲ လုပ်လျှင် အကျိုးထူးမည်။ လုပ်ပါ။ ဆံသ၊ ခေါင်းလျှော်နိုင်၏။ ဩဂုတ်လ (၂)ရက်၊ (၁၄)ရက်နှင့် (၂၆)ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ ခရီးထွက်နိုင်၏။ လက်ထပ်နိုင်၏။ ဈေးဆိုင်သစ်တည်နိုင်၊ ဖွင့်နိုင်၏။ အိမ်ရာနှင့် အလုပ်ပြောင်းရွှေ့နိုင်၏။ ကူးသန်းရောင်းဝယ်နိုင်၏။ စာချုပ်ချုပ်ဆိုနိုင်ပါသည်။

**ရှောင်ကြဉ်ရန်အချက်များ**

ရေမြောင်းမဖောက်ရ။ ရေတွင်းရေကန်များ မတူးဖော်ရ။ ခိုက်တတ်၏။ သတိထားပါ။ ထို့ပြင် တောအမဲမလိုက်

ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

ရ၊ တောကောင်မဖမ်းရ၊ ကံကောင်းမည်မဟုတ်ပါ။ ဘေး အန္တရာယ်များလှ၏။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံဇာတာ ညှိုးနေ၏။ ကုသိုလ်ကောင်းမှု အလှူအတန်း များများလုပ်ပါ။ ဘုန်းကြီးဆွမ်းကျွေးပါ။ ရပ်ရွာအကျိုးသယ်ပိုး ဆောင်ရွက်ပေးပါ။ ကံမြင့်လာပါလိမ့်မည်။ မွေးမြူရေးလုပ်ငန်း လုပ်နိုင်၏။ အကျိုးပေးမည်။

### ရှောင်ကြဉ်ရန်အချက်များ

လှေ၊ သင်္ဘောမစီးကြရ။ ရေကြောင်းခရီးကို လုံးဝ ရှောင်ကြဉ်ပါ။ ခရီးဝေးရှောင်ပါ။ ခရီးတိုသွားနိုင်၏။ စာချုပ်ချုပ် ဆိုခြင်းနှင့် ကူးသန်းရောင်းဝယ်မှု မလုပ်ရ။ ပြဿနာတက် တတ်၏။

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးသွားနိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ အခန်းခုတင်နေရာချနိုင်၏။ ဩဂုတ်လ(၄)ရက်နေ့သည် ရက် ကောင်းဖြစ်သည်။ ဂိုဒေါင်ဖွင့်နိုင်၏။ ငွေထုတ်ချေးပါ။ အကျိုးရှိ မည်။

### ရှောင်ကြဉ်ရန်အချက်များ

ဩဂုတ်လ (၁၆)ရက်နှင့် (၂၈)ရက်နေ့သည် ကံဆိုး သည့်ရက်နေ့များ ဖြစ်၍ ကြပ်ကြပ်ရှောင်ရှားပါလေ။ ရိုးရာ ကန်တော့ပွဲ၊ ဆုတောင်းပွဲ မလုပ်ပါနှင့်၊ အကျိုးရှိမည်မဟုတ်ပါ။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လက်ထပ်နိုင်၏။ စာချုပ်ချုပ်ဆိုနိုင်၏။ ကူးသန်း ရောင်းဝယ် ဖောက်ကားနိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင် သည်။ အိမ်ရာနှင့် အလုပ်ပြောင်းရွှေ့နိုင်ပါသည်။ ဩဂုတ်လ (၅)ရက်နေ့နှင့် (၂၉)ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါ သည်။

### ရှောင်ကြဉ်ရန်အချက်များ

အမှုမဆိုင်ရ။ တရားစွဲဆိုခြင်း မပြုရ။ တရားရုံးသို့ မသွားသင့်သေး။ ရှုံးနိမ့်တတ်ပါသည်။ ငါးမဖမ်းရ။ ငါးလုပ်ငန်း၊ ငါးအရောင်းအဝယ် ရှောင်ရှားပါလေ။ ဆုံးရှုံးလိမ့်မည်။ ဇွတ် မလုပ်ရပါ။ အသစ်မစေ့စပ်သင့်၊ ရေမြောင်းမဖောက်ရ၊ ရေတွင် ရေကန် မတူးဖော်ရ။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံဇာတာညှိုးနေသေး၏။ ကုသိုလ်ကောင်းမှုများများလုပ် ပေးပါ။ ကံတူးလာပါလိမ့်မည်။ ရိုးရာကန်တော့ပွဲ၊ ဆုတောင်း လုပ်ပါ။ အကျိုးရှိမည်။ စေ့စပ်နိုင်၏။ သစ်ခုတ်၊ ဖောင်မျှော လုပ်ငန်း အကျိုးပေးမည်။ ကူးသန်းရောင်းဝယ်နိုင်၏။ ဈေးဆိုင် သစ် တည်နိုင်၊ ဖွင့်နိုင်၏။ မွေးမြူရေးနှင့် လိုင်စင်ခံအရက် ချက်လုပ်ငန်း လုပ်ပါ။ အကျိုးရှိ၏။ ဩဂုတ်လ (၁၈)ရက်နေ့ နှင့် (၃၀)ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်မထပ်သင့်သေး ပါ။ ခဏခေတ္တစောင့်ဆိုင်းပါဦး။ မစောင့်ဆိုင်းနိုင်လျှင် အကျိုး ယုတ်တတ်၏။ အမှုမရင်ဆိုင်ရ၊ ရုံးမတက်ရ၊ တရားမစွဲကြရ ခဏရှောင်နေပါ။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံခြင်းဖြင့် အကျိုးထူးမှုရှိမည်။ ဆုတောင်းပွဲ လုပ် နိုင်ပါသည်။ မီးဖိုဆောင်ပြုပြင်နိုင်၊ တည်ဆောက်နိုင်၏။ လက် ထပ်နိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ အထည်ချုပ်လုပ်ငန်းနှင့် အကျိုးပေးမည်။ လုပ်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

ဩဂုတ်လ (၁၉)ရက်နေ့သည် ရက်ဆိုးဖြစ်၏။ ကံ မကောင်း၍ ရှောင်ပါလေ။ ဩဂုတ်လ (၃၁)ရက်နေ့တွင် ခရီး မထွက်ရ၊ ကံဆိုးတတ်၏။ စာချုပ်မချုပ်ရ၊ အကျိုးမဲ့ ဖြစ်တတ် ပါသည်။

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်သည်။ ရေမြောင်းဖောက်နိုင်၏။ အခန်း၊ ခုတင်နေရာချနိုင်၏။ ဆုတောင်းပွဲလုပ်ပါ။ အကျိုးထူးမည်။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ဩဂုတ်လ (၂၀)ရက်နေ့သည် ကား ရက်ကောင်းမင်္ဂလာနေ့ဖြစ်ပါသည်။ အိမ်ရာနှင့် အလုပ် ပြောင်းရွှေ့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### ရှောင်ကြဉ်ရန်အချက်များ

မီးဖိုဆောင်၊ မီးဖိုခန်း မပြင်ရ။ မတည်ဆောက်ကြရ။ ခိုက်တတ်၏။ လာဘ်တိတ်တတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါလေ။ ထို့ပြင် အိမ်သာ၊ သန့်စင်ခန်း မဆောက်လုပ်သင့်သေးပါ။ သတိထားပါလေ။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

နိုးရာကန်တော့ပွဲ ဆုတောင်းပွဲလုပ်ပါ။ အကျိုးထူးမည်။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ တီထိုးပါ၊ ကံစမ်းပါ။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးရှောင်ပါ။ လှေ၊ သင်္ဘော မစီးကြရပါ။ စေ့စပ်နိုင်ပါသော်လည်း လက်မထပ်သင့်သေးပါ။ ခဏဆိုင်းပါဦး။ အကျိုးယုတ်တတ်ပါသည်။ ကြပ်ကြပ်သတိထား ရှောင်ပါလေ။ ငါးမဖမ်းရ၊ ငါးလုပ်ငန်း မလုပ်ကြရ။ အရှုံးပေါ်တတ်ပါသည်။

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကျားနှစ်မွေးသူနှင့် စီးပွားရေးဖက်စပ်မလုပ်ကိုင်ပါနှင့်။ အကျိုးထူးမည်မဟုတ်ပါ။ ဆုတောင်းပွဲလုပ်နိုင်၏။ ခရီးထွက်နိုင်၏။ အလုပ်နှင့်အိမ်ရာ ပြောင်းရွှေ့နိုင်၏။ လက်ထပ်ထိမ်းမြားနိုင်ပါသည်။ ဩဂုတ်လ (၁၀)ရက်နေ့နှင့် (၂၂)ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းနှင့် ငွေချေးလုပ်ငန်းလုပ်လျှင် အကျိုးပေးမည်။

### ရှောင်ကြဉ်ရန်အချက်များ

ဈေးဆိုင်သည် မတည်ရ၊ မဖွင့်ရ။ အခန်း၊ ခုတင် နေရာမချရသေး။ ဩဂုတ်လ (၂၂)ရက်နေ့တွင် အခန်း၊ ခုတင် နေရာချနိုင်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် အကျိုးမပေးပါချေ။ မလုပ်ရ။

### ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယုန်နှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားဖြစ်မည် မဟုတ်ပါ။ ဆံသ၊ ခေါင်းလျှော်နိုင်၏။ ဩဂုတ်လ (၁၁)ရက်နေ့နှင့် (၂၇)ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ပြည်ပကုန်သွယ်မှု မလုပ်ရ။ အကျိုးပေးမည်မဟုတ်ပါချေ။ လက်ထပ်ရန် အသင့်သေး။ ခဏဆိုင်းပါဦးလေ။ လိုင်စင်ခံ အရက်ချက်လုပ်ငန်း မလုပ်အပ်။ ပျက်စီးဆုံးရှုံးပါလိမ့်မည်။ အကျိုးမဲ့ဖြစ်တတ်၏။

### ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

နဂါးနှစ်မွေးသူနှင့် မပေါင်းဖော်သင့်။ အလုပ်ဖြစ်မှာမဟုတ်ပါ။ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ပါ။ အကျိုးပေးပါလိမ့်မည်။ လက်ထပ်ထိမ်းမြားနိုင်၏။ အလုပ်နှင့်အိမ်ရာ ပြောင်းရွှေ့နိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ ဩဂုတ်လ (၁၂)ရက်နေ့နှင့် (၂၄)ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးတို၊ ခရီးဝေးမထွက်သင့်သေး။ ဘေးအန္တရာယ်များ စောင့်ကြိုနေ၏။ ငါးပိုက်ကွန်ရက်လုပ်ငန်းနှင့် အကျိုးမပေးနိုင်ပါချေ။ ရေမြောင်းမဖောက်ကြရ၊ ရေတွင်းရေကန် မတူးဖော်ရ။ ခိုက်တတ်ပါသည်။ သတိနှင့်ဆင်ခြင်ပါ။

**ကေတီ–အောင်သိန်း (ရန်ကုန်တက္ကသိုလ်)**

Ref:-

တရုတ်နက္ခတ္တဗေဒင်ပညာ
၂၀၁၃ ခုနှစ်၊
**Hong Kong (China)**





www.burmeseclassic.com


www.burmeseclassic.com


# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်


## ၁၃၇၅ ခုနှစ်၊ ဝါဆိုလ - ဝါခေါင်လ

## 2013 AUGUST

| | | |
|---|---|---|
| ကြာသပတေး Thursday | 1 ၁၀ | |
| သောကြာ Friday | 2 ၁၁ | |
| စနေ Saturday | 3 ၁၂ | |
| တနင်္ဂနွေ Sunday | 4 ၁၃ ရက်ရာဇာ | 18 ၁၂ |
| တနင်္လာ Monday | 5 ၁၄ | 19 ၁၃ |
| အင်္ဂါ Tuesday | 6 ၁၅ ဝါဆိုလကွယ် | 20 ၁၄ |
| ဗုဒ္ဓဟူး Wednesday | 7 ၁ ရက်ရာဇာ မဟာရက်ကြမ်း | 21 ၁၅ ဝါခေါင်လပြည့် ရက်ရာဇာ |
| ကြာသပတေး Thursday | 8 ၂ | 22 ၁ မဟာရက်ကြမ်း |
| သောကြာ Friday | 9 ၃ ရက်ရာဇာ | 23 ၂ ရက်ရာဇာ |
| စနေ Saturday | 10 ၄ | 24 ၃ |
| တနင်္ဂနွေ Sunday | 11 ၅ | 25 ၄ |
| တနင်္လာ Monday | 12 ၆ | 26 ၅ |
| အင်္ဂါ Tuesday | 13 ၇ အမြိတ္တစုတ်ရက် | 27 ၆ |
| ဗုဒ္ဓဟူး Wednesday | 14 ၈ ရက်ရာဇာ | 28 ၇ ရက်ရာဇာ |
| ကြာသပတေး Thursday | 15 ၉ | 29 ၈ |
| သောကြာ Friday | 16 ၁၀ ရက်ရာဇာ | 30 ၉ ရက်ရာဇာ |
| စနေ Saturday | 17 ၁၁ | 31 ၁၀ ရက်ယုတ်မာ |







၁. ၈. ၂၀၁၃ စန်းပြောင်းရက်စွဲ ၁၇. ၈. ၂၀၁၃

<u>၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်း ဂြိုဟ်ပြောင်းချိန်</u>

တနင်္ဂနွေသည် - ၁၇. ၈. ၂၀၁၃ စနေနေ့ နံနက် ၀ နာရီ ၄၄ မိနစ် ၆ စက္ကန့်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၁၉. ၈. ၂၀၁၃ တနင်္လာနေ့ နံနက် ၂ နာရီ ၂၄ မိနစ် ၅၃ စက္ကန့်တွင် ကရကဋ်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၄. ၈. ၂၀၁၃ တနင်္ဂနွေနေ့ ည ၁၀ နာရီ ၁၉ မိနစ် ၄၅ စက္ကန့်တွင် ကရကဋ်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၁. ၈. ၂၀၁၃ ဗုဒ္ဓဟူးနေ့ နံနက် ၅ နာရီ ၄၄ မိနစ် ၁၄ စက္ကန့်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁၁. ၈. ၂၀၁၃ တနင်္ဂနွေနေ့ ည ၉ နာရီ ၂၉ မိနစ် ၁၈ စက္ကန့်တွင် ကန်ရာသီသို့ ပြောင်းသည်။

**(၁၃. ၈. ၂၀၁၃)ရက်သည် အမြိတ္တစုတ်ကျ၍ အကောင်းဆုံးရက်ဖြစ်သည်။**

<u>အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ</u>

***တနင်္ဂနွေသားသမီးသည်*** မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

***တနင်္လာသားသမီးသည်*** အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

***အင်္ဂါသားသမီးသည်*** အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

***ဗုဒ္ဓဟူးသားသမီးသည်*** အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

***ကြာသပတေးသားသမီးသည်*** အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

***သောကြာသားသမီးသည်*** အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

***စနေသားသမီးသည်*** တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com


www.burmeseclassic.com

# တစ်လအတွင်း

# ကောင်းမြင်မင်္ဂလာနိုင်ငံယာရီ


**၁.၇.၂၀၁၃ မှ ၃၁.၇.၂၀၁၃ ထိ**

**ဆရာရွှေ (နက္ခတ္တဗေဒပညာရှင်)**





**<u>၁ .၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နယုန်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့</u>**

ပြဿဒါး ၁ ရက်၊ ရက်ပုတ် ၁ ရက် မကောင်းတဲ့ရက် ၂ ရက်မိထား၍ မည်သည့်လုပ်ငန်းသစ်မျှ စတင်မလုပ်သင့်ပါ။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–သီဟိုဠ်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၂–၅–၄–၄–၅)




**<u>၂ .၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နယုန်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့</u>**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်းပါသည်။ သဗ္ဗအတ္ထသိဒ္ဓိတိထိယုဂ်လည်းရ၍ ကောင်းလှ၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အရှေ့အရပ် မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–စွယ်တော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း** (၃–၃–၉–၄–၅)





**<u>၃ .၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့</u>**

သမားညိုရက် ၁ ရက်မိ၏။ ကျန်မကောင်းရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းများလုပ်ပါ။ သင့်တင့်ကောင်းမွန်ပါသည်။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–အုန်းညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၄–၃–၆–၄–၅)




www.burmeseclassic.com

www.burmeseclassic.com





**၄ .၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့**

သမားညီရက် ၁ ရက်မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ မလုပ်မဖြစ်လုပ်ငန်းများလုပ်ပါ။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အနောက်တောင်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ကံ့ကော်ပွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၅–၆–၁–၄–၈)





**၅ .၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့**

မကောင်းသောရက် ၁၀ ပါးလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ဆီးပွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၆–၆–၂–၄–၅)





**၆ .၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့**

မကောင်းသောရက် ၁၀ ပါးလွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းမဆို လုပ်ပါ။ ကောင်းပါသည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ရွက်လှပွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၇–၆–၃–၄–၅)




**၇ .၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ နယုန်လပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့**

ပြဿဒါး ၁ ရက်မိ၏။ ကျန်ရက်များလွတ်၍ သင့်တင့်ကောင်းမွန်ပါသည်။ လုပ်ငန်းသစ်များစလုပ်နိုင်ပါသည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–သပြေပွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၁–၄–၈–၂–၅)





**၈ .၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၁ ရက်၊ တနင်္လာနေ့**

မဟာရက်ကြမ်း ၁ ရက်၊ နဂါးပေါ်ရက် ၁ရက် မကောင်းရက် ၂ ရက်မိထား၍ လုပ်ငန်းသစ်များစတင်လုပ်ကိုင်ခြင်း မပြုအပ်ပါ။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–သီဟိုဠ်ပွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၂–၄–၈–၂–၅)




www.burmeseclassic.com

www.burmeseclassic.com





**၉ .၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၂ ရက်၊ အင်္ဂါနေ့**

ပြဿဒါး ၁ ရက်၊ ရှမ်းရက် ၁ရက် မကောင်းရက် ၂ ရက်မိထား၍ လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–စွယ်တော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၃–၂–၅–၂–၅)





**၁၀ .၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့**

ပြဿဒါး ၁ ရက်မိ၏။ သဗ္ဗအတ္ထသိဒ္ဓိတိထိယုဂ်ရ၍ ကောင်းပါသည်။ လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်း၏။ မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–အုန်းညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၄–၂–၇–၂–၇)





**၁၁ .၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၄ ရက်၊ ကြာသပတေးနေ့**

သမားဖြူရက် ၁ ရက်မိ၏။ ကျန်မကောင်းရက်များလွတ်၍ သင့်တင့်မှုရှိပါသည်။ မလုပ်မဖြစ်လုပ်ငန်းများ လုပ်ပါ။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ကံ့ကော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၅–၂–၄–၂–၇)




**၁၂ .၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၅ ရက်၊ သောကြာနေ့**

သမားညီရက် ၁ ရက်မိ၏။ ကျန်မကောင်းရက်များလွတ်၍ သင့်ပါသည်။ မလုပ်မဖြစ် လုပ်ငန်းမျိုးလုပ်ပါ။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ဆီးညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၆–၁–၉–၂–၇)





**၁၃ .၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၆ ရက်၊ စနေနေ့**

သမားညီရက် ၁ ရက်၊ ဝါရမိတ္တုယေ ၁ရက်၊ ရက်ပုတ် ၁ ရက် မကောင်းသောရက် ၃ ရက်မိထား၍ မည်သည့်လုပ်ငန်းမျှ မလုပ်အပ်ပါ။ ခရီးဝေးမထွက်သင့်ပါ။ တောင်အရပ် အထူးရှောင်ပါ။ ဆောင်ပန်း–ရွက်လှုညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၇–၁–၆–၂–၇)




www.burmeseclassic.com

www.burmeseclassic.com





**၁၄.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့**

မကောင်းသောရက် ၁၀ ပါးလွတ်၍ ကောင်း၏။ သဗ္ဗအတ္တသိဒ္ဓိတိထိယုဂ်ရ၍ အထူးကောင်း၏။ မည်သည့်လုပ်ငန်းမဆို စတင်ဆောင်ရွက်ပါ။ အောင်မြင်အကျိုးရှိပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အနောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–သပြေညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၁–၄–၁–၂–၇)





**၁၅.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၈ ရက်၊ တနင်္လာနေ့**

မကောင်းသောရက် ၁၀ ပါးလွတ်၍ ကောင်း၏။ ရဝိယုဂ်လည်းရသဖြင့် အပြစ်ဒေါသများကို ပယ်နိုင်၍ ကောင်းလှ၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–သီဟိုဠ်ညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၂–၄–၂–၂–၇)





**၁၆.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၉ ရက်၊ အင်္ဂါနေ့**

ပြဿဒါး ၁ ရက်မိ၏။ သဗ္ဗအတ္တသိဒ္ဓိတိထိယုဂ်ရ၍ ကောင်း၏။ ရဝိယုဂ်လည်းရ၍ အပြစ်ဒေါသများကို ပယ်နိုင်၏။ မည်သည့်လုပ်ငန်းမဆို စတင်ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ထန်းညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၃–၄–၃–၂–၇)




**၁၇.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့**

ပြဿဒါး ၁ ရက်မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းငယ်များ၊ မလုပ်မဖြစ်လုပ်ရမည့် လုပ်ငန်းများ ဆောင်ရွက်ပါ။ သင့်တင့်မှုရှိပါသည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်း၏။ အရှေ့အရပ်ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–အုန်းညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၄–၆–၈–၂–၇)





**၁၈.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်းပါသည်။ သဗ္ဗအတ္တသိဒ္ဓိတိထိယုဂ်လည်းရ၍ ကောင်းလှ၏။ မည်သည့်လုပ်ငန်းမဆို စတင်ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–ကံ့ကော်ညွှန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၅–၆–၅–၂–၇)


www.burmeseclassic.com

www.burmeseclassic.com





<u>၁၉.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၁၂ ရက်၊ သောကြာနေ့</u>

သမားညိုရက် ၁ ရက်မိ၏။ သဗ္ဗအတ္တသိဒ္ဓိယုဂ်ရ၍ ကောင်းပါသည်။ လုပ်ငန်းသစ်များ စတင်ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ဆီးညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆–၃–၇–၂–၇)





<u>၂၀.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၁၃ ရက်၊ စနေနေ့</u>

သမားညိုရက် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းသစ်များ စတင်လုပ်ပါ။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–ရွှက်လှညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇–၃–၄–၂–၇)





<u>၂၁.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့</u>

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်း၏။ သဗ္ဗအတ္တသိဒ္ဓိယုဂ်ရသဖြင့် အထူးကောင်း၏။ မည်သည့်လုပ်ငန်းမဆို လုပ်ပါ။ အောင်မြင်ပါမည်။ အရှေ့အရပ်ကိုမျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်း၏။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–သပြေညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁–၅–၉–၂–၇)




<u>၂၂.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်၊ တနင်္လာနေ့</u>

မကောင်းသောရက် ၁၀ ပါးမှလွတ်၍ ကောင်းပါသည်။ ရဝိယုဂ်လည်းရ၍ စင်ကြယ်သော နေ့ရက်ဖြစ်၏။ လုပ်ငန်းသစ်များ ဆောင်ရွက်ပါ။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီအတွင်း အခါကောင်း၏။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–သီဟိုဠ်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂–၅–၆–၂–၇)





<u>၂၃.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့</u>

ပြဿဒါး ၁ ရက်၊ မဟာရက်ကြမ်း ၁ ရက် မကောင်းတဲ့ရက် ၂ ရက်မိထား၍ လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ခြင်း မပြုအပ်ပါ။ အရှေ့အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း**–စွယ်တော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃–၇–၂–၁–၁)




www.burmeseclassic.com

www.burmeseclassic.com





**၂၄.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့**

ပြဿဒါး ၁ ရက်၊ ရှမ်းရက် ၁ ရက် မကောင်းရက် ၂ ရက်မိထား၍ လုပ်ငန်းသစ်များ စတင်မလုပ်သင့်ပါ။ မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–အုန်းညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄–၇–၃–၂–၇)





**၂၅.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့**

သမားဖြူရက် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်တင့်ကောင်းမွန်ပါသည်။ လုပ်ငန်းသစ်များ လုပ်ပါ။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၉ နာရီမှ ၁၀ နာရီအတွင်း အခါကောင်းပါသည်။ အရှေ့တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**ကံ့ကော်ညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၇–၈–၂–၄)





**၂၆.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ သောကြာနေ့**

သမားညီရက် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်တင့်ကောင်းမွန်ပါသည်။ လုပ်ငန်းသစ်များ လုပ်နိုင်ပါသည်။ အနောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ အနောက်တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ကံကောင်းသောဂဏန်း** (၆–၇–၅–၂–၄)




**၂၇.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ စနေနေ့**

သမားညီရက် ၁ ရက် မိ၏။ ကျန်ရက်များလွတ်၍ သင့်ပါသည်။ လုပ်ငန်းသစ်များ လုပ်ပါ။ ထိုက်သင့်စွာ ကောင်းမွန်ပါမည်။ မြောက်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၇ နာရီမှ ၈ နာရီအတွင်း အခါကောင်းပါသည်။ တောင်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–**ရွှက်လှညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇–၅–၇–၂–၄)





**၂၈.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့**

သမားဖြူရက် ၁ ရက်၊ ရက်ပုတ် ၁ ရက်၊ နဂါးပေါ်ရက် ၁ ရက် မကောင်းရက် ၃ ရက် မိထား၍ မည်သည့်လုပ်ငန်းမျှ မလုပ်သင့်ပါ။ ခရီးဝေးမသွားအပ်။ **ဆောင်ပန်း–**သပြေညွန့်ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁–၅–၄–၂–၄)




www.burmeseclassic.com

www.burmeseclassic.com





**၂၉.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့**

မကောင်းသောရက် ၁၀ ပါးမှ လွတ်၍ ကောင်း၏။ မည်သည့်လုပ်ငန်းမဆို ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ နံနက် ၈ နာရီမှ ၉ နာရီ အတွင်း အခါကောင်းပါသည်။ အနောက်မြောက်အရပ် ယောဂနီသင့်၍ ခရီးမသွားအပ်ပါ။ ဆောင်ပန်း–သီဟိုဠ်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၂-၃-၉-၂-၄)




**၃၀.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့**

ပြဿဒါး ၁ ရက်၊ မဟာရက်ကြမ်း ၁ ရက်၊ ဝါရမိတ္တုကြီး ၁ ရက် မကောင်းရက် ၃ ရက် မိထား၍ မည်သည့်လုပ်ငန်းမျှ မလုပ်သင့်ပါ။ ခရီးဝေးမသွားသင့်။ ရေကြောင်းခရီးရှောင်ပါ။ ဆောင်ပန်း–စွယ်တော်ညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၃-၃-၆-၂-၄)




**၃၁.၇.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့**

ပြဿဒါး ၁ ရက်၊ ဝါရမိတ္တုငယ် ၁ ရက်၊ ဝါရမိတ္တုကြီး ၁ ရက်၊ ရက်ပုတ် ၁ ရက် မကောင်းရက် ၄ ရက် မိထား၍ မည်သည့်လုပ်ငန်းမျှ မလုပ်သင့်ပါ။ ခရီးဝေးထွက်ခြင်းများ ရှောင်ပါ။ ဆောင်ပန်း–အုန်းညွန့်ဆောင်ပါ။ ကံကောင်းသောဂဏန်း (၄-၃-၁-၂-၄)

**မှတ်ချက်**

၁-၇-၂၀၁၃ ခုမှ ၁၅-၇-၂၀၁၃ အထိ ဗုဒ္ဓဟူးသားသမီးများနှင့် **သောကြာသားသမီးများ** လဒဏ်သင့်၍ အားနည်းပါသည်။ ခရီးဝေးသွားလာခြင်း မပြုအပ်ပါ။ ရေလမ်းခရီးရှောင်အပ်၏။

၁၆-၇-၂၀၁၃ မှ ၃၁-၇-၂၀၁၃ အထိ အင်္ဂါသားသမီးများနှင့် ရာဟုသားသမီးများ လဒဏ်သင့်၍ အားနည်း၏။ ခရီးဝေးမသွားသင့်ပါ။ ရေကြောင်းခရီးရှောင်ပါ။

**ပြုအပ်သောယတြာ**

ဗုဒ္ဓဟူးသားသမီးများအနေဖြင့် ခရေညွန့် ၁၇ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

သောကြာသားသမီးများအနေဖြင့် သီဟိုဠ်ညွန့် ၂၁ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပေးပါ။ လိုရာဆုတောင်းပါ။

အင်္ဂါသားသမီးများအနေဖြင့် စွယ်တော်ညွန့် ၈ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်ပါ။ လိုရာဆုတောင်းပါ။

ရာဟုသားသမီးများ(ဗုဒ္ဓဟူးမွန်းလွဲပိုင်းမွေး)အနေဖြင့် ရှောက်ညွန့် ၁၂ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

*သုခိအတ္တာနံ ပရိဟရန္တု ... လိုရာဆန္ဒပြည့်ဝပါစေ။*

ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)



www.burmeseclassic.com


www.burmeseclassic.com

# ကြီးပွားအောင်မြင်ရေးအတွက် အကြံပြုချက်

................................ ၁၆.၇.၂၀၁၃ မှ ၁၆.၈.၂၀၁၃ ထိ ................................

## ကျန်းမာရေး၊ စီးပွားရေးအကြံပြုချက်

ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)




ဇေယျတု သဗ္ဗမင်္ဂလာ၊ ကောဇာသက္ကရာဇ် ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၉ ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၃ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့၊ အင်္ဂါနေ့ ၁၆ နာရီ ၂၁ မိနစ် ၁၄ စက္ကန့် အချိန် တနင်္ဂနွေဂြိုဟ်နေမင်းသည် မေထုန်ရာသီမှ ကရကဋ်ရာသီသို့ ဗြိစ္ဆာရာသီလဂ်၊ တူရာသီစန်း၊ ကြာသပတေးနဝင်းလင်စီးလျက် ပြောင်းခဲ့ပါသည်။

တနင်္ဂနွေဂြိုဟ် ရှုဋ္ဌသင်္ကြန်ပြောင်းအရ လင်စန်းဂြိုဟ်အနေအထားများကို အခြေခံ၍ ဖြစ်ပေါ်လာနိုင်သော စီးပွားရေး ကျန်းမာရေး အလုပ်အကိုင်များကို အကြံပြုသွားပါမည်။



www.burmeseclassic.com

www.burmeseclassic.com

## ကျန်းမာရေးနှင့် ဘေးအန္တရာယ်အတွက် အကြံပြုချက်

တနင်္ဂနွေပြောင်းလဲ်မှ ဂြိုဟ်အများစုတို့သည် ၈ တန့်၊ ၁၂ တန့်တို့တွင် ရပ်တည်နေကြ၏။ ဤအချက်က ပြဿနာများ ရှိနေနိုင်ကြောင်း ဖော်ပြနေ၏။ လူတို့တွင် ဘေးအန္တရာယ်မကင်း တတ်ပါ။ ကျန်းမာရေးဂရုစိုက်သွားအပ်၏။ စနေထောင့် အနောက်တောင်ထောင့် သမသောသင့်၍ နေအိမ်ညနေ ခရီး မသွားအပ်ပါ။ စနေဘာဝ ဆမီးများအတူ ရှောင်အပ်၏။ အလုပ် အကိုင်အရောင်းအဝယ်များ အနေဖြင့် သင့်တင့်မှုရှိသော်လည်း စျေးအတက်အကျ မမှန်တတ်။ စနေရာဟု တနင်္လာတို့၏ အနေ အထားက ဖော်ပြနေပါသည်။

## အလုပ်အကိုင်နှင့် စီးပွားရေးအနေအထား

အလုပ်အကိုင်အကျိုးပြုသော ၁၀ တန့်သခင် တနင်္ဂနွေ ဂြိုဟ်သည် ဘာဝစက်၌ ၈ တန့်ဘာဝ၌ ရပ်တည်နေသဖြင့် အလုပ်အကိုင်များ မျှော်မှန်းသလို မဖြစ်တတ်ပါ။ အကုသိုလ် မကင်းသော လုပ်ငန်းများ အကျိုးရှိနိုင်သလို ဥပဒေမကင်းသော လုပ်ငန်းများလည်း ကောင်း၏။

အလိမ်အကောက်များ ရှိလာတတ်၍ ငွေရေးကြေးရေး နှင့် ပတ်သက်၍ အထူးသတိထားအပ်ပါသည်။ အဓိက ငွေရေး ကြေးရေးအတွက် အာမခံပေးတာမျိုး အထူးရှောင်အပ်ပါသည်။ ၁၂ တန့်ဘာဝတွင် ရပ်တည်နေသော ရာဟုဂြိုဟ်က အမှုအခင်း ပြဿနာတို့ကို ပေးနိုင်ပါသည်။ ထို့ကြောင့် အရာရာသတိထား အပ်ပါကြောင်း အကြံပြုအပ်ပေသည်။

### ၁။ စက်မှုလက်မှုလုပ်ငန်းများ

စက်မှုလက်မှုလုပ်ငန်းကို အကျိုးပြုသော အင်္ဂါဂြိုဟ်သည် ၈ တန့်ဘာဝနှင့် ဆက်နွှယ်နေသဖြင့် စက်ပိုင်းဆိုင်ရာများ အပျက် အစီးများတတ်၏။ ပစ္စည်းများ ရှားပါးတတ်၏။ အဓိကအားဖြင့် စက်မှုလုပ်ငန်းများ မှန်းချက်နှင့် မကိုက်တတ်ပါ။ သတိထား အပ်၏။

### ၂။ လယ်ယာလုပ်ငန်း

လယ်ယာလုပ်ငန်းကိုအကျိုးပြုသော တနင်္လာနှင့် သောကြာဂြိုဟ်တို့အား စနေဂြိုဟ်လွှမ်းမိုးထားသဖြင့် လုပ်ငန်း များ အခက်အခဲနှောင့်နှေးမှုများ ရှိနိုင်ပါသည်။ စိုက်ပျိုးရေး လုပ်ငန်းများ နောက်ကျတတ်ပါသည်။

### ၃။ မွေးမြူရေးနှင့် ရေလုပ်ငန်း

မွေးမြူရေးကိုအကျိုးပြုသော သောကြာနှင့် တနင်္လာ၊ ကြာသပတေးတို့အနေအထားမှာ စနေလွှမ်းမိုးထားသဖြင့် ရာဟု ပါဝင်နေ၍ ရောဂါများ ဝင်တတ်ပါသည်။ အဓိကအားဖြင့် ငါး၊ ပုစွန်မွေးမြူရေး၊ ဘဲမွေးမြူရေးများ သတိထားအပ်၏။

### ၄။ ဆေးပစ္စည်းနှင့် ဆေးဝါးလုပ်ငန်း

ဆေးဝါးကို အကျိုးပြုသော တနင်္ဂနွေဂြိုဟ်အား စနေ၊ ရာဟုတို့ လွှမ်းမိုးထားသဖြင့် ဆေးဝါးအတုများ ပေါ်တတ်သဖြင့် သတိထားအပ်ပါသည်။ ဆေးဝါးထုတ်လုပ်မှုများလည်း အဆင် မပြေတတ်ပါ။ အခက်အခဲရှိနိုင်၏။ ဆေးပစ္စည်းများ ရှားပါးတတ် ပါသည်။

### ၅။ အချိုရည်နှင့် အအေးစုံလုပ်ငန်း

အချိုရည်နှင့် အအေးစုံလုပ်ငန်းကို အကျိုးပြုသော တနင်္လာနှင့် သောကြာဂြိုဟ်တို့ကို စနေ၊ ရာဟုတို့ လွှမ်းမိုးထား သဖြင့် အရည်နှင့်ပတ်သက်သောလုပ်ငန်းများ အခက်အခဲရှိလာ မည်။ အရောင်းထိုင်းနိုင်၏။ ရေသန့်လုပ်ငန်းများလည်း အရောင်း ထိုင်းနိုင်ပါသည်။

### ၆။ အထည်အလိပ်လုပ်ငန်း

အထည်အလိပ်နှင့် အဝတ်အထည်များကို အကျိုးပြုသော ဗုဒ္ဓဟူးနှင့် သောကြာဂြိုဟ်တို့ကို စနေနှင့် ရာဟုတို့ လွှမ်းမိုးထား သဖြင့် အရောင်းအဝယ်ထိုင်းသွားနိုင်ပါသည်။ လုပ်ငန်းများလည်း အထွက်နှုန်းကျသွားနိုင်ပါသည်။

### ၇။ အလှကုန်လုပ်ငန်း

အလှကုန်လုပ်ငန်းကိုအကျိုးပြုသော သောကြာဂြိုဟ်ကို စနေ၊ ရာဟုတို့ လွှမ်းမိုးထားခြင်းကြောင့် အလှကုန်လုပ်ငန်းများ အားနည်းမှုရှိပါမည်။ အလှကုန်ပစ္စည်းများလည်း အရောင်းထိုင်း နိုင်ပါသည်။ စနေ၊ ရာဟုတို့သည် ယားနာလေးများကို ဖြစ်စေ တတ်၍ ယားနာလိမ်းဆေးများကတော့ ရောင်းကောင်းနေနိုင်ပါ သည်။

### ၈။ စာပေနှင့် စာပုံနှိပ်စက်လုပ်ငန်း

စာပေကိုအကျိုးပြုသော ဗုဒ္ဓဟူးနှင့် ကြာသပတေးဂြိုဟ် တို့သည် ၈ တန့်ဘာဝနှင့် ဆက်နွှယ်နေသဖြင့် အဆင်မပြေမှုများ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရတတ်၏။ စာပေထုတ်ဝေမှုများ အခက်အခဲရှိနိုင်ကြောင်း ၈ တန့်ဘာဝတွင် ရပ်တည်နေသော ဗုဒ္ဓဟူးဂြိုဟ်က ဖော်ပြနေပါသည်။

## ၉။ ရုပ်ရှင်အနုပညာနှင့် ဂီတအနုပညာလုပ်ငန်းများ

အနုပညာနှင့် ဆိုင်သော ဂြိုဟ်နှစ်လုံးဖြစ်သည့် တနင်္လာနှင့် သောကြာဂြိုဟ်တို့ ရာသီတွင် အိမ်ချင်းလဲ၍ ဆက်သွယ်နေသဖြင့် ရုပ်ရှင်အနုပညာ၊ ဂီတအနုပညာလုပ်ငန်းများ ကောင်းမွန်မှု ရှိပါ့မည်။ စနေပါဝင်မှုရှိသဖြင့် အနည်းငယ် အခက်အခဲကတော့ တွေ့နိုင်ပါသည်။

## ခုနစ်ရက်သားသမီးများအတွက် အကြံပြုချက်

**တနင်္ဂနွေသားသမီးများ** မတော်တဆ ထိခိုက်ရှနာမှုလေးများ ဖြစ်တတ်လို့ အသွားအလာ၊ အလုပ်အကိုင်များ သတိထားပါ။ ငွေကြေးလက်မလွှယ်ပါနှင့်။ အာမခံပေးမှုမျိုး ရှောင်ပါ။

ပြုအပ်သောယတြာ – အုန်းညွန့် ၆ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**တနင်္လာသားသမီးများ** ခရီးဝေးသွားလာမှုများ ရှိနိုင်ပါသည်။ နိုင်ငံရပ်ခြား သွားလာမှုမျိုးလည်း ဖြစ်နိုင်ပါသည်။ ကျန်းမာရေး ဂရုစိုက်ပါ။ အအေးပတ်၍ ကျန်းမာရေးအားနည်းနိုင်ပါသည်။ အလုပ်အကိုင်များလည်း မှန်းချက်မကိုက်တတ်ပါ။

ပြုအပ်သော ယတြာ –ကံ့ကော်ညွန့် ၁၅ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**အင်္ဂါသားသမီးများ** အလုပ်အကိုင်၊ ကျန်းမာရေး အနေအထားများ ကောင်းမွန်မှုရှိပါသည်။ သတိထားရန်မှာ စိတ်မြန်နေတတ်၍ အလုပ်အကိုင်များ လုပ်ကိုင်ရာတွင် ထိခိုက်ရှနာမှုလေးများ ရှိတတ်ပါသည်။ စိတ်လိုက်မာန်ပါ ဆောင်ရွက်မှုမျိုးရှောင်ပါ။

ပြုအပ်သောယတြာ – ထန်းညွန့် ၁၀ ညွန့်ကို ဆီးပင်မှ ဆူးချွန်ဖြင့် သုံးပတ်စည်းပြီး၊ မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**ဗုဒ္ဓဟူးသားသမီးများ** အရာရာဂရုစိုက် လုပ်ကိုင်သွားအပ်ပါသည်။ အပြောအဆိုများ ဆင်ခြင်ပါ။ ပြဿနာဖြစ်တတ်ပါသည်။ ကျန်းမာရေးကိုလည်း ဂရုစိုက်အပ်၏။ မတော်တဆ ထိခိုက်မှုများ ဖြစ်တတ်၏။

ပြုအပ်သောယတြာ – ကံ့ကော် ၃ ညွန့်၊ သပြေ ၃ ညွန့်၊ အုန်းညွန့် ၃ ညွန့် ပေါင်း ၉ ညွန့်ကို ဝါးမျှင်ဖြင့် လေး... စည်းပါ။ မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား... ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**ကြာသပတေးသားသမီးများ**အနေဖြင့် ဘာဝအ... အထား ကောင်းသော်လည်း ရာသီနေ၊ ရာသီထား အားနည်း... ၍ ဂရုစိုက်ပါ။ အလုပ်အကိုင်များ မှန်းသလောက် မဖြစ်တတ်... ကျန်းမာရေး အစားမှားတတ်၍ အစားအသောက် ဂရုစိုက်အ... ပါသည်။

ပြုအပ်သောယတြာ–ဆီးညွန့် ၃ ညွန့်၊ သီဟိုဠ်ညွန့် ၃ ညွန့်၊ ကံ့ကော်ညွန့် ၃ ညွန့်၊ ပေါင်း ၉ ညွန့်ကို ငှက်ပျော်လျှော်ဖြင့် ၅ ပတ်စည်း၍ မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**သောကြာသားသမီးများ** အလုပ်အကိုင်များ ကောင်း...မည်။ ခရီးဝေးသွားလာမှုများ ရှိနိုင်၏။ နိုင်ငံရပ်ခြား သွားလာမှု... လည်း ဖြစ်နိုင်ပါသည်။ ကျန်းမာရေးအနေအထားလည်း ကောင်း... ပါမည်။

ပြုအပ်သောယတြာ–သီဟိုဠ်ညွန့် ၂၁ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပေးပါ။ လိုရာဆုတောင်းပါ။

**စနေသားသမီးများ** အလုပ်အကိုင်များ အဆင်မပြေ... တတ်ပါ။ ခရီးသွားလာမှုများ ရှိနိုင်ပါသည်။ အစားမှား၊ ဆေးမှား ရှိတတ်၍ ကိုယ့်သဘောနဲ့ကိုယ် ဆေးဝါးစားတာမျိုးရှောင်ပါ။ ဆရာဝန်ညွှန်ကြားမှုအတိုင်း စားသုံးပါ။

ပြုအပ်သောယတြာ–ထန်းညွန့် ၁၀ ညွန့်ကို အဖျားတွင် လက်နှစ်သစ်ခန့် ထုံးသုတ်ပြီး ဘုရားတစ်ဆူဆူ၏ စနေထောင့်တွင် မွေးနေ့၌ သွားရောက်လှူပါ။ လိုရာဆုတောင်းပါ။

သုခိအဗ္ဗာန် ပရိဟရ...

**ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)**



www.burmeseclassic.com

www.burmeseclassic.com

# ရုပ်ခန္ဓာကို ပရမတ်ဖြင့် ရှုမှတ်ခြင်း

မဟာထွန်းနိုး

ဤဓမ္မဆောင်းပါးရှည်ကြီးကို ရေးလာရာ၌ တရားရှုနည်း မှတ်နည်း(တရားသားသက်သက်)ကိုသာ ထည့်သွင်းရေးသားခြင်းမပြုဘဲ တရားရှုနည်း၊ မှတ်နည်းနှင့် ပတ်သက်သော လမ်းခွဲကလေးများ၏ အကြောင်းအရာအချို့ကိုပါ ထည့်သွင်းရေးသားလေ့ရှိသည်ကို စာဖတ်သူဓမ္မပရိသတ်များလည်း သိပြီးဖြစ်သည်။

ဤကဲ့သို့ ရေးသားခြင်းသည် တရားကို စာပေသို့တင်ပေးရာ၌ တစ်စုံတစ်ခုသော အထောက်အကူဖြစ်သည်ကို နားလည်ဖူးသည်။ ဤစာရေးသူတို့ ရဟန်းငယ်ဘဝ၊ စာသင်ကြရာ၌ စာချဆရာတော် ချပေးသည့် တစ်ခုတည်းကို သင်ယူရုံဖြင့် စာတတ်မြောက်ခြင်း၏ အပြည့်အစုံကို မရနိုင်ဘဲ ထိုစာနှင့်ပတ်သက်သော အကြောင်းအရာများကို စာသင်ဘက်ကိုယ်တော်အချင်းချင်း တိုင်ပင်လိုက်၊ အဓိပ္ပာယ်စာအုပ်များကို ကြည့်ရှုလိုက် စသော ပတ်သက်ရာ ပတ်သက်ကြောင်းနှင့် ရောပေါင်းခြင်းဖြင့်သာ သင်စာကို ပိုမိုပွင့်လင်းစေကြောင်း ကောင်းကောင်းကြီး မှတ်မိလေသည်။ သို့တည်းမဟုတ် စာကို ပို၍ရစေသည်။

တည်တည်တင်ပြသည်နှင့် သိုင်းဝိုင်းတင်ပြသည်ဟူ၍ နှစ်မျိုးကွဲပြားရာ၌ သိုင်းဝိုင်းတင်ပြခြင်းက သာ၍ပင် ပြည့်စုံပြီးမောက်ခြင်းရှိသည်ကို စာဖတ်သူတိုင်း လက်ခံနားလည်ကြမည်သာ ဖြစ်သည်။ ထို့ကြောင့်လည်း သိုင်းဝိုင်းတင်ပြသည့်နည်းကို ရွေးခဲ့သည်။

ဤနည်းကို အနီးကပ်လိုက်နာကျင့်သုံးနေကြသော ဓမ္မယောဂီများထဲက ကျောင်းပရိသတ်ဟု ဆိုရမည့် အနီးကပ်တရားလိုက်နေသော ဓမ္မယောဂီများက ပို၍ကြိုက်ပြီး ပိုပြီးသဘောပေါက်နားလည်ကြသည်ကိုလည်း တွေ့ရသည်။

ခန္ဓာငါးပါးကို မတည်ပြီး ဓာတ်ပရမတ်နည်း အတော်များများနှင့် တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် ပြသပေးလာခဲ့၍ ညက်ညက်လည်းရှိသောကြောင့် တစ်ကြိမ်တစ်မျိုးနှင့် နားမလည်လျှင် အကြိမ်ကြိမ်အမျိုးမျိုး ရှိလာသောအခါ နားရှည်၊ ဉာဏ်ရှည်ဝလာကြသည်နှင့်အမျှ ပြသလျက်ရှိသော တရားသည်လည်း ရုပ်လုံးကြွလာလေသည်။

နီးသော ဓမ္မယောဂီများ ဓမ္မရသကို ပြည့်ပြည့်ဝဝခံစားနိုင်ကြသလို၊ ဝေးသော ဓမ္မယောဂီများလည်း (ဤဓမ္မဆောင်းပါးများကို အကြိမ်ကြိမ်ဖတ်ရှု ဉာဏ်သွင်းခြင်းဖြင့်) နားလည်ကြသည်ကို သိရသည်။ တချို့ သဘောမပေါက်၍ မဂ္ဂဇင်းတိုက်မှတစ်ဆင့် ဆက်သွယ်ပြီး ဖုန်းဖြင့်မေးလာကြသည်လည်း ရှိကြသည်။

ယခု စာရေးနေဆဲ (၃ လပိုင်း)၌ ဖုန်းဖြင့်ဆက်သွယ်မေးလာသော ပုစ္ဆာက ဓမ္မယောဂီတစ်ယောက်၏အမြော်အမြင်က စိတ်ဝင်စားဖွယ် ကောင်း၍ ဤ၌တင်ပြလိုသည်။ ၎င်းဓမ္မယောဂီမေးသည်မှာ သိခြင်းကိစ္စပြီးသည်၊ အသိဆုံးသည်ဟုဆိုသည်ကို နားမလည်၍ မေးခြင်းဖြစ်သည်။

ထို့ကြောင့် လောကီ(ပညတ်)၌ အသိဆုံးပုံနှင့် လောကုတ္တရာ(ပရမတ်)၌ အသိဆုံးပုံ နှစ်မျိုးလုံးကို ရှင်းပြလိုက်သည်။ နားလည်သဘောပေါက်ကြောင်းကို ပြန်လည်လျှောက်ထားသံကြားလိုက်ရ၍ များစွာလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။ ၎င်း၏အမေးကို ရှင်းပြရာ၌ ပညတ်မှ စခဲ့သည်၊



www.burmeseclassic.com

www.burmeseclassic.com

လောကီ၌ အမေရှိသည်ဟု ဆိုပါစို့။ အမေကို အမေဟုသိလျှင် သိခြင်းကိစ္စပြီးသည်၊ အသိဆုံးသည်ဟု ဆိုရသည်။ ကျောင်းဆရာမအမေ၊ စာရေးမအမေ၊ လယ်သူမအမေ စသည်ဖြင့် သိလျှင်လည်း ဝိသေသသာလျှင် တိုးလာပြီး အသိတိုးလာသည်ဟူ၍ကား မဆိုလောက်တော့ပေ။ ထို့ကြောင့် အမေကို အမေဟုသိလျှင် သိခြင်းကိစ္စပြီး၏။ အသိဆုံး၏။

ပရမတ်အသိမှာလည်း မျက်စိ-မြင်ခြင်းသဘော၊ နား-ကြားခြင်းသဘော၊ နှာခေါင်း-နံခြင်းသဘော၊ လျှာ-ရသသဘော၊ ကိုယ်-ထိခြင်းသဘော၊ စိတ်-သိခြင်းသဘော။ သဘောဆိုက်လျှင် ကိစ္စပြီးသည်။ လောကီထွက်ပြီး ပညတ်ဝင်သည်။ သိခြင်းကိစ္စပြီးသည်ဟု ဆိုရသည်။

ဝိသေသတွဲပြီး အထူးပြုလိုက်လျှင် ပညတ်ကပ်၍ ပရမတ်ပျက်၏။ ပရမတ်ပျက်လျှင် ဝိပဿနာရှု၍ မရတော့ပေ။ ပေ၍ ရှုနေလျှင်လည်း ရှုရုံသာရှိပြီး မဂ်ဖိုလ်ကို ရနိုင်မည်လည်း မဟုတ်တော့။ အကျိုးမဲ့သာ ဖြစ်ရချေတော့သည်။ ထို့ကြောင့် အထူးသတိပြုရလေသည်။

*** *** ***

နားနှင့်ပတ်သက်သော ရုပ်ခန္ဓာအကြောင်းကို ဆက်ကြစို့။

"နားသည် ကြားခြင်းသဘောရှိ၏။"

အထက်ပါအဆိုကို သဘောပေါက်လျှင် နားနှင့်ပတ်သက်၍ ပြည့်စုံသည်။ ပရမတ်ပေါက်၍ တရားရှု၍ရပြီ။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာဖွဲ့၍ ရှု၍လည်း ရပြီ။ သို့သော်လည်း ဤမျှလောက်ရေးပြရုံဖြင့်ကား နားလည်နိုင်ကြမည်မဟုတ်ပေ။ ထို့ကြောင့် ရှေ့ဆောင်းပါးများမှာ ရေးခဲ့ဖူးသည်ကို ပြန်ကောက်ရဦးမည်။ အာရုံစိုက်ပါ။

အသံ၊ နား၊ ကြားခြင်းသဘောဟု သုံးမျိုးခွဲခြားထားရမည်။ အသံသည် မည်သည့်အသံဖြစ်စေ နားကိုလာတိုက်သည်။ (နားကအသံကို သွားတိုက်ခြင်းမဟုတ်။) ထို့ကြောင့်လည်း ကြားခြင်းကို ဖြစ်စေသည်။ ကြားခြင်းကိစ္စပြီးသည်။ နားနှင့်အသံသည် ပညတ်ဖြစ်ပြီး ကြားခြင်းသည် ပရမတ်ဖြစ်သည်။

အဘယ်ကြောင့် ကြားခြင်းကို ပရမတ်ဟု ဆိုရသနည်း။

ကြားသည်ကို ရှာ၍မရပေ။ နားထဲ ခွဲရှာလျှင်လည်း ရမည်မဟုတ်။ နားထောင်တိုင်းလည်း ကြားနေရသည်။ ကြား သော်လည်း ထိုကြားခြင်းကို ရှာ၍မရပေ။ ရှာ၍မရ၊ ကြည့်၍ မမြင်သောကြောင့်ပင် "သဘော"ဟုဆိုရသည်။ သဘောဟူ သည်မှာ ကိုင်၍၊ ယူ၍၊ ပြသ၍မရနိုင်သောအရာကိုသာ ဆိုလို သည်။

ထိုသဘောကိုသာ ခန္ဓာဖွဲ့ရသည်။ ခန္ဓာဟူသည်မှာလည်း အတုံးအလုံး အကောင်သဏ္ဌာန် မဟုတ်ပေ။ သဘောမျှသာရှိသည်။ သဘောဆိုက်ပြီးမှ ခန္ဓာဖွဲ့ရသည်။ သို့မှ ပရမတ်ခန္ဓာဖြစ်သည်။ ပရမတ်ခန္ဓာကို ရှုမှတ်ပွားများမှ မဂ်ကိုရသည်။ ထို့ကြောင့် အရာအားလုံးကို ပရမတ်တင်ပြီးမှ တရားရှုရသည်။

ကြားသည်မှာ အသံရုပ်ဖြစ်သည်။ ထိုအသံရုပ်ကို ခန္ဓာဖွဲ့လျှင် ရူပက္ခန္ဓာရသည်။

ကြားသည်ကို ကောင်း၊ မကောင်း ခံစား၍ရသည်။ ခံစားသည်ကို ခန္ဓာဖွဲ့လျှင် ဝေဒနက္ခန္ဓာရသည်။

ကြားသည်ကို မှတ်သား၍ရသည်။ မှတ်သားသည်ကို ခန္ဓာဖွဲ့လျှင် သညက္ခန္ဓာရသည်။

နားထောင်ခြင်းမှာ သင်္ခါရဖြစ်သည်။ သင်္ခါရကို ခန္ဓာဖွဲ့လျှင် သင်္ခါရက္ခန္ဓာရသည်။

ကြားသည်ကို သိခြင်းမှ ဝိညာဉ်ဖြစ်သည်။ ဝိညာဉ်ကို ခန္ဓာဖွဲ့လျှင် ဝိညာနက္ခန္ဓာရသည်။

ဤမျှလောက်ဆိုလျှင်ပင် စာဖတ်သူဓမ္မယောဂီသည် ခန္ဓာငါးပါးကို နားလည်လောက်ပြီဟု ယူဆသည်။ ခန္ဓာငါးပါးဟူသည်မှာ အတုံးအလုံး အကောင်သဏ္ဌာန်မဟုတ်ဘဲ သဘောမျှသာရှိသည်ဟူ၍လည်း သဘောပေါက်လောက်ပြီဟု ထင်သည်။ ထိုနောက် တရားရှုပွားမည့်အခန်းကို ဆက်ကြဦးစို့။

*** *** ***

## ဘုရားရှိခိုး

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မြန်မာပြန် ။ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်ခြင်းကို ခံယူထိုက်သော၊ တရားအားလုံးကို သိမြင်တော်မူသော (တပည့်တော်သည်) ထိုမြတ်စွာဘုရားရှင်အား ရှိခိုးပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာပို့

ငါသည် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ချမ်းသာစွာဖြင့် မိမိ၏ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ပါစေ။

ဤကျောင်း (ဇရပ်၊ ဂူ၊ အိမ်၊ ကား၊ ရထား၊ သင်္ဘော၊ မော်တော်၊ လေယာဉ်၊ တောတောင်၊ သစ်ပင်အောက်) အတွင်း၌ ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(အကျဉ်းကျုံ့သွားတော့မည်။ ဖြည့်ဖတ်ရန်။)

ဤရပ်ကွက်၊ ဤရွာ၊ ဤမြို့နယ်၊ တိုင်း၊ ပြည်နယ်၊ နိုင်ငံ၊ ကမ္ဘာ၊ သုံးဆယ့်တစ်ဘုံ၊ စကြဝဠာ၊ စကြဝဠာအနန္တ ရှိကြကုန်သော····

အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အရှေ့တောင်ထောင့်၊ အနောက်မြောက်ထောင့်၊ အရှေ့မြောက်ထောင့်၊ အနောက်တောင်ထောင့်၊ အထက်အရပ်၊ အောက်အရပ်တို့၌ ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

## တရားရှုမှတ်ပုံအခြီအစဉ်

ဘယ်ခြေအောက်၊ ညာခြေအပေါ်၊ ဘယ်ဘက်ခြေဖဝါးပေါ်မှာ ညာဘက်ခြေသလုံးကိုထား၊ ဘယ်ဘက်ပေါင်နှင့် ခြေသလုံးအကြားတွင် ညာဘက်ခြေဖဝါးကိုထား၊ ဘယ်လက်အောက်၊ ညာလက်အပေါ်၊ လက်မထိပ်ချင်းထိကပ်ထား၊ ခါးကိုဆန့်ထုတ်ထား၊ ခေါင်းကို ရှေ့နောက်ဘယ်ညာ မယိမ်း၊ မငိုက်၊ မစောင်း မတ်မတ်ထား။ ထိုအနေအထားအတိုင်း အကြောများကို လျှော့ချထား။

ခါးကိုသာ မတ်မတ်ထားပြီး အကြောအားလုံးကို လျှော့ချထားနိုင်ခြင်းဖြစ်၏။ အကြောများကို ထောင်ထားလျှင် မကြာမီ ညောင်းကိုက်လာတတ်သည်။ ထိုအခါ မိမိ၏ တရားအလုပ်ကို အနှောင့်အယှက်ဖြစ်စေသည်။ ဖိထိုင်၊ ပေထိုင်လျှင်လည်း မိမိကိုယ်ကို နိုပ်စက်သကဲ့သို့ ရှိနေ၍ တရားကို အာရုံမရောက်နိုင်တော့ဘဲ ဖျက်သိမ်းလိုက်ရပေလိမ့်မည်။ နောင်တွင်လည်း ထိုင်ပြီးတရားရှုမှတ်ရမည်ကို စိတ်ပျက်လာတတ်သည်။

ထို့ကြောင့် သက်သာမည့်နည်းကို ရှာရသည်။ ထိုနည်းကို အမြဲတမ်းသုံးနိုင်ရန်အတွက် အလေ့အကျက်ဖြစ်အောင်၊ စွဲမြဲအောင် လုပ်ထားရသည်။ စွတ်မလုပ်ဘဲ ငြိမ်သာပျော့ပျောင်းစွာဖြင့် စိတ်ကိုကြည်လင်အောင် ထားပြီးမှ ရှုမှတ်ရသည်။

ထို့နောက် စိတ်ကို ဝမ်းဗိုက်သို့ပို့လိုက်ပါ။ စိတ်ပျံ့လွင့်ပြီး အဝေးကိုရောက်သွားလျှင် ဝမ်းဗိုက်ကို ပြန်ပို့ရသည်။ အတတ်နိုင်ဆုံး စိတ်ကို ဝမ်းဗိုက်မှာ ငြိမ်အောင်ထားရသည်။ စိတ်အထိုက်အလျောက် ငြိမ်သက်လာစေပြီးနောက် ဖောင်း/ပိန်နှစ်မျိုးတွင် ဖောင်းမှစ၍ မှတ်ရသည်။

(ပရမတ်ဉာဏ်၏ တည်နေရာနှင့် ရှုမှတ်ပုံနည်းကို ပုံသေသတ်မှတ် မထားပေ။ နှစ်ခေါင်းဝနှင့် ဝမ်းဗိုက်၊ ဤနှစ်မျိုးကို အလျဉ်းသင့်သလို ထည့်သွင်းပေးသွားမည်။)

ဦးစွာ တရားရှုမှတ်ရန် ပညတ်၊ ပရမတ်ခွဲရသည်။ ဗိုက်ဖောင်းလျှင် ဖောင်းသည်ကိုသာ မှတ်ရသည်။ ဗိုက်ကို မမှတ်ရ။ ဗိုက်ပိန်လျှင်လည်း ပိန်သည်ကိုသာ မှတ်ရသည်။ ဗိုက်ကို မမှတ်ရ။ ဗိုက်ကိုမှတ်နေလျှင် ဗိုက်သည် ပညတ်ဖြစ်သောကြောင့် ဝိပဿနာမဖြစ်။ ဝိပဿနာမဖြစ်လျှင် မဂ်ကို မရ။

ဖောင်းပိန်သည် ပရမတ်ဖြစ်၍ ဖောင်းပိန်ကိုမှတ်ပါမှ ဝိပဿနာဖြစ်၍ မဂ်ကိုရပေလိမ့်မည်။ ထို့ကြောင့် ဗိုက်နှင့် ဖောင်းပိန်ကို ခွဲခြားလိုက်ပါ။ ဗိုက်ကဗိုက်၊ ဖောင်းပိန်က ဖောင်းပိန်ဟု သူ့နာမည်နှင့်သူ ရှိနေသောကြောင့် ခွဲခြားရလည်း ခက်လိမ့်မည်မဟုတ်ပေ။ ရှေ့မွှဆောင်းပါးများတွင်လည်း ရေးပြခဲ့ဖူးပြီ။

ဖောင်းပိန်နှင့် ဗိုက်သည် သူ့နာမည်နှင့်သူ ရှိနေပါလျက် ဉာဏ်မလိုက်နိုင်၍ ခွဲခြား၍မရနိုင်ဘဲ ရှိနေခဲ့လျှင် အိပ်ရာမှာ ပက်လက်အိပ်ပြီး ဗိုက်ပေါ်လက်တင်ကာ စမ်းမှတ်ကြည့်ပါ။ အလွယ်တကူ ကွဲပြားခြားနားစွာဖြင့် နားလည်လာပေလိမ့်မည်။ ထို့ကြောင့် ကြိုးစားပြီး ရှုမှတ်ပွားများကြလေ သူတော်ကောင်းတွေတို့။

*** *** **



www.burmeseclassic.com

www.burmeseclassic.com

ဤနေရာ၌ ဓမ္မယောဂီများ အားတက်ဖွယ် ကဗျာနှစ်ပုဒ်ကိုလည်း ထည့်သွင်းပေးလိုက်သည်။ ဝိပဿနာတရားတော်ကို ရှုမှတ်ပွားများကြသော ဓမ္မယောဂီများ မည်မျှအထိ နိဗ္ဗာန်နှင့်နီးသည်၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရလွယ်ရောက်လွယ်သည်ကို တွေ့ရပေလိမ့်မည်။

ဤကဗျာနှစ်ပုဒ်ကို ကျေးဇူးရှင် အမြိုက်ဆရာတော်ဘုရားကြီးနှင့် တူတပည့်ဖြစ်တော်မူသော ဦးပဥ္စင်းလေးခေါ် ဦးဝိစိတ္တသာရ(မဟာဓမ္မာစရိယ)တို့ ရေးသားစီရင်ပြီး အမြိုက်တရားစခန်း၌ ဖြန့်ဝေပေးသနားတော်မူ၍ ရလာခဲ့သည်။ ယခုဓမ္မယောဂီများအား တစ်ဆင့်ဖြန့်ဝေပေးတော့မည်။ အရကျက်ပြီး အာဂုံဆောင်ထားလျှင် သာ၍ကောင်းသည်။ မကျက်နိုင်လျှင်လည်း ရေးမှတ် ဖတ်ထားသင့်သည်။ တန်ဖိုးအားဖြင့်ကား ကြီးမားလွန်းသည်။

၁။ နား,နှုတ်,စိတ်,ဉာဏ် ဤလေးတန်ဖြင့်၊ ဓမ္မံတရား နာကြားလေ့လာ၊ အားထုတ်ပါက၊ သေရာညောင်စောင်း၊ လဲလျောင်းပြီးကာ၊ ရောဂါဆူသည်း၊ ပူသည်းဆူပွက်၊ သတိလစ်မဲ့၊ သေခဲ့ရပြား၊ မလားအပါယ်၊ ထက်ဝယ်နတ်ပြည်၊ ရောက်ကြောင်းကေန်၊ စင်စစ်မုန်၏။ တစ်ဖန်ထိုပြင်၊ မဂ်ဝင်ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်ဟု သုံးလူထွတ်ထား ဘုရားမိန့်မှာ၊ ဟောသည်သာတည်း။

၂။ နား,နှုတ်,စိတ်,ဉာဏ်၊ ဤလေးတန်ဖြင့်၊ ဓမ္မံတရား၊ နာကြားလေ့လာ၊ အားထုတ်ပါက၊ (၁) ကျန်းမာနေစဉ်၊ မသေခင်ဝယ်၊ မဂ်ဝင်ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်၏။ (၂) မရောက်ပါလျှင်၊ ဖျားနာစဉ်နှင့် (၃) သက်ငင်ပူပြင်း သေခါနီးမှာ မဂ်ရလာ၏။ (၄) မရပါက နတ်ဘဝမှာ သေချာကျိန်းသေ မဂ်ရလေ၏။ (၅) တစ်ထွေမှ ဓမ္မရာဂ၊ ဓမ္မနန္ဒီ ထိုစွမ်းရည်ကြောင့် မထေရ်မြတ်လှ ပစ္စေကဟု ဗုဒ္ဓအငယ်ဖြစ်ရဖွယ်သည် ငါးသွယ်အားထုတ်ရကျိုးတည်း။

*(ပေဋကောပဒေသ ပါဠိတော်၊ ၁၇၇)*

## နိဂုံး

ဤအခန်းကို တရားရှုမှတ်ပြီး အနားပေးသည့်အချိန်ဟု မှတ်ယူရမည်။

ဤစာရေးသူ၏ ပုံသေနည်း ဓမ္မလမ်းစဉ်တွင် မေတ္တာနှင့် စ၍ဖွင့်ပြီး မေတ္တာနှင့်ပင် နိဂုံးပြန်အုပ်လေ့ရှိသည်။ တစ်နေ့လုံး နားလိုက်၊ ရှုမှတ်လိုက်၊ ကျားကုတ်ကျားခဲ ရှုမှတ်ပွားများနေကြသော ဓမ္မယောဂီများ ဖြစ်လျှင်လည်း အနည်းဆုံးမနက်စောစောတွင်တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတွင်တစ်ကြိမ် မေတ္တာပို့ကြရသည်။ တစ်နေ့တွင် တစ်ကြိမ်တည်းသာ ရှုမှတ်ခွင့်ရသော ဓမ္မယောဂီများသည်လည်း တရားအစတွင် တစ်ကြိမ်၊ တရားအဆုံးတွင်တစ်ကြိမ် ပေါင်းနှစ်ကြိမ်မျှ မေတ္တာပို့ကြရသည်။

မေတ္တာသည် ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ အန္တရာယ်ကင်းခြင်း၊ ဘေးရှင်းခြင်း၊ အရာရာကို အောင်နိုင်ပေါက်ရောက်ခြင်း စသည် ဟောတော်မူသောကြောင့် ငါတို့ ဓမ္မယောဂီအားလုံးတို့သည်လည်း မေတ္တာကို မြဲမြဲလက်ကိုင်ထားကြရမည်။ ယခု မေတ္တာနှင့် ဝိပဿနာကို ပေါင်းတွဲထားသောကြောင့် ကုသိုလ်အကျိုး အများဆုံးသော လူသားများဖြစ်နေကြချေပြီ။ ထို့ကြောင့် အများဆုံးသော ကုသိုလ်ထူးကြီးကို ထပ်ဆင့်ပွားပို့လိုက်ကြဦးစို့။

၁။ မြေ၌ရှိကြကုန်သော...

၂။ ရေ၌ရှိကြကုန်သော...

၃။ လေ၌ရှိကြကုန်သော... အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

## အမျှဝေ

သံသရာအစမှ ယနေ့ကျအောင် ပြုလုပ်ခဲ့သော၊ အားထုတ်ခဲ့သော၊ ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ကောင်းမှု အဖို့ပါဂ ရသမျှကို၊ သုံးဆယ့်တစ်ဘုံ၊ ကျင်လည်ကြကုန်သော၊ သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား အမျှ အမျှ အမျှ ပေးဝေပါကုန်၏။ အမျှရ၍ ကျန်းမာကြသည်၊ ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း။

(နောက်လတွင် နာခေါင်းနှင့် ပတ်သက်သော ခန္ဓာငါးပါးကို ဆက်ရန်)

**မဟာထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# ယတြာကျော်ကြည့်

ဆရာကြီး မင်းသိခ် ဇ
ဦးမောင်မောင်မြင့်အား
တို့ ပေးသောပညာရပ်များ




## ရုက္ခစိုးတို့ပူဇာနည်း

"ဒီနေ့တော့ ဆရာကြီး ဟင်းသိပ်ကောင်းမှာ မဟုတ်ဘူး။ ဆိတ်ရိုးနဲ့ ပဲဟင်း ပါတယ်" ဟု ကျွန်တော်က ပြောပြော ဆိုဆိုနှင့် ကန်တော့လိုက်ရာ ဆရာကြီးက···

"ဝက်သားကောမပါဘူးလား" ဟု မေးလိုက်ရာ ····

"ဝက်သားကတော့ ပင်တိုင်လေ၊ ပဲငံပြာရည်နဲ့ ရေတံ့သီးပွကြီးတွေနဲ့ ကြက်သွန်နီဥကြီးတွေနဲ့ အဆီတစ်ထပ် အသားတစ်ထပ် နှပ်ထားတာလေ" ဟု ပြောလိုက်ရာ ···



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးမင်းသိခ်နှင့် သူတော်စင် (၇)ဦး ဦးမောင်မောင်မြင့်အေး+D၊ ဇေယျနွယ် အိမ်ပန်းတင်းတင်းလာမှုရေး(၁၃၉၇ ခုနှစ်)

ဆရာကြီးက…

" ဆိတ်ရိုးနဲ့ ပဲ ဆိုတာကတော့ အပြောသာ လွယ်တာ ပဲနွှေးအောင်နဲ့ ဆိတ်ရိုးနူးဖို့က အတော်ချက် ရတာကွ၊ ကုလားဆိုင်က ခုတ်ပေးလိုက်တဲ့ အရိုးနဲ့ အသားကို ရေစင်အောင် ဆေးရတာကွ၊ ကြက်သွန်အဖြူ အနီထောင်းထားတာနဲ့ ရောနယ်ရတာ၊ အဲဒီ ကြက်သွန်ဖြူ နီ အထောင်း ကလည်း ဆိတ်သားဆိုင်နား က ကုလားမတွေဆီမှာ ဝယ်ရင်ရပြီးသား ပဲ၊ အဲဒါတွေနဲ့ ပြောရည်နဲ့နယ်ပြီး ဆီနဲ့ ရေမြှုပ်အောင်လေး ပထမ တည်ရတယ် ကွ၊ တစ်ဖက်ကလည်း ကုလားပဲကိုရေ ဆေးပြီး ပြုတ်ထားရတာ ပဲနူးမှ ဆိတ်ရိုး ဆီပြန်တဲ့ဟောင်း ထည့်ရတာဗျ၊ အဲဒီထဲ ရေသင့်ရုံထည့် ၂ ခုစလုံး နူးလောက်မှ မဆလာထည့်ရတာ၊ အဲဒီ အချိန်ကျတော့ ဆိတ်ပဲက စားလို့ ကောင်းနေပြီကွ"

ဟု စီးကရက်သောက်ရင်း ပြောလိုက် ရာ ကျွန်တော်က အဲဒီအတိုင်းပဲ ချက် တာပါပဲ ဆရာကြီးရယ်၊ ပျဉ်းတော်သိမ် ရွက်တောင် ဆီသပ်ပြီးထည့်ထားပါတယ်၊

နောက်ပြီး ခရမ်းသီး အလုံးကြီးကို ပြာအုံးပြီး ကြက်ဥနဲ့မွှေကြော် တာလဲပါ တယ်၊ ဒညင်းဝက်ကြော်တွေလဲ ပါတယ်၊ ဆိတ်ပဲအတွက် ဂေါ်ဖီကို သံပုရာ သီးနဲ့ အချဉ်လေးလဲ လုပ်ထားသေးတယ်"

ဟု ပြောလိုက်ရာ…

"အေးပါကွာ မင်းပြောတာနဲ့ ထမင်း ဆာလာပြီ ထမင်းပွဲပြင်ပေတော့"

ဟု ပြောလိုက်ပြီး ထမင်းပွဲပြင်ပြီး သည်နှင့် ဝက်သားအနှစ်များ ဆိတ်ပဲဟင်း ရည်များဆမ်းပြီး ထမင်းကို စားလိုက် ဒညင်းဝက်ကြော်အား တဂွက်ဂွတ် နှင့် ကိုက်လိုက်နှင့် အားပါးတရ စားနေတော့ ၏။

ထမင်းစားပြီးနောက် အချိုပွဲအဖြစ် ရွှေကြည်ဆနွင်းမကင်းကို စား၏။

အချိုပွဲစားပြီးနောက် ရေခဲရေ တစ်ဖန် ခွက်ကြီး သောက်လိုက်ပြီး "နောက်ဆုံး တော့ ရေခဲရေက အကောင်းဆုံးပါပဲကွာ" ဟု ပြောပြီး တစ်ဖန်ခွက်လုံး တဂွက်ဂွက် နှင့် သောက်လိုက်လေတော့၏။

ပြီးနောက် စီးကရက်ကို အားရပါးရ ဖွာနေလေတော့၏။ ကျွန်တော်က…

"ဆရာကြီး ကျွန်တော်တို့ အိမ်ရောက် ဖူးတယ်နော်" ဟု ပြောလိုက်ရာ…

ဆရာကြီးက…

"အေး ရောက်ဖူးတာပေါ့ ထမင်းစားပြီး ရေတောင် ချိုးခဲ့သေးတယ်၊ မင်းတို့အိမ်က ရေက အရမ်းကောင်းတာပဲ၊ အေးစိမ့် နေတာပဲ၊ မင်းတို့မိသားစုနဲ့ အိမ်လေး ကသပ်သပ်ရပ်ရပ်ပဲ"

ဟု ပြောလိုက်၏။

www.burmeseclassic.com

ကျွန်တော်က . . .

"အဲဒီအိမ်နေရာမှာ တိုက်ဆောက်မလို့ဆရာကြီးရဲ့"

အဲဒါ ငွေကလည်း သိပ်တော့မရှိဘူး အဲဒါ အဆင်ပြေအောင် ယတြာပေးဦး" ဟု ပြောလိုက်ရာ ဆရာကြီးက . . .

"ယတြာတော့ရပါတယ်၊ ငွေတော့မချေးဘူးနော်၊ ဆရာသမားဆိုတာ တပည့်ကို ငွေမချေးရဘူး။ တပည့်ကသာ ဆရာကိုကန်တော့ရတာ အဲဒီတော့ အိမ်ဆောက်ဖို့ဆိုပြီး ငွေတော့မချေးလေနဲ့၊ ကိုယ့်ဟာကို ဒီပြင်ကချေး။ အဲဒီအတွက် ယတြာလုပ်ပေးမယ်"

ဟု ပြောလိုက်ရာ ကျွန်တော်က . . .

"အဲဒါပဲဆရာကြီး ဆရာကြီးဆီကလည်း ချေးဖို့စိတ်မကူးပါဘူး။ ဒီပြင်ကချေးမှာပါ၊ ငွေချေးတာထက် ပစ္စည်းအကြွေးယူရမယ်လေ၊ ဥပမာ ဆရာကြီးရယ် ကျွန်တော်က ဘိလပ်မြေအိတ် ၅၀ ဖိုး လောလောဆယ်ရှိတယ်ဆိုပါစို့၊ ဆိုင်ကလိုသလောက်ယူ ရှိသလောက်ပေး ပေးလိုက် ယူလိုက်နဲ့ အိမ်ပြီးမယ်၊ အကြွေးနည်းနည်းပါးပါးကျန်ရင် ခွဲပေးလိုက်၊ ဟောအချိန်တန်တော့ အိမ်ပြီးရော ဒါမျိုးပြောတာ အခု ကျွန်တော်မှာ ငွေလေးနည်းနည်းပါးပါးရှိတယ်၊ တစ်အိမ်လုံးစာတော့ ဘယ်ရှိမလဲ၊ ဟော-အိမ်ဆောက်နေတုံး စာအုပ်တွေက ပိုက်ဆံရမယ်၊ ရမယ့်ပိုက်ဆံပေးမယ်၊ ဒီလိုလုပ်ချင်တာ၊ အဲဒါ ယတြာနဲ့ကျဆရာကြီးက ကူညီပေါ့"

ဟု ပြောလိုက်ရာ ဆရာကြီးက . . .

"မင်း ရည်ရွယ်ချက်က ကောင်းပါတယ်၊ ငါ့ တပည့်တွေ တိုက်တစ်လုံးကားတစ်စီး။ စီမံကိန်းကိုတော့ အကောင်အထည် ဖော်ပေးရမှာတော့၊ ဒီယတြာ ငါလုပ်ပေးလို့တော့ မရဘူး။ မင်းကလုပ်ရမှာ၊ လုပ်ပေးမှာက ရက္ခစိုးနတ်မင်းပေါ့ကွာ ငါကလမ်းညွှန်ရုံပဲ"

ဟု ပြောပြီး စီးကရက် သောက်နေပြီး အတန်ကြာမှ . . .

"ဒီလိုရှိတယ်ကွ၊ မောင်မောင်မြင့်အေး အိုးအိမ်နဲ့ပတ်သက်လို့က ရက္ခစိုးတွေက စီမံနိုင်တယ်၊ သူတို့နဲ့ သင့်အောင်ပေါင်းရင် ပြေလည်တယ်၊ ပြေလည်တယ် ဆိုတာလည်း အပေါင်းအသင်း တတ်ဖို့လိုတာပေါ့ကွာ၊ လောကကြီးမှာ လူတွေဟာ မေ့လျော့တတ်တာ သဘာဝပဲ မေ့မရအောင်ဆိုတာက အမြဲထိတွေ့နေဖို့ပဲ၊ အခုပဲကြည့်လေ မင်းတို့လင်မယားဆို ငါတို့ စားဖို့ ထမင်းတွေ ဟင်းတွေ အမြဲပို့တယ် မဟုတ်လား ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ မောင်မောင်မြင့်အေး လာနေကျကွာ သူလာရင် ဝက်သား ပါလာမယ်ဆိုပြီး သတိရနေ ကျပဲ၊ အဲဒီတော့ တို့လူသားတွေလိုပဲ၊ တန်ခိုးဣဒ္ဓိပါဠိ ရှိတဲ့ ဒေဝတာတွေကိုလည်း တို့ကသတိရ အောင်လုပ်ရတယ်၊ ဒါလဲ သူတို့သတိရတော့ တို့တွေက လိုချင်တာတွေပြောတော့ သူ့ဆီလာတဲ့ လူချင်းဆက်သွယ်ပေး လိုက်တာပေါ့ကွာ။

အဲဒီတော့ မင်းတို့အိမ်နားက ညောင်ပင်ကိုသွား ညောင်ရွက်တစ်ရွက်ကို လုလုပပရှိတဲ့ ညောင်ရွက်ကိုခူး၊ ရေသန့်စင်ပြီးရင် ပန်းကန်ပြားပေါ်မှာကပ်၊ အဲဒီအပေါ်ကနေ ဖယောင်းတိုင်ထွန်းပြီးရင် ဒီဂါထာလေးရွတ်၊ အဲဒီလိုရွတ်တဲ့အခါမှာ ရက္ခစိုးက မင်းကို အိမ်မက်ပေးမယ်၊ အဲဒီကျရင် မင်းအိမ်ကိစ္စ ပြောပေါ့ကွာဟု ပြောပြောဆိုဆိုနှင့်အနီးတွင်ရှိသော မှတ်စုစာအုပ်တစ်အုပ်ထဲမှ စာမျက်နှာကိုပြရာ ကျွန်တော်လည်း ဂါထာကို ကူးရပြန်၏။

> အာကာသဋ္ဌာန ဘုမ္မဋ္ဌာ
> ရက္ခဋ္ဌာ မဟိဒ္ဓိကာ
> ဣဒ္ဓိ မန္တေစ ဃေ ဒေဝါ
> မံ ပါပေတု ပတိဋ္ဌိတံ။

ဆရာကြီးက . . .

ယုံယုံကြည်ကြည်နဲ့တော့ လုပ်ဖို့လိုတယ်ကွ၊ ဒီနည်းက ငါ ဗေဒင်သက်တမ်းတစ်လျှောက် လုပ်သမျှလူတွေ အောင်မြင်တာချည်းပဲ၊ နောက်ပြီး ရှိသေးတယ်၊ ရုက္ခစိုးဆိုတာ ကောက်ညှင်းပေါင်း ကြိုက်တယ်ကွ၊ ကောက်ညှင်းပေါင်းကို အုန်းသီးပျားပျားနဲ့ ကပ်လှူရတယ်၊ တစ်ခုတော့ရှိတယ်ကွ၊ မင်း အိမ်ဆောက်ပြီးရင် သူ့ကိုလည်း ဘုံဗိမာန်တော့ ဆောက်ပေးဖို့လိုတယ်ကွ"

ဟု ပြောလိုက်ရာ . . .

ကျွန်တော်က . . .

"ဆောက်ပေးရမှာပေါ့ ဆရာကြီးရယ် ဒါနဲ့ အဲဒီနည်းတွေကို ဆရာကြီးကော လုပ်ပြီးပြီလား"

"ဒါက ရှေးကလူကြီးတွေ လုပ်တဲ့နည်းကွ၊ မှတ်စုရဲ့ ခေါင်းစဉ်ကိုကြည့်ပါလား။ ရက္ခစိုးထံ အပူကပ်တဲ့နည်းတဲ့၊ လုပ်ရမှာက ကိုယ့်အိမ်နဲ့ အနီးဆုံးသစ်ပင်က သစ်ရွက်ကိုခူးပြီး၊ ထမင်းပန်းကန်ထဲမှာ ကပ်ရမယ်' လို့ငါပြောပြီးပြီပဲ"

ဟုဆရာကြီးက ပြောလိုက်၏။ ကျွန်တော် ထပ်ပြီး အထွန့်တက်သည့် အနေနှင့်-

"ဘာနဲ့ကပ်ရမှာလဲ" ဆရာကြီး ဟု ပြန်၍မေးလိုက်လေ၏။

ဆရာကြီးက . . .

"မင်းကလည်းကွာ ခက်လိုက်တာ၊ ကပ်ဖို့က အဓိကပဲမဟုတ်လား၊ ကော်နဲ့ကပ်ကပ်၊ ဖယောင်းစက် ချပြီးကပ်ကပ်၊ ပန်းကန်ပြားပေါ်မှာ ကပ်လိုက်ရုံပဲ။ ပြီးတော့ အဲဒီသစ်ရွက်ပေါ်မှာ အလတ်စား ဖယောင်းတိုင် တစ်တိုင်ထွန်းရမယ်။ ထွန်းတဲ့အခါမှာ ဘုရားစင်ပေါ်မှာ ထွန်းရောမလို့ဘူး။ ဘုရားပူဇော်တာ မဟုတ်ဘူး။ ထမင်းစား စားပွဲခုံမှာပဲဖြစ်ဖြစ်၊ မတ်တတ်စားပွဲမှာဖြစ်ဖြစ် တင်ပြီးထွန်းရမယ်။

ထွန်းထားတဲ့အခါမှာ မင်းက ဖယောင်းတိုင်ကို ကြည့်ပြီး တတွတ်တွတ် ပြောရမယ်။ စောစောက ဂါထာကိုရွတ်ရမယ်။

ပြောရမဲ့ အကြောင်းအရာကတော့ မင်းစိတ်နဲ့ အခက်အခဲတွေနေတဲ့ အကြောင်းပေါ့ကွာ။

www.burmeseclassic.com

လုပ်ရမှာက ကိုယ့်အိမ်နဲ့ အနီးဆုံးသစ်ပင်က
သစ်ရွက်ကိုခူးပြီး ထမင်းပန်းကန်ထဲမှာ
ကပ်ရမယ်၊ အဲဒီသစ်ရွက်ပေါ်မှာ အလတ်စား
ဖယောင်းတိုင် တစ်တိုင်ထွန်းရမယ်။ ထွန်းတဲ့အခါမှာ
ဘုရားစင်ပေါ်မှာ ထွန်းစရာမလိုဘူး၊ ဘုရားပူဇော်တာ
မဟုတ်ဘူး၊ ထမင်းစား စားပွဲခုံမှာပဲဖြစ်ဖြစ်၊
မတ်တတ်စားပွဲမှာဖြစ်ဖြစ် တင်ပြီးထွန်းရမယ်။
ထွန်းထားတဲ့အခါမှာ မင်းက ဖယောင်းတိုင်ကို
ကြည့်ပြီး တတွတ်တွတ် ပြောရမယ်။
စောစောက ဂါထာကို ရွတ်ရမယ်။

ရက္ခစိုးကြီး ကျွန်တော် မောင်ဖြူနဲ့ တွေ့မှ ဖြစ်မယ်။ အိမ်ဆောက်ချင်လို့ စောစောကပြောသလိုပြောပေါ့။

ဒါမှမဟုတ်လဲ ကြွေးရစရာရှိတယ်ဆို ပါတော့ကွာ။ ရက္ခစိုးကြီး၊ အဲဒီအကြွေးကို အမြန်ဆုံးရအောင်လုပ်ပေးပါ။

အသင်မလုပ်နိုင်ရင်လည်း လုပ်နိုင် တဲ့ပုဂ္ဂိုလ်ကို လုပ်ခိုင်းပေးပါလို့ လူလူချင်းပြောသလို ပြောရတယ်ကွ။ ပြောလို့မှာရင် ခဏနားပေါ့ကွာ။

လူလူချင်းပြောတဲ့အခါမှာ အကြောင်းအရာတစ်မျိုးထဲကို ထပ်ကာ ထပ်ကာပြောရင် တစ်ဖက်က နားထောင်ရတဲ့လူ နားပူလာတယ် မဟုတ်လား။

အဲဒီလို နားပူလာအောင်ပြောရမယ်။

တစ်နေ့ကို ဖယောင်းတိုင်(ဂ)တိုင်ထွန်းရမယ်။ တစ်တိုင်ကုန်ရင် နောက်တစ်တိုင် ထပ်ပြီးထွန်းပေါ့ကွာ။ အလတ်စားဖယောင်းတိုင်က လေငြိမ်တဲ့နေရာမှာ တစ်နာရီကြာတယ်ကွာ။

တစ်နာရီလုံးပြောဖို့တော့ မလိုဘူး။ ဖယောင်းတိုင်ထွန်းပြီးတိုင်း (၁၀)မိနစ်လောက်တော့ ပြောရမှာပေါ့။ ဘယ်အချိန် ထွန်းရမယ်။

ဘယ်နေ့ ထွန်းရမယ်လို့ ကန့်သတ်ချက် မရှိပါဘူး။

တစ်နေ့ (ဂ)တိုင်ထွန်းရင်ပြီးတာပဲ။ သွားစရာ၊ လာစရာရှိရင် မထွန်းသေးဘူးပေါ့ကွာ။ ပြန်လာတော့မှ ထွန်းပြီး ရက္ခစိုးကို နားပူ နားဆာလုပ်ရတော့မှာပေါ့"

ဟု ဆရာကြီးကပြောပြီး စီးကရက်ဖွာနေလိုက်၏။ ကျွန်တော်က...

"လုပ်ရတာတော့ဟုတ်ပါပြီ ဆရာကြီးရယ်၊ ဘယ်နှစ်ရက်လောက်လုပ်ရမှာလဲ"

ဟုမေးလိုက်ပြန်လေ၏။ ဆရာကြီးက

"တချို့လည်း တင်ရက်နဲ့ထူးတယ်ကွ၊ တချို့လည်း သုံးရက်လောက်လုပ်ရတယ်။ အများဆုံးလုပ်ရတာတော့ (ဂ) ရက် လောက်လုပ်ရတယ်ကွ။ တစ်ခုတော့ရှိတာပေါ့ကွာ ကိုယ်တိုင်တည်တဲ့ ကိစ္စဟာ တရားသဖြင့်ကိစ္စဖြစ်ရမယ်။ သဘာဝကျတဲ့ကိစ္စ ဖြစ်ရမယ်ပေါ့ကွာ"။

ဟု ဆရာကြီးက ပြောလိုက်ရာ ကျွန်တော်က...

"ဒီလိုလုပ်လို့ အဆင်ပြေသွားတဲ့ လူတွေ ဆရာကြီးအနေနဲ့ သက်သေပြနိုင်သလား" ဟုမေးလိုက်လျှင် ဆရာကြီးက သောက်လက်စ ဆေးလိပ်ကိုပြလျှက် ထို ချေရင်း...

"အဲဒီလိုကြွေးဆိုရင်ကွာ သက်သေ တစ်ယောက်ပြနိုင်တိုင်း ငါ့ကို ငွေတစ်ရာ ပေးရမယ်ဆိုပါတော့။

အဲဒီစကားကို လက်ခံမယ်ဆိုရင် တော့ ငါ့ကိုပေးဖို့ ငွေတစ်သောင်း ထုတ် လိုက်ပေတော့"

ဟုပြောလိုက်လျှင် ကျွန်တော်က တဟားဟား ရယ်မောရင်း...

"ဒီအသံမျိုးတွေ မကြားရတာကြာပြီ ကျွန်တော်လည်း ပြန်ပြီးလုပ်လိုက်အုံးမယ် ဆရာကြီးရေ"

ဟုဆိုကာ ပြန်ခဲ့လေတော့၏။

ကျွန်တော်နှင့်ဇနီးတို့သည် ဆရာကြီး ပြောတဲ့အတိုင်း ဆောင်ရွက်ကြ၏။

ကျွန်တော့် ဇနီးက အိမ်ဆောက်မည် ပြောလိုက်သည်နှင့် အိမ်ပုံစံဆွဲပေးသည် သူရောက်လာ၏။ သစ်လာပုံကြ၏။ အုတ် လာချကြ၏။ ဘိလပ်မြေလှူကြ၏။ ထိုအိမ် ဆောက်ရန်အတွက် ပန္နက်တင်မင်္ဂလာ ဆရာကြီးမင်းသိခ်နှင့် တပည့်ကြီးများ က ပန္နက်တင်ပေး၏။ စီးပွားတက်၊ စီးပွားဖြစ် ရန် အစီအရင်များပြုလုပ်ပေးရာ ယခုတိုင် ဤအိမ်မှပင် ခုနစ်ရက်သားသမီးများ အခက်အခဲဖြေရှင်းပေးနိုင်နေခဲ့၏။

ပန်ကြားချက် •

ကျွန်တော်၏ ဆောင်းပါးများကို ဖတ်ရှု ကျွန်တော်ထံသို့ ဝေဒင်မေးခြင်းကိစ္စများ ဆက်သွယ် လေ့ရှိပါသည်။ ကျွန်တော့် အနေနှင့် ဆောင်ပါး ယတြာများကို ရှင်းလင်းပြောကြားခြင်းမှအပ ဗေဒင် ဟောပြောခြင်း မရှိပါ။ ကျွန်တော်ငနီးဖြစ်သူ ဒေါက်တာ စေယုနွယ် ထံသို့ ဆက်သွယ်မေးမြန်းစေလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မြည်တွင်းမြည်ဖ

## ဝိညာဉ်လောကယုံကြည်ချက်များ

**လှတိုး(စိတ်ပညာ)**

### ဘုန်းကြီးဗိုလ် အစိမ်းသရဲ

မြန်မာဘုရင့်သီပေါမင်းကို နယ်ချဲ့အင်္ဂလိပ်တို့က ဖမ်းဆီးခေါ်ဆောင်သွား ပြီးနောက် နှစ်နှစ်ခန့်အကြာ ၁၈၈၇ ခုနှစ်ခန့်အချိန်က ဖြစ်ပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာတစ်ပြည်လုံးကို သိမ်းပိုက်ပြီးနောက် မြန်မာပြည် မြေပြန့်၊ တောင်တန်းဒေသ အနှံ့အပြားရှိ မြန်မာတိုင်းရင်းသား မျိုးချစ်များက အင်္ဂလိပ်တို့ကို ရရာလက်နက်တို့ဖြင့် ခုခံတိုက်ခိုက် တော်လှန်နေကြချိန်က ဖြစ်ပါသည်။

အထက်မြန်မာပြည် စစ်ကိုင်းတိုင်း အရာတော်မြို့မှ အနောက်မြောက်ဘက်ရှိ ဝါးတောမရွာ၊ သာလှကျေးရွာ ဆိမ်ကုန်းကျောင်းမှ ရဟန်းတော်တစ်ပါးသည် အင်္ဂလိပ်တို့ကို အလွန်စက်ဆုပ်မုန်းတီးသူသည်။ ၎င်းသည် သက်တော်မကြီးသေးပါ။ သက်တော် ၃၀ ကျော်ခန့်ရှိ ရဟန်းပျိုတစ်ပါး ဖြစ်ပါသည်။

### မျိုးချစ်ရဟန်းတော်

ထိုရဟန်းပျိုသည် လောကီပယောဂ ဆေးဝါးမန္တရားနှင့် ကာယသိဒ္ဓိပညာတို့တွင် ဝါသနာထက်သန်ကာ ကျွမ်းကျင်တတ်မြောက်အောင် သင်ယူထားပါသည်။

ထိုရဟန်းပျိုသည် မြင်းမူမြို့မှ အရာတော်မြို့နယ်တို့တွင် မျိုးချစ်ပုဂ္ဂိုလ်များအား နယ်ချဲ့အင်္ဂလိပ်စစ်တပ်က လိုက်လံနှိမ်နင်းကြောင်း ကြားသိရသောအခါ သူ၏ မျိုးချစ်စိတ်၊ အင်္ဂလိပ်တို့အပေါ် မခံချင်စိတ်တို့ကို နှိုးဆွပေးသကဲ့သို့ ဖြစ်ရလေသည်။ အင်္ဂလိပ်တို့က ဗုဒ္ဓသာသနာတော်နှင့် မြန်မာနိုင်ငံသားတို့အပေါ် မတရားဖိနှိပ်နေသည်ကိုလည်း မကျေမနပ်ဖြစ်နေသည်။ သူသည် ရဲရင့်သည်၊ သတ္တိရှိသည်။ သာသနာတော်နှင့် အမျိုးအတွက် အသက်စွန့်ရန် ရည်မှန်းထားသည်။ ထို့ကြောင့် သူ့အနေဖြင့် နယ်ချဲ့အင်္ဂလိပ်တို့အား တစ်တပ်တစ်အား ပါဝင်တိုက်ခိုက်မည်ဟု ဆုံးဖြတ်ချက်ချထားသည်။ တစ်နည်း နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန်ရန် မျိုးချစ်ရဟန်းတော်တစ်ပါး ပေါ်ထွက်ခဲ့ပါသည်။

### ဝင်ရောက်တိုက်ခိုက်ပြီ

ဆောင်းရာသီ ဒီဇင်ဘာလ၏ နေ့တစ်နေ့ နံနက်ခင်းအချိန်တွင် မင်းဘူးမြို့၌ တပ်စခန်းချထားသော အင်္ဂလိပ်စစ်တပ်မှ အင်္ဂလိပ်စစ်ဗိုလ်ကြီးတစ်ဦး ကြီးကြပ်အုပ်ချုပ်သော ကြေးစားကုလားစစ်သား ၂၇ ယောက်တို့သည် ရိုင်ဖယ်သေနတ်များ ကိုယ်စီကိုင်ဆောင်ကာ မြင်းများ၊ လှည်းများဖြင့် ဝါးတောမရွာသို့ ဆိုက်ရောက်လာကြ၏။ ဝါးတောမရွာ၊ သာလှရွာနှင့် အနီးအနားပတ်ဝန်းကျင် ကျေးရွာများမှ တော်လှန်ရေးသမားများ (သူတို့အခေါ် သူပုန်များ)ကို လိုက်လံရှာဖွေရန် ဖြစ်သည်။ သူတို့နှင့်အတူ မြန်မာလူမျိုး သစ္စာဖောက် စကားပြန်များလည်း ပါဝင်ကြသည်။ အင်္ဂလိပ်စစ်တပ်သည် ထိုရွာအနီး ရွာများတွင် တော်လှန်ရေးသမားများကို တစ်နေ့လုံးရှာဖွေကြ၏။

ညနေပိုင်းတွင် အင်္ဂလိပ်စစ်ဗိုလ်ဦးဆောင်သော စစ်သားများသည် ဝါးတောမရွာ၊ သာလှရွာ တောင်ဘက်တံခါးပေါက်အနီးရှိ သာလာယံဇရပ်ကြီးတစ်ဆောင်တွင် စခန်းချကြသည်။ အင်္ဂလိပ်စစ်ဗိုလ်သည်ကား ရွာထဲရှိ သူကြီးအိမ်တွင် ဧကော်ဇောခင်း ခုတင်အိပ်ရာထက်တွင် အိပ်စက်သည်။ ကြေးစားကုလားစစ်သားများသည် ရွာသားများထံ ဆန်၊ ဆီ၊ ဆား

www.burmeseclassic.com

စသောရိက္ခာများ၊ ကြက်၊ ငှက်၊ ဝက် စသော ဟင်းလျာများကို မတရားတောင်းယူကာ ချက်ပြုတ်စားသောက်ကြသည်။

ညအချိန်တွင် အလှည့်ကျ ကင်းစောင့်အဖြစ် စန္ဒရီကုလား စစ်သားတစ်ယောက်ကို အနီးတွင် ကင်းလှည့်စောင့်ကြပ်စေ၏။ ကျန်သောကုလားစစ်သားများသည် ဇရပ်ကြီးပေါ်တွင် သူတို့ဘာသာ ထုံးစံအရ အနောက်ဘက်အရပ်ကို ခေါင်းပြု၍ အရှေ့ဘက်အရပ်ကို ခြေဆင်းကာ အိပ်စက်ကြသည်။

မျိုးချစ်ရဟန်းတော်သည် ထိုညတွင် အင်္ဂလိပ်စစ်တပ်ကို ဝင်ရောက်တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားသည်။ ည ၁၂ နာရီကျော်အချိန်ခန့်တွင် ငှက်ကြီးတောင် ဓားရှည်တစ်ချောင်းနှင့် လှံရှည်တစ်ချောင်းတို့ကို ကိုင်ဆွဲ၍ မှောင်ရိပ်ကိုခိုကာ ကုလားစစ်သားများ စခန်းချရာ ဇရပ်ကြီးဆီသို့ ခြေသံမကြားအောင် ဖော့နင်းကာ ချဉ်းကပ်လာသည်။ စန္ဒရီအစောင့် စစ်သားမမြင်အောင် တစ်ဖက်သို့ လမ်းလျှောက်နေခိုက် မန်ကျည်းပင်ကြီး၏ အောက်ခြေတွင်ကပ်၍ စောင့်ကြည့်နေ၏။ စန္ဒရီအစောင့်စစ်သားသည် သေနတ်ကိုလွယ်ကာ မှန်မှန်လမ်းလျှောက်နေသည်။ စန္ဒရီကုလားကြီး ရှေ့သို့ ငိုက်စိုက်ငိုက်စိုက် လမ်းလျှောက်သွားခိုက် ရဟန်းပျိုသည် ခြေကိုဖော့နင်း၍ သူ၏နောက်ကျောပြင်ကို လှံရှည်ဖြင့် တအားဆောင့်၍ ထိုးလိုက်သည်။ အစောင့်စစ်သားကြီး ရှေ့သို့ငိုက်၍ လဲအကျတွင် ချက်ချင်းပင် ရဟန်းပျိုသည် ငှက်ကြီးတောင်ဓားဖြင့် လည်ပင်းကို ပိုင်းဖြတ်လိုက်ရာ ငြိမ်သက်သွားတော့သည်။ ထို့နောက် အချိန်မဆိုင်းနေဘဲ ရဟန်းပျိုသည် ဇရပ်ပေါ်သို့ ခပ်သွက်သွက် ခြေဖော့နင်း၍ တက်ရောက်သွားပြီးလျှင် အရှေ့အရပ်ဘက်ကို ခေါင်းထားအိပ်နေကြသည်အထင်နှင့် ငှက်ကြီး တောင်ဓားဖြင့် ခုတ်ပိုင်းလိုက်ရာ ကုလားစစ်သားတို့၏ ခြေထောက်များ ပြတ်ကုန်တော့သည်။ ကြေးစားကုလားစစ်သားတို့သည် သွေးရူးသွေးတန်းဖြင့် "ခူးရခါး . . . ခူးရခါး . . ခူးရခါး ပူးပူးဝါးဝါး"ဟူ၍ အော်နေကြပြီး ခေါင်းထောင်ထလာသူတို့ကို တစ်ယောက်ပြီးတစ်ယောက် လျှင်မြန်စွာ ခုတ်ပိုင်းလေရာ အားလုံး မသာအလောင်းတွေ ဖြစ်ကုန်တော့သတည်း။

## တိမ်းရှောင်ပုန်းကွယ်နေရသည်

ထို့နောက် ရဟန်းပျိုသည် ကောသိကိုယ်ရုံသင်္ကန်းကို ခါးတွင် မြဲမြံစွာပတ်ချည်၍ ချက်ချင်းပင် မြောက်ဘက်ဆီသို့ ထွက်ခွာတိမ်းရှောင်သွားတော့သည်။ ညတွင်းချင်းပင် ဝါးတောမရွာ၊ သာလှရွာ၏ အရှေ့မြောက်ဘက်ရှိ ရှာကုန်းရွာ၊ ထန်းပင်ကန်ရွာ၊ ပါရမီရွာ၊ ချဉ်ပင်ရွာ၊ ဒုတ်သျှစ်ကြီးရွာတို့ကို ကျော်ဖြတ်၍ နံနက်မိုးလင်း၌ မူးမြစ်သို့ ရောက်၏။ မူးမြစ်ကို ကူးတို့လှေဖြင့်ဖြတ်ကူး၍ ရွှေဘိုမြို့နယ်အတွင်းသို့ ရောက်သွားတော့သည်။

နောက်တစ်နေ့နံနက်တွင် ဝါးတောမရွာ၊ သာလှရွာ၌ အင်္ဂလိပ်စစ်တပ်မှ ကုလားစစ်သားများအား ရဟန်းတော်တစ်ပါးက တိုက်ခိုက်သတ်ဖြတ်သွားကြောင်းသတင်းသည် အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့သွားသည်။ လူများစွာတို့က ထိုရဟန်းပျိုကို ချီးကျူးကြသည်။ သူရဲကောင်းဘုန်းကြီးကလေးဟု အားပေးချီးမြှောက်ကြသည်။ "ဘုန်းကြီးဗိုလ် ဘုန်းကြီးဗိုလ်"ဟု သတ်မှတ်ခေါ်ဝေါ်ကြသည်။ ဘုန်းကြီးဗိုလ် ရောက်ရာဒေသတို့မှ ပြည်သူပြည်သားလူအများတို့သည် မျိုးချစ်စိတ်ဓာတ်ထက်သန်ကြသည့် အားလျော်စွာ ဘုန်းကြီးဗိုလ်ကို အားပေးထောက်ခံကြသည်။ သင့်တော်သောနေရာတွင် သို ဝှက်ထားကြသည်။ ဆွမ်း၊ ကွမ်း၊ မုန့်[...] သရေစာ စသည်ဖြင့် ဆက်ကပ်ကြသည်[...]

ဝါးတောမရွာ၊ သာလှကျေးရွာတွင် ကြေးစားစစ်သား ၂၇ ယောက်[...] အသတ်ခံကြရကြောင်း ကြားသိ[...] မြင်းမူမြို့မှ အင်္ဂလိပ်စစ်ဗိုလ်တစ်ဦး ခေါ်[...] ဆောင်သော ကြေးစားကုလားစစ်သာ[...] ၅၀ တို့သည် မြင်းများလှည်းများဖြ[...] ဝါးတောမရွာ၊ သာလှရွာသို့ ချီတက်လာ[...] ကြသည်။ ကျေးရွာသူကြီးများနှင့် ကျေး[...] ရွာလူကြီးတို့ကို ဖမ်းဆီးကာ ဆူပူကြိမ်[...] မောင်း ရိုက်နှက်ကြပါသည်။ ဘုန်းကြီး[...] ဗိုလ်ကို တွေ့အောင် ရှာဖွေပေးရမည်[...] နေရာကို ညွှန်ပြပေးရမည်။ မရလျှင် ရွာ[...] သားတို့ကို ထောင်ချမည်။ ရွာကိုလည်း[...] မီးရှို့ပစ်မည်ဟု ခြိမ်းခြောက်ကြသည်[...]

ထို့နောက် အင်္ဂလိပ်စစ်တပ်သည်[...] ဝါးတောမရွာ၊ သာလှရွာနှင့် အနီးအနား[...] ရှိ ကျေးရွာများသို့ ပိုက်စိပ်တိုက် ရှာ[...] ကြ၏။ ဘုန်းကြီးဗိုလ်ကို အစရှာမရ[...] သတင်းမရဘဲရှိသည်။ ထို့ကြောင့် ရွာ[...] ရွာသားများထံမှ ဒဏ်ကြေးငွေကို မရ[...] တောင်းယူကာ မြင်းမူမြို့သို့ တပ်ခေါ[...] ပြန်သွားကြသည်။

ဘုန်းကြီးဗိုလ်သည် ရွှေဘိုနယ်[...] ကိုယ်ဖျောက်၍ တစ်ရွာမှ တစ်ရွာ[...] တိမ်းရှောင်နေသည်။ ရောက်ရာဒေသ[...] လူတို့ကလည်း လျှို့ဝှက်ထားကာ ဆွမ်း[...] ခဲဖွယ် စသည်တို့ဖြင့် ဆက်ကပ်ကြသည်[...]

## ဖမ်းဆီးသတ်ဖြတ်ခံရ

ဘုန်းကြီးဗိုလ်သည် ဤသို့[...] ရှောင်နေရာ နှစ်နှစ်ခန့်ကြာသွားသော[...] ဘုန်းကြီးဗိုလ်သည် ရွှေဘိုမြို့အရှေ[...] ဘက်ရှိ အလောင်းမင်းတရားကြီးဦးအောင်[...] ဇေယျ တည်ထားကိုးကွယ်ခဲ့သော[...] ကြီးစေတီတော် ပရိဝုဏ်အတွင်း[...] ဝှက်ခိုလှုံနေသည်။



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်တို့သည် ဗမာသစ္စာဖောက် တစ်ဦး၏ သတင်းပေးမှုကြောင့် ရွှေဘိုမြို့ အနောက်ဖက်ရှိ ရွှေဂူကြီးစေတီတော် ပရိဝုဏ်အတွင်း၌ ဘုန်းကြီးဖိုလ် ခိုအောင်းနေကြောင်း သတင်းရရှိသွားကြသည်။ သို့ဖြစ်၍ အင်္ဂလိပ်စစ်ဗိုလ်များ ဦးစီးသော ကြေးစားစစ်သားတစ်ရာခန့်သည် ဗမာသစ္စာဖောက် စကားပြန်တစ်ယောက်ကို ခေါ်ယူ၍ သတင်းထောက်လှမ်း၍ လိုက်လံရှာဖွေကြရာ ရွှေဂူကြီးစေတီတော် ပရိဝုဏ်ဆီသို့ ရောက်လာကြသည်။ သူတို့က စေတီတော်ပရိဝုဏ် အုတ်တံတိုင်းကို ဝိုင်းဝန်းထားကြသည်။ စကားပြန်မှ တစ်ဆင့် ဘုန်းကြီးဖိုလ်ကို လက်နက်ချရန် အော်ဟစ်တောင်းဆိုကြသည်။ ဘုန်းကြီးဖိုလ်သည် ထွက်လည်း မထွက်ပြေး။ အဖမ်းလည်းမခံ၊ လက်နက်လည်းမချ။ အင်္ဂလိပ်စစ်ဗိုလ်၏ စေခိုင်းချက်အရ ကြေးစားကုလားစစ်သား ၅၀ ယောက်တို့သည် သေနတ်ကိုမောင်းတင်ကြ၍ စေတီ၏အုတ်တံတိုင်းအတွင်းသို့ ဝင်ရောက်လာကြ၏။ ဘုန်းကြီးဖိုလ်သည် စေတီတံတိုင်းမုခ်ပေါက်အဝင်အဝ အုတ်တံတိုင်းအကွယ်၌ကပ်၍ ဝင်လာသူ ကုလားစစ်သားသုံးယောက်တို့ကို လျင်မြန်စွာ ငှက်ကြီးတောင်ဓားဖြင့် ခုတ်ပိုင်းလိုက်၏။ သုံးယောက်စလုံး သေဆုံးသွားကြသည်။ ကျန်စစ်သားများက သေနတ်ဖြင့် ပစ်ခတ်ကြ၏။ သေနတ်မီးမကူး။ လှံစွပ်တို့ဖြင့် ထိုးကြသည်။ မပေါက်မပြဲ ကာယသိဒ္ဓိပြီးလေသည်။ နောက်ဆုံးတွင် ဘုန်းကြီးဖိုလ်သည် လက်နက်လည်းမချ မားဖြင့်ဝှေ့ရမ်းခုခံနေသဖြင့် ဝိုင်းဝန်းကာ ကြိုးကွင်းပစ်၍ ဖမ်းဆီးရသည်။ ပြီးလျှင် ကြိုးခိုင်ခိုင်ဖြင့် လက်ပြန်ကြိုးတုပ် ချည်နှောင်ကာ လှံဖြင့်အားကုန်ထိုးသတ်ကြ၏။ ဓားလွတ်ဖြင့် အားကုန်ခုတ်ပိုင်းကြ၏။ သို့တိုင် မပေါက်မပြတ်၊ မသေ။ နောက်ဆုံး လက်နက်မျိုးစုံတို့ဖြင့် သတ်ဖြတ်၍ မရသဖြင့် ခြေနှစ်ချောင်းလက်နှစ်ချောင်းတို့ကို လေးဖက်လေးတန်သို့ ဆွဲချည်ထားကြပြီး စအိုထဲသို့ သံချိတ်တို့ကိုရိုက်သွင်း၍ အူ၊ အသည်း စသည်တို့ကို အားကုန်ဆွဲနုတ်ကြသည်။ အစာရေစာအငတ်ထား၍ ပစ်ထားမှ ပျံလွန်တော်မူသည်။

တွေ့မြင် ကြားသိကြကုန်သော နယ်သူနယ်သားလူအပေါင်းတို့သည် ထိုဘုန်းကြီးဖိုလ်ကို အလွန်သနားကြသည်။ စိတ်ထိခိုက်ကြေကွဲဝမ်းနည်းကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့အပေါ်တွင် မုန်းတီးကာ ပိုမိုဆန့်ကျင်လာကြသည်။ ဤသည်ကား မြန်မာ့သမိုင်းတွင် မှတ်တမ်းမဝင်။ လူသိနည်းသော တစ်ကိုယ်တော် နယ်ချဲ့အင်္ဂလိပ်တို့ကိုတော်လှန်ခဲ့သူ သူတော်စင် ရဟန်း ၁၁၀မှ သူ့ရဲကောင်းဘဝရောက်ရသူ ဘုန်းကြီးဖိုလ် ရဟန်းတော်တစ်ပါး၏ ဘဝနိဂုံး ဖြစ်ပါသည်။

၇

## အစိမ်းသရဲဘဝ ရောက်ရှိရ

မြတ်စွာဘုရားတော်၏ ဝိနည်းတရားတော်အရဆိုသော် ဘုန်းကြီးဖိုလ်သည် မြတ်စွာဘုရား၏သားတော် ရဟန်းတော်ဖြစ်ပါလျက် လူတို့ကို သတ်ဖြတ်သဖြင့် ရဟန်းအဖြစ်မှ လျှောကျ (ပါရာဇိကကျ)၏။ ရန်သူဗြိတိသျှစစ်သားတို့၏ မတရားညှဉ်းပန်းသတ်ဖြတ်ခြင်းကို ခံရသဖြင့် သေခါနီးအချိန်တွင် ကောင်းသော ကုသိုလ်စိတ်အစဉ် မဖြစ်နိုင်ပါ။ မကောင်းသော အကုသိုလ်စိတ်အစဉ်သာ ဖြစ်ပေါ်နေ၏။

ထို့ကြောင့် ကောင်းရာသုဂတိဘုံဘဝတို့သို့မရောက်၊ ဝါးတောမရွာ၊ သာလှကျေးရွာ၏ မြောက်ဖက်တံခါးပေါက်၏ မနီးမဝေးရှိ ချောင်းကမ်းပါးပေါ်တွင် ပေါက်ရောက်နေသော ညောင်ပင်ပျိုတွင် အစိမ်းသရဲဖြစ်ရသည်ဟု သိရ၏။ ထိုညောင်ပင်ပျိုမှာ လှည်းလမ်း၊ ကားလမ်းအနီးတွင် ပေါက်ရောက်နေခြင်းဖြစ်သည်။ အစိမ်းသရဲဘဝတွင် ညအခါ ထိုညောင်ပင်အောက်လမ်းမှ ဖြတ်သန်းသွားလာသူများကို ဘုန်းကြီးဝတ်ဖြင့် ကိုယ်ထင်ပြ၏။ လရောင်အောက်တွင် သင်္ကန်းသံ့တရှမ်းရှမ်းဖြင့် လမ်းလျှောက်ပြ၏။ တစ်ခါတစ်ရံ ညောင်ကိုင်းမှ အောက်သို့ တွဲလွဲဆွဲကာ ပြတတ်၏။ ညောင်ပင်ကိုလည်း သိမ့်သိမ့်ခါနေအောင် လှုပ်ပြတတ်၏။ ပုလိပ်များ၊ စစ်သားများ ဖြတ်သွားကြပါက သစ်ကိုင်းများ ချိုးချ၍ သဲများ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်တတ်သည်။ သို့သော် အရပ်သူတစ်ဦးတစ်ယောက်ကိုမျှ ရောဂါဖြစ်အောင်၊ အနာတရဖြစ်အောင်၊ သေဆုံးအောင် မဖမ်းစားတတ်ဟု သိရပါသည်။ ယခုအချိန်တွင် ထိုညောင်ပင်သည် အခက်အလက်တွေဖြာထွက်၍ ညောင်ပင်အိုကြီးဖြစ်နေလေပြီ။

## တစ်ဆင့်စကား

စာရေးသူမိတ်ဆွေ၏ မိဘဘိုးဘွားတို့မှာ ထိုရွာသားများ ဖြစ်ကြ၍ စာရေးသူသည် ထိုရွာသို့ တစ်ခါက ရောက်ရှိသွားပါသည်။ ရောက်တုန်းရောက်ခိုက် ရွာလူကြီးများအား အဆိုပါကိစ္စကို မေးမြန်းကြည့်ရာ သူတို့က ယခုအချိန်တွင်မူ ဘုန်းကြီးဗိုလ်တစ်ဖြစ်လဲ အစိမ်းသရဲမှာ မခြောက်လှန့်တော့ကြောင်း၊ ဘဝကူးပြောင်းသွားပြီဟု ထင်မြင်ကြောင်း ပြောပြကြပါသည်။

အထက်ဖော်ပြပါ အဖြစ်အပျက်မှာ အင်္ဂလိပ်နယ်ချဲ့ခေတ်က မြန်မာပြည်မှ ဘုန်းကြီးဖိုလ်အာဇာနည် အစိမ်းသရဲအကြောင်းဖြစ်ရာ စာဖတ်သူပရိသတ်အတွက် ပြည်တွင်းဝိညာဉ်လောက တစ်ခုအဖြစ် တင်ပြလိုက်ရပေသည်။

ရှမအိုး(မိတ်ပညာ)

www.burmeseclassic.com

# ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းဆင်းတု ဒေသစာရီကြွ



ယခုအခါ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်သူများ ကမ္ဘာအရပ်ရပ်တွင် ပျံ့နှံ့ပြီး ဆင်းတုရုပ်တုများ ထုလုပ်ကိုးကွယ်မှုက များပြားပေသည်။ သာသနာတော်စည်ပင်ထွန်းကားခြင်းအကြောင်းရင်းခံလည်း ဖြစ်၏။ မကြာမီက ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းဆင်းတုတော်ကြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူ၊ ဆီလင်ဂါဗုဒ္ဓဘာသာအသင်းကြီးတွင် ဒေသစာရီကြွချီအပူဇော်ခံသည်။ ထူးခြားသည်မှာ အဆိုပါဆင်းတုသည် ကီလိုဂရမ် ၁၈၀၀၀ ရှိသောကျောက်ရိုင်းတုံးကို ထုလုပ်ခြင်းမှ ကီလိုဂရမ် ၄၀၀၀ ဖြစ်လာသော အကြီးမားဆုံးကျောက်စိမ်းဆင်းတုကြီးဖြစ်သည်။ အမြင့် ၂.၅ မီတာ ရှိပေရာ ကြည်ညိုသဒ္ဓါပွားဖွယ် ဖြစ်လေသည်။ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ ဟိုင်တာအို ဗုဒ္ဓဘာသာဖောင်ဒေးရှင်းအဖွဲ့ကြီးက ခမ်းနားစွာဖြင့် ပြပွဲကျင်းပ၍ တန်ဆောင်းပြာသာဒ်များဖြင့် ကြည့်ရှုခြင်း၊ သဒ္ဓါပွားခြင်း၊ ကြည်ညိုခြင်းများ ပြုကြသူ စည်ကားများပြားကြောင်း သိရပြီး၊ မလေးရှားဗုဒ္ဓဘာသာဝင်များ ရွှင်လန်းကျေနပ်ကြသည်ဟု ဆိုပေသည်။

ရုပ်ပွားတော်သည် ဩစတြေးလျနိုင်ငံ ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့ကြီးက ပိုင်ဆိုင်ပြီး မူရင်းကျောက်စိမ်းကြီးကို ကနေဒါနိုင်ငံမြောက်ပိုင်းတွင် ဩစတြေးလျဗုဒ္ဓဘာသာဝင်တစ်ဦးက တွေ့ရှိခဲ့သည်။ ထို့ဖြင့် အဖွဲ့ထံတင်ပြကာ နီပေါ၊ ဩစတြေးလျ၊ ဂျပန်နိုင်ငံများက ပန်းပညာရှင်များ၏စွမ်းပကားဖြင့် ထုလုပ်စေခြင်း ဖြစ်သည်။ ယင်းသို့ထုလုပ်ရာတွင် အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာရှိ ဗောဓိသတ္တ၏ ရုပ်ပုံလွှာအတိုင်း မူရင်းမပျက်စေရန် ကြိုးပမ်းထားပေသည်။

ကျောက်စိမ်းရုပ်တုကြီးသည် မလေးရှားသို့မရောက်မီ နိုင်ငံတကာရှိ မြို့ကြီး ၆၄ မြို့တွင် လှည့်လည်ကာ ဒေသစာရီကြွချီအပူဇော်ခံခဲ့သည်။ ပြီးလျှင် ဗီနန်၊ ဂျပန်တို့သို့ ခရီးဆက်ရန် ရှိပေသည်။ ကိုရီးယားနိုင်ငံပြီးလျှင် ဩစတြေးလျရှိ ဘင်ဒီဂိုငြိမ်းချမ်းရေး အသင်းကြီး၏ ထားရှိမည် ဖြစ်ပေသည်။

၂၀၀၃ ခုနှစ်က စတင်ခဲ့သော ကျောက်စိမ်းရုပ်တုသည် ထုဆစ်သူ အနုပညာရှင် ၃၀ ကျော်၏ ပညာစွမ်းသိဒ္ဓိစွမ်းဖြင့် အားထုတ်ခဲ့ပေရာ ကြည်ညိုသံဝေဂယ်ဖွယ် ကောင်းပေသည်။ ကမ္ဘာအနှံ့ ဗုဒ္ဓသာသနာပြန့်ပွားကြက်မှု ဖြစ်လေသည်။

ညွှန့်ဟံ(ကြူတော)

*The Star: 24.3.13*

www.burmeseclassic.com

# မယုံလျှင်မဖြစ်သောအချက်

တက္ကသိုလ်သန်း

"လူတစ်ယောက် နိုင်ငံခြားခရီး သွားရဖို့ဆိုတာ **လက်ဗွေထောပါမှ ဖြစ်တာ၊ လက္ခဏာမပါရင် သွားရဖို့လမ်း မမြင်ဘူး**"

ဟု လက္ခဏာနှင့် ဗေဒင်ဆရာတစ်ဦးက ကျွန်တော့်အား ပြောဖူးသည်။ ယနေ့ကာလတွင်မူ လူတော်တော်များများ နိုင်ငံခြားခရီးကို အိမ်ဦးနှင့်ကြမ်းပြင်သဖွယ် ခေါက်တုံ့ခေါက်ပြန် သွားနေကြသည်ကိုလည်း တွေ့ရ၏။

ကျွန်တော်သိသော ဂျာနယ်လစ်ဆရာနှစ်ဦးဆိုလျှင် နိုင်ငံခြားသို့ မယုံနိုင်လောက်အောင် အခေါက်ပေါင်းများစွာ သွားနေကြသည်။ သူတို့ကိုကြည့်ပြီး "ဒီလူတွေ မပင်ပန်းကြဘူးလား" ဟုပင် မေးလိုက်ချင်မိသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသစ် လက်ထက်တွင် နိုင်ငံတကာနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လာသောကြောင့် အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်သမ္မတနိုင်ငံ အပါအဝင် အခြားသော ဥရောပနိုင်ငံများသို့ပင် ခြေဆန့်နိုင်ကြပြီဖြစ်သည်။

နိုင်ငံခြားတိုင်းပြည်များသို့ ခရီးသွားသည်ဆိုရာတွင် လူပင်ပန်းရသလို၊ ငွေကုန်ကြေးကျလည်း အထိုက်အလျောက်ရှိသည်။ ကျွန်တော်တို့ အစိုးရဝန်ထမ်းဘဝက နိုင်ငံတိုင်းပြည်များသို့ လေ့လာရေးအဖြစ်၊ အစည်းအဝေးဖြစ်စေ သွားရလျှင် အတော်အတန် အကျိုးရှိသည်။ အဘယ့်ကြောင့်ဆိုသော် (Office Allowance) ဝတ်စုံစရိတ် ရရှိသောကြောင့် ဖြစ်ပါ၏။

တစ်ခုတော့ရှိသည်၊ နိုင်ငံတိုင်းပြည်များသို့ သွားရသည့်အတွက် ယင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာခွင့်ရသဖြင့်လည်းကောင်း၊ ယင်းနိုင်ငံရှိ ပြည်သူများ၏ လူနေမှုအခြေအနေကို သိရှိရသဖြင့်လည်းကောင်း အကျိုးတော့ရှိပါ၏။

ကျွန်တော်တို့ နိုင်ငံခြားတိုင်းပြည်အချို့သို့ သွားရောက်ခဲ့စဉ်က မသွားမီ ဆရာ့ဆရာများ မှာကြားလိုက်သည့် စကားမှာ "နိုင်ငံခြားသွားတယ်ဆိုတာ သူတို့တိုင်းပြည်ကို အထင်ကြီးဖို့မဟုတ်ဘူး။ သူတို့တိုင်းပြည်ကို ဘယ်ပုံဘယ်နည်း ဖွံ့ဖြိုးတိုးတက်အောင် **လုပ်ကြအသေးဆိုတာ တွေ့တာရှိပဲ"** ဟူ၍ ဖြစ်၏။

အမှန်တော့ သူတို့နိုင်ငံ **စီးပွားရေး လူမှုရေးအခြေအနေ** အရပ်ရပ် ဖွံ့ဖြိုးတိုးတက်ခြင်းမှာ တိုင်းပြည်အုပ်ချုပ်သော အစိုးရ၏ စီမံခန့်ခွဲမှု ကောင်းမွန်ခြင်း၊ ပြည်သူများ နိုးကြားတက်ကြွစွာ အလုပ်လုပ်ကြခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့ကြောင့် ဖြစ်သည်ဟုဆိုလျှင် ငြင်းစရာအကြောင်းမရှိပေ။

သာဓကအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံ (**တောင်ကိုရီးယား**) ဖွံ့ဖြိုးတိုးတက်ရခြင်းမှာ ပြည်သူများ **အလုပ်လုပ်ကြ၍ ဖြစ်သည်ဟု** ဆိုရပေမည်။ ကျွန်တော် **ကိုရီးယားသမ္မတနိုင်ငံသို့** ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလတွင် လေ့လာရေး**သွားရောက်ဖူးသည်။** ဒီဇင်ဘာလသည် သူတို့နိုင်ငံတွင် အအေးဆုံးအချိန် ဖြစ်သည်။ ကျွန်တော်တို့ လေ့လာရေးအဖွဲ့ဝင်များသည် ရာသီဥတုဒဏ်ခံနိုင်ရန် အနွေးထည်အထပ်ထပ် ဝတ်ရ၏။ ဦးထုပ်၊ လက်အိတ်အသုံးပြုရ၏။ အချို့ဆိုလျှင် "နား"ကို သိုးမွေးအဖုံးများဖြင့် အုပ်ထားကြသည်။

ဤလိုအချိန်မျိုးတွင် အလုပ်သမားအချို့သည် နှင်းခဲဖုံးလွှမ်းနေသော လမ်းများ၊ အဆောက်အအုံများကို သံခြစ်ကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေသည်ကို တွေ့ရ၏။ အချို့ဆိုလျှင် ကုန်စုံဆိုင်ကြီးများ၊ စတိုးဆိုင်ကြီးများရှေ့၌ ကြော်ငြာဆိုင်းဘုတ်များကို ကိုင်၍ တစ်ချိန်လုံး ရပ်နေကြသည်။ သူတို့သည် ဝမ်းရေးအတွက် အအေးဒဏ်ကို အန်တုကာ အလုပ်လုပ်နေကြခြင်း ဖြစ်၏။ လမ်းဘေး၌ ဆိုင်တည်ခင်းကာ အစားအသောက်၊ **အသီး** အနှံနှင့် လူသုံးကုန်ပစ္စည်းများကို ရောင်းချနေကြသည်ကိုလည်း တွေ့ရ၏။

ထို့အတူပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကျွန်တော်တို့ လေ့လာရေးရောက်ခဲ့စဉ်ကလည်း ဒီဇင်ဘာလဖြစ်သဖြင့် လွန်စွာအေးသည့်အချိန်ဖြစ်သည်။ ကျွန်တော်တို့ လေ့လာရေးအဖွဲ့ဝင်များက အနွေးထည်အထပ်ထပ်ဝတ်၍ အအေးဒဏ်ကာကွယ်နေရချိန်တွင် အလုပ်သမားအချို့က ပန်းခြံကြီးများတွင် တဲမြက်



www.burmeseclassic.com

www.burmeseclassic.com

စည်းလှည်းကာ အမှိုက်ရှင်းနေကြသည်။ အချို့အလုပ်သမားများ လမ်းပြင်နေကြသည်။ အချို့သော မိန်းကလေးငယ်များက စတိုးဆိုင်ကြီးများရှေ့တွင်ထွက်ပြီး ဈေးဝယ်သူများကို ဖိတ်ခေါ်နေကြသည်။ ရာသီဥတုမည်မျှအေးပါစေ၊ ယင်းတို့အတွက် စားဝတ်နေရေးက အရေးကြီးသဖြင့် အအေးဒဏ်ကို မမှုနိုင်ဘဲ လုပ်အားတန်ဖိုး ချစ်မြတ်နိုးကြခြင်း ဖြစ်သည်။

အမှန်တော့ နိုင်ငံခြားတိုင်းပြည်များသို့ ခရီးသွားခြင်းသည် ရာသီဥတုမတူ၊ အစားအသောက်မတူ၊ လူမှုပတ်ဝန်းကျင်အခြေအနေမတူသဖြင့် အစားအသောက်၊ အနေအထိုင်၊ ကျန်းမာရေး အစစအရာရာ ဂရုစိုက်ရသည်။ ကျွန်တော်ဆိုလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားခဲ့စဉ်က ဟိုတယ်ကကျွေးသည့် နံနက်စာကို မဆင်မခြင်စားခဲ့သဖြင့် ကားစီးပြီးသွားသည့်အခါ ကားပေါ်တွင် ကားမူးပြီး အော့အန်ပူးသည်။ မိမိနှင့် ခရီးသွားဖော်များကိုလည်းကောင်း၊ မိမိတို့အား လိုက်ပါပို့ဆောင်သည့် ဆက်သွယ်ရေးအရာရှိများကိုလည်းကောင်း အားနာရ၏။ မိမိအတွက် သူတို့ဝန်ထုပ်ဝန်ပိုး ဖြစ်ရသဖြင့် စိတ်မကောင်းဖြစ်ရ၏။

ထိုနေ့က ကျွန်တော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်သို့ သွားရောက်ဂါရဝမပြုနိုင်ဘဲ ဟိုတယ်တွင် နားနေရ၏။ ဟိုတယ်ကကျွေးသည့် အစားအစာများကိုလည်း မစားနိုင်ဘဲ ထိုနေ့တွင် ရေသောက်၍နေရ၏။

ထို့အတူပင် ကိုရီးယားသမ္မတနိုင်ငံသို့ သွားစဉ်ကလည်း ကားကို ခြောက်နာရီကြာ စီးရသဖြင့် ကားမူးကာ သူများနည်းတူ ညှိခံကျွေးမွေးသမျှ အစားအစာများကို မစားနိုင်ဘဲ ငုတ်တုတ်ထိုင်နေရ၏။ ဆေးဝါးလည်းပါမလာသဖြင့် ကိုယ့်အပြစ်နှင့်ကိုယ်သာ ဖြေသိမ့်နေရုံမှတစ်ပါး ဘာမျှမတတ်နိုင်ပေ။

ကျွန်တော့်ဌာနမှ လုပ်ဖော်ကိုင်ဖက်အရာရှိတစ်ဦးဆိုလျှင် အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီးသွားရာ ညှိခံပွဲတစ်ခု၌ မူးမေ့သွားပြီး ဆေးရုံသို့ တက်ရောက်ကုသခံယူရ၏။ ဆေးရုံတွင် တစ်ပတ်ဆယ်ရက်ခန့်နေရပြီး ရန်ကုန်သို့ပြန်ခဲ့၏။ ထိုအချိန်မှစ၍ ရုံးမတက်နိုင်တော့ဘဲ အငြိမ်းစားတန်းပြီးယူခဲ့ရ၏။ သို့ဖြစ်၍ နိုင်ငံခြားတိုင်းပြည်များသို့ ခရီးသွားလျှင် ကျန်းမာရေးကောင်းမွန်ရန် အရေးကြီးသည်ဟု ဆိုချင်ပါ၏။

အလျဉ်းသင့်၍ ကွယ်လွန်သူစာရေးဆရာကြီး မောင်ဆုရှင်အကြောင်း အကျဉ်းမျှ ဖော်ပြလိုသည်။ ဆရာမောင်ဆုရှင်နှင့်အတူ ၁၉၈၆ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ခရီးသွားဖူး၏။ ထိုစဉ်က ကျွန်တော်က အသက် ၄၅ နှစ်၊ ဆရာမောင်ဆုရှင်က အသက် ၅၅ နှစ်ခန့် ရှိသည်။ ဆရာသည် အသက် ၅၀ ကျော်သော်လည်း ကျန်းမာရေးကောင်းသည်။ သွက်လက်ဖျတ်လတ်သည်။

နောက်ပိုင်းတွင်လည်း ဆရာသည် နိုင်ငံခြားသို့ အခေါက်ခေါက်အခါခါ သွားရ၏။ ဆရာ့ဇာတာက နိုင်ငံခြားခရီးအကျိုးပေးသည်ဟု ဆိုရပေမည်။ ကျွန်တော်မှတ်မိသေးသည်။ ဆရာနှင့် ကျွန်တော် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် ဗဟိုအမှုဆောင် ကော်မတီဝင်များအဖြစ် တာဝန်ထမ်းဆောင်ချိန်က ဖြစ်၏။ နိုင်ငံခြားတိုင်းပြည်တစ်ပြည်သို့ သွားရန် ဆရာ့အား ရွေးချယ်ခဲ့ပြီး ကျွန်တော်က "အရန်"အဖြစ် လျာထားခံရ၏။ အဆုံးတွင် ဆရာသာ နိုင်ငံခြားသို့ သွားခဲ့ရ၏။

ကျွန်တော် မှတ်မိသလောက် ဆရာမောင်ဆုရှင်သည် အသက် ၇၈ နှစ်ခန့်တွင် အင်္ဂလန်နိုင်ငံသို့ တစ်ကိုယ်တည်း ဆွေးနွေးပွဲ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရ၏။ ဆရာသည် အင်္ဂလန်နိုင်ငံသို့ သွားဖြစ်အောင် သွားခဲ့၏။ ထို့နောက် ဆရာသည် အသက် ၇၈ နှစ်တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ခါနီးအချိန်အထိ နိုင်ငံခြားသို့ အိမ်ရှေ့နှင့်အိမ်နောက်သဖွယ် လွန်းပျံသွားခဲ့သည့် ဆရာ့အား ချီးကျူးမိပါ၏။

အချို့ဆိုလျှင် နိုင်ငံခြားသွားရန် လက်မှတ်မပါ၍လားမသိ၊ နိုင်ငံခြားသွားရန် လျာထားတင်ပြခံရသော်လည်း အကြောင်းမညီညွတ်၍ ပျက်ကွက်ခဲ့ရသည်များ ရှိပါ၏။ ကျွန်တော်သိသော လူကြီးတစ်ဦးဆိုလျှင် သူ့လက်အောက်အရာရှိဝန်ထမ်းများ အလှည့်ကျစနစ်ဖြင့် နိုင်ငံခြားသို့ သွားရောက်ခဲ့ရသော်လည်း သူကမူ နိုင်ငံခြားသို့ သွားရန် လျာထားခြင်းပင် မခံရပေ။ နောက်ဆုံး နိုင်ငံခြားသွားရန် အရွေးခံရပြီး ပတ်စ်ပို့မှအစ ဝတ်စုံအလယ်၊ အစည်းအဝေးတွင် ပြောဆိုဆွေးနွေးရမည့် စာတမ်းများပင် ပြုစုပြီးကာမှ ခရီးစဉ်ပျက်ခဲ့၏။ နောက်လူကြီးတစ်ဦးဆိုလျှင် နိုင်ငံခြားသွားရန် လေယာဉ်ပေါ်ရောက်ပြီးမှ လေယာဉ်ပေါ်မှ ပြန်ဆင်းခဲ့ရသည့်အဖြစ်မျိုးလည်း တွေ့ဖူး၏။

အထက်ပါ ဖြစ်ရပ်များကို ထောက်ရှုခြင်းအားဖြင့် လူတစ်ယောက် နိုင်ငံခြားခရီးသွားဖို့ဆိုရာတွင် မိမိလက်ဖဝါးပြင်၌ နိုင်ငံခြားခရီးသွားရမည့် အရေးအကြောင်း (လိုင်းများ) ပါရှိမှသာ သွားရသည်ဟူသော အချက်မှာ မယုံလျှင် မဖြစ်သော အချက် ဖြစ်သည်ဟု ကျွန်တော် မှတ်ယူမိပါ၏။

**တက္ကသိုလ်သိန်း**

www.burmeseclassic.com

# လေကြောင်းကြမ္မာငင်မှုများ

**လှမိုး(ပညာရေး)**

ကျွန်တော်တို့ မြန်မာနိုင်ငံမှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ ထုတ်ဝေသော ကြေးမုံသတင်းစာကြီး၏ မျက်နှာဖုံးတွင် အောက်ဖော်ပြပါ စိတ်တုန်လှုပ်ချောက်ချားဖွယ်ရာ ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရသည်။

**''အဲပုဂံလေကြောင်းလိုင်းမှ Fokker-F-100 လေယာဉ်တစ်စင်း ဟဲဟိုးလေဆိပ်သို့ ဆင်းသက်စဉ် မတော်တဆ ထိခိုက်မှုဖြစ်ပွား''**

နေပြည်တော်၊ ဒီဇင်ဘာ–၂၅။


ရန်ကုန်–မန္တလေး–ဟဲဟိုး–ရန်ကုန် ခရီးစဉ် ပျံသန်းထွက်ခွာလာသော "Fokker-F-100" လေယာဉ်အမှတ် XY-AGC သည် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ယနေ့ နံနက် ၈ နာရီ၊ ၂၈ မိနစ်တွင် လေယာဉ်အမှုထမ်း ခြောက်ဦးနှင့် နိုင်ငံခြားသားခရီးသည် ၄၈ ဦး၊ မြန်မာခရီးသည် ၁၇ ဦး စုစုပေါင်း ရ၁ ဦး တင်ဆောင်ထွက်ခွာလာခဲ့ပြီး ဟဲဟိုးလေယာဉ်ကွင်းသို့ တောင်ဘက်မှ မြောက်ဘက်သို့ ချဉ်းကပ်ဆင်းသက်စဉ် နံနက် ၈ နာရီ၊ ၅၁ မိနစ်ခန့်တွင် လေယာဉ်ပြေးလမ်းထိပ်မှ တစ်မိုင်ခန့်အကွာ၌ အရှေ့၊ အနောက် ကန့်လန့်ဖြတ်သွယ်တန်းထားသော ကလော၊ အောင်သပြေ ၆၆ ကေဗွီအေ ဓာတ်အားပေးလိုင်းနှင့် လေယာဉ်အောက်ပိုင်း စတင်တိုက်မိပြီး တောင်ကြီး–မိတ္ထီလာ ကားလမ်းဘေးရှိ သစ်ပင်တန်းကို ဆက်လက်တိုက်မိကာ လေယာဉ်ကွင်းအနီးရှိ လယ်ကွင်းထဲတွင် လျှောတိုက်၍ ရပ်တန့်သွားခဲ့ကြောင်း။

လေယာဉ်ရပ်တန့်ပြီးနောက် လေယာဉ်အမှုထမ်းများက အရေးပေါ်တံခါးများ ဖွင့်၍ ခရီးသည်များအား လေယာဉ်ပြင်ပသို့ ခေါ်ထုတ်နိုင်ခဲ့ပြီး နှစ်မိနစ်ခန့်အကြာတွင် လေယာဉ်မှာ စတင်မီးလောင်ခဲ့ကြောင်း လေယာဉ်မတော်တဆ ထိခိုက်မှုတွင် ခရီးသည် မန္တယ်နွယ်လင်းရှိန်(၁၁) ဦးထွန်းရှိန်၊ ရပ်စောက်မြို့နေသူနှင့် လေယာဉ်ဆင်းသက်စဉ် ထိခိုက်မှုကြောင့် ကားလမ်းပေါ်တွင် သွားလာနေသော မော်တော်ဆိုင်ကယ်တစ်စီး မီးလောင်ပျက်စီးခဲ့သဖြင့် မော်တော်ကားစီးနင်းသူ ဦးပြားကုန်းမိုးကျေးရွာနေသူတို့ သေဆုံးပြီး အမေရိကန်နိုင်ငံသားနှစ်ဦး၊ ပြင်သစ်နိုင်ငံသူတစ်ဦး၊ တရုတ်(တိုင်ပေ)နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com




သားတစ်ဦး စုစုပေါင်း နိုင်ငံခြားသားခရီးသည်လေးဦးနှင့်အတူ လေယာဉ်မှူး နှစ်ဦး၊ ညွှန်လမ်းညွှန်နှစ်ဦးနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူတစ်ဦး စုစုပေါင်း ကိုးဦးတို့ ဒဏ်ရာရရှိမှုကြောင့် တောင်ကြီးမြို့ စပ်စံထွန်းဆေးရုံသို့ တင်ပို့ကုသပေးခဲ့ကြောင်း သိရသည်။

မှုခင်းဖြစ်ပွားရာနေရာသို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ အချိန်မီသွားရောက်စစ်ဆေးခဲ့ပြီး စပ်စံထွန်းဆေးရုံတွင် ကုသမှုခံယူလျက်ရှိသော ဒဏ်ရာရခရီးသည် ကိုးဦးတို့အား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း။ ဒဏ်ရာရသူ အမေရိကန်နိုင်ငံသား Mr. Lokos Auan နှင့် ဇနီးတို့အား အဲပုဂံလေကြောင်းလိုင်း အစီအစဉ်ဖြင့် ဟဲဟိုးမြို့မှ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ တိုက်ရိုက်ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုသတင်း၏ နောက်ဆက်တွဲအဖြစ် ဖော်ပြထားသော သတင်းတွင် အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

**"ဟဲဟိုးလေဆိပ်မှ လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း"**

**နေပြည်တော်၊ ဒီဇင်ဘာ ၂၆ ရက်။**

ရန်ကုန်–မန္တလေး–ဟဲဟိုး–ရန်ကုန် ခရီးစဉ် အဲပုဂံ လေကြောင်းလိုင်း F
လေယာဉ် XY AGC သည်
နံနက်ပိုင်းက ရှမ်းပြည်နယ် ဟဲဟိုး
ဆိပ်သို့ ဆင်းသက်စဉ် ပျက်ကျခဲ့ခြင်း
ပတ်သက်၍ ၁၉၃၇ ခုနှစ်၊ ပြည်ထော
မြန်မာနိုင်ငံ လေကြောင်းနည်းဥပဒေ
အရ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်
အဖြစ် လေကြောင်းဦးစီးဌာန၊
ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွ
အဖွဲ့ဝင်လေးဦးပါဝင်သော စုံစမ်းစစ်
ရေးအဖွဲ့ကို ပို့ဆောင်ရေးဝန်ကြီးဌာ
ယနေ့ရက်စွဲဖြင့် ဖွဲ့စည်းတာဝန်ပေ
ထားကြောင်း အဆိုပါဝန်ကြီးဌာ
သတင်းရရှိသည်။

(သတင်း


၎င်းသတင်းများကိုပင် မြန်မာ
ရုပ်သံလွှင့်ဌာနကလည်း ဓာတ်ပုံသ
အထောက်အထားများနှင့် ထုတ်လွှင့်
ခဲ့ပြီး မြန်မာနိုင်ငံမှထုတ်ဝေသော ဂျာ
များကလည်း ယင်းလေယာဉ်ပျက်က
သတင်းကို ဓာတ်ပုံများနှင့် ဝေဝေဆာ
အသေးစိတ် ဖော်ပြခဲ့ကြသည်သာ
အချို့ဂျာနယ်များကမူ အဲပုဂံလေကြော
လိုင်း လေယာဉ်ပျက်ကျမှုနှင့် ပတ်သ
သတင်းဆောင်းပါးများကို ခရေစေ့တွ
ကျ ရေးသားဖော်ပြခဲ့ကြ၏။ ကျွန်တော်
စာဖတ်ပရိသတ်များအဖို့ ၎င်းလေယ
ပျက်ကျမှုသတင်းကြောင့် သော
ဝေဒနာအဖြာဖြာနှင့် ကြုံကြရသ
မြန်မာ့လေကြောင်းလိုင်းများတွင် ၎
သော စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်စဉ်
ပါးသဖြင့် အထူးတုန်လှုပ်ချောက်
သော ထူးခြားဖြစ်စဉ် ဖြစ်ပါသည်။

အမှန်အားဖြင့် ၂၀ ရာစုနှစ်နှင့်
ရာစုနှစ်အတွင်း လေကြောင်းခရီးစဉ်
တွင် မတော်တဆဖြစ်ရမှုနှင့် လေကြေ
ကြမ္မာငင်မှုများမှာ ထူးလျက်နှင့်ဆ
ဆိုရမည်ဖြစ်ပါသည်။ လေကြောင်းခ



www.burmeseclassic.com

www.burmeseclassic.com



များတွင် မတော်တဆဖြစ်မှုများသည် မော်တော်ကားမတော်တဆဖြစ်မှုများနှင့် နှိုင်းစာမည်ဆိုပါက အလွန်နည်းပါးသည်ဟု လေကြောင်းကြမ္မာငင်မှုများကို စောင့်ကြည့်လေ့လာသူများက ဆိုကြသည်။ တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ အဲပုဂံလိုင်းမှ Fokker-F-100 လေယာဉ်ပျက်ကျသည့် ဖြစ်စဉ်နှင့် ထပ်တူဖြစ်ရပ်ကို ကျွန်တော်ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ခဲ့ရဖူးသည်။ နေ့လရက်ကို တိတိကျကျ မသိရသော်လည်း ၁၉၄၄ ခုနှစ် ဆောင်းရာသီဖြစ်သည်က သေချာသည်။ ထိုစဉ်က ကျွန်တော်မှာ သတ္တမတန်းကျောင်းသားတစ်ဦးဖြစ်နေရာ ထူးခြားသော ဖြစ်စဉ်များကို ကောင်းစွာမှတ်မိနေပြီ ဖြစ်ပါသည်။

၁၉၄၄ ခုနှစ်ဆန်းကပင် ဗြိတိသျှဘုရင့်တပ်မတော်မှ လေယာဉ်များသည် ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်ခန့် မကွေးမြို့ရှိ လေယာဉ်ကွင်းအား လာရောက်ဗုံးကြဲတိုက်ခိုက်လေ့ရှိသည်။ ထိုလေယာဉ်ကွင်းတွင် စခန်းချထားသော ဂျပန်လေမတပ်တော်မှ တိုက်လေယာဉ်များ မကြာခဏထွက်၍ တိုက်ခိုက်လေ့ရှိသဖြင့် မကြာခဏ လေကြောင်းတိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထိုခေတ်ကာလက ဗြိတိသျှဘုရင့်တပ်မတော်မှ စပစ်ဖိုင်းရား တိုက်လေယာဉ်များမှာ ထူးထူးခြားခြား နာမည်ကြီးလျက်ရှိသည်။ ထိုတိုက်လေယာဉ်များသည် မကွေး၊ ရေနံချောင်းမြို့များရှိ ဂျပန်တပ်စခန်းများ၊ စစ်ရိက္ခာဂိုဒေါင်များ၊ တံတားများကို နေ့စဉ် စက်သေနတ်ဖြင့် ပစ်ခတ်လေ့ရှိသဖြင့် လူအများမှာ ကျိုးလန့်စာစားဖြစ်ခဲ့ရသည်။

ထိုစပစ်ဖိုင်းရား တိုက်လေယာဉ်များသည် သူတို့တာဝန်ပြီးဆုံးသည်နှင့် ခုခံပစ်ခတ်မည့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များ မရှိသော ကျွန်တော်တို့စကုမြို့ကလေးပေါ်သို့ ထာဝစဉ် သစ်ပင်များလွတ်ရုံ ပျံသန်းသွားလေ့ရှိ၏။ ထိုနေ့ကမူ စပစ်ဖိုင်းရား တိုက်လေယာဉ်ငယ်နှစ်စင်းသည် မကွေးမြို့ရှိ ဂျပန်လေတပ်မတော်စခန်းအား ပစ်ခတ်တိုက်ခိုက်ပြီး ကျွန်တော်တို့မြို့ မန်းချောင်းအတိုင်း အလျင်အမြန် ပျံသန်းလာခဲ့သည်။ ထိုလေယာဉ်ငယ်နှစ်စင်းမှာ ယခင် လေယာဉ်ပျံငယ်များ ပျံသန်းသည်ထက် ထူးထူးခြားခြား နိမ့်စွာပျံသန်းလာသဖြင့် ကျွန်တော်တို့တစ်မြို့လုံး ထိတ်လန့်ချောက်ချားကြသဖြင့် ဗုံးခိုကျင်းများရှိရာသို့ ပြေးလွှားကြရသည်။

ကျွန်တော်တို့ ကျောင်းသားများမှာလည်း ကျောင်းပရဝဏ်အတွင်း တူးထားသော ဗုံးခိုကျင်းများရှိရာသို့ အပြေးအလွှား သွားရောက်ခဲ့ကြရ၏။ ထိုလေယာဉ်ငယ်နှစ်စင်းသည် ကျွန်တော်တို့မြို့အား ပစ်ခတ်ခြင်းမပြုဘဲ မန်းချောင်းအတွင်း ပျံသန်းသွားခြင်းဖြစ်၏။ စက္ကန့်အနည်းငယ်ခန့်အကြာတွင် အထက်ဖော်ပြပါ လေယာဉ်နှစ်စင်းအနက် တစ်စင်း

www.burmeseclassic.com

သည့် မန်းချောင်းအား ဖြတ်သန်းသွယ်တန်းထားသော သံကြိုးတိုင်ကြီးမှ သံကြိုးများဖြင့် ရုတ်တရက် တိုက်မိခဲ့သဖြင့် လေယာဉ်မှူးသည် သူ့လေယာဉ်အား မန်းချောင်းအတွင်းသို့ ဆင်းခဲ့ရသည်။ မိနစ်ပိုင်းအတွင်း တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် အုတ်အော်သောင်းတင်းဖြစ်ခဲ့ကြပြီး လူအများသည် လေယာဉ်ပျက်ကျသွားသော မန်းချောင်းဆီသို့ အပြေးအလွှားသွားရောက်ခဲ့သည်။

လေယာဉ်မှာ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ဗြိတိသျှဘုရင့်လေတပ်မတော်မှ စပစ်ဖိုင်းရား တိုက်လေယာဉ်အမျိုးအစားဖြစ်သည်။ ထိုလေယာဉ်မှာ ပေါက်ကွဲပျက်စီးခြင်းမရှိခဲ့။ လေယာဉ်မှူးဖြစ်သူမှာ မန်းချောင်းအတိုင်း ထွက်ပြေးသွားခဲ့သည်။ သို့သော် သူ့အား နာရီပိုင်းအတွင်း ကျေးရွာတစ်ရွာမှ ရွာသားများက ဖမ်းဆီးရမိပြီး ဂျပန်တပ်ဖွဲ့အား အပ်လိုက်ရသည်။ ဂျပန်တပ်ဖွဲ့များသည် ထိုလေယာဉ်၏ စက်များဖြုတ်ယူသွားကြသည်ကို တွေ့ခဲ့ရ၏။

မှန်ပါသည်။ ဤကဲ့သို့သော လေယာဉ်မတော်တဆ ဖြစ်မှုများမှာ ကမ္ဘာ့လေကြောင်းသွားလာရေး သမိုင်းတွင် လက်ဆစ်ချိုး၍ ရေတွက်မရအောင် ဖြစ်ခဲ့ရသည်။ ကမ္ဘာကျော် လေဆိပ်ကြီးများဖြစ်သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှ ဟီသရိုးလေဆိပ်၊ ပြင်သစ်နိုင်ငံ၊ ပါရီမြို့မှ ချားလ်(လ်)ဒီဂေါလေဆိပ်နှင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်မှ ကနေဒီလေဆိပ်နှင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တော်မှ နာရီကာလေဆိပ်ကြီးများတွင် မကြာခဏ လေယာဉ်ကြီးများ ဆင်းသက်

ရာတွင် မတော်တဆဖြစ်မှုများနှင့် ကြ
တွေ့ကြရသည်ဟု ဆိုသည်။ အင်္ဂလ
နိုင်ငံ၊ လန်ဒန်မြို့တော် ဟီသရိုးလေဆိ
ကြီးသည် နှစ်စဉ် ခရီးသည်ပေါင်း သ
၃၀ နီးပါး လာရောက်ခဲ့သည့် ကမ္ဘာ့နိုင်
တကာ လေဆိပ်ကြီးဖြစ်သည်။ ကမ္ဘာ့
နိုင်ငံအသီးသီးမှ လေကြောင်းကုမ္ပဏီ
ပေါင်း ရာကျော်တို့၏ လေယာဉ်ကြီးမျာ
သည့် အကြိမ်ပေါင်း ၂၈၃၀၀၀ ကျော်
အဆင်းအတက် ရှိခဲ့ရာ မတော်တဆ
ဖြစ်ခဲ့သည်မှာ ဘာဆန်းသလဲဟု ဆို
မည် ဖြစ်ပါသည်။ သို့သော် တစ်နှ
အတွင်း အကြိမ်ပေါင်း သုံးသိန်းနီး
အဆင်းအတက်ပြုခဲ့ကြသော်လည်း
မတော်တဆလေကြောင်းကြမ္ဘာငင်မှု
နည်းလှသည်ဟု မှတ်တမ်းများအရ သိ
ရ၏။

မှတ်တမ်းအရ လေကြောင်းသွား
လာမှု သမိုင်းတွင် အဆိုးရွားဆုံး လေ
ယာဉ်ပျက်ကျမှုကြီးဟု ဆိုနိုင်သော လေ
ကြောင်းမတော်တဆမှုမှာ ဂျာမဏီနိုင်
လေကြောင်းခရီးသွားလာရေးအဖွဲ့
ကမ္ဘာပေါ်တွင် အကြီးမားဆုံး လေသင်္ဘော
ကြီး(Air-Ship)ဟုဆိုသော လေသင်္ဘော
ကြီး ဟင်ဒင်ဘတ် ပျက်ကျမှုကြီးပင် ဖြ
သည်။ ထိုလေသင်္ဘောကြီးမှာ အရှည်
၈၀၄ ပေရှိသော ဇက်ပလင်လေသင်္ဘော
ကြီးဖြစ်သည်။ ထိုစဉ်ကာလက ကမ္ဘာ့လေ
ကြောင်းသွားလာရေးသမိုင်းတွင် ယ
လေသင်္ဘောကြီးမှာ အကြီးမားဆုံးနှ
အခမ်းနားဆုံး လေသင်္ဘောကြီးဖြစ်သည်
ဂျာမဏီနိုင်ငံတွင် အာဏာရနာဇီပါတီ
သော နာဇီထိပ်သီးခေါင်းဆောင်ကြီးမျာ
ဖြစ်သော ဟစ်တလာနှင့် နာဇီလေတ
မတော် ဝန်ကြီးဂိုးအားရင်းတို့ကိုယ်တို
အတူ ဂုဏ်ယူပြောဆိုခဲ့သော လူစီးဇ
လေသင်္ဘောကြီးဖြစ်၏။

ထိုလေသင်္ဘောကြီးသည် ၁၉၃





www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်၊ မေလ ၆ ရက်နေ့က အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တော် လေဆိပ်သို့ ဆင်းသက်ရန် ပြင်ဆင်နေစဉ် ပေါက်ကွဲ၍ ပျက်ကျခဲ့ရာ လေယာဉ်အမှုထမ်း ၂၂ ဦးနှင့် ခရီးသည် ၁၃ ဦးတို့ သေဆုံးခဲ့ရသည်။ ထိုသင်္ဘောကြီးပေါ်တွင် လိုက်ပါလာသော ခရီးသည် တစ်ဆယ့်သုံးဦးတို့မှာ နိုင်ငံတကာမှာ ထိတ်ထိတ်ကြဲ သန်းကြွယ်သူဌေးများဖြစ်ကြသည်။ ထိုစဉ်က လေသင်္ဘောကြီးနှင့် လိုက်ပါနိုင်ရန် ခရီးသည်တစ်ဦးသည် ခရီးသွားလက်မှတ်တစ်စောင်ကို ဒေါ်လာ ၄၀၀ ပေး၍ ဝယ်ယူခဲ့ရသည်ဟု သိရ၏။ ထိုစဉ်က သာမန်ခရီးသည်များသည် ဤလေသင်္ဘောကြီးနှင့် လိုက်ပါနိုင်ခြင်းမရှိခဲ့။ ဤလေသင်္ဘောကြီး အဘယ်ကြောင့် ပျက်ကျရသည်ကိုမူ ယနေ့ထိ ရှင်းရှင်းလင်းလင်း မသိရပေ။ သို့သော် ဇက်ပလင်ခေါ် လေသင်္ဘော (Air-Ship) ဖြင့် ခရီးသွားလာခြင်း နိဂုံးချုပ်ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီး ခရီးသည်အများ သေဆုံးခဲ့ရသည့် လေကြောင်းကံကြမ္မာငင်မှုမှာ အင်္ဂလန်နိုင်ငံ၊ ဘရိတိန်နီယား လေကြောင်းသွားလာရေး ကုမ္ပဏီပိုင် အင်ဂျင်လေးလုံးတပ် ခရီးသည် လေယာဉ်ကြီးဖြစ်သည်။ ထိုလေယာဉ်ကြီးနှင့် လိုက်ပါလာသူအများမှာ ဗြိတိန်တိုင်းရင်းသား ခရီးသွားအဖွဲ့ဝင်များဖြစ်သည်၊ ထိုလေယာဉ်ကြီးသည် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ လူတန် လေယာဉ်ကွင်းမှ ယူဂိုစလားဗီးယားနိုင်ငံ ဘယ်(လ်)ဂရိတ်မြို့တော်သို့ ထွက်ခွာလာခဲ့ခြင်းဖြစ်၏။ ယင်းခရီးသွားအဖွဲ့တွင် ခရီးသည် ၁၁၇ ဦး လိုက်ပါလာခဲ့ကြ၏။ ထိုလေယာဉ်ကြီး လူ့ဂျာနာလေဆိပ်သို့ ချဉ်းကပ်လာသည့် ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှာ ရာသီဥတု အထူးသာယာသော နေ့တစ်နေ့ဖြစ်ပြီး၊ မြူနှင်းများလည်း ကင်းစင်လျက်ရှိသည်။ လေဆိပ်အဆင်းအတက် လေယာဉ်များလည်း မရှိသဖြင့် လေဆိပ်မျှော်စင်မှ တာဝန်ရှိသူများက ယင်းလေယာဉ်ကြီးကို ဆင်းသက်ရန် ညွှန်ကြားခဲ့၏။ လေယာဉ်မှူးကလည်း လေယာဉ်စက်ရှိန်လျှော့ကာ လေယာဉ်ပြေးလမ်းဘက်သို့ ဝဲပျံ၍ ဆင်းရန် နိမ့်ဆင်းလာသည်နှင့် လေယာဉ်ပြေးလမ်းအနီးရှိ ထင်းရှူးပင်စောက်ကြီးများ၏ ထိပ်ဖျားနှင့် လေယာဉ်ကြီးဝမ်းဗိုက် ထိခိုက်သံညံ့အသံ ရုတ်တရက် ထွက်ပေါ်လာပြီး အင်ဂျင်လေးလုံးတပ် စိတ်ချရသည်ဟုဆိုသော ဘရိတိန်နီးယား လေယာဉ်ကြီးမှာ ကျယ်လောင်သော ပေါက်ကွဲသံကြီးနှင့်အတူ လေယာဉ်ကွင်းထက်သို့ မီးလောင်ပျက်ကျသွားတော့၏။ လေယာဉ်ကွင်းတွင် အသင့်ရှိနေသော ကယ်ဆယ်ရေးအဖွဲ့သားများနှင့် မီးသတ်အဖွဲ့ဝင်များသည် မီးလောင်ပျက်ကျသည့် လေယာဉ်ကြီးမှ ခရီးသည်အများကို ကယ်ဆယ်ရန် ကြိုးစားခဲ့ရာ လေယာဉ်ကြီးနှင့် လိုက်ပါလာသော ခရီးသည် ၁၁၇ ဦးအနက် ခရီးသည် ၂၂ ဦးတို့အား မီးလောင်နေသောလေယာဉ်ပျက်အတွင်းမှ ကယ်ဆယ်နိုင်ခဲ့ကြသော်လည်း ကျန်ခရီးသည် ၉၇ ဦးမှာ နေရာတွင်ပင် အသက်ဆုံးရှုံးခဲ့ရသည်ဟု သိရ၏။ ဤလေယာဉ်ပျက်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ လေယာဉ်မှူးဖြစ်သူသည် လေယာဉ်ပြေးလမ်းပေါ်သို့ မဆင်းမီ သစ်ပင်များ၏အမြင့်ကို ခန့်မှန်းနိုင်ခြင်းမရှိသောကြောင့် လေယာဉ်ကြီးနှင့် သစ်ပင်များ တိုက်မိခြင်းဖြစ်သည်ဟု သိရ၏။

အလားတူ လေယာဉ်မတော်တဆဖြစ်မှုကြီးတစ်မှု အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တော် လေယာဉ်ကွင်းအဆင်းတွင် ၁၉၇၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့က ဖြစ်ပွားခဲ့ဖူးသည်။ ဂျပန်နိုင်ငံ JAL လေကြောင်းသွားလာရေးကုမ္ပဏီမှ ဘိုး 747 လေယာဉ်ကြီးသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ လေဆိပ်မှ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တော်သို့ ခရီးသည် ၁၁၄ ဦးတင်ဆောင်၍ ပျံသန်းလာခဲ့သည်။ ယင်းခရီးစဉ် ၄၇၁ တွင် ထိုလေယာဉ်ကြီးကို မောင်းနှင်လာသူမှာ အမေရိကန်ပြည်ထောင်စုသား လေယာဉ်မှူးကြီးနှင့် တွဲဖက်လေယာဉ်မှူးအပြင် အခြားလေယာဉ်အင်ဂျင်နီယာများမှာ အထူးကျွမ်းကျင်သော အင်ဂျင်နီယာများ ဖြစ်ကြသည်။ ယင်းအဖွဲ့သားအားလုံးမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အိန္ဒိယနှင့် အရှေ့တောင်အာရှ စစ်မျက်နှာတွင် စစ်မှုထမ်းခဲ့သူများဖြစ်သည်။ ထိုနေ့က ရာသီဥတုမှာ ကြည်လင်သာယာသော်လည်း နေ့အပူရှိန်မှာ ထူးထူးခြားခြား မြင့်မားလျက်ရှိနေသည်။ မှတ်တမ်းအရ အပူချိန်မှာ ၁၁၆ ဖာရင်ဟိုက်ရှိသဖြင့် ထူးထူးခြားခြား အပူရှိန် မြင့်တက်သည်ဟု ဆိုရမည်။ လေယာဉ်မှူးကြီးသည် တောက်ပစူးရှသော နေရောင်ခြည်ကြောင့် လေယာဉ်ပြေးလမ်းပေါ်သို့ ဆင်းသက်ခဲ့ရာတွင် အမှားအယွင်းရှိခဲ့သဖြင့် လေယာဉ်ကြီးမှာ မြေပြင်နှင့် ဆောင့်မိပြီး ပျက်စီးသွားခဲ့ရာ ခရီးသည် ၈၆ ဦးတို့ သေဆုံးခဲ့ရသည်။


မှန်ပါသည်။ ဤကဲ့သို့ လေယာဉ်မတော်တဆဖြစ်မှုများမှာ နိုင်ငံတကာတွင် မကြာခဏ ဖြစ်ပွားလေ့ရှိသည်ဟု ဆိုကြပါကြောင်း . . . ။

**လှမျိုး**(ပညာရေး)

ကျမ်းကိုး

**Plane Crashes**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အကြိုက်ကို ကြောက်ဖို့လိုပါသည်

● ခင်မောင်အေး(မန္တလေး)

သူရဇ္ဇအယ်ဒီတာချုပ် ဦးနေမင်းက ကျွန်တော့်အား မဂ္ဂဇင်းသွားယူစဉ် စာအိတ်ကြီးတစ်ခုပေး၏။ စာအိတ်ကို အိမ်ပြန်သည့်အခါ ပြန်ယူလာခဲ့ပြီး အိမ်သို့ရောက်သည့်အခါ ဖောက်ကြည့်လိုက်ပါသည်။ စာပါအကြောင်းအရာကို ဖတ်ရှုကြည့်သောအခါ အောက်ပါအတိုင်းဖြစ်သည်။

"ဗိုလ်မှူးကြီးခင်ဗျား ... ကျွန်တော် ကျော်ဝင်းနိုင်ပါ။ လွန်ခဲ့တဲ့ ၁၉၇၀ ပြည့်နှစ်လောက်တုန်းက ကျွန်တော် တပ်သားအဆင့်နဲ့ ဗိုလ်ချုပ်မှူးကြီးရဲ့ အမှတ်(၁၃)ခြေလျင်တပ်ရင်းမှာ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။ တပ်သားချစ်အေး၊ တပ်ကြပ် ဂျပုခင်မောင်(ထလရ) တို့နဲ့အတူတကွ တပ်ရင်း(ထလရ)မှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

ကျွန်တော်ယခု မိုးမိတ်မှာ နေပါတယ်။ အသက်(၃၅)နှစ်မှာ တပ်ကြပ်ကြီးအဆင့်နဲ့ ထွက်ခဲ့ပါတယ်။ ဒီမြို့ကိုရောက်ခဲ့တာ အနှစ်နှစ်ဆယ်ကျော်ပါပြီ၊ ဗိုလ်မှူးကြီးရဲ့စာတွေကို အမြဲဖတ်ရပါတယ်။ သတိလည်း အမြဲရလျက်ရှိပါတယ်။ သကြံန်မတိုင်မီက မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ကြွလာပါတယ်။ ကျွန်တော်တို့ဇနီးမောင်နှံ ရွှေမြင်တင်တောင်ပေါ်မှာရှိတဲ့ ဆရာတော်ကြီးဆီ သွားရောက် ဖူးမြော်ကန်တော့ကြပါတယ်။ ဆရာတော်ဘုရားကြီးက မပဒန်လိုဏ်ဂူကိုကြွမှာလို့ပြောတော့ ဘပည့်တော် ရွှေမြင်တင်ဆရာတော် မပံ့လွန်တော်မူခင်က တပည့်တော်နဲ့ ရွှေလင်းသက်ဝေတို့ လိုက်ပို့ဖူးကြကြောင်း လျှောက်ထားခဲ့ပါသေးတယ်။ ဆရာတော်ကြီး ဒီရောက်တော့ လမ်းမှားပြီး မိုးဘုံရွာဘက် ရောက်သွားခဲ့တယ်။ အဲဒီမှာ အစစ်ဆေးခံရတဲ့ အကြောင်း ပြောပြပါတယ်။ ဒါအပြင် နှစ်လုံးပြောပြပါ၊ သုံးလုံးပြောပြပါဆိုပြီးလည်း မေးသေးတယ်။ ဆရာတော်က ပြုံးပြီး ပြောပြတာကတော့ ...

"တို့တောနေရဟန်းဆိုတာ 'လ' လိုပဲ။ လဆိုတာ သူ့လမ်းကြောင်းသူသွားကယ်။ သူ့အလင်းရောင်ဟာ သက်ရှိသက်မဲ့အတူတူ ဘယ်သူ့တော့ ပိုလင်းစေ၊ ပိုအေးစေရယ်လို့ မရှိဘူး။ အတူတူပဲ။ တို့က'လ'လိုပါပဲ။ တို့လမ်းကြောင်းတို့သွားကြတာ"လို့ ပြောခဲ့တဲ့အကြောင်း ဆရာတော်က ပြောပြခဲ့ပါတယ်။ ဒီအကြောင်းကို ဆရာတော်က ပြန်ပြောပြလို့ ကျွန်တော်တို့သိကြရတာပါ။

နောက်သကြံန်ရက် ဉပုသ်စောင့်ဖို့ ရွှေကျောင်းသွား သီလယူပြန်လာပြီး စာအုပ်ငှားလာရာမှာ ဗိုလ်မှူးကြီးရေးထားတဲ့ သူရဇ္ဇမဂ္ဂဇင်းဆောင်းပါးကို ကျွန်တော်ဖတ်လိုက်ရပါတယ်။ အဲဒီတော့မှ တို့တွေ့ခဲ့တဲ့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး တို့ဆီကြွလာတာပါလို့ သိလိုက်ရပြီး ရွှေကျောင်းမှာကျန်နေရစ်တဲ့ ကျွန်တော့်ဇနီးကို သွားပြတယ်။ ပြီးတော့မှ တို့တစ်တွေမနေ့ကဖူးခဲ့တာ ဒီဆရာတော်ဘုရားကြီးလေလို့ ပြောရပါတယ်။

သကြံန်ပြီးတော့ ဆရာတော်ဘုရားကြီး မပဒန်ဂူကိုကြွသွားပြီး အထက်ညောင်နီမှာ ဆွမ်းခံကြွကြောင်းသိရှိရပါတယ်။ ကျွန်တော်တို့တစ်တွေ ဆွမ်းများသွားရောက်လောင်းလှူကြပါတယ်။ စာရေးဆရာ ဆရာကံချွန်တို့၊ ဆရာမြသန်းစံတို့လည်း လာကြပါတယ်။ ရုပ်ရှင်အဖွဲ့တွေကိုလည်း တွေ့လိုက်ရပါသေးတယ်။

အခုလို လာရောက်လောင်းလှူကြရာမှာ ထူးထူးခြားခြားကြုံတွေ့ရတဲ့ လူတွေရှိတယ်လို့ သိရပါတယ်။ လာတဲ့လူတွေက အနယ်နယ်အရပ်ရပ်ကပဲ။ ကျွန်တော် ဗိုလ်မှူးကြီးကို သတိရလို့မှတ်တမ်းမှတ်ရာအဖြစ် သုံးနိုင်အောင် စီဒီခွေနှစ်ခွေပို့ပေးလိုက်ပါတယ်။ ဗိုလ်မှူးကြီးအတွက် အထောက်အကူဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ပြီးတော့လည်း ဗိုလ်မှူးကြီးကြည်ညိုလို့ရအောင် ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးဟာ ကျွန်တော်ရဲ့ တပ်မတော်မှာ ပထမဦးဆုံး နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး တာဝန်ထမ်းဆောင်ခဲ့ရတဲ့ လက်ဦးဆရာဖြစ်တာမို့ အမြဲတစေ သတိရနေပါတယ်။ ဗိုလ်မှူးကြီးဆီကို စာရေးဖို့ စိတ်ကူးပဲရှိတယ်၊ မရေးနိုင်ခဲ့ဘူး။ ဒီတစ်ခါတော့ မအားမလပ်တဲ့ကြားက ရေးဖြစ်အောင် ရေးလိုက်တာပါခင်ဗျား။"

အစဉ်လေးစားလျက်
ကျော်ဝင်းနိုင်

ကျွန်တော်က စာအိတ်တွင်းမှာ ကျော်ဝင်းနိုင် ထည့်ပေးလိုက်သည့် စီဒီခွေနှစ်ခွေကို ထုတ်ကြည့်လိုက်သည်။ ကျွန်တော်သည် ကျော်ဝင်းနိုင်ပို့ပေးလိုက်သော စီဒီခွေနှစ်ခွေကို ဒီဗီဒီဖြင့်ဖွင့်ကြည့်လိုက်၏။ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး မိုးမိတ်မြို့တွင်း ဆွမ်းခံကြွလာစဉ် ကြည်ညိုကြသူ ဒါယကာ ဒါယိကာမအပေါင်း သဒ္ဓါတက်ကြွစွာ ဝိုင်းဝန်းလောင်းလှူကြသည်



www.burmeseclassic.com

www.burmeseclassic.com

မြင်ကွင်းကို နှစ်ထောင်းအားရစွာ တွေ့မြင်ရသည်။ ဆွမ်းနှင့် လှူဖွယ်ပစ္စည်း လောင်းလှူကြမည့်သူများ၊ ကြည်ညိုသဒ္ဓါပွား မည့်သူများ ကြိတ်ကြိတ်တိုးလျက် ရှိပါသည်။ ဆရာတော်ဘုရားကြီး ကြွမလာမီကပင် ကြိုတင်ရောက်ရှိ နေရာယူထားကြသည်။ ဆရာတော်ဘုရားကြီး ကြွရောက်မည်ကိုလည်း လည်တဆန့်ဆန့်ဖြင့် စောင့်မျှော်နေကြသည်။

ဆရာတော်ဘုရားကြီး ကြွလာသည့်အခါ၌မူ အဆင်သင့် ကြိုတင်စောင့်ဆိုင်းနေသော စေတနာရှင် မိုးမိတ်သူ၊ မိုးမိတ်သားများနှင့် ပရိသတ်များက လှူဖွယ်ပစ္စည်းများကို အလုအယက်လောင်းလှူကြသည်။ ဆရာတော်ကြီးနှင့်အတူ လိုက်ပါလာကြသည့် တပည့်များကလည်း လက်မြန်ခြေမြန်နှင့် ဆရာတော်ဘုရားကြီး၏ သပိတ်ထဲမှပစ္စည်းများကို အနောက်မှလိုက်ပါလာကြသည့်သူများ အသင့်ကိုင်ထားသည့် တောင်းများထဲသို့ ထည့်လိုက်ကြသည်။ ယင်းမြင်ကွင်းကို ကျွန်တော် ကြည့်ရှုနေမိရင်း ကြည်ညိုသဒ္ဓါတရားပွားများပြီး ပီတိဖြာရပါသည်။ ပရိသတ်များကြားမှာ ကျွန်တော် ကျော်ဝင်းနိုင်ကိုများ တွေ့ရလေမလားဟု ရှာဖွေကြည့်မိပါသေး၏။ ပရိသတ်တွေများလွန်းလှသဖြင့် မတွေ့ရှိခဲ့ရပေ။

စီဒီနောက်တစ်ခွေသည် ၁၃၄၇ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁)ရက်နေ့ အနန္တကျေးရွာရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးနှင့် အရှင်ဇဝန(မေတ္တာရှင်ရွှေပြည်သာ)တို့ နေ့ဆွမ်းဘုဉ်းပေးနေကြစဉ် ရိုက်ကူးထားသည့် စီဒီခွေဖြစ်ပါသည်။ ယင်းသို့ ဘုဉ်းပေးကြပြီးနောက် ကျေးရွာတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။ ဆရာတော်ဘုရားကြီး ဟောကြားသည့် တရားကား ...

"ဩဝါဒကထာလေးပြောဦးမှ။ မဟုတ်တော့ ပြုံးခံ၊ ဟုတ်တော့လည်း ကုန်းရုန်းခံပေါ့။ ငါ့အကြောင်းမသိလို့ ပြောရှာတာ၊ သူပြောသလိုလုပ်မိတာကိုး၊ ကြံမိတာကိုး။ ခံမှပေါ့။ ငါ့ကိုယ်က မဟုတ်တော့၊ ကုန်းခံ၊ ဟုတ်တော့လည်း ပြုံးရတော့မှာပေါ့။ ခံခဲ့ရတာ ဒီအတိုင်းချည်းပဲ၊ ဘယ်နေရာသွားသွား လောကဓံနဲ့မလွတ်ဘူး။ ဥပဇ္ဈာယ်ဆရာတော်က ကြိုပြီးမိန့်သွားတယ်၊ သူတို့က သိမှာပေါ့။ ငါ့တုန်းကကွာ၊ ငါကဘုရားတည်နေတဲ့ အခါ ငါ့ခေါင်းပေါ် တုတ်တွေဝဲလို့၊ ဓား တဝဲဝဲ၊ တုတ်တဝဲဝဲပေါ့။ ခေါင်းပေါ်ကို တုတ်မကျရရုံ၊ ဓားမကျရရုံ ရှိတာကွာ။ ငါဒီလိုလုပ်ရတော့ စိတ်ဆင်းရဲရတာပေါ့။ ငါက အေးအေးဆေးဆေး စိတ်ချမ်းချမ်းသာသာနဲ့ ကုသိုလ်ယူချင်တာ။ အခုတော့ လုပ်ရတာကိုက ဓားတစ်ပြက်၊ တုတ်တစ်ပြက်ကွ။ ဒါနဲ့ ငါ့ဆရာကို ပြောရတယ်။ တပည့်တော်ကို တခြားသာသနာပြုကိစ္စကို ပေးပါဘုရား။ ဒီသာသနာပြု ကိစ္စမျိုးတော့ မပေးပါနဲ့လို့၊ အဲဒီတော့ ဆရာက တရားမှတ်နေရာက 'ဖျတ်'ဆို မျက်စိလေးဖွင့်ပြီး ...

"ဟေ့ ... မင်းတို့သာသနာက ဘယ်သူ့သာသနာတုံးဟ" လို့ဆိုတယ်။

"ဂေါတမသာသနာပါဘုရား"

"ဂေါတမတုန်းကပေါ့ကွာ။ လူလယ်ကောင်မှာ စိဥ္စမာနဗိုက်ကြီးပြလို့ ရှေးကခံသွားပြတာ၊ ဘုရားဗျ။ ဒေဝဒတ်ကဆို အမျိုးမျိုးလုပ်သွားတယ်မဟုတ်လား။ ဒါကြောင့် နှင့်အဖေတောင် ခံရသေးတာ နှင်က ဘာမို့လို့တဲ့တုံးဟ" လို့ ဆိုတယ်။ ဘုရားဟောတဲ့အထဲ ပါပါတယ်။ သစ်ပင်မြင့်လာရင် တောအုပ်ကောင်းမှ၊ တောအုပ်ကြီးထဲက သစ်ပင်တစ်ပင်၊ မြင့်မြင့်ကြီး၊ မြင့်သွားလေလေ လေတိုက်ခံရလေလေပါပဲ။ လေကတော့ တိုက်ဦးမှာဦးဇဝနရဲ့၊ ဆိုးလေက တောင်ကနေတိုက်ရင် ကောင်းလေက မြောက်ကနေတိုက်မှာ။ ဆိုးလေက ရှေ့ကတိုက်ရင် ကောင်းလေက နောက်ကနေတိုက်မှာ။ ဘယ်ဘက်ကတိုက်တိုက် မယိမ်းမှနော"

ပြီး ဆရာတော် အတွေ့အကြုံအရ ပြောရရင် အဆိုးဆုံးလောကဓံက မွေးကတည်းက ကြုံထားတာ။ မိတ်တွေတဲ့ဗျ။ အကောင်းလောကဓံက ခုမှကြုံဖူးတာ၊ ခံခဲ့ရတာချည်းပဲ၊ အကောင်းလောကဓံဆို တုန်လှုပ်မှာနော။ အကောင်းကို ကျော်နိုင်ရင် အဆိုးက အလိုလိုကျော်သွားမှာ။ အကောင်းကိုကျော်နိုင်ဖို့ သိပ်ကို လိုအပ်ပါတယ်ဘုရား။ အကောင်းကို ကြပ်ကြပ်သတိထားပါ။ ကြပ်ကြပ်ကောင်းလေ ကြပ်ကြပ်သတိထားပါ။ အကြိုက်နဲ့ တိုးလေ ကြောက်စရာကောင်းလေပါပဲ။ အကြိုက်ကိုကြောက်တတ်ပါစေ၊ အကြိုက်ကို ကြောက်တတ်ရင် အကြောက်ကျရင် မကြောက်တော့ဘူး။ အကြိုက်မကြောက်ဖို့ ပိုပြီးလိုအပ်ပါတယ်"

ကျွန်တော်သည် ကျော်ဝင်းနိုင်၏ စာနဲ့အတူပါလာခဲ့သည့်၊ စီဒီခွေကိုကြည့်ရှုကြည်ညိုမိသဖြင့် စာချစ်သူများကိုပါ ကျွန်တော့်နည်းတူ မျှဝေခံစားစေလိုသော စေတနာဖြင့် ဓမ္မဒါနပြုလျက် ရေးသားဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော့်နည်းတူ ကုသိုလ်ယူနိုင်ကြစေချင်ပါသည်။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ ကောင်းကျိုးချမ်းသာ အဖြာဖြာနှင့် ပြည့်စုံကြပါစေ။

**တောင်းပန်ခြင်း**–စီဒီခွေကို ကြည့်ရှုနားထောင် ကူးယူခြင်းဖြစ်ပါသည်။ စာလုံးတစ်လုံးတစ်ကြောင်းမျှ မလွဲမှားရစေရန် အားထုတ်ထားပါသည်။ ချွတ်ချော်လွဲမှားမှုမရှိရအောင် ကြိုးစားထားပါသည်။ အမှားအယွင်းများပါရှိပါက ကျွန်တော်၏ အားနည်းညံ့ဖျင်းခြင်းကြောင့် ဖြစ်ပါသည်။

ခင်မောင်အေး(မန္တလေး)



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဖြစ်စဉ် ခေတ်သစ်အမြင်နှင့်

## ဂမ္ဘီရကျင့်စဉ်ယတြာများ(၂၇)

### ၅။ စိဉ္စမာဏဝိကာကို အောင်တော်မူခြင်း ဗုဒ္ဓဖြစ်စဉ်

ဘုန်းပြည့်တေဇာဟိန်း

သာဝတ္ထိပြည်၌ စိဉ္စမာဏဝိကာအမည်ရသော မိန်းမပျို တစ်ဦး ရှိ၏။ အသားအရေ ဝင်းဝါလှပ၍ ကျက်သရေရှိသော မိန်းမပျိုတစ်ဦး ဖြစ်သည်။ တိတ္ထိတို့၏ တပည့်မတစ်ဦးလည်း ဖြစ်သည်။

တိတ္ထိတို့သည် မြတ်စွာဘုရား ပွင့်တော်မမူခင် တန်ခိုး အရှိန်အဝါ တောက်ပကြသည်။ လာဘ်လည်းရွှင်ကြသည်။ မြတ်စွာဘုရား ပွင့်တော်မူသောအခါတွင်ကား တန်ခိုးအရှိန်အဝါ လျော့ပါးလာကြ[illegible]။ လာဘ်လာဘလည်း ဆုတ်ယုတ်လာကြသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်၏ မကောင်းသတင်း ထွက်အောင် ပြုလုပ်ရန်ကြံစည်ကြ၏။ သို့မှသာ မြတ်စွာဘုရား ရှင်၏ အရှိန်အဝါ ယုတ်လျော့သွားပေမည်။ ထိုသို့ပြုလုပ်ရန် အတွက် စိဉ္စမာဏဝိကာကို အသုံးချရန် စီစဉ်ကြသည်။

စိဉ္စမာဏဝိကာသည် ရုပ်အဆင်းချောမောလှပသကဲ့သို့ ပရိယာယ်မာယာလ[illegible]ည်း ကြွယ်ဝသူဖြစ်သည်။ စိဉ္စမာဏဝိကာ သည် နေ့စဉ်နေ့တိုင်း ညနေချမ်း လူအများ တရားနာပြီး ဇေတ ဝန်ကျောင်းတော်မှပြန်ကြသောအခါ ပန်းနံ့သာတို့ကို လိမ်းကျံ ဆင်မြန်းပြီး ဇေတဝန်ကျောင်းတော်သို့ သွားဟန်ပြုသည်။

လူအများက မြင်၍မေးလျှင်လည်း မြတ်စွာဘုရားကို အထင်အမြင်မှားကြစေရန်အတွက် လူအများ သံသယပွား လောက်အောင် ပရိယာယ်သုံး၍ ဖြေသည်။ စိဉ္စမာဏဝိကာ သည် ဇေတဝန်ကျောင်းတော်သို့ သွားဟန်ပြုပြီး ကျောင်းတော် အနီးရှိ တိတ္ထိတို့ကျောင်းတွင် ညအိပ်သည်။ သာဝတ္ထိမြို့သား အရို[illegible] မြတ်စွာဘုရားကို အဦးခံပူဇော်လို၍ နံနက်စောစောထ ၍ ဇေတဝန်ကျောင်းတော်သို့ သွားသည်။ စိဉ္စမာဏဝိကာက ဇေတဝန်ကျောင်းတော်မှာ ညအိပ်ပြီး ပြန်လာဟန်ဖြင့် နံနက် စောစော မြို့တွင်းသို့ ဝင်လာသည်။

လူအများက မြင်၍မေးလျှင် ပရိယာယ်သုံးကာ ဖြေ ပြန်၏။ တစ်လကျော်လာသောအခါ ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီတိုက်တွင်းမှာ မြတ်စွာဘုရားနှင့်အတူ ညအိပ်ပြီး ပြန် လာကြောင်းပင် ဖြေလာလေ၏။ သုံးလေးလခန့်အကြာတွင် အဝတ်ကြမ်းဖြင့် ဗိုက်ကို ဖောင်းအောင်ရစ်ပွဲ့ကာ ရဟန်းဂေါတမ နှင့် ပေါင်းသင်း၍ ကျွန်မမှာ ကိုယ်ဝန်ရခဲ့ပါပြီဟု ပြောကြား၏။ ရှစ်လ၊ ကိုးလကြာသောအခါ သစ်သားကို ဝမ်းမှာပွဲ့ချည်၏။ အနီ ရောင်အဝတ်အထည်ကို ဝတ်၏။ ခြေဖမိုးတို့ကို နွားမေးရိုးတို့ဖြင့် ရောင်ရမ်းအောင် ထုရိုက်ကာ ကိုယ်ဝန်ရင့်မာဟန်ပြုလေ၏။

တစ်နေ့သောအခါ စိဉ္စမာဏဝိကာသည် မြတ်စွာဘုရား တရားဟောတော်မူစဉ် ပလ္လင်ရှေ့သို့ သွားရပ်၍ ပရိသတ်များ ရှေ့၌ မြတ်စွာဘုရားကို စွပ်စွဲပြောဆိုလေ၏။

"ရဟန်းကြီး… လူအများကို တရားချည်းဟောနေသည်။ ကျွန်မမှာ သင်နှင့်ရသော ကိုယ်ဝန်ရင့်မာနေပြီ။ သင်ရဟန်း ကြီးသည် ပျော်ပါးရန်သာသိပြီး တာဝန်ယူစောင့်ရှောက်ခြင်းမရှိ"

ဤသို့ ယုတ်ညံ့စွာ စိဉ္စမာဏဝိကာက စွပ်စွဲပြောဆို သောအခါ မြတ်စွာဘုရားသည် ဟောကြားဆဲ တရားတော်ကို ရပ်နားပြီး ရဲရင့်စွာ ပြန်ပြောလေ၏။

"စိဉ္စမာဏဝိကာ …သင်၏စကား မှန်၊ မမှန် သင်နှင့် ငါသာ အသိဆုံးဖြစ်သည်"

"မှန်ပါသည် ရဟန်းကြီး။ သင်နှင့်ငါသာ သိကြ၍သာ ယခုလို ကိုယ်ဝန်အရင့်အမာ ဖြစ်လာရသည်"

ထိုသို့ စိဉ္စမာဏဝိကာက ဘုရားရှင်အပေါ် မဟုတ်မမှန် စွပ်စွဲနေစဉ်မှာပင် ဘုရားရှင်၏ ပါရမီတန်ခိုးတော်ကြောင့် ရုတ်



www.burmeseclassic.com

www.burmeseclassic.com

တရက် လေတိုက်ခတ်လာ၏။ လေအဟုန်ကြောင့် စိဥ္စမာဏ ဝိကာ၏ အပေါ်ရုံမှာ ဆွဲလုန့်လိုက်သကဲ့သို့ လွင့်တက်သွား၏။ ဝမ်း၌ ဖွဲ့ချည်ထားသော ကိုယ်ဝန်တု သစ်သားသည်လည်း ပြုတ်ကျ၏။ သူမ၏ ခြေဖမိုးနှစ်ဖက်ပေါ်သို့ ပြုတ်ကျသောကြောင့် ခြေဖျားများပင် ပြတ်ကြွေသွား၏။

တရားနာပရိသတ်များ အမှန်ကို သိရှိသွားကြကာ စိဥ္စမာဏဝိကာအား မြတ်စွာဘုရားကို စွပ်စွဲဆဲရေးရကောင်း လားဟု ပြောဆိုကြိမ်းမောင်း ရိုက်ပုတ်နှင်ထုတ်လေ၏။ စိဥ္စမာဏ ဝိကာသည် မြတ်စွာဘုရား မမြင်သာသောအရပ်ကို ရောက် သောအခါ မြေမျို၍ မဟာအဝီစိငရဲသို့ ကျရောက်ရလေ၏။

## ဓာတ်သက်အမြင်နှင့် အကျိုးတရား

စိဥ္စမာဏဝိကာသည် ရုပ်ရည်အဆင်း လှပသူဖြစ် သော်လည်း တိတ္ထိများကို မှားယွင်းကိုးကွယ်မိခဲ့သည်။ ထိုအကျိုး ဆက်သည် တိတ္ထိများက ဘုရားရှင်ကို ဂုဏ်သိက္ခာကျအောင် မဟုတ်မမှန် လုပ်ကြံပေးရန် စေခိုင်းခြင်း ခံရသည်။ ယင်းပြစ် ချက်နှင့်ပင် မြေမျိုကာ မဟာအဝီစိငရဲသို့ ရောက်ရှိရလေ၏။ သူမ၏ ဘဝမှာ နစ်မွန်းရ၏။ လွန်စွာ နစ်နာဆုံးရှုံးရလေ၏။

လူ့ဘဝ ရလာသော လူသားတိုင်းပင် မိမိတို့ဘဝ မနစ် နာ မဆုံးရှုံးစေရန် အရေးကြီးလှ၏။ စိဥ္စမာဏဝိကာကို သင်ခန်း ာယူရမည်။ ဆရာအမှား၊ ကိုးကွယ်မှုအမှား မဖြစ်ဖို့ အရေးကြီး လှပေသည်။

သူတစ်ပါးတို့၏ မဟုတ်မမှန် စွပ်စွဲသောဘေးမှ ကင်းဝေး အောင်မြင်မှု ဓာတ်သက်ကို ရသည်။ အထူးသဖြင့် အမျိုးသမီး များက လိမ်လည်လှည့်ဖျား၍ စွပ်စွဲမှုဘေးမှ အောင်နိုင်သည်။ မည်သို့ပင် မဟုတ်မမှန် လုပ်ကြံစွပ်စွဲပါသော်လည်း အမှန်တရား သည် ပေါ်ပေါက်လာပေးရလေသည်။ ထိုအတူပင် ကြာသပတေး နံကိုစွဖြစ်သော မြေ၊ မြင်း၊ မိန်းမကိစ္စတို့၌ အနိုင်ရရှိပြီး အနှောင့် အယှက်ကင်းစေသော ဓာတ်သက်ကို ရသည်။ စွပ်စွဲသူသော သူ၏ စွပ်စွဲမှုဒဏ်ကို ပြန်ခံစားရစေသည်။

## စိဥ္စမာဏဝိကာကို အောင်ခြင်းဂါထာ

ကတွာန ကဋ္ဌမုဒရံ ဣဝ ဂဗ္ဘိနီယာ၊
စိဉ္စာယ ဒုဋ္ဌဝစနံ ဇနကာယမဇ္ဈေ။
လန္တေန သောမဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော-အကြင် အာဂါရိက စသည်အပြား မုနိ

များ၏ ဦးဖျားပရမေ သုံးလူ့ဆွေဖြစ်တော်မူသော မြတ်စွာဘု သည်။ ဂဗ္ဘိနီယံ-ဆယ်လတည်နေ သန္ဓေရင့်ပြီး ဖွားခါနီးသေ ဥဒရံ ဣဝ-ကိုယ်ဝန်စွဲလမ်း မိန်းမဝမ်းကဲ့သို့။ ကဋ္ဌံ-သစ်သာ ကတွာန-လိပ်ခွံတံတစ် ပြေပြစ်ခုံးခုံး လုံးဖုရှုစွာ ကြီးလေ တို့ဖြင့် ကောင်းစွာဆိုင်းပတ် ဝမ်းကိုကပ်လျက် မြင်လတ်သ ခပ်သိမ်းလူသား ယုံမှားစေမှု လုပ်ကြံပြု၍။ ဇနကာယမဇ္ဈေ ဥပါသကာ၊ ဥပါသိကာ၊ ဘိက္ခု၊ ဘိက္ခုနီတည်းဟူသော လူပရိသ လေးရပ်တို့အလယ် သပ္ပာယ်ခင်းလတ် မြတ်သောပလ္လင် နေ ပြင်ထက် ရွှေခြသေ့လား တရားဟောကာ နေတော်မူရာ စိဉ္စာယ-မန်ကျည်းပင်မှ သံသေဒဇ ဖွားမြင်သန္ဓေလာ၍ ဖွ နီးပြီ ယီးယောင်ပြုလျက် ရဟန်းမြတ်သည် လူနတ်တို့အ တရားဟောကာ မနေလာနှင့် အိမ်ရာဆောက်မှု လုံ့လပြု အမှုဖွေရှာ စွပ်စွဲလာသော ယုတ်မာညစ်ညမ်း စကားသွမ်း သန္တေန-မျက်နှာမလှည့် မကြည့်မမျှော် လျှပ်ပေါ်မဲ့တွေ ငြိ သက်နေသော၊ သောမဝိဓိနာ-ထိုစိဉ္စာအား မေတ္တာဆပွား မှ ထားမထင် လွန်ဖြူစင်သော အစီအရင်ဖြင့်။ ဇိတဝါ-မခြော မခြိမ်း ဟိန်းဟဲမလုပ် ဓားတုတ်မကိုင် သင်းကြိုင်မေတ္တ ကရုဏာဖြင့် ကောင်းစွာအောင်တော်မူလေပြီ။

တံတေဇသာ-ထိုစိဥ္စမာဏ မည်ရသမုတ် မိန်းမယုတ် ကို အောင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြ မေ-အကျွန်ုပ်အား။ အဂ္ဂံ-မြတ်သော။ ဇယမင်္ဂလံ-ရောဂါဘေးအ ရန်မာရ်ခပင်း ရှိမဲ့လျှင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လ စွာ မင်္ဂလာသည်။ ဘဝတု-နေ့ညမကွာ ဖြစ်ရှိပါစေသတည်း။

## ကျင့်စဉ်ယတြာ

စိဥ္စမာဏဝိကာကို အောင်ခြင်းဂါထာတော်အား အမြ မပြတ် ရွတ်ပွားပူဇော်ပါက မိမိရန်ဘက်များကို အောင်မြင်ခြင်း ရန်ဘက်များ၏ စွပ်စွဲပုတ်ခတ်မှု၊ လုပ်ကြံမှုနှင့် ယခုခေတ်အခါ မဟုတ်မမှန် လုပ်ကြံတိုင်စာ၊ ပစ်စာများကို ဖြေရှင်းအောင်မြင် နိုင်ခြင်း၊ ကြာသပတေးနံ ပညာ၊ မြေ၊ မိန်းမကိစ္စတို့၌ အောင်မြင် စေခြင်းများ ရရှိစေပါသည်။

အရေးကြီးသောအခါ သီလဆောက်တည်၍၊ အမိဋ္ဌာန် သစ္စာပြု၍ ဆီမီး၊ ရေချမ်း၊ ပန်း၊ ဆွမ်းခဲဖွယ် ကပ်လှူ၍ ရွတ်ပွား က ပို၍အကျိုးပေးမြန်ပါသည်။

**ရှင်လန်းချမ်းမြေ့ကြပါစေ…။**


ဘုန်းပြည့်တေဇာဟိုး

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဘုန်းမွှမ်းတော
## ပုဂံမှာသာတဲ့
# သူဝဏ္ဏဘူမိလမင်း

(ယခင်လမှအဆက်)

**စာစု(၂၁)**
**ရေခေတ္တရာပြည် သစွတ်ပင်**
**မှ ကြေးပုရပိုက်**

ယခုအခါ ပုဂံပြည်တွင် အရှင်ဟံတစ်ပါးတည်း သီတင်းသုံး၍ ဗုဒ္ဓသနာ အဆုံးအမတော်ကို ဟောပြောသနာပြုလျက် ရှိလေ၏။ အနော်မင်းစောကလည်း ဉာဏ်အမြော်ကြီးမား၍ ပါရမီတော် ရင့်သန်သောကြောင့် အရှင်အရဟံ၏ အဆုံးအမကို ကြည်လက်ခံကာ အရည်းကြီးများ၏ ကို ပယ်ပေး၍သာ တော်သင့်လေ၏။

အနော်ရထာမင်းစောကား ဘုန်းကြီးမားသူဖြစ်လေ၏။ ဤမင်းကသာ သာသနာကို ချီးမြှောက်လျှင် ဗုဒ္ဓသာနာတော် အလွန်ထွန်းတောက်မှာကို ရှင်အရဟံ သိမြင်တော်မူ၏။ နန်းသားမှူးမတ်အရာထမ်းများအားလုံး ရှင်အရဟံ၏ အဆုံးအမ၌ တည်ကြကာ အရှင်အရဟံထံသို့ ဝင်ထွက်သွားလာ ဖူးမြော်ကြည်ညိုကြလေ၏။

ပုဂံပြည်သူ၊ သူဌေးသူကြွယ်တို့လည်း ရှင်အရဟံ၏ ထံမှောက်သို့ရောက်ရှိလာကြလေပြီ။

အရည်းကြီးရဟန်းတို့သည် မင်းစိုးရာဇာ သူဌေးသူကြွယ်တို့က ရှင်အရဟံ၏ အဆုံးအမကို ခံယူနေကြပြီဖြစ်သောကြောင့် လာဘ်လာဘနည်းပါးလာလေ၏။ ထို့ကြောင့် ရှင်အရဟံကို အငြိုးကြီးစွာထားရှိကြလေ၏။ အရှင်ဒေဝဒတ်နှင့် အပေါင်းပါတို့သည် အရှင်မြတ်စွာဘုရားအား လုပ်ကြံသကဲ့သို့ ရှင်အရဟံကို လုပ်ကြံရန်အတွက် တိုင်ပင်နှီးနှောကြလေ၏။

နေ့ခင်းပိုင်းတွင် မင်းစိုးရာဇာနှင့် သူဌေးသူကြွယ်များ အရှင်အရဟံဆီသို့ ဝင်ထွက်သွားလာနေကြသောကြောင့် လုပ်ကြံရန် အခွင့်မသာကြပေ။

ထို့ကြောင့် တစ်ခုသောညအချိန်တွင် သူတို့အားကိုး ကိုးကွယ်ယုံကြည်ကြသောသူများထဲမှ ခွန်အားနှင့်ပြည့်ပြီး သတ္တိကောင်းသူသုံးဦးကို တံစိုးလက်ဆောင်ပေး၍ ရှင်အရဟံအား လုပ်ကြံခိုင်းလိုက်လေ၏။

ထိုသူသုံးယောက်သည်လည်း လူခြေတိတ်ချိန်ကို စောင့်၍ အမှောင်ရိပ်ခိုကာ နေ၏။ အမှောင်ထုသည်းလာသောအခါ ကျောင်းဝန်းထဲသို့ ဝင်ကြလေ၏။ အရှင်အရဟံကို လုပ်ကြံရန်ရှာသော်လည်း မတွေ့ရကြပေ။ ထို့ကြောင့် သူတို့၏စိတ်များ တုန်လှုပ်လာကြလေ၏။

နောက်ဆုံး ရှင်အရဟံကို မတွေ့၍ ပြန်ကြလေ၏။ ထိုသို့ပြန်ကြသော်လည်း ကျောင်းဝန်းထဲမှမထွက်နိုင်ကြဘဲ မျက်စိဝဲလည်နေကြလေ၏။ ထိုအခါ ပို၍ ထိတ်လန့်လာကြလေ၏။

ကျန်စစ်သားသည် ကင်းလှည့်ရင်း ရှင်အရဟံကျောင်းတော်ဘက်သို့ ရောက်ရှိလာကြလေ၏။ မသင်္ကာစရာ လူသုံးယောက်သည် ကျောင်ဝန်းထဲမှာ ဟိုသွားလိုက် သည်သွားလိုက်ဖြင့် လှည့်ပတ်နေကြသည်ကို တွေ့ရှိရသောကြောင့် –

www.burmeseclassic.com

www.burmeseclassic.com

"အသူတွေလဲ၊ ကျောင်းဝန်းထဲ ညအချိန်မတော်မှာ"

ဟု ဩဇာသံပါပါဖြင့် အော်မေးလိုက်ရာ ထိုလူသုံးယောက်မှာ ထွက်မပြေးဝံ့ဘဲ ကျွန်စစ်သား၏ထံသို့ လာရောက်ကာ သူတို့၏အပြစ်ကို ဖြောင့်ချက်ပေးဝန်ခံလိုက်ကြလေ၏။

"သူတို့ရဲ့အပြစ်တွေကို ခွင့်လွှတ်လိုက်ပါ"

သူတို့သုံးဦးလုံး တစ်ညလုံး ရှာမတွေ့ခဲ့သော ရှင်အရဟံမထေရ်မြတ်မှာ သူတို့၏ အနားသို့ရောက်ရှိနေကာ ပြောကြားလာသည်ကို သုံ့တို့အံ့ဩဖွယ်ရာ တွေ့ရှိရလေတော့၏။ ကျွန်စစ်သားသည် ရှင်အရဟံအား ဦးခိုက်လိုက်၏။

မထေရ်မြတ်၏မေတ္တာရပ်ခံချက်ကြောင့် ထိုသူသုံးဦးကို လွှတ်ပေးလိုက်ပြီးနောက် ဤအကြောင်းအား ကျွန်စစ်သားသည် အနော်ရထာမင်းစောအားလျှောက်တင်လိုက်လေ၏။

မင်းမြတ်သည် အရှင်မြတ်အတွက် စိုးရိမ်ပူပန်ကာ ကျွန်ုပ်ကို အရှင်မြတ်အား နေ့ညဉ့်မပြတ် အစောင့်အနေ အခန့်ထားရှိရန် မိန့်တော်မူလေ၏။ ထိုနေ့တွင် မင်းကျွန်ုပ်နှင့်အတူ ငထွေရူး၊ လှေ့လက်ဖယ်၊ ညောင်ဦးဖီးတို့ကိုခေါ်ဆောင်ကာ အရှင်အရဟံသီတင်းသုံးတော်မူရာ ကျောင်းတိုက်သို့ သွားတော်မူ၍ ရှိသေစွာ ခစားလိုက်ကြလေ၏။

"အရှင်ဘုရား ... အရှင်ဘုရားရဲ့ အင် ဘုရားရှင်ကို တွေ့ဖူးလိုလှပါတယ်"

အနော်ရထာမင်းစောက လျှောက်ထားလိုက်လေ၏။

"ငါတို့ဘုရားရှင်ဟာ ပါရမီတော် ဆယ်ပါး၊ စရိယသုံးပါး၊ စွန့်ခြင်းကြီးငါးပါးနဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတိုင်အောင် ဘုရားဖြစ်ဖို့ ကျင့်ကြံအားထုတ်တော်မူခဲ့တယ်။ ဘုရားဖြစ်တော်မူပြီးသည့်အခါ လေးဆယ့်ငါးဝါကာလပတ်လုံး လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ကို မဟာကရုဏာတော်နဲ့ အနားယူတော်မမူဘဲ တရားရေအေးတိုက်ကျွေးခဲ့ပြီးတော့ ကုသနာရုံပြည် မလ္လာမင်း... ဥယျာဉ်မှာ ပရိနိဗ္ဗာန်ပြုခဲ့ပြီ ဒကာ...

ဒါပေမဲ့ ...ဘုရားရှင်ရဲ့ ဓာတ်တော်မွေတော်တွေကို စေတီတည်ပြီး ကိုယ်စားကိုးကွယ်နေကြပါတယ်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေကတော့ ဝိနယအနေနဲ့ နှစ်ပါး၊ ပိဋကတ်အနေနဲ့ သုံးပါး၊ နိကာယ်အနေနဲ့ ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိတော်မူတယ်။ ဒီတရားတော်တွေကို သင်္ဂါယနာတင်ပြီးတော့ သီဟိုဠ်ကျွန်းမှာ ပေထက်အက္ခရာ တင်ထားတယ်။ အဲဒါကို သံဃာတော်တွေ ရေးကူးဆောင်ယူပြီး သထုံမင်းကို အပ်ထားပေတယ်"

အရှင်အရဟံက မိန့်ကြားတော်မူသောအခါ အနော်ရထာမင်းစောမှာ ဝမ်းမြောက်ဝမ်းသာဖြစ်လေ၏။

"ဘုရားရှင်ရဲ့ သာသနာတော်မှာ သာသနာတော်သုံးပါး ရှိတော်မူတယ်။ ပဋိပတ်၊ ပရိယတ်နဲ့ ပဋိဝေဓ သာသနာသုံးရပ်မှာ ပရိယတ္တိသာသနာတော်ရှိမှ ကျန်သာသနာတွေလည်း တည်တံ့စေတယ်။ ခုပေါက္ကံရာမမှာ ပရိယတ်လို့ခေါ်တဲ့ ပိဋကတ်တော်မရှိသေးဘူး ဒကာတော်"

အရှင်အရဟံမထေရ်က ပုဂံသာသနာ၏ ရှေ့ရေးအတွက် ဆက်လက်ပြောကြားပြန်လေ၏။

"ဓာတ်တော်မွေတော်နဲ့ ပိဋကတ်တော်တွေ ပုဂံမှာရှိလာအောင် ဘယ်လိုဆောင်ရွက်ရမလဲဘုရား"

"သုဝဏ္ဏဘုမ္မိပြည်ရှင် ဒကာမနုဟာဆီမှာ တောင်းခံယူချေ"

အရှင်အရဟံမထေရ်က လမ်းညွှန်တော်မူလေ၏။ အနော်ရထာမင်းစောသည် ထိုအရေးကိစ္စကို မှူးမတ်များနှင့် ကျွန်ုပ်တို့ စစ်သူကြီးလေးဦးကို တိုင်ပင်လေ၏။ ဦးစွာအရည်းကြီးတို့ကို ရှင်းလင်းဖယ်ရှားရန် သဘောရကြလေ၏။

ထိုအချိန်တွင် အရည်းကြီးတို့သည် အခြေမလှတော့ကြောင်း သိရှိကြရာ ကြံမိကြရာ ကြံကြလေ၏။ အရည်းကြီးဂိုဏ်းချုပ်တစ်ပါးက အိပ်မက်လေသည်။

အိပ်မက်တွင် 'သိကြားမင်းက ဘုရားရှင်၏တရားတော်များကို ကြေးပုရပိုက်ဖြင့် မှတ်တမ်းတင်ထားသည်။ ထိုကြေးပုရပိုက်မှာ သရေခေတ္တရာပြည်အနီး သခွတ်ပင်ကြီးထဲတွင် နတ်တို့ဝှက်ထားသည်။ ယင်းကိုယူဆောင်လေဟူ၍ အိပ်မက်လေ၏။

ဤအိပ်မက်သည် ပေါက္ကံရာမ၌ ဟိုးလေးတကျော် ဖြစ်နေလေ၏။ နတ်တို့ဝှက်ထားသော ထိုကြေးပုရပိုက်၌ မည်သည့်အရာများ ရေးထားသည်ကို သိလိုလှ၏။ အရည်းကြီးတို့ကဆိုသော ဘုရားဟူသည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော်က ပွင့်ခဲ့သော ဂေါတမမြတ်စွာဘုရားကို ဆိုလိုခြင်း မဟုတ်ပေ။

ယင်းတို့မှာ တိကျရေရာသော ဘုရားဟူ၍လည်း မရှိပေ။ နတ်ယောင်ယောင်၊ ဘုရားယောင်ယောင်ဖြင့် ပြည်သူလူထုကို လှည့်စားထားသော ဘုရားသာလျှင် ဖြစ်သည်။ ထိုဘုရားမှာ မည်သို့သော ဂုဏ်များရှိသည်ကိုလည်း သေချာ မဖော်ပြနိုင်ကြပေ။

ယင်းတို့၏ ဝါဒများမှာလည်း ထိုဘုရားကဟောခဲ့သော ဝါဒဖြစ်ဟန်ပြောဆိုကြသော်လည်း စနစ်ကျနိုင်မာသော ဝါဒဟူ၍မရှိဘဲ မိမိတို့စိတ်ထင်သလို လုပ်နေကြသော ဝါဒတစ်ခုသာ ဖြစ်လေ၏။

www.burmeseclassic.com

ယင်းသို့အနေချောင်၍ ဖိမ်ကျစေအောင် ကြံစည်ထားသော အကြံညစ်များသာဖြစ်သောကြောင့် အနစ်ကင်း၍ နေပေသည်။

ဤသည်ကို အနော်ရထာမင်းစောက စောကြောဆင်ခြင်မိလေ၏။ ယင်းတို့၏ အိပ်မက်ဆိုသည်မှာလည်း လုပ်ကြံမှုတစ်ခုသာ ဖြစ်ရမည်ဟု တွေးမိလေ၏။

"ကျွန်စစ်သား ... အရည်းဂိုဏ်းချုပ်တစ်ပါးရဲ့ အိပ်မက်ကို ကြားပါစ"

ရုတ်ခြည်း ကျွန်ုပ်ကို အနော်ရထာမင်းစောက မေးလိုက်လေ၏။

"ကြားကြပါတယ် အရှင်။ ဒီလောက် အုတ်အော်သောင်းတင်း ဖြစ်နေတာ"

"အဲ့ဒါကို ယုံကြည်ရဲ့လား"

"လက်တွေ့စစ်ကြောကြည့်မှ သိရမှာပဲအရှင်"

"ဒါဟာ အရည်းတွေရဲ့ လှည့်စားမှုတစ်ခုဖြစ်ဖို့ပဲ များကယ်။ ဒီအရည်းကြီးတွေဟာ ဒီဂ[illegible]သားရင် အမျိုးမျိုး ကလိမ်ဉာဏ်တွေကို ညစ်ထုတ်နေကြဦးမှာပဲ။ ငါ့ရဲ့ပြ[illegible]တွေကို မဟုတ်တဲ့ နတ်တွေ၊ နဂါး[illegible] ခြိမ်းခြောက်နေကြဦးမှာပဲ။ ဒီကိစ္စ[illegible] ကျွန်စစ်သားနဲ့အတူ ငထွေရူးက [illegible]ရာပြည်ကိုသွားပြီး စူးစမ်းချည်။

ငလုံးလက်ဖယ်နဲ့ ညောင်ဦးဖီးတို့ကတော့ တပ်တော်တွေကို အသင့်ပြင်ထား။ အရည်းကြီးတွေကို တိုက်ကောင်းတိုက်ရလိမ့်မယ်။ အထူးသဖြင့် သမထီးကျောင်းတော်မှာ အရည်းကြီးတို့ရဲ့ အင်အားက ပိုပြီးတောင့်တင်းတယ်။ ဒုတိယတောင့်တင်းတာက ပုပ္ပါးပဲ။

သင်းတို့မှာလည်း ဓားခုတ်၊ လှံထိုး ကျွမ်းကျင်တဲ့ အရည်းကြီးတွေ အများကြီးရှိတယ်။ စစ်တမ်းအရ အရည်းချုပ် တစ်ကျိပ်အောက်မှာ အရည်းခြောက်သောင်းလောက်ရှိတယ်။ ဒီအင်အားဟာ အတော်ကြီးမားတဲ့ အင်အားပဲ။

အဲဒီအရည်းတွေရဲ့ အင်အားဟာ ငါ့ရဲ့တပ်တော်မှာ အင်အားတွေပြန်ဖြစ်လာစေရမယ်"

အနော်ရထာမင်းစောက အစီအစဉ်တစ်ရပ်ကို ချမှတ်လိုက်လေ၏။

"အရှင့်ရဲ့အမိန့်အတိုင်း မတိမ်းမချော်အောင် ထမ်းဆောင်ပါ့မယ်"

ကျွန်ုပ်က ပြန်လည်လျှောက်ကြားလိုက်၏။

"အရည်းတွေကို ထိန်းချုပ်သန့်စင်မယ့် အရေးအရာကိုတော့ အထူးလျှို့ဝှက်ထားရမယ် ကျွန်စစ်သားရေ"

အနော်ရထာမင်းစောက သတိပေးလိုက်လေ၏။ ကျွန်ုပ်နှင့် ငထွေရူးတို့က သရေခေတ္တရာသို့သွားဖို့ ပြင်၏။

"သုဝဏ္ဏဘုမ္မိက ကြွလာတဲ့ အရှင်အရဟံမထေရ်မြတ်ရဲ့ လုံခြုံရေးကိုလည်း မပြတ်လစ်စေနဲ့ သွေးသောက်တို့"

ကျွန်ုပ်က ပုဂံမှာ ကျန်ရစ်မည်ဖြစ်သော ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီးတို့ကို မှာကြားပြီးနောက် အရေခေတ္တရာသို့ သွားရန်အတွက် အရည်းကျောင်းတော်သို့ ဝင်လေ၏။ အရည်းကျောင်းဝန်းထဲမှာ လက်ပန်းပေါက်သတ်သူများ၊ ဓားရေးလေ့ကျင့်နေသူများကို တွေ့ရလေ၏။ အနော်ရထာမင်းစောပြောသလိုပင် ဤသူများကို ပေါက္ကရာမ၏ စစ်သည်များအသွင်ဖြင့် မြင်ကြည့်လိုက်လေ၏။ ပေါက္ကရာမ၏ စစ်အင်အားသည် ယခုတောင့်တင်းခိုင်မာသည်ထက် ပို၍ အားပြည့်လာလိမ့်မည်ဟု တွေးမိလေ၏။

ယင်းတို့တွင် အရည်းရှင်ငယ်များလည်းပါ၏။ အရပ်သားတို့မှာ ဓားခုတ်၊ လှံထိုး တတ်ကျွမ်းလိုပါက အရည်းရှင်ရဟန်းဝတ်၍ သင်ကြားကြရလေ၏။

ထိုလေ့ကျင့်နေကြသော ရှင်အရည်းများကို ဖြတ်ကာ ကျောက်လှေကားအတိုင်းတက်လာခဲ့လေ၏။ အောက်မှာက ရှင်အရည်းကြီးကျောင်းငယ်များရှိလေ၏။ အပေါ်မှာ အရည်းချုပ်က သီးသန့်ကျောင်းဆောင်တစ်ခုဖြင့် နေ၏။ အဆောက်အဦမှာ ခိုင်ခံ့လှပေ၏။

ကျွန်ုပ်နှင့်ငထွေရူးတို့သည် ကျောက်လှေကားထိပ်သို့ ရောက်ရှိလာသောအခါ ဂိုဏ်းထောက်ဖြစ်ဟန်တူသော အရည်းထောက်နှစ်ပါးကို တွေ့ရှိလိုက်ရ၏။ ဂိုဏ်းထောက်တစ်ပါးက ကျွန်ုပ်ကိုမြင်သည်နှင့်

"တပ်မှူးကြီး ကရားလံကျွန်စစ်သားပါလား။ ကျောင်းတော်ကို အရေးကိစ္စနဲ့ ရောက်လာတယ်ထင်တယ်"

ဟု ဆီးကြိုကာ ပြောကြားလိုက်လေ၏။

"အရေးကိစ္စရှိတယ်လို့ ပြောရင်လည်း ရပါတယ်။ အခုတလော ပုဂံမှာ အရည်းချုပ်ရဲ့ အိပ်မက်သံကင်းက ပြန့်နေလို့ အရှင်မင်းတရားက အကြောင်းစုံသိလိုတာမို့ လွှတ်လိုက်တာပါ"

ကျွန်ုပ်တို့ရောက်ရှိချိန်မှာ ညနေရီတရောသို့ပင် ရောက်ရှိနေချေပြီ။

"ဒီကိစ္စနဲ့လား။ အရည်းချုပ်ရှိပါတယ်။ ကျောင်းထဲကိုဝင်ပါ"

အရည်းထောက်က စေ့ထားသော တံခါးပေါက်ကို တွန်းဖွင့်လိုက်ရာ ထိုတံခါးပေါက်မှ အတွင်းသို့ဝင်လိုက်၏။ အရည်းထောက်အခန်းတစ်ခုသို့ဝင်၍ အရည်းချုပ်ကို အကြောင်းကြားလေ၏။ အရည်းချုပ်မှာ ဝတ်ရုံ ဖိုသီဖတ်သီဖြင့် အခန်းထဲမှ ထွက်လာခဲ့၏။ သေရည်နံ့က စူးခနဲထွက်လာသည်။ အရည်ချုပ်မှာ သေရည်ကို သုံးဆောင်ထားဟန်တူ၏။ အရည်းတို့သည် ညနေစောင်းလျှင် သေရည်ကိုသုံးဆောင်မြဲဝဲလေ့ ရှိလေ၏။

"ကိုင်း ... ကိုင်း။ တပ်မှူးကြီးတို့ လာတာအချိန်တောင်လင့်နေပြီ။ ပဇာ



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းရှိလို့လာပါစ"

"မင်းတရားက စေလွှတ်လို့ လာခဲ့တာပါ"

"ကိစ္စကိုသာ အစောတလျင်ပြောပါချေ"

"အရည်းချုပ်ရဲ့ အိပ်မက်က တကယ်ပဲလား။ ပုဂံမှာ သတင်းတွေပြန့်နေလို့ပါ"

"မင်းတရားကို ဒီကိစ္စနဲ့ လွှတ်လိုက်တာကိုး။ အိပ်မက်မဟုတ်ဘူး ပုဂံတပ်မှူးကြီးရဲ့။ နတ်တွေက ကျုပ်ကိုလာပြောတာ"

"သဟာဆိုရင် အရည်းချုပ်က အဲဒီကြေးပုရပိုက်ရှိတဲ့ သခွတ်ပင်ကို လိုက်ပြနိုင်ပါ့မလား"

"ဟာ ... လိုက်ပြနိုင်တာပေါ့။ ကျုပ်ကို နေရာအတိအကျနဲ့ကို ပြောသွားတာပဲ"

အရည်းချုပ်က အားတက်သရော ဖြင့် ပြောလိုက်လေ၏။ ဒီတစ်ခါတော့ သူတို့၏ လှည့်ကွက်ထဲဝင်ပြီဟု စိတ်ထဲမှာ ဝမ်းသာနေလေ၏။

"သဟာနဲ့ သုဝဏ္ဏဘူမိက ရဟန်းတစ်ပါး ရောက်နေတယ်ဆို။ ကိုယ့်ပုဂံမှာ ကိုယ့်ဆရာနဲ့ ကိုယ့်ဒကာနဲ့ ရှိနေကြတဲ့ဟာ အဲဒီရဟန်းကို ပုဂံမှာမထားဖို့ တပ်မှူးကြီးတို့ရဲ့ အရှင်မင်းတရားကြီးကို ပြောလိုက်ပါ။ အရည်းချုပ်က ပြောတယ်လို့"

ကျွန်ုပ်မှာ အရှင်အရဟံ၏ အဆုံးအမတရားတော်များကို နာကြားခဲ့ရပြီး ဖြစ်ရကား အရည်းချုပ်၏ စကားများမှာ ကျွန်ုပ်၏နားထဲသို့ မဝင်သည့်အပြင် အရည်းချုပ်ကိုပင် ဤစကားအတွက် မကျေမနပ် ဖြစ်မိရလေ၏။သို့သော်လည်း ဆောင်ရွက်စရာကိစ္စများ ရှိသေးသည်က တစ်ကြောင်း၊ မင်းတရားကြီး၏ အမိန့်မရ သေးသည်ကတစ်ကြောင်းတို့ကြောင့် ကျွန်ုပ်၏စိတ်ကို ပြန်လည်ချုပ်ထိန်းလိုက်ရလေ၏။

"မင်းတရားက အဲ့ဒီသခွတ်ပင်မှာ ရှိတဲ့ ပုရပိုက်ကိုသိချင်လို့ သွားယူနိုင်းတာမို့ အရည်းချုပ်ကိုယ်တိုင် လိုက်ပြပေးပါ"

"ကောင်းပြီလေ။ သရေခေတ္တရာပြည်က နီးတဲ့ခရီးတော့မဟုတ်ဘူး။ ကျုပ်နဲ့ ဂိုဏ်းထောက်နှစ်ပါး လိုက်ခဲ့ပေးပါ့မယ်။ နက်ဖြန်စောစော ခရီးထွက်ခွာကြတာပေါ့"

အရည်းဂိုဏ်းချုပ် ဝန်ခံကတိပေးသောကြောင့် ကျွန်ုပ်တို့လည်း အရည်းချုပ်ကို အရိုအသေပေးကာ အရည်းကျောင်းမှ ပြန်လည်ထွက်ခွာလာခဲ့ကြလေ၏။

ကျွန်ုပ်လည်း ကျွန်ုပ်၏အထောက်တော်များမှတစ်ဆင့် အရည်းကြီးများစည်းဝေးထိုင်ကာ ပြောကြားကြသော အကြံအစည်အားလုံးကို သိရှိရလေ၏။

သရေခေတ္တရာပြည်ရှိ သခွတ်ပင်မှ ကြေးပုရပိုက်ကိုရရှိပြီးလျှင် ကြေးပုရပိုက်၌ ရေးထားသော စာများအရ အနော်ရထာမင်းစောသည် သူတို့အရည်းများကို ပို၍ကြည်ညိုပြီး သူတို့တွေလည်း အပူဇော်ခံရကာ ဘုန်းတန်ခိုးများ ဤထက်တိုးတက်လာမည်ဟု ဆိုလေ၏။ သုဝဏ္ဏဘူမိမှ ရဟန်းတော်ကိုလည်း မောင်းထုတ်လိမ့်မည်ဟု သိရလေ၏။

အရည်းတို့မှာ သူတို့၏ အကြံဖြင့် သူတို့ဟာသူတို့ ဟန်လုပ်ပြီထင်နေကြသော်လည်း ကျွန်ုပ်၏ ဘဝသခင် အနော်ရထာမင်းစောမှာ သူတို့လှည့်စားချက်ထဲ ဝင်ပြီး သူတို့ကိုယုံကြည်လာလိမ့်မည်ဟု ထင်သော်လည်း ကျွန်ုပ်မှာ သူတို့၏ အထင်အမြင်လွဲမှားနေကြောင်း သိရှိနေ၏။ ကျွန်ုပ်၏အရှင် အနော်ရထာမင်းစောသည် အမြော်အမြင်ကြီးမားသူ ဖြစ်ကြောင်း သင်းတို့မသိလေရော့သလာ[...] သင်းတို့ ရှင်အရည်းများသည် သရေခေ[...] ရာပြည်ရှိ သခွတ်ပင်မှ ပုရပိုက်ကို[...] ဆောင်ပြီးလျှင် နေဝင်နိဂုံးချုပ်တော့မည်[...] လည်း အမြော်အမြင်ဖြင့် တွေးနိုင်ကြ[...] တကား။

ကျွန်ုပ်သည် သင်းတို့အရည်းများ[...] အကြံအစည်မှန်သမျှကို ကျွန်ုပ်[...] အထောက်တော်များမှတစ်ဆင့် သိပြီး[...] သည်မို့ ရယ်ချင်နေမိလေ၏။ ကျွန်ုပ်[...] အထောက်တော် အတော်များများ[...] သင်းတို့၏ကြားမှာ ရှင်အရည်းယေ[...] အဖြစ် ထည့်သွင်းထားပြီးဖြစ်လေ[...] ကျွန်ုပ်၏လူများ သူတို့၏ အရည်းမျ[...] အကြားတွင် ရောက်ရှိနေကြောင်းသ[...] သိမည်ဆိုပါက ဤသို့တွေး၍ ဤသ[...] ပြောကြမည်မဟုတ်ပေ။

သခွတ်ပင်မှ ကြေးပုရပိုက်သည်[...] နတ်တို့ဝှက်ထားသော ကြေးပုရပို[...] မဟုတ်ဘဲ အရည်[...] လှည့်စားချ[...] လုပ်ကြံမှုတစ်ခုဖြစ်ကြောင်း ကျွန်ုပ်[...] တင်သိရှိနေတော့၏။

× × × × ×

## စာစု(၂၂)
## အရည်းကြီးတို့ရဲ့ နေဝင်ချိန်

ကျွန်ုပ်နှင့်ငထွေးရုးတို့သည် အရည်[...] ချုပ်နှင့် အရည်းထောက်နှစ်ပါးတို့နှင့်အတူ[...] သရေခေတ္တရာပြည်မှ ပုဂံသို့ပြန်ရောက်[...] လာကြပြီ ဖြစ်လေ၏။ ကျွန်ုပ်တို့၏ လက်[...] ထဲမှာ အရည်းချုပ်ပြောသည့်အတိုင်း[...] ကြေးပုရပိုက်ကိုလည်း ရရှိလာခဲ့ပြီဖြစ်[...] လေသည်။

အရည်းချုပ်နှင့် အရည်းထောက်[...] နှစ်ပါးသည် သူတို့၏အကြံအစည် အောင်[...] မြင်သွားပြီအထင်နှင့် တစ်လမ်းလုံး အ[...] အပင်ကင်းကာ လန်းရွှင်စွာဖြင့် ပြန်လာ[...]



www.burmeseclassic.com

www.burmeseclassic.com

ကြလေ၏။ ကျွန်ုပ်က အရည်းကျောင်းသို့ပင် ပြန်လည်ပို့ဆောင်ပေးလိုက်သေး၏။

ကျွန်ုပ်သည် သရေခေတ္တရာသို့ရောက်သောအခါ အရည်းချုပ် ညွှန်ပြသော သခွတ်ပင်အား တွေ့ရှိရလေ၏။ ထိုသခွတ်ပင်အား တွေ့ရှိရသည်နှင့် ထန်းပင်အတက်ကောင်းသော ငထွေရှူးကို သခွတ်ပင်ပေါ် တက်စေခဲ့လေ၏။

အရည်းချုပ်ညွှန်ပြသော ခွဆုံနား၌ အိုင်းအမာလို ဘုကို တွေ့ရှိရလေ၏။ ထိုဘုကို ဓားဖြင့်ခုတ်၍ ကလော်လိုက်သောအခါ အထဲ၌ဟောင်းလောင်းပေါက်တစ်ခုကို တွေ့ရှိရလေ၏။ ထိုဟောင်းလောင်းပေါက်အား ငထွေရှူးက လက်ဖြင့်နှိုက်ထုတ်လိုက်သောအခါ ကြေးပုရပိုက်ပါရှိလာလေ၏။ ယင်းကြေးပရပိုက်ကို ကတ္တီပါစဖြင့် ရစ်ပတ်ထားလေ၏။

ကြေးပရပိုက်ထုပ်ကိုယူပြီး ငထွေရှူးသစ်ပင်မှ ဆင်းခဲ့လေ၏။ ကျွန်ုပ်က အခေါင်းပေါက်အနေအထားနှင့် ကြေးပုရပိုက်ထားရှိရာ အနေအထားအား ငထွေရှူးအား မေးကြည့်လိုက်လျှင်ပင် အရည်းတို့၏ လုပ်ကြံမှုကို ကောင်းစွာသိ သွားလေတော့၏။ အရည်းတို့၏ လုပ်ကြံမှုကို သိသော်လည်း ထိုကြေးပုရပိုက်ကို ဆောင်ယူကာ အရည်းတို့ကို မည်သို့မျှပြောဘဲ ပုဂံအရောက် ပြန်ခဲ့လေ၏။

ပုဂံသို့ရောက်သောအခါ အနော်ရထာမင်းစောထံ ကြေးပုရပိုက်ထုပ်ကို ဆက်သလျက် တွေ့မြင်ရသောအကြောင်းအရာအလုံးစုံကို လျှောက်တင်လိုက်လေ၏။

''သခွတ်ပင်မှာ ဒီကြေးပုရပိုက်ကို နတ်တွေဆောင်ထားတာ မဟုတ်ပါဘူး။ အရည်းတို့ကိုယ်တိုင် အခေါင်းဖောက်ထွင်းပြီး ထည့်ထားတာပါ။ နှစ်ကြာတော့ သခွတ်ပင်က အကာအဖေးတွေ တက်လာပြီး အဲ့ဒီအခေါင်းပေါက်ကို ပိတ်သွားတာပါ။ ဤသည်ကို အကျွန်အနေနဲ့ မျက်မြင်တိုယ်တွေ့ လေ့လာသိရှိရတဲ့အပြင် အကျွန်ရဲ့အထောက်တော်များ စုံစမ်းချက်အရ ဤသို့ သူတို့အနေဖြင့် ကြံစည်လုပ်ဆောင်ထားတဲ့အကြောင်း အတပ်အမှန် သိရှိရကြောင်းပါ ဘုန်းကြီးတဲ့အရှင်မင်းတရား''

ကျွန်ုပ်၏လျှောက်တင်ထားသော စကားကို ကြားတော်မူသောအခါ အနော်ရထာမင်းစောသည် အမျက်ထွက်တော်မူလေ၏။

''ငါသည် အနှစ်နှစ်က အမှန်ကို မြင်ရလိုကြောင်း တောင့်တခဲ့တယ်။ ဒီလို တောင့်တခဲ့ရတာဟာလည်း အရည်းတွေရဲ့ ဝါဒကိုမကြိုက်လို့ပဲ။ ဒါပေမဲ့ အခြားကောင်းမွန်တဲ့ အယူဝါဒတစ်ခုကို ငါမတွေ့သေးလို့ ဒီအတိုင်းကြည့်နေခဲ့ရတယ်။ အခုတော့ ငါတောင့်တခဲ့တဲ့ အယူဝါဒကိုလည်းရခဲ့ပြီ၊ ပုဂံပြည်သူအားလုံးကိုလည်း အယူမှန်မှာ တည်စေရမယ်။ မနက်ဖြန်ခါ ပုဂံဟာ လောကသစ်တစ်ခုကို ရောက်စေရမယ်''

အနော်ရထာမင်းစောက မိန့်ကြားလိုက်လေ၏။

ကျွန်ုပ်တို့တပ်မှူးလေးဦး၏ လက်ထဲသို့ အမိန့်တော်လွှာများကို အနော်ရထာမင်းစော ပေးအပ်လိုက်၏။ မနက်ဖြန်အတွက် ဆောင်ရွက်ရမည့် အစီအစဉ်များအားလုံးကိုလည်း အ...ချာစီစဉ် မိန့်ကြားလေ၏။

ကျွန်ုပ်တို့တပ်မှူးလေးဦးမှာ မင်းတရား၏ အမိန့်တော်ကို ငြိမ်သက်စွာ နာခံမှတ်သားကြလေ၏။ မနက်ဖြန်ဆင်နွှဲရမည့် အယူဝါဒစစ်ပွဲအတွက် ကျွန်ုပ်တို့အားလုံး စိတ်မောနေကြရ၏။ မင်းတရားက ဆောင်ရွက်ရမည့် အစီအစဉ်အသေးစိတ်ကို ပြောပြ၏။ အတတ်နိုင်ဆုံး သွေးထွက်သံယိုမှု မဖြစ်အောင်ထိန်းသိမ်းဆောင်ရွက်ရန်လည်း သတိပေး၏။ မင်းတရားသည် စစ်ရေးစစ်ရာတွင်လည်း ကျွမ်းကျင်လှပေတကားဟု ကျွန်ုပ်၏စိတ်မှ ချီးကျူးလိုက်မိပေ၏။

ကျွန်ုပ်တို့ တပ်မှူးလေးဦးသည် ညကတည်းက လှုပ်ရှားပြင်ဆင်ကြလေ၏။ လိုအပ်သမျှအင်အားကို ဖြည့်တင်းကာ ကျွန်ုပ်နှင့် ငထွေရှူးက သမထီးသို့ ချီတက်သွား၏။ ငလုံးလက်ဖယ်က ပုပ္ပားကို ချီတက်သွား၏။ ညောင်ဦးဖီးကမူ ပုဂံမှာပင် ကျန်ရစ်ခဲ့လေ၏။

ကျွန်ုပ်နှင့် ငထွေရှူးတို့သည် သမထီးကိုရောက်ရှိပြီးနောက် အရုဏ်တက်ဝေလီဝေလင်းမှာ ကျွန်ုပ်တို့၏ တပ်ပါအင်အားဖြင့် သမထီးကျောင်းကို ဝန်းရံထားလိုက်၏။ လူရိပ် သဲသဲကွဲကွဲမြင်သည်နှင့် ကျောင်းဝန်းထဲသို့ဝင်လိုက်ကြ၏။ အပြင်တွင်တွေ့ရသော အရည်းငယ်အချို့ကို ကျွန်ုပ်တို့က ဖမ်းဆီးထားလိုက်၏။

အရည်းများနှင့် ရောနှောကာနေသော ကျွန်ုပ်၏ လူများကလည်း ကျွန်ုပ်တို့ ကြိုတင်အချိန်းအချက်ပြုထားသည့်အတိုင်း ယင်းတို့အနီးမှ အရည်းများကို ဖမ်းဆီးလေရာ အရည်းကျောင်းဝန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲနှင့် ဖြစ်သွားကြလေ၏။ ထိုအချိန်မှာ အရည်းတို့သည် မည်သို့မျှ ပြင်ဆင်ချိန်မရလိုက်ဘဲ ကျွန်ုပ်တို့၏ အဖမ်းကို ခံလိုက်ကြရလေ၏။ အချို့လည်း ထွက်ပြေးဖို့ ကြိုးစားကြလေရာ ကျွန်ုပ်၏ ရစ်သည်များက လိုက်လံဖမ်းဆီးလေ၏။

ကျောင်းဝန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြင့် ဆူညံနေလေရာ အရည်းဂိုဏ်းချုပ်၊ ဂိုဏ်းထောက်များက လက်နက်ကိုယ်စီဖြင့် ထွက်လာကြလေ၏။ ထိုအရည်းဂိုဏ်းချုပ်နှင့် ဂိုဏ်းထောက်များကို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏စစ်သည်များက ဝန်းရံလိုက်ကြပြီး တိုက်ခိုက်ရန် အသင့်ပြင်ထားကြလေ၏။ ထိုအချိန်မှာ အရည်းတော်တော်များကို ကျွန်ုပ်တို့က ဖမ်းဆီးမိထားပြီး ဖြစ်လေ၏။

"ကျုပ်ကျောင်းတော်မှာ ဘာများဖြစ်နေကြသလဲလို့ လက်စသတ်တော့ တပ်မှူးကြီး ကျန်စစ်သားတို့ ရောက်နေတာကိုး။ ကျုပ်အရည်းတွေကို ပဇာကြောင့် ဖမ်းထားရတာလဲ"

အရည်းချုပ်တစ်ပါးက မေးလိုက်လေ၏။ ကျွန်ုပ်သည် စကားကိုရှည်ရှည်ဝေးဝေးပြောမနေဘဲ စစ်သံစစ်မိန့်ဖြင့် မင်းတရား၏အမိန့်တော်အား ခပ်ပြင်းပြင်းရွတ်ဖတ်လိုက်လေ၏။

"ပုဂံပြည့်ရှင်မင်းတရားကြီးရဲ့ အမိန့်တော်နဲ့ ဆောင်ရွက်ရတာပါ။ မင်းကရားရဲ့အမိန့်တော်ပါတယ် အမိန့်တော်နာခံစေ"

ကျွန်ုပ်ပေါက္ကံရာမမင်းတရားကြီး အမိန့်တော်ရှိလိုက်သည်။ အရည်းတို့သည် နတ်သကြားတို့ အရေးသားထားသော ကြေးပုရပိုက်ရှိလေဟန် လိမ်လည်လှည့်ဖျားသော အကြံဖြင့် မိမိတို့ကိုယ်တိုင်ရေးပြီး သခွတ်ပင်၌ မြှုပ်နှံထားပြီး နတ်တို့က ညွှန်ပြလေဟန် ပြောဆိုကြသည်က တစ်ချက်၊ ဌသရည်သောက်သုံးခြင်း၊ ပန်းဦးလွှတ်ပူဇော်ခံခြင်းတည်းဟူသော သူယုတ်တို့၏ အကျင့်ကို ကျင့်သည်ကတစ်ချက်၊ သတ္တဝါတို့ကို ညှဉ်းဆဲသတ်ဖြတ်၍ ယဇ်ပူဇော်သည်က တစ်ချက် မွန်မြတ်သော အကျင့်လုပ်ရပ် အပြုအမူများကိုမတွေ့ရသောကြောင့် အရည်းတို့အား ပြည်သူအားလုံးက ကိုးကွယ်ရန်မလိုအပ်။

ထို့ကြောင့် အရည်းအားလုံးသည် လူဝတ်လဲစေရမည်။ လူဝတ်လဲစေ၍ သင့်အရည်အသွေးအလျောက် အမှုတော်ထမ်းစေရမည်။ အမှုတော်မထမ်းလိုကလည်း ကုန်သည်လယ်လုပ် သင့်ရာအလုပ်တစ်ခုကို လုပ်ဆောင်ရမည်။

အမိန့်တော်ကိုအာခံလျှင် ကြီးလေးသော အပြစ်ဒဏ်သင့်စေရမည်။

ပေါက္ကံရာမမင်းတရားကြီး အမိန့်တော် . . .။

ကျွန်ုပ်သည် အနော်ရထာမင်းတရား၏ အမိန့်တော်ကို ပြန်လိုက်သောအခါ အရည်းချုပ်တစ်ပါးက မချေမငံပြောကာ တိုက်ခိုက်ရန်နှင့် အခွင့်သင့်လျှင် ထွက်ပြေးရန်ကြိုးစားလေ၏။ အရည်းချုပ်က ထိုသို့ပြုမူသောအခါ ဂိုဏ်းထောက်အချို့လည်း လက်နက်စွဲကိုင် ခုခံရန် ပြင်ဆင်လိုက်၏။

ထိုအခါ ကျွန်ုပ်က –

"အရည်းချုပ်ရဲ့ လက်နက်ကို ချလိုက်ပါ။ အခုအချိန်မှာ ခုခံဖို့မကြိုးစားနဲ့။ အရည်းရဲ့လူငယ်လေးပုံတစ်ပုံသောက်ကို ကျုပ်တို့ဖမ်းဆီးထားပြီးပြီ။ ကျန်တစ်ပုံကလည်း လက်နက်ရှိတာ မဟုတ်ဘူး။ ထွက်ပြေးဖို့လည်း မကြိုးစားနဲ့။ ဘယ်မှထွက်ပြေးလို့ လွတ်မှာမဟုတ်ဘူး။ အခုဆိုရင် တပ်မှူးငလုံးရဲ့ တပ်တော်တွေက ပုပ္ပားကျောင်းတော်က အရည်းတွေကို ဖမ်းဆီးပြီးလောက်နေပြီ။ ပုဂံကျောင်းတော်က အရည်းတွေကိုလည်း တပ်မှူးကြီးငဖီးက ဖမ်းဆီးနေလောက်ပါပြီ။ အနော်ရထာမင်းမြတ်ရဲ့ အမိန့်တော်ကို နာခံလိုက်ပါ"

ထိုသို့ ကျွန်ုပ်က ပြောဆိုအမိန့်ပေးလိုက်မှ –

"တပ်မှူးကြီးတို့က လက်ဦးနေမှတော့ အမိန့်တော်ကို နာခံရုံပဲရှိတော့တာပေါ့"

ဟုဆိုကာ အရည်းနှင့်တကွ အားလုံး အညံ့ခံလိုက်ကြလေ၏။ ကျွန်ုပ်တို့သည် အရည်းအားလုံးကို ဖမ်းဆီးလျက် အနော်ရထာမင်းစောထံသို့ ပို့ဆက်ကြလေ၏။

အနော်ရထာမင်းစောက အရည်းကြီး သုံးကျိပ်နှင့် တပည့်ခြောက်သောင်းကို လူဝတ်လဲစေကာ အရည်အသွေးအလျောက် အဲမောင်းလှံကိုင်အဖြစ် အမှုထမ်းစေလေ၏။ ဤအချိန်မှစကာ ပုဂံသည် မြူမှောင်ရှင်း၍ လမင်းသာလေပြီ။

အရည်းရဟန်းတို့ နိဂုံးချုပ်လျက် ထေရဝါဒဗုဒ္ဓသာသနာ အောင်လံစိုက်ထူလိုက်လေတော့၏။

× × × × ×

## စာစု(၂၃)
## အနော်ရထာမင်းစောရဲ့စေတမန်

အရှင်အရဟံမထေရ်၌ ရှင်သာမဏေများ ဝတ်ကြသည်။ ရဟန်းအဖြစ်ကိုကား တက်၍မရကြသေးချေ။ ရဟန်းတက်ရန်အတွက် ကမ္မဝါရွတ်ရန် ရဟန်းကြီးငါးပါး လိုသည်။ ပုဂံမှာ အရည်းကြီးများ ချုပ်ငြိမ်းသွားခြင်းအတွက် ပုဂံပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြ၏။

အရည်းကြီးများ တန်ခိုးဩဇာထက်စဉ်က ရပ်ရေးရွာရေးအမှုကိစ္စတို့မှာပင် အရည်းကြီးတို့က ဝင်ရှုပ်တတ်သည်။ ကလန်ကြီးကိုပင် ဩဇာဝင်ပေးတတ်သည်။ ကလန်ကြီးတို့မှာ အရည်းကြီးတို့ကြောင့် ခေါင်းခဲခဲ့ရသည်။ ကလန်ကြီးများသည်လည်း ရပ်မှုရွာရေးကို မှန်မှန်ကန်ကန် ဆောင်ရွက်ခွင့် ရလာသောကြောင့် အနော်ရထာမင်းစောကို ကျေးဇူးတင်ကြသည်။

အထူးသဖြင့် အရည်းတို့ထံ ပန်းဆက်ရန် အရေးကိစ္စမှ ကင်းလွတ်သွားပြီဖြစ်သောကြောင့် သူတို့သား၊ သူတို့သမီးမှာ မိမိတို့အချစ်ကို အပြည့်အဝချစ်သူထံ ပေးအပ်နိုင်ခဲ့ကြပြီး ဖြစ်လေသည်။

www.burmeseclassic.com

အရည်းတို့ တုံးခုန်နိုင်ဖို့ တုံးများရှာဖွေပေးပို့ရသည့် ဒုက္ခ၊ အရည်းတို့ မီးလှုံဖို့ ထင်းများရှာဖွေပေးပို့ရသည့် ဒုက္ခများမှ ပုဂံပြည်သူတို့ ကင်းလွတ်ခဲ့ကြရလေပြီ။

အရည်းတို့ သောက်သုံးရန် သေရည်များချက်ပို့ရသည့် ကိစ္စများကို မလုပ်ရတော့ချေ။ ပုဂံပြည်သူတို့၏ရင်ထဲမှာ ရွှင်လန်းချမ်းမြေ့လျက် ရှိကြသည်။ အကျဉ်းတိုက်ထဲမှ လွတ်လာသကဲ့သို့ စိတ်လက်ပေါ့ပါးနေကြသည်။မိမိတို့ လယ်ယာလုပ်ငန်းမှာ အတူရုန်း၍ ရဲဘော်ရဲဘက်များအဖြစ် အသုံးပြုခဲ့သော ကျွဲနွားများကို အတင်းဖမ်းဆောင်ယူ၍ ယဇ်ပူဇော်ခံရခြင်းလည်းမရှိတော့။

ပုဂံမှာ ရှင်အရဟံတစ်ပါးတည်း သာသနာပြုနေ၍ မလုံလောက်ချေ။ ကျေးစွန်ရွာနားများပါမကျန် သာသနာတော်ထမ်း ရဟန်းတော်များ သီတင်းသုံး သာသနာပြန့်ပြူးရန် လိုအပ်သည်။ ပုဂံပြည်သူကို့သည် မကြားစဖူးသော အရှင်အရဟံမထေရ်၏ တရားတော်များကို သိခွင့်ရလာကြလေပြီ။

ထို့ကြောင့် သုဝဏ္ဏဘုမ္မိမှာ ပိဋကတ်တော်များနှင့် ရဟန်းတော်များကို သွားရောက်ပင့်ဆောင်မည်ဆိုသောအခါ အနော်ရထာမင်းစော၏ အမိန့်တော်အောက်မှ လိုက်ပါအမှုထမ်းလိုသူများမှာ အနော်ရထာမင်းစော၏ မစေမခန့်ဘဲ အားလုံးလိုလိုပင် သုဝဏ္ဏဘုမ္မိသို့ သွားလိုကြသည်။

အားလုံးသည် သုဝဏ္ဏဘုမ္မိသို့ သွားရန် စိတ်အားတက်ကြွနေကြသည်။

ကျွန်ုပ်အပါအဝင် တပ်မှူးကြီးလေးဦး၏ တပ်များက အရှေ့မှ ချီတက်ကြသည်။ အနော်ရထာမင်းစောနှင့် တပ်တော်က အနောက်မှချီသည်။ ကျွန်ုပ်တို့သည် မြို့ရွာအဆင့်ဆင့်ကို ကျော်လွှားခဲ့သည်။ တောတောင်အဆင့်ဆင့်ကို ကျော်လွှားခဲ့သည်။ မြစ်ချောင်းအသွယ်သွယ်ကို ဖြတ်သန်းခဲ့သည်။ စစ်တောင်းမြစ်ကို တပ်တော်များ ဖြတ်ကျော်မိသောအခါ တပ်စခန်းကို ခေတ္တရပ်နားလိုက်ကြသည်။

ကျွန်ုပ်နှင့် ငထွေရူးတို့က ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီးတို့အား တပ်တော်များကို စည်းကြပ်ထိန်းသိမ်းရန်ထားရှိခဲ့ကြပြီး သုဝဏ္ဏဘုမ္မိသို့အရောက်ခရီးဆက်ကြသည်။ မနုဟာမင်းမြတ်ကို ဆက်သရန်အတွက် အနော်ရထာမင်းစော၏ လက်ဆောင်ပဏ္ဏာမြောက်မြားစွာကိုလည်း ယူဆောင်လာကြသည်၊ အနော်ရထာမင်းစောမှ မနုဟာမင်းထံသို့ မင်းနှစ်ပါးချစ်ကြည်ရေးသဝဏ်လွှာ စာကိုလည်း ယူဆောင်လာခဲ့သည်။

ကျွန်ုပ်သည် မင်းနှစ်ပါးကြားချစ်ကြည်မှုမပျက်ယွင်းစေရန်နှင့် အနော်ရထာမင်းစောနှင့်တကွ ပုဂံပြည်သူများ၏ အလိုဆန္ဒများ ပြည့်ဝစေရန် အစွမ်းကုန်ကြိုးစားရမည့်တာဝန်ကို ဦးထိပ်ထားရလေ၏။

ကျွန်ုပ်တို့၏ ပုဂံတပ်သားများ စစ်တောင်းမြစ်၏ ဒီမှာဖက်ကမ်း စခန်းချထားသည်ကို သုဝဏ္ဏဘုမ္မိအရှင်မနုဟာသည် ကြားသိပြီးထားဟန် တူလေ၏။ ကျွန်ုပ်တို့ကို ကောင်းမွန်စွာ ကြိုဆိုခဲ့ကြလေ၏။ သုဝဏ္ဏဘုမ္မိကား ကျယ်ပြန့်သာယာသော ပြည်ကြီးအပ ဖြစ်သည်ကို ကျွန်ုပ်တွေ့ရှိရလေ၏ ပ်မြို့ကို ကျွန်ုပ်တို့ ချစ်ကြည်ရေးသံအဖွဲ့များ ဖြတ်ကျော်ခဲ့သည်။ ခံတပ်မြို့မှာလည်း ကျွန်ုပ်တို့ ကောင်းမွန်စွာကြိုဆိုပို့ဆောင်ပေးကြသည်။

ခံတပ်မြို့မှာ ဆင်လုံးမြင်းလုံး အင်အားကြီးမားစွာချထားသည်ကို ကျွန်ုပ်တို့ မြင်တွေ့ခဲ့ရလေ၏။ သုဝဏ္ဏဘုမ္မိမြို့တော်ကား ရန်သူတို့ အလွယ်တကူ မဝင်ရောက်နိုင်စေရန်အတွက် ကျုံးသုံးထပ်၊ ရေသုံးထပ်ရံ၍ စနစ်ကျစွာ တည်ထားလေ၏။

ထိုမြို့ရိုးသုံးထပ်ကို ကျော်ဖြတ်ကာ သုဝဏ္ဏဘုမ္မိအရှင်မနုဟာ၏ ရှေ့မှောက်သို့ ရောက်ရှိခဲ့လေ၏။

"ပုဂံက စေတမန်တွေတောင် မျှော်လင့်ထားတဲ့အတိုင်း ရောက်လာကြပြီကိုး"

မနုဟာက ကျွန်ုပ်တို့ကို စကားဦးကြိုကာ ပြောကြားလိုက်လေ၏။ သုဝဏ္ဏဘုမ္မိ၏ မှူးမတ်ဗိုလ်ပါများလည်း ရှိနေကြသည်။ ကျွန်ုပ်တို့အဖွဲ့ကို အာရုံစိုက်စူးစမ်းသော အကြည့်များဖြင့် ကြည့်နေကြလေ၏။

"မှန်လှပါ ... ပေါက္ကံရာမအရှင် အနော်ရထာက အရှင်မင်းမြတ်အတွက် လက်ဆောင်ပဏ္ဏာများကို ဆက်သတော်မူလိုက်ကြောင်းပါ"

ကျွန်ုပ်က လေးစားညွတ်ခ ရိုကျိုးစွာ မနုဟာမင်းကို လျှောက်တင်ပြီး ပါလာသော လက်ဆောင်ပဏ္ဏာများကို ဆက်သလိုက်လေ၏။

"စိန့်တိုင်းပြည့်ဖြစ် ပိုးဖဲကတ္တီပါများ ရွှေငွေတို့ဖြင့် သွန်းလုပ်ထားသော မင်းအသုံးအဆောင်များ ၊ကျောက်မျက်များဖြင့်ချယ်ထားသော အဖိုးများစွာထိုက်တန်သည့် လက်ဝတ်တန်ဆာများ"

မနုဟာမင်းမြတ်က ပဏ္ဏာကာရများကို လက်ခံတော်မူလိုက်သည်။ ထိုပဏ္ဏာကာရများကို လက်ခံခြင်းမှာ သံတမန်အလုပ်၏ ရှေးဦးအောင်မြင်မှုတစ်ခုဖြစ်လေသည်။ ကျွန်ုပ်က အနော်ရထာမင်းစော၏ သဝဏ်လွှာကို ဆက်သလိုက်သည်။ ယင်းကို သုဝဏ္ဏဘုမ္မိ၏ စာဖတ်တော်စာရေးအား ဖတ်ကြားစေသည်။

"နောင်တော် သုဝဏ္ဏဘုမ္မိအရှင်မင်းရားကြီးထံ ညီတော်ပေါက္ကံရာမပြည့်



www.burmeseclassic.com

www.burmeseclassic.com

ရှင်မင်းတရား အနော်ရထာမှ ကြားသိစေလိုက်သည်။

နောင်တော်၏ သုဝဏ္ဏဘုမ္မိတိုင်းပြည်သည် ဝပြောသာယာလှ၍ နောင်တော်၏ ဘုန်းကံကြီးမားကြောင်းနှင့် နောင်တော်သည် သာသနာပြု မင်းကောင်းမင်းမြတ်ဖြစ်ကြောင်း ကြားသိတော်မူရသည်နှင့်အညီ ညီတော်တို့ပေါက္ကံရာမ ပုဂံပြည်၌ ကိုးကွယ်အားထားစရာ မဲ့နေပါ၍ ကိုယ်ကိုးကွယ် အားထားရာ ရှိစိမ့်သောငှာ နောင်တော်တို့ သုဝဏ္ဏဘုမ္မိမှာရှိသော မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် ပိဋကတ်တော်အချို့ကို စွန့်လှူပေးစေတော်မူလိုပါသည်။

နောင်တော် သာသနာ့ဒါယကာ မင်းမြတ်နှင့်တကွ သုဝဏ္ဏဘုမ္မိတိုင်းသူပြည်သားများ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့စေရန် ညီတော်ပေါက္ကံရာမပြည့်ရှင်မင်းတရားနှင့် ပေါက္ကံရာမ ပြည်သူအပေါင်းတို့က ဆုမွန်ကောင်းများတောင်းလိုက်ပါသည်။ သုဝဏ္ဏဘုမ္မိပြည့်ရှင် သာသနာ့ဒါယကာ နောင်တော်မင်းတရားကြီးဘုရား''

သုဝဏ္ဏဘုမ္မိစာတော်ဖတ်စာရေးက ကျွန်ုပ်၏အရှင်ပေးလာသော သဝဏ်လွှာကို နန်းရင်ပြင်မှာ ဖတ်ကြားပြလိုက်လေ၏။ ထိုသဝဏ်လွှာကို ဖတ်ကြားသောအချိန်၌ နန်းရင်ပြင်မှာ အပ်ကျသံပင်မကြားရအောင် တိတ်ဆိတ်နေ၏။ မနုဟာမင်းသည် သဝဏ်လွှာဖတ်ကြားသည်ကို နားထောင်ပြီးနောက် ရုတ်တရက် မည်သည့်စကားမျှ မိန့်တော်မမူဘဲ စဉ်းစားဆင်ခြင်နေ၏။

ကျွန်ုပ်တို့က မနုဟာမင်းမြတ်ထံမှ ထွက်ပေါ်လာမည့်စကားကို ရင်တထိတ်ထိတ်ဖြင့် နားစွင့်နေရလေ၏။

''ပေါက္ကံရာမပြည်ဟာ ဝပြောစည်ကားတော်မူရဲ့လား''

သဝဏ်လွှာနှင့်ပတ်သက်၍ အချို့အခါးကို မပြောဘဲ အခြားအာလာပသလ္လာပစကားများကို မေးမြန်းပြောဆိုလာလေ၏။

''ပေါက္ကံရာမပြည်ကြီးဟာ ဝပြောစည်ကားသာယာတော်မူပါတယ်။ သုဝဏ္ဏဘုမ္မိပြည်ကြီးလည်း ဝပြောသာယာပါတယ် အရှင်မင်းတရား''

ကျွန်ုပ်က သူ့အကြိုက် ကိုယ့်အကြိုက် စကားနှစ်မျိုးဖြင့် လျှောက်တင်လိုက်လေ၏။

''ပေါက္ကံရာမပြည်မှာ သူရဲသူခက်တွေ ပေါများရဲ့လား''

''သုဝဏ္ဏဘုမ္မိမှာ သူရဲသူခက်တွေ ပေါများပြီး စစ်သည်ရဲမက်အင်အားတောင့်တင်းတော်မူပါတယ်။ ပေါက္ကံရာမ ပုဂံပြည်မှာလည်း သူရဲသူခက်များစွာ ရှိတော်မူပါတယ်''

ကျွန်ုပ်သည်မနုဟာမင်းမြတ်မေးမြန်းသည်ကို ဉာဏ်ဖြင့်ယှဉ်ကာ ဖြေကြားလိုက်လေ၏။

''ပညာရှိတွေရော''

''သုဝဏ္ဏဘုမ္မိမှာ ပညာရှိတို့ များစွာ ပေါ်ထွန်းတည်ရှိနေပါတယ်။ ပေါက္ကံရာမမှာလည်း ပညာရှိများရှိပါတယ် အရှင်မင်းတရား''

ကျွန်ုပ်၏ လျှောက်တင်ထားသော စကားကိုကြားလျှင် မနုဟာမင်းတရားသည် သင်သဘောကျ၍ ရာဇက္ကန်ြေဖြင့်ပြုံးတော်မူလိုက်မှ ကျွန်ုပ်တို့၏ စိုးရိမ်ပူပန်စိတ်များ အနည်းငယ်လျော့ပါးသွားရလေ၏။

''အင်း ... ညီတော်အနော်ရထာ လွှတ်လိုက်တဲ့ တမန်တွေက စကားအရာ လိမ္မာပါးနပ်ပါပေတယ်။ ပိဋကတ်သုံးပုံ ညီတော်ကို ပေးရမယ့်အရေးက သုဝဏ္ဏဘုမ္မိပြည်သူတစ်ရပ်လုံးနဲ့ ဆိုင်တဲ့အရေးဖြစ်တယ်။ သုဝဏ္ဏဘုမ္မိပြည်သူတွေဟာ သာသနာကို လွန်စွာယုံကြည်ပြီး ရိုသေမြတ်နိုး ချစ်ခင်ကြတယ်။ စိတ်အစွဲအလမ်းလည်း ကြီးကြတယ်။

ဒီကိစ္စကို အေးအေးဆေးဆေး တိုင်ပင်ဆွေးနွေးပြီးမှ ရက်သတ္တပတ်အတွင်း အကြောင်းပြန်ပေးပါ့မယ်။ ပေါက္ကံရာမပုဂံပြည်က သံတမန်တွေက ဒီနေ့အဖို့ကိုအနားယူပြီး စေတီဘုရားတွေ ဖူးမြော်နိုင်အောင် စီစဉ်ပေးလိုက်ကြပါ။ နက်ဖြန်ခါကို လက်ဆောင်ပဏ္ဏာများ စီစဉ်ထည့်ပေးပြီး ပြန်ပို့ပေးလိုက်ကြပါ ဝန်မင်းတို့''

မနုဟာက စဉ်းစားချင့်ချိန်ကာ အမိန့်တော်ကိုချမှတ်လိုက်လေ၏။ ကျွန်ုပ်တို့လည်း ထိုနေ့အဖို့ သုဝဏ္ဏဘုမ္မိဝန်မှူးလိုက်လံပို့ဆောင်ပေးသော လေးဆူဓာတ်ခံရွှေစာရံစေတီမြတ်ကို ဖူးမြင်ရလေ၏။

သုဝဏ္ဏဘုမ္မိသားများက ကျွန်ုပ်တို့ ပေါက္ကံရာမ သံအဖွဲ့ကို အထူးအဆန်းသဖွယ် ကြည့်ကြလေ၏။

သုဝဏ္ဏဘုမ္မိစားတော်ကဲများ၏ အထူးစီမံချင်ပြုတ်ထားသော အစားအသောက်များကို ကျွေးမွေးကြသည့်အပြင် မိကျောင်းတူရိယာဖြင့် သုဝဏ္ဏဘုမ္မိလုပျိုဖြူများ၏ ငြိမ့်ညောင်းညက်ညောသော အကနှင့် သာယာချိုမြသော တေးသီချင်းများဖြင့် ဧည့်ခံလေရာ သုဝဏ္ဏဘုမ္မိသည် ကျွန်ုပ်၏တစ်သက်တာ ရင်ထဲတွင် စွဲကျန်ရစ်လေတော့၏။

ကျွန်ုပ်သည် ပေါက္ကံရာမသားတစ်ဦးပင် ဖြစ်သော်လည်း သုဝဏ္ဏဘုမ္မိကို သုဝဏ္ဏဘုမ္မိသားများထက် ပို၍ ချစ်ခင်မိခဲ့ပြီး သုဝဏ္ဏဘုမ္မိသားများကိုလည်း ကျွန်ုပ်၏ ဆွေရင်းမျိုးဆွေရင်းမျိုးချာကဲ့သို့ မှတ်ထင်မိလေတော့၏။

*(ဆက်လက်ဖော်ပြပါမည်။)*

ဘုန်းမြင့်ဇော်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မြန်မာမြေမှာနေမည်

(သို့မဟုတ်)

# ဒီမှာနေမယ်၊ ဒီမှာပဲသေမယ်

နှင်းနှင်း

၁၉၄၂ ခုနှစ်၊ တရုတ်ပြည်နယ်၊ ယူကျင်ပြည်နယ်၊ လောင်မှာရပ်ကွက်တွင် စိတ်ထားနှလုံးသား ကောင်းမွန်မည့် အမျိုးကောင်းသားသမီးတစ်ဦးကို မွေးဖွား သန့်စင်ခဲ့သည်။

ခြောက်နှစ်အရွယ် ရောက်ရှိလာစဉ် တိုင်းပြည်မငြိမ်မသက်နဲ့ ခေတ်မကောင်း ခြင်း ဖြစ်ပေါ်လာခဲ့သည်။ မွေးရပ်မြေကို မှတ်မိသိရှိသော ချွယ်လောက်တွင်ပင် ယူကျင်တမြို့နယ်လုံးမှ ကိုယ်လွတ်ရုန်း ထွက်နိုင်သူတို့သည် စု၍ အလွန်ကြီးမား သော သင်္ဘောကြီးဖြင့် စစ်ပြေးဘဝနဲ့ မြန်မာပြည်အထိကို ရောက်ဆိုက်လာခဲ့ ကြသည်။

ထိုခေတ်၊ ဂ ၁နှစ်အချိန်က မြန်မာ ပြည်စားရေရိက္ခာ၇၁ အလွန်လိုပေါကြွယ် သဖြင့် စီးပွားရှာလျှင် ဖြစ်ထွန်းပေါက် ကြသည်။ ရိုးသားခြင်း၊ စီးပွားအကွက် ပေါခြင်းကြောင့် ထိုစဉ်က မြန်မာပြည်သို့ ပေါက်ရောက်ခဲ့သော တရုတ်၊ ကုလား၊ အင်္ဂလိပ်များ လျှင်မြန်စွာ သူဌေးဖြစ်ကုန် ကြသည်။

တရုတ်ပြည်မှ ကိုယ်လွတ်ရုန်းခဲ့ သူများမှာ ပေါက်စီရောင်းကြ၊ ပဲပြား၊ ပဲပင်ပေါက်ရောင်းကြ၊ ဝက်သတ်၊ ကြက် သတ်နဲ့လည်းကောင်း။ လက်ဗလာနဲ့ ကုလားများမှာလည်း အီကြာကွေးသည် ကော်ဖီဆိုင်၊ လက်ဖက်ရည်ဆိုင်နဲ့ အတိုး ချထားသော ကုလားသူဌေးအထိ စီးပွား ဖြစ်နေခဲ့ကြသည်။

တရုတ်ပြည်၊ လင်ကြားမှ မွေးခဲ့ သော မိန်းကလေးမှာ မြန်မာပြည်ရောက် တော့ မြန်မာနာမည်ပင် ပေါက်ခဲ့ပြီး ဒေါ်အေးဖြစ်လာပြီ။

၁၉၉၄ ခုနှစ်တွင် မွေးရပ်မြေ ပြည်မ ကြီးသို့ တစ်ခေါက်ရောက်ခဲ့သည်။ ထိုစဉ် က ကျန်ရစ်သော သွေးချင်းပေါက်ဖော် များကို ပြန်လာကြည့်ခြင်းတည်း။ လင် ကြားမှ လင်မျိုးနွယ်များ စုပေါင်းမေးမြန်း ကြသည်။

"နင်တို့ မြန်မာပြည်မှာ ကောင်း သလား"

"သိပ်ကောင်းတယ်။ နေ့တိုင်း ဆန် ဖြူထမင်းချက်စားတယ်။ ကြိုက်တဲ့စီးပွား ရေး လုပ်စားပေါ့။ လုံးဝမငတ်ဘူး။ ငါ ဒီမှာ ခြေမချုံးဖြစ်ခဲ့တာ ကံကောင်းတယ်။ လမ်းလျှောက်ရလွယ်မှုလွယ်ပဲ"

သူတို့မွေးဖွားသော ခေတ်ကာလ တွင် တရုတ်အမျိုးသမီးများမှာ ခြေဖျား များကို ဆက်မကြီးထွားမီ ဆွဲခေါက်ထား သော ဓလေ့ရှိခဲ့သည်။ အသက် ၆ နှစ်၊ ၇ နှစ်အရွယ် အရိုးမရင့်မီ ပြုလုပ်လေ့ရှိ သည်။

ဤတစ်ခေါက်ပြန်သွား၍ ဆွေမျိုး များကို ပြန်သွားတွေ့လိုက်သည့်အခါ မိမိ တို့ထွက်ခွာ၍ မြန်မာပြည်မှာ စီးပွားရှာ ထွက်လိုက်ခြင်းသည် ကံကောင်းသွားပြီ ဟု ထင်မိသည်။ ရှာရင်ရှာနိုင်သမျှ ငွေစု နိုင်သော မြန်မာပြည်ကို သေတဲ့အထိ အခြေချတော့မည် ဆုံးဖြတ်ရတော့သည်။

၂၄ လမ်းတွင် နေထိုင် အိမ်ထောင် ကျပြီး၊ သိမ်ကြီးဈေး ၂၆ လမ်း ရပ်ကွက် ဈေးတွင် ဈေးထွက်သည်။ သားတစ် ယောက်၊ သမီးနှစ်ယောက် မွေးဖွားခဲ့ သည်။ မူရင်းစိတ်ကောင်းရှိသူ ဖြစ်သဖြင့် မိမိဈေးခုံနောက်တည့်တည့်တွင်ရှိသော သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ သံဃာများကို ရှိသေကြည်ညိုမိသည်။ ကိုးကွယ်သည်က မဟာယာနဗုဒ္ဓဘာသာ ဖြစ်သည်။ တရုတ်နှစ်သစ်ကူးရက်များ၊ တရုတ်ရိုးရာကန်တော့ရသော နေ့ရက် များဆိုလျှင် အစီအစဉ်တကျ စည်းကမ်း စနစ်ရှိရှိ ကျင်းပလေ့ရှိသည်။

ရက်ကိုလစား နေ့နှစ်များ စီးပွားထဲ မျောလွင့်သွားခဲ့ပြီး အသက် ၆၉ နှစ် အရွယ်တွင် အိမ်ဦးနတ် ကွယ်လွန်ခဲ့ သည်။ ငွေပုံကုသော်လည်း သေမင်းကို နိုင်ရိုးထုံးစံမရှိသဖြင့် အရှုံးပေးခဲ့ရလေပြီ။

လက်တွေ့ဘဝကို စတင်တွေး တောလာပြီး နေ့စဉ်မြင်နေရ၊ ထိတွေ့ ခံစားနေရသော ထေရဝါဒဗုဒ္ဓတရားများ



www.burmeseclassic.com

www.burmeseclassic.com

ဆင်းသက်နေရာယူပြီ။

ဆိုင်၏ နောက်တည့်တည့်တွင် သိမ်တော်ကြီး၊ ရိုယတ္တိစာသင်တိုက်၏ အောက်ထပ်မှ အဘိဓမ္မာသံ၊ ဋီကာကျော်သံ၊ ဝိသုဒ္ဓိမဂ် သင်တန်းများကို လူပုဂ္ဂိုလ်များ တက်ရောက်ရွတ်အံခြင်းကို နားမှာ ဝင်လာသည်။

သူငယ်ချင်း၏အိမ်တွင် ချိတ်ဆွဲထားသော ဆောင်ပုဒ်ကို ဖတ်ကာ ပို တွေးစရာများလာသည်။ ဆောင်ပုဒ်မှာ

"ဒါနကို အကြီးအကျယ်လုပ်နိုင်အောင် သီလအပျက်ခံ၍ငွေ ား မည်သည့်နည်းနဲ့မှ စီးပွားမရှာထိုက်ဟု မှတ်ပါ"

*တောင်မြို့ဆရာတော်*

ဤဆောင်ပုဒ်ကို ဖတ်မိပြီး ဘဝ၊ ဘဝက ချမှတ်သင်ယူခဲ့ဖူးသော ဒါနကထာ၊ သီလကထာ၊ မဂ္ဂထာများ စိမ့်ဝင်လာခဲ့ပြီး ငွေများနဲ့ ချစ်သော မယား၊ သားနဲ့သမီးကို အပြီးခွဲထားခဲ့ရစ်သော ခင်ပွန်းဖြစ်သူ ပြုရက်သည့် သခါရတရားများ လက်တွေ့ဆန်လာသည်။

သေလျှင် ဘာမှမပါ၊ လက်ဗလာနဲ့ အဖော်မဲ့ တစ်ကိုယ်တည်းထွက်ပဲ ထွက်သွားခဲ့ခြင်းကို မြင်ရပြီး မိမိပင်ပင်ပန်းပန်း ရှာဖွေစုဆောင်းနေမိသော ဥစ္စာပစ္စည်းသည် မည်သည့်အတိုင်းအတာအထိ ပြန်၍ ကူညီပေးနိုင်ခဲ့သနည်း။ အခက်အခဲဖြစ်လျှင် သုံးစွဲရန် ရှာစုထားသော်လည်း သူတို့ အရာမရောက်သည့်ကိစ္စမှာ များလှပါဘိ။ ငွေကြောင့် လူသေရလျှင် ပို၍ အဓိပ္ပာယ်မဲ့ခဲ့ပေပြီ၊ မသေမချင်း ရှာနေလို့ဖြင့် မတော်ဘူးဟု ဆိုင်ထွက်ခြင်းမှနားပြီ။

✦ ✦ ✦ ✦ ✦

အိပ်၍အလွန်ကောင်းသည့် တစ်ညဉ့်တွင် ...

"ဟဲ့ ... နိုင်ငံခြားမှာရှိတဲ့ အမျိုးကို သွားမကြည့်တော့ဘူးလား"

"ရွှေရောင်ငါးအကြီးကြီးက စကားပြောတယ်တော့"

"မေးနေတယ်လေ"

"ပိုက်ဆံသိပ်ကုန်မှာစိုးလို့ အဘိုးကြီးကျန်းမာရေးညံ့ဆဲမှာ မနည်းကုန်ခဲ့တယ်။ သူသေပြီလေ"

"လူသေတော့ ငွေလည်းကျေမွကုန်ရောပေါ့။ ယူမလား"

"အလကားပေးတိုင်း ယူလို့ဘယ်ရမလဲ"

"အလကားမယူချင်ရင် အမျှဝေလေ"

ငါးကြီးသည် ပါးစပ်မှ ရွှေရောင်ရေလုံးအရွယ်ငယ်များ အန်ချကာ ပေးသည်။ ရွှေရောင်များဝင်းလက်နေသည့် အလုံးလေးများထိမှန်ကာ အိပ်ရာမှနိုးထလာရသည်။

"ဟင် ... အိပ်မက်ထဲက ငါးကြီးပေးတဲ့ ပုလဲရောင်သေးသေးလေးတွေ ငါ့ခုတင်မှာ ဘာဖြစ်လို့ တကယ်ရှိနေခဲ့လဲ"

ထူးဆန်းအံ့ဩဖွယ်ဖြစ်သည်။ အိပ်မက်ထဲမှ အဖြစ်အပျက်က အပြင်မှာ ဆက်နွယ်ကာ လက်တွေ့ လူ့ဘဝထဲ ရောက်နေပါပြီ။

အိပ်ရာဘေးတွင် ရွှေရောင်အလုံးလေး ၂၇ လုံးကို တွေ့ရှိရသည်။ ပထမ စတင်ကောက်ယူစဉ်က အရောင်မှာ ဝင်းဝါရွှေ လက်လက်ခါနေသော်လည်း မအောင့်နိုင်၊ အံ့ဖွယ်အရာမို့ အိမ်သားများမှအစ ခင်မင်သူအချို့ကို ပြသမေးမြန်းသောအခါ ရွှေရောင်မှာ ပျက်စပြုလာသည်။ ဘာလုပ်ရမှန်းမသိဘဲ သိမ်းဆည်းထားခဲ့သည်။ ယခုချိန်ထိ ၂၄ လမ်းတွင် သက်ရှိထင်ရှား သိမ်းထားဆဲပင်။ ဘယ်နေရာအသုံးချရမှန်းလည်း မသိ။

"တရားစခန်းသွားရင် ငါလည်းစမ်းကြည့်မယ်၊ ခေါ်နော်"

ခါးနှစ်ခါ ခွဲထားသဖြင့် ကြမ်းပြင်တွင် မထိုင်နိုင်ခြင်း၊ သရေခါးပတ်အမြဲပတ်ထားမှ ထိုင်နိုင်ခြင်းကြောင့် မြန်မာကျောင်းကန်သို့ အသွားအလာ မရှိသလောက် နည်းခဲ့သည်။ တရုတ်ရိုးရာ ဓလေ့ထုံးစံများနဲ့ အသက်ရှင်သန်ခဲ့သည်မှာ ခုနစ်ဆယ်ပြည့်လုပြီ၊ ယခုတော့ စိတ်များလည်း အပြောင်းအလဲလုပ်ချင်လာသည်။ ဤနှစ်များ၏ အပေါင်းအသင်းကလည်း ဘာသာရေးကို တစိုက်မတ်မတ်လုပ်နေသဖြင့် အားကျလာသည်။ ချစ်ခင်ပွန်းဆုံးသွားရသဖြင့် မိမိသေရက်ကိုလည်း ဆန်းစစ်ကြည့်လာသည်။

ပထမတစ်ခေါက် တရားစခန်းဝင်တော့ အိမ်မှာနေစဉ် ကိုက်ခဲနေသော ခြေနှစ်ဖက် တစ်ဆစ်ဆစ်နာနေမှုမှ ပျောက်နေသည်ကို သတိထားမိသည်။ တရားစခန်းမှပြန်လာပြီး စိတ်ကျေနပ်နေမိသည်။

မိုးဦးလေဦးတွင် တစ်နေ့လုံး ကြွေ၍ ပိတ်နေသော ခေါင်မိုးရေတံလျှောက်ကြောင့် အိမ်အမိုးရေလျှံကျလာသည်။ ညဉ့်ခုနစ်နာရီမို့ အပြင်လည်း မထွက်ခေါ်နိုင်တော့။ အလုပ်သိမ်းပြီးကုန်ရောပေါ့။

"ကြွက်သိုက်ပိတ်နေပုံရတယ်။ အပေါက်ဖွင့်မှ ရေက ကျမယ်၊ နို့မဟုတ် ခေါင်မိုးပြုတ်ပြီး ရေထဲမျောမယ်။ ကိုယ့်ဘာသာ အထပ်ခိုးလှေကားမှ တက်မှဖြစ်မယ်"

ညနေ မိုးမရွာမီထဲက ထွက်သွားသော တစ်ဦးတည်းသော သားကို စောင့်၍မဖြစ်။ ရေက မျက်နှာကြက်ထဲ ဝင်နေပြီတည်း။ ရေများ ခေါင်မိုးတွင် လျှံတက်လာသဖြင့် မီးကြိုးရေထိဝင်ကာ တစ်အိမ်လုံး မည်းမှောင်သွားခဲ့သည်။ ရေပေါက်ပွင့်သွားသဖြင့် ရေတံလျှောက်အတိုင်း စီးဆင်းသွားပြီမို့ ထပ်ခိုးလှေကားမှ နောက်ပြန်ဆင်းမိသည်။ မီးပျက်သွားပြီဖြစ်၍ ရေများနဲ့ ချော်ကာ အောက်ပြုတ်ကြရပြန်သည်။

"ဟင် ... ဘယ်လိုပါလိမ့်"

ရှေးအိမ်မို့ ထပ်ခိုးမှာ အောက်ကြမ်းပြင်အထိ ကိုးပေအမြင့်ရှိသည်။ သို့သော် လှေကားတစ်ဝက်လောက်အရောက်



www.burmeseclassic.com

www.burmeseclassic.com

ပြူတ်ကျခြင်းကို ဆီးဖမ်းပွေ့ကာ အောက်သို့ရောက်မှ ချပစ်သည်ကို ခံရသည်။ ခြေကျိုး၊ ခေါင်းကွဲ ရမည့်အဖြစ်မှ ဝေးပြီး မူးဝေခြင်းသာ ခံစားရသည်။

"ငါ့ကို ဘယ်သူဆီးပြီး ချီသလဲ"

အံ့သြစရာဖြစ်နေသည်။ ရှိသငျှ လူနှစ်ယောက်စလုံး ရေသုတ်နေသဖြင့် ဘာမှမတွေ့လိုက်၊ မမြင်လိုက်ရပေ။ နောက်တစ်နေ့မနက်တွင် ...

"မီးပြင်ဆရာရေ အပေါ်ထပ်နံရံက တက်ပြီး ခေါင်မိုးကြားက မီးကြိုး အရင်သွားဆွဲ။ မနေ့က ခေါင်မိုးရေလျှံလို့"

"ဟင် ... ရေလျှံတာ မီးကြိုးတစ်လျှောက်လုံးပဲ"

ကံကောင်းလိုက်သည်မှာ လျှောကျနေသည့် မီးက လျှပ်စစ်ဝင်ပြီး ဓာတ်မလိုက်ခဲ့ခြင်းတည်း။ ရေထဲ လျှပ်စီးဝင်ပြီး မီးကြိုးမှတစ်ဆင့် ဓာတ်ကူးနေသည်ကို မျက်စိပြူးကာ ကြည့်မိကြသည်။

"ဒီရေထဲ ‌ ျတာကိုပဲ ဘာမှမဖြစ်တာ အံ့[ ‌ ယ်"

"မီးပြင်ဆ ရာရေ ... ပြောမှ သိပြီး ကြောက်မိဟ

သေခြ ‌ ရားက နီးနီးလေးမှ ကပ်လွဲသွားသ ‌ ကို တုန်လှုပ်စွာကြည့်ရင်း စဉ်းစား ‌ များလာခဲ့သည်။ သူငယ်ချင်းဘဝ ‌ ကြည့်မိ၏။

"ဒါနကို အကြီးအကျယ်လုပ်နိုင်အောင် သီလပျက်ခံ၍ကား စီးပွားမရှာထိုက် ဆိုတဲ့အတိုင်း စီးပွားကို ဇောက်ချမလုပ်ဘဲ နေ့စဉ် သီလတရား၊ ဘာဝနာတရား ပွားများနေတဲ့ သူတို့သဏ္ဍာန်မှာ နေ့စဉ်လုပ်ကိုင်စားသောက် ကြီးပွားအောင်လုပ်တာထက် ပိုကောင်းတာရှိကို ရှိရမယ်။ သေမင်းခေါ်မသွားမီ နည်းနည်းစီ စမ်းရမှာပဲ"

"သီလစောင့်ရင် ဘာတွေကောင်းလဲ"

"ကောင်းနည်းက စုံလို့။ အားလုံးသာပြောရရင် နှစ်ရက်လောက်ကြာမှ ပြီးမှာ။ အရေးကြီးတာ ပြောပြမယ်။ အခုကြိုက်နှစ်သက်လှတဲ့ ရွှေငွေရတနာတွေကို ပင်ပန်းခံမှ စုမိဆောင်းမိခဲ့တာမဟုတ်လား။ ဒါ ရှေးဘဝက ဒါနနည်းခဲ့၊ သီလမလုံလို့ဘဲ။ အခု ဒီမြေကမ္ဘာပေါ်မှာရှိနေတဲ့ ရွှေငွေကို အားလုံးစုပုံခဲ့ပြီး ၁၆ ပုံတစ်ပုံတောင် မမီတဲ့ စည်းစိမ်ကို လိုချင်ရင် သီလရှိရမှာပဲ။ သီလလုံရင် ဘာမဆိုဖြစ်လာမယ်။ လိုချင်တာအားလုံးလည်း ရမယ်။ ဘယ်အထိလဲ။ နိဗ္ဗာန်ရောက်တဲ့အထိပဲ။ နိဗ္ဗာန်မရောက်ရှိမီ စပ်ကြားမှာ လူချမ်းသာ၊ နတ်ချမ်းသာလိုပဲ ခံစားရပြီး ရောဂါအားလုံး ကင်းစင်မယ်။ ဘေးဒုက္ခမကပ်ဘူး။ သီလသာရှိခဲ့လျှင် အပါယ်ငရဲကိုလည်း မရောက်ရဘူး။ အခု နားလည်လွယ်ရုံ ပြောပြတာပါ"

"စာမတတ်ဘဲ သီလစောင့်လို့ရလား"

"ရတယ်။ စာတတ်တာ ပညာပိုင်း။ သီလဆိုတာက အကျင့်သိက္ခာပိုင်းမို့ စိတ်နဲ့ကိုယ်ကို ကောင်းစွာစောင့်ရှောက်ထားရင် သီလယူလို့ရပြီ။ သင်မလား။ သင်ပေးမယ်"

"သင်မယ်။ ဗမာစာ၊ ဗမာစကားမတတ်တဲ့ တရုတ်တစ်ဦး တတ်အောင်နည်းရှာပြီး သင်ပေး။ ယုံကြည်ပြီးလုပ်မယ်။ လေးလေးစားစားလည်း လုပ်မယ်။ ပြီးပြီးရော မလုပ်ဘူး။ စိတ်ချ"

အားရဖွယ်ကောင်းသည်မှာ ဘာမျှမတတ်ထားသဖြင့် စောဒကတက်မှု၊ စာခံနေမှု မရှိခြင်းတည်း။ ကံကောင်းခြင်းနောက်တစ်ရပ်မှာ သင်ပေးသော သူငယ်ချင်းက ဗုဒ္ဓဘာသာတွင် နှံ့စပ်မှုရှိခဲ့သဖြင့် စာကိုချည်းသင်သည်မဟုတ်ခဲ့ဘဲ တရားခွေများ၊ ဓာတ်နိပါတ်စာအုပ်များ လက်တွေ့ပြသသဖြင့် ပို၍ နီးစပ်လာခဲ့သည်။ အရတော်လေစွ။

အမျှပေးဝေချင်သော ဆန္ဒပြည့်တော့မည်။ ဒါနကို စွမ်းနိုင်သမျှ ပညာအခြေခံ၍ လုပ်တတ်လာသည်။ ပညာအခြေခံ၍ သီလကိုလည်း စောင့်ထိန်းနိုင်လာခဲ့သည်။ အရင်က လူပြိန်းတစ်ဦး လုပ်သကဲ့သို့ မလုပ်တော့။ ရတနာသုံးပါးကို ပိုကြည်ညိုလာခဲ့ပြီ။

သီလစောင့်ထိန်းလာသဖြင့် ရှေးဘဝမှ တော်စပ်ခဲ့ဖူးသည့် ဆွေဟောင်းမျိုးဟောင်းများ ဂရုစိုက်ကာ နီးစပ်လာခဲ့သည်။ စားဖွယ်ကောင်းကို စားနေသူကသာ အရသာသိရှိသကဲ့သို့ ဘာသာတရားကို သက်ဝင်ယုံကြည်သူကသာ သဒ္ဓါအား ပွားလာသည်တည်း။

"ငါ အခု အသက်ခုနစ်ဆယ် ပြည့်ပြီ။ ၃၁ ကောဋ္ဌာသမှစ၍ ပဋ္ဌာန်း၊ ပဋိစ္စသမုပ္ပါဒ်၊ ဓမ္မစကြာ အားလုံးတတ်အောင် 'လု'သင်ပေးခဲ့တဲ့အတွက် လက်တွေ့အသုံးချတဲ့အနေနဲ့ ဝါတွင်းဝါပ ဥပုသ်နေ့မှာ နေ့စဉ် ရှစ်ပါးသီလစောင့်တော့မယ်။ 'လု'သင်ပေးတဲ့ ဘုရားစာတွေအားလုံး အိမ်မှာ ပြန်သင်ပေးခဲ့တဲ့အတွက် ငါ့သမီးနှစ်ယောက် 'လု'ကို ကျေးဇူးတင်နေတယ်။ သူတို့က ပြောတယ်။ မာမားအခုမှ တကယ့်အမေ ပီသပြီး ပိုကြည်ညိုစရာကောင်းတယ်။ ငါတို့ရှာတဲ့ငွေ မာမားကြိုက်တာလုပ်၊ လှူချင်တဲ့နေရာလှူ၊ သုံးသာသုံးတဲ့။

စိတ်ရင်း နှလုံးသားကောင်းမွန်သူထံမှ မွေးဖွားခဲ့ပြီး ဘာသာရေးကိစ္စ ပြုလုပ်လာသဖြင့် စီးပွားရှာနေသော သားသမီးများက ပံ့အပ်လာခဲ့ကြပြီ။ မိကောင်းဖခင် သားကောင်းသမီးမွန်များ ဖြစ်၍လာသည်။ အကာယ်၍သာ မိမိက မိမိရွယ်တူများနဲ့ အတင်းလည်ပြောနေ၊ ဖဲထိုင်ရိုက်နေ၊ အပျော်ထွက်ရှာနေပါက စီးပွားကို ကြည်ဖြူစွာ ရှာအပ်ပါ့မလား။ ရွယ်တူများကဲ့သို့ မိဘစကားဓားဖယ်ထားကြမလားမသိ။ ယခုတော့ ယုံကြည်လေးစားမှုအား ပို၍ကြီးလား၏။



www.burmeseclassic.com

www.burmeseclassic.com

"ငါ သစ်ပင်ပေါ်က ရေကျတာ တွေ့ခဲ့ပြီ"

၂၀၁၂၊ ဧပြီလ ၁၁ ရက်နေ့တွင် တရားစခန်းဝင်စဉ် ကြုံရသည်။ ညနေ ခြောက်နာရီမှ ခုနစ်နာရီအချိန်တွင် သစ်ရိပ်များအောက် စင်္ကြံလျှောက်မှတ်ချိန် ဖြစ်သည်။ ထိုတရားစခန်းတွင် သိုက်နန်းရှင်များက သူတို့ရှိကြောင်း ဆွေဟောင်းမျိုးဟောင်းများအား မကြာခဏ လှစ်ခနဲ၊ ရိပ်ခနဲ ပြနေကျဖြစ်သည်။

နွေခေါင်ခေါင်ကြီးတွင် အနီးအနားမှာ ဘယ်ရေပိုက်မှမရှိဘဲ သစ်ပင်ပေါ်မှ ရေစက်ရေပေါက်များ ချပြသည်။ မြွေနဂါးများက ဘုရားရှိခိုးလာကြသည်။ အထုံရေစက် ဘဝနီးစပ်သူများကို မြေအောက်မှ ရတနာများ၊ သူတို့တစ်သိုက်တစ်ထွေးကြီး နေထိုင်ပုံများကို ပြတတ်ပါသည်။ လက်တွေ့မျက်မြင် ယခုထိ သက်ရှိထင်ရှား ရှိနေသည်။

"ကဲ . . အခု ဘုရားဘက်မလှည့်ဘဲ လူဘက်လှည့်ပြီး သူတို့ကို ကျောခိုင်းချက်ကွယ်လုပ်ကြည့်။ စေတီဘယ်ဘက်က ရှင်ဥပဂုတ်ခေါင်းပေါ်မှ ခေါင်းလောင်းလေးတစ်လုံးတည်း လေမတိုက်ဘဲ ထထမြည်နေတာ။ ကဲ . . . စမ်းကြည့်၊ အဲဒါ ဒေါ်အေး ဆွေမျိုးတွေပဲ"

"ဟင် . . . ဟုတ်သလား"

မှန်သည်။ သစ်ပင်ပေါ်မှ ရေစက်ချပြသကဲ့သို့ နဂါးရုံစေတီ၏ အရံစေတီပေါ်တွင် အသံနဲ့ပြသသည်။ ခေါင်းလောင်းများစွာရှိနေလျက် လေမှမတိုက်ဘဲ တစ်လုံးတည်း တီးခတ်ပြသည်။ ဘုရားဘက်မျက်နှာလှည့်နေပါက သူတို့မြင်တွေ့ခွင့်ရသဖြင့် ကျေနပ်နေသလားမသိ။ အေးချမ်းစွာနေဘိသည်။ တစ်ဖက်လှည့်၍ လူသားအချင်းချင်း စကားဖက်ပြောနေလို့ကတော့ ထ၍တီးတော့၏။

"ပြီးတော့လေ . . . ခါးမှာ အပတ်မရှိလည်းဘဲ ငါတရားထိုင်လို့ရနေပြီ၊ ဆာလောင်ပင်ပန်းခြင်းလည်း မရှိဘူး။ သိပ်ပျော်တယ်၊ အရမ်းကျေနပ်တယ်၊ မအောင့်နိုင်လို့ ပြောပြတာပဲ"

အံ့သြစရာလုပ်မှ အံ့ဖွယ်နဲ့ ကြုံရမည်သာ။ အသက်ခုနစ်ဆယ်ကျော်တစ်ဦးက မတတ်သည့်စာကို ကြိုးစားမှတ်၍ တရားစခန်းဝင်သည်။ ပဋ္ဌာန်းရွတ်သည်။ သီလတရား စောင့်ကျင့်၏။ အဘယ်မှာ တရားစောင့်သူတို့ ထိုင်၍နေနိုင်အံ့နည်း။

စောင့်ရှောက်ကြသည်။ ဖေးကူကြပြီ၊ မနေရ၍ သေရသောတစ်နေ့တွင်ကား သူတို့လူအား အဘယ်ကဲ့သို့ လက်ဇွတ်စပယ် ပစ်ထားရစ်မည်နည်း။ ကောင်းရာဘုံသို့သာ ပို့ဆောင်မည်ကား သံသယကင်းစေသည်။ မှန်ကန်သောလမ်းပေါ်သို့ တက်မိဖို့တော့ လိုသည်။

"ငါလေ ချောင်းသာတည်းခိုခန်းက သုံးရက်အတွက် ဖရီးပေးတာတောင် ငါမသွားချင်တော့ဘူး။ အဲဒီတည်းခိုခန်းရှင် သူငယ်ချင်း မိတ်ပျက်ချင်လည်းပျက်။ အားလုံးသွားတယ်၊ ငါကျန်ခဲ့တယ်။ ငါက 'လု'နဲ့ ဘုန်းကြီးကျောင်းသွားမလို့။ သာသနာ့ဝန်ဆောင် ကျောင်းက စာသင်သားအရွယ်တူ ဘုန်းကြီးတွေကို သိပ်ရှိခိုးချင်တာပဲ။ ဘယ်ပွဲပဲ ဖိတ်ဖိတ် ငါ အရက်လုံးဝမသောက်ချင်တော့ဘူး။ အခု အသက်ခုနစ်ဆယ်ပြည့်ပြီးမှ ဘုရားစာမဖတ်ပေမဲ့ မေ့ကုန်မှာစိုးလို့ 'လု'ချပေး၊ သင်ပေးသမျှ တစ်ရက်တစ်ခေါက် ပြန်ကြည့်တယ်။ အိမ်မှနေပြီး ဒီပန်းခြံအရောက် မေ့ကုန်မှာစိုးလို့ တတွတ်တွတ်ရွတ်ပြီးပဲ တစ်လှမ်းချင်းလျှောက်လာခဲ့တယ်။ ၂၄ လမ်းမှ ဆူးလေပန်းခြံထိ အာဂုံရွတ်လာခဲ့တာ အတိအကျပဲ။ ဘာကျေနပ်မှန်းမသိဘူး။ အခုမှ ဘဝစလုပ်ရသလို သိပ်ကောင်းတယ်။ ပြောရခက်တဲ့ ကောင်းတာမျိုးပဲ"

"အဲဒါပေါ့ ထမင်းမစားရပေမဲ့ ဗိုက်ဝတယ်ဆိုတာ"

"အေး . . . အေး"

"နိုင်ငံခြားမှာ သွားမနေချင်တော့ဘူးလား"

"ဘာလုပ်မလဲ။ ဒီမှာ ဒီလောက်ကောင်းနေတာ။ ခွဲသွားရမှာ နှမြောစရာ ပိုက်ဆံကလေ ရှိတာတော့ ကောင်းတာပေါ့။ ဒါပေမဲ့ သေခါနီးပြီ။ 'လု'သင်ပေးသလို လောဘကို နည်းနိုင်သမျှနည်းအောင်၊ မောဟကို ကင်းနိုင်သမျှကင်းအောင် လေ့ကျင့်နေတော့ သိပ်မမက်တော့ဘူး။ အသက်ကြီးတော့ အတွေ့အကြုံ ဆုံတဲ့အထဲမှာ တရားရှာတဲ့အတွေ့အကြုံက အကောင်းဆုံးပဲ၊ လူဟာ အမျိုးမျိုး အကျင့်တွေရှိတတ်တာပဲ။ ငါက ဒီအကျင့်ဖွဲ့သွားတာ ကြိုက်တယ်။ ဈေးလည်း ရောင်းဖူးတော့ အားလုံး နားလည်သလိုနဲ့ ငါတခြားတစ်ဖက်မှာ ဘာမှနားမလည်တာ အခုမှ သင်ရင်း လေ့ကျင့်နေရတာ။ မအားပေါင်။ နိုင်ငံခြားလည်း သူ့နည်းနဲ့သူ ကောင်းတယ်။ ငါ မြန်မာပြည်ရောက်တာကလ ်း ခြောက်နှစ်သမီးကတည်းကဆိုတော့ မခွဲရက်တော့ပါဘူး။ ဒီမှာပဲနေပြီး ဘုရားရှိခိုးမယ်၊ ဒီမှာပဲ သေမယ်"

ဆွေမျိုးသားချင်းများ နိုင်ငံရပ်တစ်ပါးတွင် ကြီးပွားနေသော်လည်း မသွားချင်လောက်အောင် ဗ ာ်နှလုံး ဘာသာရေးတွင် ပျော်ပါပြီ။ သေချာသော လမ်းတစ်ခု လျှောက်လှမ်းမိပေပြီ။ ပြည်ပမှာ မွေးဖွားလာသည်၊ မြန်မာပြည်တွင်ပဲ နေတော့မည်တဲ့။ ဘာသာရေးလေ့လာသောသူတစ်ဦး၏ စိတ်ဝင်စားဖွယ် ပုံပြင်လေး မဟုတ်ပါလား။ ဒီမှာနေပြီး 'ဒီမှာပဲသေမယ်ဆိုသည်ကား မြန်မာပြည်သား တစ်ဦးနဲ့ မခြားပေ။ သူ့နိုင်ငံမဟုတ်ပေမဲ့ ဒီမှာနေ၊ ဒီမှာပဲသေတော့မည်ဆိုက သူပျော်ရာဘုံ တွေ့သွားပြီတည်း။

(လု . . . ဖူဂျင်စကား၊ သင်၊ မင်းနှင်ဟု အဓိပ္ပာယ်)

**နှင်းနှင်း**



www.burmeseclassic.com

www.burmeseclassic.com



# US ခရီးသည်

**မောင်ကောင်းမြင့်**

၉၄–၉၀ ဒရိုက်ဗ်
အမ်ဟက်စ်–NY
အောက်တိုဘာ ၁၂

သမီးများနှင့် မြေးကလေး မောင်ကောင်းထိုက်အောင်

ဘိုးဘိုးကြီး US ကိုရောက်ပြီးကတည်းက ရေးခဲ့တဲ့စာတွေက ခရီးသွားတစ်ယောက်ရဲ့ လျှပ်တစ်ပြက်အမြင်တွေပဲ ဖြစ်တယ်။ သည်တော့ သူတို့တွေရဲ့ လူနေမှုတွေ၊ အတွေးအမြင်တွေ မပါနိုင်ဘူး။ ခရီးသွားနေသူက ‐တွေ့လိုက်ရတာတွေပါပဲ။ သူတို့ ဘဝအတွေ့အကြုံတွေကိုတော့ သည်မှာ အတော်ကြာကြာနေပြီးမှ ရေးနိုင်ပေလိမ့်မယ်။ ဒါတောင် နိုင်ငံတစ်နိုင်ငံကို ရက်–လ(နှစ်အထိဆိုပါတော့) နေခွင့်ရတဲ့ နိုင်ငံခြားသားတစ်ယောက်က သူတွေ့ထိ (မေးမြန်းတာအပါအဝင်၊ ဖတ်ရှုခွင့်ရတဲ့ စာအုပ်စာတမ်း၊ အထောက်အထားများပါ)သမျှကိုသာ ရေးတာမို့ တကယ့်ဘိုင်းရင်းသားတစ်ယောက်ရေးတာလိုတော့ မမှန်ကန်နိုင်ဘူး။ ဒါကလည်း သဘာဝကျပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံကို အင်းဝခေတ်၊ ကုန်းဘောင်ခေတ်တွေ တုန်းက ရောက်လာတဲ့ ကပ္ပတိန်ဆိုင်းတို့၊ ဆရာယုဒသန်တို့က စပြီး အင်္ဂလိပ်ခေတ်က ရွှေရိုးနှင့် မောရစ်ကောလစ် အပါအဝင် ယခုခေတ်အထိ ခေတ္တနေခွင့်(ဒါမှမဟုတ် နယ်စပ်မှာပင် ဝင်လိုက် ထွက်လိုက်နှင့် နေကြသူများ၊ အခြေချခဲ့သူများ)နှင့် ပညာတော်သင်များပင်လျှင် မြန်မာ့အကြောင်း ရေးကြရာမှာ အချို့အချက်အလက်၊ အသုံးအနှုန်း၊ အတွေးအခေါ်နှင့် ဖြစ်စဉ်များဟာ လွဲကြသေးတာမို့ ဖြစ်ရိုးဖြစ်စဉ် တစ်ရပ်ပါပဲလေ။

ယခုစာမှာတော့ ရက်ပိုင်းအတွင်းက အမေရိကန်ဒီဗီ (Diversity Visa)လို့ အများသိကြတဲ့ အမေရိကန်နိုင်ငံသို့ သွားရောက်နေထိုင်ခွင့်ပြုကတ်ရတဲ့ ကံစမ်းမဲအကြောင်း ပြောပြချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ယ၊၂ အောက်တိုဘာ ၂ ရက်ကစပြီး နိုဝင်ဘာ ၃ ရက်အထိ ကံစမ်းမဲတင်ခွင့်ပေးပို့ဖို့ ကြေညာချက်သတင်းတွေ ထုတ်ပြန်ပြီးလို့ပါပဲ။ ယခု DV က 2014 DV လို့ ခေါ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီ DV ကို 2013 ခု နှစ်လယ် (မေ–ဇွန်)လောက်မှာ ဖွင့်ပြီး စတင်ဆောင်ရွက်ခွင့်ဟာ 2014 နှစ်ဆန်းပိုင်းကစပြီး လုပ်ဆောင်ကြရတာမို့ ဖြစ်တယ်။ 2014 စက်တင်ဘာလတွင် အပြီးဆောင်ရွက်ရလိမ့်မယ်။ Visa ရပြီး ခြောက်လအတွင်း ထွက်ခွာရလိမ့်မယ်။ အတိုချုပ်ကတော့ 2014 နှစ်ကုန်မှာ အားလုံးအပြီးအစီး လုပ်ဆောင်ရတာမို့ 2014 DV လို့ ခေါ်တာဖြစ်တယ်။

မြေးကလေး မောင်ကောင်းထိုက်အောင်ရေ . . ဘိုးဘိုးကြီး ယခု အမေရိကန်ခရီးသည်အဖြစ် ရောက်လာတဲ့ DV ကံစမ်းမဲက ၂၀၁၀ ခုနှစ်က ထိုးခဲ့တဲ့ ကံစမ်းမဲ 2012 DV ဖြစ်တာမို့ သည်နှစ် ၂၀၁၂၊ စက်တင်ဘာလ ပထမပတ်မှာ မြန်မာနိုင်ငံက စတင်ထွက်ခွာခဲ့တယ်။ ဘိုးဘိုးကြီးနှင့်အတူ အစီအစဉ်တွေ လုပ်ကြသူတွေက ဇွန်လလောက်က စထွက်ကြတာ။ အချို့လည်း မြန်မာပြည်က ထွက်မလာကြသေးဘူး။ နိုဝင်ဘာလလောက်အထိ ဗီဇာသက်တမ်း ရှိနေကြသေးတယ်။ ထားတော့။

DV မဲကို ဘယ်လို ထိုးကြမလဲ။

Internet ဆိုင်တွေမှာ ထိုးနိုင်ပါတယ်။ ၁၅၀၀–၂၀၀၀ တစ်ဦးကို ယူပါတယ်။ အဲဒီမှာ DV ပုံစံကို ဖြည့်၊ ဓာတ်ပုံ (ဆိုင်ကပဲရိုက်ပေးပါတယ်) နှင့်တွဲပြီး internet က တင်။ (DV ထိုးပြီးရင် online က ပို့ထားတဲ့ လက်ခံစာ Submission Confirmation: Entry Received ကို ပို့ပေးတဲ့ဆိုင်က ပေးလိမ့်မယ်။ ဒီဗီဌာနပြေစာ အသိအမှတ်ပြုလွှာကို သေသေချာချာ သိမ်းထားရလိမ့်မယ်။ အရေးအကြီးဆုံး ပထမအချက်ပဲ။ ဘာ့ကြောင့်လဲဆိုတော့ ဒီလက်ခံလွှာမှာ Entrant name, Confirmation number, Year of birth ဆိုတဲ့ အချက်တွေပါလိမ့်မယ်။ ကံစမ်းမဲဖွင့်လှစ်ရင် ဒီ Confirmation နံပါတ်နှင့် ထုတ်ပြန်တာမို့ပေပဲ။ မဲပေါက်မပေါက်ကို http:/www.dvlottery.state.gov/ESC/ ဆိုတဲ့ website မှာ ကိုယ်တိုင်ရှာကြည့်နိုင်ပါတယ်။ (အလားတူပဲ ဆိုင်တွေမှာပဲထိုးထိုး၊ internet လုပ်တတ်လို့ ကိုယ်တိုင်ပဲတင်တင် ဖြစ်ပါတယ်။) အထူးသဖြင့်ကတော့ Received သိမ်းထားဖို့ပဲ။ DV ပေါက်တာ ဆိုင်တွေက အချို့က အကြောင်းကြားပေးတတ်တယ်။ အချို့ကတော့ ဘာမှဆောင်ရွက်မပေးတာမို့ မေ–ဇွန်မှာ ကိုယ်ထူကိုယ်ထ စစ်ဆေးကြည့်ရှုတာ အကောင်းဆုံးပဲ။

ပေါက်ပြီ ဆိုပါစို့ . . .။

အထက်ကပြောခဲ့တဲ့ website မှာသိရပြီးရင် internet က ဖွင့်ကြည့်လိုက်ရင် ပေါက်တဲ့အကြောင်းကြားစာ ထုတ်ယူလို့ရပြီ။ မဲပေါက်ကြောင်း အကြောင်းကြားစာမှာ Case number 20 ––××××× နှင့် barcode ||||||| ပါတဲ့ အတည်ပြုစာရလိမ့်မယ်။ ဒီအခါမှာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးနှင့် ဆက်သွယ်ဖို့ လိုပါပြီ။ DSP 122 နှင့် DS 230 ဆိုတဲ့ ပုံစံကို သံရုံးက ထုတ်ပေးပါလိမ့်မယ်။ ပုံစံက ၆ မျက်နှာရှိပြီး အတော်အသေးစိတ်တာမို့ အင်္ဂလိပ်လို တတ်ကျွမ်းနားလည်ပြီး လုပ်တတ်သူ (တစ်နည်းအားဖြင့် ပုံစံဖြည့်ပေးနေသူ ရှိပါတယ်)နှင့် တိုင်ပင်ပြီး ဖြည့်ရပါလိမ့်မယ်။

ဒီပုံစံတွေကို ဖြည့်ရာမှာ အချက်အလက်မှန်ကန်ဖို့၊ တိကျ(အထောက်အထားရှိဖို့) သေချာဖို့ လိုပါတယ်။ ဖြည့်ထားတဲ့ အချက်အလက်တွေအတိုင်း အထောက်အထား စာရွက်စာတမ်း (ထောက်ခံစာ၊ လက်မှတ်အားလုံး) ရှိထားရပါလိမ့်မယ်။ ပထမအကြိမ် ဖြည့်စွက်ပေးပို့ရတာမို့ First letter လို့ ခေါ်တယ်။ ဒီပထမစာကို စာတိုက်ကနေပြီး အမေရိကန်ပြည်ထောင်စုကို (ပေါက်မဲအတည်ပြုစာမှာ ဖော်ပြထားပေးတဲ့ လိပ်စာအတိုင်း) မိမိကိုယ်တိုင် ပြည်ပချောပို့နှင့် ပို့ပေးရလိမ့်မယ်။

ပထမစာပို့ပြီးတာနှင့် ကြိုလုပ်ထားရမှာက ပြည်ထဲရေးဝန်ကြီးဌာန (လူဝင်မှုကြီးကြပ်ရေးဌာန–Passport ရုံး)မှာ Passport လျှောက်ထားရလိမ့်မယ်။ တစ်လခန့်ကြာတတ်တာမို့ မိမိလက်ထဲ Passport ရောက်မှာနှင့် ဆက်လုပ်ရမှာ ချိန်ကိုက်ပဲ။

ပထမစာပို့ပြီးရင် ခေတ္တစောင့်ရင်း ပုံစံထဲက လိုအပ်တဲ့ အထောက်အထားတွေ ပြန်ရှာ၊ စုထားပေတော့။ နောက်တစ်လ (နှစ်လ)အတွင်း Second Letter ဆိုတဲ့ ဒုတိယပုံစံကို သံရုံးက



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ပြီး ပေးလိမ့်မယ်။ ဒီပုံစံမှာလည်း ၁၄ မျက်နှာလောက် အချက်အလက်တွေ ဖြည့်ရပေလိမ့်မယ်။ သည်ပုံစံနှင့်အတူ ထောက်ခံစာတွေ လိုလာပါတယ်။ အသက်၊ ပညာ၊ အိမ်ထောင်ရေးအပါအဝင် အခြားလိုအပ်တဲ့ မူရင်းတွေကို အင်္ဂလိပ်ဘာသာပြန်ပြီး မှန်ကန်ကြောင်း အတည်ပြုဖို့ Notary ဌာန(ဆိုင်)မှာ ရှေ့နေနှင့် ဆောင်ရွက်ရပါလိမ့်မယ်။ ပြည့်စုံပြီးရင် သံရုံးကပြောပြထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ရလိမ့်မယ်။

ဒုတိယစာကို သံရုံးက လက်ခံပြီးရင် ပြီးပြီ။ စစ်ဆေးပြီးတဲ့ရက်မှာ ခေါ်လိမ့်မယ်။ အချက်အလက် မှန်ကန်ပြည့်စုံရင် ဆေးစစ်ဖို့ လမ်းညွှန်စာရွက်ပေးလိမ့်မယ်။ (အချက်အလက်မှာ လိုအပ်နေရင် ထပ်မံတောင်းလိမ့်မယ်။) သံရုံးက ဒီအချိန်မှာ Passport ယူစစ်ပြီ။

ဆေးစစ်ဖို့ကို ရက်ချိန်းယူပြီး ဆောင်ရွက်ရလိမ့်မယ်။ ဆေးစစ်ဖို့အတွက် စရိတ် ၁၆၅ ဒေါ်လာကို မိမိက ကျခံရတာဖြစ်တယ်။ ဆေးစစ်လို့ပြီးရင် (ဆေးအောင်ရင် အဖြေလွှာကို ဆေးဌာနက သံရုံးကို တိုက်ရိုက်ပို့တယ်။ လိုအပ်နေရင်၊ ကုသဖို့လိုရင် အချိန်ပေးပြီး ကုသရမယ်။ ပြန်ပြီး စစ်ဆေးတဲ့ ဆေးရုံကို ပြရလိမ့်မယ်။)

ဆေးအောင်ပြီးရင် သံရုံးက ခေါ်လိမ့်မယ်။ လူတွေ့စစ်ဆေးဖို့ ရက်သတ်မှတ်ပေးလိမ့်မယ်။

Interview အတွက် လိုတာကို ဖြည့်စွက်ထားဖို့နှင့် မိမိဘက်က မှန်ကန်စွာ ဖြေဆိုနိုင်ဖို့ ပြင်ထားပါ။ အင်္ဂလိပ်လို ကောင်းစွာပြောနိုင်ရင်တော့ ကောင်းပါတယ်။ အပြောနိုင်သူတွေ အတွက် သံရုံးဝန်ထမ်းတွေက ဘာသာပြန်ပေးလိမ့်မယ်။ (ဘိုးဘိုးကြီးတို့ interview ဝင်တုန်းက ချင်းလူမျိုး အမျိုးသမီးတစ်ယောက် interview နေတာက သူက ချင်းလိုပြောတယ်၊ သူခေါ်လာတဲ့ အမျိုးသမီးကြီးက မြန်မာလိုပြောတယ်။ သံရုံးဝန်ထမ်းက အင်္ဂလိပ်လိုပြန်ပေးတယ်။ လေးဦးဖြစ်နေတယ်။ Visa အမျိုးအစား မသိပါ။ ထားတော့။ ဒီမှာ အရေးကြီးတာက DV Visa အတွက်ကတော့ အနည်းဆုံး ၁၀ တန်းအဆင့်နှင့် ညီမျှသော အထက်တန်းအောင်ရလိမ့်မယ်။ Visa မဝင်မီ သတ်မှတ်ပညာ မပြည့်စုံရင် (အခြားအချက်အလက်အပါအဝင်) မဝင်ဖို့ ကြိုပြောလိမ့်မယ်။ Visa ကြေးက အမေရိကန်ဒေါ်လာ ၃၃၀ ပေးရလို့။ အကယ်၍ Reject လုပ်ခံရရင် ပြန်ထုတ်မပေးလို့ပဲ။ မိမိဘက်က မှန်ကန်/ပြည့်စုံရင် စိတ်ပူစရာ မရှိပါ။

Visa ရ/မရ တစ်ခါတည်း ပြောပါတယ်။ Passport ကို ခွင့်ပြုဗီဇာလုပ်ပြီး အသင့်ဖြစ်တဲ့ နောက်တစ်နေ့လာယူဖို့ ချိန်းပါလိမ့်မယ်။ အားလုံးကိစ္စ အောင်မြင်ပါပြီ။ (အကယ်၍ တစ်ခါတည်း ငြင်းပယ်ခြင်း၊ ထပ်မံချိန်းဆိုလိုက်ခြင်း တစ်ခုခု ဖြစ်လာရင်တော့ အဖြေက ရှင်းနေပါပြီ။)

ကဲ ... ပြီးပြီ။

Visa သက်တမ်းခြောက်လအတွင်း မြန်မာနိုင်ငံကထွက်ဖို့ ပြင်ဆင်ပေတော့။ မြေးကလေး မောင်ကောင်းထိုက်အောင်ရေ ... 'ထွက်ဖို့ပြင်' ဆိုတဲ့အကြောင်း နောက်တစ်ပတ်မှ ရေးတော့မယ်။ မထွက်မီ ဘာတွေမြင်ရမလဲဆိုတာ အရေးကြီးလိမ့်မယ်။ အထူးသဖြင့် အမေရိကန်မှာ ခေတ္တနေထိုင်နိုင်အောင် လက်ခံမယ့်၊ စီစဉ်ပေးမယ့် လူခံရှိဖို့လိုတယ်။ ဒီကိစ္စတွေကို နောင်မှ အသေအချာရေးပြမယ်။

ပြောဖို့တစ်ချက် အရေးကြီးတာ ကျန်သွားခဲ့တယ်။ မဲပေါက်ပြီးနောက် ပထမဖြည့်စွက်ရတဲ့ ပုံစံမှာ (ပထမစာမျက်နှာ အမှတ်စဉ် ၁၀) အမေရိကန်မှာ ဆက်သွယ်ရမယ့် လိပ်စာလို့ ဖော်ပြထားတယ်။ အဲဒီလိပ်စာက အမေရိကန်စာတိုက်က သုံးနှုန်းတဲ့ လိပ်စာရေးနည်း (UP Code အပါအဝင်) ပြည့်စုံဖို့ လိုတယ်။ Green Card ပို့တဲ့အခါ ဖော်ပြထားတဲ့ ဒီလိပ်စာအတိုင်း ပို့ပေးမှာမို့ အရေးကြီးပါတယ်။ မိမိတကယ်နေမယ့်၊ ဒါမှမဟုတ် အလုပ်လုပ်မယ့်မြို့ ဖြစ်ဖို့လိုတယ်။ သို့မဟုတ်ရင် မိမိပေးထားတဲ့ လိပ်စာမှာ မနေဖြစ်ရင် တစ်ဆင့်ပြန်ပို့ပေးနေရလိမ့်မယ်။ ဒါမှမဟုတ် နောင်(လိုအပ်လာရင်) လိပ်စာပြောင်းနေရလိမ့်မယ်။ Green Card, Social Security တွေလက်ထဲ ရောက်ဖို့လိုပါတယ်။ မိမိအမေရိကန်ရောက်ပြီး တစ်လလောက်ကြာရင် စာတိုက်က အားလုံးရောက်လာပါလိမ့်မယ်။ OK ပါပြီ။

ခေတ္တနားစို့ ...။

သမီးများနှင့် မြေးကလေးကို အကြောင်းပြုပြီး DV ကံစမ်းတဲ့ မြန်မာနိုင်ငံက ကံကောင်းမယ့်သူတွေ အခက်အခဲမရှိဘဲ အဆင်ပြေစေဖို့ လမ်းပြရေးသားရတာမို့ သည်စာကိုဖတ်လို့ ကံစမ်းမယ့်သူတွေ ကံကောင်းပြီး ချောမွေ့လွယ်ကူနိုင်ပါစေလို့ ဆန္ဒပြုရင်း ...။

ဘိုးဘိုးကြီး

မောင်ကောင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



# ပဒ္ဒါန်းတနိုင်း အကျိုးအနန္တ (၈)

**ဓားပြ-ပြန်ပေးတို့ အိမ်ပျောက်ရသော ပဒ္ဒါန်းစည်း**

သူတော်စင်မင်းအောင်

ကျွန်တော်ဟာ ဇာတိအားဖြင့် လေးအိမ်စုရွာသားပါ။ အုတ်ဖြတ်ရွာသူနှင့် အိမ်ထောင်ကျတော့ အုတ်ဖြတ်ရွာမှာ လိုက်နေရပါတယ်။ သာမန်ဆင်းရဲသားဆိုတော့ လယ်ကူလီလုပ်လိုက်၊ စစ်တောင်းမြစ်ထဲဆင်း ငါးရှာလိုက်နှင့် လက်လုပ်လက်စား လုပ်ကိုင်စားရသူတစ်ဦး ဖြစ်ပါသည်။ ကာယအားကိုးလုပ်ကိုင်စားရသူဆိုတော့ ပင်ပန်းမှု ဒဏ်ခံနိုင်ဆေးအဖြစ် တောအရက်လေးကို အပေါင်းအသင်းများနှင့် သောက်စားသော အကျင့် တဖြည်းဖြည်းနဲ့ ရခဲ့ပါသည်။ အသောက်အစားရှိလာတော့ အပေါင်းအသင်းကလည်း စုံလာတယ်။ လယ်ကူလီဆိုတော့ အလုပ်ရှိတဲ့အခါ အူစို၊ အလုပ်မရှိတဲ့အခါ အူခြောက်၊ ဆင်းရဲမှုဟာ နက်သထက် နက်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲမှုနက်လေလေ စိတ်ဖြေဆေးအရက်ကို ပိုသောက်လေလေဖြစ်ပြီး လူပေလူတေဘဝ ရောက်ခဲ့ရပါတယ်။ ဆင်းရဲတွင်းနက်လာတော့ လူဟာ ငွေ၊ ရင်၊ သောက်ဖို့ရရင် ဘာမဆိုလုပ်မယ်ဆိုတဲ့ စိတ်ဓာတ်ဝင်လာပါတယ်။ သာ၊ နှ် မိရိုးဖလာ ဗုဒ္ဓဘာသာဆိုတော့ ကုသိုလ်၊ အကုသိုလ်ဆိုတာလည်း သိပ်မခွဲခြားတတ်ပါဘူး။ လက်တွေ့ခံစားရမည့် ရှာသူကြီးဦးကြီးလှ၏ ထိပ်တုံးလောက်သာ ကြောက်တဲ့စိတ် ရှိပါသည်။ သံသရာကြောက်တဲ့စိတ်၊ ငရဲကြောက်တဲ့စိတ်ဆိုတာ လုံးဝမရှိ၊ မစဉ်းစားမိတော့ပါဘူး။

တစ်နေ့ စမ်းတောင်းမြစ်ကမ်းဘေးမှာ ငါးကောင်းအင်းရှာက အဖော်များနဲ့ အရက်ကို စပါယ်ရှယ်မှာပြီး ငါးကင်တွေနဲ့ အပျံစား သောက်ပွဲဆင်နွှဲနေကြပါတယ်။ အဲဒီပွဲမှာ ငါးခေါင်းအင်းရှာသား လူမိုက်ခေါင်းဆောင် ကိုတောကျော်က –

"ဟေ့ကောင်တွေ . . . တို့တစ်တွေ ဒီလိုဘဝနဲ့ လုပ်စားနေလို့ကတော့ လူမွဲလူတောင် ပြောင်မှာမဟုတ်ဘူး။ ဖြတ်လမ်းက စီးပွားဖြစ်တဲ့နည်းလုပ်မှ ကြီးပွားမယ်ကွ"

လို့ အာလေးလျှာလေး လေသံကြီးနဲ့ပြောတော့ ကျွန် ်တော်က –

"လုပ်စမ်းပါဗျာ ကိုတော်ကျော်ရေ။ ကြီးပွားချမ်းသာလမ်းဆိုရင်တော့ ငရဲသွားစားပြုတိုက်ရမလား။ တိုက်မယ်ဗျာ"

လို့ ပြောမိပါသည်။ အတူသောက်ဖော်သောက်ဖက် ကိုခင်လှကလည်း–

"ဟုတ်တယ်ကွ တောကျော်ရ။ မင်းမှာနည်းလမ်းရှိရင်ပြော။ တို့က မင်းနောက်ကလိုက်ဖို့ အသင့်ပဲကွ"

လို့ ပြောပြီး ကိုတောကျော်ကို ခေရာတင်လိုက်ကြပါတယ်။ အဲဒီအခါ ကိုတောကျော်က –

"အေး . . . ငါက ဒီလိုကောင်မျိုးတွေ ရှာနေတာ။ မင်းတို့ ငါ့စကားနားထောင်ပြီး ငါပြောသလိုလုပ်ကြ။ မုချဖြတ်လမ်းက ကြီးပွားရမယ်ကွ"

လို့ ပြောပါတယ်။ ကျွန်တော်တို့ကလည်း –

"လုပ်ဗျာ ကိုတောကျော်၊ မြန်မြန်လုပ်။ ကျုပ်တို့ ခင်ဗျားနောက်က အဆင်သင့်ပဲ"

လို့ ကျွန်တော်တို့ ပြိုင်တူ အဖြေပေးမိကြပါတယ်။

"အေး . . . ငါစီစဉ်မယ်။ အစီအစဉ်ဖြစ်တော့ မင်းတို့ကိုလာခေါ်မယ်"

"သိပ်မကြာစေနဲ့ဗျာ။ မြန်မြန်စီစဉ်ဗျိ"

ထိုနေ့ညနေက ကိုတောကျော်ပြောတဲ့စကားကို ကျွန်တော်တို့တစ်တွေ အားရဝမ်းသာစွာဖြင့် လူစုခွဲခဲ့ကြပါတယ်။ နောက်သုံးလေးရက်လောက်ကြတော့ ကိုတောကျော်တစ်ယောက် သူ့အဖော်တစ်ယောက်နှင့် ညနေ နေဝင်ရိုးရီအချိန်မှာ ရောက်လာပါတယ်။ ကျွန်တော်ရယ်၊ ကိုခင်လှရယ်၊ ကိုကုလားရယ် သောက်ဖော်သောက်ဖက်တွေကိုခေါ်ပြီး လုပ်ငန်းစဖို့ သူ့အစီအစဉ်ကို ပြောပြပါတယ်။ သူ့စီမံချက်က ကျွားသောင်းရွာက ပိုက်ဆံရှိ မိသားစုတစ်စုမှာ တစ်ယောက်ကို ပြန်ပေးဆွဲပြီး ငွေတောင်းတဲ့အလုပ်ကို လုပ်ရန် စီမံကိန်းဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ကိုတောကျော်ပြောသည့်အတိုင်း ချီသည်၊ ခါးသည် မငြင်းဆန်တော့ဘဲ သူ့အစီအစဉ်အတိုင်း လုပ်ဖို့ သဘောတူကြပါတယ်။ တစ်ရက်မှာ ကိုတောကျော် စီစဉ်ထားတဲ့အတိုင်း ကျွားသောင်းရွာက ငွေကြေးချမ်းသာတဲ့ မိသားစုအိမ်က သမီးငယ်လေးကို ညနေမိုးမချုပ်တချုပ်မှာ အလစ်စောင့်ဖမ်းပြီး လက်နက်ပြ မအော်နဲ့ အော်ရင်သတ်ပစ်မယ်လို့ ခြိမ်းခြောက်ခေါ်လာပါတယ်။ ကလေးမလေးကို ခေါ်လာပြီး ငွေတစ်သောင်းနဲ့ ဘယ်နေရာမှာ လာရွေးပါ။ မတိုင်ရ၊ မည်သူမျှ အဖော်ခေါ်မလာရ၊ တစ်ယောက်တည်း လာရွေးပါ။ တိုင်လျှင်၊ လူစုလူဝေးနှင့်လာလျှင် ကလေးမကို သတ်ပစ်မည်ဟု စာရေးပြီး သူ့မိဘများအိမ်ကို ပို့လိုက်ပါတယ်။ မိဘတွေဟာယာခတ်ပြီး သူတို့သမီးလေးသတ်ပစ်မှာ ကြောက်ပြီး အားချင်းပဲ ငွေတစ်သောင်းနဲ့ သူ့အမေကိုယ်တိုင် လာရွေးသွားပါတယ်။ အဲဒီအခါက ငွေကျပ်တစ်သောင်းဟာ အတော်တန်ဖိုးရှိပါတယ်။ ကိုတောကျော်ရဲ့ ပထမစီမံချက် ချောချောမောမော အောင်မြင်သွားပါတယ်။ ကျွန်တော်တို့လည်း အတော်ပဲပျော်သွားကြပြီး သောက်ပွဲစားပွဲလေးနဲ့ စိုစိုပြည်ပြည် ဖြစ်နေကြပြီး ဒုတိယပွဲဆက်လုပ်ဖို့ စိတ်သန်နေကြပါတယ်။

ကိုတောကျော်က ပွဲဆက်တိုက် မလုပ်သင့်ကြောင်း၊ မေ့လောက်မှ နောက်တစ်ပွဲလုပ်သင့်ကြောင်း၊ ငွေကိုလည်း ပိပိရိရိနှင့် လိမ်လိမ်မာမာ သုံးစွဲကြပါ။ သူတကာတွေ ရိပ်မိအောင် နေထိုင်မှု၊ စားသောက်မှုမလုပ်ဖို့လည်း အတန်တန်မှာပါသည်။

ကျွန်တော်တို့ကတော့ သူမှာကြားပေမဲ့ မမူးတဲ့အခါတော့ ဟိရိပါတယ်။ မူးတဲ့အခါကျတော့ သောက်ဟယ်၊ စားဟယ်နဲ့ ရေထဲက ရတဲ့ငွေ ရေထဲသွား ဆိုတာလို အနှမြောမရှိ သုံးဖြုန်းမိကြပါတယ်။ မကြာခင် ရထားတဲ့ငွေလည်း ကုန်ပြီး ဒုံရင်းဒုံရင်းပဲ ပြန်ရောက်သွားကြပါတယ်။ ငွေမရှိတော့ လွယ်လွယ်ရနည်းသိထားလေတော့ ဒီနည်းကိုပဲ လိုက်ချင်တဲ့စိတ်က တဖွားဖွား ပေါ်နေပါတယ်။ ဒါနဲ့ ကိုတောကျော်ကို အပူကပ်ပြန်ပါတယ်။ ကိုတောကျော်ကလည်း ခေါင်းဆောင်ပီပီ အဆင်သင့်လေ့လာထားပြီးဟန် တူပါတယ်။

"ဒီတစ်ခါတော့ ရွှေလိုချင်တယ်ကွာ။ အုတ်ဖြတ်ရွာမှာ လူမှုဝန်ထမ်းလာလုပ်တဲ့ အမျိုးသမီးကို ပြန်ပေးဆွဲမယ်၊



www.burmeseclassic.com

www.burmeseclassic.com

ငါအားလုံး လေ့လာထားပြီးပြီ''

လို့ပြောကော့ ကျွန်တော်တို့တစ်တွေကလည်း –

''အိုကေ ... ဆရာတောကျော် စီစဉ်တဲ့အတိုင်း အားလုံးအဆင်သင့်ပဲ''

ဟု ပြောလိုက်ကြပါသည်။ ကိုတောကျော်အစီအစဉ်မှာ အဲဒီအိမ်မှာ ဆရာမတို့သားအမိ နှစ်ယောက်သာ ရှိတယ်။ ညဉ့်နက်အိပ်ချိန်လောက်မှာ တိတ်တဆိတ်ဝင်ပြီး ဆရာမကို ဓားတော့ခေါ်ထုတ်ပြီး ပြန်ပေးဆွဲရန်သာ ဖြစ်သည်။ ကျွန်တော်တို့အဖွဲ့သည် ဆရာမတို့အိမ်သို့ဝင်ရန် အိမ်အနေအထား၊ လမ်းအနေအထားတို့ကို ကြိုတင်လေ့လာထားကြပြီးနောက် ပြန်ပေးဆွဲမည့်ညတွင် အရက်ကို ရဲဆေးတင်လောက်ရုံသာ သောက်ကြပြီး ညဉ့်နက် လူခြေတိတ်ဆိတ်ချိန်ကို စောင့်နေကြပါသည်။ တစ်ပတ်ကြာမျှ လေ့လာထားပြီးသော အိမ်ဖြစ်၍ ကျွန်တော်တို့ လူစုသည် သူငယ်အိပ်ချိန်လောက်တွင် ဆရာမတို့အိမ်အနီးသို့ ချဉ်းကပ်ရန် ဖြည်းဖြည်းချင်း လာခဲ့ကြပါသည်။ သို့သော် ကျွန်တော်တို့တစ်တွေ စိတ်မောပြီး ဇောချွေးများပြန်ကြပါသည်၊ အကြိမ်ကြိမ်လေ့လာထားကြသော ဆရာမတို့အိမ်ကို ရှာမတွေ့တော့ဘဲ ထိုနေရာတွင် တောအုပ်ကြီးတစ်အုပ်ကိုသာ တွေ့ရပါသည်။

ဆရာကိုတောကျော်သည် တောက်တခေါက်ခေါက်နှင့် ဖြစ်နေပြီး –

''ငါတို့ပဲ အမှူးလွန်နေကြသလားဟ''

ဟု ဆိုကာ ဟိုလျှောက်ဒီလျှောက် လေ့လာနေပါသည်။ ကျွန်တော်တို့လည်း ဆရာသမားနောက်ကပ်လိုက်ပြီး အိမ်ရှာမတွေ့ဘဲ ချာလပတ်လည်နေစဉ် –

''ဟေ့ကောင်တွေ၊ ဘယ်သူတွေလဲ ... ရပ်လိုက်ကြစမ်း''

ဟု အော်သည့် ဆယ်အိမ်ခေါင်းကိုစိန်မောင်၏ အသံကို ကြားလိုက်ရပြီး ကျွန်တော်တို့တစ်တွေ တုန်လှုပ်ချောက်ချားကာ မပြေးနိုင်တော့ဘဲ ငုတ်တုတ်ထိုင်လိုက်ကြပါသည်။ ရွာသူကြီးဦးလှနှင့် ဆယ်အိမ်ခေါင်းအုပ်စု လူဆယ်ယောက်သည် ကျွန်တော်တို့အား ဝိုင်းထားလိုက်ကြပြီး မီးအုပ်များထွန်းလိုက်ကာ ကျွန်တော်တို့မျက်နှာများကို တစ်ယောက်ချင်း အသေအချာကြည့်ကြပါသည်။ ကျွန်တော်တို့ လက်ထဲတွင် ဓားများကိုတွေ့သွားပြီး –

''အောင်မာ ... ခွေးမသားတွေ၊ ဓားပြတိုက်ဖို့ စီစဉ်နေကြတာကိုးကွ။ အားလုံးဖမ်းချုပ်ခေါ်ခဲ့ကြစမ်း''

ဟု သူကြီးက အမိန့်ပေးပါသည်။ ဆယ်အိမ်ခေါင်းများကလည်း ကျွန်တော်တို့ကို ကြိုးတုပ်ပြီး ဖမ်းချုပ်ကြပါသည်။ သူကြီးက ကိုတောကျော်နဲ့ သူ့တပည့်ကို သေချာစွာကြည့်ပြီး –

''ဒီကောင်တွေ ဒီရွာသားမဟုတ်ဘူးကွ။ ဘယ်ရွာကလဲ၊ ဘာလာလုပ်ကြတာလဲ''

ဟု မေးပါသည်။ ကျွန်တော်တို့တစ်တွေ ဘာမှမဖြေကြပါ။

''လူတစ်ယောက် ငါ့အိမ်အောက်ကနေပြီး လူတစ်စု ဆရာမအိမ်ကို ဓားပြတိုက်ဖို့ လုပ်နေကြပါတယ်။ သူကြီးအမြန်သွားပါဆိုလို့ ငါလူစုပြီး လာခဲ့တာ။ ဒီကျတော့ မင်းတို့ကို ဓားကိုယ်စီနဲ့ တွေ့တာပဲ။ ဆရာမအိမ်ရှေ့မှာမိတော့ သေချာတာပေါ့ကွာ''

ဟု သူကြီးက ဆက်ပြောပါသည်။ ကျွန်တော်တို့တစ်တွေ အံ့အားသင့်ပြီး နောက်ဘက်လှည့်ကြည့်လိုက်တော့ တောအုပ်ကြီးပျောက်သွားပြီး ဆရာမအိမ်ထီးထီးကြီးကို တွေ့ရပါသည်။

နောက်ဆုံးတော့ ကျွန်တော်တို့အုပ်စုမှာ ဓားပြတိုက်ရန် ကြံစည်မှုဖြင့် ထောင်ကျကြပါတော့သည်။ ထောင်ထဲမှာနေစဉ် ကျွန်တော်တို့အချင်းချင်း ဆရာမအိမ်ရှေ့ရောက်နေလျက် အိမ်ပျောက်ပြီး တော အုပ်ကြီးဖြစ်နေခြင်းနှင့် သူကြီးကို လူ ယောက်က သွားပြောခြင်းကိစ္စကို န မလည်နိုင်အောင် ဖြစ်ရပုံကို ပြော ပါသည်။ ကံအားလျော်စွာ သ ၂၅၀၀ အောင်ပွဲတွင် အကျဉ်းသာ လွှတ်သည့်အခါနှင့် ကြုံကြိုက်၍ ထော ထောင်မှ လွှတ်ခဲ့ကြပြီး အိမ်ပြန်ရော ကြပါသည်။ ကျွန်တော်တို့လည်း သံ ရကြပြီး ဆရာမတို့သားအမိကို ရောက်ကန်တော့ကြပါသည်။

ကျွန်တော်က ကျွန်တော်တို့ ပေးဆွဲရန်လာစဉ်က အိမ်ကြီးပျောက် တောအုပ်ကြီးသာ မြင်ရကြောင်း ပြော လျက် အမေကြီးမှာ အဆောင်ကော က ကျွန်တော်တို့အား ချီးမြှင့်ပါရန် ပြော ပါသည်။

''အမေကြီးတို့မှာ ဘာအဆောင် မရှိပါဘူးကွယ်။ အမေကြီးတို့ ကိုးကွ တဲ့ ပဋ္ဌာန်းဆရာတော်ဘုရားက အိ ဝင်တိုင်း ပဋ္ဌာန်း ၂၄ ပစ္စည်းကို စည် ပြီးမှ အိပ်ဖို့ မှာထားတဲ့အတိုင်း အမေ တို့က နေ့စဉ် ပဋ္ဌာန်းစည်းချအိပ်ပါတ မင်းတို့ ပြန်ပေးဆွဲမယ်ဆိုတာလည် အမေတို့ မသိပါဘူး။ အခုသားတို့ပြော သိရပါတယ်။ အမေတို့ကို ပဋ္ဌာန်းတ က အန္တရာယ်ကို ကာကွယ်ပေးတာပဲ ဖြ ပါတယ်''

ဟု ရှင်းပြပါသည်။

ထိုအဖြစ်သည် အမှန်လက်တွေ ဖြစ်ရပ်ဖြစ်ပါသဖြင့် လူအများအတွက် ဘေးရန်အန္တရာယ်ကင်းအောင် ပဋ္ဌာန် တရားတော်ကို ရွတ်ဖတ်သင့်ကြောင်း နှိုးဆော်တင်ပြအပ်ပါသတည်း။

(ဆက်လက်ဖော်ပြပါမည်

သတ္တဝါတွေ ချမ်းသာကြပါစေ

**သူတော်စင်မင်းအောင်**



www.burmeseclassic.com

www.burmeseclassic.com



# မိတ်ကောင်းဆွေကောင်း

လူ့ဘဝတွင် မိတ်ကောင်းဆွေကောင်းသည် အလွန်အရေးပါလှသော အချက်တစ်ချက် ဖြစ်ပါသည်။

မိတ်ဆွေကောင်းတို့သည် မိမိသိသမျှ တတ်သမျှ နားလည်သမျှအား သူတစ်ပါးအား ထပ်ဆင့်မျှဝေခံစားစေခြင်းကြောင့် တစ်ပါးသူမှာ အသိအလိမ္မာ ဉာဏ်ပညာတွေ တိုးပွားပြီး အောင်မြင်မှုတွေ ရရှိလာတဲ့အတွက် မိမိအတွက်ရော၊ တစ်ပါးသူများအတွက်ပါ မိတ်ဆွေကောင်းတွေဟာ မရှိမဖြစ်လိုအပ်လျက်ရှိပါသည်။

တရားဓမ္မလေ့လာလိုက်စားသူတွေကလည်း မိမိလေ့လာဆည်းပူးထားတဲ့ ဘာသာတရားတွေကို နှုတ်နဲ့ဖြစ်စေ၊ စာပေရေးသား၍ဖြစ်စေ၊ အခွေဖြန့်ပြီး ဝေမျှ၍ဖြစ်စေ ကူညီပံ့ပိုးတတ်ကြပါသည်။

စီးပွားရေး ကျွမ်းကျင်သူတွေကလည်း မိမိတတ်ကျွမ်းသော စီးပွားရေးဈေးကွက်များအား သူတစ်ပါး မနစ်နာ မဆုံးရှုံးရလေအောင် နည်းလမ်းကောင်းများ ညွှန်ပြပေးခြင်း။

စာပေပညာရှင်တွေကလည်း မိမိတတ်ထားတဲ့ စာပေတွေနဲ့ သူတစ်ပါးတွေ လိမ္မာယဉ်ကျေးအောင် အသိပညာ၊ အတတ်ပညာတွေကို မျှဝေပေးတတ်ကြပါသည်။

ဆရာသမားများကလည်း မိမိတပည့်တွေကို ကောင်းမွန်တဲ့ အတွေးအခေါ်၊ အယူအဆ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နည်းလမ်းကောင်းတွေကို ညွှန်ပြပေးတတ်ကြပါသည်။

သံဃာတော်များကလည်း မိမိတို့ရဲ့ဒါယကာ၊ ဒါယိကာမတို့အား လူ့ဘဝတွင် ကျင့်သုံးနေထိုင်ရမည့် တရားဓမ္မများကို ညွှန်ကြားဟောပြောပေးခြင်းကြောင့် ဗုဒ္ဓဘာသာဝင်များသည် တကယ့်လူဖြစ်ရကျိုးနပ်ပေသည်။

ကျွန်မတို့ ဗုဒ္ဓဘာသာဝင်တို့၏ တုနှိုင်း၍မရသော မိတ်ဆွေကောင်းမှာ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များပင် ဖြစ်ပါသည်။

၃၈ ဖြာ မင်္ဂလာတွင်လည်း 'ပဏ္ဍိတာနဉ္စသေဝနာ ... ဧတံမင်္ဂလမုတ္တမံ' ပညာရှိကို မှီဝဲဆည်းကပ်ခြင်းသည် ကောင်း

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)



www.burmeseclassic.com

www.burmeseclassic.com

မြတ်သော မင်္ဂလာမည်၏ဟု အဆိုရှိပါသည်။ ထိုပညာရှိကား မိတ်ကောင်းဆွေကောင်းပင် ဖြစ်ပါသည်။

မိတ်ဆွေကောင်းတွေ မရှိခြင်း၊ မိတ်ဆွေကောင်းတွေရဲ့ ဆိုဆုံးမမှုကို မလိုက်နာသူများသည် ဘဝ၌ နစ်နာဆုံးရှုံးမှုများနဲ့ တွေ့ကြုံနေရမည်သာ ဖြစ်ပါသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်က ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားအလောင်းသည် ကာသိတိုင်း ကြေးရတတ်မျိုးနွယ်တွင် ဖြစ်လေသည်။ အရွယ်ရောက်လာသည့်အခါ ရသေ့ပြုပြီး ဟိမဝန္တာသို့ဝင်လျက် ကသိုဏ်းပရိကံကို အားထုတ်ရာ ဈာန်သမာပတ်ရရှိလာတော့သည်။

ကာလကြာသောအခါ ရသေ့ငါးရာတို့၏ ဂိုဏ်းဆရာကြီး ဖြစ်လာတော့သည်။ တစ်နေ့တွင် တပည့်များထဲမှ ရသေ့တစ်ပါးသည် မြွေဟောက်တစ်ကောင်ကို ဖမ်းယူကာ 'ဝေဠုက'ဟူ၍ အမည်ပေးထားပြီး ဝါးဆစ်ပိုင်းတွင်ထည့်၍ မွေးထားလေသည်။

ထို့ကြောင့် သူ့ကိုလည်း 'ဝေဠုကအဖ'ဟု ခေါ်ကြလေသည်။ ဂိုဏ်းဆရာရသေ့ကြီးသည် သူ့သတင်းကိုကြားလျှင် ဝေဠုကအဖကိုခေါ်ကာ မြွေဟောက်ကို မမွေးသင့်ကြောင်း ဆုံးမလေသည်။

နောက်သုံးရက်ခန့်အလွန်တွင် ရသေ့သည် သစ်သီးပေါ များသည့်အရပ်သို့ သွားရောက်ကာ သုံးရက်ကြာမှ ပြန်ရောက်လာလေတော့သည်။ ထိုအခါ ဝေဠုကအဖသည် မြွေဟောက်အား အစာကျွေးရန် ဝါးဆစ်ပိုင်းကိုဖွင့်ကာ "ချစ်သား . . . လာလှည့်၊ ဆာလောင်မွတ်သိပ်နေသလော"ဟု ဆိုကာ လက်ဝါးကိုဖြန့်ပေးလိုက်လေသည်။ မြွေဟောက်သည် သုံးရက်ခန့် အစာငတ်နေသဖြင့် ဒေါသထွက်ကာ ရသေ့ကြီး၏ လက်ဝါးကို ပေါက်လိုက်ရာ နေရာ၌ပင် အသက်ဆုံးရှုံးသွားလေတော့သည်။

ဤကား မိတ်ဆွေကောင်း၏ စကားကို နားထောင်ခြင်း မရှိပါက အသက်ဆုံးရှုံးရခြင်းဖြစ်ကြောင်း ဘုရားဟောကျမ်းဂန်တွင် ဖော်ပြထားပါသည်။ တခြားတခြားသော သာဓကများလည်း မရေမတွက်နိုင်အောင် ရှိပါပေသည်။

မိတ်ကောင်းဆွေကောင်းတွေရဖို့၊ မိတ်ကောင်းဆွေကောင်းတွေနဲ့တွေ့ဖို့ ငယ်စဉ်ကလေးဘဝကတည်းက မိဘများက သားသမီးများအပေါ် အမြဲတမ်း မိတ်ကောင်းဆွေကောင်းထားခြင်း၏ အနှစ်သာရကို သိရှိစေရန် စာပေများကို သင်ကြားလေ့လာပေးမှသာ နောင်ကြီးလာသောအခါ ကိုယ်ကလည်း မိတ်ဆွေကောင်းပီသမည်၊ မိတ်ဆွေကောင်းလည်း ကိုယ်က ရရှိမည် ဖြစ်ပါသည်။

အသီးအပွင့်ဝေဆာသော သစ်ပင်ကောင်းတစ်ပင်ဖြစ်ဖို့ အတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထားပြီး စနစ်တကျ မြေဩဇာကျွေးခြင်း၊ အချိန်မှန်မှန် ရေလောင်းခြင်း၊ လိုအပ်ပါက ပိုးသတ်ဆေးများ သုံးမှသာလျှင် အချိန်တန်သော် လှပဝေဆာသော အပင်ကောင်းဝ ``ခုသို့ ရောက်မည်ဖြစ်ပါသည်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်သကဲ့သို့ ကိုယ်က မိတ်ဆွေကောင်းတစ်ဦးဖြစ်လျှင် မိတ်ဆွေကောင်းများစွာကို မွေးထုတ်ပေးနိုင်မည် ဖြစ်ပါသည်။ (ဥပမာ–စာရေးဆရာ၊ ဒါရိုက်တာ အဘ ဦးသုခ၊ ဆရာကြီးမင်းသိခ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး)

ကိုယ်က မိတ်ဆွေကောင်းအလိုရှိပါလျှင် မိမိကိုယ်တိုင်က မိတ်ဆွေကောင်းဖြစ်ဖို့ အရေးကြီးပါသည်၊ ကိုယ်ကိုယ်တိုင်က ကောင်းတာတွေတွေးမယ်၊ ကောင်းတာတွေပဲ ကြံမယ်၊ ကောင်းတာတွေပဲ ပြောမယ်ဆိုရင် ကိုယ်ဟာ တစ်ပါးသူအတွက် မိတ်ဆွေကောင်းပါ။ မိတ်ဆွေကောင်းတော့ လိုချင်ပါရဲ့၊ ကိုယ်က မိတ်ဆွေကောင်းမဟုတ်ပါက ဘယ်တော့မှ မိတ်ဆွေကောင်းနှင့် တွေ့မည်မဟုတ်ပါ။

အရာရာမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တရားတွေ လက်ကိုင်ထားမယ်ဆိုရင် မိတ်ဆွေကောင်းဖြစ်မှာ မလွဲကေန် ဖြစ်ပါသည်။

မိဘနှင့် သားသမီး အပြန်အလှန် မိတ်ဆွေကောင်းဖြစ်ရန် ဆရာနဲ့ တပည့် အပြန်အလှန် ဆရာကောင်းတပည့်ဖြစ်ရန် ကြိုးစားအားထုတ်ရမည် ဖြစ်ပါသည်။ ထို့အတူပင် လုပ်ဖော်ကိုင်ဖက်အချင်းချင်း၊ အိမ်နီးနားချင်း၊ ခရီးသွားရင်း၊ ကျောင်းသွားရင်း၊ ဈေးသွားရင်း မိတ်ဆွေကောင်းတွေနဲ့တွေ့ပြီး ကောင်းတာတွေပဲ အချိန်တိုင်းပြုလုပ်နေမယ်ဆိုရင် ဝိုတောင်းလှတဲ့ လူ့ဘဝဟာ လှပနေမည် ဖြစ်ပါသည်။

"Life is short but it is beautiful."

လောကမှာ ကိုယ်သိပ်သိချင်တဲ့ အဖြေတစ်ခုကို သိခွင့်ရလိုက်ခြင်းသည် တန်ဖိုးမဖြတ်နိုင်တဲ့ ရလဒ်တစ်ခုပါပဲ။ အဲဒီလို ရလဒ်တစ်ခုပေးနိုင်တဲ့ အရည်အချင်းဟာ ပညာရှိတွေမှာပဲ ရှိခြင်းကြောင့် မိမိကိုယ်တိုင်လည်း မိတ်ဆွေကောင်းပီသပြီး မိတ်ဆွေကောင်းတွေ များများနဲ့လည်း တွေ့ကြုံကြရအောင် ကြိုးစားပါစို့ဟု ဖြူစင်သောစေတနာဖြင့် ရေးသားတင်ပြအကြံပြုလိုက်ပါသည်။

ပညာရှိကို အရှည်တွဲလို့ မှိုဝဲဆည်းကပ် နည်းယူလေ

**ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)**



www.burmeseclassic.com

www.burmeseclassic.com



# ဗဟာဘာဂပ်ကမ္ဘာဟူသည်

■ ကို မောင် သန်း ဝင်း

မြန်မာဘာသာမှာ (ကပ္ပါ)ဟုခေါ်ဆိုသော အရာကို ကပ္ပလို့ဆိုပြီး ပါဠိမှာလာရှိပါတယ်။ ဒါ့ကြောင့် ဗုဒ္ဓဝင်ပါဠိတော်မှာ "ကပ္ပေစ သတသဟသေသ စတုရောစ အသင်္ခိယေ"ဟူ၍ ဟောကြားထားတော်မူပါတယ်။ ကပ္ပဟုခေါ်သော အချိန်ကာလတစ်ခုဟာ နှစ်ပေါင်းအဘယ်ရွေ့အဘယ်မျှ ရှိတယ်ဆိုတာကို ဂဏန်းချပြီး ရေတွက်လို့မရနိုင်ပါဘူး။ ကြံဆလို့သာ သိအပ်သောအရာလို့ ဆိုပါတယ်။

ကြံဆလို့ သိရပုံက –

အလျား အနံ၊ အမြင့် တစ်ယူဇနာစီရှိတဲ့ ဂိုဒေါင်ကြီးအတွင်း (သို့တည်းမဟုတ်) အလျား၊ အနံ၊ အနက် တစ်ယူဇနာစီရှိတဲ့ တွင်းကြီးထဲကို အလွန်သေးငယ်လှတဲ့ မုန်ညင်းဖြူစေ့တွေကို အပြည့်အသိပ်ထည့်ထားပြီး နှစ်ပေါင်း(၁၀၀)လွန်တဲ့အခါ တစ်စေ့ချင်း တစ်စေ့ချင်း ယူပစ်လိုက်လို့ အဲဒီမုန်ညင်းဖြူစေ့အပုံကြီး ကုန်သွားပေမယ်လို့ ကပ္ပ(ကမ္ဘာတစ်ခု)လို့ဆိုရမယ့် အချိန်ကာလကတော့ ကုန်ဆုံးသွားမှာမဟုတ်ပါဘူး။ အဲဒီလို ကြံဆသိအပ်တယ်လို့ ဆိုပါတယ်။

အဆိုပါစကားကို ထောက်ဆပြီးတော့ ပါဠိလို ကပ္ပ၊ မြန်မာလို ကမ္ဘာဟူသည်မှာ ရှည်လျားလှစွာသော အချိန်ကာလဖြစ်တယ်လို့ သိမှတ်ရပါလိမ့်မယ်။ အခုအခါမှာတော့ ရှည်လျားလှစွာသော အချိန်ကာလကို ကမ္ဘာလို့ ခေါ်ဆိုကြောင်း သတိမပြုမိကြဘဲ မြေကြီးအထုအထည်ကိုသာ ကမ္ဘာမြေပြင်၊ ကမ္ဘာမြေလုံးလို့ဆိုပြီး အနွတ်သညာပြု ခေါ်ဝေါ်သုံးနှုန်းနေကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာအပြား

ကမ္ဘာနဲ့ကပ် အတူတူပင် ဖြစ်ပါတယ်။ ထိုကပ်ကမ္ဘာသည်ကား ...(၁) မဟာကပ်၊ (၂) အသင်္ချေယျ၊ (၃) အန္တရကပ်၊ (၄) အာယုကပ်၊ (၅) ဟာနယကပ်၊ (၆) ဝဗ္ဗနကပ် ဟူ၍ (၆)မျိုးရှိပါတယ်။

ထိုတွင် (၁) အမှတ်ပြမဟာကပ်ကမ္ဘာကြီးတစ်ခုတစ်ခုကို (၂) အမှတ်ပြ

ပျက်ဆဲ = သံဝဋ္ဋကပ်။

ပျက်သည့်အတိုင်း တည်နေဆဲ သံဝဋ္ဋဋ္ဌာယီကပ်။

ဖြစ်ပေါ်ဆဲ၊ တိုးပွားဆဲ ဝိဝဋ္ဋကပ်။

ဖြစ်ပေါ်ပြီး၊ တိုးပွားပြီးအတိုင်း ာည်နေဆဲ ဝိဝဋ္ဋဋ္ဌာယီကပ်။

ဤအသင်္ချေကပ် (၄)ကပ်ဖြင့် သတ်မှတ်၍ပြအပ်၏။

(၁) သံဝဋ္ဋ အသင်္ချေယကပ်၊

(၂) သံဝဋ္ဋဋ္ဌာယီ အသင်္ချေယကပ်၊

(၃) ဝိဝဋ္ဋ အသင်္ချေယကပ်၊

(၄) ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယကပ်၊

ဤအသင်္ချေကပ်(၄)ကပ်ကိုမှ မဟာကပ်တစ်ကပ်ဟု ခေါ်ဆိုပါတယ်။

ထိုအသင်္ချေယျ(၄)ကပ်တွင် ကမ္ဘာပျက်မိုးရွာသည်မှစ၍ မီးဖြင့်ပျက်မည့်ကမ္ဘာဖြစ်လျှင် မီးလျှံငြိမ်းသည့်တိုင်အောင်၊ ရေဖြင့်ပျက်မည့်ကမ္ဘာဖြစ်လျှင် ရေရပ်စဲသည့်တိုင်အောင်၊ လေဖြင့်ပျက်မည့်ကမ္ဘာဆိုလျှင် လေရပ်စဲသည့်တိုင်အောင် အချိန်ကာလသည် သံဝဋ္ဋဋ္ဌာယီကပ်(ပျက်ဆဲကပ်) ဖြစ်ပါတယ်။

မီး၊ ရေ၊ လေ တစ်ခုခုဖြင့် ပျက်စီးပြီးသည်မှစ၍ ကမ္ဘာပြုမိုးရွာသည့်တိုင်အောင်အတွင်းသည် သံဝဋ္ဋဋ္ဌာယီ(ပျက်စီးသည့်အတိုင်း တည်နေသောကပ်) ဖြစ်ပါတယ်။

ကမ္ဘာပြုမိုးရွာသည်မှစ၍ လောကကြီး၌ နေ၊ လ၊ နက္ခတ်၊ တာရာ စသည်တို့ ထွက်ပေါ်သည့်တိုင်အောင်အတွင်းသည် ဝိဝဋ္ဋကပ် (ဖြစ်ပေါ်ဆဲ၊ တိုးပွားဆဲကပ်) ဖြစ်ပါတယ်။

နေ၊ လ၊ နက္ခတ်၊ တာရာ စသည်တို့ ပေါ်ထွက်သည်မှ စ၍ နောက်တစ်ဖန် ကမ္ဘာပျက်မိုးရွာသည့်တိုင်အောင် ကာလအတွင်းသည် ဝိဝဋ္ဋဋ္ဌာယီကပ် (ဖြစ်ပေါ်ပြီး၊ တိုးပွားပြီးအတိုင်း တည်နေသောကပ်) ဖြစ်ပါတယ်။

ဤစကားရပ်၌ ကမ္ဘာပျက်မိုး (၂)မျိုး ပါဝင်နေလေရာ တစ်မျိုးမှာ မီးပျက်မည့်ကမ္ဘာဖြစ်စေ၊ ရေပျက်မည့်ကမ္ဘာဖြစ်စေ၊ လေပျက်မည့်ကမ္ဘာဖြစ်စေ မည်သည့်ကမ္ဘာမှမဆို ပျက်ခါနီးလျှင် မိုးရွာစမြဲ ဖြစ်ပါတယ်။ ရွာပုံမှာ ပျက်ရမည့်ကမ္ဘာလောကဓာတ်ကြီး ထက်ဝန်းကျင်နှံ့စပ်အောင် မိုးကြီးသည်းထန်စွာ ရွာသွန်းလေ့ရှိပါတယ်။ လူအပေါင်းတို့ဟာ ကောက်ပဲသီးနှံတွေ စိုက်ပျိုးကြလို့ ကျွဲနွားများ စားသောက်လောက်အောင် အပင်ကလေးများ ဖြစ်ပေါ်ပြီးနောက်မှာတော့ မိုးက တစ်ခါတည်း ရပ်စဲသွားပါတော့တယ်။ အဲဒါက ကမ္ဘာပျက်စီးခြင်းအရင်းခံရွာသောမိုး ဖြစ်ပါတယ်။

ကျန်တစ်မျိုးကတော့ ရေဖျက်မည့်ကမ္ဘာမှာ ကမ္ဘာကြီးကို ဖျက်ဆီးဖို့အတွက်ရွာတဲ့မိုး ဖြစ်ပါတယ်။ အဲဒီမိုးရေကတော့ ရိုးရိုးမဟုတ်ပါဘူး။ ကျောက်ဆောင်ကျောက်ခဲတွေကိုတောင် ထိလိုက်တာနဲ့ ကြေမွပျက်စီးသွားစေနိုင်တဲ့ရေ အထူးမိုးဖြစ်ပါတယ်။

ပြဆိုခဲ့တဲ့ သံဝဋ္ဋကပ် စတဲ့ (၄)မျိုးတို့ဟာ အချိန်ကာလအားဖြင့် တူမှာဖြစ်ကြပါတယ်။ ဤလေးခုအနက် တစ်ခုတစ်ခုရဲ့ ကာလရှည်လျားပုံကိုတော့ နှစ်ကာလအရေအတွက်နဲ့တော့ ပိုင်းခြားရေတွက်လို့ မရနိုင်ပါဘူး။ ဒါကြောင့်မို့ အဲဒီကပ်(၄)ကပ်ကို အသင်္ချေယျကပ်လို့ ခေါ်ပါတယ်။

အသင်္ချေယျကပ်(၄)ကပ်ပေါင်းမှ မဟာကပ်(၁)ကပ် ဖြစ်လာပါတယ်။ သို့တည်းမဟုတ် (၁)ကမ္ဘာဖြစ်တည်လာပါတယ်။ မြန်မာတို့က မဟာကပ္ပဟူသော ပါဠိရဲ့အဓိပ္ပာယ်ကို ကမ္ဘာဟူသော မြန်မာစကားနဲ့ ခေါ်ဝေါ်သုံးစွဲလာကြပါတယ်၊ အသင်္ချေယျကပ္ပဟူသော စကားအရာ၌ကား ဝေါဟာရသီးခြားမထားတော့ဘဲ အသင်္ချေယျကပ်ဆိုပြီး သဒ္ဒါနုသာရီ (ပါဠိပျက်စကား)နဲ့ ခေါ်ဝေါ်သုံးစွဲကြခြင်း ဖြစ်ပါတယ်။

## အန္တရကပ်

အသင်္ချေယျကပ်(၄)ကပ်တို့တွင် ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် အစအဦးအခါ(တစ်နည်း ကမ္ဘာဦးအခါ) လူတို့သည် အသက်အသင်္ချေ တည်နေကြရပါတယ်။ တစ်ဂဏန်းတစ်လုံးနောက် သုညပေါင်း(၁၄၀)ကို အသင်္ချေယျလို့ ခေါ်စမှတ်ပြုကြပါတယ်။ ကာလရှည်လျားတာကြောင့် လောဘ၊ ဒေါသ စတဲ့ အကုသိုလ်တရားတွေဟာ လူတို့သန္တာန်အတွင်းကို ဝင်ရောက်ဖျက်ဆီးလာတဲ့အတွက် တဖြည်းဖြည်း သက်တမ်းတွေလျော့လျော့ပြီး နိမ့်ကျလာခဲ့တာမို့ အသက်(၁၀)နှစ်တမ်းတိုင်အောင်ကိုပင် ဆုတ်ယုတ်လာခဲ့ပါတယ်။ အဲဒီလို ဆုတ်ယုတ်လာတဲ့အချိန်ကာလကို ပါဠိလို ဟာယနကပ္ပ၊ မြန်မာလို ဆုတ်ကပ်လို့ ခေါ်ဆိုပါတယ်။

တစ်ဖန် (၁၀)နှစ်သက်တမ်း ရောက်တဲ့အခါ နောက်ဆုံး (၇)ရက်အလိုမှာ လောဘအထူးလွှမ်းမိုးလျှင် ဒုဗ္ဘိက္ခန္တရကပ်၊ ဒေါသအထူးလွှမ်းမိုးလျှင် သတ္ထန္တရကပ်၊ မောဟအထူးလွှမ်းမိုးလျှင် ရောဂန္တရကပ် ဆိုက်ရောက်ပြီး လူအများဟာ သေကြေပျက်စီးကြရတာမို့ အနည်းငယ်မျှသာ ကျန်ရစ်ရပါတော့တယ်။

www.burmeseclassic.com

အဲဒီအခါမှာတော့ ကျန်ရစ်လူတို့ဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တရားတွေဟာ လူတို့သန္တာန်မှာ ကပ်ရောက်လာတဲ့အတွက် (၁၀)နှစ်တမ်းက (၂၀)၊ (၂၀)တမ်းက (၄၀) စသည်ဖြင့် တစ်ဆ ထက်တစ်ဆ ဆထက်တိုးပြီး အသက်အသင်္ချေယျတန်းတိုင် အောင် ရှည်မြင့်လာပါတယ်။ အဲဒီအချိန်ကာလကို ပါဠိလို ဝဍ္ဎနကပ္ပ၊ မြန်မာလို တက်ကပ်လို့ခေါ်ပါတယ်။

ဤသို့လျှင် လူတို့ရဲ့သက်တမ်းဟာ (၁၀)နှစ်တမ်းနှင့် အသင်္ချေယျတမ်း၊ ကုသိုလ်တရားပွားလာတဲ့အခါ တက်၍ အကုသိုလ်တရား ဖိစီးလာသောအခါ ဆုတ်ယုတ်လျက် တက် ချည် ဆုတ်ချည် ဖြစ်လို့နေပါတယ်။ အဲဒီလို အသက်တမ်း တက်ကပ်နဲ့ ဆုတ်ကပ် တစ်စုံကို အန္တရကပ်လို့ ခေါ်ဆိုပါတယ်။

## ကပ်သုံးပါးအစစ်

ကမ္ဘာဦးအခါ အသင်္ချေယျတမ်းမှ တဖြည်းဖြည်းဆုတ် လာရာမှ လောဘအထူးလွှမ်းမိုးတဲ့အတွက် ဆုတ်ယုတ်လာရ ခြင်းဖြစ်လျှင် အသက်(၁၀)နှစ်တမ်းရောက်ငြီး အဆုံးသတ် (၇) ရက်အတွင်းမှာ အငတ်ဘေးကြီး ကျရောက်၍ မကောင်းသူတွေ ဟူသမျှ သေကျေပျက်စီးကြရပါတယ်။ အဲ' ကပ်ကို ရောဂန္တရ ကပ်လို့ ခေါ်ပါတယ်။

ဆုတ်ယုတ်လို့လာရာမှာ ဒေါသအထူးလွှမ်းမိုးလို့ ဆုတ် ယုတ်လာရခြင်းဖြစ်လျှင် (၁၀)နှစ်တမ်းရောက် အဆုံးသတ်(၇) ရက်အတွင်းမှာ အချင်းချင်း လက်နက်မျိုးစုံနဲ့ သတ်ဖြတ်ကြလို့ ်ကောင်းသူတွေအားလုံး သေကျေပျက်စီးကြရပါတယ်။ အဲဒီ ်ကို သတ္ထန္တရက်လို့ ခေါ်ပါတယ်။

တက်ကပ်၊ ဆုတ်ကပ် တစ်စုံတစ်စုံကို အန္တရကပ် ..ပကပ်လို့ ခေါ်ဆိုရခြင်းမှာ ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်ကြီး အဆုံးသတ်တွင် မီး၊ ရေ၊ လေတို့ဖြင့် အလုံးစုံမပျက်စီးမီအတွင်း အသက်(၁၀)နှစ်တမ်းသို့ ရောက်တိုင်းရောက်တိုင်း ငတ်မွတ်ခြင်း ဘေး၊ ရောဂါဘေး၊ လက်နက်ဘေးတွေနဲ့ မကောင်းသူတွေဟူ သမျှ သေကျေပျက်စီးကြရခြင်းကိုဆွဲ၍ အကြီးအကျယ် မပျက် စီးမီ အကြားအကြား၌ဖြစ်သော ပျက်စီးပြောင်းလဲခြင်းအချိန် ကာလလို့ ဆိုလိုခြင်းဖြစ်ပါတယ်။

## ယခုကာလ ကပ်သုံးပါး

အန္တရကပ်တွေရဲ့ အဆုံးသတ်(၇)ရက်အတွင်း ကျ ရောက်လေ့ရှိတဲ့ ဘေးတွေကို အစွဲပြုလို့ ဒုဗ္ဘိက္ခန္တရကပ်၊ သတ္ထန္တရ ကပ်၊ ရောဂန္တရကပ် ဟူသော အမည်များကို (၁၀)နှစ်တမ်း မတိုင်မီ ကာလအတွင်းမှာလည်း အချို့သော မြို့ရွာဒေသတွေ မှာ ကူးစပ်တတ်သော ရောဂါဖြစ်ပွားနေလျှင် ထိုမြို့ရွာဒေသ တွေမှာ ရောဂန္တရကပ် ဖြစ်ပွားနေတယ်၊ စစ်မက်တိုက်ခိုက်ခြင်း ဖြစ်ပွားနေလျှင် သတ္ထန္တရကပ် ဖြစ်ပွားနေတယ်၊ ငတ်မွတ်ခေါင်း ပါးခြင်းဘေး ဖြစ်ပွားနေလျှင် ထိုမြို့ရွာဒေသမှာ ဒုဗ္ဘိက္ခန္တရကပ် ဖြစ်ပွားနေတယ်လို့ ပြောဆိုလေ့ရှိကြပါတယ်။

အဲဒီလို ပြောဆိုနေကြတာကလည်း အန္တရကပ်အစစ်ရဲ့ ဖြစ်ပွားပုံအခြေအနေတွေနဲ့ တူနေတာကြောင့် တင်စားပြောဆို နေကြခြင်း ဖြစ်ပါလိမ့်မယ်။ ဘုရားရှိခိုး ဆုတောင်းစာတွေမှာ အပါယ်လေးပါ၊ ကပ်သုံးပါးလို့ သုံးနှုန်းထားတာကလည်း အဲဒီ လို တင်စားပြောဆိုသောကပ်ကိုသာ ဆိုလိုခြင်းဖြစ်ပါတယ်။

တက်ကပ် ဆုတ်ကပ် တစ်စုံဖြစ်တဲ့ အန္တရကပ်ဟာ (၆၄)ကပ်ရှိလျှင် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်တစ်ခု ကုန်ဆုံးပါ တယ်။

(က) တက်ကပ်၊ ဆုတ်ကပ်တစ်စုံဟာ အန္တရကပ် ဖြစ်ပါတယ်။

(ခ) အန္တရကပ်ပေါင်း (၆၄)ကပ်ဟာ အသင်္ချေယျ ကပ် ဖြစ်ပါတယ်။

(ဂ) အသင်္ချေယျကပ်ပေါင်း (၄)ကပ်ဟာ မဟာ ကပ်ဖြစ်ပါတယ်။

မဟာကပ်ကြီးတစ်ခုကို တစ်ကမ္ဘာလို့ ခေါ်ပါတယ်။ ကမ္ဘာကြီးပျက်စီးချိန်တိုင်တဲ့အခါ ဆိုခဲ့ပြီးသော စကားရပ်အတိုင်း မီး၊ ရေ၊ လေ (၃)မျိုးမှာ တစ်မျိုးမျိုးနဲ့ ပျက်စီးလေ့ရှိပါတယ်။

ကမ္ဘာကြီးပျက်စီးတဲ့အခါမှာ ဖြစ်အတူ ပျက်အတူဖြစ်တဲ့ ကမ္ဘာတစ်သိန်းရှိ သက်ရှိသတ္တဝါဟူသမျှ မီးလွတ်ရာ၊ ရေလွတ် ရာ၊ လေလွတ်ရာ ဗြဟ္မာဘုံသို့ ရောက်နေကြရပါတယ်။

သံဝဋ္ဋအသင်္ချေယျကပ်၊ သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၊ ဝိဝဋ္ဋအသင်္ချေယျကပ်၊ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၊ အဲဒီ ကပ် (၄)ကပ်မှာ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ် တစ်ကပ်မှာသာ သက်ရှိ သတ္တဝါတို့ ရှိကြကုန်ပါတယ်။ အထက်ပါ (၃)ကပ်မှာတော့ ...သတ္တဝါတွေ မရှိကြရတော့ပါဘူး။ ဗြဟ္မာဘုံသို့သာ တက် ...ကြကုန်ပါတယ်။ ကမ္ဘာအဆောက်အဦတွေဖြစ်ပေါ်လာပြီး တိုးပွားလာပြီးမှသာ ဗြဟ္မာပြည်ကနေပြီး သက်တမ်းစေ့သူတို့ဟာ စုတေကြရပြီး လူတို့ပြည်မှာ ဥပပတ်ပဋိသန္ဓေဖြင့် ခန္ဓာကိုယ် အထင်အရှားဖြစ်ကာ လူဟူ၍ ဖြစ်ပေါ်လာကြရပြန်ပါတယ်။

ဆိုခဲ့ပြီးတဲ့အတိုင်း မဟာကပ်တစ်ကပ်မှာ အသင်္ချေယျ (၄)ကပ်၊ အသင်္ချေယျတစ်ကပ်မှာ အန္တရကပ်ပေါင်း (၆၄)ကပ် စီရှိသည်ဖြစ်တာမို့ မဟာကပ်တစ်ကပ်မှာ လူတို့အရေအတွက် အားဖြင့် အန္တရကပ်ပေါင်း (၂၅၆)ကပ်ရှိသည်ဟု သိမှတ်ကြရမှာ ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာပျက် မီး၊ ရေ၊ လေ

အန္တရကပ်ပေါင်း (၂၅၆)ကပ်စေ့ရောက်လို့ ဖြစ်တူပျက်တူ ကမ္ဘာတစ်သိန်းလုံးမှာ နှစ်ပေါင်းတစ်သိန်း ကြိုတင်လို့ လောကဗျူဟာ နတ်သားတွေက ကြွေးကြော်ထားတာက သက်ရှိသတ္တဝါဟူသမျှ တဖြည်းဖြည်းစျာန်ရအောင် အားထုတ်ကြလို့ ဆိုထားတာကြောင့် မီးလွတ်ရာ၊ ရေလွတ်ရာ၊ လေလွတ်ရာ ဗြဟ္မပြည်များသို့ အသီးသီးရောက်ကြကုန်ပါတယ်။ မီးဖျက်သည်ဖြစ်စေ၊ ရေဖျက်သည်ဖြစ်စေ၊ လေဖျက်သည်ဖြစ်စေ ကမ္ဘာကြီးမပျက်စီးမီ နှစ်ပေါင်းတစ်သိန်းက ကြိုတင်လို့ ကမ္ဘာပျက်မိုးကား ရွာသည်ချည်းပင်

မီးဖျက်သောကမ္ဘာဖြစ်လျှင် အာဘဿရာဗြဟ္မာဘုံနှင့်တကွ အောက်ပိုင်းရှိ အဆောက်အဦ ဟူသမျှ ဘာမှမကျန်ရလေအောင် မီးလောင်ကုန်ကြပါတယ်။ ပထမစျာန်သုံးဘုံ + ဒုတိယစျာန်သုံးဘုံ ပေါင်းဗြဟ္မာဘုံ(၆)ဘုံ မီးလောင်ရာမှာ ပါကြပါတယ်။ ရေဖျက်သောကမ္ဘာဖြစ်လျှင် တတိယစျာန်သုံးဘုံပါ ပျက်ရပါတယ်။ လေဖျက်သောကမ္ဘာဖြစ်လျှင် ဝေဟပ္ဖိုလ်ဘုံပါ ပျက်ရာတွင် ပါဝင်ပါတယ်။

## အာယုကပ်

အာယုကပ်ဆိုတာက တည်နေရသောအသက်ကိုလိုက်ပြီး သတ်မှတ်ထားတဲ့ ကပ်ဖြစ်ပါတယ်။ (အာယု=အသက်)၊ အသက်တစ်ရာတမ်းဖြစ်ရင် နှစ်ပေါင်းတစ်ရာဟာ အာယုကပ်တစ်ကပ်၊ တစ်ထောင်တမ်းဖြစ်ရင် နှစ်ပေါင်းတစ်ထောင်ဟာ အာယုကပ်တစ်ကပ် ဖြစ်တယ်လို့ ဆိုလိုပါတယ်။

မြတ်စွာဘုရားရှင်တော်မြတ်သည် အရှင်အာနန္ဒာအား ''အာနန္ဒာ ... ငါဘုရားသည် ဣဒ္ဓိပါဒ်လေးပါးကို ပွားများအပ်ပြီး ငါဘုရားအလိုရှိလျှင် တစ်ကပ်လုံးသော်လည်းကောင်း၊ အနည်းငယ်ပို၍သော်လည်းကောင်း တည်နေနိုင်သည်''ဟု မိန့်ကြားတော်မူရာ ကပ္ပအရာမှာ အာယုကပ်ကို ယူရပါမယ်။ အာယုကပ်ဆိုတာက ထိုထိုကာလ လူတို့ရဲ့ သက်တမ်းပမာဏဖြစ်ပါတယ်။ သို့ဖြစ်၍ ငါဘုရားအလိုရှိလျှင် နှစ်ပေါင်းတစ်ရာသော်လည်းကောင်း၊ အနည်းငယ်ပို၍သော်လည်းကောင်း တည်နေနိုင်သည်ဟု ဟောတော်မူခြင်း ဖြစ်ကြောင်း အဋ္ဌကနိပါတ်အင်္ဂုတ္တိုရ အဋ္ဌကထာမှာ ဖွင့်ဆိုထားရှိပါတယ်။

## ဘုရားပွင့်မပွင့်

သုညကပ် = သုညကမ္ဘာ
အသုညကပ် = အသုညကမ္ဘာ

ဘုရားရှင်တို့ ပွင့်တော်မူရာမဟုတ်သော ကပ်ကမ္ဘာသည် သုညကပ်၊ သုညကမ္ဘာ ဖြစ်ပါတယ်။ ဘုရားရှင်တို့မှ ကင်းဆိတ်သော ကပ်ကမ္ဘာဟု ဆိုလိုပါတယ်။ ဘုရားရှင်တို့ ပွင့်တော်မူရာဖြစ်တဲ့ ကပ်ကမ္ဘာဟာ အသုညကပ်ကမ္ဘာ၊ အသုညကမ္ဘာ ဖြစ်ပါတယ်။ ဘုရားရှင်တို့ မဆိတ်သုဉ်းသော ကပ်ကမ္ဘာလို့ ဆိုလိုပါတယ်။

သုညကမ္ဘာမှာတော့ ဘုရားရှင်တို့သာ ပွင့်တော်မမူ[illegible] သော်ငြားလည်း အရှင်ပစ္စေကဗုဒ္ဓါများနဲ့ စကြဝတေးမင်း[illegible] ဖြစ်ထွန်းပေါ်ပေါက်နိုင်ကြောင်းကို အပဒါန်ပါဠိတော်ပဋ္ဌမ[illegible] ဥပါလိထေရာဒါနတ်စတာတွေကို ထောက်ဆပြီး သိနိုင်ပါတယ်လို့ ဆိုပါတယ်။

မြတ်စွာဘုရားများပွင့်တော်မူရာ အသုညကပ်၊ အသုည ကမ္ဘာဟာလည်း –

(၁) ဘုရားတစ်ဆူသာပွင့်လျှင် သာရကမ္ဘာ
(၂) ဘုရားနှစ်ဆူပွင့်လျှင် မဏ္ဍကမ္ဘာ
(၃) ဘုရားသုံးဆူပွင့်လျှင် ဝရကမ္ဘာ
(၄) ဘုရားငါးဆူပွင့်လျှင် ဘဒ္ဒကမ္ဘာ

ဤသို့ ငါးပါး အပြားရှိပါတယ်။

(က) တစ်ဆူသာရ၊ နှစ်မဏ္ဍ၊ ဝရသုံးဆူသာ။
(ခ) သာရမဏ္ဍ၊ လေးဆူပြ၊ ဘဒ္ဒငါးဆူပါ။
(ဂ) တစ်ဆူသော်မှ မပွင့်က၊ သုညကပ်ကမ္ဘာ။

သုမေဓ ဗြဟ္မဏ အခန်း၌လာသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမြောက် ကမ္ဘာသည် ဘုရားလေးဆူတို့ ပွင့်တော်မူရာ သာရမဏ္ဍကမ္ဘာ ဖြစ်သည်၊ ဘုရားလေးဆူတို့အနက် တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ ဘုရားသုံးဆူတို့ ပွင့်တော်မူပြီးနောက်မှ ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူခြင်းဖြစ်သည်။

ကပ်ကမ္ဘာအကြောင်း သိစေရန်အလို့ငှာ ထပ်ဆင့်ဖော်ပြခြင်း ဖြစ်ပါတယ်။

ကိုမောင်သန်းဝင်း

ကျမ်းကိုး –

ဗုဒ္ဓဝေါဟာရ ဗုဒ္ဓဝင်အကျဉ်း
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟာဗလ(ပါဠိပါရဂူ)



www.burmeseclassic.com

www.burmeseclassic.com

# မြတ်ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်ပူဇော်ရခြင်းကြောင့် သိအပ်သောအကျင့်

နှင့်

# ရနိုင်သောအကျိုးထူးများ

ဖိုးသန်းကျော်(ရေကြည်သား)

## သိအပ်သောအကျင့်နှင့် ရနိုင်သောအကျိုးထူးများ(၉)

ဒါနတော ဘောဂဝါ သီလတော သုဂတိ၊ ဘာဝနာတော နိဗ္ဗုတာ အပေါဘရှိ၏။ ဒါနတော ဘောဂဝါ-အလှူပေးသူ ဌေးဖြစ်သည်။ သီလတောသုဂတိ-သီလနှင့်ပြည့်စုံသောသူသည် အသက်ရှည်ပြီး ေ ဘင့်တတိုင်း ပြည့်စုံ၏။ ဘာဝနာတောနိဗ္ဗုတာ -သမထဝိပဿနာကို ကျင့်ကြံပွားများပါက အလုံးစုံသောဒုက္ခ ချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာစစ်ကို ရစေ၊ ရောက်စေ၏ဟူသော အသိကို ဗုဒ္ဓဘာသာအများစုက သိကြမည်ဟု ယုံကြည်ပါသည်။

၁။ ဒါနအကြောင်း သိဖို့ကောင်းသည်။ မိမိပိုင်ငွေဖြင့် ဝယ်ယူထားသော ပစ္စည်းများကို စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း ဖြစ်သည်။ ဒါန၏အနက်အဓိပ္ပာယ်မှာ စေတနာဖြစ်သည်။

စေတနာဟံဘိက္ခဝေ ကမ္မံဝဒါမိဒါန ဖြစ်မြောက်စေရန် စေ့ဆော်အားပေးသော စေတနာကို ကံဟု ဟောတော်မူ၏။ ဒါနပြုသူသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ငါမဟုတ်၊ သူတစ်ပါးမဟုတ်၊ စေတနာနာမ်တရားသက်သက်သာ ဖြစ်၏ဟု သိပါလျှင် သက္ကာယဒိဋ္ဌိစင်ကြယ်သော အသိဖြစ်၏။ စေတနာသုံးမျိုးရှိသည်။ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ ဟူ၍ ဖြစ်ပါသည်။

(က) ပုဗ္ဗစေတနာ ။ မလှူမီ ရှေ့အဖို့၌ အလှူဒါန ပြုလုပ်ရန်အတွက် လိုအပ်သော ငွေကြေး၊ လှူဖွယ်ပစ္စည်း စသည်များကို အဆင်သင့်ဖြစ်စေရန် ဆောင်ရွက်လုပ်ကိုင်ရမှု များအတွက် စေ့ဆော်တိုက်တွန်းအားပေးရသော စေတနာကို ပုဗ္ဗစေတနာခေါ်သည်။ ထို့ပြင် အလှူနှင့်ပတ်သက်၍ ကျော်စော လိုခြင်း၊ ဂုဏ်ပြိုင်လိုခြင်း၊ မကျေမနပ်ဖြစ်ခြင်း စသော စိတ်များ မဖြစ်စေမူ၍ ကျေနပ်ပြီး ဝမ်းမြောက်ဝမ်းသာ အားရရွှင်လန်းစွာ ဆောင်ရွက်စီမံနိုင်လျှင် ပုဗ္ဗစေတနာမှာ အလွန်စင်ကြယ်မည် ဖြစ်သည်။

(ခ) မုဉ္စစေတနာ ။ မုဉ္စသဒ္ဒါသည် စွန့်လွှတ်ခြင်းကို ဆို၏။ ဆွမ်း,သင်္ကန်း,ကျောင်း,,ဆေး စသော လှူဖွယ်ပစ္စည်းများ ကို လှူဒါန်းနေဆဲအခိုက်အတန့်၊ စွန့်လွှတ်ဆဲ အခိုက်အတန့် တွင် ဖြစ်ပေါ်သော ကုသိုလ်ကို မုဉ္စစေတနာခေါ်သည်။ ထိုသို့ လှူစဉ် အခိုက်အတန့်မှာ လောဘ၊ ဒေါသ၊ မောဟစိတ် မဖြစ် စေဘဲ လှူနတ်နိဗ္ဗာန် သုံးတန်သော ကောင်းကျိုးဖြစ်စေနိုင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

ကို ယုံကြည်သည့်အပြင် အလှူခံပုဂ္ဂိုလ်ကို ချမ်းသာစေလိုခြင်းနှင့် ဤဒါနကြောင့် ခန္ဓာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုခြင်း စိတ်ထားဖြင့် လှူဒါန်းရပါမည်။ ထိုအခါ စင်ကြယ်သော မုဉ္စစေတနာဖြစ်ရုံမျှမက ဝိပဿနာဉာဏ်ပါ၍ အမြတ်ဆုံးဒါန ဖြစ်လေတော့သည်။

(ဂ) အပရစေတနာ ။ ထိုအထမြောက်ပြီးသော ကုသိုလ်နှင့်စပ်၍ သတိရလေတိုင်း ဝမ်းမြောက်ဝမ်းသာဖြစ်ရသဖြင့် နောက်ထပ်လည်း လှူချင်သေးသည်ဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလျှင် "အပရစေတနာ" ထပ်မံတိုးပွား၍နေလေသည်။ အလှူပေးလိုက်ရခြင်းကို များလေစွဟု ဒေါသအကုသိုလ်မဖြစ်အောင်လည်း ရှောင်ရှားသင့်သေး၏။

ထို့ကြောင့် မလှူမီ ပျော်ရွှင်၊ လှူဆဲ ဝမ်းသာ၊ လှူပြီး ဝမ်းမြောက်ကာဖြင့် စေတနာသုံးတန်ကို ထက်သန်တိုးပွား အကျိုးများနိုင်ကြပါစေ။

(ဃ) အလှူဒါနနှင့် ပတ်သက်၍ ဒွိဟိတ်ကုသိုလ်၊ တိဟိတ်ကုသိုလ်ဟူ၍ ရှိသည်။ ဟိတ်ခြောက်ပါးရှိရာတွင် အကုသိုလ်ဟိတ်က လောဘ၊ ဒေါသ၊ မောဟ သုံးပါးနှင့် ကုသိုလ်ဟိတ်က အလောဘ၊ အဒေါသ၊ အမောဟ သုံးပါးဟူ၍ ဟိတ်သုံးပါးစီ ရှိ၏။

အကုသိုလ်ဟိတ် လောဘ၊ ဒေါသ၊ မောဟကြောင့်ဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံသည် အကုသိုလ်ကံမည်၏။ ကုသိုလ်ဟိတ် အလောဘ၊ အဒေါသ၊ အမောဟကြောင့်ဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံသည် ကုသိုလ်ကံမည်၏။

ဒါနပြုရာ၌ ဒွိဟိန်ကုသိုလ်နှင့် တိဟိတ်ကုသိုလ်ဟူ၍ ရှိ၏။ ပညာဟိတ်မပါလျှင် ဒွိဟိတ်ကုသိုလ်ဖြစ်၍ ပညာဟိတ်ပါလျှင် တိဟိတ်ကုသိုလ် ဖြစ်၏။

ဒွိဟိတ်ကုသိုလ်သည် အလောဘနှင့် အဒေါသ ဟိတ်နှစ်ပါးပါသော ကုသိုလ်ဖြစ်၏။ အလှူဒါနပြုသောအခါ အလောဘဟိတ်မှာ မိမိပိုင်ပစ္စည်းကို အလှူခံပုဂ္ဂိုလ်ကို ရစေလိုသော စေတနာနှင့် အဒေါသဟိတ်မှာ အလှူခံပုဂ္ဂိုလ်ကို ချမ်းသာစေလိုခြင်း မေတ္တာဟိတ်ဖြစ်သော ပညာဟိတ် အမောဟမပါဘဲ ထိုဟိတ်နှစ်ပါးသာပါသော ကုသိုလ်ကို ဒွိဟိတ်ကုသိုလ်ခေါ်၏။

ဗုဒ္ဓဘာသာအများဟူသည် သာမန်မိရိုးဖလာ ဗုဒ္ဓဘာသာများ ဖြစ်ကြသည်။ ကံနှင့် ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါဖြင့် ပေးကမ်းလှူဒါန်းနိုင်ကြသည်။ ထိုဒွိဟိတ်ကုသိုလ်သည် ကာမသုဂတိဘုံလောက်မျှသာ ဖြစ်၏။ နောင်အနာဂတ်ဘဝ လူချမ်းသာ၊ နတ်ချမ်းသာကို အကျိုးပေးနိုင်၏။ ဘဝသစ် [illegible] သစ် ဖြစ်ရသဖြင့် ဝဋ္ဋကုသိုလ်ခေါ်၏။

တိဟိတ်ကုသိုလ်သည် အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါးနှင့် ယှဉ်သောစိတ်ဖြင့် လှူဒါန်း[illegible] စေတနာကို ခေါ်သည်။ ပညာဟိတ် အမောဟပါ၍ ဟိတ်[illegible] ပါးပါ၍ တိဟိတ်ကုသိုလ် ဖြစ်၏။ အလှူဒါနပြုဆဲအခိုက်[illegible] တွင် အလှူရှင်လည်းမမြဲ၊ အလှူခံပုဂ္ဂိုလ်လည်းမမြဲ၊ [illegible] ပစ္စည်းလည်းမမြဲ၊ ဒုက္ခသစ္စာဟု သိ၏။ နိဗ္ဗာန်သာ ဒုက္ခ[illegible] နိစ္စတရား၊ နိရောဓသစ္စာဟု သိပြီး ဝိပဿနာဉာဏ် [illegible] တပ်၍ ခန္ဓာဝဋ်ဆင်းရဲမှ လွတ်မြောက်လို၍ လှူပါ၏ဟု [illegible] သော် တိဟိတ်ကုသိုလ်ဖြစ်တော့၏။ ပေးလှူခြင်းမှာ အ[illegible] ချမ်းသာစေလိုခြင်းမှာ အဒေါသ မေတ္တာပါပြီး၊ ခန္ဓာဝဋ်[illegible] လွတ်မြောက်ရာ နိဗ္ဗာန်ကိုသာ လိုလားသဖြင့် အမောဟ [illegible] ဟိတ်ပါသဖြင့် ထိုကုသိုလ်သည် နိဗ္ဗာန်ကို ဆောင်ယူနိုင်[illegible] ခန္ဓာဝဋ်ကျွတ်မှုကို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်၍ ဝိဝဋ္ဋ[illegible] ကုသိုလ် ဖြစ်ရလေသည်။

(င) ဥက္ကဋ္ဌကုသိုလ်နှင့် ဩမကကုသိုလ် ။ မလှူမီ[illegible] လှူပြီးနောက်တွင် အကုသိုလ်စိတ်မဖြစ်၊ ကုသိုလ်စိတ်[illegible] ဖြစ်နေလျှင် မြင့်မြတ်သော ဥက္ကဋ္ဌကုသိုလ်ခေါ်၏။

မလှူမီနှင့် လှူပြီးနောက် အကုသိုလ်ခြံရံပါလျှင် [illegible] ဖျင်းသော ကုသိုလ်ဖြစ်၍ ဩမက ကုသိုလ်ခေါ်၏။

(စ) အလှူဒါနကို အယုတ်၊ အလတ်၊ အမြတ် [illegible] သေး၏။

(i) ဟီနဒါန-ယုတ်သောကုသိုလ် ။ မိမိသုံးစွဲသော ပစ္စည်းထက် ညံ့သောပစ္စည်းကိုသာ လှူခြင်း၊ ကျွန်အနေဖြင့် အညံ့စားကို ပေးခြင်း၊ လှူဆဲကာလတွင် စိတ်ဆန္ဒ၊ ဝီရိယ သဒ္ဓါ ညံ့နေလျှင် ထိုကုသိုလ်မှာ ဟီနဒါန ဖြစ်လေသည်။

(ii) မဇ္ဈိမဒါန - အလတ်စားကုသိုလ် ။ မိမိသုံး[illegible] သောပစ္စည်းနှင့် တန်းတူပေးလှူခြင်း၊ မိတ်ဆွေအနေဖြင့် ပေးလှူခြင်းမျိုးဖြစ်၏။ စိတ်ဆန္ဒ၊ လုံ့လဝီရိယ၊ သဒ္ဓါ ပုံမှန်အနေဖြင့် ပေးလှူခြင်းကို မဇ္ဈိမဒါန အလတ်တန်းစားကုသိုလ် ခေါ်သည်။

(iii) ပဏီတဒါန-မြတ်သောကုသိုလ် ။ မိမိသုံးစွဲသော ပစ္စည်းထက် သာလွန်ကောင်းမွန်သော ပစ္စည်းကို ပေးလှူခြင်း အရှင်သခင်မျိုးဖြစ်သောကြောင့် အထက်တန်းစားအလှူ။ လှူဆဲတွင် စိတ်ဆန္ဒ၊ လုံ့လဝီရိယ၊ သဒ္ဓါထက်သန်နေလျှင် မြတ်သော အလှူ ပဏီတဒါန၊ တစ်နည်း သာမိဒါနဟု ခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com

၂။ (က) ဆွမ်းလှူဒါန်းရခြင်းကြောင့် ရနိုင်သော အကျိုး ငါးပါးရှိ၏။

အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန ငါးပါးဖြစ်၏။ ဆွမ်းကိုပေးလှူရခြင်းကြောင့် အလှူခံပုဂ္ဂိုလ်၏ အဆင့်အတန်း မြင့်မားလေလေ ကုသိုလ်ကြီးလေ ဖြစ်သည်ကို ယခင်က ဖော်ပြခဲ့ပြီး ဖြစ်၏။ မြန်မာလိုအားဖြင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးမားခြင်း၊ ဉာဏ်ပညာကြီးခြင်းတည်းဟူသော ကောင်းကျိုးငါးပါးကို ထို ကုသိုလ်ကြောင့်ဖြစ်ရသောဘဝတွင် ရစေနိုင်၏။

(ခ) ရေလှူဒါန်းသဖြင့် ကောင်းကျိုး ၁၀ ပါး ရစေ၏။

ရေကို လှူဒါန်းသည်ဖြစ်သော်လည်း ဆွမ်းကိုလှူသော အကျိုးငါးပါးဖြစ်သည့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးမားခြင်းကိုလည်း ရ၏။ အခြွေအရံများခြင်း ငါးပါးကိုလည်း ရပြီး ကောင်းကျိုး ၁၀ ပါးကို ဆုမတောင်းရဘဲ ရ၏။

(ဂ) ပန်းလှူရခြင်းအကျိုးမှာ သုဂတိဘုံ လူ့ဘဝ၊ နတ်ဘဝကို ရစေပြီး ရုပ်ရည်လှပခြင်း၊ ကိုယ်ခန္ဓာသန့်ရှင်းခြင်း၊ ခံတွင်းမွှေးကြိုင်ခြင်းတို့ ဖြစ်သည်။

(ဃ) ဆီမီးလှူဒါန်းရသော ကုသိုလ်အကျိုးမှာလည်း သုဂတိ၊ လူ့ဘဝ၊ နတ်ဘဝကို ရစေပြီး ပကတိ မျက်စိကြည်လင်ခြင်း၊ ဉာဏ်မျက်စိခေါ် ဉာဏ်ကောင်းစေခြင်းတို့ ဖြစ်၏။

(င) မေတ္တာပို့သခြင်းကြောင့် အကျိုး ၁၀ ပါး ရရှိနိုင်၏။

ချမ်းသာစွာ အိပ်ရခြင်း၊ ချမ်းသာစွာ နိုးရခြင်း၊ အိပ်မက်ဆိုး မမြင်မက်ခြင်း နတ်များ စောင့်ရှောက်ခြင်း၊ လူများ ချစ်ခင်ခြင်း၊ မီဘေးမသင့်နိုင်ခြင်း၊ အဆိပ်လက်နက်မသင့်နိုင်ခြင်း၊ စိတ်ကြည်လင်တည်ကြည်ခြင်း၊ မျက်နှာကြည်လင်ခြင်း၊ မတွေဝေဘဲ သေရခြင်း၊ သေလွန်လျှင် ဗြဟ္မာပြည်၌ ဖြစ်ရခြင်းတို့ ဖြစ်ပါသည်။

(စ) ကျောင်း၊ သိမ် စသော အဆောက်အဦလှူဒါန်းခြင်း၏ ကောင်းကျိုးများမှာ အကျဉ်းအားဖြင့် ဖြစ်ရာဘဝ၌ ဘုံဗိမာန်နေစရာထိုင်စရာ အကောင်းဆုံးများကို ရရှိခြင်း။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးလုံးကို လှူရာရောက်ခြင်းကြောင့် ဆွမ်းအကျိုးငါးပါးကိုလည်း ရစေခြင်း၊ အဝတ်အထည်ပေါများပြီး ကျန်းမာချမ်းသာစေ၏။

အလှူကထိန်၊ ကျောင်းမှာသိမ် ဆိုသည့်အတိုင်း အဆောက်အဦတွင်လည်း သိမ်အဆောက်အဦအလှူသည် အမြတ်ဆုံးဖြစ်ပေသည်။

၃။ သီလဆောက်တည်ခြင်းဖြင့် ရနိုင်သော အကျိုးထူးများမှာ -

(i) မမေ့မလျော့ခြင်းကြောင့် များစွာသော စည်းစိမ်ဥစ္စာကို ရရှိစေခြင်း
(ii) ကောင်းသောသတင်း ကျော်စောပျံ့နှံ့ခြင်း
(iii) ပရိသတ်အလယ်၌ မကြောက်မရွံ့ မညှိုးမငယ်၊ ရဲရင့်ပွဲလယ်တင့်စေခြင်း
(iv) သေသောအခါ မတွေဝေဘဲ သေရခြင်း
(v) သေပြီးနောက် နတ်ပြည်ရောက်ရခြင်း။

၄။ **သမထ** - သီလစောင့်ထိန်းသူသည် သီလကို မကျိုးမပေါက်အောင်၊ စောင့်ထိန်းနိုင်ပါလျှင် သီလလုံခြုံ၍ စိတ်ကို ထားရာအာရုံမှာ တည်စေနိုင်၏။ သမာဓိကို ဖြစ်စေပါသည်။ သာယာရွှင်လန်းခြင်း၊ နုသော ပီတိပါမောဇ္ဇ ဝမ်းမြောက်ခြင်းမှ ရင့်သော ပီတိစိတ် နှစ်သက်ခြင်းရှိလာပြီး၊ ကိုယ်စိတ် ငြိမ်းချမ်းခြင်း၊ ပဿဒ္ဓိ ဖြစ်ပေါ်လာသဖြင့် ကိုယ်ရောစိတ်ပါ ငြိမ်းချမ်းခြင်း သုခနှင့် တည်ကြည်ခြင်း သမာဓိအား ကောင်းလာရလေသည်။ ထိုအခါ စိတ်ပျံ့လွင့်ခြင်းနည်းကာ တည်ကြည်မှုအား တိုးတက်ဖြစ်ပေါ်၍ စိတ်ကို ထားရာအာရုံမှာ တည်စေနိုင်၏။ စူးစိုက်အားကောင်းလာခြင်းကို သမာဓိခေါ်၏။

သမာဓိကိုလည်း ဟီန၊ မဇ္ဈိမ၊ ပဏီတ ဟူ၍ ခွဲနိုင်သေး၏။ သမာဓိရကာမျှကို ဟီနသမာဓိခေါ်၏။ လွန်စွာ သမထအလုပ်မပွားရသေးသော်လည်း တော်တော်ငြိမ်းချမ်းမှု ရှိလာခြင်းကို မဇ္ဈိမသမာဓိခေါ်၏။ သမထကျင့်စဉ်လေးဆယ်ရှိရာတွင် နှစ်သက်ရာကို ပွားများအားထုတ်၍ နိုင်နင်းစွာ ပွားပြီးပါက ပဏီတအားကောင်းသော မြတ်သောအဆင့်သို့ ရောက်၏။

မျက်မှောက်ဘဝ၌ ချမ်းသာနေရခြင်း၊ ဒိဗ္ဗစက္ခု နတ်မျက်စိကဲ့သို့ အမြင်ရရှိခြင်း၊ သတိမြဲခြင်း၊ သတိသမ္ပဇဉ် ဆင်ခြင်ဉာဏ်အားကောင်းခြင်း၊ ဝိပဿနာဉာဏ်မှ လောကုတ္တရာဉာဏ်ထိတက်နိုင်လျှင် ဂုဏ်ကိလေသာအာသဝေါကုန်ခန်း၍ အရဟတ္တ အဖြစ် ရောက်စေနိုင်ခြင်း၊ အထောက်အပံ့ဖြစ်စေခြင်း ကောင်းကျိုးရစေ၏။

သမထရိုးရိုး၏ သတ္တိအားဖြင့် ဈာန်ကုသိုလ်ဖြစ်၍ သေလွန်ပါက ဗြဟ္မာဘုံမှာ ဖြစ်ရလေသည်။

၅။ **ပညာ** ။ ပညာဟူသည် အမှန်အတိုင်းသိမြင်ခြင်း ဖြစ်၏။ လောက၌ မကောင်းသောပညာနှင့် ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုပညာဟူ၍ သူ့လမ်းနှင့်သူ ရှိ၏။ သို့သော် မကောင်းသော ပညာသည် အများကို ပြု၍ မိစ္ဆာပညာ ခေါ်နိုင်၏။

အများကိုတတ်သိသော ပညာကြောင့် ပြုသူရော ခံရသူပါ ဒုက္ခရောက်၍ ဆိုးကျိုးကို ဖြစ်စေ၏။ ပညာအတုအရောင်သာ ဖြစ်၏။ မကောင်းတရားကို ကောင်းတရားထင်ခြင်းမှာ အမှတ်မှား၊ အသိမှား၊ အယူမှားခြင်း ဝိပ္ပလ္လာသပေါ်လာသော အမြင်မှာ မိစ္ဆာဒိဋ္ဌိကို ဆိုလို၏။

ပညာအစစ်အမှန်ကိုသာ ပညာခေါ်၏။ သမ္မာဒိဋ္ဌိလည်း ခေါ်၏။ အမှားပယ်၍ အမှန်သိသော အမှန်သိမှုပညာကို သမ္မာဒိဋ္ဌိခေါ်၏။ သမ္မာဒိဋ္ဌိ ငါးမျိုးရှိ၏။

(က) ကမ္မဿကတာသမ္မာဒိဋ္ဌိ ။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ ကောင်းကျိုးဆိုးကျိုးကို ယုံကြည်သော အမြင်။

(ခ) ဈာနသမ္မာဒိဋ္ဌိ ။ သမထရိုးရိုးဖြင့် သိအပ်သော၊ ရအပ်သော ပညာအမြင်။

(ဂ) ဝိပဿနာသမ္မာဒိဋ္ဌိ ။ သမထနှင့် ဝိပဿနာတွဲ၍ ရုပ်နာမ် ပရမတ် ခန္ဓာ၏ သဘာဝလက္ခဏာ ဖြစ်ပျက်ကို သိမြင်သော ဉာဏ်အမြင်။

(ဃ) မဂ္ဂသမ္မာဒိဋ္ဌိ ။ သင်္ခတနယ်ဖြစ်ပျက်မှ လွန်မြောက်၍ ဖြစ်ပျက်ချုပ်ငြိမ်းနေခြင်း သဘောကို သိမြင်သော ဉာဏ်အမြင်။

(င) ဖလသမ္မာဒိဋ္ဌိ ။ မဂ်နောက်တွင် ကပ်လျက်ပေါ်သော ဉာဏ်ဖြစ်၍ နိဗ္ဗာန်ကို အာရုံပြု၍ သိနေသော ဉာဏ်အမြင်။

၆။ ရွှေအိုးမြှုပ်ခြင်း

(က) ဇဂ်မရွှေအိုး ။ ပတိရွှေတုံးများ၊ ရွှေထည်ပစ္စည်းများကို စဉ့်အိုးငယ် စသည့်၌ လုံခြုံစွာထည့်၍ မြေ၌မြှုပ်ထားခြင်းကို ဆို၏။ ရေအောက်ရှိ မြေ၌တူး၍ဖြစ်စေ၊ လုံခြုံစိတ်ချရသော၊ လူသူမသိနိုင်သော မြေနေရာ၌ဖြစ်စေ တူး၍ မြှုပ်ထားခြင်းမျိုးဖြစ်၏။

မင်းဘေး၊ မီးဘေး၊ ခိုးသားဘေး၊ ရေဘေး၊ မချစ်မနှစ်က်သော အမွေခံဘေးများမှ ကာကွယ်လို၍ မြှုပ်နှံသိမ်းဆည်းထားခြင်းများ ဖြစ်၏။ ကြွေးမြီတင်သော်၊ ဝတ်မွတ်ခေါင်းပါးဘေးကျသော်၊ လိုအပ်သောအခါ ထုတ်ယူသုံးစွဲရန် ဖြစ်၏။ ထိုသို့ မြှုပ်နှံထားခြင်းသည် နေရာရှေ့ာတတ်၏။ နေရာများတတ်ခြင်းများကြောင့် ပျောက်ဆုံးနိုင်၏။ ရှေးခေတ်ကာလများတွင် အသုံးပြုသော သိမ်းဆည်းသိုဝှက်ထားနည်း ဖြစ်၏။

(ခ) အနုဂါမိကရွှေအိုး

အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းတို့ဖြင့် လုံခြုံစေ၍ ကုသိုလ်တိုးပွားခြင်းဖြစ်စေသော ကုသိုလ်ပြု အနုဂါမိကရွှေအိုးဟု ခေါ်၏။ ဤရွှေအိုးသည် လူနတ်တို့၏ ဟူသမျှကို ပေးစေနိုင်၏။ တောင့်တအပ်သော ချမ်းသာကို နိုင်၏။ အသံကောင်းခြင်း၊ အဆင်းလှခြင်း၊ ဉပဓိရုပ်ကောင်း အစိုးရခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း ကောင်းကျိုးများကို ရစေနိုင်၏။

ဒါနသီလ ကုသိုလ်သည် ရွှေအိုးအစစ် မဟုတ် လည်း ရွှေအိုးအစစ်ထက် သာလွန်သော ကောင်းကျိုး အပြင် မိမိနှင့်သာ ဆိုင်၏။ သူတစ်ပါးနှင့်မဆိုင်။ ရန် လုယူ၍မရ။ ခိုးယူ၍လည်းမရချေ။ ယခုဘဝနှင့် တ အနာဂတ်ဘဝများစွာတွင် ကောင်းကျိုးအနန္တကို ရစေနိုင်

(ဂ) အနုဂါမိက ရွှေအိုးမြှုပ်ရန် ဌာနများမှာ -

စေတီ၌၊ ရဟန်းသံဃာ၌၊ သီလဝံတပုဂ္ဂိုလ်၌၊ ညီ ၌၊ အမအဖတို့၌၊ အစ်ကိုကြီး,အစ်မကြီးတို့၌ ပေးလှူခြ ကောင်းမှုတည်းဟူသော အနုဂါမိကရွှေ ကို မြှုပ်ရာရော လှူဒါန်းနိုင်ကြပါစေ။

(ဃ) အနုဂါမိကရွှေအိုးမြှုပ်၍ ရနိုင်သော အကျိုး များမှာ -

ပဒေသရာဇ်မင်း၊ ကေရာဇ်မင်း၊ စကြဝတေးမင်း လည်း ရနိုင်၏။ နတ်ပြည်၌ နတ်တို့၏ နတ်မင်းအဖြစ် ရ လူ့ပြည်၌ လူ့စည်းစိမ်၊ နတ်ပြည်၌ နတ်စည်းစိမ်အပြင် ချမ်းသာကိုပါ ရစေနိုင်သော အထောက်အပံ့လည်း အရိယာသာဝကဖြစ်နိုင်၏။

ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ သာဝကပါရမီ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်များ စသော အ ထူးများကိုလည်း အနုဂါမိကရွှေအိုးကြောင့် ရနိုင်လေ၏ အနုဂါမိကရွှေအိုး မြှုပ်ခြင်းကောင်းမှုကို ကြီးမြတ်သော အ ထူးများရစေနိုင်၍ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ပ သူတော်ကောင်းများ ချီးမွမ်းကြကုန်၏။

၇။ ဒါနပြုလုပ် အလှူအတန်းပေးကြသော ကုသိုလ် ဒွိဟိတ်ကုသိုလ်နှင့် တိဟိတ်ကုသိုလ်ဟူ၍ရှိရာတွင် (က) ဒွိ ကုသိုလ်သည် ပညာဟိတ်မပါ၍ သစ္စာမသိသဖြင့် ပဋိစ္စသ ခန္ဓာအစဉ်မပြတ်သဖြင့် တစ်ဘဝပြီးတစ်ဘဝ ဆက်ဖြ



www.burmeseclassic.com

www.burmeseclassic.com

(ခ) တိဟိတ်ကုသိုလ်သည် ပညာဟိတ်ပါ၍ သစ္စာသိသဖြင့် ပဋိစ္စသမုပ္ပါဒ်ခန္ဓာအစဉ်ကို ပြတ်စေ၏။ ကံကိုဖြတ်နိုင်၏။ တဏှာကို ဖြစ်ခွင့်မရ။ ဝိပဿနာဉာဏ် အထွတ်တင်သော သစ္စာအသိဖြင့် လှူသောကုသိုလ် ဖြစ်၏။

(ဂ) ဒွိဟိတ်ကုသိုလ်သည် သုစရိုက်ဆယ်ပါးတွင် ကံနှင့်ကံ၏အကျိုးကို ကေန်ရှိ၏ဟု ယုံကြည်သောဉာဏ်အမြင်၊ ကမ္မသကတဉာဏ်ခေါ် ကမ္မသကတသမ္မာဒိဋ္ဌိအမြင်ဖြင့် ပြုလုပ်သော ကုသိုလ်ဖြစ်၏။ ကောင်းမှုကုသိုလ်ပြုပါက ပြုလိုက်သော ကုသိုလ်ကံ၏ သတ္တိသည် အနာဂတ်ဘဝ၌ အကျိုးခံစားရမည်ကို သိသောဉာဏ်ဖြင့် လှူဒါန်းကြကုန်၏။

ထိုကုသိုလ်ကို ရိုးရိုးလှူဒါန်းပေးကမ်းမှု ခေါ်၏။ စွန့်ကြဲပေးကမ်းလိုသော အလောဘဟိတ်နှင့် စားစေချင်၊ သောက်စေချင်၊ ရစေချင်၊ ကျန်းမာချမ်းသာစေချင်သော မေတ္တာစေတ်ပါ၍ ဒေါသနှင့် ဆန့်ကျင်ဘက် အဒေါသဟိတ်ပါ၏။ ထိုဟိတ်နှစ်ပါး အလောဘနှင့် အဒေါသဟိတ်ပါသော ကုသိုလ်ဖြစ်၍လည်း ဒွိဟိတ်ကုသိုလ် ခေါ်ပေသည်။

ထိုကုသိုလ်သည် ကုသလာဓမ္မာမ[ဖြ]စ်ဘဲ ကုသလာငါဖြစ်၍ ငါလှူလျှင် ငါရမည်၊ ငါခံစားရမည်ဟူ[သော] သက်တာဓမ္မကို ငါထင်သော ဒိဋ္ဌိတဏှာပါ၍ ဘဝသစ်ဖြစ်ကာ ဘဝလည်စေမည့် ဝဋ္ဋဒါနကုသိုလ်ဖြစ်၍ လူ့နတ်စည်းစိမ် ခံစားရမည်ဖြစ်သော်လည်း နိဗ္ဗာန်နှင့်တော့ ဝေးသေး၏။

(ဃ) တိဟိတ်ကုသိုလ်သည် အလောဘ၊ အဒေါသ [ဟိတ်]နှစ်ပါးနှင့် ပညာဟိတ် အမောဟပါသဖြင့် ဟိတ်သုံးပါးယှဉ်[သော] ကုသိုလ်ဖြစ်လေသည်။ လူ့,နတ်,နိဗ္ဗာန် သုံးတန်သော အကျိုးကို ရစေနိုင်၏။

ကုသိုလ်ပြုစဉ်မှာ ကံနှင့် ကံ၏အကျိုးကို ယုံကြည်သော ကမ္မသကတဉာဏ်လည်း ပါ၏။ ခန္ဓာသည် ဒုက္ခသစ္စာအမှန်ဖြစ်သည်ကိုသိ၍ ခန္ဓာဝဋ်ကျွတ်လို၍ လှူဒါန်းပါ၏ဟု ဉာဏ်ယှဉ်၍ လှူသဖြင့် အမောဟ ပညာဟိတ်ပါ၍ ဟိတ်သုံးပါးယှဉ်သော ကုသိုလ်ဖြစ်၍ ဝဋ်ကျွတ်၍ နိဗ္ဗာန်ရနိုင်သဖြင့် ဝိဝဋ္ဋဒါနကုသိုလ်လည်းဖြစ်၏။

တိဟိတ်ကုသိုလ်ဖြစ်စေရန် ကုသလာအနဝဇ္ဇဝိပါက လက္ခဏာဟု ဖွင့်ဆိုသဖြင့် ဓမ္မအရ နိဿတ္တ နိဇ္ဇီဝသဘာဝ၏ အဓိပ္ပာယ်ကို သိပြီး လှူတတ်ရပါမည်။

(i) နိဿတ္တအရ ပုဂ္ဂိုလ်မဟုတ်၊ ငါမရှိ၊ သူမရှိ၊ သတ္တဝါမရှိ။ အကြောင်းတရားများပြုပြင်၍ ဖြစ်ပေါ်သော ရုပ်နာမ်သာအမှန်ရှိ၏ဟု တစ်ချက်။

(ii) နိဇ္ဇီဝအရ အသက်ကောင်၊ လိပ်ပြာကောင် မရှိဟု တစ်ချက်။

(iii) သဘာဝအရ အကြောင်းတရားများက ပြုပြင်၍ ဖြစ်ပေါ်လာသော အကျိုးသဘောကလေး၊ သင်္ခတပရမတ် ဓမ္မသက်သက်မျှသာ ဖြစ်သည်။ သဘောဖြစ်၍ သဘောပျက်ခြင်းကို သိမှုတစ်ချက်။

ထိုသုံးချက်ကို နားလည်သဘောပေါက်ပြီး လှူခဲ့ပါလျှင် ပညာဟိတ်ပါသော အလှူလည်းဖြစ်၏။ ကုသလာအရ ကုသိုလ်ကံရမည်၊ ဓမ္မာအရ အမောဟဉာဏ်ပညာကို အထွတ်တပ်သော ကုသိုလ်လည်း ဖြစ်သွား၏။ အမြတ်ဆုံးကုသိုလ် ဖြစ်သွားလေသည်။ ဥပနိဿယ သတ္တိဖြင့် နိဗ္ဗာန်သို့ ရောက်စေမည်ဖြစ်၏။ လူဖြစ်လျှင် လူထိပ်တန်းစား၊ နတ်ဖြစ်လျှင် နတ်ထိပ်တန်းစား ဘဝကိုလည်း ရစေ၏။

အကျဉ်းနည်းအားဖြင့် ဖော်ပြရသော် တိဟိတ်ကုသိုလ်ဖြစ်စေရန် ဒါနပြုရာတွင် -

(i) ကုသိုလ်ကံကြောင့် ဇာတိဘဝသစ်ရလျှင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတည်းဟူသော ဒုက္ခသစ္စာအမှန်ကို သိ၏။ ဒုက္ခသစ္စာကို မလိုချင်သော ခန္ဓာဝဋ်ကျွတ်လို၍ လှူပါ၏။

(ii) လှူဆဲကာလမှာ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ သုညတ ပရမတ်ရုပ်နာမ်တို့၏ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ဝိပါကဝဋ် ချုပ်ငြိမ်းရုပ်သိမ်းလို၍ လှူပါ၏။

(iii) ပြုလိုက်သော ကုသိုလ်ကံသည် စေတနာနာမ် တရားဖြစ်၍ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတောဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာဉာဏ်သုံးချက်ကို သိမြင်၍ ဝိပဿနာဉာဏ်မဂ်သည် ကံကိုပြတ်စေ၏။ တဏှာကို ပယ်သတ်နိုင်သဖြင့် တဏှာနိရောဓော နိဗ္ဗာနံ ဖြစ်ကာ နိဗ္ဗာန်ကို ရောက်စေနိုင်သော ဥပနိဿယသတ္တိဖြင့် ပို့ဆောင်စေ၏။ လက်ရှိဘဝနှင့် [ပြု]ခဲ့ရာဘဝမှာ အရိယာသာဝကဖြစ်ကာ လမ်းပြကောင်းနှင့်တွေ့၍ နိဗ္ဗာန်ရောက်ကြောင်းအကျင့် မဂ္ဂဗြဟ္မစရိယကို ကောင်းစွာကျင့်ကာ နိဗ္ဗာန်ရစေမည် ဖြစ်၏။

မေတ္တာ,သစ္စာ,သည်းခံ

**ဖိုးသန်းကျော်(ရေကြည်သား)**



www.burmeseclassic.com

www.burmeseclassic.com



# ဘဝအမောရှာ ရှုချမလား

## လု တော ရွာ ဟာ သ မျာ း

■ ဦးကောင်းထူး

### ဘာမြန်သလဲ မမေးနဲ့

ကောက်စိုက်သမ တစ်စုသည် ကောက်စိုက်နေရင်းမှ စပ်မိစပ်ရာ စကားများကို ပြောနေကြလေ၏။

ဤတွင် တစ်ယောက်က ...

"မောင်းနွားတွေထဲမတော့ ငါတွေ့ဖူးတဲ့နွားမျိုး ကြားတောင်မကြားဖူးဘူး။ လယ်ကိုင်းကနေ ကျောင်းတော်ရာကို လှည်းမောင်းသွားတာ ဘုရားရောက်မှ လှည်းစီးသူမပါမှန်းသိပြီး ဒုန်းစိုင်းပြေးလာသတဲ့။ လှည်းပေါ်က ကျကျန်ခဲ့တဲ့လူ မြေကြီးပေါ်မရောက်ခင် လှည်းကပြန်ရောက်လာတာပဲ"

ထိုအခါ နောက်တစ်ယောက်က အနိုင်မခံစိတ်နှင့် –

"အဲဒီနွားတွေက နွားမတွေ ထင်ပါရဲ့ဟယ်။ တို့အိမ်မှာရှိတဲ့ မောင်းနွားနှစ်ကောင်မှ တကယ်ကောင်းတာ။ ညည်းပြောသလိုပဲ လှည်းပေါ်ကလူ ကျကျန်ခဲ့လို့ ပြန်ရှာတာ မတွေ့ပြန်ဘူး။ ဒါနဲ့ သွားလမ်းအတိုင်း ပြေးပြီးကြည့်တော့လည်း မတွေ့ပြန်ဘူး။ နောက်တစ်ခေါက် ပြန်လာတော့မှ မြေကြီးပေါ်မရောက်ခင်တွေ့လို့ လှည်းထိုးရပ်ပေးလိုက်ရသဟေ့"

■

### သည်နည်းပဲ ရှိတော့တယ်

မိုးမြစ်ရေပြည့်လာပြီဆိုလျှင် လုတောလယ်သမားများ အပြေးအလွှားရေသွင်းကာ ထွန်ယက်စိုက်ပျိုးကြလေ၏။

လယ်သမားကြီးတစ်ယောက်သည် ကန်သင်းပေါ်တက်ရပ်ကာ သူ့လယ်ကွက် သူပြန်ရှာကြည့်ရင်း ...

"ခုပုံနဲ့တော့ စိုက်ရက်ဝေးပါသေးတယ်။ စပါးစိုက်တာက မြေပုပ်တွေ၊ နောက်ချေးတွေနဲ့ မှုးရေ သမပြီး စမရေ အိုးပွက်သလိုပွက်ထနေမှ စိုက်လို့ကောင်းတာကွ"

ထိုအခါ ကန်သင်းပေါ်ရောက်နှင့်နေသူက မှတ်ချက်ချလေ၏။

"ဒီအချိန်ဟာ ပင်ဆောင်လာကြည့်နေကျ အချိန်ပဲဗျ"

"ဒီနှစ်သော့ ခုအချိန်မှာ ပင်ထောင်ကြည့်ဖို့ ဆင်းလာရင်ဖြင့် ဟောဒီ ပင်ထောင်ပါပဲဆိုပြီး လယ်စပ်က ထန်းပင်တွေကို လက်ညှိုးထိုးပြရုံပဲ ရှိတယ်ဟေ့"

■



www.burmeseclassic.com

www.burmeseclassic.com

## ဝေသာလီ ဘီလူးဓာတ်

ရွှေဘိုတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြို့ထောင့်စေတီဘုရားပွဲတွင် ဖြစ်၏။

လှတောသားတို့သည် ပွဲခင်းထဲလည်နေရာမှ မြို့ခံမိတ်ဆွေနှင့်တွေ့ပြီး ထိုမြို့ခံမိတ်ဆွေက ထမင်းကျွေးပါရစေဆိုကာ မြန်မာထမင်းဆိုင်တစ်ဆိုင်သို့ ခေါ်သွားလေ၏။

"ကြက်သား၊ ဝက်သား၊ ငါး၊ အမဲ၊ ဆိတ်၊ ဘဲ ... ဟင်းတစ်မျိုး နှစ်ခွက်စီထည့်ပါ"

သို့ဖြင့် တစ်အောင့်လေးအတွင်း စားပွဲခေါ် ဟင်းပန်းကန်တွေ ပြည့်သွားရာက အရင်းနှီးဆုံး လှတောသားက ..

"ဟလိုလေး ... လူရယ်၊ ထမင်းကျွေးဖို့ ခေါ်လာတယ်မှတ်ပါ။ တို့ကို ဝေသာလီပြည်က ဘီလူးဓာတ်သွင်းနေပါကလားကွယ်"

■

## လက်မှတ်ကလေးထိုးတာများ

သက်ဆိုင်ရာမှ လှတောသားလယ်သမားများကို စိုက်ပျိုးစရိတ် ထုတ်ပေးနေချိန်ဖြစ်၏။

ငွေယူမည့်သူက ရှိုကြောင်း လက်မှတ်ထိုးရ၏။

တချို့က လက်မှတ်ထိုးရာတွင် ဖြောင့်လို့ ချောလို့။

တချို့ကျပြန်တော့ အထစ်ထစ်အငေါ့ငေါ့။

ဤတွင် ဘေးမှလူတစ်ယောက်က လက်မှတ်ထိုးရမှာ တွန့်နေသူကို ပြောလိုက်သည်။

"ဒီနားမှာထိုးကွ။ ဟလိုလေး ... မောင်ရာ၊ လက်မှတ်ကလေးတစ်ချက်ထိုးမှာများ စစ်ကိုင်းတံတားကြီး ပန္နက်ရိုက်တာကျနေတာပဲ"

## ပုစဉ်းတောင်မြင်ဖူးရဲ့လား

လှုငယ်တစ်စု ဆည်မြောင်းရေလာမလာ စောင့်ကြည့်ရင်း ဗဟုသုတချင်း ပြိုင်နေကြသည်။

"ဟော့ ... ဖော်ကာက မင်းဂျက်ထက် ဂေါင်းတယ်"

"ရမ်းတုတ်လိုက်လေကွယ်။ ဂျက်က ပန်ကာမပါဘူးကွ။ အသံထက်မြန်တယ်။ နားလည်းမလည်ဘဲနဲ့"

"ဖော်ကာကလည်း ပန်ကာမလိုပါဘူးလေ"

"ဒီမယ်ဟော့ ... ငါ့ဖော်ကာက ထိုင်နေရင်းနဲ့ ခလုတ်နှိပ်လိုက် တီဗီကြည့်လို့ရတယ်။ ဗီဒီယိုဖွင့်လို့ရတယ်။ လက်ဖက်ရည်သောက်ဦးမလား ... အားလုံးရတယ်ကွ"

"ငါ့ဂျက်လေယာဉ်က မင်းဖော်ဂ၁ထက်တောင် ရသေး။ တည့်တည့်ဆင်းမလား၊ ထောင်ပြီးတော့ပဲတက်မယား၊ ရတယ်။ မင်းဖော်ကာ ရမတဲ့လား"

"ဟော့ ... ငါ့ဖော်ကာက ..."

မပြီးနိုင် မစီးနိုင် ငြင်းနေကြသည့်အတွက် မလှမ်းမကမ်းမှ လူကြီးတစ်ယောက်က ဒိုင်လုပ်ပြီး ဆုံးဖြတ်ပေးလိုက်ရလေ၏။

"တော်ကြကွာ တန်ကြ။ ဂျက်တွေ၊ ဖော်ကာတွေ ကြီးကြီးကျယ်ကျယ် ငြင်းနေရအောင် မင်းတို့က ပုစဉ်းတောင်စုံအောင်မြင်ဖူးလို့လား ... ဟင်"

■

## နှိုင်းချက်ကတော့ စံတင်လောက်ပါတယ်

လှတောသူမိခင်သည် မုံရွာရောက်သမီးဖြစ်သူ နေမကောင်းဖြစ်သည် ဆိုသဖြင့် အပြေးအလွှား ရောက်သွားခဲ့၏။

မုံရွာသို့ရောက်လေသော် သမီးဖြစ်သူမှာ ဖြီးလို့ လိမ်းလို့ ရယ်ရယ်မောမော ထူထူထောင်ထောင်ဖြစ်နေရာ အမောပြေသွားရလေသည်။

"အမေဖြင့် ပူလိုက်ရတာ မီးပုံထဲကျသလားမှတ်ရ။ ခု ဘယ်လိုနေသေးလဲ"

ထိုအခါ သမီးက တိုးတိုးလေး ကပ်ပြောလိုက်၏။

စင်စစ်မူ သမီးတို့လင်မယား လက်ညှိုးညွှန်ရာ ရွှေဖြစ်နေသော်ငြား အိမ်ထောင်သက်ကိုးနှစ်အတွင်း သားသမီး မထွန်းကားခဲ့။

ဆရာပေါင်းစုံ၊ နည်းမျိုးစုံနှင့် ပြုပြီးကုသပါသော်ငြား ကိုယ်ဝန်ရခါစမှာတင် ပျက်ကျရပြန်သည်တဲ့။

"သားသမီးလိုချင်လို့ ရှူးနေတဲ့ ညည်းတို့လင်မယားကျမှ ကလေးပျက်ရတယ်လို့အေ။ ကာကဝလ္လိယအိမ် သူနိုးနိုးတယ်ဆိုတာကမှ တော်ဦးမယ်"

ကာကဝလ္လိယဟူသည် ဆင်းရဲသည့်ဘဝ၊ အဝတ်တစ်ထည်တည်း နှစ်ယောက်ခွဲဝတ်ရသကဲ့သို့ နာမည်တောင်မှ တစ်နာမည်တည်း ဝေယူထားရသဖြင့် မယားကာကု၊ လင်ကာကဟူ၍ နာမည်ကြီးခဲ့ပေ၏။

သူ့သမီး ကလေးဆင်းရဲသည့် အဖြစ်ကို ကာကမောင်နှံနှင့် နှိုင်းချက်ကမူ စံတင်လောက်သည်ဟု ဆိုရပေမည်တကား။

■

## ဓားခုတ်ကောင် မီးနဲ့တို့တာထက်

ရွှေဘိုကားပေါ်၌ အမျိုးသမီးတစ်ယောက်သည် လှတောသားနှင့်ကပ်လျက် နေရာရခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ကားထွက်လာသောအခါ ကားဆောင့်၍ လူချင်းထိမိတိုင်း အမျိုးသမီးက တွန့်တွန့်သွားရလေ၏။

မကြာခဏဆိုတော့လည်း သည်းမခံနိုင်သည့်အဆုံး –

"ဘယ့်နှယ်ကြောင့် ဒီလောက်တိုးနေရတာလဲ။ ယောကျ်ားမဟုတ်တဲ့အတိုင်း အရှိုးကပျော့လိုက်တာ"

ဟု မြည်တွန်တောက်တီးလိုက်သည်။

ပထမတော့ လုတောသားက ကျေရာကျေကြောင်း တောင်းပန်ပါသေး၏။

"တမင်တိုးတာ မဟုတ်ပါဘူးဗျာ။ ကားက ယမ်းခါနေလို့ပါ"

"အံမယ် ... ရှင်အသားယူနေတ များ။ မသိတာမှတ်လို့။ လူကိုများ ဘာထင်နေလို့လဲ"

အသားလွတ် ရန်ထောင်မြဲ ရန်ထောင်နေသည်မို့ လုတောသားလည်း ငြိမ်ခံ၍ မနေနိုင်တော့။

"ဘာထင်ရမှာလဲ ...။ ဓားခုတ်ကောင်ထင်တာပေါ့။ ခင်ဗျားကို ပြစ်မှားဖို့များ ဝေလာဝေး။ ခင်ဗျားယူမိတဲ့လူဟာ မသာလောင်းပိုက်သလိုဖြစ်မယ်သိလား။ ငါးရှဉ့် ကျပ်တိုက်ထားတဲ့ပုံနဲ့များ တွန့်တွန့်သွားလိုက်တာ ... ဓားခုတ်ကောင်မီးနဲ့တို့တာထက် ဆိုးဦးမယ်"

■

## သံဆုံနဲ့တောင် ထောင်းရသေး

လုတောသူ ကောက်စိုက်သမများနှင့် တခြားရွာသူကောက်စိုက်သမများ အရိပ်ကောင်းရာတွင် ထမင်းစားရင်း ဆုံကြလေ၏။

ဤတွင် တခြားရွာသူက –

"ဟင်းကတော့ အဖေစားနိုင်အောင် တစ်ခါတည်းရောချက်ခဲ့ရတာ။ အဖေက သွားမကောင်းတော့ဘူးလေ။ မကောင်းဆို လိုမ့်ထားတဲ့ ငှက်ပျောသီးမှည့်တောင် ကောင်းကောင်းဝါးနိုင်တာ မဟုတ်ဘူး"

ထိုသို့ ပြောဆိုလေရာ သူတို့ကို ကျောသည်ဟုထင်သော လုတောသူက ပက်ခနဲ ပြောချလိုက်ပါလေ၏။

"မယ်မင်းကြီးမ အဖေက တော်သေးတာပေါ့။ တို့အိမ်က အဖေဖြင့် မဝါးနိုင်တော့လို့ ရေတောင် သံဆုံနဲ့ထောင်းပြီး တိုက်ရတာတော့"

■

## စိုးရိမ်ရတယ်

သားယောကျ်ားလေးဟု ဆိုသော်ငြား ကျားကျားလျားလျားမရှိ။

ကုပ်ချောင်းချောင်းနှင့် စိတ်ပျက်စရာကောင်းနေသည့်ကြားထဲ လုံချည်ခွေးချေးသိမ်းဝတ်ပြီး၊ ဆံရှည်ကျောဝဲနေသော သားမို့ ဖခင်က ကြည့်မရဖြစ်နေသည်။

ခုလည်း သနပ်ခါးအဖွေးသားဖြင့် အပြင်ထွက် လမ်းသလားရန် ပြင်နေပြန်ပြီကော။

ဖခင်ဖြစ်သူက သမီးဖြစ်သူတို့အား အော်ပြောလိုက်ပြန်၏။

"ဟဲ့ ... သမီးတို့၊ ခါးတောင်းကျိုက်ပြီး တုတ်တစ်ချောင်းစီကိုင်၊ ညည်းတို့အစ်ကိုကို လိုက်စောင့်ရှောက်ကြစမ်း။ တော်ကြာ လမ်းမှာ ဖက်အနမ်းခံရမှာစိုးရသဟဲ့"တဲ့။

■

## ကိုယ့်အထွာနဲ့ ကိုယ်ပဲပေါ့

တီမ်တောင်မိုးသားများ တလိပ်လိပ် တက်နေသော်ငြား မိုးက တစ်စက်ကလေးမျှပင် မရွာ။

တိမ်သားတို့ တဖြည်းဖြည်းဝေးပြီး လွင့်ပြယ်သွားသည်ကို ကြည့်ပြီး လူငယ်တစ်ယောက်က ဟင်းချကာ –

"တချို့တိုင်းပြည်တွေမှာများ ခုလို မိုးသားတက်ပြီး မိုးမရွာရင် မိုးသားပေါ်က ရေခဲတွေကြဲပြီး မိုးအတုရွာပေးသတဲ့။ ကျုပ်တို့လည်း အဲသလိုလုပ်ရင် ကောင်းမယ်"

ဟု ဆိုသော် အဘိုးကြီးတစ်ယောက်က –

"ကိုယ့်အထွာနဲ့ကိုယ် တန်ရာတန်ရာပေါ့ ငါ့တူရယ်။ ဒေါင်းဥထဲ စာသူငယ်ဝင်ရင် ရင်ကွဲသလို စာဥထဲ ဒေါင်းဝင်ပြန်လည်း ဥကွဲသတဲ့။ အင်း ... တစ်နေ့တော့ မင်းပြောသလို ဖြစ်ကောင်းပါရဲ့"

■

## မြင်ယောင်မိသေးတယ်

ရွှေကျင်ရွာ ရှင်ပြုအလှူပွဲသို့သွားသော လုတောသားများ တစုတဝေးပြန်လာကြရာ လမ်း၌ –

"ဟလိုလေး ... တကယ့်အလှူပွဲပါပဲဗျာ။ က်ရွာတံခါးဖွင့်ပွဲကြီးတမျှ ကျွေးလိုက်မွေးလိုက်တာကလည်း ထမင်းရည်ချောင်းစီး၊ ချက်တဲ့ပြုတ်တဲ့ အိုးကြီးတွေများ ကျွဲအုပ်ကြီးအိပ်နေသလား မှတ်ရ"

တစ်ယောက်က စလိုက်ရာက အတူလာသူတစ်ယောက်က –


"ဟုတ်ပါရဲ့။ မိုးပြဲဒယ်ကြီးတွေက တစ်မျှော်တစ်ခေါ်ပါပဲ၊ ဒါပေမဲ့ အဲဒါကြီးတွေမြင်တော့ ငရဲပြည်မှာ ငရဲသားကို မျှော်နေတဲ့ ယမမင်းရဲ့ ဒယ်အိုးကြီးတွေ သွားမြင်ယောင်မိသေးဗျ"

ဦးကောင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပတ္တမြားနဂါး

မောင်တော်တိန်

"ဟာ..ဦးလွင်မောင်..ဘယ်တုန်းဗျ၊ ကျွန်တော်တို့လိုပဲ ပင်စင်ရှုံးသွားမလို့မဟုတ်လား၊ တွေ့ရတာဝမ်းသာလိုက်တာ"

ဆယ်နှစ်ကျော် မတွေ့ဖြစ်သောရုံးမှ လုပ်ဖော်ကိုင်ဖက်လင်မယားက ဦးလွင်မောင်အား အမှတ်(၅၁) Bus Car ပေါ်တွင် တွေ့သဖြင့် နုတ်ဆက်လိုက်ခြင်းဖြစ်ပါသည်။ သူတို့က ဆက်ပြောပါသည်။

"ဦးလွင်မောင်နဲ့တွေ့ရတာ အတော်ပဲဗျို့၊ ကျွန်တော်တို့နဲ့အတူတူ ပင်စင်ရှုံးသွားကြမယ်၊ ကျွန်တော်တို့ကလည်း အဖော်ရှာနေတာ၊ ပင်စင်တွေမထင်မှတ်ဘဲတိုးလို့ ဝမ်းသာတုန်း ဦးလွင်မောင်ကြီးနဲ့တွေ့ရတာပိုပြီး ဝမ်းသာပါတယ်ဗျာ"

"အင်းပေါ့လေ၊ မတွေ့ဆိုကိုယ် အလုပ်ထွက်ပြီးကတည်းက ဆိုပါတော့ ကိုယ်က ပင်စင်ရှုံးသွားမလို့မဟုတ်ပါဘူး၊ မြို့ထဲကို ကိစ္စရှိလို့သွားမလို့ပါ။ ကိုယ်က ပင်စင်မရဘူးလေ၊ လုပ်သက် ၂၇နှစ်နဲ့ ဒီအတိုင်းထွက်ပစ်လိုက်တာ"

. "ဗျာ..ဟုတ်လား၊ ကျွန်တော်တို့က ဦးလွင်မောင်ကြီး ပင်စင်ရသွားတယ်အောက်မေ့တာ"

"မရပါဘူးကွယ်၊ ထွက်မရလို့မရရအောင် ရသလိုထွက်ခဲ့တာပါ"

"ကျွတ်၊ ကျွတ် လုပ်သက်တွေနမြောလိုက်တာဗျာ"

စကားပြောရင်း ၈ မိုင်တွင် ထိုဇနီးမောင်နှံဆင်းသွားကြပါသည်။ ဦးလွင်မောင်ကား ဆင်းသွားသည့် လုပ်ဖော်ကိုင်ဖက်ဇနီးမောင်နှံအား လှမ်းကြည့်ကာ မြို့တွင်းသို့ဆက်လက်လိုက်ပါခဲ့ပါသည်။

* * * * *

လွင်မောင်အလုပ်ရတော့ အသက် ၂၀၊ ဖြိုင်အရွေးခံကာ လက်နှိပ်စက်စာရေးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ လွင်မောင်နှင့်ပြိုင်အရွေးခံခဲ့သူသည် လက်ရှိအလုပ်အကိုင်ရှိသူဖြစ်၏။ လက်ရှိအလုပ်လုပ်နေသူမို့ လက်နှိပ်စက်ကို ကျွမ်းကျင်စွာ ရိုက်နိုင်လေသည်။ လွင်မောင်က အလုပ်မရှိသူဖြစ်သော်လည်း လက်နှိပ်စက်နှင့်စိမ်းသူမဟုတ်၊ အလုပ်လျှောက်ထားပြီးကတည်းက ပန်းဆိုးတန်းရှိ လူငယ်ကလပ်တွင် လက်နှိပ်စက်ကို နေ့စဉ်လေ့ကျင့်ခဲ့၏။ နှစ်လခန့်လေ့ကျင့်ခဲ့ရသဖြင့် စံချိန်မီရိုက်နိုင်သည်ဟု ဆိုရပါမည်။

ယှဉ်ပြိုင်သူနှင့်လက်စွမ်းပြအပြိုင်ရိုက်ကြသောအခါ နှစ်ဦးစလုံးမတိမ်းမယိမ်း၊ နှစ်လုံးစီမှား၊ စာလုံးရေ



www.burmeseclassic.com

www.burmeseclassic.com

ယှဉ်ပြိုင်က ဆယ်လုံးသာသွားပါ
သည်။ ရိုက်ချိန်က သုံးမိနစ်
ကံကောင်းသည်ဟု ဆိုရပေမည်။
စိစစ်သူတာဝန်ခံက နှစ်ဦးစလုံးကို
အလုပ်ခန့်ပါသည်။ ယှဉ်ပြိုင်သူ
အမျိုးသားက သူ့အလုပ်ဌာနပြင်လုပ်လို
ပါသည်ဟုဆိုကာ မလုပ်ဖြစ်တော့ပါ။
ထို့ကြောင့် လွင်မောင်အလုပ်ရခဲ့ပါ
သည်။

နောက်တစ်နေ့ အလုပ်လုပ်ရ
မည့် စီမံဌာနတွင် နေရာချပေးပါ
သည်။ လက်နှိပ်စက်စာရေးတွေ အား
လုံးသည် စာရေးမများဖြစ်ကြပါသည်။
အားလုံး ဖော်ဖော်ရွေရွေရှိကြပါသည်။
ခေါင်းဆောင်စာရေးမကြီးက
လွင်မောင့်အား ရုံးစာရိုက်ပုံကို ပြသ
ပါသည်။ စာရေးမကြီးသည်
လွင်မောင်၏အစ်မနှင့်မိတ်ဆွေဟု
သိရသဖြင့် လွင်မောင်အားတက်မိပါ
သည်။ အစ်မကြီးသည် ရုံးတွင်းစာ
အတိုလေးများ၊ လက်ရေးမူများဖတ်ပုံ၊
မှားတတ်သည့်အမှားများ၊ စာရွက်
အပေါ်ဘေး၊ အောက်ချန်လုပ်ပုံ၊ ဖ
ယောင်းစက္ကူအသုံးပြုပုံစသည့်
လက်နှိပ်စက်နှင့်ပတ်သက်သည့်
လုပ်ငန်းများကို ပြသပေးပါသည်။

အားနေလျှင် ရုံးစာများကို ကြည့်
၍ ရိုက်ရပါသည်။ ဌာနတွင်းရှိ
စာရေးမများကတော့ အလုပ်လုပ်
လိုက်၊ စကားပြောလိုက်၊ ဟိုဒီသွား
လိုက်၊ နှေးနှေးနှင့်မှန်မှန်လုပ်ကြပါ
သည်။ လက်နှိပ်စက်စာရေးဆိုသည်
မှာ စီမံဌာနရှိ အရာရှိမှ ရုံးအုပ်၊ စာ
ရေးစသည်များရေးသည့် ရုံးစာများ
ကို ရိုက်ကြရပါသည်။ ရိုက်ရန်စာ
များကို တာဝန်ခံအစ်မကြီးက စာရေး
မများအားခွဲဝေပေးပါသည်။
လွင်မောင်ကတော့ ရုံးတွင်းရှိစာများ
ကို မရိုက်ရသေးဘဲ၊ ကြေးနန်းအတို
လေးများ၊ မိတ္တူကူးခြင်းများသာ
ပေါ့ပေါ့ပါးပါးလုပ်ရပါသည်။

စာရေးမများကတော့ စားလိုက်၊
အလုပ်လုပ်လိုက်၊ စကားပြောလိုက်
ပျော်ပျော်နေတတ်ကြပါသည်။ ထိုသို့
ပျော်ပျော်နေတတ်သော စာရေးမများ
နှင့် မကြာမီပင်ပျော်ပျော်နေတတ်
သော လွင်မောင်ခင်မင်သွားပါတော့
သည်။ လုပ်ငန်းကျတော့ စာရေးမ
များက လွင်မောင်ထက်ကျွမ်းကျင်
ကြပါသည်။ စာတစ်စောင်ကို
လေးငါးမိနစ်နှင့်အပြီးရိုက်နိုင်ကြပါ
သည်။ သို့သော် မြန်မြန်ပြီးလျှင်
မြန်မြန်နောက်တစ်စောင်ထပ်ရိုက်ရ
သည်မို့ ခပ်မှန်မှန်သာရိုက်ကြပါ
သည်။ စာရေးမတစ်ယောက်ဆိုလျှင်
စာရိုက်လက်စကို လက်နှိပ်စက်တွင်
တပ်ကာ ဟိုဒီလျှောက်သွားလိုက်၊ပြန်
လာပြီး လေးငါးဆယ်ချက်ရိုက်လိုက်၊
အာလူးပေးလိုက်နှင့် ပညာပါပါလုပ်
ဆောင်တတ်ပါသည်။ ဒါကိုရုံးအုပ်
ချုပ်ကြီးက သိသော်လည်း အမျိုး
သမီးများဆိုတော့ ကြိုးရှည်ရှည်နှင့်
လွှတ်ထားပါသည်။

မလွှတ်၍လည်းမရပါ။ စာရေး
မများက တော်ကြာမုန့်ဝယ်ကျွေး
လိုက်၊ အစားအသောက်ဝယ်ကျွေး
လိုက်၊ လက်ဖက်ရည်တိုက်လိုက်
ဆိုတော့ ရုံးအုပ်ကြီးခမျာ အလိုက်
အထိုက်နေရပါသည်။ လွင်မောင်
အလုပ်ရ၍ နှစ်ပတ်ခန့်အကြာ ရုံး
အုပ်ချုပ်ကြီးက လွင်မောင်ကိုကြေး
နန်းတစ်စောင်ရိုက်ခိုင်းပါသည်။
လွင်မောင်ကလည်း ကြိုးစား၍ရိုက်
ပေးပြီး ရုံးအုပ်ကြီးက စိစစ်သော
အခါ ငါးလုံးခန့်မှားနေသည်ကို တွေ့
သဖြင့် ဒေါသဖောင်းကာ လွင်မောင့်
အားခေါ်၍ ဆူပါသည်။ လွင်မောင်
ခမျာ တစ်ခါလုပ် တစ်ခါမှားသဖြင့်
အလွန်ပင်စိတ်ပျက်သွားပါသည်။
နေရာပြန်ရောက်သောအခါ စာရေးမ
များကိုပင် မကြည့်ရဲတော့ပါ။ ဒါကို
သိသော စာရေးမအစ်မကြီးက

"ခုမှစလုပ်ဝ. မှားတော့မှာ
ပေါ့ကွာ၊ ကိစ္စမရှိပါဘူး၊ ရုံးအုပ်ကြီး
က သဘောကောင်းပါတယ်၊
မင်းကို ကြိုးစားအောင်ပြောတာပါ
ကွာ၊ မမတို့အလုပ်စလုပ်တုန်း
ကလည်း ဒီလိုပါပဲ"

အစ်မကြီးကချော့တော့မှ
လွင်မောင်စိတ်သက်သာသွားပါ
သည်။ အသက်ရှုချောင်သွားပါ
သည်။ ရုံးအုပ်ကြီးကိုတော့ အတော်
ပင်ဖြုံသွားပါတော့သည်။ ရောက်
ရောက်ချင်း ဆောက်နဲ့ထွင်းခံရလေ
ခြင်း။

နောက်ဆိုလျှင် လွင်မောင်သည်
ရုံးအုပ်ကြီး၏ စာဆိုလျှင် သတိထား
၍ ရိုက်ပါသည်။ စာရိုက်ပြီးနှစ်
ခေါက်ခန့်ပြန်စစ်ပါသည်။ အလေ



www.burmeseclassic.com

www.burmeseclassic.com

သုံးဆယ်မလုပ်ရဲတော့ပါ။ လက်နှိပ်စက်ရိုက်သည်ဆိုသည်မှာ လော၍မရ။ စိတ်မရှည်၍မရ။ လွင်မောင်နည်းနည်းသဘောပေါက်သွားပါသည်။ ရုံးခန်းတွင်းတွင် တဖြည်းဖြည်း သိကျွမ်းလာသည်နှင့်အမျှ အလုပ်လုပ်ရသည်ကို ပျော်ရွှင်လာပါသည်ဟု ထင်မိပါသည်။ စာရေးကိုတင်ဝင်းတို့ ကိုထွန်းဝင်းတို့ဆိုလျှင် လွင်မောင်နှင့်အတော်လေးပင်ခင်ကြပါသည်။ ကိုတင်ဝင်းဆိုလျှင် ပျော်တတ်သူတစ်ဦးဖြစ်ပါသည်။ ကိုထွန်းဝင်းကတော့ တည်တည်တံ့တံ့နှင့် သဘောကောင်းသူတစ်ဦးဖြစ်ပါသည်။

လွင်မောင်လုပ်သက်တစ်နှစ်ကျော်သောအခါ သူတို့ဌာနသို့ လက်နှိပ်စက်စာရေးတစ်ဦးတွဲဖက် တာဝန်ချထားပါသည်။ ထိုသူသည် လက်နှိပ်စက်ရိုက်ရာတွင် အလွန်မြန်ဆန်သွက်လက်သူဖြစ်ပါသည်။ သည်မျှလက်နှိပ်စက်ကျွမ်းသူကို လွင်မောင်ယခင်က မတွေ့ဘူးပါ။ သူ့လက်များသည် လက်နှိပ်စက်ပေါ်တွင် ဝဲပျံနေသည်မှာ အလွန်ကြည့်ကောင်းလှပါသည်။ လက်မြန်သလောက်လည်း ရိုက်ချက်မှန်ကန်ပါသည်။ ထိုသူ၏အမြန်ရိုက်ချက်ကို လွင်မောင်အတုခိုးမိပါတော့သည်။ ထိုသူတစ်လခန့်တွဲဖက်ပြီး သူ့ဌာနသို့ပြန်သွားသောအခါ လွင်မောင်သည် အချိန်ရတိုင်း အမြန်လေ့ကျင့်မိပါသည်။

နောက်တစ်လခန့်အကြာ လက်နှိပ်စက်စာရေးတစ်ဦး တွဲဖက်ပြန်ပါသည်။ သူကျတော့ မှန်မှန်ရိုက်သူဖြစ်ပါသည်။ ယခင်လူနှင့်ယခုလူသည် အရေးကြီးပုဂ္ဂိုလ်(အရာရှိကြီးများ၏)စာများကိုသာ သီးသန့်ရိုက်ကြပါသည်။ ထိုသူ၏ ရိုက်ချက်ကိုလည်း လွင်မောင် ခိုးခိုး၍ကြည့်မိပါသည်။ သူရိုက်ချက်မှာ ပုံမှန်ရိုက်ချက်ဖြစ်သော်လည်း သူရိုက်သောစာသည် ဘယ်ညာညီလျက်ရှိသည်ကိုတွေ့ရပါသည်။ ထိုရိုက်ချက်ကို လွင်မောင်အလွန်သဘောကျသွားပါသည်။ သေသပ်ခြင်း၊ လှပခြင်း၊ ညီညာခြင်းစသည့် အင်္ဂါများနှင့်ပြည့်စုံပါပေသည်။ ရှာမှရှားသော ရိုက်ချက်ဖြစ်ပါသည်။ သည်တော့မှ လွင်မောင်လက်နှိပ်စက်ရိုက်တတ်ရုံနှင့်အလုပ်မဖြစ်သေးကြောင်း သိလာပါသည်။ လူကြီးများကြိုက်အောင် လူကြီးများသုံးအောင်၊ လူရာဝင်အောင် ကြိုးစားရပေဦးမည်။

ထိုလက်နှိပ်စက်စာရေးကြီးနှစ်ယောက်၏ ရိုက်ချက်များကို လွင်မောင်တွေ့ပြီးကတည်းက သူ၏ ရိုက်ချက်များသည် အဓိပ္ပာယ်မပေါက်သေးကြောင်း၊ စာအဖြစ်သာ ရိုက်နိုင်သေးကြောင်း သိရပါသည်။ သေသပ်လှပရုံတင်မက မြန်ဆန်ဖို့ကလည်းလိုသည်။ လှပမြန်ဆန်ရုံတင်မက မှန်ကန်ဖို့လည်းလိုပါသေးသည်။ ယခု သူနှင့်တွဲဖက်လုပ်ကိုင်ကြသော စာရေးမများကား စာအဖြစ်သာ ရိုက်တတ်ကြပါသည်။ သေသေသပ်သပ်၊ လှလှပပလူကြီးကြိုက်စာများ မရိုက်နိုင်သေးပါ။ စီမံဌာနတွင် ယောကျ်ားလက်နှိပ်စက်စာရေး ဆို၍လွင်မောင်တစ်ဦးသာရှိပါသည်။ ထို့ကြောင့် လွင်မောင်သည် အခြားဌာနမှခုံရုံးများ၊ အရေးပေါ်ကိစ္စများတွင် လွင်မောင်သာ သွားရောက်ရပါသည်။ အချိန်ပိုဆိုလျှင်လည်း လွင်မောင်ဘဲ မဲကျပါသည်။ ဟို စာရေးမက သွားစရာရှိလို့၊ ဒီစာရေးမက မောင်လေးရယ်တစ်နာရီ လောက်လေးများ လုပ်လိုက်ပါဦးကွယ်၊ လွင်မောင်ခမျာ နေရာတကာဖြစ်လာပါတော့သည်။ ထိုခေတ်ထိုအခါက အချိန်ပိုဆိုလျှင် လက်ဖက်ရည်ပင် အနိုင်နိုင်၊ ထမင်းစားဖို့ဆိုဝေလာဝေး။ အဲ-သဘောကောင်းသောအရာရှိနှင့်တွေ့ကာမှ ခေါက်ဆွဲလေး ဘာလေးညာလေး စားရလေ၏။

အချိန်ပိုတော်တော်များများသည် လက်ဖက်ရည်သာဖြစ်ပါသည်။ ထိုဌာနတွင် သုံးနှစ်ခန့်ရှိသောအခါ လွင်မောင်သည် အခြားဌာနသို့ပြောင်းရပါတော့သည်။ ခုံရုံးများတွင်လည်းသူ၊ အခြားဌာနတွဲဖက်လည်းသူ၊ စာရေးမများ မီးဖွားခွင့်သွားလည်းသူ၊ ဌာနပြောင်းတော့လည်း . သူ။ လွင်မောင်ကတော့ အေးအေးဆေးဆေးပင်။ နောက်ဌာနတွင်တော့ လက်နှိပ်စက်အမျိုးသားတစ်ယောက်ရှိသော်လည်း သူက ခပ်နွဲ့နွဲ့၊ မိန်းကလေးများနှင့်အနေများ၍လားမသိ ညည်းကဟယ်၊ ငါကဟယ်နှင့် ရှိ

www.burmeseclassic.com

ပင်ရှိရသေး၏။ သဘောကတော့ ကောင်းရှာပါသည်။ ထိုဌာနမှ စာရေးမများကလည်း လွင်မောင်ကို ခင်မင်ကြပါသည်။ သည်ဌာနတွင်တော့ မြန်မာစာနည်းပြီး၊ အင်္ဂလိပ်စာအရိုက်များပါသည်။

ရုံးအုပ်များကတော့ လူသစ်လွင်မောင်ကို ဇယားများရှုပ်ထွေးသော လက်ရေးမူများ၊ အင်္ဂလိပ်စာ အသုံးအနှုန်းများသော စာများကိုသာ ရိုက်စေပါသည်။ ထုံးစံအတိုင်း စာရေးမများကိုတော့ စာတိုကလေးများ၊ ရှင်းလင်းလွယ်ကူသော စာများသာ ရိုက်စေပါသည်။ စာရိုက်ရန်ခွဲဝေပေးသောအခါတွင်လည်း သူများတစ်စောင် လွင်မောင်ကနှစ်စောင်၊ သုံးစောင်။ မျက်နှာလိုက်၍ စာခွဲမှန်းသိသော်လည်း လွင်မောင်ခမျာ ကြိတ်၍ ခံနေရပါသည်။ တစ်ခါမဟုတ် နှစ်ခါမဟုတ်။ ဒါသည်ထုံးစံလိုဖြစ်နေ၏။ စာရေးမများက ရုံးအုပ်ကြီးများ စာရေးများကို မုန့်ကျွေးခြင်း လက်ဖက်ရည်တိုက်ခြင်း ခရာတာတာ ညာတုတုဆက်ဆံခြင်းများကြောင့် အလုပ်ဟူသမျှ လွင်မောင့်ထံသို့သာ ရောက်လာတတ်ပါသည်။

မည်သို့ပင်ဆိုစေ လူသစ်ဖြစ်သော လွင်မောင်သာပင်အလုပ်နားလည်အောင်ဟုဆိုကာ စာရှည်ကြီးများ၊ အင်္ဂလိပ်စာများ အစဉ်အမြဲရိုက်နှိပ်ရပါသည်။ လက်နှိပ်စက်စာရေးဆိုသည်မှာ မျက်လုံး၊ လက်၊ တစ်ချိန်လုံးထိုင်ကာ ရိုက်နှိပ်ရသဖြင့် အလုပ်များသူအဖို့ အလွန်ပင်စိတ်ပင်ပန်းလှပါသည်။ အသိအကျွမ်းနည်းသော လူကြီးများနှင့် အနေဝေးသော လွင်မောင်အဖို့ ရှိသမျှ ကျသမျှစာမူကြမ်းများသည် သူ့အတွက်ပင်ဖြစ်ပါသည်။ ပန်းဆိုးတန်းတို့၊ ဘားလမ်း၊ မဟာဗန္ဓုလပန်းခြံလမ်းတို့လို စာတစ်မျက်နှာရိုက်ခ ပြားလေးဆယ်ဆိုလျှင် ဝိုင်းလု၍ပင် ရိုက်ကြပါလိမ့်မည်။ ရုံးအုပ်ကြီးများကလည်း လွင်မောင်ကို ပေးရိုက်လိမ့်မည်မဟုတ်ပေ။ ယခုမူ ရှိသူမျှစာသည် လွင်မောင့်ထံ စုပုံ၍ ကျပါလေသည်။

ဘယ်လိုပင်ဖြစ်ပါစေ လွင်မောင်ကတော့ သည်းခံစိတ်ရှည်စွာထမင်းတစ်လုတ်အတွက် ခေါင်းငုံ့ကာ လုပ်ပါသည်။ ဌာနမှ စာရေးနှင့်စာရေးမများသည် သည်းခံစိတ်ရှည်သော လွင်မောင်ကို ကြာလေခင်မင်လေဖြစ်ပါသည်။ သည်ဌာနတွင် အတော်လေးအနေကြာလာသော လွင်မောင်သည် အလုပ်များသည်မှအပ စိတ်ချမ်းမြေ့အောင် နေတတ်ပေပြီ၊ နေတတ်အောင်လည်း ကြိုးစားရပါသည်။ လက်နှိပ်စက်၏ သဘောတရားဖြစ်သော မြန်ရမည်။ မှန်ရမည်။ သေသပ်ရမည်ဆိုသည်ကိုတော့ လွင်မောင်အဓိကထားကာ ကြိုးစားလေသည်။ သည်လို အလုပ်ကြိုးစားမှုကြောင့်ပင် စာရေးတော်တော်များများသည် လွင်မောင်၏လက်ရာကို ကြိုက်နှစ်သက်ကြပါသည်။ ဤကဲ့သို့ နေသားကျနေသောအချိန်တွင် ပြဿနာတစ်ရပ်ပေါ်လာလေသည်။

ပြဿနာကား အခြားမဟုတ်၊ ခပ်နွဲ့နွဲ့လက်နှိပ်စက်စာရေးအား ဌာနပြောင်းစာထွက်ခြင်းဖြစ်၏။ ထိုစာထွက်သည်နှင့် ခပ်နွဲ့နွဲ့လက်နှိပ်စက်စာရေးသည် အရာရှိကြီးများထံဝင်၍ ငိုပြလေသည်။ အရာရှိကြီးများကလည်း သူနှင့်ရင်းနှီးနေကြသူမို့ တစ်နည်းတစ်ဖုံဌာနခြင်း ညှိနိုင်းကြပြီး အခြားလူစားထိုးရန် အကြံပြုကြ၏။ အခြားလူစားထိုးရန်ဆိုသည်မှာ အခြားလူမဟုတ်ပေ၊ အသိမရှိသော အကပ်မရှိသော၊ နောက်ခံမရှိသော ကော်ကောင်းကောင်းမရှိသော လွင်မောင်ပါပေ။ ထို့ကြောင့် လူစားလဲ၍ ပြောင်းရွှေ့လိုက်ခြင်းခံရသူသည် လွင်မောင်ဖြစ်ပါတော့သည်။ လွင်မောင်ကား စိတ်ဓာတ်မကျပါ။ ဘယ်သူ့ကိုမှလည်း အပြစ်မမြင်ပါ။ မိမိ၏ကုသိုလ်ကံကိုသာ ပုံချလိုက်ရပါသည်။ ဤသို့ ပြောင်းရွှေ့ရသောအခါဌာနရှိ မသိသူများက အံ့အားသင့်ကြ၏။ လွင်မောင်ကို ကိုယ်ချင်းစာသူများက အထက်တက်၍ တိုင်ရန်အကြံပေးကြ၏။ လွင်မောင်ကတော့မဖြုပါ။ ပြောင်းသည့်အတိုင်း သွားရမည်ပေါ့။ ပထမအပြောင်းခံရသူခပ်နွဲ့နွဲ့လက်နှိပ်စက်စာရေးက လွင်မောင်အားတောင်းပန်၏။ စာရေးမများကလည်း စိတ်မကောင်းကြ။ မကောင်းဆို လွင်မောင်က အလုပ်ဟူသမျှလုပ်ပေး၏။ ဘယ်သူဘယ် သွားမလဲသွား၊ သူတာဝန်ယူ၍

www.burmeseclassic.com

တို့အလုပ်ဟူသမျှလုပ်ပေး၏။ အာမခံ၏။ ခုလွင်မောင်ပြောင်းရတော့မည်ဆိုတော့ သူတို့အလုပ်ကို သူတို့လုပ်ရပေတော့မည်။ တာဝန်ခံလုပ်ပေးမည့် သူမရှိတော့။

လွင်မောင်သည် ဝမ်းနည်းခံပြင်းစွာပင် ဌာနပြောင်းခဲ့ပါတော့သည်။ ယခုပြောင်းခဲ့ရသည့်ဌာနသည် မိမိတို့ ရုံးတွင် အရေးပါဆုံးဌာနလူကြီးများ၊ များစွာရှိသောဌာနဖြစ်ပါသည်။ ဘယ်ရောက်ရောက်ဘယ်ပေါက်ပေါက် လွင်မောင်ကတော့ မထူးတော့၊ ထမင်းတစ်နပ်အတွက် မိသားစုအတွက် ငုံ၍ လုပ်ရပေတော့သည်။ လွင်မောင်သည် ပေးသမျှအလုပ်၊ ပေးသမျှစာများကို သေသေချာချာ မြန်မြန်ဆန်ဆန်ကြိုးကြိုးစားစားလုပ်ပြသည်။ ဤဌာနမှ ရုံးအုပ်ကြီးကလည်း ယခင်ဌာနများမှ ရုံးအုပ်ကြီးများလိုပင် လွင်မောင်ကိုပင်အလုပ်များများပေး၏။ ဇယားများ၊ အစည်းအဝေးမှတ်တမ်းများ၊ စီမံချက်များစသည်ဖြင့် ရိုက်စေ၏။ လွင်မောင်ကလည်း ခြောက်နှစ်မျှလုပ်လာသော လုပ်ငန်းအတွေ့အကြုံကို အသုံးချ၍ ကြိုးစားလုပ်ပြ၏။

ဤဌာနတွင် အမျိုးသားစာရေးလေးဦးခန့်ရှိပါသည်။ ထိုအထဲတွင် လက်နှိပ်စက်စာရေးက နှစ်ဦး၊ လွင်မောင်နှင့်ဦးလူကျော်ဆိုသူဖြစ်ပါသည်။ ဦးလူကျော်သည် အသက်လေးဆယ်ကျော်ဖြစ်ပြီး ပျော်ပျော်နေတတ်သော လက်နှိပ်စက်စာရေးကြီးဖြစ်၏။ သို့သော် လက်နှိပ်စက်ကို သိပ်မရိုက်ရ။ လူကြီးများ၏ အရေးပေါ်စာလောက်ကိုသာ ရိုက်ရ၏။ ဘာစာများလည်းဆိုတော့ ထိုခေတ်ထိုအခါက လျှောက်လွှာပင်ဖြစ်ပါသည်။ လူကြီးများ၏ ကုန်သွယ်ရေးပေါင်းစုံတွင် လစဉ်လျှောက်သော လျှောက်လွှာများသာဖြစ်ပါသည်။ ထိုလျှောက်လွှာများကို ရိုက်ပြီးရုံနှင့် မပြီးသေးဘဲ၊ သူကိုယ်တိုင်သွား၍ ကိုယ်တိုင်လျှောက်၊ ကိုယ်တိုင် ထုတ်ပေးပါသည်။ ထိုခေတ်ထိုအခါက နို့မှုန့်၊ ဆေးပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ဆန်စသည့် အရေးပါသော ပစ္စည်းမျိုးစုံသည် ကုန်သွယ်ရေးတွင် အရာရှိကြီးငယ်အတွက် လျှောက်လွှာစနစ်ဖြင့် ရောင်းချပေး၏။ ရောင်းချသည်ဆိုရာတွင် တော်ရုံတန်ရုံလည်ဝယ်သူများမလွယ်၊ အပေးအယူရှိသောသူများသည်သာ ထိုကုန်သွယ်ရေးများတွင် ဝင်ထွက်လျှောက်ထားနိုင်ပါသည်။

ကိုလူကျော်ကြီးကား ဤကုန်သွယ်ရေးလုပ်ငန်းတွင် အလွန်ကျွမ်းကျင်သူဖြစ်သဖြင့် တစ်ရုံးလုံးနီးပါးရှိ လူကြီးများ၏ လျှောက်လွှာကိစ္စကို လစဉ်ဆောင်ရွက်ပေးသူဖြစ်၏။ ထို့ကြောင့် ကိုလူကျော်ကြီးသည် ရုံးတွင်သိပ်မရှိ၊ ကုန်သွယ်ရေးတွင်သာ ကျင်လည် နေတော့၏။ အခြားသူများ အတွက်ရော သူ့အတွက်ပါ တွက်ချေကိုက်လှ၏။ ဤသို့ ဤပုံလုပ်ငန်းကြောင့် ဦးလူကျော်ကြီးသည် လွင်မောင်တို့ဌာနတွင် လူကြီးများ၏ လက်စွဲတော်ဖြစ်နေတော့၏။

ဘယ်လူကြီးဘယ်လိုပြောင်းပြောင်း၊ နောက်လာသောလူကြီးကိုလည်း အရင်လူကြီးလိုပင် "ဆရာ၊ ဆရာ"ဟု "ဆရာချင်း"ထပ်ခါခါရင်း လျှောက်လွှာနှင့်စည်းရုံးထားသဖြင့် ကိုလူကျော်ကြီးမှာ ရုံး၏လူတော်ကြီးတစ်ဦးပါပေ။ ရုံးလုပ်ငန်းတွင်တော့ တော်ရုံသာ။ လျှောက်လွှာလုပ်ငန်းသည်သာ သူ၏မေဂျာပေကိုး၊ ဤဌာန၏စာရေးမများကား လွင်မောင်ထက် လုပ်သင့်ရင်သူများဖြစ်၍ လုပ်ငန်းကျွမ်းကျင်ကြ၏။ လုပ်ငန်းကျွမ်းကျင်ကြသလို ရုံးအုပ်ကြီးနှင့်အရာရှိကြီးငယ်များကိုပေါင်းသင်းရာတွင်လည်း ကျွမ်းကျင်ကြပါသည်။ အော်ရုံးဆိုသည့်အတိုင်း မိမိဘဝအတွက် ရန်းကန်နိုင်ရန်သက်ဆိုင်ရာများအား စည်းရုံးကြသည်မှာ ဓမ္မတာပင်ဖြစ်ပါလေသည်။ ထိုသို့စည်းရုံးနိုင်ဖို့ဆိုသည်မှာလည်း တော်ရုံအရည်အချင်းနှင့်မရနိုင်ပါ။ လူပေါ်လူဇော်လုပ်နည်းတတ်မှ ပေးနိုင်မှ ကျွေးနိုင်မှ ရနိုင်ပါပေသည်။

လွင်မောင်ကတော့ ထိုကဲ့သို့ မကျွေးနိုင်ပါ။ ပေးလည်းမပေးနိုင်ပါ။ သူတတ်သည်က အလုပ်ကို အလုပ်ကဲ့သို့ တာဝန်ကျေစွာ ဆောင်ရွက်ရန်နှင့် သည်းခံရန်သာ သူ့အမိက သဘောတရားသာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။ တဖြည်းဖြည်းနှင့် စာရေးအချို့နှင့်အရာရှိ ကြီးငယ်တချို့က လွင်မောင်၏လုပ်အားကို သတိထားမိလာကြပါသည်။ သေသပ်လှပသောစာ၊ မြန်မြန်သွက်သွက်လုပ်တတ်သည့် စိတ်ဓာတ်၊ လွင်မောင်တွင်အခြား ထူးခြားသောလုပ်ငန်းတစ်ခုရှိသေး၏။ ထိုလုပ်ငန်းကား ပန်းချီရေးဆွဲတတ်ခြင်းတည်း။ ဤသို့ ပန်းချီရေးဆွဲတတ်ခြင်းမှာ သူကျောင်းနေစဉ်ကတည်းက ဖြစ်၏ ဟိုကြည့်ဒီကြည့်ရေးဆွဲခြင်းမှ ရုံးသို့ရောက်သောအခါ ဖိတ်စာများ မျက်နှာစုံညီအစည်းအဝေးများ၏ ခေါင်းစီးစာတန်းများကို ရေးဆွဲခြင်းမှစ၍ တဖြည်းဖြည်းလုပ်ငန်းကျွမ်းကျင်ကာ ရုံးမှ တစ်စတစ်စလူသိလာခြင်းဖြစ်၏။ ထိုဖိတ်စာလုပ်ငန်းခေါင်းစီးစာလုံးစသည်များကို ပြင်ပတွင်သွားရောက်လုပ်ကိုင်ပါက ငွေကုန်ကျေးကျဖြစ်မည်ဖြစ်သဖြင့် အလွယ်တကူသုံး၍ရသော ဝန်ထမ်းတစ်ဦးအားရုံးမှ နေရာပေးလာခြင်းဖြစ်၏။

ထိုလုပ်ငန်းများအတွက် လွင်မောင်၏ အကျိုးသက်ရောက်မှုကား လူကြီးတော်တော်များများသိရှိလာခြင်းနှင့်လူရာဝင်လာခြင်းပင်ဖြစ်ပါတော့သည်။ ဘယ်ဌာနဘယ်နေရာတွင်၊ ဘယ်ဟောပြောပွဲ ဘယ်အစည်းအဝေးအတွက် လွင်မောင်အပြေးနှင့်ရတော့၏။ စာလုံးဖော်ရန် စာတန်းများရေးရန် စသည်စသည်တို့ဖြစ်ပါလေသည်။ သုံးဌာနပြောင်းပြီးသော လွင်မောင်သည် အတွေ့အကြုံရေလုပ်ငန်းတွင်ပါရင့်ကျက်လာ၏။ လူသဘောတရားတွေ သိရှိလာ၏။ ဝန်ထမ်းတွေအကြောင်း၊ ရုံးအုပ်ကြီးများအကြောင်း၊ စာရေးမများအကြောင်း အရာရှိများအကြောင်း။ ဤဌာနသည် လွင်မောင်နှင့်သဟဇာတဖြစ်လာ၏။ စာရေးများမှ အစ အရာရှိကြီးများထိ လွင်မောင်ကို လူသိများလာလေသည်။

သာမန်လက်နှိပ်စက်စာရေးတစ်ယောက် မဟုတ်တော့။ ပန်းချီဆရာလက်နှိပ်စက်စာရေးဖြစ်၏။ အရာရှိများ၏ မိန့်ခွန်းများ၊ ထိပ်တန်းလျှို့ဝှက်၊ လျှို့ဝှက်စာများဆိုလျှင် လွင်မောင်မှလွင်မောင်၊ မြန်ဆန်ခြင်း၊ သေသပ်ခြင်း၊ လှပခြင်းများကြောင့် လူကြီးများက လွင်မောင်ကို လက်မလွှတ်ကြ။ ကျစ်ချင်၊ ရစ်ချင်ကြသောလူများ လွင်မောင်ကိုရစ်၍မရတော့၊ မည်သည့်အရာရှိကိုမဆို လွင်မောင်ရိုရိုသေသေဆက်ဆံခြင်း၊ စည်းကမ်းရှိခြင်း၊ အလုပ်တက်ရက်မှန်ကန်ခြင်းတို့ကြောင့်လည်း လွင်မောင်နာမည်ရ၏။

ယခင်ဌာနများတုန်းကလို ပြင်ပခုံရုံးများ၊ အခြားဌာနသို့ တွဲဖက်ခြင်းများ၊ လုံးဝမရှိတော့ပါ။ ဤဌာနစုမှ လွဲ၍ လွင်မောင်ကိုမည်သည့်ဌာနကိုမျှ မစေလွှတ်တော့။ ဒါတွေသက်သာသွားသော်လည်း အလုပ်ကတော့ဖြင့် မသက်သာလှပါ။ မနက်ရုံးရောက်ပြီးသည်နှင့် အလုပ်ကစောင့်နေပါသည်။ ထိုအလုပ်ပြီးက နောက်တစ်လုပ်၊ ဒီကြားထဲပန်းချီကိစ္စကလည်းတစ်မျိုး၊ ဘယ်လိုပင်ဖြစ်စေ၊ လွင်မောင်သည်ပေးအပ်သည့် တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်တတ်ပါသည်။ တစ်ခါတစ်ရံစိတ်ဓာတ်ပြင်းထန်သောအရာရှိများလည်း ရုံးသို့ရောက်ရှိလာသည့်အခါ၊ တော်ရုံလူက ထိပ်တိုက်မတွေ့ရဲကြ၊ ထိပ်တိုက်တွေ့ရသည်က လွင်မောင်ပင် ထိုအရာရှိ၏ စာဆိုလျှင်စာရေးမများ ဖိန့်ဖိန့်တုန်ကြသည်။ တာဝန်မယူချင်၊ ဒါကို ရုံးအုပ်ကြီးက သိပါသည်။ သူတို့နှင့်ထိပ်တိုက်မတွေ့စေရ၊ လွင်မောင်နှင့်ရိုက်စေ၏။ တစ်စောင်နှစ်စောင်၊ လေးငါးဆယ်စောင်လောက် လွင်မောင်နှင့်မိတ်ဆက်ပြီးမှ စာရေးမများနှင့်ရိုက်စေ၏။

တစ်နေ့ ထိုအရာရှိ၏ စာတစ်စောင်ပျောက်၏။ အရာရှိက ရုံးအုပ်ကိုရှာစေ၏။ ရုံးအုပ်ကြီးသည် ပျာပျာသလဲဖြစ်ကာ ဟိုသည်ရှာသော်လည်းမတွေ့၊ တစ်နာရီခန့်ကြာသောအခါ အရာရှိက အခန်းတွင်းသို့ဝင် လာပြန်ကာ သူ့စာကိုမေးပြန်လေသည်။ ဘာဖြေရမှန်းမသိသော ရုံးအုပ်ကြီးက လွင်မောင်ထံ ပေးထားကြောင်း၊ ယခုလွင်မောင်ထံတွင်လည်း မတွေ့ကြောင်း အစီရင်ခံ၏။ အရာရှိက လွင်မောင်ကိုခေါ်ကာ အဘယ်ကြောင့် စာပျောက်သနည်း။ အရေးကြီးစာကိုမှ အဘယ်ကြောင့်ပေါ့ဆ

www.burmeseclassic.com

စွာ သိမ်းသနည်း။ အမြန်မရိုက်ဘဲ အဘယ့်ကြောင့် ခေါက်ထားသနည်း စသဖြင့် ငေါက်ငမ်းအပြစ်တင်ပါတော့သည်။

လွင်မောင်ကလည်း မိမိထိုစာကို မတွေ့မိကြောင်း၊ တွေ့ပါကချက်ခြင်း ရိုက်နှိပ်မည်ဖြစ်ကြောင်း၊ ယခုမှုထိုစာကို မိမိထံလည်းမရောက်ကြောင်း တင်ပြသော်လည်း ရုံးအုပ်ကြီးက လွင်မောင်ကို ပေးကြောင်းထပ်မံပြောပြန်သဖြင့် လွင်မောင်ခမျာအသား လွတ်အခြောက်တိုက် အရာရှိမှ လုပ်ငန်းပေါ့ဆမှုဟုဆိုကာ အရေးယူရန် ရုံးအုပ်အားအမိန့်ပေး၏။ လွင်မောင်ခမျာ မည်သို့မှ မဖြေရှင်းနိုင်ဘဲမိမိထံမရောက်သည့်စာကြောင့် [illegible]နာတက်ရတော့မည်ကို ရင်ဆိုင်ရန်သာရှိပါတော့သည်။

အခြားဝန်ထမ်းများကလည်း လွင်မောင်ကိစ္စကို သိရှိကြသောအခါ အဖြစ်မှန်ကိုသဘောပေါက်ကြသော်လည်း မည်သူမှဝင်ရောက်၍ ဖြေရှင်းမပေးနိုင်ကြပါ။ တတ်နိုင်သ၍တော့ ထိုအရေးကြီးစာကို ဝိုင်းဝန်း၍ရှာကြရာ စာရေးလေးတစ်ယောက်က ရုံးအုပ်ကြီး၏ စာဟောင်းထည့်သည့် ချင်းထဲတွင်တွေ့သဖြင့် ရုံးအုပ်ကြီးအား စာကိုပြန်ပေးလေ၏။ ရုံးအုပ်ကြီးမှ အလွန်အံ့အားသင့်ကာ လွင်မောင်အားနှစ်သိမ့်၍ အမြန်ရိုက်စေကာ ရုံးမဆင်းမီအရာရှိထံ လွင်မောင်ကိုပင် တင်ခိုင်း၏။

တတ်လဲတတ်နိုင်သည့် ရုံးအုပ်ကြီးပါပေ။ လွင်မောင်ကလည်း မည်သို့မျှ မတတ်နိုင်သည့်အဆုံး ရိုက်ပြီးသောစာကို ယူ၍အရာရှိထံတင်ပြလေ၏။ အရာရှိကား အင်းမလုပ် အဲမလုပ် ပြုံးလည်းမပြု သူ့စာကိုသာ အမိအရယူကာ 'ခင်ဗျားသိပ်ကံကောင်းတယ်၊ ကျုပ်ခင်ဗျားကို တာဝန်ပေါ့ဆမှုနဲ့ တင်တော့မလို့'

လွင်မောင်ကား ခေါင်းငုံ့၍ 'ဟုတ်ကဲ့'ဟုဆိုကာ သိမ်သိမ်မွေ့မွေ့ပင်အခန်းထဲမှ ထွက်ခဲ့လေ၏။ အပြင်သို့ရောက်သောအခါ ရုံးအုပ်ကြီးက ပျာပျာသလဲ၊ ဘာပြောသေးလဲ၊ ကျေနပ်ရဲ့လား၊ စသည့်မေးခွန်းများကို မေးကာ လွင်မောင်ပခုံးအားပုတ်၍ 'သည်းခံပါကွာ သည်းခံပါ၊ မှားတဲ့အခါလည်းမှားမှာပေါ့'ဘာကိုရည်ရွယ်မှန်းမသိ၊ ဘယ်ကိုဦးတည်မှန်းမသိသည့် စကားကိုပြောနေလေ၏။ လွင်မောင်ကား ထိုစာကိစ္စကို မကျေနပ်သော်လည်း မိမိမှာမည်သည့်ကာဘာအပေါင်းအသင်းမှမရှိသဖြင့် ရသေ့စိတ်ဖြေနေလိုက်ရလေ၏။

တစ်နေ့ ထိုအရာရှိရောက်ပြီး နှစ်လခန့်အကြာ၊ အရာရှိကလွင်မောင်အား သူ့အခန်းတွင်းသို့ ခေါ်ကာ လက်မှတ်တစ်ခုကိုပြလေ၏။

'အဲဒီလက်မှတ်ကို မောင်လွင်မောင်ထိုးလို့ ရမလား'

'ဗျာ'

'ဩော် ဒီလိုဗျ၊ ဒါ နယ်ကကျောင်းဆရာကြီးလက်မှတ်ဗျ၊ ကျွန်တော့်သမီးကျောင်းပြောင်းလက်မှတ်မှာ လိုနေလို့၊ ဆရာကြီးက ဟိုးမိတ္ထီလာကျောင်းကဆိုတော့ လက်မှတ်ထိုးဖို့ မလွယ်ဘူးလေ၊ ဒါကြောင့် မောင်လွင်မောင်က ပန်းချီဆရာဆိုတော့ ဖြစ်နိုင်မလားလို့၊ ဖြစ်နိုင်မယ်ဆိုတာ ကျွန်တော်သိပါတယ်။ တခြားသူတွေက မောင်လွင်မောင်က ဒါမျိုးတွေ လုပ်နိုင်တယ်လို့ ပြောကြလို့'

လွင်မောင်လက်မှတ်ကိုကြည့်လိုက်သောအခါ ထိုး၍ရမှန်းသိ၏။

'ဆရာခင်ဗျား၊ ထိုးမယ်ဆိုရင်တော့ ရနိုင်ပါတယ်။ ဒါပေမဲ့ ပြဿနာတွေပေါ်လာရင် ကျွန်တော် ဘယ်လိုဖြေရှင်းရမလဲခင်ဗျ၊ ဟိုမပြောကောင်းမဆိုကောင်း လက်မှတ်တုဆိုတာ အမှုတွေဘာတွေဖြစ်နိုင်ပါတယ် ခင်ဗျ'

'ဩော်..ဒါလား၊ ဒါတော့မပူပါနဲ့ဗျာ၊ ကျွန်တော်ဆရာကြီးဆီကို ဖုန်းဆက်ပြီးပါပြီ၊ **အဆင်ပြေသလို** သာလုပ်ပါတဲ့ **သူ့ဘက်က** ဘာပြဿနာမှ မရှိပါဘူးတဲ့ဗျ၊ တကယ်တော့ ကျွန်တော့်သမီး သူ့ကျောင်းကနေ ရန်ကုန်ကျောင်းပြောင်းတာ လက်မှတ်တစ်ခုထိုးဖို့လိုနေလို့ဗျို့ စိတ်ချပါ ကျွန်တော်အားလုံးတာဝန်ယူပါတယ်။ မောင်လွင်မောင်စိတ်ပူမနေပါနဲ့'

သူ့အပြောကြောင့် လွင်မောင်သည် ဆရာကြီး၏လက်မှတ်ကိုယူကာ မိမိနေရာသို့ပြန်ခဲ့ပြီး၊ ဆရာကြီးလက်မှတ်ပုံစံအတိုင်းကြည့်၍ လိုနေသော စာရွက်ပေါ်တွင် ရေးထိုးလိုက်

www.burmeseclassic.com

ပါသည်။ လက်မှတ်ထိုးသူ၏ လက်ရေးဆွဲပုံကို ကြည့်ကာ ကူးဆွဲခြင်းဖြစ်သဖြင့် မခက်လှပါ။ သာမန်လူများဆိုလျှင်တော့ လွယ်ကူမည်မဟုတ်ပါ။

လက်မှတ်ရေးထိုးပြီးသောအခါ လွင်မောင်သည် အရာရှိအခန်းသို့ဝင်ကာ လက်မှတ်အစစ်နှင့်သူထိုးထားသော လက်မှတ်တုကိုပြလိုက်လေ၏။ အရာရှိသည် လွင်မောင်ပြသော လက်မှတ်နှစ်ခုကိုကြည့်၍ အစစ်အတုခွဲခြားရန် မလွယ်ကူပေ။

'ဟာ..ကောင်းလိုက်တာဗျာ၊ တူမှတူ၊ ဘာမှလိုအပ်ချက်မရှိဘူးဗျို့ တကယ်ကိုချွတ်စွပ်ပဲ''

စာရွက်နှစ်ရွက်ကိုကိုင်၍ကြည့်ကာ သဘောကျနေလေ၏။ သူ့စားပွဲပေါ်ရှိ လူခေါ်ခေါင်းလောင်းကိုတီးလိုက်လေ၏။ ခေါင်းလောင်းသံကြားပြီး ရုံးလုလင်ဝင်လာသောအခါ..

'လက်ဖက်ရည်နဲ့မုန့်အမြန်ယူခဲ့ပါကွာ'

အရာရှိသည် စာရွက်ကိုကြည့်လိုက်၊ လွင်မောင်ကိုကြည့်လိုက်နှင့် အလွန်ပင်ပီတိဖြစ်နေပါသည်။

'သိပ်ကိုကျေးဇူးတင်ပါတယ် လွင်မောင်ရာ၊ မောင်ရင်သာမကူရင် ကျုပ်တော့ မိတ္ထီလာကိုလေယာဉ်နဲ့သွားရမလား၊ ကားနဲ့ပဲသွားရမလား၊ ဘယ်လိုစဉ်းစားရမှန်းမသိဖြစ်နေတာဗျာ၊ ခုခင်ဗျားဖြေရှင်းလိုက်မှ ကျုပ်သမီးကျောင်းကိစ္စပြီးပြတ်သွားပါပြီဗျာ၊ ပြီးပြတ်သွားပါပြီ'

ထိုနေ့၊ ထိုရက်၊ ထိုအချိန်မှစ၍ ထိုအရာရှိသည် လွင်မောင်အား မည်သည့်အခါမှ မဆူတော့၊ မငေါက်တော့၊ မဟောက်တော့သော်လည်း လွင်မောင်က နောက်တစ်ခါလာခိုင်းလေမလားဟု တွေးတောကာထိတ်လန့်နေပါတော့သည်။ သည်ဌာနနှင့် လွင်မောင်အကျိုးပေးသည်ဟု ဆိုနိုင်ပါသည်။ ကံဇာတာတက်လာလေသလား မပြောတတ်ပါ။ ဤဌာနသည် အလုပ်များလှသော်လည်း ထိုများလှသောအလုပ်ကြောင့် လွင်မောင် နာမည်ရလာပါသည်။ လူချစ်လူခင်ပေါလာပါသည်။ အရာရှိဦးမြင့်သိန်းမြိုင်ဆိုလျှင် လွင်မောင်လုပ်အားကို အသိအမှတ်ပြုသည်။ ကိုယ်ချင်းစာသည်၊ ညှာတာသည်။ ခင်မင်လေသည်။ တစ်ရံတစ်ခါ လွင်မောင်ကိုလက်ဆောင်များလည်း ပေးတတ်ပါသည်။

အရာရှိဦးမြင့်သိန်းမြိုင်ကား ဝန်ထမ်းများကိုခင်မင်တတ်သဖြင့် ဝန်ထမ်းများကလည်း ဦးမြင့်သိန်းမြိုင်ကို ခင်မင်ကြလေသည်။ အထက်တန်းစာရေးကိုစိန်ဝင်း၊ ကိုသိန်းဖံနှင့် ဝန်ထမ်းတော်တော်များများက လွင်မောင်ကို ခင်မင်ကြပါသည်။ ခင်မင်ဆို လွင်မောင်နှင့်ကိုစိန်ဝင်း၊ ကိုသိန်းဖံတို့မှာ ဘဝတူစာရေးတွေ၊ သူမရှိငါချေး၊ ငါမရှိသူချေး၊ တစ်လတစ်လကို လခ ၁၈၅ကျပ်ဖြင့် မနည်းလောက်အောင်စားနေရသူတွေ၊ သူတို့အချင်းချင်းလှည့်၍ မရပါက စာရေးမလေး မမာမာသက်ထံတွင် တစ်ဆယ်တိုးဖြင့် ငွေချေးရလေ၏။ လခထုတ်ဆပ်၊ ဆပ်ပြီးပြန်ချေးသည်လိုနှင့်သံသရာလည်နေတော့၏။

ဒီကြားထဲကိုသိန်းဖံက ယမကာလေးကြိုက်တတ်သဖြင့် ယမကာဖိုးက တစ်လတစ်လ မလွယ်လှပါပေ။ ကိုစိန်ဝင်းကတော့ ကုလားကားကြိုက်၏။ ကုလားကား တစ်လတစ်ကြိမ်လောက် မကြည့်ရလျှင် မနေတတ်ပါပေ။ ထို့ကြောင့် လခထုတ်ပြီးသည်နှင့် ကုလားကားကြည့်မည့်အိမ်သို့ ပြေး၏။ ကြည့်မည့်သူများကြိုတင် လက်တို့၍ ချိန်းထားပြီးဖြစ်လေသည်။ တစ်ခါလွင်မောင်ကို အတင်းခေါ်သဖြင့် လွင်မောင်မလိုက်ချင်လိုက်ချင်နှင့်လိုက်သွားရ၏။ ဟိုရောက်သောအခါ အခြားဌာနမှ စာရေးကြီးများ၊ ရုံးအုပ်ကြီးများနှင့် စာရေးများကို လွင်မောင်တွေ့ရလေ၏။ လွင်မောင်က မကစားပါ။ ကိုစိန်ဝင်းကတော့ စိန်ပြေနပြေကစား၏။

လွင်မောင်စားချင်တာမှာစား၊ ဝိုင်းသို့အသင့်ရောက်လာ၏။ ထမင်းကြော်လား၊ ခေါက်ဆွဲလား၊ ကြိုက်တာမှာ လွင်မောင်ကတော့ကိုစိန်ဝင်းကို အားနာသဖြင့် ပဲမုန့်လောက်သာမှာစားပါသည်။ ဘေးထိုင်ဘိုင်ကြသော်လည်း ဘုမပြောဘဲ၊ တိတ်တိတ်နေကာ ကိုစိန်ဝင်း၏ဖဲများကိုင်သာ စိတ်ဝင်တစားကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပထမပိုင်း ကိုစိန်ဝင်းဖဲတက်မကောင်း၊ အလှူပေးနေရ၏။ ညနေ ၅နာရီမှ စသော ကုလားကားဝိုင်းသည် ည ၉ နာရီကျော်ထိ မပြီးသေး၊ ပြန်ချင်သောလွင်မောင်က အတော်အသ ; အလုပ်ဖြစ်နေသော ကိုစိန်ဝင်းငှဲ လက်တို့ကာ ရပ်စေ၏။

ည ၁၀နာရီထိုးခါနီးမှ ကိုစိန်ဝင်းသည်ဝိုင်းမှထိလေ၏။ နှစ်ဦးသား လေဟာပြင်ဈေးသို့ပြေးကာ တရုတ်ထမင်းဟင်းအဝစားကြပြီး လမ်းခွဲခဲ့ကြ၏။ ကိုစိန်ဝင်းက လွင်မောင်ကို သူနှင့်လိုက်ခငွေအစိတ် ချီးမြှင့်လိုက်သဖြင့် လွင်မောင်သည် ခရုခေါက်ဆွဲတစ်ထုပ်နှင့်အသားကင်အခေါက်ကင်များဝယ်ပြီး အိမ်သို့ပြန်ခဲ့လေ၏။ နောက်ကျသည်မှာ ထုံးစံအတိုင်း အိုဗာတိုင်ပေါ့၊ သူ့ဇနီးကတော့ မိုးချုပ်မှ ပြန်နေကျမို့ ရိုးနေသော်လည်း ခေါက်ဆွဲနှင့်အသားကင်အခေါက်ကင်များ စားရသဖြင့် ပျော်ရွှင်နေ၏။

သည်လိုနှင့် လွင်မောင်သည် ကိုစိန်ဝင်းနှင့်တစ်လတစ်ကြိမ်၊ ကုလားကားကြည့်သည့်ပွဲသို့လိုက်ရ၏။ အဆင်မပြေသောအခါ လွင်မောင်လက်စွပ်ကို ကိုစိန်ဝင်းက ခေတ္တပေါင်၏။ နောက်ပြန်ရွေးပေး၏။ လွင်မောင်၏ လက်စွပ်ကလေးကား ပေါင်လိုက်၊ ရွေးလိုက်နှင့်မြုပ်ချည်ပေါ်ချည်ဖြစ်နေလေသည်။ ကိုစိန်ဝင်းလည်း ကုလားကားကြည့်သည့်အတွက် အကြွေးတွေပင်လယ်ဝေနေ၏။ ဖောင်တိတ်၊ မျက်မှန်၊ အပေါ်အင်္ကျီ အားလုံးပေါင်ရ၏။ တော်ကြာပြန်ရွေး ပြန်၏။ ဘာတွေပေါင်ပေါင် လွင်မောင်က စိတ်မဝင်စားပါ။ သူ စိတ်ဝင်စားသည်က မျက်မှန်ပေါင်ခြင်းနှင့် ဖောင်တိန်ပေါင်ခြင်း ဖြစ်ပါ သည်။

အပေါင်ခံသည်က ရုံးမှလူပျိုကြီးကိုဝင်းကြည်ဖြစ်ပါသည်။ ကိုဝင်းကြည်သည် မမာမာသက်ကဲ့သို့ ငွေချေးသူဖြစ်သော်လည်း မမာမာသက်ထက် ပို၍ ပို၍ စွန့်စားသူဖြစ်၏။ သူက ရုံးသူ ရုံးသားများဆိုလျှင်၊ မျက်မှန်၊ ဖောင်တိန်၊ တိုက်ပုံ၊ စောင်၊ နောက်ဆုံး ဖျာလိပ်ပါကောင်းပါက အပေါင်ခံ၏။ သူက အဆောင်တွင်နေသူမို့ သူ့အတွက် အားလုံးအသုံးဝင်၏။ ရုံးမှအပေါင်ဆုံး နာရီ၊ ဖျာ၊ စောင်၊ တိုက်ပုံများကို သူ့အဆောင်တွင် လပေးနှင့်ပြန်ရောင်း၏။ အမှန်က သူ့ နာရီ၊ စောင်၊ တိုက်ပုံလောက်သာ အပေါင်ခံသော်လည်း ကိုစိန်ဝင်းကစ၍ မျက်မှန်ကို ပေါင်လေ၏။ လူပျိုကြီးက မျက်မှန်ကို ပထမလက်မခံချင် နောက်မှ သူစဉ်းစားမိသည်မှာ ကိုစိန်ဝင်းသည် မျက်မှန်မပါက ရုံးတွင်အလုပ်လုပ်၍မဖြစ်၊ သည်မျက်မှန်ကို အပေါင်ခံပစ္စည်းအဖြစ် ယူထား၍လည်းမဖြစ်၊ ယူထားလျှင် ရုံးသူရုံးသားများက လောဘကြီးသည့် ချစ်တီးဟုဆိုကြလိမ့်မည်။

ထို့ကြောင့် လူပျိုကြီးက ဒီလိုထွင်၏။ ကိုစိန်ဝင်းကို ယုံကြည်သဖြင့် မျက်မှန်အပေါင်ခံမည်၊ အပေါင်ခံမည့်ပုံစံက မျက်မှန်ကို ရုံးတက်ချိန်တွင်ပြန်ပေးမည်။ ရုံးဆင်းသည်နှင့် ကိုစိန်ဝင်းက လူပျိုကြီးထံ မျက်မှန်ကိုအပ်ခဲ့ရမည်။ ဒီလိုဆိုတော့ လူတွေလည်းသိပ်မသိ၊ ကိုစိန်ဝင်းကလည်း သဘောတူပါသည်။ ဒီလိုနှင့်ကိုစိန်ဝင်း၏ မျက်မှန်သည် လူပျိုကြီးကိုဝင်းကြည်ထံတွင် တစ်လခန့် အပေါင်ခံပစ္စည်းဖြစ်ခဲ့ရ၏။ ပထမတစ်လ၊ နောက်ခဏခဏဖြစ်တော့၏။ ဒါကို စာရေးများသိတော့ဝိုင်းဟားကြသဖြင့် လူပျိုကြီးကိုဝင်းကြည်က သူသိက္ခာကျသည်ဆိုကာ နောက် ကိုစိန်ဝင်း၏ မျက်မှန်ကိုလက်မခံပါတော့ချေ။ တတ်လည်းတတ်နိုင်ကြသည်လူတွေ။

နောက်ကိုသိန်းဖံ.. ကိုသိန်းဖံက တစ်မျိုး၊ စာရေးမများလပေးရောင်းသော ပုဆိုး၊ ထီးစသည်များကို ဝယ်၏။ လခထုတ်သောအခါ သူမဟုတ်သလို၊ မမှတ်မိသလို၊ အရက်ကြောင်ကြောင်သလိုလုပ်တတ်၏။ စာရေးမများကလည်း မရမကတောင်း၏။ ကိုသိန်းဖံကလည်း ရှောင်၏။ နှစ်လပေးကို လေးလ၊ ငါးလဖြစ်အောင်ပေး၏။ တစ်ချို့နှစ်ချီ၏။ ဒါလည်း စာရေးမတွေက မမှတ်၊ နောက်တစ်ခါရောင်းကြပြန်၏။ ကိုသိန်းဖံကလည်း နောက်တစ်ခါ လှည့်ပြန်၏။ သည်လိုနှင့်ကိုသိန်းဖံနှင့်စာရေးမများငါးပျံတစ်လှည့် ဖုံလုံတစ်လှည့်ဖြစ်နေကြလေ

www.burmeseclassic.com

တော့၏။ မကြာခဏရုံးအုပ်ကြီးက ကြားဝင်ဖြေရှင်းရလေ၏။

လွင်မောင်တို့ ရုံးသူရုံးသားများ ဘဝသည် လုံးလည်ချာလည်လိုက်နေကြသော်လည်း ရုံးတာဝန်တွေကိုတော့ ပြေလည်အောင်လုပ်ဆောင်ကြပါသည်။ စားဝတ်နေရေးဘယ်လိုပင် အဆင်မပြေ၊ အလုပ်တာဝန်ကတော့ အဆင်ပြေအောင်ဖန်တီးကြရပါသည်။ သည်လိုနှင့် လွင်မောင်သည် ရုံးတွင်မရှိမဖြစ်၊ ဌာနတွင် အရေးကြီးပုဂ္ဂိုလ်လိုဖြစ်လာလေ၏။ လက်နှိပ်စက်ကျွမ်းကျင်မှုက တစ်ကြောင်း၊ ပန်းချီပညာအတော်အသင့်တတ်မြောက်သည်က တစ်ကြောင်းကြောင့် ရုံး၏ဟောပြောပွဲများ၊ အစည်းအဝေးဖိတ်စာများ၊ ပြပွဲကြီးများတွင် လွင်မောင်သည်ပန်းချီတာဝန်များကို တာဝန်ယူရသည်အထိ ဖြစ်လာလေသည်။ ထိုပြင် ဌာနနှင့်ပတ်သက်သည့် ဒီဇိုင်းများ၊ စာအုပ်စာစောင်မျက်နှာဖုံးအပြင်အဆင်များ စသည်တို့တွင်လည်း လွင်မောင် မပါမဖြစ် ပုံစံဖြစ်လာလေသည်။

လုပ်ငန်းက လက်နှိပ်စက်စာရေး၊ ပူးတွဲအလုပ်တာဝန်က ပန်းချီနှင့်ပတ်သက်သည့်လုပ်ငန်းများ၊ တချို့က လက်နှိပ်စက်စာရေးသည် လက်နှိပ်စက်ပဲရိုက်ရန်တာဝန်ရှိသည်။ တခြားတာဝန်ကို လက်မခံနှင့်စသည်ဖြင့် လွင်မောင်အား အကြံပေးကြပါသည်။ အကြံသည် အကြံသာဖြစ်ပါသည်။ အထက်အရာရှိက ဒါလုပ်ပါဆိုလျှင် လွင်မောင်ဘာမျှမပြောနိုင်ပါ။ တစ်နှစ်တစ်ခါအင်ဗိုင်းပြခန်းတွင်တာဝန်ကျပါသည်။ ထိုတာဝန်မှ တစ်ဖန်လုပ်နေကိုင်နေစဉ်အရေးကြီးစာများရိုက်ရန်ရှိသည်ဟုဆိုကာ ရုံးသို့ပြန်ပြေးရသည်မှာလည်း မနည်းလှပြီ။

တစ်ခါတစ်လေ အရာရှိကြီး၏အလုပ် ရုံးအုပ်၏အလုပ်၊ အရာရှိကလေး၏အလုပ်တစ်ပြိုင်တည်းတာဝန်ပေးပါသည်။ သူတို့သုံးဦးက လွင်မောင်ဘာလုပ်နေသည်ကို မသိ၊ ရုံးအုပ်ကလည်း သူ၏အလုပ်ကို ညနေအပြီး၊ အရာရှိလေးကလည်း ဒီနေ့အပြီး၊ အရာရှိကြီးကလည်း အမြန်၊ သည်တော့လွင်မောင် ဦးနှောက်စားရသဖြင့် ရုံးအုပ်ကြီးကို အကျိုးအကြောင်းတင်ပြပြီး အခြားစာရေးများကို အကူအညီတောင်းရန် တောင်းပန်၍ ပြောရလေသည်။ သည်တော့မှ ပေါ့ပါးသောအလုပ်ကို အခြားသူတစ်ယောက်အား အကူအညီတောင်းရပါသည်။ သည်တော့မှ လွင်မောင်သည် အရာရှိလေးနှင့်အရာရှိကြီးအလုပ်ကိုအချိန်မီ တစ်ခါတစ်လေ နံနက်စာပင်မစားရဘဲ၊ အလုပ်ပြီးရန်သာ လုပ်ရပါတော့သည်။

လက်နှိပ်စက်ရိုက်သည်ဆိုသောအလုပ်မှာ မျက်စိ၊ လက်တို့အပြင် တစ်ချိန်လုံးထိုင်ကာ တဒေါက်ဒေါက်ရိုက်နေရသဖြင့် မျက်ကြောများ၊ ဇက်ကြောများပြတ်မတတ်ခံစားရပါသည်။ တစ်ခါတစ်ရံဆိုလျှင် လွင်မောင်သည် အိပ်ရာပင်မထနိုင်ပါ။ ကျောများအောင့်ခြင်း၊ တစ်ကိုယ်လုံးရိုက်ထားသကဲ့သို့ ကိုက်ခဲနေခြင်း၊ လက်ဖျားထုံကျင်နေခြင်းစသည့် ရောဂါများကို အလူးအလဲခံစားရပါသည်။

အညောင်းထိုင်ရလွန်းသော လွင်မောင်သည် လက်ဆစ်များ၊ ဒူးဆစ်များမကြာခဏကိုက်ခဲရောင်ရမ်းလာသဖြင့် ဆေးခန်းသို့ ပြေးရပြန်၏။ မကြာခဏဖြစ်လာသောအခါ ဆရာဝန်က လေးဖက်နာရောဂါဖြစ်နေသည်ဟု ဆိုသဖြင့် ခွင့်ရက်ရှည်ယူ၍နားရန်ပြော၏။ ရုံးတွင်ရုံးအုပ်ကြီးအား ပြောပြသောအခါ ရုံးအုပ်ကြီးက ဆေးရုံတွင်ဆေးထိုးပါ။ ခွင့်ကတော့ တစ်ပတ်ခန့်သာယူရန် ပြော၏။

ခွင့်ရက်ရှည်မရသော်လည်း လွင်မောင်သည် ဆေးဖိထိုး၍ရသည့်ခွင့်ရက်လေးနှင့်သာ အနားယူရပါသည်။ ရုံးပြန်တက်သည်ဆိုသည်နှင့် ရိုက်ရန်စာများက စောင့်နေပါတော့သည်။ ရိုက်လိုက်ရသည့်စာ၊ ရေးလိုက်ရသည့် ပန်းချီ၊ ဘာတွေမှန်းပင်မသိတော့။ သူကြားဖူးသည်က နိုင်ငံခြားတွင် တံခါးဖွင့်သူ တံခါးဖွင့်သည့်အလုပ်သာ လုပ်ရ၏။ တခြားအလုပ်လုံးဝမလုပ်ရ။ ကားမောင်းသူသည် ကားသက်သက်ပဲမောင်းရ၏။ တံမြက်စည်းလှည်းသူသည် တံမြက်စည်းသာလှည်းရ၏။ တခြားဘာမှမခိုင်းရ။ ဤရပ် ဤရွာ ဤဌာနတွင်ကား‥လွင်မောင်ရယ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုပဲဖြစ်ဖြစ် လွင်မောင်ကတော့ ဤဌာနတွင်ပျော်ပါသည်။ စာရေးတော်တော်များများကလည်း လွင်မောင်ကို ခင်မင်ကြပါသည်။ အခွင့်အရေးမယူ၊ စိတ်ထားမှန်သော လွင်မောင်ကို ပေါင်းသင်းကြပါသည်။ ခုတစ်မျိုးတော်ကြာတစ်မျိုး လက်နှိပ်စက်စာရေးကြီး ဦးလူကျော်နှင့်စာရေးမများကလည်း လွင်မောင်မှ လွင်မောင်ဖြစ်နေပါတော့သည်။ လူ၏ကုသိုလ်ကံဆိုသည်မှာ အတော်ပင်ပြောရခက်ပါသည်။ တချို့က ငယ်သည်မှ ကြီးသည်ထိ ကံမကောင်း၊ တချို့က ငယ်စဉ်က ကံမကောင်းသော်လည်း ကြီးပြင်းလာသောအခါ ကံကောင်းတတ်၏။ လွင်မောင်တို့ကျတော့ ကံကောင်းသည်ဆိုရမလား၊ ကံဆိုးသည်ဆိုရလေမလား၊ ကံကောင်းလိုက် မကောင်းလိုက်၊ မကောင်းသည်ကများသည်လားမသိ။ ခုလည်း ဤဌာနတွင် ကံကောင်းနေပါသည်ဆိုသော်လည်း တစ်ခါတစ်ရံကံဆိုးပြန်၏။ ယခုလည်း ဌာနသို့အရာရှိကြီးတစ်ဦးပြောင်းရွှေ့လာ၏။ သူ့သဘောက ဒါဆိုဒါ၊ သွားဆိုသွား၊ ဆင်ခြေတက်၍မရ၊ သူဖြစ်စေချင်သည်ကိုသာ အဓိက၊ အခြားကိစ္စကသာမည၊ သူ့ကိုဌာနရှိ အရာရှိကြီးငယ်၊ စာရေးစာချီအားလုံးလန့်ကြပါသည်။

ဘယ်ရုံးအုပ်၊ ဘယ်စာရေးမှ ထိပ်တိုက်မတွေ့ရဲကြ လိမ္မာသလိုကြည့်ရှောင်ကြပါသည်။ အရာရှိကြီးက ရောက်ခါစဆိုတော့ သူ၏အလုပ်ကို ပြ၏။ အချိန်ပိုဆင်း၏။ အလုပ်လုပ်သူဆိုတော့ အလုပ်လုပ်သောလက်နှိပ်စက်စာရေးတွင် လွင်မောင်ကိုတွေ့၏။ လွင်မောင်၏လုပ်အားကို သဘောကျ၏။ သို့သော် မျက်နှာသာတော့မပေးချေ။ ခိုင်းသမျှလုပ်၊ အမြန်လုပ်၊ လက်နှိပ်စက်တင်ဘဲလား မဟုတ်၊ ပန်းချီရေးသည့်လုပ်ငန်းလည်း တာဝန်ပေး၏။ နယ်ရုံးများဌာနခွဲများမှ ပန်းချီနှင့်ပတ်သက်သည့်လုပ်ငန်းများကိုလည်း တာဝန်ယူစေ၏။

လုပ်ငန်းအနည်းအကျဉ်း အမှားအယွင်းရှိသည်နှင့် ဟိန်းဟောက်၏။ လက်နှိပ်စက်ကလည်း မလွတ်စေရ။ နိုင်ငံခြားသင်တန်းစာမေးပွဲမေးခွန်းများကို လွင်မောင်ကတာဝန်ယူ၍ ရိုက်ရ၏။ ရိုက်ပြီးစာများကို ဖယောင်းစက္ကူအောက်ခံမှအစ အရာရှိကြီးထံအပ်ရ၏။ မှားသည့်စာများကိုလည်း လွှင့်မပြစ်ရ။ ဆုတ်မပြစ်ရ။ သူ့ထံအပ်ရ၏။ လွင်မောင်ကားပြောသည့်အတိုင်းတစ်သဝေမတိမ်းဆောင်ရွက်၏။ ထိုအရေးကြီးမေးခွန်းများအတွက် တစ်ပတ်ခန့် ~ ိုန်ပို ဆင်းကြရ၏။ အချိန်ပိုက လေးငါးနာရီ။ ရုံးဆင်းချိန် ညနေ ၄ နာရီမှည ၈ နာရီထိ တစ်ခါတစ်လေ ၈ နာရီကျော်၏။ လွင်မောင်မှတ်မိသမျှ ထိုအချိန်ပိုရက်များတွင် လက်ဖက်ရည်နှင့်မုန့်သာ ကိစ္စပြီးရ၏။ ညအိမ်ပြန်ရောက်မှသာ ညစာကိုစားရလေ၏။

အချိန်ပိုနောက်ဆုံးနေ့တွင်တော့ ထူးထူးခြားခြားဆီချက်ခေါက်ဆွဲစားရ၏။ တစ်ပတ်ခန့်အကြာ ထိုမေးခွန်းများပေါက်သည်ဟု သိုးသိုးသန့်သန့် သတင်းထွက်လာ၏။ လွင်မောင်နှင့်ရုံးအုပ်ကြီးတို့သည် ဘုရားတနေကြ၏။ ဘုရားတနေကြရသည်ဆိုသည်မှာ ထိုမေးခွန်းများကို အရာရှိကြီး၊ ရုံးအုပ်ကြီးနှင့်လွင်မောင်တို့သာ တာဝန်ယူ၍လုပ်ကြ၏။ အရာရှိကြီးချပေးသော စာမူကြမ်းများကို ရုံးအုပ်ကြီးမှ ဖတ်ပြရ၏။ လွင်မောင်က ရိုက်၏။ အလုပ်လုပ်သည့်အခန်းကလည်း အရာရှိကြီး၏အခန်း သူ၏မင်းစေလေးမှလွဲ၍ မည်သူမျှမဝင်မထွက်ရ။ ပြင်လိုက်၊ ရိုက်လိုက်၊ ဖျက်လိုက်၊ ပြန်ရိုက်လိုက် မည်သူတစ်ဦးတစ်ယောက်မျှမမြင်ရ၊ မတွေ့ရ။ မေးခွန်းများကို ရိုက်ပြီးက အရာရှိကြီးကိုယ်တိုင်အိမ်ယူသွား၏။

ရုံး၌ပင်မထား၊ သူ့အခန်းကိုပင်သူစိတ်မချ၍လား၊ အားလုံးရိုက်ပြီးတော့လည်း ဖယောင်းစက္ကူကို ရုံးအုပ်ကြီးကိုယ်တိုင်လှည့်ရ၏။ ဘယ်သူ့ကိုမှ မခိုင်း၊ လွင်မောင်ကဘောမှရပ်ကာစောင့်ရေတွက်၊ မထင်မရှားတွေ့က ဖယ်၊ သေချာစီ၍ချုပ် နောက်ဆုံးလွင်မောင်နှင့်ရုံးအုပ်ကြီးနှစ်ဦးတွင် အပြစ်ရှိသည်ဟု ဆို၏။ ဤဌာနတွင် ဤလုပ်ငန်းမျိုးကို အခြားအခြားသောအရာရှိများ၊ ရုံးအုပ်များ၊ စာရေးများနှင့်အကြိမ်ကြိမ်အခါ

www.burmeseclassic.com

ခါလုပ်ဖူး၏။ ဘယ်တော့မှ အမှားမရှိ ပြဿနာမရှိ။ သို့သော်ယခင်ကယခင်၊ ယခုကယခုပြဿနာကပြဿနာ၊ ထို့ကြောင့် ရုံးအုပ်ကြီးနှင့်လွင်မောင်ကို ရုံးတင်မည်ဟု လေသံထွက်လာလေသည်။

အခြားအခြားသော အရာရှိများက ရုံးအုပ်ကြီးနှင့်လွင်မောင်ကို ယုံကြည်ကြ၏။ သူတို့၏ စိတ်ဓာတ်၊ အကျင့်စာရိတ္တကိုလည်း သိကြ၏။ နှစ်ပေါင်းနှစ်ဆယ်ကျော်လုပ်သက်ရှိကြပြီး လုပ်ငန်းကျွမ်းကျင်သူများ၊ ဒါကိုဝန်ထမ်းအားလုံးက သဘောပေါက်ပါသည်။ ဘယ်လိုပင်ပေါက်ပေါက်လွင်မောင်နှင့် ရုံးအုပ်ကြီးတို့ကတော့ တရားခံတွေ၊ အရာရှိကြီးက လွင်မောင်နှင့်ရုံးအုပ်ကြီးကို ခေါ်၍ အကျိုးကြောင်းပြော၏။ ဒေါကန်၏။ ဆူ၏။ ဘယ်သူလဲ၊ ဘာကြောင့်လဲ၊ အကြောင်းရင်းကို ရှာခိုင်း၏။ ရှာလည်းရှာရှာ၊ ဘယ်လို သတင်းအစအနမှ မတွေ့. နောက်ဆုံး ရုံးအုပ်ကြီးနှင့် လွင်မောင်ကိုအပြစ်ဖို့ကာ ရုံးတင်မည်ဖြစ်ကြောင်းပြောကာ အဆုံးသတ်၏။

လွင်မောင်ကတော့ အရာရှိကြီးရုံးခန်းမှပြန်အထွက်တွင် အတော်ပင်စိတ်ဓာတ်ကျဆင်းသွား၏။ အနှစ်နှစ်ဆယ်ကျော် တာဝန်ကျေအောင်ဆောင်ရွက်ခဲ့သူ မည်သည့်ပြစ်မှုမှမရှိ၊ ဝန်ထမ်းအားလုံးနှင့်ပြေလည်သည့် လွင်မောင်သည် တစ်ချီခံရပေတော့မည်။ ကိုယ်လုပ်၍ ကိုယ်ခံရလျှင်ခံနိုင်၏။ ယခုမူမိမိဘာမှမသိ၊ ခိုင်းသည့်အတိုင်း တစ်သဝေမတိမ်းဆောင်ရွက်ခဲ့သည်။ ရုံးအုပ်ကြီးလည်း ထိုနည်းတူဖြစ်ပေလိမ့်မည်။

နောက်တစ်နေ့နံနက် ရုံးတက်ခါနီးတွင် ဇနီးက

"ညတုန်းက ရှင်တော်တော်ယောင်တယ်နော်"

"ဟာ၊ ဘာတွေယောင်လို့တုန်း"

"ဘာတဲ့၊ ဒါသက်သေစော်ကားတာ၊ မင်းကြီးတာကထွက်တာ တို့နဲ့ဘာဆိုင်တုန်းဆိုလား ··ဘာလား၊ တော်တော်အသံပီတယ်နော်"

လွင်မောင်ဇနီးက ထမင်းချိုင့်ထည့်ရင်း ပြော၏။

"ရုံးမှာ ဘာတွေများ ပြဿနာပေါ်လို့တုန်း"

"ဘာပြဿနာမှ မှုတ်ပါဘူးကွာ၊ တစ်ခါတစ်လေတော့လည်း ဒီလိုပါပဲ"

လွင်မောင်ရုံးရောက်သောအခါ ရုံးအုပ်ကြီးက အရာရှိကြီး၏ အခန်းသို့သွားရောက်ရန်ခေါ်သဖြင့် နှစ်ဦးသားအရာရှိကြီး၏ ရှေ့မှောက်တွင်မတ်တပ်ကလေးရပ်ကာ အမိန့်ကို နားထောင်နေကြ၏။လွင်မောင်ကတော့ဘာဖြစ်ဖြစ် ဒီတစ်ချီ မည်သည့်အပြစ်မှမရှိဘဲ အပြစ်ပေးလျှင် လုံးဝလက်ခံနိုင်မည်မဟုတ်။ ပြတ်ပြတ်သားသားပြောရန် စိတ်ကူးပြီးဖြစ်၏။ ဒီတစ်ချီ လွင်မောင်အလွန်ခံပြင်း၏။ မိမိဒီလောက်တာဝန်ကျေကျေနေ့ မအား ညမနား ဆောက်ရွက်ပေးသော်လည်း ကုသိုလ်ကံကား ဆိုးလှ၏။

"ကဲ၊ ရုံးအုပ်ကြီးရော လွင်မောင်ရော၊ ဒါခင်ဗျားတို့နှစ်ယောက်အတွက် နောက်ဆုံးသတိပေးခြင်းဘဲ၊ နောက်နောင်ဆိုရင် ဘယ်လိုမှ ကျွန်တော်ခွင့်မလွှတ်နိုင်ဘူး၊ ဒီတစ်ခါကတော့ ခင်ဗျားတို့ရဲ့ လုပ်သက်၊ ခင်ဗျားတို့ရဲ့ မိသားစု၊ ဒါတွေကိုကြည့်ပြီး၊ စဉ်းစားပြီး ခွင့်လွှတ်သည်းခံလိုက်မယ်၊ ဟောဒီမှာ လက်မှတ်ထိုးကြ"

အရာရှိကြီးရှေ့တွင် နောင်အလားတူကိစ္စမျိုး ဖြစ်ပေါ်ပါက တာဝန်မှရပ်စဲခံရမည်ကို သိရှိပါကြောင်း ဝန်ခံကတိပြုစာရွက်တွင် လက်မှတ်ရေးထိုးရပါသည်။ လွင်မောင်လည်း စာကိုပင်ဖတ်မကြည့်တော့ဘဲ၊ လက်မှတ်ထိုးလိုက်၏။

"ဒါပထမဆုံးနဲ့ နောက်ဆုံးပေါ့ဗျာ၊ ကျွန်တော် ခင်ဗျာတို့အတွက် အများကြီးစဉ်းစားပြီး သက်သက်ညှာညှာလုပ်လိုက်တာပါ၊ သွားနိုင်ပါပြီ"

ခင်ဗျားတို့ဘာမှ မမှားပါဘူးဗျာ၊ ဒါသက်သက်တရားခံရှာတာဘဲဗျာ၊ အချို့ရုံးဝန်ထမ်းများက ပြော၏။

"သိပ်ခေါင်းထဲထည့် မနေပါနဲ့ဗျာ၊ ဘာမှအပြစ်မရှိလို့ လက်မှတ်လောက်ပဲ ထိုးခိုင်းလိုက်တာပါ"

"မင်းကြီးတာကလဲ ထွက်တာ



www.burmeseclassic.com

www.burmeseclassic.com

ပါဗျာ၊ ကျူပ်ပြောရဲတယ်”

လွှင်မောင်က ဒေါကန်ကန်နှင့် ရုံးအုပ်ကြီးကိုပြော၏။ ရုံးအုပ်ကြီးက ဘာမှမပြောဘဲ ဆိတ်ဆိတ်နေလေ၏ ဒီတစ်ချီ လွှင်မောင်အလွန်ပင် စိတ်ဓါတ်ကျဆင်းသွား၏။ အလုပ်ဆက်လုပ်ရန်ပင် စဉ်းစားရလေပြီ။ သူနှင့်ခင်မင်သော အရာရှိများက ဝိုင်းဝန်းနှစ်သိမ့်ကြ၏။ အလုပ်ထွက်ရန် မိမိနောက်တွင် ဘာအာမခံချက်မှမရှိ၊ ငွေမရှိ၊ အားကိုးလောက်သည့် ခိုင်မာမှုမရှိ၊ မိမိနောက်တွင်ဇနီးနှင့် သားသမီးသုံးယောက်။ လွှင်မောင်စိတ်လျှော့လိုက်ရလေသည်။ သည်လိုနှင့်နှစ်စဉ် ပြခန်းရာသီရောက်လာလေသည်။ ဖြစ်ချင်တော့ ဤအရာရှိကြီးကပင် ပြခန်းအတွက်တာဝန်ကျ၏။ သူက တာဝန်ခံဆိုတော့ လွှင်မောင်လည်း မလွတ်တော့ပေ။ ထိုကြောင့် ပြပွဲမတိုင်မီပြခန်းပြင်ဆင်ခြင်း၊ ပစ္စည်းသယ်ပို့ခြင်း၊ နေရာချခြင်း၊ ပြခန်းလုပ်ငန်းသည် အချိန်နည်းနည်းနှင့် အလုပ်များသော လုပ်ငန်းဖြစ်၏။

လွှင်မောင်၏ လုပ်ငန်းကတော့ ပြခန်းဆေးသုတ်ခြင်း၊ စာလုံးများရေးဆွဲခြင်း၊ ပစ္စည်းအထားအသို နေရာချမှု၊ အရောင်အသွေးရွေးချယ် ဖန်တီးမှု စသည်တို့ကို အခြားပြင်ပပန်းချီဆရာများနှင့် တွဲဖက်ကာ တာဝန်ယူလုပ်ဆောင်ရ၏။ ထိုပြခန်းရက်များအတွင်း ည ၈ နာရီ ၉ နာရီခန့်မှ အိမ်ပြန်ရ၏။ တစ်ခါတစ်ရံသာ ကားနှင့်ပို့၏။ များသောအားဖြင့် ခြေလျင်၊ အရာရှိကြီးကိုယ်တိုင်လည်း တစ်နေ့ တစ်ခေါက်လာရောက်၍ စစ်ဆေး၏။

လက်နှိပ်စက်စာရေးသည် ပန်းချီဆရာဖြစ်ပြန်၏။ တစ်ကြိမ်တွင်ရုံးမှ အရေးကြီးစာရိုက်ရန် ဖုန်းဆက်ခေါ်သဖြင့် လွှင်မောင်ရုံးသို့အမြန်ပေးရ၏။ ရုံးရောက်တော့ ညွှန်ချုပ်၏ စာဖြစ်၍ ရောက်သည်နှင့်လက်နှိပ်စက်စားပွဲကို ပြေးကာ တဖြောင်းဖြောင်း ရိုက်ရလေ၏။ နောက်နေ့ နေ့လယ်လောက်မှ ညွှန်ချုပ်၏ လုပ်ငန်းပြီး၍ ပြခန်းသို့ပြန်ပြေးရ၏။ ပြခန်းသို့ ရောက်သောအခါ တွဲဖက်ဘားသော အရာရှိငယ်က အရာရှိကြီးလာ၍မေးကြောင်း၊ ရုံးပြန်၍ အလုပ်လုပ်ကြောင်းပြောလိုက်ကြောင်း ပြောပြ၏။ ဘာရာထူးမှမရှိသော လွှင်မောင်သည် ရာထူးရှိသူများထက်အရေးပါနေ၏။ တော်ကြာ ဟိုကခေါ်၊ ဒီကခေါ်၊ လခက ဒီလက်၊ အိုဗာတိုင်ကြေးမရှိ၊ စေတနာကြေးတော့ရှိ၏။

သို့သော် မဖြစ်စလောက်၊ ပြခန်းပြရက်နီးလာသည်နှင့် လွှင်မောင်တို့တစ်တွေ ပို၍ဗျာများရ၏။ အရာရှိကြီးကလည်း ဟိုဟာကိုဒီရွှေ့ ဒီဟာကို ဟိုပြောင်း၊ ငေါက်ငေါက်ငမ်းငမ်းနှင့်အမိန့်ပေး၏။ လူစိမ်းလူကျက်နားမလည်၊ အပြင်မှငှားထားသော အလုပ်သမားများပင်မလွယ်။ ပြခန်းသည် ပျော်ပျော်ရွှင်ရွှင်လည်ပတ်လှုပ်ရှားရမည့်အစား ဆူဆူပူပူဟိန်းသံဟောက်သံတို့ဖြင့် ဆူညံနေ၏။ ရန်နှင့်ယှဉ်ကြုံ၍ အလုပ်တာဝန်ထမ်းဆောင်ရမည်ဆိုသော တစ်ချိန်က ဗေဒင်ဆရာတစ်ဦးက လွှင်မောင်အား ဟောဖူးသည်မှာ မှန်ပေစွ။ အကောင်းတွေဘက်ကတော့ သိပ်မမှန်၊ မကောင်းတာတွေကတော့ ဒက်ထိမှန်လှ၏။

ပြခန်းဖွင့်ပွဲပြီး၍ ပြခန်းစောင့်တာဝန်ကျပြန်တော့လည်း လွှင်မောင်ကိုပါ တာဝန်ချပြန်၏။ ရုံးပြန်မည်ဟုထင်ထားသော လွှင်မောင်ငူတူတူငေါင်တောင်တောင်ဖြစ်သွား၏။ အရာရှိငယ်ကိုလည်း ဆက်လက်တွဲဖက်ထား၏။ သည်လိုနှင့် ပြပွဲစပြီးနှစ်ရက်အကြာ ရုံးတွင် စာရိုက်ရန် ရှိသည်ဟု ဖုန်းလာပြန်၍ လွှင်မောင် ရုံးသို့လစ်ရပြန်၏။ ရုံးမှဝန်ထမ်းများက

'မင်းဟာ လက်နှိပ်စက်စာရေးပဲကွ၊ ပြောပြပေါ့'ဟု ဝိုင်းပြောကြသော်လည်း ပြောသာပြောကြသည် တကယ်တမ်းကျတော့ မည်သူမျှ တရားဝင်မပြောရဲကြပါ။

ရုံးတွင်အလုပ်ကိစ္စနှင့်ရောက်နေသော လွှင်မောင်သည် ပြခန်းသို့ ပြန်မရောက်တော့ဘဲ မိမိ၏ပင်တိုင်အလုပ် လက်နှိပ်စက်ရိုက်ခြင်းကိုသာ လုပ်နေတော့၏။ ပြခန်းပြီးခါနီးတစ်ရက်အလိုတွင် အရာရှိကြီးက လွှင်မောင်အား အလုပ်ပြီးလျှင် ပြခန်းကို တွဲဖက်ရန်ဆိုပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

လွင်မောင်လည်း ရုံးအမိန့်ဟူ၍ တိတိကျကျမရှိဘဲ၊ အရာရှိများ၏ နှုတ်မိန့်ဖြင့်သာ ဟိုပြေးလိုက်၊ ဒီပြေးလိုက်ဖြစ်နေ၏။ အချို့သောအရာရှိများက မကျေနပ်၊ အချို့ကလည်း ကိုယ်နှင့်မဆိုင်သလိုနေ၏။ အချို့ကတော့ ဟိုအရာရှိက ပြောလည်းဟုတ်ကဲ့ ဒီအရာရှိက ပြောလည်းဟုတ်ကဲ့။

ကြာတော့ လွင်မောင်မခံနိုင်တော့ပါ။ ကျောပူခံနိုင်သော်လည်း နားပူမခံနိုင်ပါ။ ကြိတ်မှိတ်၍တော့ ကြိုးစားသည်းခံ၏။ သို့သော် ကံကြမ္မာက သူ့ဘက်တွင်မရှိ၊ အလုပ်မလုပ်သောသူသည် ပြဿနာမရှိ၊ အလုပ်လုပ်သောသူကား ပြဿနာရှိ၏။ ထို့အတူအလုပ်များပြားစွာလုပ်ရသော သူကား ပြဿနာများစွာ ကြုံရပါတော့သည်။ လွင်မောင်အားခိုင်းသည့် အလုပ်များသည် အလျှင်အမြန်ချက်ချင်းများသာဖြစ်သည်။ အလျှင်အမြန်ချက်ချင်းကို အလျှင်အမြန်လုပ်တော့ မှားသည်ကများ၏။ စေခိုင်းသူများက အလုပ်များသည်ကို မကြည့်၊ မိမိအလုပ်မှားသည်ကိုသာ ကြည့်၏။ ဘာကြောင့်မှားသနည်း အကြောင်းမရှာ ဒီလူ သိပ်အလုပ်များသည်။ သည်းခံ၍နေမည်၊ သည်းခံမည်၊ သည်လိုမဟုတ်ကြ မှန်လျှင်ဘာမှမပြော၊ မှားလျှင်တော့ ထောက်ကြသည်။ ဟောက်ကြသည်။

လူဆိုသည်မှာ မိမိအတွက်သာ ကြည့်တတ်ပါသည်။ အခြားသူအတွက် မကြည့်တတ်၊ မှားလျှင် မှားသောသူကို အပြစ်ဖို့ကာ ကိုယ်က လွတ်အောင် ရှောင်ပါတော့သည်။ ဒီဒဏ်များကို ကြာကြာခံရလျှင် ကြာလျှင်စိတ်ရောဂါပင်ရပေလိမ့်မည်။ သို့မဟုတ် မခံချင်စိတ်နှင့် ပြန်ပြောမိက ပြဿနာပို၍ကြီးကျယ်ကျန်လိမ့်မည်။ သို့အတွက် လွင်မောင်သည် ဝမ်းနည်းစွာပင် အလုပ်ထွက်ရန်ဆုံးဖြတ်လိုက်ပါသည်။ ဘယ်လိုထွက်မည်လဲ၊ လုပ်သက်က ၂၅ နှစ်၊ ဟုတ်ပြီ၊ ဆေးဖြင့်ထွက်က ရနိုင်သည်။ အပေါင်းအသင်းရောင်းရင်းများကို လိုက်၍စုံစမ်းကြည့်သည်။ သူ့ကိုခင်သောဝန်ထမ်းတစ်ဦးက ပါရဂူတစ်ဦးထံပို့၍ အကူအညီတောင်းသည်။ ထိုပါရဂူကြီးသည် လွင်မောင်အား ရောဂါရှာပြီး၊ သက်ဆိုင်ရာ ဆရာဝန်ကြီးတစ်ဦးထံ စေလွှတ်ပါသည်။

လွင်မောင်သည် ပျော်ရွှင်စွာ ဆရာဝန်ကြီးထံသွားရောက်၍ ဆေးစစ်ခံ၏။ တစ်ရက်၊ နှစ်ရက်၊ သုံးရက် စစ်ဆေးပြီးသောအခါ ဆရာဝန်ကြီးက ပြတ်ပြတ်သားသားပင် ဘာရောဂါမှ မရှိ၍ ဆေးပင်စင်လုပ်၍မရနိုင်ကြောင်း၊ လွင်မောင်ခမျာ အောင့်သက်သက်ဖြင့် ခေါင်းကလေးညိတ်ကာ ရုံးသို့ပြန်ခဲ့ရလေ၏။ ဤကိစ္စကို ရုံးမှလုံးဝမသိပေ၊ လွင်မောင်သည် မည်သူ့မျှအသိမပေးဘဲ၊ မိမိဘာသာကျိတ်ပုန်းခုတ်ခြင်းဖြစ်၏။ ယခုကဲ့သို့ မအောင်မြင်သောအခါ သူ့အား အကူအညီပေးခဲ့သော မိတ်ဆွေကို အကျိုးအကြောင်းပြောပြသောအခါ ထိုမိတ်ဆွေကလည်း မည်သို့မှ ဆက်လက်၍ အကြံမပေးနိုင်သဖြင့် လက်မှိုင်ချကာ ပြန်ခဲ့ရပြန်၏။

ထိုအချိန်က ဝန်ထမ်းတစ်ဦးသည် ဆေးဘုတ်နှင့်ထွက်ချင်ထွက် သို့မဟုတ် မိမိဆန္ဒအရ ထွက်လိုကထွက်၊ ဤနှစ်နည်းသာလျှင်ရှိ၏။ လွင်မောင်သည် ပထမနည်းနှင့် မပြေလည်သောအခါ ဒုတိယနည်းကို သုံး၍ နှုတ်ထွက်ရန်သာရှိတော့၏။ ဤအချိန်ဤအခါတွင် သူသည် ဝန်ထမ်းကောင်းဆုတံဆိပ်တော့ ရပြီးလေပြီ၊ အိမ်ဆိုင်ကလေးတော့ ဖွင့်ထားနိုင်သည်။ ကိုယ့်ဆိုင်ကိုယ်ကြိုးစားက တိုးတက်နိုင်ပါသည်။ အိမ်ထောင်စုအတွက် ပိုလျှံအောင် မစားသောက်နိုင်သော်လည်း ကိုယ့်ဆိုင်၊ ကိုယ့်အလုပ်ဆိုတော့ စိတ်ချမ်းသာနိုင်သည်။ ဟောက်မည့်ဟိန်းမည့်သူမရှိ၊ အချိန်နှင့်သွားလာရန်လည်းမလို၊ မည်သူ့စကားမှလည်း နားထောင်စရာမလို၊ ဟိုပြေး၊ ဒီပြေး ဟို့ဌာနသွား၊ ဒီဌာနသွားစရာလည်း မလိုတော့၊ စိတ်ကတော့ အရမ်းချမ်းသာ၍ အရမ်းလွတ်လပ်သွားပေမည်။ အဓိကသည် စိတ်ချမ်းသာရေး၊ စိတ်ကျရောဂါမဖြစ်ရေးပင် မဟုတ်ပါလား။

စိတ်ကျရောဂါဆိုသည်ထက် ဒေါသရောဂါကို အချိန်မီကုသရန်



www.burmeseclassic.com

www.burmeseclassic.com

လိုပေသည်။ သည်အလုပ်သည်နေရာတွင် ဆက်လက်လုပ်ကိုင်နေပါက မခံချင်စိတ်ကို ချုပ်တည်း၍ မရက ပို၍ဆိုးဝါးလေမည်။ ထို့ကြောင့် မိမိသဘောနှင့်နုတ်ထွက်ရာ တင်ရန် ဆုံးဖြတ်လိုက်လေသည်။ ကောင်းသည်လား၊ ဆိုးသည်ဟုဆိုရလေမလားမသိ။ လုပ်ဖော်ကိုင်ဖက်ရုံးအုပ်ကြီးသည် ဌာနပြောင်းရွှေ့သွားလေသည်။ လုပ်ဖော်ကိုင်ဖက်ရုံးအုပ်ကြီးဆိုပါက မိမိထွက်စာကိုတားမြစ်ပေလိမ့်မည်။ ယခုရုံးအုပ်ကြီးသည်ကား လူငယ်တစ်ယောက်၊ သွက်သွက်လက်လက်၊ ဟောဟောဒိုင်းဒိုင်း၊ ပြတ်ပြတ်သားသားလုပ်တတ်သူဖြစ်ပါသည်။ သည်တော့ သည်အခွင့်အရေးကို အခွင့်ကောင်းယူကာနုတ်ထွက်စာတင်လိုက်ပါသည်။ ရုံးအုပ်အသစ်က တစ်ပတ်ခန့်စဉ်းစားရန်ပြောပြီး ခေတ္တဆိုင်းငံ့ထားပါသည်။

လွင်မောင်ကတော့ ပြတ်ပြတ်သားသားပင် မိမိစဉ်းစားပြီးကြောင်း အထပ်ထပ်အခါခါစဉ်းစားပြီးကြောင်း၊ လက်မှတ်ထိုးရန်သာ ရုံးအုပ်ကြီးအား အရေးဆို၏။ ရုံးအုပ်ကြီးကလည်း အထက်အရာရှိများထံ တင်ပြပြန်သည်။ အရာရှိများသိရှိသည်နှင့် လွင်မောင်အားဝိုင်း၍တားတော့သည်။ ချော့ကြသည်။ သူ့အား ခင်မင်သော အရာရှိဦးမြင့်သိန်းမြိုင်က လောလောဆယ်ခွင့်တစ်လယူ၍ နားရန်၊ ခွင့်ပြန်လာမှ စဉ်းစားရန်ပြော၏။ လက်နှိပ်စက် စာရေးကြီးဦးလူကျော်ကလည်း တဖွတ်ထိုးမဆုံးဖြတ်ရန်နှင့်ချင့်ချိန်ရန် ဆုံးမ၏။

စာရေးမကြီးများကလည်း လွင်မောင်တကယ်ထွက်မည်ဆိုတော့ အံ့သြဝမ်းနည်းကုန်ကြ၏။ မထွက်ရန် ဝိုင်းတားကြပြန်၏။

'ကိုလွင်မောင် စဉ်းစားဦးနော်၊ တော်ကြာ အပြင်ရောက်မှ ဒုက္ခရောက်နေဦးမယ်''

''ဟုတ်တယ်နော် လွင်မောင် စိတ်လိုက်မာန်ပါမလုပ်နဲ့၊ လုပ်သက်က နည်းတာမဟုတ်ဘူး သုံးလေးနှစ်အောင့်လိုက်ရင် လုပ်သက်ပြည့်ပင်စင်ရပြီလေ'

ဒေါ်ခင်အောင်နှင့်ဒေါ်ရင်စီတို့က ကရုဏာဒေါသောပြောကြ၏။ ချော့ကြ၏။ သို့သော် လွင်မောင်ကတော့ ဒါဆိုဒါ။ ဤသို့ဖြင့် ဟိုလူကချော့၊ ဒီလူကချော့နှင့်တစ်လခန့်ကြာသွားပါသည်။ လွင်မောင်ကတော့ မပြောင်းလဲပါ။ ရုံးအုပ်ကြီးထံ ထွက်စာတင်ပြီး ရုံးသို့မလာတော့ပေ။ ရုံးအုပ်ကြီးနှင့်အရာရှိ အချို့ကလည်း ခွင့်လွတ်စွာ နားလည်ပေးထားလိုက်၏။ သူအိမ်တွင်နေ၍ ဆိုင်ကလေးကိုသာ ဂရုတစိုက်ရောင်း၏ လက်နှိပ်စက်စာရေးကြီးကိုလူကျော်နှင့်စာရေးမများက အိမ်သို့လာ၍ ရုံးပြန်တက်ရန် ခေါ်ကြ၏။

မည်သို့ပင်ဆိုစေ လွင်မောင်သည် ရုံးမှအရာရှိများ၊ လုပ်ဖော်ကိုင်ဖက်များအား တောင်းပန်ကာ မရမကအလုပ်မှနုတ်ထွက်ခဲ့လေ၏။ သူ၏ နုတ်ထွက်မှုသည် မိမိသဘောအရနုတ်ထွက်ခဲ့ခြင်းဖြစ်သည့်အတွက် မည်သည့်ခံစားခွင့်မှ မခံစားခဲ့ရပေ။ လွင်မောင်အနေဖြင့် မည်သည့်ခံစားခွင့်ကိုမှ မမျှော်၊ နုတ်ထွက်ရန်ပင် မနည်းကြိုးစားခဲ့ရလေသည်။

လွင်မောင်တရားဝင်နုတ်ထွက်ပြီး တစ်နှစ်ခန့်အကြာ လွင်မောင်အား ဆေးဘုတ်နှင့်နုတ်ထွက်ရန် အကူအညီပေးခဲ့သည့် မိတ်ဆွေသည်လည်း ဆေးဘုတ်နှင့်နုတ်ထွက်ခဲ့ကြောင်း သူသိရလေ၏။ ထိုသူနှင့်တွေ့သောအခါ လွင်မောင်က··

''မောင်ရင် ကျုပ်ကိုကူညီခဲ့တုန်းက ဘာဖြစ်လို့မရတာလဲ''

''ခက်တဲ့ကိုလွင်မောင်ပဲဗျာ၊ ကိုလွင်မောင်က တယ်ရိုးသားတာကိုး၊ ဘာပဲလုပ်လုပ် လောကကြီးမှာ အပေးအယူ ရှိတယ်လေဗျာ၊ ဒါကြောင့်ပေါ့''

''အော်ဒီလိုကိုး၊ ကျုပ်အလုပ်လုပ်ခဲ့တုန်းက ဘယ်သူက ဘယ်လိုအရေးကြီးလို့ ဘာလုပ်ပေးပါ၊ ဘယ်ဌာနသွားပါဆိုရင် ချက်ချင်းအားချင်း မငြင်းတမ်းလုပ်ခဲ့တာ မောင်ရင်လဲ အသိပါကွာ''

''ဒါတော့ ဒါပေါ့ကိုလွင်မောင်ရာ၊ တကယ်တမ်းကိုယ့်အတွက် အရေးတကြီး အဓိက လိုအပ်လာပြီဆိုရင် တော်ရုံတန်ရုံအသိတရားနဲ့ မရဘူးဗျ၊ ရှေ့ပတ္တမြား၊ ရှေ့နဂါးပဲလေဗျာ''

''ဒီလိုကိုး၊ ကျုပ်ကလည်း သိပ်

www.burmeseclassic.com

သိတာပေါ့ဗျာ၊ ဒါပေမဲ့ ဒါမျိုးကျုပ်မလုပ်နိုင်ဘူးခင်ဗျ၊ ကျုပ်မှာဘာမှပေးစရာမရှိဘူး၊ ဘာမှစုဆောင်းထားတာလည်းမရှိဘူး၊ ဒီယုံမြင်လို့ ဒီချွထွင်တာမျိုးလည်း မလုပ်တတ်ဘူးလေဗျာ၊ ဒါကြောင့်လည်း ဒီအတိုင်းဖြစ်တာပဲဆိုတာ သဘောပိုပေါက်သွားပါပြီဗျာ။ ကုသိုလ်ကံစီမံရာပဲပေါ့။ ကိုယ့်ဘဝကိုယ့်အကြောင်းကိုကျေနပ်ပါတယ်လို့ပဲ ပြောရမှာပေါ့သူငယ်ချင်းရာ…”

* * *

လွင်မောင်အလုပ်ထွက်ပြီး နှစ်နှစ်ခန့်အကြာ သူ၏အစ်ကိုကြီးကိုမိုးမြင့်ထံ အလည်ရောက်သောအခါ အလုပ်ထွက်သည့် အကြောင်းမေး၍ပြောပြရ၏။ လွင်မောင်ပြောပြီးသောအခါ အစ်ကိုကြီးကိုမိုးမြင့်က ပြော၏။

“မင်းက ဆေးဘုတ်နဲ့ထွက်ဖို့ မလွယ်ဘူးဆိုပေမဲ့ ဒီအတိုင်းပဲ ထွက်ရတော့မပေါ့ကွာ၊ ငါးလည်းမင်းလိုပဲကွ၊ ရုံးမှာဘယ်လိုမှ မပျော်တော့လို့ သူများတွေ အကြံပေးတဲ့အတိုင်း ဆေးရုံကိုသွားတာပေါ့ကွာ၊ အေး၊ မင်းလိုတော့ ပြည်ရိုးဆေးရုံကိုသွားတာမှတ်ဘူးနော်၊ ငါက စိတ္တဇဆေးရုံကို သွားတာ ဟိုရောက်တော့ ဆရာဝန်ကြီးလေး အခန်းထဲဝင်ပြီး အကျိုးအကြောင်း ပြောပြတာပေါ့ကွာ၊ သုံးလေးယောက် လောက်က လုံးဝလက်မခံကြဘူးကွ၊ ငါကလည်း တောင်းပန်းအသနားခံရတာပေါ့ကွာ၊ ဒါပေမယ့် ဘယ်ဆရာဝန်ကြီးတွေကမှ လက်မခံဘူးဟေ့။ အကုန်လက်ရှောင်ကုန်တာပဲကွ။

“ဒါနဲ့ ငါလည်းဘယ်လိုမှ ပြောမရတာနဲ့ စိတ်ပျက်ပျက်ခေါင်းငိုက်စိုက်နဲ့ ပြန်ခဲ့ရတာပေါ့။ အဲဒီလိုပြန်လာတုန်းလှေကားနားရောက်တော့ ဆရာဝန်ကြီးတစ်ယောက်က ငါ့ကိုခေါ်ပြီး ဘာကိစ္စများလဲ၊ ဘာများကူညီရမလဲ၊ ခင်ဗျားကိုမြင်မြင်းခြင်းပဲ ကျွန်တော်ကူညီချင်စိတ်ပေါ်လာတယ်ဗျာလို့ ပြောတော့၊ ငါက ဟုတ်မှဟုတ်ရဲ့လားဆိုပြီး ငေးနေတုန်းသူက သူ့ရုံးခန်းထဲခေါ်သွားပြီး အကျိုးအကြောင်းမေးတယ်ကွ၊ ငါကလည်း အလုပ်ကနားချင်တဲ့အကြောင်း ရှင်းရှင်း ပွင့်ပွင့်လင်းလင်းပဲ ပြောပြတော့၊ ဆရာဝန်ကြီးက လျှောလျှောရှုရှုဘဲ ဆေးစာရေးပေးလိုက်ပါလေရောကွာ၊ အဲဒါနဲ့ပဲငါလည်းဆေးဘုတ်နဲ့ ထွက်ခွင့်ရခဲ့တာကွ၊ တော်တော်ကံကောင်းတယ်ကွာ၊ တကယ့်ကို ဘုရားမတာပဲ၊ ဘယ်လိုမှ မထင်ထားတဲ့ ကိစ္စကွ”

“အင်း‥အစ်ကိုကြီးကတော့ တကယ့်ကို ကံထူးတာပဲနော်‥ တကယ့်ကို ကျေးဇူးကြီးတဲ့ ဆရာဝန်ကြီးပဲ”

“အေးကွာ၊ တကယ့်ကိုကျေးဇူးကြီးပါပေတယ်။ ဒါနဲ့ပြောရဦးမယ်၊ တို့အဖေကစ မင်းနဲ့ငါအဆုံးပေါ့။ အလုပ်ကိုသက်ပြည့်မလုပ်ရဘဲ လမ်းတစ်ဝက်တင်ထွက်ခဲ့ရတာခြင်းတူတယ်ကွ၊ အဖေက ပြောဖူးတယ်၊ အင်္ဂလိပ်လက်အောက်မှာ သူမြေတိုင်းစာရေးလုပ်နေတုန်း၊ အရာရှိတစ်ယောက်နဲ့ စကားများပြီး အလုပ်ထွက်ခဲ့တာတဲ့ကွ”

“ဒါပေါ့အစ်ကိုကြီးရာ၊ ဖြစ်ချင်တာမဖြစ်ဘဲ မဖြစ်ချင်တာတွေလည်း ဖြစ်တတ်ပါတယ်လေ၊ ဒါပေမဲ့ ဘာပဲပြောပြော အဖေက အလုပ်ထွက်ခဲ့ပေမယ့် ကုန်သည်အလုပ်နဲ့ ကျွန်တော်တို့ညီအစ်ကိုတွေကို ပြုစုပျိုးထောင်ပေးခဲ့တာပဲနော်‥”

“ဟုတ်ပြီ ဒါဆိုရင် မင်းလည်း အလုပ်ထွက်တာ နှစ်နှစ်တောင်ရှိပြီဆိုတော့ မင်းရဲ့ဆိုင်ကလေးနဲ့ရပ်တည်နိုင်တဲ့ သဘောပေါ့ကွာ၊ ဒါကြောင့် ဘာအလုပ်ပဲလုပ်လုပ် တစိုက်မတ်မတ်နဲ့ အာရုံစိုက်လုပ်ရင် တစ်နေ့မိမိကြိုးစားမှုရဲ့ အကျိုးကို ခံစားရမှာပါပဲကွာ။ ဒါကြောင့် ‘အစိန္တိပိဘဝတိ၊ စိန္တိတံပိ ဝိနဿတိ’ တဲ့ မကြံစည်တာလည်းဖြစ်တတ်၏။ ကြံစည်တာလည်းပျက်တတ်၏(ဝါ) မဖြစ်ချင်တာလည်းဖြစ်ရ၊ ဖြစ်ချင်တာလည်းမဖြစ်ရဆိုတာပါပဲကွာ‥ တရားနဲ့သာဖြေပေတော့ဟေ့”

**မောင်တော်တိန်**



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၃–ခုနှစ်၊ ဩဂုတ်အတွက်

နွယ်သာကီအောင်

စွတ်စိုထိုင်းမှိုင်းသော ရာသီပင်ဖြစ်သော်ငြား အေးအေးချမ်းချမ်းရှိလှသည့်အတွက် နေရထိုင်ရသည်မှာ စိတ်ချမ်းသာဖွယ် ကောင်းလှပေသည်။ မိုးရွာမှုလည်း ပျိုးသာပေလိမ့်မည်။ သစ်ပင်သစ်တောတို့အတွက် မိုးရေသည် တကယ့်ကို အားဆေးတစ်လက်ပင် ဖြစ်တော့သည်။ မိုးက မိုးတာဝန်ကျေသော်ငြား၊ လူသားအချို့ကမူ အင်အားကိုအခြေပြုလျက် ရာသီဥတုတွေ ကတိမ်းကပါးဖြစ်ရလေအောင် သစ်ပင်တွေလှဲခဲ့ကြသည်။ သစ်တောတွေ ပျောက်ခဲ့ကြသည်။ တောင်တွေမှာလည်း ထို့အတူ…။

ထိုအခါတွင် သဘာဝက လူသားတို့အား ကျိန်စာတိုက်ကြလေတော့သည်။ မိမိတို့သည် သဘာဝကို မချစ်လျှင်တောင်မှ ဖျက်ဆီးဖို့ရာမသင့်ပေ။ သဘာဝကိုချစ်လျှင်၊ သဘာဝကို ထိန်းသိမ်းလျှင် သဘာဝကလည်း မိမိတို့အပေါ် ကျိန်စာတွေပြယ်လွင့်စေလျက် မွန်မြတ်သော လက်ဆောင်တို့အား ဝေငှလိမ့်မည်မှာ အသေအချာ။ ဤတွင်…

### ၁။ ရွေးချယ်သင့်စွာ မင်္ဂလာအခါ

ဩဂုတ်လ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် မင်္ဂလာအခါအတွက် ရွေးချယ်ပေးသင့်သည့် ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

### ၂။ တိုက်တာအိမ်ဂေဟာဝယ်ဖို့ရာ

ဩဂုတ်လ (၃)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၇)၊ (၂၅)၊ (၃၀) စသောရက်များသည် တိုက်တာအိမ်ဂေဟာတို့ဝယ်ယူရန် သင့်လျော်ကောင်းမွန်သောရက်များ ဖြစ်ကြပါသည်။

### ၃။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ

ဩဂုတ်လ (၅)၊ (၁၄)၊ (၂၀)၊ (၂၁) စသော ရက်များသည် မော်တော်ယာဉ်၊ မော်တော်ကားတို့အပြင် အခြားသော ယာဉ်များကိုပါ ဝယ်ယူရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၄။ **ငါးဖမ်းထွက်မလား ရက်ကောင်းများ**

ဩဂုတ်လ (၁)၊ (၅)၊ (၉)၊ (၁၀)၊ (၂၈) စသောရက်များသည် ချောင်းမြောင်းအင်းအိုင်များနှင့်တကွ မြစ်ပြင်ပင်လယ်သို့ထွက်၍ ငါးဖမ်းရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ **ရွှေတွင်း၊ ကျောက်တွင်း တူးဖော်ခြင်း**

ဩဂုတ်လ (၆)၊ (၉)၊ (၁၆)၊ (၂၀)၊ (၂၅)၊ (၂၉) စသောရက်များသည် ရွှေတွင်း၊ ငွေတွင်း၊ ကျောက်တွင်းများ တူးဖော်ခြင်းအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ **အမည်ပေးမလား၊ ဆိုင်းဘုတ်တင်မလား**

ဩဂုတ်လ (၂)၊ (၉)၊ (၁၀)၊ (၁၄)၊ (၁၇)၊ (၂၃)၊ (၂၈) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ **ဘယ်ခရီးပဲ သွားသွားလာလာ**

ဩဂုတ်လ (၅)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၈) စသောရက်များသည် ခရီးသွားလာရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **လယ်ထွန်မင်္ဂလာပြုဖို့ရာ**

ဩဂုတ်လ (၅)၊ (၉)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၃)၊ (၂၈) စသောရက်များသည် လယ်ထွန်မင်္ဂလာကျင်းပပြုလုပ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ **ယှဉ်ပြိုင်ကိစ္စရှိခဲ့လျှင်**

ဩဂုတ်လ (၅)၊ (၆)၊ (၁၃)၊ (၂၅)၊ (၂၉) စသောရက်များသည် ယှဉ်ပြိုင်ဆောင်ရွက်ရမည့်ကိစ္စများ ပေါ်လာပါက ရွေးချယ်ဆောင်ရွက်သင့်သည့် ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

၁၀။ **ရှင်ပြုမလား၊ နားသမလား**

ဩဂုတ် (၃)၊ (၇)၊ (၈)၊ (၁၃)၊ (၁၇)၊ (၂၁)၊ (၂၇)၊ (၂၉) စသောရက်များသည် ရှင်ပြုခြင်း၊ နားသခြင်းများ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **ကျောင်း/အိမ်ဂေဟာ ဆောက်ဖို့ရာ**

ဩဂုတ်လ (၃)၊ (၅)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၉)၊ (၃၀) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်လှူဒါန်းရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **အိမ်ပဲပြောင်းပြောင်း၊ အိမ်သစ်ပဲတက်တက်**

ဩဂုတ်လ (၃)၊ (၁၁)၊ (၁၆)၊ (၁၉)၊ (၂၅)၊ (၂၉)၊ (၃၀) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်းများ၊ အိမ်သစ်တက်ခြင်းများ ပြုလုပ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ **သီးနှံမျိုးစေ့ ကြဲဖို့ရာ**

ဩဂုတ်လ (၅)၊ (၉)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၃)၊ (၂၈) စသောရက်များသည် လယ်ယာခွင်၌ သီးနှံမျိုးစေ့များကြဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **အရောင်းအဝယ်လုပ်မလား**

ဩဂုတ်လ (၅)၊ (၉)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၃)၊ (၂၈) စသောရက်များသည် အရောင်းအဝယ်လုပ်ငန်းများ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ **ရေတွင်းရေကန် တူးဖော်ရန်**

ဩဂုတ်လ (၃)၊ (၄)၊ (၅)၊ (၇)၊ (၉)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၁)၊ (၂၃)၊ (၂၇)၊ (၂၈) စသောရက်များသည် ရေတွင်းများ၊ ရေကန်များ တူးဖော်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **ပညာသင်ရန် ရွေးဖို့ရက်**

ဩဂုတ်လ (၃)၊ (၄)၊ (၅)၊ (၆)၊ (၁၃)၊ (၁၄)၊ (၂၀)၊ (၂၁)၊ (၃၀) စသောရက်များသည် အတတ်ပညာကို စတင်သင်ယူရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ **အောင်ဘာလေထီ ထိုးဖို့ရာ**

ဩဂုတ်လ (၁)၊ (၈)၊ (၁၄)၊ (၁၈) စသောရက်များသည် အောင်ဘာလေထီထိုးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ **နှယ်သာကီအော**



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၃–ခုနှစ်၊ ဩဂုတ်အတွက်

■ တောကကိုရင်

မိမိတို့ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှသီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလ အခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ ဩဂုတ်လ (၂)၊ (၅)၊ (၁၃)၊ (၁၆)၊ (၁၉)၊ (၂၇)၊ (၂၉) စသောရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာ ပြောင်းရွှေ့စိုက်ခြင်းတို့ကို ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ပါသည်။

၂။ ဩဂုတ်လ (၅)၊ (၉)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၃)၊ (၂၈) စသောရက်များသည် သီးနှံမျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ ဩဂုတ်လ (၃)၊ (၆)၊ (၁၄)၊ (၁၉)၊ (၂၂)၊ (၃၀)၊ (၃၁) စသော ရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ ဩဂုတ်လ (၄)၊ (၁၂)၊ (၁၅)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၃၀) စသောရက်များသည် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်၊ ချုံနွယ်၊ အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥ,အမြစ်တို့ကို တူးဖော်ခြင်းတို့ကို ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၃-ခုနှစ်၊ ဩဂုတ်အတွက်

နေမျိုးထွင့်ခေါင်

၁။ ဩဂုတ်လ (၂)၊ (၁၃)၊ (၁၇)၊ (၂၂)၊ (၂၇) စသော ရက်များသည် **'နန္ဒာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများ ခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ ဩဂုတ်လ (၄)၊ (၉)၊ (၁၄)၊ (၁၈)၊ (၂၃)၊ (၂၈) စသော ရက်များသည် **'ဘဒြာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာဆင်ယင်ကျင်းပခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ ဩဂုတ်လ (၅)၊ (၁၅)၊ (၁၉)၊ (၂၉) စသောရက်များသည် **'ဇယာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဩဂုတ်လ (၆)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် **'ရိတ္တာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများ ဆောင်ရွက်နိုင်ပါသည်။

၅။ ဩဂုတ်လ (၁)၊ (၇)၊ (၁၂)၊ (၂၁)၊ (၂၆)၊ (၃၁) စသော ရက်များသည် **'ပုဏ္ဏာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာ့ပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဋ္ဌင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဩဂုတ်လ (၁၃) ရက်နေ့သည် **'အမြိတ္တစုတ်'**တွင် ကျရောက်လေရာ ထိုရက်၌ မည်မျှပင် မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ ဩဂုတ်လ (၄)၊ (၇)၊ (၉)၊ (၁၄)၊ (၁၆)၊ (၂၁)၊ (၂၃)၊ (၂၈)၊ (၃၀) စသောရက်များသည် **'ရက်ရာဇာ'**တွင် ကျရောက်လေရာ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေးကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာမြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

■ နေမျိုးထွင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်စေရန်

## ၂၀၁၃–ခုနှစ်၊ ဩဂုတ်အတွက်

✦ မဟာဒွီကျော်ခေါင်

**၁။ တနင်္ဂနွေနေ့တွင် မွေးသူများအဖို့**

ဩဂုတ်လ (၂)၊ (၅)၊ (၆)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်မည့် နေ့ရက်ကောင်းများဖြစ်ကြပါ၏။

**၂။ တနင်္လာနေ့တွင် မွေးသူများအဖို့**

ဩဂုတ်လ (၂)၊ (၄)၊ (၆)၊ (၈)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၃)၊ (၂၅)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြပါ၏။

**၃။ အင်္ဂါနေ့တွင် မွေးသူများအဖို့**

ဩဂုတ်လ (၁)၊ (၄)၊ (၈)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်မည့် နေ့ရက်ကောင်းများဖြစ်ကြပါ၏။

**၄။ ဗုဒ္ဓဟူးနေ့နံနက်တွင် မွေးသူများအဖို့**

ဩဂုတ်လ (၁)၊ (၂)၊ (၃)၊ (၆)၊ (၉)၊ (၁၃)၊ (၁၄)၊ (၂၀)၊ (၂၁)၊ (၂၃)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်မည့် နေ့ရက်ကောင်းများဖြစ်ကြပါ၏။

**၅။ ဗုဒ္ဓဟူးနေ့ညနေတွင် မွေးသူများအဖို့**

ဩဂုတ်လ (၁)၊ (၂)၊ (၆)၊ (၉)၊ (၁၃)၊ (၁၄)၊ (၂၁)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်မည့် နေ့ရက်ကောင်းများဖြစ်ကြပါ၏။

**၆။ ကြာသပတေးနေ့တွင် မွေးသူများအဖို့**

ဩဂုတ်လ (၁)၊ (၅)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၉)၊ (၂၀)၊ (၂၆)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်မည့် နေ့ရက်ကောင်းများဖြစ်ကြပါ၏။

**၇။ သောကြာနေ့တွင် မွေးသူများအဖို့**

ဩဂုတ်လ (၁)၊ (၅)၊ (၆)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၆) စသောရက်များသည် အလုပ်အကိုင်အောင်မြင်မည့် နေ့ရက်ကောင်းများဖြစ်ကြပါ၏။

**၈။ စနေနေ့တွင် မွေးသူများအဖို့**

ဩဂုတ်လ (၃)၊ (၆)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၅)၊ (၂၇) စသောရက်များသည် အလုပ်အကိုင်အောင်မြင်မည့် နေ့ရက်ကောင်းများဖြစ်ကြပါ၏။

◆ မဟာဒွီကျော်ခေါင် ◆



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လတော့ ကံကြမ္မာ

## ၂၀၁၃-ခုနှစ်၊ ဩဂုတ်အတွက်

■ ဆရာမိုးဟန်ကြွယ်

စီးပွားရေးလုပ်ငန်းများ အစစအရာရာ အဆင်ပြေချော မွေ့ပါလိမ့်မည်။ အထူးသဖြင့် အမျိုးသမီးများ၏ အကူအညီကို ရရှိခံစားရပါလိမ့်မည်။ လူမျိုးခြား၊ ဘာသာခြားတို့နှင့် စီးပွားရေး လုပ်ငန်းများ၌ စပ်တူလုပ်ကိုင်ဆောင်ရွက်ရတတ်ပါသည်။ မိမိ၏ အိမ်ထောင်ဖက်မှာ မကြာခဏ ခရီးများထွက်နေရတတ်သည်။ အရောင်းအဝယ်လုပ်ကိုင်မည်ဆိုပါက နို့ဆီ၊ စားသုံးဆီ၊ နို့ထွက် ပစ္စည်း စသည်တို့နှင့်ပတ်သက်၍ အထူးကောင်းမွန်နေပါသည်။ အမှုကိစ္စများ၌ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မကြာခင် မှာပင် ပြေလည်အေးချမ်းသွားပါလိမ့်မည်။ ပျို့ရွယ်သူများအဖို့ ချစ်ရေးချစ်ရာ၌ အထူးပင် ကံကောင်းနေတတ်ပါသည်။ သတိ ပြုရန်အချက်တစ်ခုမှာ လူလိမ်ခံရတတ်ပါသည်။ ကုသိုလ်ရေး နှင့်ပတ်သက်၍ ဆွမ်းအလှူဒါနများကို တာဝန်ယူဆောင်ရွက်ရ တတ်ပါသည်။ ပုံနှိပ်စက်လုပ်ငန်းရှင်များ အကျိုးခံစားရမည့် ကာလဖြစ်သည်။

မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ သဲကြီးမဲကြီး နှင့် စွန့်စွန့်စားစား လုပ်ကိုင်ရသောအလုပ်များ၌ ထူးထူးခြားခြား အောင်မြင်မှုရရှိတတ်သည်။ အပြိုင်အဆိုင်၊ အတိုက်အခံ၊ အခက်အခဲများကို စိတ်ရှည်ရှည်ထားဖို့ လိုသည်နှင့်အမျှ မှန်ကန် စွာ ဆင်ခြင်လုပ်ဆောင်ဖို့လည်း အရေးကြီးပါသည်။ အလုပ် အဒေပါ် အာရုံစိုက်လေ၊ ဝီရိယထားလေ ကံကောင်းမှုများနှင့် ကြုံရလေဖြစ်မည်။ ဝန်ထမ်းများ လခသော်လည်းကောင်း၊ ရာထူးသော်လည်းကောင်း တိုးမည့်အနေအထားရှိသည်။ လုပ်ငန်းခွင်မှ ဆုကြေးငွေများ ရရှိတတ်ပါသည်။ သို့ရာတွင် နေရာဌာနအပြောင်းအရွှေ့ ကြုံရတတ်ပါသည်။ သို့ရာတွင် စိတ် မပျက်ပါနှင့်၊ ပြောင်းရွှေ့ရသောနေရာသည် ပိုမိုကောင်းမွန်သော နေရာသာ ဖြစ်ပါသည်။ မိမိစိတ်တိုင်းကျဆောင်ရွက်လုပ်ကိုင် နေရသော ကိစ္စသည် ပုံစံတစ်မျိုး ပြောင်းလဲလုပ်ကိုင်ရသည့် အသွင်သို့လည်း ပြောင်းလဲသွားတတ်ပါသည်။

ဤကာလတွင် ခရီးတိုများသွားရတတ်ပါသည်၊ မျှော်မှန်း ထားသည့် ကိစ္စရပ်များမှာ အချိန်ကြာမြင့်လေ ပို၍အကျိုးရှိလေ ဖြစ်မည်။ ပညာရေးနှင့်ပတ်သက်၍ အတန်ငယ် အထစ်အငေါ့ ကြုံရတတ်သည်။ သို့ရာတွင် ကူညီပေးမည့်သူများ ပေါ်လာ တတ်ပါသည်။ အိမ်၊ခြံ၊မြေအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်နေ သူဖြစ်ပါက အစစအရာရာ အဆင်ပြေပါလိမ့်မည်။ နှစ်ဖက်မိဘ ဘိုးဘွားများထံမှ အမွေများရရှိတတ်သည်။ သူတစ်ပါး ပူပင် သောကရောက်နေရသည့်အဖြစ်မှ ငွေကြေးများ ရယူမိပါက ထိုငွေကြေးများသည် အပူစာများဖြစ်ပါသည်။ ထိုအပူစာများမှာ အကျိုးမဲ့ ပြန်လည်ကုန်သွားတတ်ပါသည်။ တစ်ပါးသူနှင့် ယှဉ်ပြိုင်ဆောင်ရွက်လုပ်ကိုင်ရသော ကိစ္စများ၌ မိမိကသာ အနိုင် ရတတ်ပါသည်။ အလုပ်ကိစ္စအတွက် နာမည်ကောင်းများရရှိ မည်။ နာမည်ကောင်းနှင့်အတူ စီမံကိန်းချ လုပ်ဆောင်ရခြင်းများ ၌ ဦးဆောင်ဦးရွက်ပြုရတတ်သည်။ မိတ်ကောင်း၊ဆွေကောင်း များနှင့် ဆုံစည်းတွေ့ကြုံရတတ်သည်။ ဤကာလတွင် ဘာသာ ရေးကို အဖူးဝါယမပြု လုပ်ဆောင်သင့်ပါသည်။ ထိုသို့လုပ် ဆောင်သည်နှင့်အမျှ အဆိုးအညံ့များ ကင်းပျောက်သွားပြီး တိုးတက်အောင်မြင်မှုများ ရရှိပါလိမ့်မည်။

**ယတြာပြုလိုပါက** ... သက်ကြီးရွယ်အို လူမမာများ အား အစာအာဟာရသော်လည်းကောင်း၊ ဆေးဝါးကိုသော် လည်းကောင်း ဒါနပြုပေးပါ။

■ ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# ဂါထာပေး တေးမဖြစ်ဖို့

**မောင်ပုတ်စည်**

'ဂါထာပေး တေးဖြစ်' ဆိုတဲ့ ခံ၊စကားရှိပါတယ်။ ရှင်းပါတယ်။ ထက်မြက်တဲ့ ဂါထာတစ်ခုဟာ ဘာကြောင့် အစွမ်းမထက်ဘဲ တေးဖြစ်သွားရသလဲ။ **အဓိပ္ပာယ်ကတော့** ရွတ်ဆိုရာမှာ လွဲမှားတဲ့အတွက်ပါပဲ။ **ဂါထာတွေရွတ်ဆိုတဲ့အခါ** ပါဠိပါဠိသားတွေကို မှန်ကန်ပီသအောင် ရွတ်ဆိုမိဖို့ အလွန်အရေးကြီးပါတယ်။

ဂါထာဆန်းဂိုဏ်း၊ ကရိုင်းဒွာန်စစ်၊ ဖွင့်လှစ်ဋီကာ၊ အဋ္ဌကထာပါဠိ၊ အောက်လက်ညှိသားဆိုပြီး ညွှန်ကြားပြောဆိုပေးထားတဲ့ စာတွေအတိအကျရှိတာပဲ။

ထီပေါက်တဲ့ ဂါထာ၊ စီးပွားတက်တဲ့ဂါထာ၊ လာဘ်လာဘပေါများတဲ့ဂါထာတွေကို ကျွန်တော်၊ ကျွန်မတော့ ရွတ်တာပဲ၊ ဒါပေမဲ့ ရွတ်သလောက် သိပ်မသိသာဘူးဆိုပြီး ပြောတာမျိုးတွေ ကြားရပါတယ်။ ဒီလိုဖြစ်တာ အထက်က ပြောသလို ပ…တ်တဲ့ ချို့ယွင်းချက်ကြောင့်ပါပဲ။

ဒီကနေ့ ဒီလိုဖြစ်နေတာမျိုးတွေ အများအပြားတွေ့နေရပါတယ်။ အဆိုးဆုံးကတော့ လူတိုင်းဆီကို အလွယ်တကူရောက်ရှိပြီး မှားယွင်းစွာ သီဆိုနေကြတဲ့ ဘာသာရေးသီချင်းတွေပါပဲ။ အနီးစပ်ဆုံးနဲ့ အလွယ်ဆုံးဥပမာတစ်ခု ပြောပါ့မယ်။

'သမ္ဗုဒ္ဓေ' သီချင်း ဆိုပါစို့။ မူလက အဆိုတော်ကြီး ဦးမြသောင်း ဆိုတယ်။ နောက် အဆိုတော် ဒေါ်တင်တင်မြ ပြန်ဆိုပါတယ်။ အဲဒီအထဲမှာ မှားဆိုထားတဲ့ ပါဠိအသံထွက်တွေ ကြည့်ပါ။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ကို (သင်ဗုတ်ဓေ အတ်ထဝီသင်စ) လို့ဆိုမှ မှန်ပါတယ်။ ပါဠိမှာ ရှေးစီး ဝစ္စပေါက်သံမရှိပါဘူး။ ဒါကို သမ်ဗုတ်ဓေ အထဝီသင်းစ ဆိုပြီး အဋ္ဌ(အတ်ထ)ကို အထဆိုတယ်။ သင်စကို သင်းစဆိုပြီး အမှားကြီး ဆိုထားတယ်။

ဒွါရသင်စ (ဒွါရသဉ္စ)ကိုလည်း ဒွါရသင်းစဆိုပြီး အမှားဆိုတယ်။ သဟပ်သကေ (သဟဿကေ)ကိုလည်း သဟာသကေတဲ့။

သဟသ်သာနိ(သဟဿာနိ)ကိုလည်း သဟာသာနိတဲ့။ သီရသာမဟံကို သီရသာမဟံတဲ့၊ ဂင်ဂါ(ဂင်္ဂါ)ကိုလည်း ဂင်းဂါတဲ့၊ တေသံ့ဓမင်စ(တေသံဓမ္မဉ္စ)ကိုလည်း တေသံ့ဓမင်းစတဲ့။ သဃင်စ(သံဃဉ္စ)ကိုလည်း သံဃင်းစတဲ့။

နမာမဟံကိုလည်း န–မာမဟံတဲ့။ ဝိနတ်သံတုကိုလည်း ဝိနာသန်းတုတဲ့။ အမှားတွေ။

သီချင်းဆိုတာ အထိရောက်ဆုံးပါ။ လူတွေထဲကို မြန်ပွားမှု မြန်ပါတယ်။ တောနေ၊ မြို့နေ လူတန်းစားဆီကို အလွယ်တကူရောက်ရှိပါတယ်။ တချို့စာပေအခြေခံနည်းသူတွေ၊ ပါဠိစာ အထိအတွေ့နည်းသူတွေအနေနဲ့ အမှားတွေကို အမှန်ထင်ပြီး မှတ်သွားနိုင်ပါတယ်။ အမှားက ကြာရင် အမှန်ဖြစ်သွားတတ်ပါတယ်။

သီချင်းရေးသားသူ၊ သီဆိုသူများအနေနဲ့ ဂဃနဏတိကျအောင် ဂရုပြုဖို့တော့ လိုတာပေါ့။ ဘာကြောင့်လဲဆိုတော့ သီချင်းသီဆိုဖြန့်ဖြူးလိုက်ပြီဆိုရင် အများပြည်သူတွေဆီ အမြန်ဆုံးရောက်ရှိသွားနိုင်တာကိုး။

ကိုယ်မပိုင်နိုင် မကျွမ်းကျင်လည်း လက်လွှတ်စပယ်ပေါ့ပေါ့တော့ မလုပ်အပ်ဘူးပေါ့။ ဒီနေ့အချိန်အခါမှာ ကိုယ်သီချင်တာကိုလေ့လာဖို့ အလွန်လွယ်ကူပါတယ်။

စာအုပ်စာတမ်းတွေရှိတယ်။ စာကြည့်တိုက်တွေ အနှံ့အပြားဖွင့်ပေးထားတယ်။ အင်တာနက်တောင် ရှိနေပြီပဲ။ ဘာသာရေးဆိုင်ရာ ပါဠိပါဠိသားနဲ့ ပတ်သက်ပြီး သိချင်တယ်ဆိုရင်လည်း ကျွမ်းကျင်တဲ့ ဆရာတော်၊ ဘုန်းတော်ကြီးတွေ ရှိတာပဲ။ အများကြီးပါ။

အခုလို ရေးရတယ်ဆိုတာကလည်း အားလုံးအပြစ်ကင်းစင်ပြီး အမှန်စစ်စစ်ဖြစ်ရေးအတွက် စေတနာသက်သက်ပါ။ ပြုပြင်နိုင်ဖို့ သတိထားဖို့ပါ။ ပုတ်ခတ်ဝေဖန်လိုတဲ့ သဘောလုံးဝမဟုတ်ဘူးဆိုတာကိုတော့ သစ္စာပြုပြီးပြောပါတယ်။

(အထက်က ပါဠိစာသားတွေကိုလည်း ပိုပြီးလွယ်ကူရှင်းလင်းအောင် မြန်မာသံနဲ့ တချို့နေရာတွေမှာ အဓိကလိုရင်းပေါ်လွင်ဖို့ ရေးသားထားပါတယ်။)

ဒါနဲ့ပတ်သက်ပြီး ဒီကနေ တစ်ဆက်တည်း ပြောပါရစေ။ ပေးကားပေး၏ မရ၊ လုပ်ကားလုပ်၏ မဖြစ် ဆိုတာလို ကြိုးစားအားထုတ်လုပ်ဆောင်ပါလျက်နဲ့ လုပ်သလောက်မဖြစ်မဖြစ်ရလေအောင် မိမိအားသန်ရာ ဂါထာများ ရွတ်ဆိုတဲ့အခါ ပါဠိစာသား အသံထွက်များ မှန်ကန်တိကျ ထိမိအောင် သတိပြုရွတ်ဆိုပါလို့။

ဂါထာပေး **တေးမဖြစ်ဖို့** အရေးကြီးပါတယ်။

**မောင်ပုတ်စည်**

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီး မိုဒူးပိုက်ဆံ ၏

# ၂၀၁၃ ခုနှစ် မြွေနှစ် အဟော ( ဇူလိုင်လ )

## ဦးတိုး(တက္ကသိလ)

(ဆယ့်နှစ်လရာသီခွင် သတ်မှတ်ချက်သည် အနောက်တိုင်းနှင့်မတူသဖြင့် မိမိ၏မွေးသက္ကရာဇ်ဖြင့် တိုက်ဆိုင်၍ အဟောကို ဖတ်ရှုစေလိုပါသည်။)

### မကာရရာသီဖွား(ဆိတ်ရုပ်)
### (ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၂ ရက်)

သင်သည် ယခုလတွင် ပဋိပက္ခများနှင့် အတားအဆီး အနှောင့်အယှက်များအကြားတွင် မျောပါနေလိမ့်မည်။ ပြဿနာအားလုံးကို သင်ဖြေရှင်းပစ်နိုင်ပါလိမ့်မည်။ သင်၏ဘဝသည် ယခုကာလ၌ ချောမွေ့နေ၍ ပျော်ရွှင်မှုရရှိလိမ့်မည်။

### ကုံရာသီဖွား(ရေထမ်းယောက်ျားရုပ်)
### (ဖေဖော်ဝါရီလ ၁၃ ရက် မှ မတ်လ ၁၄ ရက်)

အများနှင့် ပြဿနာတစ်စုံတစ်ရာကို အပြီးသတ်သွားအောင် ဆောင်ရွက်နိုင်လိမ့်မည်။ သို့မဟုတ် တစ်စုံတစ်ဦးက သင့်ကို ကာယ်ဆယ်ပေးပါလိမ့်မည်။ သင်၏ ကံကြမ္မာသည် အတက်ဘက်သို့ ရုတ်တရက် ချိုးကွေ့လိမ့်မည်။

### မိန်ရာသီဖွား(ငါးနှစ်ကောင်ရုပ်)
### (မတ်လ ၁၅ ရက် မှ ဧပြီလ ၁၂ ရက်)

ကံကောင်းမှုသည် သင့်ဘက်၌ ရှိနေမည်။ သင်ရွေးခ ချယ်ခြင်း ခံရမည်။ သင်တောင့်တနေသော ကလေးရရှိရေး တကယ်ဖြစ်လာမည်။ ယခုလ၌ ငွေဒလဟော ဝင်လာလိမ့်မည်။

### မိဿရာသီဖွား(သိုးထီးရုပ်)
### (ဧပြီလ ၁၃ ရက် မှ မေလ ၁၃ ရက်)

စီးပွားရေးလုပ်ငန်း သဘောတူညီမှု စာချုပ်ရခြင်း။ လေလံယှဉ်ပြိုင်ဆွဲရခြင်း။ လော့လာရေးခရီးအစီအစဉ်၊ ကော့စမတ်တစ်ခွဲစိတ်ကုသခံရမှုနှင့် စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုတို့၌ ရလဒ်ကောင်းနေ၍ သင့်အား ပျော်ရွှင်စေပါလိမ့်မည်။ သင့်အား အကြံပေးအရာရှိချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရမည်။ ယှဉ်ပြိုင်ရမှုတစ်ခုတွင် ဝင်ပြိုင်လျှင် အလွယ်တကူနှင့် အနိုင်ရရှိမည်။

### ပြိဿရာသီဖွား(နွားလားဥသဘရုပ်)
### (မေလ ၁၄ ရက် မှ ဇွန်လ ၁၄ ရက်)

သင့်ကို တစ်စုံတစ်ယောက်က အခက်အခဲမှ ကယ်တင်ပေးပါလိမ့်မည်။ ပြဿနာတစ်ရပ်အား သင်ဖြေရှင်းနိုင်သော နည်းလမ်းတစ်ခုကို တွေ့ရှိပါမည်။ သဘောတူညီမှု စာချုပ်တစ်ရပ်၊ သို့မဟုတ် ကန်ထရိုက်စာချုပ်သစ် ချုပ်ဆိုရခြင်းတို့တွင် အခွင့်အတန်း မြင့်မားသည်။ ငွေဒလဟော ဝင်ကိန်းရှိနေသည်။ တရားတဘောင်ဖြစ်နေလျှင် သင်အနိုင်ရမည်။ အကယ်၍ သင်ခွဲစိတ်မှုခံယူရလျှင် ဆိုးရွားနေသော ဒဏ်ရာများသည် လုံးဝ ပျောက်ကင်းသွားမည်။



www.burmeseclassic.com

www.burmeseclassic.com

### မေထုန်ရာသီဖွား-အမြွာရုပ်
### (မေလ ၁၅ ရက် မှ ဇူလိုင်လ ၁၆ ရက်)

ယခုကာလတွင် ကံကြမ္မာအတိတ်နိမိတ်ကောင်းမည်။ အမွေရရှိသော မြေကွက်၊ သို့မဟုတ် သင်ပိုင်ဆိုင်ထားသည့် ရှယ်ယာများမှနေ၍ ငွေအမြောက်အမြားရရှိမည်။ မည်သည့် ယှဉ်ပြိုင်ရသော ကိစ္စတွင်မဆို သင်ငြင်ပြိုင်လျှင် အနိုင်ရမည်။ ဤအချိန်တွင် လက်ထပ်မင်္ဂလာဆောင်းလောင်း ထိုးနေပါပြီ။ ကလေးလိုချင်နေကြသူများ ဆန္ဒပြည့်ဝသွားမည်။ ဆိုးရွားသော ရောဂါတစ်ရပ် ခြုံငုံတောင့်ခံနိုင်အောင် အားတင်းထားပါ။ အဆိုပါရောဂါကို ခွဲစိတ်ကုသမှုခံယူပြီးနောက် ပျောက်ကင်းသွားမည်။

### ကရကင့်ရာသီဖွား(ပုစွန်လုံးရုပ်)
### (ဇူလိုင်လ ၁၇ ရက် မှ ဩဂုတ်လ ၁၆ ရက်)

သင်၏ဘဝသည် ကံကောင်းခြင်းများဖြင့် ပြည့်စုံနေပြီး ယခုကာလတွင် အောင်မြင်မှုရှိနေသည်။ သင်၏ အရည်အချင်း ရှိမှုဖြင့် ဆုရရှိရန် အခွင့်အရေးကြီးရှိနေသည်။ သို့ရာတွင် မိသားစု အတွင်း အမွေခွဲဝေမှု ပဋိပက္ခမှုဖြင့် ကြုံတွေ့ရတတ်သည်။ စီးပွားရေးလုပ်ငန်းတွင်လည်း သင်၏ အစုစပ်များနှင့် အဖွဲ့သား များအကြား အတိုက်အခံပြောဆိုနေရလိမ့်မည်။ သင်နေထိုင်သော နည်းလမ်းဖြင့် ကျန်းမာရေးပြဿနာ ဝင်လာတတ်သည်။

### သိဟ်ရာသီဖွား(ခြင်္သေ့ရုပ်)
### (ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၆ ရက်)

နားလည်မှုလွဲမှားတတ်သည့် ကိစ္စရပ်များ မပေါ်ပေါက်စေရန် အထူးသတိပြုပါ။ ကန်ထရိုက်စာချုပ် ဖောက်ဖျက်မှုဖြစ်ပွားပြီး တရားရုံးရောက်တတ်သည်။ သို့ရာတွင် အမွေရရှိပြီး ငွေဒလဟော ဝင်လာလိမ့်မည်။

### ကန်ရာသီဖွား(အပျိုစင်ရုပ်)
### (စက်တင်ဘာလ ၁၇ ရက် မှ အောက်တိုဘာလ ၁၆ ရက်)

ယခုလတွင် ဆူဆူပူပူ လှိုင်းလေထန်ခြင်း၊ စိတ်အနှောင့် အယှက်တွေ့ရခြင်းနှင့် ဖိနှိပ်မှုများ သင့်အပေါ် ကျရောက်လာပါလိမ့်မည်။ တည်ငြိမ်အောင် ကြိုးစားနေပါ။ မေလ ၁၅ ရက်မှ ဇူလိုင်လ ၁၁ ရက်အတွင်း သင့်ကံအားလုံး ကောင်းလာပါလိမ့်မည်။ သင်မည်သည့်အခါမျှ မတွေ့ကြုံဖူးသေးသော ပျော်ရွှင်မှုမျိုးကို ခံစားရပါလိမ့်မည်။

### တူရာသီဖွား(ချိန်ခွင်ရုပ်)
### (အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၆ ရက်)

သင်၏ အလုပ်အကိုင် ပြောင်းလဲရခြင်း၊ သို့မဟုတ် ပြောင်းရွှေ့ခြင်းခံရမည်။ ကန်ထရိုက်စာချုပ် သက်တမ်းကုန်ဆုံးလျှင် သက်တမ်းတိုးရပါလိမ့်မည်။ သင်အလုပ်လုပ်နေသည့် ရုံးလုပ်ငန်းသက်တမ်း နောက်ထပ်တစ်ကြိမ် တိုးမြှင့်ပေးလိမ့်မည်။ သင်၏လုပ်ငန်းမှ မူပိုင်ခွင့်ကို ရောင်းထွက်သွားသဖြင့် သင့်အားပျော်ရွှင်စေပါလိမ့်မည်။

### ဗြိစ္ဆာရာသီဖွား(ကင်းမြီးကောက်ရုပ်)
### (နိုဝင်ဘာလ ၁၇ ရက် မှ ဒီဇင်ဘာလ ၁၅ ရက်)

ဤလတွင် ကံကောင်းမှုများဖြင့် ပြည့်နက်နေပါလိမ့်မည်။ ပြတွဲတစ်ခု ခင်းကျင်းခြင်း၊ သို့မဟုတ် ယှဉ်ပြိုင်မှုတစ်ရပ်တွင် ပါဝင်ရခြင်းဖြင့် ကျေနပ်ဖွယ်ရာ ရလဒ်ကောင်းများ ပေးပါလိမ့်မည်။

### ဓနုရာသီဖွား(လေးစွဲယောကျာ်းရုပ်)
### (ဒီဇင်ဘာလ ၁၆ ရက် မှ ဇန်နဝါရီလ ၁၃ ရက်)

သင်၏ အိမ်တံခါးဝသို့ အောင်မြင်မှု ဆိုက်ရောက်လာပါလိမ့်မည်။ သင်အမွေရရှိမည်။ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်း အတွက် မြေနေရာ စာချုပ်ချုပ်ယူခြင်း၊ သို့မဟုတ် အစီအစဉ်တစ်ခု ပြုလုပ်ခြင်းတို့တွင် အောင်မြင်ပါလိမ့်မည်။ ယခုကာလ အတောအတွင်းတွင် ရင်းနှီးမြှုပ်နှံမှုတစ်ခု၊ ရွေးချယ်ခံရမှုတစ်ခု၊ အားကစားယှဉ်ပြိုင်မှုတစ်ခု၊ သို့မဟုတ် ခွဲစိတ်ကုသခံယူမှုတို့တွင် ကောင်းကျိုးရလဒ်များကို ရရှိပါလိမ့်မည်။

**ဦးတိုး(တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နေယကျော်ဝင်း
## ချယ်ရီကိုသောကတိ

"အား ... အောင်မယ်လေးဗျ"

ဖူးရှသော အော်သံနက်ကြီးက ည၏ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။ အအိပ်ဆတ်လှသော သက်ဝင်းသည် အိပ်ရာပေါ်မှ ကမျာကယာလူးလဲ၍ ထလိုက်၏။ မိမိ၏ခေါင်းအုံးနံဘေးတွင် ထားသော သုံးထောင့်ထိုးလက်နှိပ်ဓာတ်မီးကို လှမ်း၍ယူလိုက်သည်။ သို့ရာတွင် ယင်းနေရာ၌ ထိုပစ္စည်းမရှိတော့.

"တောက် ... အရေးအကြောင်းရှိရင် သုံးဖို့ အလွယ်ဆုံးနဲ့ အနီးဆုံးနေရာမှာ ထားပါရက်ကယ်နဲ့ ညက ဘယ်သူယူသုံးပြီး ပြန်မထားသလဲမသိဘူး ...။ ကိုခင်မောင်သန့် ... ဗျို့ .. ကိုခင်မောင်သန့်"



www.burmeseclassic.com

www.burmeseclassic.com

ဤတဲ့ထဲတွင် မိမိနှင့်အတူ အိပ်စက်သူ ဓာတ်ပုံဆရာ ခင်မောင်သန့်ကို လှမ်း၍နှိုး၏။ သို့ရာတွင် ပြန်ထူးသံမကြားရ ...။

"ကိုခင်မောင်သန့် ... ဗျို့ .. ကိုခင်မောင်သန့်"

ရော ... သည်လူ အအိပ်ကြီးလှချည်လား။ သက်ဝင်း စိတ်မရှည်တော့ပြီ။ ခင်မောင်သန့်၏ အိပ်ရာဆီသို့ စမ်းတဝါးဝါး လျှောက်၍သွားရင်း ခြေထောက်ကို လှုပ်နှိုးမည်ဟူသော အကြံနှင့် လက်ဖြင့် လှမ်း၍ ပုတ်လိုက်၏။ သို့ရာတွင် ထိမိသည့်အရာကား သက္ကလတ်စောင် အထူကြီးတစ်ထည်သာ ဖြစ်တော့သည်။

"ဟာ ... အရေးထဲ ဒီလူဘယ်ရောက်နေပြန်သလဲ မသိဘူး။ ခက်တော့တာပဲ"

သို့ကလို တဗျစ်တောက်တောက် ညည်းညူနေစဉ် အနီးပတ်ဝန်းကျင်ရှိတဲများမှ လူတွေလည်း နိုးလာကြဟန်တူ၏။

"ဆရာလေးရေ ... ဗျို့ ဆရာလေး။ စောစောက အော်သံကြီးကို ကြားလိုက်တယ်မဟုတ်လား"

သူတို့အားလုံး မီးတုတ်ကိုယ်စီနှင့် ရောက်လာကြသည်။ ထိုမီးတုတ်များကြောင့် သက်ဝင်း၏ တဲတစ်ခုလုံး ထိန်ထိန်လင်းသွားရတော့၏။

"ကျွန်တော် ကြားလိုက်မိတယ်ဗျ။ တစ်ယောက်ယောက်အန္တရာယ်ကျရောက်နေလို့ အော်လိုက်တဲ့အသံမျိုးနဲ့ တူတာပဲ။ အရေးထဲ ကိုခင်မောင်သန့်ကလည်း သူ့အိပ်ရာထဲမှာ မရှိဘူး။ ဘယ်ကိုများ ထွက်သွားသလဲမသိပါဘူးဗျာ။ ကျွန်တော့်လက်နှိပ်ဓာတ်မီးကို သူယူပဲယူသွားတယ်ထင်တယ်"

"ဟာ ... ဒါဆိုရင်တော့ သူ့အတွက် စိုးရိမ်စရာပဲ ဆရာလေး။ အသံကြားရတဲ့နေရာဘက်ကို ကျွန်တော်တို့ အခုချက်ချင်း လိုက်သွားကြရင် ကောင်းမယ်ထင်တယ်"

ပုံဆွဲဆရာ ဦးပေါ်ညွန့်က အကြံပြုလိုက်ခြင်း ဖြစ်၏။ ထိုအကြံကို သူတို့အားလုံး သဘောတူကြသည်။ သို့နှင့် သက်ဝင်းလည်း မိမိ၏ အိပ်ရာခေါင်းရင်းမှ ဓားလွယ်ကို ပခုံးတွင် စလွယ်သိုင်းလွယ်လျက် သူတို့နှင့်အတူ လိုက်ပါသွားလေတော့သည်။

လကွယ်နေ့ညဖြစ်သော်လည်း လူ ၁၅ ယောက်တို့ ကိုင်ဆောင်လာသော မီးရှူးမောင်းများကြောင့် လူသွားလမ်းတစ်လျှောက်လုံး လင်းထိန်လျက်ရှိ၏။ မကြာမီ သူတို့သည် ချောင်းရိုးကွေ့ကလေး၏ အနီးသို့ ရောက်လာကြသည်။

"အော်သံကြားရတာက ဒီဘက်နားလောက်ဆီကပဲ ဆရာလေး။ ဘယ်သူဘာဖြစ်လို့များ အော်လိုက်သလဲမသိဘူး"

ရုံးအကူလေး မောင်သိန်းဝင်း၏ စကားကြောင့် သက်ဝင်းသည် ခေတ္တမျှ ငြိမ်နေမိ၏။ ကျန်လူများအားလုံးကလည်း ပတ်ဝန်းကျင်ကို ကိုးကန်းတောင်းမျှောက် အကဲခတ်နေကြသည်။ သက်ဝင်း၏ မျက်နှာသည် တွေဝေသောအသွင်ကို ဆောင်နေရာမှ ရုတ်ခြည်း တည်ကြည်၍သွား၏။ ထို့နောက် ဦးခေါင်းကို ဆတ်ခနဲ တစ်ချက်မျှ ညိတ်လိုက်သည်။

"ကျွန်တော်တွေးမိပြီဗျို့။ ကိုင်း .. ကျွန်တော့်နောက်က အသာလိုက်ခဲ့ကြပေတော့"

ပြောပြောဆိုဆိုနှင့် သူသည် ချောင်းကွေ့နံဘေးရှိ တောင်ကုန်းကလေးပေါ်သို့ ပြေးတက်သွား၏။ ကျန်လူများကလည်း သူ့နောက်မှ လိုက်ပါလာကြသည်။ မကြာမီ သူတို့သည် ညောင်ပင်ကြီးတစ်ပင်၏ အောက်ခြေနားသို့ ရောက်ရှိလာကြ၏။

"ဒီဘက်ကို မီးနည်းနည်းပြစမ်းပါဗျာ"

သက်ဝင်းက လှမ်း၍ အော်ပြောလိုက်သဖြင့် ဦးပေါ်ညွန့်နှင့်အဖွဲ့လည်း ရှေ့သို့တိုးလာကြ၏။

"ဒီတောလမ်းကလေးအတိုင်း ဆက်လျှောက်ပြီး ပေါဟိုဝါးရုံတောထဲကို ဝင်ကြမယ်"

မီးရှူးရောင်ကိုအားပြုလျက် သက်ဝင်းသည် ရှေ့သို့တိုး၍သွား၏။

"ဟာ ... ဟို ... ဟို .. ဟိုမှာ လူတစ်ယောက်"

သူတို့အထဲမှတစ်ယောက်က လှမ်း၍အော်လိုက်ခြင်းဖြစ်၏။ ဟုတ်ပါသည်။ ရှပ်အင်္ကျီအဖြူကို ဝတ်ဆင်ထားသူ လူတစ်ယောက်သည် ကျောက်ဂူငယ်တစ်ခု၏ အပေါက်ဝတွင် လဲကျနေ၏။ တလှုပ်လှုပ်တလွန့်လွန့် ဖြစ်နေသဖြင့် အသက်တော့ မသေသေးကြောင်း ခန့်မှန်းနိုင်၏။

"ကျွန် ... ကျွန်တော့်ရဲ့အသက်ကို ကယ်ပါ ဆရာလေးရယ်။ ကျွန် ... ကျွန်တော် သိပ်ကိုမှားပါတယ်ဗျာ။ ဆ ... ဆရာလေးရဲ့ စကားကို နားမထောင်မိဘဲ လောဘဇောတက်မိလို့ ကျွန်တော် မြွေကိုက်ခံခဲ့ရပြီ။ ကျွန်တော့်ရဲ့မိုက်မှုကြောင့် ကျွန်တော့်မိန်းမနဲ့ ကလေးတွေရဲ့ ရှေ့ရေး ..."

"ဟာ ... ကိုခင်မောင်သန့်ရယ်၊ ဖြစ်ရလေဗျာ"

သက်ဝင်းသည် သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်မိ၏။ သူ့မျက်လုံးများလည်း ပြာဝေ၍သွား၏။ ခေါင်းထဲတွင် မီးတောက်နေသလို ပူလောင်စွာခံစားလိုက်ရ၏။ ခင်မောင်သန့်တစ်ယောက် လောဘဇောတိုက်၍ ရေတိမ်နစ်ရသည်ထားဦး။ ယခုကိစ္စ၌ မိမိတွင်လည်း တာဝန်မကင်းဟု သူထင်သည်။ တကယ်

www.burmeseclassic.com

တော့ သက်ဝင်းသည် မြကန်သာမြို့ ဟောင်း တူးဖော်မှုသုတေသနလုပ်ငန်း တွင် တာဝန်ခံဦးဆောင်လာရသူ အရာရှိ တစ်ဦး ဖြစ်ပေသည်။

◆ ◆ ◆ ◆ ◆ ◆

မိခင်ဌာန၏ တာဝန်ပေးမှုအရ ရှေးဟောင်းသုတေသနအရာရှိ သက်ဝင်းသည် မြေလတ်ဒေသရှိ မြကန်သာမြို့ ဟောင်းနေရာသို့ ယခုနှစ် ဆောင်းဦး ပေါက်ကာလ၌ ရောက်ရှိခဲ့ခြင်းဖြစ်၏။ မိမိ နှင့်အတူ ဓာတ်ပုံဆရာ ကိုခင်မောင်သန့်၊ ပုံဆွဲစာရေး ဦးပေါ်ညွန့်၊ ရုံးလုလင်ကလေး မောင်သိန်းဝင်းတို့ လိုက်ပါလာခဲ့ကြသည်။ မိမိဦးဆောင်အကောင်အထည်ဖော်ရမည့် လုပ်ငန်းမှာ မြကန်သာမြို့ဟောင်းတွင် ပဏာမတူးဖော်သုတေသနပြုရန်ပင် ဖြစ် ၏။ ထို့ကြောင့်လည်း သက်ဝင်းသည် မြကန်သာမြို့ဟောင်းအနီး ညောင်ညိုပင် ကျေးရွာမှ ရွာသားအချို့ကို တူးဖော်ရေး နေ့စားလုပ်သားများအဖြစ် အကူအညီ ပေးရန် မေတ္တာရပ်ခံခဲ့၏။ ထိုသူတို့၏ အကူအညီဖြင့် မြကန်သာမြို့ဟောင်းတွင် တူးဖော်ခဲ့ရာ ယခုဆိုလျှင် အတော်ပင် ခရီးရောက်နေပေပြီ။

မနေ့က သူတို့အလုပ်နားခဲ့ကြ၏။ သက်ဝင်းသည် ဝါသနာအလျောက် သူ့ လက်စွဲတော် လေသေနတ်ကိုဆွဲ၍ တော ထဲသို့ ထွက်လာခဲ့၏။ ခင်မောင်သန့် ကလည်း ကင်မရာကို လွယ်လျက် သူနှင့် အတူ လိုက်ပါလာ၏။ သူတို့သည် မြကန် သာမြို့ဟောင်းအနီးရှိ တောထဲ၌ တစ်နေ ကုန်အောင် လှည့်လည်ကြသည်။ ညနေ စောင်းခါနီး၌ သက်ဝင်းသည် ဝါးရုံကိုင်း ပေါ်မှ ချိုးတစ်ကောင်ကို လေသေနတ်ဖြင့် ပစ်လိုက်ရာ ထိသော်လည်း ချက်ကောင်း ကို မမှန်သဖြင့် ခပ်လှမ်းလှမ်းရှိ ဝါးရုံတော အုပ်ကလေးအနီးသို့ ဆက်လက်ပျံသန်းပြီး မှ အောက်သို့ကျသွားခဲ့လေသည်။

"လာဗျာ ... အဲဒီချိုးသေကို တွေ့ အောင်ရှာပြီး သွားကြောက်ကြရအောင်။ ညနေအတွက် အမြည်းလေးဘာလေးရ တာပေါ့ဗျာ"

ပြောပြောဆိုဆိုနှင့် သူက ရှေ့မှ ပြေးသည်။ ခင်မောင်သန့်ကလည်း ခပ်သုတ်သုတ်လိုက်လာခဲ့၏။ ဝါးရုံပင် တစ်ပင်အနီးသို့ ရောက်သောအခါ ချိုး သေကို တွေ့ရသော်လည်း သူတို့ ဂရု မစိုက်နိုင်ကြတော့။ လူတစ်ရပ်သာသာ အမြင့်ရှိသော ကျောက်ဂူငယ်တစ်ခု အတွင်းမှ မြစ်ကွင်းကြောင့် ကြက်သေ သေနေမိကြလေ၏။

"အလို ... နည်းတဲ့ရှေးဟောင်း ပ ၊ ည်းတွေ မဟုတ်ပါလား"

နှစ်ယောက်စလုံး ပြိုင်တူရေရွတ် လ က်မိကြခြင်းဖြစ်၏။ ရွှေလော၊ ကြေး လော ခွဲခြား၍မရနိုင်သော သတ္တုမျိုးဖြင့် သွန်းလုပ်ထားသည့် ရှေးဟောင်းဗုဒ္ဓရုပ် ပွားတော်များ၊ သတ္တုပန်းအိုးများနှင့် ဆင် ရုပ်၊ မြင်းရုပ်ငယ်များကို အုံးသြစဖွယ် တွေ့ မြင်ကြရသည်။ စုစုပေါင်း ဤရှေးဟောင်း ပစ္စည်းများ၏ အရေအတွက်သည် ခုရေ ၃၀ ထက်တော့ လျော့နည်းမည် မဟုတ် ချေ။

"အင်း ... ပုံပန်းသဏ္ဍာန်အရ တော့ ပုဂံခေတ်နှောင်းပိုင်း လက်ရာတွေနဲ့ တူတယ်ဗျ။ ဒီရှေးဟောင်းပစ္စည်းတွေ ဘယ်လိုနည်းနဲ့ ဒီကျောက်ဂူထဲ ရောက် နေခဲ့ကြသလဲ မသိဘူး။ စိတ်ဝင်စားစရာ တော့အကောင်းသားဗျ"

"ရှေးဟောင်းပစ္စည်း စုဆောင်းသူ တစ်ယောက်ယောက်ဟာ ဒုတိယကမ္ဘာ စစ်အတွင်းတုန်းက စစ်ဘေးရှောင်ကွင်း ရင်းနဲ့ ဒီဂူထဲမှာ ခဏဝှက်ထားခဲ့ပြီး၊ အကြောင်းကြောင်းကြောင့် ပြန်မယူနိုင် တော့တာများလား"

သက်ဝင်းက တွေးနေမိ၏။ ခင် မောင်သန့်ကမူ ထိုပစ္စည်းများကို မျက် တောင်ပင်မခတ်နိုင်ဘဲ တွေတွေကြီး ငေး စိုက်ကြည့်နေသည်၊ သူ့ရင်ထဲတွင် တဒိတ် ဒိတ်ခုန်လျက်ရှိ၏။

"ကဲ ... ကိုခင်မောင်သန့်ရယ်၊ နေလည်းတော်တော်စောင်းနေပြီ။ ကျွန် တော်တို့ စခန်းကိုပြန်ကြရင် ကောင်းမယ် ထင်တယ်"

"ဒီပစ္စည်းတွေကို ဘယ်လိုလုပ်ကြ မလဲ"

"ဒါတွေကိုတော့ ဒီအတိုင်းပဲ ထား ခဲ့ကြသေးတာပေါ့ဗျာ။ နက်ဖြန်မနက် နေ ထွက်တော့ ဒီနေရာကို ကျွန်တော်တို့ အဖွဲ့နဲ့လာကြမယ်။ ရွာက လူကြီးတွေကို လည်း သက်သေအဖြစ် ခေါ်လာခဲ့မယ်။ စနစ်တကျ လေ့လာစစ်ဆေး မှတ်တမ်း တင်ပြီးမှ ပစ္စည်းတွေကို စခန်းအရောက် သယ်ကြမယ်။ စာရင်းပြုစုပြီးမှ ဌာနကို အပ်နှံရမှာပေါ့ဗျာ"

သက်ဝင်း၏စကားကြောင့် ခင်မောင် သန့်သည် အနည်းငယ်တွေ၍သွား၏။

"အရေးကြီးတာက ဒီည ခင်ဗျားနဲ့ ကျွန်တော် နှုတ်လုံကြဖို့ပဲ။ ပေါက်ကြား သွားရင် လောဘဇောတိုက်သူတွေက ည ဘက်လာပြီး ခိုးယူကြလိမ့်မယ်။ ဒီလို အခိုးခံရရင် ကျွန်တော်တို့ရဲ့ အဖိုးတန် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေဟာ မသမာသူတွေရဲ့လက်ထဲ ရောက်သွားပြီး တိုင်းပြည်အတွက် ဆုံးရှုံးမယ်။ နောက် တစ်ချက်ကလည်း ဒီပတ်ဝန်းကျင်မှာ မြွေ ဆိုးတွေ ပေါများလေတော့ ညကြီးမင်း ကြီး လာခိုးသူအတွက်လည်း အသက် အန္တရာယ်ကျရောက်နိုင်တာပေါ့ဗျာ"

ခင်မောင်သန့်သည် ဘာမျှဆက်၍



www.burmeseclassic.com

www.burmeseclassic.com

စောဒကမတက်နိုင်တော့။ သူတို့နှစ်ယောက်သည် ဝါးရုံပင်ခြေရင်းမှ ချိုးသေကိုပင် ကောက်ယူရန် မေ့ထားခဲ့ပြီး မြကန်သာမြို့ဟောင်း တူးဖော်ရေးစခန်းဆီသို့ ခြေလှမ်းကျဲကျဲဖြင့် ပြန်လာခဲ့ကြလေသည်။

◆ ◆ ◆ ◆ ◆ ◆

"ညသန်းခေါင် ဆရာလေးအိပ်မောကျနေတုန်း ကျွန်တော် ဒီနေရာကို တိတ်တိတ်ကလေး လက်နှိပ်ဓာတ်မီးတစ်လက်နဲ့ ထွက်လာခဲ့ရာက အခုလိုဖြစ်ရတာပါပဲ ဆရာလေးရယ်"

"**နေစမ်းပါဦး။** ခင်ဗျားက ဘာ**ရည်ရွယ်ချက်**နဲ့ အခုလို လုပ်ရတာလဲ"

"**အခုမှတော့** မထူးပါဘူး ဆရာလေးရယ်။ အဖြစ်မှန်ကို ကျွန်တော်ဝန်ခံပါ့မယ်။ ဂူထဲက ပစ္စည်းတွေကို ညတွင်းချင်းသယ်ပြီး တစ်နေရာမှာ ခဏဝှက်ထားမယ်၊ နောက်ပိုင်း အဆင်ပြေတဲ့အခါကျမှ ဝှက်ထားတဲ့နေရာက ပြန်ယူပြီး ပြည်ပကို ခိုးထုတ်မယ်ဆိုတဲ့ အကြံနဲ့ လာခဲ့မိတာပါ။

မြွေဆိပ်တက်လာသောကြောင့်လား မသိ။ ခင်မောင်သန့်သည် ခေတ္တမျှ မိန်းမော၍သွား၏။ ထို့နောက် မျက်လုံးပင် ပြန်မဖွင့်နိုင်တော့ဘဲ ...

"ကျွန်တော်မရှိတော့ရင် ကျွန်တော့်ရဲ့ဇနီး ညွှန့်မေနဲ့ ကလေးတွေကို ဝိုင်းပြီးစောင့်ရှောက်ပေးကြပါဗျာ"

"ဟာ ... ဒီလောက်လည်း အားမလျှော့ပါနဲ့ဦး ကိုခင်မောင်သန့်ရယ်။ ခင်ဗျားကို ကျွန်တော်တို့ အခု ညတွင်းချင်း မြို့ကဆေးရုံဆီကို အရောက်ပို့နိုင်အောင် ကြိုးစားပါ့မယ်"

ပြောမည်သာပြောရသည်။ သက်ဝင်းအဖို့ တယ်ပြီးအားမရှိလှ။ သူတို့စခန်းချနေသော မြကန်သာမြို့ဟောင်း တူးဖော်ရေးစခန်းမှ ညောင်ညိုပင်ရွာမှ ဆေးရုံရှိသည့် မြို့သို့ သွားရန် မော်တော်ကားလုံးဝမရှိ၊ နွားလှည်းဖြင့်သွားလျှင် အနည်းဆုံး နှစ်နာရီခန့် ကြာပေလိမ့်မည်။ ခက်သည်က ခင်မောင်သန့်ကို မည်သည့်မြွေမျိုး ကိုက်ခဲခဲ့ကြောင်း မသိကြရသေး။ မြွေပွေးလား၊ မြွေဟောက်လား၊ ငန်းတော်ကျားလား ...။ မြွေတို့၏သဘာဝအတိုင်း သတ္တဝါတစ်စုံတစ်ရာကို ကိုက်ခဲပြီးလျှင် ဝေးဝေးသို့ ချက်ချင်းထွက်ခွာသွားလေ့မရှိ။ အနီးအနားတွင် ခွေနေအောင်းနေတတ်ကြ၏။ အဆိပ်မဲ့နေပြီဖြစ်သော ထိုမြွေကို ဝိုင်းဝန်းရှာဖွေလျှင် တွေ့ကောင်းတွေ့နိုင်ပေမည်။

"ကိုင်း ... ရှာကြစမ်းပါဗျာ။ ဒီအနီးအနားမှာ အဲဒီမြွေ ရှိနေဦးမှာပဲ။ ဝေးဝေးမပြေးသေးပါဘူး။ မြွေအမျိုးအစားကို သိမှ ဆေးရုံရောက်ရင် ပြောပြနိုင်မှာ။ ဟာ ... ဟောဒီမှာ ကိုခင်မောင်သန့် ယူသွားတဲ့ ကျွန်တော့်ရဲ့ လက်နှိပ်ဓာတ်မီး"

ခင်မောင်သန့်လဲကျနေသော နေရာအနီး၌ တွေ့ရှိရသည့် သူ၏ သုံးထောင့်ထိုးလက်နှိပ်ဓာတ်မီးကို ကောက်ယူပြီး သက်ဝင်းက ဟိုဟိုသည်သည် ထိုးကြည့်၏။

"ဟာ ... ဟောဟိုမှာ .. ဟောဟိုမှာ"

လက်နှိပ်ဓာတ်မီးရောင် တည့်တည့်တွင် တွေ့မြင်လိုက်ရသော သတ္တဝါကြောင့် သူတို့အားလုံး ပြိုင်တူအော်ဟစ်လိုက်ကြခြင်း ဖြစ်၏။ သက်ဝင်းသည် ထိုနေရာသို့ အပြေးသွားပြီး ထိုသတ္တဝါ၏ ဦးခေါင်းကို ဓားနှောင့်ဖြင့် ဆတ်ခနဲ ထုချလိုက်၏။ ထို့နောက် လေပူကြီးတစ်ချက်ကို ဟူးခနဲမှုတ်ထုတ်လိုက်သည်။

"ကဲ ... **ကိုခင်မောင်သန့်ရေ။** ခင်ဗျားအသက်ရှင်ချင်သေးရင်တော့ ကျွန်တော့်ကို ကတိတစ်ခုပေးရမယ်။ နောင်ကို တိုင်းပြည်ရဲ့ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်တဲ့ ရှေးဟောင်းပစ္စည်းတွေကို မိမိရဲ့ကိုယ်ကျိုးအတွက် ခိုးဝှက်ရောင်းစားဖို့ စိတ်နဲ့တောင် မပြစ်မှားတော့ပါဘူးလို့"

သက်ဝင်း၏စကားကြောင့် ခင်မောင်သန့်က အားတက်လာဟန်ဖြင့် မျက်လွှာလှန်၍ ကြည့်၏။ ထို့နောက် ဦးခေါင်းကို လေးတွဲ့စွာ ညိတ်၍ပြသည်။ သူ့မျက်လုံးတွင် မျက်ရည်စများ စို့နေ၏။ ခင်မောင်သန့်ထံမှ တန်ဖိုးရှိလှသော ကတိတစ်ခုကို သက်ဝင်းရရှိလိုက်ပါပြီ။

"ဟောဒီမှာ သေသေချာချာကြည့်စမ်း။ ခင်ဗျားကို ကိုက်ခဲ့တဲ့အကောင်"

သက်ဝင်းက ပြောပြောဆိုဆိုနှင့် သူ့လက်ဖဝါးအထဲသို့ သတ္တဝါအသေတစ်ကောင်ကို ထည့်ပေးလိုက်၏။ ထိုသတ္တဝါမှာ စောစောက လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ရှာဖွေနေစဉ် တွေ့ရှိရသောကြောင့် သက်ဝင်းက ဓားနှောင့်ဖြင့် ထုသတ်လိုက်သည့် ကင်းမလက်မည်းအသေကောင်ကြီးပင် ဖြစ်တော့သည်။ မိမိကို ကိုက်ခဲ့သော သတ္တဝါသည် မြွေမဟုတ်ကြောင်း သိလိုက်ရသည်နှင့် စောစောတုန်းက မိမိဘာသာ ကြောက်စိတ်မွှန်ပြီး တက်နေခဲ့သည့် မြွေဆိပ်တို့သည်လည်း လုံးဝလွင့်ပါးကင်းစင်သွားခဲ့ရလေတော့သည်။

မနောသကျော်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန် မဂ္ဂဇင်း

## ရှေ့တစ်လတာ ဖတ်စရာ
## ၂၀၁၃-ခုနှစ်၊ စက်တင်ဘာလ

- ဒက္ခိဏာသာခါ
- ဒက္ခိဏာသာခါဘုရား ကိုးကွယ်သူများ သတိထားစရာ
- ဒက္ခိဏာသာခါအစ
- ဒက္ခိဏာသာခါ ရုပ်တုတော်စနစ်အခြေခံများ
- ဒက္ခိဏာသာခါ ထုလုပ်ပုံအယူအဆများ
- ဒက္ခိဏာသာခါ ကိုးကွယ်ပူဇော်ပါ
- ဒက္ခိဏာသာခါ ဆိုသည်မှာ
- ဒက္ခိဏာသာခါ ကိုးကွယ်ရာဝယ်
  စသည့် မျက်နှာဖုံးဆောင်းများအပြင်
- ဓမ္မစကြာ ထူးမြတ်ခါ ဝါဆိုလပြည့်မှာ
- သက်ရှည်၊ ဘေးရှင်း။ ရောဂါကင်း ဘုရားဂါထာတော်
- မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏
  အာဟာနေယျဂုဏ်တော်ပုတီးစိပ်နည်း
- မြတ်ဗုဒ္ဓကို ကိုးကွယ်ပူဇော်ရခြင်းကြောင့်
  ရနိုင်သောအကျိုးထူးများ
- သာသနာ့အာဇာနည် သုတဗုဒ္ဓ ဆရာတော်
  အရှင်သူမြတ်တို့၏ ဆုံးမဩဝါဒတရားများ
- လူတို့တွင်ရှိသော အစွမ်းထက်ဂမ္ဘီရလက်ချောင်းများ
- ဂဠုန်ဦးစော၏ ဇာတာအား စစ်ဆေးခြင်း
  •••••စသည့် ဆောင်းပါးများအပြင်

- ရဲမြတ်တင်၏ နေရာပြန်ချင်သူများ
- ကျော်မြသန်း၏ ဘိုးတော်ကင်း
- လင်းရောင်တင်၏ လူထဲကဘဝ ဘဝထဲကလူ
- အောင်သန်းချစ်၏ ပုန္နာကူရတနာအရုပ်တော်ပုံ
- ယိုး၏ ဝင့်ကြွေး
- ဘုန်းပွင့်တေဇာ၏ ပုဂံမှာသာတဲ့ သုဝဏ္ဏဘုမ္မိလမင်း
  စသည့် အခန်းဆက်ဝတ္ထုရှည်များ
- ဘကြီးဇင်၏ နေ့ညမဟူ
- မာလာရုံ၏ အစိမ်းမတောင် မကြောက်ဘူးကွယ်
- နေပုညာ၏ အရှုံးကြမ္မာ အဖြေရှာသော်
- မနသသကျော်ဝင်း၏ ခေါင်းတလားမှ သဲလွန်စ
- မြနန်းရှင်၏ နတ်ချစ်ဆေး
- ဒေါက်တာနန်းလှိုင်၏ ကြက်ပွဲမှ ၁စ်ပွဲ
- ထွန်းလူ၏ ဥစ္စာစောင့်သိုက်မှ ရတနာကျောက်ခဲတုံး
- မောင်အောင်မြင်(မိတ္ထီလာ)၏ နွားဝင်စား လူ့ဘဝ
  ••• စသည့် စာမူများအပြင်

•မောင်နီမြင့် •ကိုဘချော •ကျော်လွင်ဦး(ပျဉ်းမနား) •ဖြိုးထိန် •မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်) •မောင်သင်းနွယ်(မြေပြန့်) •မောင်မိုးလှိုင်(သစ္စာမြေ) •နန္ဒာမိုးကြယ်တို့၏ ရသကဗျာများဖြင့် ထွက်ရှိလာပါတော့မည်။

အယ်ဒီတာအဖွဲ့ ကြော်ငြာဌာန နှင့် ဖြန့်ချိရေး - အမှတ်(၂၁၂)၊ (ပ)ထပ်၊ (၃၆)လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**သုခချမ်းသာ တာဝန်ခံအယ်ဒီတာ**

ကျွန်ုပ်၏အသက် သုံးဆယ်ကျော် လေးဆယ်အတွင်း ကာလသို့ ရောက်သည့်အခါ ကပေလောကတွင် ကျင်လည်ရင်း မီသားစုအရေးအခင်းကို ဖြေရှင်းရာ၌ ရေးသင့်ရေးရာ ဝတ္ထုဆောင်းပါး၊ ဇာတ်ညွှန်း၊ ပြဇာတ်များကို အလျဉ်းသင့်သလို ရေးရာမှ ရုံဖန်ရံခါ မဂ္ဂဇင်းအယ်ဒီတာအလုပ်များလည်း လုပ်ခဲ့ရပါ၏။ ယခင်က 'နရသုခိ သုခချမ်းသာ'ဟု အမည်ရသော ကျန်းမာရေးဦးစားပေး ဆေး၊ ဂျာနယ်တစ်အုပ် လစဉ်ထုတ်အဖြစ် ထွက်ရှိခဲ့ဖူး၏။

နရသုခိ သုခချမ်းသာ မဂ္ဂဇင်းကို ဦးစီးဦးဆောင်လုပ်ခဲ့သူများမှာ ဆရာကြီးဦးဆန်းလွင်(နောက်ပိုင်းတွင် ရဟန်းဘောင်သို့ ရောက်ရှိသွားပြီး ပျံလွန်တော်မူသွားခဲ့ပြီ)နှင့် ဆရာဦးစည်သူ (ဦးကြည်ညွှန့်)တို့ ဖြစ်ကြပါ၏။ သုခချမ်းသာမဂ္ဂဇင်းကို ထိုပုဂ္ဂိုလ်နှစ်ဦး ဦးဆောင်လုပ်ကြရာမှ ဆရာကြီးဦးဆန်းလွင် မပါဝင်တော့ဘဲ ဆရာကြီးဦးစည်သူကသာ ဦးဆောင်၍ ဆက်ထွက်ခဲ့လေ၏။ တစ်ခုသောကာလတွင် ဗွာနလက်ကိုင်မရှိသော ကျွန်ုပ်နှင့် ဆရာဦးစည်သူတို့ ပေါင်းစည်းမိခဲ့ကြပြီ။ သူက သုခချမ်းသာမဂ္ဂဇင်း၏ အယ်ဒီတာချုပ်လုပ်ကာ ကျွန်ုပ်က တာဝန်ခံအယ်ဒီတာ လုပ်ဖြစ်ခဲ့ကြ၏။

ထိုကာလသည် အသက်လေးဆယ်နားနီးပြီဖြစ်၍ ကျွန်ုပ်သည် အချစ်ရေး အိမ်ထောင်ရေး ဝတ္ထုဇာတ်လမ်းများကို ရေးသားနေရာမှ အာရုံအပြောင်းအလဲဖြစ်ကာ 'ဂမ္ဘီရ'ဟု ကျွန်ုပ်






www.burmeseclassic.com

www.burmeseclassic.com

ဘာသာ အမျိုးအစား ခေါင်းစဉ်တပ်ထားသည့် ထူးခြားဆန်းကြယ်သော ဝတ္ထုတွေ စတင်ရေးသားလာဖြစ်၏။ သုခချမ်းသာ မဂ္ဂဇင်းမှာပင် 'ပြသမိုက်'အမည်ရသည့် ဂမ္ဘီရဝတ္ထုကြီးကို စတင်ထည့်သွင်းဖော်ပြဖြစ်ခဲ့၏။

သုံးလခန့် ထည့်သွင်းပြီးသောအခါ စာပေစိစစ်ရေးရုံးမှ စာစစ်မှူးအရာရှိတစ်ဦးက သူနားမလည်နိုင်သော၊ သူမသိသော အကြောင်းအရာများပါသောကြောင့်ဟူသော အကြောင်းပြချက်ဖြင့် ထိုအခန်းဆက်ဝတ္ထုကြီးကို ဗွီဒိုအာဏာဖြင့် 'ဆက်မထည့်နှင့်'ဟူ၍ ရပ်ဆိုင်းပစ်ခဲ့လိုက်သောကြောင့် လိုက်နာစွာ ရပ်ဆိုင်းခဲ့ရ၏။ ရင်နာစွာဖြတ်ချခဲ့ရ၏။ ထိုလအတွက် ထည့်သွင်းရန် ရိုက်နှိပ်ပြီးသော စာဖောင်များကို ပြန်ဖြုတ်၊ ပြန်ပယ် ချန်လှပ်ခဲ့ရ၏။ ထိုကာလများက စိစစ်ရေးမှ ဖြုတ်ပစ်သော စာမူများ၏ ပန်းချီ၊ စာစီခ၊ စက္ကူ၊ စက်ရိုက်ခ ကုန်ကျငွေများကို ထုတ်ဝေသူက အပေါ်သိကံ ခံရရှာ၏။

ခဏခဏ အဖြတ်ခံရ၊ အဖြုတ်ခံရဖန်များသောအခါ စာရေးဆရာနှင့် အယ်ဒီတာတို့ တချို့နားလည်မှုရှိသော်လည်း တချို့ ဝိရောဓိဖြစ်ခဲ့ကြ၏။ စကားများ ရန်ဖြစ်ခဲ့ကြ၏။ စိတ်ဝမ်းကွဲခဲ့ကြ၏။ ထို'ပြသမိုက်'အမည်ရသော ဝတ္ထုရှည်ကို ဆယ်နှစ်ခန့်ကြာသောအခါ အယ်ဒီတာချုပ် ဆရာဒီဒီး၊ ကိုလတ်တို့ ကျေးဇူးဖြင့် 'ဂမ္ဘီရ'မဂ္ဂဇင်းကြီးတွင် အခန်းဆက်ဝတ္ထုရှည်ကြီးအဖြစ် ပါဝင်ခဲ့ရ၏။ ပန်းချီဆရာမောင်မောင်သိုက်၏ သရုပ်ဖော်ပုံများဖြင့် ဖြစ်၏။ ပြီးဆုံးသွားသောအခါ 'ဖော်မွန်'စာပေမှ လုံးချင်းအဖြစ် ထုတ်ဝေဖြစ်ခဲ့ပါ၏။

သေသေချာချာ လေ့လာကြည့်သောအခါ ကျွန်ုပ်၏ 'ပြသမိုက်'ဝတ္ထုအား ''ဆက်မထည့်နှင့်''ဟု ကန့်ကွက်သူမှာ ဘာသာကွဲ စိစစ်ရေးမှူးတစ်ဦး ဖြစ်နေ၏။ ကျွန်ုပ်ဝတ္ထုထဲတွင် ပါဝင်သော ဆရာတော်ဗားမဲ့၊ ဝိဇ္ဇာလမ်းစဉ်၊ အဲသက်ရှည်ဆေး၊ ဟိုဘက်ဘဝ သည်ဘက်ဘဝ စသည့် စကားလုံးများသည် ဘာသာကွဲသူ ဆရာ့အတွက် အမြင်စိမ်းနေ၍ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ဘာမရေးရဘူး၊ ဘာကိုပဲရေးဟူ၍ တားမြစ်ပိတ်ပင်နိုင်သည့် အခွင့်အရေးရရှိသူများသည် ရေမြေ့ရှင် ဘုရင်ကြီးများလောက်ပင် အာဏာပါဝါကြီးကြသူများ ဖြစ်ခဲ့ဖူးပါ၏။

သုခချမ်းသာ မဂ္ဂဇင်းကြီးသည် ဆေးပညာ သုတရသ အသားပေး မဂ္ဂဇင်းကြီးဖြစ်၍ ထိုမဂ္ဂဇင်းကြီးတွင် တာဝန်ခံအယ်ဒီတာလုပ်ခဲ့ရသမျှ အချိန်အတွင်း ဆေးပညာပေးဗဟုသုတများစွာ ရခဲ့ပါ၏။ မိတ်ဆွေကောင်းများလည်း ရခဲ့ပါ၏။

**စိတ်ဝင်စားဖွယ် အသင်းကြီးတစ်သင်း**

သုခချမ်းသာမဂ္ဂဇင်း၏ တာဝန်ခံအယ်ဒီတာ တာဝန်ထမ်းဆောင်နေစဉ် အချိန်အတွင်း နာမည်ကျော်စာရေးဆရာကြီးများနှင့် ဆရာဦးစည်သူ မိတ်ဆက်ပေးသဖြင့် ရင်းနှီးခဲ့ရ၏။ ထိုစာရေးဆရာများထဲတွင် ဆရာကြီးမောင်ကျောက်တိုင်နှင့် ဆရာကြီးသက်လုံတို့ကို အတူတကွ တွေ့ဆုံခဲ့ရသည်မှာ ရန်ကုန်မြို့၊ ၄၉ လမ်းတွင်တည်ရှိသော ရန်ကုန်သီအိုရီ ဂမ္ဘီရအသင်းကြီးတွင် ဖြစ်ပါ၏။ ထိုစဉ်က ဆရာကြီးမောင်ကျောက်တိုင်မှာ အသင်းကြီး၏ ပရဲဆီးဒင့်ခေါ် ဥက္ကဋ္ဌကြီးဖြစ်၏။ ဆရာကြီးသက်လုံမှာ ဆရာကြီးမောင်ကျောက်တိုင်၏ မိတ်ဆွေဖြစ်ကာ သီအိုဆိုဖီအသင်းရှိရာသို့ အပတ်စဉ် စနေနှင့် တနင်္ဂနွေရက်များတွင် ရောက်လေ့ရှိခဲ့၏။

ဆရာကြီးသက်လုံသည် 'သက်လုံ'ကလောင်အမည်ဖြင့် ဘာသာရေး၊ ဒဿန၊ တက်ကျမ်းဆောင်းပါးများကို ရေးသကဲ့သို့ 'ကြပ်ကလေး'ကလောင်အမည်ဖြင့် ရယ်စရာဝတ္ထု၊ စာပေများကို အဆက်မပြတ် ရေးသားနေခဲ့သူဖြစ်ပါ၏။ 'သက်လုံ' အမည်ဖြင့် နာမည်ရသကဲ့သို့ 'ကြပ်ကလေး'အမည်သည်လည်း လူသိများသည်။ နာမည်ကျော် ကလောင်ဖြစ်ခဲ့၏။ သီအိုဆိုဖီအသင်းသို့ ကျွန်ုပ်အား လိုက်လံမိတ်ဆက်ပေးသူမှာ လွန်စွာခင်မင်သည့် သုခချမ်းသာအယ်ဒီတာချုပ် ဦးစည်သူ ဖြစ်ပါ၏။ ဆရာကြီးဦးသက်လုံသည် သီအိုဆိုဖီအသင်း၏ တရားဝင်အသင်းသား မဟုတ်သော်လည်း သူသည် အသင်းကြီးကို သံယောဇဉ်ရှိ၏။ အသင်းသားများဝတ်ဆင်လေ့ရှိသည့် တောလ်ခရော့စ်ခေါ် ငွေရောင်လက်စွပ်ကလေးကို ဝတ်ဆင်ထားလေ့ရှိ၏။

စနေ၊ တနင်္ဂနွေ အလုပ်အားရက်များတွင် အသင်းသားများတွေ့ဆုံကာ မေတ္တာပို့သည့် ကျင့်စဉ်ပြုလုပ်လေ့ရှိကြ၏။ ထိုမေတ္တာပို့သည့်နေ့များတွင် ဆရာကြီးသက်လုံသည် မှန်မှန်ရောက်လာလေ့ရှိကာ သူလည်း မေတ္တာဝင်ပို့လေ့ရှိ၏။ ကျွန်ုပ်လည်း နှစ်ပေါင်းများစွာ သတ္တပတ်အဆုံးသတ် စနေ၊ တနင်္ဂနွေနေ့များတွင် ထိုဆရာကြီးများနှင့်အတူ မေတ္တာပို့သခဲ့ဖူးပါ၏။

ထိုသီအိုဆိုဖီအသင်းခွဲများ ကမ္ဘာပေါ်တွင် တစ်ရာ့ကျော်ခန့်ရှိသည်ဟု သိရဖူး၏။ မြန်မာနိုင်ငံတွင် စတင်တည်ထောင်သည့်နှစ်ပေါင်းမှာလည်း တစ်ရာကျော်သွားခဲ့ပြီဟု သိရ၏။ အတိအကျဆိုရပါက ၁၈၈၅ ခုနှစ်၊ မတ်လတွင်းက တည်ထောင်ခဲ့သော မူလ သီအိုဆိုဖီအသင်းကြီးမှာ ယခု ၂၀၁၃ ခုနှစ်တွင် နှစ်ပေါင်း ၁၂၈ နှစ် ရှိခဲ့ပြီဖြစ်ပါ၏။ မြန်မာပြည်သို့ သီအိုဆိုဖီအသင်းကြီး ရောက်ရှိတည်ထောင်ခဲ့ပုံအကျဉ်းမှာ အောက်ပါအတိုင်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

၁၈၈၅ ခုနှစ်၊ ဇန်နဝါရီလတွင် သီအိုဆိုဖီအသင်းတော်ကြီးကို စတင်တည်ထောင်သူ အမေရိကန်လူမျိုး ဗိုလ်မှူးကြီးဟောင်း ဟင်နရီစတီးလ်အိုလ်ကော့(Col. Henry Steel Olcott) အား သီပေါမင်း၏ သမားတော်ကြီး ဒေါက်တာဘူရိက ဖိတ်ကြားခဲ့သဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့၏။ ထိုစဉ်က အင်္ဂလိပ်–မြန်မာ နိုင်ငံရေးတင်းမာမှုအခြေအနေများကြောင့် မန္တလေးမြို့သို့ ဆက်မသွားနိုင်ခဲ့တော့ချေ။ ဗိုလ်မှူးကြီး အိုလ်ကော့တို့အဖွဲ့ ရန်ကုန်သို့ရောက်လာပြီး နှစ်ပတ်ခန့်အကြာ အသင်းကြီးအား စတင်ပျိုးထောင်ခဲ့သူ မယ်တော်ကြီး မဒမ်ဘလာဘက်စကီ(Helena Petrova Blavatsky) အသည်းအသန် မကျန်းမာသောကြောင့် ဗိုလ်မှူးကြီးအိုလ်ကော့ အိန္ဒိယသို့ ပြန်သွားခဲ့ရ၏။

သီအိုဆိုဖီအသင်းချုပ်တည်ရှိရာမှာ အိန္ဒိယနိုင်ငံ၌ ဖြစ်၏။ သူ၏ကိုယ်စား အသင်းလူကြီး မစ္စတာလက်ဘီတာက ဆက်လက်တာဝန်ယူပြီး ရန်ကုန်မြို့တွင် ရွှေတိဂုံအသင်းခွဲ၊ အိုလ်ကော့အသင်းခွဲ၊ ရောဝတီအသင်းခွဲဟူ၍ အသင်းခွဲ(၃)ခု တည်ထောင်ပေးခဲ့၏။ ယခုလက်ရှိ တည်ရှိနေသော ၄၉ လမ်း အသင်းကြီးမှာ အိုလ်ကော့အသင်းခွဲနေရာ ဖြစ်ပါ၏။ မူလ အဆောက်အအုံကလေးမှ ၁၉၈၈ နောက်ပိုင်းကာလတွင် အဆင့်မြင့်တိုက် အဆောက်အအုံကြီး ဖြစ်လာခဲ့ခြင်းဖြစ်၏။

အသင်းဥက္ကဋ္ဌကြီးဖြစ်သူ ဗိုလ်မှူးကြီးအိုလ်ကော့သည် ၁၈၉၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် ရောက်လာကာ ပန်းကနော်၊ ဝါးခယ်မနှင့် မန္တလေးမြို့များသို့ ရောက်ခဲ့၏။ မန္တလေးမြို့ သံဃာ့ရာဇာ ဆရာတော်အား ဖူးမြော်ခဲ့ပြီးနောက် တောင်ပိုင်းဗုဒ္ဓဘာသာနှင့် မြောက်ပိုင်းဗုဒ္ဓဘာသာ ညီညွတ်ရေး မူသဘောတူညီချက် ၁၄ ချက်ကို သဘောတူညီခဲ့၏။ သီအိုဆိုဖီအသင်းကြီးကို ဥက္ကဋ္ဌမစ္စတာ ဝီရာဂေးက စတင်တာဝန်ယူခဲ့ပြီး ဦးမိုးလတ်၊ ဦးလှမောင်၊ ဒေါက်တာဘသီ စသည့် ပုဂ္ဂိုလ်ကြီးများက ဆက်လက်တာဝန်ယူခဲ့ရာ စာရေးဆရာကြီးမောင်ကျောက်တိုင် လက်ထက်အထိ ဖြစ်ပါ၏။

သီအိုဆိုဖီအသင်းတော်ကြီး၏ အဓိကရည်ရွယ်ချက်မှာ သုံးချက် ရှိပါသည်။ (၁) လူမျိုး၊ ဘာသာ၊ အယူဝါဒ၊ ကျားမ၊ ဇာတ်နိမ့်၊ ဇာတ်မြင့်၊ အသားအရောင် မခွဲခြားဘဲ ညီရင်းအစ်ကို စိတ်ဓာတ်ကို လူသားအားလုံး ထားရှိရန်။ (၂) ဘာသာရေးဒဿနနှင့် သိပ္ပံပညာရပ်များကို ဟန်ချက်ညီစွာ လေ့လာရန်။ (၃) မသိသာမထင်ရှားသော သဘာဝနိယာမတရားကြီးကို ဖော်ထုတ်ရန်၊ လူသားများ၌ ကိန်းဝပ်နေသော စွမ်းအင်များကို ဖော်ထုတ်ရန်ဟူသည့် ရည်ရွယ်ချက်သုံးရပ်ဖြင့် အသင်းကြီးကို တည်ထောင်လာခဲ့ကြခြင်း ဖြစ်ပါ၏။

ထိုရည်ရွယ်ချက်သုံးရပ်နှင့်အတူ ဆရာကြီးမောင်ကျောက်တိုင်သည် ပညာရပ်များကို လေ့လာခြင်း၊ အသင်းသားများအား အသင်းနှင့် သက်ဆိုင်ရာ စာအုပ်စာတမ်းများကို သင်ကြားပို့ချခြင်းများ တာဝန်ယူဆောင်ရွက်လာခဲ့ရာ ကျွန်ုပ်လည်း ထိုအသင်းကြီး၏ အသင်းသားတစ်ဦး ဖြစ်ခဲ့၏။ ဆရာကြီး၏ စနေ၊ တနင်္ဂနွေသင်တန်းများ၌ တက်ရောက်ပညာသင်ယူခဲ့ရပါ၏။

## မေတ္တာကုထုံး

ဆရာကြီးမောင်ကျောက်တိုင်၏ ကျေးဇူးကြောင့် ကျွန်ုပ်သည် အိပ်မွေ့ချကုထုံး၊ မေတ္တာကုထုံးများကို ဆင့်ပွားရယူနိုင်ခဲ့ပါ၏။ သည့်အတွက် အသင်းကြီးနှင့် ဆရာကြီးမောင်ကျောက်တိုင်အား ကျေးဇူးပကားကို ရမည်ဖြစ်ပါ၏။ ကျွန်ုပ်သည် 'ဆာဗာ'လုပ်ငန်းဟု ဆိုရမည့် လူများအား ကူညီကုသသည့် နည်းနာနိသျှများ ရရှိခဲ့ပြီး အသက်လေးဆယ်နှင့် ငါးဆယ်ကြားတွင် လူတို့၏ ဒုက္ခသုက္ခများကို ကူညီနိုင်ခဲ့ပါ၏။

"မကျန်းမာသူအား ကူညီဖေးမပြုစုသူသည် ငါဘုရားအား ပြုစုသူမည်၏"ဟူသော ဗုဒ္ဓ၏စကားနှင့်အညီ ရောဂါဖြစ်၍ အတိဒုက္ခရောက်နေသူများအား မေတ္တာဖြင့် ကူညီနိုင်ခဲ့သည်မှာ ဝမ်းမြောက်စရာဖြစ်ပါ၏။ ကရင်လူမျိုးအဘွားကြီးတစ်ယောက်သည် နှလုံးလေးဘက်နာကို နှစ်ပေါင်းများစွာ ခံစားနေခဲ့ရရှာ၏။

"အဲဒီ နှလုံးလေးဘက်နာ ဝေဒနာကို ခံစားနေရတာ ကြာပါပြီဆရာရယ်။ ဆယ်နှစ်လောက်တောင် ရှိပြီလား မဆိုနိုင်ဘူး။ အဲဒီရောဂါကိုကုတာ အိမ်တစ်လုံးကုန်သွားပြီ"

အဘွားကြီးက အားနည်းသော လေသံဖြင့် မျက်နှာကို ရှုံ့မဲ့ကာ ပြောခဲ့၏။

"အခုအချိန်မှာ အမိုးရဲ့ နှလုံးလေးဘက်နာရောဂါဝေဒနာ ပျောက်အောင်ကုပေးမယ့် ဆရာရှိတယ်ဆိုရင် ကုမလား"

ကျွန်ုပ်၏စကားကို အသက်ခြောက်ဆယ်ကျော်ခန့်ရှိနေပြီဖြစ်သော ထိုကရင်အဘွားအိုကြီးက ခေါင်းကို ယမ်းခါလျက် အဖြေပေးလေ၏။

"မကုနိုင်တော့ပါဘူး ဆရာရယ်။ မပျောက်ရင်လည်း မတတ်နိုင်တော့ဘူး။ ကျွန်မမှာ ပေးစရာတစ်ပြားမှ မရှိတော့ဘူး ဆရာ"

သူ့စကားကို ကြားရသဖြင့် ကျွန်ုပ်မှာ စိတ်မကောင်းများစွာဖြစ်သွားမိခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

"အမိုး . . . တစ်ပြားမှ ပေးစရာမလိုတဲ့ဆရာနဲ့ ကုမယ်ဆိုရင်ကောဗျာ . . ."

"ငွေမကုန်ဘဲ ကုနိုင်မယ့်ဆရာ ရှိတယ်ဆိုရင်တော့ ကျွန်မလည်း ကုချင်တာပေါ့ ဆရာရယ်။ အဲဒီလို ငွေမယူတဲ့ ဆရာမျိုးကော တကယ်ရှိလို့လားဆရာ"

"ရှိတာပေါ့ အမိုးရယ်"

"ဘယ်ကိုသွားပြီး ကုရမှာလဲ၊ သွားကုဖို့ လမ်းစရိတ်ကို မရှိတာဆရာရဲ့"

"ကျွန်တော် သဘောပေါက်ပါတယ် အမိုးရယ်။ အမိုး ဘယ်ကိုမှ သွားကုစရာမလိုပါဘူး။ ဆရာက အမိုးဆီလာကုမှာပါ"

"ဒီလောက် သဘောကောင်းတဲ့ ဆရာမျိုး ရှိနိုင်ပါ့မလား ဆရာရယ်"

"ရှိတာပေါ့ဗျာ။ အဲဒီဆရာက တခြားမဟုတ်ဘူး။ ကျွန်တော်ပဲ"

ကျွန်ုပ်၏စကားကြောင့် အဘွားကြီး အံ့အံ့သြသြ ဖြစ်သွားပုံရ၏။ သူ့မျက်လုံးအစုံကလည်း အရောင်တောက်လက်သလို ဖြစ်သွား၏။

"ဆရာက စာရေးဆ... ဟုတ်လားဆရာ။ ကျွန်မအသိတာတော့ ဆရာက စာရေးဆရာပဲ။ ဆေးကော ကုတတ်လို့လား ဆရာ"

"ဆိုပါတော့ဗျာ။ ဆေးကုတယ်ဆိုပေမဲ့ သောက်ဆေး လိမ်းဆေးတွေမပါဘဲ ကုမှာ . . ."

"သောက်ဆေး၊ လိမ်းဆေးတွေမပါဘဲ ကုမှာဟုတ်လား။ ကျွန်မတစ်ခါမှ မကြားဖူးပါဘူး"

"အခု ကြားဖူးပြီမဟုတ်လား။ တိုက်ဆေး၊ လိမ်းဆေးတွေမပါဘဲ တခြားနည်းနဲ့ ကုမှာ။ အိပ်မွေ့ချတဲ့ ကုထုံးနဲ့ ကုမှာ။ မေတ္တာကုထုံးလို့ ခေါ်ရင်လည်း ရတယ်"

"ဆရာ့ဟာလည်း အဆန်းပဲ"

"မြန်မာပြည်မှာတော့ အဆန်း ဖြစ်ချင်ဖြစ်နေမှာပေါ့။ တခြားနိုင်ငံတွေမှာတော့ ဒီနည်းနဲ့ကုသတဲ့ ဆေးခန်းတွေ တောင်ရှိပါတယ်။ အောင်လည်းအောင်မြင်နေကြတယ်။ မြန်မာပြည်မှာတော့ ခုချိန်ထိ ပျံ့ပျံ့နှံ့နှံ့ မရှိသေးဘူးဗျ။ ဒီနည်းနဲ့ နှလုံးလေးဘက်နာသာမက တခြားရောဂါမျိုးစုံပါ ပျောက်သွားနိုင်တယ်။ ပျောက်လည်း ပျောက်တယ်။ အဓိကကတော့ ကုသပေးတဲ့ ဆရာ့ကို ခံယူတဲ့တပည့်က လုံးဝဥဿုံ ယုံကြည်နေဖို့ပဲလိုတယ်"

"ဆရာ တကယ်မေတ္တာနဲ့ ကုသပေးမယ်ဆိုရင်တော့ ကျွန်မ ယုံယုံကြည်ကြည်နဲ့ ကုမှာပါဆရာ"

"အမိုးဆီကို ကျွန်တော် တစ်ရက်ခြား ငါးကြိမ်လာကုမယ်။ အမိုးရဲ့ရောဂါဝေဒနာတွေဟာ ဆယ်ရက်အတွင်းမှာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ကင်းစင်ပျောက်စေရမယ်"

"ဆရာက ဒီလာကုမှာဆိုတော့ အားတော့နာသားဆရာ။ ပြီးတော့ ဆရာက ဆေးဖိုးဝါးခတွေ ဘာတွေလည်း ယူမှာမဟုတ်ဘူးဆိုတော့ . . ."

"အဲဒါတွေ ခေါင်းထဲမထားပါနဲ့ အမိုးရာ။ ကျွန်တော်က ဆေးဖိုးဝါးခ ပိုက်ဆံမယူဘူး။ မရဘူးဆိုပေမဲ့ ကုသိုလ်တွေ အများကြီးရမှာပါ။ မပူပါနဲ့။ စေတနာ၊ မေတ္တာရဲ့ အကျိုးတန်ဖိုးက မနည်းပါဘူးဗျာ"

ဤသို့ဖြင့် ထိုအဘွားကြီးအား ကျွန်ုပ်ကုသပေးဖြစ်ခဲ့၏။ တစ်ရက်ခြား သုံးကြိမ်လောက် ကုပြီးသောအခါ အတော်သက်သာလာ၏။ လမ်းတွေဘာတွေ လျှောက်နိုင်လာ၏။ စတုတ္ထအကြိမ်ကုသပေးပြီးသောအခါ သူက . . .

"ဆရာ . . . ကျွန်မ လမ်းတော်တော်လျှောက်နိုင်နေပြီ ဆရာ။ နောက်ဆုံးတစ်ကြိမ် ဆရာ ကျွန်မတို့အိမ်ကို မလာနဲ့တော့။ ကျွန်မ ဆရာ့ဆီလာပြီး ကုပါ့မယ်"

ဟု ပြောလေတော့၏။ ထိုအခါ ကျွန်ုပ်က . . .

"ဖြစ်ပါ့မလားဗျာ။ အခုမှ လမ်းလျှောက်စပဲ ရှိသေးတယ်။ ဒီနဲ့ ကျွန်တော့်အိမ်က တော်တော်ဝေးတာဗျ"

"ဖြစ်ပါတယ် ဆရာရဲ့။ ကျွန်မ အခု ကောင်းကောင်း လျှောက်နိုင်နေပြီပဲ ဆရာရယ်။ ဆရာ့ကို ကျေးဇူးအများကြီး တင်ပါတယ်"

"အင်းလေ . . . ဖြစ်တယ်ဆိုရင်လည်း ဖြည်းဖြည်း လျှောက်လာပေါ့။ ကျွန်တော် အိမ်ကပဲ စောင့်နေပါ့မယ်။ မနက်ပိုင်းပဲ လာနော်။ ပြီးရင် အိမ်မှာ ထမင်းစား။ ငါးရံ့နဲ့ ဘူးသီးဟင်းလေးချက်ခိုင်းထားပေးမယ်"

ဤသို့ဖြင့် နောက်ဆုံးအကြိမ် ငါးကြိမ်မြောက် မေတ္တာကုထုံးဖြင့် ကုသခြင်းကို အိမ်တိုင်ယာရောက် အကုအသခံ၏။ ကျွန်ုပ်ထင်ထားသလောက် မောပန်းနွမ်းနယ်ခြင်း မရှိလှ။ အပြုံးမပျက် တွေ့ရသည်။ ကျွန်ုပ်ကတိပေးထားသည့်အတိုင်း ဘူးသီးနှင့် ငါးရံ့ချဉ်ရည်ဟင်းဖြင့် ထမင်းကျွေးဖြစ်၏။ အဘွားကြီးလည်း ခေါင်းမဖော်အောင် ထမင်းစား၏။ ထမင်းစားပြီးသောအခါ . . .

"ဆရာရော ဆရာ့ဇနီးကော စေတနာကောင်းလို့လား မသိဘူး။ စားလို့ကောင်းလိုက်တာ ဆရာရယ်။ ကျေးဇူးအများကြီး တင်ပါတယ်"

"ကျေးဇူးတင်တာလည်းတင်ပါ။ ဒီနှလုံးလေးဘက်နာ ... က်ကို ဘယ်တော့မှ ပြန်မဖြစ်တော့ဘူးလို့လည်း ယုံကြည်...



www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်မှုဆိုတာ တန်ခိုးပဲဗျ။ အဲဒီ ယုံကြည်မှုရှိနေသမျှ တန်ခိုး အမြဲရှိတယ်။ ပျောက်ရမယ်လို့ ယုံကြည်နေရင် တစ်ချိန်ချိန်မှာ ပျောက်သွားတော့တာပဲဗျ။ အနှေးနဲ့အမြန်ပဲ ကွာတာပါ။ တကယ်တော့ ရောဂါကိုကုသတဲ့ ဆရာက လေးဆယ်ရာနိုင်နှုန်းပဲ တော်ဖို့ ဘတ်ဖို့ လိုပြီးတော့ ခံယူတဲ့လူနာက ခြောက်ဆယ်ရာနိုင်နှုန်း ယုံကြည်ကိုးစားမှုရှိတယ်''

ကရင်အဘွားကြီး ဘယ်လောက်နားလည်သွားသည်ဟူ၍တော့ မပြောတတ်။ ကျွန်ုပ်ရင်ထဲ၌မူ ကျွန်ုပ်၏ မေတ္တာကုထုံးဖြင့် ကုသပေးလိုက်ရာ ရောဂါပျောက်ကင်းချမ်းသာသွားသည်ကို သိရသဖြင့် လွန်စွာဝမ်းသာခဲ့ရ၏။ ထိုကဲ့သို့ ကုသပေးရာ၌ ငွေကြေးမရခဲ့သော်လည်း ဝမ်းသာပီတိဖြစ်မှုသည်သား ပြောမပြနိုင်အောင် ခံစားခဲ့ရ၏။

ထိုစဉ်က ကျွန်ုပ်သည် တောင်ဒဂုံတွင် နေထိုင်စဉ်က ဖြစ်၏။ ထုံးစံအတိုင်း လုံးချင်းအိမ်လေးငှားနေစဉ်က တောင်ဒဂုံ ကမ္ဘာဇ(၃)လမ်း နေအိမ်နောက်ဖေးဘက်တွင် ဘူးစင်ကလေး တစ်ခု ပြုလုပ်၍ ဘူးပင်များစိုက်ကာ စင်တင်ထားသောကြောင့် ခြံထွက်ဘူးသီးနှင့် ငါးရံ့ဟင်းကို လတ်ဆတ်ချိုမြိန်စွာ ချက်ကျွေးနိုင်ခဲ့ခြင်း ဖြစ်ပါ၏။

ထိုစဉ်က စက်ဘီးဟောင်းလေးတစ်စီး ကိုလည်း အချို့အချောင်ဈေးဖြင့် ဝယ်ထားခဲ့လေရာ တောင်းဒဂုံတစ်ခွင် ပြဲပြဲစင်အောင် စက်ဘီးစကြာလှည့်ဖြစ်ခဲ့ပါ၏။ ထိုစက်ဘီးကလေးနှင့်အတူ မေတ္တာကုထုံးတွေ အိမ်တိုင်ရာရောက် ကုသအောင်မြင်ခဲ့ဖူးပါ၏။

## ဓာတ်တိုင်ကိုပက်တက်တဲ့ကောင်ကလေး

ကျွန်ုပ်၏ စာဖတ်ပရိသတ်ထဲမှ ချာတိတ်လေး တစ်ယောက် ကျွန်ုပ်ထံသို့ပေါက်ချလာပြီး သူ့အစ်ကိုရောဂါ အကြောင်း ပြောပြခဲ့လေ၏။

''သူက အီးအက်စ်ဘီက အလုပ်သမားပါ ဆရာ။ သူ့အလုပ်က လျှပ်စစ်လုပ်ငန်းဆိုတော့ ဓာတ်တိုင်တက်ပြီး ပြင်ရဆင်ရတာတွေ ရှိတယ်ဆရာ၊ တစ်နေ့ မတော်တဆ ဓာတ်လိုက်ပြီး ဓာတ်တိုင်ပေါ်က ပြုတ်ကျတယ်ဆရာ''

''ဓာတ်တိုင်ရဲ့အမြင့်က မနည်းဘူး။ ပြောပါဦး။ ဘာဖြစ်သွားတာလဲ''

''အောက်ပိုင်းသေသလို ဖြစ်သွားတာဆရာ။ လုံးဝလမ်းမလျှောက်နိုင်တော့ဘူး။ အိမ်သာတက်ရင်တောင် တရွတ်ဆွဲပြီး နောက်ဖေးကို သွားရတယ်။ သူ့မိန်းမက တွဲသွားပေးရတယ်။ အဲ ... ကျွန်တော်ကြုံရင် ကျွန်တော်တွဲပေးရတာပေါ့ ဆရာရယ်။ တချို့ကလည်း မြေကိုင်တယ် ပြောကြတာပဲ''

''နေပါဦး။ မင်းအစ်ကိုက အသက်ဘယ်လောက်ရှိပြီလဲ''

''နှစ်ဆယ့်ငါးနှစ်ပဲ ရှိပါသေးတယ် ဆရာ''

''ဟ ... အငယ်လေးရှိသေးတာပဲကွ။ ကလေးတွေဘာတွေကော ရှိသလား''

''ရှိတယ်ဆရာ''

နှစ်အတန်ငယ် ကြာသွားပြီဖြစ်၍ ထိုသူငယ်၌ ကလေး တစ်ယောက်လား၊ နှစ်ယောက်လား ကျွန်ုပ်မမှတ်မိတော့ချေ။ သို့သော် မိန်းမနှင့် ကလေးရှိသူဖြစ်နေ၍ 'တာဝန်တွေရှိ၏။ ထို့အတွက် ပို၍ သနားကရုဏာသက်မိ၏။ ထိုလူငယ်ကလေး လူကောင်းပြန်ဖြစ်ဖို့ ယို၏။ သူ့ဘဝတွင် ရှေ့ဆက်စရာ အများကြီးရှိ၏။ သည်အတွက် ကျွန်ုပ်သည် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ လူငယ်လေးကို ကူညီပံ့ပိုးကုသရန် ဆုံးဖြတ်ချက်ချခဲ့မိလေ၏။

သူ့ထံသို့ သွားကာ သေချာစမ်းသပ်ကြည့်သောအခါ မြေကိုင်သည်ဟူသော ပယောဂများ ပါဝင်သည်မဟုတ်ဘဲ ဓာတ်တိုင်မှ ပြုတ်ကျသည့်အရှိန်ကြောင့် ကြောက်လန့်တကြားဖြစ်ကာ အကြောတွေ ဆိုင်းလ က် အလုပ်ပုံမှန်မလုပ်ဘဲ လမ်းမလျှောက်နိုင်သည့်ဝေဒနာ စွဲကပ်သွားခဲ့ခြင်း ဖြစ်၏။

''ငါးကြိမ်တိတိ လာပြီးကုပေးမယ်။ ဒီလိုကုပေးတဲ့အခါ ဆေးကုသခ ‧ တစ်ပြားတစ်ချပ်မှ ပေးစရာမလိုဘူး။ ပြီးတော့ လာကုချိန်မှာ စားစရာသောက်စရာ ဘာမှ ကျွေးစရာမလိုဘူး''

ထိုကဲ့သို့ပြောပြီးနောက် ကျွန်ုပ်သည် ထိုလူငယ်ထံသို့ တစ်ရက်ခြားတစ်ခါ မပျက်မကွက် သွားရောက်ခဲ့လေ၏။ ကျွန်ုပ်သည် ဆေးကုသွားရာ၌ အချိန်အတိအကျ ရောက်အောင်သွား၏။ အချိန်လွန်သွားခဲ့သည်ဟူ၍ မရှိခဲ့ချေ။ ကျွန်ုပ်နှင့် ချိန်းဆိုထားသူ (မည်သူကိုမဆို) အချိန်အတိအကျ သွားရောက်တွေ့ဆုံ၏။ ( ာက်ကျသည်ဟူ၍ မရှိခဲ့သလောက်ပင် ဖြစ်၏။ ကျွန်ုပ်က ူမှ ကို စောင့်ရသည့်ကများ၍ ကျွန်ုပ်ကို ပြန်စောင့်ရသူဟူ၍ လက်ချိုးရေတွက်၍မရအောင်ပင် ရှားပါးလိမ့်မည်ဖြစ်၏။

ကိုယ့်ကို စောင့်ဆိုင်းမျှော်လင့်ရမည့်သူနေရာမှ ကိုယ်ချင်းစာမိသဖြင့် ထိုအလေ့အကျင့်ကို ကျင့်သုံးခြင်းဖြစ်၏။ ထိုသူ၏ တန်ဖိုးရှိသောအချိန်များကို လေးစားပေးခြင်းလည်း ဖြစ်၏။ သေရေးရှင်ရေး မဟုတ်သမျှ မပျက်ကွက်စေရဟု ကိုယ့်ဘာသာ စံချိန်သတ်မှတ်ခဲ့သဖြင့် မပျက်ကွက်ခြင်းလည်း ဖြစ်ပါ၏။ သူတစ်ပါးက စံချိန်သတ်မှတ်ပေးထားသဖြင့် အချိန်မမှန်မဖြစ်မှန်အောင် (တာဝန်အရ) သွားခဲ့ရသူများသည်(လခစားပုဂ္ဂိုလ်များ



www.burmeseclassic.com

www.burmeseclassic.com

သည်) ပင်စင်ယူသောအချိန်တွင် အလုပ်ချိန်တွင် တိကျမှန်ကန်ခဲ့သလောက် တခြားလူများနှင့် ချိန်းဆိုရာတွင် နောက်ကျလေ့ရှိသည်ကို တွေ့ဖူး၏။ ဘဝတစ်လျှောက်လုံး အချိန်နှင့်အမျှ တာဝန်ယူခဲ့ရသော (နှစ်ဆယ့်လေးနာရီဂျူတီ) တပ်မတော်သားလူထွက်တချို့ပင် အပြင်သို့ရောက်သောအခါ အတိုးချနောက်ကျလေ့ရှိသည်ကို မိတ်ဆွေများထဲတွင်ပင် တွေ့ဖူး၏။

ကိုယ်က ကုသပေးရမည့်လူနာက ဆရာအလာကို မျှော်ရသည်မှာ သစ်ကုလားအုတ်ထက်ပင် လည်ပင်းရှည်မည့်ကိစ္စဖြစ်၏။ ထိုသူများအတွက် အချိန်ပိုတိကျရန် လို၏။ ထိုမာတ်တိုင်ပေါ်မှ ပြုတ်ကျခဲ့သည့် ကောင်လေးကို သွားရောက်ကုသသောအခါ ပထမဆုံးနေ့တွင် ကျွန်ုပ်ပြောထားသည့်ကြားက လောကဝတ်ကျေပွန်စွာဖြင့် လက်ဖက်ရည်နှင့် အီကြာကွေး စားစရာသောက်စရာများကို မလာခင် ပြင်ဆင်ထားသည်ကို တွေ့ရ၏။

နွမ်းပါးသော အိမ်ထောင်သည်ထံမှ ကုန်ကျရမည့်ငွေကြေးအနည်းငယ်ကိုပင် မရှိစေချင်သဖြင့် ...

"ဘာလို့ စားစရာတွေ လုပ်ထားရတာလဲ၊ မလုပ်ပါနဲ့လို့ ပြောထားခဲ့တယ်မဟုတ်လား"

ဟု ပြေလိုက်မိ၏။ ထိုဒ... လင်ရောမယားပါ မျက်နှာငယ်ကလေးတွေနှင့် ဖြစ်သွားကြပြီးနောက် ...

"ဆရာ ... လက်ဖက်ရည်နဲ့ အီကြာကွေးကို မကြိုက်လို့လားရှင်"

ကောင်လေး၏ဖနီးသည်လုပ်သူက မျက်စိပျက်မျက်နှာပျက်ဖြင့် မေးလိုက်၏။

"မကြိုက်လို့ပြောတာ မဟုတ်ဘူး ကလေးမရဲ့။ ဆရာ့အတွက် ဘာတာဝန်မှ မယူစေချင်ဘူး။ ပိုက်ဆံမကုန်စေချင်ဘူး"

"ဒီလောက်တော့ တတ်နိုင်ပါတယ်ဆရာရယ်။ အားမနာပါနဲ့"

"ဘာပဲဖြစ်ဖြစ် နောက်တစ်နေ့ အဲသလိုလုပ်ထားမယ်ဆိုရင်တော့ ဆရာမလာဘဲနေလိုက်မယ်"

"ဟုတ် .. ဟုတ်ကဲ့ဆရာ၊ လုပ်မထားတော့ပါဘူး"

မိန်းကလေးက ဆက်၍မလာတော့မည်ကို စိုးရိမ်သည့်ဟန်ဖြင့် ပျာပျာသလဲ ပြောခဲ့လေ၏။

"ဘာမှမစားမသောက်ဘူးလို့ ပြောရတဲ့နေရာမှာ အရေးကြီးတဲ့ နောက်တစ်ခုက လူနာကို ကုသခါနီးတဲ့အချိန်မှာ ဆရာလုပ်တဲ့သူက လက်ဖက်ရည်တို့၊ ကော်ဖီတို့လို အခန့်မသင့်ရင် ချောင်းဆိုးနိုင်တဲ့၊ ရင်ကျပ်သလိပ်ကပ်နိုင်တဲ့ အချိုရည်တွေကို မသောက်ရဘူး။ အစာကို ပြည့်အင့်အောင်၊ ငိုက်မျဉ်းအောင်လည်း စားမထားရဘူး။ အဆာလည်း ဆာမနေစေရဘူး။ သင့်တင့်လျောက်ပတ်အောင် ဝမ်းထဲမှာပဲ အစာဖြည့်ထားရတယ်။ ခုဆိုရင် အိမ်ကထွက်လာကတည်းက ဆရာ အဆာပြေစားခဲ့ပြီးပါပြီ"

"ဩော် ... အဲလိုလားဆရာ"

"ဟုတ်တယ်။ ပြီးတော့ ရှိသေးတယ်။ မနက်ဖြန်ကို ရောဂါကုသစရာရှိတယ်ဆိုရင် ဒီနေ့ညလိုမှာ ကုသမယ့်ဆရာဟာ မိန်းမနဲ့အတူ မနေထားရဘူး။ ဆရာမဆိုရင်လည်း သူ့ယောက်ျားနဲ့အတူ နေတာကို ရှောင်ရမယ်"

ကျွန်ုပ်၏စကားကြောင့် မိန်းကလေးမျက်လုံးများ အဝိုင်းသား၊ ပါးစပ်အဟသား ဖြစ်သွားရှာ၏။ ကာယကံရှင်လူနာခမျာလည်း မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်ဖြင့် ကျွန်ုပ်အားငေးကြည့်နေရှာ၏။ ဤစကားများကို သူတို့အား ပြောပြနေခြင်းမှာ ကိုယ်ရည်သွေးလို၍ အလျှင်းမဟုတ်ဘဲ သူတို့နားလည်စေရန် ရှင်းပြခြင်းဖြစ်၏။ ထို့အတူ ဆရာ့အပေါ် ယုံကြည်ကိုးစားမှုရလာစေရန် လိုအပ်၍ စိတ်ပညာသဘောအရ ပြောပြရခြင်းလည်း ဖြစ်၏။

ဤသို့ဖြင့် မာတ်တိုင်ပေါ်မှ ပြုတ်ကျခဲ့သော လူငယ်လေးကို ကျွန်ုပ် ငါးကြိမ်ပြည့်အောင် သွားရောက်ကုသပေးခဲ့၏။ ကံအားလျော်စွာ ထိုသူငယ်လေးသည် လမ်းလျှောက်နိုင်သည်အထိ ပြန်လည်ကောင်းမွန်သွားခဲ့၏။ ကျွန်ုပ်နှင့် သူ၏ဇနီးတို့နောက်နှစ်လခန့်ကြာသောအခါ တွေ့ဖြစ်ကြပြီး သူ့အစ်ကိုကျန်းမာရေးဒေါင်ဒေါင်မြည်ဖြစ်သွားပြီး၊ မာတ်တိုင်ပေါ်သို့ပင် ပြန်၍ တက်နိုင်ပြီဖြစ်ကြောင်း၊ သူ့အလုပ်သူ ပြန်လုပ်နိုင်ပြီဖြစ်ကြောင်း သတင်းပေးပို့သဖြင့် ကျွန်ုပ်မှာ ဝမ်းသာမိသော်လည်း တစ်ဖက်ကလည်း စိတ်မကောင်းဖြစ်မိခဲ့ရ၏။ စိတ်မကောင်းခြင်းမှာ မခြားမဟုတ်။ လျှပ်စစ်ပြုပြင်တတ်သည့်အတွက် မာတ်တိုင်ပေါ်သို့တက်ကာ အလုပ်လုပ်ရ၏။ ထိုအလုပ်ကြောင့်ပင် မာတ်တိုင်မှာ မာတ်လိုက်၍ ပြုတ်ကျခဲ့ရ၏။ ကံကောင်းထောက်မ၍သာ ကျန်းမာရေးပြန်ကောင်းသွားခဲ့ခြင်း ဖြစ်၏။ နေပြန်ကောင်းလာသောအခါမှာလည်း အန္တရာယ်ကင်းသည့် တခြားအလုပ် ပြောင်းမလုပ်နိုင်ဘဲ 'ကျွမ်းကျင်ရာလိမ္မာ' ဆိုသော စကားအရ အန္တရာယ်မကင်းသည့် လုပ်နေကျအလုပ်ကိုပင် ပြန်လုပ်ခဲ့ရရှာ၏။ ထိုအကြောင်းကို စဉ်းစားမိရင်း စိတ်မကောင်းဖြစ်မိခြင်း ဖြစ်၏။

လောကကြီးတွင် ဤလိုကိစ္စမျိုးမှာ အဆန်းတော့မဟုတ်ချေ။ ထိုကိစ္စမျိုး ထပ်တူဖြစ်ခြင်းတစ်ခု ဖြစ်ခဲ့ဖူး၏။ ကျွန်ုပ်၏ ယောက္ခမ ဆရာဝန်ကြီး၏ အတွေ့အကြုံဖြစ်၏။ သူသည် ဘိုကလေးခရိုင်တွင် ဆေးကုသခဲ့ရာ၌ ဆယ့်သုံးနှစ်ခန့်



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတစ်ဦးသည် မန်ကျည်းရွက်နုများကို တက်ခူးရာ မတော်တဆ အပင်ပေါ်မှ ပြုတ်ကျခဲ့၏။ အခန့်မသင့်သော ကြောင့် အောက်တွင်ရှိနေသော မန်ကျည်းပင်အငုတ်အချွန်စဖြင့် ဝမ်းဗိုက်ကို ထိုးဖောက်သလို ဖြစ်သွားခဲ့၏။ ထိုအခါ ဝမ်းထဲမှ အူအခွေလိုက် ထွက်ကျခဲ့လေ၏။ သို့သော် ကံကောင်းထောက်မ စွာဖြင့် အူများကို အချွန်ဖြင့်မထိုးမိဘဲ ဝမ်းဗိုက်အရေပြားသာ ပွင့်သွားခြင်းဖြစ်၏။

သို့ဖြစ်၍ သူ့မိဘများက ပုဆိုးတစ်ထည်ဖြင့်ပတ်စည်း လျက် ခေါ်လာကြကာ ယောက္ခမကြီး ဦးထွန်းဝေအား ကုသခိုင်း ကြခြင်း ဖြစ်ပါ၏။ ဦးထွန်းဝေမှာ တခြားရောဂါများထက် အထိ အခိုက်၊ အပြတ်အရှများကို ကုသရာ၌ ပို၍နာမည်ကျော်၏။ သူ၏ အပြင်သို့ထွက်နေသော အူများကို အတွင်းသို့ စနစ်တကျ ပြန်သွင်းကာ ချုပ်ရိုးညီညီချုပ်၏။ အနာကျက်မြန်သည့် ဆေးများ ကို ပေး၏။ ဆောင်ရန်ရှောင်ရန်များဖြင့် လုပ်ဆောင်စေပြီး ထိုကလေးမလေးကို ကိုယ်ဖိရင်ဖိ ဂရုတစိုက် ကုသပေးခဲ့၏။ သူ့အိမ်ဆီမှာပင် နေစေကာ အနီးကပ်စောင့်ရှောက်ကုသခဲ့ရာ ထိုမိန်းကလေးခမျာ အသက်ချမ်းသာရာ ရခဲ့ရှာ၏။

ဦးထွန်းဝေ၏အိမ်တွင် လနှင့်ချီ၍ နေထိုင်ကုသပြီးသော အခါ သူ့မိဘများရှိရာ ရွာကလေးသို့ ပြန်သွားခဲ့၏။ ရက်အနည်း ငယ်ကြာသောအခါ ဦးထွန်းဝေသည် သူ့လူနာများအား ကုသရန် ထိုရွာကလေးသို့ ရောက်သွားခဲ့၏။ ထိုအခါ ကလေးမလေးရှိရာ အိမ်ခြံဝင်းသို့ အခြေအနေသွားကြည့်သောအခါ ထိုကလေးမ လေးသည် သူ့အလုပ်လုပ်ရာဖြစ်သော မန်ကျည်းပင်ကြီးထိပ်ဖျား သို့ ရောက်နေသည်ကို စိတ်မသက်သာစရာ တွေ့ရှိခဲ့ရသည့် အကြောင်း ယောက္ခမကြီးပြောပြသည်ကို နားထောင်ခဲ့ရဖူးပါ၏။ ဝမ်းရေးပေကိုး။ သို့ကြောင့်ပင် ဗုဒ္ဓက အရာရာ ဒုက္ခဟု မိန့်ဆို ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

**ယုံကြည်မှုသည် တန်ခိုးဖြစ်၏**

ကျွန်ုပ်သည် ယခုအခါ လူတော်တော်များများ ရောဂါ မျိုးစုံကို မေတ္တာကုထုံးဖြင့် ကုသပေးသောအခါ ယုံကြည်သူ အများစု ပျောက်ကင်းချမ်းသာကြ၏။ သာမန်ရောဂါများသာမက နှစ်ပေါင်းနှစ်ဆယ်မျှ အကြောညပ်နေသည့်ရောဂါ၊ ဆရာဝန်များ လက်လွှတ်ထားရသည့် ခန္ဓာတွင်း ကလီစာဝေဒနာများ စသည် တို့ကိုပင် ယုံကြည်သူများ ပျောက်ကင်းချမ်းသာခဲ့ကြ၏။ ကျွန်ုပ် ရေးသားခဲ့ဖူးသော စာအတော်များများတွင် ''ယုံကြည်မှုသည် တန်ခိုး''ဟူ၍ အကြိမ်ကြိမ်အဖန်ဖန် ရေးခဲ့ဖူးပါ၏။ အလိုဆန္ဒ ပြင်းပြစွာ ယုံကြည်ခဲ့ပါလျှင် အရာအားလုံး ပြည့်စုံနိုင်ကြောင်း ဘုရားရှင်ကိုယ်တော်မြတ်မြတ်ကြီးက ဟောကြားခဲ့ပါ၏။

''ဆန္ဒဝတောကိ နသဇ္ဈာတိ''

အလိုဆန္ဒပြင်းပြပါလျှင် မဖြစ်နိုင်သောအရာမရှိ ဟူ၍ ဖြစ်ပါ၏။ အနောက်နိုင်ငံရှိ သူတော်ကောင်းများကမူ ...

"Thoughts are Things" ဟူ၍ ဆိုရိုးရှိကြ၏။ ယုံကြည်စွာ တွေးထင်မှုများသည် အရာဝတ္ထုများ ဖြစ်လာကြ၏ ဟု အဓိပ္ပာယ်ရ၏။ အလိုဆန္ဒပြင်းပြလျှင် ရနိုင်၏ဟူ၍ ဆိုလိုခြင်း ပင် ဖြစ်ပါ၏။ ကျွန်ုပ်ဘဝ၏ လေ့ကားထစ်များကို ယုံကြည်မှု များနှင့်ပင် တက်လှမ်းခဲ့ခြင်း ဖြစ်ပါ၏။

*(ရှေ့လစောင့်မျှော်ဖတ်ရှုပါ။)*

ဖေယျုတုသဇ္ဇမင်္ဂလံ

**လင်းရောင်ထင်**

**ဆရာကြီးလင်းရောင်တင်**

**နေ့လက္ခဏာသယ လိုတရဟောခန်းမှ**

**ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။**

နေ့စဉ်-နံနက်(၉)နာရီမှ (၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက် နားသည်။

**အခန်း(၃၀၆)၊ တိုက်အမှတ်(၁၀၁/B)၊ (၇)လွှာ၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ – 09 420014614**



www.burmeseclassic.com

www.burmeseclassic.com




# ခင်ပွန်းကြီးဆယ်ပါး ကျေးဇူးတရားနှင့်စပ်၍

(တစ်)

"အဖေ၊ အမေနှင့် ပတ်သက်လို့ အမေများလည်း အမေမှန်တယ်၊ အဖေများလည်း အဖေမှန်တယ်လို့ စိတ်ထားရတယ်။ အဲဒီလိုစိတ်မွေးရတယ်"

ဆရာတော်အရှင်ဇေယျပဏ္ဍိတ

ဆရာတော်က မိဘတို့သည် သားသမီးများအပေါ် ဘယ်သောအခါမျှ အမှားလုပ်မည် မဟုတ်။ အကယ်၍ မှားသည့်တိုင်လည်း အမေမှားသည်၊ အဖေမှားသည်ဟူ၍ အမှတ်မထားဘဲ နားလည်ခွင့်လွှတ်တတ်ဖို့ ဆိုလိုခြင်းဖြစ်လေ၏။

ခင်ပွန်းဟုဆိုလျှင် "ခင်ပွန်းသည်၊ လင်ယောကျ်ား"ဟုသာ အများက သိထားကြ၏။ ခင်ပွန်းကြီး(၁၀)ပါးဟုဆိုလျှင်ကား မိမိတို့နှင့်မဆိုင်သလိုလို တစ်မျိုးတစ်မည်ယူဆကာ မျက်စိ လည်ကြတော့၏။

နန္ဒာမောင်(သံဖြူဇရပ်)



www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ် "ခင်ပွန်း"ဆိုသည်မှာ "ကျေးဇူးရှိ၍ မပြစ်မှားထိုက်သောပုဂ္ဂိုလ်"မျိုးဖြစ်သလို၊ ခင်ပွန်းကြီး(၁၀)ပါးသည်လည်း မိမိတို့နေ့စဉ်ထိတွေ့ဆက်ဆံနေရသည့် ခင်ပွန်းသည်လင်ယောကျ်ားအပါအဝင် ကျေးဇူးပြုဖူးသူ ကျေးကျွန်ကအစ ဆရာသမား၊ မိဘ၊ ဘုရား၊ ရဟန္တာအဆုံး ဖြစ်လေ၏။

ခင်ပွန်းကြီး (၁၀)ပါးမှာ (၁) ဘုရား၊ (၂) ပစ္စေကဗုဒ္ဓ၊ (၃) အဂ္ဂသာဝက၊ (၄) ရဟန္တာ၊ (၅) အမိ၊ (၆) အဖ၊ (၇) အလေးပြုအပ်သူ၊ (၈) ဆရာသမား၊ (၉) တရားဟောပုဂ္ဂိုလ်၊ (၁၀) ပေးကမ်းစောင့်ရှောက်ဖူးသူတို့ဖြစ်ရာ ချုပ်၍ဆိုရလျှင် ကျေးဇူးပြုဖူးသူမှန်သမျှ "ခင်ပွန်း"ဟု သတ်မှတ်နိုင်ကြောင်း သိအပ်ပေ၏။

ထိုသို့ လောကတွင် တစ်ကြိမ်တစ်ခါ ကျေးဇူးပြုဖူးရုံမျှဖြင့် "ကျေးဇူးရှင်ခင်ပွန်း"ဟု သတ်မှတ်နိုင်လျှင် အနီလောကတွင် ကျေးဇူးကင်းသူဟူ၍ ရှိနိုင်မည်မဟုတ်။ သံသရာတစ်လျှောက်လုံးလည်း မိမိတို့သည် မိဘလိုတစ်မျိုး၊ သားသမီးလိုတစ်သွယ်၊ ဇနီးသည်,လင်ယောကျ်ားလိုတစ်ဖုံ တစ်ဦးနှင့်တစ်ဦး မတော်ဖူးသူမရှိသလို မိမိမမွေးဖွားဖူးသော နေရာ၊ ခေါင်းမချဖူးသောနေရာ [illegible]၍လည်း မရှိပေ။

သို့ဖြစ်ရာ မိမိတို့သည် တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက်၊ တစ်နည်းမဟုတ်တစ်နည်း တော်ခဲ့၊ စပ်ခဲ့၊ ရင်းနှီးခဲ့၊ ကျေးဇူးပြုခဲ့ဖူးသူချည်းဖြစ်ရာ လူသားမှန်သမျှ သူစိမ်းတစ်ရံဆံဟူ၍ ရှိနိုင်တော့မည်မဟုတ်ချေ။

## (နှစ်)

ဘုရားရှင်က လောကတွင် ကျေးဇူးတရားနှင့်စပ်၍ ကျေးဇူးရှိ၍ ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်(၁၄)မျိုး ခွဲခြားဖော်ပြထားလေ၏။ အထက်(၂)ဦး၊ အလယ်(၈)ဦး၊ အောက်(၄)ဦး အပါအဝင် (၁၄)ဦးဖြစ်ကြောင်း ဖော်ပြထားရာ -

အထက်(၂)ဦးမှာ -

(၁) ဗုဒ္ဓ (သို့) မိဘ (သက်ရှိဘုရား)<br>
(၂) ပစ္စေကဗုဒ္ဓ<br>
} (၂)ပါး

အလယ်(၈)ဦး -

(၁) အရဟတ္တ<br>
(၂) အနာဂါမိ<br>
(၃) သကဒါဂါမိ<br>
(၄) သောတာပတ္တိ<br>
} မဂ်ပေါက်ဖိုလ်ဝင် (၄)ပါးစီ(၈)ပါး

အောက်(၄)ဦးမှာ -

(၁) သီလ+သမာဓိရှိသူ<br>
(၂) သီလရှိသူ<br>
(၃) သီလမဲ့သူ<br>
(၄) တိရစ္ဆာန်<br>
} (၄)ဦး

အဆိုပါ ပုဂ္ဂိုလ်(၁၄)မျိုးတွင် အဟိတ်တိရစ္ဆာန်များပင် ကျေးဇူးရှင်အဖြစ် ထည့်သွင်းဖော်ပြထားသည်ဖြစ်ရာ ဘုရားအလောင်းတော် ကျေးမင်းဘဝကဆိုလျှင် သစ်ပင်ကိုအမှီပြုနေထိုင်သဖြင့် သစ်ပင်ကိုပင် အဆွေခင်ပွန်းအဖြစ် သတ်မှတ်ကြောင်း ဇာတ်တော်လာရှိလေ၏။

ကျေးဇူးရှင် အမိအဖနှင့် စပ်၍လည်း ဘုရားရှင်က "ဆီးစေ့လောက်ရှိသော မြေကြီးလုံးကလေးတစ်လုံးစီကို တစ်ဘဝမှာတော်ခဲ့ဖူးတဲ့ မိဘတစ်ဦးအဖြစ် ရည်စူးပြီး တစ်လုံးတစ်လုံးစီဖယ်ထုတ်ပါ။ ကမ္ဘာမြေထုကြီးသာ ကုန်သွားမယ်၊ တော်ခဲ့ဖူးသော အမေ,အဖေများက ကုန်ဆုံးမယ်မဟုတ်ဘူး"ဟူ၍ အဆုံးအမရှိဖူးရာ ဘဝမှာမတော်ဖူးသော အဖေ,အမေများပင် မရှိကြောင်း သိအပ်ပေ၏။

ထိုသို့ တော်စပ်ခဲ့ဖူးသော မိဘတစ်မျိုးတည်းကို ပေးဆပ်ရမည့် ကျေးဇူးတရားအတိုင်းအဆကား ကမ္ဘာမြေထုကြီးမျှမကများပြားလှသည်ဖြစ်ရာ ကျန်ခင်ပွန်းကြီး(၈)မျိုး ပုဂ္ဂိုလ်များပါထည့်သွင်းတွက်ချက်လျှင် လူ့ကမ္ဘာကြီးတစ်ခုလုံးသည် ကျေးဇူးတရားတို့ဖြင့် လွှမ်းထုံနေမည်ဖြစ်ရာ သတ္တလောကကြီးတစ်ခုလုံးသည် အချင်းချင်း အပြန်ပြန်အလှန်လှန် ကျေးဇူးတရား ကင်းဆိတ်ခြင်းဟူ၍ ရှိနိုင်တော့မည်မဟုတ်ချေ။

ဤစာစုတွင် အဆိုပါ ခင်ပွန်းကြီး(၁၀)ပါး အားလုံးကိုရေးသားဖော်ပြခြင်းပြုမည်မဟုတ်ဘဲ ကျေးဇူးကြီးလှသည့် မိဘတစ်မျိုးတည်းကိုသာ အလေးပေးဖော်ပြသွားမည် ဖြစ်ပေ၏။

## (သုံး)

လူသားမှန်က အချင်းချင်း ကျေးဇူးပြုဖူးကြသူချည်းဖြစ်ရာ အကယ်၍ အကြောင်းကြောင်းကြောင့် တမင်တကာဖြစ်စေ၊ အမှတ်မထင်ဖြစ်စေ တစ်ဦးအပေါ်တစ်ဦး ကျေးဇူးမတုံ့ပြန်ဘဲ လွဲလွဲမှားမှား ကျေးဇူးကန်းကြမည်ဆိုပါလျှင် -

"သွေးအန်ဖြစ်လွယ်၊ ရောင်းဝယ်ရှုံးခြင်း၊ ချို့ယွင်းအင်္ဂါနူနာကုဋ္ဌ၊ ရူးကြဖောက်ပြန်၊ မင်းဒဏ်သင့်ခတ်၊ ကြမ်းတမ်းစွပ်စွဲ သေကွဲသားချင်း၊ ပျက်ခြင်းစည်းစိမ်၊ နေအိမ်မီးလောင်၊ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com

ကောင်သည်၊ လူဘောင်ဒိဋ္ဌ၊ ကြုံတွေ့ရ၍၊ သေကငရဲ ကမ္ဘာစွဲ၏"

ဆိုသည့် ဒဏ်(၁၀)ပါး တစ်ပါးပါးကိုသော်လည်းကောင်း၊ ဒဏ်ပြန်အားကြီးလျှင် ကြီးသလောက် ဒဏ်(၂)ပါး၊ (၃)ပါး အစလိုက်အပြုံလိုက်သော်လည်းကောင်း ကျရောက်ခံစားနိုင်ကြောင်း ဇာတ်နိပါတ် သာဓကအထောက်အထားများစွာ ရှိလေ၏။

(၁) လူဝတ်ကြောင်ရဲသားလေးဘဝက တရားခံများအား ရေလောင်းရိုက်နှက်ခဲ့သည့် ရဟန်းတစ်ပါး၊ အဆုတ်နာရောဂါ ရရှိခံစားပြီး သွေးပွက်ပွက်အန်ခြင်း။

(၂) စီးပွားဘက်ဆရာ့မိသားစုကို ပျက်စီးအောင်ကြံဆောင်ဖူးသည့် တပည့်စီးပွားရေးသမားတစ်ဦး မိမိလုပ်ကိုင်နေကျ အလုပ်အကိုင်များ မမျှော်လင့်ဘဲ ဆုံးရှုံးပျက်စီးခြင်း။

(၃) မိဘအရိုအသေတန်သည့် တပ်မတော်သားများ သေနတ်မှန်ခြင်း၊ မိုင်းထိခြင်း၊ ကိုယ်လက်အင်္ဂါဖြတ်တောက်ခံရခြင်း။

(၄) ကျောင်းထိုင်ဆရာတော်ကို ပြစ်မှားမိသည့် ကျောင်းဘုန်းကြီးတစ်ပါး မမျှော်လင့်ဘဲ နူနာရောဂါ ဖြစ်ပေါ်ခံစားပြီး သေဆုံးရခြင်း။

(၅) သူငယ်ပြန်မိဘကို စော်ကားမိ၍ သမီးဖြစ်သူမှာ စိတ်ဖောက်ပြန်ရူးသွပ်ရခြင်း။

(၆) ဖခင်အား ကာယကံမြောက် ကျူးလွန်မိသဖြင့် သားဖြစ်သူမှာ ဆေးခြောက်အမှုဖြင့် ထောင်တန်းကျကာ မင်းပြစ်မင်းဒဏ်သင့်ခြင်း။

(၇) အလောင်းတော်ဘဝက ပစ္စေကဗုဒ္ဓါကို ပြစ်မှားသည့်ကံကြောင့် ဘုရားရှင်ကိုယ်တိုင် သုန္ဒရီပရိဗိုဇ်နှင့် စွပ်စွဲခံရခြင်း။

(၈) မိန်းမစကားကို ယုံစားမိ၍ မိခင်အရင်းကြီးကို ဆူဆောင့်ဆဲဆိုမိသည့်အတွက် သူတို့အလွန်ချစ်သော သမီးကလေး အမှတ်မထင် သေဆုံးကာ သေကွဲကွဲရခြင်း။

(၉) မိဘလက်ထက် ကျိုကျိုတက်ချမ်းသာခဲ့သော်လည်း မိမိလက်ထက် ရှိပြီးသားစည်းစိမ်ဥစ္စာများ ဆုံးပါးပျက်စီးရခြင်း။

(၁၀) အမှတ်မထင် ဝါယာရှော့ဖြစ်ကာ နေအိမ်မီးလောင်ခြင်း။

စသည့် ဆိုးကျိုးများ ဖြစ်ပေါ်ခံစားရပြီး အသက်ကုန်ဆုံးချိန်၌လည်း အပါယ်ငရဲဆင်းရဲတွင်းသို့ သက်ဆင်းကျရောက်နိုင်ပေသေး၏။

သို့ဖြစ်၍ ခင်ပွန်းကြီးပြစ်ဒဏ်နှင့်စပ်၍ ဒဏ်ပြန်လိုင်းအတိုင်းအဆကြီးမားလှသည့် တစ် နံပါတ်အမျိုးအစား၊ သက်ရှိဘုရား(မိဘ)ဖြစ်သူတို့အား ကာယကံမြောက် မဆိုထားဘိ၊ စိတ်ကလေးမျှဖြင့်ပင် မပြစ်မှားသင့်ပေ။

## (လေး)

လူသားမှန်က အမိအဖနှင့် မကင်းပေ။ သူတို့သည် နေ့စဉ်နှင့်အမျှ မိမိတို့နှင့် ထိတွေ့ဆက်ဆံနေရသည့် ကျေးဇူးရှင်ကြီးများဖြစ်ရာ ထိုထိုသောပုဂ္ဂိုလ်တို့အား ကြီးကြီးမားမားကျေးဇူး မဆပ်နိုင်သော်လည်းနေပါ။ အဖိုးအခမပေးရဘဲ ရှိပြီးသားစေတနာသဒ္ဒါလေးများဖြင့် ပြုမူပြောဆို ဖေးကူပေးခြင်းဖြင့် ကျေးဇူးရှင်မိဘများ စိတ်လက်ချမ်းသာမှုကို ရစေဖို့ အရေးကြီးလှ၏။

သို့သော် အချို့သူတို့ကမူ "ကိုယ်ကမှ စားဖို့အနိုင်နိုင် မိဘကို ဘယ်လိုပြုစုမလဲ။ ကိုယ့်မိဘပဲ ပြုစုချင်တာပေါ့။ တို့က ဆင်းရဲလိုက်တာလွန်ရော"ဟူ၍ မိမိကိုယ်ကို အကျိုးအကြောင်းမဲ့ အကာအကွယ်ယူကာ တုံ့ပြန်ပြောဆိုလေ့ရှိ၏။

အမှတ်မထင်ဆိုလျှင် အဆိုပါစကားစုလေးမှာ ဟုတ်မှန်သလိုလိုထင်ရသော ခပ်ဝါးဝါးစကားမျိုး ဖြစ်လေ၏။ စေတနာသဒ္ဒါမထင်သော စကားဖြစ်၍ လက်မခံသင့်ပေ။

အမှန်တကယ်က မိဘလုပ်ကျွေးဖို့ရာ ငွေကြေးပြည့်စုံဖို့၊ ကြွယ်ဝချမ်းသာဖို့ မလို။ စေတနာသဒ္ဒါတရား ထက်သန်စွာ ပြဋ္ဌာန်းဖို့သာလို၏။ စေတနာပါသည့် ထမင်းပွဲ၊ ဟင်းပွဲသည် ဖွယ်ဖွယ်ရာရာ ဖြစ်ဖို့မလို။ ပဲပြုတ်ဆီဆမ်း ထမင်းကြမ်းနှင့်လည်း စားမြိန်လေ၏။

အသက်အရွယ်ကလေးရလာသည့် မိဘတိုင်းသည် "မပြေးသော်လည်း ကံရာရှိ"ဆိုသလို သားသမီးတို့၏ ကြင်နာသော၊ ယုယသော၊ စေတနာရှိသော အပြုအမူ၊ အပြောအဆိုမျိုးကို ငံ့လင့်နေကြလေ၏။ မိမိတို့ သားသမီးများက နားလည်သိတတ်လျှင် သိတတ်သလောက် မိဘတို့မှာ စိတ်ချမ်းသာရလေ၏။ ဥစ္စာဓန ကြွယ်ဝချမ်းသာသော်လည်း သိတတ်မှုမရှိသော သားသမီးများနှင့် ကြုံဆုံလျှင် မိဘများမှာ ဆင်းရဲရှာကြတော့မည်သာ ဖြစ်လေ၏။

မိဘတို့သည် မိမိတို့အား ခြေဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်က လူဖြစ်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့၏။ သားသမီးများ ကောင်းစားရေးအတွက် အမြဲတမ်းလည်း စိတ်ညွှတ်ထားကြ၏။



www.burmeseclassic.com

www.burmeseclassic.com

မိဘမေတ္တာသည် မိမိတို့ သားသမီးများအပေါ် အမြဲတမ်းကြည်လင်အေးမြမှုကို ပေး၏။ စိုးမိုးရေပမာလည်း တသွင်သွင်စီးဆင်းနေ၏။ အနှီမေတ္တာစမ်းရေတို့သည် ဘယ်သောအခါမျှ ပေါ်ပျက်ခန်းခြောက်သွားခြင်းရှိမည်မဟုတ်သလို မိမိတို့အပေါ် မိဘထက်ပို၍ အကျိုးလိုလားသော ပုဂ္ဂိုလ်ဟူ၍လည်း ရှိမည်မဟုတ်။

(ငါး)

မိဘပြစ်မှားခြင်းနှင့်စပ်သော အဖြစ်အပျက်ကား များလှစွာ၏။ ဖော်ပြ၍လည်း ကုန်နိုင်မည်မဟုတ်သလို ယင်းတို့မှ တန်ပြန်ဆိုးကျိုးများက အဆမတန်ကြီးမားလွန်းလှသည်ဖြစ်လျှင် ခံရသူမိမိတို့အဖို့ အရှုံးအဆုံးကြီးစွာ တွေ့ထိခံစားရတော့မည် အမှန်ဖြစ်လေ၏။

မိဘအပေါ် ပြစ်မှားမိ၍ ပွင့်ဖြူမြို့နယ်တွင် လူအဖြစ်က ငရဲသားတန်းဖြစ်သွားသော တံငါသည်တစ်ဦး၊ မိခင်ကို လိုက်သတ်ရင်း မြေမျိုသွားသော ခေတ်သစ်စိဥ္စမာဏ လို အမျိုးသမီးမျိုးလည်းရှိကြောင်း ဖတ်ဖူးမှတ်ဖူးကြမည် ထင်၏။

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရွာကြီးတစ်ရွာတွင် ဘွားလေးတော်သူ၌ မိန်းမလျှာတစ်ယောက်ရှိ၏။ တရုတ်ပြဲပ်တစ်ဦးဖြစ်ရာ အသားဖြူဖြူ၊ အရပ်အမောင်းကောင်းကောင်း လူချောတစ်ဦးဖြစ်၏။

သို့သော် မိန်းမလျှာပီပီ နှုတ်သရမ်း၊ အာသရမ်းရှိလှသဖြင့် မိဘနှင့် အစ်ကို၊ အစ်မများကို အမြဲတမ်းလိုလို နိုင်လိုမင်းထက်ပြုလေ့ရှိ၏။ မထင်လျှင် မထင်သလိုလည်း မိဘမောင်ဖွားများကိုပင် ရန်ရှင်းကြမ်းတမ်းစွာ ဆဲဆိုရန်တွေ့တတ်လေ့ရှိ၏။ အကြောင်းသိသူများက သူ့ကို ဝေးဝေးကပင် ရှောင်ကြ၏။

မကြာမီ သူသည် စက်ချုပ်သည် အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုလေ၏။ ခန်းဝင်ပစ္စည်းကို အကြောင်းပြုပြီး လပိုင်းအတွင်းဝယ် သူ့ဘက်ကိုယ့်ဘက် လွန်ဆွဲကျားကန်ကြသဖြင့် အိမ်ထောင်ပြိုကွဲလေ၏။ သို့သော် သူ့ဝသီဖော်က လျော့နည်းသွားသည်မဟုတ်ဘဲ ပိုမို၊ ဆိုးမြဲပင်။

ထိုစဉ် သူ့၌ အမှတ်မထင် မျက်စိတိမ်စွဲလေ၏။ ငွေကြေးပြည့်စုံသဖြင့် တော်ဘိကောင်းဘိဆိုသည့် ဆရာဝန်ကြီးများထံ ကုသလေ၏။ အထူးကုသမားတော်ကြီးများထံလည်း ရောက်၏။ သို့သော် မသက်သာ။ တိမ်သလ္လာက မျက်စိတစ်လုံးမှ နောက်တစ်လုံးသို့ ကူးစက်ကာ မျက်စိနှစ်လုံး စုံလုံးကန်းလေတော့၏။

သူမျက်လုံးကွယ်ပြီးနောက် တစ်နှစ်ခန့်အကြာ မိဒိုနှင့်ဖအိုကြီးတို့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကြရာ အစ်မကြီးတို့ မိသားစုနှင့် ဆင်းဆင်းရဲရဲ ဆက်လက်နေထိုင်ရင်း တစ်စတစ်စဖြင့် ရှိသမျှငွေကြေးပစ္စည်းများလည်း ကုန်ပြီး မျက်မမြင်ဘဝအသက်ကလေးငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် လူလုံးမလှဖြစ်ကာ အသက်ကုန်ဆုံးရလေ၏။

(ခြောက်)

ဘဝတွင် မည်သူတစ်ဦးတစ်ယောက်မျှ **အမိအဖနှင့်ကင်းသည်ဟူ၍ မရှိပါ။ ဘဝရှိလျှင် မိဘရှိရမည်သာ ဖြစ်လေ၏။** မိဘမရှိသည့် သန္ဓေဒ၏၊ သန္ဓေသူများသည်ပင် အမိအဖသဖွယ်ဖြစ်သော ရေညှိ၊ သစ်ပင်၊ ဝါးပင် စသည်တို့ကိုမှီ၍ မွေးဖွားဖြစ်တည်ကြရလေ၏။ ထိုအရာတို့သည် သူတို့အတွက် ကျေးဇူးရှိသော မိဘသဖွယ်သာ ဖြစ်လေ၏။

မိဘဆိုသည်မှာ အဘယ်မျှ ကျေးဇူးကြီးမားကြောင်း ဘုရားရှင် ဤသို့ မိန့်မှာဖူးလေ၏။ "အမိကိုလက်ဝဲ၊ အဖကို လက်ယာဆိုသော ပခုံးနှစ်ဖက်ပေါ်တင်ကာ နှစ်ပေါင်းတစ်ရာလုပ်ကျွေးသည့်တိုင်လည်း ကျေးဇူးဆပ်ရာ မမည်သေး"။ မိဘကျေးဇူးကား ထိုမျှကြီးမားလှချေ၏။

ထို့ကြောင့် မိဘကျေးဇူးကို ဆပ်နိုင်လျှင် ဆပ်ပါ။ ကျေးဇူးမဆပ်နိုင်လျှင် ဘာမျှမဖြစ်သော်လည်း ကျေးဇူးတော့ မကန်းသင့်ပေ။

မိဘနှင့်စပ်သည့် များစွာသော ဆိုးကျိုးတို့မှာ အစပထမ၌ တမင်တကာပြုလုပ်သော အမှားများမဟုတ်။ မထင်မှတ်ဘဲ မသိမသာပြုလုပ်သော အမှားကသာ စတင်လေ၏။ အမှားကလေးများ မှားပါများလျှင် တဖြည်းဖြည်းအမှားကြီးဖြစ်လာ၏။ ထိုမှ ခင်ပွန်းကြီးပြစ်ဒဏ်ထိုက်လောက်အောင် ထုထည်ကြီးမားသော ပြစ်မှုကြီးမြောက်လျှင် ဆိုင်ရာမိဘတို့အား ကာယကံမြောက် စိတ်လက်ကြည်သာစွာ ဝန်ချတောင်းပန် ကန်တော့ခြင်းမှတစ်ပါး ပြေပျောက်နိုင်သည့် အခြားသောနည်းလမ်းမရှိပေ။

ဘဝတစ်လျှောက်တွင် သားသမီးနှင့် မိဘတို့ ထိတွေ့မှုသည် အခြားအခြားသော ပုဂ္ဂိုလ်များနှင့် ထိတွေ့ဆက်ဆံမှုထက် အကြိမ်အရေတွက်များလှစွာ၏။ မိမိတို့သားသမီးများ မိဘတို့နှင့် အကြိမ်ပေါင်း သောင်းသိန်းချီကာ ပုံစံအမျိုးမျိုးဖြင့် ဆက်ဆံမှုမျိုးတွင် မိဘတို့ကျေးဇူးတရားကို ကောင်းစွာပေးဆပ်



www.burmeseclassic.com

www.burmeseclassic.com

သူက နည်းပါးပြီး ပစ်ပယ်သူက များလှချေ၏။

အကယ်၍ အကြင်သူတစ်ဦးသည် တစ်ဘဝတာအတွင်း မိဘနှင့် အကြိမ်ပေါင်း (၁)သိန်း ဆက်ဆံခဲ့သည်ဆိုပါစို့။ (၇၅) ရာခိုင်နှုန်း(ခုနစ်သောင်းငါးထောင်)သာ အရေအတွက်မှာ မိဘတို့အား ကောင်းစွာတုံ့ပြန်ပြုစု စောင့်ရှောက်ကြသည်မဟုတ်ဘဲ မျက်ကွယ်ပြု လျစ်လျူရှုထားကြသည်ကများကြောင်း လူမှုပညာရှင်အချို့က သုံးသပ်ဖော်ပြထားသည်ကိုထောက်၍ မိမိအပါအဝင် လူသားအများစုကြီးမှာ ခင်ပွန်းကြီးပြစ်ဒဏ်သင့်ရာ အပါယ်တံခါးပေါက်ကြီး ဟင်းလင်းဖွင့်ထားသော ဝင်ပေါက်ထဲရောက်နေသည်နှင့် တူလှ၏။

သို့ဖြစ်၍ မိမိတို့ဘဝတစ်ခုလုံး၌ အပါယ်ငရဲချောက်နက်ထဲ ဆွဲချနိုင်လောက်သော မိဘပြစ်မှာ ..ည့် ဒဏ်ကို ကုစားနိုင်ဖို့အတွက် ဝန်ချတောင်းပန်ခြင်းအမှုကို ဝတ္တရားကျေပြုလုပ်၍မရပေ။ ဝန်ချတောင်းပန်မှုပြုတော့မည်ဆိုလျှင် ရှေးဦးစွာ မိမိတို့စိတ်ကလေးကို ပြုပြင်၍ရလေ၏။ စိတ်ကိုဖြေလျော့ထားရ၏။ ရတနာသုံးပါး၌ အာရုံညွှတ်ထားရ၏။ ဖြစ်နိုင်လျှင် စိတ်ကလေးကြည်လင်အောင် သမာဓိထူထောင်ထားဖို့ပင် လို၏။

ထိုစိတ်ကလေးကသာ အရာရာကို လွှမ်းမိုးအောင်နိုင်၏။ ဤနည်းဖြင့် မိဘရှိက သက်ရှိထင်ရှား မိဘနှစ်ပါးကိုလည်းကောင်း၊ မိဘမရှိလျှင် ဘုရားဓာတ်တော်မွေတော်များ ကိန်းအောင်းသည့် ရွှေတိဂုံကဲ့သို့ ဘုရား၊ ပုထိုး၊ စေတီတော်များ၌လည်းကောင်း မိမိတို့ နားလည်သိတတ်စွာ ဝန်ချကန်တော့ရလေ၏။ ထိုသို့အကြိမ်ကြိမ်ဝန်ချကန်တော့လေ ကောင်းလေဖြစ်၏။

အကယ်၍ မိမိတို့ကန်တော့၍ အပြစ်ဒဏ်များ လျော့ကျပြေပျောက်သွားလျှင် အောက်ဖော်ပြပါ အကျိုးတရားများ တစ်ခုပြီးတစ်ခု ဒိဋ္ဌလက်ငင်း ခံစားရရှိနိုင်မည် ဖြစ်ပေ၏။

(၁) အရပ်တစ်ပါးသွားလည်း အစားအစာမရှားပါးခြင်း၊ (၂) ရောက်ရာအရပ်၌ အပူဇော်ခံရခြင်း၊ (၃) ရန်သူမျိုးငါးပါး နှိပ်စက်မခံရခြင်း၊ (၄) မျက်နှာမြင်က ချစ်ခင်သူပေါများခြင်း၊ (၅) ပွဲအလယ်တင့်ကာ ခံ့ရှင့်ဂုဏ်ရှိခြင်း၊ (၆) မိမိ၏ ကျေးဇူးဂုဏ်ဆောင် ကျော်စောပျံ့လွှင့်ခြင်း၊ (၇) အခြံအရံ မပြတ်ရှိခြင်း၊ (၈) ဆင်၊ မြင်း၊ ကျွဲ၊ နွား ပေါများ၍ စပါးသီးနှံစိုက်ပျိုးလုပ်ကိုင်ဖြစ်ထွန်းခြင်း၊ (၉) ဘေးဒုက္ခရောက်သော်လည်း အကူအညီ အမှီအတွယ်ရရှိခြင်း၊ (၁၀) သားသမီးများနှင့် စီးပွားဥစ္စာကောင်းမွန်ဖြစ်ထွန်းခြင်း။

စသည့် အကျိုးကျေးဇူးများ အမှန်တကယ်ခံစားရရှိမည်ဖြစ်ကြောင်း ဘုရားရှင်ကိုယ်တော်တိုင် မိန့်မှာချက်ရှိပြီးဖြစ်ရာ မိမိတို့ကိုယ်တိုင်က ယုံယုံကြည်ကြည် ပြုမူလုပ်ကိုင်ဆောင်ရွက်ကြဖို့သာ အရေးကြီးလေ၏။


ထို့ကြောင့် ဤနည်းစဉ်မှာ မိမိတို့အတွက် မယုံကြည်နိုင်စရာကောင်းလောက်အောင် ကြီးကြီးမားမား အရင်းမစိုက်ရသော အချိန်အခါ အခြေအနေမရွေး လုပ်ကိုင်နိုင်သောနည်း၊ ဆင်းရဲချမ်းသာ ပုဂ္ဂိုလ်မရွေး လုပ်နိုင်သောနည်း။ ဘဝတစ်လျှောက်လုံးသာမဟုတ်။ သံသရာဟိုမှာဘက်ကမ်းသို့တိုင်အောင် ကူးမြောက်နိုင်သည်အထိ အကျိုးပေးနိုင်သည်ဖြစ်ရာ မိမိတို့သည် ခင်ပွန်းကြီး(၁၀)ပါးမှ တစ်ပါးပါးကို ပြစ်မှားမိသည်ရှိသော် အမိအဖတို့အား ဦးတည်၍ တတ်နိုင်သရွေ့ နေ့စဉ်နှင့်အမျှ ဝန်ချကန်တော့ကာ ကျေးဇူးဆင်ရင်းဖြင့် မိမိတို့ဘဝကို တစ်ဆင့်ပြီးတစ်ဆင့် မြင့်သထက်မြင့်အောင် ပြုပြင်ဖော်ဆောင်သွားနိုင်ကြောင်းပါ ဟူ၍ ဟူ၍. . .။

နန္ဒာမောင်(သံဖြူဇရပ်)

<u>ကျမ်းကိုးစာရင်း</u>

(၁) အရှင်ဇေယျပဏ္ဍိတ (မိုးကုတ်ဓမ္မကထိက)၏ "ကျေးဇူးပြစ်မှား ဒဏ်ဆယ်ပါးနှင့် ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း"

(၂) အရှင်ဣန္ဒာသေဌ(ရေဦး) (သာသနာ့ဓဇဓမ္မာစရိယ) သာသနာတက္ကသီလမဟာဓမ္မာစရိယ (MA, Buddhism)၏ "မြတ်ဗုဒ္ဓ၏ မိသားစုဘဝလမ်းညွှန်ဒေသနာများ"





www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ - ဝကျ

# ဒါကျတော့ ဘယ့်နှယ်လုပ်မလဲ

■-မောင်ပုတ်စည်

ယတြာချေတယ်၊ ဗေဒင်မေးတယ်၊ အထက်လမ်းဆရာ၊ ဘိုးတော်တွေဆိုတာနဲ့ ပတ်သက်ပြီး လုံးဝအယုံအကြည်မရှိဘဲ ပုတ်ခတ်ဝေဖန်တဲ့ တစ်ဖက်သက် ပုဂ္ဂိုလ်ကြီးတစ်ဦးအကြောင်းကို မိတ်ဆွေတစ်ယောက်က စကားစပ်မိတော့ ပြောပြတယ်။

အခု အဲဒီကိုယ်တွေ့လေးကို တင်ပြချင်ပါတယ်။

သူတို့ရွာမှာ ဦးသာဆင်ဆိုတဲ့ ဘုကျကျ ပုဂ္ဂိုလ်ကြီးတစ်ဦး ရှိတယ်။ နတ်မေးတာတွေ၊ ဗေဒင်ဟောတာတွေ၊ ယတြာအစီအမံလုပ်တာတွေကို အမြဲတမ်း ပစ်ပစ်ခါခါပြောတယ်။ ရှုတ်ချတယ်ပေါ့။

သူ့မှာ ဒေါ်စန်းတင်ဆိုတဲ့ နှမဝမ်းကွဲတစ်ယောက်ရှိတယ်။ သူ့နှမက အဲဒါတွေ အရမ်းဝါသနာပါတယ်။ အစ်ကိုမသိအောင် လုပ်တယ်။ ဦးသာဆင်သိတဲ့အခါ မီးဟုန်းဟုန်းတောက်ပြီး အမြဲပြောဆို **မာန်မဲလေ့ရှိတယ်။**



www.burmeseclassic.com

www.burmeseclassic.com

ယောက်ဖဖြစ်သူ နှမခင်ပွန်းကလည်း လေဖြတ်ပြီး အိပ်ရာထဲ လဲနေရှာတယ်။ နှမဖြစ်သူကလည်း အထက်လမ်းလိုလို၊ အောက်လမ်းလိုလို ဆရာတစ်ယောက် ရွာကိုရောက်လာတော့ နဂိုကတည်းက ဝါသနာကလည်း ခပ်ပါပါဆိုတော့ အတော်ဖြစ်သွားတယ်။ အဲဒီဆရာကို အားကိုးတယ်။ အစ်ကိုမသိအောင် တွက်ချက်တာတို့၊ ယတြာချေတာတို့လုပ်တယ်။

ဦးသာဆင်သိတော့ စိတ်ဆိုးတယ်။ အဲဒီအမိပ္ပာယ်မရှိတဲ့ ဗေဒင်ယတြာအစီအရင်တွေလုပ်လို့ ပျောက်မှာမဟုတ်ဘူး။ တတ်ကျွမ်းတဲ့ ဆရာဝန်တွေနဲ့ကုမှ ပျောက်မှာဆိုပြီး အပြစ်တင်တယ်။ ဆေးဝါးကုသဖို့ စရိတ်လည်း ရက်ရက်ရောရော ထောက်ပံ့တယ်။

အဲဒီအချိန်တုန်းက ဦးသာဆင်က စီးပွားရေးအရမ်းတက်နေတဲ့အချိန်ဆိုတော့ တော်တော်လေး အဆင်ပြေတဲ့ တောသူဌေးဆိုပါတော့။ ဒါနဲ့ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးတစ်လုံး ဆောက်တယ်။ သူ့အိမ်ခြံဝင်းမှာဆိုလည်း တောရွာသာဆိုရတယ်၊ သွပ်ဆူးကြိုး ခြံစည်းရိုးနဲ့၊ သစ်ပင်ပန်းပင်တွေ ဝေဝေဆာဆာနဲ့ဆိုတော့ ဧည့်သည်တစ်ယောက်လာရင် ဒီအိမ်က မြို့ပိုင်အိမ်လား၊ သူကြီးအိမ်လားမေးရတဲ့ အထိပဲ။ အိမ်ကြီးကလည်း ဆောက်နေဆဲကိုး။

တစ်နေ့တော့ ဆေးကုဖို့ ပိုက်ဆံသွားပေးတဲ့အခါ အိမ်နောက်ခန်းမှာ အဲဒီဆရာနဲ့ သူ့နှမ နှစ်ယောက်ရှိနေတာကို ပက်ကင်းသွားတွေ့တယ်။ ယမ်းပုံမီးကျ ဒေါသပေါက်ကွဲတယ်။ အရပ်ထဲမှာလည်း သူ့နှမနဲ့ ဒီဆရာ မရှင်းမရှင်းဖြစ်နေတာကို သတင်းတွေကကြားထားတာကိုး၊ တကယ် အမှန်လည်း ဆရာနဲ့ ငြိစွန်းဖောက်ပြန်နေတာ အမှန်ပဲ။

အဲဒီမှာ ဆရာကို လိုက်ထိုးတော့ ဆရာလည်း ကိုယ်လွတ်ထွက်ပြေးရတယ်။ သုံးလေးချက် အထိုးခံလိုက်ရတာလည်း တော်တော်နာသွားတယ်။ နှမကိုလည်း ရိုက်နှက်တာပေါ့လေ။ ဖာတ်လမ်းက ဒါပါပဲ။

ဒီလိုနဲ့နေရင်း ဦးသာဆင် တစ်နေ့တခြား လုပ်ငန်းကိုင်ငန်းတွေ ကျဆင်းလာတယ်။ နောက်ဆုံး ဆောက်လက်စနှစ်ထပ်ပျဉ်ထောင်အိမ်ကြီးကိုလည်း သွပ်မမိုးနိုင်တော့ဘူး။ အပေါ်ထပ်လည်း မခင်းနိုင်တော့ဘူး။ ပျဉ်ကာတာတောင် ခေါင်းရင်းတစ်ဖက်ပဲ ကာနိုင်တယ်။ ခြေရင်းဘက်ကိုတော့ မနောကွန်တွေခုတ်၊ ယက်ပြီးကာရတဲ့အထိ ဖြစ်သွားတယ်။ အသက် ၄၅ နှစ်လောက်မှာပါ။

ဒီလိုနဲ့ အတိုချုပ်ပြောရရင် ကုန်းကောက်စရာမရှိအောင် မွဲသွားတယ်ဆိုပါတော့။ အိမ်ကြီးကလည်း သိပ်ကြီးတော့ မိုးကျလို့ အမိုးမိုးတော့မယ်ဆိုရင် သက်ငယ်ဖိုးမတတ်နိုင်လို့ တော်တော်အခက်အခဲတွေ့ပြီး စိတ်ညစ်ရတယ်။ ဒီအချိန်မှာ ဦးသာဆင်အသက်က ရှစ်ဆယ်နား ကပ်နေပြီ။ ဒီလိုနဲ့ မတတ်သာတဲ့အဆုံး တရုတ်သူဌေးတစ်ယောက်ကို ရောင်းလိုက်ရတယ်။

တိုင်တွေ၊ ထုပ်လျောက်ဒိုင်းမြားသစ်တွေကလည်း သစ်ကောင်းတွေဆိုတော့ တရုတ်သူဌေးက တံတားဆောက်လှူဖို့ အကြိုက်ဖြစ်သွားတယ်။ ဦးသာဆင်ကိုလည်း ဈေးပိုပေးတယ်။

ဒါနဲ့ အိမ်ဖျက်တယ်။ နောက်ဆုံးတိုင်တွေတူးတယ်။ အဲဒီမှာ ဦးရင်တိုင်တူးတော့ သေတ္တာလေးတစ်လုံးတွေ့တယ်။ အိမ်ဖျက်တဲ့လူငယ်တွေက ဘကြီးသာဆင် ရတနာတွေမြှုပ်ထားတာ တွေ့ပြီဗျို့ဆိုပြီး နောက်တယ်။ ဖွင့်ကြည့်လိုက်တော့ သေတ္တာထဲမှာ ပြာတွေ၊ သပိတ်ကွဲပေါ်မှာ အင်းချထားတဲ့ အင်းချပ်တွေ၊ အရိုးစတွေ တွေ့တယ်။ သေတ္တာလေးတောင် ဆွေးနေပါပြီ။

ဒီတော့ ရင်ဘတ်စည်တီးပြီး ဦးသာဆင်က ပြောတယ်။ "ဒါဟာ စန်းတင်နဲ့ ဟိုပယောဂဆရာ လက်ချက်ကွ။ သူတို့ အစီအရင်တွေလုပ်ပြီး တိုက်ခဲ့တာ။ တော်တော်ပက်စက်တဲ့ကောင်ကွာ" ဆိုပြီး သူမယုံကြည်တာတွေ၊ ပုတ်ခတ်တာတွေကို နောင်တရပြီး အစွဲကျွတ်သွားတယ်။ "ဒါတွေက မယုံလို့လည်းမရဘူးကွ" ဆိုပြီး သားသမီးတွေကို ပြောတယ်တဲ့။


ဒီအချိန်မှာ လေဖြတ်နေတဲ့ သူ့ယောက်ဖလည်း သေပြီ။ ပယောဂဆရာကလည်း သူ့နှမကိုခိုးပြီး တခြားရွာကို ထွက်ပြေးသွားပြီတဲ့။ ခုတော့ အသက်တွေလည်း ခုနစ်ဆယ်ကျော်လောက်ပြီတဲ့။ ဦးသာဆင်ကတော့ ရှစ်ဆယ့်တစ်နှစ်မှာ ဆုံးသွားရှာတယ်တဲ့။

ကဲ . . . ဒါကျတော့ ဘယ့်နှယ်လုပ်မလဲ။

---

**မောင်ပုတ်စည်**

---





www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ်ဟ ဆရာနေအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပတနလ်ာနေ့တိုင်းဗိတ်သည်)

မော်လမြိုင် (ခေါ်ႈဆေးကျွန်း)၊ ပဲခူး (ဒေးစွန်းပါ)၊ သန်လျင် (ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ဂျုန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများလိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည် (မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့်ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ် ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

အမှတ် (၃၀၂)၊ မြေညီထပ်၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၅၃၃-၅၃၁၈၈
နံနက် (၈း၀၀) နာရီမှ နေ့လည် (၁း၀၀) နာရီ။
အမှတ် (၈၈)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
နေ့လည် (၂း၀၀)နာရီမှ ညနေ (၄း၀၀)နာရီထိ
အိမ်အမှတ် (၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/ ၀၅၆-၂၁၆၀၉ (အိမ်)
ညနေ (၄း၀၀)နာရီ နောက်ပိုင်း



# အောင်ဝိဇ္ဇာစိုးရဲ – အထူးကုဆေးခန်း

- အကြောအားနည်း၊ ပန်းသေယန်ညှိုးနှင့် ကာလသားရောဂါများ အထူးကုသပေးသည်။ ကျားအကြောသန် အားတိုးဆေး၊ အကြောသန်အထူးလိမ်းဆေးများ အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။ (1107 Y 7278)
- လိပ်ခေါင်းတွင်း၊ ပြင်ထွက် သွေးကျ၊ သွေးထွက်၊ ပူစပ်ကိုက်ခဲ၊ ဂရင်ဂျီနာရောဂါများ ကုသပေးသည်။ အမျိုးသမီးများ ဝါရင့်ဆရာမကြီးရှိသည်။ လိပ်ခေါင်းရောဂါပျောက် အထူးသောက်ဆေးလိမ်းဆေးများ ဆိုင်တိုင်းမေးဝယ်ပါ။ (1208Y7972)

ဆေးခန်း ❖ အမှတ် (၃၁၄)၊ ရွှေဘုံသာ (အလယ်) လမ်း၊ ဖုန်း/၀၁-၃၇၉၄၀၃
ပုင်ရင်း ❖ အမှတ် (၇၆)၊ ၉၄-လမ်း၊ ကန်တော်လေး၊ ဖုန်း/၀၉-၅၁၁၆၁၃၇၂၊ ၀၉-၅၀၃၃၇၃၉
ဖြန့်ချီရေး ❖ ကိုဝင်းမြင့် + မသောဘီ၊ ကောင်းသန့်စတိုး(မန္တလေး၊ ၂၇လမ်း၊ ၇၂×၇၃ လမ်း)၊
အောင်ရတနာစတိုး (မန္တလေး၊ ဈေးချိုအနီး)

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ စီးပွားတက်ခြင်း၊ ပစ္စည်းဥစ္စာ အမွေအနှစ်များကို မမျှော်လင့်ဘဲ ရရှိမှာဖြစ်သလို အောက်ပါအဖြစ်အပျက်တွေကို ခံစားရမှာ ဖြစ်ပါတယ်။ ယခုကာလအတွင်း အလှူအတန်းကိစ္စတွေ မုချလုပ်ရမှာ ဖြစ်ပါတယ်။ ထိပေါက်သလို ငွေများ အစုလိုက် အပုံလိုက် ဝင်လာတတ်ပါသေးတယ်။ ခရီးအကျိုးပေးသောကာလဖြစ်သောကြောင့် မကြာခဏ ခရီးသွားရပါလိမ့်မယ်။ အတူနေမိသားစုထဲမှ အကြီးအကဲ အဘိုးအဘွားများ နာရေးဖြစ်တတ်တယ်။ ကံကောင်းသောကာလ ဖြစ်ပေမယ့်လည်း ငွေနှင့်ပတ်သက်ပြီး အနည်းငယ် ပြဿနာပေါ်နိုင်ပါတယ်။ ကိုယ့်ဆီဝင်တဲ့ငွေတွေဟာ မတည်မမြဲ ဖြစ်တတ်ပါသေးတယ်။ ယခုကာလမှာ စာချုပ်စာတမ်းကိစ္စတွေနဲ့ ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ အမှုထမ်း၊ အရာထမ်းတွေဖြစ်နေရင်တော့ မိမိကို ပစ်စာတိုင်စာ ရောက်ရှိလာတတ်ပါတယ်။ လက်ရှိအလုပ်အကိုင်ကို စိတ်မဝင်စားခြင်း၊ ပြောင်းလိုစိတ် ဖြစ်ပေါ်ခြင်းမျိုး မကြာခဏ ဖြစ်လိမ့်မယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် ဝါခေါင်လ၊ ကဆုန်လနှင့် တန်ဆောင်မုန်းလများ ပါရင်တော့ ၎င်းလတွေမှာ ကျိန်းသေငွေဝင်ပါလိမ့်မယ်။ အပျို လူပျိုတွေ ဖြစ်လျှင်တော့ ကြင်သူကြင်ဖက်တွေ့မယ့်ကာလဖြစ်ပါတယ်။ ကိုယ့်ကို လာကမ်းလှမ်းတဲ့အထဲမှာ တနင်္လာသားသမီး၊ စနေသားသမီးတွေ ပါတတ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုးအကြောနှင့် ပတ်သက်တာတွေ ဖြစ်တတ်တယ်။ သင်သည် မိန်းကလေးဖြစ်နေရင်တော့ သွေးသားနဲ့ပတ်သက်တဲ့ဝေဒနာ၊ အလုံးအကျိတ်ဝေဒနာတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်(၂)ညွန့်၊ ဆီး(ဇီး)ညွန့်(၈)ညွန့်(ဆူးဖြုတ်)၊ ကနက္ကဒန်ထီးဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၇၂

### အထူးသတိပြုရန်

ယခုကာလအတွင်း ခိုင်မာသော စီးပွားရေးတစ်ခု တည်ထောင်လိုက်ပါ။ လက်ရှိအခြေအနေမှ အဆပေါင်းများစွာ စီးပွားတက်လာပါလိမ့်မယ်။ အရက်သေစာ လုံးဝမသောက်ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

စိတ်ဝေဒနာရှင်တစ်ဦးကို အာလူးဟင်းချက်ပြီး ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့နေပါတယ်။ အညှံ့ကြီးမဟုတ်ပေမယ့် ထင်သလောက် အောင်မြင်မှု မရရှိနိုင်သေးတဲ့ကာလ ဖြစ်ပါတယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ကြုံရတတ်တယ်။ ...းချိန်မရလောက်အောင် အလုပ်ရှုပ်နေမယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ အ ...ဘွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန်စိတ်မကူးပါနှင့်ဦး။ ေ...ျာင် လျှင် အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စ ...ငင်...ယ်။ မြေတစ်ကွက် ဝင်တတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ ဘာသာရေးနှင့်ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိပါက ဆေးရုံသို့ ပို့ပါ။ အိမ်၌ မီးဖွားလျှင် အဆင်မပြေ ဖြစ်တတ်တယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးဖြစ်တတ်တယ်။ ယခုကာလတွင် ကြွေးပေးခြင်း၊ ကြွေးတောင်းခြင်း မပြုပါနှင့်။ အမွေပစ္စည်းများ ရတတ်တယ်။ ယခုကာလအတွင်း လက်ခံပါက အလဟသ ကုန်သွားတတ်တယ်။ ကျန်းမာရေးဂရုစိုက်ပါ။ စိတ်ထောင်းကိုယ်ကျေ ဖြစ်နေတတ်တယ်။ သင်သည် မိန်းကလေးဖြစ်ပါက သွေးဖောက်ပြန်ပြီး စိတ်နှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ အမျိုးသားဖြစ်ပါက ဝမ်းဗိုက်နှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ (၅)ညွန့်၊ ယပ်ဒ႑ဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၅၊ ၅၃၊ ၅၉

### အထူးသတိပြုရန်

ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းနှင့် မအိပ်ပါနှင့်။ အိပ်လျှင် ကျန်းမာရေးချူချာခြင်း၊ ပြဿနာဟောင်း၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထမင်းပေါ်ပျားရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် မပြောပလောက်တဲ့ အညှံ့အခိုက်လေးတွေ တွေ့ရတတ်ပါတယ်။ အလုပ်တွေ အများကြီး လုပ်နေရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်နေမယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ အဲဒီအလုပ်တွေကလည်း ကိုယ့်အတွက် အကျိုးမရှိဘူး ဖြစ်နေတတ်တယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရတတ်တယ်။ အလုပ်တွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ အလုပ်ပြောင်းရန် စိတ်မကူးပါနှင့်ဦး၊ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး ဆရာသမားတွေက ကူညီစောင့်ရှောက်တတ်ပါတယ်။ သင်သည် အမျိုးသားဖြစ်နေလျှင် ဒီအချိန်မှာ ပဋ္ဌင်းခံရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ ငွေကြေးလည်း ထင်သလောက် မဝင်တတ်ဘူး။ ဒီကြားထဲ သူများကို အာမခံလုပ်ပေးလိုက်လို့ ငွေဆုံးခြင်း၊ ကိုယ်က စိုက်လျော်ရခြင်းမျိုး ဖြစ်တတ်တယ်။ သူခိုး,ခိုးခံရတတ်တယ်။ အလှူရက်၊ မင်္ဂလာရက်တွေလည်း နောက်ဆုတ်ရတတ်တယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းတွေ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ (၅)ညွှန့်၊ ယပ်အဝါရောင် (၁၇)ချောင်းတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၅၊ ၇၇၊ ၅၇၊ ၇၅

### အထူးသတိပြုရန်

ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်း မအိပ်ပါနှင့်။
အိပ်လျှင် ကျန်းမာရေး ချူချာတတ်တယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ပေါင်မုန့်(၂)ချပ်နှင့် နွားနို့(၂)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ခရီးတို၊ ခရီးရှည်တွေ သွားနေရတတ်တယ်။ ထိုခရီးတွေကလည်း သင့်အတွက် အကျိုးထူးစေတဲ့ ခရီးစဉ်တွေ ဖြစ်နေတတ်ပါတယ်။ မထင်မှတ်ဘဲ ပညာရပ်တစ်ခု ထပ်မံသင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရခြင်းမျိုး ကြုံရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေအဖို့ မိမိရဲ့အကြီးအကဲက မိမိကို ကူညီထောက်ပံ့မှုတွေ ပေးနေတဲ့ကာလဖြစ်ပါတယ်။ ဝန်ထမ်းဆိုရင်တော့ ဌာနဆိုင်ရာအကြီးအကဲက မိမိကို မျက်နှာသာပေးတဲ့အချိန် ဖြစ်ပါတယ်။ ကိုယ်ပိုင်စီးပွားရေးသမားဆိုရင်တော့ ဒီကာလမှာ လုပ်ငန်းမချဲ့ပါနှင့်ဦး။ ငွေနှင့် ရင်းနှီးရတဲ့ အရင်းအနှီးမျိုးကိုလည်း မတိုးချဲ့သင့်ပါ။ ကိုယ်ပိုင်လုပ်ငန်းနဲ့ပဲ လည်ပတ်သင့်ပါတယ်။ သင်သည် ယော..ျားလေးဖြစ်နေရင် ဒီကာလမှာ အိမ်ထောင်မပြုသင့်ပါ။ ကျန်းမာရေးညံ့နေတဲ့ သက်ကြီးရွယ်အိုတွေ မိမိအိမ်ကို လာတည်းရင် ကျန်းမာရေး ပိုညံ့သွားတတ်တယ်။ မိမိကိုယ်တိုင်လည်း မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ရေနွေးပူလောင်ခြင်း၊ မီးဟပ်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၁၊ ၆၆၊ ၁၆၊ ၆၁

### အထူးသတိပြုရန်

ယခုကာလတွင် မိမိလ..ဘ်ရှိလုပ်နေတဲ့လုပ်ငန်းရဲ့ဆိုင်းဘုတ် မပြင်ရပါ။ ရေစက်ချပြီး အလှူကြီး မလုပ်ရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့တိုင်း အုန်းဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ညံ့ပေမယ့်လည်း လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ ဒေလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်းဖြစ်နေသူကို ေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ငွေဝင်နည်းပေ ယ့်လည်း ငွေအနည်းငယ် ဝင်တတ်ပါသေးတယ်။ ဒါပေမဲ့ စုလို့ဆောင်းလို့ရတဲ့ကာလ မဟုတ်ပါဘူး။ ထွက်နေတဲ့ လက်ဝတ်ရတနာပစ္စည်းများ ဒီအချိန်မှာ ပြန်ဝင်တတ်တယ်။ ကွဲကွာနေတဲ့ ဆွေမျိုး၊ မိတ်ဆွေတို့နဲ့ ပြန်လည်တွေ့ဆုံတတ်ပါတယ်။ အိမ်မှာ သားပျို၊ သမီးပျိုများ ရှိပါက အိမ်ထောင်ကျတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နဲ့ အဆင်မပြေကြီးစွာ ဖြစ်တတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေလည်း ဖြစ်ပေါ်လာတတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စလည်း လက်မခံပါနှင့်။ တပည့်လက်သားတွေက ဒုက္ခပေးတတ်တယ်။ သူတို့တွေကလည်း အမှုတွေ သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေလမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေ ကိုးလေအောင့် အစာအိမ်နှင့် ပတ်သက်တဲ့ ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူရောင်(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၄၆၊ ၆၄၊ ၄၂၊ ၂၄

### အထူးသတိပြုရန်

မိမိအိမ်သို့ ဘုရားတစ်ဆူကြွလာသော နိမိတ်တွေ့ပါက ငွေအစုလိုက်အပုံလိုက် ရတတ်တယ်။ မြောက်အရပ်သို့ ရေလမ်းခရီး မသွားရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက်လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါလိမ့်မယ်။ မပြည့်စုံတာတွေ ပြည့်စုံလာလိမ့်မယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာမှာပါ။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ခြင်း လုပ်ရတတ်တယ်။ အလုပ်သစ်ပေါ်ခြင်း (သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရမြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သော ကာလဖြစ်ပါတယ်။ ယောကျ်ားလေးဖြစ်ပါက ဒီအချိန်မှာ အိမ်ထောင်ကျလျှင် ကောင်းပါတယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာဆောင် ဖြစ်လိမ့်မယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ ဘုရားဖူးခရီးသွားရတတ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားလျှင် ဒီအချိန်မှာ ဆောင်ရွက်လိုက်ပါ။ အဆင်ပြေပါလိမ့်မယ်။ ယခုအချိန်တွင် အိမ်ဆောက်လျှင် အိမ်ကြီးအိမ်ကောင်းရ၍ အကျိုးပေးသောအိမ်မျိုး ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ဓာတ်တော်၊ ရဟန္တာများ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများလည်း ဝင်လာတတ်တယ်။ ယခုကာလတွင် ဝယ်သော ရွှေထည်ပစ္စည်းသည် ရာသက်ပန် အကျိုးပေးတာမျိုး ဖြစ်တတ်တယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်လိမ့်မယ်။ မြေအဝင်မခံရ။ စိတ်ညစ်ရတတ်တယ်။ မဖြစ်မနေ မြေဝယ်မယ်ဆိုရင်တော့ ဖျာချောလေး(၁)ချပ်ကို ရဟန်းတစ်ပါးကို လှူလိုက်ပါ။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံ မှန်သမျှ အနိုင်ရမယ်။ အကြီးအကဲကို အကူအညီပေးတတ်တယ်။ ရပ်ဝေးကနေ မိမိကိုးကွယ်တဲ့ ဆရာတော်တစ်ပါး ကြွလာတတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာဖြစ်တတ်တယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီး အကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများဝင်တတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်က လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ဂြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၄၊ ၆၂၊ ၄၆၊ ၄၂

### အထူးသတိပြုရန်

အိုးပိုင် အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် မိမိနေထိုင်ရာ အိမ်ခြံဝန်းအတွင်း သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း လက်သုတ်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် ဆိုင်သစ်ဖွင့်ဖို့ ကြံရွယ်ထားရင် **ဒီအချိန်ဟာ** အကောင်းဆုံးအချိန် ဖြစ်ပါတယ်။ စက်ပစ္စည်းအသစ်များ ဝင်တတ်တယ်။ စိန်ထည်ပစ္စည်းတွေလည်း ဝင်တတ်တယ်။ မိမိနေအိမ်ကိုလည်း ဘေးမှာ တိုးချဲ့ခြင်း၊ အခန်းဖွဲ့ခြင်း၊ အသေးစားပြင်ဆင်မှုတွေ ပြုလုပ်ရတတ်တယ်။ ယခုကာလတွင် မိမိပိုင်ပစ္စည်းတွေကို ထုခွဲရောင်းချပြီး လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ငွေတွေလည်း ဝင်လာစရာရှိတာ မဝင်ဘဲနဲ့ တွန့်ဆုတ်ဆုတ် ဖြစ်နေတတ်ပါတယ်။ လုပ်ငန်းအသစ်ပြောင်းပြီး လုပ်ဖို့စိတ်ကူးထားရင်တော့ ရေတိုလုပ်ငန်း ဒါမှမဟုတ် စပ်တူလုပ်ငန်းဆိုရင် အောင်မြင်မှု ရတတ်ပါတယ်။ ငယ်ရွယ်သူတွေအဖို့ ပညာရေးနဲ့ပတ်သက်ပြီး အထစ်အငေါ့ ဖြစ်တတ်ပါတယ်။ မြေကိစ္စ၊ အမွေကိစ္စများကို ယခုကာလ တွင် မပြုလုပ်ပါနှင့်။ မသွားချင်ဘဲနဲ့ ခရီးဝေးတစ်ခု သွားရတတ်တယ်။ ကားအနည်းငယ် ပွတ်တိုက်မိတတ်တယ်။ ဘိုးတော်တု၊ ဆရာတုတွေလည်း ရောက်လာတတ်တယ်။ သင်သည် အမျိုးသမီး ဖြစ်ရင်တော့ အစွပ်အစွဲတွေ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကုက္ကားအဖြူ(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္ဂနွေ၊ အင်္ဂါ

**ညံ့သောရက်**

တနင်္လာ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၃၆၊ ၁၃၊ ၁၄၊ ၁၈၊ ၃၁

**အထူးသတိပြုရန်**

အိမ်အနီးအနားတွင် အိမ်အသစ်ဆောက်ခြင်း၊ သွားလာနေရင်း အိုးစည်ဝိုင်းများ တီးမှုတ်နေသော နိမိတ်တွေ့ပါက သင့်အဖို့ အကြံအစည်များ အောင်မြင်တတ်ပါတယ်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း အုန်းဆွမ်း (၄)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ အဲဒီပညာရပ်က ကိုယ့်ကို အကျိုးပေးနေတတ်တယ်။ ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ မိတ်ဆွေကောင်းများ၊ ဆရာကောင်းများနှင့် တွေ့မည်။ လုပ်ငန်းသစ်များ ညံ့တယ်ဆိုပေမယ့်လည်း မဖြစ်မနေ လုပ်ရမယ်ဆိုရင်တော့ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သောကာလ ဖြစ်ပါတယ်။ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ ယခုကာလတွင် ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းများ ဖြစ်တတ်တယ်။ ငွေအဝင်အထွက် ကြမ်းနေလိမ့်မယ်။ လူငယ် လူရွယ်တွေအဖို့ အချစ်ရေးစန်းပွင့်တဲ့အချိန် ဖြစ်နေမယ်။ စေ့စပ်မင်္ဂလာပွဲများ၊ အလှူမင်္ဂလာပွဲများ ပြုလုပ်ရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဘက်နှင့် ပတ်သက်ပြီး စိတ်ညစ်စရာပေါ်တတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ လောင်းကစား အပျော်အပါးမက်တဲ့သူတွေအဖို့ လူလိမ်ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဒူးနာ၊ ခါးနာ ဖြစ်တတ်တယ်။ နှလုံးနှင့်ပတ်သက်၍ ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်အဖြူ(၂၁)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၅၅၊ ၃၃၊ ၃၅၊ ၅၃

### အထူးသတိပြုရန်

ယခုကာလအတွင်း နာရေးလုံးဝမသွားပါနှင့်။ ထောင်ဝင်စာ မတွေ့ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း အမွှေးဆပ်ပြာခဲပေါ်တွင် အမွှေးတိုင်ထွန်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၃-ခုနှစ်၊ ဩဂုတ်လ)

ယခုကာလမှာ ကွ်ာနမတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန်- ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၆၄၃၈၃၀

## တနင်္ဂနွေသားသမီးများအတွက်

အတိုက်အခံတွေကြားထဲက အလုပ်နေရာကောင်းတွေ ရတတ်တယ်။ အလုပ်မရှိသူတွေ အလုပ်ရမယ်။ အင်တာဗျူးဖြေရင် အကောင်းဆုံး အနေအထား ဖြစ်မယ်။ အလုပ်ရှိပြီးသားသူများ ရာထူးမတက်သလိုနှင့် တက်မည်။ အိမ်လည်း သည့်ထက်ကောင်းတဲ့အိမ်မျိုးမှာ နေရမည်။ အိမ်ထောင်ဘက်နှင့် မင်္ဂလာပွဲ ဆင်နွှဲရတတ်သည်။

**ယတြာ**

ကလေးငယ်တစ်ဦးကို ခဲတံတစ်ဒါဇင် လက်ဆောင်ပေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

ဝန်ထမ်းများ ရာထူးတက်မည်။ စာချုပ်စာတမ်းကိစ္စတစ်ခု ဖြေရှင်းရတတ်သည်။ ပညာရေးနှင့်ပတ်သက်သောကိစ္စ၊ သင်တန်းကိစ္စ အဆင်မပြေ ဖြစ်မည်။ အိမ်ဟောင်းကို ပြုပြင်ရမည်။ ထီပေါက်နိုင်သည်။ ပြဿနာဖြစ်သူများနှင့် ပြေလည်သွားမည်။ အထက်လူကြီးကြောင့် စိတ်ညစ်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဗုဒ္ဓမြတ်စွယ်တော် ဓာတ်ပုံကို လက်ဆောင်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

အလုပ်အတွင်း ပြဿနာဟောင်းများ ပြန်ပေါ်တတ်သည်။ အမွေရမည်။ ငွေရေးကြေးရေး ကျပ်တည်းနေတတ်သည်။ အလုပ်ပြောင်းဖို့ စိတ်ကူးရှိရင် နောက်လမှပြောင်းပါ။ အလုပ်သစ်မှာ အဆင်မပြေနိုင်ပါ။ ငယ်ရွယ်သူများ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်သည်။ ဒီအချိန်မှာ မယူတာ ကောင်းပါသည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဘိုးတော်တစ်ပါး၏ဓာတ်ပုံ ဒါနပြုပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

မထင်မှတ်ဘဲ သင်တန်းတစ်ခုတက်ရမည်။ ၎င်းသင်တန်းသည် အလုပ်အတွက် အထောက်အပံ့ဖြစ်မည်။ စက်နှင့်ပတ်သက်ပြီး မတော်တဆ ထိခိုက်မိမည်။ သွပ်၊ သံ၊ သစ် စသော အလုပ်ဌာနတွင် လုပ်ကိုင်သူများ အဆင်ပြေမည်။ အလုပ်ပြောင်းခြင်း၊ အိမ်ပြောင်းခြင်း မလုပ်သင့်ပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အသီးတစ်မျိုး လက်ဆောင်ပေးပါ။

## ကြာသပတေးသားသမီးများအတွက်

အပျော်အပါးအများသောကာလဖြစ်သည်။ မိတ်ဆွေများနှင့် ပျော်ပွဲရွှင်ပွဲများ သွားနေရမည်။ ဝင်ငွေလည်း တိုးနေမည်။ အလုပ်မှာလည်း ပျော်နေမည်။ လူချစ်လူခင်ပေါမည်။ အလှူမင်္ဂလာပွဲများ ဖိတ်စဉ်ပေးနေရမည်။ စပ်တူရှယ်ယာလုပ်ငန်း အသေးလေးများ လုပ်ရမည်။

**ယတြာ**

ကလေးငယ်တစ်ဦးကို ချောကလက် ဝယ်ကျွေးပါ။

## သောကြာသားသမီးများအတွက်

ခရီးများ ထွက်ရမည်။ အလုပ်ကိစ္စများမှ ငွေဝင်ပေမယ့် အဖတ်မတင်ဖြစ်မည်။ မိမိအထက်လူကြီး၊ အောက်လက်ငယ်သားတို့မှ ဒုက္ခပေးမည်။ လူမျိုးခြားကူညီမည်။ ပညာသစ်တစ်ခု သင်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရေသန့်ဝယ်တိုက်လိုက်ပါ။

## စနေသားသမီးများအတွက်

ဆိုင်တစ်ဆိုင်အသစ်ဖွင့်ရမည်။ ရှယ်ယာပေါ်လာမည်။ သို့သော် လုပ်ငန်းကြီး မလုပ်သင့်သေးပါ။ စပ်တူကောင်းသည်။ ဝန်ထမ်းများအဖို့ အလုပ်သစ်ရမည်။ လခတိုးမည်။ ထီပေါက်မည်။ အစွဲအစွဲခံရတတ်သည်။ အနေအထိုင် ဆင်ခြင်ပါ။

**ယတြာ**

ကလေးငယ်တစ်ဦးကို ဗလာစာအုပ် လက်ဆောင်ပေးပါ။

## ရာဟုသားသမီးများအတွက်

ဝန်ထမ်းများ ရာထူးတိုးခြင်း၊ နေရာကောင်းရခြင်းများ ကြုံရမည်။ လက်ရှိနေရာထက်ကောင်းမည်။ အလုပ်ရှာနေသူများ အလုပ်ရမည်။ အတိုက်အခံကြားမှ အောင်မြင်မည်။ မမျှော်လင့်ဘဲ ငွေတွေဝင်မည်။ အလုပ်နှင့်သက်ဆိုင်သော သင်တန်းတစ်ခု တက်ရမည်။ အိမ်ထောင်ဘက်ကြောင့် စိတ်ညစ်စရာကြုံရလိမ့်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦး၏ကားကို ဓာတ်ဆီ ထည့်ပေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## သန်လျင်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာခွဲ ပြန်လည်ပြုပြင်ရန်အတွက် ပါဝင်လှူဒါန်းနိုင်

သန်လျင်မြို့၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် ရှေးပါဒမင်းဆက်များ တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းစေတီတော်ကြီးကို အများပြည်သူ ကြည်ညိုသဒ္ဓါပွားနိုင်စေရန် ပဏ္ဍိတာရာမ ဓမ္မမိသားစုများက အသစ်ပြန်လည် ပြုပြင်တည်ထားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ သို့ပါ၍ ကံကြီး ဉာဏ်ကြီးကြသည့် ရဟန်း ရှင်လူ အများပြည်သူအနေဖြင့် သာသနာတော် အဓွန့်ရှည် တိုးတက်ကြီးပွားရေးကို ရှေးရှုကာ မိမိတို့ တတ်အားသရွေ့ ပါဝင်ကုသိုလ်ပြု လှူဒါန်းနိုင်ပြီ ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ ဆက်သွယ်လှူဒါန်းလိုလျှင် -

၁။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ သန်လျင်မြို့၊ အောင့်ချမ်းသာ၊ အမှုထမ်း(၂)ရပ်ကွက်၊ နယ်မြေ(၉)၊ ဘောဂလမ်း။ ဖုန်း-၀၅၆-၂၂၀၃၃၊ ၀၅၆-၂၂၆၁၀၊ ၀၉-၇၃၁၂၂၂၀၇

၂။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ရန်ကုန်။ ၀၁-၇၀၅၅၂၅၊ ၀၁-၅၃၅၄၄၈

၃။ ဘဏ္ဍာရေးမှူး(သန်လျင်) ၀၉-၅၅၀၃၃၄၉

၄။ ဘဏ္ဍာရေးမှူး(ရန်ကုန်) ၀၁-၂၉၂၉၆၂၊ ၀၁-၅၄၁၂၄၂၊ ၀၉-၅၄၁၀၈၅၈ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ပါဝင်လှူဒါန်းနိုင်သော ပစ္စည်းများ** -

| | | |
|---|---|---|
| ၁။ အုတ် | ၁ လုံး | ၁၀၀ ကျပ် |
| ၂။ ရိုက်သံ | ၁ ပိဿာ | ၁၆၀၀ ကျပ် |
| ၃။ ဘိလပ်မြေ | ၁ အိတ် | ၅၀၀၀ ကျပ် |
| ၄။ သဲ | ၁ ကျင်း | ၁၅၀၀၀ ကျပ် |
| ၅။ ကျောက်စရစ် | ၁ ကျင်း | ၇၀၀၀၀ ကျပ် |
| ၆။ သစ် | ၁ တန် | ၅၅၀၀၀၀ ကျပ် |
| ၇။ သံ | ၁ တန် | ၆၀၀၀၀၀ ကျပ် |

**အင်ကြင်း**

## (၂၄)ကြိမ်မြောက် ဓမ္မအလင်းရောင် အသင်းကြီး၏ နှစ်ပတ်လည်အလှူတော်နှင့် ဗုဒ္ဓဂယာမဟာမြေမြတ်ရှိ သာသနာ့မြေ အတွက် အလှူတော်ပေးအပ်ခြင်း အခမ်းအနား ကျင်းပ



ဓမ္မအလင်းရောင်အသင်း ၂၄ ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲအသင်း ၂ နှစ်ပြည့်အခမ်းအနားကို သံဝေဂဆရာတော် အရှင်သောမ(ထားဝယ်)သီတင်းသုံးနေထိုင်သော ဇေယျာသီရိကျောင်း(သစ္စာဉာဏ်ပွင့် ဝိပဿနာ ဓမ္မရိပ်သာ)သို့ ဆွမ်းဆန်စိမ်း၊ ဆီ၊ ဆား၊ ဆေးဝါး၊ အခြားလှူဖွယ်ပစ္စည်းများနှင့် ဗုဒ္ဓဂယာ မဟာမြေမြတ်ရှိ သာသနာ့မြေအတွက် အလှူတော်တို့ကို လှူဒါန်းမည့် စုပေါင်းလှူဒါန်းပွဲကြီးကို သာသနာတော်နှစ်(၂၅၅၇)ခုနှစ်၊ မြန်မာသက္ကရာဇ်(၁၃၇၅) ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ (၂၆. ၅. ၂၀၁၃) တနင်္ဂနွေနေ့တွင် ဗိုလ်ဇေယျလမ်း၊ ရွာသစ်ကျေးရွာ အုပ်စု၊ နွယ်ခွေစံပြကျေးရွာအုပ်စု၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဇေယျာသီရိကျောင်းတိုက်(သစ္စာဉာဏ်ပွင့်ဝိပဿနာ ဓမ္မရိပ်သာ)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ကြွရောက်လာသူ ဧည့်ပရိသတ်အပေါင်းအား နေ့လည်စာ ထမင်းဟင်းနှင့် အအေးတို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရှိရသည်။

**စိုးဝင်းထွဏ်း(တာမွေ)**

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာရှင်(ရွှေပြည်သာ) ကြီးမှူးကျင်းပသည့် နှလုံးသားဝယ်ဘုရားတည်ခြင်း စာမေးပွဲ ကျင်းပ

မေတ္တာရှင်(ရွှေပြည်သာ) ဆရာတော် ကြီးမှူးကျင်းပသည့် နှလုံးသားဝယ် ဘုရားတည်ခြင်း စာမေးပွဲကို ညောင်ဦးမြို့ အခြေခံပညာ အထက်တန်း ကျောင်းနှင့် ပုဂံမြို့ အခြေခံပညာ အထက်တန်း ကျောင်းတို့တွင် စာဖြေဌာနနှစ်ခုခွဲ၍ ကျင်းပပြုလုပ် ခဲ့သည်။

အဆိုပါ စာမေးပွဲဖြေဆိုပွဲကို အသက် ၁၆ နှစ်အောက်နှင့် ၁၆ နှစ်အထက် ဟူ၍ ခွဲခြားထား သည်။ စာမေးပွဲ ထူးချွန်စွာ ဖြေဆိုအောင်မြင်သူများ ကို ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်း၊ အထူးဆု ကျပ်သုံးသောင်း နှုန်းဖြင့် ၁၀ ဆု၊ နှစ်သိမ့်ဆု ကျပ်နှစ်သောင်းနှုန်းဖြင့် ၁၀ ဆုကို မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော်က ထိုက်တန်စွာ ချီးမြှင့်ပေးပြီး ဆုချီးမြှင့်ပွဲကို ဇွန်လ ၁၉ ရက်နေ့တွင် ပုဂံမြို့သစ် သမုဒ္ဒရာဇ်ရပ် သဉ်လည်ဂူ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

**ကေလတ်**

## ဆရာမ ဒေါက်တာစောယုနွယ်နှင့် ခုနစ်ရက်သားသမီးများ ချောင်းသာကမ်းခြေတွင် ရှင်ဥပဂုတ္တမထေရ်မြတ် ပူဇော်ပွဲကျင်းပ




ဆရာမဒေါက်တာစောယုနွယ်နှင့် ခုနစ်ရက် သား သမီးများ၏ ရှင်ဥပဂုတ္တ ပူဇော်ပွဲကို ချောင်းသာကမ်းခြေတွင် (၁၉. ၅. ၂၀၁၃)ရက် တနင်္ဂနွေနေ့နံနက်က ကျင်းပခဲ့သည်။

ယခုပူဇော်ပွဲသည် ဒုတိယအကြိမ်မြောက် ဖြစ် သည်။ နံနက် ၅ နာရီတွင် ရှင်ဥပဂုတ္တ ပူဇော်ပွဲကို ကျင်းပပြီး ချောင်းသာကမ်းခြေမှ သင်္ဘောဖြင့်ဆွဲကာ ပင်လယ်ဝသို့ သွား ရောက်ရေမျှော ပူဇော်ခဲ့သည်။

ထိုအခမ်းအနားသို့ ဇော်သဗျာကရဏာဗေဒပညာ ရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ ကြသည်။

**ZN**

## သောက်ရေလှူကြ မြတ်စွကုသိုလ်

နှစ်စဉ်ပူပြင်းသော နွေကာလသို့ ရောက်ပြီ ဆိုလျှင် ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်များစွာမှာ သောက်ရေအခက်အခဲ ကြုံတွေ့နေကြရလေ့ရှိသည်။


၎င်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာကေတမြို့နယ် (၈)ရပ်ကွက်၊ (၉၆၉)မဟာဝန် အောက်လမ်း လူငယ်မောင်မယ်များ၊ (၇)ရပ်ကွက် လူမှုကူညီစောင့်ရှောက်ရေးအသင်း၊ (24)HOURS ဝန်ထမ်းများ၊ ရွှေပြည်သာ(စျ ၃ ရပ်ကွက်)၊ ၁၀ မှင် ကွက်များမှ လူငယ်များ ပေါင်းစုလျက် သောက်ရေဘူး များကို ကားများဖြင့် တင်ဆောင်ကာ ရေများလှူဒါန်း ခဲ့ကြသည်။ သို့ဖြစ်၍ ဒလမြို့နေ ပြည်သူအပေါင်း သောက် သုံးရေများ ရရှိပြီး ပျော်ရွှင်ချမ်းမြေ့ကြရသည်။ ထိုရေအလှူ ရပ်ကွက်အတွင်းရှိ ကြက်ခြေနီ လူငယ်မောင်မယ်များ ဆယ်အိမ်မှူးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေး အဖွဲ့ဝင်များမှ ဝိုင်းဝန်းကြိုးဆို လုပ်အားများပေးကြသည်။ ရပ်ကွက်သူ၊ ရပ်ကွက်သားများမှာလည်း ဝမ်းပန်းတသာ ဖြစ် ကြရပြီး ရေအလှူရှင်များ၏ မွန်မြတ်သော အလှူဒါန အတွက် လိုက်လိုက်လှဲလှဲ သာဓုခေါ်ဆိုနေကြကြောင်း ကြား သိရပါသည်။

**မြင့်ဦးသွယ်(ဒလ)**

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## (၆၄)ကြိမ်မြောက် ၃၈ ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ မင်္ဂလာလူ့ရည်ချွန်ဆုပေးပွဲနှင့် အထူးအောင်မြင်သူ (၂၅၆၀)ဦးတို့အား ဆုနှင်းပေးအပ်ပွဲကျင်းပ



နှစ်ပေါင်း ၁၀၀ ကျော်ရှိ နှစ်ကြီးအသင်းကြီးဖြစ်သည့် ဝိုင်အမ်ဘီအေ(Y.M. B.A)အသင်းကြီးမှ (၆၄)ကြိမ်မြောက် ၃၈ ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင် စာမေးပွဲ၊ မင်္ဂလာလူ့ရည်ချွန် စာမေးပွဲ အထူးအောင်မြင်ကြသည့် အနယ်နယ်အရပ်ရပ်မှ ကျောင်းသား၊ ကျောင်းသူများအား (၆၄)ကြိမ်မြောက် ဆုနှင်းပေးအပ်ပွဲကို (၂၆. ၅. ၂၀၁၃)တနင်္ဂနွေနေ့က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

(၂၅. ၅. ၂၀၁၃)စနေနေ့ နေ့လယ်ကလည်း ဘွဲ့ရဆရာတော်များအား အဂ္ဂမဟာဇောတိကဓဇ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့များ ဆက်ကပ်ခဲ့ကြောင်း သိရ၍ နတ်လူသာဓု ခေါ်ဆိုနိုင်စေရန် ရေးသားအပ်ပါသည်။

ရေကျော်စိုးအောင်

---

## ဆည်းဆာရိပ် ဘိုးဘွားများနှင့် သုခရိပ်မြုံလူငယ်ဂေဟာသို့ ဂရုဏာစောင့်ရှောက်မှု

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁)(၈၀၃/၈၀၅)၊ မဟော်သဓာလမ်း၊ (၁၂)ရပ်ကွက်၊ အရှေ့ဒဂုံတွင် တည်ရှိသော 'ဆည်းဆာရိပ် ဂီလာနဘိုးဘွားများရိပ်သာ' နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၉၇၉/၉၈၂)၊ တပင်ရွှေထီးလမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းရှိ 'သုခရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေးဂေဟာ' သို့ တစ်ကိုယ်ရေ ကျန်းမာသန့်ရှင်းမှုကို ရှေးရှု၍ အဘိုးအဘွားများနှင့် ကလေးလူငယ်များအား ဆံပင်ညှပ်သန့်ရှင်းရေးလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့လူငယ်များ၏ စေတနာ့မေတ္တာ လူမှုအကျိုးပြုအဖွဲ့သည် (၆. ၅. ၂၀၁၃)တနင်္လာနေ့တွင် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်မှုကို နှစ်လတစ်ကြိမ် ပုံမှန်ပြုလုပ်ကြ ည်ဟုလည်း သိရသည်။

ဆည်းဆာရိပ်အဘိုးအဘွားများနှင့်တကွ သုခရိပ်မြုံဂေဟာတို့အား မည်သူမဆို သွားရောက်လေ့လာနိုင်ကြသလို သဒ္ဒါပေါက်၍ လှူဒါန်းလိုသော အလှူရှင်များသည် စာရေးဆရာမဒေါ်သန်းမြင့်အောင်(ဖုန်း-၀၉-၅၀၇၈၄၁၈၊ ၀၁-၂၀၅၄၅၁)၊ ဒေါ်သက်နွယ်(တရားရုံးလွှတ်တော်ရှေ့နေ) (ဖုန်း-၀၉-၄၉၃၁၉၈၆၄၊ ၀၁-၃၈၈၁၃၂)၊ ဒေါက်တာတင်တင်ဝင်း (စာရေးဆရာမဂျူး)(ဖုန်း-၀၉-၅၀၀၉၆၀၀၊ ၀၁-၇၀၄၆၅၆)တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

အင်ကြင်း